
www.burmeseclassic.com

အမှတ်(၂၅၃)၊၂၀၁၆ ခုနှစ်၊ ဖြေဗုတ်လ




www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မြေ့လျှောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဓာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွှယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရ-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

၁၉၉၅-ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စိစစ်တည်းဖြတ်သည့်

# ဂမ္ဘီရ မဂ္ဂဇင်း




အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်

အမှတ်(၂၅၃)၊ ၂၀၁၆ ဩဂုတ်လ



၆။ ဗိုလ်တထောင်-ကိုဦး
ဖူးထိုက်၍ ဦးခိုက်ပူဇော် (၁၀၈)တောင် မဟာဗောဓိ စွယ်တော်ရှင်စေတီတော်

၁၆။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်က ရှေးဟောင်းသမိုင်းဝင် ရုံလေးရုံဘုရားစေတီများ

၂၆။ သစ္စာမင်းခေါင်
မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားနှစ်ပါး တည်ထားခဲ့သည့် ကျောက်တန်းမြို့နယ်၊ ဘော်ကလွှတ်ကျေးရွာက ပတ္တမြားစေတီတော်

၃၂။ သန်းဝင်းရှိန်
ကုသိနာရုံရှိ မြတ်ဗုဒ္ဓ၏ အမွေတော်များ

၃၆။ တွန်းအားရှင်
အိန္ဒိယနိုင်ငံ သာဝတ္ထိရှိ အာနန္ဒာဗောဓိပင်

၄၂။ တက္ကသိုလ်မျိုး
ကြေးနက်ရုပ်ပွားတော်များ ကိန်းဝပ်တော်မူရာ ဘန်ကောက်မြို့ရှိ ကျောက်ဖြူကျောင်းတော်ကြီး

၅၈။ မောင်ဉာဏ်လင်း(တောင်ကုတ်)
ပြိတ္တာတို့ရဲ့ မေတ္တာတရား

၆၃။ ဓမ္မာစရိယ-ဦးစောဝင်း
ရှာဖွေခြင်း အတွေးစများ

၆၈။ ဘုန်းခေါင်
အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို ခန္ဓသုတ်ပရိတ်တော် ရွတ်ဆိုခြင်းဖြင့် ကာကွယ်ကြရအောင်

၇၂။ ကျော်ကျော်ဦး(ဒါးဘီး)
ပသေနဒီကောသလဘုရင်ကြီးအား မြတ်စွာဘုရားရှင် ချီးမြှင့်လိုက်သော ဝိတ်ချဂါထာတော်

၇၅။ ရန်နိုင်
မြန်မာတို့၏ ဘုရားဆွမ်းကပ်လှူခြင်းဓလေ့




www.burmeseclassic.com




၈၀။ နန္ဒာစိုး(ဆင်ဖြူကျွန်း)
သုမိတ္တာနိဒါန်းအစ အန္တိမယသော်ရော
၉၆။ ဓမ္မဃောသက-အရှင်ဩဘာသ
ဝေဒနာကင်းဆေး ဖော်စပ်နည်း
၁၀၀။ မနုသျှင်စိုး
သစ္စာစကားနှင့် နို့အိုင်းနာ
၁၀၄။ အာကာသ(သာစည်)
သတိထားအပ်သော စောင့်ကြည့်ရမည့်
ဖြစ်စဉ်များ
၁၀၉။ ကြည်ဝင်း(ဟသ်ာတ)
မွန်အာဇာနည်မယ် တလထော်
၁၁၄။ ကိုရွှေမြသန်း(သမိုင်း)
ရုက္ခစိုးနတ်နှင့် လူသားမယား
၁၂၂။ မိုရှာ-နေဇာ
ချက်မှ အရောင်ထွက်နေတဲ့ မောင်လရောင်
၁၂၆။ ရွှေဝူကြီး အရှင်စရဏ
ပြောရဦးမယ် ဒကာဒီဒီးရေ
၁၃၀။ နန္ဒာမင်းလွင်
ချောင်သေလာ ငွေအကွေ့မှာဖြင့်
တောမွှေ့သည်ရှင်
၁၄၀။ ပုရောဟိတ် ဆရာဦးမြတ်စံ
ပညာသိဒ္ဓိကျင့်စဉ်
၁၄၃။ ပုရောဟိတ် ဆရာဦးမြတ်စံ
ရာဟုမုန်တိုင်းနောက်က လေပြည်
၁၄၈။ ကိုမောင်သန်းဝင်း
စမ
၁၅၁။ မင်းနေထွန်း(ကန့်ဘလူ)
ငါးဖားလောင်းဗေဒင် ရှောင်ကြဉ်နိုင်ရေး
၁၅၄။ သာထက်အော်(မကွေး)
နိမိတ်ရှာပြီး ဗေဒင်မှန်အောင် ဟောနည်း(၂)
၁၆၀။ စောယုနန္ဒာ(မေ့ရင်ခွင်)
လက်ရည်တပြင်တည်း
၁၆၄။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
၁၇၁။ ဆရာကံထူး(ဝေဒသုတေသီ)
ရှေးအတီတ်ကံနှင့် မွေးရာပါ စနေဒဏ်
၁၇၆။ ဆရာရန်အောင်ဟိန်း(B.Sc)
မနေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ဂနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား






www.burmeseclassic.com

www.burmeseclassic.com



၁၇၈။ ဆရာရန်အောင်ဟိန်း(B.Sc)
လေဒီဂါဂါနှင့် ကေ.ပီ နက္ခတ်ဗေဒင်အမြင်
၁၈၂။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
၁၈၈။ မင်းမဟော်ညွန့်
နက္ခတ်ကောဇာ
ရက်မြတ်ကောင်း အချိန်အခါ
၁၉၄။ ဟိန်း(ဘူမိ)
အေအိုင်ဒီအက်စ်နှင့် ကင်ဆာရောဂါများအတွက်
သဘာဝကုထုံးနည်း
၁၉၈။ အေးမောင်မောင်ဆန်း
အကျိုးပေးသော အိပ်မက်ဂဏန်း
၂၀၃။ မြေပြန့်သက်နိုင်
နာမ်လောကဆိုတာ တကယ်ရှိသလား
၂၀၈။ အောင်ကျော်စွာ
ဆရာကြီးမြစကြာနှင့်
မန္တလေးတောင် မြွေကြီးနှစ်ကောင်သိုက်
၂၁၈။ မဟာထွန်း
ပရမတ်သီလ
၂၂၄။ တမ္ပဝတီ-လှထူးကဲ
အသက်မသေဘဲ လူဝင်စားဖြစ်သွားသူ
၂၃၆။ ရဲနွယ်မောင်(သုံးဆယ်)
ဝိညာဉ်နှစ်မြွာ ဇေရာသက်သေ
၂၄၂။ ဝင်းသောင်(ရမည်းသင်း)
ဝိညာဉ်ကလှဲစား
၂၅၂။ ရဲမြတ်တင်
အိုဘယ့် တရားရှင်
၂၆၀။ ချစ်မင်းသူ
ကံကြမ္မာဝဋ်ကြွေးဆပ်ပွဲ
၂၆၈။ ဆန်းဝင်း(အောင်မြေ)
ရှုပ်ပျိုကြီးနတ်
၂၇၄။ ဒါရိုက်တာမျိုးဇော်အောင်
မာယာ
၂၈၀။ မောင်လှယဉ်(မော်လမြိုင်)
ကြမ္မာဆိုးလား ဝဋ်ကြွေးလား
၂၉၂။ ကောင်းသော်
တော၏မာယာ
၂၉၈။ ဝေယံလင်းခေါင်
လူဝင်စား ငါးကြောက်
၃၀၂။ မင်းသန့်ကျော်(ဇီးကုန်း)
အသွားအပြန်ရှိသော မေတ္တာစွမ်းအား
၃၀၈။ ဂမ္ဘီရလူမော်
တွေ့သေးတာပေါ့
၃၁၂။ ရှစ်ခွင်ကျော်(ဖောင်တော်သီ)
တော်မှောက်တဲ့ည
၃၁၆။ မရည်မွန်(ကျုံပျော်)
မြစ်ပြင်ကျယ်က ဝိညာဉ်များ
၃၂၂။ ရှင်ထွေးအောင်
ကျွန်ုပ်နှင့် အာရောဂျဆာဒူးကြီး ဝူ(လ်)ဒဖ်ဆင်း




**ထုတ်ဝေသူ** – ဦးသန်းဦး(မြ–၀၆၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေမြိုး
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ မောင်မြင့်ဌေး၊ မိုးကျော်၊ ညွန့်နိုင်လှ၊ AA။
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေ။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**–၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✻ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ 📱 ၀၉၂၆၀၀၈၅၈၆၀



www.burmeseclassic.com

www.burmeseclassic.com


(၁၀၈)တောင် မဟာဗောဓိ စွယ်တော်ရှင်စေတီတော်

# ဖူးထိုက်၍ ဦးခိုက်ပူဇော် (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်

ဗိုလ်တထောင် ကိုဦး

(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလ၏ နောက်ဆုံးနေ့ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်ရှိ မြို့ဦးစေတီဖြစ်သော (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်သို့ ရောက်ရှိခဲ့သည်။ မည်သည့်စေတီတော်နှင့်မျှ ပုံစံတူချင်းမရှိဘဲ ဘုရားအင်းစံကွက်များဖြင့် ပစ္စယာနှစ်ဆင့်ထပ်၍ထားသည့်အပေါ်၌ စေတီတည်ထားခြင်း ဖြစ်၏။

ဗိသုကာပညာရှင်၊ အင်ဂျင်နီယာများ တစ်ဦးတစ်ယောက်မှ မပါရှိဘဲ ဘုရားဒါယကာ သာသနာပြု ဆရာတော်ကြီး၏ ဝိဇ္ဇာအရပ်အစီအမံဖြင့် တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။ ထို့ပြင် ဘာသာရေးရှုထောင့်မှကြည့်၍ လူအများ မသိရှိသေးသော တိမ်မြုပ်နေသည့် သမိုင်းကြောင်း တစ်ခုကိုလည်း ဤစေတီတော်နှင့် ဆက်စပ်ကာ လေ့လာသိရှိခွင့်ရခဲ့၏။

(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်သည် မြန်မာနိုင်ငံတစ်ဝှမ်း တန်ခိုးကြီးစေတီတော် အဆူဆူတို့တွင် ဝါတော်စဉ်(၁၀၄)၌ ပူဇော်ထားရှိကြောင်း အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် နိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ ပြန်တမ်းဝင်စေတီတော် တစ်ဆူအဖြစ် မှတ်တမ်းတင်ထားခဲ့သည်။

ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူ ပြည်သူအများသည် ဖူးထိုက်ခွင့်ကြုံ၍ ဦးခိုက်ပူဇော်ခွင့်ရခဲ့သော ဤစေတီတော်မြတ်ကို ပါရမီတော်အဟုန်ကြောင့် ရောက်ရှိခိုလှုံ ပူဇော်နိုင်စေကြောင်း စိတ်ရင်းစေတနာမှန်ဖြင့် တင်ပြအပ်ပါသည်။

လိုက်လံညွှန်ပြလျက် ဖွေးဖွေးစွာ ကြိုဆို၍ စေတီတော်သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပေးခဲ့ကြသော စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ထွန်းနှင့် ဂေါပကအဖွဲ့ဝင်များအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။


<u>နတ်နဂါးများ ဗုဒ္ဓထံမှောက်</u>
<u>ကိုးကွယ်ရာ လျှောက်ထားခြင်း</u>

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလဆန်း (၆)ရက် ကြာသပတေးနေ့တွင် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်သည် မြတ်ဗုဒ္ဓဘုရားရှင်ထံမှ ဒွေဝါစိကသရဏဂုံချီးမြှောက်ပူဇော်ခွင့်ရပြီး ယင်းတို့၏ လျှောက်ထားတောင်းပန်မှုကြောင့် ဘုရားရှင်ထံမှ ဆံတော်ရှစ်ဆူကို ပင့်ဆောင်ပူဇော်ခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


အလယ်ပစ္စယာ၌ တွေ့ရှိရသော ဂဏန်းအင်းစံကွက်များ

ညီနောင်နှစ်ဦးသည် ဆံတော်မြတ်ရှစ်ဆူကို ပင့်ဆောင်၍ သမုဒ္ဒရာအတိုင်း သင်္ဘောဖြင့် ပြန်ခဲ့ရာ နာဂရာဇ်မော်အငူနားအရောက်တွင် ဇေယျသေန နဂါးမင်းက မိမိ၏ တန်ခိုးတော်ဖြင့် ဆံတော်နှစ်ဆူကို ခိုးယူတော်မူခဲ့သည်။ ဆံတော်မြတ် ပျောက်ဆုံးခဲ့သည့်နေရာကို ယခုတိုင် မြွေတောင်ဟု ခေါ်ဝေါ်လျက်ရှိသည်။

ညီနောင်နှစ်ဦးသည် ဝမ်းနည်းကြေကွဲစွာဖြင့် ဥက္ကလာပမင်းကြီးအား အကြောင်းအကျိုးစုံလင်အောင် လျှောက်ထားတော်မူသောအခါ မင်းကြီးကိုယ်တိုင် အစိဋ္ဌာန်ပြုတော်မူရာ ဆံတော်ရှစ်ဆူကို မူလအတိုင်း ဖူးမြော်ခွင့်ရခဲ့သည်။

ဇေယျသေန နဂါးမင်းသည် ဗုဒ္ဓ၏ဆံတော်များ ပြန်လည်ကြွသွားခြင်းကြောင့် သောကမီးဖြင့် ယူကျုံးမရ ဝမ်းနည်းပူဆွေးလျက်ရှိရာ ရေနတ်နဂါးအပေါင်း၏ လျှောက်ထားမှုကြောင့် နဂါးမင်းကြီးသည် ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသသို့ သွားရောက်၍ ဘုရားထံမှောက် ဦးခိုက်ကာ ကိုးကွယ်ရာ ချီးမြှောက်ပူဇော်ခွင့် တောင်းခံခဲ့သည်။ မြတ်ဗုဒ္ဓသည် ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်လျက် ငါ၏ကိုယ်စား ရုပ်ပွားတော်တစ်ဆူကို လက်ယာအောက်စွယ်တော်ဖြင့် ပြုလုပ်ဆောင်ကြဉ်း၍ ယူလာရန် မိန့်မြွက်တော်မူခဲ့သည်။

ဘောဂဝတီနဂါးပြည်သို့ ပြန်ရောက်သောအခါ ဇေယျသေန နဂါးမင်းသည် ဆဒ္ဒန်ဆင်၏ စွယ်တော်အရင်းပိုင်းကို မြတ်ဗုဒ္ဓရှင်အား နဂါးရစ်ပတ်ဟန်ဖြင့် ထုလုပ်ပူဇော်ပြီး အဖျားပိုင်းကိုမူ ဗုဒ္ဓ၏ လက်ယာအောက်စွယ်တော်အလားကဲ့သို့ တူစွာပြုလုပ်ပြီးနောက် ဘုရားရှင်အား ဆက်သခဲ့၏။ ဂေါတမမြတ်စွာသည် ရုပ်ပွားပုံတော်အား ယာလက်တော်ဖြင့် အထက်အောက်သုံးသပ်ကာ အာခံတွင်း၌ ငုံထားတော်မူ၏။ အာခံတွင်းမှ ထုတ်ယူပြီးသော် ဇေယျသေန နဂါးမင်းအား ဘုရား၏ သာသနာတော်တစ်ဝက်ဖြစ်သော နှစ်ပေါင်းနှစ်ထောင့်ငါးရာ ပြည့်မြောက်ပါက လူသားတို့ အလှည့်ပြောင်း၍ ပူဇော်နိုင်ရန် လူ့ပြည်သို့ ပို့ဆောင်ပြီး အမြင့်သံတောင် (၁၀၈)တောင်စေတီ


စွယ်တော်ပါရှိသော ကြာတလပ်ကို တင်ဆောင်ထားသည့်
ဆင်ဖြူတော်ရုပ်တုနှင့် အဝင်မုခ်ဦး

ဇေယျသေန နဂါးမင်းနှင့် နတ်နဂါးအပေါင်းသည် ဗုဒ္ဓဘုရားရှင် မှာတော်မူသည့်အတိုင်း ရှာဖွေခဲ့ကြရာ အနောက်ရိုးမတောင်တန်း၏ အစွန်အဖျား ဂူအနားး၌ သေဆုံးနေပြီးသည့် ဆဒ္ဒန်ဆင်ဖြူတော်တစ်ကောင်ကို တွေ့သဖြင့် လက်ယာအောက်စွယ်တော်ကို ဖြတ်၍ သမုဒ္ဒရာရေအောက်သို့ ပြန်ခဲ့ကြ၏။ ဆင်ဖြူတော်တွေ့ရာတောင်ကို ယနေ့တိုင် ဆင်ဖြူတောင်ဟု ခေါ်ဝေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေဒေါင့်တွင်ရှိသော ဘုရား၊ ရဟန္တာ၏ ဓာတ်တော်များအား တွေ့ရစဉ်

တည်ကာ ကိုးကွယ်ပူဇော်ကြဟု ဗျာဒိတ်စကားဖြင့် နဂါး မင်းသည် ဘောဂဝတီနဂါးပြည်သို့ ပင့်ဆောင်ယူ၍ ကိုးကွယ်ခဲ့လေသည်။

အချိန်တို့ တရွေ့ရွေ့ ကုန်ဆုံးပြီးနောက် ဘုရားသာသနာ နှစ်ထောင့်ငါးရာ ပြည့်မြောက်သောအခါ နဂါးမင်းသည် လူ့ပြည်သို့ ပို့ဆောင်ရန်နှင့် ဗုဒ္ဓ၏ ဗျာဒိတ်စကားအတိုင်း ပူဇော်ဆောင်ရွက်မှုအားထားရာ ပုဂ္ဂိုလ်မြတ်ကို ရှာဖွေကြသောအခါ စွယ်တော်မြတ် ရရှိခဲ့ရာ ဆင်ဖြူတောင်တောရ ဂူချောင်၌ တောရဆောက်တည်နေသည့် ဆင်ဖြူတောင်ဆရာတော်ကို တွေ့လေ၏။

သာသနာ(၂၅၀၀)ပြည့်၍ နှစ်လလွန်မြောက်သောအခါ နဂါးမင်းနှင့် ရေနဂါးများစွာတို့သည် ဗုဒ္ဓရုပ်ပွားတော်နှင့် စွယ်တော်မြတ်ကို ဆင်ဖြူတောင်ဆရာတော်လက်သို့အပ်နှင်းကာ မြတ်ဗုဒ္ဓဗျာဒိတ်စကား အကုန်အစင်လျှောက်ထားလျက် သမုဒ္ဒရာရေအောက်သို့ ပြန်ခဲ့ကြလေ၏။



ငါးမည်ဘွဲ့ခံ ဆရာတော်ကြီး ဦးအာသဘ

**ဆင်ဖြူတောင်ဆရာတော်**

ဆရာတော်ကြီး၏ ဘွဲ့မည်မှာ ဦးအာသဘဖြစ်၏။ ငါးမည်ဘွဲ့ခံ ဆရာတော်ကြီးကို-

(၁) ဦးပြားတောရဆရာတော်၊
(၂) အလယ်တောရဆရာတော်၊
(၃) အရှေ့တောရဆရာတော်၊
(၄) ငါးထပ်ကြီးဆရာတော်၊
(၅) ဆင်ဖြူတောင်ဆရာတော်ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက်တွင် ကမ္ဘာကျော် ရွှေတိဂုံစေတီတော်ကြီးအား ထီးတော်အသစ်လဲလှယ်တပ်ဆင်နိုင်ရန် မင်းတုန်းမင်းကောင်းမှုတော် ထီးတော်ကြီးအား မန္တလေးနေပြည်တော်မှ ရေလမ်းခရီးဖြင့် ပင့်ဆောင်လာရာ (၁၂၃၇)ခုနှစ်၊ တန်ဆောင်မုန်းလတွင် ရန်ကုန်သို့ ရောက်ရှိလာ၏။ ဦးပြားတောရဆရာတော် ဦးအာသဘနှင့် အင်္ဂလိပ်အစိုးရလက်ထက် ရွှေတိဂုံစေတီတော် လူကြီးမင်းဖြစ်သော ဦးထော်လေး (စစ်ကဲမောင်ထော်လေး)တို့က ဦးဆောင်ကာ ထီးတော်ကို ရွှေတိဂုံကုန်းတော်သို့ ပင့်ဆောင်ခဲ့ကြ၏။

ဆင်ဖြူတောင်ဆရာတော်ကြီးသည် (၁၂၆၅)ခုနှစ်တွင် ရွှေတိဂုံစေတီတော် ငှက်ပျောဖူးတော်အား ရေးဦး... ရွှေပြားရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲ၌ ဦးစီးပဓာန ...က အဖြစ် ဦးဆောင်ဖွင့်လှစ်ပေးတော်မူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ ရဟန္တာများ၏ ဓာတ်တော်များ ထားရှိရာ ဓာတ်တော်တိုက်

ပြုပြီးနောက် မြတ်ဘုရား၏ သာသနာတော် အဓွန့်ရှည်ခြင်းငှာ ရန်ကုန်မြို့ မြို့သစ်တည်ဆောက်သော ဒေသ ကုက္ကိုပင် ညောင်ပတ်သည့် အောင်ဓာတ်မြေနေရာ၌ သံတောင် (၁၀၈)တောင်ရှိသော စေတီတော် တည်ထား၍ ဗုဒ္ဓရုပ်ပွားစွယ်တော်မြတ်အား ဌာပနာထားရန် တာဝန်ပေးအပ်တော်မူလေ၏။

ဆရာတော် ဦးသာသနသည် ကြီးမားသော တာဝန်ကို ထမ်းဆောင်ရန်အတွက် အနောက်ရိုးမ၏အဆုံး ဆင်ဖြူတောင်ဂူချောင်မှ ဆင်ရိုင်းကြီး၏ ကျောကုန်းထက် တက်၍ စွယ်တော်ပါရှိသော ကြာကလပ်ကို ရင်ဝယ်ပိုက်ကာ ဆင်ဦးကင်းထက်၌ ဇော်ဂျီတစ်ဦးက ဆင်ဦးစီးပြုပြီး တောလမ်းခရီးဖြင့် ကြွချီတော်မူခဲ့သည်။

ဒေသစာရီခရီးအဖြစ် ကမ္ဘောဇရှမ်းပြည်တောင်ပိုင်း၊

(၁၂၆၇)ခုနှစ်တွင် ပဥ္စမမြောက် ဂျော့ဘုရင်မင်းအား မြန်မာပြည်သို့ အိမ်ရှေ့မင်းအဖြစ် ကြွရောက်ခဲ့စဉ် ရဟန်းသံဃာတို့၏ ဦးစီးအကြီးအကဲအဖြစ် အဖူးမြော်ခံ၍ ဩဝါဒစကား မိန့်ကြားတော်မူခဲ့၏။

(၁၂၇၄)ခုနှစ်တွင် ဆရာတော်ကြီးသည် ရွှေတိဂုံစေတီတော်အား လျှပ်စစ်မီးတို့ဖြင့် ပူဇော်ရာ၌ ဦးစွာလျှပ်စစ်မီးခလုတ်ကို စတင်ဖွင့်လျက် အလင်းဓာတ်ကို ပူဇော်နိုင်ခဲ့သည်။

အင်္ဂလိပ်တို့လက်ထက် အောက်မြန်မာနိုင်ငံတွင် ပထမပြန်စာမေးပွဲကို ဦးဆောင်၍ ကျင်းပခဲ့၏။ ထို့ပြင် ဗြိတိသျှကိုလိုနီလက်ထက်၌ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးကိုယ်စား အိန္ဒိယဘုရင်ခံချုပ်က ဘွဲ့တံဆိပ်တော် ချီးမြှင့်သော ဆရာတော်ကြီးများတွင် ဦးဆုံးပထမ အဂ္ဂမဟာပဏ္ဍိတနှင့် သံဃိသာရ သံဃရာဇာသာသနာပိုင် ဘွဲ့တံဆိပ်တော်ကို ဦးပြားတောရဆရာတော် ဦးအာသဘမှ ရရှိတော်မူခဲ့သည်။

ဆရာတော်ကြီးသည် သာသနာတော် ကိစ္စအဝဝ ဆောင်ရွက်တော်မူပြီးနောက် မိမိ၏ လမ်းစဉ်အတိုင်း ကျင့်ကြံပွားများနိုင်ရန် ဆင်ဖြူတောင်တောရ ဂူချောင်များတွင် ဘဝကို မြှုပ်နှံလျက် တိမ်မြုပ်ပျောက်ကွယ်ခဲ့လေသည်။


**ဦးသာသနအား သာသနာပြုစေလွှတ်ခြင်း**

ဆင်ဖြူတောင်ဆရာတော်ဘုရားကြီးသည် မိမိ၏ တပည့်ရင်းဖြစ်သော ဦးသာသနအရှင်မြတ်အား နတ်နဂါးတို့ လျှောက်ကြားခဲ့သော စကားတို့ကို အကျဉ်းချုပ်ပြော



(၁၀၈)တောင်စေတီ ဘုရားဒါယကာ
ဆရာတော်ဦးသာသန

www.burmeseclassic.com



ဘုရားရှင်၏ခြေတော်ရာ ပါဒစေတီ

သည်။

သာသနာပြုဆရာတော် ဦးသာသနသည် စေတီတော်အား သုံးနှစ်ဖြင့် အပြီးတည်မည်ဟု မိန့်ကြားကာ စေတီတော်ကြီးကို ကိုယ်တိုင်ပုံစံချ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် စက်အား၊ လူအား မနားမနေ လုပ်ဆောင်ကြရာ (၁၃၂၆) ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက် တနင်္လာနေ့ သုံးနှစ်တိတိကြာသောအချိန်တွင် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပြီး တပေါင်းလပြည့်နေ့တွင် သံဃာတော်(၁၀၈)ပါးနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပနိုင်ခဲ့လေသည်။

(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်ကြီးအား ဆရာတော်ဦးသာသနမှ တည်ထားခဲ့ရာတွင် ကြေးစည်သံမထု သာခုသံမပေး မဟာစ်ကြွေးဘဲ ကိုယ်ပိုင်အစွမ်းအစ သတ္တိထူးဖြင့် နောက်ကွယ်မှ ပံ့ပိုးကူညီသော ဆင်ဖြူတောင်ဆရာတော်ကြီး ဦးအာသဘ၏ အကြံဉာဏ် လမ်းညွှန်မှုဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့သည်။

စေတီတော် တည်ထားရာတွင် ထူးခြားသည်မှာ အောက်ခြေ ပထမအဆင့်ပစ္စယာတွင် စမအင်းဂဏန်းများခံ၍ တည်ထားခဲ့ခြင်းဖြစ်၏။

## ဦးသာသနနှင့် (၁၀၈)တောင်စေတီတော်

ဆင်ဖြူတောင်ဆရာတော် ဦးအာသဘသည် နတ်နဂါးတို့ပို့ဆောင်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်နှင့် စွယ်တော်ကို မြောက်ပိုင်း၊ အထက်မြန်မာပြည် မန္တလေး၊ သာစည်၊ ရမည်းသင်း၊ မြေလတ်ဒေသမှ မြန်မာပြည်အောက်ပိုင်း ဧရာဝတီတိုင်းမကျန် လှည့်လည်ပူဇော်ခံပြီးနောက် ဟင်္သာတမြို့မှ တစ်ဆင့် ရန်ကုန်သို့ သင်္ဘောဖြင့် ပင့်ဆောင် ရောက်ရှိလာခဲ့သည်။ (၁၃၂၃)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉)ရက်၊ တနင်္ဂနွေနေ့တွင် ကုက္ကိုပင် ညောင်ပတ်သည့် အောင်ဓာတ်ရှိရာ သာကေတမြို့သစ်အရပ်ရှိ မြို့ဦး၌ သာသနာ့မြေအဖြစ် ကျောက်ပန္နက်ချပြီး သာသနာ့အောင်လံ စိုက်ထူခဲ့၏။ တပို့တွဲလဆန်း (၁၄)ရက် တနင်္ဂနွေနေ့တွင် အုတ်မြစ်စီမင်္ဂလာ ကျင်းပခဲ့



မြန်မာမှုအနုပညာလက်ရာမြောက် တန်ဆောင်းတော်



www.burmeseclassic.com


www.burmeseclassic.com

သုံးနှစ်ခန့်ကြာသည်အထိ အားရအောင်ပူဇော်ပြီးနောက် တပည့်ရင်းဦးသာသနအား သံတောင်(၁၀၈)တောင်ရှိသော မဟာဗောဓိစွယ်တော်ရှင်စေတီ တည်ဆောက်ဌာပနာထား ရန် အမိန့်ချခဲ့သည်။

ဆရာကောင်းတပည့်ပီပီ ဦးသာသနသည် အသိ အကျွမ်း တစ်ယောက်မှမရှိ၊ ငွေကြေးအထောက်အပံ့မရှိ ဘဲ ဓမ္မဂုဏ်တော်ခြောက်ပါး အားကိုးဖြင့် မိမိ၏ ဉာဏ် စွမ်းအလျောက် ဆောင်ရွက်ရသည်ဖြစ်၍ ဦးစွာ ဟင်္သာတ မြို့၊ လက်သမားမြောက်ရပ်ကွက်၊ ဦးပါရဲစေတီတော်တန် ဆောင်းအတွင်း နေထိုင်ပြီး ကျွဲ၊ နွား ရောင်ကြည်စေလျက် များရည်ဆေးပေးကာ တိုက်ကျွေးကုသသဖြင့် လူအများ အနာရောဂါ သက်သာပျောက်ကင်းကြကုန်၏။ ဆေးဝေ ကိုယ်တော်ဟု လူအများကြား ပျံ့နှံ့လာသောအခါ ပျောက် ကွယ်သွားပြီး တစ်ဖန် ပြန်ပေါ်လာပြန်၏။

ထိုသို့ ပျောက်လိုက်၊ပေါ်လိုက် ဆေးကုသရင်း ဟင်္သာတမြို့အတွင်း ပတ္တမြားကျောင်းဆရာတော်ကြီးနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရ၏။ ဦးသာသနသည် ဆရာတော်ကြီး အား မိမိသာသနာပြုရမည့် စေတီတော်တည်ရာတွင် ဆရာ တော်သည် ထိုင်ရာမှမထဘဲ သီတင်းသုံးကာ အဆုံးသတ် သည်အထိ တာဝန်ယူပေးပါရန် လျှောက်ထားခဲ့၏။


တစ်နှယ်ငင် တစ်စင်ပါဆိုသကဲ့သို့ အတွင်းပတ္တမြား ဆရာတော်နှင့်ပတ်သက်၍ တပည့်သံဃာ လူအများကို ရင်းနှီးကျွမ်းဝင်ကာ မိမိ၏သာသနာပြုလုပ်ငန်းတွင် အရေး ပါ အရာရောက်သော ပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြု


ပုဗ္ဗာရုံတန်ဆောင်းတော်ကြီး

လက်ခံခဲ့သည်။

ဆရာတော် ဦးသာသနသည် ဘုရားတည်မည့် အကြောင်း ဒကာ၊ဒကာမများအား အသိပေးပြောကြားပြီး နောက် ဆင်ဖြူတောင်သို့ ပြန်ကြွကာ ပျောက်ကွယ်သွား ပြန်လေ၏။

ဆရာတော် မရှိခိုက် ဘုရားတည်မည်ဟူသော ပဲ့ တင်သံသည် အတိတ်တဘောင် သံ တစ်ခုနှင့်အတူ ကျယ်ကျယ် လောင်လောင် ပျံ့လွင့်လာ၏။ ထို အတိတ်တဘောင်သံမှာ ဗျူဟကျား ကို ခြသေ့်မျိုးသည် ပင်ကုဏ္ဍို ညောင်ပတ် အောင်မြေရပ် ဖြစ် လေ၏။


အရိယာဝိဇ္ဇာ ပုဂ္ဂိုလ်ထူးများ၏ အောင်ဗိဇ္ဇာဓာတ်နန်း

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အားဖြင့် စေတီတော်ကြီးကို ရှေ့ နောက်ဆင်ခြင် တည်ထားရမည် ဖြစ်၍ မြတ်ဗုဒ္ဓ၏ တရားတော်နှင့် အညီ သမထ၊ ဝိပဿနာ ပွားများ



www.burmeseclassic.com

www.burmeseclassic.com


ရပ်စေတော်မူဘုရား၊ ကေသရာဇာခြင်္သေ့မင်းတို့နှင့်တကွ
တွေ့မြင်ရသည့် သစ္စာသယမ္ဘူစေတီတော်

ကြကုန်သော အရည်ဝါသီ တောမှီ ရဟန်းပုဂ္ဂိုလ်တို့၏ လမ်းညွှန်ပြသမှုကို ခံယူကာ အောင်ဓာတ်ဆင်ရမည် ဖြစ်သည်။

ထက်အောက်မြေပြင်တလွှား ထင်ရှားကျော်ကြားသော အဘဘိုးတော်အောင်မင်းခေါင်ကြီးမှ ပင်ကူကွက်ညောင်တွဲလို့ အောင်ပွဲရတို့သခင် နန်းတက်ဖို့ပြင် ဟူ၍ ဆိုထားရာ ဤစာသားတဘောင်သည် (၁၀၈)တောင် စေတီတော်ကို ညွှန်းဆိုထားသည်မှာ ထင်ရှားသိသာလှပေသည်။

အဘယ်ကြောင့်ဆိုသော် လောကီမဟုတ်သော လောကုတ္တရာနယ်မှ ပုဂ္ဂိုလ်တို့၏ အစီအမံဖြစ်သည့် ဆုံရှားအင်းစံများဖြင့် စီရင်အပ်သော (၁၀၈)တောင်စေတီတော်သည် ထူးခြားသည်ဟု ဆိုနိုင်ပေသည်။

သာကေတမြို့သည် တည်စက မစည်ကားသေးပေ။ လယ်ကွင်းရိုးပြတ်များဖြင့် အရိပ်ရ အပင်မရှိသောနေရာ။ သာကေတမြို့ဦး၌ ဘုရားတည်ခဲ့ရာတွင် အရပ်လေးမျက်နှာမှ ရောက်လာကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ဖြင့် လွန်စွာစည်ကားခဲ့သည်။ ဘုရားဒါယကာ ဆရာတော် ဦးသာသနသည် စေတီတော်ကို သုံးနှစ်နှင့် အပြီးတည်မည်ဟု ကြွေးကြော်ခဲ့ရာ တပည့်ဒကာအပေါင်းသည် အားအင်တက်ကြွစွာ ပါဝင်လုပ်အားလှူခဲ့ကြ၏။

(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင် စေတီတော်ကို အောက်ပစ္စယာတွင် အရံစေတီ(၈)ဆူ၊ အလယ်ပစ္စယာတွင် အရံစေတီ(၈)ဆူ၊ အထက်ပစ္စယာတွင် အရံစေတီ (၈)ဆူဖြင့် အသီးသီး ပူဇော်ထားရှိ၏။

စေတီတော်ကို (၁၃၂၃)ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက် (၁၈-၂-၁၉၆၂)မှ စတင်အုတ်မြစ်စီ တည်ထားခဲ့ရာ သုံးနှစ်တိတိ ကြာသောကာလ (၁၃၂၆)ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် (၁၅-၂-၁၉၆၅) ရက်နေ့တွင် ထီးတော်တင်ပြီးသည်အထိ တည်ထားနိုင်ခဲ့လေသည်။

ဆရာတော်ဦးသာသန၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော ဟသ်ာတမြို့အတွင်း ပဏ္ဍမြားဆရာတော်ကြီးသည် သံဃာ(၁၀၈)ပါးကို ဦးစီးကြီးမှူး၍ စေတီတော်ကြီးကို အနေကဇာတင်ကာ ဓမ္မသဘင်ချီးမြှောက်ပူဇော်နိုင်ခဲ့လေသည်။

<u>သာသနိကအဆောက်အအုံများ</u>


စေတီတော်သို့ အရှေ့အရပ်မှ ဝင်ရောက်ပါက မုခ်ဦး


ပြည်လုံးချမ်းသာ အောင်တော်မူဘုရား တန်ဆောင်းဓာတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



(၁၀၈)တောင်စေတီတော်ဝင်းအတွင်းရှိ တံခွန်တိုင်

အဝင်ဝတွင် ဆင်ဖြူတော်ဦးကင်း၌ ဇော်ဂျီဝတ်စုံဖြင့် ဆင်ဦးစီးမှဦးဆောင်၍ ဆင်ကျောက်ကုန်းထက်တွင် ဗုဒ္ဓရုပ်ပွားတော်နှင့် စွယ်တော်ကို ကြာကလပ်တင်ထားသည့် ဆင်ဖြူတော်နှစ်ကောင်မှ ကြိုဆိုနေပေသည်။

အရှေ့အရပ် တန်လျှာထောင့်၌ ဌာပနာတိုက်ကို ·ငုံလျက် အလျား(၇၅)ပေ အနံ(၅၀)ပေရှိသော ပုဗ္ဗာရုံတန်ဆောင်းကြီးကို တွေ့မြင်နိုင်ပေမည်။ တန်ဆောင်းအဝင် ဝဲယာ၌ ယက္ခညီနောင်က စောင့်ရှောက်လျက် တန်ဆောင်းအထက်တွင်မူ နဂါးနှစ်ကောင်ခြံရံလျက် တွေ့မြင်ရပေမည်။ ထိုတန်ဆောင်းတော်ကြီးအတွင်း ဓမ္မဒူတတရားပွဲများကို ဆင်ယင်ကျင်းပလျက်ရှိသည်။ ဝိပဿနာကမ္မဋ္ဌာန်း တရားစခန်းများကိုလည်း ဖွင့်လှစ်လျက်ရှိသည်။

(၁၉၆၄)ခုနှစ်တွင် မန္တလေးနဂါးဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဦးမှ တည်ဆောက်ခဲ့သော်လည်း မပြီးပြတ်သဖြင့် ဘုရားဒကာကြီး ဆရာတော်ဦးသာသနမှ ပြီးစီးအောင်မြင်သည်အထိ ဆက်လက်ဆောက်လုပ်ခဲ့ရသည်။

နှစ်ကျိပ်ရှစ်ဆူတန်ဆောင်းအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်(၂၄)ဆူနှင့် ကျောက်ဆင်းတုရုပ်ပွားတော် (၄)ဆူရှိသည်။ တန်ဆောင်းတော် အမိုး၌ (၁၀၈)တောင် မဟာဗောဓိပုံသဏ္ဌာန် စေတီငါးဆူကို အမိဋ္ဌာန်ပါရမီရှင် ဆရာရသေ့ဦးဓမ္မပါလနှင့် တပည့်ဝေနေယျတို့က လှူဒါန်းထားရှိသည်။

အရှေ့တောင်ထောင့်တွင် လင်းလွန်းပင်ဘုရား၊ ဘိုးဘိုးအောင် အောင်မြေစခန်းတို့ရှိ၏။ စေတီတော်တောင်ဘက်တွင် ဒက္ခိဏာရုံတန်ဆောင်းတော်ကြီးရှိ၏။ အရိယာဝိဇ္ဇာ မဟိဒ္ဓိဆရာတော်ကြီးများ၏ အောင်ဝိဇ္ဇာဓာတ်နန်းရှိသည်။

အနောက်တောင်ထောင့်တွင် နောင်တော်ကြီးစေတီ၊ နဂါးရုံဘုရားနှင့် တံခွန်တိုင်တို့ရှိ၏။ အနောက်ဘက်တွင်မူ ဘုရားရှင်၏ခြေတော်ရာ ပါဒစေတီတော်ရှိလေသည်။ ပစ္ဆိမာရုံ တန်ဆောင်းတော်ကြီးအတွင်း၌ ရွှေတိဂုံစေတီတော်မှ ပင့်ဆောင်လာသည့် ဉာဏ်တော်သုံးပေ၂ိသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိပါသည်။

အနောက်မြောက်အရပ်တွင်မူ ရွှေမြည်အေးရုပ်ပွားတော် ရှိ၏။ ဉာဏ်တော်(၂၃)ပေနှင့် ပလ္လင်တော်(၇)ပေ ရှိပြီး ဓမ္မစကြာတရားဦးဟောတော်မူပုံ မုဒြာအဖြစ် ပုံဖော်ထားသည်။ သရွာသယမ္ဘူစေတီတော်ဝင်းအတွင်း၌



တန်လျှာဆောင်၌ရှိသော ကြေးခေါင်းလောင်းကြီး

www.burmeseclassic.com

ရုပ်တော်မှုဘုရားနှစ်ဆူ၊ ပိဋကတ်သုံးပုံတစ်ဆူနှင့် ဘုရားဆောင့်အဖြစ် (၉)ပေစီမြင့်သော ရောဝဏ်ဆင်မင်း၊ ကေသရာဇာခြင်္သေ့မင်း၊ ကျောက်ရုပ်ပုံတော်နှင့် ဘိုးသိကြားအောင်မြေဖြင့် ပြည့်ပြည့်စုံစုံ ပြုလုပ်ထားလေ၏။


မြောက်အရပ်တွင် ပြည်လုံးချမ်းသာ အောင်တော်မူဘုရားတန်ဆောင်းနှင့် ဇမ္ဗူအေးအာရုံခံတန်ဆောင်းတော်တို့ ရှိပါသည်။ အရှေ့မြောက်ထောင့်တွင် ဘုရား၊ ရဟန္တာများ ဓာတ်တော်တိုက်နှင့် မဟာဗောဓိပင်တို့ရှိလေသည်။ စေတီတော်ပရိဝုဏ်ရှိ တန်ဆောင်းတော်များမှာ မြန်မာမှုလက်ရာ အပြည့်ဖြင့် လှပလျက်ရှိသည်။

<u>ဖိတ်ခေါ်အပ်ပါသည်</u>

(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော် မြတ်ကြီးသည် နှစ်ပေါင်းငါးဆယ်ကျော် ကြာမြင့်လာခဲ့ပြီးနောက် လေဒဏ်၊ မိုးဒဏ် ရာသီဥတုဒဏ်ကြောင့် စေတီတော်အောက်ပစ္စယာ၌ရှိသော ဘုရားအင်းစံကွက်များမှာ ကွာကျပျက်စီးလာခဲ့သည်။

ဂေါပကအဖွဲ့သည် စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံလျက်ရှိရာ အနောက်ဘက်မုခ်တွင် ကွန်ကရစ်လမ်းပြုပြင်ရန် ရှိလေသည်။

ထို့ကြောင့် သမိုင်းတိမ်မြုပ်နေသည့် ဇေယျသေနနဂါးမင်းနှင့် နတ်နဂါးအပေါင်းတို့ နှစ်ပေါင်းနှစ်ထောင့်ငါးရာ ကိုးကွယ်ပူဇော်ခဲ့သော မြတ်ဗုဒ္ဓကိုယ်ပွား နဂါးရုံ


(၁၀၈)တောင်စေတီတော် အဝင်၌ စောင့်ရှောက်လျက်ရှိသည့် မင်းယက္ခဘီလူးရုပ်တု

ဘုရားနှင့် လက်ယာစွယ်တော်ရှင်တို့အား ဌာပနာထားတော်မူသည့် သာကေတမြို့၊ (၁၀)ရပ်ကွက်ရှိ မြို့ဦးစေတီဖြစ်တော်မူသော (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင် စေတီတော်မြတ်အား တစ်ခေါက်တစ်ခါ ရောက်အောင်လာ၍ ဖူးမြော်ကြည်ညိုရင်း သဒ္ဓါပေါက်စွာဖြင့် နိဗ္ဗာန်ရည်မျှော်ကုသိုလ်တော် ပါဝင်လှူဒါန်းကြပါဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

**ဗိုလ်တထောင် ကိုဦး**

<u>ကျမ်းကိုး</u> * ဟင်္သာတမြို့အတွင်း ပတ္တမြားဆရာတော် ဘဒ္ဒန္တအရိယဝံသ ရေးသား၍ မြေလတ်မြတ်သူ စုစည်းပူဇော်သည့် (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော် မြတ်ကြီးသမိုင်း။


စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ(လယ်)နှင့် ဂေါပကအဖွဲ့ဝင်အချို့



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)


## မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်က

# ရှေးဟောင်းသမိုင်းဝင် ရုံလေးရုံဘုရားစေတီများ

လွန်ခဲ့သော မတ်လ (၁၁)ရက်၊ (၂၀၁၆)ခုနှစ်က စာရေးဆရာ၊ဆရာမများ စုပေါင်း၍ ဘုရားဖူးလေ့လာရေးခရီး ထွက်ခဲ့ကြပါသည်။ ဂမ္ဘီရဂျာနယ်၊ မဂ္ဂဇင်းများတွင် ဘာသာရေး၊ ဂမ္ဘီရဆိုင်ရာဆောင်းပါး ရေးသားနေကြသော စာရေးဆရာ၊ ဆရာမ (၁၅)ဦး ပါဝင်ကြပါသည်။ ထိုခရီးစဉ်ကို ဆရာမောင်ယဉ်လှိုင်(ဟသ်ာတ)မှ ကမကထပြု၍ တို့မိတ်ဆွေဘုရားဖူးပို့ဆောင်ရေးအဖွဲ့မှ ခရီးစရိတ်ငြိမ်းပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။

ခရီးစဉ်မှာ ရွှေစက်တော်နှင့် ရုံလေးရုံဘုရားစေတီများသို့ အဓိကဦးတည်သွားခြင်း ဖြစ်ပါသည်။ (၃)ညအိပ် (၄)ရက်ခရီး ဖြစ်သည်။ ရွှေစက်တော်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန်ဘုရားများကို လွန်ခဲ့သောနှစ်ကလည်း ဖူးဖူးပါသည်။ သို့သော် ယခုနှစ် ရုံလေးရုံစေတီလေးဆူ ရောက်အောင် ပို့ပေးမည်ဆို၍ လိုက်ပါရခြင်း ဖြစ်ပါသည်။ ထိုရုံလေးရုံအစီအစဉ်ကို တို့မိတ်ဆွေဦးသိန်းဇော်မှ လမ်းစ ဖွင့်ပေးခြင်းဟု သိရပါသည်။ ပထမရက်တွင် နဂါးပွက်တောင်၊ ရှင်ပင်စက္ကိန်းတဲ၊ ရွှေစက်တော်ဘုရားများ ဖူးကြရသည်။ ရွှေစက်တော်မှ အခန်းခ ဈေးကြီးသော ဝါးခနီတဲတွင် တစ်ညတာ အိပ်စက်ကြရပါသည်။ နောက်တစ်နေ့ နံနက်စောစောထ အောက်စက်တော်ရာမှာ ဆွမ်းတော်၊ ရေချမ်း၊ ပန်းကပ်လှူ၊ သံဃာတော်တွေကို အရဏ်ဆွမ်း လောင်းလှူပြီး နံနက်အဆာပြေဆာစားကာ ရုံလေးရုံဘုရားများသို့ ဆက်လက်ထွက်ခွာလာကြပါသည်။

ခရီးသွားပို့ဆောင်ရေး ကားကြီးသည် မင်းဘူးမြို့သို့ ဖြတ်သန်းမောင်းနှင်ပြီးနောက် ဦးစွာပထမ ဘုရားကုန်းရွာ ရွှေပန်းမြိုင်ဘုရားသို့ ရောက်ရှိပါသည်။ ဘုရားကုန်းရောက်သောအခါ တောင်းအေ့(စ်)ကားနှစ်စီး လာရောက်စောင့်ကြိုနေပါသည်။ ထိုကားသေးနှစ်စီးဖြင့် အုတ်ဖိုရွာကို သွားကြရပါသည်။ ကားလမ်းတစ်ဝက်၊ တောလမ်း ဖုန်လမ်းတစ်ဝက် သွားရပါသည်။ ယခင်ကတော့ ဤဒေသကို သုနာပရန္တတိုင်းဟု ခေါ်ပါသည်။ ယခုတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ပါဝင်နေပါသည်။



ဘုတ္တာရွာရုံစေတီ

**ကုတ္တာရွာစေတီတော်**

ဤစေတီတော်မှာ ပွင့်ဖြူမြို့၏ အနောက်တောင်ဘက် (၃)တိုင်ခွဲ (၇)မိုင်ခန့်အကွာရှိ အုတ်ဖိုရွာ၏ တောင်ဘက် (၁)မိုင်ခန့်အကွာ တောစပ်တွင် တည်ရှိပါသည်။ မုခ်ဦးဝတွင် ကြီးမားသော ခြင်္သေ့ရုပ်ကြီးနှစ်ကောင် ရှိပါသည်။ တစ်ကောင်နှင့်တစ်ကောင် ဦးခေါင်း၊ မျက်နှာအနေ



www.burmeseclassic.com

www.burmeseclassic.com



ဇာကွဲ့ရွာရုံစေတီအနီး ဂန္ဓကုဋိတိုက်ရှိ အလောင်းစည်သူမင်း
ကိုးကွယ်ခဲ့သော ရှေးဟောင်းဘုရားနှစ်ဆူ

အထား ကွဲပြားတာ သတိထားမိပါသည်။ ထိုမုခ်ဦးဝတွင် ဘုရားဖူးများ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ဘုရားဝင်းထဲ ရောက်သောအခါ ဂေါပကအဖွဲ့မှ ကြိုဆိုကာ ရေနွေးကြမ်း၊ လက်ဖက်သုပ်နှင့် ထန်းလျက် ဧည့်ခံပါသည်။ ထို့နောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိသော တန်ဆောင်းသို့ သွားရောက်ကြသည်။ ဘိသိက်ဆရာ တစ်ဦးက ဘုရားသမိုင်းအကျဉ်း ရှင်းပြသည်။ စာရေးသူက ရေနံ့သာဝင်းမောင် ပြုစုပူဇော်သော စာအုပ်လည်း ဝယ်လာပါသည်။

ဤနေရာ၊ ဤဒေသသည် ကကုသန်ဘုရားရှင်လက်ထက်တော်အခါက အပွဟတ္တတိုင်း ခေမာဝတီမည်သော ပြည်ဖြစ်၍ ပြည့်ရှင်မင်းကြီးမှာ ဂေါတမဗုဒ္ဓဘုရားအလောင်းတော် ခေမမင်းကြီးဖြစ်သည်။ အလောင်းတော်ခေမမင်းကြီးသည် ကကုသန်ဘုရားရှင် သီတင်းသုံးရန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းကာ ဘုရားရှင်နှင့် သံဃာတော်များကို ရိုသေစွာပင့်ဖိတ်ပြီး ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာတို့ကိုလည်းကောင်း၊ ဆေးပစ္စည်းအမျိုးမျိုးတို့ကိုလည်းကောင်း လှူဒါန်းတော်မူခဲ့ပါသည်။

ကကုသန်ဘုရားရှင်သည် ခေမာမင်းကြီး လှူဒါန်းသော ကျောင်းတော်ကြီးနှင့် ပစ္စည်းလေးပါးတို့ကို ခံယူကာ မင်းနှင့်တကွ ပရိသတ်များကို တရားဒေသနာ ဟောကြားတော်မူသည်။ ခေမာမင်းကြီးသည် တရားထူးရ၍ ထီးနန်းစည်းစိမ်ကိုစွန့်ပြီး ရဟန်းပြုကာ ဤကျောင်းတော်ကြီး၌ပင် ရဟန်းတရားကို ပွားများအားထုတ်၍ ပါရမီထူးများကို ဆည်းပူးဖြည့်ကျင့်တော်မူခဲ့သည်။ လေးသင်္ချေ ကမ္ဘာတစ်သိန်းတွင် ရဟန်းဘဝ (၉)ဘဝသာရရှိခဲ့ရာ သတ္တမအကြိမ် ရဟန်းပြုခြင်း ဖြစ်ပါသည်။ ဤသာသနာဝင်သမိုင်းကို မဟာဗုဒ္ဓဝင် ပထမတွဲ (ဒုတိယပိုင်း)၊ အဋ္ဌမအကြိမ်၊ စာမျက်နှာ(၅၁၄-၅၁၆)တို့တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ကကုသန်ဘုရားသည်လည်း အလောင်းတော်ခေမာမင်း ရဟန်းကို ဤဘဒ္ဒကမ္ဘာ၌ပင် ဤခေမာ အမည်ရှိသော ရဟန်းသည် ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်စကား ကြားတော်မူလေသည်။

ကကုသန်မြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားရလျှင် အလောင်းတော် ခေမာရဟန်းသည် အလွန်ကြည်လင်သောစိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။ ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော ကကုသန်မြတ်စွာဘုရားသည် ခေမာ အမည်ရှိသော အရာမ်ကြီး၌ ပရိနိဗ္ဗာန်စံတော်မူသည်။ ထိုအရာမ်ကြီးအတွင်းမှာပင် ရှေးဆိုအပ်ပြီးသည့် နည်းအတိုင်း တည်ထားအပ်သော ကကု




ဇာကွဲ့ရွာရုံစေတီ အဝင်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ကုက္ကုဋ္ဌာရုံစေတီအနီးကအုံစေတီနှင့်တံခွန်တိုင်

သန်မြတ်စွာဘုရား၏ ဓာတုစေတီတော်မြတ်သည် တစ်ဂါဝုတ်တိုင်တိုင် မြင့်တော်မူပေ၏။

၄င်းသာသနာသမိုင်းအရ ကုက္ကုဋ္ဌာရုံစေတီတော်မြတ်ကြီးမှာ မှည်မှူထူးခြား မြင့်မြတ်လှသော စေတီတော်ဖြစ်သည်ကို သိရှိကြည်ညိုနိုင်သည်။ ဂန္ဓာရုံကျောင်းတော်ရာမှာ ဂေါတမဗုဒ္ဓဘုရားရှင် (၇)ရက်သီတင်းသုံးရာ ကျောင်းတော်ရာဖြစ်သော်လည်း ကကုသန်ဘုရားရှင် သီတင်းသုံးရာ ကျောင်းတော်ရာမှာကား ကကုသန်ဘုရားရှင်သည် ထိုကျောင်းတော်ကြီး၌ပင် ပရိနိဗ္ဗာန်စံဝင်သည်အထိ သီတင်းသုံးသွားကာ အနှစ်(၄၀၀၀၀)သက်တမ်းတွင် (၅)ပုံ (၄)ပုံ နှစ်ပေါင်း(၃၂၀၀၀)တိုင်တိုင် သီတင်းသုံးခဲ့ရုံမျှမက ဓာတုစေတီတော်မြတ်မှာ တစ်ဂါဝုတ်တိုင် မြင့်တက်ခဲ့ရာ ဤသို့သော နေရာထူးနေရာမြတ်တွင် တည်ထားခဲ့သော ကုက္ကုဋ္ဌာရုံစေတီတော်၏ တန်ခိုးတော်အနန္တကိုလည်း မှန်းဆကြည်ညိုမဆုံးနိုင်အောင် ရှိနေပါတော့သည်။ ထိုစေတီကို မြို့စဖိုလ်စေတီဟု ရှေးယခင်က ဘွဲ့တော်တွင်ခဲ့သည်။

## ယောသိတာရုံစေတီတော်

ကုက္ကုဋ္ဌာရုံစေတီမှအပြန် နေအတော်ပူနေပါပြီ။ တို့မိတ်ဆွေဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ကားသေးနှစ်စီးဖြင့် ဒုတိယအောင်မြေဟု ခေါ်ဆိုသော ယောသိတာရုံစေတီတော်သို့ ဆက်လက်ပို့ဆောင်ပေးပါသည်။

ဤစေတီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကုန်းဇောင်းမြို့နှင့် ရောက်တောမြို့အကြားရှိ ရွာခိုင်ရွာတွင် တည်ရှိပါသည်။ ရွာခိုင်ရွာကို ဆရာတစ်ဦးမှ ရခိုင်ရွာဟု အမှတ်မှားနေပါသည်။ ရွာခိုင်ရွာမှာ ရှေးမြန်မာမင်းများလက်ထက် အစဉ်အဆက်ကတည်းက စည်ပင်စည်ကားခဲ့သော ရွာကြီးတစ်ရွာဖြစ်၍ ယနေ့အချိန်အခါ၌ပင် ရပ်ကွက်(၅)ခုဖြင့် ဖွဲ့စည်းထားသော အိမ်ခြေ(၈၀၀)ကျော်ရှိသည့် ရွာကြီးတစ်ရွာဖြစ်သည်ဟု ဆိုပါသည်။

ဘုရားရောက်သောအခါ ဦးစွာပထမ ဂေါပကအဖွဲ့မှ ကြိုဆိုဧည့်ခံပါသည်။ ရေနွေးနှင့် မုန့်ဖက်ထုပ် ဧည့်ခံကျွေးမွေးသည်။ အချို့လည်း ရေအေးစက်မှ ရေအေးကို ဖွင့်သောက်ကြသည်။ ကုက္ကုဋ္ဌာရုံစေတီမှ ယောသိတာရုံစေတီတော်သို့ (၁၈)မိုင်ခန့် ကားစီးလာရ၍ ရေငတ်နေကြ၏။ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့မှာ ရေသန့်ဘူးလည်း မပေး၊ ဖုန်ထသောလမ်းမှာ နှာခေါင်းပိတ်(Mask)လည်း မပေး။ ကိုယ်တိုင် ရှာဖွေဝယ်ယူရသည်။ ဂေါပကအဖွဲ့ထဲမှာ ဘုရားဖူးအဖွဲ့ အလှူငွေ ထည့်ဝင်ကြသည်။ ဓမ္မာရုံတော်ကြီးတစ်ခုလည်း တည်ဆောက်နေသည်။ ရှားပါးသော နေရာမှာ တတ်နိုင်သလောက် ပါဝင်လှူဒါန်းသင့်ပါသည်။ ဂေါပကအဖွဲ့ သူတို့ဘုရားအကြောင်း ရေးထားသော သီလဝစာဆောင်ကို ထုတ်ပြသည်။

ယောသိတာရုံစေတီတော်မြတ်ကြီး၏ ရှေးဦးအစ မူလဒါယကာမှာ သိရိဓမ္မာသောကမင်းကြီးဖြစ်ပြီး ၄င်းစေတီနေရာတွင် သက္ကရာဇ်(၄၂၁)ခုနှစ် နန်းတက်သော ပုဂံပြည့်ရှင် စောလူးမင်း ထပ်မံတည်ထားတော်မူခဲ့ပါသည်။ စောလူးမင်းတည်စေတီကို ထပ်မံ၍ (၁၂၄၅)ခုနှစ်တွင် ရွာခိုင်ရွာသူကြီး နေမျိုးသီရိသီဟ သမန္တကျော် ခေါင်ဘွဲ့ခံ ဦးကျွန်းနှင့် သူကြီးကတော် ဒေါ်ဒန်းဦး(နေမျိုးကျော်ထင်ဂင်္ဂါ ဘွဲ့ခံပြီး ပြန်ဟသာလျှော်ပဲ့နင်း ဦးသာထွန်းအောင်၏သမီး)တို့က မြတ်စွာဘုရားစေတီတော်



www.burmeseclassic.com

www.burmeseclassic.com

(၁၅)ဆူ၊ သတ္တဋ္ဌာနရုပ်ပွား တော်အစုံ၊ မြတ်စွာဘုရား ငွေဆင်းတုရုပ်ပွား(၃၇)ဆူ၊ ရွှေအုတ်ချပ်(၂၂)ချပ်၊ ငွေအုတ်ချပ်(၂၂)ချပ်ကို ဌာပနာပြု၍ ထပ်မံမွမ်းမံတည်ထားခဲ့ပါသည်။ (၁၂၄၆)ခုနှစ်၊ ကဆုန်လဆုတ် (၅)ရက်နေ့တွင် ပြီးစီးသည်။

ဃောသိတာရုံစေတီတော်မှာ ကောဏာဂုံဘုရားရှင် သီတင်းသုံးခဲ့ရာ ကျောင်းတော်နေရာတွင် တည်ထားခဲ့သော စေတီတော်ဖြစ်၍ ထိုဘုရားရှင်လက်ထက်တော် အခါက ဤနေရာ ဤဒေသသည် ဟတ္ထလုဂ်တိုင်း မိထိလာပြည်ကြီးဖြစ်ကာ ၄င်းပြည်ကြီးအား စိုးစံသောမင်းမှာ ဧါတမမြတ်စွာဘုရားအလောင်းတော် ပဗ္ဗတရာမမင်းကြီး ဖြစ်ပါသည်။ လူတို့၏ အသက်(၃၀၀၀၀)တမ်း ကာလ၌ သောဘဝတီပြည်တွင် ပွင့်ထွန်းတော်မူသော ကောဏာဂုံ မြတ်စွာဘုရားသည် ပဗ္ဗတမင်းကြီး စိုးစံရာဖြစ်သော မိထိလာပြည်သို့ ဒေသစာရီ ကြွချီတော်မူခဲ့ပါသည်။ ကောဏာဂုံဘုရားရှင်နှင့် ရဟန္တာများစွာ ဒေသစာရီ ကြွချီတော်မူလာကြောင်း အမတ်အပေါင်းက ဘုရင်မင်းမြတ်ကို သတင်းကောင်း တင်လျှောက်သည့်အခါ မှူးမတ်ဗိုလ်ပါ အခြံအရံများစွာနှင့် ခရီးဦးကြိုပြုတော်မူ၍ ကြီးစွာသော အလှူကြီးကို ပေးတော်မူပြီး မိထိလာပြည်၌ တစ်ဝါကပ်ရန် တောင်းပန်သည်။ ထိုလျှောက်ထားချက်ကို လက်ခံတော်မူသဖြင့် နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းလှသော နေရာထူး နေရာမြတ်ကို ရွေးချယ်၍ ခမ်းနားဆန်းပြားလှသော ပဗ္ဗတရာမကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းတော်မူပါသည်။ ပဗ္ဗတရာမကျောင်းတော်ကြီးမှာ ခမ်းနားဆန်းပြားလွန်းရကား ဤပဗ္ဗတမင်းကြီးကဲ့သို့ ထူးခြားဆန်းကြယ်လှသော ဘုရားကျောင်းတော်ကြီးကို ငါတို့လည်း လှူဒါန်းခွင့်ရလျှင် ကောင်းလေစွဟူ၍ အားကျခဲ့သော သူဌေးကြီး (၃)ဦးသည် ကဿပဘုရားရှင် လက်ထက်တော်တွင် ကြီးကျယ်ခမ်းနားလှသော ဝါဆိုကျောင်းတော်ကြီးများ ဆောက်လုပ်လှူဒါန်းခွင့်ရ၍ ဂေါတမဗုဒ္ဓဘုရားရှင် လက်ထက်တော်တွင် ကုက္ကုဋ၊ ဃောသက၊ ပါဝါရိကဟူသော အမည်ဖြင့် သူဌေးကြီး (၃)ဦးဖြစ်ကာ ကုက္ကုဋ္ဌာရုံ၊ ဃောသိတာရုံ၊ ပါဝါရုံဟူ၍ ကြီးကျယ်ခမ်းနားလှသော ကျောင်းတော်ကြီးများ ဆောက်လုပ်လှူဒါန်းခွင့် ရကြသည်။



ကုက္ကုဋ္ဌာရုံစေတီမုခ်ဦး လိုဏ်ဂူထဲရှိ ရှေးဟောင်းဘုရား

ဂေါပကအဖွဲ့ဝင် ပြောစကားအရ ကုက္ကုဋသည် ကြက်သူဌေးကြီး၊ ဃောသကသည် နွားသူဌေးကြီး ပါဝါ



ဃောသိတာရုံစေတီနှင့် ခြင်္သေ့ကြီးနှစ်ကောင် မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ကုက္ကုရာရုံစေတီဝင်းအတွင်းရှိ ရပ်တော်မူဘုရားနှင့် ထိုင်တော်မူဘုရားများ

ရှိကသည် ဝါစိုက်ပျိုး၍ သူဌေးဖြစ်လာသော ဝါသူဌေး ကြီးဟု အစွဲပြုခေါ်ဝေါ်ခဲ့ကြသည်ဟုဆိုသည်။ ကြက်သူဌေးဆိုတာ ကြက်မွေးမြူရေးလုပ်ငန်းဖြင့် ချမ်းသာလာသူ၊ နွားသူဌေး ဆိုတာ နွားမွေးမြူရေးလုပ်ငန်းဖြင့် ချမ်းသာလာသူဟု ဆိုသည်။

ငှင်းသူဌေးကြီးတို့ အားကျအတုယူခဲ့သော ပဗ္ဗတမင်း ကြီးမှာ ဂေါတမဘုရားအလောင်းတော်ဖြစ်၍ ပဗ္ဗတမင်း ကြီး လှူဒါန်းခဲ့သော ပဗ္ဗတာရာမကျောင်းတော်ကြီးမှာ လည်း ဃောသိတာရုံစေတီတော် မြတ်ကြီး တည်ရှိရာ နေရာမြတ် တွင် တည်ဆောက်ခဲ့သော ကော ဏာဂုံဘုရားရှင် သီတင်းသုံးရာ ကျောင်းတော်ကြီးပင် ဖြစ်သည်။


ဤသာသနာဝင်သမိုင်းကို မဟာဗုဒ္ဓဝင် ပထမတွဲ (ဒုတိယ ပိုင်း)တွင် ကောဏာဂုံမြတ်စွာ ဘုရားသည် အလောင်းတော် ပဗ္ဗတမင်းကို ဤဘဒ္ဒကမ္ဘာ၌ပင် လျှင် ဤပဗ္ဗတမင်းသည် ဂေါ တမ အမည်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်စကား မိန့်တော်မူသည်။ ကော ဏာဂုံမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော် ပဗ္ဗတမင်းသည် အလွန်ကြည်လင်သော စိတ်ရှိလျက် ပါရမီဆယ်ပါးကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

အလောင်းတော် ပဗ္ဗတမင်းသည် သဗ္ဗညုတဉာဏ်ကို မရမနေရာကြံအားထုတ်သူပီပီ ကောဏာဂုံမြတ် စွာဘုရားအား ကြီးစွာသော အလှူဒါနကို ပေးလှူပြီးလျှင် ကြီးကျယ်ခမ်းနားလှစွာသော မင်းစည်းစိမ်ကို စွန့်လွှတ် တော်မူကာ ကောဏာဂုံမြတ်စွာဘုရားထံတော် ရဟန်းပြု တော်မူလေသည်။

ဤသို့လျှင် သစ္စာဉာဏအားဖြင့် ဓမ္မတရားတို့ကို ထိုးထွင်းသိမြင်တော်မူသော ကောဏာဂုံမြတ်စွာဘုရား သည် ပဗ္ဗတအမည်ရှိသော အရာမ်ကြီး၌ပင် ပရိနိဗ္ဗာန် စံတော်မူလေသည်။

♦ ♦ ♦

ရွာခိုင်ရွာရှိ ရှေးဟောင်းသမိုင်းဝင် ဃောသိကာရုံ စေတီကို ဖူးမြော်ကြည်ညိုပြီး လက်ယာရစ် လှည့်ပတ် ပူဇော်ကြပါသည်။ ဘုရားပုံတော်အောက်တွင် မဟာဃော သိကာရုံစေတီဟု ရေးသားထားပါသည်။ မွန်းတည့်ချိန်ဖြစ် ၍ နေပူရှိန်မှာ ပြင်းထန်လှသည်။ လိုဏ်ဂူတစ်ခုအတွင်းသို့ ဝင်သွားသောအခါ အေးမြသွားပါသည်။ ထိုလိုဏ်ဂူရှိ ပလ္လင်ပေါ်တွင် ရှေးဟောင်းရုပ်ပွားတော်တစ်ဆူ ကိန်းဝပ် စံပယ်တော်မူနေသည်ကို ကြည်ညိုစွာ ဖူးတွေ့ရပါသည်။



ကုက္ကုရာရုံစေတီ ဖြို့စဖို့ဘုရားရှိ ရှေးဟောင်းတန်ဆောင်းပြာသာဒ်



www.burmeseclassic.com

www.burmeseclassic.com

ထိုဗုဒ္ဓမြတ်စွာကို ဖူးတွေ့ရသော အခါ စိတ်နှလုံး အေးချမ်းသွားပါ သည်။


ကုဏ္ဍုရွာရုံစေတီအနီးရှိ ရှေးဟောင်းကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်မြတ်

အပြင်ဘက်သို့ထွက်ပြီး သန့်စင်ခန်းသွားသောအခါ မုခ်ဝတစ်ခုတွင် ခြင်္သေ့ကြီးနှစ်ကောင် တွေ့ရသည်။ အုတ်တံတိုင်းမှ အုတ်ချပ်များ ခြင်္သေ့ပုံကို ကြည့်ခြင်းအားဖြင့် နှစ်ပေါင်းများစွာက လက်ရာဖြစ်ကြောင်း ခန့်မှန်းသိမြင်နိုင်ပါသည်။ အရှေ့ဘက်နားတွင် ရှေးဟောင်းသိမ်တစ်ခုလည်း တွေ့ရသည်။ ဆေးခြယ်ပြုပြင်မွမ်းမံထားပါသည်။

ရွာခိုင်ရွာမှအပြန် ဘုရားကုန်းရွာသို့ လာရောက်ကြသည်။ မွန်းလွဲနေ၍ ဦးစွာပထမ ထမင်းစားကြသည်။ ဆောသိတာရုံမှ ပါဝါရုံအလာ ချောင်းတစ်ခု ဖြတ်သန်းလာရသည်။ ပွင့်ဖြူမြို့နယ်ပတ်ဝန်းကျင်တွင် မိုးချောင်း၊ ပခန်းချောင်း၊ တမူးချောင်း၊ ရေကြည်ချောင်း၊ ပနီချောင်း၊ ကျောက်တန်းချောင်း၊ မတုန်းချောင်း(မင်းတုန်းချောင်း) စသည်ဖြင့် ချောင်းပေါင်းများစွာ တည်ရှိပါသည်။ မင်းတုန်းမြို့၏ မြောက်ဘက်တွင်ရှိသော မင်းတုန်းချောင်းနှင့် မုန်းချောင်းတို့စပ်ကြားတွင် သက်တော်ထင်ရှား ဘုရားလေး ကြွရောက်သီတင်းသုံးကာ သတ္တဝါအပေါင်းအား သစ္စာလေးပါး တရားဟောခဲ့သည်ဟု မှတ်သားရပါသည်။

<u>**ပါဝါရိကာရုံ (သို့မဟုတ်) ပါဝါရုံစေတီတော်**</u>

တတိယမြောက် ရုံစေတီတစ်ဆူဖြစ်သော ပါဝါရုံ (ခေါ်) ရွှေပန်းမြိုင်စေတီတော်မှာ ပွင့်ဖြူမြို့၏တောင်ဘက် (၂)မိုင်ခန့်အကွာ ဘုရားကုန်းရွာတွင် တည်ရှိသည်။ ပင်မြို့စေတီတော်ဟူ၍လည်း ရှေးက ခေါ်ဆိုခဲ့ကြသည်။ ဤစေတီတော်မှာလည်း ဤဘဒ္ဒကမ္ဘာတွင် (၃)ဆူမြောက်ပွင့်ထွန်းတော်မူသော ကဿပဘုရားရှင်၏ ကျောင်းတော်နေရာတွင် တည်ထားသော စေတီတော်ဖြစ်သည်။

ကဿပဘုရားရှင် လက်ထက်တော်အခါက ဤနေရာ ဤဒေသသည် သုမင်္ဂလတိုင်း၊ ဗာရာဏသီပြည်ဖြစ်သည်။ ထိုစဉ်အခါက ဂေါတမဗုဒ္ဓအလောင်းတော်သည် ပုဏ္ဏားမျိုးဖြစ်ကာ ဇောတိပါလလုလင်ဟူ၍ အမည်တွင်သည်။ ဇောတိပါလလုလင်မှာ ပါရမီရင့်ကျက်ပြီးသူ ဘုရားလောင်းဖြစ်သော်လည်း သူငွေးသားပီပီ ပျော်ပါးမော်ကြွားနေခဲ့ရာ မိတ်ဆွေဖြစ်သော အနာဂါမ်ပုဂ္ဂိုလ် ဃဋီကာရအိုးထိန်းသည်က သျှောင်ကိုဆွဲ၊ ကုပ်ကိုနှိမ်ကာ ဘုရားရှင်ကျောင်းတော်သို့ အပါခေါ်လျက် တရားတော်ကို နာယူစေခဲ့ရာမှ ပါရမီရင့်ကျက်ပြီးသူဖြစ်သောကြောင့်


ဓယာသိတာရုံစေတီ လိုဏ်အတွင်းရှိ
ဆုတောင်းပြည့်ဘုရား

www.burmeseclassic.com


www.burmeseclassic.com

ရဟန်းဘ၀သို့ တက်လှမ်းကာ ရဟန်းအဖြစ် တရားပွားများ အားထုတ်ခဲ့ပါသည်။ ဂေါတမဗုဒ္ဓအလောင်းတော်မှာ လေးသင်္ချေကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရာတွင် မြင့်မြတ်သော ရဟန်းဘ၀(၉)ဘ၀သာ ရရှိခဲ့ရာ ဤနေရာ၊ ဤဒေသသည် နဝမအကြိမ်နှင့် နောက်ဆုံးအကြိမ် ရဟန်းတရား ပွားများအားထုတ်ခဲ့ရာ နေရာထူး နေရာမြတ်ဖြစ်သည်။ ပဗ္ဗတမင်းကြီးလက်ထက် အားကျသော သူဌေးကြီး(၃)ဦး ဆောက်လုပ်လှူဒါန်းခဲ့သော ကဿပဘုရားရှင်၏ ကျောင်းတော်နှင့် သံဃာတော်များအတွက် ဝါဆိုကျောင်းများမှာ ဤနေရာမှာပင် ဖြစ်နိုင်ပြီး ဗုဒ္ဓဘုရားအလောင်းတော်နှင့် သူဌေးကြီးသုံးဦးတို့မှာ အနီးကပ် ပါရမီဖြည့်ဖက်များ ဖြစ်ကြသည်။ ဂေါတမဘုရားရှင် လက်ထက်တော်တွင် ကုက္ကုဋ္ဌ၊ ဃောသက၊ ပါဝါရိက သူဌေးကြီးတို့၏ ကျောင်းတော်ကြီးများကို အလှူခံကြွရောက်တော်မူခြင်းမှာ ရှေးအကြောင်းကို အခြေခံ၍သာ ကြွရောက်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ယခု ပွင့်ဖြူမြို့နယ်အတွင်းရှိ ရွှေပန်းမြိုင်



ကုက္ကုဋ္ဌာရုံစေတီရှိ ထီးတော်ဟောင်း



ဂေါတမဘုရား ဂန္ဓာရုံစေတီ

ခေါ် ပါဝါရိကာရုံ (သို့မဟုတ်) ပါဝါရုံစေတီတော်မှာလည်း ထူးမြတ်လှသော သာသနာ့သမိုင်းဝင် ဗုဒ္ဓဘုရားရှင် ပါရမီတော်များ ဆည်းပူးဖြည့်ကျင့်ခဲ့ရာ နေရာထူး နေရာမြတ်တွင် တည်ထားသော စေတီပင်ဖြစ်သည်။

ဆက်လက်၍ ရုံသုံးရုံအမည်တွင်ပုံ အကျဉ်းကိုလည်း ဖတ်မှတ်ရပါသည်။


<u>ကုက္ကုဋ္ဌာရုံ၊ ဃောသိတာရုံ၊ ပါဝါရုံအမည်တွင်ပုံ</u>

ဂေါတမဘုရားရှင် လက်ထက်တော်အခါက ပွင့်ဖြူမြို့နယ် ဤနေရာ ဤဒေသသည် သုနာပရန္တတိုင်းဟူ၍ အမည်တွင်လျက် ဥဒေနမင်းစိုးစံလျက်ရှိသော ကောသမ္ဗီပြည် ဖြစ်ပါသည်။

မင်းနေပြည်တော်မှာ ယခု လယ်ကိုင်းမြို့ဟောင်းနေရာဖြစ်၍ မြို့ရိုးနှစ်ထပ် တူးဖော်တွေ့ရှိရသည်။ ထို့ပြင် သံထွန်သွားများလုပ်ရာ သံထွန်သွားကုန်း၊ မဂဏ္ဍီမိဖုရားနှင့် ခွေတော်မျိုးတော်တို့က လည်ပင်းထိမြုပ်သော ကျင်းများတွင်ထည့်၍ သံထွန်သွားဖြင့် ထိုက်သတ်သောနေရာ လယ်လှပ်ကုန်း၊ ဥဒေနမင်း၏မိခင် မိဖုရားကြီးအား ငှက်

www.burmeseclassic.com

www.burmeseclassic.com



ဇေတာဝန်ကျောင်းဘုရား ဂါယာသိတာရုံစေတီ

ဆင်ကြီးချီခဲ့သောနေရာ(ရှင်ပင်ကူနီဘုရားအနီး)၊ ဥဒေဝ နတ်ကွန်း(စကုမြို့အနီး) စသည်ဖြင့် အမှတ်အသား အထောက်အထားများ ယနေ့တိုင် အခိုင်အမာ ရှိနေပါသည်။

ကောသမ္ဗီပြည်မှ ကုက္ကုဋ္ဌ၊ ဃောသက၊ ပါဝါရိက အမည်ရသော သူဌေးကြီး(၃)ဦးတို့သည် ဘဝကူးကောင်း မွန်ရန် ရည်သန်၍ (၅၀၀)သော ရှာန်ရ ရသေ့များကို ခေါ်ဆောင်လေးပါး အမြဲမပြတ်ထောက်ပံ့လှူဒါန်းမြဲဖြစ်သည်။ တစ်နေ့သောအခါ မိမိတို့ကိုးကွယ်သော ရသေ့ကြီးများ၏ သတင်းပေးချက်အရ မဇ္ဈိမဒေသတွင် ဗုဒ္ဓဘုရားရှင် ပွင့် တော်မူတော်မူကြောင်း သိရသဖြင့် လှည်းသား(၅၀၀)တို့ဖြင့် မဇ္ဈိမဒေသသို့ သွားကြသည်။


အရင်ရောက်နှင့်သော ရသေ့(၅၀၀)တို့မှာ ဗုဒ္ဓဘုရား ရှင်၏ဒေသနာကို နာကြားပြီးနောက် ရဟန္တာ(၅၀၀)ဖြစ် တော်မူကာ သူဌေးကြီးသုံးဦးတို့မှာ ဘုရားရှင်၏ ဒေသနာ ကို ကြားနာ၍ သောတာပတ္တိဖိုလ်တည်ကြပြီး-(၁၅)ရက် တိုင်တိုင် ဘုရားရှင်နှင့် သံဃာတော်များကို ပင့်ဖိတ်၍ အလှူကြီးပေးကြလေသည်။

ထို့နောက်ဝယ်-

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား… တပည့်တော်တို့အား သနားငဲ့ညှာသောအားဖြင့် တပည့် တော်တို့၏ ကောသမ္ဗီပြည်သို့ ကြွရောက်သီတင်းသုံးတော် မူပါ" ဟူ၍ လျှောက်ထားတောင်းပန်ရာ ရှေးဘုရားရှင်တို့ သီတင်းသုံးတော်မူခဲ့ရာ ဖြစ်ရုံမျှမက မိမိကိုယ်တိုင် ပါရမီ ထူးများ ဆည်းပူးဖြည့်ကျင့်ခဲ့ရာ နေရာထူး နေရာမြတ် ဖြစ်သောကြောင့် အခွင့်ပေးတော်မူသည်။

ကုက္ကုဋ္ဌ အစရှိသော သူဌေးကြီး(၃)ဦးတို့လည်း မိမိ တို့နေရာ ကောသမ္ဗီပြည်သို့ ဝမ်းမြောက်ဝမ်းသာ ပြန်ခဲ့ ကြပြီး မိမိတို့ပိုင်ဆိုင်သည့် သီးပွင့်မျိုးစုံ မွှေးရနံ့ထုံ၍ ပျော်ရွှင်ဖွယ်ကောင်းလှသည့် ဥယျာဉ်ကြီးများတွင် ဘုရား ရှင် သီတင်းသုံးရန် ကျောင်းတော်ကြီး တစ်ဆောင်စီ ဆောက်လုပ်ကြပြီး ဗုဒ္ဓဘုရားရှင်အား ကြွရောက်သီတင်း သုံးပါရန် ပင့်လျှောက်ကြသည်။

ဂေါတမဗုဒ္ဓဘုရားရှင်သည် နောက်လိုက်နောက်ပါ



ကောသမ္ဗီဘုရား ပါဠိရုံစေတီတော်
(မွန်ပြည်နယ်၊ ဘုရားတည်နေရာ ရွှေပန်းမြိုင်ဘုရား)

www.burmeseclassic.com

သံဃာတော်များခြံရံလျက် ကောသမ္ဗီပြည်သို့ မဟာသက္ကရာဇ်(၁၁၁)ခုနှစ်တွင် ကြွရောက်တော်မူရာ မာဂဏ္ဍီယ ပုဏ္ဏားဏ်၏ အရဟတ္တဖိုလ်ရအံ့သော အကြောင်းမြင်သဖြင့် ခြေကျင်ခရီးသာ ကြွချီတော်မူသည်။

လမ်းခရီးတွင် မာဂဏ္ဍီယ ပုဏ္ဏားဇနီးမောင်နှံတို့ကို ချေချွတ်တော်မူ၍ ရဟန္တာဖြစ်စေပြီးနောက် ကောသမ္ဗီပြည် သူဌေးကြီး(၃)ဦးတို့၏ ကျောင်းတော်ကြီးများတွင် နဝမဝါကို ကပ်တော်မူသည်။

သူဌေးကြီး (၃)ဦးတို့၏ ကျောင်းတော်ကြီးများမှာ တစ်ဆောင်နှင့် (၃)တိုင်နှင့် (၅)ရေတွင်း (ဖ-မိုင်ကျော်) ခန့် ကွာဝေးကြပြီး ကုက္ကုဋ္ဌသူဌေး အလှူတော်ဖြစ်သော ကျောင်းတော်ကြီးကို ကုက္ကုဋ္ဌာရုံ၊ ဃောသကသူဌေး၏ ကျောင်းတော်ကြီးကို ဃောသိတာရုံ၊ ပါဝါရိကသူဌေး၏ ကျောင်းတော်ကြီးကို ပါဝါရိကာရုံ (သို့မဟုတ်) ပါဝါရုံ ဟူ၍ ခေါ်တွင်ခဲ့သည်။

ထိုအချိန်တွင် ကောသမ္ဗီပြည်၌ ဗုဒ္ဓသာသနာရောင် ထွန်းလင်းပြောင်လျက်ရှိနေပြီဖြစ်သော်လည်း ဥဒေနမင်းမှာ သရဏဂုံမတည်သေးဘဲ သဒ္ဓါတရား နည်းပါးသောကြောင့် ဃောသကသူဌေးကြီး၏ မွေးစားသမီး သာမာဝတီမိဖုရားကြီးမှာ ဘုရားရှင်၏ တရားတော်ကို တိုက်ဆိုင် နာကြားခွင့်မရဘဲ ဥဇ္ဇုတ္တရာကျွန်မ၏ တစ်ဆင့်ဟောကြားချက်ကြောင့် (၅၀၀)သော ရံရွေတော်တို့နှင့်အတူ သောတာပတ္တိဖိုလ် တည်ခဲ့ရပါသည်။

မာဂဏ္ဍီမှာမူ ဘုရားရှင်နှင့် ကိုယ်တိုင်တွေ့ကြုံရသော်လည်း ရှေးအတိတ်က ရွှံဖွယ်စွာသော ကျင်ကြီးကျင်ငယ်တို့ဖြင့်ပြည့်သော ဤမိန်းမအား ခြေဖျားနှင့်မျှ မထိလိုဟူသော ဘုရားရှင်၏ စကားတော်ကို နာကြည်းရန်ငြိုးဖွဲ့ကာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ပြစ်မှားကျူးလွန်မိသဖြင့် မျက်မှောက်ဘဝ၌ပင် အသားကို မွှန်းကာ ဆီအိုးကင်းဖြင့် အကြော်ခံခဲ့ရသည်။ အတူပူးပေါင်း ကျူးလွန်မိသူ တစ်ဆွေမျိုးလုံးမှာ အပါယ်ငရဲသို့လားပြီး လည်ပင်းထိ မြေမြှုပ်မီးတိုက်ကာ သံထွန်သွားဖြင့် ထွန်စေခြင်း ခံခဲ့ရပါသည်။

ဤသို့ဖြင့် ဂေါတမဗုဒ္ဓဘုရားရှင် (၉)ဝါမြောက်တွင် ကြွရောက်သီတင်းသုံးရာမှ ကုက္ကုဋ္ဌာရုံ၊ ဃောသိတာရုံ၊ ပါဝါရုံဟူ၍ ရုံသုံးရုံ အမည်တွင်ခဲ့ရခြင်း ဖြစ်ပါသည်။ စန္ဒကူးနံ့သာ၊ ဂန္ဓာရုံကျောင်းတော်ရာစေတီတော် လေးရုံမြောက် ဖြစ်သည်။ စန္ဒကူးနံ့သာ၊ ဂန္ဓာရုံကျောင်းတော်ရာ စေတီတော်မြတ်ကြီးမှာ မူလလူသိများ၍ ထင်ရှားလှပြီး သာသနာ့သမိုင်းကြောင်းလည်း သိရှိသူများသည်။

သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာသား မဟာပုဏ္ဏသည် ကုက္ကုဋ္ဌ၊ ဃောသက၊ ပါဝါရိက သူဌေးကြီး(၃)ဦးတို့ကဲ့သို့ပင် လှည်းသား(၅၀၀)ဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်း ကုန်ဝယ်သွားရာမှ ဗုဒ္ဓဘုရားရှင်၏ တရားတော်ကို နာကြားရကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဘုရားရှင်ထံမှ သင့်လျော်သော ကမ္မဋ္ဌာန်းတရားကို ပန်ကြားတောင်းခံ၍ မိမိဒေသ သုနာပရန္တ(ကောသမ္ဗီပြည်)သို့ ပြန်ကာ တရားအားထုတ်ရာ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသည်။

ညီငယ်စူဠပုဏ္ဏ သင်္ဘောသား(၅၀၀)တို့မှာ ပင်လယ်ခရီး ကုန်းရောင်းကုန်ဝယ်သွားရာ လက်လေးသစ်လျှင် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာသစ်များ ပေါက်ရောက်ရာ မာလာယုခေါ် ကျွန်းကို တွေ့ရှိသဖြင့် သင်္ဘောအပြည့်မျှ ခုတ်ယူဆောင်ခဲ့ကြပါသည်။ ကျွန်းစောင့်နတ်ဘီလူးများ မကျေနပ်၍ မုန်တိုင်းဆင်ကာ သင်္ဘောနစ်မြုပ်အံ့ဆဲဆဲတွင် ညီငယ်စူဠပုဏ္ဏ၏ တမ်းတပင့်လျှောက်ချက်အရ ရဟန္တာအရှင် မဟာပုဏ္ဏ ကောင်းကင်ခရီးဖြင့် ကြွရောက် ကယ်တင်သဖြင့် ဝါဏိဇ္ဇဂါမရွာ






www.burmeseclassic.com

www.burmeseclassic.com



မဟာပုဏ္ဏမထေရ်မြတ်

သား သင်္ဘောသား အားလုံး အသက်ချမ်းသာရာရခဲ့ပါသည်။

မဟာပုဏ္ဏ၏ ကျေးဇူးတော်ကို ဆပ်သောအားဖြင့် ကျောင်းဆောက်၍လှူရာ ရဟန္တာအရှင်မြတ်က သုံးလောကထွတ်ထား မြတ်ဘုရားကိုသာ ရည်မှန်း၍ လှူဒါန်းရန် ဆုံးမလမ်းညွှန်သဖြင့် စူဠပုဏ္ဏ ဦးဆောင်သော ဝါဏိဇ္ဇရွာသားတို့သည် အဆောင်ပေါင်း (၁၀၈)ဆောင်၊ ပြတင်းပေါင်း (၁၁၆၀)နှင့် လှေကားပေါင်း (၁၀၀) ပါဝင်သော ဘုရားကျောင်းတော်ကြီးကို ရနံ့မွှေးထုံသော စန္ဒကူးသစ်တို့ဖြင့် ဆောက်လုပ်လှူဒါန်းသည်။

ဂေါတမဗုဒ္ဓဘုရားရှင်သည် သစ္စဗန္ဓရသေ့ကြီးအား အရဟတ္တဖိုလ်သို့ အရောက်ပို့ဆောင်ချေချွတ်ရန် အကြောင်းရှိသောကြောင့် သိကြားမင်းဆက်ကပ်လှူဒါန်းသော ယာဉ်ပျံ(၅၀၀)ဖြင့် ကောင်းကင်ခရီး ကြွချီတော်မူသည်။

သစ္စဗန္ဓတောင်သို့ရောက်သော် ရသေ့ကြီးအား တရားချေချွတ်၍ ရဟန္တာဖြစ်စေသည်။ ထို့နောက်ဝယ် သစ္စဗန္ဓရဟန္တာအပါအဝင် ရဟန္တာ(၅၀၀)တို့ကို ပြာသာဒ်ယာဉ်ပျံ(၅၀၀)ဖြင့် တင်ဆောင်ခေါ်ယူတော်မူပြီး ထိုစန္ဒကူးနံ့သာကျောင်းတော်ကြီးရှိရာ ဝါဏိဇ္ဇဂါမသို့ ကြွရောက်အလှူခံတော်မူသည်။

စန္ဒကူးနံ့သာကျောင်းတော်ကြီးတွင် (၇)ရက်တိုင်တိုင် သီတင်းသုံးကာ တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးချေချွတ်တော်မူသောကြောင့် တစ်နေ့တစ်နေ့လျှင် လူ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်း (၈၄၀၀၀)ကျွတ်တမ်းဝင်သည်။

ဤသည်မှာ ဝါတော်(၂၁)ဝါမြောက် ဝါတွင်းကာလဖြစ်၍ မဟာသက္ကရာဇ်(၁၂၃)ခုနှစ်တွင် ကြွရောက်တော်မူခြင်း ဖြစ်ပါသည်။ (၇)ရက်ပြည့်မြောက်၍ မဇ္ဈိမဒေသပြန်လည်ကြွမြန်းတော်မူရာတွင် အလာခရီးအတိုင်းပင် ယာဉ်ပျံ(၅၀၀)ဖြင့် ပြန်လည်ကြွမြန်းတော်မူရာ နမ္မဒါနဂါးမင်းတောင်းပန်၍ နမ္မဒါမြစ်ကမ်းနဖူးတွင် စက်တော်ရာတစ်ဆူ သစ္စဗန္ဓရဟန္တာ တောင်းပန်ချက်အရ မန်းစက်တော်ရာ တောင်ထိပ်တွင် စက်တော်ရာတစ်ဆူ ချထားတော်မူခဲ့သဖြင့် ယနေ့အချိန်အခါတွင် မန်းရွှေစက်တော်ဟူ၍ တန်ခိုးကြီးဘုရားအဖြစ် ထင်ရှားလှသည်။

မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်၏ အဓိဋ္ဌာန်ချက်ဖြင့် စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ တရားဟော ရာဇပလ္လင်တော်နေရာတွင် ပေါ်ပေါက်ခဲ့သော သေလာမယ်စေတီတော်ကိုငုံ၍ ပုဂံပြည့်ရှင် ဓေယျသူရမည်သော အလောင်းစည်သူမင်းကြီးသည် စေတီတည်ထားကိုးကွယ်ခဲ့ရာ ကောဇာသက္ကရာဇ်(၄၅၈)ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်၊ စနေနေ့တွင် ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

ဘုရားရှင်၏ ကျောင်းတော်ကြီးမှာ စန္ဒကူးမွှေးထုံနံ့သာသစ်များဖြင့် ဆောက်လုပ်ခြင်းဖြစ်၍ ဂန္ဓာရုံကျောင်းတော်ဟူ၍ အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

ရုံလေးရုံအနက် ကုဋ္ဌပြုရုံ၊ ဃောသိတာရုံ၊ ပါဝါရုံ ရုံ(၃)ရုံမှာ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ သီတင်းသုံးခဲ့ရာ ကျောင်းတော်ကြီးများ၏ ကျောင်းတော်ရာဖြစ်၍ ဂေါတမဗုဒ္ဓဘုရားရှင် လက်ထက်တော်တွင် (၄)နေရာစလုံးတွင် ကြွရောက်သီတင်းသုံးသောအခါမှသာ ဂန္ဓာရုံအပါအဝင် ရုံ(၄)ရုံအမည်တွင်လာခြင်းဖြစ်သည်။

စာဖတ်ပရိသတ်များအနေဖြင့် ရွှေစက်တော်၊ မကွေး၊ မြသလွန် ဘုရားဖူးသွားရောက်ကြပါက ရုံလေးရုံဘုရားစေတီများသို့လည်း အရောက်သွားကာ အောင်မြေလေးဌာနမှာ အောင်ဓာတ်ယူနိုင်ကြပါစေသတည်း။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးနန်းတွင်းအရေးတော်ပုံကြီး ပေါ်ပေါက်ပြီးနောက် အရေးနိမ့်ခဲ့သော မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားနှစ်ပါးတို့သည် ၄င်းတို့၏အနွယ်တော် ဘုန်းတော်ကြီးရှိရာ ဟံသာဝတီဒေသအတွင်းက ဘော်ကလွတ်ကျေးရွာသို့ တိမ်းရှောင်လာခဲ့ကြ၏။ ဘော်ကလွတ်ကျေးရွာသည် ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တောင်ဘက် (၃)မိုင် (၄)ဖာလုံအကွာရှိ ကျေးရွာတစ်ရွာ ဖြစ်နေ၏။ မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားနှစ်ပါးတို့သည် ဘော်ကလွတ်ကျေးရွာ၌ ၄င်းတို့၏အနွယ်တော် ဘုန်းတော်ကြီး ဦးဉာဏဝံသကျောင်းတွင် မထင်မရှား ခိုလှုံနေထိုင်ရင်း ၄င်းတို့၏ မင်းညီမင်းသား ချပ်ဝတ်တန်ဆာများနှင့် ပတ္တမြား လက်စွပ်အပါအဝင် လက်ဝတ်ရတနာပစ္စည်းများကို ဌာပနာကာ ဘုန်းတော်ကြီးကျောင်းပရိဝုဏ်၏ တောင်ဘက်၌ ကိုးတောင်ပြည့်စေတီတစ်ဆူကို တည်ထားခဲ့ကြလေ၏။ စေတီ၏ဘွဲ့တော်ကို ဆုတောင်းပြည့် ပတ္တမြားစေတီတော်ဟု ဘွဲ့တော်ဆက်ကပ်ခဲ့ကြ၏။

**စေတီတော်အား ပြုပြင်ခြင်း**

နှစ်ပေါင်းပရိစ္ဆေဒ များစွာကြာမြင့်လာခဲ့ပြီးနောက်

သစ္စာမင်းခေါင်

# မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားနှစ်ပါးတည်ထားခဲ့သည့်

## ကျောက်တန်းမြို့နယ် ဘော်ကလွတ်ကျေးရွာက

# ပတ္တမြားစေတီတော်



ပတ္တမြားစေတီတော်ကို အဝေးမှ ဖူးတွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်း မြင်းခုံတိုင် မင်းသားနှစ်ပါးမှ ပထမတည်ထားခဲ့သည့်
ပတ္တမြားစေတီတော်ကို အနီးကပ်ဖူးတွေ့ရပုံ

ယိုယွင်းပျက်စီးလာသော ထိုစေတီတော်ကို စေတီတော်ပရိဝုဏ် အနီးရှိ ကုဏ္ဍာသယဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံး နေထိုင်သော ကျောင်းထိုင်ဆရာတော် အဆက်ဆက်က ထိန်းသိမ်းပြုပြင်ခဲ့ကြ၏။ ယခုအခါ မူလကိုးတောင်ပြည့်စေတီတော်ကိုငုံပြီး ပြုပြင်တည်ထားခဲ့ရာ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ အတောင် (၄၀)ရှိ၏။ ယခုလက်ရှိတွင် ထိုပတ္တမြားစေတီတော်အား ထိန်းသိမ်းပြုပြင် စောင့်ရှောက်လျက်ရှိသော ရဟန်းတော်မှာ ဖော်ပြပါ ကုဏ္ဍာသယကျောင်းတိုက်၏ (၅)ဆက်မြောက် ကျောင်းထိုင်ဆရာတော် ဦးကုဏ္ဍာစာရ [သက်တော်(၃၅)နှစ်၊ ဝါတော်(၁၆)ဝါ] ဖြစ်၏။

ကျောင်းထိုင်ဆရာတော် ဦးကုဏ္ဍာစာရ၏ လက်ထက်တွင် ပတ္တမြားစေတီတော်၌ သာသနာတော် ပိုမိုပွင့်လင်းလာခဲ့ပြီး အစစအရာရာတွင် ဖွံ့ဖြိုးတိုးတက်လာခဲ့၏။ ဆရာတော် ဦးကုဏ္ဍာစာရသည် စေတီတော်ရင်ပြင် ကြွေပြားခင်းခြင်း၊ မဟာရံတံတိုင်းတည်ဆောက်ခြင်း၊ စိန်ဖူးတော် ရွှေချခြင်း၊ နဂါးရုံဘုရား တည်ထားခြင်း၊ ဗောဓိပင်၌ နေ့နံဘုရားများ တည်ထားခြင်း၊ စေတီတော်သို့ သွားရာ ဆောင်းတန်းများ ပြုပြင်ခြင်းတို့ကို အားတက်သရော ဆောင်ရွက်ခဲ့သဖြင့် ဖော်ပြပါပတ္တမြားစေတီ ပရိဝုဏ်မှာ သာသနိကအဆောက်အအုံများ ဘုရားရုပ်ပွားဆင်းတုများဖြင့် ဝေဆာတင့်တယ်လာခဲ့၏။

<u>ပတ္တမြားစေတီနှင့်
ပဋ္ဌာန်းဆက်ရှိလေသလော</u>

ယခုအခါ အဆိုပါ ပတ္တမြားစေတီပရိဝုဏ် ကုဏ္ဍာသယကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးနေသော ဦးကုဏ္ဍာစာရမှာ ယခင်က သန်လျင်မြို့ ကျိုက်ဗောဓိကျောင်းတိုက်၌ နှစ်ပေါင်း(၂၀)ကျော်ကြာ စာသင်သား ရဟန်းတော်အဖြစ် သီတင်းသုံးခဲ့ပြီး လွန်ခဲ့သော(၂)နှစ်ခန့်က ဖော်ပြပါ ဘော်ကလွတ်ကျေးရွာ ကုဏ္ဍာသယကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးခဲ့ခြင်း ဖြစ်၏။

ဆရာတော်ဦးကုဏ္ဍာစာရသည် ဖော်ပြပါ ပတ္တမြားစေတီတော်၏ အစောင့်အရှောက်များနှင့် တစ်စုံတစ်ရာ ပဋ္ဌာန်းဆက်ရှိသည်ဟုလည်း ဆိုရမလိုဖြစ်နေ၏။ ဆရာတော်မှာ ဝတ္ထုငွေရှားပါး၍ စေတီ၏ဝေယျာဝစ္စ၊ ကျောင်း၏ဝေယျာဝစ္စတို့အတွက် ဆောင်ရွက်ရန် အခက်ကြုံလာ




ပတ္တမြားစေတီပရိဝုဏ်ရှိ ဗောဓိညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com


ပတ္တမြားစေတီပရိဝုဏ်ရှိ နဂါးရုံဘုရား

လျှင် စေတီတော်ရှေ့မြောက်သို့ သွားရောက်၍ 'ဒီမှာ သီတင်းသုံးရတာ ဦးပဉ္စင်း မပျော်တော့ဘူး။ ဝတ္ထုငွေကြေး အတွက် အခက်ကြုံနေတယ်'ဟု တိုင်တည်ပြောဆိုလိုက်လျှင် ရက်များမကြာမီအတွင်း၌ပင် ဝတ္ထုငွေကြေး ပြည့်စုံလာခဲ့သည်ဟု ဆို၏။


ပတ္တမြားစေတီ တည်ရှိရာသို့ အဝင်မုခ်ဦး

ထို့ပြင် လွန်ခဲ့သော မြန်မာသက္ကရာဇ်(၁၃၇၆)ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ည(၉)နာရီအချိန်က ဆရာတော် ကျိန်းစက်နေချိန်တွင် ဆရာတော်ထံပါးသို့ အနက်ရောင်ဝတ်စုံ၊ အစိမ်းရောင်ဝတ်စုံနှင့် ပန်းနုရောင်ဝတ်စုံတို့ကို ဝတ်ဆင်ထားပြီး ရှမ်းရိုးရာခေါင်းပေါင်းတို့ကို ဆင်မြန်းထားသော ဒကာမ(၃)ဦးတို့ ရောက်ရှိလာပြီး ဆရာတော် ဦးဣန္ဒာစာရကို နှိုးကာ စေတီရင်ပြင်သို့ ပင့်ဆောင်သွားခဲ့ကြ၏။

စေတီတော် ရင်ပြင်အနီးရှိ လယ်ကွင်းများတွင်ကား ထိန်ထိန်သာသော လရောင်က လှပစွာဖြာဆင်းလျက်ရှိ၏။ ထိုဒကာမ(၃)ဦးသည် စေတီတော်ကို ဦးစွာ ဦးချကန်တော့ပြီး ဆရာတော် ဦးဣန္ဒာစာရကိုလည်း ဦးချကန်တော့ကြ၏။

ယင်းနောက် ဆရာတော်ဦးဣန္ဒာစာရအား 'ဆရာတော်ဘုရားအနေနဲ့ ဒီကျောင်းမှာ စိတ်ချမ်းသာစွာ သီတင်းသုံးပြီး ဒီပတ္တမြားစေတီကို ထိန်းသိမ်းစောင့်ရှောက်ပေးတော်မူပါဘုရား'ဟု လျှောက်ထားကာ စေတီတော်အနီးရှိ လယ်ကွင်းစပ်တွင် ရုတ်တရက် ပျောက်ကွယ်သွားခဲ့ကြသည်ဟု ဆရာတော် ဦးဣန္ဒာစာရက မိန့်တော်မူ၏။

<u>ပတ္တမြားစေတီတော် အစောင့်အရှောက်တို့၏ ကူညီမှုဖြင့် မော်တော်ယာဉ်ရရှိခြင်း</u>

လွန်ခဲ့သောခရစ်နှစ်(၂၀၁၅)ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့ည ဆရာတော်ဦးဣန္ဒာစာရ ကျိန်းစက်နေခိုက်တွင် အနက်ရောင်ဝတ်စုံ၊ အစိမ်းရောင်ဝတ်စုံနှင့် ပန်းနုရောင်ဝတ်စုံတို့ကို ဆင်မြန်းထားသော ဒကာမ(၃)ဦးသည် ဆရာတော်၏ အိပ်မက်ထဲသို့ ရောက်ရှိလာပြီး 'တပည့်တော်မတို့က ဆရာတော်ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ပတ္တမြားစေတီရဲ့ အစောင့်အရှောက်တွေပါဘုရား။ ဘုရားကိစ္စ၊ ကျောင်းကိစ္စ ဆောင်ရွက်ရာမှာ ဆရာတော် လိုအပ်သလို အသုံးပြုဖို့အတွက် မော်တော်ယာဉ်တစ်စီး ရရှိအောင် တပည့်တော်မတို့ ကူညီပါ့မယ်ဘုရား။ ဆရာတော် အလှူခံတော်မူပါဘုရား'ဟု

www.burmeseclassic.com

လျှောက်ထားကာ ပျောက်ကွယ်သွားခဲ့ကြသည်ဟု ဆို၏။

ထိုသို့ အိပ်မက်မြင်မက်ပြီး နှစ်လခန့် အကြာတွင် ဆရာတော် ဦးကုဏ္ဍာစာရအား အဖြူရောင် Probox အမျိုးအစား မော်တော်ယာဉ်အမှတ် 1I-1434 ကို စေတနာရှင် တစ်ဦးက လာရောက်လှူဒါန်းသွားခဲ့လေ၏။



ပတ္တမြားစေတီပရိဝုဏ်ရှိ ဓနုသိမ်တော်

**ဆုတောင်းပြည့်သည့် စနေထောင့်**

အဆိုပါ ပတ္တမြားစေတီတော်၏ စနေထောင့်သည် လွန်စွာနာမည်ကြီးပြီး ယင်းစနေထောင့်၌ အဓိဋ္ဌာန်ဝင်ပြီး မှန်ကန်စွာ သစ္စာပြုဆုတောင်းပါက အထူးဆုတောင်းပြည့်သည်ဟု ဆို၏။ ယင်းစနေထောင့်၌ အဓိဋ္ဌာန်ဝင်သူတို့သည် စေတီတော်၏ အစောင့်အရှောက်များနှင့် မကြာခဏ ဆုံရလေ့ရှိပြီး မိမိ၏အဓိဋ္ဌာန်ကို မပျက်ဘဲ ဆက်လက်အားထုတ်သွားပါက မိမိလိုအပ်သော အောင်မြင်မှုများကို မလွဲမသွေရရှိပြီး ဆုတောင်းပြည့်သွားကြသည်ဟုလည်း ဆရာတော်က မိန့်တော်မူ၏။

♦♦♦

မူလဒါယကာ မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားနှစ်ပါးတို့ တည်ထားခဲ့သည့် အဆိုပါ ပတ္တမြားစေတီ၌ အေးငြိမ်းစွာ အဓိဋ္ဌာန်ဝင်လိုသူတို့သည် ကျောက်တန်းမြို့ တံစိုက်တမ်းရှိ ပန်းတောရွာသို့ စက်လှေဖြင့်ကူးပြီး ပန်းတောရွာမှတစ်ဆင့် စေတီတော်ရှိရာ ဘော်ကလွတ်ကျေးရွာသို့ ဆိုင်ကယ်၊ ကားတို့ဖြင့် လွယ်ကူစွာသွားရောက်နိုင်ကြပါ၏။ ဤပတ္တမြားစေတီတော်၌ စိတ်ချမ်းမြေ့စွာ အဓိဋ္ဌာန်ဝင်လိုသူတို့ကို စေတီတော်ပရိဝုဏ်အနီးရှိ ကုဏ္ဍာသယကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် ဦးကုဏ္ဍာစာရက နေရာထိုင်ခင်း၊ စားရေးသောက်ရေးကအစ တာဝန်ယူကူညီပေးလိမ့်မည် ဖြစ်ပါ၏။ စေတီတော်အတွက် တစ်စုံတစ်ရာ လှူဒါန်းလိုသူတို့သည်လည်း ဆရာတော် ဦးကုဏ္ဍာစာရ ဖုန်း-၀၉ ၇၉၈ ၈၅၆ ၅၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါ၏။

♦♦♦

ဖော်ပြပါ ကျောက်တန်းမြို့နယ်၊ ဘော်ကလွတ်ကျေးရွာရှိ ဆုတောင်းပြည့်ပတ္တမြားစေတီတော်သည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့ မူလပထမတည်ထားခဲ့သော စေတီတော်ဖြစ်သည့်အတွက် သမိုင်းအမွေအနှစ်အရလည်း ဝိုင်းဝန်း



ပတ္တမြားစေတီတော်အား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ကုဏ္ဍာသယကျောင်းတိုက်
ကျောင်းထိုင်ဆရာတော် ဦးကုဏ္ဍာစာရ



www.burmeseclassic.com

www.burmeseclassic.com

ပြုပြင် ထိန်းသိမ်းသင့်သော စေတီတော်တစ်ဆူပင် ဖြစ်ပါ၏။ မင်းပြစ်မင်းဒဏ်သင့်၍ ထွက်ပြေးတိမ်းရှောင်လာရသော်လည်း မိမိတို့၏ ဘာသာ၊ သာသနာကို မမေ့ဘဲစေတီတည်ထားခဲ့သည့်အတွက် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့၏ ဘာသာ၊ သာသနာကို ကြည်ညိုမြတ်နိုးသော နှလုံးသားပုံရိပ်ကလည်း ချီးကျူးလေးစားဖွယ်ပင် ဖြစ်ပါ၏။

ကျောက်တန်းမြို့သို့ ခရီးကြုံကြိုက် ရောက်ရှိသူတို့သည် ကျောက်တန်းတစ်ဖက်ကမ်း ပန်းတောရွာမှတစ်ဆင့် မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားတို့၏ ကောင်းမှုတော် ဆုတောင်းပြည့် ပတ္တမြားစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြပါစေဟု တိုက်တွန်းဆန္ဒပြုလိုက်ပါ၏။


ပတ္တမြားစေတီ အစောင့်အရှောက်တို့၏ မှိုင်းတွေ ညှိုးမြင့် ရှိခဲ့သော မော်တော်ယာဉ်အား ဆရာတော်နှင့်အတူ ဇမ္ဗူသာယာကျောင်းရှေ့၌ တွေ့မြင်ရစဉ်

(၇)နေ့သားသမီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မေတ္တာရည်၍
သစ္စာမင်းခေါင်


ချက်ချင်းသောက်-လက်ငင်းပျောက်



ဒေါ်ဂါ
အမှတ်တံဆိပ်
အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်းထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော "အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်" ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစာမှား၍ မအီမလည်ဖြစ်ခြင်း။ အစာအိမ်အချဉ်ပေါက်ခြင်း။ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကျွဲခြင်း။ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။
၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂


www.burmeseclassic.com

www.burmeseclassic.com

# ကုသိနာရုံရှိ မြတ်ဗုဒ္ဓ၏အမွေတော်များ


သန်းဝင်းရှိန်

*ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊*
*စုံပြည့်ကြွယ်ကာ၊ ရာလေးဆယ့်ရှစ်၊*
*သင်္ကြာရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊*
*စံနိုင်းမယုတ်၊ ကုသိနာရုံ၊*
*အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊*
*အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊*
*စံတော်မူသည်။*
*(ဗုဒ္ဓဆုံးသောင်းလုံး ကျော်တယ်ကို)*

*(လယ်တီဆရာတော်ဘုရားကြီး)*

စာရေးသူသည် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်မြို့ (ယခင် ဘုံဘေမြို့)တွင် ကျင်းပသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး အထက်ဌာပနာပိတ်ပွဲ အခမ်းအနားကို တက်ရောက်ပူဇော်ပြီး မြန်မာနိုင်ငံသို့ အပြန်ခရီးတွင် ဥတ္တရာပရာဒေ့(ရှ်)ပြည်နယ်၊ ဒေဝရီယားခရိုင်အတွင်းရှိ ကုသိနာရုံသို့ ဝင်ရောက်ဖူးမြော်ခဲ့ပါသည်။ ကုသိနာရုံသည် ဘုရားရှင် လက်ထက်တော်အခါက မလ္လာမင်းတို့၏မြို့တော် ဖြစ်ခဲ့သည်။ ယခုအခါ၌ ကုသိနာရုံ အမည်ရှိသော ရွာငယ်ကလေးမျှသာ တွေ့ရတော့သည်။

ကုသိနာရုံသည် ဘုရားရှင် မွေးဖွားရာ လုမ္ဗိနီနှင့် ကီလိုမီတာ(၁၀၀)(၆၂-မိုင်)ခန့် ကွာဝေးပြီး ကပိလဝတ်နှင့် ကီလိုမီတာ(၁၁၀)(၆၈-မိုင်)ခန့် ကွာဝေးပါသည်။ ကုသိနာရုံမြန်မာဘုန်းတော်ကြီးကျောင်းသည် မဇ္ဈိမဒေသ သာသနာပြုဆရာတော် ဦးစန္ဒြာမဏိ၏ကျောင်းဖြစ်သည်။ ယခုလက်ရှိဆရာတော်မှာ ဦးဉာဏိဿရဖြစ်သည်။ ဆရာတော်ကို မဟာပရိနိဗ္ဗာနစေတီတော်ကြီးရှေ့တွင် ကျန်းမာစွာ တွေ့မြင်ဖူးတွေ့ခဲ့ရပါသည်။ ကျောင်းဝင်းအတွင်း ရေ၊မီး အပြည့်အစုံနှင့် နေရာထိုင်ခင်းများရှိသည့်အပြင် ကုသိနာရုံကျောင်း မဟာပရိနိဗ္ဗာနစေတီတော်ကြီးနှင့် နီး



ကုသိနာရုံကျောင်းတော်မှ ပရိနိဗ္ဗာန်စံရုပ်ပွားတော်ကို ဖူးမြော်ရစဉ်

www.burmeseclassic.com

သဖြင့် စာရေးသူအတွက် တည်းခိုနေထိုင်ရန် အဆင်ပြေလှပါသည်။


မြတ်စွာဘုရားသည် ဝေသာလီပြည်အနီး ဝေဠုဝရွာတွင် နောက်ဆုံးဝါကပ်တော်မူစဉ် ပြင်းထန်သော ဝေဒနာကို ခံစားရလေသည်။ ထိုဝေဒနာကို သတိသမ္ပဇဉ်ဉာဏ်နှင့်ယှဉ်၍ သည်းခံတော်မူပြီး ဝါကျွတ်သောအခါ ပါဝါပြည်သို့ ကြွတော်မူပါသည်။ ကြွတော်မူစဉ် ဥပါသကာ စုန္ဒ အမည်ရှိသော ရွှေပန်းထိမ်သည်၏ သရက်ဥယျာဉ်တော်သို့ ရောက်သောအခါ ဝင်ရောက်သီတင်းသုံး နေထိုင်တော်မူပါသည်။ ထို့နောက် ဥပါသကာစုန္ဒ ကပ်လှူသော ဝက်သားပြွမ်းဆွမ်းကို နောက်ဆုံးဘုဉ်းပေးတော်မူ၍ ကုသိနာရုံသို့ ဆက်လက်ကြွတော်မူပါသည်။ လမ်းခရီးတွင် ကကုဓာမြစ်အနီး၌ မြတ်ဗုဒ္ဓဘုရားရှင် နောက်ဆုံး ရေသပ္ပာယ်တော်မူပါသည်။ ထိုရေသပ္ပာယ်တော်မူရာ ရေကြည်အိုင်ကိုလည်း စာရေးသူ ရောက်ရှိကြည်ညိုခဲ့ရသည်။ ရေအိုင်အတွင်း ကျောက်ဖော်ရာ အုတ်ခုံဟောင်းများကိုလည်း တွေ့ခဲ့ရသည်။



ကကုဓာမြစ်အနီး ဘုရားရှင် နောက်ဆုံး ရေသပ္ပာယ်တော်မူသော နေရာ၌တည်ထားသော အေဒီ(၁)ရာစုက ဗုဒ္ဓရုပ်ပွားတော်ကို ဖူးတွေ့ရစဉ်

**အေဒီတစ်ရာစုက ဗုဒ္ဓရုပ်ပွားတော်**

ထိုနေရာတွင် အုတ်တိုက်ငယ်ကျောင်းဆောင် တစ်ခုကို တွေ့ရှိရသည်။ ထိုကျောင်းဆောင်ကို မထကုဝ ကျောင်းဆောင်ဟု ခေါ်သည်။ ယင်းကျောင်းဆောင်အတွင်း၌ ဉာဏ်တော်(၅)ပေ (၆)လက်မရှိ ဆင်းတုတော်တစ်ဆူ



ကကုဓာမြစ်အနီး ဘုရားရှင် နောက်ဆုံးရေသပ္ပာယ်သော နေရာရှိ [illegible] ကျောင်းဆောင်တော်ကို မြင်တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ဖူးမြော်ခဲ့ရသည်။ ဆုတောင်းပြည့်ဘုရားဟု ခေါ်ကြသည်။ အေဒီ(၁)ရာစုက လက်ရာဖြစ်သည်ဟုသိရသည်။ မြန်မာနိုင်ငံမှ ကုသိုလ်ရှင်များ၏ အမည်များကိုလည်း နံရံတွင် ကမ္ပည်းကျောက်စာ ရေးထိုးထားသည်ကို တွေ့ခဲ့ရသည်။ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးဖူးမြင်ရခြင်းဖြစ်သည်ဟု စာရေးသူ၏ စိတ်ထဲတွင် အာရုံယူကာ ဖူးမြော်ကန်တော့ခဲ့ပါသည်။

**ကုသိနာရုံလျောင်းတော်မူ ပရိနိဗ္ဗာနဗုဒ္ဓရုပ်ပွားတော်ကြီး**

ကုသိနာရုံကျောင်းတော်အတွင်း လျောင်းတော်မူပရိနိဗ္ဗာနရုပ်ပွားတော်ကြီးကို စာရေးသူ တွေ့မြင် ဖူးမြော်လိုက်ရသည်နှင့်တစ်ပြိုင်နက် ဝမ်းနည်းကြေကွဲမှုကို ခံစားရမိသည်။ သဲကျောက်တုံးကြီးတစ်ခုတည်းမှ ထုလုပ်ထားသော ရွှေပိန်းချဆင်းတုတော်သည် (၂)ပေခန့်အမြင့်ရှိသော ကျောက်အုတ်အင်္ဂတေညောင်စွန်းသလွန်ပေါ်တွင် မြောက်အရပ်သို့ ဦးခေါင်းပြုပြီး အနောက်အရပ်သို့ မျက်နှာတော်မူ၍ လက်ယာနံထောင်းဖြင့် တစောင်းလဲလျောင်း ပရိနိဗ္ဗာန်ပြုနေပုံ ဖြစ်ပါသည်။

ဦးခေါင်းတော်မှ ခြေတော်ဖျားတိုင် ပေ(၂၀)ခန့်ရှိပါသည်။ ငွေချည်၊ ငွေပြောက်များ စီခြယ်ထားသော ကြက်သွေးရောင်ကတ္တီပါသင်္ကန်း ခြုံထည်ကြီးဖြင့် ဖုံးလွှမ်းထားပါသည်။ ခေါင်းအုံးမပါဘဲ ညောင်စောင်းသလွန်တော်၌ ဦးခေါင်းတော်ချ၍ ပရိနိဗ္ဗာန်ပြုနေပုံကို ထုလုပ်ထားသည်မှာ လက်ရာမြောက်လှပါသည်။ မျက်နှာတော် အနေအထားမှာ ပြင်းထန်သော ရောဂါဝေဒနာဖိစီးမှုကို သည်းခံတော်မူ၍ ပရိနိဗ္ဗာန်ပြုသွားပုံကိုလည်း ပေါ်လွင်အောင် ထုလုပ်ထားပါသည်။

ထိုကုသိနာရုံလျောင်းတော်မူ ပရိနိဗ္ဗာနဗုဒ္ဓရုပ်ပွားတော်ကြီးကို အေဒီငါးရာစုက ဟာရိဗလဆွာမိကလျှဒါန်း၍ ဗိသုကာဒိန ဆိုသူက ထုလုပ်ခဲ့သည်ဟု သိရသည်။ လက်ယာ လက်ကိုကွေး၍ မျက်နှာတော်အနီး လက်ဝါးဖြန့်ထားပုံမှာ လက်ဖဝါးတော်အလယ်၌ စကြာမင်းနှင့် ဗုဒ္ဓဘုရားရှင်တို့၌သာ ပါရှိသော စက်လက္ခဏာတော်ကို ပေါ်လွင်စေပါသည်။ ညောင်စောင်းတော် အောက်ပိုင်းတွင်လည်း ဝမ်းနည်းပူဆွေးနေသော ရုပ်တုတော် များတို့ကို ထုလုပ်ထားပါသည်။ စာရေးသူသည် ကုသိနာရုံလျောင်းတော်မူရုပ်ပွားတော်ကြီးကို ကြည်ညိုသဒ္ဓါ ရှိသေစွာ အာရုံပြည့်ယူ၍ ဖူးမြော်ခဲ့ပါသည်။

ထိုသို့ဖူးမြော်နေစဉ် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ စာအုပ်ပါ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ခါနီး အဖြစ်အပျက်များကို သတိပြု အောက်မေ့မိပါသည်။ ညီတော်အာနန္ဒာ ပူဆွေးငိုကြွေးပုံ၊ နတ်၊ ဗြဟ္မာတို့ လာရောက်ပူဇော်ကြပုံ၊ မလ္လာမင်းအပေါင်းတို့ အစုလိုက် လာရောက်ဖူးမြော်ကြပုံ၊ သုဘဒ္ဒရဟန်းကြီးကို တရားဟောပုံ၊ ညီတော်အာနန္ဒာ လျှောက်မေးချက်အရ ရဟန်းသံဃာများသည် မာတုဂါမများနှင့်ပတ်သက်၍ ကျင့်ကြံဆက်ဆံရမည့်တရား၊ မဟာသုဒဿနသုတ်တော်၊ ပူဇော်ရမည့် သံဝေဇနီယလေးဌာန စသည်များကို မနားမနေ ဟောကြားသွားပါသည်။ ဗုဒ္ဓမြတ်စွာ၏ နောက်ဆုံးမိန့်မှာချက်ဖြစ်သော ဟန္ဒဒါနိ ဘိက္ခဝေ အမန္တရာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ တရားတော်ကို ဟောပြီး ပရိနိဗ္ဗာန်စံဝင်သွားပုံကို စိတ်အစဉ်တွင် အာရုံပြုကာ သတိပြုဆင်ခြင် အောက်မေ့ပူဇော်ခဲ့ပါသည်။


မဟာပရိနိဗ္ဗာနစေတီတော်ကြီးရှေ့တွင် [illegible]
ဆရာတော် ဦးဉာဏိဿရ


**မဟာပရိနိဗ္ဗာနစေတီတော်ကြီး**

အုတ်ခုံတစ်ခုတည်းပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်လောင်ကျွမ်းရာ၌
တည်ထားဖော်မူသော မကုဋဗန္ဓနစေတီတော်

တည်ထားသော မဟာပရိနိဗ္ဗာန စေတီတော်ကြီးသည် ကုသိနာရုံဘုရားကျောင်းဆောင်၏ အနောက်ဘက်တွင် တစ်လျက်တည်ရှိပါသည်။ သီရိဓမ္မာအသောကမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည်ဟု သိရသည်။ ထိုစေတီတော်ကြီးသည် နှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းပြီး မြေအောက်အတွင်းသို့ နစ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။ ခရစ်နှစ် (၄၀၅)ခုနှစ်တွင် ပြန်လည် ဖော်ထုတ်နိုင်ခဲ့ပြီး တဖြည်းဖြည်း ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ရကြောင်း သိရှိရပါသည်။ (၁၉၂၁)ခုနှစ်တွင် မြန်မာနိုင်ငံမှ ဟသ်ာတ အရေးပိုင်မင်း ဦးဖိုးကြူးမိသားစုနှင့် ဦးဖိုးကျားတို့၏ အလှူငွေများနှင့် ဆရာတော်ဦးစန္ဒြာမဏိက ကြီးကြပ်ဆောင်ရွက်ခဲ့ရာ (၁၉၂၇)ခုနှစ်တွင် ပြီးစီးသည်ဟု သိရှိမှတ်သားခဲ့ရပါသည်။

စေတီလုံး၏ထိပ်တွင် လေးထောင့်ဓာတ်တော်ကြုတ်အထွတ်တင်၍ အဆင့်(၃)ဆင့်ရှိသော ရွှေထီးတင်ထားသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာနေရာတွင် တည်ထားခြင်းဖြစ်၍ ထိုစေတီတော်ကို မဟာပရိနိဗ္ဗာနစေတီတော်ကြီးဟု ခေါ်တွင်ပါသည်။

ထို့နောက် စာရေးသူသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည့်နေရာမှ (၄)ဖာလုံခန့်ဝေးသော မီးသင်္ဂြိုဟ်ပူဇော်ရာ ဟိရညဝတီမြစ်ဆိပ်သို့ ထွက်ခွာခဲ့ပါသည်။ မလ္လာမင်းအပေါင်းတို့က မြတ်ဗုဒ္ဓ၏ ဥတုဇရုပ်ကလာပ်တော်ကို မြို့၏ မြောက်ဘက်တံခါးပေါက်မှသွားပြီး အရှေ့ဘက်တံခါးပေါက်မှထုတ်၍ ၄င်းတို့ ဦးခေါင်းဆေးရာ၊ ဘိသိက်ခံရာ ဟိရညဝတီမြစ်ဆိပ်သို့ ပင့်ဆောင်လာခဲ့ပြီး မီးသင်္ဂြိုဟ် ပူဇော်ခဲ့ပါသည်။

## နောက်ဆုံးပူဇော် မကုဋဗန္ဓနစေတီတော်

လယ်တီဆရာတော်ဘုရားကြီး၏ "သင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရှော်ကဆုန်၊ လဆုတ်ကြံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်။ (မွေတော်ရှစ်စိတ် ကြွင်းတယ်ကို)"ဟူသော ဗုဒ္ဓဝင်လင်္ကာ အတိုင်း သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါ ရှိပြီဖြစ်သော ဘုရားရှင်၏ ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်လောင်ရာဌာနန္တ တည်ထားသော မကုဋဗန္ဓနစေတီတော်ကြီးကို ရှိခိုးကော်ရော် ဖူးမြော်ကန်တော့ခဲ့ရပါကြောင်း ရေးသားတင်ပြပါသည်။

**သန်းဝင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

သာဝတ္ထိမြို့။

ကောသလတိုင်း၏မြို့တော် သာဝတ္ထိသည် မြတ်စွာဘုရားရှင်လက်ထက်တော်အခါက လူဦးရေခုနစ်ကုဋေခန့်ရှိသော မြို့ကြီးတစ်မြို့ဖြစ်ပြီး အမြဲပင် စည်ကားလျက်ရှိသည်။ မြတ်စွာဘုရားသည် (၄၅)ဝါသာသနာပြုတော်မူခဲ့ရာတွင် သာဝတ္ထိမြို့၌ (၂၅)ဝါတိတိ ဝါဆိုတော်မူခဲ့သဖြင့် သာဝတ္ထိသည် မြတ်စွာဘုရား၏ ဓမ္မပန်းမိုး လှိုင်လှိုင်ရွာသွန်းဖြိုးခဲ့သော ဘူမိနက်သန်မြေဟု ဆိုထိုက်ပေသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ အစီအစဉ်ဖြင့် (၂၀၁၅)ခုနှစ်၊ မတ်လ (၁၅)ရက်နေ့ ညနေ(၇)နာရီခန့်တွင် သာဝတ္ထိမြို့သို့ ရောက်ရှိခဲ့ကြပြီး မြန်မာဘုန်းကြီးကျောင်းတွင် တစ်ညတာ တည်းခိုကြသည်။ မတ်လ (၁၆)ရက်နေ့ နံနက်စာ စားသောက်ကြပြီး (၇)နာရီခန့်တွင် မိမိတို့ ဘုရားဖူးကားဖြင့် သာဝတ္ထိရှိ သရက်ဖြူကုန်း၊ ကောသလမင်းကြီးနန်းတော်နှင့် အင်္ဂုလိမာလစေတီတော်ကို သွားရောက်ဖူးမြော်ကြသည်။ ထိုမှတစ်ဆင့် မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့ရာ ဇေတဝန်ကျောင်းဝင်းအတွင်းသို့ ခရီးဆက်ကြသည်။ ထိုအချိန်မှာ အိန္ဒိယစံတော်ချိန် နံနက်(၈)နာရီခွဲ ရှိနေပြီ။

နွေဦးအစ တပေါင်းလ သာဝတ္ထိမြို့၏ နံနက်ခင်းရာသီဥတုသည်ကား အလွန်ပင်သာယာလှသည်။ ပြာလဲ့လဲ့ရှိသော ထက်ကောင်းကင်တစ်ခွင်မှာ တိမ်မြူကင်းစင်ကာ ကြည်လင်တောက်ပနေသည်။ ဇေတဝန်ကျောင်းခြံဝင်းအတွင်းသို့ ဝင်လိုက်သည်ဆိုလျှင်ပင် သစ်ရိပ်ဝါးရိပ်များ ဝေဝေဆာဆာကို မြင်တွေ့ရသည်မှာ စိတ်ချမ်းမြေ့စရာပင်။ သို့ရာတွင် တချို့သစ်ပင်ရှိ ရော်ရွက်ဝါများမှာ

# အိန္ဒိယနိုင်ငံ သာဝတ္ထိရှိ အာနန္ဒာဗောဓိပင်

တွန်းအားရှင်





www.burmeseclassic.com

www.burmeseclassic.com

တပေါင်းလေညီးတစ်ချက် ဝှေ့ယမ်းတိုက်ခတ်တိုင်း ပင်ယံထက်မှ တဖြုတ်ဖြုတ်ကြွေကျ မြေသို့ခလျက်ရှိသည်ကို မြင်တွေ့ရသောအခါ၌ သင်္ခါရတရားတို့၏ မမြဲခြင်းအနိစ္စသဘောကို ဖော်ပြနေပါပကောဟု စာရေးသူ၏စိတ်ဝယ် အတွေးပင်လယ်ဝေခဲ့သည်။ ဤသည်မှာ မည်သူမဆို ယူတတ်ပါက သံဝေဂရစရာပင် ဖြစ်သည်။

ထို့နောက် အဝင်လမ်းအတိုင်း ဆက်လျှောက်ကြရာ ရှေ့တူရူတွင် မိမိတို့ထက် အရင်ရောက်ရှိနေကြသော အတိုင်းတိုင်းအပြည်ပြည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးအဖွဲ့တို့ကား အမြောက်အမြား အစုလိုက် အဖွဲ့လိုက် ထိုနေရာတွင်တစ်စု ဤနေရာတွင်တစ်စု ထိုထိုသောအဖွဲ့များမှာ သူက မီးတဝင်းဝင်း၊ ကိုယ်က မီးတလင်းလင်းဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်ယူနေကြသော ကင်မရာများမှ ထွက်ပေါ်လာသော မီးရောင်များမှာ တဖျတ်ဖျတ် တလက်လက် လျှပ်စီးလက်သကဲ့သို့ပင် တွေ့မြင်နေရသည်။

ယင်းဘုရားဖူးအဖွဲ့များက သံပြိုင်ရွတ်ဆိုပူဇော်နေကြသော ပရိတ်ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သံ၊ မေတ္တာပို့သံ၊ အမျှဝေသံ၊ သာဓုခေါ်သံ စသော ဓမ္မတေးသံများမှာ ဇေတဝန်ကျောင်းဝင်းတစ်ခွင်တွင် ပွဲတင်ခက်လျက်ရှိနေသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ခဏအကြာတွင် အာနန္ဒာဗောဓိပင်ရှေ့သို့ ရောက်ရှိကြသည်။ ဗောဓိပင်မှာ ဝင်ထက်၌ အရွက်များ ကျိုးတိုးကျဲတဲသာ ကျန်ရှိတော့သည့် ရော်ရွက်ဝါတို့ မြေသို့ကြွေကျကာ ထိုနေရာမှာ မီးထွေးထွေး ပုရစ်ဖုကလေးတို့က အစီအရီ နေရာယူနေကြလေပြီ။ အပင်ထက် သစ်ကိုင်းပေါ်တွင် ဥသြငှက်မောင်နှံ နှစ်ကောင်တို့မှာလည်း ဥသြ··ဥသြသံချိုနှောကာ နွေတေးသရုပ်ကို ဖော်ထုတ် သီကျူးသံကလည်း အတွေးခေတ်ခံရှိသူများကို သည်းညှာကြွေမျှ လမ်းမောဖွယ်ရာပင်။

စာရေးသူမှာ ဥသြငှက်ရှိရာ ဗောဓိပင်ထက်သို့ မော့ကြည့်ပြီး အတွေးရေလျဉ်ကြော နစ်မျောနေစဉ် "ဒါနဘုရားဖူး ဓမ္မမိတ်ဆွေများခင်ဗျား··ဆရာတော်က အာနန္ဒာဗောဓိပင်နှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားရန် ရှိနေပါသဖြင့် လာရောက်စုဝေးကြပါရန်" ဟု ဖိတ်ခေါ်သံကို ကြားလိုက်သဖြင့် ထိုနေရာသို့ သွားလိုက်သည်။

မိမိတို့နှင့်အတူ လိုက်ပါလာသော သာဝတ္ထိမြန်မာကျောင်းမှ ဆရာတော်က ဘုရားဖူးများအား အာနန္ဒာဗောဓိပင် ပေါ်ပေါက်လာပုံ အကြောင်းစုံကို ရှင်းလင်းမိန့်ကြားပုံမှာ ဤသို့ဖြစ်သည်။

ဘုရားရှင်သည် သာဝတ္ထိမြို့မှာ ဝါဆိုသည် ဆိုသော်လည်း ဝါပကာလများ၌ သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ဒေသစာရီကြွချီတော်မူလေ့ရှိသည်။ သို့ရာတွင် သာဝတ္ထိမြို့သူမြို့သားများမှာ ဇေတဝန်ကျောင်းတော်သို့ အသွားမပျက်ကြ။ ပူဇော်စရာ ပန်း၊ နံ့သာ၊ အမွှေးတိုင်တို့ကိုယူဆောင်ကာ ကျောင်းတော်သို့ သွားကြသည့်အခါ ဘုရားရှင်မရှိခိုက်နှင့် ကြုံကြရသဖြင့် အခြားတစ်ပါးသော ပူဇော်စရာလည်း မရှိဖြစ်လေရာ ထိုပစ္စည်းများကို ဂန္ဓကုဋိတိုက်ခန်းတံခါးဝ၌ စုပုံချထားကာ ပြန်လာကြရသည်။ လူတို့သည် ယခုကဲ့သို့ အကြိမ်ကြိမ်ကြုံတွေ့ရသည့်အခါ လွန်စွာစိတ်မကောင်းဖြစ်ကြရသည်။

ထိုအကြောင်းကို သိရှိထားသော ကျောင်းဒကာ အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်သို့ လာရောက်ကာ အရှင်အာနန္ဒာအား တိုင်ပင်လျှောက်ထားမိ၏။

"အရှင်အာနန္ဒာ··ဤကျောင်းတော်သည် ဘုရားရှင် ဒေသစာရီကြွချီတော်မူသည်ရှိသော် လူတို့မှာ ပန်း၊ နံ့သာ စသည်တို့ဖြင့် ပူဇော်အပ်သောအရာသည် မရှိခဲ့ပါ။ အရှင်



ဇေတဝန်ကျောင်းတော်ဝင်းသို့ ဘုရားဖူးကြွလာကြသော သံဃာတော်တစ်ချို့

www.burmeseclassic.com

ဘုရားအား တပည့်တော် တောင်းပန်ပါ၏။ မြတ်စွာဘုရား အား လျှောက်ထား၍ ပူဇော်စရာတစ်ခုခု အမြဲရှိနေစေရန် အားထုတ်တော်မူပါ'

အရှင်အာနန္ဒာက 'ကောင်းပါပြီ'ဟု ဝန်ခံ၍ မြတ်စွာ ဘုရားထံ လျှောက်ထား၏။

'ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား‥သာသနာ တော်၌ ပူဇော်စရာစေတီ ဘယ်နှစ်ပါးရှိပါသနည်းဘုရား'

'သုံးပါးရှိပေသည် အာနန္ဒာ'

'အဘယ်သုံးပါးတို့ပါနည်းဘုရား'

'မြတ်စွာဘုရား၏ ဓာတ်တော်,မွေတော်ကို ဌာပနာ သော သာရီရိကစေတီ၊ မြတ်စွာဘုရား၏ အသုံးအဆောင် တို့ကို ဌာပနာသော ပရိဘောဂစေတီ၊ မြတ်စွာဘုရားကို ရည်စူးတည်လုပ်သော ဥဒ္ဒိဿကစေတီတို့ ဖြစ်ပေသည် အာနန္ဒာ'

'အရှင်ဘုရား‥မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်မှာပင် စေတီတည်ကောင်းပါသလောဘုရား'

'အာနန္ဒာ‥သာရီရိကစေတီကား မြတ်စွာဘုရားပရိ နိဗ္ဗာန်စံဝင်မှ တည်နိုင်၏။ ဥဒ္ဒိဿကစေတီကား ဌာပနာ ပစ္စည်းမရှိသော ရိုသေမြတ်နိုးမှုပြုရာသာဖြစ်သည်။ မြတ် စွာဘုရားတို့ ဘုရားဖြစ်စက နေထိုင်သုံးဆောင်ခဲ့သော မဟာဗောဓိညောင်ပင်ကို သက်တော်ထင်ရှား ရှိစဉ်မှာပင် ပူဇော်နိုင်ပေသည်'

'အရှင်ဘုရား‥အရှင်ဘုရားတို့သည် ဒေသစာရီကြွ ချီတော်မူသည်ရှိသော် ဇေတဝန်ကျောင်းတော်သည် ကိုး ကွယ်ရာမရှိသည်ဖြစ်၍ လူအများသည် ပူဇော်အပ်သော အရာကိုမရပါ။ မဟာဗောဓိပင်မှ မျိုးစေ့ကိုယူ၍ ဇေတဝန် ကျောင်းတော်တံခါး၌ စိုက်ပျိုးလိုပါသည်ဘုရား'

'ကောင်းမြတ်လှ၏ အာနန္ဒာ‥စိုက်ပျိုးပေတော့'

အရှင်အာနန္ဒာသည် ဘုရားရှင်ထံမှ ခွင့်ပြုချက်ရလျှင် ကောသလမင်းကြီး အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါ ကျောင်းအမကြီး စသောပုဂ္ဂိုလ်များကို အကြောင်းကြားပြီး ဇေတဝန်ကျောင်းတံခါးအနီးတွင် ကျင်းတူးစေသည်။

ထို့နောက် အရှင်အာနန္ဒာက အရှင်မောဂ္ဂလာန်အား 'အရှင်ဘုရား‥အကျွန်ုပ်သည် ဇေတဝန်ကျောင်းတော် တံ ခါးအနီး၌ ဗောဓိပင်ကို စိုက်ပျိုးပါအံ့။ မဟာဗောဓိပင်မှ ဗောဓိသီးမှည့်ကိုဆောင်၍ အကျွန်ုပ်အား ပေးတော်မူပါ လော့'ဟု ပြောဆို၏။

အရှင်မောဂ္ဂလာန်သည် ကောင်းပါပြီဟု ဝန်ခံကာ ကောင်းကင်ခရီးဖြင့် မဟာဗောဓိသို့ ကြွတော်မူပြီးလျှင် အညှာမှကြွေသော ဗောဓိသီးမှည့်ကို မြေသို့မကျရောက်မီ သင်္ကန်းဖြင့်ခံယူပြီးလျှင် အာနန္ဒာမထေရ်အား ပေးတော် မူ၏။

အရှင်အာနန္ဒာမထေရ်သည် ယနေ့ပင်လျှင် ဗောဓိပင် ကို စိုက်ပျိုးအံ့ဟု ကောသလမင်းကြီး စသောသူတို့အား အကြောင်းကြားတော်မူ၏။

ကောသလမင်းကြီးသည် ညနေချမ်းအခါ များစွာ သော အခြံအရံဖြင့် အသုံးပြုရန် ပစ္စည်းတို့ကိုယူဆောင်၍ လာခဲ့၏။ ထိုကောသလမင်းကြီးနှင့် အနာထပိဏ်သူဌေး ဝိသာခါဒါယိကာမတို့သည်လည်း ကောင်း၊ လူအများတို့သည်လည်း ကောင်း လာကြကုန်၏။ အရှင် အာနန္ဒာမထေရ်သည် မဟာဗော ဓိပင် စိုက်ရာအရပ်၌ ကြီးစွာသော ရွှေခွက်ကို ထား၍ အောက်၌ အပေါက်ကို ဖောက်စေပြီးလျှင် နံ့သာမြေဖြင့်ဖြည့်စေကာ 'မြတ် သောမင်းကြီး‥ဤဗောဓိသီးမှည့် ကို စိုက်လော့'ဟု ကောသလမင်း ကြီးအား ပေးတော်မူ၏။



ဇေတဝန်ကျောင်းတော်ရာသို့ ဘုရားဖူးလာကြသော ဘုရားဖူးအဖွဲ့ အစုအဝေးတစ်စု

ကောသလမင်းကြီးသည် ဤ



www.burmeseclassic.com

www.burmeseclassic.com

သို့ အကြံဖြစ်၏။ မင်းအဖြစ်ဆိုသည်မှာ အခါခပ်သိမ်းဝါတို့အား တည်သည်မဟုတ်။ ဤဗောဓိပင်ကို အနာထပိဏ်သူဌေးကို စိုက်စေခြင်းငှာ သင့်လျော်မည်ဟု အကြံဖြစ်၏။ ပြီးလျှင် ဗောဓိ၏ သီးမှည့်ကို အနာထပိဏ်သူဌေးလက်သို့ ပေး၏။

အနာထပိဏ်သူဌေးသည် နံ့သာမြေကို ယက်ကာ ဗောဓိသီးမှည့်ကို စိုက်ပျိုး၏။ ဗောဓိသီးမှည့်သည် ခဏချက်ချင်း လူအများ ကြည့်ရှုနေကြစဉ် ထွန်တုံးပမာဏရှိသော ဗောဓိပင်စည်သည် အတောင်ငါးဆယ်အထိ ပေါက်ရောက်လေသည်။ ဗောဓိပင်၏ လေးမျက်နှာတို့၌လည်းကောင်း၊ အထက်၌လည်းကောင်း၊ အကိုင်း၊ အခက်တို့သည် အတောင်ငါးဆယ်စီ အညီအမျှ ထွက်ကုန်၏။ ဗောဓိပင်သည် ထိုခဏ၌ ကြီးမားသော သစ်ပင်ကြီးကဲ့သို့ ဖြစ်တည်လာခဲ့သည်။

ကောသလမင်းကြီးသည် ရွှေအိုး၊ ငွေအိုး (၁၈)လုံးတို့တွင် နံ့သာရေများထည့်ပြီး ကြာညိုလက်တို့ထိုးစိုက်ကာ ဗောဓိပင်ကို ခြံရံပြီး ထားစေ၏။ ရတနာခုနစ်ပါးဖြင့်ပြီးသော ပွတ်လုံးတိုင်တို့ကိုလည်း စိုက်စေ၏။ ရွှေနှင့်ရောသော သဲတို့ကို ကြဲဖြန့်၏။ ဗောဓိပင်ပတ်လည်တွင် တံတိုင်းခတ်ပြီး ရတနာခုနစ်ပါး စီခြယ်သော မုခ်ကိုလည်း ဆောက်လုပ်လှူဒါန်းသည်။ ဤသို့လျှင် များစွာသော ပူဇော်ဖွယ် အမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ 'ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား‥အရှင်ဘုရားတို့သည် မဟာဗောဓိပင်ရင်း၌ ဝင်စားတော်မူသော သမာပတ်ကို တပည့်တော်စိုက်ထားသော ဤဗောဓိပင်ရင်း၌ နေတော်မူ၍ လူအများ၏ အကျိုးစီးပွားအလို့ငှာ ဝင်စားတော်မူပါလော့' ဟု လျှောက်၏။

'အာနန္ဒာ‥မည်သို့ဆိုသနည်း။ ငါသည် မဟာဗောဓိပင်ရင်း၌ ဝင်စားတော်မူသော သမာပတ်၏ ဂုဏ်ကျေးဇူးတို့ မူလဗောဓိမဏ္ဍိုင်မှတစ်ပါး အခြားမြေအရပ်က မထမ်းဆောင်နိုင်'

'သို့ဖြစ်လျှင် လူအပေါင်း၏အကျိုးငှာ ဤမြေအရပ်က နိုင်မြဲစွာ ထမ်းဆောင်နိုင်လောက်သည့်နည်းဖြင့်သာ ဤဗောဓိပင်ရင်း၌ သမာပတ်ချမ်းသာ သုံးဆောင်တော်မူပါဘုရား'


အာနန္ဒာဗောဓိပင် [illegible]

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာ၏ တောင်းပန်ချက်ကို လက်ခံကာ ထိုမဟာဗောဓိပင်ရင်းတွင် တစ်ညပတ်လုံး သမာပတ်ချမ်းသာကို သုံးဆောင်တော်မူခဲ့လေသည်။ အရှင်အာနန္ဒာသည် ကောသလမင်းကြီး အစရှိသူတို့ကို အကြောင်းကြား၍ မဟာဗောဓိပင်ပူဇော်ပွဲကို ပြုလုပ်စေ၏။ ထိုဗောဓိပင်သည် အရှင်အာနန္ဒာမထေရ် စိုက်ခဲ့သောကြောင့် အာနန္ဒာဗောဓိဟူ၍ ထင်ရှားခဲ့လေသည်။

ဆရာတော်က အထက်ပါအတိုင်း ရှင်းပြမှု ပြီးဆုံးသောအခါ အာနန္ဒာဗောဓိပင်ကို ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်၍ လက်ယာရစ် တစ်ပတ်လှည့်ပတ်ကာ အသင့်ယူဆောင်လာသောရေဖြင့် ညောင်ရေသွန်းလောင်းပြီး အမွေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ကြပါသည်။ ကာလိင်္ဂဗောဓိဇာတ်တော်လာ စကားအရ ဘုရားရှင်တို့ အသုံးပြုတော်မူသည့် ဗောဓိပင်သည်လည်းကောင်း၊ ဘုရားရှင်၏ သပိတ်၊ သင်္ကန်း စသော အသုံးအဆောင်များကို ဥဒ္ဒေသပြုတည်ထားရာ စေတီသည်လည်းကောင်း ပရိဘောဂစေတီမည်၏။

www.burmeseclassic.com

ထို့ကြောင့် ယခု ဂေါတမဘုရားရှင်၏ သာသနာတော်၌ ဂေါတမဘုရားရှင် ပွင့်တော်မူရာ မဟာဗောဓိညောင်ပင်သည် ပရိဘောဂစေတီဖြစ်၍ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့ပူဇော်ခြင်းငှာ ထိုက်သောသစ်ပင်ဟု သိမှတ်သင့်ပါသည်။

ထို့နောက် စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် အာနန္ဒာဗောဓိပင်အောက်မှ ထွက်ခွာကာ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူခဲ့သော ဂန္ဓကုဋိကျောင်းတော်နေရာသို့ သွားရောက်၍ ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်ကာ ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး မင်္ဂလသုတ်၊ မေတ္တသုတ်တို့ကို ရွတ်ဖတ်ပူဇော်ကြပြီး တရားထိုင်ကြသည်။ ထို့ပြင် ဇေတဝန်ကျောင်းတော်ရာ၏ ရှေ့တွင် လမ်းခြားလျက် တည်ရှိသည့် သံဃာတော်များ အစည်းအဝေးပြုရာ မဏ္ဍပ်ဟောင်း(ဥပဋ္ဌာနသာလာ)တွင်လည်းကောင်း၊ ထိုနေရာမှ အနောက်ဘက်ယွန်းယွန်းတွင် တည်ရှိသော အရှင်သီဝလိကျောင်းတော်ရာတွင်လည်းကောင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကာ မိမိတို့တည်းခိုရာ မြန်မာကျောင်းသို့ ပြန်လာခဲ့ကြသည်။

မြတ်စွာဘုရား (၂၅)ဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့သည့် အံ့မခန်းထူးခြားလှသော ဇေတဝန်ကျောင်းတော်ကြီးနှင့် အာနန္ဒာဗောဓိညောင်ပင်ကြီးအား ကြည်ညိုပူဇော်ကန်တော့ခွင့်ရခဲ့သော ထိုနေ့ကို စာရေးသူ၏ရင်တွင်း၌ မည်သည့်အခါမျှ မေ့ပျောက်နိုင်စွမ်း ရှိတော့မည် မဟုတ်ပါချေ။

စာရေးသူတို့ မြန်မာကျောင်းသို့ ရောက်ရှိချိန်မှာ အိန္ဒိယစံတော်ချိန် နံနက်(၁၀)နာရီရှိနေပြီ။ ဘုရားဖူးခရီးစဉ်အရ ခရီးဆက်ရန်ရှိသဖြင့် နေ့လယ်စာစားကာ ခဏနားကြသည်။ မွန်းတည့်(၁၂)နာရီခန့်တွင် မြတ်စွာဘုရားဖွားတော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတောရှိရာ နီပေါနိုင်ငံသို့ ခရီးဆက်ခဲ့ကြသည်။

သာဝတ္ထိမြို့သည် တရိပ်ရိပ်ပြေးနေသော ကားကြီး၏နောက်ဝယ် တဖြည်းဖြည်းနှင့် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

**တွန်းအားရှင်**


မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

**B.A (History)**

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး အိမ်ထောင်ရေး ပညာရေး ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇




www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်

ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

<ins>Diseases to be applied</ins>

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

**ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း**

**(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅**

www.burmeseclassic.com



The Marble Temple ကျောင်းတော်ကြီး၌ ဖူးမြော်ခဲ့ရသော ဘုရားဆင်းတုတော်

သူ၏ အကျင့်တစ်ရပ်မှာ သွားရောက်ဖူးမြော်မည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့်ပတ်သက်သော ထူးခြားဖြစ်စဉ်၊ ထူးခြားသော ဖူးမြော်ရမည့် နေရာများ၊ လေ့လာရမည့် နေရာများ စသည့်အကြောင်းအရာများကို သွားရောက်မဖူးမြော်မီ ကြိုတင် လေ့လာတတ်သော အကျင့်ဖြစ်သည်။

ယခုဖူးမြော်မည့် The Marble Temple ဘုရားကျောင်းသည် အနုပညာလက်ရာ အလွန်မြောက်

# ကျွန်းနတ်ရှစ်ဘုရားတော်များကိုးဝင်တော်ရှုရာ

## ဘန်ကောက်မြို့ရှိ

# THE MARBLE TEMPLE

# ကျောက်ဖြူကျောင်းတော်ကြီး

ဘက္ကသိုလ်မျိုး

(၁၄-၈-၂၀၁၅)ရက်နေ့၌ ဘန်ကောက်ရှိ ဘုရားသုံးဆူကို သွားရောက်ဖူးမြော်ခဲ့ပြီးနောက် ယနေ့ (၁၅-၈-၂၀၁၅)ရက်နေ့၌ နောက်ထပ်အနည်းဆုံးနှစ်ဆူ The Marble Temple နှင့် Loha Prasat နှစ်ဆူကို ဖူးမြော်ရန် ရည်မှန်း၍ တည်းခိုရာအခန်းမှ နံနက်(၈)နာရီ မိနစ်(၃၀)၌ ထွက်ခွာလာခဲ့သည်။ ယခုဖူးမြော်မည့် ဘုရားနှစ်ဆူသည် တစ်ဆူနှင့်တစ်ဆူ အတန်ငယ်ဝေးကြောင်း မြေပုံ၌ကြည့်ခြင်းဖြင့် သိရ၍ အဝေးဆုံးနေရာ၌ရှိသော The Marble Temple ဘုရားကို ဦးစွာဖူးမြော်ပြီး နောက်မှ Loha Prasat ဘုရား ကို ဖူးမြော်ရန် စီစဉ်ခဲ့ပြီး အငှားကားကို The Marble Temple ဘုရားကျောင်းရှိရာသို့ ပထမဦးဆုံး ပို့ဆောင်စေခဲ့သည်။

နံနက်ပိုင်းဖြစ်၍ ယာဉ်ကြောက သိပ်မကျပ်သေး၍ The Marble Temple ဘုရားကျောင်းသို့ (၂၅)မိနစ်အတွင်း ရောက်ရှိခဲ့သည်။ ဘုရားကျောင်းမုခ်ဝရောက်ချိန်၌ (၈)နာရီ (၅၅)မိနစ် ရှိနေကြောင်း တွေ့ရသည်။ စာရေးသူ

ဗွာ အီတလီပြည်မှ ထွက်ရှိသော စကျင်ကျောက်ဖြူများကို အသုံးပြုတည်ထားကြောင်းမှအစ ဘုရားကျောင်းအတွင်း၌လည်း အနုပညာလက်ရာမြောက်လှသော ပန်းပု၊ ပန်းချီ၊ မှန်ကွက်များကို အနုစိတ်ပြုလုပ်ထားခြင်းဖြစ်ကြောင်း ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီး၏ ရှေးဟောင်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုရန် (၂၀၁၅)ခုနှစ်က လျှောက်ထားဖူးကြောင်းကို ကြိုတင်လေ့လာထား၍ ကျောင်းတော်ကြီးအတွင်း၌ အချိန်ယူလေ့လာ မှတ်တမ်းတင်ရန် အားသန်နေသည်။

စာရေးသူတို့ မိသားစုသည် ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မိဖုရားကြီး သီရိခေတ် ဓာတ်ပုံကြီးကို ချိတ်ဆွဲထားသော ကျောင်းအတွင်းမုခ်ဝသို့ ဝင်ရောက်ရန် သတ်မှတ်ထားသော မုခ်ပေါက်ငယ်မှ အတွင်းသို့ ဝင်ရောက်ခဲ့သည်။ စာရေးသူ အထက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သော ဆောင်းပါး၌ ပါရှိသည့်အတိုင်း မိဖုရားကြီးမွေးနေ့နှင့် ကြုံကြိုက်နေ၍ ဘန်ကောက်မြို့တစ်မြို့လုံး မိဖုရား




www.burmeseclassic.com

ကြီး၏ ငယ်စဉ်က ရိုက်ကူးထားသော ဓာတ်ပုံကြီးများကို နေရာအနှံ့ တွေ့မြင်နေရရာ ယခု The Marble Temple အဝင်၌လည်း မိဖုရားကြီးသီရိခေတ်ပုံကို ခမ်းနားစွာ ချိတ်ဆွဲထားခြင်းဖြစ်သည်။

အဝင်မုခ်ဦး ဖြူဖြူအဆောက်အအုံမှ အတွင်းသို့ ဝင်လိုက်သောအခါ မုခ်ပေါက်ဝနှင့် အတော်ဝေးဝေးနေရာ၌ သပ်ရပ်ခမ်းနားလှသော အဖြူရောင် The Marble Temple ဘုရားကျောင်းကြီးကို ကြီးမားလှသော တိုင်လုံးကြီးများဖြင့် ဘုံအဆင့်ဆင့်တင်ကာ အမိုးအနီရောင် ရွှေရောင် ပန်းတောင်ပန်းဆွဲများဖြင့် အံ့မခန်းအောင် မြင်တွေ့လိုက်ရသည်။ ကျောင်းတော်ကြီးအတွင်းရှိ နံရံပန်းချီလက်ရာများ၊ အမိုးထုပ်တန်းရက်မများ၊ ရောင်စုံမှန်ပန်းချီပုံများ၊ ပန်းပုလက်ရာများသည် အနုစိတ် ရေးဆွဲဖန်တီးထားခြင်း ထိုင်းလူမျိုးတို့၏ အနုပညာလက်ရာ ပြောင်မြောက်လှပုံတို့ကြောင့် (၂၀၁၅)ခုနှစ်၌ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်အသိအမှတ်ပြုရန် ယူနက်စကိုအဖွဲ့ကြီးသို့ တင်ပြခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကျောင်းတော်ပတ်လည်ရှိ စောင်းတန်းအသွယ်သွယ်၌လည်း မုဒြာဟန်အမျိုးမျိုးနှင့် ရှေးဟောင်း ကြေးနက်ရုပ်ပွားတော် အဆူဆူကိုလည်း ထိုင်းနိုင်ငံဒေသအနှံ့မှ ပင့်ဆောင်ပူဇော်ထား၍လည်း ရှေးဟောင်းအမွေအနှစ်များ စုဝေးရာ ကျောင်းတော်ကြီးပင် ဖြစ်ပေသည်။

The Marble Temple ကျောင်းတော်ကြီးသည် အီတာလျံမာဘယ်ကျောက်(စကျင်ကျောက်ဖြူ)များကို အသုံးပြုတည်ဆောက်ထားသောကြောင့် ဖွေးဖွေးဖြူလျက် နေရောင်အောက်၌ အဖြူရောင်၊ ဘော်ငွေရောင် တောက်ပလျက်ရှိသည်။ အိန္ဒိယနိုင်ငံသို့ ဘုရားဖူးသွားစဉ်က အာဂရာမြို့ရှိ တပ်(ချ်)မဟာ ကမ္ဘာကျော်အဆောက်အအုံကြီးကို ပြန်၍ သတိရမိသည်။ ထိုတပ်(ချ်)မဟာ အဆောက်အအုံမှာလည်း စကျင်ကျောက်ဖြူနှင့်တည်ဆောက်ထားရာ နေရောင်၊ လရောင်အောက်တို့၌ ဖွေးဖွေးဖြူလျက် ရှု


အလယ်ဗဟို[illegible]ကျောင်းကြီးအား ကျောက်ဖြူခြသေ့ရုပ်[illegible]စောင့်ကြပ်တွေ့ရစဉ်

မြင်ရသူတို့၏ စိတ်ဘဝင်အား စင်ကြယ်ကြည်နူးစေခဲ့သည်။

ဘန်ကောက်မြို့ရှိ The Marble Temple အဆောက်အအုံမှာလည်း ထိုနည်းအတူပင် ဖြစ်ပေသည်။ The Marble Temple ကျောင်းတော်မှာ ရွှေရောင်ပြတင်းပေါက်၊ ရွှေရောင်ပန်းပုတို့ဖြင့် ဖန်တီးထားသော မျက်နှာစာနှင့် အမိုးနီရဲရဲတို့က အဖြူရောင်ကျောင်းတော်၏အလှ၊ အဖြူရောင်ကျောင်းတော်၏ ခံ့ညားမှုကို ပိုမိုထင်ရှား ပေါ်


[illegible]Marble Temple ကျောင်းတော်ကြီးအား ဘုံအဆင့်[illegible] နတ်ဘုံနတ်နန်းပမာ မြင်တွေ့ရစဉ်



The Marble Temple ဗဟိုအလယ်ကျောင်းဆောင်ကြီး

လွင်စေလေသည်။

တိုင်လုံးကြီးလေးလုံးဖြင့် ကျောင်းတော်အဝင် မုခ်ပေါက်တံခါးရှေ့၌ စကျင်ကျောက်ဖြူဖြင့် ထုလုပ်ထားသော ခြင်္သေ့ရုပ်တုနှစ်ခုမှာလည်း လွန်စွာအသက်ဝင်လှသည်။ ဘုရားကျောင်းတော်ကြီးသည် အတွင်းသို့ မဝင်ရောက်မီ ပြင်ပကမြင်ရသည့် အနေအထားအရ အတော်ပင် အနုပညာလက်ရာမြောက်လှ၍ ဘုရားဖူးတို့ ငေးမောကြည့်ရှုကြရသည်။ ကျောင်းတော်ကြီး၏ မျက်နှာစာလွင်ပြင်မှာလည်း သန့်ရှင်းသပ်ရပ်လှသည်။ သစ်ပင်ချုံပုလေးများသာ အလှစိုက်ပျိုးထားပြီး တခြားသစ်ပင်ကြီးများ မစိုက်ပျိုးထား၍ ကျောင်းတော်ကြီးကို အဝေးကပင် မြင်နိုင်လေသည်။ ကျောင်းတော်ကြီးသည် ကျယ်ဝန်းလှသော မြေကွက်ပေါ်၌ တည်ဆောက်ထားရာ အကွယ်အကာကင်းမဲ့သောကြောင့် ဓာတ်ပုံမှတ်တမ်း ရိုက်ယူရာတွင် ထင်ထင်ရှားရှား ပြတ်ပြတ်သားသား မြင်တွေ့နိုင်သည်။

ဘုရင်ကြီး၏ မွေးနေ့အထိမ်းအမှတ် ကျောင်းတော်အတွင်း၌ ထိုင်းနိုင်ငံအလံနှင့် ဘုရင့်အထိမ်းအမှတ်အလံများကို စိုက်ထူထားသည်မှာလည်း ကျောင်းတော်ကြီး၌ ကာရံထားသော အုတ်တံတိုင်းအပြည့်ပင်ဖြစ်သည်။ မုခ်ဝအဝင်၌ ချိတ်ဆွဲထားသော ထိုင်းနှင့် အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးထားသည့် ကမ္ပည်းမှတ်တမ်းတစ်ခုကို တွေ့လိုက်ရာ-

"Wat Benchamabophit Dusihuanaram Ratchaworawiharn"

ကမ္ပည်းမှတ်တမ်းရေးထိုးထားရာ ဘုရားကျောင်းတော်၏ ထိုင်းဘာသာနှင့် ခေါ်ဆိုသော ဘွဲ့အမည်ဖြစ်ကြောင်း တွေ့ရသည်။ ထိုရှည်လျားသော ဘွဲ့အမည်ဖြင့် မထင်ရှားဘဲ အီတလီစကျင်ကျောက်ဖြူများဖြင့် တည်ဆောက်ထားသော ကျောင်းတော်ဖြစ်၍ The Marble Temple စကျင်ကျောက်ဖြူကျောင်းဟု အများက သတ်မှတ်ခေါ်ဆိုနေခြင်းဖြစ်ရာ The Marble Temple ဟူသော အမည်ကိုသာ လူသိများကြသည်။

ကမ္ပည်းမှတ်တမ်း ရေးထိုးရာတွင် နှစ်ပိုင်းတွေ့ရသည်။ ပထမအပေါ်ဆုံးအပိုဒ်၌ စာကြောင်းရေကိုးကြောင်း ပါရှိကာ ထိုင်းဘာသာအက္ခရာနှင့် ရေးထိုးထားပြီး ဒုတိယပိုဒ်၌ စာကြောင်းရေခြောက်ကြောင်း ပါရှိကာ အင်္ဂလိပ်ဘာသာနှင့် ရေးထိုးထားကြောင်း တွေ့ရသည်။ အင်္ဂလိပ်ဘာသာဖြင့်



The Marble Temple အဝင်မုခ်ဝရှိ အီတလီစကျင်ကျောက်ဖြင့် ထုလုပ်ထားသော ခြင်္သေ့ရုပ်ကြီး နှစ်ရုပ်


www.burmeseclassic.com

ရေးထိုးထားသောစာပိုဒ်၌ The Marble Temple ကျောင်းတော်ကြီး၏ သမိုင်းအကျဉ်းကို ရေးသားထားကြောင်း တွေ့ရသည်။ စာရေးသူ ဘန်ကောက်မြို့ရှိ ဘုရားကျောင်းတော်အတော်များများသို့ ရောက်ရှိခဲ့ဖူးရာ ယခုလို ကမ္ပည်းထိုး၍ ဘုရားကျောင်းတော်၏ သမိုင်းအကျဉ်းဖော်ပြမှုကို အများအားဖြင့် မမြင်မတွေ့ခဲ့ရဘဲ ယခု The Marble Temple ကျောင်းတော်၌သာ ထူးထူးခြားခြား မြင်တွေ့ရခြင်းဖြစ်သည်။ ထိုအစဉ်အလာကို ကျန်ဘုရားကျောင်းများ၌လည်း ရေးထိုးစိုက်ထူပေးရန် လိုအပ်ကြောင်းကို ဘုရားဖူးများကိုယ်စား အကြံပြုလိုက်ရပေသည်။

စာရေးသူတို့သည် ခမ်းနားကြီးကျယ်လှသော The Marble Temple ကျောင်းတော်ကြီးရှေ့သို့ မိသားစုသွားရောက်ရာ ခြင်္သေ့ရုပ်ကြီးနှစ်ခုနား ရောက်သောအခါ ကျောင်းတော်ကြီး၏ ရှေ့ဆုံးမုခ်အပေါက်မှ ဝင်ခွင့်မပြုဘဲ ကျောင်းတော်ကြီး၏ လက်ယာဘက်အစွန်ဆုံး မုခ်ပေါက်ငယ်မှ ဝင်ခွင့်ပြုထား၍ ထိုမုခ်ပေါက်ငယ် တည်ရှိရာသို့ သွားရောက်ခဲ့ရသည်။ နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသည်တချို့နှင့် ထိုင်းလူမျိုးတချို့ကို တွေ့ရပြီး ထူးထူးခြားခြား ဘွဲ့ဝတ်စုံများနှင့် ကျောင်းတော်အနံ့အပြား၌ ဓာတ်ပုံအရိုက်ခံနေကြသည်ကိုလည်း တွေ့ရသည်။ အနီးအနားရှိ တက္ကသိုလ်ကျောင်းတစ်ခုခု၌ ဘွဲ့နှင်းသဘင် ကျင်းပရက်ဖြစ်၍ ဘွဲ့ယူခဲ့သူများ ဤဘုရားကျောင်းအတွင်း လာရောက် ဓာတ်ပုံအရိုက်ခံကြခြင်းဖြစ်မည်ဟု ယူဆမိသည်။

မုခ်ပေါက်ငယ်မှ အတွင်းသို့ ဝင်ရောက်မိသောအခါ လက်ဝဲဘက်ရှိ စောင်းတန်းရှည်ကြီးအတွင်း၌ ကြေးနက်ဖြင့် သွန်းလောင်းထားသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားများအား မုဒြာဟန်အမျိုးမျိုးဖြင့် လှပလှသော ပလ္လင်များထက်၌ ပူဇော်ထားသည်ကို တွေ့ရသည်။ ဗုဒ္ဓရုပ်ပွားတော်များမှာ ထူးထူးခြားခြား ကြေးနက်သံတ္တုဖြင့် ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ စသည့်မုဒြာဟန်အမျိုးမျိုးနှင့် သွန်းလုပ်ထားခြင်းဖြစ်သည်။ သွန်းလုပ်ထားသည့် လက်ရာတို့မှာလည်း အနုစိတ်လှပြီး သပ္ပာယ်လှသည်။ ရုပ်ပွားတော်များသည် ထိုင်းနိုင်ငံခေတ်အဆက်ဆက်၌ သွန်းလုပ်ခဲ့သော လက်ရာများဖြစ်ရာ ရှေးဟောင်း


လက်ရာအနုစိတ်စွာ ထွင်းထုထားသော ကျောင်းတော်ကြီး၏ တံခါးပေါက်


လက်ရာမြောက်လှသည့် အဝင်မုခ်တော်ဦး

www.burmeseclassic.com

သမိုင်းဝင် ဘုရားဆင်းတုတော်များ ဖြစ်ကြောင်းလည်း တွေ့ရသည်။ တစ်ဆူချင်းစီ၏ရှေ့၌ အင်္ဂလိပ်၊ ထိုင်း နှစ်ဘာသာနှင့် ရုပ်ပွားတော်မြတ်တို့၏ မုဒြာဟန်နှင့် သွန်းလုပ်သည့် ခေတ်ကာလ၊ ရုပ်ပွားတော်မြတ်ကို ရှာဖွေတွေ့ရှိသည့် နေရာဒေသများကိုလည်း စနစ်တကျ ဖော်ပြထားသည်ကို တွေ့ရသည်။

စာရေးသူအနေနှင့် ကြေးနက်ရုပ်တု တစ်ဆူချင်းစီအား လိုက်လံဖူးမြော်ပြီး ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူခဲ့သည်။ ဘန်ကောက်မြို့ရှိ ဘုရားကျောင်းအတော်များများရှိ လေးဖက်လေးတန် အာရုံခံစောင်းတန်းများတွင် ဗုဒ္ဓရုပ်ပွားတော် အဆူဆူကို ထုလုပ်ပူဇော်ထားကြရာ ရွှေသင်္ကန်းရောင် ဝင်းဝါလျက်ရှိသော ထိုင်တော်မူရုပ်ပွားတော်များသာ ဖြစ်ကြသည်။ The Marble Temple အာရုံခံစောင်းတန်းသည် တခြားကျောင်းတော်များလို လေးဖက်လေးတန် တည်ဆောက်မထားဘဲ ရှေ့ဘက်၌ ကျောင်းတော်နေရာကိုချန်၍ ကားတစ်ဖက်တစ်ချက်၌သာ စောင်းတန်းကို တည်ဆောက်ထားနိုင်ပြီး ဘေးနှစ်ဖက်နှင့် နောက်ဘက်တို့၌ စောင်းတန်းအပြည့် တည်ဆောက်ထားသည်။




တံခါး၌ တပ်ဆင်ထားသော သစ်ထွင်းပန်းပုရုပ်
(ဘီလူးရုပ်တု)

ထိုစောင်းတန်းများအတွင်း၌ အထက်ကဆိုခဲ့သည့် ကြေးနက်ဖြင့် သွန်းလောင်းထားသော ဗုဒ္ဓရုပ်ပွားတော်အဆူဆူကို ဖူးမြော်ရန် ပြသထားရာ ပြတိုက်တစ်ခုအတွင်း ရောက်နေသည့်အလား ခံစားရသည်။ The Marble Temple ကျောင်းတော်ရှိ အာရုံခံစောင်းတန်းကြီးများ အတွင်း၌ ကြေးသွန်းရုပ်ပွားတော် (၅၂)ဆူရှိကြောင်းလည်း တွေ့ရသည်။ စာဖတ်သူများအနေနှင့် လေ့လာကြည့်ရှုနိုင်ရန် ထူးခြားသည့် ရုပ်ပွားတော်တချို့နှင့် ကမ္ပည်းမှတ်တမ်းတချို့ကိုလည်း ဖော်ပြပေးလိုက်ပေသည်။

◆◆◆

စာရေးသူအနေနှင့် ပင်မကျောင်းတော်ကြီးအတွင်းသို့ မဝင်ရောက်သေးဘဲ အာရုံခံစောင်းတန်းများအတွင်း ဘုရားတစ်ဆူချင်းကို ဖူးမြော်ပြီးမှ ပင်မကျောင်းတော်ကြီးအတွင်းသို့ ဝင်ရောက်ရန် လက်ယာဘက်ရှိ မုခ်ပေါက်မှ ဝင်ရောက်ခဲ့သည်။ The Marble Temple ကျောင်းတော်ကြီးအတွင်း ဝင်ရောက်ရာတွင် စကတ်တို၊ ဘောင်းဘီတို ဝတ်ဆင်ထားသည့် အမျိုးသမီးတို့သည် မဝင်ရောက်မီ ပြင်ပ၌ရှိသော အစောင့်ထံမှ ပတ်ထဘီများကို ငှားရမ်း



တံခါးရွက်၌ လက်ရာမြောက်စွာ ထွင်းထုထားသော
ပန်းပုလက်ရာ (ဝါးတစ်လက်ကိုင် နတ်ရုပ်
လက်ရာအနုစိတ် ထုလုပ်ထားသည်)



www.burmeseclassic.com


www.burmeseclassic.com

ဝတ်ဆင်ပြီးမှ ဝင်ရောက်ခွင့်ပြုသည်ကို တွေ့ရသည်။ မြဘုရား ဝင်ရောက်ဖူးမြော်ရာတွင်လည်း ဘောင်းဘီတို၊ စကတ်တို ဝတ်ဆင်ပြီး ဝင်ခွင့်မပြုပုံကို ပြန်၍သတိရမိသည်။ ထိုင်းတို့သည် The Marble Temple ကျောင်းတော်ကြီးကို အထူးဂရုစိုက်၍ ထိန်းသိမ်းစောင့်ရှောက်ထားသည်ကိုလည်း သတိပြုမိသည်။

The Marble Temple ကျောင်းတော်ကြီးအတွင်း ဝင်ရောက်လျှင် ဝင်ရောက်ချင်း ကော်ဇောနီအပြည့်ခင်းထားသော ကျယ်ဝန်းလှသော ခန်းမကြီး၏ရှေ့၌ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကို ဖူးမြော်ရသည်။ ဘန်ကောက်မြို့ရှိ အုန်တန်ခိုးကြီး ဆင်းတုတော်ကြီးများ၏ ပလ္လင်တော်ကို မှန်စီရွှေချလက်ရာမြောက်စွာ မတည်ဆောက်ထားဘဲ တိုင်လေးလုံးဖြင့် သာမန်သလွန်ပုံပလ္လင်တော်ကို ရွှေချထားပြီး ထိုပလ္လင်တော်ထက်၌ ဉာဏ်တော်ငါးပေခန့်သာမြင့်သော ရွှေရောင်ဝင်းထိန်နေသော ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကို ဖူးမြော်ရသည်။ ဘူမိဖဿဟန် ထုလုပ်ထားသည်ကိုလည်း တွေ့ရသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်သည် ဘုရားရှင်တို့၏ ကြန်အင်လက္ခဏာနှင့်အညီ ထုလုပ်ပူဇော်ထားပြီး လွန်စွာသပ္ပာယ်လှသည်။ ရှေ့ခေတ်ဟောင်းလက်ရာ ရုပ်ပွားတော်မြတ်တစ်ဆူ ဖြစ်မည်ကိုလည်း ခန့်မှန်းမိသည်။

The Marble Temple ကျောင်းတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်သည် တခြားဘန်ကောက်ရှိ ထင်ရှားကျော်ကြားသော ကျောင်းတော်ကြီးများရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးများလောက် ဉာဏ်တော်ကား မမြင့်မားပေ။ ပလ္လင်တော်မှာလည်း ရိုးရိုးရှင်းရှင်းသာ ပြုလုပ်ထား၍ ရုပ်ပွားတော်မြတ်ကြီးသည် ဝင့်ဝင့်ထည်ထည် မပေါ်လွင်လှသည်ကို တွေ့ရသည်။ The Marble ရုပ်ပွားတော်မြတ်ကြီး၏ နောက်ခံတံကဲမှာလည်း ထိုင်းရုပ်ပွားတော်မြတ်များ၌ ပူဇော်ကြသည့်လက်ရာ တံကဲပုံစံပင်ဖြစ်သည်။ နဂါးနှစ်ကောင်၏ အမြီးတောင်ပုံကို ပန်းတောင်၊ ပန်းခက်တို့နှင့် ပုံဖော်ထားခြင်းဖြစ်သည်။ စာရေးသူအနေနှင့် ရုပ်ပွားတော်မြတ်အား ဓာတ်ပုံမှတ်တမ်း ရိုက်ယူပြီးနောက် ပူဇော်ကန်တော့ကာ ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ ကျောင်းတော်ကြီးအား အသေးစိတ် လေ့လာကြည့်မိသည်။

ဘန်ကောက်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများသည် အများအားဖြင့် ပထမမြောက်ရာမမင်း(၁၇၈၂-၁၈၀၉)



ပြတင်းပေါက်တံခါး၌ တပ်ဆင်ထားသော မှန်ချပ်၌
ရောင်စုံပန်းကွက်များနှင့် ဘုရားဖူးနေဟန် နတ်ရုပ်ပုံ


ကြေးဖားစည် (မြန်မာနိုင်ငံ ကရင်အမျိုးသားတို့၏
အထိမ်းအမှတ် ဖားစည်နှင့် တူညီသည်)
စည်မျက်နှာပြင်၌ ဖားရုပ်များ ပုံဖော်ထားသည်



www.burmeseclassic.com

www.burmeseclassic.com



[illegible]

လက်ထက်၌ ချက္ကရီမင်းဆက်ကို စတင်တည်ထောင်သလို ဘန်ကောက်မြို့တော်သစ်ကိုလည်း တည်ထောင်ခဲ့ရာ ဘန်ကောက်မြို့တော်တွင်း၌ ကျောင်းပေါင်းတစ်ရာကျော်ကို စတင်တည်ထောင်ရာမှ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထိုဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓသာသနာ ထွန်းကားစေရန်အတွက်လည်း ထိုင်းနိုင်ငံအနှံ့ (အထူးသဖြင့် အယုဒ္ဓယမြို့ဟောင်းမှ) ဉာဏ်တော်မြင့်မားသော ဗုဒ္ဓရုပ်ပွားတော်များကို ပင့်ဆောင်ပူဇော်ရာမှ ယနေ့ ဖူးမြော်နေရသည့် ရှေးဟောင်း ရွှေကြေး၊ သစ်တို့ဖြင့် သွန်းလောင်းထုလုပ်ထားသော ရုပ်ပွားတော်မြတ်ကြီးများကို ဖူးမြော်နိုင်ခြင်းဖြစ်သည်။

ပထမမြောက် ရာမမင်းကြီးနည်းတူ ဒုတိယ၊ တတိယမြောက် ရာမမင်းများကလည်း ဆက်လက်၍ သာသနာတော်ကို ချီးမြှင့်မြှောက်စားရာမှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်၌ ကြီးမားခမ်းနားလှသော ကျောင်းတော်ကြီးများ၊ ဘုရားစေတီကြီးများ ကြည်ညိုဖွယ် ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် ဘုရင့်နန်းတော် The Grand Palace ပတ်ဝန်းကျင်၌ တော်ဝင်ဘုန်းတော်ကြီးကျောင်းများအဖြစ် ပေါ်ထွန်းလာခဲ့ရသည်။

ယခုရောက်ရှိနေသော Wat Benjamabhopit (The Marble Temple) ကျောင်းတော်ကြီးက ပထမမြောက် ရာမမင်းကြီး လက်ထက်က တည်ထောင်လှူဒါန်းခဲ့သော ကျောင်းတော်တစ်ခု မဟုတ်ပေ။ ပဉ္စမမြောက်ရာမမင်းကြီး (King Chulalongkom) (၁၈၆၈–၁၉၁၀) လက်ထက်မှ စတင်ပေါ်ထွန်းလာသော ကျောင်းတော်ကြီးဖြစ်သည်။ ပထမရာမမင်း စတင်တည်ထောင်သော သာသနာတော်နှစ်ထက် နှစ်ပေါင်းတစ်ရာခန့် နောက်ကျပြီးမှ ပေါ်ပေါက်လာသော ကျောင်းတော်ကြီးဖြစ်သည်။ ယနေ့မှစ၍တွက်ကြည့်သော် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က တည်ဆောက်ခဲ့သော ကျောင်းတော်ကြီးပင်ဖြစ်သည်။ ထို့ကြောင့် ကျောင်းတော်ကြီးအတွင်းရှိ လက်ရာများသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က လက်ရာများဖြစ်၍ တန်ဖိုးရှိလှသည်။ မြန်မာနိုင်ငံအနေနှင့် ယှဉ်၍လေ့လာကြည့်ပါက မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် နောက်ပိုင်းကာလနှင့် တူညီသည်ကို တွေ့ရသည်။



နံရံ၌ လက်ရာမြောက်စွာ ရေးခြယ်ထားသော ပန်းပွင့်ပန်းခက်များနှင့် ပြောင်းမှန်၌ တွေ့ရသော ဘုရားမှဆော်ဗာန် နတ်ရုပ်

ထို့ကြောင့် ကျောင်းတော်ကြီးအတွင်းရှိ အနုပညာလက်ရာတို့သည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော် လက်



www.burmeseclassic.com

www.burmeseclassic.com

ရာများဖြစ်ပြီး တခြားကျောင်းတော်များထက် လက်ရာမြောက်လှကြောင်းကို တွေ့ရသည်။ အထူးသဖြင့် Marble Temple ကျောင်းတော်ကြီး၌ သစ်ထွင်းဖန်းပုလက်ရာနှင့် ပြတင်းမှန်များ၌ ဆေးရောင်ခြယ်ပန်းချီရေးဆွဲခြင်းပညာ၊ နံရံပန်းချီရေးဆွဲခြင်းပညာတို့မှာ အနုစိတ်ပြီး ချီးမွမ်းဖွယ်ကောင်းလှသည်။


မုဒြာအမျိုးမျိုးနှင့် ကြေးနက်ရုပ်ပွားတော်များ

ကျောင်းတော်ကြီး၏ မျက်နှာကြက်သည် သစ်သားဖြင့် ပြုလုပ်ထားပြီး သစ်သားကွက်များကို ညီညီညာညာ ဖော်ဆောင်ထုလုပ်ထားကြောင်း တွေ့ရပြီး ထိုသစ်သားကွက်များ၌ ပန်းပွင့်ငယ်လေးများ၊ ပန်းခက်များကို စနစ်တကျ ညီညီညာညာ ထွင်းထုထားပြီး အောက်ခံကို အနီသုတ်ကာ ပန်းပွင့်၊ ပန်းခက်၊ ပန်းပုလက်ရာများကို ရွှေချထား၍ ပန်းပုလက်ရာတို့မှာ ဖောင်းကြွနေသည်။ မျက်နှာကြက်ရှိ ထုပ်၊ လျောက်၊ တန်းတို့ကိုလည်း ပန်းပုများ ထွင်းထုပြီး ကျောင်းတော်ကြီး၏အမိုးနိုင်ခံ့အောင် တပ်ဆင်ထားသည်မှာ သစ်သားဆောက်လုပ်ရေး ဗိသုကာပညာ ကျွမ်းကျင်ကြောင်း ဖော်ကျူးနေသည့် အလားပင်ဖြစ်သည်။

Marble Temple ကျောင်းတော်ကြီး၏ တခြားအနုညာလက်ရာမြောက်မှုကို တံခါးကြီးများ၊ အဝင်အထွက်အပေါက်များ၏ တံခါးရွက်များ၌ သစ်သားပန်းပုလက်ရာများကို ကြည့်ရှုလေ့လာခြင်းအားဖြင့် သိနိုင်ပေသည်။

တံခါးများပေါ်ရှိ ပန်းပုလက်ရာတို့မှာ များသောအားဖြင့် ပန်းပွင့်၊ ပန်းခွဲ၊ ပန်းခက်များ အလယ်၌ နတ်ရုပ်၊ ဘီလူးရုပ်များကို ပီပီပြင်ပြင် ထုလုပ်ထားနိုင်ခြင်းပင်ဖြစ်သည်။ ဓားနှစ်လက်ကိုင်၍ အနေဟန်နတ်ရုပ်၊ ဘီလူးရုပ်တို့မှာ လက်ရာမြောက်လှသည်။ ကြေးနက်ရုပ်ပွားတော်များ စံပယ်တော်မူရာ မုခ်ဝ၌ တပ်ဆင်ထားသော တံခါးရွက်၌ နောက်ခံ ပန်းခက်ပန်းနွယ်များနှင့် ဓားနှစ်လက်ကို ကိုင်ဆောင်ကနေဟန် နတ်ရုပ်သည် ကြွရွနေပြီး မြင်ရသူတို့ အနေနှင့် မချီးကျူးဘဲ မနေနိုင်အောင် လက်ရာအနုစိတ်လှသည်။ ထို့နည်းတူ Marble Temple ကျောင်းတော်ကြီးရှိ တံခါးရွက်အနီး၌ ထွင်းထုထားသော ဘီလူးရုပ်မှာလည်း အလွန်ပင် မာန်ပါလှကြောင်း တွေ့ရသည်။ ဘီလူးရုပ်ကို အနုစိတ်ထုထွင်းထားသလို အောက်ခြေရှိ ပန်းပွင့်ပန်းခက်တို့မှာလည်း လက်ရာမြောက်လှသည်။

ကျောင်းတော်ကြီးရှိ တံခါးရွက်တစ်ခု၌လည်း တံခါး


ကျောင်းဆောင်ပတ်လည်ရှိ ကြေးနက်ရုပ်ပွားတော်များ စံပယ်ရာဆန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ရှက်ပြည့် ဓားတစ်လက်ကို ကိုင်ထားသော နတ်ရုပ်တု၊ နောက်ခံတံကဲပုံသဏ္ဍာန် ပန်းခက်ပန်းနွယ်များနှင့် ပန်းပုလက်ရာမှာလည်း အနုစိတ်လှသည်။ Marble Temple ကျောင်းတော်ကြီးရှိ တံခါးရှက်ပန်းပုလက်ရာများမှာ နှစ်ပေါင်းတစ်ရာကျော်က လက်ရာများဖြစ်ပြီး အလွန်ပင် အနုစိတ်ထုလုပ်နိုင်၍ ထိုင်းတို့၏ ပန်းပုပညာကို မချီးမွမ်းဘဲ မနေနိုင်အောင် ဖြစ်ရသည်။


ရွှေပေါင်းလက်ရာ ရပ်တော်မူရုပ်ပွားတော်

သစ်ထွင်းပန်းပုပညာကဲ့သို့ပင် ပြတင်းတံခါးများ၌ တပ်ဆင်ထားသော မှန်ပြား၊ မှန်ချပ်များပေါ်၌ ဆေးရောင်စုံဖြင့် ရေးဆွဲထားသော ပန်းချီပညာမှာလည်း အံ့သြဖွယ်ကောင်းလှအောင် လက်ရာမြောက်လှသည်။ မှန်ချပ်ပေါ်၌ ဆေးရောင်စုံ ပန်းဒီဇိုင်းများကို သပ်သပ်ရပ်ရပ် ရေးဆွဲထားပြီး မှန်ချပ်ကြီးအလယ်၌ လက်အုပ်ချီကာ မြတ်စွာဘုရားအား ပူဇော်နေဟန်နတ်ရုပ်ကိုလည်း ပြတင်းမှန်ချပ်တိုင်း၌ ပုံစံတူရေးဆွဲထားသည်ကိုလည်း တွေ့ရသည်။ ဘုရားကျောင်းတော်ကြီး၏ မှန်ပြတင်းပေါက်များ၌ ထိုမှန်ချပ်ပန်းချီပုံများသည် အလင်းရောင်ကိုရသလို ပန်းချီပုံများကိုလည်း မီးရောင်စုံထိုးထားသည့် ဆလိုက်ပန်းချီများကို ကြည့်နေရသလို ခံစားအောင် ဖန်တီးထားသည်။


ကြွေနက်ရုပ်ပွားတော်များရှိ တံခါး၌ ထွင်းထုထားသော ဓားနှစ်လက်နှင့် သိုင်းကစားနေဟန် နတ်ရုပ်

ပြတင်းပေါက် မှန်ချပ်များပေါ်ရှိ ပုံများသည် ပုံနှိပ်ထားသည့်အလား ပီပြင်လှ၍ ပုံနှိပ်ပန်းချီများဟု မှတ်ထင်မိသည်။

Marble Temple ကျောင်းတော်ကြီးအတွင်း၌ ရွှေပေါင်းနာရီများကိုလည်း တွေ့ရသည်။ ရောမခေတ်အက္ခရာသုံး ချိန်သီးကြီးနှစ်ချောင်းနှင့် သစ်သားကိုယ်ထည် ရွှေပေါင်းနာရီကိုလည်း လှလှပပစရာတွေ့ရသည်။ အထူးသဖြင့် စာရေးသူတို့ နိုင်ငံအတွင်း နေထိုင်ကြသည့် ကရင်လူမျိုးတို့၏ ရိုးရာကြေးဖားစည်ကြီး တစ်လုံးကိုလည်း မြင်တွေ့ရသည်။ မြန်မာနိုင်ငံရှိ ကရင်အမျိုးသားတို့သည် ဖားစည်ကို အထင်ကရ အထိမ်းအမှတ်အဖြစ် ပြုလုပ်ထား ရှိတတ်ပြီး ပွဲတော်အခါများ၌ အသုံးပြုကြသည်။ ထိုကရင် အမျိုးသားတို့၏ ဖားစည်ကို Marble Temple ၌ တွေ့မြင်ရသောအခါ အံ့သြမိသည်။

ကျောင်းတော်ကြီးနံရံ၌ ချိတ်ဆွဲထားသော ခေတ်ပေါင်းဓာတ်ပုံကြီးတစ်ပုံကိုလည်း တွေ့ရသည်။ ထိုဓာတ်ပုံ၌ အခမ်းအနားတက်ရောက်သည့် ဝတ်စုံကို ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းလက်ရာ ကြေးနက်ရုပ်ပွားတော်



ရှေးဟောင်းလက်ရာ ကြေးနက်ရုပ်ပွားတော်

ထားသော ထိုင်းဘုရင်တစ်ပါး၏ပုံဟု ထင်လိုက်မိသည်။ အထူးသဖြင့် The Marble Temple ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သော ပဉ္စမမြောက်ရာမမင်းကြီးဟု ထင်မှတ်ခဲ့သည်။

ဓာတ်ပုံအောက်ခြေ၌ ရှေးခေတ်ဟောင်းလက်ရေးနှင့် ထိုင်းအက္ခရာနှင့်လည်းကောင်း၊ အင်္ဂလိပ်အက္ခရာနှင့်လည်းကောင်း စာတန်းရေးထိုးထားရာ အင်္ဂလိပ်စာနှင့် စာတန်းမှာ–

H.RH Prince Narisranuvattivongse,

Archited of Wat

Benchamabopitr

ဟူ၍ဖြစ်ရာ ပဉ္စမမြောက်ရာမမင်းပုံ မဟုတ်ဘဲ Benchamabopitr (The Marble Temple) ကျောင်းတော်ကြီး၏ ဗိသုကာပညာရှင်မင်းသား Narisranuvattivongse ဖြစ်ကြောင်း သိလိုက်ရသည်။ Prince Narris [မင်းသားနာရစ်သည် ပဉ္စမမြောက်ရာမမင်း၏ ဖအေတူ အမေကွဲညီတော်(half brother) ဖြစ်သည်။]

The Marble Temple ကျောင်းတော်ကြီး၏ ထူးခြားချက်တစ်ရပ်မှာ နံရံ၌ ညီညာလှပသော အဝါရောင်ဖြင့် ပန်းကွက်များကို လက်ရာမြောက်စွာ အနုစိတ်ရေးဆွဲထားသည်ကိုလည်း တွေ့ရသည်။ ယခုခေတ်နံရံများ၌ Wall Sheet နံရံကပ်ပန်းချီစက္ကူချပ်များ ကပ်ထားသည်နှင့် အတော်ပင်တူလှသည်။ စာရေးသူအနေဖြင့် The Marble Temple ကျောင်းတိုက်ကြီးအတွင်း အသေးစိတ်လေ့လာ ကြည့်ရှုမှတ်တမ်းတင်ပြီးနောက် ကျောင်းတိုက်အပြင်သို့ ထွက်ခဲ့သည်။

◆◆◆

ကျောင်းတိုက်ကြီးက ကျယ်ဝန်းလှသည်။ ကျောင်းတိုက်ကြီး၏ ဘေးနှစ်ဖက်နှင့် နောက်ဘက်တို့၏ အမိုးသုံးဆင့်၊ မုခ်ပေါက်၌ ဘုံနှစ်ဆင့်နှင့် ရှည်လျားလှသော စောင်းတန်းကြီး မြင်တွေ့ရသည်။ ကျောင်းတော်ကြီး၏ အတွင်းခန်းမကို ဝင်ရောက်ပြီး ဗုဒ္ဓဘုရားရှင်ကို ပူဇော်လိုသော စိတ်ဆန္ဒကြောင့် ကျောင်းတော်အတွင်း အရင်ဝင်ရောက် ပူဇော်ခြင်းဖြစ်၍ ကျောင်းတော်ပြင်ပကို သခုမှ



www.burmeseclassic.com

အသေအချာ လေ့လာမိခြင်းဖြစ်သည်။

ရှည်လျားလှသော စောင်းတန်းရှည်ကြီးများအတွင်း၌ ဆောင်းပါးအစ၌ ဖော်ပြခဲ့သည့်အတိုင်း ကြေးနက်ဆင်းတုတော်များကို မုဒြာအမျိုးမျိုး၊ အသွင်သဏ္ဌာန်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ပူဇော်ရသည်။ ကြေးနက်ရုပ်ပွားတော်တို့မှာ ရှေးခေတ်လက်ရာ ရုပ်ပွားတော်များ ပါဝင်သလို ခေတ်လယ်၊ ခေတ်သစ်ကာလ လက်ရာတို့လည်း ပါဝင်ကြောင်း တွေ့ရသည်။ Marble Temple ကျောင်းတော်ကြီး၏ အထူးခြားဆုံးမှာ ဤကြေးနက်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များဖြစ်သည်။ ပဥ္စမမြောက် ရာမမင်းကြီးသည် တခြားဘန်ကောက်မြို့ရှိ ဘုရားကျောင်းတော်များနှင့် ပုံစံမတူရန် ကြေးနက်ရုပ်ပွားတော်များကိုသာ နိုင်ငံအနှံ့အပြားမှ ရှာဖွေပင့်ဆောင်ပူဇော်ခဲ့ခြင်း ဖြစ်သည်။



ကြေးနက်ထိုင်တော်မူ ဘုမိဖဿမုဒြာဟန် ရုပ်ပွားတော်နှင့် ရုပ်ပွားတော်ပင့်ဆောင်ရာဒေသမှတ်တမ်း

ထို့ကြောင့်လည်း ဗုဒ္ဓရုပ်ပွားတော် တစ်ဆူချင်းကို ကမ္ပည်းစာတန်းရေးထိုးပြီး ထိုင်းနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် ရုပ်ပွားတော်တို့၏ ထူးခြားသောမုဒြာဟန်၊ မည်သည့်ခေတ်လက်ရာ၊ ရုပ်ပွားတော်များအား ရှာဖွေတွေ့ရှိ ပင့်ဆောင်ခဲ့ရာ နေရာဒေသများကို အသေးစိတ် ရေးသားထား၍ လေ့လာသူတို့အနေနှင့် အလွယ်တကူ မှတ်သားလေ့လာနိုင်သည်ကိုလည်း တွေ့ရသည်။ စောင်းတန်းရှည်ကြီး ပတ်လည်၌ ကြေးနက်ရုပ်ပွားတော် ပြည်တွင်းနှင့် ပြည်ပမှ ပင့်ဆောင်ထားသည့် အရေအတွက်မှာ (၅၂)ဆူရှိကြောင်း သိရသည်။ ထို(၅၂)ဆူအနက် (၃၃)ဆူမှာ မူရင်းလက်ရာ ရုပ်ပွားတော်များဖြစ်ပြီး ကျန်အဆူ(၂၀)မှာ နောက်မှ ပုံတူပွားယူထားသော ရုပ်ပွားတော်များဖြစ်သည်။

ကြေးနက်ရုပ်ပွားတော် အများစုမှာ ဘန်ကောက်မြို့ရှိ ကျောင်းတော်ကြီးများမှ ပဥ္စမမြောက်ရာမမင်းကြီးက ပင့်ဆောင်ပူဇော်ထားရှိကြောင်း တွေ့ရသည်။ ရုပ်ပွားတော်တချို့ကိုကား ထိုင်းနိုင်ငံအတွင်းရှိ ရှေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့ရာ ဒေသမှလည်းကောင်း၊ အယုဒ္ဓယမြို့ဟောင်းမှလည်းကောင်း ပင့်ဆောင်ပူဇော်ထားကြောင်း တွေ့ရသည်။ ပြည်ပနိုင်ငံ၏ လက်ရာရုပ်ပွားတော်တစ်ဆူဖြစ်သည့် ဂျပန်နိုင်ငံ ဘုရားပုံစံ ရုပ်ပွားတော်မှ တစ်ဆူနှင့် ထိုင်တော်မူ တစ်ဆူတို့ကိုလည်း ဖူးမြော်ရသည်။

Marble Temple ကျောင်းတော်ကြီးအား ကမ္ဘာ့လှည့်ခရီးသည်များ လာရောက်ရာတွင် အနုပညာလက်ရာများကို အထူးလေ့လာသလို ကြေးနက်ဗုဒ္ဓဆင်းတုလက်ရာများကိုလည်း စိတ်ဝင်တစား လေ့လာကြကြောင်း တွေ့ရသည်။ တစ်နည်းဆိုရသော် The Marble Temple ကျောင်းတော်ကြီးသည် ဤကြေးနက်ရုပ်ပွားဆင်းတုတော်များကြောင့် ကျော်ကြားထင်ရှားသည်ဟု ကောက်ချက်ချပါက မှားမည် မဟုတ်ပေ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့သည် ကြေးနက်ရုပ်ပွားဆင်းတုံတော်များ ကိန်းဝပ်စံပယ်တော်မူရာ စောင်းတန်းရှည်ကြီး လေးဖက်လေးတန် လှည့်လာပြီးနောက် ကျောင်းတော်ကြီး၏ အားပတ်လည်၌ရှိသော ပြတင်းပေါက်များ၊ အနောက်ဘက်၌ရှိသော အဝင်မုခ်ပေါက်များကို လှည့်လာကြည့်မိသည်။ ပြတင်းတံခါးပေါက်များသည် သစ်သားပေါင်ကွပ်ပြီး ပန်းပုပညာဖြင့် လက်ရာအနုစိတ် ထုလုပ်ထားသည်။ ရွှေရောင်ဆေးသုတ်ထား၍ ပလ္လင်တံကဲပုံစံ ပေါ်လွင်နေသည်။ ပြတင်းပေါက်တံခါးသာမက ဝင်ပေါက်ထွက်ပေါက် မုခ်ဝများကိုလည်း ပြတင်းပေါက်ကဲ့သို့ ပန်းခက်ပန်းနွယ် ပန်းတောင်များနှင့် ပုံဖော်ထားသည်မှာ လက်ရာအနုစိတ်ပြီး နန်းဆန်လှပေသည်။

ကျောင်းတော်ကြီး၏အနောက်ဘက် မုခ်ပေါက်မှာ အဝင်အထွက်ပြုလုပ်၍မရအောင် ပိတ်ထားပြီး ကြေးနက်ဗုဒ္ဓဂယာ ရုပ်တော်မူရုပ်ပွားတော်ကြီးတစ်ဆူကို တည်ထားတော်မူသည်။ ရုပ်ပွားတော်ကြီးမှာ ဉာဏ်တော်(၇)ပေကျော်မည်ဟု ခန့်မှန်းရသည်။ ဗုဒ္ဓဂယာဟန် သွန်းလောင်းထားသော ရှေးဟောင်းလက်ရာနှင့်တူသည့် ရုပ်တော်မူရုပ်ပွားတော်ကြီး၏အောက်ခြေ နတ်ဘီလူးများက ရုပ်ပွားတော်ကြီးအား ပင့်မ,ထားဟန် သွန်းလောင်းထားသည်ကို တွေ့ရသည်။ သွန်းလောင်းထားပုံ အနေအထားအရ ခေတ်ဟောင်းရုပ်ပွားတော်တစ်ဆူဟု ခန့်မှန်းနိုင်သည်။ ရုပ်ပွားတော်ကြီးအောက်ခြေ၌ ကမ္ပည်းရေးထိုးထားသော်လည်း ထိုင်းဘာသာနှင့် ရေးထိုးထားခြင်းကြောင့် အဓိပ္ပာယ်နားမလည်နိုင်ပေ။

ထိုရုပ်ပွားတော်ကြီး လှေကားထစ်များနှင့် ကြမ်းပြင်ကိုလည်း စကျင်ကျောက်ဖြင့် ပြုလုပ်ထားကြောင်း တွေ့ရသည်။ ကျောင်းတော်ကြီး၏ မျက်နှာစာတိုင်လုံးများ၊ လှေကားထစ်များနှင့် ခြင်္သေ့ရုပ်တုကြီးများ စကျင်ကျောက်ဖြင့် တန်ဆာဆင်ထုလုပ်ထားရာ ဆောင်းပါးအစ၌ ဖော်ပြထားသည့်အတိုင်း အဝေးကကြည့်သော် ဖွေးဖွေးဖြူနေသော ကျောင်းတော်ကြီးအဖြစ် မြင်တွေ့နိုင်သည်။ အမိုးအနီရောင်ဘုံအဆင့်ဆင့်နှင့် ရွှေရောင်ပန်းတောင်၊ ပန်းဆွဲများကြောင့်သာ ထိုင်းဗိသုကာလက်ရာ ဘုရားကျောင်းတော်ကြီးအဖြစ် မြင်တွေ့ရခြင်း ဖြစ်သည်။

Wat Benchamabophit Dusitvanaram or the Marble Temple ကျောင်းတော်ကြီးသည် ဘန်ကောက်မြို့တော်၌ အလွန်ခေတ်မီသော၊ အလွန်ကြည့်ကောင်းသော အဆောက်အအုံကြီးအဖြစ် ယနေ့တိုင် ရပ်တည်နေသည်။ ထိုအဆောက်အအုံကျောင်းတော်ကြီးကို ပဉ္စမမြောက်ရာမမင်းကြီး King Chulalongkom (၁၈၆၈-၁၉၁၀)လက်ထက်၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (၁၈၉၉)ခုနှစ်တွင်




ဂျပန်အနုပညာလက်ရာ ကြေးနက်ရုပ်ပွားတော်ပုံတူနှင့် စာမှည်းမှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီးအနောက်ဘက်မုခ်ပေါက်ရှေ့ဝိုက်၍
တည်ထားသော ရှေးဟောင်းထိုင်းကြွခင်းဘုရားတော်

စတင်ဆောက်လုပ်ခဲ့သည်။ မကြာမီပြီးစီးခဲ့သည်။

ထို The Marble Temple ကျောင်းတော်ကြီးအား ပဉ္စမမြောက် ရာမမင်းကြီး၏ ဖအေတူ မအေကွဲ (Half Brother) Prince Narris (ကျောင်းတော်ကြီး၌ ချိတ်ဆွဲထားသော ဓာတ်ပုံပါ မင်းသား)အား ပုံစံရေးဆွဲစေပြီး ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း တွေ့ရသည်။

ကျောင်းတော်ကြီးကို အီတလီနိုင်ငံမှ ကျောက်ပြားများကို မှာယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ခေါင်မိုးအား အနိမ့်အမြင့် ဘုံသုံးဆင့်ဖြင့် တင့်တယ်အောင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ Marble Temple ကျောင်းတော်ကြီးသည် လက်ယာအလွန်မြောက်လှ၍ မြင်ရသူတို့ အလွန်အံ့သြဖွယ်ရာ ချီးမွမ်းဖွယ်ရာ အဆောက်အအုံတစ်ခုအဖြစ် မြင်တွေ့ရသည်။ ထိုအဆောက်အအုံ ပုံစံမျိုးကို ပတ်ဝန်းကျင်၌လည်းကောင်း၊ ဝေးလံသော နေရာများ၌လည်းကောင်း မြင်တွေ့ရန် ခဲယဉ်းပေမည်။ အင်္ဂလိပ်အက္ခရာ တီ(T)ပုံသဏ္ဌာန် ကျောင်းတော်အဆောက်အအုံကြီးသည် အလွန်လှပနန်ယ် လက်ရာမြောက်သော ရှေးထိုင်းနိုင်ငံ Sukothai ခေတ်ကို ထိုင်းပုံစံကို အတုယူ၍ တည်ဆောက်ထားခြင်း ဖြစ်သည်။

The Marble Temple ကျောင်းတော်ကြီး နောက်ဘက်အနီး၌လည်း ကြီးမားသော မဟာဗောဓိပင်ကို ပဉ္စမမြောက် ရာမမင်းကြီးက စိုက်ပျိုးထားရှိသည်။ ထိုမဟာဗောဓိညောင်ပင်ကြီးကို ရာမမင်းကြီး(Rama V) သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ပင့်ဆောင်၍ စိုက်ပျိုးပူဇော်ထားခြင်း ဖြစ်သည်။

စာရေးသူအနေနှင့် Marble Temple ကျောင်းတော်ကြီးအနှံ့ လေ့လာကြည့်ရှုပြီးနောက် ကျောင်းတော်ကြီးရှေ့ရှိ ကျောက်ဖြူဖြင့် ထုလုပ်ထားသော ခြသေ့ရုပ်တုနှစ်ခုကြားရှိ ကျောက်ဖြူလှေကား၌ရပ်၍ ခြသေ့ရုပ်တုကြီးကို လေ့လာမိသည်။ ဗုဒ္ဓဘာသာ စေတီပုထိုးများ၌ သီဟဗာဟုပုံပြင်အရ ခြသေ့ရုပ်ကြီးများကို ထုလုပ်ထားရှိသည် ဟူသော မြန်မာလူမျိုးတို့၏ အစဉ်အလာသည် ထိုင်းလူမျိုးတို့၌လည်း ရှိလေသလောဟု တွေးမိသည်။ ယခုရောက်ရှိနေသော Marble Temple ကျောင်းတော်ကြီး၌



ကျောင်းတော်ကြီးအတွင်းသို့ဝင်ရန် စောင့်ဆိုင်းနေကြသော
(ဘွဲ့ဝတ်စုံနှင့် ဘုရားလာဖူးသည့် ထိုင်းအမျိုးသမီးငယ်)



www.burmeseclassic.com

www.burmeseclassic.com



မှန်ဝနောက်ဘက် ရပ်တော်မူကြေးဆင်းတုတော်၏ အောက်ခြေရှိ ရုပ်ပွားတော်အား မ,ရှိနေဟန် ဘီလူးရုပ်များ

သာ ခြင်္သေ့ရုပ်တုကို သတိပြုမိသော်လည်း ကျန်ဘုရားကျောင်းများ၌ကား ယခုလို ကျောင်းအဝင်၌ အမှတ်တရ ထုလုပ်ထားသည်ကို တွေ့ရခဲလှသည်။ ခြင်္သေ့ရုပ်တုများ၊ ဘီလူးရုပ်တုများ၊ မျောက်ရုပ်တုများ၊ နတ်ရုပ်တုများကိုတော့ ဘန်ကောက်ရှိဘုရားအတော်များများ၌ တွေ့ရသည်။ တစ်ခါတစ်ရံ နဂါးရုပ်များလည်း တွေ့ရတတ်သော်လည်း ယခုလို ကျောင်းတော်အဝင်၌ ခြင်္သေ့ရုပ်တုသက်သက် ထုလုပ်ထားမှုကိုကား တွေ့ရခဲသည်။ ယခုကျောင်းတော်အဝင်မုခ်ဝ တစ်ဖက်တစ်ချက်၌ ကျောက်ဖြူဖြင့်ထုလုပ်ထားသော ခြင်္သေ့ရုပ်တုကြီးများကား ခံ့ညားထည်ဝါလှသည်။ လက်ရာမှာ တရုတ်အနုပညာလက်ရာဆန်နေသည်ကိုလည်း တွေ့ရသည်။

◆◆◆

စာရေးသူတို့သည် ကျယ်ဝန်းလှသော ကျောင်းတော်ကြီး၏မျက်နှာစာမှ ကျောင်းတော်ကြီးအား အဝေးမှကြည့်၍ ဓာတ်ပုံမှတ်တမ်းရိုက်ယူခဲ့ရာ ဘန်ကောက်မြို့ရှိ တခြားဘုရား၊ ကျောင်း၊ စေတီတော်များနှင့်မတူဘဲ ဘုံအဆင့်ဆင့်နှင့် ခမ်းနားထည်ဝါ ခံ့ညားလှသည်ကို မြင်တွေ့ရသည်။ ပဉ္စမမြောက်ရာမမင်း၏ညီတော် နာရစ်မင်းသားကိုယ်တိုင် ပုံစံထုတ်ပြီး ကြီးကြပ်တည်ဆောက်ခဲ့ခြင်းကြောင့် အလွန်ပင် ခမ်းနားလှသည်။ အီတလီစကျင်ကျောက်ဖြူများကို အသုံးပြုထား၍လည်း ကျောင်းတော်ကြီးသည် ဖြူစင်ဝင်းပလျက်ရှိသည်။ ကျောင်းတော်ကြီး၏အမိုးမှာလည်း ဘုံအဆင့်ဆင့်နှင့် အနီရောင်ခြယ်သထားပြီး ရွှေရောင်လက်ရာမြောက်လှသော ပန်းတောင်၊ ပန်းဆွဲများဖြင့် နတ်ဘုံအလား ခံ့ညားလှသည်။ အဝေးမှကြည့်မြင်ရသောအခါ ကျောင်းတော်ကြီး၏အသွင်သဏ္ဌာန်သည်နတ်ဘုံနတ်နန်းပမာ ထင်မှတ်မှားလောက်အောင်ပင် ကြည့်ရှုခံစားမိပေသည်။

Marble ကျောင်းတော်ကြီးသည် အတွင်း,အပြင်၌မြင်ရသူတို့အနေနှင့် တအံ့တဩဖြစ်လောက်အောင် အနုပညာဗိသုကာလက်ရာမြောက်စွာ တည်ထား၍လည်း နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်လေ့လာစရာ ဖြစ်ခဲ့သည်။ အထူးသဖြင့် ကျောင်းတော်ကြီးအတွင်းရှိ ပန်းပု၊ ပန်းချီ၊ ဗိသုကာလက်ရာများကို အမှတ်တရဓာတ်ပုံမှတ်တမ်းများ ရိုက်ယူကြသလို



ကျောင်းတော်ကြီး၏ပုံစံကို ရေးဆွဲတာန်ဆောက်ခဲ့သော ပဉ္စမမြောက်ရာမင်း၏ ဖခင်တူ မိခင်ကွဲ (half brother) မင်းသား Narisranuvattivongse ပုံ



www.burmeseclassic.com

www.burmeseclassic.com

ဘေးပတ်လည်စောင်းတန်းအတွင်း၌ ပလ္လင်တော်များနှင့် ပူဇော်ပြသထားသည့် ကြေးနက်ရုပ်ပွားတော် အဆူဆူကိုလည်း တစ်ဆူချင်း ဓာတ်ပုံမှတ်တမ်း ရိုက်ယူနေသူတို့မှာလည်း လွန်စွာများပြားလှသည်။


The Marble Temple အဝင်အထွက် မုခ်ပေါက်နှစ်ပေါက် အလယ်၌ မိဖုရားကြီးမွေးနေ့ကို ဂုဏ်ပြုသော ဓာတ်ပုံကြီးကို ချိတ်ဆွဲထားစဉ်

စာရေးသူတို့ ရောက်ရှိသည့်နေ့က ထိုင်းတက္ကသိုလ် တစ်ခု၏ ဘွဲ့နှင်းသဘင်နှင့် ကြုံကြိုက်၍ လောမသီ ထိုင်းအမျိုးသား၊ အမျိုးသမီးငယ်တို့သည် ဘွဲ့ဝတ်စုံများနှင့် Marble Temple ဘုရားကျောင်းတော် အတွင်း၌ မိသားစုများစု၍ ဓာတ်ပုံမှတ်တမ်း ရိုက်ယူကြသည်မှာလည်း အတော်ပင် များလှသည်။

စာရေးသူသည် The Marble Temple ဘုရားအတွင်း အချိန်အတော်ကြာ လှည့်လည်ပြီးနောက် ယခုအခေါက် ပဋ္ဌမမြောက် ထိုင်းခရီးစဉ်၌ နောက်ဆုံးဖူးမြော်ရန် သတ်မှတ်ထားသည့် Loha Prasat ဘုရားကို ဖူးမြော်ရန် ကျန်သေး၍ The Marble Temple စေတီတော်မှ ထွက်ခွာရန် မုခ်ပေါက်ဆီသို့ လှမ်းလျှောက်ခဲ့ကြသည်။ မုခ်ဝရောက်မှ လက်ရာအလွန်မြောက်လှသော Marble Temple ကျောင်းတော်ကြီးကို ပြန်၍ကြည့်မိသောအခါမှ ထိုကျောင်းတော်ကြီး၏ပုံကို ထိုင်းနိုင်ငံသုံး အကြွေစေ့ (Thai Currency) ၌ ရိုက်နှိပ်ထားသည်ကို သတိရမိသည်။ ထိုင်းနိုင်ငံသုံး အကြွေစေ့တို့မှာ တစ်ဘတ်စေ့၊ နှစ်ဘတ်စေ့၊ ငါးဘတ်စေ့နှင့် ဆယ်ဘတ်စေ့တို့ဖြစ်ပြီး ဘတ်နှစ်ဆယ်မှစ၍ ကျန်ငွေတို့ကို ငွေစက္ကူဖြင့် ရိုက်နှိပ်ထုတ်ဝေ သုံးစွဲကြသည်။

ထိုင်းအကြွေစေ့ (Thai Currency) တို့၏ မျက်နှာတစ်ဖက်၌ ဘန်ကောက်မြို့တော်ရှိ တန်ခိုးကြီးထင်ရှားသော ဘုရား၊ စေတီ၊ ကျောင်းတော်၏ ပုံများဖြင့် ပုံဖော်ထားရာ-

(၁) တစ်ဘတ်စေ့၌ မြဘုရားပုံ၊
(၂) နှစ်ဘတ်စေ့၌ Wat Saket (ရွှေဘုရားပုံ)၊
(၃) ငါးဘတ်စေ့၌ The Marble Temple ပုံ၊
(၄) ဆယ်ဘတ်စေ့၌ Wat Arun စေတီတော်ပုံတို့ ဖြစ်ကြောင်း သိရှိထားခြင်းကြောင့် The Marble Temple ကျောင်းတော်ကြီး၏ပုံမှာ ငါးဘတ်စေ့၌ ဖော်ပြထားသည်ကို သတိရမိခြင်း ဖြစ်သည်။

The Marble Temple ကျောင်းတော်ကြီးသည် ထင်ရှားကျော်ကြားသော စေတီတော်တစ်ဆူဖြစ်ခြင်းကြောင့် ထိုင်းနိုင်ငံသုံး ငါးဘတ်အကြွေစေ့၌ အမှတ်တရ ပုံထွင်း ဖော်ပြခြင်း ခံရခြင်းဖြစ်ကြောင်းကိုလည်း စာရှုသူတို့ သတိပြုမိရန် ရေးသားတင်ပြအပ်ပါသည်။

ထိုင်းနိုင်ငံသို့ ဈေးဝယ်ရန် သွားသည်ဖြစ်စေ၊ ဆေးကုသရန် သွားသည်ဖြစ်စေ၊ ဘုရားဖူးရန် သွားသည်ဖြစ်စေ ထင်ရှားကျော်ကြားသော The Marble Temple ဘုရားကျောင်းတော်ကြီးထံ မပျက်မကွက် သွားရောက်လှည့်လည် ဖူးမြော်ရန် လမ်းညွှန်လိုက်ရပေသည်။ ကျောင်းတော်ကြီးအား နံနက်(၈)နာရီမှ ညနေ(၅)နာရီ မိနစ်သုံးဆယ်အတွင်း ဝင်ရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားပြီး ဝင်ကြေးမှာလည်း ဘတ်နှစ်ဆယ်(ငွေခုနစ်ရာနှစ်ဆယ်)သာ ကုန်ကျ၍ အလွယ်တကူဖူးမြော်နိုင်ကြောင်း လမ်းညွှန်လိုက်ရပေသည်။

**တက္ကသိုလ်မျိုး**

**မှီငြမ်း**

(၁) အင်တာနက်မှတ်စုများ။
(၂) ကျောင်းတော်ကြီးရှိ ဘုရားသမိုင်းအကျဉ်း။
(၃) ကိုယ်တိုင် သွားရောက်ဖူးမြော်လှည့်လာမှု။



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆VR၀၄၇၇၂

# မြတ်ပန်းပွင့်

## ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နစ်မြုံကျစွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆VR၀၄၇၇၁

# မြတ်ပန်းပွင့်

## သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး

သွေးတိုး နှလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၉၀၅YR၆၃၉၄



# ဇော်ဘွား

## အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈

www.burmeseclassic.com

ပြိတ္တာဘုံဆိုတာ ဝတ်မွတ်ခေါင်းပါး အစာရှားသူတို့ နေရာပါပဲ။ ထိုဘုံဌာနရောက် သတ္တဝါကို ပြိတ္တာဟု ခေါ်ပါသည်။ ဆိုလိုသည်မှာ ထိုဘုံဌာနသို့ ရောက်လာသူတို့တွင် တစ်စုံတစ်ယောက်က တစ်စုံတစ်ခုသော အကြောင်းကြောင့် ချမ်းသာနေသည်ဟု မရှိ။ ဤလူ့ဘုံ၌ နိုင်ငံတစ်နိုင်ငံသည် ဆင်းရဲသည် ဆိုပါစို့။ သို့သော် ယင်းနိုင်ငံရောက်သူတိုင်း မဆင်းရဲပေ။

ဥပမာ-အီသီယိုပီးယားနိုင်ငံသည် ဆင်းရဲ၏။ ဝတ်မွတ်ခေါင်းပါး အစာရှားပါသည်။ သို့သော် အမေရိကန်နိုင်ငံသား သူဌေးတစ်ယောက်က အီသီယိုပီးယားနိုင်ငံသို့ ရောက်သွားသော်လည်း မဆင်းရဲချေ။ သူ့မှာ သူ့နိုင်ငံကလာကတည်းကပင် သူလိုအပ်တဲ့ သုံးငွေကို ယူဆောင်လာပြီးသား ဖြစ်ပါသည်။ အသင့်ပါမလာခဲ့သည့်တိုင် လှမ်းမှာလိုက်ရင် နည်းလမ်းတစ်မျိုးမျိုးဖြင့် သူ့ဆီရောက်အောင် ပို့ပေးလိုက်လို့ ရပါသည်။



# မောင်ဉာဏ်လင်း (တောင်ကုတ်)

# ပြိတ္တာတို့ရဲ့ မေတ္တာတရား



www.burmeseclassic.com

www.burmeseclassic.com

ပြိတ္တာဘုံကား ထိုသို့ မဟုတ်ပေ။ ဝေါ်မွတ်သူတို့ရဲ့ နေရာသာ ဖြစ်ပါသည်။ ပြိတ္တာဘုံ ရောက်နေပါလျက်နှင့် လူ့ပြည်က ပါလာတဲ့ ရိက္ခာလေး ရှိနေလို့၊ နတ်ပြည်က ပါလာတဲ့ ရိက္ခာလေး ရှိနေသေးလို့ စသည်ဖြင့် အခြား တစ်နေရာက ယူဆောင်လာတဲ့ စားသောက်ဖွယ်ရာများ ဖြင့် အဆင်ပြေနေသည်ဟူ၍ လုံးဝမရှိပေ။ ဝေါ်မွတ် ခေါင်းပါး အစာရှားသူတို့ချည်း သီးသန့်နေရာ ဘုံဌာန တစ်ခု ဖြစ်ပါသည်။

အခြားဘုံဌာနက ယူဆောင်လာလို့ အဆင်မပြေ၊ ယူဆောင်လာလို့ မရလျှင် ထိုဘုံ၌ပင် မိမိတို့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယအားဖြင့် ကြိုးစားလုပ်ကိုင်ပြီး စားသောက် မှာပေါ့လို့ တွေးစရာရှိ၏။ ထိုသို့လည်း လုပ်ကိုင်စား သောက်နိုင်ခွင့် မရှိပေ။ န ဟိ တတ္ထ ကသိ အတ္ထိ- လယ်ယာမြေ၊ လယ်ထွန်ခြင်းသည် ထိုပြိတ္တာဘုံ၌ မရှိဟု မြတ်ဘုရား ဟောပြထား၏။ ထွန်စရာ လယ်မရှိလျှင် နွားကျောင်းမှာပေါ့လို့ တွေးစရာ ရှိ၏။

ဂေါရက္ခေတ္ထ န ဝိဇ္ဇတိ-နွားကျောင်းခြင်းသည်လည်း ထိုပြိတ္တာဘုံ၌မရှိဟု မြတ်ဘုရား ဟောပြထားပါသည်။ ဒါဆို ကုန်သည်လုပ်စားမှာပေါ့လို့ တွေးချင်စရာ ဖြစ်လာပြန်၏။ ဝဏိဇ္ဇာ တာဒိသီ နတ္ထိ-ကုန်သည်အလုပ်၊ ကုန်သွယ်ခြင်းဆိုတာလည်း ထိုပြိတ္တာဘုံ၌ မရှိဟု ဆိုပါသည်။ ရွှေနှင့် ရောင်းဝယ်စားဖို့ကလည်း ဟိရညေန ကယာကယံ-ရွှေဖြင့် ရောင်းခြင်း၊ ဝယ်ခြင်းလည်းပဲ ထိုဘုံ၌ မရှိချေ။

အလုပ်အကိုင် အခွင့်အလမ်း လုံးဝမရှိတဲ့ ဘုံဌာနပါ။ ဝင်ငွေ၊ သုံးငွေ၊ ရင်းနှီးငွေဟူ၍ လုံးဝမရှိတဲ့ ဘုံဌာန ဖြစ်ပါသည်။ ဒါဖြင့် ဘယ်လိုလုပ်ပြီး ဘာကိုစားကာ အသက်ရှင်သန်ကြတာလဲလို့ မေးရပေမည်။

ထိုအကြောင်းကိုမူ မြတ်ဘုရားက ပေတာ ကာလ ကတာ တဟိံ-ဤဘဝမှ သေလွန်၍ ပြိတ္တာဘုံဘဝသို့ ရောက်ကြကုန်သော သူတို့သည်။ ဣတော ဒိန္နေန ယာပေန္တိ-ဤဘဝက ဆွေမျိုးမိတ်သင်္ဂဟတို့ ပေးကမ်းလှူ ဒါန်းအပ်သော ပတ္တိဒါနအလှူဖြင့် မျှတကြရကုန်၏။ ခန္ဓာ ကိုယ် အတ္တဘောကို ဖြစ်တည်ရှင်သန်ကြကုန်၏လို့ ဟော ပြထားပါသည်။

သို့သော် ဤဘဝနေ ဆွေမျိုးမိတ်သင်္ဂဟများက နေ့စဉ်နှင့်အမျှ ဆိုသလို ထာဝရ လှူဒါန်းပေးကြပါ သလားလို့ တွေးကြည့်ရင် သေလွန်သူအား ကျန်ရစ်သူ တို့က နေ့စဉ်နှင့်အမျှ ရည်ညွှန်းလှူဒါန်းပေးနိုင်ခြင်း မရှိ ချေ။ ထိုအကြောင်းကို ဘုရားဟောဖို့ပင် မလို၊ မိမိတို့ ကိုယ်တိုင် နေ့စဉ် မလှူဖြစ်သည်ကို ကြည့်ရုံဖြင့် သိနိုင်ပါ သည်။ ထိုအခြေအနေကို ဗုဒ္ဓက 'ပဟူတေ အန္နပါနမှိ- အစာရေစာ၊ စားစရာသောက်စရာတွေ အထင်အရှား များ စွာရှိနေသော်လည်း၊ ခဇ္ဇေ ဘောဇ္ဇေ ဥပဋ္ဌိတေ-ခဲဖွယ်ဘော ဇဉ်သည် အထင်အရှား များစွာရှိနေပါသော်လည်း၊ န တေသံ ကောစိ သရတိ-ထိုပြိတ္တာတို့အား တစ်စုံတစ် ယောက်ကမှ သတိမရကြ' လို့ ဟောပြထားပါသည်။

ထိုသို့ လူ့ပြည်လောက လူ့ဘဝနေ ဆွေမျိုးမိတ် သင်္ဂဟတွေမှာ စားစရာသောက်စရာ အစာရေစာ ခဲဖွယ် ဘောဇဉ်တွေ အထင်အရှား ရှိနေစဉ်မှာ ထိုပြိတ္တာတို့သည် ဤနေ့ ဤရက် ဤအချိန်မှာတော့ ငါတို့အား ရည်ညွှန်း မျှဝေတန်ကောင်းရဲ့လို့ မျှော်လင့်ချက် တပွေ့တပိုက်ကြီး နှင့် မျှော်လင့်စောင့်စားနေကြပါသည်။ သို့သော် န တေသံ ကောစိ သရတိ-သူတို့ကို ဘယ်သူမှ သတိမရကြပါဘူး လို့ မြတ်ဘုရား ဟောပြပါသည်။

ထိုဟောပြောချက်ကို ပြိတ္တာတို့ရဲ့ ခံစားချက်အသွင် ပြောင်းခံစားကြည့်ပါက ဧရာမဝမ်းနည်းစရာကြီး ဖြစ်ပါ သည်။

သို့သော် လူ့လောကနှင့် ပြိတ္တာလောကတို့ ဆက်စပ် ဖြစ်ပျက်လျက် လူနှင့်ပြိတ္တာတို့ ကွာဟခြားနားနေပုံကို ထိုသို့ ဟောပြခြင်းကြောင့် လူသားနှင့် ပြိတ္တာတို့ အပြန် အလှန် ဝမ်းနည်းပြီး စိတ်ဆိုး စိတ်ကောက်ကာ ဝမ်းနည်း အားငယ်စရာ ဖြစ်မလာစေလို။ အမှန်အတိုင်းသာ နား လည်သိမြင်စေလို၏။ ထို့ကြောင့် ဘုရားက ထိုအကြောင်း ကို သတ္တာနံ ကမ္မပစ္စယာ-ထိုပြိတ္တာတို့၏ ကံတည်းဟူ သော အကြောင်းကြောင့်၊ န တေသံ ကောစိ သရတိ- ဘယ်သူကမှ သူတို့ကို သတိမရနိုင်ကြဘူးလို့ ကံကိုပင် အကြောင်းတရားအဖြစ် လက်ညှိုးထိုးပြပါသည်။

ဘာကံလဲဆိုရင် အဒါန-မပေးလှူခဲ့ခြင်း၊ ဒါနပဋိ သေဓ-သူများပြုတဲ့ အလှူဒါနကို မလှူရန် တားမြစ်ခြင်း စတဲ့ ကံတွေပါတဲ့။ ထိုကံတွေကို ထိုပြိတ္တာတို့ကိုယ်တိုင် ပြုလာခဲ့ကြပေသည်။ ယင်းကံကြောင့် ပြိတ္တာတို့အား ဤ

www.burmeseclassic.com

လောကနေ ဆွေမျိုးမိတ် သင်္ဂဟတို့က ဘယ်သူမှ သတိမရနိုင်ခြင်း ဖြစ်ပါသည်။ ဟိုမှာလည်း လုပ်စားလို့ကမရ။ ဒီကလည်း သတိမရနိုင်ကြ။ ငတ်မွတ်ခေါင်းပါး အစာရှား၍ ဆာလောင်မွတ်သိပ်ခြင်းကိုပဲ အာဟာရပြုကာ အသက်ရှင်သန်နေကြရ၏။ ဒုက္ခဆိုမှ တကယ့်ဒုက္ခကြီးပါ။ သနားစရာ အလွန်ကောင်းပါသည်။

ထိုသို့ ရောမဒုက္ခကြီးနှင့် နပန်းလုံးရင်း၊ ဆွေမျိုးမိတ်သင်္ဂဟတို့ မျှဝေလာမည့် ပတ္တိဒါနကို မျှော်လင့်စောင့်စားရင်း ဆာလောင်မွတ်သိပ်ခြင်းကို အဖော်ပြုကာ ဘဝခရီးကြမ်းကို မနားတမ်း လျှောက်လှမ်းနေကြရ၏။

(၉၂)ကမ္ဘာကြာမှ အမျှရကြတဲ့ ပြိတ္တာတို့ရဲ့ မျှော်လင့်စောင်းစားခြင်းကား အနှစ်တစ်ထောင်မှ တစ်ခါပွင့်တဲ့ အာသာဝတီနွယ်နီနတ်ပန်းကို စောင့်စားရသည်ထက်မက ပင်ပန်းနွမ်းလျှပါသည်။ အစာအာဟာရကို မျှော်လင့်တောင့်တရင်း ဆာလောင်မွတ်သိပ်ခြင်းကိုပင် အာဟာရအဖြစ် စားသောက်နေကြရ၏။

မိမိကံကိုလည်း အားကိုးလို့မရ၊ သူတစ်ပါး မျှဝေလာမည့် ပတ္တိဒါနကလည်း မသေချာမရေရာနှင့် မိုးကိုမျှော်၍ ပျိုးရင့်နေကြရသည့် ထိုပြိတ္တာတို့ရဲ့ ဘဝအခြေအနေကို ဗုဒ္ဓက လက်တွေ့ကျကျ မြင်အောင်ပြကာ ဟောဖော်ပြသခဲ့၍ ယခုအခါ ဗုဒ္ဓဘာသာဝင်တို့ကား ဗုဒ္ဓတရားတော်အရ ပတ္တိဒါန လှူမျှဝေလေ့ရှိကြပေသည်။

ထိုသို့ လှူမျှဝေသည်နှင့် အခါသင့်လို့ အခွင့်ကြောင်းကြုံလျှင် ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုကြ၏။ သာဓုခေါ်ဆိုသည့် ခဏ၌ပင် နတ်၌ဖြစ်သော အစာရေစာ၊ အဝတ်တန်ဆာ၊ နေရာထိုင်ခင်းတို့ကို ရရှိကာ ချမ်းသာသုခ ခံစားကြရပေသည်။

မီးလောင်ပြင်မှာပွင့်သော ပန်းအလား ဒုက္ခကြားက ခက်ခက်ခဲခဲရလာတဲ့ ယင်းချမ်းသာသုခကို သူတို့ ရရှိခံစားရသောအခါ ဘာ့ကြောင့် ငါတို့ ရရှိခံစားကြရတာလဲ။ ဘယ်သူတွေက ငါတို့အား ချမ်းသာသုခကို ပေးအပ်တာလဲ။ ပေးပို့လိုက်တာ ဘယ်သူလဲလို့ စဉ်းစားကြပါသည်။

ထိုသို့ စဉ်းစားလိုက်သောအခါ ဤဘဝကနေ လှူမျှဝေနေကြတဲ့ ပတ္တိဒါနရှင်များကို တွေ့မြင်ပါသည်။ ငါ့အမေက ငါ့ကို မျှဝေပေးတာ။ ငါ့အဖေက ငါ့ကို မျှဝေပေးတာ။ ငါ့ ဦးလေး၊ ဒေါ်လေးတို့က ငါ့ကို မျှဝေပေးတာ။ ငါ့အစ်ကိုကြီးက ငါ့ကို မျှဝေပေးတာ။ ဒီနေ့တော့ ငါ့အစ်မကြီးက ငါ့ကို အမျှဝေပေးမတဲ့။ ဒီတစ်ခါတော့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေက အမျှပေးဝေ သာဓုခေါ်စေသတဲ့။ ငါ့မိန်းမ၊ ငါ့သားသမီးတွေက အမျှပေးဝေသာဓုခေါ်စေတာပဲ စသည်ဖြင့် တွေ့မြင်သိရှိပါသည်။

ဣဒံ ဝေါ ဉာတီနံ ဟောတု-ဤကောင်းမှုသည် ဆွေမျိုးပြိတ္တာတို့အတွက် ဖြစ်ပါစေလို့ ရည်ညွှန်းမျှဝေနေသည်ကိုလည်း တွေ့၏။ ထို့အပြင် သုခိတာ ဟောန္တု ဉာတယော-ဆွေမျိုးပြိတ္တာတို့သည် ဤကောင်းမှုရဲ့ အကျိုးအာနိသင်ကို ရရှိခံစားလျက် ချမ်းသာကြပါစေသတည်းလို့ မေတ္တာဝေမျှ ပို့သနေကြသည်ကိုလည်း တွေ့မြင်ကြပေသည်။

ထိုသို့ တွေ့မြင်သိရှိသောကြောင့် စိရံ ဇီဝန္တုနော ဉာတိ-ငါတို့ ဆွေမျိုးတွေ ရှည်ကြာလေးမြင့်စွာ အသက်ရှည်ကြပါစေလို့ မေတ္တာပို့သကြပါသည်။ ဘာ့ကြောင့်လဲဆိုရင် ယေသံ ဟေတု လာဘာမသေ-ငါတို့ အခုလို ချမ်းသာသုခ ခံစားကြရတာ ဒီဆွေမျိုးတွေ... အမျှပေးဝေသာဓုခေါ်စေတဲ့အတွက်ပါပဲလို့ သိမြင်နားလည်သောကြောင့် ဖြစ်ပါသည်။

မှန်၏၊ ဒီဘဝနေ ကျန်ရစ်သူ ဆွေမျိုးတို့က မြတ်ဘုရားရဲ့ တရားတော်အရ တမလွန်ဘဝရောက် ဆွေမျိုးပြိတ္တာတို့ထံသို့ မျှဝေပေးပို့နည်းကို သိမြင်လို့၊ ဆွေမျိုးပြိတ္တာတို့အား သနားကရုဏာဖြင့် လဲနေသူ ထူပေးချင်လို့ အလှူအတန်းပြုကာ မိမိတို ရရှိထားပြီး ကုသိုလ်၏ အဖို့ဘာဂဆိုတဲ့ ပတ္တိကို ဆွေမျိုးပြိတ္တာတို့အား တစ်ဖန်ပြန်၍ လှူမျှဝေခြင်း ဒါနပြုပါသည်။ ထို့ကြောင့် ဒါယကာနံ ဉဒ္ဒိသနေန-ဒါယကာတို့၏ ရည်ညွှန်းမျှဝေခြင်းဆိုတဲ့ အင်္ဂါတစ်ရပ် ညီညွတ်သွားပါသည်။

ထိုသို့ လှူမျှဝေခြင်း ပတ္တိဒါနကို ဆွေမျိုးပြိတ္တာတို့ကသိ၍ သာဓု..သာဓု..သာဓုဟု ဝမ်းမြောက်နှမော် သာဓုခေါ်ကြ၏။ ထို့ကြောင့် အတ္တနော အနုမောဒနေန-မိမိတို့ကိုယ်တိုင် ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုခြင်းဆိုတဲ့ ဒုတိယအင်္ဂါတစ်ရပ်လည်း ညီညွတ်သွားပါသည်။ ဒက္ခိဏေယျ သမ္ပတ္တိယာအလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းဆိုတဲ့ အင်္ဂါတစ်ရပ်သာ လိုတော့၏။

www.burmeseclassic.com

ယင်းအင်္ဂါရပ်မှာလည်း သီလဝန္တပုဂ္ဂိုလ် (သို့မဟုတ်) သံဃာကို ရည်မှန်းလှူဒါန်းလျှင် ပြည့်စုံတော့၏။ ပြည့်စုံခြင်းကြောင့်ပင် ပြိတ္တာတို့ အမျှရကြ၏။ ထိုသို့ရရှိ၍ပင် ယနေ့ ငါ့ဆွေမျိုး ဘယ်လူ၊ ငါ့မိတ်ဆွေ ဘယ်လူတို့က ငါ့အား ရည်ညွှန်းလှူဒါန်း မျှဝေကြတာဘဲ။ သူတို့ကြောင့် ဒီလိုချမ်းသာသုခမျိုးကို ငါတို့ အခုလို ခံစားရတာပဲလို့ သိပါသည်။ ထိုသို့ သိသောကြောင့်ပင် စိရံ ဇီဝန္တု ဉာတိ-ငါတို့ ဆွေမျိုးတွေ ရှည်ကြာလေးမြင့်စွာ အသက်ရှည်ကြပါစေလို့ မေတ္တာပို့သ၊ ဆုတောင်းပေးကြခြင်း ဖြစ်ပါသည်။

မေတ္တာသည် အစေးနှင့် တူ၏။ အစေးဖြင့် ကပ်ထားသော အရာသည် မကွဲမပြားဘဲ စည်းလုံးနေဘိသကဲ့သို့ မေတ္တာဖြင့် ဖွဲ့စည်းအပ်သော လောကသည်လည်း မကွဲမပြားဘဲ တစ်သွေးတစ်သားတည်း စည်းလုံးနေ၏။ ဟုတ်ပါသလားလို့ မမေးပါနှင့်။ တွေးလည်း တွေးမနေပါနှင့်။ အခုပဲ လက်တွေ့သိမြင်နေရသည် မဟုတ်ပေလော။

ဘုံဌာနခြားပြီး သဘာဝကွဲပြားနေတဲ့ လူ့လောကနှင့် ပြိတ္တာလောကကိုပင် စေတနာမခြားဘဲ တစ်သားတည်း ဖြစ်နေအောင် မေတ္တာတရားက ဖွဲ့စည်းထားနိုင်သည်။ ဘာသာရေးအသိဉာဏ် မျက်လုံးဖြင့် အသေအချာကြည့်ပါက လူ့လောကနှင့် ပြိတ္တာလောကကို လူနှင့် ပြိတ္တာတို့က ပတ္တိဒါန၊ ပတ္တာနုမောဒနာတို့ဖြင့် မေတ္တာပေါင်းကူးနေကြသည်ကို တွေ့မြင်နိုင်ပေသည်။

ဤတွင် ပြိတ္တာတို့ရဲ့ မေတ္တာတရားဆိုတဲ့ ခေါင်းစီးနှင့် တိုက်ရိုက်မပတ်သက်သော်လည်း ဆက်စပ်လာ၍ တောဲ့ညှပ်လိုပါသေး၏။ ဘာသာရေးဗဟုသုတ နည်းသူများအနေဖြင့် တစ်ဖက်က 'ဣဒံ ဝေါ ဉာတီနံ ဟောတု-ဤကုသိုလ်ကောင်းမှုသည် ဆွေမျိုးပြိတ္တာတို့အတွက် ဖြစ်ပါစေ။ သုခိတာ ဟောန္တု ဉာတယော-ဤကောင်းမှုရဲ့ အဖို့ဘာဂကို ရရှိကြပြီး ဆွေမျိုးပြိတ္တာတို့ ချမ်းသာကြပါစေသတည်း'လို့ ပြောဆိုပေးလိုက်ရုံဖြင့် တစ်ယောက်ပြုတဲ့ ကုသိုလ်ကံက အခြားတစ်ယောက်အတွက် အကျိုးပေးလေရော့သလားလို့ တွေးစရာ မေးစရာ ဖြစ်နေပါသည်။

အဋ္ဌကထာဆရာက တကယ်တော့ ထိုသို့ရည်ညွှန်းလှူဒါန်းအပ်သော ထိုလှူဖွယ်ဝတ္ထုသည် ဆွေမျိုးပြိတ္တာတို့၏ ကုသိုလ်ကောင်းမှုအတွက် အထောက်အပံ့ကောင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုဆွေမျိုးပြိတ္တာတို့အား ထိုလှူဖွယ်ဝတ္ထုသည် လှူသော ထိုခဏ၌ပင် ကုသိုလ်ကံ ဖြစ်သွားပါသည်။ ထိုကုသိုလ်ကံက ချက်ချင်းလက်ငင်း အကျိုးပေးခြင်း ဖြစ်ပါသည်။ ထိုအကြောင်းကို ပြသလို၍ တေ စ တတ္ထ သမာဂန္တွာ၊ ဉာတိပေတာ သမာဂတာလို့ မြတ်ဘုရား ဟောပြတာပဲလို့ ရှင်းပြပါသည်။

မှန်၏။ ပါဠိတော်တွင် မြတ်ဘုရားက 'ငါတို့ရဲ့ ဆွေမျိုးတွေက ငါတို့အတွက် ရည်ညွှန်းလှူဒါန်းနေကြပြီ ဟော့ဆိုပြီး ဝမ်းမြောက်နှမော် သာဓုခေါ်ဖို့ရာ အညီအညွတ် လာရောက်ကြ၏။ စားသောက်စရာ၊ ခဲဖွယ်ဘောဇဉ်၊ အဝတ်အထည်၊ နေရာထိုင်ခင်း စသည်တို့ကို မိမိတို့အား ရည်ညွှန်းပြီး လှူဒါန်းကြသည်ကို မြင်တွေ့သည်နှင့် တစ်ပြိုင်နက် 'သက္ကစ္စံ အနုမောဒရေ-ကံ၏အကျိုးကို ယုံယုံကြည်ကြည်နှင့်ပင် ဒီအလှူက ငါတို့အစီးအပွား ချမ်းသာများခြင်းငှာ ဖြစ်ပါစေ၊ ဖြစ်မှာပါလို့ ရွှင်လန်းဝမ်းမြောက်စွာ တရိုတသေ သာဓုခေါ်ဆိုကြပေသည်'လို့ ဟောပြထားပါသည်။

ဆိုလိုသည်ကား ဤဘဝကနေ ကျန်ရစ်သူ ဆွေမျိုးမိတ်သင်္ဂဟတို့က တမလွန်ဘဝရောက် ဆွေမျိုးပြိတ္တာတို့အား ရည်ညွှန်းလှူဒါန်းသည့်အခါ ရည်ညွှန်းခံ ယင်းဆွေမျိုးပြိတ္တာတို့လည်း 'ဒီနေရာမှာ ဒီလူတွေက ငါတို့ကို ရည်ညွှန်းလှူဒါန်းနေကြပြီ။ ငါတို့အတွက် အလှူဟာ ငါတို့ရဲ့ အလှူပဲပေါ့'လို့ ဝမ်းမြောက်ဝမ်းသာစွာ ရောက်လာကြပြီး 'ကောင်းပါပေတယ်၊ ကောင်းပါပေတယ်လို့ ဝမ်းမြောက်နှမော် သာဓုခေါ်ကြသည်'ဟု ဆိုလိုပါသည်။

ကိုယ်တိုင် လှူနိုင်စွမ်းမရှိ၊ မလှူတတ်တော့လို့ ကိုယ့်အတွက် သူများက ကိုယ်စားလှူပေးသည်ကို ကိုယ်က ဝမ်းမြောက်ပါသည်ဆိုမှတော့ ကိုယ်တိုင်လှူတာနှင့် အတူတူပဲပေါ့လို့ နားလည်သင့်၏။ နားလည်စေချင်ပါသည်။ ဤသဘောကို လက်ခံလျှင် ပြိတ္တာတို့အား ရည်ညွှန်းလှူဒါန်းအပ်သော ပေတဒါန အလှူသည် ပြိတ္တာတို့ရဲ့ အလှူပင်ဖြစ်ကြောင်း နားလည်သွားပေမည်။

ပြိတ္တာတို့က သူတို့အလှူလို့ အောက်မေ့မှတ်ထင်တဲ့ အတွက်ကြောင့်ပင် 'အမှာကဉ္စ ကတာ ပူဇာ-ငါတို့အား ပူဇော်မှုပြုရာလည်း ရောက်ပါတယ်။ ဒါယကာ စ

www.burmeseclassic.com



အနိပ္ပလာ-အေးပါ၊ အေးပါ။ ကောင်းတာပါပဲ။ လှူဒါန်းပေးကမ်းကြတဲ့ ဒါယကာတွေမှာလည်း အကျိုးရှိပါတယ်' လို့ ပြောဆိုထားပုံ မြတ်ဘုရား ဟောပြထားပါသည်။

ဤကား ပေတဝတ္ထု ပါဠိတော်၊ အဋ္ဌကထာနှင့် ခုဒ္ဒကပါဌပါဠိတော်၊ အဋ္ဌကထာတို့၌ လာရှိသော တိရောကုဋ္ဋ ပေတဝတ္ထုနှင့် တိရောကုဋ္ဋသုတ် အဖွင့်အတိုင်း တင်ပြခြင်း ဖြစ်ပါသည်။ ထို့အပြင် အခြားသုတ္တန်တို့၌ လာရှိသော ဟောပြောချက်များလည်း ရှိပါသေး၏။

ယင်းဟောပြောချက်များကို မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်ကျမ်း (ပိုဒ်-၂၃၀)၌ 'နှစ်ဝဒုသု၊ ကိုယ်တိုင်ပြုနှင့်၊ သူ့ကိုစေပြား၊ ရှင်အားနှစ်သက်၊ ချီးမွမ်းမြွက်ဟု၊ လေးချက်ဆယ်လီ၊ လေးဆယ်စီတည်း၊ မျှညီပြစ်ကျိုး၊ တူရိုးအဟုတ်၊ မြတ်သွာမွှန်ဒ်တို့၊ မယုတ်မယို၊ ဟောမိန့်ဆိုခဲ့' ဟု စပ်ဆိုထားပါသည်။

အဓိပ္ပာယ်က ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် ကိုယ်တိုင်ပြုသူ၊ ပြုရန်စေခိုင်းသူ၊ သူတစ်ပါးပြုနေသည်ကို အားရဝမ်းသာဖြစ်သူ၊ အဲလိုလုပ်တာ ကောင်းတယ်ဟု ချီးမွမ်းစကားဆိုသူအားဖြင့် ဤသူ လေးယောက်တို့သည် ကုသိုလ်ကောင်းမှုဆိုပါက ကောင်းကျိုးချမ်းသာကို ညီတူညီမျှ ရကြ၏။ အကုသိုလ် မကောင်းမှုဆိုပါကလည်း မကောင်းကျိုး၊ ဆိုးပြစ်ကို ညီတူညီမျှ ရကြသည်ဟူ၍ ဖြစ်ပါသည်။

ထိုဟောပြောချက်အရလည်း ယခု ပတ္တိဒါန အလှူ့ရှင်တို့ ပြုလုပ်မျှဝေတဲ့ ကုသိုလ်ကောင်းမှုကို ဆွေမျိုးပြိတ္တာတို့က ဝမ်းမြောက်နုမော် သာဓုခေါ်သောကြောင့် ဤလှူဘဝက ပတ္တိဒါနအလှူ့ရှင်နှင့် ပြိတ္တာဘုံဘဝနေ သာဓုခေါ်တဲ့ ပတ္တာနုမောဒနာရှင် ပြိတ္တာတို့ ကုသိုလ်ကောင်းမှုရဲ့ ကောင်းကျိုးချမ်းသာကို ညီတူညီမျှ ရကြသည်ပင်။

ထို့ကြောင့် 'ဣဒံ ဝေါ ဉာတီနံ ဟောတု-ဤကောင်းမှုသည် ဆွေမျိုးပြိတ္တာတို့အတွက် ဖြစ်ပါစေ' လို့ ရည်ညွှန်းမျှဝေလိုက်သည့် လူသားတို့လုပ်တဲ့ ကုသိုလ်သည် ပြိတ္တာတို့အတွက် ကောင်းကျိုးဖြာနိုင်၏။ တစ်ဦးလုပ်တဲ့ ကုသိုလ်က တစ်ဦးအား ကောင်းကျိုးပေးနိုင်ပေသည်။

ကောင်းကျိုးပေးနိုင်၍ ကောင်းကျိုးရကြ၏။ ကောင်းကျိုး ခံစားရသောကြောင့်ပင် ထိုပြိတ္တာတို့က 'စိရံ ဇီဝန္တု နော ဉာတီ-ငါတို့ ဆွေမျိုးတွေ အသက်ရှည်ကြပါစေ' လို့ မေတ္တာပို့သကြခြင်း ဖြစ်ပါသည်။

* လှူမျှဝေနေ၊ တို့မျိုးဆွေ၊ သက်ရှည်ကြပါစေ။
* လှူမျှဝေနေ၊ တို့မျိုးဆွေ၊ ကျန်းမာကြပါစေ။

လို့ ပြိတ္တာတို့က ပြန်လည်ကာ မေတ္တာပို့သကြ၏။

ပြိတ္တာတို့ ပို့သသော ထိုမေတ္တာကို လူ့လောကနေ ရည်ညွှန်းမျှဝေသူ ဆွေမျိုးသားချင်း မိတ်ဆွေရင်းတို့ သိနိုင်ခဲ့ပါမူကား မိမိလုပ်ရပ် မဟာကုသိုလ်မြတ်အား ကျေနပ်အားရသည့်အပြင် ပေတလောကသားတို့အတွက် ပေတဒါန ရည်ညွှန်းမျှရန် အစဉ်ထာဝရ တက်ကြွနေလိမ့်မည် ထင်ပါသည်။

လူ့လောကနှင့် ပေတလောက၊ လူနှင့် ပြိတ္တာတို့ အပြုံးချင်း တုံ့လှည့်ဖလှယ်နိုင်ကြစေရန် ပြိတ္တာတို့ရဲ့ မေတ္တာတရားကို နားလည်ထားသင့်၏။ နားလည်နိုင်ကြပါစေလို့ စေတနာထားကာ ရေးသားတင်ပြလိုက်ပါသည်။

ချစ်စွာသော စာရှုသူများ
ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ
မောင်ဉာဏ်လင်း(တောင်လှုတ်)

<u>ကျမ်းကိုး</u> * ပေတဝတ္ထု အဋ္ဌကထာ။
* ခုဒ္ဒကပါဌ. အဋ္ဌကထာ။



www.burmeseclassic.com

www.burmeseclassic.com

ရှာမှီးခြင်းလို့ အဓိပ္ပာယ်ရတဲ့ သုတ္တန်တစ်ခုမှာ မတူညီတဲ့ ရှာဖွေပုံနှစ်မျိုးကို မြတ်ဘုရား ဟောကြားပြထားပါသည်။ ရှာဖွေတဲ့ ပုဂ္ဂိုလ်အမျိုးအစားလည်း မတူညီပေ။ ပထမခေါင်းစီးကို 'အနရိယ-အရိယာ မဟုတ်သူတို့၏၊ ပရိယေသနာ-ရှာမှီးခြင်း' လို့ မြတ်ဘုရား ပေးထားပါသည်။ အရိယာ မဟုတ်ဘူးဆိုလျှင် ပုထုဇဉ်ပဲလို့ နားလည်ရ၏။ ပုထုဇဉ်ဆိုလျှင် အချို့က လူ့လောကထဲက ရဟန်း၊ ရှင်၊ လူများကိုသာ တန်းမြင်တတ်ကြပါသည်။

ဓမ္မာစရိယ

# ဦးတောဝင်း

# ရှာဖွေခြင်း အတွေးခများ





www.burmeseclassic.com

www.burmeseclassic.com

နတ်,ဗြဟ္မာတို့ကို သတိရသူ နည်းပါသည်။ အကယ်၍ လူ့ပြည်လောက်ကိုသာ ရည်ရွယ်ဟောပါက 'ပုထုန္တနမနုဿာနံ-ပုထုဇဉ်လူပုဂ္ဂိုလ်တို့၏၊ ပရိယေသနာ-ရှာမှီးခြင်း' စသည်ဖြင့် မြတ်ဘုရား သုံးနှုန်းပေမည်။ ထိုသို့ မသုံးနှုန်းဘဲ 'အနရိယ-အရိယာ မဟုတ်သူ' လို့ သုံးနှုန်းခြင်းကား အရိယာမှတစ်ပါးသော ပုထုဇဉ်အားလုံးကို သိမ်းကျုံးယှဉ်စေလိုသောကြောင့် ဖြစ်ပါသည်။

'စတဿော ဣမာ ဘိက္ခဝေ အနရိယ ပရိယေသနာ-ဒီလေးမျိုးဟာ အရိယာ မဟုတ်သူတို့ရဲ့ ရှာမှီးခြင်းပါပဲ ချစ်သားတို့' လို့ တရားနိဒါန်း ချီလိုက်ပါသည်။

ရဟန်းတော်များက ဘာမျှပြန်လှည့်ဆွေးနွေးခြင်း မရှိ၍ 'ကတမာ စတဿော-လေးမျိုးဆိုတာ ဘာတွေလဲ' လို့ မေးခွန်းထုတ်လိုက်ပါသည်။ ကိုယ်မေးပြီး ကိုယ့်ဘာသာ ဖြေပြချင်လို့ ထုတ်တဲ့ မေးခွန်းမျိုးပါ။ စာပေသံနှင့်ပြောလျှင် ကထေတုကမျတာပုစ္ဆာလို့ ခေါ်ပါသည်။ ကထေတု-ဖြေကြားပြခြင်းငှာ၊ ကမျတာ-အလိုရှိ၍၊ ပုစ္ဆာ-မေးမြန်းတော်မူခြင်းပါပဲ။

တကယ့်တကယ် ဟောပြောတဲ့ခါ 'ဣဓ ဘိက္ခဝေ ဧကစ္စော-ချစ်သားတို့ ဤလောကမှာ အချို့,အချို့သောသူတွေဟာ' လို့ ဆိုပြီး ကတ္တားပုဒ်ကို အစွန်းလွတ်အောင် ထုတ်ဆောင်တော်မူပါသည်။ အရိယာ မဟုတ်တဲ့ ပုထုဇဉ်လို့ ပုထုဇဉ်လောကကြီး တစ်ခုလုံးကို သိမ်းကျုံးပြီး ဟောပြတော်မမူချေ။ ပုထုဇဉ်အားလုံးကို သိမ်းကျုံးမြွှာဆိုပါက ရှေ့ဆက်ဟောမည့် တရားတော် အကျိုးမရှိဖြစ်သွားပေမည်။

ရှေ့ဆက်ဟောမည့် တရားတော်သည် မြင့်မြတ်ပြီးသား၊ လိမ္မာပြီးသား အရိယာများကို အဓိကထားကာ ဟောတဲ့တရား မဟုတ်။ မလိမ္မာ၊ မမြင့်မြတ်သေးတဲ့ ပုထုဇဉ်များကို လိမ္မာမြင့်မြတ်တဲ့ အရိယာတို့ လမ်းစဉ်သို့ သက်ဝင်လာအောင် ဟောပြောခြင်းသာ ဖြစ်ပါသည်။ အချို့ပုထုဇဉ်တွေလို့ ဆိုလိုက်ခြင်းကြောင့် ပုထုဇဉ်တိုင်း မဟုတ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားပါသည်။

ကျန်တဲ့ ပုထုဇဉ်အချို့ဟာ အရိယာတို့ ရှာမှီးခြင်းနှင့် အတူတူလားဆို အတူတူလည်း မဟုတ်ပေ။ ပုထုဇဉ်တို့ ရှာမှီးခြင်း မဟုတ်တဲ့အတွက် အရိယာတို့ ရှာမှီးခြင်းဘက်သို့ သက်ဝင်လုနီးပါး ရှိပါသည်။ ထိုသူများကို ရည်ရွယ်ပြီး 'ဣဓ ဘိက္ခဝေ ဧကစ္စော-ဤလောကနေ အချို့သူတွေ' လို့ ကတ္တားပုဒ် ထုတ်ပြခြင်း ဖြစ်ပါသည်။ လူ့ဘာကိုရည်ညွှန်းတာလဲလို့ အပြစ်မတင်ပါနှင့်။ မြတ်ဘုရားရဲ့ စကားတော် တိကျမှန်ကန်ပုံကို ကြည်ညိုနိုင်အောင် အနည်းငယ် ရှင်းပြခြင်းသာ ဖြစ်ပါသည်။

ဤသဘောကို အခြေအမြစ်ကျကျ နားလည်ထားပါက မြတ်ဘုရားရဲ့ တရားတော်အပေါ် ယုံကြည်မှု အားကောင်းပြီးသား ဖြစ်နေပါလိမ့်မည်။ တစ်စုံတစ်ယောက်က သဘာဝမကျတဲ့ ဟောပြောရေးသားမှု လုပ်လာပါက 'ဒါသူ မသိလို့ ပြောတာပါ။ ဘုရားကတော့ ဘယ်တော့မှ အပိုမပြော၊ အလိုလည်း မပြော၊ အမှားလည်း မဟောပါဘူး' လို့ အတိအကျ ဆုံးဖြတ်နိုင်၊ ယုံကြည်နိုင်ခြင်း အကျိုးကို စာဖတ်သူများ ရရှိထားစေချင်တဲ့ စေတနာသက်သက်ပါ။

အရိယာမဟုတ်တဲ့ ပုထုဇဉ်အချို့ဟာ ဘာတွေကိုများ ဘယ်လိုရှာမှီးနေကြတာလဲလို့ ရဟန်းတော်များ တွေးတောနေစဉ်မှာပင် မြတ်ဘုရားက 'အတ္တနာ ဇရာ ဓမ္မော သမာနော-မိမိတို့ ကိုယ်တိုင်က အိုမင်းရင့်ရော်နေရသူ ဖြစ်နေပါလျက်ကယ်နှင့်' လို့ တစ်ဖက်သားရဲ့ အမှားကို မိမိရဲ့ စဉ်းစားခန်းသဖွယ် ဝေါဟာရတင်ကာ စကားဆိုလာပါသည်။

မိမိတို့ ကိုယ်တိုင်က အိုမင်းရင့်ရော်နေရပါလျက်ကယ်နှင့်လို့ မြတ်ဘုရား စကားချီလိုက်သည်နှင့် ရဟန်းတော်များရဲ့ အသိစိတ်တွင် 'မိမိတို့လည်း အိုမင်းရင့်ရော်နေပါလား' လို့ သတိဝင်လာပါသည်။

ထိုသို့ သတိဝင်ကာ စဉ်းစားနေစဉ်မှာပင် 'ဇရာဓမ္မံယေဝ ပရိယေသတိ-အိုမင်းရင့်ရော်ခြင်း ဇရာတရားကိုပဲ ရှာမှီးနေကြတာပဲ' လို့ ထောက်ပြတော်မူလိုက်ပါသည်။

အို..ဘုရားပြောတာ ဟုတ်သားပဲလို့ သဘောကျစွာ တွေးတောရင်း အိုလျက်ပင် အိုရင်းကနေ အိုခြင်းကို ရှာဖွေသူ ဖြစ်နေမိတဲ့ မိမိအဖြစ်ကို ရှက်နိုးလာမိပေမည်။ မဖြစ်တော့ဘူး စတင်တော့မှရယ်လို့ သတိသမ္ပဇဉ် ဉာဏ်အမြင်ပါတဲ့ သမ္မပ္ပဓာန် လုံ့လ,ဝီရိယလည်း ထကြွလာပေလိမ့်မည်။ ရင်ထဲက တရားပွဲ အခြေအနေသည် အကောင်းဘက်သို့ ဦးတည်လာနေသောကြောင့် မြတ်ဘုရားက 'အတ္တနာ ဗျာဓိဓမ္မော သမာနော-မိမိကိုယ်တိုင်က ရှာနေ



www.burmeseclassic.com

www.burmeseclassic.com

ရသူဖြစ်ပါလျက်ကယ်နှင့်' လို့ နောက်ထပ် တရားစကား တစ်ခွန်းနှင့် မိတ်ဆက်ပေးလိုက်ပြန်ပါသည်။

တစ်ဆက်တည်းပင် 'ဗျာမိဓမ္မဲယေဝ ပရိယေသတိ-နာခြင်းတရားကိုပဲ ထပ်ကာ,ထပ်ကာ ရှာနေကြတာပဲ' လို့ အားမလို အားမရဟန်ဖြင့် ဟောပြလိုက်ပါသည်။ နေ့စဉ် နာနေရသူက နာရခြင်း ဗျာဓိတရားကိုပဲ နှစ်သက်ခုံမင်စွာ ရှာဖွေနေမိတဲ့ မိမိဖြစ်စဉ်ကို နောင်တအနေဖြင့် သံဝေဂရလာကြ၏။

တတိယမြောက်အနေဖြင့် 'အတ္တနာ မရဏဓမ္မော သမာနော-မိမိကိုယ်တိုင်က သေနေရသူ ဖြစ်ပါလျက်ကယ်နှင့်၊ မရဏဓမ္မံယေဝ ပရိယေသတိ-သေခြင်းတရားကိုပဲ ခုံမင်စွာ ရှာဖွေနေကြတာပဲ' လို့ ခပ်ပြင်းပြင်း ခပ်တင်းတင်း ဟောတော်မူလိုက်ပါသည်။

သေနေရသူက သေခြင်းတရားကို ထပ်ရှာနေတယ်၊ ထပ်ကာတလဲလဲ သေချင်နေတယ်လို့ ပြောဆိုလိုက်တဲ့ စကားဟာ မိမိနှင့်သက်ဆိုင်နေမလားလို့ တွေးမိရင် ရှက်စိတ်ဝင်မိပါသည်။ ဆက်လက်၍ ဘုရားရှင်က 'အတ္တနာ သံကိလေသဓမ္မော သမာနော-မိမိကိုယ်တိုင်က ပူလောင်၊ မည်းညစ်ခြင်းသဘော ရှိနေပါလျက်ကယ်နှင့်၊ သံကိလေသဓမ္မံယေဝ ပရိယေသတိ-ပူလောင် မည်းညစ်ခြင်းသဘောကိုပဲ လိုက်ရှာနေတာပဲ' လို့ လေးခုမြောက် နောက်ဆုံးတရားစကားကို ဟောကြားတော်မူလိုက်ပါသည်။

ဪ..ဟုတ်သားပဲလို့ ခေါင်းတညိတ်ညိတ်နှင့် သဘောကျသွားကြ၏။ အရိယာမဟုတ်တဲ့ ပုထုဇဉ်အချို့ဟာ (တစ်) အိုလျက်က အိုခြင်းကို ရှာနေကြ၏။ (နှစ်) နာလျက်က နာခြင်းကို ရှာနေကြ၏။ (သုံး) သေလျက်က သေခြင်းကို ရှာနေကြ၏။ (လေး) ပူလောင်နေရင်းက ပူလောင်ခြင်းကို ရှာဖွေနေကြ၏လို့ စိတ်ထဲက ရေရွတ်နေမိကြပေမည်။ ဤကား မြတ်ဘုရား ဟောကြားတဲ့ ပုထုဇဉ်အချို့ရဲ့ ရှာမှီးခြင်းလေးမျိုးပင် ဖြစ်ပါသည်။

ဆက်လက်၍ အရိယာတို့ရဲ့ ရှာမှီးခြင်း လေးမျိုးကို မြတ်ဘုရား ဟောပြတော်မူ၏။ အရိယာပုဂ္ဂိုလ်တွေဟာ 'အတ္တနာ ဇရာဓမ္မော သမာနော-မိမိကိုယ်တိုင်က အိုမင်းရင့်ရော်နေလျက်၊ ဇရာဓမ္မေ အာဒီနဝံ ဒိသွာ-ဇရာတရားရဲ့ အပြစ်ကို ကောင်းစွာထင်ထင် ဉာဏ်ဖြင့်သိမြင်၍၊ အဇရံ-အိုခြင်းကင်းတဲ့၊ ယောဂက္ခေမံ-ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရိယေသတိ-ရှာမှီးတာပဲ' လို့ မြတ်ဘုရား ဟောပြပါသည်။

နာလျက် မနာရာ၊ သေလျက် မသေရာ၊ ပူလောင်လျက် မပူလောင်ရာ နိဗ္ဗာန်ကိုသာ ရှာမှီးသတဲ့။ အရိယာနှင့် ပုထုဇဉ် အမြင်ချင်းကွာဟသလို ရှာမှီးပုံလည်း ကွာဟပါသည်။ ထို့ကြောင့် ကျောချင်းကပ်လျက် အရှေ့နှင့် အနောက်သို့ မျက်နှာမူကာ ပြေးနေကြသော လူနှစ်ဦးနှင့် တူကြောင်း ဥပမာဆောင်ပြလေ့ ရှိပါသည်။ ကျောချင်းကပ်နေသော အရိယာနှင့် ပုထုဇဉ်တို့ တဖြည်းဖြည်း ဝေးသွားကြ၏။ အရိယာနှင့် တဖြည်းဖြည်း နီးလာသည်ကား နိဗ္ဗာန်၊ ပုထုဇဉ်နှင့် တဖြည်းဖြည်း နီးလာသည်ကား အိုနာသေခြင်း၊ ပူလောင်ခြင်းဆိုတဲ့ ဝဋ်ဒုက္ခ။

ဤသဘောကို စာရေးသူ အတော်အတန် ရိပ်မိပါသည်။ သို့သော် ယခုတင်ပြတဲ့ ဘုရားဟောဒေသနာတော် ပရိယေသနသုတ္တန်အရ နားလည်ခြင်း မဟုတ်ပါ။ အခြားသော တရားဒေသနာတော်များကြောင့် ရိပ်မိခြင်းသာ ဖြစ်ပါသည်။ ဤပရိယေသန သုတ္တန်၌ကား ပုထုဇဉ်ရှာမှီးခြင်း လေးမျိုးနှင့် အရိယာရှာမှီးခြင်း လေးမျိုးကို အစဉ်အတိုင်း ဟောပြထား၏။

သို့သော် 'ဘယ်လိုရှာမှီးရင် အိုလျက် အိုရာကို ရှာနေရာရောက်တယ်။ နာလျက် နာရာကိုပဲ ဆက်ရှာနေရာရောက်တယ်။ သေလျက် သေရာကို ထပ်ရှာနေရာ ရောက်တယ်။ ပူလောင်မည်းညစ်လျက် ပူလောင်မည်းညစ်ရာကိုသာ ခုံမင်စွာ ရှာဖွေနေရာ ရောက်တယ်' ဟူ၍ကား ဟောပြထားခြင်း မရှိပေ။

ပုထုဇဉ်တွေ ဘာကို ဘယ်လိုရှာနေလို့ အို,နာ,သေခြင်း၊ ပူလောင်ခြင်းကို ထပ်ကာတလဲလဲ ဆက်ရှာနေရာ ရောက်နေရပါသလဲ။ မိမိတို့ရဲ့ နေ့စဉ် ရှာမှီးခြင်းသည် အို,နာ,သေကို ရှာဖွေနေခြင်းပေလော။

အိုခြင်းသဘော ရှိနေပါလျက် အိုရခြင်း သဘောကိုပဲ ရှာနေတယ်လို့ ပြောတာကို နားလည်ပါ၏။ အို,နာ,သေကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်သေး၍ နောက်ထပ် အိုနာသေရဦးမှာမို့ ထိုသို့ပြောခြင်း ဖြစ်ပါသည်။ သို့သော် ဘာကို ဘယ်လိုရှာရင် အို,နာ,သေကို ရှာရာရောက်တယ် ဆိုသည်ကိုမူ နားမရှင်းပါ။

စာရေးခြင်းအလုပ်ကိုပဲ နေ့စဉ် လုပ်နေတာ အို,နာ,

www.burmeseclassic.com

သေကို ရှာနေတာလား။ နေ့စဉ် လယ်လုပ်နေတာ အို၊နာ၊ သေကို ရှာနေတာလား။ နေ့စဉ် ဆေးကုသခြင်းအလုပ်ကို လုပ်နေတဲ့ ဆရာဝန်၊ ဆရာမတွေ အို၊နာ၊သေကို ရှာဖွေနေတာလား။ နေ့စဉ် တရားဟောနေတဲ့ ဘုန်းကြီးတွေ အို၊နာ၊ သေကို ရှာနေတာလား။ စဉ်းစားစရာ အတော်များပါ၏။

မွေ့စာပေများ နေ့စဉ် ရေးသားနေခြင်းသည် အို၊နာ၊ သေကို လိုက်ရှာနေရာ ရောက်သည်ဆိုလျှင် ဘဝင်မကျချင် ဖြစ်မိပါသည်။ ထို့ကြောင့် ဘာကို ဘယ်လိုရှာဖွေရင် အိုနာသေကို ရှာဖွေရာ ရောက်တယ်ဆိုတာ အတိအကျ သိချင်ပါသည်။

ထို့ကြောင့် စာရေးသူ အတွေးနယ်ချဲ့ကြည့်ပါသည်။ ဘာ့ကြောင့် ဘာကို ဘယ်လိုရှာတာ အို၊နာ၊သေ ဆိုတဲ့ ဝဋ်ဒုက္ခကို ရှာရာရောက်ပါသလဲလို့။ အရိပ်အယောင်အနေဖြင့် 'ယောဂက္ခေမံ-ယောဂလေးပါးတို့၏ ကုန်ခန်းရာ၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရိယေသတိ-ရှာမှီး၏' ဆိုတဲ့ ဘုရားစကားလေးကို သွားတွေ့၏။ အရိယာတို့ရဲ့ ရှာမှီးခြင်း ဆိုတာ အို၊နာ၊သေ သဘောဒ္ဓ အပြစ်ကို ကောင်းစွာ သိမြင်လို့ ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကို ရှာမှီးခြင်းလို့ ဘုရား ဟောပြထားပါသည်။

ပုထုဇဉ်တို့ရဲ့ ရှာမှီးခြင်းကို ပုံစံအနေအားဖြင့် မဟောပြပေမယ့် အရိယာတို့ ရှာမှီးခြင်းကို နည်းမှီပြီး စဉ်းစားနိုင်ပါသည်။ ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကို ရှာမှီးတာဟာ အရိယာတို့ရဲ့ ရှာမှီးခြင်းဟု မြတ်ဘုရား ဟောပြပါသည်။ အရိယာတို့၏ ရှာမှီးခြင်းသည် အို၊နာ၊သေကို ရှာမှီးခြင်းမဟုတ်။ ပြန်ပြောလျှင် ယောဂလေးပါး ကင်းရာ ကုန်ရာကို ရှာဖွေလျှင် အို၊နာ၊သေကို လိုက်ရှာနေခြင်း မဟုတ်ပေ၏။

သို့ဆိုလျှင် ယောဂလေးပါးမကင်းတဲ့ ရှာဖွေခြင်းဟာ အို၊နာ၊သေကို ရှာဖွေခြင်းပါပဲ။ ယောဂလေးပါးဆိုတာက ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂတို့ ဖြစ်ပါသည်။ တရားကိုယ်သဘောအားဖြင့် ပြောပါက လောဘ၊ ဒိဋ္ဌိ၊ မောဟ သုံးပါးဖြစ်ပါသည်။

လောဘဆိုတာ လိုချင်တပ်မက်ခြင်းသဘော၊ ဒိဋ္ဌိဆိုတာက မှားယွင်းတဲ့ အယူအဆ၊ မောဟဆိုတာက မိုက်းမောတွေဝေခြင်း၊ တစ်နည်းပြောပါက မသိခြင်းပါဘဲ။

အာရုံငါးပါး ကာမဂုဏ်တရားအပေါ်မှာ လောဘဖြင့် တပ်မက်ကာ ရှာဖွေလျှင် အို၊နာ၊သေကို ရှာမှီးခြင်းပင် ဖြစ်ပါသည်။ မှားယွင်းသော အယူအဆ ဦးဆောင်ကာ အရာရာကို ရှာဖွေနေလျှင် အို၊နာ၊သေကို ရှာမှီးခြင်းပင် ဖြစ်ပါသည်။ အမှန်တရားကို မသိခြင်း မောဟရဲ့ ဦးဆောင်မှုဖြင့် ရှာဖွေခြင်းသည် အို၊နာ၊သေကို ရှာဖွေခြင်းပင် ဖြစ်ပါသည်။

စာရေးဆရာ၊ ဗေဒင်ဆရာ၊ အယ်ဒီတာ အစထားလို့ ဟိုးဖိနပ်ချုပ်သမားအဆုံးပါပဲ။ သမ္မာအာဇီဝကျပါတယ် ဆိုတဲ့ အသက်မွေးဝမ်းကျောင်းမှုကိုပြုသူ အားလုံးကို ရည်ရွယ်ပြောခြင်း ဖြစ်ပါသည်။ ဘယ်လိုပင် မိမိအလုပ်က သမ္မာအာဇီဝကျကျ၊ ဘယ်လောက်ပဲ ဖြူစင်၊ဖြူစင် လောဘ၊ ဒိဋ္ဌိ၊ မောဟ တရားများဖြင့် ရှာဖွေလျှင် ဘာကိုပဲရှာရှာ အို၊နာ၊သေကို ရှာမှီးခြင်းသာ ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဘဝတစ်ခုခုကို ပြန်ရလာမှာ သေချာသောကြောင့် ဖြစ်ပါသည်။ မှန်၏။ အောင်မြင်မှုတစ်ခု၊ ဂုဏ်သိက္ခာတစ်ခု အောင်မြင်ရရှိလာအောင် 'ဒါပဲဟေ့၊ ငါလိုချင်တာ ငါ ရကိုရ၊ရမည်။ ငါဖြစ်ချင်တာ ဖြစ်ကိုဖြစ်ရမည်' ဆိုပြီး ချီတက်လာလျှင် ပြုပြင်ဆောင်ရွက်မှု အားလုံးမှာ တဏှာဆိုတဲ့လောဘ ပါနေပါသည်။

တကယ်တော့ ထိုသို့ထင်မှတ်ကာ လုပ်ဆောင်ခြင်းသည် ဖြစ်ပျက်သဘောကို မဆင်ခြင်နိုင်၊ မသိမြင်တတ်တဲ့ မောဟက အစပြုလာခြင်း ဖြစ်ပါသည်။

မောဟ-မသိခြင်း-အဝိဇ္ဇာတရားက ပါးနပ်လိမ္မာစွာ စေခိုင်းထားသောကြောင့် ထိုသို့ 'ငါ ဖြစ်ရမည်၊ ငါ အောင်မြင်ရမည်၊ ငါ ရကိုမှ ရ၊ရမည်' ဟု မာန်ကြွနေခြင်း ဖြစ်ပါသည်။

အဝိဇ္ဇာ-မောဟဆိုတဲ့ တရားဟာ သတ္တဝါတို့အား လိမ်လည်လှည့်ဖြားရာမှာ အင်မတန် ကျွမ်းကျင်ပါသည်။ သူလိမ်နေတာကို မသိအောင်ကို လိမ်လည်တတ်ပါသည်။

တစ်ခါက နွားကျောင်းသားတစ်ယောက်ဟာ မြွေတစ်ကောင်ကို နွားမောင်းတဲ့ နှင်တံဖြင့် အသေရိုက်သတ်နေ၏။ မြတ်ဘုရား တွေ့မြင်တော့ ဘာလို့ ရိုက်သတ်ရတာလဲလို့ မေးတော်မူပါသည်။ နွားကျောင်းသားက 'တပည့်တော်ကို ကိုက်မှာစိုးလို့ သတ်တာပါ အရှင်ဘုရား' လို့ ဖြေပါသည်။

သည်တော့ မြတ်ဘုရားက 'အယော အဇ္ဇာယ



www.burmeseclassic.com

www.burmeseclassic.com

နိကတိကောသလ္လော-အဝိဇ္ဇာရဲ့ လိမ်လည်လှည့်ဖြားမှု၌ ကျွမ်းကျင်ခြင်းသည် ခြောက်..အံ့ဩဖွယ် ကောင်းပါပေစွ တကား' လို့ ဥဒါန်းကျူးတော်မူပါသည်။

မိမိ အကိုက်ခံရလို့ နာရမှာ၊ သေရမှာကို ကြောက်သလို အဲဒီမြွေလည်းပဲ နာမှာ၊ သေမှာကို ကြောက်တယ်ဆိုတာကို နွားကျောင်းသား မသိနိုင်အောင် အဝိဇ္ဇာက အသာလေး ပါးနပ်စွာ လိမ်လည်လှည့်ဖြားထားပါသည်။ ယင်းသဘောကို အတိအကျ သိမြင်တော်မူလို့ မြတ်ဘုရားက အားရပါးရ ချီးမွမ်းလိုက်ခြင်း ဖြစ်ပါသည်။ ထို့အတူပင် သူ့အကြောင်းကို မသိတဲ့ သတ္တဝါတိုင်းကို မောဟလို့ခေါ်တဲ့ အဝိဇ္ဇာက အသာလေး လိမ်လည်လှည့်ဖြားထားပါသည်။

အဝိဇ္ဇာက ပါးနပ်စွာ လိမ်လည်ထားနိုင်လို့ သိစရာတွေကို မသိနိုင်လေတော့ လောဘကလည်း မောဟမြှောက်ပင့်တိုင်း အတိုင်းမသိ လိုချင်တပ်မက်လာပါသည်။ လောဘနှင့် မောဟတို့ အတိုင်အဖောက် ညီနေမှတော့ ဒေါသက အလိုက်သိစွာနှင့် သူ့အယူအဆကို အမှန်ထင်အောင် ချပြတော့မှာ သေချာ၏။ လောဘ၊ ဒေါသ၊ မောဟတို့ ဦးဆောင်နေတဲ့ လုပ်ဆောင်မှုဟူသမျှသည် နိဗ္ဗာန်ရကြောင်း ကောင်းတဲ့အလုပ် လုံးဝမဖြစ်နိုင်ချေ။ ဘဝတစ်ခုခုကို ရချရစေနိုင်တဲ့ အလုပ်သာ ဖြစ်မှာ သေချာပေသည်။

ဘဝတစ်ခုခုကို ရလာနေပြီဆိုမှတော့ ဇာတိ-ပဋိသန္ဓေဆိုတာ ရှိလာတော့၏။ ဇာတိ-ပဋိသန္ဓေဆိုတာ ရှိလာပြန်ကလည်း အများသိပြီး အတိုင်းပါပဲ တစ်နေ့ မွေးလာတော့မှာ သေချာနေတော့၏။ မွေးလာလျှင် တစ်နေ့တစ်ရွေ့နှင့် အိုလာမည်၊ နာကျင်လာမည်။ နောက်ဆုံးတော့ သေပွဲဝင်ရပေမည်။ အို၊နာ၊သေနှင့် မကင်း၊ အို၊နာ၊သေက မလွတ်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ အကြောင်းခံပြီး လုပ်ဆောင်လျှင် အိုနာသေနေရပါလျက် အို၊နာ၊သေခြင်းကိုပဲ ထပ်ကာတလဲလဲ အမြဲရှာဖွေနေတာနှင့် တူတယ်လို့ မြတ်ဘုရား ဟောတော်မူခြင်း ဖြစ်ပါသည်။

စာရေးသူ ကိုယ့်ဘာသာ စဉ်းစားကြည့်၏။ ငါ စာရေးတာ လောဘ၊ ဒေါသ၊ မောဟ စက်ကွင်းက လွတ်သလားလို့ပါ။ လွတ်နိုင်သည်ကို မတွေ့ရပေ။ ခရေစေ့တွင်းကျ ပြန်မပြောပြချင်တော့တာကိုက အဝိဇ္ဇာရဲ့ လိမ်လည်လှည့်ဖြားမှု ခံနေရကြောင်း ထင်ရှားနေတော့၏။

ထို့ကြောင့် စာရေးသူ အလုပ်ကတော့ အို၊နာ၊သေနေရပါလျက် အိုနာသေခြင်းကိုပင် ပြန်လည်ရှာဖွေနေတဲ့ အလုပ်ဆိုတာ သေချာပါသည်။ ဆက်ပါဦးအံ့။ လောဘ၊ ဒေါသ၊ မောဟ ဦးဆောင်တဲ့အလုပ် ဟူသမျှသည် အို၊နာ၊ သေကို ပြန်လည်ရှာဖွေတဲ့ အလုပ်ဖြစ်ပါလျှင် ယင်းတရားများ မပါဝင်အောင် လုပ်ဆောင်သင့်၏။ လုပ်ဆောင်နိုင်ပါက အရိယပရိယေသနာ-အရိယာတို့ ရှာမှီးခြင်း ဖြစ်ပေမည်။

အရိယာတို့ရဲ့ နိဗ္ဗာန်ကို ရှာမှီးခြင်းမျိုး ဖြစ်ရအောင်၊ လောဘ၊ ဒေါသ၊ မောဟမပါစေဘဲ လောကီအစီးအပွားကို ဘယ်လိုလုပ်ဆောင်ရပါမလဲ။ ဤသို့ တစ်ဆင့်တက်ကာ စာရေးသူ တွေးကြည့်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ မပါလျှင် အလုပ်လုပ်လို့ မရနိုင်ဘူးလားလို့ အလျင်ဦးစွာ တွေးကြည့်ပါသည်။ သူတို့ မပါလည်း အလုပ်လုပ်လို့ ရပါသည်။

ဘာ့ကြောင့် ထိုသို့ ယူဆပြောဆိုဝံ့ပါသနည်းလို့ စာရေးသူအား တစ်စုံတစ်ယောက်က မေးလာလျှင် ဘုရားရှင်ကို မြင်သောကြောင့် ယူဆပြောဆိုဝံ့ပါသည်ဟု ဖြေပေမည်။ မှန်၏။ ဤတရားတော်ကို ဘုရားရှင် ဟောတော်မူခြင်းသာ ဖြစ်ပါသည်။ ဘုရားရှင် အလုပ်မလုပ်ဘူးလားလို့ တွေးကြည့်ရုံနှင့် သူမတူအောင် လုပ်တဲ့ မြတ်ဘုရား လောဘ၊ ဒေါသ၊ မောဟ မပါဘဲ လုပ်သွားတာပဲလို့ ထပ်တွေးမိမှာပါ။ ဒါဆို ဘာနှင့် လုပ်သွားပါသလဲလို့ တစ်ဆင့်ပဲ တွေးရပေတော့မည်။

ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတို့ဖြင့် လုပ်သွားတော်မူပါသည်။ ဆန္ဒရှိလျှင် ဘာမဆို လုပ်လို့ ဖြစ်ပါသည်။ ထို့အတူပင် ဝီရိယ၊ စိတ်၊ ပညာတို့ ရှိနေပါကလည်း ဘာမဆို လုပ်နိုင်ပါသည်။ အနှစ်ချုပ်တင်ပြရလျှင် ပုထုဇဉ်တို့ အနေဖြင့် အရိယာတို့ရှာမှီးခြင်း လမ်းစဉ်သို့ အတုယူ အတူပြုကာ ရှာမှီးလိုပါမူကား လောဘ၊ ဒေါသ၊ မောဟ တရားတို့ဖြင့် မလုပ်ဘဲ ဆန္ဒ၊ စိတ်၊ ပညာတို့ဖြင့်သာ လုပ်ဆောင်သင့်ပါကြောင်း တင်ပြလိုက်ရပေသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

ဓမ္မာစရိယ ဦးစောဝင်း



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓသုတ်ပရိတ်တော် ရွတ်ဖတ်ပူဇော်သည့် အမိဋ္ဌာန် ကျင့်စဉ်ကို မရေးသားမီ ဦးစွာ ကျွန်ုပ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုကို ရေးသားတင်ပြလိုက်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၆၀)လောက်က ကျွန်ုပ်တို့ မိသားစု၏ ဆရာအဖြစ် အားထားခဲ့ရသော ကျွန်ုပ်၏ဆရာ အကြောင်းကို အကျဉ်းမျှ ဖော်ပြလိုပါသည်။ ကျွန်ုပ်ကို တိုင်းရင်းဆေးပညာနှင့် ဝိဇ္ဇာဓရဂမ္ဘီရပညာကို ဝါသနာရှင် သန်ကြီးမားစေရန် အစပျိုးပေးခဲ့သော ဆရာလည်း ဖြစ်ပါ သည်။

ကျွန်ုပ်ဆရာ၏အမည်မှာ စက္ကုဝိဇ္ဇာဆရာကြောင်ဟု အမည်ရပါသည်။ ဆရာသည် ထွက်ရပ်ပေါက်ဂိုဏ်းစင် ကြီးများမှ ကိုးနဝင်းဂိုဏ်းဟု အမည်ရှိသော ဂိုဏ်းဝင်တစ် ဦးလည်း ဖြစ်ပါသည်။ ဆရာသည် ဓာတ်၊ ဗိန္ဒော၊

# ဘုန်းခေါင်

## အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို ခန္ဓသုတ်ပရိတ်တော် ရွတ်ဆိုခြင်းဖြင့် ကာကွယ်ကြရအောင်



www.burmeseclassic.com

www.burmeseclassic.com

ယောဂ စသည်တို့ကိုလည်း ပညာရပ်စုံစွာဖြင့် ကုသပေးပါသည်။ ဆရာသည် ယခုခေတ်ကာလကဲ့သို့ ခေတ်မီဆေးပညာများ မဖွံ့ဖြိုးမီအချိန်မှာပင် အတွင်းတိမ်စွဲကပ်၍ မျက်စိကွယ်သူများစွာကို ခွဲဖောက်၍ တိမ်လိုက်ဟုခေါ်သော ဓာတ်သားအပ်ချောင်းကလေးဖြင့် တိမ်ကိုခွဲယူပြီး မျက်လုံးကို ဆေးစည်းခြင်းဖြင့် ကုသပေးရာ ဝေဒနာသည်များမှာ ပကတိမျက်လုံးကဲ့သို့ ကြည်လင်ကောင်းမွန်ကြပါသည်။ ထို့ကြောင့် စက္ခုဝိဇ္ဇာဆရာကြောင်ဟု ကျော်ကြားခဲ့ခြင်း ဖြစ်ပါသည်။

ထိုအခါကာလက ပယောဂဟူသော လွန်စွာဆန်းကြယ်သည့် ရောဂါကိုလည်း ပျောက်ကင်းအောင် ကုသပေးနိုင်ပါသည်။ တခြားရောဂါကုထုံးမှာ အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကြောင့်ဖြစ်သော ဝေဒနာအားလုံးကို ပျောက်ကင်းအောင် ကုသပေးနိုင်စွမ်းသူ ဖြစ်ပါသည်။

အံ့သြစရာများစွာအနက် မြွေကိုက်၍ ကုသပေးရန် ဆရာကို လာရောက်ပင့်ခေါ်သည့် အချိန်တိုင်းတွင် ပင့်ခေါ်လာသူနှင့် တစ်ခါတည်း မသွားသေးဘဲ ဘုရားစင်ရှေ့တွင် ဦးခွာဝတ်ပြုခြင်းကို ပြုလုပ်ပါသည်။ ဘုရားခန်းမှ ထွက်လာချိန်တွင် ဆရာလာပင့်သူ ဧည့်သည်အား ဘာမှမပြောဘဲ ဝေဒနာရှင်လူနာအား ပျောက်ကင်းအောင် ကုသပေးရန် လိုက်သွားခြင်း ဖြစ်ပါသည်။

ဆရာသည် လာပင့်သူနှင့် မလိုက်တော့ဘဲ 'မင်းပြန်တော့၊ ဆရာလိုက်ဖို့ မလိုတော့ဘူး။ မင်းကို ဆရာခေါင့်နဲ့တော့လို့ တားမြစ်ပြီး ပြန်လာဖို့ လိုက်လာခေါ်နေပြီ'ဟု တိတိကျကျပြောလေ့ရှိပါသည်။

ဆရာသည် ထိုသို့ပြောသည့်အခါများတွင် လူနာမှာ မြွေဆိပ်တက်၍ ဆုံးပါးသွားပြီဖြစ်ကြောင်း သိရပါတော့သည်။

ဆရာ့ကို လာပင့်သော ဧည့်သည်က မြွေကိုက်ခံရလို့ဟု မပြောဘဲ ပိုးထိလို့ဟု ပြောသည့်အခါများတွင် 'ပိုးထိလို့တော့ မသေပါဘူးကွာ။ မြွေကိုက်ခံရတာဆိုရင်တော့ မြွေကိုက်ခံရလို့ပဲ ပြောပါ'ဟု လာပင့်သူကို ပြောပြတတ်ပါသည်။

ကျွန်ုပ်မှ ဆရာ့ကို မြွေကိုက်သည့် ဝေဒနာရှင်အား ကုသနိုင်ရန် ပညာခံယူရပုံကို မေးမြန်းသောအခါတွင် ဆရာမှ အောက်ပါအတိုင်း ရှင်းလင်းပြောပြခဲ့ဖူးပါသည်။

ဆရာပြောပြသည့်အကြောင်းမှာ နှစ်မျိုးဖြစ်ပါသည်။

တစ်မျိုးမှာ ဆရာပညာယူခဲ့သည့် အာစရိယဝါဒအရ ဆိုလျှင် အလမ္ဗာယ(၁၂)ခွင်ကို သင်ကြားပြီး ဆေးထိုး ဆေးပေါက် ပြုလုပ်ရပါသည်။ ဆေးထိုး ဆေးပေါက် ပြုလုပ်ရသည်မှာ အချိန်ကာလစောင့်ရသည်ဟု ပြောပါသည်။

မြန်မာလများတွင် လဆန်းရက်ဖြစ်စေ၊ လဆုတ်ရက်တွင်ဖြစ်စေ ကိုးရက်ရောက်သည့်နေ့သည် စနေနေ့နှင့် ကြုံရပါသည်။ ကိုးစနေရက်ကို အထူးပြု၍ ဆေးထိုး ဆေးပေါက် ပြုလုပ်ပါသည်။

ဆေးထိုး ဆေးပေါက်ရက်မှာ မဟာသင်္ကြန်ရက် အကျနေ့သည် တနင်္ဂနွေကြုံသောအခါတွင် ထိုမြွေဆေး မြွေမှော်ကြီးသွင်းနည်း အစီအမံကို ထိုးနှံရပါသည်။ ထိုမြွေဆေးထိုး၍ ဝိဇ္ဇာလေးပါးကို အပ်နှံရကြောင်းလည်း ပြောပါသည်။ ထိုမြွေဆေးထိုးရန် စီမံချိန်တွင် ဘုရားကန်တော့ပွဲ တစ်ပွဲလည်း တည်ရကြောင်းလည်း ပြောပါသည်။ ထိုအကြောင်းအရာများသည် ပထမအကြောင်းအချက် ဖြစ်ပါသည်။

ဒုတိယအကြောင်းမှာ သတ္တဝါများကို မေတ္တာထား၍ ဆောင်ရွက်ရသောနည်း ဖြစ်ပါသည်။ ထိုနည်းမှာလည်း စတင်ဆောင်ရွက်ရမည့်ရက်ကို သတ်မှတ်ထားခြင်း ရှိကြောင်း ပြောပြပါသည်။ စတင်ဆောင်ရွက်ရမည့် နေ့ရက်တို့မှာ မြန်မာလ၏ လဆန်းရက်၊ လပြည့်နေ့နှင့် လကွယ်ရက်တို့မှာ စနေနေ့နှင့် ကြုံသည့်လတွင် ထိုမေတ္တာကျင့်စဉ်ကို (၁)လလုံး အဓိဋ္ဌာန်ဝင်ရပါသည်။ ထိုနေ့များနှင့် မကြုံသည့်အခါများတွင် လဆန်း(၁)ရက်သည် တနင်္ဂနွေနေ့ဖြစ်ခြင်း (သို့မဟုတ်) အင်္ဂါနေ့ဖြစ်ခြင်း (သို့မဟုတ်) စနေနေ့တို့နှင့် ကြုံသောအခါတွင် ထိုလတွင် အဓိဋ္ဌာန်ဝင်နိုင်ပါသည်။ အထက်တွင် ရေးသားခဲ့သည့်အတိုင်း ကိုးစနေကြုံသည့် ရက်တွင် အဓိဋ္ဌာန်ကို စနိုင်ပါသည်။

ယခု ကျွန်ုပ်တင်ပြသည့် အဓိဋ္ဌာန်ကျင့်စဉ်သည် ကြုံတောင့်ကြုံခဲ လဆုတ်(၉) စနေနှင့် လဆန်း(၉) စနေတို့ ကြုံနေသည့်အခါထူး ဖြစ်ပါသည်။ (၉)စနေရက်များကို ဖော်ပြရမည်ဆိုလျှင် (၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၉) ရက်၊ စနေနေ့နှင့် (၁၃၇၈)ခုနှစ်၊ တော်သလင်းလဆန်း

www.burmeseclassic.com

(၉)ရက်သည် စနေနေ့ဖြစ်နေသည့်အတွက် ရက်ကို တွက်စစ်သောအခါ (၁၅)ရက်ဖြစ်ပါသည်။ (၉)စနေစ၍ (၉)စနေဖြင့် ပိတ်ထားသည့် နေ့ရက်တို့မှာ စန္ဒရမာသ ဝါခေါင်လနှင့် တော်သလင်းလတို့ ဖြစ်နေကြသည့်အတွက် ဝိဇ္ဇာဓရဂမ္ဘီရ ပညာနယ်တွင် လျှောက်လှမ်းနေကြသည့် ဂန္ဓာရီများ များစွာနှစ်သက်ကြသည်ဟု ပေမူတစ်ခုတွင် ဖတ်ရှုခဲ့ရဖူးပါသည်။

ထို(၉)စနေစ၍ (၉)စနေပိတ်သည့် (၁၅)ရက်ကာလကို အဓိဋ္ဌာန်တင်၍ မနက် တစ်ကြိမ်၊ ညတွင် တစ်ကြိမ်နေ့ရက်မကူးစေဘဲ တစ်နေ့တွင် နှစ်ကြိမ်စီ ဆောင်ရွက်ခြင်းဖြင့် အပါး(၃၀)ပြီးမြောက်ခြင်း၊ သိဒ္ဓိထူးကို ရရှိစေခြင်းဟု ဝိဇ္ဇာဓရ ဂမ္ဘီရပညာသဘောထားရမည်ဟု အဆိုရှိပါသည်။ ထိုကျင့်စဉ်ကို ခါတော်မီ အဓိဋ္ဌာန်ဝင်နိုင်စေရန် အသိပေးခြင်း ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်လိုသည့် အမျိုးကောင်းသား၊အမျိုးကောင်းသမီးများ၊ ဂမ္ဘီရပညာရပ်ကို လိုက်စားလိုသူများနှင့် အဓိဋ္ဌာန်ကျင့်စဉ်ကို မည်သည့်ကျင့်စဉ်ဖြစ်ဖြစ် ကျင့်ဆောင်လိုသူများအတွက်နှင့် စာချစ်သူမိတ်ဆွေများအနေဖြင့် မြန်မာတို့၏ ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်ပယ်မှ တစ်ခုကို သုတရစေရန်ရည်ရွယ်၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

အဓိဋ္ဌာန်ကျင့်စဉ် ဝင်မည်ဆိုလျှင် မိတ်ဆွေတို့ဆောင်ရွက်မြဲဖြစ်သော အဓိဋ္ဌာန်ကျင့်ဝတ်အတိုင်း သွားနိုင်ကြပါသည်။ ဆရာအဆိုအရ မိဋ္ဌာန်စသည့်နေ့တွင် ဘုရားကန်တော့ပွဲတစ်ပွဲ ကပ်လှူပူဇော်ရမြဲဖြစ်သည်ကို အသိပေးလိုက်ပါသည်။ ကျွန်ုပ်၏ ဆရာဖြစ်သော ဆရာကြောင်သည် ဆေးထိုး၊ ဆေးပေါက်ခြင်း ပညာကြောင်းနှင့် ယခုဖော်ပြသည့် မေတ္တာကျင့်စဉ်ဖြစ်သော ခန္ဓသုတ်ပရိတ်တော်ကိုလည်း အဓိဋ္ဌာန်အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်ဟု ပြောပြခဲ့ပါသည်။

ခန္ဓသုတ်ပရိတ်တော် အဓိဋ္ဌာန်ဝင်ပုံကို မဖော်ပြသေးမီ မြွေကိုက်ခံရသူ လူနာအား ဆရာ၏ ကုကွက်အချို့ကို သုတအဖြစ် ဖော်ပြပေးလိုက်ပါသည်။

မြွေကိုက်ခံရသည့် မည်သည့်လူနာမဆို ဓာတ်တွင်ခုတ်၍ ကုသခြင်း၊ တစ်နည်းမှာ မြွေကိုက်ခံရသည့် ခြေထောက်၊ လက်တို့ကို ဒဏ်ရာ၏အပေါ်မှ လက်ဖြင့် ခုနစ်ချက်ဆွဲချပေးခြင်းတို့ဖြင့် ကုသပေးပါသည်။ ကိုယ်ဝန်ဆောင် မိန်းမများကို လက်သပ်၍ ကုသပေးသည်။ လူနာမီးဖွားချိန်တွင် အချို့ဆရာများအနေဖြင့် မီးဖွားသူလူနာအား သွေးတက်ခြင်း၊ မြွေဆိပ်တက်ခြင်း မဖြစ်ရလေအောင် မီးနေခန်းအတွင်းဝင်၍ ဓာတ်တွင်းခုတ်ပြီး ကုသကြပါသည်။

ကျွန်ုပ်၏ ဆရာကြောင်သည် လက်သပ်ကုသပေးထားသော လူနာအား မီးဖွားပြီးချိန်တွင် မီးနေခန်းအတွင်းဝင်၍ ဓာတ်တွင်းခုတ်ခြင်း အလျှင်းမလုပ်ပါ။ ဆရာ၏ ကုသပေးမှု ခံရယူရသော လူနာအနေဖြင့် မြွေကိုက်ခံရမှုကြောင့် သေဆုံးခြင်း မရှိပါ။

ခန္ဓသုတ်ပရိတ်တော် အဓိဋ္ဌာန်သည် မကျိုးမပေါက် မပျောက်မကြားရအောင် ကျင့်ဆောင်နိုင်ခြင်း၊ နဝင်္ဂသီလ ထိန်း၍ အချိန်ကာလ တိတိကျကျ ဆောင်ရွက်ခြင်းတို့ဖြင့် မိဋ္ဌာန်ပြီးမြောက် သိဒ္ဓိပေါက်၍ အစွမ်းထက်မည်မှာ အသေအချာ ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေများ အဓိဋ္ဌာန်ဝင်ရာတွင် ခန္ဓသုတ်ပရိတ်တော်ကို နှုတ်တိုက်အာဂုံဆောင်နိုင်ကြမည် ဖြစ်ပါသည်။ အာဂုံဆောင်၍ ရွတ်ဆိုနိုင်သော်လည်း အတိမ်းအစောင်း မဖြစ်စေရန် သုတ်ပရိတ်တော်ကိုကြည့်၍ ဖြည်းဖြည်းချင်း ရွတ်ဆိုသင့်ကြောင်း အကြံပြုပါသည်။ အကယ်၍ ပရိတ်တော်အဆင်သင့်မဖြစ်သူ မိတ်ဆွေများအတွက် အောက်တွင် အပြည့်အစုံ ရေးသားပေးလိုက်ပါသည်။

သုတ်ပရိတ်တော်ကို အဓိဋ္ဌာန်ဝင်ရာတွင် တစ်ကြိမ်လျှင် (၉)ခေါက်ရွတ်ဖတ်ပူဇော်နိုင်ကြပါသည်။ ကျွန်ုပ်၏ အကြိုက် တင်ပြရမည်ဆိုလျှင် တစ်ခေါက်တိုး၍ (၁၀)ခေါက်တိတိ ရွတ်ဆိုကြစေလိုပါသည်။

အဓိဋ္ဌာန်အောင်မြင်ပြီးမြောက်သော အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် အဆိပ်ရှိသော သတ္တဝါများ၏ ဘေးအန္တရာယ်မှ မုချကင်းလွတ်ကြပြီဖြစ်ပါသည်။

**<u>ခန္ဓသုတ်</u>**

၁။ သဗ္ဗာသီဝိသ ဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ
ယံ နာသေ တိ ဝိသံ ဃောရံ၊
သေသဉ္စာပိ ပရိဿယံ။

၂။ အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ၊
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံတံ ဘဏာမဟေ။

၃။ ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ။



www.burmeseclassic.com

www.burmeseclassic.com

ဆဗ္ဗာ ပုဗ္ဗောဟိ မေ မေတ္တံ။
မေတ္တံ ကဏှာဂေါတမကေဟိစ။
၄။ အပါဒကေဟိ မေ မေတ္တံ။ မေတ္တံ ဒွိပါဒကေဟိမေ။
စတုပ္ပဒေဟိ မေ မေတ္တံ။
မေတ္တံ ဗဟုပ္ပဒေဟိမေ။
၅။ မာမံ အပါဒကော ဟိံသိ၊ မာမံ ဟိံသိ ဒွိပါဒကော။
မာမံ စတုပ္ပဒေါ ဟိံသိ၊ မာမံ ဟိံသိ ဗဟုပ္ပဒေါ။
၆။ သဗ္ဗေ သတ္တာ သဗ္ဗေပါဏာ၊
သဗ္ဗေ ဘူတာစ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊ မာ ကိဉ္စိ ပါပမာဂမာ။
၇။ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာ ဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဗူ မူသိကာ။
၈။ ကတာ မေ ရက္ခာ ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ဤအဓိဋ္ဌာန်ကျင့်စဉ်သည် ခန္ဓသုတ်ပရိတ်တော်ကို သတ်မှတ်ထားသည့်အတိုင်း အဓိဋ္ဌာန်ဝင်ခြင်းဖြင့် အောင်မြင်ပြီးမြောက်ပြီ ဖြစ်ပါသည်။ မေတ္တာထား၍ ကျင့်ကြံရသော အဓိဋ္ဌာန်ဖြစ်သည့်အတွက် မိတ်ဆွေတို့အနေဖြင့် မပင်မပန်း သဒ္ဓါရွှင်လန်းစွာဖြင့် ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် နောက်ဆက်တွဲအဖြစ် မေတ္တာသုတ်ပရိတ်တော်ကို တစ်ခေါက်ရွတ်ဆို၍ ဓိဋ္ဌာန်ကိစ္စကို အဆုံးသတ်စေချင်ပါသည်။

ယခုတင်ပြသော အဓိဋ္ဌာန်သည် အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်မှ ကျွန်ုပ်နှင့် ကျွန်ုပ်မိတ်ဆွေများတို့ ကိုယ်တွေ့ကြုံခဲ့သည်က များပါသည်။ ထိုအဆိပ်ရှိသော သတ္တဝါများကြောင့် စိုးရိမ်ရခြင်း၊ စိတ်ဆင်းရဲခြင်း အလျှင်းမရှိကြသည်ကိုလည်း သိစေအပ်ပါသည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ။

**ဘုန်းခေါင်**

**မှီငြမ်း**

* သီရိမင်္ဂလာပရိတ်တော်ဝတ်ရွတ်စဉ်။


နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

# နှန်းထိပ်တင်

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်မြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ဝတ်သတ်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လုပနုပျို့ ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၀၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]



နှလုံးအားတိုးဆေး

ပင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
၀၉၂၀၀၀၉၉၇၊ (၀၁)၂၁၁၈၈၃
ရန်ကုန် မြည်ဖြိုးမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51)ရွှေပြည်သုံစျေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအောင်မြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချိုမန္တလေးမြို့ (၀၂)၃၁၀၀၀

www.burmeseclassic.com

*မနုဿာ သဒါသတိမတော၊*
*မတ္တံဇာနတော လဒ္ဓဘောဇနေ၊*
*တနုကာဿ ဘဝန္တိဝေဒနာ၊*
*သဏိကံ ဇီရတိ အာယုပါလယံ။*

ဒီပါဠိတော်လေးကို မြတ်စွာဘုရားရှင်က ပသေနဒီ ကောသလ ဘုရင်ကြီးအား ချီးမြှင့်လိုက်တဲ့ ဂါထာလေး တစ်ပုဒ်ပေါ့။

ဒီဂါထာလေးရဲ့ အနက်အဓိပ္ပာယ်က သတိလည်းရှိ၊ အတိုင်းအရှည်လည်း သိတဲ့သူဟာ ဝေဒနာကင်းခြင်း၊ ဖြည်းဖြည်းအို၍ အရွယ်တင်ခြင်း၊ အသက်ရှည်ခြင်းဆိုတဲ့ သုံးမျိုးကို ရနိုင်ပါတယ်တဲ့။

ဆိုလိုတာက အစားအသောက် စားကြတဲ့အခါမှာ သတိလည်း ရှိမယ်။ အတိုင်းအရှည်လည်း သိပြီး စားသောက်ကြမယ်ဆိုရင်-

(၁) ဝေဒနာကင်းခြင်းအကျိုး၊
(၂) ဖြည်းဖြည်းအို အရွယ်တင်ခြင်းအကျိုး၊
(၃) အသက်ရှည်ခြင်း

အကျိုးသုံးပါးကို ရနိုင်ပါတယ်လို့ ဆိုတာပါပဲ။

မြတ်စွာဘုရားရှင်က ဒီဂါထာလေးကို ဘာဖြစ်လို့ ပသေနဒီကောသလ ဘုရင်ကြီးအား ဟောကြားချီးမြှင့်ရပါသလဲဆိုတော့ ပသေနဒီ ကောလသမင်းကြီးဟာ ထမင်း တစ်ခါစားရင် ဆန်တစ်စိတ်ချက် ကုန်တယ်လို့ ဆိုပါတယ်။ ဒီတော့ ထမင်းစားပြီဆိုမှ ဟင်းလျာလည်း ပါရဦးမှာဆိုတော့ ဆန်တစ်စိတ်ချက်နဲ့ ညီမျှသော ဟင်းလျာကိုလည်း စီစဉ်ပေးရမှာပေါ့။

ယေဘုယျအားဖြင့် ယင်တွေ ယခင်တုန်းက လူကြီးသူမများ ပြောကြဆိုကြတာ ကိုတော့ ကြားဖူးထားပါတယ်။ ကောသလမင်းကြီးဟာ ထမင်းတစ်ခါစားရင် ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင် ချက် ကုန်တယ်တဲ့။ အဲဒီအချိန်တုန်းက ယေ်ရွယ်သူဆို တော့ မဖြစ်နိုင်ပါဘူးလို့ပဲ ထင်ခဲ့တာပါ။ နောက်အသက် အရွယ်လေးရလာတော့ ပိဋကတ်တော်တွေကို သင်ကြား ဆည်းပူးဖြစ်တဲ့အခါကျမှ အံ့ဩမိခဲ့ပါတယ်။

ပသေနဒီကောသလ မင်းကြီးဟာ အစားတွေ တစ် အားစားပြီး ခန္ဓာကိုယ်ကြီးကလည်း ဝဖိုင့်နေလိုက်တာများ ဘယ်လောက်တောင် ပုံပျက်ပန်းပျက် ဖြစ်နေသလဲဆိုရင် ရေချိုးတဲ့အခါမှာ တင်ပျဉ်ခွေထိုင်ပြီးပဲ ချိုးနိုင်ပါတယ်တဲ့။



# ကျော်ကျော်ဦး (ဒါးသီး)

## ပသေနဒီကောသလဘုရင်ကြီးအား မြတ်စွာဘုရားရှင် ချီးမြှင့်လိုက်သော ဝိတ်ချဂါထာတော်

www.burmeseclassic.com

www.burmeseclassic.com

အဲသလို ချီးရတဲ့အခါမှာလည်း သူ့ရဲ့ ဗိုက်ခေါက်ကြီးက ခံနေလို့ ရေလောင်းချလိုက်တဲ့အခါမှာ ဗိုက်ခေါက်ပေါ်ရေတင်နေလို့ ခါးအောက်ပိုင်းကို ရေမစိုဘူးလို့ ဆိုပါတယ်။

ကဲ..ထားပါတော့။ ဆိုလိုရင်းကိုပဲ အဓိကထားပြီး ပြောကြရအောင်ပါ။

တစ်နေ့မှာ ပသေနဒီကောသလ မင်းကြီးဟာ ထမင်းအပြီးပြီးချင်း မြတ်စွာဘုရားဆီ ထွက်ခဲ့ပါတယ်။ မြတ်စွာဘုရားထံတော်ရောက်တော့ ရိုသေစွာ ရှိခိုးဦးချပြီး ထိုင်နေလိုက်ပါတယ်။ တစ်အောင့်လောက်ကြာတော့ ပသေနဒီကောသလ မင်းကြီးဟာ အစာအဆိပ်တက်ပြီး အိပ်ငိုက်လာပါတယ်တဲ့။

ဒီတော့ မြတ်စွာဘုရားရှင်က–

'မင်းကြီး..ထမင်းစားပြီး အပန်းလေးဘာလေး မဖြေခဲ့ဘူးလား'

လို့ မေးလိုက်တော့ ပသေနဒီကောသလမင်းကြီးက–

'မှန်ပါ့ဘုရား၊ အပန်းမဖြေခဲ့ရပါဘူးဘုရား' လို့ ပြန်လျှောက်တင်ပါတယ်။

ဒီတော့ မြတ်စွာဘုရားရှင်က–

'ဟုတ်တယ် မင်းကြီး။ အစားကြူးရင့်တဲ့သူဟာ ဒီလိုပဲ ဆင်းရဲဒုက္ခရောက်ကြရပါတယ်။ နောက်ပြီး အစားကြူးရင့်တဲ့သူဟာ ဉာဏ်ထိုင်းတယ်။ ဉာဏ်ထိုင်းတော့ မိမိခန္ဓာရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းဆိုတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးတရား သုံးပါးကိုလည်း နှလုံးမသွင်းနိုင်တော့ပါဘူး။ အဲသလိုမှ နှလုံးမသွင်းနိုင်ခဲ့ရင် နာလို့မဆုံး၊ အိုလို့မဆုံး၊ သေလို့မဆုံး ဖြစ်ရပါတယ်။ ဒကာတော်မင်းကြီး' လို့ ဆုံးမတော်မူပြီး ဒီဂါထာလေးကို ဟောကြားချီးမြှင့် ပေးတော်မူလိုက်တာပါပဲ။

ဒါပေမဲ့ ပသေနဒီကောသလဘုရင်ကြီးဟာ အိပ်ချင်စိတ်က များနေတဲ့အတွက် ဘုရားရှင်ဟောကြားဆုံးမတော်မူသော တရားတော်ကို မမှတ်မိနိုင်ပါဘူး။ ဒီတော့ မြတ်စွာဘုရားရှင်က မင်းကြီးရဲ့တူဖြစ်သူ သုဒဿနကိုပဲ ဒီဂါထာလေးကိုရအောင် ကျက်ခိုင်းပြီး မင်းကြီး ထမင်းသုံးဆောင်တဲ့အခါ နောက်ဆုံးအလုတ် တစ်လုတ်ကျန်ချိန်မှာ အားကနေထိုင်ပြီး ရွတ်ဆိုပေးဖို့ မှာကြားလိုက်ပါတယ်။

မြတ်စွာဘုရားရှင် မှာကြားတဲ့အထဲမှာ 'တူတော်မောင်က အားနားက အဲသလိုရွတ်ဆိုပေးလိုက်ရင် မင်းကြီးဟာ ဒီဂါထာကို ကြားနာဆင်ခြင်မိလို့ နောက်ဆုံးထမင်းလုတ်ကို ဘယ်တော့မှ စားမှာ မဟုတ်တော့ပါဘူး။ အဲသလို နောက်ဆုံးထမင်းတစ်လုတ်ကို ဆက်မစားတော့ဘူးဆိုရင် မင်းကြီးအတွက် နောက်တစ်နပ် တစ်လုတ်စာ လျှော့ချလိုက်ပါ။

နေ့စဉ် မင်းကြီးပွဲတော်အုပ် တည်တိုင်း၊တည်တိုင်း နောက်ဆုံးအလုတ်စားခါနီးမှာ အဲသလို အားနားကထိုင်ပြီး ဒီဂါထာကို ရွတ်ပေးတဲ့အခါ မင်းကြီးဟာ နောက်ဆုံးတစ်လုတ်ကို လျှော့စားပါလိမ့်မယ်။ နောက်ဆုံး အလုတ်တစ်လုပ် လျှော့စားသလို အနပ်တိုင်း၊အနပ်တိုင်းကိုလည်း မင်းကြီးအတွက် တစ်လုတ်စာ၊တစ်လုတ်စာ လျှော့လျှော့ချက်သွားပါ။ မင်းကြီးရဲ့ကိုယ်ခန္ဓာ ပုံမှန်အဆင့်အထိရောက်သွားပြီဆိုမှ အဲဒီပုံမှန်အတိုင်းလေးပဲ နေ့စဉ် ဆက်လက် ချက်ကျွေးသွားပါတော့' လို့ မှာကြားလိုက်ပါတယ်။

တူဖြစ်သူကလည်း မြတ်စွာဘုရားရှင် မိန့်မှာကြားချက်အတိုင်း မင်းကြီး ပွဲတော်အုပ်တည်ပြီဆိုရင် အားနားကထိုင်ပြီး နောက်ဆုံးတစ်လုတ်စားမယ်လို့ ဟန်ပြင်အလုပ်မှာ ဒီဂါထာလေးကို ရွတ်ဆိုပေးလိုက်ပါတယ်။

ဒီတော့ မင်းကြီးလည်း ဆင်ခြင်တုံတရားရပြီး နောက်ဆုံးတစ်လုတ်ကို မစားတော့ဘဲ လျှော့လျှော့စားလိုက်တာ ပသေနဒီကောသလဘုရင်ကြီးဟာ ဝဖိုင့်နေရာကနေ ကိုယ်ခန္ဓာ စစ်ကျသွားပါတော့တယ်။ ခန္ဓာကိုယ်ပိန်ကျသွားပြီဆိုတော့ မင်းကြီးလည်း ပေါ့ပါးသွက်လက်ပြီး အတော့်ကို စိတ်ချမ်းသာသွားတယ် ဆိုပဲ။

တစ်နေ့တော့ မင်းကြီးဟာ အားရဝမ်းသာနဲ့ မြတ်စွာဘုရားရှင်ထံ သွားရောက်ပြီး–

'မြတ်စွာဘုရား..ဘုရားတပည့်တော်ရဲ့ ကိုယ်ခန္ဓာဟာ ပေါ့ပေါ့ပါးပါးနဲ့ ချမ်းချမ်းသာသာ ဖြစ်သွားပါပြီဘုရား။ အခုဆိုရင် တပည့်တော်ဟာ ကိုယ်ခန္ဓာ ပေါ့ပါးသွက်လက်လို့ တောကစား ထွက်နိုင်သွားပါပြီဘုရား။ သမင်တွေကိုတောင် ဖမ်းနိုင်သွားပါပြီဘုရား' လို့ အားပါးတရနဲ့ လျှောက်တင်လိုက်ပါတယ်။

ဒီဂါထာလေးနဲ့ပတ်သက်လို့ အဓိကဆိုလိုရင်း ဇာတ်ကြောင်းလေးကတော့ ဒီလောက်ပါပဲ။ စာရေးသူအနေနဲ့ ဒီဂါထာလေးနဲ့ပတ်သက်ပြီး ဆောင်းပါးတစ်ပုဒ်အဖြစ် တင်

www.burmeseclassic.com

ပြပေးချင်တာကတော့ အတော်ကြာခဲ့ပါပြီ။ အကြောင်းမတိုက်ဆိုင်သေးတော့လည်း စိတ်ကူးသာ ရှိနေပေမယ့် လက်တွေ့အကောင်အထည်ဖော်ကာ မရေးဖြစ်ဘူး ဖြစ်နေတာပါ။ အခုတော့လည်း အကြောင်းတိုက်ဆိုင်လာလို့ ရေးဖြစ်သွားတယ်လို့ပဲ ဆိုပါရစေ။

ဘာလို့လဲဆိုတော့ ဒီနှစ်ထဲမှာ စာရေးသူကိုယ်တိုင် သိသိသာသာ ဝိတ်တက်လာလို့ ဒီဂါထာလေးနဲ့ ပြန်ပြီး ဝိတ်ထိန်းယူခဲ့ရလို့ပါပဲ။ ကိုယ့်ကိုယ်ကိုယ်တော့ ဝိတ်တက်ခါစဆိုတော့ သတိမထားမိဘဲ အမှုမဲ့အမှတ်မဲ့ နေလာခဲ့တာ။ ပြီးခဲ့တဲ့ လပိုင်းလောက်က ရန်ကုန်ကိုရောက်တော့ စာပေအသိုင်းအဝိုင်းက မိတ်ဆွေများနဲ့ တွေ့ဆုံဖြစ်ပြီး စကားစမြည် ပြောကြဆိုကြရင်း စာပေမိတ်ဆွေများက ဘာပြောသလဲဆိုတော့ မမြင်တာကြာလို့ လားတော့မသိဘူး၊ ခင်ဗျား အရင်ကထက်စာရင် တော်တော်ဝလာတယ်တဲ့။

ဒါနဲ့ ဂမ္ဘီရမဂ္ဂဇင်းတိုက် ရောက်တော့လည်း ဆရာဒီဒီးက ခင်ဗျား တော်တော်ဝလာတယ်လို့ ဆိုပြန်ပါတယ်။ ဒီတော့မှ မိမိကိုယ်ကို ပြန်သတိထားမိပြီး ဩော်..ငါ့ကို တော်တော်ဝလာတယ်လို့ ဆိုကြပါလား။ မဖြစ်သေးပါဘူး။ ဝတဲ့လူတစ်ယောက်ဟာ ကောင်းကျိုးထက် ဆိုးကျိုးတွေက ပိုများတယ်။ ဝလာရခြင်းနဲ့ နောက်ဆက်တွဲမှာ မမြင်နိုင်တဲ့ ရောဂါတွေ အများကြီးဝင်လာနိုင်တယ်ဆိုပြီး ဒီဂါထာလေးနဲ့ပဲ ပြန်လည်ပြီး ဝိတ်ချယူလိုက်ရတာ ဖြစ်ပါတယ်။

အခုခေတ်မှာ အများအားဖြင့် မြင်တွေ့နေကြရတာတွေက အမျိုးသားများထက် အမျိုးသမီးများက အဝလွန်ရောဂါ စွဲကပ်နေကြပါတယ်။ ဘာဖြစ်လို့ အမျိုးသားများထက် အမျိုးသမီးများက အဝလွန်ရောဂါ စွဲကပ်နေရပါသလဲဆိုရင် စာပေကျမ်းဂန်တွေမှာ ပြဆိုထားတာက အမျိုးသမီးများဟာ အမျိုးသားများထက် အစားကြူးခြင်း၊ အိပ်ရေးမက်ခြင်း၊ ကာမဂုဏ်အာရုံများခြင်း၊ ကိလေသာထူပြောခြင်း ဆိုတဲ့အချက်တွေသာ လွန်နေကြလို့ပါ။

အဝလွန်လာပြီဆိုရင် ဝခြင်းရဲ့နောက်ဆက်တွဲ ဆိုးကျိုးတွေက သွေးတိုး၊ လေငန်း၊ ဆီးချို၊ နှလုံး၊ လေးဖက်နာ၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံး၊ နောက်ပြီး ဝလာတဲ့သူတွေရဲ့ ရှစ်ဆယ်ရာနှုန်းဟာ အခုခေတ်အခေါ်အရ ဖနောင့်အတက်ထွက်ခြင်းဆိုတဲ့ အပိုမေဗ္ဗာလက်ခေဘာင် ရောဂါတစ်မျိုးကလည်း တွေ့ရှိနေရပါသေးတယ်။

ဘာပဲဖြစ်ဖြစ် ဝနေသူတစ်ယောက်ဟာ ကျန်းမာရေးရှုထောင့်ကကြည့်လည်း မကောင်းသလို ကိုယ်ခန္ဓာအချိုးအစားအနေအထားဘက်က ကြည့်ပြန်တော့လည်း ပုံပျက်ပန်းပျက်ဖြစ်ကြလို့ အလှတရားပါ ပျက်စီးရပြန်ပါတယ်။

ဒါကြောင့် ကိုယ်ခန္ဓာကြော့ရှင်းလှပစေပြီး ဝေဒနာကင်းရှင်းစေချင်တယ်။ အရွယ်တင် နုပျိုစေချင်တယ်။ အသက်ရှည်ချင်တယ်ဆိုရင် အစားအသောက်တွေ စားကြသောက်ကြတဲ့အခါမှာ သတိရှိစွာ အတိုင်းအဆနဲ့ စားသောက်ကြဖို့ အထူးလိုအပ်ပါတယ်။ အဲသလိုမှမဟုတ်ဘဲ ကိုယ့်ရဲ့ ရသတဏှာကို မချုပ်တည်းနိုင်လို့ အစားအသောက်တွေကို အတိုင်းအဆမသိ စားမယ်ဆိုရင်တော့ ရောဂါဝေဒနာကို လက်ယပ်ခေါ်ယူနေတာနဲ့ အတူတူဖြစ်နေမှာပါပဲ။

အစားအသောက်တွေကို အတိုင်းအဆသိပြီး ချင့်ချိန်စားသောက်တဲ့သူ တစ်ယောက်ဟာ နောက်ဆုံးစကားကို ကုန်ကုန်ပြောရရင် စီးပွားရေးဘက်က ကြည့်မယ်ဆိုရင်တောင်မှ တွက်ခြေကိုက်နေပါသေးတယ်။ အနည်းအကျဉ်းနဲ့ အဆင်ပြေတဲ့အတွက် ကိုယ့်အတွက် တကူးတက ငွေကုန်ကြေးကျ မရှိတော့ဘူးပေါ့။ တစ်ခါ တရားဓမ္မဘက်က ပြန်လှည့်ကြည့်ပြန်တော့ကော အစားအသောက်ကို အတိုင်းအဆသိပြီး စားတဲ့သူတစ်ယောက်ဟာ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး ပေါ့ပါးသွက်လက် ဉာဏ်ရည်ထက်မြက်ဖြစ်နေလို့ တရားနှလုံးသွင်းဆင်ခြင်မယ်ဆိုရင် အများကြီး အကျိုးထိရောက်မှာ ဖြစ်ပါတယ်။

အကယ်လို့များ စာဖတ်သူအနေနဲ့ အစားအသောက်တွေကို စားကြသောက်ကြတဲ့အခါ ကိုယ့်ရဲ့ရသတဏှာကို မချုပ်တည်းနိုင်ဘူး၊ အခက်တွေ့နေပြီဆိုရင်တော့ ပသေနဒီကောသလမင်းကြီးအား မြတ်စွာဘုရားရှင် ချီးမြှင့်လိုက်သော ဂါထာလေးကိုပဲ သတိရလိုက်ပါလို့ မှာလိုက်ပါရစေ။

ကျော်ကျော်ဦး(ဒါးဘီး)

<u>ကျမ်းကိုး</u>

* ဓမ္မပဒ၊ ပသေနဒီကောသလမင်း ဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com




မြန်မာတို့သည် ဗုဒ္ဓမြတ်စွာဘုရားနှင့် ပတ်သက်၍ ဆွမ်း၊ ဘောဇဉ်၊ ရေ၊ ပန်း၊ အမွှေးတိုင်၊ ဆီမီး ကပ်လှူလျက် ပူဇော်ကန်တော့ကြသည်။ ဤဓလေ့အပေါ် အခြားဘာသာဝင်များက ကဲ့ရဲ့ကြသည်။ ကြွက်သိုက်တည်ခြင်း၊ အမှိုက်ရှုပ်ထွေးစေခြင်းဟု ပြောကြဆိုကြသည်။

မြန်မာတို့ နေအိမ်တိုင်းတွင် ဗုဒ္ဓမြတ်စွာကို တည်ထားသတ်မှတ်ကြသည်။ ဘုရားအား ဤအိမ်တွင် စံမြန်းတော်မူရန် လျှောက်ထားကြသည်ကို အနေကဇာတင်သည်ဟု ခေါ်ဆိုကြသည်။ မြတ်စွာဘုရားရုပ်တုတော်ကို စားပွဲဖြင့် တင်ထားကိုးကွယ်ကြသည်။ အချို့က အဆင့်မြင့်သော နေရာပေါ် မြင့်မြတ်ကြသည်။ ဘုရားတည်ထားရာကို ဘုရားစင်ဟူ၍လည်းကောင်း၊ ဘုရားကျောင်းဆောင်ဟူ၍လည်းကောင်း၊ ဘုရားခန်းဟူ၍လည်းကောင်း ခွဲခြားသတ်မှတ်ကြသည်။

မြတ်စွာဘုရားအား ပန်းကပ်ကြသည်။ ပန်းကန်ပြားဖြင့် မွှေးကြိုင်သောပန်းများကို ခင်းကျင်း၍ ကပ်လှူကြသည်။ အချို့က သောင်ရေအိုးဖြင့် ပန်းတင်လှူကြသည်။ ပန်းတို့မည်သည် ရေနှင့် ဝေးသည့်အခါ ခြောက်သွေ့ကြသည်။ ကြွေကျကြသည်။ ပန်းခြောက်များ အောက်ခြေသို့ ပြန့်ကျဲကျသည့်အခါ ဘုရားစင်တွင် ပန်းအမှိုက်များ ရှုပ်ထွေးလာကြသည်။ လူက သတိမမူမိသည့်အခါ ပန်းအကြွေများသည် အမှိုက်ပုံများ ဖြစ်လာကြသည်ကို ဘာသာမတူသူများ အမှိုက်ရှုပ်စေခြင်းဟု ပြောဆိုကြသည်။

မြတ်စွာဘုရားသို့ ရေကပ်လှူကြသည်။ ရေဆိုသည်မှာ သောက်တော်ရေချမ်းကို ဆိုလိုသည်။ ရေ၏ဓမ်းရည်မှာ အေးမြခြင်းသဘော၊ ဘုရားသို့ ရေကပ်လှူခြင်းဖြင့် အေးမြခြင်းဆုမွန်ကို တောင်းယူကြသည်။ ဘုရားသို့ ကပ်လှူသော သောက်တော်ရေချမ်းကို တစ်ခါတစ်ရံတွင် လူများက သတိမေ့နေတတ်သည်။ နေ့စဉ် ရေကို လဲလှယ်လှူဒါန်းရမည့်သဘောကို မလိုက်နာမိကြ။ အထူးသဖြင့် လူက မျက်မြင်မတွေ့နိုင်သောကြောင့် မေ့ကျန်နေတတ်ကြသည်။ ရေကို ဖန်ခွက်ဇယ်ဖြင့် ကပ်လှူကြသည်။

www.burmeseclassic.com

ရေ၏သဘောတွင် ဖုန်အမှိုက်များ ကျသည့်အခါ ရေ၏ ကြည်လင်ခြင်းအား နောက်ကျိနှောင့်ယှက်တော့သည်။ ရေထုညစ်ညမ်းစေတော့သည့်အပြင် အနံ့အသက်များပင် မကောင်းတတ်။ ထိုအခါ မြတ်စွာဘုရားထံတွင် အညစ်အကြေး စွန်းထင်းနေတတ်သည်ကို ထောက်ထားလျက် ဘာသာမတူသူများက ကဲ့ရဲ့ကြသည်။

ဘုရားဈေးများတွင် ဘုရားဆွမ်းကပ်ရန် သပိတ်လုံးငယ်များ၊ ပန်းကန်ငယ်များ အစုံလိုက် ဝယ်ယူ၍ရသည်။ သပိတ်လုံးတွင် ဆွမ်းထည့်၍ ပန်းကန်ငယ်များတွင် ဟင်းများ၊ အချိုမုန့်များ ထည့်လှူလျက် မြတ်ဗုဒ္ဓသို့ နေ့စဉ် ဆွမ်းကပ်လှူကြသည်။ ဆွမ်းကပ်ပြီးပါက နေ့လယ် မွန်းမတည့်မီကာလတွင် ပြန်စွန့်ကြရသည်။ ဤဆွမ်းကျန်ဖြင့် ငှက်တိရစ္ဆာန်များသို့ ပေးလှူတတ်ကြသည့်အခါ ဒါနက နှစ်ထပ်ကွမ်းရရှိသည်။ သို့သော် ကျွန်တော်တို့ မြန်မာလူငယ်များက မိမိတို့အလိုအလျောက် မေ့လျော့တတ်ကြသည်။ တစ်ခါတစ်ရံ ဆွမ်းကိုစွန့်ရန် မေ့ကြသည်။ ဘုရားအား ဆွမ်းကပ်လျှင် .နေ့လွဲ ညစာအထိ ရောက်သွားတတ်ကြသည်။ ဤဖြစ်ရပ်အပေါ် နောက်ပြောင်နိုင်စေသည်။

ယခင်က ဆီမီးခွက်တွင် ဆီထည့်၍ ဘုရားဆီမီးပူဇော်လေ့ရှိသည်။ ထိုမှတစ်ဆင့် ရေနံဆီ၊ ဖယောင်းတိုင်များ ထွန်းညှိကပ်လှူကြသည်။ ယခုအခါ လျှပ်စစ်မီး ဆက်သွယ်လှူဒါန်းကြသည်။ ယခင်က ဆီမီးခွက်၊ ဖယောင်းတိုင်မီးများကိုလည်း ကိုးကွယ်သူက အထူးဂရုစိုက်ကြရသည်။ များသောအားဖြင့် ညဘက်အမှောင်ထုတွင် မြတ်ဘုရားအား ဆီမီးပူဇော်ကြရသည်။ ထိုအချိန်တွင် ဘုရားစင်အနီး၌ မီးရောင်ကို မနှစ်သက်သူကလည်း ရှိတတ်သည်။ အခြားသူ မဟုတ်၊ အိမ်တွင်းမင်းမဟာဂီရိနတ်ဖြစ်သည်။ ဘုရားမီးပူဇော်ရာတွင် အဆိုပါပုဂ္ဂိုလ်အားပဝါအနီဖြင့် အမှောင်ထုရရှိအောင် လူတွေက သတိထားတတ်သည်။ သို့သော် ဘုရားမီးပူဇော်ခြင်းတွင် အချိန်ကြာမြင့်သည်နှင့်အမျှ သတိမေ့၍ မငြိမ်းသတ်တတ်သည့် အဖြစ်မျိုး ကြုံရတတ်ပါသည်။

(၁၉၈၂)ခုနှစ်လောက်က မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ အချိန်ကာလက-မတ်လတွင်း ပူလောင်သောရာသီဥတု။ လူများ နိုင်နင်းသဖြင့် မီးလောင်မှုကို ထိန်းနိုင်ခဲ့သည်။ အိမ်ဆယ်အိမ်မျှသာ လောင်ကျွမ်းသည်။ ဒေသအလျောက် ဝါးကပ်မိုးထရံကာအိမ်များမှာ မီးပို၍မြန်ဆန်စွာလောင်သည်။ မီးငြိမ်းသတ်သည့်အခါမှ မည်သည့်အိမ်မှ စတင်သည်ကို စိစစ်နိုင်သည်။ အဘယ်ကြောင့် မီးလောင်သည်ကို မသိကြ။ အိမ်ပိုင်ရှင်ကိုသာ အရေးယူရသည်။ အိမ်ရှင်က မျက်မမြင် အဘိုးတစ်ယောက်။ မြေးကလေးက အိမ်တွင်မရှိ။ ဆယ်တန်းစာမေးပွဲ သွားရောက်ဖြေဆိုနေစဉ် မီးလောင်ခြင်း။

နောက်မှ သိရသည်မှာ ဆယ်တန်းဖြေဆိုသူကလေးကြောင့် မီးလောင်ခြင်းမှာ အမှန်ဖြစ်သည်။ ဗေဒင်ဆရာက ကလေးအား ဟောချလိုက်သည်။ ဤဘာသာရပ်ဖြေဆိုစဉ် ဘုရားမီး၌ ဆေးဖယောင်းတိုင်ကို ထွန်းညှိရမည့်အမိန့်။ ကလေးက ဘာသာရပ်ကိုကြောက်သဖြင့် အမိန့်အတိုင်း လိုက်နာသည်။ ဖယောင်းတိုင်တွင် အင်းစာရွက်ကို လိပ်ထည့်၍ ဘုရားတွင် ပူဇော်ရန် မှာကြားသည်။ ဖယောင်းကို အောက်မှ ခွက်ခံ ,မခံကိုမသိ။ ဤဖယောင်းတိုင်မှ မီးကူး၍ ဘုရားစင်သို့ လောင်သည်။ ထိုမှတစ်ခါ အိမ်ပါသွားသည်။ အပေါင်းပါ အိမ်ဆယ်လုံးက အဖော်လိုက်သွားရသည်။

ထိုကလေးကို မီးသတ်ဌာနက အရေးယူသည်,မယူသည်ကို မမှတ်မိ။ သို့သော် သတိပြုမိလိုက်သည့် ရန်ပွဲကိုမူ ယနေ့ထက်တိုင် အမှတ်တရ။ လက်ဖက်ရည်ဆိုင်မှ ရန်ပွဲ။ ပြောသူက အမှိုက်စင်ကစပြီး မီးလောင်တာဟု ပြောသည်။ ထိုစကားထာ၏အနက်ကို သိလိုက်သူတစ်ယောက်က ဘုရားစင်ကို အမှိုက်စင်ဟုပြောသဖြင့် ရိုက်နှက်မှု စတင်သည်။ စကားအငြိအစွန်းကို နားမလည်သူရဲ့အရာရှိက ဘာကြောင့်ဖြစ်ရသည်ကို မသိ။ မနည်းပြောပြမှ ဘာသာရေးစကားနာမှန်း သိခဲ့ရသည်။

◆ ◆ ◆

'တို့မြန်မာလူမျိုး အိမ်တိုင်းမှာ ဘုရားစင်ရှိတယ်။ ဗုဒ္ဓမြတ်စွာဘုရားကို ယုံကြည်ကိုးကွယ်သူ များတယ်။ ပန်း၊ ရေ၊ ဆီမီး၊ ဆွမ်း စသည်တို့ကို မြတ်ဘုရားထံ အခါအားလျော်စွာ ကပ်လှူပူဇော်လေ့ရှိကြတယ်။ ယုတ်စွအဆုံး စေတီသဘောဖြင့် အထွတ်အမြတ်ထား ကြည်လှူလေ့ရှိကြတယ်'

www.burmeseclassic.com

'ဆွမ်း၊ ရေတို့ကို စတိသဘောဖြင့် သေးသေးငယ်ငယ် အနည်းအကျဉ်းကပ်လှူခြင်းဖြစ်တယ်။ တစ်ခါတစ်ရံ ထမ်းရွက်လုပ်ရမည့် တာဝန်များကို မေ့လျော့နေတတ်ကြသည်မှာ ဖြစ်လေ့ဖြစ်ထဖြစ်တယ်။ ဥပမာ-မွန်းမတည့်မီ ဆွမ်းစားရန်ကိစ္စမျိုး၊ သောက်ရေချမ်း လဲလှယ်သည့်ကိစ္စမျိုး၊ ပန်းအသစ်ပြုပြင်ရန် ကိစ္စမျိုး စသည်ဖြင့် သတိလစ်ဟင်းတတ်ကြတယ်'

'ဒီလိုသတိမလစ်ရလေအောင် အိမ်မှလူကြီးသူမတစ်ယောက်က ဖြည့်ဆည်းပေးတတ်ကြရတယ်'

'မြန်မာလူမျိုးများက ဘာသာရေးတွင် အထိမ်းအမှတ်ပြု၍ အလေးအနက်ထား ကိုးကွယ်ကြတဲ့ဓလေ့က အစဉ်အလာပဲ။ အဲသည်အထိမ်းအမှတ်ပေါ်မှာ အလေးအနက်ထားတာကို ဘာသာမတူသူများက မြန်မာလူမျိုးတို့က ရုပ်တုကိုးကွယ်ရေးဟု ပြောဆိုတတ်ကြတယ်။ အချို့က အုတ်ခဲပုံ၊ မြေပုံကို ရှိခိုးဦးချသူများဟု ကဲ့ရဲ့ကြတာက ပို၍ဆိုးရွားလာတယ်'

'မြတ်ဗုဒ္ဓအား ဆွမ်းတင်ရာတွင် အချို့က သစ်သီးဆွမ်းကို သီးသန့်ကပ်လှူကြတယ်။ သစ်သီးမျိုးစုံ ရှာဖွေကြတယ်။ နှစ်မျိုး၊ သုံးမျိုး၊ ကိုးမျိုး စုံသည်အထိ စုဆောင်းတင်လှူကြသည်မှာလည်း ပျော်စရာကောင်းလှတယ်။ ဤနေရာတွင် အချို့က သက်သတ်လွတ်ရည်ရွယ်ချက်ဖြင့် တင်စားကြတယ်'

ကျွန်တော်၏ ဦးလေးတော်စပ်သော ဦးထွေးက ဤသို့ဤပုံ ဝေဖန်သုံးသပ်တင်ပြပေးသည်။ ကျွန်တော်တို့ငယ်စဉ်က ဦးထွေးအား မေးမြန်းစပ်စုမိကြသည်။

ဘုရားအား သက်သတ်လွတ်ဆွမ်း ကပ်လှူရန် ပြဋ္ဌာန်းထားပါသလားဟူ၍ ကတ်ကတ်ဖွဲ့ဖွဲ့ မေးကြသည်။

'ဗုဒ္ဓဘာသာတွင် အသက်သတ်လွတ် ပြဋ္ဌာန်းထားသည်ကို မတွေ့ခဲ့ဖူးဘူးဟုဆိုလျှင် အချို့က ကြိုက်နှစ်သက်မှာ မဟုတ်ဘူး။ သက်သတ်လွတ်သည် ဗုဒ္ဓဘာသာနှင့် မသက်ဆိုင်ဘူးဟု ယူဆရတယ်။ ဒါပေမဲ့ ဘုရားထံ ဒေဝဒတ်က အကြံပေးဖူးခဲ့တယ်လို့ ကြားဖူးတယ်။ ဗုဒ္ဓက သတ္တဝါများရဲ့အသက်ကို မသတ်ရန် ပြဋ္ဌာန်းထားတယ်။ အဲဒီ သတ်မှတ်ချက်နဲ့အညီ ဗုဒ္ဓနဲ့ သံဃာများပင် သတ္တဝါများ၏ အသက်သတ်လွတ် ဆွမ်းဘုဉ်းပေးရန် ဆောက်ပြအကြံပေးသည်ဟု ကြားဖူးသည်။ ဒါပေမဲ့ မအောင်မြင်ဘူးဟု ကြားနာရဖူးသည်။ ဆွမ်းကပ်မည့်သူများ အခက်အခဲမကြုံစေရန် ပုံသကူအသားများ ကပ်လှူခွင့်ရှိတယ်လို့ သတ်မှတ်ခဲ့ဖူးသည်ဟု ကြားနာရဖူးတယ်'

ဦးထွေးက ဘုရားဆွမ်းကပ်မှုနှင့်ပတ်သက်၍ စုစုဆောင်းဆောင်း မှတ်မှတ်သားသား ရှင်းပြခဲ့သည်ကို မှတ်မိပါသည်။

◆◆◆

ကျွန်တော်ဦးလေး၏ ဘုရားဆွမ်းကပ်ခြင်းအကြောင်း ဖော်ပြရပါမည်။

ဦးလေးအမည်မှာ ဦးထွေးဟု ကျွန်တော်တို့ ခေါ်ဆိုကြသည်။ ဤအမည်ကလည်း သူ့အဖိုးပွယ်နှင့်သူ။ အဘိုးနှင့် အဘွားက သားလေးယောက်မွေးသည်။ ထိုခေတ်က ယခုခေတ်ကဲ့သို့ နာမည်ဆန်းဆန်းပြားပြား ခေတ်မစားသေး။ အမည်များက တစ်လုံးတည်း မှည့်ဆိုခဲ့ကြသည်။ အကြီးဆုံးသားကို ကိုညွန့်၊ ဒုတိယသားကို ကိုကွန့်၊ တတိယသားကို ကိုအေးဟု အမည်ပေးကြသည်။ အဘွားက သားသုံးယောက် မွေးပြီးသည့်နောက် ထပ်မံ၍ သားသမီးမရနိုင်ဟု ယူဆကြသည်။ ထို့ကြောင့် သားသုံးဦးကို အမည်အစား အကြီးကောင်၊ အလတ်ကောင်နှင့် အငယ်ကောင်ဟု ခေါ်ဆိုကြသည်။ သားသုံးဦးကို အကြီး၊ အလတ်၊ အငယ် ဟူသော အမည်အစားထိုး၍ ချစ်စနိုး ခေါ်ဆိုကြသည်။

အဘွားတွင် နောင်ငါးနှစ်ကြာမှ သရိုးသရီပြုတော့သည်။ ထင်သည့်အတိုင်း ကိုယ်ဝန်တစ်ခုကို ဆောင်ရတော့သည်။ အဘွား၏ဗိုက်သည် သားတစ်ယောက် ထပ်မံမွေးဖွားတော့သည်။ ထိုနေ့သည် စနေနေ့။ အဘိုးက ထုံးစံအတိုင်း အမည်တစ်ခုရွေးသည်။ ကိုတင်ဟူ၍ အဘိုးပေးသောအမည်။ တစ်ခုအခက်အခဲကြုံရသည်က ချစ်စနိုးခေါ်ရန် အစားထိုးအမည်။ အကြီး၊ အလတ်၊ အငယ် ဟူသော အမည်က ကုန်နေသည်။ အဘွားက ဉာဏ်ကောင်းသည်။ ပေးထားပြီးသော သားကြီးများအတွက် အမည်ကိုလည်း မပြောင်းလို။ အငယ်ဆုံးသားအတွက် အထွေးဟူ၍ ထပ်မံခေါ်ဆိုရာမှ ကိုတင်မှသည် ကိုတင်ထွေးဟု ပြောင်းလဲလာတော့သည်။ ကျွန်တော်တို့ တူ၊တူမများအားလုံးက ဦးတင်ထွေးကို ချစ်စနိုး ဦးထွေးဟုသာ ခေါ်ဆိုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးထွေးသည် အဘိုးနှင့်အဘွားကို မျက်စိလည် လမ်းမှားစေသူဟု ဆွေမျိုးများက ရယ်ပွဲဖွဲ့စကား ပြောဆိုကြသည်။ ထိုမျှသာမက ဆွေမျိုးများ၊ မိတ်ဆွေများက ဦးထွေးအပေါ် စဉ်းစားတွေးခေါ်စရာများရှိခဲ့သည်။ ဥပမာအားဖြင့် ဦးထွေးနှင့် ဘုရားဆွမ်းကပ်ခြင်းနှင့်ပတ်သက်၍ ဦးထွေးသည် သူ့အတွေး သူ့အယူအဆနှင့်သူ ဘုရားအားဆွမ်းကပ်လှူခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ပြီ။ ကျွန်တော်တို့ မှတ်မိသမျှ နှစ်ပေါင်းခုနစ်ဆယ်ကျော်ခဲ့ပြီ။ ဦးထွေးသည် ဘုရားအား နေ့စဉ် ဆွမ်းကပ်ခြင်းမရှိခဲ့။ သို့သော် လစဉ် လပြည့်၊ လကွယ် နေ့တိုင်းတွင် ဘုရားဆွမ်းကပ်သည်။ နှစ်တစ်နှစ်တွင် လပြည့်(၁၂)ကြိမ်၊ လကွယ် (၁၂)ကြိမ် ကြုံကြိုက်ခဲ့သည်။

ဦးထွေး၏ အိမ်ဦးခန်းကို ဘုရားခန်းဟု သတ်မှတ်ထားသည်။ ဘုရားခန်းတွင် အထွတ်အမြတ် ဦးစားပေးသည်။ ဤနေရာတွင် အိမ်သား၊ ဧည့်သည်များအား မအိပ်မနေစေရပါ။ ဘုရားကန်တော့ခြင်း၊ ဦးညွတ်ခြင်းများကိုသာ ဘုရားခန်းတွင် လှုပ်ရှားစေရသည်။ မြတ်ဗုဒ္ဓရုပ်တုတော်မြတ်များကို မြင့်မြတ်သောနေရာတွင် သပ္ပာယ်စံပယ်စေရသည်။ ဘုရား၏အရှေ့တွင် စားပွဲတစ်ခုကို ခင်းထားသည်။ ထိုစားပွဲတွင် ပန်းအိုးများက အစီအရီ။ ဘုရားရုပ်တု၏ တည့်တည့်တူရူတွင် သောက်တော်ရေချမ်းများကို ဖန်ခွက်အကြီးဖြင့် ငါးလုံးချစီထားသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမားများကို တစ်ခွက်စီ ရှိန်းထားလျက် ဖန်ခွက်ငါးလုံး စီစဉ်ထားသည်။

ဖန်ခွက်၏အရှေ့တွင် ဖယောင်းတိုင်များ တင်ထွန်းရမည့် သွပ်သံခွက်များ တည်ထားသည်။ ထိုမျှသာမက ဗုဒ္ဓရုပ်တုတည်ရှိရာ ကျောင်းဆောင်အပေါ်၌ လျှပ်စစ်မီးတန်းများ စီထွန်းထားသည်။ ဘုရား၏ အလယ်ဗဟိုတွင် လေးပေမီးချောင်း၏ အလင်းရောင်က ပို၍တင့်တယ်စေသည်။ တစ်နည်းအားဖြင့် ဘုရားခန်းတွင် လျှပ်စစ်မီးများ၊ ဖယောင်းတိုင်များ၏ အလင်းရောင်က ပို၍ထိန်လင်းစေသည်။ ထို့ပြင် ရုပ်တုတော်အား အောက်ခြေမှသော်လည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်မှသော်လည်းကောင်း မီးထိုးထားသော ဆလိုက်မီးများကလည်း ထိန်ထိန်ညီးလင်းလှသည်။

စားပွဲ၏ ရှေ့တည့်တည့်တွင် (၆)ပေပတ်လည်နေရာကွက် ဖန်တီးထားသည်။ ထိုနေရာတွင် သက္ကလတ်စပတ်လည်ခင်းထားသည်။ ဤနေရာမှထိုင်၍ ဘုရားဝတ်ပြုနိုင်သည်။ ဘုရားစင်၏ အရှေ့တွင်လည်း အလားတူဖျာသက္ကလတ်စများ ထပ်မံခင်းကျင်းထားသည်။

လပြည့်၊ လကွယ်နေ့ အကြိုနေ့တွင် ဦးထွေးနှင့် ဒေါ်အုန်းတို့ ဘုရားဆွမ်းကပ်ရန် အလုပ်ရှုပ်နေတတ်ကြသည်။ ဒေါ်အုန်းသည် ဦးထွေး၏ဇနီးဖြစ်သည်။ ဦးထွေး၏ သားနှစ်ဦး၊ သမီးသုံးဦး မွေးဖွားလာသည်။ ထိုနေ့တွင် တစ်အိမ်လုံးရှိ မိသားစုများအားလုံးလိုလို တာဝန်ရှိနေကြသည်။ ဘုရားဆွမ်းကပ်ရန် တာဝန်ကို အားလုံးမျှဝေယူကြသည့်ထုံးစံ။ သူတို့မိသားစုသာမက ကျွန်တော်တို့ ဈေးတူမများလည်း ဘုရားဆွမ်းကပ်မှုတွင် စိတ်ဝင်စားကြသည်။ အထူးသဖြင့် လပြည့်၊ လကွယ်နေ့ မွန်းတည့်ချိန်က ပို၍စိတ်ဝင်စားဖွယ်။

ထိုနေ့က မူလရည်ရွယ်ထားသော ဟင်းရန်အပြင် ထပ်မံ၍ ဟင်းနှစ်မည်မျှတိုး၍ ချက်ထားကြသည်။ ထိုနေ့အဖို့ ဟင်းသုံးမျိုးက အနည်းဆုံး ငါးပိချက်၊ ငါးပိကြော်၊ ငံပြာရည်ချက်ကလည်း ပါဝင်သည်။ ဟင်းသီးဟင်းရွက် အတို့အမြှုပ်ကလည်း ဖွယ်ဖွယ်ရာရာ။ ထို့ပြင် အသီးအရွက်ကြော်ကလည်း မကျန်စေရ။ ဘုရားဆွမ်းကပ်ရန် စိုင်းပြင်းဟန်ပြင်နေကြသော ဦးထွေး၏မိသားစု။

ထမင်းဟင်းပြည့်စုံစွာ ချက်ပြီးပါက ဘုရားဆွမ်းကို ပြင်ဆင်ကြသည်။ ဘုရားရှေ့ ခြောက်ပေပတ်လည်တွင် စားပွဲခုံကို ခင်းကျင်းကြသည်။ စားပွဲတွင် စားပွဲခင်းက အသင့်။ စားပွဲ၏တစ်ဖက်တွင် ထိုင်ရန် နေရာတော်ခင်းဖျာကလေးကို စီစဉ်ထားသည်။

နေရာတော်ခင်းနေရာမှ စတင်၍ ထမင်းပန်းကန်ပြားကို ပြင်ဆင်သည်။ ကြွေပန်းကန်ပြားအပြည့်တွင် ဆွမ်းထမင်းကို စီစဉ်ထည့်သွင်းသည်။ ဘယ်ဘက်အနီး၌ ထမင်းအုပ်တစ်ခု။ အနီးကပ်လျက်တွင် ဟင်းခွက်သုံးမျိုးကို ဖွန်းတပ်လျက်သား ခင်းကျင်းထားသည်။ ထိုမှတစ်ဖန် တို့စရာ အသီးအရွက်နှင့် ငါးပိ၊ ငါးပိချက် ပန်းကန်များ စီစီရီရီတွဲဖက်သည်။ ထို့နောက် လက်ဆေးရန်ရေခွက်၊ ဆပ်ပြာခွက်နှင့် လက်သုတ်ပဝါများက အဆင်သင့်။ [illegible] သံဃာတစ်ပါးအား ဆွမ်းကပ်လှူသည့်နည်းတူ[illegible]

နံနက်ဆယ့်တစ်နာရီတွင် ဘုရားသို့ ဆွမ်းကပ်သည်။

www.burmeseclassic.com

ဆယ့်နှစ်နာရီတွင် ဆွမ်းကိစ္စပြီးသည်။ ဦးထွေး၏ စိတ်ထဲတွင် ဗုဒ္ဓဘုရားကိုယ်တိုင် ဆွမ်းလာဘုဉ်းပေးနေသည့်နည်းတူ တွေးမှတ်ထားသည်။ ဘုရားသည် ရှေးခေတ်ယောက်ျားကြီးတစ်ယောက်။ လူသာမန်ထက် ပို၍ ကြီးထွားမည့် မြတ်ဘုရားဟု တွေးမြင်လာသည်။ ဘုရားဆွမ်းစားပွဲတွင် မြတ်ဘုရားကိုယ်တော်တိုင် ထိုင်လျက်ဆွမ်းစားနေသည်ဟု မြင်အောင်ကြည့်သည်။

ဆွမ်း၊ ဆွမ်းဟင်းများအား ခြင်၊ယင်မကပ်နားရန်ပန်ကာဖြင့် မှုတ်စေသည်။ လူကိုယ်တိုင်က ယပ်တောင်ဖြင့် ခတ်ပေးလိုက်သည်။ မြတ်ဘုရား ဆွမ်းဘုဉ်းပေးနေပုံကို မြင်အောင်ရှုလျက် ကြည်နူးနေသော ဦးထွေး။ ထိုကာလတွင် အခြားစိတ်ဝင်စားဖွယ်ကို မခံစား မကြည့်ရှုဘဲ ဘုရားဆွမ်းကပ်မှုကိုသာ ဦးစားပေးသည်။ ဒေါ်ဒေါ်အုန်းသည်လည်း ဦးထွေး၏အနီးတွင် ကပ်လျက်သားထိုင်လျက် ဘုရားကို ကြည်ညိုနေတတ်သည်။ သားသမီးများသည်လည်း ထိုကာလတွင် စကားသော်မျှ မပြောကြ၊ မဆိုကြ။ ဘုရားသို့ ဆွမ်းကပ်မှုမှတစ်ပါး အခြားဘာမျှမရှိ။ ဘာကိုမျှ စိတ်မဝင်စားသောကာလ။ အချို့သမီးငယ်များက ဗုဒ္ဓဘုရား၏ နှုတ်မြွက်သုတ် တရားတော်များကို တီးတိုးရေရွတ် ပူဇော်ကြသည်လည်း ရှိ၏။

ထိုကာလတွင် မည်သည့်ဧည့်သည်မျှ မနှောင့်ယှက်ရန် စီစဉ်ထားသည်။ မြတ်ဘုရားအား ဆွမ်းကပ်လှူသော အိမ်ရှင်များကို အသိအမှတ်ပြုရန် စာကပ်ထားသည်။ ဧည့်သည်များက အလိုက်သိတတ်ကြသည်။ အိမ်ဖော်မှလွဲ၍ အိမ်ရှင်တစ်ဦးမျှ မတွေ့မြင်ရသောအိမ်တွင် ဧည့်သည်များက မစပ်စုခဲ့ကြ။ အသာနေထိုင်စောင့်ဆိုင်းတတ်ကြသည်။ ဤသို့ ဘုရားကြည်ညိုသော အချိန်ကာလကို ဖျက်ဆီးခဲ့သူများ ရှိခဲ့ဖူးသော်လည်း ဦးထွေး စိတ်မဆိုး။ နောင်တွင် ဧည့်သည်များက အိမ်ရှင်၏ အနေအထားကို အလိုက်သိခဲ့ခြင်းသာ အကျိုးဖြစ်တော့သည်။

သတ်မှတ်သော မွန်းတည့်ချိန်တွင် ဘုရားဆွမ်းကို စွန့်ကြဲတော်မူ၏။ ကျွန်တော်တို့က ဤအချိန်ကိုကိုက်၍ ရောက်လာတတ်ကြသည်။ ဟင်းသုံးမျိုးစားရသော စားမြိန်အာဟာရက အလွန်အရသာရှိလှသည်။ စားသောက်ပြီးလျှင် ပန်းကန်ကိုဆေး၊ အမှိုက်ကိုသိမ်း၊ စရိတ်ငြိမ်းလုပ်အားပေးခဲ့ကြဖူးသည်မှာ ငယ်စဉ်အခါက ပျော်စရာ။ ကျွန်တော်တို့ကဲ့သို့ ဘုရားဆွမ်းတော်စွန့်ကို စွန့်စားသူများ မရှိသော်လည်း ဦးထွေးကိုယ်တိုင် စားသုံးသည်။

အချို့က ဆွမ်းတော်စွန့်စားသည်ကို အမျိုးမျိုးပြောကြသည်။ ယုတ်စွအဆုံး အာဏာစက်ပျက်သည်ဟုလည်း ဆိုကြသည်။ နတ်သို့ပေးလှူသော် အစာအာဟာရများကို ကျတော့ ဤသို့သောသူများက အာရုံမကပ်မကပ် စားသုံးကြသည်ထက် ဘုရားဆွမ်းတော်စွန့်က ပိုမိုအထက်တန်းကျသည်ဟု ပြောတတ်သူ ဦးထွေးက သတိတရ။

အချို့ကတော့ ဦးထွေးကို ဘာသာရေးအစွန်းရောက်သူဟု ယူဆကြသည်။ အလုပ်ပိုလုပ်သည်ဟုလည်း ကဲ့ရဲ့ကြသူ မိတ်ဆွေအချို့ ရှိခဲ့ဖူးသည်။ ဦးထွေး ဂရုမစိုက်။ သူ့လုပ်မြဲအတိုင်း ဘုရားဆွမ်းကပ်ခြင်းကို သေသည်အထိ ကျင့်သုံးလိုက်နာခဲ့သည်။

ကျွန်တော်၏ ယောက္ခမများ နှစ်ပတ်လည်ဆွမ်းကို အလုံမြို့နယ် ဇမ္ဗူရတနာပရိယတ္တိစာသင်တိုက်သို့ ကပ်လှူဖူးသည်။ ဤကျောင်း၏ ဆွမ်းစားဆောင်တွင် ဘုရားခန်း စီစဉ်ထားသည်။ ထိုနေရာတွင် ထမင်းစားပွဲတစ်ခုဖြင့် ဘုရားအား လူသားသဏ္ဌာန် ဆွမ်းစီမံကပ်လှူထားသည်ကို တွေ့ရှိရသည်။ ဦးထွေးကဲ့သို့ စိတ်ကူးတူသော ဆရာတော်ကြီးအား အားကျမိသည်။

ထိုမျှသာမက နေအိမ်များတွင်လည်း ဘုရားဆွမ်းကပ်လှူခြင်းနှင့် အလားတူ ဘုရားထံ ဆွမ်းကပ်လှူရာတွင် စတီသဘော ရည်မှန်းယူဆချက်ထက် ပိုလွန်သည့်အနက်။

မြန်မာလူမျိုးတို့ ဗုဒ္ဓမြတ်စွာဘုရားထံ ဆွမ်း၊ ပန်း၊ ဆီမီးကပ်လှူခြင်းသည်လည်း အထိမ်းအမှတ်ပြု ကိုးကွယ်ခြင်းသာဖြစ်သည်။ ဤသို့ပူဇော်ရမှသာ မြန်မာတို့၏ရင်ထဲတွင် စိတ်နှလုံးငြိမ်းချမ်းစေသည်မှာ အမှန်။

မြန်မာတို့သည် ဘုရားသို့ ဆွမ်း၊ ပန်း၊ သောက်ရေချမ်း ကပ်လှူရာ၌ အကျိုးဖြစ်မြောက်လှ၏။ သတ္တဝါများ၏ အသက်အန္တရာယ် မထိခိုက်စေရ။ သူတစ်ပါး၏ ဥစ္စာစည်းစိမ်သို့ မနှောင့်ယှက်စေရ။ တစ်ဦးတစ်ယောက်တွင် နစ်နာဆုံးရှုံးမှု မပေါ်ပေါက်စေရ။ ဤရွေ့ဤမျှ အပြစ်ကင်းစင်လှသောအမှုကို မည်သူမဆို နားလည်သဘောပေါက်စေလိုသည်။

ရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



(၁) (၂)

ယခုဘဒ္ဒကမ္ဘာမှ နောက်ပြန်ရေတွက်သော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသောအခါ ထိုထိုသော ကာလတွင် ဒီပင်္ကရာ အမည်ရှိတော်မူသော ရှင်တော်မြတ်ဘုရားသည် အထင်အရှား ပွင့်ထွန်းတော်မူခဲ့လေသည်။ ဒီပင်္ကရာမြတ်စွာဘုရား၏ ရှေ့လက်ထက်တော်ကာလ၌ပင် ဤမည်သော ဆွတ်ပျံ့ဖွယ် ဇာတ်တော်မဟာသည် အစပြုအခြေတည်ခဲ့ခြင်း ဖြစ်လေသည်။

◆◆◆

**အမရဝတီမြို့တော်**

စည်ကားသည်၊ သိုက်မြိုက်သည်၊ ခမ်းနားထည်ဝါသည်။ နေ့စဉ်နှင့်အမျှ ရောင်းဝယ်ဖောက်ကားမှုတို့ဖြင့် လှုပ်ရှားသက်ဝင် ရှင်သန်လျက်ရှိသော မြို့တော်။ ထိုမြို့တော်တွင် လူတန်းစားအလွှာစုံသည်။ လက်မှုပညာသည်များ၊ ပန်းချီ၊ပန်းပု အစရှိသော ပန်းအတတ်ပညာရှင်များ၊ ကုန်သည်များ၊ လယ်ယာကိုင်းကျွန်း စိုက်ပျိုးသူများ၊ မွေးမြူရေးသမားများ၊ အထက်တန်းလွှာ ဝေဒပညာရှင်များ၊



www.burmeseclassic.com

www.burmeseclassic.com

# နန္ဒာစိုး (ဆင်ဖြူကျွန်း)

## သုမိတ္တာနီဒါန်းအစ အနှိုမ ယသော်ဓရာ

သူဌေးသူကြွယ်များမှသည် အောက်ခြေအလွှာ ခိလက်ချုပ်များအထိ လူမျိုးစုံ အလွှာစုံတို့ ကျင်လည် စွဲယှက်ထားသော မြို့တော်ဖြစ်၏။

ဤသို့ အလွှာစုံထဲတွင် ဖြဟ္မဏ မဟာ သာလမျိုးနွယ်သည် ထင်ရှားသော အထက် တန်းလွှာမျိုးနွယ်ကြီးဖြစ်သည်။ ယင်းအနွယ်ထဲမှ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီး ဇနီးမောင်နှံတို့မှ ပေါက်ဖွားလာခဲ့သော သတို့သား တစ်ဦးရှိ၏။ ရုပ်ဆင်းအင်္ဂါ လက္ခဏာကြန်အင် စုံလင်ပြည့်ဝ၍ မဟာပုရိသ ဇာတ်ဖြင့် အဓိပတိယောကျ်ား တစ်ဆူဟု ဆိုလောက်သော ထိုသတို့သား၏ အမည်က သုမေဓာ။




အလောင်းတော် သုမေဓာသည် သူနှင့်ခေတ်ပြိုင် သတို့သား များစာရင်းထဲတွင် ထူးခြားထင်ရှားသူဖြစ်သည်။ အရာရာကို ဆင်ခြင် သုံးသပ်နိုင်စွမ်းသော ဇာတိပညာနှင့်လည်း ပြည့်စုံသည်။ ဆရာအဆူဆူတို့ထံမှ သင်ယူဆည်းပူး ရရှိအပ်သော ဗေဒင်သုံးပုံ အလုံးစုံ၌လည်း တစ်ဖက်ကမ်းရောက် အောင်မြောက်ကျွမ်းကျင် ပေါက်ရောက်သူ။ အမျိုး၏ မြင့်မြတ်ခြင်း၌လည်းကောင်း၊ ငွေကြေးဓနစည်းစိမ်ဥစ္စာ ပိုင်ဆိုင်မှု၊ ကြွယ်ဝမှု၌လည်းကောင်း၊ ယဉ်ကျေးလိမ္မာ

www.burmeseclassic.com

ပြေပြစ်ရာ၌လည်းကောင်း ပြိုင်ဘက်မရှိ အထွတ်အထိပ်မှာ ရပ်တည်နိုင်သူ ဖြစ်၏။ ထို့ကြောင့် ထိုသုမေဓာအပေါ်၌ မလိုမုန်းထား မနာလိုစိတ်ဖြင့် ကဲ့ရဲ့စွပ်စွဲ အပြစ်ရှာလိုသူတို့အဖို့ပင် အပြစ်ရှာရခက်လောက်အောင် ထောင့်မျိုးစုံမှ အကျအပေါက်မရှိ လုံခြုံသူဟု ဆိုကြရသူမျိုး ဖြစ်သည်။

သို့ရာတွင် လူသားတို့ဓမ္မတာအရ အရာရာပြည့်စုံကုံလုံသူဟူ၍ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။ မှန်သည်၊ သုမေဓာတွင်လည်း လွန်စွာနုပျို တက်ကြွနေသေးသော၊ အဘက်ဘက်က ပျော်ရွှင်ချမ်းမြေ့နေနိုင်သေးသော အရွယ်ငယ်ငယ်မှာပင် ပူပင်ကြောင့်ကြစရာ အဖြစ်ဆိုးကြီးတစ်ရပ်နှင့် ရင်ဆိုင်လာရလေသည်။ အခြားမဟုတ်၊ သူ၏မိခင်၊ ဖခင် နှစ်ပါးတို့ ကံအားလျော်စွာ စုတေကွယ်လွန်သွားခဲ့ကြသော ကိစ္စကြီးကို ကြုံတွေ့လာရခြင်း။ မိဘနှစ်ပါး ကွယ်လွန်သွားကြချိန်တွင် သုမေဓာ၌ မင်္ဂလာလက်ထပ်ပွဲကို ဆင်နွှဲရန် သတို့သမီး ဖူးစာဖက်ပင်မရှိသေးသော ပီဘိလူပျိုလူလွတ်ဘဝနှင့် ကျန်ရစ်နေခဲ့ရသည့်အဖြစ်။ သည်တော့လည်း လောကထုံးစံအတိုင်း မိမွေ၊ ဖမွေ ကိစ္စတွေပါ နောက်ဆက်တွဲ ပေါ်ပေါက်လာခဲ့ရပြီ။ မိဘများ လက်ထက်ကတည်းက အိမ်တော်တွင် စောင့်ရှောက်ခဲ့သော ဘဏ္ဍာစိုးကြီးက သူ့တာဝန်နှင့်အညီ စာရင်းဇယားပုရပိုက်များနှင့် တင်ပြလာတော့သည်။

'သခင်ကလေး..မောင့်ဖခင်၊ မိခင်သူဌေးကြီးတို့ လက်ထက်ကတည်းက ကွပ်ကဲထိန်းသိမ်း စောင့်ရှောက်လာခဲ့ရတဲ့ ဘဏ္ဍာတိုက်တွေကို ကြည့်ရှုစစ်ဆေးပါဦး။ ကျန်ရှိပစ္စည်းဥစ္စာများနဲ့ စာရင်းကိုက်ပြသဖို့ အသင့်ပါပဲ။ ဘဏ္ဍာစိုးကြီး တစ်ဦးအနေနဲ့ ကျွန်ုပ်မှာလည်း တာဝန်ရှိနေလို့ပါ'

ထိုတောင်းဆိုမှုကို သုမေဓာ မငြင်းသာ။ ထို့ကြောင့် ဘဏ္ဍာစိုးကြီးနှင့်အတူ ရတနာဘဏ်တိုက်၊ ရွှေတိုက်၊ ငွေတိုက်များကို ဖွင့်လှစ်ကြည့်ရှုရတော့၏။

'သခင်ကလေး..ဒါက မောင့်ဖခင်ဘက်က ကျန်ရှိတဲ့ ပစ္စည်းဥစ္စာတွေ ဖြစ်ပါတယ်။ ဒါက မောင့်မိခင်ဘက်က၊ ဒါက အဘိုးဘက်က၊ ဒါက အဘွားဘက်က'

ဘဏ္ဍာစိုးကြီးက ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင်အောင် ရှင်းလင်း၍ စာရင်းဇယားနှင့်တကွ တင်ပြလေသည်။ ထိုပစ္စည်းဥစ္စာရတနာတို့ကို အခြေခံပြု၍ ရရှိခဲ့သော အတိုးအညွန့် အစီးအပွားတို့ကြောင့် သုမေဓာ၏ မိခင်ဖခင်တို့ လက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့သော ကုဋေရှစ်ဆယ်သည် ယုတ်လျော့ခြင်းမရှိ။ ပကတိအတိုင်း တည်မြဲနေဆဲပင်။ သည်လိုဆိုတော့ ငယ်ရွယ်နုပျိုသေးသော အရွယ်ကောင်း သုမေဓာအဖို့ ကုဋေရှစ်ဆယ်သော နေဥစ္စာကို ပိုင်ဆိုင်ခွင့်ရပြီဖြစ်သော သူဌေးကလေး သုမေဓာ ဖြစ်ခဲ့ပြီဟု ဆိုရန်သာ ရှိတော့သည်။

သို့ရာတွင် သုမေဓာကား ဝမ်းမြောက်ရွှင်ပျခြင်းမဖြစ်။ ကျန်ရစ်ခဲ့သော ဥစ္စာပစ္စည်းများကို ခေါင်းငိုက်စိုက်နှင့် ငေးမောကြည့်ရှုလျက်မှပင် သူ့ရင်ထဲတွင် သံဝေဂမီးတို့ တလျှံလျှံတောက်လောင်နေလေသည်။

ကြည့်စမ်း၊ များလိုက်တဲ့ ဥစ္စာပစ္စည်းတွေ။ ရွှေငွေ၊ ကျောက်သံပတ္တမြားတွေ။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် အမိဘက်၊ အဖဘက်က ဆင်းသက်လာတဲ့ အမွေတွေပါကလား။ သည်ပစ္စည်းတွေ ကျန်ရစ်နေခဲ့ကြပေမယ့် သည်ပစ္စည်းတွေကို ရှာဖွေစုဆောင်းခဲ့ကြတဲ့ ငါ့ဘိုးဘေးမိဘတွေကတော့ သေကျေပျက်စီးကုန်ခဲ့ကြပါပေါ့ကော။ မသုံးရက် မစွဲရက် အစဉ်အဆက် စုဆောင်းလာခဲ့ရတဲ့ ပစ္စည်းဥစ္စာတွေရဲ့ ပိုင်ရှင်တွေကတော့ ဗုန်းဗုန်းလဲခဲ့ကြပြီ။ သည်ဥစ္စာပစ္စည်းတွေကို မက်မောတဲ့ လောဘဇောကပ်ပြီး ကံကုန်လို့ ငရဲဘုံကို ရောက်သူလည်းရောက်၊ ပြိတ္တာလမ်း ပေါက်သူလည်း ပေါက်ခဲ့ကြရော့မယ်။ တကယ်တော့ ဒါတွေဟာ ငါ့ဘိုးဘေးမိဘ ဆွေမျိုးတွေကို အပါယ်ကျအောင် ချခဲ့တဲ့ စိတ်နာစရာ ပစ္စည်းတွေပဲ။ တစ်နည်းအားဖြင့် ငါတို့ရဲ့ ရန်သူတော်တွေပဲ။

ဒီလို ငါ့ဘိုးဘွားမိဘ ဆွေမျိုးတွေကို နှိပ်စက်ခဲ့တဲ့ ပစ္စည်းတွေကို သိမ်းပိုက်ပြီး ငါက နှစ်ခြိုက်ခံစားနေလို့ သင့်ပါ့မလား။ ငါ့ဘိုးဘွား၊ ငါ့မိဘတွေဟာ သည်ဥစ္စာရွှေ၊ ငွေတွေကို ဘာကြောင့်ထားသွားရစ်ခဲ့ရသလဲ။ ရှင်းရှင်းကလေးပဲ။ မမြဲတဲ့ အနိစ္စနယ်ထဲမှာ အို၊ နာ၊ သေတရားတွေကို မလွန်ဆန်နိုင်လို့ပေါ့။ ငါသည်လည်းပဲ သူတို့နဲ့မထူး။ တစ်နေ့မှာ ဒီဥစ္စာပစ္စည်းတွေ ထားခဲ့ရဦးမှာပဲ။ လောကမှာ သေခြင်းတရားရှိရင် မသေခြင်းတရားလည်း အမှန်ရှိရမယ်။ ပဋိသန္ဓေနေခြင်းတရားရှိရင် ပဋိသန္ဓေမနေခြင်းတရားလည်း အမှန်ရှိရမယ်။ ရောဂါရှိရင်



www.burmeseclassic.com

www.burmeseclassic.com

ဆေးရှိသလို ဇာတိအစရှိတဲ့ ဝဋ်ဒုက္ခအပေါင်းက လွတ်မြောက်ကြောင်း အမှန်လမ်းကြောင်းလည်း ရှိရမှာပဲ။ အဲဒီလွတ်မြောက်ရာလမ်းကိုသာ ငါရှာဖွေရလိမ့်မယ်။ သတိမေ့လျော့ပေါ့ပေါ့ဆဆ သည်ဥစ္စာပစ္စည်းတွေနဲ့ ပျော်ပါးနေလို့ မသင့်ဘူး။

သုမေဓာ၏ရင်ထဲ၌ တောက်လောင်နေသော သံဝေဂမီးလျှံများမှ ထွက်ပေါ်လာခဲ့သောအလင်းရောင်တို့ဖြစ်၏။ သည်အလင်းတစ်စကို သုမေဓာဆုပ်ကိုင်မိချေပြီ။ ထိုခဏ၌ပင် သုမေဓာ၏ နှုတ်ဖျားမှ ပြတ်သားသောစကားတစ်ခွန်း ထွက်ကျလာခဲ့တော့၏။

'ကောင်းပါပြီ ဘဏ္ဍာစိုးကြီး၊ အသင့်ရဲ့တာဝန် ကျေပွန်ပါပေတယ်။ နောက်ထပ်တာဝန်တစ်ခုကို ထမ်းဆောင်ပေးပါဦး။ အခုရက်ပိုင်းအတွင်းမှာပဲ အမရဝတီနေပြည်တော်ကြီး တစ်ခွင်လုံးကို မောင်းကြေးနင်း တီးခတ်လှည့်လည်ပြီး ကြေညာပေးပါ။ ဟောဒီကျန်ရစ်တဲ့ ဥစ္စာပစ္စည်းတွေကို လှူဒါန်းခဲ့မှာမို့ အယုတ်အလတ် အမြတ်မရွေး အလှူခံပုဂ္ဂိုလ်တွေ သုမေဓာရဲ့အိမ်တော်ကို လာရောက်နိုင်တယ်လို့'

ဘဏ္ဍာစိုးကြီး အံ့အားတသင့်ဖြင့် ပါးစပ်ဟောင်းလောင်းဖြစ်သွား၏။ သူနားအကြား လွဲလေရော့သလားဟုလည်း ကိုယ့်ဘာသာကိုယ် သံသယဝင်လိုက်မိ၏။ ထို့ကြောင့် အလန့်တကြား လှမ်းကြည့်ကာ အလျင်စလို မေးလိုက်မိလေသည်။

'ဘယ်လိုပြောလိုက်တယ် သခင်လေး။ ဒီအမွေတွေကို လှူပစ်ခဲ့မယ်၊ ဟုတ်စ။ ဒါဖြင့် ဒီပစ္စည်းဥစ္စာတွေလှူပြီးရင် ဘာဆက်လုပ်မှာမို့လို့လဲ'

ထိုအခါ သုမေဓာသတို့သားက တည်ငြိမ်စွာ ပြန်ဖြေလေသည်။ ထိုအဖြေသည်ပင် သူ့ဆုံးဖြတ်ချက်ဖြစ်၏။

'ကျွန်ုပ်တစ်ကိုယ်တည်းပဲ ဟိမဝန္တာတောကြီးကို ထွက်ခွာသွားတော့မယ် ဘဏ္ဍာစိုးကြီး။ ဘာလုပ်ဖို့လဲ ထပ်မမေးပါနဲ့တော့။ တစ်ခါတည်း ဖြေမယ်။ ရသေ့အသွင်ပြောင်းပြီး တရားရှာဖို့ပဲ'

◆◆◆

(၃)

အလောင်းတော် သုမေဓာသည် သူ၏ မူလရည်ရွယ်ချက်အတိုင်း မိဘများ ကြွင်းကျန်ရစ်ခဲ့သည့် အမွေပစ္စည်းဥစ္စာများကို လှူဒါန်းပြီးနောက် အဖော်မရှိ တစ်ကိုယ်တည်းပင် မြို့တော်ကိုစွန့်ခွာ၍ ထွက်ခဲ့လေသည်။ ဘဏ္ဍာစိုးကြီးအပါအဝင် အိမ်တော်ရှိ အမှုလုပ်ကျေးကျွန်များကိုလည်း ပစ္စည်းဥစ္စာများ ထိုက်သင့်သလို ခွဲဝေပေးခဲ့ပြီးဖြစ်၍ သူ့တာဝန်ကျေခဲ့ပြီ။ နောက်ဆံငင်စရာမလိုတော့။ သူ၏ ဦးတည်ရာအရပ်က တောမြိုင်ဟိမဝန္တာစုံကန္တာ။ တစ်ကိုယ်တည်း ခရီးနှင်ခဲ့ရင်းပင် ဓမ္မိကတောင်သို့ ရောက်ရှိလာလေသည်။

ထိုအချိန်တွင် သူတော်ကောင်းတို့၏ ရှေးပါရမီအဟုန် နှီးဆော်ရိုက်ခတ်မှုကြောင့် သိကြားမင်း၏ မြကျောက်ဖျာမှာ မတည်လှုပ်ခတ်လေ၏။ ထို့ကြောင့် ကြည့်ရှုစေငုလတ်သော် ဟိမဝန္တာသို့ တောထွက်လာခဲ့ပြီဖြစ်သော အလောင်းတော်သုမေဓာကို မြင်လေသည်။ သိကြားမင်း မနေသာတော့ပြီ။

'ဟဲ့ အမောင်ဝိသကြုံနတ်သား၊ ငါ့ထံ အမြန်လာစမ်းဟဲ့'

သိကြားမင်းက သူ၏ လက်စွဲကျော် ဝိသကြုံနတ်သားကို ဆင့်ခေါ်လိုက်၏။ ဝိသကြုံနတ်သား ရောက်ရှိလာသည်နှင့် အလောင်းတော်နှင့် ပတ်သက်သောတာဝန်ကို အမြန်ပေးရလေတော့သည်။

'ဟိမဝန္တာတောရဲ့ ဓမ္မိကတောင်မှာ အလောင်းတော်သုမေဓာ ရောက်နေပြီကွယ့်။ အမောင်နတ်သားက သူလာရာလမ်းမှာ ဆီးကြိုပြီး သူနေထိုင်ဖို့ ကျောင်းကြီးတစ်ဆောင် အမြန်ပြီးစီးအောင် ဆောက်နှင့်ပေတော့။ အဲဒီကျောင်းထဲမှာ ရသေ့ရဟန်းတို့ရဲ့ ပရိက္ခရာလည်း အစုံအလင်ထည့်ခဲ့။ အသင့်သုံးဆောင်စရာ သစ်သီးဝလံ၊ သောက်သုံးရေတွေကအစ လိုလေသေးမရှိစေနဲ့။ ကြားရဲ့လား'

'မှန်ပါ့ အရှင်သိကြားမင်း၊ နတ်တို့တန်ခိုးနဲ့ ဖန်ဆင်းရမှာမို့ လိုအပ်ချက်မရှိ အမြန်ပြီးစီးစေရပါမယ်ဘုရား'

သို့နှင့် နတ်လက်သမားဆရာကြီး ဝိသကြုံနတ်သားသည် သိကြားမင်း၏ အမိန့်တော်အတိုင်း ဟိမဝန္တာတောရှိ ဓမ္မိကတောင်သို့ အမြန်ဆင်းသက်ရောက်ရှိခဲ့၏။ ထို့နောက် အလောင်းတော်သုမေဓာသတို့သား လှမ်းလာမည့်လမ်းရှေ့မှ ဆီးကြိုကာ သာယာမွေ့လျော်ဖွယ်ဝန်းကျင်ကို ရွေးချယ်၍ စံကျောင်းကြီးတစ်ဆောင်ကို အမြန်ဖန်ဆင်း

www.burmeseclassic.com

ဆောက်လုပ်ထားနှင့်လေသည်။

အလောင်းတော်သုမေဓာသည် စံကျောင်းတော်ကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရသည့်အခါ လွန်စွာဝမ်းမြောက်သွားလေသည်။ ကြည့်စမ်း၊ ရသေ့ရဟန်းအပေါင်း သူတော်ကောင်းတို့ သီတင်းသုံးရာ စံကျောင်းတော်ကို အခန့်သင့် တွေ့ရပေတယ်။ ငါ့အတွက် တရားအလုပ်လုပ်ဖို့ရာ ရေကန်အသင့် ကြာအသင့်ဆိုသလို နေရာကျဖို့ပဲ။ ကျောင်းကြီးရှင် ရှိခဲ့လျှင်လည်း အခွင့်တောင်းမယ်။ တရားအလုပ်လုပ်ကြသူချင်း ခွင့်ပြုတန်ကောင်းပါရဲ့ဟုတွေးကာ စံကျောင်းအတွင်းသို့ ဝင်ခဲ့လေသည်။ သို့သော် မျှော်လင့်ထားခဲ့သလို ကျောင်းပိုင်ရှင် ရသေ့ရဟန်းတစ်ပါးတလေကိုမျှ မတွေ့ရသဖြင့် သူတော်စင်တစ်ပါးပါးက စွန့်ခွာထားခဲ့ပြီဖြစ်သော ပုံသက္ကူကျောင်းဟုပင် တွက်ဆလိုက်မိလေသည်။ သိကြားမင်း၏ ပါရမီဖြည့်ဆည်းချက်ဟု လုံးဝမသိရှိပေ။

ကျောင်းအတွင်း၌ ခေတ္တခဏနားနေ အမောအပန်းဖြေပြီးချိန်ကျမှ မိမိအိမ်က ထွက်ခဲ့စဉ်က ဝတ်ဆင်လာခဲ့သည့် လူဝတ်တန်ဆာတို့ကို ပြန်လည်သတိပြုမိ၏။ ထိုအခါ ငါဟာ တရားအလုပ် လုပ်မည့်သူပဲ။ လူ့ဝတ်တန်ဆာများနှင့် မသင့်လျော်တော့ဟု တွေးထင်ကာ လူဝတ်တန်ဆာတို့၏ အပြစ်(၉)ပါးကို စိတ်ဝယ် ထင်မြင်လာလေသည်။ ထိုအပြစ်(၉)ပါးကား (၁) အဖိုးထိုက်တန်ခြင်း၊ (၂) ရက်လုပ်ခြင်းမှစ၍ သူတစ်ပါးတို့နှင့် မကင်းနိုင်ခြင်း၊ (၃) ဝတ်ဆင်သောအခါ လျင်မြန်စွာ ဟောင်းနွမ်းလွယ်ခြင်း၊ (၄) ဟောင်းနွမ်းသောအခါ လျှော်ဖွပ်ရနှင့် ကိစ္စများခြင်း၊ (၅) မကြာမီ စုတ်ပြတ်ဆွေးမြည့်လွယ်ခြင်း၊ (၆) စုတ်ပြတ်လျှင် ချုပ်စပ်ဖာထေးရခြင်း၊ (၇) အဝတ်သစ် တစ်ထည်ကို တစ်ဖန်ရှာကြံရန် ဝန်လေးခြင်း၊ (၈) လူဝတ်တန်ဆာဆိုသည်မှာ ရသေ့ရဟန်းတို့ ဝတ်ဆင်ရန် မသင့်လျော်ခြင်း၊ (၉) ခိုးသူ စသည်တို့က ခိုးယူတတ်ခြင်း စသည်တို့ ဖြစ်ကြ၏။

ထို့ကြောင့် သုမေဓာသည် မိမိ၏ လူဝတ်တန်ဆာတို့ကို ပယ်ရှားလိုက်ကာ ရသေ့တို့နှင့် သင့်လျော်သော လျှော်တေအဝတ်တို့ကို လဲလှယ်ဆင်မြန်း၍ ရသေ့ရဟန်းအသွင်သို့ ပြောင်းလဲလိုက်လေသည်။ ထိုသို့ ရသေ့အသွင်သို့ ပြောင်းလဲလိုက်ရသည့်အတွက် အလောင်းတော်သည် မိမိကိုယ်မိမိ ကျေနပ်အားရလှသဖြင့် ဖွင့်ဟဥဒါန်းကျူးရင့်မိလေသည်။

ပဟိန် မေဂီဟိဗန္ဓနံ၊ နိက္ခန္တောသို့နေကို့မံ၊ လဒ္ဓါမေ ဥတ္တမ ပဗ္ဗဇ္ဇာ၊ ကရိသာမိ သမဏဓမ္မံ၊ လဘိဿာမိ အဂ္ဂဖလသုခံ။ (အဋ္ဌသာလိနီ သုမေဓာကထာ)

မေ-သုမေဓာဟု သညာတွင်လေ့ ငါရသေ့အား၊ ဂိဟိဗန္ဓနံ-လူတို့၏ အနှောင်အဖွဲ့အမျိုးမျိုးတွေကို၊ ပဟိန်-ကုန်စင်ကျင်းကျင်း ရှင်းလင်းပယ်ဖျောက်ရလေပြီ၊ နေက္ခမံ-မြင့်မြတ်သော တောထွက်ခြင်းကို၊ နိက္ခန္တောသို့-အောင်မြင်ကျွတ်လွတ်စွာ ထွက်မြောက်ခဲ့ရလေပြီ၊ မေ-ငါ သုမေဓာအား၊ ဥတ္တမပဗ္ဗဇ္ဇာ-မြတ်သောရဟန်းအဖြစ်ကို၊ လဒ္ဓါ-လက်ရှိလက်ကိုင် ပိုင်ပိုင်ကြီးရအပ်ခဲ့လေပြီ၊ သမဏဓမ္မံ-ရဟန်းကိစ္စ ပဓာနဓာတ် တရားမြတ်ကို၊ ကရိဿာမိ-မနေမနား ကြိုးစားအားထုတ်ရပေတော့လတ္တံ့၊ အဂ္ဂဖလသုခံ-ကာမဂုဏ်သုခထက်လွန်၍ အမွန်အမြတ်ဆုံးဖြစ်သော ချမ်းသာထူးကို၊ လဘိဿာမိ-ရရှိခံစား မျှော်ပါးနှစ်ခြိုက်ရတော့မည်တကား'

အလောင်းတော် သုမေဓာသည် မိမိ၏ ပြောင်းလဲမှုအတွက် ဤသို့ဝမ်းမြောက်စွာ ဥဒါန်းကျူးရင့်ပြီးနောက် ထိုစံကျောင်းတော်မှာပင် တစ်ညဉ့်တာ သီတင်းသုံးလေသည်။ နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ မိမိနေထိုင် သီတင်းသုံး နေလက်စ စံကျောင်းတော်ကို အသေအချာ ပြန်လည်စေ့ငု ကြည့်ရှုသုံးသပ်မိပြန်၏။ နတ်ဗိသုကာဝိသကြုံနတ်သား၏ ဖန်ဆင်းချက်ဖြစ်၍ ကျောင်းတော်ကြီးမှာ လိုလေသေးမရှိ အဘက်ဘက်မှ ပြည့်စုံကောင်းမွန်လွန်းလှ၏။ ထည်ဝါခံ့ညားလွန်းလှ၏။ မြို့တော်ရပ်ရွာထဲမှာပင် ဤကျောင်းတော်မျိုးမရှိသည်ကို တွေ့ရသောအခါ တစ်မျိုးတစ်ဖုံ စဉ်းစားမိလာပြန်လေသည်။

တကယ်ဆိုတော့ ငါဟာ လူ့တို့ဘောင်က များမြောင်လှစွာတဲ့ ပစ္စည်းဥစ္စာတွေကို စွန့်ခဲ့ပြီးဖြစ်တယ်။ တောထွက်ခဲ့ပြီး ရသေ့ရဟန်းပြုခဲ့ပြီးသူသာဖြစ်တယ်။ လူ့ဘဝတုန်းကလို မွေ့မွေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေထိုင်ဖို့အခွင့်မရှိတော့ဘူး။ နေဖို့လည်း မသင့်တော့ဘူး။ အခုမှ သေသေချာချာပြန်ကြည့်မိတော့ ဒီစံကျောင်းတော်ကြီးက အင်မတန် ကောင်းမွန်လွန်းအားကြီးတယ်။ အိမ်ရာထူထောင်နေကြတဲ့လူများ နေထိုင်စံစားကြတဲ့ ဆောက်အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တွေထက်တောင် ကောင်းမွန်ပြည့်စုံနေသေးတယ်။ ဒီသိမ်းကျောင်းကြီးမှာသာ ငါနေထိုင် သီတင်းသုံးရရင် နေ့လျှော့ခြင်း ထူထပ်ပြီး မြင့်မြတ်တဲ့ ပဓာနတရားအလုပ်အတွက် အနှောင့်အယှက်ဖြစ်တော့မှာ ဧကန်ပဲ။ ဒီတော့ သစ်တစ်ပင်ကြား ဝါးတစ်ပင်အောက်ဆိုသလို ရုက္ခမူကျင့်ပြီးနေမှ သင့်လျော်ပေလိမ့်မယ်။

သုမေဓာသည် ဤသို့စဉ်းစားပြီးသည်နှင့် တစ်ပြိုင်နက်တည်းပင် ခိုင်မာသောဆုံးဖြတ်ချက်ကိုချ၏။ ချလိုက်သော ဆုံးဖြတ်ချက်နှင့်အညီ ကျောင်းတော်ကိုစွန့်ခွာကာ သစ်တစ်ပင် ဝါးတစ်ပင်အောက်သို့ ပြောင်း၏။ ထို့နောက် လျောင်းစက်ခြင်း ဣရိယာပုဒ်ကိုဝယ်၍ ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံလျှောက်ခြင်းဟူသည့် သုံးသွယ်သော ဣရိယာပုဒ်တို့ဖြင့်ပင် နေထိုင်ကာ ဘာဝနာအလုပ်စခန်းကြီးကို နောက်မတွန့်စတမ်းသော ယောကျ်ားမြတ်တို့စွမ်းအားဖြင့် အလျှော့မပေးစတမ်း မနားမနေအားထုတ်လေရာ ခုနစ်ရက်အတွင်းမှာပင် သမာပတ်ရှစ်ပါးနှင့်တကွ အဘိညာဏ်စခန်းသို့တိုင် ပေါက်ရောက်တော်မူလေသည်။

အဘိညာဏ်စခန်းသို့ ပေါက်ရောက်သည်ဆိုသည်မှာ မြေလျှိုးမိုးပျံနိုင်စွမ်းရှိသော ဈာန်အဘိညာဏ်ရရှိခြင်းဖြစ်သည်။ ယင်းဈာန်အဘိညာဏ်ကို ရရှိပြီးနောက်တွင်မူ သံသရာမှ လွတ်မြောက်ကြောင်း အထက်လမ်းများကို စုံစမ်းဆင်ခြင်လျက် ဈာန်ယာဉ်ကစားခြင်းဖြင့်သာ မွေ့လျော်တော်မူရတော့၏။ ထိုအချိန်တွင် ဘုရားရှင်ကိုလည်း ဖူးမြင်တွေ့ကြုံရဖူးသေးသည် မဟုတ်သောကြောင့် မဂ်လမ်း ဖိုလ်လမ်းဆိုသော အထက်စခန်းများကိုမူ ကိုယ်တိုင်ဖွင့်နိုင်ခြင်း မရှိသေးပေ။ သို့ရာတွင် ထိုကာလတွင် ဒီပင်္ကရာမြတ်စွာဘုရားရှင်ကား ပွင့်ထွန်းတော်မူခဲ့ပြီးဖြစ်လေသည်။

◆◆◆

(၄)

ထိုနေ့အဖို့သည်ကား ရမ္မဝတီမြို့တော်ကြီး၏ အထူးထူးသည် နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် မြို့တော်ကြီးတစ်ခုလုံး အုံးအုံးကျွက်ကျွက် လှုပ်ရှားစည်ကားနေသောကြောင့်ဖြစ်သည်။ မြို့တော်သူ မြို့တော်သား အားလုံးပင် သူ့ထက်ငါဆိုသလို ကုသိုလ်ရေးအတွက် တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြခြင်းမှာ ထူးကဲလှသော လွန်စွာကြီးကျယ်သည့် ဆွမ်းလောင်းလှူပွဲကြီး ကျင်းပမည်ဖြစ်သောကြောင့်ပင်။ ဆွမ်းခံကြွရောက်လာကြမည်မှာ ဒီပင်္ကရာမြတ်စွာဘုရားရှင်နှင့်တကွ နောက်တော်ပါ သံဃာတော်လေးသိန်းတိတိတို့ ဖြစ်ကြ၏။ ထို့ကြောင့် ဘုရားရှင်နှင့် သံဃာတော်များ ကြွရောက်လာမည့် လမ်းခရီးအစဉ်ကို သူ့တာဝန်း၊ ကိုယ့်တာဝန်း အသီးသီး တာဝန်ခွဲဝေယူကြကာ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေကြခြင်းဖြစ်၏။

ခရီးလမ်းစဉ်တစ်လျှောက်၌ သဲဖြူခင်းသူက ခင်း၏။ လမ်းနံဘေး၌ ရာဇမတ်ကာသူက ကာ၏။ ငှက်ပျောပင်စိုက်သူများကလည်း မဓောနိုင်မပန်းနိုင်။ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ကို လှပတင့်တယ်စွာ ချိတ်ဆွဲလွှင့်ထူနေကြသူများရှိသကဲ့သို့ လမ်းဘေးတစ်လျှောက် အမွှေးအကြိုင် ပန်းခိုင်ပန်းကုံးများ ဆင်ယင်နေကြသည်လည်း တစ်မျှော်တစ်ခေါ်ကြီးဖြစ်၏။ အချို့ကလည်း လမ်းတစ်လျှောက် အထက်၌ ပိတာန်မျက်နှာကြက်များကို ဖြန့်ဆွဲမိုးကာလျက်။ ဘုရားရှင်နှင့် သံဃာများ ကြွမြန်းလာမည့် လမ်းတစ်လျှောက် ဖိတ်ဖိတ်တောက်အောင် မွမ်းမံပြင်ဆင်နေကြသူများ ရှိသကဲ့သို့ ဆွမ်းခံမဏ္ဍပ်ကို ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်နေကြဆဲ အဖွဲ့များ၊ လောင်းလှူစရာ ဆွမ်း၊ ခဲဖွယ်များကို အိုးပြိုင် ဒယ်ပြိုင် တလှိုင်လှိုင်ဖြင့် ချက်ပြုတ်နေကြသူများလည်း ကိုယ်စီကိုယ်ငှ ကိုယ့်တာဝန်နှင့်ကိုယ် မနားရ မအားရလေအောင် လှုပ်ရှားလုပ်ကိုင်နေကြ၏။ တစ်မြို့လုံးနွှဲကြမည့် ကုသိုလ်တော်ပွဲဖြစ်၍လည်း ဤမျှ ပျားပန်းခပ်လှုပ်ရှား သက်ဝင်နေခြင်း ဖြစ်လေသည်။

ထိုသို့သောအချိန်မှာပင် အခါမလင့်မီ တိုက်ဆိုင်စွာ သုမေဓာရှင်ရသေ့က အဘိညာဏ်ဖြင့် ကောင်းကင်ခရီးမှ ဈာန်ယာဉ်စီး၍ ပျံသန်းကြွမြန်းလာမိလျက်သား ဖြစ်နေလေသည်။ ဝမ်းမြောက်ချိုကြည်သော မျက်နှာတို့ဖြင့် လမ်းပြင်ဆင်နေကြသော ဧရာမလူစုလူဝေးကြီးကို မြင်ရသောအခါ အံ့အားသင့်ဖွယ်ဖြစ်နေသောကြောင့် ကောင်းကင်မှ ဆင်းသက်လာခဲ့မိတော့၏။ ထို့နောက် မေးမြန်းစူးစမ်းမိ၏။

'အချင်းတို့..အဘယ်အကြောင်းကြောင့် သာယာဆန်းကြယ်လှစွာသောလမ်းမကြီး ပြုပြင်နေကြပါသနည်း'

'အရှင်ရသေ့..ယခုအခါ ဒီပင်္ကရာအမည်တော်ရှိ ဗုဒ္ဓမြတ်စွာဘုရားသည် ထင်ရှားစွာ ဤလောက၌ ပွင့်တော်မူ

www.burmeseclassic.com

ခဲ့ပါပြီ။ ထိုရှင်တော်မြတ်ဘုရားကို အမရဝတီမြို့သူမြို့သား အပေါင်းတို့က ဆွမ်းကြီးလောင်းလှူရန်အတွက် နောက်တော်ပါ သံဃာလေးသိန်းနှင့်တကွ ပင့်ဖိတ်ထားကြပြီးဖြစ်သည်။ မကြာမီပင် ကြွချီတော်မူလာပါတော့မည်။ ထို့ကြောင့် ကြွတော်မူရန်ဖြစ်သော လမ်းခရီးကို အသီးသီး တာဝန်ယူ၍ ကြည်ဖြူစွာပြင်ဆင်နေကြခြင်းဖြစ်ပါသည်။

လူအများက ပြန်လည်ဖြေကြားသောအခါ အရှင်သုမေဓာရသေ့သည် ဘုရားဟူသော အမည်တော်စကားကို ကြားသည်မျှနှင့်ပင် မဖူးမြင်ရသေးမီ စိတ်ရွှင်ကြည်ညို သဒ္ဓါစိတ်ထားတို့ တဖွားဖွားဖြစ်ပေါ်လာလေသည်။ အဟုန်ပြင်းလှသော ပီတိလှိုင်းတံပိုးတို့လည်း ရင်ထဲ၌ ပြည့်ဖြိုးလျှံဝေလျက်။

'အချင်းတို့..မြတ်စွာဘုရား ကြွလာတော်မူရန်အတွက် လမ်းပြုပြင်နေကြသည်ဆိုပါလျှင် ကျွန်ုပ်လည်း ပါဝင်ကုသိုလ်ယူလိုပါသည်။ ကျွန်ုပ်အတွက်လည်း လမ်းပြုပြင်ရန် တာဝန်တစ်ခုကို ပေးကြပါ'

ပီတိသောမနဿဇော တကြွကြွနှင့်ပင် အရှင်သုမေဓာက လှိုက်လှဲစွာ တောင်းဆိုလိုက်မိလေသည်။ မြတ်စွာဘုရားရှင်အတွက် ပြုရမည့် ဝေယျာဝစ္စကုသိုလ်တစ်ခုကို မည်သို့မျှ လက်လွှတ်ဆုံးရှုံးမခံနိုင်။

'အရှင်ရသေ့..ကုသိုလ်ပါဝင်လိုလျှင်လည်း ပါဝင်နိုင်ပါသည်။ အများဝိုင်းဝန်းကြတဲ့ ကုသိုလ်ရေးမှာ မည်သူတော့ မပါဝင်ရဘူးလို့ မတားမြစ်ကောင်းပါဘူး။ အရှင်ရသေ့အတွက် ကုသိုလ်ပြုစရာ တာဝန်းတစ်ခုကို ကျွန်ုပ်ရှာဖွေ၍ နေရာပေးပါမည်။ ခေတ္တခဏ စောင့်ဆိုင်းပေးတော်မူပါ'

လမ်းပြုပြင်ရေးတွင် ဦးစီးခေါင်းဆောင်ဖြစ်သူတစ်ဦးက ပြန်လည်ဖြေကြား၏။ ထိုခေါင်းဆောင်သည် အရှင်သုမေဓာရသေ့ ကောင်းကင်ခရီးမှ ဈာန်ယာဉ်ဖြင့် ပျံသန်းရောက်ရှိလာခဲ့သည်ကို သိမြင်ထားသူဖြစ်၏။ ထို့ကြောင့် သာမန်လူတစ်ဦးကဲ့သို့ အလုပ်တာဝန်နေရာကို ချမပေးသေးဘဲ ရှာဖွေပေးမည်ဟု ပြောလိုက်ခြင်းပင်။ သူ၏အတွေးမှာ ဤသို့ဖြစ်သည်။

ဤရသေ့သည် ဈာန်အဘိညာဉ်ဖြင့်ပြည့်စုံ၍ တန်ခိုးကြီး၏။ သူ၏တန်ခိုးဖြင့်သာ ဖန်ဆင်းလိုက်လျှင် ခဏချင်းမှာပင် ရွှံ့ညွန်နွံဗွက်အိုင်များပျောက်ကာ ရွှေလမ်းငွေလမ်းကြီးများ ပေါက်လိမ့်မည်။ မြတ်စွာဘုရား ကြွလာတော်မူရန် အချိန်လည်း နီးကပ်လာပြီ။ လူတို့၏ ပကတိအစွမ်းလုပ်အားဖြင့် မြေဖို့လမ်းပြင်နေလျှင် အလွန်ကြာနေဦးမည်။ ထို့ကြောင့် လူသာမန်တို့ ပြုပြင်ရန် ခက်ခဲသောနေရာကိုသာ ရှာဖွေပေးမှ တော်လိမ့်မည်ဟူ၍ပင်။ လမ်းပြုပြင်ရေးခေါင်းဆောင်သည် ထိုအတွေးအတိုင်းပင် ရွှံ့ညွန်ထူပြော၍ ရေပေါသော တာဝန်းနေရာတစ်ခုကို ရှာဖွေကာ အရှင်သုမေဓာရသေ့အား ပေးလေသည်။ လူသာမန်တို့ လုပ်အားဖြင့် ပြုပြင်ရန်ခက်ခဲသော နေရာတစ်ခုပင်။

'အရှင်ရသေ့..ဝေယျာဝစ္စကုသိုလ်အတွက် လုပ်အားပါဝင်လိုလျှင် ဤနေရာ၊ ဤတာဝန်းကို ပြုပြင်ပါလေ'

-မိမိပြုပြင်ရန်နေရာကို တိတိကျကျ တာဝန်ပြဋ္ဌာန်းပေးလိုက်ပြီဆိုသည်နှင့် အရှင်သုမေဓာက ဝမ်းမြောက်စွာ လက်ခံလိုက်၏။ လမ်းခင်းသောကုသိုလ်သည် ဝေယျာဝစ္စကုသိုလ်ဖြစ်၏။ ကိုယ်တိုင် လုပ်အားစွမ်းပကားဖြင့် ကာယကံမြောက် ကြိုးစားအားဖြည့်ဆည်းသော သာဟတ္ထိကုသိုလ်မျိုးမှ ပို၍မြင့်မြတ်သည်ဟု ခံယူထားခဲ့လေသောကြောင့် အရှင်သုမေဓာသည် မိမိ၏ တန်ခိုးစွမ်းအားကို အသုံးပြုဖို့ အလိုမရှိချေ။ ထို့ကြောင့် ဝတ်ရုံထားသော အပေါ်ယံ လျှော်တေသင်္ကန်းကို ချွတ်ချလိုက်ကာ ပေါက်တူးနှင့် မြေသယ်ရန် တောင်းကလေးများ ရှာဖွေငှားရမ်း၍ ကြိုးကြိုးပမ်းပမ်း ကိုယ်တော်တိုင်ထမ်း၍ သယ်ပိုး ပြုပြင်လေသည်။

သို့သော် အရှင်သုမေဓာသည် မူလကပင် ဘဝတစ်သက်တာ၌ အလွန်နူးနယ်စွာ နေထိုင်ကြီးပြင်းလာခဲ့ရသော သူဌေးသားတစ်ယောက် ဖြစ်ခဲ့၏။ သူ၏ ဘဝတာတွင် ကိုယ်ကာယစိုက်ထုတ်၍ ပြင်းထန်ကြမ်းတမ်းသော အလုပ်မျိုးကို တစ်ကြိမ်တစ်ခါမျှပင် လုပ်ကိုင်ခဲ့ရဖူးသူ မဟုတ်။ ထို့ကြောင့် မြေတူးမြေဖို့အလုပ်တွင် အခြားသာမန်လူကြမ်းကြီးများနှင့် မယှဉ်သာသောကြောင့် အလုပ်တွင် မပြီးမြောက်နိုင်ဘဲ ရှိလေသည်။

မည်သို့ဖြစ်စေ အရှင်သုမေဓာကမူ သူ၏ ခံယူချက်အတိုင်းပင် ရှိထားပြီးသော တန်ခိုးတို့ကို ဘေးချိတ်ထား၍ လိုက်ကာ ကိုယ်တိုင်လုပ်အားဖြင့်သာ မောမှန်းမသိ ပန်းမှန်းမသိ ကိုယ်ချည့်သည်ဟု သဘောမထားဘဲ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်လေသည်။ မြေထမ်းနေစဉ်၌လည်း ဝမ်းပန်းတသာ ရွှင်လန်းစွာနှင့် နှုတ်ဖျားမှ ဗုဒ္ဓေါ..ဗုဒ္ဓေါ၊ ဘုရား..ဘုရားပဲဟု ရွတ်ဆိုလျက်ရှိ၏။ စိတ်မနောအာရုံ၌လည်း မြတ်စွာဘုရား ကြွလာတော်မူတဲ့အခါ ဖူးမြော်ရတော့မယ်၊ ဘုရားရှင်ကို ဖူးမြော်ခွင့်ရတဲ့အချိန်မှာ သံသရာမှ ကျွတ်လွတ်ကြောင်းဖြစ်တဲ့ မျိုးစေ့ကောင်းကြီးကို စိုက်ပျိုးလိုက်တော့မယ်။ သံသရာတစ်ခွင်မှာ ကျင်လည်ခဲ့သမျှ ငါဟာ သားကျွန်၊ မယားကျွန်သာ ခံခဲ့ရတယ်။ ခုလို ဘုရားကျွန်၊ တရားကျွန်၊ သံဃာကျွန်ခံပြီး ဝေယျာဝစ္စကုသိုလ်ထူးကို ဆည်းပူးခွင့်ရတဲ့အခိုက်မှာ သည်တစ်ပွဲမှာတော့ အားကုန်ကြိုးလိုက်မယ်ဟူသော ဇောသာ ကပ်လျက်ရှိတော့၏။

ထိုစဉ်အခိုက်မှာပင် အဝေးဆီမှ ဒီပင်္ကရာဘုရားရှင်နှင့်တကွ နောက်ပါရဟန်းတော်များ ကြွချီတော်မူလာပြီဟူသော ခရီးဦးကြိုသူတို့ထံမှ သတင်းစကားက တစ်ဆင့်ပြီးတစ်ဆင့် စကားလက်ဆင့်ကမ်း ရောက်ရှိလာခဲ့လေသည်။ ခက်ချေပြီ။ အရှင်သုမေဓာ၏ တာဝန်းက ပြုပြင်၍ မပြီးသေး။ တစ်သက်တာလုံး သိမ်မွေ့နုနယ်စွာ နေထိုင်လာခဲ့ရသော အရှင်သုမေဓာအဖို့ အင်မတန်လုံ့လစိုက်လုပ်ဆောင်နေသည်ဆိုသည့်တိုင် ဖို့စရာမြေတစ်တောင်းရဖို့ အတော်ပေါက်ယူရ၏။ ပခုံးပေါ်သို့ ထိုမြေတောင်းကို ထမ်းတင်ပြီးပြန်တော့လည်း အပြေးအလွှား သွားရောက်မဖို့နိုင်။ ရွံ့ညွှန်တောမှာ မနည်းရုန်း၍ သွားရ၏။

ဘုရားရှင် ကြွချီတော်မူလာပြီဆိုသောအခါ လုပ်အားပေးနေကြသော လူပရိသတ်မှာ အလှိုင်းတကြီးဖြစ်လာကြ၏။ လှုပ်လှုပ်ရွရွဖြစ်လာကြ၏။ အရှင်သုမေဓာ၏ လက်စမသတ်နိုင်သေးသော တာဝန်းဆီသို့ စုပြုဝိုင်းဖန်းလာကြ၏။ တာဝန်းက လူတစ်ကိုယ်စာ တစ်ရပ်စာလောက်ကျန်နေသည်။

'ရသေ့ကလေး..ဘုရားကြွလာနေပြီ။ အမြန်ပြီးစီးအောင် ကြိုးစားပါ။ တော်ကြာ ရှင်ရသေ့အတွက်နဲ့ ကြိုဆိုပွဲကြီး ပျက်စီးသွားမှာကို စိုးရိမ်ရပါတယ်'

'အို..ကိုယ့်မှာလည်း တန်ခိုးအရှိသားနဲ့ပဲ။ အဲဒီတန်ခိုးနဲ့ ဖြန်းခနဲ အမြန်ပြီးအောင် ဖန်တီးလိုက်တော့ပေါ့'

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြောကြ တိုက်တွန်းကြဖြစ်နေ၍ ထိုစကားတွေကြားမှာ သုမေဓာရသေ့ကလေးမှာ ပျာယီးပျာယာဖြစ်ရ၏။ မြတ်စွာဘုရားရှင်က သုမေဓာပြင်ဆင်နေဆဲနေရာနှင့် နီးလာလေလေ နံဘေးကန့်ရှိးခေါ်ကြသူများ၏ ကျွက်စီ,ကျွက်စီ အမျိုးမျိုးသောအသံတွေက ညံလာလေ ဖြစ်လာတော့၏။ တချို့ကား အပြစ်မြင်ကြလေပြီ။

'အို..ဒီအချိန်အထိမှ မပြီးသေးရင် ဘယ်လိုလုပ်မီတော့မှာလဲ။ ဘုရားရှင်ကဖြင့် သူ့တာဝန်းထိပ်ရောက်တော့မယ်။ ဒီရသေ့ဟာ တို့ကြိုဆိုပွဲကြီးကို လာနှောင့်ယှက်တာပဲ။ အစကတည်းက မတတ်နိုင်ရင် ဘာလို့တာဝန်ယူခဲ့ရသေးသလဲ။ သူ့ကြောင့်ပဲ ကြိုဆိုပွဲကြီး ပျက်တော့မှာပဲ'

မည်သို့ပင် ပြစ်တင်မောင်းမဲကြစေကာမူ အရှင်သုမေဓာကမူ ဗုဒ္ဓါနုဿတိဘာဝနာပွားလျက် သူ့လမ်းကိုသာ သဲသဲမဲမဲပြုပြင်နေမြဲ။ ထိုအချိန်မှာပင် ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာ၏ ပြုပြင်ဆဲ တာဝန်းထိပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့တော့၏။ ပျာယာခတ်ချိန်ပင် မရတော့။ သုမေဓာရသေ့ကလေးလည်း မကြံနိုင်၊ လက်မှိုင်ချကာ မြေသယ်တောင်းကိုကိုင်လျက် ဒီပင်္ကရာမြတ်စွာဘုရားကိုသာ ကြည်ညိုစွာ ဖူးမြော်နေမိရတော့၏။

ဘုရားရှင်သည် ရသေ့ကလေးကို ရှုကြည့်တော်မူပြီးနောက် ခရီးကို ရပ်လင့်တော်မူလိုက်၏။ ထို့ကြောင့် နောက်တော်ပါ သံဃာတန်းကြီးလည်း ရပ်တန့်သွားကြရ၏။ ထိုအဖြစ်ကို အနီးဝန်းကျင်ရှိ လူအများက မြင်တွေ့သိရှိနေကြသော်လည်း အဝေးဆီမှ ပရိသတ်အများကားမသိ။ မြတ်စွာဘုရားရှင် ဆက်လက်ကြွချီမလာတော့ဘဲ ရပ်တန့်သွားသဖြင့် သံဃာတစ်တန်းလုံးပါ ရပ်တန့်သွားကြသည်ကိုသာ မြင်ကြရ၍ ဘယ်လိုဖြစ်ပါလိမ့်ဟူသော သိလိုစိတ်များဖြင့် စူးစမ်းရန် ဝိုင်းအုံလာကြ၊ စုဝေးလာကြတော့၏။ ကြွချီတော်မူဆဲမှာပင် ဤသို့ရပ်တန့်သွားရသည်မှာ အကြောင်းထူးတစ်စုံတစ်ရာ ပေါ်ပေါက်လာသောကြောင့်သာ ဖြစ်မည်မဟုတ်လော။ ထိုအကြောင်းထူးကို သိလိုကြသည်။ စုံစမ်းလိုကြသည်။

ရသေ့ကလေး၏ တာဝန်းနေရာတွင် လမ်းပြင်ဆင်မှု မပြီးပြတ်ဘဲ ရွံ့ညွှန်ဗွက်တော ကျန်ရစ်နေသေးသဖြင့် ဤသို့ရပ်တန့်သွားရကြောင်းကို တစ်ဆင့်ပြီးတစ်ဆင့် သိရှိသွားကြသောအခါ စိတ်ပျက်လွယ်သူတို့က ဒုက္ခပါပဲ အစချီကာ ညည်းညူကြ၏။ ဒေါသအညှာ လွယ်သူတို့ကလည်း သုမေဓာရသေ့ဟာ ငါတို့ရဲ့ ဆွမ်းလောင်းပွဲကြီးကို

www.burmeseclassic.com

လာနှောင့်ယှက်ဖျက်ဆီးတော့တာပဲဟု. ကြိမ်းဝါးမောင်းမဲကြသည်။

ဤသို့ဖြင့် ဘုရားရှင်နှင့် သုမေဓာတို့ အနီးတစ်ဝိုက်တွင် စကားသံ၊ ဝေဖန်သံ၊ ညည်းညူသံ၊ ကြိမ်းဝါးသံပေါင်းစုံဖြင့် ကျွက်ကျွက်ညံနေလေတော့၏။ သို့သော် ထိုဆူညံသံများသည် ရသေ့ကလေး သုမေဓာ၏ အကြားအာရုံအတွင်း၌ အချည်းနှီးပင်။ အာရုံလည်း စိုက်မနေနိုင်။ ဂရုမမူလည်း ထားမနေနိုင်။ အဘယ်ကြောင့်ဆိုသော် ရသေ့ကလေး အရှင်သုမေဓာ၏ နှလုံးသားနှင့် အရိုးရှင်းဆုံး ခံစားမှုမှန်သမျှတို့တွင် သူ၏ရှေ့ဘက်၌ ရပ်တော်မူလျက်ရှိသည့် ဒီပင်္ကရာမြတ်စွာဘုရားရှင် တစ်ပါးတည်းကသာ လွှမ်းမိုးအုပ်စိုး ချုပ်ကိုင်လျက်ရှိနေသောကြောင့်တည်း။

အရှင်သုမေဓာသည် အင်အားကြီးလှသည့် စပါးကြီးမြွေကြီး၏ ညှို့ချက်၌မိနေသော ယုန်ငယ်ကလေး တစ်ကောင်နှယ် ထိုညှို့ချက်မှတစ်ပါး အခြားဘာကိုမှ မသိ၊ မကြား။ ရင်ထဲမှ အသည်းနှလုံးသည် ရဲရဲတောက် ပူပြင်းနီရဲနေသည့် မီးရည်ဝသံပြားပေါ်သို့ ဖြူးအချခံလိုက်ရသော နှမ်းစေ့ကလေးများ ဖြိုးဖြိုးဖြောက်ဖြောက် ခုန်ပေါက်ကာ အတည်အငြိမ် မရှိနိုင်သကဲ့သို့ ဒီပင်္ကရာမြတ်စွာဘုရားအား ကြည်ညိုဦးခိုက်ခြင်းမှတစ်ပါး အခြားမည်သည့်အာရုံ၊ အတွေး၊ ခံစားမှုတို့မျှ မဝင်သာအောင် လှုပ်ခတ်တုန်ယင်လျက်ရှိ၏။ ထိုသို့ အနီးဝန်းကျင်မှ လူအများပရိသတ်တို့ကို အမှုမထားသော်လည်း ကြည်ညိုဖွယ်ရာသော မြတ်စွာဘုရားနှင့် ပတ်သက်၍မူ အတွေး၊ အသိက သူ့အလိုလိုဝင်လာ၏။

ဘုန်းတော်ကြီးတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားလည်း ကြွလာတော်မူလာ၍ ငါ၏တာဝန်ဖြစ်သော မြူပြင်ရန် တာင်န်းသို့ ရောက်ရှိခဲ့လေပြီ။ ငါ့တာဝန်ဖြစ်သော လမ်းကလည်း မပြီးစီးသေး။ ဆိုးရွားနံစော်ဘိသော ရွှံ့ညွန်ရေဗွက်တို့ ကျန်ရှိနေဆဲ။ သို့ဖြစ်သောကြောင့် ငါသည် ငါ၏ ခန္ဓာကိုယ်ဖြင့် ရင်းနှီး၍ ကြီးစွာသောကုသိုလ်ကို ပြုအံ့။ ငါ၏ ခန္ဓာကိုယ်ကို သံဃာတော် လေးသိန်းနှင့်တကွ ဒီပင်္ကရာမြတ်စွာဘုရားအား တံတားအဖြစ် လှူတော့အံ့။ ဓိဝိန်ကြွေ၍ သေလျှင်လည်း သေစေတော့။ ငါ မမှုတော့ပြီ။

သုမေဓာရှင်ရသေ့သည် ဤသို့ ကြံစည်လိုက်မိပြီးသည်နှင့် မိမိ၏ဆံကျစ်ကို ဖြေ၏။ ထို့နောက် သစ်နက်ရေနှင့် သျှော်တေသင်္ကန်းကို ရွှံ့ညွန်ပြင်၌ ဖြန့်ခင်းလိုက်ပြီး ထိုအပေါ်သို့ မိမိခန္ဓာကိုယ်ကို ဖြန့်းခနဲ ပစ်လှဲလိုက်၏။ ပြီးလျှင် မြတ်စွာဘုရားရှင်၏ ခြေတော်ရင်းသို့ ဦးခေါင်းစိုက်လျက် အလျားမှောက်ကာ မိမိခန္ဓာကိုယ်ပေါ်မှ တံတားလျှောက်၍ ကြွချီတော်မူပါဘုရားဟု လျှောက်ထားလိုက်လေတော့၏။

ကေသေမုဉ္စိ တွာဟံတတ္ထ၊ ဝါကစီရဉ္စ ဓမ္မကံ။ ကလလေပတ္ထရိတွာန၊ အဝကုဇ္ဇော နိပ္ပဇ္ဇိဟံ၊ အက္ကမိတွာန မံဗုဒ္ဓေါ၊ သဟသိသေဟိ ဂစ္ဆတု။ (ဗုဒ္ဓဝင်ပါဠိတော်)

အဟံ-သုမေဓာဟု မဟာဘုန်းဟော့ ငါရသေ့သည်၊ တတ္ထ-ထိုလမ်းပြင်ရာ ခရီး၌၊ ကေသေ-ဆံကျစ်တို့ကို၊ မုဉ္စိတွာ-ဖြေလျှော့၍၊ ဝါကစီရဉ္စ-သျှော်တေသင်္ကန်းကိုလည်းကောင်း၊ ဓမ္မကဉ္စ-သစ်နက်ရေကိုလည်းကောင်း၊ ကလေ-ညွန်ပျောင်းထဲ၌၊ ပတ္ထရိတွာ-ရှတ်တရက်ချင်း ဖြန့်ကာခင်း၍၊ အဟံ-ငါသည်၊ ကလလေ-ညွန်ပျောင်းထဲ၌၊ အဝကုဇ္ဇော-အလျားမှောက်လျက်၊ နိပ္ပဇ္ဇိ-အလျားစင်း၍ တံတားခင်းလိုက်လေသတည်း။ ဗုဒ္ဓေါ-ဘုန်းတော်ကြီးမား မြတ်ဘုရားသည်၊ သဟသိသေဟိ-တပည့်နောက်ပါ သံဃာတော်လေးသိန်းတို့နှင့်တကွ၊ မံ-အကျွ[illegible]ကို၊ အက္ကမိတွာန-နင်းတော်မူ၍၊ ဂစ္ဆတု-ကြွတော်မူပါဘုရား။ ဇဝံပိ-ဤသို့လည်း၊ အဝေါစိ-ခွင့်ပန်[illegible]၍၊ လျှောက်ထားခဲ့လေသတည်း။

ထိုအခါ၌ . . .။

◆ ◆ ◆

(၅)

ထိုအချိန်၌ . .

ဒီပင်္ကရာမြတ်စွာဘုရား၊ အရှင်သုမေဓာ ရသေ့ကလေးတို့နှင့် အလှမ်းမဝေးကွာလှသော ပရိသတ်တစ်နေရာ၌လည်း ရုတ်ရုတ်သဲသဲ ဖြစ်စဉ်တစ်ခုက အချိန်ကိုက်လှုပ်ရှား ဖြစ်ပေါ်နေလျက်ရှိ၏။ အခြားမဟုတ်၊ ရမ္မဝတီ နေပြည်တော်ကြီးတစ်ဝန်း၌ လျှမ်းလျှမ်းတောက်ဟုဆိုလောက်အံ့ချီးဂုဏ်သတင်းကြီးလျက်ရှိသော သူဌေးသမီး သုမိတ္တာသည် အခြွေအရံ သတို့သမီး ငါးရာနှင့်တကွ ယာဉ်ရ[illegible]စီးနင်းလျက် မြတ်စွာဘုရား ကြိုဆိုပွဲသို့ ဆိုက်ရောက်လာ

www.burmeseclassic.com

သည်ဟူသော သတင်းကြောင့် ဖြစ်လေသည်။

သုမိတ္တာ သတို့သမီးသည် ရမ္မဝတီနေပြည်တော်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗြဟ္မဏမဟာသာလ သူဌေး မျိုးနွယ်မှ ပေါက်ဖွားဆင်းသက်ခဲ့သူပင် ဖြစ်၏။ ရုပ်ဆင်း အင်္ဂါ ပြင်လျာသဏ္ဌာန် ကြန်အင်လက္ခဏာအားဖြင့် နုနယ် ပျိုမျစ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ချောမွေ့လှပခြင်းတို့ ပြည့်စုံသည့်အပြင် အမျိုးစည်းစိမ်၊ ဂုဏ်သိမ်ကျက်သရေ အားဖြင့်လည်း တုပြိုင်နိုင်သူ ရှားလှသည်ဟု နေပြည်တော် တစ်ဝန်းလုံး ကျော်ကြားသတင်းကြီးသူကလေး ဖြစ်၏။ သို့သော် နာမည်ကိုသာ တစ်ဆင့်စကားနှင့် ကြားနေ၊ သိနေကြရခြင်းဖြစ်သော်လည်း ကိုယ်တိုင်ကိုယ်ကျ မြင် ဖူး၊ တွေ့ဖူးသူက အရှားသားပင်။ ဧွကြီးမျိုးကြီး သူဌေး သမီးတစ်ဦးဖြစ်၍ စံအိမ်တော်မှလွဲ၍ အပြင်အပသို့ ထွက် လေ့မရှိခဲ့သောကြောင့် ဖြစ်၏။

သို့သော် ယနေ့ယခုမူ အနီ့သုမိတ္တာသည် နောက်ပါ အခြွေအရံသူများစွာနှင့် ငါးရာသော အပျိုရံတို့နှင့်တကွ ရောက်ရှိလာခဲ့ချေ၏။ မရောက်ဘဲနေပါမည်လော။ ရမ္မ ဝတီနေပြည်တော်ကြီးတစ်ခွင်လုံး အုံးအုံးကျွက်ကျွက်နှင့် မြို့အလုံးထွက်၍ မင်းကေရာဇ်ပါ မကျန်ရအောင် ဒီပင်္ကရာ မြတ်စွာဘုရားကို ကြိုဆိုကြသော ပွဲတော်ကြီးမဟုတ်ပါ လား။ ထို့ကြောင့် အပျိုရံ ငါးရာနှင့်အတူ မကြုံစဖူး ဖူးကဲလှစွာသော ကြိုဆိုပွဲကြီးသို့ ယာဉ်ရထားနှင့် ထွက် ရှိလာခဲ့ခြင်း ဖြစ်သည်။ သုမိတ္တာ၏လက်တွင် မြတ်စွာ ဘုရားရှင်အား ပူဇော်ကပ်လှူရန် ကြာပန်းရှစ်ခိုင်လည်း ဆောင်ယူလာခဲ့၏။

ယခင်က နာမည်သတင်းကိုသာ ကြားဖူးခဲ့ကြပြီး သူကိုယ်တိုင်ကို မမြင်ဖူး၊ မတွေ့ဖူးခဲ့ကြရသော အများပြည် သူ ပရိသတ်အတွင်း၌ သုမိတ္တာ ရောက်ရှိလာသည်ဆို သော သတင်းသည် သူသူငါငါ စိတ်ဝင်စားဖွယ်ရာ သတင်းထူးတစ်ရပ်ဖြစ်၏။ ထို့ကြောင့် ယာဉ်ရထားဆိုက် ရောက်လာသည်နှင့် စုပြုံတိုးဝှေ့ ကြည့်ရှုငေးမောကြရလေ သည်။ ထိုအချိန်တွင် သုမေဓာရှင်ရသေ့နှင့် မြတ်စွာ ဘုရားရှင် အနီးဝန်းကျင်တွင် တိုးဝှေ့နေသော လူစုလူဝေး ကြီးကလည်း တစ်အုပ်တစ်မကြီး ဖြစ်နေ၏။

သုမိတ္တာသည် ယာဉ်ရထားပေါ်က ဆင်းသည်နှင့်ပင် ထိုလူအုပ်ကြီးကို လှမ်းမြင်၏။ ဘုရားရှင်ကိုလည်း အဝေး ကပင် ဖူးမြော်မိပြီးဖြစ်သည်။ သို့ရာတွင် အနီးသို့ သွား ရောက်ဖူးမြော်လို၏။ ထို့ကြောင့် ကြာပန်းရှစ်ခိုင်ကို လက် ဝယ်ကိုင်ကာ ထိုလူအုပ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်း လာခဲ့တော့၏။ နဂိုဂုဏ်ဒြပ်ကလည်းကြီး အမျိုးသမီး နုနု နယ်နယ် အလှကြွယ်သူကလေးလည်း ဖြစ်သည်ဆိုတော့ သုမိတ္တာ၏ လမ်းတစ်လျှောက်ရှိ ပရိသတ်တို့က သူမ သွားနိုင်စရာလမ်းအတွက် တစ်ကိုယ်စာနေရာ ရှဲရှဲပေး ကြလေသည်။ ထိုသို့ တရွေ့ရွေ့ ရှေ့သို့ တိုးလာခဲ့ရင်းပင် သုမိတ္တာသည် ဘုရားရှင်နှင့် သုမေဓာရှင်ရသေ့ကလေးတို့ အနီး ပရိသတ်ရှေ့ဆုံးတိုင်သို့ ရောက်ရှိသွားလေတော့၏။

မူလကတော့ ဒီပင်္ကရာဘုရားရှင်ကို ဖူးမြော်ရန် အတွက် လှမ်းလာခဲ့ခြင်းဖြစ်သော်လည်း အနီးသို့ရောက် သောအခါတွင်မှ ဘုရားရှင်က ရှေ့တော်မှောက် ညွှန်တော ဗွက်အိုင်ထဲတွင် အလျားမှောက်လျက်ရှိသော တံတား ဒါယကာကြီး သုမေဓာရှင်ရသေ့ကို မြင်တွေ့ရလေသည်။ ထိုအခါ ရှေးဘဝအဆက်ဆက်က ပါလာခဲ့သော ဖူးစာက် အဟုန်၏ ရိုက်ခတ်မှုကြောင့် သုမိတ္တာ၏ရင်ထဲ၌ ဖြောင်း ခံနှံအောင် တုန်လှုပ်ခတ်သွားရလေတော့၏။ သု မေဓာရှင်ရသေ့၏ သန့်ရှင်းကြည်စင်လှသော ရုပ်ဆင်း သဏ္ဌာန်သည် သုမိတ္တာ၏အမြင်၌ သူမတူသော တင့် တယ်ခြင်းဖြင့် ညို့ငင်ဖမ်းစား ဆွဲဆောင်နေသည်သို့ ရှိ လေ၏။

ကြည့်စမ်းပါဦး၊ ဘုရားကိုယ်တော်မြတ်ကြီးနဲ့ နောက် ပါ သံဃာတော်တွေ ကြွချီနိုင်ဖို့အတွက် သူ့တာဝန် လစ် ဟင်းနေတဲ့ ရွှံ့ညွှန်တောမှာ သူ့ခန္ဓာကိုယ်ကို တံတားခင်း ပေးနေတာပါကလား။ သူ့ရုပ်ရည်အဆင်းနဲ့ တံတားခင်း ပေးနိုင်တဲ့ စေတနာက အံ့ဩစရာ ကောင်းပါဘိတော့ တယ်။ အလွန်ချီးမွမ်း ကြည်ညိုဖွယ်ကောင်းတဲ့ ရသေ့ ကလေးပါကလား။

ထိုထိုသော အတွေးသည်ပင် သုမိတ္တာ၏ သဒ္ဓါ တရားကို သုမေဓာရှင်ရသေ့ကလေးဘက်သို့ ဦးလှည့် ညွှတ်ပျောင်းသွားစေနိုင်ခဲ့လေသည်။ သူမသည် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ခေတ္တမေ့လျော့သွားကာ သုမေဓာ ရသေ့ကလေးကိုသာလျှင် အငေးသား စိုက်ကြည့်ငေးမှိုင် နေမိလေတော့၏။ ဘုရားရှင်တစ်ပါးတည်းကသာ သူ့ ခန္ဓာကိုယ်တံတားပေါ်က နင်းလျှောက်တော်မူလျှင် ကိစ္စ

www.burmeseclassic.com

မရှိ။ နောက်တော်ပါ ရဟန်းလေးသိန်းလုံးပါ ထပ်တူနင်းလျှောက်ကြမည်ဆိုလျှင်တော့ ရသေ့ကလေးဟာ သည်နေရာမှာပင် အသက်ဇီဝိန်ကြွေဖို့ ရှိတော့တာပဲဟူသော ကရုဏာအတွေးလှိုင်းတို့ကလည်း သုမိတ္တာ၏ရင်တွင်း၌ တရစပ်ဖြစ်ပေါ်ရိုက်ခတ်လျက်ရှိနေ၏။ အနီးဝန်းကျင်ရှိ ပရိသတ်တို့လည်း ဘုရားရှင်၊ သုမေဓာရသေ့နှင့် သုမိတ္တာသတို့သမီးတို့၏ သုံးပွင့်ဆိုင်ဆုံစည်းမှုနှင့် နစ်မျောသွားကြလျက် သောသောညံနေခဲ့သော အသံဗလံတို့ တိတ်ဆိတ်သွားခဲ့ကြရလေတော့၏။

ဒီပင်္ကရာမြတ်စွာဘုရားရှင်ကမူ ဆိတ်ငြိမ်စွာ ရပ်လင့်တော်မူဆဲပင်ရှိ၏။ ဘုရားရှင်သည် အကြောင်းမဲ့ ရပ်လင့်တော်မူနေခြင်းမဟုတ်။ ဘုရားရှင်တို့၏ အနာဂတံသဉာဏ်တော်ဖြင့် လှမ်းမျှော်ဆင်ခြင် ကြည့်တော်မူလိုက်သောအခါ ဤသုမေဓာရသေ့သည် ငါကဲ့သို့ပင် သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်တော်မူသော ဘုရားစင်စစ် ဧကန်ဖြစ်တော်မူမည့် ဗုဒ္ဓလောင်းလျာဖြစ်တယ်။ နင်းခြင်းငှာမထိုက်ဟု သိမြင်တော်မူသောကြောင့် ရပ်လင့်တော်မူနေခြင်း ဖြစ်၏။

ထိုမျှအထိ မသိမမြင်နိုင်သေးသော အရှင်သုမေဓာရှင်ရသေ့ကမူ တပည့်တော်၏အကျိုးကို မျှော်ကိုးထောက်ထား၍ သနားတော်မူခြင်းဖြင့် တပည့်တော်ကိုနင်း၍ ကြွမြန်းတော်မူပါ အရှင်ဘုရားဟု တဖွဖွလျှောက်ထားတောင်းခံလျက်ရှိပါ၏။ သို့သော် ဘုရားရှင်က နင်းကြွခြင်းမပြုဘဲ ဆက်လက်ရပ်တန့်လျက်သာ နေတော်မူ၏။ ထိုအခါ သုမေဓာသည် ဖူးမြော်နေရသော မြတ်စွာဘုရား၏ ကျက်သရေတော်ကို ကြည်ညိုစိတ်တို့ လျှံဖိတ်ဆူဝေလာကာ ယခင်က သူ၏စိတ်တွင် မဖြစ်ပေါ်ခဲ့ဖူးသေးသော အားကျခြင်း၊ ထပ်တူထပ်မျှ ဘုရားရှင်ကဲ့သို့ဖြစ်လိုခြင်းပီတိတို့ ထိန်းမနိုင် သိမ်းမရ ဖြစ်ပေါ်လာရတော့၏။ ထိုပီတိသည် အရှင်သုမေဓာ၏ ရိုးစင်းသော အတွေးအကြံတို့ကို တစ်ဖန်မြင့်မားသော အထွတ်အထိပ် အတွေးအကြံ စိတ်ကူးဉာဏ်သို့ ရောက်ရှိသွားစေရန် တွန်းတင်ပေးလိုက်သော အင်အားတစ်ရပ် ဖြစ်ပေါ်လာစေ၏။ မည်သည့်အဆင့်မြင့်အတွေးအကြံ စိတ်ကူးဉာဏ်ပေနည်း။

ကြည့်စမ်း၊ အကယ်၍ ငါသည် အလိုရှိပါမူကား ဤရှင်တော်ဘုရား၏ ယခုမျက်မှောက်မှာပင် သံသရာမှ လွတ်မြောက်ခွင့်ကို ရနိုင်ပါ၏။ ကိလေသာကုန်ခမ်း၍ ရဟန္တာဖြစ်နိုင်ပါ၏။ သို့ရာတွင် ငါကဲ့သို့သော ယောကျ်ားမြတ် လူစွမ်းကောင်းကြီးတစ်ဦးက မိမိစွမ်းရည်ကိုမျှ မငဲ့၊ နောက်ပါတွေကို မခေါ်၊ အဖော်တွေကို မညှာဘဲ သံသရာခရီးမှ တစ်ကိုယ်တည်း ကိုယ်ကောင်းကြံ၍ ကူးမြောက်ခြင်းဖြင့် အဘယ်မှာ အကျိုးရှိနိုင်ပါအံ့နည်း။ ဤဒီပင်္ကရာဘုရားကဲ့သို့ လောကသုံးပါးတွင် အထင်အရှား ဘုရားအဖြစ်သို့ ရောက်ရှိအောင် ကြိုးစားရမည်။ သို့မှသာ များစွာသော သတ္တဝါဗိုလ်ခြေခပင်းတို့အား ဆင်းရဲခြင်းတည်းဟူသော ဝဋ်ထဲမှ ချွတ်လွှဲကယ်တင်တော်မူနိုင်ပေမည်ဟူသော တကယ့်လူစွမ်းကောင်း မဟာပုရိသယောကျ်ားမြတ်တို့၏ အတွေးအကြံ စိတ်ကူးဉာဏ်တို့ပင် ဖြစ်တော့၏။

ထိုသို့သော ဘုရားဆုပန် စိတ်ကူးဉာဏ်တို့ ပေါ်ပေါက်လာသောအခါ အရှင်သုမေဓာသည် မိမိကိုယ်မိမိ ကျေနပ်ဝမ်းမြောက်လှသောကြောင့် ဥဒါန်းကျူးရင့်မိရပြန်လေသည်။

ကိံမေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတွာန၊ သန္တာရေဿံ သဒေဝကံ။

ထာမဒဿိနာ-ကိုယ့်စွမ်းကိုယ့်အားကို သိမြင်နိုင်းချိန်နိုင်သော၊ ပုရိသေန-လူစွမ်းကောင်းယောကျ်ားကြီးဖြစ်ပါလျက်၊ မေ-ငါသုမေဓာရသေ့သည်၊ ဧကေန-နောက်ပါအဖော်မခေါ်ကုန်ဘဲ တစ်ကိုယ်တည်းသာလျှင်၊ တိဏ္ဏေန-သံသရာဝဲသြဃကြီးထဲမှ ကူးမြောက်သဖြင့်၊ ကိံ-အဘယ်အကျိုးရှိပါအံ့နည်း၊ သဗ္ဗညုတံ-လုံးစုံသိမြင် ပြိုင်ယှဉ်တုကင်း တရားမင်း ဘုရားစင်စစ်အဖြစ်သို့၊ ပါပုဏိတွာန-ဆိုက်ရောက်၍၊ သဒေဝကံ-ကျွတ်ထိုက်သသူ နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို၊ သန္တာရေဿံ-နောက်ပါခေါ်၍ ကူးတော်မူစေအံ့သတည်း။

အရှင်သုမေဓာ၏ စိတ်နှလုံးအတွင်းမှ ထိုဥဒါန်းကျူးရင့်မှုကို ဒီပင်္ကရာမြတ်စွာဘုရားရှင်မှတစ်ပါး အခြားမည်သူမျှ မသိရှိနိုင်ကြ။ စုဝေးနေကြသော ပရိသတ်အများကမူ ဘုရားရှင်၊ သုမေဓာရသေ့ကလေးနှင့် သူဌေးသမီးအလိမ္မာ သုမိတ္တာကလေးတို့၏ သုံးပွင့်ဆိုင်အခုံအတွေ့မှ လှုပ်ရှားသက်ဝင်လာမှု တစ်စုံတစ်ရာကို စောင့်စားငံ့လင့် ဆိတ်ငြိမ်နေကြဆဲ။

မြတ်စွာဘုရားကလည်း ရှေ့သို့ဆက်၍ ကြွတော်မမူ။



www.burmeseclassic.com

www.burmeseclassic.com

ဈော်လင့်နေကြသော လူသူဆွမ်းလောင်းဆွမ်းကျွေး ပရိသတ်ကလည်း တောင့်တ၊ နောက်တော်ကပါသော ပုထုဇဉ် ရဟန်းအချို့ကလည်း နေမမြင့်ခင် ဆွမ်းလောင်းပွဲကြီးသို့ရောက်အောင် မြတ်စွာဘုရားကို လျှင်မြန်စွာကြွစေချင်။ သုစိတ္တာသတို့သမီးကလည်း ရှင်ရသေ့၏ ကိုယ်ပေါ်သို့ မြတ်စွာဘုရားမှ စတင်ခြေချနင်း ကြွတော်မူမှာကို ကြောင့်ကြပူပင် စိုးရိမ်နေ။

ဤကဲ့သို့ စိတ်အမျိုးမျိုးအထွေထွေ ဖြစ်ပေါ်နေကြသော ထိုခဏ-

ဒီပင်္ကရာမြတ်စွာဘုရားရှင်က ရှင်ရသေ့ကလေး၏ ကိုယ်ပေါ်သို့ လက်ညှိုးညွှန်တော်မူလိုက်ပြီး မိန့်မြွက်ကြားလိုက်လေသည်။ နောင်လာမည့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသော ကာလအတွက် အာမခံချက်ပေးလိုက်သော မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်မိန့်ခွန်းသံက ထိုအနီးဝန်းကျင်သာမက နတ်၊ ဗြဟ္မာတို့၏ ဘုံဗိမာန်များအထိ တုန်ခိုက်ရိုက်ဟည်းသွားစေခဲ့တော့၏။

ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျေ ဣတော ကပ္ပေ၊
ဗုဒ္ဓေါလောကေ ဘဝိဿတိ။

ပရိသတ်အပေါင်းတို့..ဇဋိလံ-ဆံကျစ်လည်း ရှိထသော၊ ဥဂ္ဂတာပနံ-အသက်ကိုအသေခံ၍ ပြင်းထန်စွာကျင့်လေ့ရှိထသော၊ ဣမံတာပသံ-ဤသုမေဓာရသေ့ကလေးကို၊ ပဿထ-စေ့စေ့ငုငု ကြည့်ရှုကြစမ်းကုန်လော၊ အယံ-ဤသုမေဓာရသေ့ကလေးသည်၊ ဣတော-ဤကမ္ဘာမှ၊ အပရိမေယျေ-နှစ်၊ လ၊ ရက်တို့ဖြင့် မတွက်နိုင်စကောင်းသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်သော၊ ကပ္ပေ-ဘဒ္ဒကပ်ကမ္ဘာကြီး၌၊ ဗုဒ္ဓေါ-ငါနှင့်ထပ်တူ ဘုရားရှင်တစ်ဆူသည်၊ လောကေ-လောကကြီးအတွင်း၌၊ ဘဝိဿတိ-အထင်အရှားပွင့်တော်မူမည် မချွတ်တည်း။

အို..ဗြဟ္မာ၊ လူ၊ နတ် ပရိသတ်အပေါင်းတို့..ငါ၏ ရှေ့မှောက်တွင် တံတားလျှောက်ရန် ရွှံ့ညွှန်အတွင်း ကိုယ်ကို ခင်း၍လှူသော ဤသုမေဓာရသေ့ကလေးကို ရှုကြစမ်းကုန်လော့။ ဤသုမေဓာရသေ့ကလေးသည် နောင်အခါ ကမ္ဘာတစ်သိန်းလွန်မြောက်၍ ဘဒ္ဒကမ္ဘာသို့ ရောက်သောအခါ ငါဘုရားကဲ့သို့ပင် သစ္စာလေးပါးကို သိမြင်၍ ရှင်ဂေါတမဘုရားဟု ထင်ရှားပွင့်တော်မူလတ္တံ့။

ဘဒ္ဒကမ္ဘာ၏ သစ္စာတရားအတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသောကာလ ကြိုတင်၍ ပန္နက်တော်ချပေးလိုက်သော ဒီပင်္ကရာဘုရားရှင်၏ တန်ဖိုးအမြင့်ဆုံးသော ဗျာဒိတ်တော်ပေတည်း။

◆◆◆

(၆)

'ကြားလိုက်ကြရဲ့လား ပရိသတ်တို့..ဤရသေ့မြတ်သည်ကား ဘုရားအညွန့် ဖြစ်တော်မူသော ပုဂ္ဂိုလ်ထူးပါကလား'

'ရွှံ့ညွှန်တောမှာ တံတားခင်းနေရတဲ့ ရသေ့ကလေးက နောင်အခါ သစ္စာလေးပါးကိုသိမြင်၊ မာန်ငါးအင်ကို နှိမ်ချိုး၍ အမျိုးမျိုးသော သတ္တဝါတို့ကို သံသရာမှ ကယ်တင်တော်မူမည့် ဗုဒ္ဓအလောင်းအလျာ ဆိုပါကလား။ ကြုံမှ ကြုံရပလေ။ ဖူးမှဖူးထိုက် ကြုံကြိုက်ကြရပလေ'

ဒီပင်္ကရာမြတ်စွာဘုရား၏ ဗျာဒိတ်မြွက်ကြားသံသည် လူ့ပြည်လူ့ဘုံသာမက နတ်ဘုံ၊ ဗြဟ္မာ့ဘုံများသို့တိုင်အောင် ကြီးစွာသောအဟုန်ဖြင့် ရိုက်ခတ်တုန်လှုပ်သွားစေလေသည်။ အနီးဝန်းကျင်မှ လူပရိသတ်များသာမက လူတို့၏ ပကတိမျက်စိဖြင့် မတွေ့နိုင် မမြင်နိုင်ကြသော နတ်များ၊ ဗြဟ္မာများလည်း ဝမ်းသာအားရ လက်ပန်းပေါက်ခတ်၍ မတန့်မရပ်နိုင်အောင် ကြွေးကြော်ကောင်းချီးပေးကြလေကုန်၏။ ဒီပင်္ကရာမြတ်စွာဘုရားရှင်ကိုသာမက ရွှံ့ညွှန်တောထဲမှ တံတားခင်းလက်စ သုမေဓာရသေ့ကလေးကိုလည်း ဝမ်းမြောက်ကြည်ညိုစွာ ရှိခိုးပူဇော်ကြလေတော့၏။

အချို့ကလည်း ဤဒီပင်္ကရာမြတ်စွာဘုရား၏ သာသနာတော်တွင်း၌ ကျွတ်တမ်းမဝင်လိုက်ရဘဲ လွဲချော်ခဲ့ပါသော် သုမေဓာရှင်ရသေ့ဘုရား ဖြစ်တော်မူသော ဘဒ္ဒကမ္ဘာတွင် မျက်မှောက်ဖူးတွေ့ရ၍ ကျွတ်တမ်းဝင်ရပါစေဟု နောင်အနာဂတ် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသော ကာလဆီသို့ မှန်းရည်ဆုပန်ကြလေသည်။ ရသေ့ကလေးကို ကြည်ညိုကြခြင်းကြောင့် အတူတကွ နောက်တော်သို့ပါပြီး ကျွတ်လွတ်လိုကြသောဆန္ဒဖြင့် ဤသို့ဆုတောင်းမိကြခြင်း ဖြစ်လေသည်။

ဤသို့လျှင် နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ သောင်းသောင်းဖြဖြ စိတ်ကြွရွှင်မြူး ကြည်နူးစွာ ဆုပန်ဆုတောင်းနေကြသံများက ကြီးစွာသော ကရုဏာဝေရား



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် သုမေဓာရှင်ရသေ့ကလေးကို ငေးမောကြည့်ရှုနေမိသော သုမိတ္တာ၏ နှလုံးဟဒယကို ဖျတ်ခနဲ ပုတ်နှိုးလိုက်လေသည်။ ရှေးဘဝအစဉ်အဆက်ဆက် ပန္နက်ခဲ့ဖူးသော မေတ္တာဓာတ်အဟုန်က သုမိတ္တာ၏ နှလုံးသားကို လွှမ်းခြုံသိမ်းပိုက်လေပြီ။ သူမရင်ထဲတွင်လည်း အမျှားသူငါကဲ့သို့ ဆုပန်ဆုတောင်းလိုက်လိုသောဆန္ဒတို့ ရုန်းကြွလာ၏။ ဒါဖြင့် ဆုတောင်းခြင်း၏အရင်းအနှီး အလှူပစ္စည်းက ရောတဲ့။ သုမိတ္တာသည် မိမိလက်ထဲတွင် ဆုပ်ကိုင်လျှက် ပါလာသော ကြာပန်းရှစ်ခိုင်ကို ပြန်သတိရလာလေသည်။

စင်စစ်၌ ဤကြာပန်းတို့သည် ဒီပင်္ကရာမြတ်စွာဘုရားသို့ ဆက်ကပ်လှူဒါန်းရန် ရည်ရွယ်ခဲ့ရင်းဖြစ်ပါ၏။ သို့ရာတွင် မကြုံစဖူး အထူးကြည်ညိုမိသော သုမေဓာရသေ့ကလေးနှင့် ပက်ပင်းပါ ဆုံတွေ့နေရပြီဖြစ်သောအခါ ကြာပန်းရှစ်ခိုင်စလုံးကို ဒီပင်္ကရာမြတ်စွာဘုရားအား လှူလိုက်လျှင်လည်း ရသေ့ကလေးအား စိမ်းကားရာကျပေတော့မည်။ ရသေ့ကလေးအား မထော်မ်မထား အားမနာရာ ကျပေတော့မည်။ ရသေ့ကလေးကို လှူဒါန်းလိုသော စေတနာဓော သန်မိတာလည်း အမှန်ပင်ဖြစ်၏။

ထို့ကြောင့် ကြာပန်းရှစ်ခိုင်ကို တစ်ဝက်စီခွဲ၏။ သို့သော် ခွဲ၍မရ။ ရသေ့ကလေးဘက်တွင် ကြာပန်း(၅)ခိုင်၊ မြတ်စွာဘုရားရှင်ဘက်က ကြာပန်း(၃)ခိုင် ဖြစ်နေ၏။ သုံး၊လေးကြိမ် ထပ်မံ၍ခွဲသော်လည်း ထိုအတိုင်းပင်။ ဒီပင်္ကရာဘုရားရှင်ကမူ ကြာပန်းခိုင်တို့ အခွဲရခက်နေသော သုမိတ္တာကလေး၏ဖြစ်ပုံကို ရှုကြည့်ကာ ပြုံးနေတော်မူ၏။ သည်အမျိုးသမီးကလေးဟာ နောင်အခါ သုမေဓာဘုရားဖြစ်သည့်ကာလအထိ နောက်လိုက်အလုပ်အကျွေးပါရမီဖြည့်ဖက်ဖြစ်ပြီး ကျွတ်တမ်းဝင်မယ့် အမျိုးသမီးကလေးပဲကိုးဟု ဆင်ခြင်သိရှိတော်မူသောကြောင့် ဖြစ်လေသည်။

သုမိတ္တာသည် သူမ၏စိတ်ကို ယတိပြတ်ဆုံးဖြတ်လိုက်၏။ မတတ်နိုင်တော့ပြီ၊ သူမ၏ လက်အတွင်း၌ ခွဲ၍ရသည့်အတိုင်းသာ သုမေဓာရှင်ရသေ့ကလေးသို့ ကြာပန်း(၅)ခိုင်၊ ဒီပင်္ကရာမြတ်စွာဘုရားအား ကြာပန်း(၃)ခိုင် စီကို ပေးလှူလိုက်၏။ ပြီးနောက် သူမ၏ရင်ထဲမှ ဖြူစင်ကြီးမားသော မေတ္တာအဟုန်၏ တိုက်တွန်းချက်အတိုင်း မဆိုင်းမတွ ရဲဝံ့ပြတ်သားစွာ ဆုတောင်းလိုက်လေသည်။

*ပဉ္စဟတ္ထာ တဝဟောန္တု၊*
*တယောဟောန္တု မဟာကုသေ၊*
*တေနသန္ဓိ သမာဟောတု၊*
*ဗောဓတ္ထာယ တဝဏ္ဏသေ။* (အပဒါန်ပါဠိတော်ကြီး)

မဟာကုသေ-ဘုရားမျိုးစေ့ ရသေ့မြတ်ရှင် ကျွန်ုပ်သခင်၊ တဝ-အရှင်ရှသေ့အဖို့၊ ပဉ္စဟတ္ထာ-ကြာငါးခိုင်တို့သည်၊ ဟောန္တု-ဖြစ်စေကုန်။ ဘဂဝတော-ဒီပင်္ကရာမြတ်စွာဘုရားကို၊ တယောဟတ္ထာ-ကြာပန်းသုံးခိုင်တို့သည်၊ ဟောန္တု-ဖြစ်ပါစေကုန်၊ ဣမိနာ-ဤကြာပန်းကုသိုလ်ကြောင့်၊ တေန-ထိုသင်ရှင်ရသေ့နှင့်၊ သန္ဓိ-အတူပေါင်းဆုံ မောင်နှံစုံသာလျှင်၊ သမာ-ဘဝများစွာ ကျင်လည်ရာဝယ် မကွာမကွဲ အမြဲတွဲစုံသာလျှင်၊ ဟောတု-ဖြစ်ပါရစေသား။ ဣသေ-အို ရှင်ရသေ့၊ တဝ-အရှင်ဘုရား၏၊ ဗောဓတ္ထာယ-ဗောဓိဉာဏ်၏ ရင့်သန်စေခြင်းအကျိုးငှာလည်း၊ ဟောတု-ဖြစ်ပါစေသား။

အို..အရှင်ရသေ့မြတ်၊ အရှင့်အတွက် ကြာပန်းငါးခိုင်ကို လှူပါသည်။ ဒီပင်္ကရာရှင်တော်ဘုရားကိုလည်း ကြာပန်းသုံးခိုင်လှူပါသည်။ ဤကုသိုလ်ကောင်းမှုကြောင့် ရှင်ရသေ့ နှင့် ဘုရားကျွန်တော်မသည် ဖြစ်လေရာဘဝတွင် အတူတကွ ဖြစ်ရပါစေ။ ဤကုသိုလ်စေတနာအားဖြင့် အရှင်ရသေ့ကလေး ရည်သန်သော ဗောဓိဉာဏ်လည်း အမြန်ကြီးရင့်၍ ပွင့်ထွန်းလွယ်ပါစေ။

သုမိတ္တာ၏ ရဲရင့်သော ဆုပန်စကားလုံးတို့သည် ညွှန့်တောဖွက်အိုင်ထဲမှ အရှင်သုမေဓာ၏ နှလုံးသည်းညှာတို့ကို ဆွဲခါလှုပ်ယမ်းလိုက်သကဲ့သို့ရှိ၏။ နိဗ္ဗာန်သို့တိုင်မည့် ခရီးရှည်တာ သံသရာကြီးတစ်လျှောက်လုံးအတွက် ပါရမီဘက်၏ တောင်းဆုပါတကားဟု မသိရှိသေးသော်ငြား ထိုဆုကို ငြင်းပယ်ဖို့ အင်အားလည်းမရှိ။ စိမ်းကားရိုင်းစိုင်းရာကျမည်ကိုလည်း စိုးရိမ်သဖြင့် သုမိတ္တာအား မည်သို့မှပြန်ကြားခြင်းလည်းမပြု။ သူမ တောင်းဆုအတိုင်း ပါရမီဘက်ပင်ဖြစ်ပါစေတော့ဟု ဆိတ်ဆိတ်နေမှုဖြင့်သာ ကြာပန်းငါးခိုင်ကို လက်ခံလိုက်ရလေသည်။

မိမိလက်ဝယ်သို့ ရောက်ရှိပြီးမှသာ ထိုကြာငါးခိုင်ကို ဒီပင်္ကရာဘုရားရှင်အား ထပ်ဆင့်လှူဒါန်းလိုက်တော့၏။ နံဘေးရှိ ပရိသတ်အများသည်မူ သုမိတ္တာ၏ ဆုတောင်းအတွက် မည်သို့မှ အပြစ်တင်ခြင်း၊ ဝေဖန်ကဲ့ရဲ့ခြင်း မပြု



www.burmeseclassic.com

www.burmeseclassic.com

ကြာဘဲ ဤချောမောလှပသော ရသေ့ကလေးနှင့် သူဌေးသမီးအလိမ္မာ သုမိတ္တာတို့ကား အကယ်၍ ရှင်ရသေ့က လူဝတ်ကြောင်ဘဝသို့ ပြန်ခြေဦးလှည့်လာခဲ့မည်ဆိုလျှင်လည်း နေနှင့်လ ရွှေနှင့်မြကဲ့သို့ ရေ့သွားနောက်လိုက် ညီညာတင့်တယ် ရှုချင်စဖွယ်သာ ဖြစ်ပေမည်ဟု မုဒိတာပွားမိကြလေ ကုန်၏။ တစ်ဦးက လူသာမန်၊ တစ်ဦးက ရွှေလမ်းအကွေ့ တရွေ့ရွေ့နှင်နေဆဲ ရှင်ရသေ့ဘဝများဖြစ်နေခဲ့ကြ၍ ယခုပစ္စုပ္ပန်ဘဝ၌ ဆုံတွေ့နိုင်ခြင်း ကင်းဝေးခဲ့ကြသော်လည်း သံသရာအတွက် ပါရမီကမ်းလှမ်းတို့ကား လှမ်းဆက်မိကြလေပြီဟုတော့ မည်သူမျှ မသိရှိနိုင်ကြ။ ထို့ကြောင့် သိရှိတော်မူပြီးဖြစ်သော ဒီပင်္ကရာမြတ်စွာဘုရားရှင်က လူပရိသတ်သာမက နတ်၊ ဗြဟ္မာများသို့တိုင် အလောင်းတော်နှစ်ပါး၏ ပါရမီမဏ္ဍိုင် စတင်စိုက်ထူမိကြပြီးဖြစ်ကြောင်းကို အရှင်သုမေဓာနှင့် သုမိတ္တာသတို့သမီးတို့၏ ကြာပန်းအလှူတော်ကို အကြောင်းပြုလျက် ဗျာဒိတ်မြွက်ကြားပေးသနားတော်မူလေသည်။ ဤဒုတိယအကြိမ်တွင်ကား နှစ်ဦးစလုံးအတွက် ဗျာဒိတ်တော်ပေးတည်း။

*သမစိတ္တာ သမကမ္မာ၊ သမကာရီ ဘဝိဿတိ၊*
*ပိယာယိဿတိ ကာယေန၊*
*တုယှတ္ထာယ မဟာပညာသိ၊*
*သုဒဿနာ သုပ္ပိယာစ၊ မနာပါ ပိယဝါဒိနီ။*
*တဿတော အနုကမ္ပန္တီ၊*
*ပူရယိဿတိ ပါရမီ။*
(အပါဒါန်ပါဠိတော်ကြီး)

မဟာပညာသိ-အို··ရသေ့သူမြတ်၊ အယံ-ဤသုမိတ္တာအမျိုးသမီးကလေးသည်၊ ဘဝေဘဝေ-ဘဝတိုင်း,ဘဝတိုင်း၊ တုယှတ္ထာယ-သင်၏အကျိုးငှာ၊ သမစိတ္တာ-စိတ်တူသဘောမျှ ရှိကြသည်ဖြစ်၍၊ သမကမ္မာ-အမှုကိစ္စ တူညီမျှလျက်၊ သမကာရီ-အတူအညီ ပါရမီဖြည့်လျက် ကျင့်ကြံဘက်သည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့။ တေ-ရှင်ရသေ့အား၊ ကာယေန-ကိုယ်ရောစိတ်ပါ နှုတ်ဝါစာဖြင့်၊ ပိယာယိဿတိ-ယုံပုံနှင်းအပ်၍ လေးမြတ်ရူးရှုစွာ ချစ်ရှာပေလတ္တံ့။

အယံ-ဤသုမိတ္တာသည်၊ သုဒဿနာစ-ရှုချင်စဖွယ် တင့်တယ်လှပသော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည်လည်းကောင်း၊ သုပ္ပိယာစ-ချစ်ခြင်းစည်းစိမ်ကို တင်းတိမ်အောင်ပေးစွမ်းနိုင်သည်လည်းကောင်း၊ မနာပါ-သင်၏စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေသည်လည်းကောင်း၊ ပိယဝါဒိနီ-သင်၏ နားခွံကြားလျှင် ချိုမြိန်၍ နှစ်သက်ဖွယ်စကားကို ဆိုနိုင်သည်လည်းကောင်း၊ ဟုတ္တာ-ဘဝတိုင်းဖြစ်၍၊ တဿတော-သင်ရှင်ရသေ့အား၊ အနုကမ္ပန္တီ-တွယ်တာချစ်ခင် အစဉ်သနားလျက် ပါရမီကျင့်ဖွယ်ဖြည့်ဖွယ် သုံးဆယ်အညီ ပါရမီတို့ကို၊ ပူရယိဿတိ-ထောက်ပင့်ကူ၍ အတူဖြည့်ကျင့်ပေလတ္တံ့သတည်း။

အို··သုမေဓာရှင်ရသေ့၊ ဤသုမိတ္တာသည် သင်နှင့် စိတ်တူသဘောမျှ ကျင့်ဖော်ကျင့်ဖက် ဖြစ်လတ္တံ့။ သင့်အပေါ်တွင် ကိုယ်ရောစိတ်ပါ နှုတ်ဝါစာဖြင့် မေတ္တာနှင့် ပုံ၍ချစ်လတ္တံ့။ ဖြစ်လေရာဘဝတိုင်း လွန်စွာရှုချင်စဖွယ်ကောင်းသော အဆင်းနှင့်ပြည့်စုံ၍ သင်၏အချစ်စည်းစိမ်ကို ဖြည့်စွမ်းလတ္တံ့။ သင်၏နှလုံးအိမ်ကို သိမ်းကျုံးပိုက်ဖျား၍ ချစ်ဖွယ်စကားပြောဆိုပြီးလျှင် သင်၏ပါရမီကို ကူညီဖြည့်လတ္တံ့။

ဘုရားရှင်၏ ထိုသို့သောဗျာဒိတ်စကား ကြားတော်မူခြင်းကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့က ကောင်းချီးပေးကာ သုမိတ္တာအမျိုးသမီးကလေးကို ချီးမွမ်းကြလေသည်။ လွန်စွာကြီးကျယ်ခမ်းနားလှသော ဒီပင်္ကရာမြတ်စွာဘုရားရှင်အား ကြိုဆိုပွဲကြီးသည်လည်း သုမေဓာရှင်ရသေ့နှင့် သုမိတ္တာ သတို့သမီးကလေးတို့ကို ကြိုဆိုပွဲကြီးအဖြစ် အသွင်ပြောင်းလဲသွားခဲ့လေတော့၏။ သုမိတ္တာအား ဗျာဒိတ်ပေးတော်မူပြီးသောအချိန်တွင် ထိုပွဲကြီးသို့ ရောက်ရှိလာကြသော ကညာ၊ ယုဝတီ၊ ကုမာရီ အလီလီသော လူသားအမျိုးသမီးများသာမက ကောင်းကင်ယံမှ ဖူးမြော်နေကြသော နတ်သမီးများပင်မကျန် သုမိတ္တာကဲ့သို့ အလောင်းတော်သုမေဓာ၏ အလုပ်အကျွေးဖြစ်လိုသော ဆန္ဒများ ဖြစ်ပေါ်လာကြ၏။ သို့ရာတွင် အကြီးအကဲ အလုပ်အကျွေးဆုကိုပန်၍ မဖြစ်နိုင်တော့သောကြောင့် အလုပ်အကျွေး မိဖုရားငယ်များအဖြစ်ကိုသာ ရည်ရွယ်ဆုတောင်းကြရလေတော့၏။ ထိုသို့ဆုပန်ကြသော အငယ်အထွေး အလုပ်အကျွေး အမျိုးသမီးအရေအတွက်မှာ လူသားနှင့် နတ်သမီး စုစုပေါင်း သုံးသိန်းကိုးသောင်းခြောက်ထောင်(၃၉၆၀၀၀)ပင် ရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီပင်္ကရာမြတ်စွာဘုရားရှင်လည်း လူ၊ နတ်၊ ဗြဟ္မာ များစွာသော ပရိသတ်ကြီးအလယ်၌ သုမေဓာရှင်ရသေ့နှင့် သုမိတ္တာသတို့သမီးတို့ကို ဗျာဒိတ်စကားမိန့်ကြားတော်မူပြီး နောက် ကြိုဆိုစောင့်စားနေကြသော ဆွမ်းလောင်းပွဲ၊ ဆွမ်းကျွေးပွဲကြီးသို့ ဆက်လက်ကြွချီတော်မူလေသည်။ အရှင်သုမေဓာ၏ ခန္ဓာကိုယ်တံတားပေါ်မှ နင်းကျော်ဖြတ်သန်း ကြွချီတော်မူခြင်းတော့ မဟုတ်။ ဘုရားရှင်တို့၏ အနန္တတန်ခိုးတော်ဖြင့် အရှင်သုမေဓာနှင့် လွတ်ကင်းသော နေရာကို လျှောက်လမ်းစင်္ကြံအဖြစ် ဖန်ဆင်းတော်မူပြီး နောက် ကြွချီတော်မူခြင်းဖြစ်၏။ သံဃာလေးသိန်းလည်း ထိုစင်္ကြံအတိုင်းပင် ကြွတော်မူကြ၏။

ထိုအချိန်တွင်မှ အလောင်းတော်သုမေဓာရှင်ရသေ့သည် ညွှန့်ပျောင်းမှထတော်မူပြီး ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၍ ဘုရားဖြစ်ရန် အကြောင်းမှန်ဖြစ်သော ကျင့်ဝတ်များကို ဆင်ခြင်တော်မူသော် ဒါနပါရမီအစရှိသော ပါရမီတော်ကြီးဆယ်ပါးကို ထင်ရှားစွာသိမြင်တော်မူ၏။ ထိုပါရမီတော်တို့ကို ဆင်ခြင်သော တန်ခိုးတော်အဟုန်ကြောင့် မဟာပထဝီမြေသည် တုန်ဟည်းလျက် ငလျင်တော်လဲများ ဖြစ်ပေါ်လာကြ၏။ ထိုအခါ လွန်စွာနှစ်သက်ကြည်ညိုကြသည့်အတွက် နတ်၊ ဗြဟ္မာတို့က ကောင်းကင်မှ နတ်ပန်းအမျိုးမျိုးတို့ဖြင့် ကြဲဖြန့်ပူဇော်ကြ၏။ လူပရိသတ်တို့ကလည်း ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်ကြ၏။ ဤသို့ပူဇော်ဦးခိုက်နေကြဆဲမှာပင် သုမေဓာရှင်ရသေ့သည် နေရာမှထကာ မိမိပျော်စံရာဖြစ်သော ဓမ္မိကတောင်ယံသို့ ဈာန်ယာဉ်ဖြင့် ကြွချီတော်မူ၏။

လှိုက်ဖိုသော လွမ်းတခြင်းတစ်ဝက်၊ နှစ်သက်ကျေနပ် ပီတိသောမနဿတစ်ခြမ်းဖြင့် ကျန်ရစ်ခဲ့သော သုမိတ္တာသတို့သမီးလည်း သုမေဓာရှင်ရသေ့ ကြွချီရာသို့ မျက်စိတစ်ဆုံး ဖူးမြော်ဦးခိုက်လျက် မြင်ကွင်းမှ ပျောက်ကွယ်သွားသော အချိန်တွင်မှ ခြွေရံငါးရာ သမီးကညာတို့ ခြံရံလျက် မိမိစံအိမ်တော်သို့ ယာဉ်ရထားနှင့် ပြန်ခဲ့ရရှာလေသည်။ တရားဓမ္မရှာဖွေသူ ရှင်ရသေ့နှင့် ပုထုဇဉ်လူသား အပျိုစင်မိန်းမသား ဘဝမတူခြားနားလေသောကြောင့် ဤမျက်မှောက်ဘဝတွင် အတူတကွ ပေါင်းသင်းခြင်းငှာ မဖြစ်နိုင်ပါပြီ။ သို့ရာတွင် ရှင်တော်ဂေါတမ အလောင်းတော် အရှင်သုမေဓာနှင့် ယသော်ဓရာဒေဝီ အလောင်းအလျာ သုမိတ္တာတို့၏ ပါရမီတော်ခရီး ဆုံစည်းမှု အဦးအစ လက်မွန်မဆွ တွေ့ဆုံခဲ့ကြပုံကား ရင်ခုန်ခြင်းတစ်ကန့် ဆွတ်ပျံ့ဖွယ်ဝေစီလီ အလွမ်းပန်းချီ ဆေးစုံသသည့်နှယ် ရှိပေတော့သည်။

သူတို့သည် ဒီပင်္ကရာဘုရားရှင်၏ လက်ထက်တော် ဘုရားရှင်၏ နိယတဗျာဒိတ်တော်ကို စတင်ရရှိသည့်ဘဝ၌ မပေါင်းဖက်ကြရသော်လည်း သိဒ္ဓတ္ထကုမာရနှင့် ယသော်ဓရာဒေဝီဖြစ်သည့်တိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသော ကာလတာရှည်ကြီးတစ်လျှောက်တွင် ဘုရားလောင်းက ရသေ့ရဟန်းပြုနေသော ဘဝများမှလွဲ၍ အချင်းချင်းတွေ့ဆုံ မေတ္တာငွေ့လှုံကြလျက် စုံဖက်ကာ အညီဖြင့် ပါရမီတော်များကို ဖြည့်ကျင့်တော်မူကြတော့မည်ဖြစ်၏။

အမရာ၊ ကန္နရီ၊ မဒ္ဒီ၊ သမ္ဗူလ တော်လေးဝဟု ခေါ်ဆိုချီးမွမ်းကြသော မိန်းမမြတ်လေးပါးသည်လည်း သမ္ဗူလမှလွဲ၍ သုမိတ္တာဘဝမှ ဆက်သွယ်လာခဲ့သော ယသော်ဓရာအလောင်းများသာ ဖြစ်တော်မူကြ၏။ ဂေါတမမြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်အထိ ဘဝများစွာ ကျင်လည်ရာဝယ် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး၌ ရဟန်းဘဝကို (၉)ကြိမ်သာ ရခဲ့ဖူး၏။ ထို(၉)ဘဝမှလွဲလျှင် ဖြစ်လေရာဘဝတိုင်း၌ ပါရမီဘက် သုမိတ္တာနှင့် တွဲဖက်ခဲ့ရသည်မှာ နောက်ဆုံးဘဝ ဗုဒ္ဓဂေါတမ ဖြစ်တော်မူသည်အထိပင်။ သုမိတ္တာအမျိုးသမီးသည် နောက်ဆုံးဘဝတွင် ယသော်ဓရာဒေဝီ ဖြစ်တော်မူ၏။ ရဟန်းမပြုခင်ကတော့ အဂ္ဂမဟေသီ၊ ရဟန်းပြုပြီးတော့ ယသော်ဓရာထေရီ ဖြစ်တော်မူလေသည်။

ဒီပင်္ကရာမြတ်စွာဘုရားရှင်၏ လက်ထက်တော်တွင် ရှင်ရသေ့သုမေဓာနှင့် သူဌေးသမီးသုမိတ္တာတို့ တွေ့ဆုံခဲ့ကြခြင်းဖြင့် ဆွတ်ပျံ့ဖွယ်သော ဇာတ်တော်မဟာကို သူတို့ စတင်ဖွင့်လှစ်ခဲ့ကြပါ၏။ မြတ်စွာဘုရားရှင်၏ နိယတဗျာဒိတ်ကို တစ္စုံစံယူ ရရှိခဲ့ကြပါ၏။

ထိုကာလမှတစ်ဆင့် နောက်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာမြင့်ခဲ့ပြီးသောအခါတွင်မှ..။

(ဆက်လက်ဖော်ပြပါမည်)

နန္ဒာစိုး(ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဝေဒနာသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာဟူ၍ သုံးမျိုးရှိပေ၏။
ဤနေရာ၌ ဝေဒနာဆိုသော စကားသည် ဒုက္ခဝေဒနာကို ဆိုခြင်းဖြစ်၏။
ဒုက္ခဝေဒနာသည် ခန္ဓာကိုယ်၌ ခံစားရသော ကာယိက ဒုက္ခဝေဒနာ၊




www.burmeseclassic.com

www.burmeseclassic.com

စိတ်၌ ခံစားရသော စေတသိကဒုက္ခဝေဒနာ ဟူ၍ နှစ်မျိုး ရှိ၏။ ကာယိကဒုက္ခဝေဒနာကို ဆို၏။ ကာယိကဒုက္ခဝေဒနာ၌လည်း အနာရောဂါကို အဓိကပြု၏။ ခန္ဓာရလာပြီဆိုလျှင် အနာရောဂါ ရှိစမြဲဖြစ်၏။ အနာရောဂါ၏ အစပြုရာ ဒေသသည် ခန္ဓာကိုယ်ဖြစ်၏။ ခန္ဓာကိုယ်သည် အနာရောဂါကို ထုတ်ပေးရာ စက်ရုံကြီး ဖြစ်၏။ ခန္ဓာကောင်းမှ အနာရောဂါ ကင်းမည်ဖြစ်၏။ ခန္ဓာကင်းအောင် ပြုလုပ်ကြရမည် ဖြစ်၏။ ခန္ဓာကင်းအောင် ပြုလုပ်ဖို့ဆိုတာ မလွယ်ကူသောအရာဖြစ်၏။ ဘဝသံသရာ ရှိနေသမျှ ခန္ဓာကိုယ်ရှိ၏။ ဘဝသံသရာသည် ခန္ဓာကိုယ်ကို ထုတ်ပေးရာ စက်ရုံကြီး ဖြစ်၏။ ဘဝသံသရာထဲမှာနေပြီး ခန္ဓာကိုယ်ထဲမှာ အနာကင်းဖို့ ဆိုတာ ခက်လှ၏။

ခန္ဓာကိုယ်ပေါ် စွဲမြဲနေသော အနာရောဂါသည် ကံကြောင့်လည်း ဖြစ်တတ်၏။ စိတ်ကြောင့်လည်း ဖြစ်တတ်၏။ ဥတုကြောင့်လည်း ဖြစ်တတ်၏။ အစားအသောက် အာဟာရကြောင့်လည်း ဖြစ်တတ်၏။ အကြောင်းလေးမျိုးကြောင့်ဖြစ်တတ်သော အနာရောဂါကို လူတိုင်း ခံစားကြရသည်တော့ မဟုတ်။ ခံစားရသောလူများ ရှိ၏။ မခံစားရသောလူများ ရှိ၏။ လူ့လောက၌ အနာရောဂါ များသောလူတို့ ရှိ၏။ မွေးဖွားသည်ကစ၍ ဆေးများကို မိတ်ဖွဲ့ရသူများ ရှိ၏။ ဆေးသောက်ပြီး အသက်ရှင်သန်ရ၏။ တချို့သော လူများသည် မကြာခဏ ရောဂါဖြစ်တတ်၏။ အနာရောဂါများ၍ လူ့လောက လူ့စည်းစိမ်နှင့် နီးလျက် ဝေးကြရ၏။ စားနိုင်သောက်နိုင်သူများဖြစ်လျက် အနာရောဂါကြောင့် မစားရ၊ မသောက်ရ ဖြစ်၏။ သွားနိုင်လာနိုင်သူများဖြစ်လျက် အနာရောဂါကြောင့် မသွားရ၊ မလာရ ဖြစ်၏။

တချို့သော လူတို့သည် အနာရောဂါများ ကင်းရှင်း၏။ ရာသီဥတု ဘယ်လောက်ဖောက်ပြန်ပြန် ဘယ်ရောဂါမှ မဖြစ်။ မည်သည့်အစားအသောက်ကို စားသောက်သောက် မတည့်သည် မရှိ။ စားချင်သည့် အစာကိုစား ရောဂါမဖြစ်။ သွားချင်သလို သွားလာနိုင်၏။ လူ့လောက လူ့စည်းစိမ်ကို နီးနီးကပ်ကပ် ခံစားနိုင်၏။ အနာရောဂါများသောလူတွေဟာ ရှင်လျက် သေနေသူများကဲ့သို့ ဖြစ်၏။ ပျော်စရာကောင်းသော လောက၌ ငိုနေရသူများဖြစ်၏။ အားတက်စရာကောင်းသော လောက၌ အားငယ်နေရသူများဖြစ်၏။ အနာရောဂါ ကင်းသူတို့သည် ပျော်စရာကောင်းသော လောက၌ ပျော်နေကြရ၏။ အားတက်စရာကောင်းသော လောက၌ အားရှိနေသူများ ဖြစ်၏။ လူတိုင်းသည် အနာရောဂါများသည့် ဘဝကို အလိုရှိကြလိမ့်မည်မဟုတ်။ အနာရောဂါကင်းသည့် ဘဝကိုသာ အလိုရှိကြလိမ့်မည်ဖြစ်၏။ သို့သော် အလိုရှိသည့်အတိုင်း မဖြစ်နိုင်ကြ။ ထိုသို့ မဖြစ်နိုင်ကြသည်မှာ ကံကြောင့်ဖြစ်၏။ ဘဝကို ကံက တည်ဆောက်၏။ ဘဝထဲ ဖြစ်လာသမျှတို့ကိုလည်း ကံက ဖန်တီးခြင်းဖြစ်၏။ မတူညီသောကံများသည် မတူညီသောဘဝနှင့် ဖြစ်တည်ချက်တို့ကို ဖန်တီး၏။

လူချင်းတူလျက် အနာရောဂါများသူ၊ အနာရောဂါကင်းသူဟူ၍ ဖြစ်တည်ချက်ချင်း မတူညီကြသည်မှာ ပြုလုပ်ခဲ့သည့်ကံချင်း မတူညီ၍ဖြစ်၏။ အနာရောဂါများသူသည် အ ရောဂါကို ဖန်တီးပေးသည့်ကံကို ပြုလုပ်ခဲ့၍ဖြစ်၏။ ရောဂါကင်းသူသည် အနာရောဂါကို ဖန်တီးပေးသည့်ကံကို မပြုလုပ်ခဲ့၍ဖြစ်၏။ အနာရောဂါကို ဖန်တီးပေးသည့်ကံက အဘယ်ကံပါနည်း။

'သုဘလုလင်··ဒီလောကမှာ အချို့မိန်းမ၊ ယောကျ်ားတွေဟာ သတ္တဝါတွေကို လက်ဖြင့်သော်လည်းကောင်း၊ ခဲဖြင့်သော်လည်းကောင်း၊ တုတ်၊ဓားဖြင့်သော်လည်းကောင်း သေအောင် မသတ်။ နှိပ်စက်ညှဉ်းဆဲလေ့ရှိတယ်။ ထိုကဲ့သို့ သတ္တဝါတွေကို သေအောင် မသတ်၊ နှိပ်စက်ညှဉ်းဆဲလေ့ရှိတဲ့သူဟာ သေတဲ့အခါ ငရဲပြည်သို့ ကျရောက်နိုင်တယ်။ တကယ်လို့ ငရဲပြည်သို့ မကျရောက်ဘဲ လူ့ပြည်လူ့ဘဝမှာ လူလာဖြစ်ခဲ့ပါမူ ထိုလူဟာ အနာရောဂါများတယ်။

သုဘလုလင်··ဒီလောကမှာ အချို့မိန်းမ၊ ယောကျ်ားတွေဟာ သတ္တဝါတွေကို လက်ဖြင့်သော်လည်းကောင်း၊ ခဲဖြင့်သော်လည်းကောင်း၊ တုတ်၊ဓားဖြင့်သော်လည်းကောင်း သေအောင်လည်း မသတ်၊ နှိပ်စက်ညှဉ်းဆဲလေ့မရှိ။ ထိုကဲ့သို့ သတ္တဝါတွေကို သေအောင် မသတ်။ နှိပ်စက်ညှဉ်းဆဲမှု မရှိတဲ့လူဟာ သေတဲ့အခါ အထက်နတ်ပြည်သို့သာ တက်ရောက်ကြရတယ်။ တကယ်လို့ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်၊ လူ့ဘဝမှာ လူလာဖြစ်ခဲ့ပါမူ အနာရောဂါကင်းတယ်'

www.burmeseclassic.com

မြတ်စွာဘုရားသည် အနာရောဂါ များရခြင်း၊ အနာရောဂါ ကင်းခြင်းကို ဖန်တီးပေးသည့်ကံကို သုဘလုလင်အား ဤသို့ ဟောကြားတော်မူခဲ့၏။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း အနာရောဂါ များရခြင်းဟာ သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ခဲ့၍ ဖြစ်၏။ သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်သောကံသည် အနာရောဂါများခြင်းကို ဖန်တီးပေး၏။

မြတ်စွာဘုရား ရှိတော်မူစဉ်က ဇေတဝန်ကျောင်းတွင် သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်သောကံက ဖန်တီးပေးခဲ့၍ အနာရောဂါများဖြင့် ခံစားခဲ့ရသော ရဟန်းတစ်ပါး ရှိခဲ့ဖူး၏။ ရဟန်း၏အမည်မှာ တိဿဖြစ်၏။ အနာရောဂါကို အကြောင်းပြု၍ ပူတိဂတ္တတိဿဟု အမည်ထင်ရှားခဲ့၏။ ပူတိဂတ္တတိဿမထေရ်သည် ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်တုန်းက ငှက်ဖမ်းမုဆိုးတစ်ယောက် ဖြစ်ခဲ့၏။ မုဆိုးဆိုသည့်အတိုင်း ငှက်ဖမ်းပညာကို ကျွမ်းကျင်တတ်မြောက်၏။ မုဆိုးသည် ငှက်ကို အသေမဖမ်းပေ၊ အရှင်ဖမ်းခြင်း ဖြစ်၏။ ငှက်ဖမ်းရန်အတွက် ပိုက်ကွန်ကို အသုံးပြု၏။ ငှက်ဖမ်းပညာ ကျွမ်းကျင်သည့်အတွက် တစ်ရက်,တစ်ရက် ငှက်ပေါင်းများစွာကို ဖမ်းရ၏။ ဖမ်းရသော ငှက်တို့ကို မြို့ထဲ တစ်လမ်းဝင် တစ်လမ်းထွက် သွားကာ ရောင်းချ၏။ ဖမ်းရသောငှက်က များလွန်းသည့်အတွက် ရောင်းချရန် မကုန်နိုင်ပေ။ နေ့စဉ် ရောင်းမစွံသော ငှက်များက ရှိစမြဲဖြစ်၏။

မုဆိုးသည် ရောင်းမစွံသောငှက်များကို ကြိုးနှင့်ချည်၍မထား၊ လှောင်အိမ်ထဲ ထည့်မထား၊ သေအောင် သတ်လိုက်လျှင်လည်း ပုပ်ပွသွားမည်ကို စိုးရိမ်၏။ ပုပ်ပွသွားလျှင် နောက်နေ့ ရောင်းမရဖြစ်မည် ဖြစ်၏။ ငှက်များ ရောင်း၍ရအောင်အတွက် မသေဖို့ လို၏။ ကိုယ့်လက်က မလွတ်ဖို့လည်း လို၏။ မသေ၊ မလွတ်ရအောင် ထားနိုင်မည့် နည်းလမ်းကို စဉ်းစားရင်းက ရက်စက်မှုများ အကောင်အထည် ပေါ်လာခဲ့၏။ မုဆိုးသည် ငှက်များ မသွားနိုင်အောင် ခြေထောက်များကို ချိုး၏။ မပျံနိုင်အောင် အတောင်များကို ချိုး၏။ ငှက်များသည် မသေရုံ ဆန့်တငင်ငင်နှင့် နာကျင်မှုကို ခံစားကြရ၏။ ငှက်များ၏ ခါးသီးသော နာကျင်မှုများကို မုဆိုး နည်းနည်းမျှ ကရုဏာမသက်ခဲ့ပေ။ ကိုယ့်လုပ်ငန်း အဆင်ပြေ၍ အားရကျေနပ်ခဲ့၏။ နေ့စဉ် ထိုလုပ်ငန်းကို ပြုလုပ်နေခဲ့၏။

ကိုယ်လုပ်သည့် လုပ်ငန်းတစ်ခု၏ အကျိုးဆက်ကို မစဉ်းစားခဲ့ပေ။ လက်တလော အဆင်ပြေသည်ကိုသာ မြင်ခဲ့၏။ မကောင်းသောကံဖြစ်စေ၊ ကောင်းသောကံဖြစ်စေ ထိရောက်သော အကျိုးတရားကို ချက်ချင်းပေးတတ်သည်က ရှား၏။ အချိန်ကာလတစ်ခုထိ စောင့်မျှော်နေတတ်၏။ အခွင့်သာ၍ အချိန်ရောက်လာသည့်အခါမှ ထိရောက်သော အကျိုးတရားကို ကွက်ကွက်ကွင်းကွင်း ပေးတတ်၏။ ပြုလုပ်နေစဉ် အချိန်အတွင်း၌ မြင်တွေ့ရသော အကျိုးတရားသည် ဘီသာထင်ရှားဖို့ နှေးကွေး၏။ မကောင်းမှု လုပ်တာတွေလည်း ကောင်းကျိုးကို ခံစားရသလို ထင်ယောင်ထင်မှား ဖြစ်နေတတ်၏။ ကောင်းမှု လုပ်တာတွေလည်း မကောင်းကျိုးကို ခံစားနေရသလို ထင်ယောင်ထင်မှား ဖြစ်နေတတ်၏။ ဒါသည်ပင် လောက၏ လှည့်စားမှုတစ်ရပ် ဖြစ်၏။ လောက၏ မာယာဖြစ်၏။ လောက၏ ဝင်္ကပါဖြစ်၏။ ဒီလောက၏ လှည့်စားမှုထဲက ရုန်းထွက်ကြရမည် ဖြစ်၏။ လောက၏ မာယာကို တွန်းလှန်ကြရမည် ဖြစ်၏။ လောက၏ ဝင်္ကပါကို ဖြောင့်မတ်ကြရမည် ဖြစ်၏။

ကိုယ်လုပ်သည့်အလုပ်သည် လတ်တလော၌ အကျိုးရှိသလိုဖြစ်နေပြီး ရေရှည်၌ အတိုးချ ဆိုးကျိုးများကိုသာ ပေးတတ်သည်ဆိုလျှင် ထိုအလုပ်အား လုပ်မနေတော့ဘဲ ဥပေက္ခာပြုလိုက်သင့်၏။ အလုပ်တစ်ခုသည် လတ်တလော၌ အကျိုးမရှိသလို ဖြစ်နေ၏။ ရေရှည်၌ ကြီးစွာသော အကျိုးကို ပေးတတ်၏။ ထိုအလုပ်မျိုးကို လက်မလွှတ်သင့်ပေ။ မရမက ကြိုးစားလုပ်ဆောင်သင့်၏။ အလုပ်တစ်ခု၏ အကျိုးတရားကို မျက်လုံးနှစ်လုံးဖြင့် ကြည့်ရ၏။ တစ်လုံးသော မျက်စိဖြင့် ပစ္စုပ္ပန်အကျိုးကို ကြည့်ရ၏။ တစ်လုံးသော မျက်စိဖြင့် တမလွန်အကျိုးကို ကြည့်ရ၏။ ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုး နှစ်မျိုးလုံးကို ဖြစ်စေတတ်သော အလုပ်ကို လုပ်ရ၏။

ကဿပမြတ်စွာဘုရား လက်ထက်က ငှက်များစွာကို ခြေချိုး၊ အတောင်ချိုး နှိပ်စက်ခဲ့သော ပူတိဂတ္တတိဿမထေရ် အလောင်းလျာသည် တစ်လုံးသော မျက်စိဖြင့် အလုပ်၏ အကျိုးကို ကြည့်ခဲ့၏။ တမလွန် အကျိုးကို ကြည့်တတ်သော မျက်စိကို မတပ်ဆင်ခဲ့ပေ။ ထိုသို့မတပ်

www.burmeseclassic.com

www.burmeseclassic.com

ဆင်ခဲ့၍ ပူတိဂတ္တ တိဿမထေရ်အလောင်းလျာ မုဆိုးသည် သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်သောကံ၏ ရက်စက်ကြမ်းတမ်း ကြောက်စရာကောင်းသော အကျိုးတရားကို မသိခဲ့၊ မမြင်ခဲ့ပေ။ အဆင်တပြေလေးရှိနေသော ပစ္စုပ္ပန်အကျိုးပေါ် ပျော်မွေ့နေခဲ့၏။ လောက၏ လှည့်စားမှုကို လှမ်းစွာ ခံယူခဲ့၏။ လောက၏ မာယာထဲတွင် အိပ်ပျော်နေခဲ့၏။ လောကဝဋ်ပါထဲမှာ လမ်းပျောက်ကာ လမ်းပျောက်နေခဲ့၏။ ကံတရားကတော့ လမ်းပျောက်မနေ။ အိပ်ပျော်မနေဘဲ အခွင့်အခါကို မျက်လုံးကိုဖွင့် နားကိုစွင့်ကာ စောင့်မျှော်နေခဲ့၏။

မုဆိုးဘဝနှင့် အသက်ခန္ဓာ နိဂုံးပြုသွားတဲ့အခါ ငှက်တွေကို နှိပ်စက်ညှဉ်းဆဲခဲ့သော ကံတရားက အကျိုးပေးခွင့် သာလာခဲ့၏။ အကျိုးပေးချိန် ရောက်လာခဲ့၏။ ကံတရားက ရက်စက်စွာ အကျိုးပေးလိုက်၍ ငရဲပြည်သို့ ဆင်းသွားရ၏။ ငရဲသားတစ်ယောက်အဖြစ်နှင့် ဆင်းရဲခြင်းများစွာကို ခံစားခဲ့ရသည်မှာ ဂေါတမမြတ်စွာဘုရား လက်ထက်ထိ ဖြစ်၏။ ငရဲပြည်က လွတ်မြောက်၍ လူ့ပြည်သို့ ရောက်လာခဲ့သည့်အခါ မြတ်စွာဘုရား သာသနာတော်နှင့် ကြုံတွေ့လာခဲ့၏။ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါး ဖြစ်ခဲ့၏။

သို့သော် ပူတိဂတ္တတိဿမထေရ် ပြုလုပ်ခဲ့သောကံက အကျိုး မပေးနိုင်သေး။ ငရဲပြည်မှာ ကြာမြင့်စွာ နေခိုင်းခဲ့သည်ကိုတောင် မကျေနပ်နိုင်သေး။ အကျိုးဆက်အနေဖြင့် အရိပ်ပါလာခဲ့သေး၏။ ငှက်တွေကို ညှဉ်းဆဲနှိပ်စက်ခြင်း၏ အကျိုးဆက်အနေဖြင့် ပူတိဂတ္တတိဿမထေရ်သည် အနာရောဂါ များလာခဲ့၏။

ပူတိဂတ္တတိဿမထေရ်၏ ခန္ဓာကိုယ်၌ ယားနာဖုများ ပေါက်လာခဲ့၏။ ယားနာဖုများသည် ခန္ဓာတစ်ကိုယ်လုံး၌ ပေါက်လာခြင်းဖြစ်၏။ ယားနာပျောက်ဆေးနဲ့ ကုသသော်လည်း ပျောက်ကင်းမှုမရှိ။ ယားနာဖုများ ပိန်ခြောက်သွားမှုမရှိ။ တဖြည်းဖြည်း ကြီးလာ၏။ ဥသျှစ်သီးအရွယ်လောက်ထိ ကြီးလာခဲ့၏။ အတွင်း၌ ပြည်သွေးများ လောင်စား၏။ အသား၊ အသွေးတို့ကို ပြည်သွေးများ လောင်စား၏။ အသား၊ အသွေးများ လောင်စားစရာ မရှိတော့သည့်အခါ ရိုးတွင်းခြင်ဆီကို လောင်စား၏။ အရိုးများ ကျိုးကြေကုန်၏။ လောင်စားစရာ မရှိတော့သည့်အခါ ပြည်သွေးများ ပေါက်ထွက်လာ၏။ ခန္ဓာတစ်ကိုယ်လုံးက ပေါက်ထွက်စီးကျလာသော ပြည်သွေးများသည် ရွံရှာဖွယ်အတိ ဖြစ်၏။ ပုံ့နံ့လာသော အပုပ်အနံ့သည် မခံနိုင်လောက်အောင် ပြင်းထန်လွန်း၏။ ပြုစုနေသော ရဟန်းများ မပြုစုနိုင်ကြတော့ပေ။ ခန္ဓာကိုယ်တစ်ခုလုံးလည်း အပေါက်တွေချည်း ဖြစ်၏။

မပြုစုနိုင်ကြတော့သော ရဟန်းတို့သည် ပူတိဂတ္တတိဿမထေရ်အား အိပ်ခုတင်ပေါ် တင်ထားလိုက်ကြ၏။ ပူတိဂတ္တတိဿမထေရ်သည် ဝေဒနာအား ပြင်းထန်စွာ ခံစားရ၏။ အရိုးများ ကျိုးနေသည်ဖြစ်၍ မလှုပ်ရှားနိုင်ပေ။ ခန္ဓာကိုယ်၏ နေရာတိုင်းတွင် အနာပေါက်တွေချည်း ဖြစ်နေ၍ သက်သာမည့် အနေအထားမျိုးမရှိ။ ဝေဒနာအား ပြင်းစွာခံစားနေရသည့် ပူတိဂတ္တတိဿမထေရ်ကိုကြည့်ပြီး ရဟန်းများ သနားကြ၏။ လုပ်ပေးနိုင်သလောက် လုပ်ပေးခဲ့ကြသော်လည်း မထူးသောအခြေအနေသာ ရှိခဲ့၏။

ပူတိဂတ္တ တိဿမထေရ်၏ ဤကဲ့သို့ ဒုက္ခဝေဒနာများကို ခံစားနေရခြင်းသည် ငှက်များကို နှိပ်စက်ခဲ့၍ ဖြစ်၏။ ငှက်များ ခံစားခဲ့ရသကဲ့သို့ ခံစားရခြင်းဖြစ်၏။ အနာရောဂါကင်းလိုသော လူတိုင်းသည် အနာရောဂါကို ဖန်တီးပေးတတ်သော သူတစ်ပါးအား နှိပ်စက်ခြင်းကံကို အထူးရှောင်ကြဉ်ရန် လိုအပ်၏။ မပြုလုပ်မိအောင် အထူးကြိုးစားကြရမည် ဖြစ်၏။

ထိုကဲ့သို့ နှိပ်စက်ခြင်းကံကို မပြုလုပ်ရအောင် ကြိုးစားနေခြင်းသည် ဝေဒနာကင်းဆေး ဖော်စပ်နေခြင်းဖြစ်၏။ နှိပ်စက်ခြင်းကံကို ပြုလုပ်နေခြင်းသည် ဝေဒနာများကြောင်း ဖော်စပ်နေခြင်းဖြစ်၏။ ယခုဘဝ၌ အနာရောဂါ များနေခြင်းသည် စိတ်ညစ်စရာ၊ ဝမ်းနည်းစရာမဟုတ်။ ဖြေတွေးစရာသာ ဖြစ်၏။ အနာဂတ်များစွာ၌ အနာရောဂါ များလာမည်ဆိုလျှင် စိတ်ညစ်စရာဖြစ်၏။ ဝမ်းနည်းစရာဖြစ်၏။ ကိုယ်တိုင် အသုံးမကျခြင်းလည်း ဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုလျှင် မနေ့ကအတွက် ယနေ့သည် အခွင့်ရေးမဟုတ်။ မနက်ဖြန်များစွာအတွက် ယနေ့သည် အခွင့်ရေးကောင်းများ ဖြစ်နေသောကြောင့် ဖြစ်ပေ၏။

မေတ္တာဖြင့်

မြမေဃာသက–အရှင်ဩဘာသ

www.burmeseclassic.com



# သစ္စာစကားနှင့် နို့အိုင်းနာ

## ဓနုသျှင်မိုး



တစ်ညတာ၏ ကုန်ဆုံးချိန်ကို တလက်လက် မြင့်တက်လာသော ကြယ်နီကြီးက အချက်ပြနေသည်။ နီမောင်းသော ကြယ်နီကြီးသည် တဖြည်းဖြည်း မြင့်တက်ကာ ဖြူဆွတ်ဝင်းပလာရင်းဖြင့် လင်းအရုဏ်သည် တစ်စ၊တစ်စဖြင့် ဓောရကရွာလေးအပေါ်သို့ ပြိုဆင်းလာသည်။

မှန်သည်။ ဓောရကရွာလေးသည် အရုဏ်ဦး၏ လှုပ်နှိုးခြင်းဖြင့် နိုးထစပြုလာချေပြီ။ တက်သစ်စ လင်းရောင်ခြည်သည် ထရံကြို ထရံကြား အကြားမှတစ်ဆင့် ကျောင်းသခ်မ်းအတွင်းသို့ တိုးဝင်လာသည်။ လင်းကြက်ဆော်ချိန်ကို အစပြု၍ ကမ္မဋ္ဌာန်းတရား ပွားများနေသော ခေမာထေရီမကြီးသည် စီးဖြန်းနေသည့် ကမ္မဋ္ဌာန်းကိုရပ်နားကာ မေတ္တာပို့ အမျှဝေပြီး သူ၏ ဘာဝနာအမှုကို ရပ်နားလိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံးသည်ပင် တက်သစ်စ နေရောင်ခြည်၏ အုပ်မိုးမှုအောက်တွင် ရောက်ရှိနေချေပြီ။

◆◆◆

ခေမာထေရီမကြီး ကျောင်းသခ်မ်း၏ အပြင်သို့ထွက်ကာ မျက်နှာကိုယ်လက် သန့်စင်လိုက်သည်။ ပြီးနောက် ကျောင်းသခ်မ်း ပတ်ဝန်းကျင်တွင်ရှိသော ပင်ယံထက်မှ ကြွေကျနေသည့် သစ်ရွက်ခြောက် အမှိုက်သရိုက်များကို တံမြက်စည်းဖြင့် လှည်းကျင်းသန့်စင်လိုက်သည်။ ဒါဂ ထေရီမကြီး၏ နိစ္စဘတ် ဝတ်တစ်ခု။ အချိန်ပိုင်းအတွင်းမှာပင် ကျောင်းသခ်မ်းရှေ့ရှိမြေပြင်သည် အမှိုက်များကင်း



www.burmeseclassic.com

www.burmeseclassic.com

ကာ သန့်ရှင်းစင်ကြယ်သွားသည်။

နေရောင်ခြည်ကား တစ်စ,တစ်စ မြင့်တက်လာချေပြီ။ စောရကရွာလေးအတွင်းမှ ထုသံရိုက်သံ၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်များကို ငေါက်ငမ်းသံ၊ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်အသံပေးမှုများက လေအဝှေ့နှင့်အတူ ကျောင်းသင်္ခမ်းဆီသို့ ပျံ့လွင့်လာသည်။

ခေတ္တမျှ အမောဖြေပြီးနောက် ကျောင်းသင်္ခမ်းအတွင်းသို့ ပြန်ဝင်၍ ရွာအတွင်းသို့ ဆွမ်းခံကြွရန် ထေရီမကြီး ပြင်ဆင်သည်။ စောရကရွာအတွင်း ဆွမ်းခံကြွလျှင် နာမကျန်းဖြစ်နေသည့် မယ်တော်ကြီးထံသို့ သတင်းဝင်၍ မေးရန် ထေရီမကြီး စိတ်ကူးထားသည်။ မယ်တော်ကြီး၏ အသက်က ဇရာအို၍ နေညိုချိန်သို့ ရောက်နေချေပြီ။ သို့တစေ မွေးမိခင် မယ်တော်ကြီး၏ ခန္ဓာကိုယ်တွင် စွဲကပ်နေသည့် အနာရောဂါက အသက်နှင့် ဝေဒနာက ရှုတမှု မရှိလှ။ ရွာနီးချုပ်စပ်တွင်ရှိသော သမားတော်များက မယ်တော်ကြီး၏ အနာရောဂါကို ဝိသဂဏ္ဍခေါ် နို့အိုင်းနာဟု သညာပြုကြသည်။ မည်သို့ဖြစ်စေ ထိုအနာက မယ်တော်ကြီးကို လပေါင်းများစွာ နှိပ်စက်နေသောကြောင့် အိပ်ရာထက်ဝယ် လဲနေသည်မှာ ကြာခဲ့ချေပြီ။

♦ ♦ ♦

ရွာအတွင်းရှိ အိမ်စဉ်အတိုင်း ဆွမ်းခံကြွပြီးနောက် မယ်တော်ကြီး နေအိမ်သို့ ခေမာထေရီမကြီး ဦးတည်ကြွလှမ်းလိုက်သည်။ မယ်တော်ကြီးနှင့်အတူနေ မွေးချင်းမောင်နှမများက ထေရီမကြီးကို ခရီးဦးကြိုပြုကာ ရောဂါသည်းနေသည့် မယ်တော်ကြီး အိပ်ရာအနီးသို့ ပင့်ဆောင်သွားသည်။ တကယ်လည်း မယ်တော်ကြီး၏ အခြေအနေက အလူးအလဲ။ ဝေဒနာဖိစီးမှုကြောင့် ညည်းညူနေရရှာသည်။ သို့သော် သမီးဖြစ်သူ ထေရီမကြီးကို မြင်ရသောအခါ ဝေဒနာနှိပ်စက်မှုကြောင့် ညှိုးငယ်နေသည့် မယ်တော်ကြီး၏ မျက်နှာသွင်ပြင်သည် ရေထိပန်းနှယ် ပြန်၍ သန်းလာသည်။

ပသို့ဆိုစေ မယ်တော်ကြီးကိုကြည့်ကာ ထေရီမကြီး စိတ်မကောင်းဖြစ်သွားသည်။ မွေးမိခင် မယ်တော်ကြီး၏ အနာရောဂါ ဤမျှသည်းလိမ့်မည်ဟု ထင်မထားခဲ့။ မှန်သည်။ ငယ်စဉ် မိမိနို့ချိုသောက်စို့ခဲ့သော မယ်တော်ကြီး၏ သားမြတ်နို့အုံအစုံတွင် ဖြစ်ပွားနေသည့် အနာကြီးက နီညိုရောင်သန်းကာ ပြည်တစိုစိုဖြစ်နေသည်။ သည်အခြေအနေဆိုတော့လည်း အနာ၏ ကိုက်ခဲမှုဒဏ်ကို ဇရာအို မိခင်ကြီး မည်သို့ပင် တောင့်ခံနိုင်စွမ်းတော့မည်နည်း။

'မယ်ဘုရားရဲ့ အနာက ပိုပြီး ကြီးမားလာပါလားဘုရား။ ဆိုးဝါးလှတဲ့ ဝေဒနာဒဏ်ကြောင့် မယ်မယ် အခံရ ခက်နေရှာမှာပဲနော်။ ဝဋ်ဒုက္ခကြီးလိုက်တာ မယ်မယ်ရယ်'

မိခင်ဖြစ်သူ၏ ဝေဒနာဆိုးကိုကြည့်ကာ ထေရီမကြီးပင် တရားလက်လွှတ် ငှက်တောင်ကျွတ် ဖြစ်သွားသည်။

'မှန်တယ် ချစ်သမီး..အနာဆိုးက တစ်နေ့တခြား တိုးတိုးလာပြီး ဝေဒနာကို သေလုမတတ်ခံနေရတယ်ကွယ်'

သမီးချစ်ကို မြင်ရသောကြောင့် ဝေဒနာကိုမေ့ကာ မျက်နှာဟန် လန်းနေသော်လည်း နွမ်းလျသည့် လေသံဖြင့် မိခင်ကြီးက တုံ့ပြန်စကားဆိုလေသည်။

'မယ်မယ်ရဲ့အနာဟာ ဒီအတိုင်း ဆက်ထားရင် ရှေ့လျှောက် ပိုဆိုးဖွယ်ရာ ရှိပါတယ်။ ဒါကြောင့် သမားအကျော်တွေနဲ့ ပြသကုစားသင့်ပါတယ်'

'ညီမတော်တို့လည်း အစ်မတော် မိန့်တဲ့အတိုင်း သမားအကျော်တွေနဲ့ ပြသကုစားပါတယ်ဘုရား။ ဒါပေမဲ့ မယ်မယ်ရဲ့ အနာဆိုးက ဝဋ်နာကံနာ ထင်ပါရဲ့။ လျော့ပါးမလာဘဲ တစ်နေ့တခြား ပိုပိုဆိုးလာပါတယ် အစ်မတော်ဘုရား'

ခေမာထေရီမကြီး၏ ညီမတော်စပ်သူက ဘေးမှဝင်၍ ရှင်းပြလျှောက်ထားလိုက်သည်။ ထို့ကြောင့် ထေရီမကြီး စဉ်းစားရကျပ်သွားလေ၏။ သည်ပုံဆိုရင်တော့ မိခင်ကြီး အနာဘေးက ရှေ့ရေး မကောင်းလှတော့။ ထေရီမကြီး မျက်နှာအိုကာ နှုတ်ဆွံ့သွားသည်။ သည်အနာဘေးဖြင့် မိခင်ကြီး လုံးပါးပါးရချေတော့မည်။ ခမည်းတော်ဖြစ်သူ ဖခင်ကြီးက ငယ်စဉ်ကပင် ဆုံးပါးခဲ့သဖြင့် သည်မိခင်ကပင် မိမိတို့ မွေးချင်းအပေါ် အဖေ,အမေအသွင်ဖြင့် လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့ရသည့် မြင်းမိုရ်တောင်ကြီး ဖြစ်ခဲ့သည်။ အခုတော့ အနာဘေးဆိုက်ရောက်ကာ သေဘေးနှင့် လွန်ဆွဲနေရရှာသည့် ကျေးဇူးရှင် မိခင်ကြီးကို မည်သည့်နည်းဖြင့် ကယ်တင်ရတော့မည်ကို ထေရီမကြီး အဖြေမရှာတတ်တော့။ သို့တစေ



www.burmeseclassic.com

www.burmeseclassic.com

မိခင်ကြီးက နွမ်းယှဲ့ယှဲ့အပြုံးဖြင့် အားတင်းစကား ဆိုလာလေသည်။

'စိတ်မကောင်းမဖြစ်ပါနဲ့ ချစ်သမီးရယ်။ မယ်မယ် မသေနိုင်သေးပါဘူး။ မယ်မယ်မှာ အကြံတစ်ခု ရှိပါတယ်။ မယ်မယ် ခိုင်းတဲ့အတိုင်းသာ ချစ်သမီး ဆောင်ရွက်ပေးပါကွယ်'

မိခင်ကြီး၏စကားကြောင့် ထေရီမကြီးနှင့် မွေးချင်းမောင်နှမများအားလုံး အံ့သြတုန်လှုပ်စွာဖြင့် ငြိမ်သက်သွားသည်။

'ချစ်သမီးရဲ့ မောင်တော်ကြီးဆီကိုသွားပြီး မယ်တော်ကြီး မကျန်းမာကြောင်း ပြောပါကွယ်။ သင့်ရဲ့မောင်တော်ကြီးဆီက မယ်တော်ကြီးရဲ့ အနာရောဂါကို ကုစားနိုင်တဲ့ ဆေးဝါးများကိုလည်း တစ်ခါတည်း တောင်းခဲ့ကွယ့်'

မယ်တော်ကြီး စကားကြောင့် ထေရီမကြီး နားမရှင်းဖြစ်သွားသည်။ မှန်သည်။ ထေရီမကြီးတွင် မောင်တော်ကြီးတော်စပ်သည့် မဟာမိတ္တမည်သော မထေရ်တစ်ပါးရှိသည်။ မောင်တော်ကြီး မဟာမိတ္တထေရ်ကြီးသည် မဟာဝိဟာရအရပ်၌ သီတင်းသုံးနေသူဖြစ်သည်။ သို့သော် မောင်တော်ကြီး ရဟန်းသည် ဆေးဝါးအကြောင်းကို နားလည်သူ မဟုတ်ချေ။

♦ ♦ ♦

'မယ်မယ်ဆန္ဒအတိုင်း မောင်တော်ကြီးဆီကိုသွားပြီး သတင်းပါးပေးပါ့မယ်ဘုရား။ ဒါပေမဲ့ မောင်တော်ကြီးဟာ သမားအကျော် မဟုတ်လေသူမို့ မယ်တော်ရဲ့အနာရောဂါကို ကုစားနိုင်တဲ့ ဆေးဝါးများဟာ မောင်တော်ကြီးထံမှာ ရှိလိမ့်မယ် မထင်ဘူးဘုရား'

ထေရီမကြီးက မယ်တော်ကြီးကို သံသယပွားမြဲသော စကားဖြင့် ပြန်၍မေးလိုက်သည်။

'ဒီအတွက်တော့ ကြောင့်ကြစိတ် မဝင်ပါနဲ့ ချစ်သမီးရယ်။ မောင်တော်ကြီးနဲ့ ချစ်သမီးတို့ရဲ့ဆရာ ဘုရားရှင်ဟာ သတ္တဝါဝေနေယျ အမျိုးမျိုးရဲ့ ဝေဒနာအထွေထွေကို ကုစားနိုင်စွမ်းတဲ့ အနန္တတန်ခိုးရှင်ဖြစ်တာမို့ ဘုရားရှင်ရဲ့ သားတပည့်ဖြစ်တဲ့ သင့်ရဲ့ မောင်တော်ကြီးထံမှာလည်း မယ်တော်ကြီး ဖြစ်ပွားနေတဲ့ အနာဆိုးကို ကုစားနိုင်တဲ့ ဆေးဝါးကောင်း ရှိနိုင်ပါလိမ့်မယ်။ ဒါကြောင့် သေသေချာချာသာ တောင်းခဲ့ပါ ချစ်သမီး'

ဆန္ဒထက်သန်နေသော မိခင်ကြီး၏ စကားကို ထေရီမကြီး ထပ်မံ၍ မပယ်ရှားဝံ့တော့။ မောင်တော်ကြီးထံသို့လည်း မရောက်ဖြစ်သည်မှာလည်း ကြာခဲ့ပြီဖြစ်၏။ မောင်တော်ကြီးက သူ၏ ရဟန်းတရားနှင့် တစ်ပါးတည်း ဇေစာရီ ဆောက်တည်နေသူ။ အကြောင်းကိစ္စ ကြီးငယ်မရှိဘဲနှင့် သူ့ထံသို့ ဝင်ထွက်သွားလာခြင်းကို နှစ်သက်သူမဟုတ်။ အခုတော့ မိခင်ကြီး၏ဆန္ဒအတိုင်း မောင်တော်ကြီးထံသို့ အရဲစွန့်သို့ သတင်းပါးရန် ထေရီမကြီး ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

♦ ♦ ♦

မောင်တော်ကြီး မဟာမိတ္တထေရ် သီတင်းသုံးသည့် ကျောင်းသင်္ခမ်းက စောရကရွာနှင့် တစ်ယူဇနာ ကွာဝေးသော အရပ်တွင်ရှိသည်။ ခရီးအကွာအဝေးက ထေရီမကြီးအတွက် တစ်ရက်တာခရီး။ ထို့ကြောင့် အပန်းသိပ်မကြီးလှ။ နောက်တစ်နေ့ အရုဏ်တက်တွင် မောင်တော်ကြီး မထေရ်ရှိရာသို့ ထေရီမကြီး ခရီးထွက်ခဲ့လေ၏။ နေကျချိန်တွင် မောင်တော်ကြီးမထေရ် သီတင်းသုံးနေသည့် ကျောင်းသင်္ခမ်းသို့ ထေရီမကြီး ရောက်သွားသည်။ မဟာမိတ္တထေရ်ကြီးက နှမတော်ဖြစ်သည့် ထေရီမကြီးကို သင့်လျော်သည့် နေရာကိုပေးကာ လာရင်းကိစ္စကို လျှောက်တင်စေသည်။ မောင်တော်ကြီးမထေရ်၏ စိတ်ရင်းကို သိသောကြောင့် ထေရီမကြီးက သိုင်းဝိုင်းမနေတော့ဘဲ မိခင်ကြီး မှာလိုက်သည့် စကားများကို အားချင်း လျှောက်တင်လိုက်သည်။ မဟာမိတ္တထေရ်ကြီး ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားခန်း ဝင်သွားသည်။

အတန်ငယ်ကြာမှ 'တို့များဆီမှာ မယ်တော်ကြီး စိတ်အထင်နဲ့ လျှောက်တင်လိုက်တဲ့ ဆေးဝါးကောင်းရှိဖို့ နေနေသာသာ သစ်ဥသစ်မြစ်များကို တောင်းထုကျိုချက်တဲ့ဆေးဆိုတာကိုလည်း တို့များ နားမလည်ပါဘူးကွယ်။ နောက်ပြီး တို့များရဲ့ ဘုရားရှင်က သတ္တဝါဝေနေယျတွေကို ကုစားနိုင်စွမ်း ရှိတယ်ဆိုတာကလည်း ရုပ်ဝေဒနာကို ပြောတာ မဟုတ်ဘူးကွယ့်။ ကိလေသာအညစ်အကြေးတွေကို ဓမ္မရေအေးတိုက်ကျွေးပြီး သံသရာကလွတ်အောင် ကုစားနိုင်စွမ်းရှိတာကို ဆိုချင်တာကွယ့်။ အင်း..မယ်တော်ကြီးက ဓမ္မအမြင် မရှိလေတော့ သူ့စိတ်အထင်နဲ့ တို့များဆီက ဆေးဝါးရှိလိမ့်မယ် ထင်ပြီး တောင်းခိုင်းလိုက်တာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

ထိမ့်မယ်။ ဒုက္ခ..ဒုက္ခ..ဒုက္ခ၊ ဒီအရေးကို ဘယ်နည်းနဲ့ ဖြေရှင်းရမှာလဲကွယ်'

မဟာမိတ္တထေရ်ကြီးကိုယ်တိုင် အဖြေပြန်ပေးရန် ခက်နေသည်ဆိုတော့လည်း ထေရီမကြီးအနေဖြင့် နှုတ်ဆွံ့နေရုံမှလွဲလို့ ဘာမှမတတ်နိုင်တော့။ သို့တစေ အနှာရှိတော့လည်း ဆေးရှိတတ်ပါသည်။

'နို့..တို့များမှာ ဆေးမရှိဘူး ဆိုပေမယ့် မယ်တော်ကြီးရောဂါကို ပျောက်စေနိုင်တဲ့နည်းကို စဉ်းစားမိတယ်တွဲ'

မဟာမိတ္တမထေရ်ကြီး၏စကားက ငေးငေးငိုင်ငိုင်ဖြစ်နေသော ထေရီမကြီးကို ပြန်လည်ခေါင်းထောင်လာစေသည်။

'ဒီလိုကွယ့် နှမရဲ့။ တို့များမှာရှိတဲ့ ဆေးနည်းကတော့ သစ္စာသြသဓပဲကွယ့်'

'သစ္စာသြသဓတဲ့လားဘုရား။ ဒီလိုဆိုရင် ဒီဆေးကို မြန်မြန်ပေးတော်မူပါဘုရား'

ထေရီမကြီးက ဝမ်းသာအားရဖြစ်သွားဖြင့် မဟာမိတ္တထေရ်ကြီးထံတွင် ရှိသည်ဟူသော သစ္စာသြသဓဆေးတော်ကြီးကို တောင်းယူလေတော့သည်။

'ဟယ်..နှမငယ်၊ တို့များမှာရှိတဲ့ ဆေးဆိုတာ သစ္စာတရားကို ပြောတာပါကွယ်'

'သေသေချာချာ နားထောင်ပြီး မှတ်သားပါ နှမငယ်။ 'ငါသည် ရဟန်းပြုသည့်အချိန်မှ အစပြု၍ တုန်ထော်သော စိတ်ယုတ်ဖြင့် စောင့်စည်းအပ်သော ဣန္ဒြေကို ချိုးဖျက်ပြီး မာတုဂါမ တစ်ဦးတစ်ယောက်ကိုမျှ မကြည့်ရှုခဲ့ဖူးပါ။ ဤမှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် ငါတို့၏ မယ်တော်ကြီး၏ ရောဂါသည် ပျောက်ကင်းချမ်းသာခြင်း ရှိပါစေသတည်း'ဟု မဟာမိတ္တထေရ်ကြီးက နှမဖြစ်သူ ထေရီမကြီးကို သူ၏ သစ္စာစကားအား သေချာကျနစွာ သင်ကြားကာ လုပ်နည်းကိုင်နည်းကိုပါ သမ်းပြပေးလိုက်လေတော့၏။

◆◆◆

ခေမာထေရီမကြီးကား မိခင်ဖြစ်သူထံသို့ တစ်ဖန်ပြန်၍ ရောက်လာပြန်ချေပြီ။

'ချစ်သမီး..သင့်ရဲ့မောင်တော်ကြီးက မယ်မယ့်အနာရောဂါ ကုစားဖို့အတွက် ဆေးဝါးကောင်းတွေ ပေးလိုက်ရဲ့လားကွယ့်'

မိခင်ကြီးဖြစ်သူက သမီးဖြစ်သူ ထေရီမကြီးကို တွေ့သည်နှင့် တစ်ပြိုင်နက် အားကိုးတကြီးဖြင့် အမေးစကားဆိုလေတော့သည်။

'စိတ်မပူပါနဲ့ မယ်မယ်။ မောင်တော်ကြီးက မယ်မယ့်ရဲ့ အနာဆိုးကို ကုစားဖို့အတွက် သစ္စာသြသဓဆေးတော်ကြီးကို ပေးလိုက်ပါတယ်'ဟု ဆိုပြီး မွေးချင်းနှမငယ် တစ်ဦးထံမှ ရေတစ်ခွက်ကို တောင်းယူကာ ပွင့်တော်မူလေပြီးသော ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတို့ကို ဦးစွာအာရုံပြု၍ မဟာမိတ္တထေရ်ကြီး သင်ပေးလိုက်သည့် သစ္စာစကားကို လေးလေးနက်နက် ရွတ်ဆိုပြီးနောက် သစ္စာရေစင်ကို မယ်တော်ကြီး၏ နို့အိုင်းနာပေါ်သို့ လက်ဖြင့် ပွတ်သပ်ချပေးလိုက်လေ၏။

မဟာမိတ္တထေရ်ကြီး၏ သစ္စာတန်ခိုးက အံ့သြဘနန်းဖြစ်ဖွယ်ပင်။ မယ်တော်ကြီး၏ နို့အိုင်းနာသည် သစ္စာရေစင်ထိလိုက်သည်နှင့် တစ်ပြိုင်နက် မည်သည့်ဝေဒနာကိုမျှ မခံစားရဘဲ ချက်ချင်းပင် ရေမြှုပ်ကဲ့သို့ ကြေပျက်သွားလေတော့သည်။

ထိုအခါ မယ်တော်ကြီးသည် ဝမ်းသာအားရဖြစ်စွာဖြင့် အိပ်ရာထက်မှထကာ **'မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေမယ်ဆိုရင် ငါ့သားကြီး ရဟန်းရဲ့ ဦးခေါင်းတော်ကို လက္ခဏာစာကွန်ရက်နှင့် ပြည့်စုံတော်မူတဲ့ ရွှေလက်တော်နဲ့ သုံးသပ်ပြီး ကောင်းချီးပေးမှာ မလွဲဧကန်ပါပဲ'**ဟု ကျူးရင့်မြွက်ဆိုလိုက်တော့လေသတည်း။

◆◆◆

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသည့် နောက်ပိုင်းကာလတွင် သီဟိုဠ်ကျွန်း၏ သာသနာတော်သည် နေအရောင်၊ လအရောင်ကဲ့သို့ ထွန်းလင်းတောက်ပခဲ့လေ၏။ ထိုကာလအတွင်း၌ မဟာမိတ္တထေရ်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ရဟန်းတို့ ဣန္ဒြေစောင့်စည်းတော်မူသော အရာတွင် သီဟိုဠ်ကျွန်း သာသနာတော်၌ ထင်ရှားအောင် ကမ္ပည်းတင်နိုင်ခဲ့လေသတည်း။

**ဓနုသျှင်စိုး**

**စာမှီး**

ဓမ္မာစရိယဦးဌေးလှိုင်၏ သီဟိုဠ်ခေတ် စံတော်ဆင် အရိယာများမှ မဟာမိတ္တထေရ်။

www.burmeseclassic.com

လူ့ဘဝသည် တိုတောင်းလွန်းလှ၍ ခေတ္တခဏသာ ရှိသော ကိုယ်ပိုင်အချိန်ကို အလဟဿ အချည်းနှီးဖြုန်း မပစ်ဘဲ အမြတ်တနိုးတန်ဖိုးထားဖို့လိုသည်။ လူ့ဘဝကား ငှက်တစ်ကောင်နှင့်တူ၍ လေဟုန်စီးလိုက်ရသည့်အခါရှိ သလို လေအဆန်တွင် အတောင်ကျိုးမတတ် အသည်း အသန် ပျံသန်းရသည်လည်း ရှိသည်။

လူသားတိုင်းကား မျှော်လင့်ချက်နှင့် အသက်ရှင်နေ သူများဖြစ်သဖြင့် မိမိသည် ရှေ့အနာဂတ်ကာလတွင် ဘာ တွေဖြစ်လာမှာပါလိမ့်ဟူသော အတွေးများထားတတ်ပြီး လက်တွေ့သိလည်း သိချင်ကြသည်။ ထို့ကြောင့် မိမိတို့၏ မွေးဇာတာလက္ခဏာတို့ကို တတ်ကျွမ်းနားလည်သော ပညာရှင်များနှင့် တိုင်ပင်စစ်ဆေးဆွေးနွေးလေ့ရှိကြသည်။

သိပ္ပံနည်းကျကျ လက်ဆုပ်လက်ကိုင် ပြ၍မရသော ဤပညာကို အချို့က လက်ခံယုံကြည်ခြင်း မရှိပါဟု ဆိုပင် ဆိုသော်လည်း ကင်းကင်းရှင်းရှင်းတော့ မရှိပါချေ။ ငါသည် တစ်နေ့နေ့တွင် ကျိုကျိုတက်ကြီးပွားချမ်းသာသူ ဖြစ်လာ မည်လား၊ အောင်မြင်ကျော်ကြားသူပဲ ဖြစ်မည်လား စသဖြင့် အမြင့်ကိုမျှော်ပြီး တွေးတောကြိုတင် သိချင်နေသည်ကတော့ အမှန်ပင် ဖြစ်ပါလိမ့်မည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသတွင် ပွင့်ထွန်းတော်မူသော မြတ်ဗုဒ္ဓ၏ အယူဝါဒကား မြန်မာနိုင်ငံသို့ ဆင်းသက်ပြန့် ပွားလာသည်ဖြစ်၍ ဟိန္ဒူဗြဟ္မဏအယူများကလည်း ရော ထွေးပါလာခဲ့သည်။ သာကီဝင်ဘုရင်တို့၏ အပါးတော် တွင် ခစားသော ဗြဟ္မဏပုဏ္ဏားတို့က ယင်းတို့၏ အယူ ဝါဒများကို အခွင့်အခါသင့်တိုင်း ထည့်သွင်းကြားညှပ်၍ လျှောက်ထားကြသည်။ ဘုရင်အား မြှောက်စားချီးကျူး လျက် လောကီအကျိုးထူးကိစ္စများ ဖြစ်စေရန်အလို့ငှာ ဖန်တီးပေးသော ဓလေ့ဟောင်းကား ဗုဒ္ဓဘာသာနှင့် ရွေး ရောယှက်တင် ဖြစ်လာလေသည်။

ဤသို့အစဉ်အလာအရ ဆင်းသက်လာသော ပစ်ပယ် မရနိုင်သော ဗြဟ္မဏအယူဝါဒများကား ကာလကြာ ညောင်းလာသည်နှင့်အမျှ မိမိတို့၏ ရိုးရာယဉ် ကျေးမှု ဓလေ့ထုံးတမ်းများသဖွယ် ဖြစ်လာ သည်။ ဘုရားတည်၊ ကျောင်းဆောက်ခြင်း၊ အိမ်

# အာကာသ (သာစည်)

## သတိထားအပ်သော စောင့်ကြည့်ရမည့် ဖြစ်စဉ်များ



www.burmeseclassic.com

www.burmeseclassic.com

မြို့ရာခြေ တည်ထောင်ခြင်းတို့ ဆောင်ရွက်ရာတွင် မြေခံကောင်း,မကောင်း ရွေးကြသလို အလှူပေး၊ အိမ်တက်၊ ဂါလာပွဲ၊ နာမည်ပေးကင်ပွန်းတပ် စသဖြင့် ပြုလုပ်ရာတွင်လည်း နေ့မြတ်နေ့ကောင်းကို ရွေးချယ်ကြလေ့ရှိသည်။

လွန်ခဲ့သောနှစ်ပေါင်း(၂၆၀၀)ကျော်က အိန္ဒိယပြည်မြောက်ပိုင်း ဟိမဝန္တာတောင်ခြေတွင် သကျအနွယ်သာကီဝင်မင်းများ စိုးစံသော ကပိလဝတ်၊ ဒေဝဒဟနှင့် ကောသလပြည်တို့ ရှိကြသည်။ သုဒ္ဓေါဒနမင်းကြီးကား ဒေဝဒဟတိုင်းပြည်မှ မဟာမာယာမင်းသမီးကို ရွေလက်ဆွဲ၍ ကပိလဝတ်ရွှေနန်း သိမ်းမြန်းစိုးစံတော်မူသည်။ သုဒ္ဓေါဒနမင်းကြီးနှင့် တောင်ညာစံဒေဝီမိဖုရားကြီး သီရိမဟာမာယာတို့၌ ဘုရားအလောင်းတော်မင်းသားကို မဟာသက္ကရာဇ်(၆၈)ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ဖွားမြင်တော်မူလေသည်။

အလောင်းတော်မင်း ဖွားမြင်ပြီးနောက် ငါးရက်မြောက်တွင် အမည်မှည့်ရန်အတွက် ဗေဒင်သုံးကျမ်း တစ်ပတ်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်သော ပုဏ္ဏား တစ်ရာ့ရှစ်ယောက်တို့ကို ခေါ်စေသည်။ ပုဏ္ဏားတို့အား ပူဇော်သတ်သပ်ပကာ များစွာပေးပြီး မင်းသား၏ လက္ခဏာတော် နိမိတ်ကို စစ်ပေးတော်မူသည်။

ပုဏ္ဏားတစ်ရာ့ရှစ်ယောက်တွင် ထင်ရှားသောပုဏ္ဏားနှစ်ယောက်သည် လက်နှစ်ချောင်းစီမြှောက်၍ မင်းသားသား စကြာမင်းသော်လည်းကောင်း၊ ဘုရားသော်လည်းကောင်း ဖြစ်လိမ့်မည်ဟု အသီးသီးလျှောက်ကြားကုန်၏။ ကောဏ္ဍညအနွယ်ဖြစ်သော သုဒတ္တပုဏ္ဏားငယ်ကမူ လက်တစ်ချောင်းကို ရဲရဲထောင်၍ မင်းသားကား သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်၊ လက္ခဏာတော်ငယ် အံ့ဖွယ်တစ်ဆယ့်ရှစ်ဖြာနှင့် တစ်ရာ့ရှစ်ကွက်သော စက်တော်အစုံများ ပါရှိတော်မူကြောင့် သုံးဆယ့်တစ်ဘုံတွင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်ဘုရား ဧကန်ဖြစ်မည်ဟု ဝံ့ဝံ့ကြွားကြွား လျှောက်ကြားလေသည်။

ထိုစဉ်ကတည်းက မွေးဖွားဇာတာ၊ လက္ခဏာ၊ ဂြိုဟ်ဆင့်တည်ပုံတို့ကို စစ်ဆေးကြည့်ရှုလေ့လာ၍ ရှေ့ဖြစ်နိုင်မည့် အတိတ်နိမိတ်ကို လောကီနည်းဖြင့် ဟောကိန်းထုတ်ကြသည်။ အလောင်းတော်မင်းသားကိုလည်း အလိုခပ်သိမ်း ပြီးမြောက်စေသောအလို့ငှာ သိဒ္ဓတ္ထကုမာရဟူ၍ အမည်နာမ မှည့်ခေါ်စေသည်။ အလောင်းတော်မင်းသားကား သုဒတ္တပုဏ္ဏားငယ်လျှောက်ကြားသည့်အတိုင်းလည်း ဘုရားစင်စစ် ဖြစ်ခဲ့လေသည်။

ကောသလတိုင်း သာဝတ္ထိပြည်တွင် နန်းစံတော်မူသော ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ်ဖြစ်သော အန္တကပုဏ္ဏားသည် မန္တာနီမည်သော ပုဏ္ဏေးမနှင့် သင့်မြတ်ပေါင်းသင်း နေထိုင်ကြသည်။ မန္တာနီပုဏ္ဏေးမ၏ ဝမ်းတွင် ပဋိသန္ဓေရှိ၍ ကိုးလလွယ် ဆယ်လမြောက်သဖြင့် အဆင်းအင်္ဂါနှင့်ပြည့်စုံသော သားယောက်ျားလေးကို ညအခါတွင် ဖွားမြင်သည်။ ထိုသားငယ်ဖွားသည်နှင့် တစ်ပြိုင်နက် အလုံးစုံသော ပြည်သူတို့၏ သုံးဆောင်ရာ လက်နက်ကိရိယာတို့သည်လည်းကောင်း၊ မင်း၏ နန်းတော်တွင် ထားအပ်သော ဓား၊ လှံ၊ သန်လျက် လက်နက်တို့သည်လည်းကောင်း အရောင်အလင်း အလျှံပြင်းပြင်း တောက်ပကြကုန်သည်။

ပုရောဟိတ်ပုဏ္ဏားလည်း သားဖွားသောခဏ၌ ထွက်၍ နက္ခတ်တို့ကိုကြည့်ရှုသော် စောရနက္ခတ်နှင့်ယှဉ်သည်ကိုမြင်သဖြင့် ယခုဖွားသောသားကား ဆိုးသွမ်းခိုးသူဖြစ်လိမ့်မည်ဟု သုံးသပ်လိုက်သည်။ အမည်မှည့်သောအခါတွင် ဤလူငယ်သည် အမျိုးအနွယ်တို့ကို နှိပ်စက်ညှဉ်းဆဲသော အမှုအကျင့်များ မဖြစ်စေရန် ပုဗ္ဗနိမိတ်ကိုယူ၍ အဟိံသကဟူသောအမည်ကို မှည့်သည်။ သို့သော်လည်း အဟိံသကကား ကျွတ်တမ်းမဝင်မီကာလအတွင်း လက်ညှိုးပေါင်းတစ်ထောင်ကိုဖြတ်သော အင်္ဂုလိမာလအဖြစ်ဖြင့် ဆိုးသွမ်းသူတစ်ယောက် ဖြစ်ခဲ့လေသည်။

ရာဇဂြိုဟ်ပြည်ကိုအစိုးရသော ဗိမ္ဗိသာရမင်း၏ မိဖုရားဝေဒေဟီတွင် ပဋိသန္ဓေတည်ရာ၌ မိဖုရားသည် မင်းကြီး၏ လက်ယာလက်မောင်းသွေးကိုဖောက်၍ သောက်ချင်ခြင်း ပြင်းစွာဖြစ်သည်။ မင်းကြီးလည်း မိဖုရား စားတော်မဝင် စက်တော်မခေါ်သောကြောင့် ဆန္ဒမှန်ကို သိတော်မူသည်နှင့် ရွှတ်ခြည်းပင် ယာလက်ရုံးမှ လက်မောင်းသွေးကိုဖောက်၍ သောက်စေတော်မူသည်။

ထိုအကြောင်းကို ပညာရှိတို့ကြားလေသော် မိဖုရား၏ ဝမ်း၌ကိန်းသော သူငယ်သည် ဖခင်မင်းအား သတ်မည့်သား မချွတ်ဧကန်ဖြစ်လိမ့်မည်ဟု ကြိုတင်ဟောကိန်း

www.burmeseclassic.com

ထုတ်ခဲ့သည်။ မိဖုရားလည်း အဖကိုသတ်မည့်သားအား ငါကား မမွေးလိုပြီဟူ၍ ကိုယ်ဝန်ဖျက်မည် ကြံစည်ရာ မင်းကြီးကား ငါ့အား သတ်လိုက သတ်ပါစေ။ သား၏ မျက်နှာကိုမူ မြင်ပါရစေဟု မိန့်တော်မူခဲ့သည်။ မွေးလာသော သားအား အဓာတသတ်ဟု မှည့်ခေါ်၍ နိမိတ်ဖတ်ခဲ့သည့်အတိုင်းလည်း ဖခင်အား ပြန်သတ်သည့်သား ဖြစ်ခဲ့လေသည်။

ဤကား ဆိုက်ရောက်လာမည့် ကာလတစ်ခုတွင် ရင်ဆိုင်ကြုံတွေ့ ဖြစ်ပေါ်လာနိုင်သော ကြိုတင်နိမိတ်ဖတ်ဟောကိန်းများအနက် ထင်ရှားသည့် သက်သေသက်ကန်တို့ ဖြစ်သည်။ ကိန်းနက္ခတ်များကပြောသော ဖြစ်စဉ်တို့ကား ကြုံကြိုက်တိုက်ဆိုင်သည်ရှိသဖြင့် မထီမဲ့မြင် မအပ်မရာ မပြုသင့်ဘဲ မြတ်နိုးလေးစား တန်ဖိုးထားဖို့ လိုပါလိမ့်မည်။

နတ်နှင့်နဂါး မလှည့်စားနှင့်ဟူသော ဆိုစကားရှိရာ နတ်နေသော အရပ်နှင့် နဂါးရှိရာ အရပ်ဘက်သို့ ရင်ဆိုင်ပြီး မသွားကောင်းပေ။ နတ်သည် ထောင့်အရပ်ပါ ရှစ်မျက်နှာတွင် တစ်ရက်လျှင် တစ်ကြိမ်ကျနှင့် နဂါးကလည်း အရပ်လေးမျက်နှာတွင် သုံးလတစ်ကြိမ် ပြောင်းရွှေ့တည်နေသဖြင့် ယင်းအရပ်ဘက်သို့ ခရီးသွားလာမှုပြုခြင်း၊ ရွှေ့ပြောင်းနေထိုင်ခြင်းတို့ကို ရှောင်ကြဉ်ကြသည်။

ထို့ပြင် ရက်ကောင်းရက်မြတ်အဖြစ် ရက်ရာဇာကိုရွေးချယ်၍ ပြဿဒါး၊ ဝါရမိတ္တူ အစရှိသည့် မနှစ်သက်သော နေ့ရက်တို့ကို တတ်နိုင်သမျှ ရှောင်ရှားကြသည်။ ပြဿဒါးကျသောရက်ကို မကောင်းသောနေ့ရက်အဖြစ်လည်းကောင်း၊ မြန်မာရက်နှင့် နေ့တို့ ပေါင်းခြင်းသည် (၁၃)ဂဏန်းဖြစ်လျှင် ဝါရမိတ္တူ ရက်ယုတ်မာဟူ၍လည်းကောင်း ရှင်းရှင်းလင်းလင်း သိထားကြသည်။

မြန်မာတို့အနေဖြင့် (၁၃)ဂဏန်းကျသော ရက်ကို ဝါရမိတ္တူအဖြစ်ဖြင့် နဂိုကတည်းက ရှောင်ကွင်းကြ၍ အနောက်နိုင်ငံတို့မှ ဆင်းသက်လာသော (၁၃)ဂဏန်းကြောက်ရောဂါနှင့်ပေါင်းပြီး (၁၃)ဂဏန်းကို ပိုမိုမုန်းတီးလျက်ရှိနေသည်။ အနောက်နိုင်ငံတို့တွင် ခရစ်နှစ်၏ (၁၃)ရက် သောကြာနေ့ကို မကောင်းသော နေ့ရက်အဖြစ် ဖယ်ကြဉ်ကြသော်လည်း ဗုဒ္ဓဘာသာမြန်မာတို့ကမူ သောကြာနေ့သည် မြတ်ဗုဒ္ဓဖွားမြင်တော်မူသည့်နေ့အဖြစ်ဖြင့် အမြတ်တနိုးထားကြသည်။ သို့သော်လည်း မြန်မာတို့က (၁၃)ဂဏန်းကျသော ဝါရမိတ္တူရက်ကို မနှစ်သက်ရာမှ ခရစ်နှစ်၏ (၁၃)ဂဏန်းကိုပါ ရောယောင်ပြီး ကြောက်ရွံ့မုန်းတီး ရှောင်ဖယ်၍ နေလာကြလေသည်။

ယေရှုခရစ်တော်ကို မည်သည့်နေ့ရက်တွင် ဖွားမြင်သည်ဟု အသေအချာ မပြောနိုင်သော်လည်း ခရစ်တော်ဖွားမြင်သည့်နေ့ အထိမ်းအမှတ်ပွဲများကိုမူ အေဒီ(၃၀၀)ပြည့်နှစ်လောက်ကစ၍ ဒီဇင်ဘာလ (၂၅)ရက်နေ့ကို ကျင်းပလာခဲ့ကြသည်။ ယေရှုသည် ဓမ္မဟောင်းကျမ်းလာ အယူဝါဒအတိုင်းမဟုတ်ဘဲ တရားမှန်ကို ဟောသဖြင့် ယဟူဒီသာသနာ့ခေါင်းဆောင် ဖာရိရှဲနှင့် ဟဲရဒ်မင်း၏ နောက်လိုက်များက မရှုဆိတ် အမုန်းပွားကာ ရန်ငြိုးထားလာကြသည်။

ခရစ်တော်ယေရှုသည် ယဟူဒီတို့၏ရန်ကြောင့် တိမ်းရှောင်နေရာမှ ပသခါပွဲခေါ် ယဟူဒီပွဲတော် တက်ရောက်ရန် ဂျေရုဆလင်မြို့သို့ တိတ်တဆိတ် ရောက်ရှိနေသည်။ တမန်တော်များနှင့်အတူ ညစာစားနေချိန်တွင် ရန်သူများ ရုတ်တရက်ရောက်လာပြီး ယေရှုအား ဖမ်းဆီးလိုက်ကြသည်။

စားပွဲနံပါတ်(၁၃)တွင်ထိုင်သော ယေရှု၏တပည့် ယုဒရှာကရုတ်က သစ္စာဖောက်၍ လက်ထောက်ချသဖြင့် ယေရှုအား ဖမ်းဆီးနိုင်ခြင်းဖြစ်သည်။ ယေရှုကို တရားရုံးတင် စစ်ဆေးပြီးနောက် သောကြာနေ့တွင် လက်ဝါးကပ်တိုင်၌ ချည်တုပ်ပြီး သေဒဏ်ပေးလိုက်သည်။ ထို့ကြောင့် (၁၃)ရက် သောကြာနေ့ကို အနောက်နိုင်ငံသားတို့က ကောင်းကျိုးမပေးသောနေ့အဖြစ် မှတ်ယူထားကြသည်။

စပိန်လူမျိုးတို့သည် (၁၃)ဂဏန်းကြောက်သည့်အထဲတွင် ပါဝင်၍ အထူးသဖြင့် အင်္ဂါနေ့နှင့် တွဲကျသော (၁၃)ရက်ကို ပိုမိုကြောက်ကြသည်ဟုဆိုသည်။ စတုတ္ထ ခရူးဆိတ်စစ်ပွဲကြီးကို ခရစ်နှစ်(၁၂၀၄)ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့တွင် စတင်ခဲ့ပြီး အကြီးအကျယ်စစ်ရှုံးကာ တူရကီတို့၏ အင်ပါယာအောက် ကျရောက်ခဲ့ရသည်။ အဆိုပါ (၁၃)ရက် အင်္ဂါနေ့ကို စပိန်လူမျိုးတို့က မကောင်းသော နေ့ရက်အဖြစ် မှတ်ယူထားခဲ့ကြလေသည်။

ဆိုဗီယက်လေကြောင်းသမိုင်းတွင်လည်း (၁၉၅၂)ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက် သောကြာနေ့က လေ



www.burmeseclassic.com

www.burmeseclassic.com

ဆည့်ပျက်ကျသဖြင့် လူပေါင်း(၁၇၄)ယောက် သေဆုံးခဲ့ရသည်။ ယင်းသို့ မကောင်းသော ဖြစ်ရပ်များနှင့် တိုက်ဆိုင်လေ့ရှိသော (၁၃)ရက် သောကြာနေ့ကို ယခုအခါ ကမ္ဘာလုံးက UNLUCKY NUMBER အဖြစ် ...စွာ မှတ်ယူနေကြသည်။

မြန်မာဘုရင်တို့၏ အပါးတော်တွင် ခစားလျက်ရှိသော ဗေဒင်ကျမ်းဂန်တတ်ပညာရှိ အမတ်တို့သည် (၁၃) ထာန်းကျသော ဝါရမိတ္တုရက် မဟုတ်စေကာမူ (၁၃)နှင့် ဆက်သက်သော တိုက်ဆိုင်ကြုံကြိုက်ခြင်းတို့ကို မလိုလားကြပေ။ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သော အလောင်းမင်းတရား ဦးအောင်ဇေယျကား ယိုးဒယားသို့ စစ်ချီတက်ရန်အတွက် စိုင်းပြင်းလျက်ရှိသည်။ ထိုစဉ်အတွင်း နေပြည်တော်ကို မိုးကြိုး(၁၃)ချက်ပစ်သဖြင့် ပညာတော်ပညာရှိများမှ စစ်ချီခြင်းကို ခေတ္တဆိုင်းငံ့ထားရန် မင်းတရားကြီးအား လျှောက်ထားတားမြစ်ခဲ့ကြသည် ဟု ဆိုသည်။

အလောင်းမင်းတရားကား ဗေဒင်ကိန်းခန်းတို့ကို အလေးဂရုမပြုဘဲ ပစ်ပယ်ထားသည်တော့မဟုတ်။ စစ်ချီမှတ်ရသည့် အခါ့ကောင်းကို အောင်အတိတ် အောင်နိမိတ် ယူထားပြီးဖြစ်သဖြင့် မဖြစ်မနေ စစ်ချီထွက်ခဲ့ကြသည်။ သို့သော်လည်း မိုးကြိုး(၁၃)ချက်ပစ်သော အတိတ်နိမိတ် မကောင်းခြင်း၏ အကျိုးဆက်ကြောင့်လားမသိ လမ်းခရီး ...တွင် မင်းကြီးနတ်ရွာစံ ကံတော်ကုန်ခဲ့လေသည်။

ဤသို့ အမှတ်မထင် မကောင်းသောဖြစ်စဉ်များ ကြုံကြိုက်ခဲ့သည့် နေ့ရက်တို့သည် ထန်းသီးကြွေခိုက် ကျီးပျံ ...လည်း ဖြစ်ချင်မှဖြစ်မည်ဟု အချို့က ယူဆထားကြ ...ရှိသည်။ ကောင်းသောအလုပ်ကို လုပ်ခြင်းကမူ ပြဿ ဒါး ရက်ရာဇာရွေးချယ်စရာမလိုဘဲ အားလုံးရက်ကောင်း ...ဖြတ်ချည်းသာ ဖြစ်သည်ဟူ၍လည်း တစ်ထစ်ချမှတ် ယူသူများ ရှိကြသည်။ ပုဂံကျစွာမင်းသည် ပြဿဒါးရက် ... ယုံဝအယုံအကြည် မရှိသူများထဲတွင် ထင်ရှားပြစရာ ...ကောင်းအဖြစ် ရှိခဲ့လေသည်။

သက္ကရာဇ်(၅၉၆)ခုနှစ် ပုဂံမင်းဆက် (၅၀)မြောက် ...ခွင့် နန်းတက်တော်မူသော ကျစွာမင်းသည် ပိဋကတ် ...ဆန်တတ် မင်းတစ်ပါး ဖြစ်သည်။ ကျစွာမင်းကား ...အလောင်းတော် အရှင်တစ်ကျိပ်တွင် ပါဝင်၍ ပလလဲဆင်မင်း ဖြစ်ခဲ့ဖူးပြီး ဘုရားရှင်၏ ဗျာဒိတ်တော်အရ မင်းတစ်ပါးဖြစ်သည့်အလျောက် ပုဂံပြည်၌ပင် သမုဒ္ဒရာဇ် မင်း တစ်ကြိမ်၊ အနော်ရထာမင်း တစ်ကြိမ်နှင့် ကျစွာမင်း တစ်ကြိမ်ဟူ၍ မင်းသုံးကြိမ်မြောက် ဖြစ်ခဲ့သည်။

ကျစွာမင်းကြီးတွင် ကျမ်းတတ်သမီးတော် တစ်ပါးရှိ၍ ရဟန်းသံဃာတို့ကိုပင် တင်းတိမ်အကာအရံအတွင်းမှ နေ၍ စာပေပို့ချခဲ့သည်။ ရဟန်းတစ်ပါးသည် မင်းသမီး၏အသင်းကို မြင်လို၍ ဤပါဠိ ကျန်ပါသေးသည်ဟုဆိုရာ မင်းသမီးမှ တင်းတိမ်အကာကို မ,ပြီး ကြည့်ရှုစဉ် မင်းသမီးအပေါ် စွဲလမ်းသွားသည်။

ဤအကြောင်းကို မင်းကြီးကြားတော်မူလျှင် ငါ့သမီးကို လိုချင်ပါက ကျမ်းပြုလေဦးဟု မိန့်ကြားရာ ဋီကာကျမ်းကြီး ဖြစ်ပေါ်လာသည်။ ကျစွာမင်းကြီးလည်း ရဟန်းကို လူထွက်စေ၍ သမီးနှင့် လက်ဆက်စေပြီး မြေတိုင်းသံပျင်အရာကိုပေးသည်။ စာပေသမိုင်းတွင် သံပျင်အမတ်၊ သံပျင်ဋီကာ၊ သံပျင်မင်းသမီးဟူ၍ ကျော်ကြားခဲ့လေသည်။

ကျစွာမင်းကြီးသည် ကိုယ်တော်တိုင်လည်း ကျမ်းဂန်တတ်ကျွမ်းသူဖြစ်သည့်အားလျော်စွာ ရဟန်းပညာရှိ၊ လူပညာရှိတို့ ထွန်းကားပြီး ပညာရေးကို အထူးအားပေးတော်မူသည်။ တစ်နေ့သောအခါတွင် အသက်(၆၀)ကျော် ရဟန်းတစ်ပါးသည် စာသင်ချင်လွန်း၍ နန်းတော်သို့ ဝင်လာရာ ကျစွာမင်းကြီးက ဆုံကျည်ပွေ့သော အညွှန့်အတက်၊ အခက်အလက် ပေါက်ရာ၏။ ဤရဟန်းကြီးကား ကျမ်းဂန်မတတ်နိုင်ရာဟု မိန့်တော်မူလိုက်သည်။

ရဟန်းကြီးလည်း ပညာဟူသည် ကြီးငယ်မဆိုသာ ဟူသောစကား လက်သုံးထား၍ ကျောင်းသို့ပြန်လာပြီး စာပေကို နေ့ရောညပါ ကြိုးစားအားထုတ်လေသည်။ မကြာမီ စာပေကျမ်းဂန်တတ်ကျွမ်းလာပြီး ရဟန်းကြီးကို ကျစွာမင်းကြီးမှ ပစ္စည်းလေးပါးထောက်ပံ့၍ ကျမ်းဂန်ပြုတော်မူပါရန် တောင်းပန်ခဲ့ရသည်။ ရဟန်းကြီးလည်း ရှင်ဒိသာပါမောက္ခဟူ၍ ကျော်စောပြီး သင်ပုန်းကြီးဋီကာကို ရေးသားတော်မူခဲ့သည်။

ကျစွာမင်းကြီးကား ပညာကို အားပေးတော်မူ၍ ပိဋကတ်သုံးပုံကို ထုံးလိုမွှေ ရေလိုနှောက်နိုင်သော ပညာတတ်မင်းတစ်ပါး ဖြစ်သည်နှင့်အညီ အယူသီးမှုတွေကို



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်တော်မမူပေ။ ထို့ကြောင့် မင်းကြီး၏ နှလုံးတော်တွင် ကောင်းမြတ်သော ပြုလုပ်ခြင်းတို့သည် ပြဿဒါး အစရှိသော နေ့ဆိုးနေ့ယုတ်များမရှိဟူ၍ ခံယူထားတော်မူဟန် တူလေသည်။

ဟိုစဉ်က ပုဂံသားတို့သည် နတ်၊ နဂါးနှင့် အရည်းကြီးတို့၏ အယူများကို ကာလကြာမြင့်စွာဖြင့် လွှမ်းမိုးကွယ်လာခဲ့ကြသည်။ သက္ကရာဇ်(၃၇၉)ခုနှစ်တွင် နန်းတက်တော်မူသော အနော်ရထာမင်းကြီးလက်ထက်ရောက်မှ ထေရဝါဒဗုဒ္ဓဘာသာနှင့် ထိတွေ့ခွင့်ရရှိပြီး အယူဟောင်းများကို တဖြည်းဖြည်း ပယ်ဖျက်ယူနေရသည်။ အရိုးစွဲလာသော ယင်းအယူများကား လုံးဝပျောက်ပြယ်သည်အထိတော့ ဖျောက်ဖျက်မရဘဲ ဆက်လက်၍ ရှိတန်သရွေ့ ရှိလာခဲ့သည်။

ကျစွာမင်းကြီး၏ လက်ထက်တော်သို့ ရောက်သောအခါတွင်မူ စွဲမြဲလာသော အယူသီးမှုများ ပယ်ပျောက်သွားစေရန် ကြိုးပမ်းသည့်အနေဖြင့် ရှေ့မှနေ၍ စံနမူနာလုပ်ပြတော်မူခဲ့သည်။ သက္ကရာဇ်(၅၉၈)ခုနှစ်တွင် တူရွင်းတောင်ခြေမှ ကျသောရေကို ကန်ကြီးဆည်တော်မူ၍ ကြာမျိုးငါးပါးနှင့် ပြည့်စုံစေပြီး ဝမ်းဘဲ၊ ဟင်္သာ၊ ကြိုးကြာ၊ ရေကြက်၊ စက္ကဝတ် စသောငှက်အပေါင်းတို့ မြူးထူးပျော်ပါးကြကုန်သည်။ ရေကန်စပ်၏အနီး၌ သာယာသောမင်းတဲကို ဆောက်၍ တစ်နေ့ ခုနစ်ဝါရစာသင်ပြီး ပျော်ပါးတော်မူလေသည်။

ကျစွာမင်းကြီးသည် ယင်းသို့ ပရိယတ္တိသာသနာတော်ကို အားထုတ်တော်မူသောကြောင့် ကောင်းမှုတော် ပြဿဒါးဘုရားကို တည်တော်မူသည်။ ဘုရားတည်ရာတွင် အယူသီးမှုတို့ကို အလုပ်နှင့် သက်သေပြကာ ချေဖျက်လိုသဖြင့် အုတ်လုပ်၊ အုတ်ဖုတ်ရာတွင်လည်းကောင်း၊ ပန္နက်ချ ဘုရားတည် အစရှိသည်တို့တွင်လည်းကောင်း ပြဿဒါးနေ့ကိုချည်းရွေး၍ စတင်ပြီး ပြုလုပ်စေတော်မူသည်။

ပြဿဒါးကြီးဘုရားသည် ကွမ်းတောင်ပေါက်လိုဏ်နှစ်ဆင့် ဂူဘုရားဖြစ်၍ သီဟိုဠ်ပြန် ဓမ္မသီရိမဟာထေရ်အတွက် တည်ဆောက်ပေးခြင်း ဖြစ်သည်။ ပြဿဒါးနေ့တွင် စတည်ခဲ့သည့်အတွက် ပြဿဒါးဘုရားဟုခေါ်၍ ယခုအခါ ပြာသာဒ်ကြီးဘုရားဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ကျစွာမင်းကြီးသည် လူအများ ကြောက်ရွံ့နေသော နေ့ရက်များတွင် ပါဝင်သည့် ပြဿဒါးကို အယူသီးမှုများ ဆင်ခြင်သွားစေရန်အတွက် ထိပ်တိုက်ရင်ဆိုင်ပြတော်မူခဲ့သည်။ သို့သော်လည်း ပြဿဒါးက ခိုက်သည်လား၊ ကြံဖန်ပြီး တိုက်ဆိုင်သည်လားတော့မသိ မင်းကြီးကား ဘုရားတည်၍ မပြီးမီပင် အနိစ္စရောက်တော်မူခဲ့သည်။

ဤသို့များလျှား၍ မြောက်မြားစွာရှိသည့်အနက် ထင်ရှားပြစရာဖြစ်သော ယင်းဖြစ်စဉ်များကို အယူသီးအစွဲအလမ်းကြီးသူ တချို့တလေက ကြံဖန်ပြီး မှတ်တမ်းတင်ထားသည်ဟု အချို့က ဆိုကြသည်။ ပိဋကတ်ကျမ်းတတ် ကျစွာမင်းကြီးသည်ပင် ယင်းအယူများကို ချေဖျက်ပြလိုသော်လည်း အောင်မြင်မှုရတော်မမူခဲ့ဘဲ ပြောစမှတ်ဖြစ်ခဲ့သဖြင့် စဉ်းစားဖွယ်ရာကလည်း ဖြစ်နေလေသည်။

မိမိသွားလိုသောခရီး၊ ဆောင်ကြဉ်းဖွယ်အလုပ် အစရှိသည်တို့ကား ကျန်းမာရေး၊ လူမှုဆက်ဆံရေးအတွက် မသွားလျှင်မဖြစ်ဘဲ မလုပ်လျှင်မရသော ကိစ္စမျိုးဆိုပါက ဆိုင်းငံ့ထား၍ ရမည်မဟုတ်ပေ။ မဖြစ်တည့်ပါဘူးဟူ၍ နောင်ခါလာမှ နောင်ခါချေး သဘောထားကာ မသွားမဖြစ် သွားကိုသွား၍ မလုပ်မနေ လုပ်ကိုလုပ်ရမည်ဖြစ်သည်။

အဆိပ်ရှိသော သတ္တဝါကို အန္တရာယ်ရှိမှန်းသိလျက်နှင့် မချဉ်းကပ် မကိုင်တွယ်သင့်သော်လည်း ရှောင်ဖယ်၍မရသော အခြေအနေနှင့် ကြုံကြိုက်လာလျှင်တော့ ရင်ဆိုင်သင့်က ရင်ဆိုင်ရပါလိမ့်မည်။ ထိုအခါ လုံလောက်သေချာသော အကာအကွယ်ကိုစီမံ၍ သတိကြီးစွာထားပြီး ဖယ်ရှားပစ်ရပါမည်။

မည်သို့ပင်ရှိစေ၊ ဥစ္စာကံစောင့်၍ အသက်ကို ဉာဏ်စောင့်ပါသတဲ့။

မကောင်းမှုရှောင် ကောင်းမှုဆောင်၍ စိတ်ကို ဖြူအောင်ထားနိုင်ကြပါစေ။

**အာကာသ(သာစည်)**

**ကျမ်းကိုး**

(၁) ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး စီရင်ရေး... ဒိနတ္ထပကာသနီကျမ်း။

(၂) မှန်နန်းမဟာရာဇဝင်တော်ကြီး။



www.burmeseclassic.com

www.burmeseclassic.com

(A-D ၁၀၄၃-၅၇)ခုနှစ်၌ ပဲခူး(ဟံသာဝတီနေပြည်တော်)ကို ထီးနန်းစံတော်မူသော တိဿမင်းသည် မိစ္ဆာဒိဋ္ဌိဖြစ်၏။ တိဿမင်းသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်မှုမရှိ၊ ဗြဟ္မဏဝါဒယူသော ပုဏ္ဏားတို့ကိုသာလျှင် ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏။

ထိုမင်းလက်ထက်၌ ဗုဒ္ဓရုပ်ပွားတော်များကို ချောင်း၊ မြောင်း၊ ရွံ့ဗွက်၊ မသန့်ပြန့်ရာ နေရာဒေသတို့တွင် စွန့်ပစ်စေ၏။ တိဿမင်း၏ နေပြည်တော်အတွင်း၌ ဗုဒ္ဓဘာသာကို စွဲမြဲယုံကြည်စွာ ကိုးကွယ်ဆည်းကပ်သော ဘဒြဒေဝီအမည်ရှိ သူကြွယ်သမီး တစ်ဦးသည်လည်း ရှိ၏။ ဘဒြာဒေဝီကို တလထော်ဟူ၍လည်း ခေါ်ဆိုကြ၏။

မွန်ဘာသာဖြင့် တလသည် အရှင်သခင်ဟု အဓိပ္ပာယ်ရ၍ ထော်သည် တရားဟု အနက်အဓိပ္ပာယ် ထွက်၏။ ထို့ကြောင့် တလထော်ဟူသည် တရားရှင်သခင်မဟု အနက်အဓိပ္ပာယ်ရ၏။

တလထော်သည် ဆယ်နှစ်သမီး အရွယ်မှစ၍ သူ၏ မိဘဘိုးဘွားများနှင့်အတူ တရားတော်ကို နာယူခဲ့သူဖြစ်၏။ ရတနာသုံးပါးကို ကြည်ညိုယုံကြည်ကိုးကွယ်သူ ဖြစ်သည့်အလျောက် ကိုယ်ကျင့်သီလ ဖြူစင်သူဖြစ်၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟူ၍ သရဏဂုံသုံးပါးကိုလည်း နေ့စဉ်မပြတ် ရွတ်ဆိုပွားများလေ့ရှိသူ ဖြစ်၏။

တိဿဘုရင်သည် နေပြည်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို စွန့်ပစ်စေခိုင်းသောအချိန်၌ ဘဒြာဒေဝီ



# ကြည်ဝင်း (ဟံသာတ)

## မွန်အာဇာနည်မယ် တလထော်



www.burmeseclassic.com

www.burmeseclassic.com

(ခေါ်) တလဝေထာ်သည် လူလားမြောက်လျက် အရွယ်ရောက်နေပြီ ဖြစ်၏။

တစ်နေ့သ၌ တလထော်သည် အခြွေအရံ အဖော်များနှင့်အတူ မြစ်ဆိပ်သို့ ရေချိုးသွားစဉ် ရေထဲ၌ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို သူ၏လက်နှင့် စမ်းမိလေ၏။ မြစ်ကမ်းစပ် ရွှံ့ညွန်ထဲမှ မည်သည့်အရာဝတ္ထုမှန်းမသိဘဲ လက်ဖြင့်ဆွဲယူလိုက်ရာ ရွှေရောင်တဝင်းဝင်းနှင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ဖြစ်နေသည်ကို ဖူးတွေ့ရလေ၏။

တလထော်က အလို..ဒီဗုဒ္ဓရုပ်ပွား ရုပ်ရှင်တော်မြတ်ကို ဘယ်လိုလူကများ စွန့်ပစ်ထားပါလိမ့်၊ ဖြစ်မှဖြစ်ရလေဟု ညည်းတွားပြောဆိုလိုက်ရာ အတူပါလာသော အခြွေအရံ အမျိုးသမီးတစ်ဦးက-

'အရှင်မ..အရှင်မင်းကြီးဟာ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ မှားယွင်းသော ဆရာသမားများရဲ့ စကားကို နားထောင်ပြီး ဒီရုပ်ပွားတော်မြတ်ကို စွန့်ပစ်ခိုင်းတာ ဖြစ်မယ်ထင်တယ်'

တစ်ဖန် ဆက်လက်၍

'ဒါတင်ဘယ်ကဦးမှာလဲ သခင်မ..၊ ဒီဘုရင်ဟာ ဘုရားရုပ်ပွားတော်၊ စေတီတော်တွေရဲ့ရှေ့မှာ သွားပြီး ဝတ်ရွတ်တဲ့သူ၊ ရှိခိုးကန်တော့တဲ့ လူတွေကိုလည်း ညှဉ်းဆဲသတ်ဖြတ် နှိပ်ကွပ်ပစ်သတဲ့'

ဟု ပြောပြလိုက်ရာ တလထော်က-

'အလို..ကျိုက်..ထော်..စန်း (အလို..ဘုရား၊ တရား၊ သံဃာ) ကျွန်မဟာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူပါ။ သတ်မယ်ဆိုလည်း အသေခံရဲပါတယ်။ ဒီဗုဒ္ဓရုပ်ပွားရုပ်ရှင်တော်မြတ်ကို ရေသပ္ပာယ်(ရေနဲ့ဆေးကြောပြီး)ပြီး ဟိုစေတီတော်မှာ သွားပြီးတည်ထားချေပါအမိ'ဟုပြောဆိုကာ သူကိုယ်တိုင် ပါဝင်ဆေးကြော၍ စေတီတစ်ဆူတွင် တင်ထားပူဇော်လိုက်လေသည်။

ထလထော်သည်ရုပ်ပွားဆင်းတုတော်များကို ကောက်ယူ၍ နံ့သာရေတို့ဖြင့် ဆေးကြောကာ တည်ထားကိုးကွယ်နေကြောင်းကို မင်းချင်းများက တိဿမင်းအား သံတော်ဦးတင်ကြ၏။

တိဿဘုရင်လည်း ချက်ချင်းပင် မင်းချင်းများအား တလထော်ကို ဖမ်းဆီးခေါ်ဆောင်ခဲ့ရန် အမိန့်တော်ချမှတ်လိုက်လေ၏။ မင်းချင်းယောကျ်ားများ ဖမ်းဆီးရန် ရောက်လာသောအခါ တလထော်သည် သူဝတ်ဆင်ထားသော ကျောက်မျက်ရတနာများ စီခြယ်ထားသည့် တန်ဖိုးမဖြတ်နိုင်သော လက်စွပ်ကို လက်ဆောင်ပေးလျက်-

'ဦးမင်းတို့..ကျွန်မ ဒီဗုဒ္ဓမြတ်စွာရုပ်ပွားတော်ရဲ့ရှေ့မှာ ခဏလောက် ဘုရားအာရုံပြုပါရစေဦး'ဟု ခွင့်တောင်းကာ အချိန်ဆွဲထားလိုက်လေသည်။

သူ၏ အခြွေအရံများကိုလည်း ဆေးကြောလက်စမြောက်မြားလှစွာသော ရုပ်ပွားဆင်းတုတော်များကို အလျင်အမြန် ဆေးကြောသုတ်သင်ခိုင်းထား၏။ ပြီးလျှင် နေရာတကျ တည်ထားကိုးကွယ်စေ၏။

တိဿဘုရင်သည် ပထမစေလွှတ်လိုက်သော မင်းချင်းများ မရောက်လာသဖြင့် နောက်ထပ်မင်းချင်းများစွာကို စေလွှတ်ပြီးလျှင် တလထော်အား ဖမ်းဆီးခေါ်ဆောင်စေပြန်၏။

သို့နှင့် တလထော်သည် တိဿဘုရင်၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာရတော့၏။ ရှေ့တော်မှောက်သို့ရောက်လျှင် တိဿဘုရင် မေးသမျှ အဖြစ်မှန်အတိုင်း သံတော်ဦးတင်ရာ တိဿဘုရင်မှာ သာ၍ပင် ဒေါသအမျက်ခြောင်းခြောင်း ထွက်လာလေတော့၏။

ထို့ကြောင့် တိဿဘုရင်က မင်းချင်းတို့အား-

'အမောင်တို့..ဒီအမိုက်မကို ဆင်တင်းကုပ်ရှိ ဆင်ရိုင်းတွေဆီ ယခုခေါ်သွားပြီး မသေမချင်း ဆင်နှင့်နင်း[illegible]သတ်စေ'

မင်းချင်းများသည် ဘုရင်၏ အမိန့်တော်အရ တ[illegible]ထော်အား ဆင်ဖြင့် နင်းသတ်ရန် ဆွဲခေါ်သွားကြ[illegible]သည်။

ထိုအခါ တလထော်သည် အရှုတ္တိကသာသနာ [illegible] မိမိ၏ ကိုယ်ပိုင်အင်အားကို အသုံးပြုရမည့် အချိန်[illegible] ရောက်ပြီဟု ဆုံးဖြတ်ချက်ချကာ ဒေါသအမျက်ခြော[illegible] ခြောင်း ထွက်နေသော တိဿဘုရင်ကိုလည်းကော[illegible] မုန်ယိုနေသော ဆင်ရိုင်းကြီးများကိုလည်းကောင်း၊ [illegible] ထိန်းအာဏာသား မင်းချင်းများကိုလည်းကောင်း [illegible] ဓာတ်များ ပို့လွှတ်ရင်း ဤသို့ ရွတ်ဆိုလေ၏။

'တပည့်တော်မသည် ဘုန်းတော်အနန္တ ကြီး[illegible] တော်မူလှသော မြတ်စွာဘုရားရှင်အား အစဉ်အမြဲ [illegible] ကွယ်ဆည်းကပ်ပါသည်ဘုရား'ဟု ပါးစပ်က [illegible] ထားစဉ် အာဏာသားများ ဆွဲခေါ်ရာသို့ ပါသွားသော[illegible]



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိဟု သရဏဂုံသုံးပါးကို ထပ်မံဆောက်တည်လိုက်လေသည်။ ထိုအခါ တလထော်အား နင်းသတ်ရန် လွှတ်လိုက်သော ဆင်ရိုင်းကြီးများသည် ထလထော်ကို နင်းမသတ်ရဲဘဲ ခြေစုံရပ်ကာ အသံကုန် အော်မြည်နေကြလေ၏။ အာဏာသားများသည် နင်းသတ်စေရန် ဆင်ရိုင်းကြီးများအား ချွန်းအုပ်မောင်းနှင်သော်လည်း မရကြပေ။

ဆင်တင်းကုပ်အတွင်းရှိ အခြားသော ဆင်များကို တစ်ကောင်ပြီးတစ်ကောင် ဆွဲထုတ်၍ တလထော်အား နင်းသတ်စေသော်လည်း ဆင်များမှာ တစ်ကောင်မျှ နင်းသတ်ဝံ့ဘဲ ရှိကြလေ၏။

သို့နှင့် အာဏာသားများသည် ဘုရင်ထံ သွားရောက်၍ ကြောက်ကြောက်ရွံ့ရွံ့ သံတော်ဦးတင်ကြရလေသည်။

အကြောင်းစုံကို ကြားသိရသောအခါ တိဿဘုရင်က–

'အမောင်တို့..ဒီမိစ္ဆာဒိဋ္ဌိ မိန်းမယုတ်ကို ကောက်ရိုးများ ဖုံးအုပ်ပြီး မီးတင်ရှို့သတ်စေ'ဟု အမိန့်တော်ချပြန်၏။

တလထော်သည် ရှင်ဘုရင်နှင့် မင်းချင်းများ လူအားလုံးတို့အပေါ်သို့ နောက်တစ်ဖန် အထူးအာရုံပြု၍ဆူးစိုက်ပြီး မေတ္တာစေတ်များ ပွားများပို့လွှတ်ပြန်၏။ သရဏဂုံသုံးပါးကိုလည်း ထပ်မံရွတ်ဆို ဆောက်တည်ပြန်၏။

အာဏာသားများသည် ရှင်ဘုရင်၏ အမိန့်အရ တလထော်အား မီးရှို့သတ်ရန် ပြင်ဆင်နေကြရသော်လည်း စိတ်အတွင်းကမူ တလထော်အပေါ်၌ ကရုဏာသက်၍နေကြ၏။ နောက်ဆုံး တလထော်၏ ခန္ဓာကိုယ်အား ကောက်ရိုးများ ဖုံး၍ မီးတင်ရှို့သော်လည်း မီးရှို့၍မရ ဖြစ်နေကြ၏။

ထိုအကြောင်းကို တိဿဘုရင်ကြီးထံ ကြောက်ရွံ့စွာ သံတော်ဦးတင်ကြပြန်ရာ တလထော်အား ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာရန် တိဿဘုရင်မှ အမိန့်ချမှတ်ပြန်၏။

တလထော် ရှေ့တော်သို့ရောက်လျှင် တိဿဘုရင်ကြီးသည် အာဏာသားများကို တွင်းကြီးတစ်တွင်း တူး၍ တလထော်အား မြေမြှုပ်သတ်ရန် စီစဉ်ပြန်၏။ ဘုရင်ကြီးသည် တလထော်အား မြေမြှုပ်၍ ဖို့သတ်ရန် တွင်းကြီးထဲသို့ချကာ ဤသို့ ဟိန်းဟောက်ပြောဆိုလိုက်တော့၏။

'ဒီမှာ..သူငယ်မ၊ နင်ကိုးကွယ်တဲ့ နင့်ဆရာ ဗုဒ္ဓရုပ်ပွားတော် ခုနစ်ခုဖြစ်ဖြစ်၊ ရှစ်ခုဖြစ်ဖြစ် တန်ခိုးနဲ့ ကောင်းကင်ပေါ်သို့ ပျံတက်တာ ငါကိုယ်တော်မြတ် မြင်ရလျှင် သင့်အသက်ကို ချမ်းသာခွင့်ပေးလိုက်မယ်'

ဘုရင်ကြီးက ဆက်လက်၍–

'ဒီလိုမှ မမြင်ရလို့ကတော့ နင်လည်း ဒီတွင်းထဲမှာ သေပေတော့။ နင့်ဆရာ ရုပ်ပွားတော်ကိုလည်း ခုနစ်ပိုင်းပိုင်းခုတ်ထစ်ပြီး နင်နဲ့အတူတူရောပြီး သင်္ဂြိုဟ်ပစ်လိုက်မယ်။ ကိုင်း..ဘယ်လိုလဲ''

တလထော်သည် တိဿဘုရင်ကြီးအား မည်သို့မျှ စကားမပြန်တော့ဘဲ တွင်းထဲမှနေ၍ ဘုရားရှင်အား လက်အုပ်ချီးချကာ ရတနာသုံးပါး၏ဂုဏ်ကို အာရုံပြုဆင်ခြင်ပြီးနောက် အောက်ပါအတိုင်း သစ္စာဆိုလိုက်လေတော့၏။

'အတုမဲ့ငြိမ်းအေးရာ မဟာပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော ဘုန်းတော်ကြီးသောမြတ်စွာဘုရား..ဘုရားတပည့်တော်သည် အရှင်မြတ်ကိုယ်စား ရုပ်ပွားဆင်းတုတော်များကို ကောက်ယူဆေးကြော၍ ကိုးကွယ်ပူဇော်ခဲ့ပါ၏။

Buddha is Lord everywhere. His Law is Lord everywhere. His Church is Lord everywhere.

And Buddha, his Law, his Church are everywhere Lord.

'ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား.. ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးသည် ပိုင်းခြားမထင် ဂုဏ်အင်အနန္တ ဘုန်းတန်ခိုးတေဇော် ကြီးမြတ်တော်မူလှပါပေသည် ဘုရား'

So may eight images of Buddha
fly up into heaven
at the King's hall!

'ဤမှန်သောသစ္စာစကားကို ဆိုရခြင်းကြောင့် အရှင်မြတ်ကိုယ်တော်စား ရုပ်ပွားတော်ရှစ်ဆူတို့သည် တိဿဘုရင် နန်းရင်ပြင်ပေါ်၌ ကောင်းကင်ထက်မှ ကြွလာ

www.burmeseclassic.com

စံပယ် တည်နေတော်မူလှည့်ကြပါစေသား အရှင်မြတ်ဘုရား'

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူတို့သည် နန်းရင်ပြင်ပေါ် ကောင်းကင်ထက်၌ ကြွလာစံပယ်နေတော်မူကြရာ တိဿမင်းကြီးနှင့်တကွ ပရိသတ်ပေါင်းများစွာသည် အံ့ဖွယ်သရဲ ဖူးတွေ့ကြရလေတော့၏။ ထိုသတင်းမှာ ခဏချင်းပင် နေပြည်တော်တစ်ခုလုံး ဥက္ကောဝှေ့ယျ ဖြစ်သွားလေတော့သည်။

ထို့နောက် တလထော်သည် တိဿမင်းကြီးအား အောက်ပါအတိုင်း လျှောက်ကြားလိုက်လေတော့၏။

'အရှင်မင်းကြီး‥အကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံလွန်တော်မူပါပြီ။ အရှင်မင်းကြီး [illegible] ရုပ်ပွားဆင်းတုတော်များ ကောင်းကင်၌ ပျံကြွလာသည်ကိုသာလျှင် ဖူးတွေ့နိုင်ပါတော့သည်။ အရှင်မင်းကြီးသည် အသက်ထင်ရှား ရှိနေကြသော မိစ္ဆာဒိဋ္ဌိ ဆရာကြီးများကို ကိုးကွယ်လိုက်နာခဲ့သူဖြစ်သည့်အတိုင်း သူတို့ကို ကောင်းကင်ပျံကြွခိုင်းလျှင် ပို၍လျော်ကန်သင့်မြတ်ပါလိမ့်မည်။ အရှင်မင်းကြီး၏ ထိုမိစ္ဆာဒိဋ္ဌိဆရာကြီးများ ကောင်းကင်ပျံကြွသည်ကို ဖရာ ကျွန်တော်မ မြင်တွေ့ချင်လှပါဘိ'

တိဿဘုရင်မင်းကြီးလည်း မနေသာတော့ဘဲ သူ့ဆရာကြီးများအား ကောင်းကင်သို့ ပျံတက်ရန် အမိန့်ပေးလေတော့၏။

သို့သော် ဆရာကြီးများ ကောင်းကင်သို့ မပျံနိုင်ကြသဖြင့် ဟံသာဝတီနေပြည်တော်အတွင်းရှိ မိစ္ဆာဒိဋ္ဌိဆရာကြီးများ အားလုံးကို နှင်ထုတ်လိုက်လေတော့သည်။

တလထော်အားလည်း နံ့သာဖြင့် ရေမိုးချိုးစေပြီးနောက် ဘဒြာဒေဝီဘွဲ့အမည်ဖြင့် မိဖုရားခေါင်ကြီးအဖြစ် ဘင်မြှောက်လိုက်လေတော့သည်။

ထိုအချိန်အခါမှစ၍ တိဿဘုရင်မင်းကြီးသည် ဘလထော်အား ကျေးဇူးတင်မဆုံး ရေးထုံးစဉ်လာ သမ္မာဒိဋ္ဌိထေရဝါဒ သာသနာတော်၌ သက်ဝင်ယုံကြည် ကိုးကွယ်သွားလေတော့၏။

ပဲခူးမြို့၌ တိဿရာဇာနှင့် ဘဒြာဒေဝီတို့ တည်ထားကိုးကွယ်ခဲ့သော် ဘုရားခုနစ်ဆူရှိရာ ယိုယွင်းပျက်စီးလာသည်ဖြစ်၍ မွန်ဧကရီဘုရင်မကြီးရှင်စောပုသည် သက္ကရာဇ်(၈၃၂)ခုနှစ်က ထပ်မံပြုပြင်ဆင်ခဲ့လေသည်။

၄င်းအကြောင်းအရာ အပြည့်အစုံကို သိရှိလိုသူတို့သည် မွန်ဘာသာဖြင့် ရေးထိုးထားသော ဘုရားခုနစ်ဆူကျောက်စာတွင်လည်းကောင်း၊ ဝံသဒီပနီနှင့် ဘားမားဂေဇက်တီးယား(ပဲခူးဒီစကြိတ်)တို့တွင်လည်းကောင်း ရှာဖွေကြည့်ရှုပါ။

မွန်အာဇာနည်မယ် တလထော်၏အမည်မှာ သုဘဒ္ဒါ (သို့မဟုတ်) ဘဒြာဒေဝီဖြစ်၏ တလထော်အကြောင်းကို ဒုတိယစစ်ကြီး မဖြစ်မီက မြသပိတ်ရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင်ရိုက်ကူး ပြခဲ့ဖူးသည်ဟုဆို၏။ စစ်ပြီးခေတ်တွင်လည်း ရုပ်ရှင်မင်းသမီးကြီး ဒေါ်ကြည်ကြည်မြွေးအား တလထော် အဖြစ် ရုပ်ရှင်ပိတ်ကားပေါ်တွင် မြင်ခဲ့ကြရပြန်သည်ဟု ဆိုကြပြန်၏။ [illegible] စွာ တလထော်အား သရုပ်ဖော်တင်ပြခဲ့လေသည်။

ဝံသဒီပနီသာသနာဝင်ကျမ်းတွင်လည်း တလထော် အကြောင်းကို တစ်စွန်းတစ်စ တင်ပြထားပေသည်။ ယခုတင်ပြသည် တလထော်၏အကြောင်းမှာ အင်္ဂလိပ်ရာဇဝင်ဆရာကြီးအီးဟာဗေး၏ "Outline of Burmese History" ကျောင်းသုံးမြန်မာရာဇဝင် စာအုပ်မှ တင်ပြထားသည့်အတိုင်း ဖော်ပြခြင်း ဖြစ်ပါသည်။ ၄င်းစာအုပ်၌-

THE STORY OF THE TALAING HEROINE BHADARA DEVI (TALAHTAW)

Then the maiden caused gentleness to soften the king and the elephants and the elephant men, and continually. She said, "I take refuge in the Lord" and she called on the Three Names of Refuge. And the elephant dared not tread on her...

(outline of Burmese History. by G.E HARVEY)

ဟု ရေးသားဖော်ပြထားပါသည်။

**ကြည်ဝင်း(ဟင်္သာတ)**

**မှီငြမ်းကိုးကား**

(၁) ဝံသဒီပနီသာသနာဝင်ကျမ်း။

(၂) Outline of Burmese History by G.E. Harvey

(၃) မေတ္တာဝါဒ (မွန်စာစရိယ-ဦးမြေးလှိုင်)။



www.burmeseclassic.com

www.burmeseclassic.com

# သဘာဝဆေးမြစ်စုံ ဆေးပေါင်းဆီ

## စေတနာ

## ဒေါ်စန်းမိသားစုများနှင့်



သဘာဝ ဆေးမြစ်စုံ ဆေးပေါင်းဆီသည် တောင်နီ၊ ဗိသနိုး၊ ရွှေဘိုတောင်ရိုးများမှ ရင့်ကျက် မွှေးကြိုင်သော ဆေးမြစ်စုံများဖြင့်သာ ပြုလုပ်ထားပါသည်။ သဘာဝဆေးမြစ်စုံ ဆေးပေါင်းဆီသည် ဒူးနာ၊ ဒူးကိုက်ခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ကိုယ်လက် ညောင်းညာကိုက်ခဲခြင်း၊ ခန္ဓာကိုယ် ဖောရောင်ခြင်း၊ ခြေလက် ထုံကျင်ခြင်း၊ အဆစ်အမြစ် ရောင်ခြင်းနှင့် သွေးတိုး၊ ကျောက်ကပ် ရောင်ခြင်း၊ ဇက်ကြောတက်ခြင်း၊ လေးဖက်နာ၊ အရိုးကျီးပေါင်းတက်၊ မိတ်ယားနာ၊ လေဖျန်းခြင်း ရောဂါများနှင့် ကလေးမွေး မီးနေသည် များပါမကျန် ယောကျ်ား၊ မိန်းမ ရောဂါများကို လိမ်းရုံဖြင့် သက်သာပျောက်ကင်းစေပါသည်။

**စေတနာ ဒေါ်စန်း**

**(ရဟန်းသံဃာများကိုလည်း လှူဒါန်းနိုင်ပါသည်။)**

**အတုအပ သတိပြုပါ**

**အချက်** ကျပ်(၅၀၀၀)အထက် မှာယူသုံးစွဲသူအပေါင်းအား အိမ်တိုင်ရာရောက် ပို့ပေးပါမည်။
ဤဆေးကို လိမ်းခြင်းအားဖြင့် အပူများထွက်၍ ခြောက်သွားလျှင် သနပ်ခါးလိမ်းထားသကဲ့သို့ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်ပါသည်။ နံ့သာဖြူ၊ တောင်နံ့ကတိုး၊ ကရမက် စစ်စစ်များလည်း ရနိုင်ပါသည်။

**အတွင်းပါကောင်ပီတ်နှင့် ဒေါ်စန်းဓာတ်ပုံ ပါမှသာ အစစ်ဖြစ်ပါသည်၊**

ဤဆေးကို သုံးစွဲကြသော (၇)ရက်သားသမီးအပေါင်း
ကျန်းမာချမ်းသာကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ။

ဆိုင်ခွဲ ဆိုင်ရင်း ရန်ကုန်မြို့၊ ဒဂုံမြောက်ပိုင်း၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာ(၂)လမ်း၊ 'ဒေါ်စန်း' အိမ်တွင် ရရှိနိုင်ပါသည်။
မြောက်ဒဂုံ ကြိုးတံတားလမ်းအနီး၊ ဖိုး(နီ)၊ ရွှေရန်ကုန် ကားများ ဂိတ်ဆုံး။
ဖုန်း - ၀၉၄၂၀၁၆၃၇၃၈၊ ၀၉၄၂၀၇၆၄၈၅၄၊ ၀၉၂၆၀၆၆၀၅၂၀၊ ၀၉၂၅၀၈၃၀၁၉၄ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။

www.burmeseclassic.com

ရာဇဂြိုဟ်ပြည်၌ မဟာဓနသေဋ္ဌေဟူ၍ သူဌေးလင်မယားနှစ်ယောက် ရှိလေ၏။ ဥစ္စာဓနကြွယ်ဝချမ်းသာသော အရာတွင် သူတို့သည် ရာဇဂြိုဟ်ပြည်တွင်းဝယ် နေလို လလို လင်းသူများ ဖြစ်ကြ၏။ ကုဋေပေါင်းများစွာ ချမ်းသာကြ၏။ အဘက်ဘက်မှ ပြည့်စုံကြ၏။

သို့သော် ပြောစရာရှိသည်ကား သားသမီးရတနာ မရှိခြင်းပင်ဖြစ်၏။ သားသမီးရတနာ ထွန်းကားရရှိလိုသောကြောင့် ဒါပြုကြ၏။ သီလစောင့်ကြ၏။ ကုသိုလ်ဒါနပြုသောကိုင်း သားသမီးရတနာ ရပါလို့ကြောင်းဖြင့် ဆုတောင်းကြကုန်၏။ အခြားသူများက ယင်းတို့၏ သားသမီးကို ရင်ဝယ်ထွေးပိုက်ကာ မေတ္တာသိုက်ကြီး ပွင့်နေသည်ကို မြင်ရလေလေ သားသမီးလိုချင်လေလေ ဖြစ်နေကြ၏။

တစ်ချိန်သော အခါတွင်မူ သူတို့၏ ဆုတောင်း အကြောင်းသင့်လျော် ပြည့်ချိန်တော်ပြီဟု ဆိုရပေမည်။ ကြင်ချစ်စရာ ရင်နှစ်သည်းချာ သားရတနာ တစ်ယောက် ဖွားမြောက်ရရှိလာလေ၏။ သားတို့ရုပ်ရည် သီတာမည် ဆိုသောစကားမှာ သူတို့အတွက်လို ဖြစ်နေ၏။ ခံတွင်းဖြင့် ငုံထားတော့မတတ် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ရှာကြလေသတည်း။

နေ့ရက်အချိန် ပြက္ခဒိန်ရက်တွေ ကြွေသည်နှင့်အမျှ သူတို့သားကလေး၏ အသက်မှာလည်း တစ်ဆင့်ထက်တစ်ဆင့် ရင့်ရင့်လာရကား ယခုဆိုလျှင် လေးငါးနှစ်သား အရွယ်သို့ပင် ရောက်ရှိလာလေပြီကော။

# ဇာတ်ရှေမှုသန်း (သမိုင်း)

## ရုက္ခစိုးနတ်နှင့် လူသားမယား



www.burmeseclassic.com

'ရှင်မရေ...သည်ကို ခဏ'

မဟာနေသူဌေးသည် သားငယ်ကို ရင်ဝယ်ပိုက်ထားလျက်မှ သူဌေးကတော်ကို ခေါ်လိုက်၏။

သူဌေးကတော်လည်း အနီးသို့လာရင်း-

'ကိုယ့်မှာဖြင့် သားကို လက်ပေါ်က ချတယ်ပဲ မရှိဘူး' ဟုပြောကာ ထိုင်၏။

ထိုအခါ မဟာနေသူဌေးသည် သားငယ်ကို ကြည့်ပြီးနောက် မယားကို မေးခွန်းထုတ်လေတော့သည်။

'ဒီမှာ ရှင်မ၊ အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါရမယ်ဆိုတဲ့ စကားတစ်ခု ရှိတယ်။ အဲဒါကို ရှင်မအနေနဲ့ ဘယ်လိုသဘောပေါက်သလဲ'

အဆက်အစပ်မရှိ မေးလိုက်သော ပုစ္ဆာကြောင့် ဇနီးဖြစ်သူမှာ ကြောင်စီစီနှင့် သူဌေးမျက်နှာကို ကြည့်နေသည်။

'တို့သားလေး ပညာသင်ချိန် ရောက်လာပြီ မဟုတ်လား။ ဒါကြောင့် မေးတာ။ သည်စကားပုံကို ရှင်မ ဘယ်လိုသဘောပေါက်တုန်းလို့'

ဤတွင်မှ မယားက သူ့သဘောကို ပြောပြလေသည်။

'သူ့ဟာသူ ရှင်းနေသားပဲ။ လူရယ်လို့ ဖြစ်လာရင် အသက်မွေးဝမ်းကျောင်းမှုအတွက် အတတ်ပညာတစ်ခုခု ရှိလာရမယ်။ တတ်ထားရမယ်ပေါ့။ အတတ်ပညာရှိမှ အသက်မွေးမှုဖူလုံမယ်လို့ လမ်းညွှန်ချက်မဟုတ်လား'

'အေး...ဟုတ်တယ်၊ မှန်တယ်။ သည်အတိုင်းပဲ ငါ စဉ်းစားကြည့်တယ် ရှင်မ။ သားကို ချစ်တဲ့ဇောနဲ့ ပြောတယ်လို့ ဆိုချင်လည်းဆိုပေါ့။ တို့မှာရှိသမျှ ပစ္စည်းတွေဟာ သားပစ္စည်းတွေချည်းပဲ။ တို့သားလေးအနေနဲ့ တစ်နေ့ တစ်နေ့လျှင် တစ်ထောင်ကျ၊တစ်ထောင်ကျ အနှစ်တစ်ရာပတ်လုံး သုံးသွားသည့်တိုင်အောင် မကုန်နိုင်ပါဘူး။ သည်တော့ကာ အချုပ်ကို ပြောမယ်ကွယ်။

■ အသက်မွေးမှုအတွက် တို့သားလေးတစ်သက် ဘာမှ ရှာရပင်ပန်းစရာ ကြောင့်ကြစရာမရှိဘူး။ ဒါကတစ်ချက်။

■ နောက်တစ်ချက်က သားကို ပညာသင်ရင် ကျောင်းမှာ အိပ်ရမယ်။ ပညာသင်နေတဲ့အချိန်မှာ သားနဲ့ကွဲမယ်။ အခွဲမခံနိုင်ဘူး။ ဒါက တစ်ချက်။

■ နောက်ပြီးတော့ ပညာသင်တယ်ဆိုတာ ဦးနှောက်ကို အသုံးပြုရတဲ့အလုပ်ကွ။ ငါ့သားလေး ဦးနှောက်ခြောက်မယ်။ ဦးနှောက်ရှုပ်မယ်။ ပင်ပန်းမယ်။ ငါ့သား ပင်ပန်းမှာကို ငါ မကြည့်ရက်ဘူး။ ဒါက တစ်ချက်။

ဒီတော့ကာ ငါ့သဘောအရ ပြောရရင် သားကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး။ ရှင်မ သဘောကရော ဘယ်လိုတုံး'

သူဌေးလင်မယားနှစ်ယောက် သား၏ ပညာရေးနှင့်ပတ်သက်၍ ဆွေးနွေးကြပြီးသည့်အဆုံးတွင် သားနှင့်မခွဲနိုင်ဟူ၍ နှစ်ယောက်စလုံး သဘောတူညီချက်အရ သားကို ပညာမသင်စေဘဲ ရွှေလိုဥ၍ မှန်ကဲ့သို့ရှုကာသာ နေကြလေသတည်း။

သူတို့မိဘနှစ်ပါး၏အချစ်မှာ သားကို ချစ်ရာမရောက် နှစ်ရာရောက်လေ၏။ သည်လူ့ရွယ်မှာ အပေါင်းအသင်း ရောင်းရင်းတွေ ပညာတတ်ကြသော်လည်း သူတို့သားမှာ ပညာမျက်စိ စုံလုံးကန်းနေချေ၏။ သို့သော် မိဘအရှိန် သူဌေးဟူသော ဂုဏ်သိမ်ကြောင့် ပညာပင်မှိန်သော်လည်း လူနေမှုအဆင့်မှာ မြင့်လျက်ပင်တည်း။

◆◆◆

အချိန်တန်အရွယ်ရောက် လူပျိုပေါက် ဖြစ်လာ၏။ ထိုအခါ မိဘများက လူ့မေ့တာအတိုင်း သင့်လျော်သော အမျိုးသမီးတစ်ဦးနှင့် ထိမ်းမြားလိုက်၏။ သားနှင့် ချွေးမကိုကြည့်ကာ နှစ်ခြိုက်မဆုံး ပီတိဖုံးသော အပြုံးပိုင်ရှင် မိဘများ ဖြစ်လာကြ၏။

ထိုသူဌေးသား၏ အပေါင်းအသင်းများမှာ ဒုစရိုက်ကောင် အမှုးသမားများဖြစ်လေရာ ဒုစရိုက်စနက်မီး ကူးစက်ပြီး ထိုသူဌေးသားမှာလည်း အမှုးသမား ဒုစရိုက်၏ သားကောင်အဖြစ်သို့ ရောက်သွားလေ၏။ ဘုရားမှန်းလည်းမသိ၊ တရားမှန်းလည်းမသိ၊ သံဃာမှန်းလည်းမသိ၊ အသက်ကြီးရွယ်အိုနှင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်များအား ပူဇော်ရမှန်းလည်းမသိ ဒိဋ္ဌိကောင် ဖြစ်သွားလေ၏။

သားကို အလိုလိုက်ခဲ့သော မိဘတို့မှာလည်း ဒုစရိုက်သမား၏ မိဘများ ဖြစ်လာကုန်ရလေ၏။

ဤတွင်မှ သား၏ အဖြစ်ဆိုးလှသောဘဝကို ရင်တမမနှင့် ဖြစ်လာကြလေ၏။ သို့သော်လည်း ဆေးလွန်မှ ဖြစ်၍ ကုစား၍ မရနိုင်တော့ပြီ။ သားကို ငယ်စဉ်က ပညာသင်မပေးခဲ့မိသည်မှာ မှားလေစွဟူသော နောင်တခြင်း

www.burmeseclassic.com

 စူးကာ ထိုဝေဒနာဖြင့်ပင် ကွယ်လွန်ရှာကုန်လေ၏။

မိဘမရှိသည့်နောက် သားဖြစ်သူမှာ မိမိခုတ်မောင်းစီးနင်းလာခဲ့သော ဒုစရိုက်ရထားကြီးကို ရပ်တန့်သွားအောင် အားမထုတ်လေသည့်အပြင် မိဘရှိစဉ်ကထက်ပင် အိမ်မှာ ပွဲတခြိမ့်ခြိမ့်နှင့် စည်ကားနေ၏။ အရက်ဝိုင်းအပြင် ကြွေအန်ဖဲကတ် အကစားပါ ဖက်လာတော့၏။ ကုန်ကျငွေမှာ တစ်နေ့တခြား များပြားလာ၏။ မိဘလက်ငုတ် အထုပ်ရွှေငွေများ ကုန်ခန်းသွားသော်လည်း ကစားခြင်း၊ သောက်စားမူးယစ်ခြင်းကိုကား သူ မလျှော့။ တိုက်တာနေအိမ် လယ်ယာခြံမြေများကိုပါ ရောင်းတန်ရောင်း၊ ပေါင်တန်ပေါင်၍ မူးယစ်သောက်စား ကစားခြင်း ပြုလေ၏။

ထို့ကြောင့် မိဘများအနေနှင့် နှစ်နှင့်ချီ၍ သွေးနှင့်ချွေးနှင့် ရင်းနှီးကာ စုဆောင်းလာခဲ့သော ပစ္စည်းများမှာ အမူးသမား ဒုစရိုက်သားမိုက်၏ လက်ထက်တွင် လျှပ်ပြက်သကဲ့သို့ ချက်ချင်းဆိုသလိုပင် ပျက်စီးဆုံးပါးကုန်လေ၏။ ပေါင်နှံထားသော တိုက်တာနေအိမ် အဆောက်အအုံတို့မှာလည်း မရွေးနိုင်သဖြင့် ကြွေးရှင်လက်သို့ ဝကွက်၍ အပ်လိုက်ရပြီး မိဘဘိုးဘွားပိုင် အိမ်ဂေဟာမှ ကျောကော့၍ဆင်းခဲ့ရပြီးနောက် ခွက်လက်ဆွဲကာ တောင်းစားရသော ဘဝသို့ ရောက်သွားလေတော့သတည်း။

◆◆◆

တစ်ချိန်သောအခါ အရက်တာမြမြ ပွဲတခြိမ့်ခြိမ့်နှင့် မိမ်ခံလာခဲ့သော ထိုသူဌေးသားမှာ ယခုအခါတွင် တမတ်စောက်စောက်နှင့် အိမ်ပေါက်စေ့လျှောက်၍ တောင်းနေသော သူတောင်းစားကြီး ဖြစ်နေ၏။ သူ့အိမ်သည် ခြေသလုံးဖြစ်၏။ သူသွားလေရာ အိမ်ပါ၏။ သူ့ခြေသလုံးများ လှုပ်ရှားနိုင်သေးသမျှ သူ့အိမ်ကား မပျက်သေး။

ထိုအချိန်တွင် ရာဇဂြိုဟ်မြို့၌ သူခိုးသူဝှက် ဒုစရိုက်ကောင်များ သောင်းကျန်းနေသဖြင့် မြို့သူမြို့သားတို့မှာ နိုးနိုးကြားကြား သတိဝီရိယထား၍ နေကြရ၏။

တစ်နေ့သောအခါတွင် ထိုသူဌေးသား သူတောင်းစားသည် တောင်းရမ်း၍ ရခဲ့သော အစာများကိုစားပြီး ဇရပ်ပေါ်တွင် အိပ်နေစဉ် ထိုဇရပ်သို့ သူခိုးမိုးမှောင် ဒုစရိုက်ကောင်များ ရောက်လာကြ၏။ အိပ်နေသော သူတောင်းစားကို ခြေနှင့် ကန်ကျောက်၍ နှိုးသဖြင့် နိုးလာလေ၏။ ခွက်ကိုကြည့်၍ မေးကြ၏။

'ဟေ့ကောင်၊ ဒီခွက်က ဘာလုပ်တာလဲ'

'တောင်းတဲ့ ခွက်ပါ။ ကျွန်တော် သူတောင်းစား…
ခင်ဗျာ'

ထိုအခါ ခိုးသူများက စုတ်သပ်လိုက်ပြီး-

'ဖြစ်ရလေကွာ၊ တောင်းစားရတယ်လို့။ မင်းဟာ…
အရွယ်ကလည်း ကောင်းတုန်း၊ လက်ကျိုး,ခြေကျိုးလည်…
မဟုတ်၊ သန်တုန်းမြန်တုန်း တောင်းရမ်းစားသောက်မ…
အစား ကိုယ့်လက် ကိုယ့်ခြေကို အားကိုးပြီး လုပ်ကိုင်စာ…
ပေါ့ကွာ။ လာ‥တို့နဲ့ လိုက်ခဲ့။ မင်းကို အလုပ်ပေးမယ်'

'ခင်ဗျာ'

'အလုပ်ပေးမယ်။ တို့နဲ့ လိုက်ခဲ့'

'ကျွန်တော် ဘာလုပ်ရမလဲခင်ဗျာ'

'ခိုးရမယ်၊ တိုက်ရမယ်၊ လုရမယ်'

'ဟင့်အင်း၊ ဒီအလုပ် ကျွန်တော်မှ မလုပ်တတ်ဘဲ'

'လိုက်သာ လိုက်ခဲ့။ ဒီပညာကို တတ်အောင် သင်…
ပေးမယ်'

သို့နှင့်ပင် သူတောင်းစားခမျာ ခွက်ပျောက်လေ…
သူခိုးမိုးမှောင်များ၏ သိမ်းသွင်းချက်အရ ဘဝသစ် တ…
ဖြစ်လဲကာ သူခိုးနောက်လိုက် ဖြစ်သွားလေ၏။

အ,ကာလညအခါ လမှာ မသာတစ်ချက် သာတ…
ချက် ဖြစ်နေ၏။ လှုပ်ရှားပြေးလွှားနေရသော တိမ်တို…
များကြားတွင် မှိန်သွားလိုက် လင်းလာလိုက်နှင့် ရှိနေ…
ထိုအချိန်တွင် ခိုးသူတစ်သိုက်မှာ ဓားပြတိုက်ရန်အတွ…
အိမ်ကြီးတစ်အိမ်သို့ မှောင်ရိပ်ခိုကာ,ခိုကာနှင့် ချွတ်နင်…
နင်း၍ ချဉ်းကပ်နေကြ၏။

'ရော့ကွာ၊ လက်နက်။ ဒီလက်နက်ကိုကိုင်ပြီး ဟော…
အနားမှာ မင်းစောင့်နေ။ မည်းခနဲမြင်ရင် အသေသ…
ရိုက်သတ်။ တို့ အိမ်ပေါ်တက်မယ်။ သတိ‥လာသမျှ…
မလွတ်စေနဲ့နော်'

ခိုးသူတို့သည် သူတောင်းစား၏လက်သို့ တင်းပုတ်…
လက်နက်ကြီးတစ်ခု ပေးအပ်ထားခဲ့ပြီး အိမ်ပေါ်တက်…
ဟိုကချောင်း ဒီကချောင်း အချက်ကောင်းကို ရှာကြ…
၏။ သူဌေးသား သူတောင်းစားမှာလည်း ခိုင်းစေသေ…
အတိုင်း တင်းပုတ်လက်နက်ကိုစွဲကိုင်ကာ မှောင်ရိပ်တွ…
ရပ်လျက် စောင့်နေ၏။

www.burmeseclassic.com

အိမ်ပေါ်၌ အိမ်ရှင်များ အိပ်မောကျနေ၏။ ခိုးသူတစ်ယောက်သည် အသံမကြားအောင် တံခါးကို အသာအယာ ဖွင့်ရာမှ ကျွီခနဲ အသံက ထွက်သွားလေ၏။ ထိုအခါ သတိလျှင်လှသော အိမ်ရှင်သည် ဆတ်ခနဲနိုး၍ တံခါးဖွင့်နေသည်ကိုမြင်သော် 'သူခိုး··သူခိုး··သူခိုး' ဟု သံကုန်အော်လျှင် ခိုးသူအားလုံးမှာ လန့်က ကိုယ်လွတ်ရုန်း၍ ထွက်ပြေးကြကုန်လေ၏။ သူခိုး··သူခိုးဟူသောအသံမှာ ရပ်ကွက်တစ်ခုလုံး ဆူညံသွားရလေရကား တုတ်၊ ဓား လက်နက်ကိုယ်စီနှင့် ထွက်လာကြလေကုန်၏။

အောက်စောင့် သူခိုးပေါက်စန သူတောင်းစားမှာ လည်း အော်သံများကြောင့် ကြောက်လန့်ပြီး ခြေဦးတည့်ရာ ထွက်၍ ပြေးပါသေး၏။ သို့သော် အပြေးနောက်ကျနေချေပြီ။ လက်နက်ကိုင်လူအုပ်က သူ့ကို ဝိုင်းထားမိပြီး ဖြစ်နေ၏။

'လက်စသတ်တော့ မြို့တုန်လှုပ်အောင်လုပ်တာ ဒီကောင်တွေကိုး။ ဟေ့··ဘုရင့်ထံ ခေါ်သွားကြကွာ'

လူအုပ်ကြီးထဲမှ အသံတစ်သံ ထွက်ပေါ်လာသည်။

ဤသို့အားဖြင့် သူဌေးသား သူတောင်းစားမှာ ပွဲဦးထွက် ဈေးဦးပေါက် ခိုးသူအဖြစ်ဖြင့် ဘုရင့်ရှေ့သို့ ရောက်ရှိလေ၏။

'အရှင်မင်းကြီး··ဤသူကား ခိုးသူပါတည်း။ တိုက်ခိုက်ရန် လာရောက်စဉ် လက်ရဖမ်းဆီး၍ ဆက်သပါသည်'

ဘုရင်မင်းမြတ်သည် ခိုးသူကို မြင်သောအခါ လူများအား ဒုက္ခပေးသူဟူ၍ ဒေါသအမျက်ခြောင်းခြောင်းထွက်၍ မြို့ဝန်လက်သို့အပ်ကာ ခေါင်းဖြတ်သတ်စေဟူ၍ အမိန့်ပေးလိုက်ပြီးသည့် နောက်ပိုင်းအချိန်တွင် ထိုသူတောင်းစားအား ခေါင်းတုံးရိတ်ပြီး အုတ်မှုန့်များဖြင့် နီရဲအောင် ခေါင်းကိုလူး၊ လက်ပြန်ကြိုးတုပ်လျက် မြို့သူမြို့သားတို့ သိစေခြင်းငှာ 'ဤသူမှာ ခိုးသူဖြစ်ကြောင်း၊ ဘုရင့်အမိန့်တော်ဖြင့် သုသာန်ထုတ် ဓားခုတ်၍ သတ်မည်ဖြစ်ကြောင်း' လမ်းကြီးလမ်းငယ် အသွယ်သွယ်လှည့်ကာ ကြောင်းခတ် ကြေညာသည်ကို တွေ့ရလေ၏။

လူတို့သည် ရာဇဝတ်ကောင် ခိုးသားကိုကြည့်ကာ- 'ဒါဟာ သူမိုက်တို့ရဲ့ သွားရာလမ်းပဲ။ သူ့လမ်းသူ သွားတာ မဆန်းပါဘူး' ဟူ၍ ဆိုကုန်၏။ အားရဝမ်းသာ ကောင်းချီးပေးကြကုန်၏။

◆ ◆ ◆

ကံကြမ္မာဆိုသည်မှာ ဆန်းကြယ်လှ၏။ သုလသာ အမည်ရှိသော ပြည့်တန်ဆာမတစ်ဦးသည် အုံးအုံးကျွက်ကျွက် ဆူညံသံတွေကြောင့် လေသာပြတင်းပေါက်မှ အောက်သို့ ကြည့်မိလေ၏။ ထိုအခါ နှောင်ကြိုးတွေထဲ ခေါင်းနီတာရဲနှင့် ဆွဲခေါ်လာသော ရာဇဝတ်သားကို မြင်လေသော် အတိတ်ဟောင်းက ၎င်း၏ဇနီး ဖြစ်ခဲ့ဖူးသောကြောင့် ကြင်နာသနားကရုဏာပွားကာ ကတွတ်မုန့်လေးခုနှင့် သောက်ရေတစ်ခွက်ကို ထိုရာဇဝတ်သားထံသို့ အိမ်စေတစ်ဦးအား ပို့စေ၏။ အာဏာသားများကို ပြောကြား၍ ဤသို့လည်း မှာလိုက်၏။

'ဤရာဇဝတ်သားအား ဤမုန့်များကိုစား၍ ရေကို ချမ်းသာစွာ သောက်ပါစေ။ စားသောက်ပြီးသည်အထိ ဆိုင်းငံ့ပါ'

သုလသာ စေလွှတ်လိုက်သော အိမ်စေသည်လည်း ဓားကြပ်ဝန်နှင့် အာဏာသားများထံသွား၍ ရာဇဝတ်သားအတွက် သုလသာပေးလိုက်သော မုန့်နှင့်ရေကို သွားပို့၏။ မှာလိုက်သောအတိုင်း 'စားသောက်ပြီးသည်အထိ စောင့်ပါဦး။ မသတ်ပါလင့်ဦး။ ချမ်းသာစွာ စားသောက်ပါစေ' ဟူသော စကားကိုလည်း ပြောကြားပေး၏။

သူ့မှာ ကံကြွင်းကံစလေးများ ရှိသေးသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် သေရအံ့ဆဲဆဲတွင် အတိတ်ဘဝဟောင်းက မယားဟောင်း သုလသာထံမှ ကတွတ်မုန့်များ ရရှိလေသည့်အပြင် အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုခိုက်နှင့် ကြုံကြိုက်တိုက်ဆိုင်သောကြောင့် ဖြစ်၏။

သုလသာထံမှ မုန့်များကိုရရှိသည့် အချိန်အတော အတွင်းမှာပင် အရှင်မောဂ္ဂလာန်သည် ဒိဗ္ဗစက္ခုအဘိညာဉ် ဖြင့် ကြည့်လေသောအခါ ရာဇဝတ်သား၏ ဖြစ်အင်ကို မြင်လေ၏။

'ဤသူကား သနားဖွယ်ကောင်းလေစွ။ ပြုအပ်သော ကောင်းမှုတစ်စုံတစ်ရာ မရှိ။ အကုသိုလ်သာ ရှိချေ၏။ သေသော် မုချ ငရဲသို့ကျလတ္တံ့။ ငါသွားခဲ့သော် သူသည် ငါ့အား ကတွတ်မုန့်ကိုလည်းကောင်း၊ ရေကိုလည်းကောင်း လှူလတ္တံ့။ ထိုကုသိုလ်ကြောင့် ရုက္ခစိုးနတ် ဖြစ်လတ္တံ့။



www.burmeseclassic.com

www.burmeseclassic.com

ငါသည် ထိုယောက်ျား၏ အားထားမှီခိုရာ ဖြစ်ရမှုကား ကောင်းလေစွ'

ဤသို့အကြံဖြစ်တော်မူ၏။ ဓားကြပ်ဝန်သည်-

'အချင်းယောက်ျား··ဤစားဖွယ်နှင့် ဤရေကား သင့်အတွက် သုလသာ ပြည့်တန်ဆာမက ပို့လိုက်သည့် ပစ္စည်းများ ဖြစ်၏။ စားလော့။ စားပြီးသည်အထိ ငါတို့ စောင့်အံ့'ဟု ပြောဆိုသဖြင့် ဝမ်းသာအားရ စားတော့မည် ပြုသောခဏဝယ် အရှင်မောဂ္ဂလာန်ကိုယ်တော်အရှင်မြတ် ကြီး ဘွားခနဲ သူ့ရှေ့တွင် ရပ်လာသည်ကို ဖူးတွေ့ရလေသော် လက်များကို တုပ်နှောင်ထား၍ ရှိမခိုးနိုင်သဖြင့် ကြည်ညိုသဒ္ဓါဖြင့် ရှိသေစွာ ဦးညွှတ်လေ၏။

များမကြာမီအချိန်အတွင်း၌ ငါကား သေရတော့အံ့။ အသတ်ခံရမည် မုချဖြစ်၏။ ဤမုန့်များကို စားခြင်းအားဖြင့် ငါ့အား ဘာအကျိုးထူးမည်နည်း။ အလှူခံပုဂ္ဂိုလ်အား လှူလိုက်ရလျှင် ငါ့အား တမလွန်ဘဝအတွက် ရိက္ခာ ဖြစ်လတ္တံ့'

ဤသို့သဘောထားပြီး-

'ဝန်မင်းခင်ဗျား··ကျွန်တော့်အတွက် မုန့်ကို အရှင်မြတ်အား လှူပေးပါခင်ဗျာ။ မသေခင် ကျွန်တော် ဒါနပြုသွားပါရစေ'ဟုပြောကာ အရှင်မောဂ္ဂလာန်အား လှူစေ၏။

ဓားကြပ်ဝန်လည်း သူ၏ဆန္ဒအတိုင်း လှူ၏။ အရှင်မောဂ္ဂလာန်လည်း မုန့်များကို အလှူခံပြီးလျှင် သူ၏ရှေ့မှာပင် ဘုဉ်းပေးတော်မူ၏။ ရာဇဝတ်သားသည် မိမိ၏ဒါနအတွက် ပီတိဖြစ်လျက်မှ သုလသာကို သွား၍သတိရလေ၏။ သူ့ကြောင့် ငါလှူရပါကလား။ သုလသာသည် ငါ့အား အကျိုးများလေစွဟု သတိရနေမိ၏။

အရှင်မြတ်လည်း သူလှူအပ်သော မုန့်နှင့် ရေကို ဘုဉ်းပေးပြီး သူ့ရှေ့မှောက်မှာပင် ထိုနေရာမှ ဖယ်ခွာသွားလေရာ သူသည် အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး သူ၏ မျက်စိအောက်မှ ကွယ်ပျောက်သွားသည်အထိ မျက်စိ တစ်ဆုံး ကြည့်ကာ ကျန်ခဲ့လေ၏။

◆◆◆

အနောက်ဘက်တောင်စွယ်တွင် နေကွယ်လုပြီဖြစ်၏။

ထိုအချိန်တွင် အာဏာသားများသည် ရာဇဝတ်ကောင်ကို ဆောင်ကြဉ်လျက် သင်္ချိုင်းသို့ ရောက်လာ၏။

ရာဇဝတ်သားမှာ မိမိအဖြစ်ကို မိမိသိသည့်အလျောက် တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားခြင်းမရှိ။ လက်ပြန်ကြိုး တန်းလန်း ဒူးတုပ်လျက်မှ စဉ်းတီတုံးပေါ်တွင် လည်ကို စဉ်းပေးလိုက်၏။ အာဏာသားများသည်လည်း လက်သွက်လှ၏။ ခဏအတွင်းမှာပင် ထန်းသီးခိုင်မှ ထန်းသီးကို ချိုင်လိုက်သည့်အလား ရာဇဝတ်သား၏ ဦးခေါင်းသည် လည်မှပြတ်ကာ ဖုတ်ခနဲကျလေ၏။ သွေးသံရဲရဲနှင့် သင်္ချိုင်းပသာဒကို အလှဆင်သကဲ့သို့ ရှိလေသတည်း။

သူသည် သေခါနီးကာလတွင် အရှင်မောဂ္ဂလာန်အား မုန့်ဆွမ်းလှူခဲ့သော ကုသိုလ်စေကြောင့် နတ်ရွာခြောက်ထပ်သို့ ဆိုက်ရောက်နိုင်သော စွမ်းအားရှိပါသော်ငြားလည်း သုလသာ,သုလသာဟူ၍ တဏှာပေမ အစွဲအလမ်းအညစ်အကြေးက ညစ်ထေးလေသောကြောင့် တောရက်မြိုင်ချောင်တွင် ပညောင်ပင်ကြီးတစ်ပင်၌ ရုက္ခစိုးနတ်ဖြစ်လေ၏။ ဒါနစေတနာ၏အကျိုးကား ဆန်းကြယ်လှ၏။ သေချာပေါက် ငရဲကျမည့်သူကိုပင် ကယ်တင်နိုင်၏။

အမူးအရူး ဒုစရိုက်သမား သူခိုးသားမှာ-

* အရှင်မောဂ္ဂလာန်တည်းဟူသော အလှူခံပုဂ္ဂိုလ် စိုက်ခင်းကောင်း (ပုညခေတ္တ)၌

* ကတွတ်မုန့်တည်းဟူသော မျိုးစေ့ဗီဇကို စိုက်ပျိုးခဲ့လေသောကြောင့် ထိုကုသိုလ်၏ အကျိုးဖြင့် ရုက္ခစိုးနတ်ဖြစ်လာသည့်တိုင်အောင် သုလသာကိုသာ တန်းတန်းစွဲဖြစ်နေ၏။

ငါ သုလသာကို ဘယ်မှာတွေ့ရပါမည်နည်း။

ရဂုံလှိုင်းမြောင် တောတောင်အရပ်ရပ်ကို စိတ်ပြေလက်ပျောက် တွေ့ရလိုတွေ့ရငြား ရှာလေ၏။

ဖူးစာရေစက်ဟု ဆိုရလေမည်လား။ သူတို့၏ ကံတရားကား ဆန်းပြားလှ၏။ တစ်နေ့သောအခါတွင် ထိုသူခိုးသား ရုက္ခစိုးနတ်သည် ယောင်လည်လည်နှင့် ဥယျာဉ်ကြီးတစ်ခုထဲ ရောက်သွားစဉ် အမှတ်မထင် သူမျှော်လင့်တောင့်တနေသော သုလသာနှင့် တွေ့ရလေ၏။ ထိုအခါ မိမိ၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဖြုန်းခနဲ မှောင်ကြီးကျစေပြီး သုလသာအား သူ၏ဗိမာန်သို့ ခေါ်သွားပါလေ၏။ ဘဝဟောင်းက ချစ်သူမယားဟောင်းနှင့် ပြန်ပေါင်းဆုံမိကြလေသတည်း။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

သုလသာနှင့် သူဌေးသား ရက္ခစိုးတို့ အချစ်ခိုးတွေ တဝေဝေနှင့် ချစ်မိုးစွေနေကြသည့်အချိန်တွင်မူ သုလသာ၏ မိခင်မှာ သမီးပြန်မရောက်သဖြင့် အပူမီးတောက်ကာ ခေါင်းဖောက်အောင် ရှာလေ၏။ လူတွေ့လေတိုင်းကို သုလသာကို တွေ့ပါသလား၊ ဘယ်မှာတွေ့မိပါသလဲဟူ၍ မေးကာမြန်းကာ သမီးရှာပုံတော်ဖွင့်ရာက ကံအားလျော်စွာ အရှင်မောဂ္ဂလာန်ကို ဖူးတွေ့ရလေ၏။

ထိုအခါ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးအား-

'တပည့်တော်မရဲ့သမီး သုလသာ ပျောက်ဆုံးနေပါ၏။ သူ့ကို အရှင်ဘုရား တွေ့မိပါသလားဘုရား' ဟူ၍ လျော့,မလျော့၊ သင့်,မသင့်ကို မချင့်ချိန်နိုင်။ သမီးဇောနှင့် မေးလျှောက်မိလေသော်-

'ဒါယိကာမကြီး··ဤနေ့မှ နောက်ခုနစ်ရက်မြောက်သောနေ့တွင် ရှင်တော်မြတ်ဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ တရားဟောတော်မူလတ္တံ့။ ထိုတရားပွဲသို့ သွားလော။ ထိုတရားပွဲ၏ အစွန်အဖျားတွင် သင်၏သမီး သုလသာကို တွေ့ရလတ္တံ့' ဟူ၍ မိန့်တော်မူလိုက်သောစကားအတွက် မိခင်ကြီးမှာ သက်သာရာရသွား၏။

ထိုအချိန်တွင် သူဌေးသား ရက္ခစိုးနှင့် သုလသာတို့မှာ ပျော်တပြုံးပြုံး နှလုံးစိတ်ဝမ်း ချမ်းတမြမြနှင့် ရှိနေကြရာက သုလသာသည် မိခင်ကို သတိရလာလေသဖြင့် ရက္ခစိုးအား ခွင့်ပန်လေ၏။

'သခင်··သခင်နှင့် အတူနေချင်သော်လည်း မနေ၍မဖြစ်ပါ။ အကျွန့်၏ မိခင်မှာ အကျွန့်အတွက် အပူမီးတောက် သောကရောက်နေရှာပါလိမ့်မည်။ နောင်သောအခါ နှစ်ပါးအတူ ချစ်ခွန်းကျူးခွင့် ရနိုင်စရာရှိပါသည်။ ယခု ပြန်ပါရစေဦး။ သည်ရောက်သည့်မှာ ယနေ့ဆိုလျှင် ခုနစ်ရက်တောင် ရှိသွားပါပြီ။ အကျွန့်ကို ပြန်ပို့ပေးပါလော့'

ဤသို့ပို့ပါ,ပို့ပါ တစာစာနှင့် ပန်ထွာညွတ်ပျောင်း သုလသာ၏ တောင်းပန်ချက်အရ ရက္ခစိုးနတ်လည်း ချစ်သူ့အကြိုက်ကိုလိုက်လျောကာ သုလသာကို ပြန်ပို့လေ၏။ ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရား ဟောကြားနေသော တရားပွဲအစွန်အဖျားတွင် သုလသာကို ထားခဲ့ပြီး ပြန်လေ၏။

◆◆◆

သုလသာသည် ရတ်တရက် သူ့ရှေ့မှောက်မှ ရက္ခစိုးနတ်သားလည်းပျောက်၊ အံ့လောက်စဖွယ် တရားပွဲကြီးကိုလည်း မြန်းခနဲ တွေ့ရလေသောအခါ ဟိုကြည့်သည်ကြည့်နှင့် ကြောင်စီစီဖြစ်နေ၏။

ဤတရားပွဲတွင် သုလသာနှင့် ရင်းနှီးသူများလည်း ပါလာရလေကား သုလသာကို တွေ့လေသော် မိခင်ကြီး သောကရောက်နေကြောင်း ပြောကြလေ၏။ ဘယ်သွားနေပါသနည်းဟူ၍လည်း တစ်ယောက်တစ်ခွန်း မေးမြန်းကြကုန်၏။

သုလသာလည်း မဟာနေသူဌေးသား ကွယ်လွန်၍ နတ်ဖြစ်နေသော ရက္ခစိုးနတ်သားက သူ့ဗိမာန်သို့ခေါ်သွားကြောင်းများမှအစ ဖြစ်ကြောင်းကုန်စင် ပြောပြလေသောအခါ ကြားရသူများမှာ အံ့အားသင့်ပြီး မယုံမကြည်ဖြစ်ကုန်လေ၏။

'သုလသာ··ညည်းစကားဟာ ယုံတမ်းစကားကြီးပါလား။ ရတနာသုံးပါး၊ မိဘ,ဆရာသမား သက်ကြီးပုဂ္ဂိုလ်များကို ရိုသေလေးစားရကောင်းမှန်းမသိ ပူဇော်ရမှန်းလည်းမသိ၊ လူ့ဒိဋ္ဌိ လူဒုစရိုက် အမူးသမား သူဌေးသားက ရက္ခစိုးဖြစ်နေတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား' ဟူ၍ တစ်ယောက် တစ်ခွန်း အစွန်းမလွတ် သူဌေးသားအား ထိပါးပုတ်ခတ်သော စကားလုံးများဖြင့် ဗုံးပေါက်သလို အကျောက်အကန် ဆိုပြောကြလေကုန်၏။

ထိုအခါ သုလသာကလည်း အလျှော့မပေးချေ။ ယုံကြည်နိုင်လောက်သော အချက်ကို လက်တွေ့တင်ပြ၍ ချေပလေ၏။

'ရှင်မတို့··ရာဇဝတ်သင့်၍ သတ်အံ့ဆဲဆဲ သူဌေးသားအား ကတွတ်မုန့်နှင့် ရေတစ်ခွက်ကို အကျွန်ပေးခဲ့ပါ၏။ ဤမုန့်ကို သူ မစားလေဘဲ အရှင်မောဂ္ဂလာန်အား ပေးလှူသော ကုသိုလ်ဒါနကြောင့် ရက္ခစိုးနတ် ဖြစ်ရကြောင်း' များကိုလည်း ရှင်းပြလေသည်။ ဤတွင်မှ လူအပေါင်းတို့လည်း ဒါနစေတနာ၏အစွမ်းကို အံ့ဩချီးမွမ်းမဆုံး ဖြစ်ကုန်လေ၏။

ထိုစကားသည် လူတို့မှတစ်ဆင့် ရဟန်းတော်များ၏ နားသို့ ပေါက်ကြားသွားလေ၏။ ရဟန်းတော်များမှတစ်ဖန် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြကုန်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် တစ်ခါတုန်းက ပညာ



www.burmeseclassic.com

www.burmeseclassic.com

မသင် အမြင်ခေါင်းပါး ဒုစရိုက်၏သားကောင် ဖြစ်ခဲ့သော်လည်း သေခါနီးကာလ အသတ်ခံရအံ့ဆဲဆဲ တဲတဲကလေး အလိုတွင် အရှင်မောဂ္ဂလာန်အား ကြည်ညိုသဒ္ဓါပွားများကာ မိမိစားမည့်မုန့်ကို လှူဒါန်းခဲ့သော ကောင်းမှု၏တန်ခိုးကြောင့် ရက္ခစိုးနတ်ဖြစ်လာရသော မဟာဓနသူဌေးသားနှင့် အလှူဖြစ်မြောက်အောင် လှူဖွယ်ပစ္စည်း ကတွတ်မုန့်ဖြင့် ပံ့ပိုးပေးခဲ့သော သုလသာကို အကြောင်းပြု ခေတ္တုပမာ အရပဟန္တေ အစရှိသော ဒေသနာတော်ကို ဤတရားပွဲတွင်ထည့် ဟောတော်မူသတည်း။

ဤတရားကား ထူးခြား၏။ တရားအဲ့ဆန်းဖြစ်၏။ ကွယ်လွန်သွားပြီးနောက် ဘယ်ဘဝရောက်၍ ဘာဖြစ်နေမှန်းမသိသူကို ရည်မှန်း၍ ဤဘဝ၌ ကျန်ခဲ့သူများက ပေးလျှင် အကျိုးခံစားရသောတရားဖြစ်၏။ ပရိသတ်သည် ဟောအပ်သောတရားကို အာရုံစူးစိုက်စွာ နာနေကြ၏။

ငြိမ်သက်နေသော ပရိသတ်ထဲတွင် ဂနာမငြိမ် ဣန္ဒြေမရ တရှုရှုဖြစ်နေသူတစ်ဦးရှိ၏။ ထိုသူကား သုလသာ၏ မိခင်ဖြစ်သတည်း။ တရားပွဲတွင် ပျောက်သောသမီးကို တွေ့လိမ့်မည်ဟု အရှင်မောဂ္ဂလာန်မထေရ်မြတ်၏ မြွက် ကြားချက်အရ ဟိုမှာတွေ့နိုးနိုး သည်မှာတွေ့နိုးနိုးနှင့် ပရိ သတ်ကြားတွင် သမီးကို လိုက်ရှာနေပါ၏။

'သုလသာရေ..ဟိုမှာ ညည်းအမေ၊ လူကြားထဲမှာ ညည်းကို လိုက်ရှာနေတယ်'

သူ၏မိတ်ဆွေများက လက်ညှိုးထိုး၍ မိခင်ကိုပြသ လေရာ သုလသာသည် သွက်လက်စွာပြေးသွားပြီး အမေ ဟု မိခင်၏ကိုယ်လုံးကို ကျုံး၍ဖက်လိုက်လေတော့၏...

**စကားချပ်**

ပေတဝတ္ထု၊ အဋ္ဌကထာ၊ ဥရဂဝဂ်ခေတ္တူပမပေတ ဝတ္ထုကို မြန်မာပြန်ဆိုထားခြင်းဖြစ်ပြီး ဦးကြီးခင်၊ ဦးမြင့် ဆွေတို့၏ ဗုဒ္ဓခေတ် ကိုယ်တွေ့တစ္ဆေ ဝတ္ထုညွှန့်ပေါင်းနှင့် တစ္ဆေဝတ္ထုစစ်တမ်းမှ ပြန်လည်ကောက်နုတ် ရေးသား တင်ပြထားခြင်းသာ ဖြစ်ပါကြောင်း ဝန်ခံစကားဆိုပြုရင်း ဖြင့်...။

ကိုရွှေမြသန်း(သမိုင်း



မှတ်ပုံတင်ပြီး

အမှတ်တံဆိပ်

အမေ့ဆေး
ဆီးချို သွေးချို
သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ
နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ပင်ရင်း အမှတ် (၃၀)၊ (၁၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – ၀၁–၃၇၆၇၀၁၊ ၀၁ – ၃၇၆၇၀၂၊ ၀၉–၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော
ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ်–၂/၂၀၁၃ တ(၂၃၉၈)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–TMR ၀၁၁၀၇၅(၁၁၁၄)
ကြော်ငြာခွင့်ပြုချက်အမှတ်–တ(တာနယ်ခင်း) ၀၀၃/၁၃၁၃


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

(က)

'ချက်က အရောင်ထွက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား'

'မယုံနိုင်စရာဘဲ'

'ချက်က အရောင်ထွက်တာမှ လရောင်လို ဖြာထွက်နေသတဲ့'

လောကမှာ အဆန်းတကြယ် တကယ်ဖြစ်လာသော အမှန်တကယ်ဖြစ်နေသော အကြောင်းအရာတွေ များစွာရှိသည်။ သာမန်ဉာဏ်မျိုးဖြင့် မဝေဖန်နိုင်သော ဂမ္ဘီရဆန်သော ဖြစ်ရပ်တို့ မြောက်မြားစွာရှိသည်။ မဖြစ်သေးသော အရာသာရှိသည်။ မဖြစ်နိုင်တာမရှိဟု ဆိုကြသည် မဟုတ်လော။

လောကတွင် မကြံစည်နိုင်သော၊ နက်နဲသော၊ ဂမ္ဘီရဆန်သော အကြောင်းအရာလေးခုရှိသည်။ ဘုရားရှင်နှင့်ပတ်သက်သောကိစ္စ မကြံစည်ရ၊ မနိုင်မနင်း ဖြစ်တတ်သည်။ ဈာန်အရာ မကြံရ၊ မဖြစ်ဖူး မြင်ထူးသော ဈာန်သမာပတ်မွေ့ ထိစ္စရပ်များကို မကြံစည်ပါနှင့်၊ ရူးသွားတတ်သည်။ ကံအရာကံနှင့်ပတ်သက်သော အကြောင်းအရာများကိုလည်း မကြံစည်ပါနှင့်။ မိမိဉာဏ်မမီနိုင်လောက်အောင် ဆန်းကြယ်သဖြင့် စိတ်တွေ ဝေဝါးထွေပြားသွားနိုင်သည်။ လောကကြီး အကြောင်းကိုလည်း မကြံစည်ပါလေနှင့်။ ကမောက်ကမ အတွေးတွေဝင်ကာ အယူဝါဒပင် တိမ်းစောင်းချွတ်ချော်သွားနိုင်သည်ဟု ဆိုပါ၏။

ယခုတင်ပြမည့် လူသားတစ်ယောက်၏ ချက်မှ အရောင်တွေလို မြူးကွန့်လူးလွန့် ထွက်ပေါ်နေခြင်းသည် ထူးခြား၏။ သာမန်ကိစ္စ မဟုတ်နိုင်။ ထိုသူပြုလုပ်ခဲ့သော အတိတ်ကံနှင့် ပတ်သက်နေသည်။

အတိတ်ကံကို မမြင်ရသဖြင့် မဖြစ်နိုင်ဘူး၊ မဟုတ်နိုင်ဘူးလို့ ငြင်းဆို၍မရပေ။ ကံသည် မကြံစည်ကောင်းသော ကိစ္စလည်း ဖြစ်နေသည်။

ကမ္မဝိပါကော အစိန္တိယော-ကံ၏ အကျိုးတရားကို မကြံစည့်နိုင်ဟု ဆိုပါ၏။ ကမ္မသတ္တေ ဝိဘဇတိ-ကံသည် လူသားအပါအဝင် သတ္တဝါတွေကို ကောင်းစေ၊ ဆိုးစေ ခွဲခြားပေး၏။ ထူးစေ၊ ဆန်းစေ၊ အံ့သြစေ စီမံဖြစ်ပေါ်စေသော ဖန်ဆင်းရှင် ဖြစ်၏။

(ခ)

ရာဇဂြိုဟ်ပြည်သား ပုဏ္ဏားမျိုးမှာဖွား လူသားတစ်ယောက်။

သူသည် မွေးဖွားလာကတည်းက ချက်မှ လဝန်းသဏ္ဌာန် ထွန်းလင်းသည့်အရောင်များ ထွက်ပေါ်နေသည့် လူထူးလူဆန်းတစ်ယောက် ဖြစ်၏။

ထို့ကြောင့် သူ့ကို စန္ဒာဘဟု ခေါ်ကြသည်။

စန္ဒာဘဟူသည် လရောင်ထွက်ဖြာနေသောသူဟု အဓိပ္ပာယ်ရ၏။ သူ၏ထူးခြားမှု၊ ဆန်းကြယ်မှုကို အကြောင်းပြု၍ သူ၏ မိဘ,ဆွေမျိုးများက သူ့ကို လှည်းပေါ်မှာ တင်ဆောင်ကာ ရွာစဉ့် မြို့စဉ် လှည့်လည်ကာ စီးပွားရှာကြသည်။

တစ်ခါကြည့်၊ အသပြာတစ်ရာ။ အနီးကပ် ကိုင်ကြည့်လျှင် အသပြာတစ်ထောင် ပေးရသည်။

လူတို့မည်သည် အထူးအဆန်းဆိုလျှင် အရူးအနှမ်းကိုပင် ဝိုင်းကြည့်တတ်ကြသည်။ ဟိုးရှေးယခင်ကလည်း ရှိခဲ့သည်။ သိပ္ပံပညာတွေ ထွန်းကားနေသော ယနေ့ ကွန်ပျူတာခေတ်၊ နည်းပညာခေတ်တွင်လည်း လူတို့ သဘောထား ပြောင်းလဲ၍ မသွားပေ။ ထူးသည်၊ ဆန်းသည်ဆိုလျှင် ခရီးဘယ်လောက်ဝေးဝေး ပြေးကြည့်ချင်ကြသည်။ အထူးအဆန်းပုဂ္ဂိုလ်ဟုကြားလျှင် သူ့ထက်ငါဦး အငမ်းမရကြည့်ချင်၊ မြင်ချင်ကြသည်။ ပုဂ္ဂိုလ်ထူးဆိုလျှင်လည်း တွေ့ချင်၊ ဖူးချင်ကြသည်။

တွေ့ရ၊ ဖူးရလျှင်၊ ကိုင်ရတွယ်ရလျှင် နေ့ချင်းညချင်း ချက်ချင်းသူဌေးဖြစ်မည်ဟုလည်း ထင်ကြသည်။ စီးပွားရေး ကောင်းမည်။ မိမိလုပ်ငန်းဆောင်တာများ ချောမော အောင်မြင်မည်ဟု ယုံကြည်တတ်ကြလေသည်။ သို့ဖြင့်ပင် အမှန်အကန်ပုဂ္ဂိုလ်ထူးများနှင့် မတွေ့ဘဲ အကြံအဖန်ပုဂ္ဂိုလ်ရူးများနှင့်သာ နဖူးစာဆုံကာ ရှိသမျှဥစ္စာ ကုန်သွားကြသူတွေလည်း ရှိသည်။

သေသေချာချာ စဉ်းစားကြည့်ပါ။ နက်နက်နဲနဲ ဆင်ခြင်ကြည့်ပါ။ ကိုယ်တိုင်က ဘာမျှမလုပ်ဘဲ ကံ၊ ဉာဏ်၊ ဝီရိယ မစိုက်ထုတ်ဘဲ ဦးဖွဆိုလိုက်ရုံမျှဖြင့် စီးပွားဥစ္စာ ငွေကုဋေကုဋာ ပုံကျလာသောနည်း မရှိနိုင်ပေ။ မိမိကံကို အားကိုးရမည်။ မိမိဉာဏ်ကို အသုံးချရမည်။ မိမိလုံ့လ၊ ဝီရိယကို အရင်းတည်ကာ စိုက်ထုတ်ကြိုးစားရမည်။ သို့မှသာ ကြီးပွားချမ်းသာနိုင်သည်။ လုပ်ငန်းဆောင်တာများ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာပေလိမ့်မည်။ သဘာဝလည်း ကျသည်။

ဗုဒ္ဓဘုရားကလည်း မောကြားလမ်းညွှန်တော်မူထား



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်များထံ မသွားရဘူး၊ မတွေ့ဆုံရဘူး ဟု မဆိုပါ။ သွားပါ၊ တွေ့ဆုံပါ၊ ဖူးမြော်ပါ။ ယင်းသည် ပုဂ္ဂိုလ်ထူးသည် မည်သို့ကျင့်ကြံအားထုတ်သဖြင့် ထူးခြားဆန်းကြယ် အံ့သြဖွယ်ဖြစ်သွားရသည်ကို အတွင်းကျကျ အရင်းကျကျ လေ့လာပြီး မိမိကိုယ်တိုင် ထူးခြားသူဖြစ်လာအောင် ကြိုးစားပါ။ အားထုတ်ပါဟူ၍ တိုက်တွန်းလိုခြင်းသာ ဖြစ်ပါ၏။

(ဂ)

ကြည့်ပါ။ စန္ဒာဘ သူငယ်လေး လုလင်လေး ချက်မှ လရောင်အမြဲထွက်နေခြင်းသည် သာမန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်တာကတော့ သေချာသည်။ အကျိုးထူးကို တွေ့မြင်လျှင် အကြောင်းထူးကေန် ရှိရပေမည်။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်လာရသည် မဟုတ်လော။ အကြောင်းကင်းသော အကျိုးတရားဟူ၍လည်း ဘယ်သင်္ခါကမှ မရှိချေ။

မှန်ပေသည်။ စန္ဒာဘလုလင်သည် ကဿပမြတ်စွာဘုရား၏ ရွှေစေတီဝမ်းဗိုက်တော်ပေါ်မှ စန္ဒကူးနံ့သာတို့ကို လပြည့်ဝန်းသဏ္ဌာန် ပြုလုပ်ပူဇော်ခဲ့လေသည်။ ဤကောင်းမှုကုသိုလ်ထူးကြောင့် ယခုဘဝတွင် ရာဇဂြိုဟ်ပြည် ပုဏ္ဏားမျိုးနွယ်မှာ လူလာဖြစ်ပြီး မွေးကတည်းက ချက်မှ လရောင်ဖြာထွက်နေခြင်းပေတည်း။

စန္ဒာဘ (သို့မဟုတ်) မောင်လရောင်ကို အကြောင်းပြု၍ သူ၏ဆွေမျိုးများ စီးပွားဖြစ်ကြသည်။

သို့နှင့် သူတို့ လှူထူးလှူဆန်းပြပွဲအဖွဲ့သည် သာဝတ္ထိပြည်သို့ ရောက်လာ၏။ မြို့နှင့် ဇေတဝန်ကျောင်း အကြားမှာ နေရာယူကာ ဆိုင်းဘုတ်တင်ကြသည်။ ကြော်ငြာကြသည်။

'ချက်မှ လရောင်တွေ ဖြာထွက်လင်းထိန်နေသော လူထူးလူဆန်းကို ဝင်ရောက်ကြည့်ရှုနိုင်သည်။ ရုံဝင်ခအသပြာတစ်ရာ၊ အနီးကပ် ကိုင်ကြည့်လိုပါက အသပြာတစ်ထောင်ပါ။ တွေ့မရှောင်ဘဲ ကြုံတုန်းကြုံခိုက် ကြည့်လိုက်ကြနော်။

ကိုင်တွယ်ကြည့်သူများ စီးပွားရေး ချက်ချင်းကောင်းမွန်ပြီး သူဌေးဖြစ်နိုင်သည်။ ရတောင့်ရခဲ အခွင့်အရေးကို လက်မလွှတ်စေကြနဲ့ မိတ်ဆွေအပေါင်းတို့'

စီးပွားရေးကောင်းကာ သူဌေးဖြစ်ချင်ကြသော ပုထုဇဉ် လောဘသမားတို့က ဝင်ရောက်ကြသော်လည်း အမြော်အမြင် ဉာဏ်အဆင်အခြင်ရှိကြသော ကလျာဏပုထုဇဉ်နှင့် အရိယာတို့ကမူ ဝင်ရောက်မကြည့်ကြချေ။

သင်တို့ဘုရားက တန်ခိုးမရှိ ငါတို့အရှင်သခင်ကလေးက တန်ခိုးရှိသည်။ သူဌေးဖြစ်အောင် လုပ်ပေးနိုင်သည်ဟု မာန်တက်ကာ ဗုဒ္ဓဘုရားနှင့် တန်ခိုးပြိုင်ရန် စိန်ခေါ်လေတော့၏။

(ဃ)

သို့ဖြင့် ဆွေမျိုးပုဏ္ဏားတို့သည် ဘုရားရှင်နှင့် တန်ခိုးပြိုင်ရန် မောင်လရောင်ကို ဇေတဝန်ကျောင်းသို့ ခေါ်ဆောင်လာကြလေသည်။

စန္ဒာဘ ခေါ် မောင်လရောင်သည် မြတ်စွာဘုရားရှေ့ ရောက်သောအခါ ချက်မှ လရောင်များ မထွက်တော့ဘဲ ပျောက်ကွယ်သွားကာ တစ်ကိုယ်လုံး မည်းမှောင်သွားလေ၏။ နေရောင်ရောက်က ဆီးနှင်းပေါက်များ ပျောက်ကွယ်သကဲ့သို့ မြတ်စွာဘုရားရှင်၏ တန်ခိုးတော်အနန္တနှင့် မယှဉ်နိုင်ခြင်း ဖြစ်သည်။

လရောင်ဖြာထွက်နေသော မောင်လရောင်မှာ ကျီးကန်းတစ်ကောင်ပမာ မည်းမှောင်သွားသည်။ ထူးဆန်းသည်မှာ ကျောင်းအပြင် ထွက်သောအခါ လရောင်ထွက်ပေါ်လာပြီး ဘုရားရှိတော်မူရာကျောင်းထဲ ပြန်ဝင်သောအခါ လရောင် ကွယ်ပျောက်သွားလေ၏။

ထိုအခါ မြတ်စွာဘုရား၏ အနန္တတန်ခိုးတော်နှင့် မယှဉ်နိုင်ကြောင်း မောင်လရောင် ကောင်းစွာသဘောပေါက်သွားလေပြီ။

ထိုအခါ မောင်လရောင်က-

'ကျွန်ုပ်၏အရောင် ကွယ်ပျောက်သွားစေနိုင်သော ဂါထာမန္တန်ကို ကျွန်ုပ်အား သင်ကြားပေးပါလော့'ဟု တောင်းပန်ရလေတော့သည်။

စန္ဒာဘတို့ ဗြဟ္မဏမျိုး၊ ပုဏ္ဏားမျိုးက ဂါထာမန္တန်များကို နှစ်ရှည်လများ အဓိကထား၍ သင်ယူရသည်မဟုတ်လော။ မြတ်စွာဘုရားထံမှာ တန်ခိုးထက်သော ဂါထာမန္တန်များ ရှိလိမ့်မည်ဟု ယူဆကာ ဂါထာတောင်းခြင်းဖြစ်သည်။

(င)

မြတ်စွာဘုရားသည် တရားထူးရမည်ကို သိမြင်တော်မူထားသော မောင်လရောင်အား ဗုဒ္ဓသာသနာတွင်းသို့ သွတ်



www.burmeseclassic.com

www.burmeseclassic.com

သွင်းတော်မူလိုက်သည်။

'ရဟန်း မဟုတ်သူအား ပေး၍မရ'

ဂါထာလိုချင်သော မောင်လရောင်သည် သက်နှီးဆီး ပြီး ဂါထာသင်ယူရန် ဆုံးဖြတ်လိုက်၏။

ခွေမျိုးပုဏ္ဏားတို့ကို–

'သင်တို့ ကျောင်းအပြင်က ခဏစောင့်ကြည့်။ ငါ ဂါထာသင်ယူလိုက်ဦးမယ်'

မောင်လရောင်က တစ်ခဏမျှဖြင့် ဂါထာသင်ယူလိုက် လျှင် ကိစ္စပြီးမည်ဟု အောက်မေ့နေပုံရသည်။

မြတ်စွာဘုရားက မောင်လရောင် ခေါ် အရှင်စန္ဒာဘ (ဦးပခွင်းလရောင်)ကို ဒွိတ္တိံသာကာရ ခေါ် (၃၂)ကော ဋ္ဌာသကမ္မဋ္ဌာန်းကို သင်ပေးတော်မူ၏။ (၃၂)ကောဋ္ဌာသဟူ သည် ခန္ဓာကိုယ်တွင်းရှိသော ဆံပင်၊ မွေးညင်း၊ လက် သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ် အစာဟောင်း၊ ဦးနှောက်၊ သည်း ခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီ ကြည်၊ တံတွေး၊ အစေး၊ နှပ်၊ ကျင်ငယ်တို့ ဖြစ်သည်။

အရှင်စန္ဒာဘသည် ပါရမီရှင်ပီပီ အထက်ပါကမ္မဋ္ဌာန်း ကို စီးဖြန်းအားထုတ်လေရာ သုံးရက်အတွင်းမှာပင် အာ သဝေါကင်းကွာ ရဟန္တာအစစ် ဖြစ်သွားခဲ့ပါ၏။

အပြင်မှ စောင့်နေကြသော ပုဏ္ဏားခွေမျိုးများက 'စန္ဒာဘ..ဂါထာရပြီလော'ဟု မေးကြရာ 'သင်တို့ သွား ကြလော့။ ငါ မလိုက်တော့ပြီ'ဟု ပြန်ပြောလိုက်၏။

မှန်သည်။ ရဟန္တာအစစ် ဖြစ်သွားသူသည် လူထူး လူဆန်းအဖြစ် လှည့်လည်ပြသခံပါတော့မည်လော။

ဤအကြောင်းကို ရဟန်းတို့က မြတ်စွာဘုရားကို လျှောက်ထားမေးမြန်းကြရာ မြတ်စွာဘုရားက–

အရှင်စန္ဒာဘသည် အဟုတ်အမှန်စကားကိုသာ ဆိုပေ ၏။ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားပြီဖြစ်၍ တိမ်မှောင် မြူမှေး အညစ်အကြေးကင်းစင်သော လမင်းစင်စစ် ဖြစ် သွားလေပြီတည်း။

မုံရွာ-နေဇာ

*(ဓမ္မပဒ အဋ္ဌကထာ၊ ဗြဟ္မဏဝဂ် စန္ဒာဘထေရ ဝတ္ထု ကို ခြယ်မှုန်းရေးသားပါသည်။)*


ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘ.နဝ (တ.ဆ-၁၄၃၂)

ပြည်တော်စံ

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်စံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ

လေဖြတ်မည့် သတ္တုဏာများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းတိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁:၀၀)နာရီမှ ညနေ(၄:၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
📱 ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄




www.burmeseclassic.com

www.burmeseclassic.com

ဒကာကြီးက ဂမ္ဘီရမဂ္ဂဇင်း ထုတ်ဝေသူဆိုတော့ အယ်ဒီတာဆိုတော့ ကိုယ်တိုင်ရော လျှို့ဝှက်နက်နဲသိမ်မွေ့ ခက်ခဲတဲ့ ကျင့်စဉ်တော့်တွေကို ကျင့်ကြံအားထုတ်ခဲ့ဖူးလား အရင် ဦးပဥ္ဇင်း မေးကြည့်ချင်တယ်။

ဦးပဥ္ဇင်း ဘာလို့မေးရသလဲဆိုရင် ကိုယ်တိုင်ကျင့်ဖူး၊ လိုက်စားအားထုတ်ဖူး၊ လေ့လာမှတ်သားဖူးမှ ခက်ခဲနက်နဲ သိမ်မွေ့ထူးဆန်း အံ့ဩလောက်တယ်ဆိုတဲ့ အသိတရား အတွေ့အကြုံ ကိုယ်တွေ့ ရလာနိုင်တာမို့ပါ ဒကာကြီး ဒီဒီး။

ဒကာဒီဒီး ဖတ်ဖူးမှာပါ။ ဗိုလ်တာရာရဲ့ ပါရမီစခန်း၊ တောင်တန်းကေရီ စာအုပ်တွေ။ တကယ်ဟုတ်ရဲ့လား မေးစရာတွေ အများကြီးပါပဲ။ ဗိုလ်တာရာ စာအုပ်တွေကြောင့် ပျဉ်းမနား စမတောင် နာမည်ကြီးခဲ့ရပါတယ်။ တချို့က စမတောင် မရောက်ဖူးသေးရင် ဂန္ဓာရီခရီး မရောက်သေးဘူးလို့ ပြောတဲ့လူက ပြောသေးတယ်။

အထွက်စခန်းလိုက်တဲ့ လူတွေကလည်း ပုပ္ပားတောင် အဝင် ရေတံခွန်တောင်အထွက်တဲ့။ ပုပ္ပားစခန်းကို အရင် ဝင်ပြီးရင် ရေတံခွန်တောင် စခန်းသိမ်းဝင်မှ ကိစ္စလုပ်ငန်း အဝဝ ပြီးတယ်လို့ ပြောကြပြန်ပါတယ်။ တကယ်တော့ ဒကာကြီး··အလုပ်က အရေးကြီးတာပါ။ စခန်းက မိန်း မဟုတ်ပါဘူး။ ဘယ်စခန်း ဘယ်လမ်းပဲလိုက်လိုက် အလုပ် ကို အလုပ်နဲ့တူအောင် ဖိဖိစီးစီးမလုပ်ဘဲ အဲဒီဝိဇ္ဇာလမ်း စခန်းတွေ လျှောက်ဝင်နေရုံနဲ့တော့ မိမိကိစ္စ မပြီးဘူး ထင်တယ်နော်။



## ရွှေဂူကြီး အရှင်စဝရဏာ ပြောရဦးမယ် ဒကာဒီဒီးရေ(၁)



www.burmeseclassic.com

www.burmeseclassic.com

တချို့လည်း ယောင်ဝါး စမ်းတဝါးဝါး ဟိုလိုက် ဒီလိုက် လမ်းမှား ခါးပြတ် တစ်ဝက်တစ်ပျက်နဲ့ ဇီဝိန်ချုပ်သွားလို့ လမိုင်းတွေဖြစ်နေတာ အများကြီးပါ။

အခါတစ်ပါးမှာ မန္တလေးမှာရှိတဲ့ ရေကသိုဏ်းဆရာတော် ဦးဓမ္မနန္ဒ မိန့်ဖူးတာရှိတယ်။ သူက အကြားအမြင်ရတယ်လေ။ ဦးပဍ္ဍင်းကြီး ဘေးနားတစ်ဝိုက်မှာ လမိုင်းတွေ အများကြီးတွေ့တယ်။ အထူးဂရုစိုက် အလုပ်လုပ်ပါတဲ့။ ဒါနဲ့ ဦးပဍ္ဍင်းလည်း လမိုင်းကိစ္စ တိကျအောင် ရှင်းပြတတ်တဲ့ အင်းဝိဇ္ဇာ ပထမံဆရာ ဦးတင်အောင်ဆီသွားပြီး လမိုင်းအကြောင်း မေးမြန်းဖူးတယ်။

'လမိုင်းဆိုတာ ကောင်းတာလား၊ ဆိုးတာလား ဦးပဍ္ဍင်းကြီး ဖြေပေးပါ'

'ဆိုင်းတီးရတာ ဒီနေ့ လမိုင်းကပ်တယ်ဟေ့။ ပရိတ်သတ်ကို ငြိမ်နေတာပဲ။ အငြိမ့်ကရတာ ဒီည တယ်လမိုင်းကပ်တာပဲ။ အားလုံးကို အိုကေနေတာပဲလို့ ပြောကြဆိုကြတာ ဦးပဍ္ဍင်း ကြားဖူးပါတယ် ဆရာကြီး'

'ဒါဆို လမိုင်းကပ်တာ ကောင်းတယ် ခေါ်မလား၊ ဆိုးတယ် ပြောမလား'

'အဲအတိုင်းဆိုရင်တော့ အကောင်းပေါ့။ ကောင်းတာပေါ့'

'လမိုင်းဆိုတာ တကယ်ကျင့်ကြံအားထုတ်ရင် ကိစ္စမပြီးခင် လမ်းခုလတ်မှာတင် ဆုံးပါးသွားတဲ့သူတချို့ လမိုင်းဖြစ်တာ များတယ်။ ဝိဇ္ဇာ မဖြစ်သွားဘူး။ သူတို့က တရားအလုပ်လုပ်ရင်း သေသွားတာဆိုတော့ သရဲတစ္ဆေ မဖြစ်ဘူး။ သူတော်ကောင်းတွေပါ။ မိတ်ဖွဲ့ပေါင်းသင်းတတ်ရင် အကျိုးဖြစ်ထွန်းတတ်ပါတယ်။ ဒါကြောင့် ပွဲတခါနီး၊ ဆိုင်းတီးခါနီး လမိုင်းပွဲပေးကြတာပေါ့။ မိတ်ဖွဲ့တဲ့သဘော။ ကူညီစောင့်ရှောက်ဖို့ပေါ့။ အဆင်ပြေ ချောမွေ့အောင်ပေါ့ ဦးပဍ္ဍင်းကြီးလို့ ပထမံဆရာကြီး ဦးတင်အောင်က ရှင်းပြတယ်'

တချို့တလေက အိမ်မှာ နဂါးနဲ့ဘုရား မကိုးကွယ်ကောင်း၊ မထားကောင်းဘူး ပြောလိုပြော၊ ဘုန်းကြီးကျောင်းကပစ္စည်း အိမ်မှာ မထားကောင်းဘူး ဆိုတဲ့လူက ဆိုကြတယ်။ ဂဃနဏ ကွဲကွဲပြားပြား ရှင်းပြသလားဆိုတော့ ဟိုလိုလို ဒီလိုလို ခရေစေ့တွင်းကျဲမသိ။ လေသံကြားနဲ့ ရမ်းတုတ်နေကြတာပဲ။ ဒါကြောင့် ဒကာကြီးဒီဒီးကို ဂမ္ဘီရပညာရပ် နှံ့နှံ့စပ်စပ် လေ့လာလိုက်စား အားထုတ်ဖူးလားလို့ မေးရတာပါ။ သိထား တတ်ထား၊ လေ့လာလိုက်စားထားတော့ သူများနှပ်တာ မခံရဘူးပေါ့ ဒကာကြီးရယ်။

ပြောပြရဦးမယ်၊ အမှတ်ရမိလို့။

အခါတစ်ပါးတုန်းက ဒကာတစ်ယောက် အိမ်မှာ ကြုံဖူးတာလေး။

ဒကာတစ်ယောက်က ဆွမ်းစားပင့်လို့ အိမ်တစ်အိမ်ရောက်သွားတယ်။ အပေါ်ထပ်ခိုးမှာ ဘုရားဆောင်။ လှေကားကနေ တက်တော့ လှေကားနားက တိုင်မှာ ဇလွန်ပြည်တော်ပြန် ဓာတ်ပုံတစ်ပုံ ဓောက်ထိုးဖြစ်နေတာကို ဦးပဍ္ဍင်း သတိထားမိတယ်။ ဘာမှတော့ မပြောဖြစ်ခဲ့ဘူး။ ပို့စကတ်အရွယ်ဆိုဒ်ပေါ့။

ကိုယ် ဘုရားကန်တော့ပြီးတော့ ဒကာမနှစ်ယောက်နဲ့ ဒကာတစ်ယောက် အပေါ်ထပ် တက်လာတယ်။ ဘုရားကို ရှိခိုးကန်တော့တယ်။ မကြာလိုက်ဘူး၊ အဲဒီထဲက အမျိုးသမီးတစ်ယောက် ဝင်ပူးပါရော။

'ဘုရားပုံတော်ကို ဘာလို့ ဓောက်ထိုးကြီးထားရတာလဲ။ ဒါ ဘုရားလေ။ လူမြင်မကောင်း သူမြင်မကောင်း အဲဒါတွေ ငါက မကြိုက်တာ'

ဆိုင်းမဆင့် ဗုံမဆင့် အသားလွတ်ကြီး ဝင်ပြောတော့တာပေါ့။ မဟုတ်မှလွဲရော စောစောက တွေ့ခဲ့တဲ့ ဇလွန်ပြည်တော်ပြန်ဘုရားပုံပဲ ဖြစ်ရမယ်လို့ ဦးပဍ္ဍင်းက တန်းသိလိုက်တယ်။

ဘုရားက ဓာတ်ပုံပဲ။ ရုပ်တု၊ ဆင်းတုတော်မှ မဟုတ်ဘဲ။ ရုပ်ပီပြင်ရင် နာမ်ချင်းတယ်ဆိုတာ ရုပ်တုမှ အသက်ရှိတာပါ။ ဓာတ်ပုံက အသက်မဝင်ဘူးလေ။ အနေကဇာတင်လို့လည်း မရဘူးလို့ အိမ်ရှင်ဒကာက မာမာထန်ထန် ပြန်ပြောတယ်။

မယ်တော်ကို အဲဒီလို ခံပြီးပြန်မပြောနဲ့လို့ ဟိတ်သုံးပြန်ပါရော။

'ဘယ်အရပ်က ဘယ်မယ်တော်လဲ။ အမိန့်ရှိပါဦး'

'နတ်ပြည်က မယ်တော်မိနတ်သားလေ'

'ဗျာ..ဒါဆို နတ်ပြည်ခြောက်ထပ် ဘယ်အထပ်မှာ သီတင်းသုံး နေထိုင်ပါသလဲ။ မှတ်သားထားချင်လို့ပါ။ တိတိကျကျ အဖြေပေးခဲ့ပါ။ ရှိသေပါတယ်။ လေးစားပါ

www.burmeseclassic.com

တယ် မယ်တော်ကြီး လို့ ခနဲ့တဲ့တဲ့လေသံနဲ့ ဒကာက ပြန်မေးပါရော။

အင်း..အဲ..ဟို..သွားတော့မယ်ဆို ဦးချထွက်သွားတာပဲ ဒကာဒီဒီးရေ။ သူပြောလူပြော ယောင်တွေနှောသဘော ဉာဏ်မမီတဲ့။ သေသေချာချာ မလေ့လာဘဲ ဖွတ်ပြောတတ်တဲ့သူနဲ့ တတ်သိလေ့လာထားသူနဲ့ ဆုံတဲ့ပွဲပေါ့။ အရှက်ရသွားတာပေါ့။

နောက်တစ်ခါကျတော့ သီလရှင်တစ်ပါး။

သူကျတော့ အဘကြွသကွဆိုပြီး ဟောပြောနေတာ။ ကွမ်းယာ၊ စီးကရက်၊ ရေနွေးကြမ်း အခန့်သား စတိုင်ကျကျ တင်ပျဉ်ချိတ်ပြီး ဇိမ်ကျနေတာ။ အနားကသူတွေက မျက်နှာတောင် ရဲရဲတင်းတင်း မကြည့်ရဲကြဘူး။

အဲဒီမှာ တစ်ခါဆုံတာလေး ဦးပဥ္စင်း ဖောက်သည်ချမှလို့။

စီးကရက်၊ လက်ဖက်ရည်နဲ့ မုန့်ဟင်းခါးတွေ ဒကာတစ်ယောက်က လာကပ်တယ်။ မုန့်ဟင်းခါးက ချဉ်ချဉ်ငံငံ စပ်စပ်။ အဘဆိုတဲ့လူက တစ်ဇွန်းစားပြီး မစားတော့ဘူး။ ဝနေလို့ဆိုပြီး ဆက်မစားဘူး။

ဒါ အဘအကြိုက်ဆုံး မုန့်ဟင်းခါးလေ။ စားပါဦးဆိုပြီး ဒကာက ထပ်ကပ်တယ်။ ဟင့်အင်း၊ တော်ပြီ။ မင်းဟာက ချဉ်ငံစပ်တာမှ မတရားပဲလို့ အဘဆိုသူက ပြန်ပြောတယ်။

ဒကာက ပြုံးဖြီးဖြီးနဲ့ ထပ်ပြီးတော့ နောက်တစ်ခါ



လာရင် အဘ အကြိုက်ဆုံး ဝက်သားနီချက် ချက်ပြီး ယူလာခဲ့ဦးမယ် ထပ်လျှောက်တယ်။

ဟာ..မဟုတ်က ဟုတ်တကွာ။ ပေါက်ပေါက်ရှာရှာ ပြောတော့မယ်လို့ အဘဆိုသူက ကိုယ်လေးတလှုပ်လှုပ်နဲ့ စီးကရက်ဖွာပြီး ပြောပြန်တယ်။ ဒကာမျက်နှာလေး တစ်ချက်မဲ့သွားတာ သတိထားမိလိုက်တယ်။

အခု အဘအချစ်ဆုံး မိန်းမကြီး မဟေသီဂွမ်းပုံ ပါမလာဘူးလားလို့ တစ်ဆင့်တက်ပြီး ဒကာကမေးပြန်ရော။

ဘယ်က ဂွမ်းပုံလဲလို့ အဘဆိုပြီး ဝင်နေတဲ့ သီလရှင်က မေးရော စီးကရက်၊ လက်ဖက်ရည်၊ မုန့်ဟင်းခါးကပ်တဲ့ ဒကာက ဘာပြောတယ်မှတ်သလဲ ဆရာဒီဒီး။

အခုကြွနေတဲ့အဘ ဆိုတာက ဘယ်က အဘလဲ ဘယ်သူလဲလို့ လေသံမာမာနဲ့ မေးလည်းမေးရော မင့်အဘပေါ့ကွ။ မြန်မာပြည်တစ်လွှား ထင်ရှားနေတဲ့ အဘကြီးပေါ့ကွလို့ စိတ်ဆိုးလာတဲ့ လေသံမာမာနဲ့ ပြန်ပြောတယ် ဆရာရေ။

သူတို့အဘကို အဲသလို ပြောရ၊ မေးရပါ့မလားလို့ ဆေးလိပ်၊ ကွမ်းယာ၊ ရေနွေးကြမ်း လိုလေသေးမရှိ ဆက်ကပ်နေတဲ့ မိန်းမတွေက အဲဒကာကို လှမ်းကြည့်နေတာ ဦးပဥ္စင်း သတိထားမိလိုက်တယ်။ မြင်လိုက်တယ်။

ဒီတော့မှ ဒကာက ပိတ်သလေးနဲ့ ပိတ်ပစ်သလို ချဉ်ငံစပ်မုန့်ဟင်းခါး မကြိုက်ဘူး။ ဝက်သားနီချက်ကျ တော့လည်း အမယ်လေး မလုပ်ပါနဲ့။ မဟေသီဂွမ်းပုံ ကျတော့လည်း ဘယ်ကလဲ မသိဘူးဆိုရင် ဘိုးတော် မင်းခေါင်တော့ မဟုတ်တာ ကျိန်းသေပဲ။ ဒါဆို ဘယ်က အဘလဲ ပြောစမ်းပါဆိုလဲဆိုရော အဘက တိုက်ကြီး အဘ ဖြစ်သွားပါလေရော။

တိုက်ကြီးဘိုးတော် တစ်ခါမှ မကြားဖူးဘူး။ ဘယ် လိုကြောင့် တိုက်ကြီးဘိုးတော် ဖြစ်ရတာလဲ။ ရှင်းပါဦး ဆိုမှ တိုက်ပိပြီးသေလို့ တိုက်ကြီးဘိုးတော် ဖြစ်လာ တာတဲ့။ ရှင်းသွားရော။ ရယ်လိုက်တာ ဖတ်ဖတ်မော

အဲဒကာက ဘိုးတော်မင်းခေါင်နဲ့ လက်ပွန်းတ နေခဲ့ဖူးတယ်ထင်တယ်။ ဘိုးတော်မင်းခေါင်အကြိုက် အသက်မကအချစ်ဆုံး၊ အနှစ်သက်ဆုံးတွေ အာ ထားတယ်။ ဟုတ်တယ် ဒကာဒီဒီး။ မုန့်ဟင်းခါးဆို

ချို ငံငံ စပ်စပ်၊ အသားဆို ဝက်သားနီချက်။ မဟောသီ ငွမ်းပုံဆိုတာ အင်းဝမင်းခေါင် ဖြစ်စဉ်က သူ့အချစ်ဆုံး တော့တွေမြောက် မိဖုရား။

ဦးပဉ္စင်း ပြောလိုတာက တချို့ပေါ့လေ။ အဘာ ကြွ တယ်ဆို၊ ဘယ်က အဘာလဲ မမေးတတ်ဘူး။ မမေးရဲကြ ဘူး။ အဘာဆို ပြီးရော၊ အဟုတ်မှတ်နေကြတာ။ ညာစား လို့ ရမှန်းသိတော့ တချို့လည်း အဘာဆိုပြီး ဖိန့်တစ်လုံးနှင့် အလုပ်ဖြစ်နေကြတာ။

သနပ္ပင် ကန်တစ်ရာကျောင်းမှာဖြစ်တဲ့ အဖြစ်အပျက် ကလေး တစ်ဆင့်ပြန်ပြောပြဦးမယ်။ ဆရာဒီဒီး ကြားဖူး သားများ ဖြစ်နေမလား မသိ။

ကန်တစ်ရာကျောင်းမှာ အလှူရှိလို့ ဦးပဉ္စင်း သွား တယ်။ အဲဒီမှာ ကြုံခဲ့၊ ကြားခဲ့ရတာပါ။

ရန်ကုန်က အလှူလာတဲ့ မိန်းမတစ်သိုက် ရွာထဲက ဒေါ်နုတင်ဆိုတဲ့ ဓာတ်စီးခံဆီ အပြန်ဝင်ကြမတဲ့။ ဘိုးတော် မင်းခေါင်ကို ပင့်ခိုင်းပြီး မေးကြမြန်းကြမတဲ့။ သိပ်မှန်၊ သွေးထွက်အောင်မှန် ဆိုပဲ။ ဘိုးတော်မင်းခေါင်အတွက် စီးကရက်၊ ကွမ်းယာ ဝယ်လာခဲ့တယ်တဲ့။ သူတို့ပြောနေ ကြတာ အတိုင်းသား ကြားနေရတယ်။

ကန်တစ်ရာကျောင်းထိုင်က တရားသမား။ ဓာတ် လိုင်း နတ်လိုင်း မယုံဘူး။ လိမ်နေတာလို့ အမြဲပြောလေ့ ရှိတယ်။

အမျိုးသမီးတစ်သိုက် ပြောသံဆိုသံ သူက ကြားသွား တော့ ထလာပြီး–

'ဘိုးတော်မင်းခေါင် ဟုတ်ရော ဟုတ်ရဲ့လားဟယ်'

'တကယ် ဘိုးတော်မင်းခေါင်အစစ်ပါဘုရား' လို့ သိပ်ဝါသနာကြီးတယ် ထင်ရတဲ့ မိန်းမတစ်ယောက်က ပြန်လျှောက်တယ်။ သနပ္ပင်လာတိုင်း မေးနေကျဖောက် သည်ကြီးနဲ့ တူပါရဲ့ ဒကာဒီဒီးရယ်။

'တကယ်ဘိုးတော်မင်းခေါင်အစစ် ဝင်တာ ဟုတ်လို့ လား'

'ဆရာတော်ကလည်း အစစ်ပါ ပြောတာ ဟုတ်မှ ဟုတ်၊ မှန်မှမှန်'

'ဒါဆို ဘိုးတော်မင်းခေါင် စစ်,မစစ်၊ ဟုတ်, ဟုတ်၊ မှန်,မမှန် သိရအောင် ဒေါ်နုတင် ဓာတ်စီးပြီး ဘိုးတော်မင်းခေါင် ဝင်ပူးနေတဲ့အချိန် တွန်းလှဲပြီး ထဘီ လှန်ကြည့်လိုက် ဟိုဟာပါရင် အစစ်၊ ဟိုဟာ မပါရင် အတု မှတ်ထားကြ'

ကန်တစ်ရာကျောင်း ဆရာတော်က တဲ့တိုးပြောချပြီး ထွက်သွားပါလေရော။

မေးမြန်းဖို့ တာစူနေတဲ့ ဒကာမကြီးတွေလည်း ပထမ အံ့အားသင့်သွားတယ်။ ပြီးမှ ဝါးခနဲ ရယ်လိုက်တဲ့အဖြစ်။ ဦးပဉ္စင်း ကြုံတွေ့ခဲ့ဖူးတယ် ဒကာဒီဒီး။

ဆရာတော်ကလည်း မဟုတ်က ဟုတ်က တကယ် ပြောတတ်နော်လို့ ဦးပဉ္စင်းက ဆရာတော်နဲ့ တွေ့တော့ လျှောက်တယ်။

တကယ် မင်းခေါင် ဟုတ်တယ်ဆိုရင် ယောက်ျား တန်ဆာ ပါရမယ်လေ ဦးပဉ္စင်းကြီးရဲ့။ မပါရင် အတုပေါ့။ ဒါ အတုအစစ် ခွဲခြားတဲ့နည်းပဲ။ နောင် ဘိုးတော်မင်းခေါင် ဝင်နေတာတွေ့ရင် အစစ်လား၊ အတုလား မေး။ အစစ်လို့ ပြောရင် လှန်ကြည့်မှာနော်။ ဟိုဟာ ပါလား၊ မပါလား။ ပါမှ အစစ်လို့ ယုံမှာ။ လှန်ကြည့်ရမလား မေးသာမေး ဦးပဉ္စင်းကြီးလို့ ခပ်ရွှတ်ရွှတ် တစ်ဖွတ်ထိုးပြောတယ် ဆရာဒီဒီး။

ဒီနေ့ခေတ်က အတုအယောင်တွေက များတယ်။ လှည့်စားတာ လှည့်ဖျားတာတွေကလည်း များမှများပဲ။ အထူးသဖြင့် ဘိုးတော်မင်းခေါင်အတုတွေ မှိုလိုပေါက်နေ တာ တွေ့နေရတယ် ဆရာဒီဒီး။

ဂမ္ဘီရနယ်ပယ်မှာ မယုံနိုင်စရာတွေက အများကြီး ပြောမပြနိုင်အောင်ကို များပြားတာပါ။ ဒါကြောင့် ဆရာ ဒီဒီး စာမူတစ်ပုဒ်ဖတ်တဲ့အခါ ဟုတ်၏၊ မဟုတ်၏ ပိုင်း ခြားတတ်ဖို့ ကိုယ်တိုင်လေ့လာ လိုက်စားထားမှ အဆင် ပြေမှာပါ။

ဦးပဉ္စင်းတို့ကတော့ လောကီမှာ ကျင်လည်တုန်းက လည်း မှတ်သားတယ်၊ လေ့လာတယ်၊ ကျင့်ကြံအားထုတ် ခဲ့တယ်။ ဒါတောင် တစ်ခါတစ်ရံ အညာခံရတာ ရှိသေး တယ် ဒကာဒီဒီးရေ။

စာရေးဆရာကျော်မြသန်း ရှိတုန်းက ဘိုးတော်ကင်း၊ ဘိုးတော်ဂျိုကာတို့ကို ထုတ်ဝေသူ လုပ်ခဲ့တော့ ဘိုးတော် လိမ်တွေအကြောင်း ကောင်းကောင်းသိနေတယ်လေ။

လိုချင်တာအကုန် ပြည့်ဝရပါစေ

ရွှေဂူကြီး အရှင်ဧရထ

www.burmeseclassic.com

နန္ဒာမင်းလွင်

# ချောင်းသေလာ ငှအရော့မှာဖြင့် တောမွေ့သည့်ရှင်

(၁)

စစ်ကိုင်းတောင်ရိုးမြောက်ပိုင်း ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိနေသည့် ဝတ်ချက်ရွာ၏အနီးမှ လှိုမြောင်လမ်းလေးအတိုင်း တောင်ရိုးကြီးဘက်သို့ ဝင်လာခဲ့သည်။ တောင်ကြားလမ်းလေး၏ ဝဲယာတွင် ကျောက်ထုတ်လုပ် တူးဖော်ထားမှုများကြောင့် မညီမညာ မလှမပ။ သစ်ပင်ဝါးပင်တို့လည်း ပြုန်းတီးစပြုနေလေပြီ။ သစ်ကြီး ဝါးကြီးတို့ မတွေ့ရတော့။ စစ်ကိုင်းတောင်ရိုးတစ်ခွင်တွင် ပေါများလှသည့် တရုတ်စကားပင်တို့ကိုပင်လျှင် မမြင်ရ။ ကျေးငှက်မြည်သံ ချိုးကူသံလည်း မကြားရ။ တောကြက်၊ တောခါ၊ ချေငယ်၊ သမင်များလည်း မတွေ့ရတော့။ ကြိုးကြား,ကြိုးကြားဆိုသလို ဘုန်းတော်ကြီးကျောင်းငယ်လေးများကို တွေ့ရသည်။ သည်တော၊ သည်တောင်ဝန်းကျင်သည် လူသူ,မရှိသလို ငြိမ်သက်တိတ်ဆိတ်နေလေသည်။

တောင်ထွတ်များပေါ်တွင် စေတီလေးများကို ဖူးတွေ့ရသည်။ အချို့က ရွှေရောင်ဝင်းဝင်း၊ အချို့က ဖိုးဖြူရောင်နွမ်းနွမ်းနှင့် ချုံနွယ်သကန်းတို့ဖြင့်သာ စံပယ်လျက်ရှိနေသည်။ ရှေးရှေးက အရိယာသူတော်စင်ကြီးများသည် လူသူတိတ်ဆိတ်သော တောရိပ်^ တောင်ရိပ်ကို ခိုမှီကာ သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းတို့ကို ပွားများကျင့်ကြံအားထုတ်တော်မူခဲ့ကြသည်။ တိတ်ဆိတ်ခြင်း၊ ငြိမ်သက်ခြင်း၊ အေးချမ်းခြင်းတို့က သူတော်ကောင်းအလုပ်ကို ကြိုးကုတ်ကျင့်ကြံ အားထုတ်ခွင့် ရနိုင်စေရန် ပါရမီဖြည့်ဆည်းနေခြင်းဟု ခံစားမိသည်။

သူ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော် လူငယ်ဘဝက အလုပ်တာဝန်ဖြင့် စစ်ကိုင်းမြို့သို့ ရောက်ရှိ အမှုထမ်းခဲ့ဖူးသည်။ ရုံးပိတ်ရက်များတွင် စစ်ကိုင်းမြို့အနှံ့ သွားလာကာ လေ့လာခဲ့သည်။ ဒေသန္တရဗဟုသုတ ရှာမှီးခြင်းကို ဝါသနာပါသူပီပီ စစ်ကိုင်းတောင်၏ ရေမြေပထဝီ

သဘာဝများကို စိတ်ဝင်စားခဲ့သည်။ ရှေးဟောင်းစေ...
ပုထိုး၊ ဂူ၊ ကျောင်း၊ ပြာသာဒ်များ၊ သမိုင်းဝင် သာသနိ...
အဆောက်အအုံများကို လှည့်လည်ဖူးမြော် လေ့လာ...
ပါသည်။

ယခု နှစ်ပေါင်း(၃၀)ကျော်ကြာ၍ စစ်ကိုင်းမြေ...
တစ်ခါတစ်ခေါက် ပြန်လည်ရောက်ရှိခဲ့ပြီ။ တစ်ချိန်တစ်...
က ရောက်ရှိဖူးခဲ့သော၊ ထပ်မံသွားရောက်ဦးမည်ဟု စိ...
ဆုံးဖြတ်ထားခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ ပြန်လ...
မရောက်ရှိဖြစ်ခဲ့သော နေရာသို့ ယခု သွားဖြစ်အောင်သွ...
ဖို့ လာခဲ့ခြင်း ဖြစ်ပေသည်။

တောင်ကြားအတွင်းဘက်ဆီသို့ တစ်စစ ရောက်...
သည်နှင့် တစ်ခါ,တစ်ခါ တောင်ပြိုသံ၊ ကျောက်တုံးလို...
သံ၊ သစ်ပင်ပြိုလဲသံများကို ကြားလိုက်ရသည်။ မီး...
ညှော်နံ့ကိုလည်း ရှူရှိုက်လိုက်မိသည်။

အို..တောင်တွေ ဖြိုနေကြပါပကော။ တောင်...
ဖြိုကာ ကျောက်တွေ ထုတ်သည်။ မြေတွေ တူးသည်...
ထုံးကျောက်တောင်ဖြစ်သည့် စစ်ကိုင်းတောင်ရိုးကြီး...
တောင်စောင်းကြီးများမှာ ကမ်းပါးယံကြီးများ ပြတ်ကျ...
လေပြီ။ တောင်ကုန်းတောင်စောင်းတွင် ပေါက်ရောက်...
သည့် သဘာဝသစ်ပင်တို့လည်း အပိုင်းပိုင်းပြတ်ကာ ...
ပြုန်း တောင်ပြုန်း တောင်ကတုံးအဖြစ် ရှိနေလေပြီ။ အ...
ရာဒဏ်ချက် ဗရပွဖြင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံး...
ပျက်ပြုန်းစပြုနေပြီ။ ထိုပတ်ဝန်းကျင်ရှိ ရှေးဟောင်း ...
သနိကအဆောက်အအုံများ၊ စေတီပုထိုးများ၊ သစ်ပင်...
ငယ်များမှာ ဖုန်မှုန့် အလိမ်းလိမ်းတက်ကာ စိတ်ပျက်...
အသွင်ကို ဆောင်လျက်ရှိနေသည်။ သည်ဝန်းကျင် ...
နယ်မြေတွင် တရားဥပဒေဟူသည် မရှိတော့ပြီလော...
သဘာဝပတ်ဝန်းကျင်ကို အလေးထား ကာကွယ်...
မည့်သူ မရှိတော့ပြီလော။ နှမြောဖွယ် ကောင်း...

တောင်ကြီးတွေကို ဖြိုချကြသည်။ ကျောက်...



www.burmeseclassic.com

www.burmeseclassic.com

ကျောက်နံရံများကို လွန်စူးနှင့်ဖောက်ကာ အသေးစားမိုင်းပြီး ဖွဲ့ယူကြသည်။ ကျောက်နှင့် ကျောက်ခွေးမြေများကို ကားကြီး,ကားငယ် အသွယ်သွယ်ဖြင့် သယ်ယူနေကြသည်။ ထိုထိုသော စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းများကို ကျော်ဖြတ်ကာ လျှိုအတွင်းလမ်းအတိုင်း ဝင်လာခဲ့သည်။ အတော်အတန် ဝင်ရောက်မိသည့်အခါ တရုတ်စကားပင်များ၊ မန်ကျည်းပင်ကြီးများကို သဘာဝမပျက် တွေ့မြင်လိုက်ရသဖြင့် စိတ်ချမ်းမြေ့သွားမိသည်။ ချိုးကူသံ၊ ဘုတ်မြည်သံ၊ ဘောကြက်တွန်သံများကိုလည်း ကြားစပြုလာသည်။

တောင်စောင်းတွင် တည်ထားသည့် သစ်သားကျောင်းဆောင် မည်းမည်းကြီးကို လှမ်းတွေ့လိုက်ရသည်။ သူ ပိုသာပျော်ရွှင်သွားမိသည်။ ဩော်··အနုရုဒ္ဓါချောင်ဆီသို့ နှစ်ပေါင်းသုံးဆယ်ကျော် ကြာပြီးမှ တစ်ခါတစ်ခေါက် ပြန်လည်ရောက်ခဲ့လေပြီ။ အနုရုဒ္ဓါချောင်ကား ရှေးယခင်ကနှင့် အခြေအနေအတိုင်း ပြောင်းလဲမှုမရှိလှ။ ဝတ်ထုံးတော်ရ၊ ပုလဲသခင် ဦးကိုကိုကြီးတို့၏ကောင်းမှု သစ်သားကျောင်းတော်ကြီး၊ နောက် သူတို့၏ သားမြေးများဖြစ်သည့် ဂင်ဇာ ဦးခင်မောင်တိုး၊ ဒေါ်ရင်ရင် မိသားစုတို့၏ကောင်းမှု ကျောင်းဆောင်၊ ဉာဏ်လင်းစာပေကျောင်းဆောင်နှင့် အရှေ့မြောက်ထောင့်တွင် သစ်သားကျောင်းဆောင်လေး တစ်ဆောင်တို့ ရှိနေဆဲ။

ဂင်ဇာ ဦးခင်မောင်တိုးတို့မိသားစု ကျောင်းဆောင်လေးရှေ့ရှိ မီးဖိုဆောင်လေးအတွင်းတွင် ပိန်ပိန်ပါးပါး ဦးပဉ္ဇင်းလေးတစ်ပါးကို တွေ့ရသည်။ ဦးပဉ္ဇင်းလေး လက်ထဲတွင် ဖွန်းကြီးတစ်ချောင်းကို ကိုင်ထားရင်း အလုပ်ရှုပ်နေသည်။ အနီးရှိ မီးဖိုပေါ်တွင်မူ ပွက်ပွက်ဆူနေသည့် ထမင်းအိုးလေး တစ်လုံးကို တွေ့ရသည်။ ဦးပဉ္ဇင်းလေးမှာ ထမင်းအိုးကို ကိုယ်တိုင်ချက်ပြုတ်နေသည်။


သူ့ကို မြင်လိုက်သည့်အခါ -

'ဒကာကြီး၊ ထိုင်ပါဦး'

ဦးပဉ္ဇင်းလေးကို ဦးချဝတ်ပြုပြီး အိတ်ထဲမှ ပါလာသည့် မုန့်ထုပ်နှင့် ဖျော်ရည်ပုလင်းတို့ကို ထုတ်ကာ အနီးရှိ စားပွဲပေါ်တွင် တင်ထားလိုက်သည်။ ပုလဲသခင်တို့ကောင်းမှု ကျောင်းဆောင်ကြီးကို မျက်လုံးဝေ့၍ ကြည့်လိုက်သည့်အခါ ဟိုယခင်ကလိုပင် တံခါးကြီးတွေ ပိတ်ထားသည်။

'ဦးပဉ္ဇင်း··ဆွမ်းကို ကိုယ်တိုင်ချက်ပြီး ဘုဉ်းပေးရတာလား'


'ဟုတ်တယ် ဒကာကြီး၊ ဆွမ်းခံကြွဖို့ မလွယ်ဘူးလေ'





www.burmeseclassic.com

www.burmeseclassic.com



'ဆွမ်းကွမ်းရေး လုံလောက်မှုရှိရဲ့လား ဦးပဥ္စင်း'

'ဆွမ်းအတွက်ကတော့ နှစ်စဉ် မလွှန်ဈေးဆန်လှူ အသင်းက လှူတဲ့ ဆွမ်းဆန်တော်ကို အားကိုးရတာပေါ့။ သောတာပန်ဆီ အလှူတော်ကိုလည်း အားကိုးရတယ်။ တစ်နှစ်တစ်ခါ သီးနှံပေါ်ချိန်မှာ ရွာကိုပြန်ပြီး ဆန်၊ ပဲ၊ ငရုတ်၊ ကြက်သွန်လေးတွေ အလှူခံရတာလည်း ရှိတယ်'

"ဦးပဥ္စင်း တစ်ပါးတည်းလားဘုရား။ ဒီမှာ သီတင်း သုံးတာ ကြာပြီလားဘုရား"

'သုံးနှစ်တော့ ရှိပြီ။ အနောက်ပရက္ကမ ဆရာတော် ကြီးက ဦးပဥ္စင်းကို ဒီကျောင်းကြီးကို စောင့်ရှောက်ဖို့ တာဝန်ပေးထားတာနဲ့ နေနေရတာ။ တစ်ပါးတည်းမို့ ရွာက မယ်တော်ကြီးကို ခေါ်ထားရတယ်'

'အရှင်ဘုရား··စာရေးဆရာ ရွှေကိုင်းသား ဆရာ တော် ဦးသောဘိတကို သိသလားဘုရား။ ဒီကျောင်းမှာ သီတင်းသုံးသွားတာပါဘုရား'

'မသိဘူး ဒကာကြီး၊ ကြားလည်း မကြားဖူးဘူး။ ဒီကျောင်းကို ဦးပဥ္စင်း မနေခင် ဦး···ဆိုတဲ့ ဘုန်းကြီး တစ်ပါး နေသွားခဲ့တယ်။ အဲဒီ ဘုန်းကြီး ပျံလွန်သွား ပြီးတဲ့နောက် သံဃာဆက် မြတ်နေခဲ့တယ်။ ကျုပ်ကို ပရက္ကမ ဆရာတော်ကြီးက တာဝန်ပေးတာနဲ့ ဒီမှာ လာ နေရတာ'

သူ စိတ်ဓာတ်ကျသွားမိသည်။ အနုရုဒ္ဓါကျောင်းကြီး တွင် သီတင်းသုံးတော်မူရင်. ယဉ်ကျေးမှုစာပေ၊ သမိုင်းသုတေသန စာပေ မြောက်မြားစွာကို ရေးသား ပြုစုသွားတော်မူခဲ့သည့် ရွှေကိုင်း သားဆရာတော် ဦးသောဘိတကို ယခုလက်ရှိ သီတင်းသုံးနေသည့် ဦးပဥ္စင်းလေးက မသိ။ လွန်ခဲ့ သော ပုဂံခေတ်၊ အင်းဝခေတ်က အကြောင်းတွေကို အသာထား လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ်ခန့် က အဖြစ်အပျက်များသည်ပင် လျှင် သမိုင်းကွင်းဆက် ပြတ်နေ သည်။

'ရွှေကိုင်းသားဆရာတော် ဦး သောဘိတဆိုတာ ထင်ရှားတဲ့ သမိုင်းသုတေသီ စာရေး ဆရာတော်ပါဘုရား။ ပျံလွန်တော်မူသည်အထိ ဒီကျောင်း မှာ သီတင်းသုံးသွားခဲ့တာဘုရား'

'ဦးပဥ္စင်း မသိဘူး ဒကာကြီး'

ဦးပဥ္စင်းလေးအဖြစ်က လွန်ခဲ့သော နှစ်သုံးဆယ် ကျော်က သူ၏ အဖြစ်ထက်ပင် ဆိုးနေသည်။ ထိုစဉ်က သူကိုယ်တိုင် ရွှေကိုင်းသားဆရာတော်နှင့် စကားလက်ဆုံ ပြောဆိုခဲ့ပါလျက် ဆရာတော်ရွှေကိုင်းသားမှန်း မသိခဲ့။ အနုရုဒ္ဓါကျောင်းတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက် ရှိခဲ့ပါလျက်၊ ဆရာတော်ကလည်း ကျောင်းကြီးပေါ်သို့ တက်ရောက်လေ့လာ ကြည့်ရှုရန် ပြောဆိုတိုက်တွန်း ခဲ့ပါလျက်နှင့် ပြတိုက်ကြီးကို ဝင်မကြည့်ဖြစ်ခဲ့။

'ရှေးဟောင်းပြတိုက်ရော ရှိသေးလားဘုရား။ တပည့် တော် တက်ကြည့်ချင်ပါတယ်'


'ပစ္စည်းတွေတော့ အနည်းအကျဉ်း ရှိပါသေးတယ်။ သံဃာဆက်လည်း ပြတ်ခဲ့တော့ သိပ်မကျန်တော့ပါဘူး'

ဦးပဥ္စင်းလေးနှင့်အတူ ကျောင်းကြီးပေါ်သို့ တက် ကြည့်ဖြစ်သည်။ ရှေးဟောင်းနာရီကြီးများ၊ ရွှဲလုံးများ ရှေးခေတ်ဖန်မီးအိမ်၊ မှန်မီးလုံးအိမ်အချို့၊ စာတိုက်ဘုရား ဆောင်အချို့၊ ရှေးခေတ်ကြွေထည်ပန်းကန်အချို့နှင့် ထုပ်အချို့ကိုသာ တွေ့ရတော့သည်။ ရွှေကိုင်းသား တော် ပျံလွန်သည့်အခါ ဆွမ်းဦးပုညရှင် ဝေါ်ကအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြတိုက်လုပ်ရန် ရှေးဟောင်းဘုရား များ၊ ရှေးဟောင်းပစ္စည်းများကို သယ်ယူသွားခဲ့သည်ဟု ကြားဖူး သည်။ ထို့အပြင် မသမာသူအချို့ ကလည်း ခိုးယူခဲ့ကြသေးသည်ဟု သိရသည်။ ဆရာတော် စုဆောင်း ထားခဲ့သည့် ရှေးဟောင်းပစ္စည်း များတွင် ပျူခေတ်ဒင်္ဂါးများ အပါ အဝင် ရှေးခေတ်သုံး ဒင်္ဂါးအမျိုး မျိုး၊ ပုရပိုက်ရောင်စုံဆေးရေးပန်းချီ ကားများ၊ ရှေးဟောင်းဆင်းတု တော်များ၊ သစ်ထွင်းကနုတ်ပန်း ထက်ရာ ဘုရားကျောင်းဆောင် များ၊ ရွှေရေးစာတိုက်ကြီးများကို ခမ်းနားစွာ စုဆောင်းပြသထားခဲ့သည်ဟု ဆိုကြသည်။ အခုတော့ မဆိုစလောက်သာ ကျန်တော့သည်။

သြော်..ဆရာတော်သာ သက်ရှိထင်ရှား ရှိသေး လျှင်..။

(၂)

လွန်ခဲ့သော နှစ်(၃၀)က-

စစ်ကိုင်းတောင်သို့ ခြေကျင်တက်လာခဲ့ပြီး ဥမင် သုံးဆယ်ဘုရားကို ဝင်ရောက်ဖူးမြော်ပါသည်။ ထိုမှ ပဲစား ချောင်ကိုဖြတ်၍ တောလမ်းလေးအတိုင်း မြောက်ဘက် သို့ သွားခဲ့သည်။ အတော်အတန်လျှောက်မိလျှင် ပရက္ကမချောင် သို့ ရောက်သည်။ ပရက္ကမချောင်မှ မတ်စောက်သည့် ကျောက်ဆောင်များစေတီလမ်းလေးအတိုင်း ခရီးဆက်လာခဲ့သည်။ သန်းပင်၊ ဒဟတ်ပင်၊ တရုတ်စကားပင်ကြီးများက လမ်း တစ်လျှောက်လုံး နေပြောက်ပင် မထိုးအောင် အရိပ်များ က အုပ်မိုးလျက် ရှိနေသည်။

ခရီးအတော်အတန် ပေါက်သည့်အခါ အထက်ကျစွာ ချောင်ကို တွေ့ရသည်။ ကျစွာချောင်နှင့် မျက်နှာချင်း ဆိုင်တွင် အနုရုဒ္ဓါချောင်ကို တွေ့ရသည်။ ထိုဝန်းကျင်တွင် အုတ်ရဆောက်တည်သည့် တောကျောင်းအများစုကို တွေ့ ရသည်။ တောကျောင်းများမှာ တောင်ကုန်းတောင်စောင်း များတွင် တည်ထားကြသည်။

ချောင်အမည် ဆိုင်းဘုတ်လေးများကို ဖတ်ကြည့်မိ သည်။ ဥပါလိချောင်၊ သိမ်တော်ချောင်၊ အထက်ကျစွာ ချောင်၊ အနုရုဒ္ဓါချောင် စသည်ဖြင့်။ ခရီးအတန်ပေါက် လာသည်မို့ အာခေါင်များ ခြောက်ကပ်ကာ ရေဆာလာ သည်။ နီးစပ်ရာ ကျောင်းတိုက်ကိုဝင်၍ ရေတောင်း သောက်မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် တောင် စောင်းကုန်းမြင့်ထက်တွင် တည်ဆောက်ထားသည့် သစ် သားကျောင်းဆောင် မည်းမည်းကြီးရှိသည့် အနုရုဒ္ဓါ ချောင်ဘက်သို့ တက်လာခဲ့သည်။

တောင်စောင်းကျောင်းဝင်းထဲ ရောက်တော့ ရှေး ဟောင်းအုတ်ရေကန်ကြီးကို တွေ့ရသည်။ အုတ်ရေကန် အနီးတွင် တောကြက်တစ်အုပ်ကို တွေ့လိုက်ရသည်။ ခပ် လှမ်းလှမ်း မန်ကျည်းပင်ကြီးအောက်မှ ချေငယ်တစ်ကောင် ကိုလည်း လှမ်းမြင်ရသည်။ လူစိမ်းဖြစ်သည့် သူ့ကို တွေ့ သောအခါ တောကြက်အုပ်သည် အလန့်တကြား ထပျံ သွားကြသည်။ ချေငယ်ကလည်း တောချုံကြားသို့ ဝင် ပြေးသွားသည်။ လူသံသူသံ မကြားရ၊ တိတ်ဆိတ်လျက်။

ဥရောပဗိသုကာလက်ရာ အငွေ့အသက်များဖြင့် တည်ဆောက်ထားသည့် သစ်သားကျောင်းဆောင် မည်း မည်းကြီး တစ်ဆောင်၊ မြောက်ဘက်တွင် သစ်သား ကျောင်းဆောင်ငယ် နှစ်ဆောင်နှင့် အရှေ့မြောက်ထောင့် ကုန်းစောင်းတွင် သစ်သားကျောင်းဆောင် တစ်ဆောင်တို့ ကို တွေ့ရသည်။ မြောက်ဘက်ကုန်းမြင့်ပေါ်တွင် ရှေး

www.burmeseclassic.com

www.burmeseclassic.com

ပောင်းစေတီ တစ်ဆူနှင့် သိမ်ကျောင်းတစ်ဆူကို တွေ့ရသည်။ ကျောင်းဆောင် မည်းမည်းကြီးကား တိုင်လုံးပေါင်းများစွာနှင့် ခမ်းနားစွာ တည်ဆောက်ထားသည်။ အုတ်လှေကားကြီးနှစ်စင်းနှင့် ခန့်ညားထည်ဝါလှသည်။ သို့သော် ပြတင်းတံခါးပေါက် နှစ်ချပ်မျှသာ ဖွင့်ထားပြီး အဝင်တံခါးကြီးများကို ပိတ်ထားသည်။

ကျောင်းဆောင်ကြီး၏ အနောက်ဘက် လှေကားရင်းမှ နှစ်ထပ်သစ်သား ကျောင်းဆောင်လေးမှာမူ တံခါးပေါက်များကို ဖွင့်ထားသည်။ လူသံသူသံကိုမူ မကြားရ။ ချောင်းဟန့်သံ တစ်ချက်ပြုကာ ထိုကျောင်းဆောင်လေး၏ လှေကားပေါ်သို့ တက်သွားလိုက်သည်။ ကျောင်းဆောင်ဝင်ပေါက်တံခါးဝ ရောက်သည့်အခါ ကျောင်းအတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။

အလို··အထပ်ထပ် ကပိုကရိုရှိနေသည့် များပြားလှသော စာအုပ်ပုံကြားတွင် ပိန်ပိန်ပါးပါး ရဟန်းတော်တစ်ပါး စားပွဲဝိုင်းလေးနှင့် ဆွမ်းဘုဉ်းပေးနေသည်ပါတကား။

ဆရာတော်က သူ့ကို မော့ကြည့်လိုက်ပြီး-

'ထိုင်ပါဦး ဒကာလေး'

ဆရာတော်အား ဦးချကန်တော့ပြီးနောက် တံခါးဝအနီးရှိ ရေအိုးစင်မှ ရေတစ်ခွက် ခပ်သောက်လိုက်သည်။ ဆရာတော် ဘုဉ်းပေးနေသည့် ဆွမ်းဝိုင်းကို မျက်လုံးဝေ့ကြည့်လိုက်မိသည်။ ဟင်းပန်းကန်များက မများပြားလှ။ ဆွမ်းစားပန်းကန်ပြား တစ်ချပ်နှင့်အတူ ပဲပြုတ်ဆီဆမ်းတစ်ခွက်၊ ငါးခြောက်ဖုတ် ပန်းကန်ပက်လေး တစ်လုံးကို



သာ တွေ့ရသည်။ စားပွဲစွန်းတွင် ဓာတ်ဘူးလေး တစ်လုံး ရေနွေးကြမ်းပန်းကန်လေး နှစ်လုံးနှင့် ထန်းလျက်ထည့် ထားသည့် ပောလစ်ပုလင်းလေး တစ်လုံးသာ ရှိသည်။ ဟင်းအရည်သောက် မပါသဖြင့် ရေနွေးကြမ်းကိုသော ရင်း ဆွမ်းဘုဉ်းပေးနေရှာသည်။ ဆွမ်းကွမ်းချို့တဲ့စွာ ဘုဉ်း ပေးနေရရှာသည့် ဆရာတော်ကို တွေ့လိုက်ရသည့်အခါ အတော်ပင် စိတ်မကောင်းဖြစ်သွားမိသည်။

ကျောင်းခန်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်လိုက် သောအခါ တစ်ခန်းလုံးနီးပါး စာအုပ်များနှင့် ပြည့်နှက် နေသည်။ ဘုရားဆောင်အနီးရှိ စာတိုက်ပေါ်တွင် ပေ ထုပ်အချို့ကို တွေ့ရသည်။ စာအုပ်တွေက ညီညီညာညာ စီထပ်ထားခြင်းမျိုးမဟုတ်။ ကပိုကရို ပြန့်ကြဲနေသည်။ လိုအပ်သမျှကို မွှေနှောက်ရှာဖွေ ဖတ်ရှုရင်း ဖတ်လက် များကို တစ်ပိုင်းတစ်စ ချထားသည်နှင့် တူနေသည်။

ခဏကြာသည့်အခါ ဆရာတော်သည် ဆွမ်းဘုဉ်းပေး ပြီးသွားသည်။ ပုလင်းထဲမှ ထန်းလျက်တစ်လုံးကို ထုတ် ကာ ဘုဉ်းပေးလိုက်သည်။ ဆရာတော်၏အသံက တိုးလျ ညင်သာသည်။ ပုံသဏ္ဌာန်က သိမ်မွေ့နူးညံ့ အေးဆေး သည်။

'ဒကာလေး၊ ရှိဟင်း ရှိထမင်းလေးတွေနဲ့ စားသွား ပါ'

'တပည့်တော် အိမ်က စားခဲ့ပါပြီဘုရား'

ထိုအခါ ရေနွေးဓာတ်ဘူး၊ ရေနွေးကြမ်းပန်းကန်လုံး ထန်းလျက်ပုလင်းတို့ကို သူ့ဘက်သို့ ချပေးလိုက်ရင်း-

'ဒကာလေး··ရေနွေးကြမ်း သောက်ပါဦး။ ဒါနဲ့ ဘာအကြောင်း ကိစ္စများ ရှိပါသလဲ'

သူ ပျာပျာသလဲ ပြန်ဖြေလိုက် သည်။

'မှန်လှပါ၊ တပည့်တော် အကြောင်းကိစ္စ အထူးအထွေ မ ပါဘုရား။ ဒီဘက်ကို မရောက်ဖူး လို့ လာလည်ရင်း ဒီကို ရောက် လာတာပါဘုရား'

'ဩော်··မရောက်ဖူးလို့ လာ ကိုး။ ဒကာလေးက ဘယ်မြို့ကလဲ



www.burmeseclassic.com

www.burmeseclassic.com

'မှန်လှပါ၊ တပည့်တော် စစ်ကိုင်းမြို့ထဲကပါပဲဘုရား'

'အင်း‥စစ်ကိုင်းမြို့သူမြို့သားတွေ အများစုက ဒီဘက်ကို မရောက်ဖူးကြဘူးဆိုတာ ဟုတ်တယ်။ ဘယ်ရောက်ဖူးကြပါ့မလဲ။ ဒီနေရာက ချောင်ကျပြီး တော်တော်ခေါင်တာကိုး'

'တပည့်တော်က စစ်ကိုင်းသားတော့ မဟုတ်ပါဘူးဘုရား။ မုံရွာနယ်ကပါ။ …ဌာနမှာ အလုပ်လုပ်ပါတယ်ဘုရား။ အလုပ်တာဝန်နဲ့ စစ်ကိုင်းမြို့ကို ရောက်နေတာ တစ်နှစ်လောက် ရှိပါပြီဘုရား'

'သြော်‥ဟုတ်လား။ ကိုယ်မရောက်ဖူးတဲ့ နေရာတွေကို လိုက်ပြီးလေ့လာတာ ကောင်းပါတယ်။ ဗဟုသုတရတာပေါ့'

'ဒီကျောင်းမှာ သံဃာဘယ်နှစ်ပါး သီတင်းသုံးပါလဲဘုရား'

'ဦးပဥ္စင်း တစ်ပါးတည်းပါပဲ ဒကာလေး'

'ဆွမ်းခံကြွရင် ဘယ်ရွာတွေ ကြွပါလဲဘုရား'

'ဘယ်ရွာမှ ဆွမ်းခံမကြွပါဘူး။ ဆွမ်းခံကြွလို့လည်း မဖြစ်ဘူး။ ကျောင်းမှာပဲ ချက်ပြုတ် ဘုဉ်းပေးရတယ် ဒကာလေး'

'အနီးဆုံးဆိုတဲ့ ဝတ်ချက်ရွာတောင် ဒီကနေ တော်တော်ဝေးမှာပဲ။ နေ့စဉ် ဆွမ်းခံကြွဖို့ ခက်ခဲလို့လားဘုရား'

'ခရီးဝေးတာရော၊ ကျောင်းကို စိတ်မချတာရော ပါတာပေါ့'

သူ တော်တော်အံ့သြသွားမိသည်။ ကျောင်းအိုကြီးကို စိတ်မချလို့တဲ့။ သစ်သားကျောင်းအိုကြီးတွေကို ဆရာတော်က စိတ်မချဖြစ်နေသည်။ တောမီးလောင်တွေ လောင်ခဲ့လျှင် ကျောင်းဆောင်ကြီးတွေ ပါသွားမည်ကို စိုးရိမ်တာ ဖြစ်နိုင်သည်ဟု သူ တွေးမိသည်။

'ဆွမ်းခံမကြွနိုင်ရင် နေ့စဉ် ဆွမ်းဘုဉ်းပေးဖို့ တော်တော်ခက်ခဲမှာပဲနော် ဦးပဥ္စင်း'

'အင်း‥နှစ်စဉ် မလွန်ဈေးဆန်လှူအသင်းကြီးက ဆွမ်းဆန်တွေလှူတာ ရှိတယ်။ တစ်နှစ်၊တစ်နှစ် တော်တော် ရပါတယ်။ အဲဒီဆွမ်းဆန်တော်ကို အားကိုးနေရတာပေါ့။ အနည်းအကျဉ်းလိုအပ်တဲ့ ဆန်၊ ဆီ၊ ဆားလေးတွေကိုတော့ မြို့ထဲနေတဲ့ ဦးပဥ္စင်းဆွေမျိုးသားချင်းတွေက လာလှူကြတာရှိတယ်။ မန္တလေးက ဒကာ၊ ဒကာမတွေ လာတဲ့အခါ ပါလာကြတာလည်း ရှိတယ်။ နှစ်စဉ် ကထိန်ခင်းလို့ ရတာလေးတွေလည်း ရှိတာပေါ့။ ပဲကတော့ ဝတ်ချက်ရွာက ဦးပဥ္စင်းဆွေမျိုးတွေက နှစ်စဉ် လှူကြတယ်'

'ဒီပတ်ဝန်းကျင်က ကျောင်းတိုက်တွေမှာလည်း သံဃာနည်းလို့ ထင်တယ်ဘုရား၊ တိတ်ဆိတ်နေတာပဲ'

'ချောင်ကျတာ၊ ခေါင်လှတာကိုး။ သံဃာတိုင်း မနေနိုင်ဘူးလေ။ အဓိက,က ဆွမ်းကွမ်း အခက်အခဲပေါ့။ ဒီနေရာတွေမှာ ရပ်ဝေးက မပြောနဲ့၊ စစ်ကိုင်းသူ စစ်ကိုင်းသား အများစုတောင် မရောက်ဖူးကြတာ ရှိတယ်။ ဒီလို စစ်ကိုင်းတောင်ရိုးက ချောင်ကျခေါင်လှတဲ့ နေရာတွေမှာ သံဃာတော်တွေ သီတင်းသုံးနေနိုင်တာ မလွန်ဈေးဆန်လှူအသင်းကြီး ရှိနေလို့ပေါ့။ မလွန်ဈေးဆန်လှူအသင်းကြီးက နှစ်စဉ် ဆွမ်းဆန်တော်လှူတဲ့အတွက် ဆွမ်းကွမ်းကိစ္စ အဆင်ပြေကြတာပေါ့။ ကဲ‥ဒကာလေး၊ ခဏ ထိုင်ပါဦး။ တိရစ္ဆာန်လေးတွေကို အစာကျွေးလိုက်ဦးမယ်'

ဆရာတော်သည် ဆွမ်းသပိတ်ကို ယူ၍ ကျောင်းဆောင်၏ မြောက်ဘက်ရှိ မန်ကျည်းပင်ဘက်သို့ ဆင်းသွားသည်။ ဆရာတော်ကို မြင်သည်နှင့် မန်ကျည်းပင်များပေါ်မှ တောကြက်များ၊ ရှဉ့်များ ပြေးဆင်းလာကြသည်။ တောချုံများကြားမှလည်း ချေယ်အချို့နှင့် ယုန်အချို့လည်း တိုးထွက်လာကြသည်။ ကျောက်ပြားပေါ်တွင် ဆွမ်းကျန် ဟင်းကျန်များကို ပုံပေးလိုက်သည်။ အချို့ကို မြေပေါ် ကြဲပက်ပေးလိုက်သည်။ တိရစ္ဆာန်ငယ်များသည် ဆရာတော်ကို မကြောက်မရွံ့ကြ။ အလုအယက် တိုးဝှေ့စားသောက်နေကြသည်။

(၃)

တိရစ္ဆာန်လေးတွေကို အစာကျွေးပြီးနောက် ဆရာတော် ကျောင်းပေါ်သို့ ပြန်တက်လာသည့်အခါ သိလိုသမျှတွေ ဆက်၍ မေးမြန်းဖြစ်ပြန်သည်။

'ဒီချောင်အမည်က အနုရုဒ္ဓါချောင်ဆိုတော့ တော်တော်ရှေးကျမှာပေါ့နော် ဦးပဥ္စင်း'

'ရှေးကျတာပေါ့။ စစ်ကိုင်းတောင်ရဲ့ မူလချောင်(၉)ချောင် စာရင်းဝင် ရှေးဟောင်းချောင်ပေါ့။ စစ်ကိုင်းတောင်ရဲ့ သာသနာဟာ ချောင်(၉)ချောင်က စတင်ခဲ့တယ်။ မူလချောင်(၉)ချောင်က ပိတောက်ချောင်၊ ရွှေပါချောင်၊ ကောဏ္ဍညချောင်၊ ပရက္ကမချောင်၊ အနုရုဒ္ဓါချောင်၊



www.burmeseclassic.com

www.burmeseclassic.com

ပဘာချောင်၊ ဇောခိချောင်၊ ယုန်ဖြူချောင်နဲ့ ဥပါလိချောင်တဲ့။ ဒီချောင်က အနုရုဒ္ဓါချောင်။ ဥပလိချောင်ဆိုတာ ဟိုအရှေ့မြောက်ဘက်မှာ ရှိတဲ့ချောင်လေ။ ပရက္ကမချောင်က ဒီကျောင်းရှေ့ လမ်းကလေးက သွားရင် တောင်ဘက်နားရောက်ရင် တွေ့ခဲ့လိမ့်မယ်'

'ဒီအနီးအနားမှာ ရှေးဟောင်းချောင်တွေ တော်တော်များတာပဲနော်'

'ဟုတ်တယ် ဒကာလေး။ ဒီအနုရုဒ္ဓါချောင်ကို စပြီး တည်ထောင်လှူဒါန်းခဲ့သူက သက္ကရာဇ်(၇၁၁)ခုနှစ်မှာ စစ်ကိုင်းထီးနန်း စံမြန်းခဲ့တဲ့ အနော်ရထာမင်းရဲ့နဲ့ မိဖုရားကြီးတို့ပါတဲ့။ မင်း၊ မိဖုရား နှစ်ပါးတို့က ကျောင်းဆောင်ကြီး နှစ်ဆောင်ကို အပြိုင်ဆောက်လုပ် လှူဒါန်းခဲ့ကြတယ်တဲ့။ အနော်ရထာမင်းရဲတို့ မူလကျောင်းတော်ကြီးတွေကတော့ မရှိတော့ပါဘူး။ အခုတွေ့ရတဲ့ ကျောင်းကြီးက အင်္ဂလိပ်အိုးရလက်ထက် (၁၉၂၅)ခုနှစ်မှာ မန္တလေးမြို့ ယိုးဒယားဈေးရပ် ဝတ်လုံတော်ရ၊ အမ်အေ(လန်ဒန်)၊ ပုလဲသံခင် ဦးကိုကိုကြီး၊ ဒေါ်ခင်မျိုးမြတ်တို့က ဆောက်လုပ်လှူဒါန်းခဲ့ကြတဲ့ ကျောင်းဆောင်ကြီးပေါ့'

'ရှေးမင်းတွေဟာ ဒီလိုချောင်ကျ ခေါင်လှတဲ့ နေရာမျိုးတောင် လာရောက်ပြီး သာသနာတော်အတွက် လှူဒါန်း



ခဲ့ကြတာ ချီးကျူးစရာပါပဲဘုရား။ ဒီချောင်ရဲ့ သမိုင်းဝေ... သိပါရစေဘုရား'

'ဒီဝန်းကျင်ဟာ စစ်ကိုင်းမင်းဆက်သမိုင်းနဲ့ ဆက်စပ်နေတယ် ဒကာလေး။ ဒီလို ဒကာလေး စစ်ကိုင်းမြို့တည် နန်းတည်မင်းဖြစ်တဲ့ အသင်္ခယာစောယွမ်း နတ်ရွာစံတဲ့အခါမှာ နောင်တော်တရဖျားကြီးဟာ မယ်တော် ရတနာ မိဖုရားကြီးရဲ့ အစီအမံနဲ့ ညီတော်ရဲ့ အရိုက်အရာ စစ်ကိုင်းထီးနန်းကို စိုးစံခွင့် ရခဲ့တယ်။ နောက် သက္ကရာဇ်(၆၉...) ခုနှစ်မှာ သားတော် ရွှေတောင်တက်က ခမည်းတော် တရဖျားကို နန်းချပြီး ထီးနန်းရယူခဲ့တယ်။ ရွှေတောင်တက် မင်းဖြစ်တဲ့အခါမှာ အသင်္ခယာစောယွမ်းရဲ့မိဖုရား၊ သားတော်ကျစွာမင်း ညီနောင်တစ်စုနဲ့ ယောက်ဖတော် သတိုးစိုးမင်းကိုယ်တော်ကြီး မိသားစုတို့ဟာ စစ်ကိုင်းမှာ မနေကြတဲ့အတွက် မင်းပူးမင်းပုန်းမှာ တိမ်းရှောင်နေခဲ့ကြတယ်။ နောက် ရွှေတောင်တက်က သုံ့ခတ်ယူတဲ့အတွက် စစ်ကိုင်းကို ပြန်လာခဲ့ကြရတယ်။ အပြန်ခရီးမှာ အမြင့် သမန္တစာဘုရားကို သားအမိတစ်စု ဝင်ဖူးကြတယ်။ ကျစွာမင်းက ခြေအနာရနေတဲ့အတွက် ဘုရားကို တက်ရောက်ပြီး မဖူးမြော်နိုင်ဘူး။

အဲဒီအခါ မယ်တော်မိဖုရားကြီးက သားတော်ဝတ်တဲ့ ဖျင်တော်ကို ဘုရားရှင်ကို လွှမ်းလှူတော်မူပြီး 'ကျွန်ုပ်၏ သားတော် အသက်လည်း မသေ၊ အနာမှ ထမြောက်ပြီး မင်းအဖြစ် ရရှိပါက ကြီးစွာသော ကောင်းမှုကုသိုလ် ပြုပါမည်' လို့ ဆုပန်အဓိဋ္ဌာန်ပြုတော်မူခဲ့တယ်။

'သူတို့မိသားစု စစ်ကိုင်းကိုရောက်တော့ အမတ်ကြီး အနန္တပကြံက ဖွက်ထားပေးခဲ့တယ်။ အသင်္ခယာစောယွမ်း မိဖုရားကြီးနဲ့ သားတော် ကျစွာမင်းညီနောင် မိသားစုတွေ မင်းမဖြစ်မီကာလမှာ ပုန်းအောင်းခိုလှုံ နေထိုင်ခဲ့ရတဲ့ နေရာကတော့ ဒီပတ်ဝန်းကျင်နေရာပေါ့။ ဟိုအရှေ့ဘက်တောင်စောင်းက ဘုရားနဲ့ ချောင်တို့ကိုက အထက်ကျစွာချောင်တဲ့။ ကျစွာမင်းဟာ စစ်ကိုင်းထီးနန်းကို စိုးစံခွင့် ရရှိတဲ့ အခါမှာ ကျောင်းဆောက်လှူဒါန်းခဲ့တာပေါ့။ ကျစွာကျောင်းကို မိဖုရားနှစ်ပါးက တစ်ဆောင်စီ ဆောက်လုပ် လှူဒါန်းခဲ့ကြသတဲ့။ ကျစွာမင်းရဲ့ညီတော် အနော်ရထာ မင်းရဲ့ကတော့ ဒီအနုရုဒ္ဓါကျောင်းကို ဆောက်လုပ်လှူ ဒါန်းခဲ့တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

'ဒါဆိုရင် ဒီကျောင်းတိုက်တွေဟာ ချောင်ကျ ခေါင်လှပေမယ့် သမိုင်းဝင်ကျောင်းတွေပေါ့ဘုရား'

ဆရာတော်သည် စကားနည်းဟန်၊ အေးဆေးတည်ငြိမ် သိမ်မွေ့ဟန်ရှိသော်လည်း သမိုင်းကြောင်းများကို ပြောပြရာတွင် စိတ်ပါလက်ပါရှိလှသည်။ စာပေကို ဝါသနာပါ၍ သမိုင်းကို စိတ်ဝင်စားဟန်ရှိသည်။

'အရှင်ဘုရားတို့လို ပုဂ္ဂိုလ်တွေရှိလို့ ဒီလိုကျောင်းတိုက်ကြီးတွေဟာ အခုချိန်ထိ တည်မြဲနေတာပါဘုရား။ ဆွမ်းကွမ်း အခက်အခဲရှိလို့၊ ရေမိုးရှားပါးလို့၊ ချောင်ကျခေါင်လှလို့ဆိုပြီး သံဃာတွေ သီတင်းမသုံးဘဲ စွန့်ပစ်ထားကြမယ်ဆိုရင် ဒီလိုကျောင်းတိုက်ကြီးတွေ ပျက်စီးပျောက်ကွယ်သွားမှာပါဘုရား'

'ဟုတ်တယ် ဒကာလေး။ ဦးပဥ္စင်းလည်း ဒီလို အခက်အခဲအမျိုးမျိုးတွေ ရှိပေမယ့် သာသနာချစ်စိတ်နဲ့ ကျောင်းတိုက်ကြီးကို စောင့်ရှောက်နေရတာပေါ့။ ဦးပဥ္စင်းတို့လို ဆွမ်းကွမ်းအခက်အခဲရှိကြတဲ့ ချောင်ထဲ တောထဲက သံဃာတွေကို မလွှန်ဈေးဆန်လှူအသင်းကြီးက နှစ်စဉ် တစ်စွမ်းနိုင်သမျှ လှူဒါန်းပေးနေတာ အထူးဝမ်းမြောက်စရာ ကောင်းလှပါတယ်ကွယ်။ သာဓုအကြိမ်ကြိမ် ခေါ်မိပါတယ် ဒကာလေး'

ဆရာတော်နှင့် စကားလက်ဆုံ ပြောနေမိသည်မှာ အချိန်ပင် တော်တော်ကြာသွားသည်။ အဆာပြေစားရန် ဆည်ယူလာခဲ့သည့် ဘီစကွတ်မုန့်ထုပ်လေးကို ဆရာတော်အား ကပ်လှူလိုက်သည်။ ဆရာတော်က သာဓုခေါ်သည်။

'တပည့်တော်ကို ခွင့်ပြုပါဦးဘုရား။ နောင်ကြုံရင်လည်း လာခဲ့ပါဦးမယ်ဘုရား'

'သာဓုပါကွယ်။ ဩော်..ဒါနဲ့ ဒကာလေး ကျောင်းကြီးပေါ်ကိုတက်ပြီး လေ့လာပါဦးလားကွယ့်'

'တပည့်တော် နောက်လာမှ ကျောင်းကြီးပေါ် တက်ကြည့်ပါတော့မယ်ဘုရား။ အချိန်နည်းနေလို့ပါဘုရား'

ဆရာတော်အား ဦးချကာ ကျောင်းဆောင်လေးပေါ်မှ ဆင်းလာခဲ့သည်။ ဆရာတော်သည် ကျောင်းပရိဝုဏ်အပြင် ထိထိရောက်အောင် သူ့ကို လိုက်ပါပို့ဆောင်ပေးသည်။ အနုရုဒ္ဓါချောင်မှ ထွက်လာခဲ့ပြီး ပတ္တမြားစေတီဘက်ဆီသို့ ဆက်ခဲ့သည်။

(၄)

တနင်္လာနေ့တွင် ရုံးပြန်တက်သည့်အခါ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ သူငယ်ချင်း ကိုခင်အောင်အား ယခုပတ်တွင် စစ်ကိုင်းတောင်ရိုးမြောက်ပိုင်းသို့ သွားရောက်လည်ပတ်လေ့လာဖြစ်ကြောင်း ပြောပြသည်။ နောက် အနုရုဒ္ဓါချောင်ကိုလည်း ဝင်ဖြစ်ခဲ့ကြောင်း ပြောပြသည်။ ထိုအခါ-

'အနုရုဒ္ဓါချောင်ကို ရောက်ခဲ့တယ်ဆိုတော့ စာရေးဆရာ ဆရာတော်ရွှေကိုင်းသားကို ဖူးခဲ့ရမှာပေါ့'

သူ အံ့ဩသွားမိသည်။ 'စာရေးဆရာတော် ရွှေကိုင်းသား' တဲ့။ စာတိုပေစလေးများကို ဖတ်သူဖြစ်၍ သုတေသီ စာရေးဆရာ ရွှေကိုင်းသား အမည်ကို ကြားဖူးသည်။ ရွှေကိုင်းသား၏ စာများကို တစ်ပုဒ်စ၊ နှစ်ပုဒ်စ ဖတ်ဖူးသည်။ သို့သော် ဆရာတော်ရွှေကိုင်းသားသည် စစ်ကိုင်းတောင်ရိုး၊ အနုရုဒ္ဓါချောင်တွင် သီတင်းသုံးသည်ဆိုသည့် အကြောင်းကိုမူ သူ လုံးဝမသိ။

'ဟင်..ဆရာတော်ရွှေကိုင်းသား၊ ဟုတ်လား။ အဲဒီမှာ ဘုန်းကြီးတစ်ပါးတော့ တွေ့ခဲ့တယ်။ အတော်လေး ကြာကြာတောင် စကားပြောဖြစ်ခဲ့တယ်။ အဲဒီကျောင်းမှာ တစ်ပါးတည်း သီတင်းသုံးတာဆိုတော့ ဆရာတော်ရွှေကိုင်းသားပဲ ဖြစ်မှာပါ'

'ကျောင်းကြီးပေါ်က အနုရုဒ္ဓါပြတိုက်ကိုရော ဝင်ကြည့်ခဲ့သေးလား'

သူ ပို၍အံ့ဩသွားမိပြန်သည်။ အနုရုဒ္ဓါပြတိုက်တဲ့။ ဆရာတော်ကတော့ သူ့ကို ကျောင်းကြီးပေါ် တက်ရောက်လေ့လာဖို့ ပြောသေးသည်။ သူက အချိန်မရလို့ပါဟု ငြင်းပယ်ခဲ့မိသည်။

'ဆရာတော်က ရှေးခေတ်ဘုရားဆင်းတုတော် အမျိုးမျိုးတွေ၊ ရှေးဟောင်းစာပေပုရပိုက်တွေ၊ ရွှေရေးစာတိုက်ကြီးတွေ၊ အနုပညာလက်ရာမြောက် ရှေးဟောင်းဘုရားဆောင်တွေ၊ ရှေးခေတ်သုံး ဖန်မီးအိမ်၊ မှန်မီးအိမ်တွေ၊ ရောင်စုံရွှံလုံးကြီးတွေ၊ ရှားပါးတိုင်ကပ်နာရီကြီးတွေ၊ ကြွေထည်မြေထည် ပစ္စည်းတွေကို စုဆောင်းပြသထားတာ။ အနုရုဒ္ဓါရှေးဟောင်းပြတိုက်ကြီးက ရှားပါးအနုပညာလက်ရာ ပစ္စည်းတွေ၊ ရှေးဟောင်း အဖိုးတန်ပစ္စည်းတွေ တော်တော်စုံတယ်ကွ။ မင်း အဲဒီကျောင်းကို ရောက်ပါရက်နဲ့ ဝင်မကြည့်ဖြစ်ခဲ့တာ တော်တော်နှာတာပဲကွာ'

သူ တော်တော်စိတ်မကောင်းဖြစ်မိသည်။ အနုရုဒ္ဓါ

www.burmeseclassic.com

ချောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ခဲ့သည်။ ဆရာတော်ရွှေကိုင်းသားနှင့် စကားလက်ဆုံကျခဲ့သေးသည်။ ဆရာတော်က ကျောင်းကြီးပေါ်သို့ တက်ရောက်လေ့လာကြည့်ရှုရန် ပြောခဲ့သေးသည်။

သို့သော် သုတေသီ စာရေးဆရာရွှေကိုင်းသား ဆရာတော် ဦးသောဘိတမှန်းလည်း သူ မသိ။ အနုရုဒ္ဓါပြတိုက်ကြီး ရှိနေမှန်းလည်း သူ မသိခဲ့၊ မကြည့်ခဲ့ရ။

'ဆွမ်းခံမကြွဖြစ်တာ ကျောင်းကြီးကို စိတ်မချတာလည်း ပါတယ်'ဆိုသည့် ဆရာတော်၏ စကားကို ခုမှ သဘောပေါက်သွားသည်။ ဆရာတော်၏ ကျောင်းကြီးပေါ်တွင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းပြတိုက်ကြီးက ရှိနေသည်ပေကိုး။

နောက်တစ်ခေါက် ရောက်ဖြစ်အောင် သွားကို သွားဦးမယ်ဟု သူ စိတ်ပိုင်းဖြတ်လိုက်သည်။

သို့သော် အနုရုဒ္ဓါသို့ မရောက်ဖြစ်ခဲ့တော့ပါ။ 'မင်းအမှုထမ်း ကမ်းနားသစ်ပင်' ဆိုသည့်အတိုင်း ရာထူးတိုးနှင့် ကလေးမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။

အနုရုဒ္ဓါသို့ သူ မရောက်ဖြစ်ခဲ့တော့။ ဆရာတော် ရွှေကိုင်းသားကိုလည်း ထပ်မံမဖူးတွေ့နိုင်တော့။

(၅)

သူ နှစ်ပေါင်း(၃၀)ကျော်မှ စစ်ကိုင်းတောင်ရိုးက အနုရုဒ္ဓါချောင်သို့ ပြန်ရောက်ဖြစ်သည်။ အရာရာကား ပြောင်းလဲခဲ့လေပြီ။ အနုရုဒ္ဓါချောင်တွင် ဆရာတော် ရွှေကိုင်းသားလည်း မရှိရှာတော့ပြီ။ အနုရုဒ္ဓါပြတိုက်ကြီးသည်လည်း သင်္ခါရသဘောအရ ရွှေ့လျောခဲ့လေပြီ။ ပုလဲသခင်တို့၏ သစ်သားကျောင်းဆောင်ကြီးလည်း မိုးမလုံလေမလုံဖြစ်ကာ အိုမင်းယိုယွင်းလျက်နေလေပြီ။

မပြောင်းလဲတာ တစ်ခုတော့ ရှိသည်။

စစ်ကိုင်းတောင်ရိုးမှ ချောင်ကျ ခေါင်လှသည့် အနုရုဒ္ဓါချောင်လို ကျောင်းတိုက်များတွင် သီတင်းသုံးနေတော်မူကြသည့် သံဃာတော်များမှာ ဆွမ်းကွမ်းကိစ္စအတွက် မလွန်ဈေးဆန်လှုအသင်းကြီးကို အားကိုးအားထားပြုကာ နေကြရဆဲ ဆိုသည့်အချက်ပင် ဖြစ်ပေသည်။

နန္ဒာမင်းလွင်

ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ



အထူးအဓိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး ဒေါ်မိုးမိုး

စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် [၇]ရက်သားသမီးများတို့မှာ ကြုံပေါ်တတ်သည့်

ပညာရေး စီးပွားရေး အချစ်ရေးနှင့် အိမ်ထောင်ရေး ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်,ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း

မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊

ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၅၅ ၉၅၂ ၅၂၀၊ ၀၉၄၂၁ ၀၂၁ ၁၆၈



www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မတ်လ (၂၃)ရက်နေ့သည် ဗုဒ္ဓဟူးနေ့ တပေါင်းလပြည့်နေ့ ဖြစ်ပါသည်။ ကျိုက္ကမော့တောင် ဖားမဲ့ဂူတွင် တွေ့ဆုံခဲ့သော ဆရာတော်ဘုရားနှင့် ချိန်းထားသောနေ့လည်း ဖြစ်ပါသည်။ ဌာနဆိုင်ရာ တာဝန်ထမ်းဆောင်ခဲ့စဉ်ကလည်းကောင်း၊ နိုင်ငံခြားသားများနှင့် ဆက်ဆံရသော (Foreigners Relation Officer) တာဝန်ခံအရာရှိ (ယခင်အခေါ် Liaison Officer)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံအရ အချိန်ကို လေးစားသော အကျင့်မှာ ခေါက်ရိုးကျိုးနေပြီ ဖြစ်ပါသည်။



# ပုရောဟိတ် ဆရာဦးမြတ်စံ ပညာသိဒ္ဓိကျင့်စဉ်

ဆရာတော်ချိန်းဆိုရာ ကိုးထပ်ကြီးဘုရားသို့ နံနက်စောစော (၄)နာရီခန့်ထ၍ အိမ်က ကားဖြင့်ပင် ထွက်ခွာခဲ့ပါသည်။ ဘုရားရောက်သောအခါ ကိုးထပ်ကြီးဘုရားရှေ့ အာရုံခံတန်ဆောင်းတွင် ဆွမ်းတော်ကြီးပွဲများက အဆင်သင့်ပြင်ထားသည်ကို တွေ့ရပါသည်။ သံဃာတော်များ နောက်မှနေ၍ ဘုရားအား အသာဝတ်ပြုပြီး ဆရာတော်ဘုရား ချိန်းဆိုထားသော ဖားမဲ့ဂူဘုရားသို့ ခပ်သုတ်သုတ် ထွက်ခွာလာမိပါသည်။

ဘုရားဥပါသကာများက ပန်း၊ ဆီမီး၊ ရေချမ်းများ၊ သစ်သီးများ၊ ဆွမ်းပွဲများ ပြင်၍ ဆက်ကပ်ရန် အသင့်ဖြစ်နေပါသည်။ သိပ်မကြာလိုက်ပါ၊ ကိုးထပ်ကြီးဘုရားဝင်းထဲမှ သံဃာအချို့ ကြွလာပြီး ဖားမဲ့ဂူအတွင်းမှ မြတ်စွာဘုရားအမျိုးရှိသော ရဟန္တာနှင့်တကွ သူတော်စင်ကြီးများကို ဆွမ်းတော်ကပ်ကြပါသည်။ အချို့သော အလှူရှင်များက ကြွရောက်လာကြသော ဓမ္မမိတ်ဆွေ ပရိသတ်တို့အား လက်ဖက်ရည်၊ မုန့်ဟင်းခါး၊ မုန့်အချို့၊ သစ်သီးများ ဒါနပြုရန် စီစဉ်နေကြပါသည်။ ကြွရောက်လာကြသော ဧည့်ပရိသတ်က သိပ်မများလှပါ။ သံဃာတော်များနှင့် ပေါင်းလိုက်မှ (၁၀)ဦး၊ (၁၅)ဦးခန့်ရှိမည် ထင်ပါသည်။ ထိုအထဲမှ သန်လျင် ပါဒကြီး၊ ကျိုက္ကမော့တောင် ဖားမဲ့ဂူတွင် တွေ့ခဲ့သော ဆရာတော်အား ရှာဖွေနေမိပါသည်။ သို့သော် မတွေ့ပါ။

စာရေးသူ ဘေးနားတွင် ဝတ်ဖြူစင်ကြယ်ဖြင့် ဘုရားဝတ်ပြုနေသော အဘိုးအိုက 'ငါ့မြေး··မရှာနဲ့၊ ရှာနေလည်း အပိုပဲ။ မင်းအတွက် ပညာသိဒ္ဓိ ပေးမယ်ဆိုတဲ့ ကတိအတိုင်း အဘရောက်လာပြီလေ။ ဘယ်လိုနည်းနဲ့ ရောက်ရောက် ငါ့မြေးက ပညာသိဒ္ဓိရဖို့ပဲ မဟုတ်လား'ဟု ပြောပါသည်။

ဘုန်းကြီးရဟန်းဝတ်မှ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော သူတော်စင် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါကျမှ စာရေးသူ စိတ်ထင့်နေသော ပညာသိဒ္ဓိ ရရန်ကိစ္စမှာ စိတ်အေးသွားရပါတော့သည်။ ထိုအဘက ဒါဆို ဒီလိုလုပ်။ ဒီမှာက လူတွေ အရမ်းများနေတယ်။ ကြည့်မြင်တိုင်ဘူတာအနားက မဟာမြိုင်ဆရာတော်ဘုရားကြီး အရှင်ဘဒ္ဒန္တစန္ဒာသူရိယရဲ့ မြယုဂါကျောင်းကို သွားကြရအောင်'ဟု ကောက်ခါငင်ခါ ထသွားပါတော့သည်။

စာရေးသူက 'အဘ..ကျွန်တော့်မှာ ကားပါပါတယ်။ ကားနဲ့ သွားကြရအောင်လား'ဟု ပြောရာ 'မလိုပါဘူးကွာ။ သိဒ္ဓိဆယ်ပါးထဲက ပထဝီသိဒ္ဓိကျင့်စဉ် အောင်အားရင် မြေကြောရှုံ့လိုက်ရင် ရပါပြီ'ဟု အဘက ပြောပါသည်။

စာရေးသူက ကားထဲတွင် ဖိနပ်ချွတ်ထား၍ ဖိနပ်သွားယူရန် ဟန်ပြင်နေတုန်းမှာပင် မဟာမြိုင်ကျောင်းသို့ စာရေးသူနှင့် အဘတို့နှစ်ဦးသား ကျောင်းပရိဝုဏ်အတွင်း ရောက်သွားပြီး ဆင်ရုပ်တွေရှေ့တွင် ထိုင်လျက်ဖြစ်နေပါသည်။

အဘက 'ငါ့သား..ဒီနေ့ ဘာနေ့လဲ။ ဗုဒ္ဓဟူးနေ့ မဟုတ်လား။ ဒါကြောင့် ဆင်ရုပ်ရှေ့မှာ ပညာသိဒ္ဓိပေးဖို့ ခေါ်လာတာပေါ့'ဟု ပြောပါသည်။

မဟာမြိုင်ဆရာတော်ကလည်း ကျိုက္ကမော့တောင် အခွဲဂူမှာလာပြီး အဓိဋ္ဌာန်ဝင်ခဲ့ဖူးပါသည်။

အဘကပင် ဆက်၍ 'ငါ့သား..ပုတီးစိပ်ရင် အခု ပြောတဲ့ ပုတီးစိပ်နည်းကို အရင်ဆုံး စိပ်ကြည့်ပါ'ဟု အောက်ပါအတိုင်း သင်ပြပေးပါသည်။

(၁) အရဟံ မေ ဗလံ ဒေတု

(၂) အရဟံ မေ ယသံ ဒေတု

(၃) အရဟံ မေ သိရီ ဒေတု

(၄) အရဟံ မေ သိဒ္ဓိကမ္မံ ဒေတု

(၅) အရဟံ မေ ဝိဇ္ဇာဝိမုတ္တိ ဒေတု

...သော ဘဂဝါ ဣတိပိ အရဟံ အရ-ဟံ အ-ရဟံ ...ဗုဒ္ဓါယျ စဗေဝ..ဟု ဆိုပြီး ပုတီးတစ်လုံးချပါ။

တနင်္ဂနွေနေ့မှစ၍ အဓိဋ္ဌာန်ဝင်ကျင့်ပါ။ မိမိရဲ့ မွေးနံကို တနင်္ဂနွေထောင့်မှာ ထိုးပါ။ နံ့သာတိုင်(၆)တိုင်၊ အလင်းတိုင်(၆)တိုင် ပူဇော်ပြီးမှ ပုတီးစိပ်အဓိဋ္ဌာန် ဝင်စေပါသည်။ ပုတီးစိပ်သောအခါ တနင်္ဂနွေထောင့်မှစ၍ ...ခြင်း (၆)ပတ်စိပ်ရပါမည်။ ထိုမှဆက်၍ တနင်္လာထောင့်တွင် တနင်္လာဂြိုဟ်သက်အရ မွေးနံအညွန့်ပန်း (၁၅)ပွင့် (သို့မဟုတ်) (၁၅)ခက်၊ နံ့သာတိုင်(၁၅)တိုင်၊ အလင်းတိုင်(၁၅)တိုင် ပူဇော်ပြီးမှ အဘဆရာ သင်ကြားပေးသော ပုတီးစိပ်ကို (၁၅)ပတ်စိပ်ရပါမည်။ ထိုမှဆက်၍ နေ့အစဉ်အလိုက် ဂြိုဟ်ပတ်ဂြိုဟ်စဉ်အတိုင်း ဂြိုဟ်သက်အတိုင်း အဓိဋ္ဌာန်ပုတီးပတ်ကို စိပ်ရပါမည်။

ထိုသို့စိပ်ပြီးသောအခါ အိမ်ပြန်ရောက်လျှင် အိုးအသစ် မြေအိုးဖြင့် ချက်ထားသော ထမင်းကို စားရပါမည်။ ထမင်းစားသောအခါ ဘိုးတော်စကြာမင်း စီရင်ထားသော ဗျည်း(၃၃)လုံးမှ စာဖိုစာမစက်ဟိန်းကို အသံပီသစွာရွတ်၍ ထမင်းတစ်လုတ်စားတိုင်း စာတစ်ကြောင်း အက္ခရာတစ်လုံး ရွတ်ရပါမည်။ ရွတ်ရမည့် '**စာဖိုစာမစက်ဟိန်း**'မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဦး..'က'ကြီး ငါကြံစည်တိုင်း၊ ပြောဆိုတိုင်းပြီးစီး။

(၂) ဦး..'ခ' ကွေး ငါဟန့်လျှင် ရန်သူပြေး။

(၃) ဦး..'ဂ'ငယ် ရန်သူတွေ့က ငါ့ကို သိကြားကွယ်။

(၄) ဦး..'ဃ'ကြီး ငါ့ကိုယ်ဝယ် ဓား၊ လှံ၊ သေနတ်ပြီး။

(၅) ဦး..'င' ငါလို၍ တစ်ခဏချက်ချင်း အားလုံးရ။

(၆) ဦး..'စ' စုန်းကဝေ အောက်လမ်း ငါ့ကိုစမ်း မီးကျွမ်းလောင်၍ရှူး။

(၇) ဦး..'ဆ'လိမ် ဆရာဟူသမျှ ရိုတုပ်ကွ ဝန်ချ မာန်ဦးနှိမ်။

(၈) ဦး..'ဇ'ကွဲ ငါ့ကိုမြင် ဓာတ်ပြ မူလပြန် အမှန်ပေါ် အော်၍လဲ။

(၉) ဦး..'ဈ' မြင်ဖွဲ့ ငါ့ဈာန်သိဒ္ဓိအောင်ပွဲ။

(၁၀)ဦး..'ည' ငါ့ဘဝ အဝိဇ္ဇာအမှောင်ခွင်း၍ အလင်း ဝိဇ္ဇာ ဉာဏ်ထွန်းပ။

(၁၁)ဦး..'ဋ' သံညှင်းကျိတ် ငါ့နှိ ဒုက္ခတံခါးပိတ်။

(၁၂)ဦး..'ဌ' ဝမ်းဘဲ ငါဟောသဘောကျ ပြောတိုင်း တည်အာဏာမြဲ။

(၁၃)ဦး..'ဍ'ရင်ကောက် ငါ၌ ရောဂါဝေဒနာ ရှင်းရှင်းပျောက်။

(၁၄)ဦး..'ဎ'ရင်မှုတ် ငါ့ကို အပင်းသွင်း ချက်ချင်း အန်ကာထုတ်။

(၁၅)ဦး..'ဏ'ကြီး အနန္တစကြာဝဠာ ငါသွားလိုကနီး။

(၁၆)ဦး..'တ'ဝမ်းပူ ငါ့ကိုမြင်သူ ချစ်ကြည်ဖြူ။



www.burmeseclassic.com

www.burmeseclassic.com

(၁၇)ဦး..'ထ'ဆင်ထူး ငါ့ပညာသာထိပ်ဖူး ကမ္ဘာဦး။
(၁၈)ဦး..'ဒ'ဒွေး ဒေဝဒေဝါနတ်တကာ ဥစ္စာလာ၍ ငါ့ကိုပေး။
(၁၉)ဦး..'ဓ'အုပ်ချုပ် ငါ၌ ဓာတ်သိဒ္ဓိလိုက် ကံကောင်းဆိုက်။
(၂၀)ဦး..'န'ငယ် ငါ၌ နတ်မိစ္ဆာရန်စွယ် ဘေးမျိုးပယ်။
(၂၁)ဦး..'ပ'စောက် ငါ့ပညာ နေလို,လလို ဂုဏ်ဝင်းတောက်။
(၂၂)ဦး..'ဖ'ဦးထုပ် ငါ့ပညာသာ အရာရာ စကြဝဠာ လွှမ်းမိုးချုပ်။
(၂၃)ဦး..'ဗ'ထက်ခြိုက် ငါ့ပညာအခေါင်နိုက် ဗေဒင်လေးပုံ အောင်လံစိုက်။
(၂၄)ဦး..'ဘ'ကုန်း ငါ့ပညာ မဟိဒ္ဓိဘုန်း မိုးသို့ချုန်း။
(၂၅)ဦး..'မ' သူရဿတီ ဒေဝီမြက်ဖျား၊ မယ်ဘုရား စီးပွားငါ့ကို,မ။
(၂၆)ဦး..'ယ'ပက်လက် ယဿခြေရံ မိတ်ကောင်းလျှံ အမှန် ငါ့ကိုခ။
(၂၇)ဦး..'ရ'ကောက် ရန်သူလည်းကြောက် မကောင်းနိမိတ်လည်း ငါ့မှာပျောက်။
(၂၈)ဦး..'လ' ငါ့ဘဝ စန္ဒာလနှယ်ထွန်း ဘုန်းသစ်ထ။
(၂၉)ဦး..'ဝ' အားလုံးဝိဇ္ဇာ ကြွ၍လာ ပညာသိပ္ပ ငါ့ကိုပြ။
(၃၀)ဦး..'သ'သတ္တဝါ ဘေးကြုံလာ ငါ့ပညာနှင့် ကယ်အန္တယ် သုခရကုန်ကြ။
(၃၁)ဦး..'ဟ' ရဟန္တာ ငါ့ကိုနာမ်ချဉ်းလာ သာသနာရေးမိန့်ကျွေးမ,စ။
(၃၂)ဦး..'ဠ'ကြီး ငါ့ပညာ စကြဝဠာအတွင်း သတင်းကျော်စောဟီး။
(၃၃)ဦး..'အ' ငါ့အာခေါင်အာရင်း သိကြားမင်း ဖန်ဆင်းကိုယ်တိုင်ပြ။ အရဟံ နမော်ဗုဒ္ဓါယျှသိဒ္ဓံ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊ ဩော့၊ ဪ၊ အံ၊ အား။

ထမင်းတစ်လုတ်လျှင် အက္ခရာတစ်လုံးဖြင့် အက္ခရာ (၃၃)လုံးအတွက် ထမင်း(၃၃)လုတ် စားရမည်။ ကိုယ်တိုင် ဝိဇ္ဇာဖြစ်မည်။ ဝိဇ္ဇာသိဒ္ဓိရပြီး မိမိလိုရာဆန္ဒ ကြံရံမှုဖြင့် ပြည့်စေမည်။ အဖျက်အားကြီးသည်။ သတိအထူးရှိရပါမည်။

ထိုအခါ စာရေးသူက 'အဘဆရာရယ်..ထမင်း[illegible] စားရင် အလွန်ဆုံး (၁၅)လုတ်ပေါ့။ (၃၃)လုတ်ဆိုတော့ မများဘူးလား။ ဘယ်လိုစားရမလဲ'ဟု အဘဆရာအား မေးလိုက်ပါသည်။

ထိုအခါ အဘဆရာက 'ငါ့မြေးရဲ့၊ ဒီလိုရှိတယ် ကွယ့်။ တို့မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတော [illegible] တစ်ခါ ဆွမ်းဘုဉ်းရင် (၄၉)လုတ်ဘုဉ်းတော်မူတယ်။ အ[illegible] ငါ့မြေးက (၃၃)လုတ်စားမယ်ဆိုရင် ကွမ်းသီးလုံးလော[illegible] မိမိစားနိုင်ရုံ ချင့်ချိန်ပြီး စားပေါ့ကွယ်'ဟု ပြောပါသည်။

'နောက်ပြီး ထမင်းမစားခင် အိမ်ကဘုရားစင်[illegible] အခု အဘသင်ပေးလိုက်တဲ့ ဗားမဲ့သိဒ္ဓိအင်းကို စီရင်ပြီး ဖယောင်းတိုင်မှာပတ်၍ ပူဇော်ပြီးမှ ထမင်းကို စား[illegible] ဟူ၍ မိန့်ပါသည်။

စာရေးသူလည်း အဘမိန့်မှာချက်အတိုင်း အောက်[illegible] ဗားမဲ့အင်းကို စီရင်နိုင်ရန် စနစ်တကျကူးယူလိုက်ပါသည်။

**ဗားမဲ့ထွက်ရပ်ပေါက်သိဒ္ဓိအင်း**

| | | | | | | |
|---|---|---|---|---|---|---|
| နှ | ဥ | ဈ | ရ | ဇု | ဧ | ည |
| ဆ | ယ | မော | ဦ | ဈု | နှ | ဒွါ |
| ဤ | အံ | သ | ဓ | လ | ဋ္ဌ | ဩ |
| မ | စ | ထ | နံ | ဟ | ယ | ဝ |
| တ | ဣ | ဋ္ဌ | ဝ | ဒ | က | ဋ္ဌ |
| င | ဘ | အ | ပ | ဂ | ဖ | သိ |
| အာ | ဏ | ဃ | ဗ | ဒွိ | ဍ | ခ |

(နံ)နေရာတွင် အစိဋ္ဌာန်ဝင်သူ၏ မွေးနံကိုထည့်[illegible]

အထက်ဖော်ပြပါ ကျင့်စဉ်အဓိဋ္ဌာန်ဝင်လျှင် သူ[illegible] စင်များက စောင့်ရှောက်ပြီး မိမိလိုအပ်သော သိဒ္ဓိ[illegible] များ ရစေပါသည်။

မေတ္တာ[illegible]
**ပုရောဟိတ်–ဆရာဦး[illegible]**
ဖုန်း - ၀၉[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်အရှင်သံဝရကျောင်းသို့ မရောက်ဖြစ်တာ တ,အနည်းငယ်ကြာပြီ ဖြစ်ပါသည်။ ကိစ္စများခြောင် လူ ကျော်ဆောင် ဆိုသည့်အတိုင်း မိအို,ဖအိုကြီး(၂)ဦးနှင့် သား ဘွေးမှု၊ မယားကျွေးမှု ဆိုသကဲ့သို့ အိမ်ထောင့်တာဝန် ထမ်းဆောင်နေရသဖြင့် မရောက်ဖြစ်ခြင်း ဖြစ်ပါသည်။

စာရေးသူ ဆရာတော်ကျောင်းသို့ ရောက်သွားသော အခါ ဆရာတော်မှာ အခန်းထဲတွင် တရားမှတ်နေသဖြင့် ဝိဆောင်ရွက်နေကျ ထွေးခံဆေးခြင်း၊ ကုဋီဆေးခြင်း၊ ကြမ်းတိုက်ခြင်း စသည်တို့ကို ဆောင်ရွက်နေပါသည်။

ဆရာတော် အခန်းထဲမှ ထွက်လာပြီး 'ဒကာမြတ်စံ ရောက်နေတာ ကြာပြီလား။ မိသားစုတွေရော နေကောင်း ရဲ့လား' ဟု မိန့်ပါသည်။

စာရေးသူကလည်း 'တင်ပါ့ဘုရား၊ မိသားစုအားလုံး နေကောင်းပါတယ်ဘုရား။ တပည့်တော် ပြည်ပခရီးစဉ် အတွက် စိတ်ထင့်နေလို့ တပည့်တော်ရဲ့ ဇာတာကို တွက် စစ်ပြီး အဆောင်ယတြာ စီရင်ပေးစေလိုပါတယ်ဘုရား' ဟု လျှောက်တင်လိုက်ပါသည်။

ထိုအခါ ဆရာတော်က 'ဒကာမြတ်စံလည်း နား လည်သင့်သလောက် နားလည်နေပြီပဲ။ မိမိဘာသာ တွက် ချက်ပြီး အဆောင်ယတြာလိုရင်လည်း စီရင်ပြီး ချေလိုက် ပေါ့ကွယ်' ဟု မိန့်ပါသည်။

ဆရာတော်သီတင်းသုံးနေသော ကုလားထိုင်အနီးသို့ အသာတိုးကာ ခုနက ဆေးထားသော ထွေးခံအသစ်ကို အလိုက်သိစွာ ထိုးပေးလိုက်ပါသည်။

စာရေးသူက 'အရှင်ဘုရား··တပည့်တော်ရဲ့ ဇာတာ မှာက စန်းကို ရာဟုစီးနေပါတယ်ဘုရား။ နောက် သက်

# ပုရောဟိတ် ဆရာဦးမြတ်စံ

## ရာဟုမုန်တိုင်းနောက်က လေပြည်



www.burmeseclassic.com

ရောက်ကလည်း ရာဟုဖြစ်နေပါတယ်။ ဒါကြောင့် နက္ခတ်ဗေဒင်အရရော လက်ဆန်းဗေဒင်အရပါ ပျဉ်းမနား ဆရာကြီး ဦးသန်းမောင်ရဲ့ အယူအဆအရ ကောဇာစနစ်မှာ စန်းတို့၊ လက်တို့ကို ရာဟုဂြိုဟ်စီး၊ ဂြိုဟ်မြင်ရှိရင် မကောင်းဘူးလို့ သိရပါတယ်။ အဲဒါ စိတ်ပူလို့ လာမေးတာပါဘုရား' ဟု သာသာထိုးထိုးဆင်ခြေပေး၍ မငုံ့မရဲလျှောက်လိုက်ပါသည်။

ဆရာတော်ဘုရားက ဝါးလက်စကွမ်းကို ထွေးခံယူ၍ အသာထွေးလိုက်ပြီး 'ဟာ..ဒကာမြတ်စံကလည်း စန်းသတ်ရာဟုဆိုတိုင်း ရာဟုသက်ရောက်တိုင်း ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူးလေ၊ အနာသိရင် ဆေးရှိရမှာပေါ့။ ဘုန်းကြီးပြောတဲ့ ယတြာအစီရင်ကို လုပ်ကြည့်ပါ။ အကုန်လုံး အဆင်ပြေသွားပါလိမ့်မယ်' ဟု မိန့်ပါသည်။

'အရှင်ဘုရား..တပည့်တော်ကတော့ လောလောဆယ် သက်သတ်လွတ်စား၊ အိမ်နားက ဆူးလေဘုရားမှာ အဓိဋ္ဌာန်ပုတီးကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရုံးမသွားမီနှင့် ရုံးက အပြန်မှာ ဆောင်ရွက်လေ့ရှိပါတယ်' ဟု ဆရာတော်အား လျှောက်တင်လိုက်ပါသည်။

ဆရာတော်က 'ဒါဆို ဒီလိုလုပ်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်(ဗဟန်းဘက်စောင်းတန်း)တစ်လျှောက်မှာ မြန်မာရိုးရာ စက္ကူအရုပ်တွေ ရောင်းတဲ့ဆိုင် ရှိတယ်။ ဖိုးဝရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ နွားရုပ် အစရှိသည့်ပေါ့ကွယ် အဲဒီထဲက ဆင်ရုပ်တစ်ရုပ် ဝယ်ပါ။ ဆင်ဖြူတော်(အဖြူရောင်)ဆင်ဆိုလည်း အိမ်ရောက်ရင် ဆေးအနက်သုတ်လိုက်ပါ။ အစွယ်ရာ စွယ်ရောင်ရှိလျှင်လည်း အစွယ်ကို ဖျောက်တဲ့,ဖျက်တဲ့အနေနဲ့ ဆေးအနက်အပေါ်က ဖုံးပြီး သုတ်ပါ' ဟု မိန့်ပြီး ခဏနားပါသည်။

စာရေးသူလည်း အလိုက်သိစွာ ကွမ်းအစ်ကို ဆရာတော်၏စားပွဲ လက်လှမ်းမှီသောနေရာသို့ တိုးပေးလိုက်ပါသည်။ ဆရာတော်မှ ကွမ်းရွက်တစ်ရွက်ကို ကွမ်းအစ်ထဲမှ နှိုက်ယူပြီး ထုံးတို့နေရင်း စကားဆက်ပြန်ပါသည်။

'အခုန ဆင်ရုပ်ကို ဆေးအနက်သုတ်ပြီး ခြောက်အောင် နေလှန်းထားပေါ့ကွယ်၊ ဟိုင်းဆင်ဖြစ်သွားတာပေါ့။ နောက် ကိုယ့်မွေးနေ့ ရောက်တဲ့အခါမှာ မွေးနေ့နံနက် စောစောထ၊ ရေမိုးချိုးသန့်စင်၊ လျှော်ဖွပ်ထားတဲ့အဝတ်အစားအသစ်ကို ဝတ်ပြီး ရွှေတိဂုံဘုရားက ရာဟုထောင့်ကို သွားပါ။ ရာဟုထောင့်မှာ ညောင်ပင်ကြီးတစ်ပင်က ပြည့်ဖြိုးဝေဆာစွာ ပေါက်နေတဲ့ သက်တမ်းရှ... အပင်ကြီးတစ်ပင် ဖြစ်ပါတယ်' ဟု မိန့်ပါသည်။

ဆရာတော် ယာထားသော ကွမ်းကို ပါးစောင်တွ... ခဲ၍ 'အဲဒီညောင်ပင်ကြီးရဲ့ ရာဟုထောင့်မှာ ယတြာ... ရမှာ ဖြစ်ပါတယ်။ အိမ်က မွေးနေ့မရောက်ခင်တည်း... ဆန်ကောင်းဆန်သန့်ကို မိမိညာလက်နဲ့ (၈)ဆုပ်,ဆုပ်ပြီး... အိတ်နဲ့ ထည့်ထားပါ။ နောက် ရေဘူးထဲမှာ ရေ(၈)ခွက်ကို... ထည့်ပြီး ဖန်ခွက်ကြီးကြီး ဆောင်သွားပါ။

(မှတ်ချက်-ထိုစဉ်က ပလတ်စတစ်အိတ်၊ သော... ရေသန့်ဘူးများ မပေါ်သေးပါ။)

စောစောက ဆေးအနက်သုတ်ထားတဲ့ အစွယ်မဲ... ဟိုင်းဆင်ရုပ်လည်း ယူသွားပါ။ နောက် အလင်းတိုင်(၈) တိုင်၊ နံ့သာတိုင်(၈)တိုင်ပါ ယူသွားပါ။ ရာဟုထောင့်မှာ ဟိုင်းဆင်ရုပ်ကို ဘုရားဘက်လှည့်ပြီး ထောင်ထားပါ။ ဟိုင်းဆင်ရုပ်ရှေ့မှာ ဇလုံပန်းကန် အသေးထဲသို့ ဆန်(၈) ဆုပ်ထည့်ပါ။ သောက်တော်ရေ(၈)ခွက်အတွက် ဖန်ခွက် အကြီးထဲကို ခွက်အသေးနဲ့ (၈)ခါလောင်းထည့်ပါ။ ဒါမှ... မဟုတ် ဖန်ခွက်အသေး(၈)ခွက်ထဲ ရေလောင်းထည့်ပါ။ ဒါဆိုရင် ရာဟုထောင့်မှာရှိတဲ့ ရာဟုဂြိုဟ်မင်း လမိုင်းနတ်... ကို ပူဇော်ဖို့ အဆင်သင့်ဖြစ်သွားပါပြီ' ဟု ဆရာတော်... မိန့်ပါသည်။

ဆရာတော်လည်း ပါးစောင်တွင်ရှိသော ကွမ်းကို... အသာအယာဝါးပြီး မြုံ့နေသဖြင့် စာရေးသူလည်း ဆရာ... တော် ပြောသမျှ လိုက်မှတ်နေမိပါတော့သည်။

ထို့နောက် ဆရာတော်မှ စကားဆက်၍ ဟိုင်းဆင်... ရုပ်ရှေ့မှာ လိုအပ်တာတွေ ပြင်ဆင်ပြီးရင် 'ဘုရားတပည့်... တော် ကြာသပတေးသား၊ အသက်(၃၄)နှစ်သည် ပြည်... ခရီးသွားရန် အစီစဉ်ရှိပါသည်။ ယခုအခါ ခရီးစဉ်အတွက်... အနှောင့်အယှက်များ မဖြစ်ပေါ်စေဘဲ ဗီဇာကိစ္စ၊ နိုင်ငံ... ခြားပညာသင်အဖွဲ့မှ ခွင့်ပြုမိန့် စသည်တို့ အဆင်ပြေချော... မွေ့ပါစေသား' ဟု ပြောဆိုဆုတောင်းပါ၊ နံနက်(၆း၄၅)... နာရီမှာ ဆောင်ရွက်ရမည်ဟု သိရပါသည်။

ထို့နောက် ဆရာတော်မှ ညနေပိုင်းတွင် ဆင်... အထက်ပါ အစီအရင်ကဲ့သို့ ဆက်ဆောင်ရွက်ပေးပါသည်... ည(၆း၄၅)နာရီ ဆောင်ရွက်ရပါမည်။ ထိုသို့ ဆောင်ရွ...



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် နံနက်က ယတြာစီရင်နေစဉ် ကြွေကျသော ညောင်ရွက်သန့်သန့်(၁၂)ရွက်ကို ကောက်၍ ရေဆေးပြီး သိမ်းထားပါ။ ညနေပိုင်း ယတြာပြုတော့မည်ဆိုလျှင် အဆိုပါ ညောင်ရွက်(၁၂)ရွက်ကို အဖျားကို ရာဟု ဆင် ဟိုင်းဘက် ထားပါ။ အရင်းပိုင်းကို မိမိဘက် ထားပါ။ ထိုညောင်ရွက် (၁၂)ရွက်ပေါ်တွင် မန်ကျည်းသီးအနှစ် (အစေ့မပါ) ကွမ်းသီးလုံးခန့်လုံး၍ တစ်ရွက်လျှင် တစ်လုံး ကျ တင်ပါ။ အလားတူ ရေ(၁၂)ခွက်ကို ညောင်ရွက် အရင်း ပိုင်းတစ်ရွက်စီ၏ ရှေ့တွင် တစ်ခွက်စီ ချထားပါ။ ထူးခြားသည်မှာ ရာဟုထောင့်တွင် လမိုင်းနတ်ကို ဆု တောင်းသောအခါ ဘုရားကို ကျောခိုင်းပြီးမှ ဆုတောင်း ပါ။ ထိုသို့ဆုတောင်းပြီးသောအခါ မိမိ၏ မွေးနံထောင့်ကို သွား၍ အောက်ပါဂါထာကို သက်စေ့ရွက်ဆိုပါ။

<u>ခရီးသွားလျှင် အဆင်ပြေချောမွေ့စေသောဂါထာ</u>

ပါသာဏာ သက္ခရာစေဝ၊
ကဋ္ဌလာ ခါဏုကဏ္ဍကာ၊
သဗ္ဗေမဂ္ဂါ ဝိဝဇ္ဇန္တိ၊
ဂစ္ဆန္တေ လောကနာယကေ၊
ဧဝေန သစ္စဝဇ္ဇေန၊
ဂမနံမေ သမိဇ္ဈတု။

သိပ်မကြာလိုက်ပါ၊ မင်္ဂလာဒုံလေဆိပ်တွင် မိသားစု စုံလင်စွာဖြင့် မိတ်ဆွေတချို့လည်း လိုက်ပါ၍ နှုတ်ဆက် ကြပါသည်။ ဆရာတော် အရှင်သံဝရက ရဟန်းဖြစ်နေ၍ လေဆိပ်သို့ မလိုက်တော့ပါ။ ကြိုတင်ဆုပေး၍ ပြည်ပ တွင် အဆင်ပြေစေရန် ရွှေယောက်မတစ်ချောင်း အဆောင် အဖြစ် ပေးလိုက်ပါသည်။ နိုင်ငံခြားရောက်လျှင် မ,စမည့် သူ ပေါ်ပေါက်၍ အစစအရာရာ အဆင်ပြေရန် ရည်ရွယ် ၍ အဆောင်စီရင်ပေးလိုက်ခြင်း ဖြစ်ပါသည်။ ထိုစဉ်က ကြိုးမဲ့တုဆက်သွယ်ရေး မရှိသဖြင့် Auto Telephone (အော်တိုဖုန်း)စနစ်ကြောင့် ဖုန်းဆက်သွယ်မှု လွန်စွာမှ ခက်ခဲပါသည်။ အင်တာနက်၊ E-mail မပေါ်သေးပါ။ ထို့နောက်မှ Digital ဒစ်ဂျစ်တယ်ဖုန်းစနစ် ပေါ်လာသဖြင့် ဆက်သွယ်ရေးကောင်းမွန်လာပါသည်။ မြန်မာပြည်မိသား စုထံမှ လူကြုံစာနှင့် စာတိုက်မှ စာကိုသာ အားကိုး၍ မျှော်နေရပါသည်။ GPO (General Post Office) ခေါ်သည့်လျှင်လည်း ရန်ကုန်စာတိုက်ကြီးကိုသာ အားကိုး



ခဲ့ရပါသည်။

ပထမဦးဆုံး ပြည်ပခရီးစဉ်(First Trip) တွင် ပြည်ပ အတွေ့အကြုံများ ရရှိသကဲ့သို့ နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံကို စာတွေ့မှ ငါတွေ့အဖြစ် ရရှိခဲ့ပါသည်။ ယခု စာရေးသူ ပြည်ပမှ ပြန်လာပြီး Soft Guide Computer တွင် Marketing Management စာပြ ခြင်း၊ ကိုယ်ပိုင်ကုမ္ပဏီတည်ထောင်ပြီး နိုင်ငံခြားသံရုံးများ၊ ဟိုတယ်ကြီးများ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက် နေခဲ့သော်လည်း မိမိ၏ စိတ်အစဉ်မှာ ငွေရဖို့ထက် (၇) နေ့သားသမီးကို အကျိုးပြုနိုင်သော ဗေဒင်ဂမ္ဘီရ ပညာ ကိုသာ ဆောင်ရွက်ဟောပြောလိုသော ဆန္ဒများ ရင်တွင်း တွင် တဖွားဖွား ဖြစ်ပေါ်လာလျက်ရှိနေရာမှ ဆရာကြီး ရန်ကုန်ကျော်ရင်၏ တိုက်တွန်းမှု အရှင်သံဝရ၏ နှိုးဆော် မှုတို့ကြောင့် ပုရောဟိတ်ဆရာဦးမြတ်စံ ဘဝကို ခံယူခဲ့ ခြင်း ဖြစ်ပါသည်။

စာရေးသူထံသို့ ပြည်ပနိုင်ငံများတွင် ရင်းနှီးခဲ့သော မိတ်ဆွေဟောင်းများ မြန်မာပြည်တွင် ပြည်ပနိုင်ငံသို့ သွားရောက်ရန် အစီအစဉ်ရှိသူများအတွက် အထက်ဖော် ပြပါ ယတြာအစီရင်ကို ဆောင်ရွက်ပေးလေ့ရှိပါသည်။

စန်း(တနင်္လာဂြိုဟ်)ကို ရာဟုဂြိုဟ် မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ ရာဟုသက်ရောက် ဖြစ်နေကလည်း ယတြာဆောင်ရွက်နိုင်ကြောင်း မေတ္တာရှေ့ထား၍ ရေး သားဖော်ပြလိုက်ပါသည်။

မေတ္တာရည်၍

**ပုရောဟိတ် ဆရာဦးမြတ်စံ**

ဖုန်း - ၀၉ ၅၁ ၈၆၆၄၆



www.burmeseclassic.com

www.burmeseclassic.com

# စမ

**ကိုမောင်သန်းဝင်း**

စမ။ သုပညာနဂရ ဆိန္နမင်းလက်ထက် သာသနာသက္ကရာဇ်(၆၂၉)ခုနှစ်၊ အတိုသက္ကရာဇ်(၇)ခုတွင် ဥတ္တမသီရိမထေရ် စီရင်သည်ဟုဆိုသော ကပ္ပာလင်္ကာရကျမ်း အလိုအားဖြင့် မြန်မာအက္ခရာတို့တွင် စာဖို,စာမဟူ၍ အက္ခရာနှစ်မျိုး ရှိသည်ဟု ဆို၏။ ဂဠုန်ငှက်ဟု အမှတ်သညာပြုကြသော နေမင်းက ညွှန်းဆိုသည့် အက္ခရာများသည် စာဖိုအက္ခရာဖြစ်၍ ကရဝိက်ငှက်ဟု အမှတ်သညာပြုကြသော လမင်းက ညွှန်းဆိုသည့် အက္ခရာများသည် စာမအက္ခရာ ဖြစ်သည်။ စာဖိုကို စဖိုဟူ၍လည်းကောင်း၊ စာမကို စမဟူ၍လည်းကောင်း အသံထွက်လေ့၊ ရေးလေ့ရှိသည်။

**စာဖို(စဖို)**

နေမင်းသည် သတ္တဂါတို့အကျိုးငှာ မူလအက္ခရာတစ်လုံး၊ ဘူတအက္ခရာ(၂)လုံးကို တစ်နေ့လျှင် (၃)ကြိမ်ပြသည်။ မူလအက္ခရာဆိုသည်မှာ အရင်းအမြစ်ဖြစ်သော အက္ခရာဖြစ်၍ ဘူတအက္ခရာကား မူလအက္ခရာမှ ဖြန့်ပွားသော အက္ခရာဖြစ်သည်။

နေမင်းပြသည့် မူလအက္ခရာမှာ နေဝန်း၏ ပကတိပုံသဏ္ဍာန်ဖြစ်သော (ဝ)အက္ခရာဖြစ်၏။ နေထွက်သည့်အချိန်တွင်မူ (ဝ)တစ်ခြမ်းဖြစ်သော (ဂ)အက္ခရာပုံကိုသာ မြင်ရ၏။ နေဝင်ချိန်တွင်လည်း ထိုနည်းတူ (ဂ)အက္ခရာပုံကိုပင် မြင်ရ၏။ ထို့ကြောင့် (ဂ)အက္ခရာ(၂)လုံးမှာ နေမင်းပြသော ဘူတအက္ခရာ(၂)လုံး ဖြစ်၏။

ယင်းအက္ခရာ(၂)လုံးအနက် တစ်လုံးမှာ ထွက်အက္ခရာဖြစ်၍ ကျန်တစ်လုံးမှာ ဝင်အက္ခရာဖြစ်၏။ ယင်းအက္ခရာများမှ ဖြန့်ပွားသော အက္ခရာတို့သည် စဖိုအက္ခရာများ ဖြစ်၏။ ထို့ကြောင့် နေထွက် ဂငယ်၊ နေ့လယ် ဝပင်၊ နေဝင် ဂဖြစ်ပြန်၊ သုံးတန်အက္ခရာ၊ နေမှလာ၊ မှတ်ပါ စဖိုဝိုက်း ဟူ၍ ဆိုလေ၏။

**စာမ(စမ)**

စမအက္ခရာများတွင် မူလစမအက္ခရာ ဓာတ်စမအက္ခရာဟူ၍ နှစ်မျိုးရှိ၏။ မူလစမအက္ခရာတို့သည် ကာယသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိဟူသော သိဒ္ဓိ(၄)ပါးကို ပြီးစေနိုင်၏။

**မူလစမ**

လမင်းသည် မူလအက္ခရာတစ်လုံး၊ ဘူတအက္ခရာ(၄)လုံး ပေါင်း(၅)လုံးကို တစ်လလျှင် (၅)ကြိမ်ပြ၏။ လဆန်း(၃)ရက်၊ (၄)ရက်တို့တွင် လ၏ သဏ္ဍာန်သည် (ဂ)အက္ခရာနှင့်တူ၏။ ယင်း(ဂ)အက္ခရာသည်ပင် လမင်းပြသော ဘူတအက္ခရာတစ်လုံးဖြစ်၏။ လဆန်း(၈)ရက်ခန့်ရောက်သောအခါ (ဓ)အက္ခရာပုံကို တွေ့ရသည်။ လပြည့်နေ့တွင်ကား လ၏အဝန်းကို အကုန်အစင်တွေ့ရသဖြင့် (ဝ)အက္ခရာသဏ္ဍာန် ဖြစ်၏။ လဆုတ်(၈)ရက်တွင် လသည် (ဗ)အက္ခရာနှင့်တူ၍ လကွယ်ခါနီးတွင်မူ (ပ)အက္ခရာသဏ္ဍာန် တွေ့မြင်ရ၏။ ယင်းသို့အားဖြင့် လမင်းပြသော အက္ခရာများမှာ (ဝ)အက္ခရာဟူသော မူလအက္ခရာတစ်လုံးနှင့် (ဂ၊ ဓ၊ ပ၊ ဗ)ဟူသော ဘူတအက္ခရာ(၄)လုံး ဖြစ်၏။

ယင်းအက္ခရာ(၅)လုံး ပေါ်လာပုံကို တစ်နည်းပြသေး၏။ လယ်ကိုင်းဘုန်းတော်ကြီး ဦးဝရသမ္ဘဝ၏ အလိုအရ လဆန်း၌ (ဂ)အက္ခရာ၊ လပြည့်ခါနီးတွင် (ဓ)အက္ခရာ၊ လပြည့်လျှင် (ဝ)အက္ခရာပြ၍ လပြည့်ကျော်တွင် လဆန်းကဲ့သို့ (ဂ)နှင့် (ဗ)ပင် ပြသည် ဟူ၏။

လမင်းပြသည့် (ဂ၊ ဓ၊ ဓ၊ ပ၊ ဗ)ဟူသော အက္ခရာ(၅)လုံးတွင် အစအက္ခရာ(၂)လုံးဖြစ်သော (ဂ၊ ဓ)နှင့် အဆုံးအက္ခရာ(၂)လုံးဖြစ်သော (ပ၊ ဗ)တို့ သဘောချင်းတူညီသည်ဟု ဆို၏။ အကြောင်းကား (ဂ)ကို ပက်လက်လှန်လျှင် (ပ)၊ (ဗ)ကို မှောက်လိုက်လျှင် (ဓ)ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပင် ဖြစ်၏။ ယင်းတူညီသော အက္ခရာ(၄)လုံးမှ (ဂ)နှင့် (ဗ)အက္ခရာ(၂)လုံး ပယ်လျှင် (ပ၊ ဝ၊ ဓ)ဟူ၍ အက္ခရာ(၃)လုံး ကျန်၏။

အထက်တွင် နေမင်းမှ (ဂ၊ ဝ၊ ဂ)အက္ခရာ(၃)လုံး ရကြောင်း ဆိုခဲ့ပြီ။ ထိုသုံးလုံးမှ (ဂ)နှင့် (ဂ)ကို ပေါင်းစပ်လိုက်လျှင် (က)ကို ရသည်။ ထိုနေမင်းမှ အက္ခရာကို သမင်းမှ အက္ခရာနှင့် ပေါင်းလိုက်ပြန်လျှင် (က၊ ဝ၊ ပ၊ ဝ၊ ဓ)ဟူသော အက္ခရာ(၅)လုံး ရပြန်သည်။

အထက်ပါ(၅)လုံးတွင် ဘူတအက္ခရာများဖြစ်သော (က၊ ပ၊ ဓ)အက္ခရာ(၃)လုံးကို အောက်အထက်လှည့်လိုက်လျှင် (က၊ ပ၊ ဓ၊ ယ၊ ဂ၊ ဗ)ဟူသော အက္ခရာ(၆)လုံး ရ၏။ မူလအက္ခရာ (ဝ)(၂)လုံးပေါင်းလျှင် (၈)လုံးရ၏။ ယင်းအက္ခရာ(၈)လုံးကို အထက်တစ်တန်း အောက်တစ်တန်း အောက်ပါအတိုင်း စီ၍ထားရသည်။

က၊ ပ၊ ဓ၊ ဝ

ယ၊ ဂ၊ ဗ၊ ဝ

ယင်းအက္ခရာ(၈)လုံးသည် ဂဏန်းအရေအတွက်အားဖြင့် (၃၃)ဖြစ်လျှင် မှန်သည်ဟု အဆိုရှိ၏။ နံသင့်ကောက်၍ ပေါင်းလျှင် (၃၃)ရသည်။

က၊ ပ၊ ဓ၊ ဝ = ၂ + ၅ + ၇ + ၄ = ၁၈ ┐
 ├ = ၃၃
ယ၊ ဂ၊ ဗ၊ ဝ = ၄ + ၂ + ၅ + ၄ = ၁၅ ┘

ထို့ကြောင့် (က၊ ပ၊ ဓ၊ ဝ။ ယ၊ ဂ၊ ဗ၊ ဝ)ဟူသော အက္ခရာ(၈)လုံးသည် အတုမရှိသောအကျိုးကို ပေးစွမ်းနိုင်သည့် လေးလုံးသော စမတို့ကို ကောက်ယူရာ ကောက်ယူကြောင်းဖြစ်သော အခြေခံအက္ခရာများ ဖြစ်၏။

**ဓာတ်စမ**

နေသိဒ္ဓိနှင့် ပီယသိဒ္ဓိဟူသော သိဒ္ဓိ(၂)ပါးကို ပြီးစေသော ဓာတ်အက္ခရာများသည် ဓာတ်(၄)ပါးကို ဆုံးဖြတ်ဆေဖန်နိုင်ခြင်းသာလျှင် လိုရင်းဖြစ်ပေ၏။ ယင်းဓာတ်ပါးကို အမှီပြု၍သော (၄)လုံးသောအက္ခရာတို့ ဖြစ်လာသော၏။

ဓာတ်စမအက္ခရာ(၄)လုံးတွင် တစ်လုံးကို နေနှင့်လမှပြသော အက္ခရာကိုပေါင်း၍ ယူရမည်ဟု ဆို၏။ ယင်းအက္ခရာကား (ဝ)အက္ခရာဖြစ်၏။

အက္ခရာတစ်လုံးကို သမုဒ္ဒရာမှ မငြိမ်မသက် လျှပ်ပေါ်လော်လီသော ငါးတွင် ယူအပ်၏ဟု ဆိုသည်။ ယင်းအက္ခရာသည် ငါးရံ့အမြီးဖျားရှိ (ဗ)အက္ခရာဖြစ်၏။ အက္ခရာတစ်လုံးကို ကောင်းကင်တွင် ပျံသန်း၍ မြေ၌အစာရှာသော ဆန်းကြယ်သော အဆင်းရှိသည့် ငှက်၌ ယူအပ်၏ဟု ဆိုရာ၌ ဥဒေါင်းငှက်၏ အမြီးဖျား၌ရှိသော (စ)အက္ခရာကို ဆိုလို၏။ ကျန်အက္ခရာတစ်လုံးကိုမူ ဦးခေါင်းမရှိဘဲ ခြေထောက်များသော ငါး၌ ယူအပ်၏ဟု ဆိုခြင်းကြောင့် ခြေရှစ်ချောင်းရှိသော ပုစွန်လုံး၏ကျောမှ (ဓ)အက္ခရာကို ယူရသည်။ ဤသို့ဖြင့် (စ၊ ဓ၊ ဗ၊ ဝ)ဟူသော ဓာတ်စမအက္ခရာ(၄)လုံး ရ၏။ ထို့ကြောင့် နေ၊ လ၊ ဥဒေါင်း၊ တွင်းအောင်းပုစွန်၊ ဖော်ညွန့်ငါးရံ့၊ လေးတန့်အက္ခရာတို့ကို (စ၊ ဓ၊ ဗ၊ ဝ)ဟူ၍ မှတ်ယူရာ၏ဟု အဆိုရှိလေသည်။

ဓာတ်စမအက္ခရာများကို ကေစိဝါဒအားဖြင့် ကောက်ယူပုံမှာ တစ်မျိုးဖြစ်၏။ နေလမှပြသော (ဝ)အက္ခရာ(၂)လုံးကို ပေါင်းလျှင် (ထ)အက္ခရာ ရ၏။ သမုဒ္ဒရာထဲ၌ ကျက်စားသော ဒိုင်းငါးရံ့၏အမြီးရှိ (ဝ)အက္ခရာတစ်လုံး၊ ဥဒေါင်းငှက်အမြီးရှိ (စ)အက္ခရာတစ်လုံး၊ အခြေများရှိ ခေါင်းမရှိသော လယ်ပုစွန်လုံး၏ ကျော၌ရှိသော (င) အက္ခရာတစ်လုံးအားဖြင့် (င၊ ထ၊ စ၊ ဝ)ဟူသော ဓာတ်စမ(၄)လုံး ရသည်ဟု ဆိုသည်။





တစ်နည်းအားဖြင့်လည်း အက္ခရာတစ်လုံးကို တရားဂုဏ်(၆)ပါးဖြင့် ရှာအပ်၏ဟု ဆိုရာ၌ (က)မှစ၍ ရေတွက်သော် (၆)ခုမြောက်ဖြစ်သော (စ)အက္ခရာကို ရ၏။ အက္ခရာတစ်လုံးကို ကောင်းကျိုး(၅)ပါး သိအပ်၏ဟု ဆို၏။ (က)မှစ၍ရေသော် (၅)ခုမြောက် အက္ခရာသည် (င)ဖြစ်၏။ အက္ခရာတစ်လုံးသည် ဆင်ကိုဟောသော (ဂဇ)အက္ခရာတို့ဖြင့် ယူအပ်၏ ဆိုသဖြင့် ဆင်ဖြင့် ညွှန်ပြသော အက္ခရာသည် ထဆင်ထူး ဖြစ်၏။

ကျန်အက္ခရာတစ်လုံးမှာ ခြသေ့်၊ ပူး သတ္တဝါ(၂)ခုဖြင့် သိအပ်၏ဟု ဆိုသည်။ ခြသေ့်မှာ အင်္ဂါနံဂြိုဟ်သက်(၈)နှစ်၊ ပူးမှာ သောကြာနံဂြိုဟ်သက်(၂၁)နှစ် ပေါင်း (၂၉)ဖြစ်၏။ (က)မှစ၍ရေသော် (၂၉)ခုမြောက် အက္ခရာသည် (ဝ)ဖြစ်၏။ ဤသို့ ကောက်ယူခြင်းဖြင့် (စ၊ င၊ ထ၊ ဝ)ဟူသော အက္ခရာ(၄)လုံး ရ၏။

တစ်နည်းကား တရားဂုဏ်(၆)ပါးဖြင့် သိအပ်သော


www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
|  | ဝ |
|  | ဗ |
|  | စ |
|  | ဓ |

**ကမ္ဘာလင်္ကာရဝတ္ထုနာကျမ်းလာ ဓာတ်စမအက္ခရာ (၄)လုံး ကောက်ယူနည်း တစ်မျိုး**

အက္ခရာကား (က)မှစ၍ရေသော် (၆)ခုမြောက်သော (စ) ဖြစ်၏။ ကောင်းကျိုးငါးပါးဖြင့် ရအပ်သော အက္ခရာကား (၅)မှာ ကြာသပတေးဖြစ်၍ ဂြိုဟ်သက်(၁၉)ဖြစ်၏။

(က)မှစ၍ (၁၉)ခုမြောက် အက္ခရာသည် (ဓ)ဖြစ်၏။ ဆင်ဖြင့် ညွှန်ပြအပ်သော အက္ခရာဟူရာ၌ ဆင်ကား ပါဠိအခေါ် (ဂဇ)ဖြစ်၏။ (ဂ)မှာ တနင်္လာနံ၊ ဂြိုဟ်သက် (၁၅)နှစ်၊ (ဇ)မှာ အင်္ဂါနံဂြိုဟ်သက်(၈)နှစ်ဖြစ်၍ (၂)ခု ပေါင်း(၂၃)ဖြစ်၏။ (က)မှစ၍ ရေတွက်သော် (၂၃)ခု မြောက် အက္ခရာကား (ဗ)ဖြစ်၏။

ခြင်္သေ့၊ ပူးသတ္တဝါ(၂)ခုဖြင့် သိအပ်သော အက္ခရာကား ခြင်္သေ့မှာ အင်္ဂါနံ၊ ဂြိုဟ်သက်(၈)နှစ်၊ ပူးမှာ သော ကြာနံဂြိုဟ်သက်(၂၁)နှစ် ပေါင်း(၂၉)ဖြစ်၏။ (က)မှ စ၍ ရေတွက်သော် (၂၉)ခုမြောက် အက္ခရာကား (ဝ) ဖြစ်၏။ ဤသို့ ကောက်ယူခြင်းဖြင့် (စ၊ ဓ၊ ဗ၊ ဝ) ဟူသော စမအက္ခရာ(၄)လုံးကို ရပြန်၏။

ဤသို့လျှင် ဓာတ်စမ အက္ခရာများကို ကောက် ယူရာ၌ ဝါဒအမျိုးမျိုးရှိလေ၏။ ဝါဒတစ်မျိုး၌ကား ဓာတ်စမသည် (စ၊ ဓ၊ ဗ၊ ဝ) အက္ခရာ(၄)လုံး ဖြစ်သည်ဟု ဆိုသည်။ အခြားဝါဒတစ်မျိုးမှာမူ (စ ဓ၊ ဗ၊ ဝ၊ င၊ ထ၊ စ၊ ဝ)ဟူ၍ (၂)မျိုးရှိသည်။ လက်ဝဲစမနှင့် လက်ယာစမ (၂)မျိုးဖြစ်သည်ဟု ဆိုလေ၏။

ကေစိဝါဒ၌ကား ဓာတ်စမသည် (င၊ ထ၊ စ ဝ)ဟူ၍ (၄)လုံးသာ ရှိသည်ဟု ဆို၏။ ထို့ကြောင့် ပင် ကမ္ဘာလင်္ကာရဝတ္ထုနာ ကျမ်းပြုဆရာ ဒီးဒုတ် ဦးဘချိုက နှောင်းဆရာတို့ ပညာဖြင့် ညှိနှိုင်း၍ မှန်ကန်အောင် ကောက်ယူကြရန် တိုက်တွန်းရေး သားခဲ့လေ၏။

အထက်တွင် ရေးသားဖော်ပြခဲ့သော အကြောင်း အရာများသည်ကား ကမ္ဘာလင်္ကာရကျမ်းအရ ကောက် ယူနည်းအမျိုးမျိုး ဖြစ်လေ၏။

ယခုကာလ အများသိကြသည့် (စ၊ ဓ၊ ဗ ဝ)ဟူသော စမလေးလုံးသည်ကား ပုစွန်၏ကိုယ် ဝံ၏ရင်ဘတ်၊ ငါးရံ့ဒိုင်း၏အမြီး၊ ဒေါင်း၏အမြီး ဖျားရှိ စာလေးလုံး ဖြစ်သည်ဟု နားလည်ထား ရှိကြလေ၏။

အချို့က ကမ္ဘာဦးတည်စကပင် သတ္တဝါများ၏ကိုယ် တွင် ပါရှိ၍ မည်သည့်အခါမှ မပျောက်ပျက်နိုင်သည့် စာကြီးများ ဖြစ်သည်ဟု ဆိုကြသည်။

ဦးပုည၏ ဝိဇယပြဇာတ်တွင် ပုစွန်၊ ဝံ၊ ငါး၊ ဒေါင်း မြီးဖျားမှာ စာလေးပါးကျောကာမှ သွေပါ့မယ် လှယဉ်ကြ ငဲ့ဟု စပ်ဆိုထားလေ၏။

ပုစွန်၏ကိုယ်တွင် (ဗ)အက္ခရာ၊ ဝံ၏ရင်ဘတ်တွင် (ဝ)အက္ခရာ၊ ငါးရံ့ဒိုင်း၏အမြီးတွင် (စ)အက္ခရာ၊ ဒေါင်း မြီးဖျားတွင် (ဓ)အက္ခရာဟူ၍ စမအက္ခရာ လေးလုံး ဖွဲ့ဆိုထားသည်ဟု ယူဆကြလေ၏။

**ကိုမောင်သန်း**



www.burmeseclassic.com

www.burmeseclassic.com

# ငါးဟားလောင်းဗေဒင် ရှောင်ကြဉ်နိုင်ရေး

ခင်းဇေနထွန်း(ကန့်ဘလူ)

တစ်ရံရောအခါကဖြစ်ပါတယ်။ တိတိကျကျပြောရရင်တော့ (၁၉၉၅)ဝန်းကျင်ပေါ့။ အဲဒီတုန်းက ဗေဒင်ဆရာကြီးတစ်ဦးထံမှာ ဗေဒင်နည်းပညာနဲ့ နာမည်ပေးနည်းပညာရွေးနည်း သင်ယူနေတဲ့ကာလပေါ့။ ကျွန်တော်က ကျေးလက်ဒေသမှာ တာဝန်ထမ်းဆောင်ရတဲ့ မူလတန်းကျောင်းအုပ်ဆိုတော့ တစ်နှစ်လျှင်တစ်ခါ (တစ်ကြိမ်)ဆိုသလို ကြုံကြုံနေရတဲ့ ကျောင်းအပ်လာကြတဲ့ ကလေးတွေရဲ့ ဖြစ်ကတတ်ဆန်း နာမည်အချို့ကြောင့် ဒီနာမည်ပေးနည်း၊ နာမည်ရွေးနည်းကို သင်ဖြစ်သွားတာပါ။

ကြည့်လေ၊ ကျောင်းအပ်လာတဲ့ ကျောင်းသားမိဘကို ကလေးနာမည် ပြောပါဆိုတော့ ကြွက်နီတဲ့၊ မိသေးတဲ့၊ ခိုဆိတ်တဲ့၊ မွေးနီတဲ့၊ သံခဲတဲ့၊ မိတွတ်တဲ့၊ ယောက်ချိုတဲ့၊ ချက်စုတဲ့၊ အဲဒီလိုနာမည်တွေ အများဆို အများကြီးပါပဲ။ အဲဒီထဲမှာ ခွေးမတို့၊ ဝက်မတို့၊ မောင်ခွေးတို့၊ မောင်ဝက်တို့ဆိုတာမျိုးတွေကလည်း ပါလာသေးတယ်။

ဒီတော့ ဒီနာမည်မျိုးတွေကို ကျောင်းအပ်စာရင်းမှာ သွင်းထားပေးဖို့ ကျွန်တော် လက်တွန့်တွန့်နေတာ အမှန်ပါ။ အဲဒါကြောင့်လည်း ကျောင်းသားမိဘတွေရဲ့ သဘောတူညီမှုယူပြီး နာမည်ပြောင်းပြောင်းပြီး ကျောင်းအပ်စာရင်းမှာ သွင်းပေးရတာလည်း နှစ်စဉ်နှစ်တိုင်းလိုပါပဲ။ နာမည်ပြောင်းပေးတယ်ဆိုပေမယ့် နည်းစနစ်တကျမျိုးမဟုတ်ဘဲ နှေသင့်နံသင့် မှည့်ပေးလိုက်တာမျိုးပါ။

တစ်ရက်မှာတော့ အဲဒီနာမည်ပြောင်း နာမည်ပေးကိစ္စကို ရွာထဲက ဗေဒင်ဆရာကြီးတစ်ဦးနဲ့ စကားစပ်မိရာစပ်မိကြောင်း ပြောဖြစ်သွားတော့ အဲဒီဗေဒင်ဆရာကြီးက ကျွန်တော့်ကို-

'ဆရာကြီးရဲ့ စေတနာကို ကျုပ်နားလည်ပါတယ်။ ဒါပေမဲ့ ဆရာကြီးပြောင်းပေးလိုက်တဲ့နာမည်၊ မှည့်ပေးလိုက်တဲ့ နာမည်ဟာ တချို့ကလေးတွေအတွက် ခေါ်စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဖြစ်သွားတတ်တယ်။ ဥပမာ-နာမည်ကတော့ ခေါ်လို့ ကောင်းပါရဲ့၊ နာမည်ဇောက်ထိုးဖြစ်သွားရင် ဒီကလေး အတွက် နောင်အနာဂတ် အလားအလာ မကောင်း ဖြစ်သွားနိုင်တယ်ဆိုတာနဲ့ ကျွန်တော် နာမည်ပေးနည်း၊ နာမည်ရွေးနည်းကို အဲဒီဆရာကြီးထံမှာ (၃၊ ၄)လလောက် ထုံ့ပိုင်း,ထုံ့ပိုင်း သင်ယူရပါတယ်။

နာမည်ပေးနည်း၊ နာမည်ရွေးနည်း အတော်အသင့် ကျွမ်းကျင်ပိုင်နိုင်လာလေတော့ အဲဒီဗေဒင်ဆရာကြီးကပဲ မထူးပါဘူး ဆရာကြီးရယ် ..ဗေဒင်ဟောနည်းပြောနည်းလေးပါ ဆက်တိုးပြီးသင်လိုက်ပါလား။ ဆရာကြီးလည်း သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒော၊ သောရီ၊ ဂုရု၊ ဘောမ ရေရေလည်လည် နားလည်နေမှတော့ ရှေ့ဆက်ဖို့ မခက်တော့ပါဘူး။ ကျုပ်သင်ပေးပါ့မယ်ဆိုတာနဲ့ ပညာတစ်ခုသိထား၊ တတ်ထားတာ မလွန်ပါဘူးဆိုပြီး ဗေဒင်ဟောနည်း၊ ပြောနည်းပါ သင်လိုက်မိပြန်ပါရော။ (၂)နှစ်၊ (၃)နှစ်။

ဗေဒင်ဟောနည်း၊ ပြောနည်းကို စာတွေ့အားဖြင့် အတော်တီးမိခေါက်မိရှိလာတော့ အဲဒီဆရာကြီးကပဲ လက်တွေ့မရှိတဲ့ပညာဟာ ဆားမပါတဲ့ဟင်းလိုပဲ ဆရာကြီးရဲ့။ စာတွေ့အားဖြင့်တော့ ဆရာကြီး အတော်ကျွမ်းကျင်နေပါပြီ။ လက်တွေ့ဖြစ်ဖို့ ကျုပ်ဟောရာပြောရာကို သွားတဲ့အခါမှာ အခါအားလျော်စွာ ခေါ်ပါ့မယ်။ ဆရာကြီး လိုက်ခဲ့ပါ။ ဆရာကြီးကို ဟောခိုင်းမှာ မဟုတ်ပါဘူး။ ကျုပ်ဟောတာကို ဘေးက ထိုင်နားထောင်ရင်း စာတွေ့နဲ့ ယှဉ်တွဲနိုင်ဖို့ပါလို့ ပြောလာတာနဲ့ အခါအားလျော်စွာ နယ်လှည့်ဟောတဲ့အခါ ကျောင်းပိတ်ရက်ဆုံတိုင်း လိုက်လံလေ့လာရပြန်ပါတယ်။

ကျွန်တော်တင်ပြချင်တဲ့ အပိုင်းကဏ္ဍက အခုမှစမှာပါ။ ဒီမှုနိဒါန်းသွယ် တင်ပြနေရတာက စာဖတ်သူတွေ မရှင်းမှာ စိုးလို့ပါ။ နည်းနည်းပေရှည်သွားတာ နားလည်ခွင့်လွှတ်ပေးပါ။

| | | |
|---|---|---|
| | ၄ | ၄ (ပဥ္စပွတ်)(နဝင်း) |
| | ၁ | ၁ (အညွန့်) |
| | ၅ | ၅ (ဆပွတ်) |
| သု → | ⊛ ဝ (အခါ) | ဝ (အချာ) |
| တ | ၃ | ၃ (စတုရန်း) |
| (ရန်) → | ⊛ ၆ (နံ)(နာမည်)(သန်းအေး) | ⊛ ၆ (အမြစ်)(အခိုက်) |
| | ၂ | ၂ (တြိရန်း) |



www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ စစ်ကိုင်းတိုင်း တန့်ဆည်လမ်းဆုံက အိမ်တစ်အိမ်မှာပေါ့။ အင်္ဂဝိဇ္ဇာဗေဒင်နည်းပညာနဲ့ ပြောရရင် သောရီချိန်။ အရပ်စကားနဲ့ ပြောရရင်တော့ စနေအခါပေါ့။ ဗေဒင်မေးသူရဲ့နာမည်က ဒေါ်သန်းအေးတဲ့၊ သောကြာသမီး။

ကျွန်တော်က စာတွေ့ဗေဒင်သင်ခန်းစာအရ အမြစ်ဂြိုဟ်မှာ အလယ်ချာ၊ ပမာမှတ်ဖွယ်မီး။ လုပ်လိုသမျှ လုပ်မရ၊ ကြီးရခက်အောင်ဆီး လင်္ကာကို စိတ်ထဲက ရွတ်လိုက်ပြီး ဒီဒေါ်သန်းအေးတစ်ယောက်တော့ ဒုက္ခမီးတွေ ဝိုင်းဝိုင်းလည်နေရှာတယ်။ ဘာလုပ်လို့မှ မအောင်မြင်နိုင်ဘူး။ အဟာနဲ့ အတား၊ အနှောင့်အယှက်၊ အပျက်အစီးတွေနဲ့ ရင်ဆိုင်နေရရှာပါလားလို့ တွေးနေမိတယ်။

ဟုတ်တယ်လေ။ သန်းအေးဆိုတဲ့နာမည်က အင်္ဂဝိဇ္ဇာအခါတိုင်မှာ အမြစ်ဂြိုဟ်လို့ခေါ်တဲ့ အခိုက်နေရာမှာ ရှိနေသကိုး။ စာကလည်း ဒီလိုပဲ ဆိုထားသကိုး။ ပြီးတော့ အခါနဲ့ နေ့နံက (သု+တ)ရန်တော့တယ်။

'ကျွန်မက ဒန်အိုး၊ ဒန်ခွက်ရောင်းတဲ့ ကုန်မာဆိုင်ဖွင့်ချင်လို့ပါ ဆရာ။ ဘယ်လိုအစီအရင် အဆောင်အရွက်မျိုးတွေ လုပ်ရကိုင်ရမလဲ'လို့ဆိုတဲ့ စကားကို ကြားလိုက်ရတော့ အို··ပိုလို့မဖြစ်သေးလို့ တွေးလိုက်မိပါတယ်။ သူပြောတဲ့ ဒန်အိုး၊ ဒန်ခွက်ဆိုတာ စနေနံပစ္စည်းတွေပဲ။ အင်္ဂဝိဇ္ဇာအခါတိုင်အရ အဲဒီစနေနံဟာ အလယ်ချာမှာ ရှိနေတာကိုး။ စာတွေ့အရ အလယ်ကတ္တား ဂြိုဟ်နေငြား၊ ပျက်ပြားကြံအစည်လို့ ဆိုထားသကိုး။ အလယ်ချာဆိုတာ အလယ်ကတ္တားပဲလေ။ ဒီတော့ စနေနံ ဒန်အိုး၊ ဒန်ခွက် ရောင်းလို့ကတော့ ခွက်ခွက်လန်ကိစ္စတုံးပဲလို့ စိတ်ထဲကတွေးပြီး သနားနေမိတုန်း ပြုံးခနဲ ဗေဒင်ဆရာကြီးက-

'ဟာ··သိပ်ကောင်းတယ် သမီး၊ သမီးစိတ်ကူးထားတဲ့အတိုင်း ဒန်အိုးဒန်ခွက်ဆိုင် ဖွင့်သာဖွင့်ရောင်း၊ အောင်ကိုအောင်မြင်မယ်။ ဘာအစီအရင်၊ ဘာအဆောင်အရွက်မှ လုပ်စရာမလိုဘူး'လို့ တက်ကြွရွှင်လန်းတဲ့ အပြုံးမျက်နှာနဲ့

```
      ၄                              ၄
      ၁                              ၁
      ၅                              ၅
(*)  ၀  (ဒန်အိုး၊ ဒန်ခွက်)     (*)  ၀  အလယ်ကတ္တား(အချာ)
      ၃                              ၃
      ၆                              ၆
      ၂                              ၂
```

ပြောချလိုက်တော့ ပါးစပ်ဟသွားသူက ကျွန်တော် ဖြစ်သွား ပါတယ်။

ဟာ··ဘယ်လိုဖြစ်သွားရတာလဲ။ (၂)နှစ်၊ (၃)နှစ်သင် လာတဲ့ ဗေဒင်ပညာ စာတွေ့တွေ။ ဘယ်လိုနေရာမှာ ဘယ် လိုအသုံးချရတော့မှာလဲဆိုပြီး ရင်တုန်ပန်းတုန်တောင်မှ ကျွ တော့်မှာ ခံစားရင်း ဖောချွေးပြန်လာရပါတယ်။ ကျွန်တော့် အမူအရာပျက်သွားမှန်း ဗေဒင်ဆရာကြီးက ခန့်မှန်းနားလည် စွာနဲ့ ကျွန်တော့်ကို အပြုံးနဲ့ အားပေးနှစ်သိမ့်ရှာပါတယ် ဒေါ်သန်းအေးရဲ့ မျက်နှာမှာ ပီတိဝေဖြာနေသလောက် ကျွ တော်ကတော့ မှုန်တိုင်းဝေဒနာတွေ ခံစားနေရပါတယ်။

ဒါပေမဲ့ သိပ်ကြာကြာ မခံစားလိုက်ရပါဘူး။ ဗေဒ ဆရာကြီးက ကျွန်တော်ရေးဆွဲထားတဲ့ အင်္ဂဝိဇ္ဇာအခါတိုင် စာရွက်ကို ဆွဲယူလိုက်ပြီး-

```
  ၄              ၄                       ၄
* ၁ အေး          ၁                     * ၁ အညွှ
  ↑
  ၅              ၅                       ၅      ↑
  ၀            * ၀ ဒန်းအိုး၊ ဒန်ခွက်       ၀      |
  ၃              ၃                       ၃      |
  |
* ၆ သန်း          ၆                     * ၆ အမြ
  ၂              ၂                       ၂
```

ဘောပင်နဲ့ တစ်ခုချင်းထောက်ပြ ရှင်းပြပါတယ်။

'အခု သန်းအေး ဗေဒင်မေးတယ်။ သန်းအေးဆို နာမည်ဟာ အင်္ဂဝိဇ္ဇာအခါတိုင်မှာ အမြစ်၊ အညွှန့် မှန်ကန် တယ်။ မှန်ကန်ခြင်းဟာ ဣဋ္ဌ-ကောင်းကျိုးကို ဆောင်ရွ သွားစေနိုင်တယ်။ ဘာကို ကောင်းကျိုးဆောင်ရွက်မလဲ တော့ အလယ်ချာဖြစ်တဲ့ စနေနံကိုပဲ။ ဒီတော့ သန်းအေ ဒန်အိုး၊ ဒန်ခွက်ရောင်းဖို့ အကြံအစည်ဟာ အောင်ကိုအော မြင်မယ်ပေါ့ ဆရာကြီး။ မဟုတ်ဘူးလား'

ကျွန်တော်က မူလတန်းကျောင်းအုပ်ဆရာကြီးမို့ ကျ တော့်ကို ဆရာကြီးလို့ ခေါ်ဝေါ်သုံးနှုန်းတာကို ဗေဒင်မေ (၃၊ ၄)ယောက်က နားမလည်စွာ ကြည့်နေတာကို ကျ တော် သတိထားလိုက်မိပါတယ်။

နောက်ပြီး သန်းအေး ဗေဒင်မေးချိန်က စနေ စနေအခါ ဖြစ်နေတယ်။ အဲဒီ စနေချိန် စနေအခါ သောကြာသမီး သန်းအေးအဖို့ အညွှန့်အချိန်၊ အညွှန့် လည်း ဖြစ်တယ်။ ဒီတော့ သောကြာသမီး သန်းအေ သူ့ရဲ့အညွှန့်ကိုကိုင်ပြီး ဗေဒင်မေးတာပေါ့။ အညွှန့်ကို



www.burmeseclassic.com

www.burmeseclassic.com

၃
⊛ ၀ (အညွန့်)
၄
⊛ ၆ (သန်းအေး)
၂
⊛ ၅ (အမြစ်)
၁

မေးတယ် ဆိုတော့ ဣန္ဒ-ကောင်းကျိုးချမ်းသာကို ကိုင်ပြီး မေးတာလို့ ယူဆနိုင်တာပေါ့။ ဒါကြောင့် သန်းအေး ဒန်အိုး,ဒန်ခွက် အရောင်းဆိုင် အောင်မြင်မယ်ပေါ့။ ရှင်းပါတယ်နော် ဆရာကြီး'

ဗေဒင်ဆရာကြီးက ဘောပင်နဲ့ ထောက်ထောက်ပြပြီး ရှင်းနေချိန်မှာ ကျွန်တော်ကတော့-

'အင်း..ငါ့လိုသာ အမြစ်ဂြိုဟ်မှာ အလယ်ချာပမာ မှတ်ဖွယ်မီး။ လုပ်လိုသမျှ လုပ်မရ၊ ကြံရခက်အောင်ဆီး ရှုတ်ပြီး အလယ်ကတ္တား ဂြိုဟ်နေငြား ပျက်ပြားကြံအစည် အရ ဒေါ်သန်းအေး..ခင်ဗျား ဒန်အိုး,ဒန်ခွက်ရောင်းလို့ကတော့ မွဲပြာကျသွားမယ်လို့ ဟောလိုက်မိရင်လို့ တွေးနေမိပါတယ်။

ဒီ့ထက်ဆိုးတာက ဒန်အိုး,ဒန်ခွက်ဆိုင်ဖွင့်ဖို့ ဘာအစီအရင်၊ ဘာအဆောင်အရွက်တွေ လုပ်ရမလဲ မေးခွန်းအတွက် ဣန္ဒကို အနိဋ္ဌအမြင်နဲ့ မဆင်မခြင် အဆောင်တွေ၊ အစီအရင်တွေ ပေးလိုက်မိရင် ပေးသူနဲ့တွေ့ရင် မခက်ပေဘူးလားလို့ စဉ်းစားမိရင်းလည်း ဇောချွေးတွေ ပြန်လာရပြန်ပါတယ်။ ရင်တွေလည်း အရမ်းခုန်နေတယ်။

ဒီဆောင်းပါးရဲ့ အဓိကတင်ပြလိုရင်းက ဗေဒင်ပညာကို ဗေဒင်ပညာပေးစာအုပ် (၃) အုပ်၊ (၄)အုပ်၊ (၁၀)အုပ်၊ (၁၅)အုပ်လောက် ဖတ်မှတ်ပြီး ဗေဒင်ဆရာအမည်တပ်၊ ဗေဒင်ဟောပြောနေကြတဲ့ ငါးဖားလောင်း ငါးတစ်ပိုင်း ဖားတစ်ပိုင်း ဗေဒင်ဆရာမျိုးတွေကြောင့် ဗေဒင်မေးသူတွေ အမှားမတွေ့စေချင်တဲ့ စေတနာဖြစ်ပါတယ်။

မဟာဘုတ်နည်းပညာမှာ သိုက်ဖွားဆိုတဲ့ အဖွားဟောကွက်တစ်မျိုး ရှိပါတယ်။ အဲဒါကို သိုက်ဖွားမို့ သိုက်ကြိုးဖြတ်ရမယ်ဆိုပြီး ကန်တော့ပွဲကြေး၊ ယတြာကြေး၊ ဓာတ်ရိုက်ဓာတ်ဆင်ကြေး ငွေ(၂၀၀၀၀)ကျပ် တောင်းယူခံခဲ့ရဖူးသူ ရှိနေလို့ပါ။

ဤမျှဆိုလျှင် စာဖတ်သူ ဗေဒင်သုတေသီများအဖို့ သင်ခန်းစာတစ်ခု ရလောက်ကောင်းပြီလို့ ယူဆယုံကြည်မိပါတယ်ခင်ဗျား။

**ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်**
**မင်းနေထွန်း(ကန့်ဘလူ)**


# ဆရာကြီးဦးအေးထွန်း

## [အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ◆ ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း။
- ◆ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း။
- ◆ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- ◆ လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ◆ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com


# နိမိတ်ရှာပြီး ဗေဒင်မှန်အောင်ဟောနည်း (၂)

## သာထက်ဇော် (မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။

သူမသည် ရိုးသားအေးချမ်းသည့် အမျိုးသမီးကြီးဖြစ်၏။ လူအများနှင့် သင့်မြတ်၏။ ချစ်သူခင်သူ ပေါများ၏။ ရပ်ရေးရွာရေးတို့တွင်လည်း တတ်နိုင်သမျှ အကူအညီပေးတတ်သူဖြစ်သည်။ ထိုဒေါ်ထားထားသည် မိသားစုတာဝန်ကို အညာဒေသထွက် သနပ်ခါး၊ ပဲကြီးလှော်၊ ထန်းလျက်နှင့် ရာသီပေါ် ဟင်းသီးဟင်းရွက်များ ရောင်းချပြီး ဖြေရှင်းနေသူလည်း ဖြစ်ပေသည်။ ထို့ပြင် နိုင်ငံတော်မှ ဖွင့်လှစ်ရောင်းချသည့် အောင်ဘာလေထီကိုလည်း လစဉ် ရောင်းသေး၏။ ဤသို့ အလုပ်နှင့်လက် ဇယ်ဆက်သလို လုပ်ကိုင်နေသည့်ကြားကနေ ကျွန်တော့်ဆီကိုလည်း ဗေဒင်ပညာလာသင်ပြန်သေးသည်။

သူမသည် အလုပ်မနားမနေ ပြေးလွှားလှုပ်ရှားနေရသော်လည်း ဗေဒင်ပညာ သင်ယူခြင်းကိုမူ အားရကျေနပ်မှု လုံးဝမရှိ။ ရသမျှ၊ သိလိုသမျှ အကုန်သင်ယူတတ်





www.burmeseclassic.com

www.burmeseclassic.com

ပါ ပညာလောဘကြီးသူဟု ခေါ်ဆိုရမည် ထင်၏။

ထိုသို့သော ဒေါ်ထားထားသည် ကျွန်တော့်ဆီရောက်သည့်အတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသည့် အာလုပ်စကားဖြင့် နိဒါန်းချီလေ့ရှိသည်။

'တို့ဆရာရေ..ပြီးခဲ့တဲ့ လတုန်းက ဗေဒင်မှန်အောင်ဟောတဲ့နည်း သင်ပေးခဲ့တယ်နော်။ ကျုပ်ကလည်း ဒီဟောပေါက်မျိုးနဲ့ ဗေဒင်လာမေးတဲ့သူကို ဟောချင်နေတာ ပါးစပ်ကို ယားလို့'

'ဟုတ်မှလည်း ပြောပါ ဒေါ်ထားထားရယ်။ အဲဒီဟောကိန်း ခင်ဗျားကို ကျွန်တော်သင်ပေးတုန်းက ခင်ဗျားရောင်းတဲ့ ဈေးတောင်းထဲမှာ နာနတ်သီးတစ်လုံး မြင်လိုက်ပါတယ်'

'တို့ဆရာရေ၊ ကိုယ့်မရှိမဲ့ရှိမဲ့ ဒီတပည့်မလေး တစ်ယောက်ကို ဆရာစားချန်ပြီးသင်ခဲ့တာ အခုမှ သိရတယ်။ ဘာလဲ ပြော၊ မေးတဲ့သူက နာနတ်သီးယူဆောင်လာပြီးမေးရင် ပါးစပ်ယားလိမ့်မယ်လို့ ဟောရမယ်လား။ ဒီလိုဆော့ တို့ဆရာ စိတ်မပုတ်သင့်ပါဘူး'

'ခင်ဗျားဟာလေ၊ တယ်..မပြောလိုက်ချင်တော့ဘူး။ ကျွန်တော်ပြောသမျှ ဗေဒင်စကားတွေချည်းပဲလို့ ထင်နေပြန်ပြီ။ တော်တဲ့နေရာတော့ တော်ပါရဲ့ ရှော်တဲ့နေရာသည်း ရှော်ပါရဲ့'

'အို..တို့ဆရာကလည်း မဟုတ်လို့လား။ ဟဲ..ဟဲ..ဘွာတေး။ ဒီလိုပါပဲ ဆရာရယ်၊ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေမှန်သမျှ တစ်နေရာရာမှာတော့ ရှော်တတ်ကြပါတယ်။ ပလပ်ကျွတ်တာပေါ့'

'ခင်ဗျားဟာက ပလပ်ကျွတ်တာ မဟုတ်ဘူး။ ဒိုးဆေးတာ။ ကျွန်တော်ပြောတာက တခြား၊ နာနတ်သီးကိုမျက်ကွင်းတွေ ပြောင်စင်နေအောင် မလှီးရင် စားတဲ့အခါယားတယ်၊ ပါးစပ်ယားတယ် မဟုတ်လား။ ဒါကိုပြောတာ။ ခင်ဗျားပါးစပ်ယားတာ နာနတ်သီးကြောင့်လို့ဆိုလိုတာ၊ ရှင်းပြီလား'

'ရှင်းပါပြီ တို့ဆရာရေ၊ ကျုပ်စကား ပြန်ဆက်ရဦးမယ်။ အဲဒီလို ကျုပ်မျှော်နေတုန်း မြုန်းဆို ကျုပ်တို့ရွာကကျုပ်သားသူငယ်ချင်း ဝင်းနိုင်ဆိုတဲ့ ကောင်လေး အိမ်ရောက်လာတယ်။ ဒေါ်လေး..ကျွန်တော် ဗေဒင်ယုံတဲ့ကောင် မဟုတ်ဘူးဗျ။ ဒါပေမဲ့ အရေးပေါ်ကိစ္စလေး ကြုံလာလို့ ရောက်လာခဲ့တာပဲ။ ဒေါ်လေးပေးဖို့ ပိုက်ဆံလည်းမပါလာဘူး။ ဆေးရှူးအောင် ကွမ်းတစ်ဆယ်သား ဝယ်လာခဲ့တယ်။ ကျွန်တော့်ကံဇာတာလေး တစ်ချက်လောက်ဟောပေးစမ်းပါ။ မှန်ခဲ့ရင် ကျွန်တော် ထိုက်ထိုက်တန်တန်ဉာဏ်ပူဇော်ခပေးပါ့မယ်လို့ ဆိုလာတယ်။ ဘာပြောကောင်းမလဲ တို့ဆရာရေ၊ ကျုပ်အကွက်ထဲ တည့်တည့်ဝင်လာခဲ့တဲ့ အဲဒီကောင်လေးကို မင်း မကြာခင်အတောအတွင်းမှာ ခြေလေးချောင်းတိရစ္ဆာန် ဝင်လာတော့မယ်လို့တစ်ချက်တည်း ကစ်ပစ်လိုက်တာပေါ့။ ကျုပ်ဟောလို့မှပါးစပ်မပိတ်ရသေးဘူး၊ သူ့အစ်မ အပျိုကြီး ဒေါ်နှင်းနှင်းအေးက သူ့ကို လိုက်ခေါ်ပါလေရော။ သူတို့အိမ်ရှေ့မှာအင်းနတ်ကုန်းရွာက ကိုဇော်ဌေးတို့နွားအုပ်ကြီး ရောက်လာကြပြီတဲ့။ နင်ဝယ်ဖို့ မှာထားတယ်ဆိုတဲ့။ အမယ်မင်း..ဗေဒင်မယုံကြည်တဲ့ မောင်ဝင်းနိုင် လက်ဖျားခါသြချသွားပြီး ခဏကြာတော့ ကျုပ်ကို ငွေနှစ်သောင်းခွဲလာကန်တော့သွားပါလားတော်ရေ၊ အဟုတ်..အဟုတ်'

'ကဲ..စကားစဖြတ်၊ မှတ်စုစာအုပ်ထုတ်ဗျာ။ ဆက်လိုက်ကြရအောင်'

**<u>နိမိတ်အဟောများ</u>**

(၁) ကွမ်း၊ လက်ဖက် လက်ဆောင်ပေးပြီး လာမေးပါက ယာဉ်ရထား ဝင်မယ်။ ရတနာ ဝင်မယ်။ ခြေလေးချောင်းသတ္တဝါ ဝင်မယ်။ စီးပွားရေးကံကောင်းနေတယ်ဟု ဟောပါ။

(၂) ဦးခေါင်းကိုခေါက်ပြီး လာမေးပါက အိမ်တွင်းအပူရှိနေတယ်။ ရွာသူ၊ တစ္ဆေ ဖမ်းစားထားတယ်။ ခေါစာပစ်ပါဟု ဟောပါ။

(၃) ခေါင်းပေါင်းမပါဘဲ ဆံပင်ကိုထုံးပြီး လာမေးပါက သောကြာသားသမီး (သို့မဟုတ်) စနေသားသမီးဖြစ်တယ်။ ဒီလအတွင်းမှာပဲ အမြင့်ပေါ်က လိမ့်ကျပြီး သေနိုင်တယ်။ ဒဏ်ရာရနိုင်တယ်ဟု ဟောပါ။

(၄) ခေါင်းပေါင်း တစောင်းပေါင်းပြီး လာမေးပါက တနင်္ဂနွေသားသမီး (သို့မဟုတ်) ဗုဒ္ဓဟူးသားသမီးဖြစ်ခဲ့ရင် သောကြာသမီးအိမ်က ခြေလေးချောင်းသတ္တဝါ ပျောက်တယ်လို့ ကြားခဲ့ရမယ်ဟု ပြောပါ။ အိမ်ပြောင်းဖို့ကိစ္စလည်း မဖြစ်နိုင်သေးဘူးဟု ဟောပါ။

www.burmeseclassic.com

(၅) ချက်နေရာကိုစမ်းပြီး မေးလာပါက အချုပ်အနှောင်ခံရမယ်။ တကယ်လို့ နေမကောင်းတာ လာမေးတာဆိုရင် သစ်ပင်အောက်မှာ အိပ်မိလို့ ရက္ခစိုးနတ် ဖမ်းစားတာဖြစ်တယ်။ ရက္ခစိုးနတ်ကို ပူဇော်ပါ။ ငါးရက်ကျော်ရင် ကောင်းမယ်ဟု ဟောပါ။

(၆) ဆံပင်ကိုဆွဲပြီး လာမေးပါက အိမ်ထောင်ရေးကြောင့် စိတ်ညစ်နေတယ်။ စီးပွားရေးကျနေတယ်။ အမှုအခင်းကြီး ဖြစ်နေမယ်။ ထောင်ကျလိမ့်မယ်။ လူကြီးတွေက နှိပ်စက်လို့ ဖြေရှင်းရခက်နေတယ်ဟု ဟောပါ။

(၇) ဆံထုံးမှာ ပန်းပန်ပြီး မေးလာပါက ရည်းစားများမယ်။ ကိုယ့်ကို တစ်ဖက်သတ်ချစ်သူ များမယ်။ ယောကျ်ားလေးဆိုပါက တနင်္ဂနွေသားဖြစ်မယ်။ ခရီးမကြာခဏ ထွက်တတ်လိမ့်မယ်။ ယောကျ်ားလေးမိတ်ဆွေအပေါင်းအသင်း များတဲ့သူဟု ဟောပါ။

(၈) ကုပ်ကိုင်ပြီး လာမေးပါက ကြာသပတေးသားဟု ဟောပါ။ အိမ်မှာ ရှာသူ နေ့ာင့်ယှက်နေတယ်။ ကျန်းမာရေး ညံ့နေမယ်။ ရှာသူကို နှိမ်နင်းပါဟု ဟောပါ။

(၉) အစိမ်းရောင်အဝတ်အစား၊ အနက်ရောင်အဝတ်အစားတွေ ဝတ်ဆင်ပြီး လာမေးပါက၊ စပို့ရှပ်၊ တီရှပ်၊ စွပ်ကျယ်တို့နဲ့ လာမေးပါက အင်္ဂါသားဟု ဟောပါ။ ကံကောင်းချင်ရင် နားကနားကပ် ဖြုတ်ပစ်လိုက်ပါဟု ဟောပါ။

(၁၀) ဖိနပ်စီးပြီး လာမေးပါက တနင်္လာသားသမီးဟု ဟောပါ။သင်္ကန်းပရိက္ခရာ လှူပေးပါက ကံကောင်းပြီဟု ဟောလိုက်ပါ။

(၁၁) လက်ဆောင်ပစ္စည်းပေးပြီး စုံတွဲလာမေးပါက သောကြာ (သို့မဟုတ်) စနေဖြစ်မယ်ဟု ဟောပါ။ အိမ်မှာ ပျားစွဲမယ်။ အိမ်ပြောင်းချင်ရင်၊ အိမ်ပြင်ချင်ရင် ကောင်းတယ်။ အန္တရာယ်ကင်းမယ်ဟု ဟောပါ။

(၁၂) တောင်အရပ်နှင့် မြောက်အရပ်ကို မျက်နှာမူပြီး လာမေးပါက ကြာသပတေးသမီးဟု ဟောပါ။ အိမ်မှာရှိတဲ့ စနေသားကို မြေဖုတ်ဘီလူး ဖမ်းစားထားတယ်ဟု ပြောသူ များက ဆေးနဲ့ လုပ်ထားတာဟု ဟောပါ။

(၁၃) အရှေ့အရပ် (သို့မဟုတ်) အနောက်အရပ်ကို မျက်နှာမူပြီး မေးလာပါက ကြာသပတေးသားဖြစ်မယ်။ အိမ်မှာ လူမမာရှိနေမယ်။ ကျန်းမာရေးချို့တဲ့နေတယ်။ သေနိုင်တယ်။ ယတြာချေပါဟု ဟောပါ။

(၁၄) အနောက်မြောက်အရပ်နဲ့ အရှေ့တောင်အရပ်ကို မျက်နှာမူပြီး မေးလာပါက ကြာသပတေး (သို့မဟုတ်) သောကြာသားသမီးဟု ဟောပါ။ အိမ်မှာ တနင်္ဂနွေသားနဲ့ တနင်္လာသားရှိရင် ပစ္စည်းအခိုးခံရမယ်ဟု ဟောပါ။ ပစ္စည်းပျောက်မယ်ဟု ဟောပါ။

(၁၅) အနောက်တောင်အရပ်နှင့် အရှေ့မြောက်အရပ်ကို မျက်နှာမူပြီး မေးလာပါက ဗုဒ္ဓဟူးသားဟု ဟောပါ။ အကြံအစည်နှစ်မျိုးရှိတယ်။ လယ်ယာဥယျာဉ် ခြံမြေမလုပ်နဲ့ အရှုံးပေါ်လိမ့်မယ်ဟု ဟောပါ။

(၁၆) နားရွက်ကို ပွတ်သပ်ပြီး မေးလာပါက နားရောဂါဖြစ်မယ်။ စနေနံပစ္စည်း ပျောက်လိမ့်မည်ဟု ဟောပါ။

(၁၇) ပါးကို ပွတ်သပ်ပြီး မေးလာပါက တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ပျောက်မယ်ဟု ဟောပါ။

(၁၈) ယပ်တောင်ကိုင်ပြီး မေးလာပါက ကြာသပတေး (သို့မဟုတ်) စနေသားဖြစ်မယ်ဟု ဟောပါ။ မိမိမှာ ရိုးရာပျက်နေတယ်။ တောင်းပန်လိုက်ပါဟု ဟောပါ။ အိမ်မှာ ကျန်းမာရေးညံ့နေမယ်။

(၁၉) မျက်စိကိုင်ပြီး မေးလာပါက ဒုက္ခရောက်နေတယ်ဟု ဟောပါ။ ညာဘက်မျက်စိကိုင် မေးလာပါက ယောကျ်ားသေမယ်ဟု ဟောပါ။ ဘယ်ဘက်မျက်စိကိုင် မေးလာပါက မိန်းမသေမယ်ဟု ဟောပါ။

(၂၀) တစ်စုံတစ်ခုကို ပန်ပြီး၊ နမ်းပြီး မေးလာပါက စနေသားချစ်သူနဲ့ကွဲပြီး စိတ်ဆင်းရဲနေရမယ်ဟု ဟောပါ။

(၂၁) မျက်နှာကို လက်ကိုင်ပဝါသုတ်ပြီး မေးလာပါက (သို့မဟုတ်) မျက်နှာကို လက်ဝါးနှင့် ပွတ်သပ်ပြီး မေးလာပါက အိမ်ထောင်ကျတော့မယ်ဟု ဟောပါ။

(၂၂) လက်ဝဲနံပါးကို စမ်းပြီးမေးလာပါက အရှေ့တောင် အရပ်ကို ခရီးသွားနေတဲ့သူကြောင့် စိတ်ဆင်းရဲရမယ်ဟု ဟောပါ။ သားငါးဟင်းနှင့် ဆွမ်းတော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဒါန်းပေးပါ။ (၅)ရက်အတွင်း စိတ်ချမ်းသာမှုရမယ်ဟု ဟောပါ။

(၂၃) လက်ယာနံပါးကိုစမ်းပြီး မေးလာပါက ကျန်းမာရေးအညံ့ကြုံရမယ်။ ဘေးဥပဒ်ကြုံမယ်။ တရော်ကင်ပွန်းနဲ့ ခေါင်းဆေးမင်္ဂလာ ပြုလုပ်ပါ။

(၂၄) လည်ချောင်းကိုစမ်းပြီး မေးလာပါက အိမ်ထောင်သုံးဆက် ကျဖူးတဲ့သူဟု ဟောပါ။ ရည်းစားဆိုရင်လည်း သုံးယောက်ရှိမယ်။ မိန်းမတွေအပေါ် သစ္စာမရှိတဲ့သူဟု ဟောပါ။

(၂၅) ရင်ဘတ်ကိုကိုင်ပြီး မေးလာပါက သမီးအတွက်ဟောပါ။ အိမ်ထောင်ရေး တကျက်ကျက်ဖြစ်နေမယ်။ သူများလင်ကို အမိဖမ်းယူမယ်။ သူများမယားကို ကြာကူလီရိုက်မယ်။ မိန်းမရရင် ကိုယ့်ထက် ငယ်ရွယ်သူနဲ့ ဖောက်ပြန်လိမ့်မယ်။ အမှုရင်ဆိုင်ရမယ်။ အိမ်ထောင်ရေး စည်းကမ်းမရှိဘူးဟုဟောပါ။

(၂၆) ရေအိုး(အိုးအမျိုးမျိုး)ကိုကိုင်ပြီး မေးလာပါက တနင်္ဂနွေသမီး (သို့မဟုတ်) အင်္ဂါသား ဖြစ်မယ်ဟု ဟောပါ။ မိန်းမက ဖောက်ပြန်ချင်နေတဲ့အတွက်ကြောင့်လင်ယောကျ်ားကို ရန်ရှာလိမ့်မယ်ဟု ဟောပါ။

(၂၇) အုတ်ခဲကိုင်ပြီး မေးလာပါက ကိုယ့်ရဲ့အမျိုးသမီး (ဇနီး) လင်ငယ်နေတယ်ဟု ဟောပါ။

(၂၈) ကျားပုံကို ကြည့်မိ,မြင်မိရင် လက်ဝတ်လက်စားရလိမ့်မည်ဟု ဟောပါ။

(၂၉) ကျွဲပုံကို ကြည့်မိ,မြင်မိရင် အမွေအကြိုင် နံ့သာဖြူရလိမ့်မည်ဟု ဟောပါ။

(၃၀) ငွေကို ကြည့်မိ,မြင်မိရင် အဖိုးတန်ပိုးထည်အဝတ်အစားကို ရလိမ့်မယ်ဟု ဟောပါ။

(၃၁) ချမ်းသာဂုဏ်ရှိသူကို ကြည့်မိ,မြင်မိရင် ပြီးသွားတဲ့မိန်းမနဲ့ ပတ်သက်တာ ဟောပါ။

(၃၂) ကဗျာဆရာ၊ ကျမ်းပြုဆရာကို ကြည့်မိ၊ မြင်မိရင်ခြေလေးချောင်းသတ္တဝါနဲ့ ပတ်သက်ပြီး ဟောပါ။

(၃၃) ခြေမနဲ့ မြေကြီးကို ရေးခြစ်နေရင် ခြံ၊ မြေ၊ လယ်ယာကိစ္စ စိတ်ညစ်လို့ လာမေးတာဟု ဟောပါ။

(၃၄) ခြေထောက်ယားယံပြီး ကုတ်ခြစ်နေပါက သူ့အိမ်မှာ ခိုင်းထားတဲ့သူအတွက် စိတ်ညစ်လို့ လာမေးတာဟု ဟောပါ။

(၃၅) ခြေမကလွဲ၍ ကျန်ခြေချောင်းတွေကိုကိုင်ကာ လှုပ်နေပါက သမီးရှိရင် သမီးအတွက် စိတ်ညစ်လို့လာမေးတာဟု ဟောပါ။

(၃၆) ခြေကိုကိုင်ပြီး မေးပါက (သို့မဟုတ်) ခြေမကိုလှုပ်နေပါက မျက်စိကို ဒုက္ခပေးမယ်ဟု ဟောပါ။

(၃၇) ဆင်ရဲ့ မစင်တုံးကို တွေ့မြင်မိပါက ငွေကုန်ကြေးကျ များလိမ့်မည်ဟု ဟောပါ။

(၃၈) နွားချေးကို တွေ့မြင်မိပါက ကိုယ့်အိမ်က အပျိုမအပျိုရည်ပျက်တော့မယ်ဟု ဟောပါ။

(၃၉) ခွေးတစ်ကောင် ကျင်ကြီး,ကျင်ငယ် စွန့်တာ တွေ့မြင်မိပါက ကိုယ့်ကို ကူညီနေတဲ့သူနဲ့ ကွဲလိမ့်မယ်ဟု ဟောပါ။

(၄၀) ယောဂီ၊ သီလရှင်ကို မြင်တွေ့မိပါက အဝေးကိုရောက်နေတဲ့သူနဲ့ ပတ်သက်ပြီး ဟောပါ။

(၄၁) လူမျိုးခြား၊ ဘာသာခြားကိုကြည့်ပြီး မြင်တွေ့မိပါက ထိုသူ့အိမ်မှာ မွေးထားတဲ့ တိရစ္ဆာန်နဲ့ပတ်သက်ပြီး ဟောပါ။

(၄၂) ပြည့်နေသော ရေအိုး၊ စပါး၊ ပစ္စည်းပြည့်နေတဲ့ ခြင်းတောင်းကို တွေ့မြင်မိပါက အခြေအရံ တိုးမယ်ဟုဟောပါ။

(၄၃) ရင်ဘတ်ကိုပုတ်ပြီး၊ ရင်ဘတ်ကိုကိုင်ပြီး မေးလာပါက မိန်းမကို မယုံကြည်လို့၊ မိန်းမကြောင့် စိတ်ညစ်လို့ လာမေးတာဟု ဟောပါ။

(၄၄) ရှုပ်ထွေးနေတဲ့ကြိုး၊ ပိုက်ကွန်၊ ကြောင်အိမ်တို့ကိုတွေ့မြင်မိပါက ကျန်းမာရေးအတွက် ဟောပါ။

(၄၅) အရှူးကို တွေ့မြင်မိပါက အပေါင်းအသင်းကိစ္စကိုဟောပါ။

(၄၆) တရားဓမ္မ ဟောကြားသူ၊ ရဟန်းသံဃာကို တွေ့မြင်မိပါက အိမ်မှာ သူခိုး,ခိုးခံရမယ်ဟု ဟောပါ။

(၄၇) တံငါသည်(ရေလုပ်သား)၊ ငါးစိမ်းသည်(ငါးရောင်းသူ)ကို တွေ့မြင်မိပါက ရန်သူ (သို့မဟုတ်) ဘေးဒုက္ခကြုံနေခြင်းကို ဟောပါ။

(၄၈) ဒဏ်ရာရခြင်းကို တွေ့မြင်မိပါက အရောင်းအဝယ်ကိစ္စကို ဟောပါ။

(၄၉) အရိုက်အနှက်ခံရခြင်း၊ လက်ထိတ်ခတ်ခံရခြင်းတွေ

www.burmeseclassic.com

ကို တွေ့မြင်မိပါက အိမ်ဖော်မိန်းမနဲ့ ပတ်သက်လို့ ဟောပါ။

(၅၀) လှောင်ပြောင်နေခြင်းကို တွေ့မြင်မိပါက ဖြစ်နေတဲ့ ကိစ္စကို နိုင်ချင်တာဟု ဟောပါ။

(၅၁) သစ္စာပြုနေခြင်းကို တွေ့မြင်မိပါက ပစ္စည်းရောင်း စရာရှိတာကို ဟောပါ။

(၅၂) နွားမကို တွေ့မြင်မိပါက ဆေးကောင်းမှီဝဲ စားသုံး ရလိမ့်မယ်။ ရောဂါဖြစ်မယ်။

(၅၃) ကျပ်တည်းခက်ခဲစွာ အသက်မွေးဝမ်းကျောင်းရတဲ့ သူကို တွေ့မြင်မိပါက အချုပ်အနှောင် (သို့မဟုတ်) ဘေးအန္တရာယ်ကို ဟောပါ။

(၅၄) ရေတ်သီးကို တွေ့မြင်မိပါက ယောကျ်ားနဲ့ပတ်သက် ပြီး ဟောပါ။

(၅၅) ချင်းခြောက်ကို တွေ့မြင်မိပါက အကျင့်စာရိတ္တ ပျက်စီးနေတဲ့ အမျိုးသမီးနဲ့ပတ်သက်ပြီး ဟောပါ။

(၅၆) ပိတ်ချင်းသီးကို တွေ့မြင်မိပါက မိန်းမနဲ့ပတ်သက် ပြီး ဟောပါ။

(၅၇) ပန်းအဖြူကို တွေ့မြင်မိပါက လမ်းခရီးနှင့်ပတ်သက် ပြီး ဟောပါ။

(၅၈) ရေကို တွေ့မြင်မိပါက ဆန်စပါးနဲ့ပတ်သက်ပြီး ဟောပါ။

(၅၉) ကျောက်တုံး၊ ကျောက်ပျဉ်ကို တွေ့မြင်မိပါက သား နဲ့ပတ်သက်ပြီး ဟောပါ။

(၆၀) အထည်အလိပ်၊ အဝတ်အစားကို တွေ့မြင်မိပါက ရွှေ၊ ငွေ၊ ရတနာနဲ့ပတ်သက်ပြီး ဟောပါ။

(၆၁) ဇီယာပန်းကို တွေ့မြင်မိပါက သမီးနဲ့ပတ်သက်ပြီး ဟောပါ။

(၆၂) ပုပ်ပွနေသောငါးကို တွေ့မြင်မိပါက ခြေနှစ်ချောင်း သတ္တဝါနဲ့ပတ်သက်ပြီး ဟောပါ။

(၆၃) မွေးဖွားလာတဲ့သားကို တွေ့မြင်မိပါက မြေနဲ့ပတ် သက်ပြီး ဟောပါ။

(၆၄) မိန်းကလေးကို တွေ့မြင်မိပါက ဝေဒနာခံစားနေရ တဲ့ ရောဂါသည်နဲ့ပတ်သက်ပြီး ဟောပါ။

(၆၅) အရက်မူးပြီး ရမ်းကားနေသူကို တွေ့မြင်မိပါက အိမ်မှာ လူမမာရှိရင် သေလိမ့်မယ်ဟု ဟောပါ။

(၆၆) အရိုးစုကို တွေ့မြင်မိပါက အိမ်မှာ လူမမာရှိရင် သေလိမ့်မယ်ဟု ဟောပါ။

(၆၇) အဆီပိပုလင်းကို တွေ့မြင်မိပါက အိမ်မှာ လူမမာရှိ ရင် သေလိမ့်မယ်ဟု ဟောပါ။

(၆၈) နီရဲနေတဲ့ အရာတစ်ခုကို တွေ့မြင်မိပါက အိမ်မှာ လူမမာရှိရင် သေလိမ့်မယ်ဟု ဟောပါ။

(၆၉) နှာစေး၊ ချောင်းဆိုးနေသူကို တွေ့မြင်မိပါက အိမ် မှာ လူမမာရှိရင် သေလိမ့်မယ်ဟု ဟောပါ။

(၇၀) ဆီးသီးကိုင်ပြီး မေးလာပါက မိုးကြိုး၊ ကြေးနီနဲ့ ပတ်သက်ပြီး ဝင်လိမ့်မည်ဟု ဟောပါ။

(၇၁) သရက်သီးကိုင်ပြီး မေးလာပါက ငွေထည်ပစ္စည်း ဝင်လာလိမ့်မယ်ဟု ဟောပါ။

(၇၂) သံပရာသီးကိုင်ပြီး မေးလာပါက ကျောက်မျက် ရတနာ ဝင်လာလိမ့်မယ်ဟု ဟောပါ။

(၇၃) ရှောက်သီးကိုင်ပြီး မေးလာပါက အိမ်မှာ လူဝင် ကိန်းရှိတယ်ဟု ဟောပါ။

(၇၄) ချိုသောသစ်သီး (သို့မဟုတ်) အချိုသီးတွေ ကိုင် ပြီး မေးလာပါက ရွှေဝင်လိမ့်မယ်ဟု ဟောပါ။

(၇၅) ညောင်ရွက်၊ ညောင်သား ကိုင်ပြီး မေးလာပါက အထည်အလိပ်၊ အဝတ်အစားဝင်လိမ့်မည်ဟု ဟော ပါ။

(၇၆) ညောင်ပိန္နဲရွက်ကိုကိုင်ပြီး မေးလာပါက စီးပွားဖြစ် တော့မယ်ဟု ဟောပါ။

(၇၇) ခြေချောင်းတွေ လှုပ်နေတာ တွေ့မြင်မိပါက လ အောက်ငယ်သား တပည့်တွေအကြောင်း ဟောပါ။

(၇၈) လက်ချောင်းတွေကိုကိုင်ပြီး မေးလာပါက သမီး အတွက် ဟောပါ။

(၇၉) ဦးခေါင်းကိုကိုင်ပြီး မေးလာပါက လူကြီးအတွက် ဟောပါ။

(၈၀) ညာဘက်လက်မောင်းကိုကိုင်ပြီး မေးလာပါက ညီ အတွက် ဟောပါ။

(၈၁) ဘယ်ဘက်လက်မောင်းကိုကိုင်ပြီး မေးလာပါက ခယ်မအတွက် ဟောပါ။

(၈၂) ဝမ်းဗိုက်ကိုကိုင်ပြီး မေးလာပါက မိခင်အတွက် ဟောပါ။

(၈၃) ချက်ကို ကိုင်လှုပ်ပြီး မေးလာပါက ရောက်နေတဲ့သူနဲ့ပတ်သက်ပြီး ဟောပါ။



www.burmeseclassic.com

www.burmeseclassic.com

(၈၄) မေးနေတုန်း ရေမရှိတဲ့အိုး ရွက်သွားတာ မြင်ခဲ့ရင် အလိမ်ခံရမယ်။ သူ့ခိုးအခိုးခံရမယ်ဟု ဟောပါ။

(၈၅) မေးနေတုန်း သလိပ်ကပ်ရင် အလိမ်ခံရမယ်။ သူခိုးအခိုးခံရမယ်ဟု ဟောပါ။

(၈၆) မေးနေတုန်း ဦးခေါင်းရှေ့ကို ငုံ့လာရင် အလိမ်ခံရမယ်။ သူခိုးအခိုးခံရမယ်ဟု ဟောပါ။

(၈၇) မေးနေတုန်း တံတွေးထွေးရင် အလိမ်ခံရမယ်။ သူခိုး အခိုးခံရမယ်ဟု ဟောပါ။

(၈၈) မေးနေတုန်း လက်ထဲကိုင်ထားတဲ့ ပစ္စည်းတစ်ခုခု ပြုတ်ကျခဲ့ရင် အလိမ်ခံရမယ်။ သူခိုးအခိုးခံရမယ်ဟု ဟောပါ။

(၈၉) မေးနေတုန်း ချောင်းဆိုးရင် အလိမ်ခံရမယ်။ သူခိုးအခိုးခံရမယ်ဟု ဟောပါ။

(၉၀) မေးနေတုန်း ကျင်ကြီး၊ကျင်ငယ်စွန့်ရင် အလိမ်ခံရမယ်။ သူခိုးအခိုးခံရမယ်ဟု ဟောပါ။

(၉၁) အဆိပ်ရှိတဲ့ သတ္တဝါကို တွေ့မြင်မိပါက ခြောက်သွေ့တဲ့ ပစ္စည်းအကြောင်း ဟောပါ။

(၉၂) စပါးနှံ (သို့မဟုတ်) နဖူးပြင်တို့ကို ကိုင်နေတာ တွေ့မြင်မိပါက အလုပ်အတွက် ပူပန်နေရတာတ်တယ်ဟု ဟောပါ။

(၉၃) မျက်ခုံး၊ နှုတ်ခမ်း၊ လည်ပင်းတို့ကို ကိုင်နေတာ တွေ့မြင်မိပါက အစားကောင်း စားရမယ်ဟု ဟောပါ။

(၉၄) ကျောက်မျက်ရတနာ (သို့မဟုတ်) ရွှေ၊ ပျားရည်၊ ထောပတ်တို့ကို တွေ့မြင်မိပါက ကိုယ်ဝန်ဆောင်အကြောင်း ဟောပါ။

(၉၅) အသက်ကြီးတဲ့သူကို တွေ့မြင်မိပါက မိတ်ဆွေ အပေါင်းအသင်းရဲ့ကိစ္စကို ဟောပါ။

'ကဲ‥ဒေါ်ထားထားရေ၊ ကျန်နေသေးတဲ့ နိမိတ်ရှာပြီး ဗေဒင်ဟောနည်း အပိုင်း(၃)ကိုတော့ လာမယ့်သီတင်းပတ်ကျမှပဲ ဆက်ကြဦးစို့ဗျာ'

'ဟုတ်ကဲ့ပါ တို့ဆရာရေ'

**ဗေဒ ဟဝေ ရက္ခတီ ဗေဒါရီ**

**သာထက်ဇော်(မကွေး)**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရေးမူမပျက် နာမည်လှလှရွေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာစာတာ၊ အင်္ဂလိပ်စာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဘဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသဘော်သားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ခြံ၊တား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဘဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် နောက်ပြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 52521




www.burmeseclassic.com

www.burmeseclassic.com

စောယုနန္ဒာ(မေ့ရင်ခွင်)

# လက်ရည်တပြင်တည်း

နေ့သစ်တစ်နေ့ကို ကြိုတွေ့ရသော နံနက်ခင်း၌ ပြုနေကျဖြစ်သော ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ကို ဘုရားရှင်အား ကပ်လှူပူဇော်၍ ငါးပါးသီလ ခံယူခြင်း၊ မေတ္တာပို့ခြင်း၊ ပဋ္ဌာန်းပါဠိတော်နှင့် ဓမ္မစကြာပါဠိတော် ရွတ်ဆိုပူဇော်ခြင်း၊ အမျှဝေခြင်းတို့ကို ပြုလုပ်ပါသည်။ စိတ်၏ ကြည်လင်မှုကို ဘုရားဝတ်ပြုခြင်းမှ ရရှိသည်ကို ကိုယ်တိုင်ကိုယ်ကျ ခံစားသိရှိရပါသည်။ ကြည်လင်သော စိတ်ကို သယ်ဆောင်ထားသော ခန္ဓာနှင့် ယနေ့ နေ့အသစ်အတွက် အင်အားကို မွေးမြူရပါမည်။

စိတ်အာဟာရ ဖြည့်ဆည်းပြီးနောက် ခန္ဓာအတွက် အာဟာရကို ဖြည့်ဆည်းရန်အတွက် နံနက်ခင်းစာ ပြင်ဆင်ထားသည့် စားပွဲသို့ ရောက်ရှိခဲ့လေသည်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လိုလားတောင့်တစွာ စားခဲ့သော ပဲပြုတ်နှင့် နံပြားပါလား။ စာရေးသူသည် ပဲပြုတ်ဆီဆမ်းနှင့် နံပြားထူထူကို တွဲဖက်စား၍ ကော်ဖီကျကျလေးကို သောက်ရသည်မှာ အလွန်နှစ်သက်ဖွယ်ကောင်းသော နံနက်ခင်းစာအဖြစ် သတ်မှတ်ထားပါသည်။

ထိုနံနက်ခင်းစာကို စိတ်ချမ်းသာစွာ စားသုံးနေစဉ်မှာပင် F.M ရေဒီယိုလိုင်းတစ်ခုမှလွှင့်သော တေးသီချင်းသံကို နားစွင့်ခံစားမိလေသည်။ ထိုတေးသီချင်းသံမှာ လက်ရည်တပြင်တည်း တေးသီချင်း ဖြစ်လေသည်။ ထိုတေးသီချင်းကို စာရေးသူ ငယ်စဉ်ကပင် လွန်စွာနှစ်သက်သဘောကျခဲ့လေသည်။ မှတ်သားမိသည်မှာ ထိုတေးသီချင်းသည် နန်းတော်ရှေ့ဆရာတင် ရေးဖွဲ့၍ အဆိုတော်ကြီး ဒေါ်ကြည်အောင် သီဆိုခဲ့သည်ဟု ထင်မိပါသည်။ မှားယွင်းခဲ့လျှင် စာရေးသူ၏ အပြစ်သာဖြစ်၍ သက်ဆိုင်သူအားလုံးအား တောင်းပန်ပါသည်။ ခွင့်လွှတ်ပေးစေချင်ပါသည်။

သီချင်း၏ အဓိကရည်ရွယ်ချက်မှာ စည်းလုံးညီညွတ်မှုကို ပြဆိုထားခြင်း ဖြစ်ပါသည်။ စည်းလုံးခြင်း၊ ညီညွတ်ခြင်းမှာ မိသားစုတစ်စု၊ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ခုအထိ အင်အားအကြီးဆုံးဟု ထင်မြင်ယူဆပါသည်။ ရှေး

ခေတ် မြန်မာမိသားစုများ၏ ချစ်ခင်ခြင်း၊ စည်းလုံးခြင်း
မိသားစုတစ်စုလုံး ဒေါင်းလန်းကြီးတစ်ခုတွင် ဝိုင်းဖွဲ့
သောက်ကြခြင်းဖြင့် သိရှိနိုင်လေသည်။ တစ်ဦးနှင့်တစ်
စာနာခြင်း၊ ညှာတာခြင်း၊ ကြင်နာခြင်း၊ သံယောဇဉ်
သည် ထိုထမင်းဝိုင်းမှ စခဲ့ကြလေသည်။ ထိုအမိဖွား
ဆင်းသက်ခဲ့သော ဓလေ့ထုံးစံများသည် မြန်မာမိသား
အတွင်း စွဲမြဲစွာ တည်ရှိခဲ့သည်။ တောနေ လူတန်း
မြန်မာလူမျိုး မိသားစုတို့တွင် သားကြီးဩရသ ရှိခဲ့လျှ
မိဘလက်ငုတ်လက်ရင်း လယ်ယာမြေများကို အိမ်ထော
ကျပြီးသည့်တိုင် ဦးစီးဦးဆောင်လုပ်ကိုင်၍ မိသားစု
စီးပွားရေးကို တာဝန်ယူကြသည်။ မိဘနှင့် စီးပွားမခွဲ
အတူနေကြသည်။ ထိုမိသားစုတွင် နောက်ထပ် သာ
ယောကျ်ားတစ်ဦး အိမ်ထောင်ပြုလျှင် မိသားစုအားလုံး
သဘောကျ စီမံခန့်ခွဲမှုဖြင့် ပြုကြသည်။ အချို့မှာ သာ
ငယ်အား လယ်ကေခွဲဝေပေးခြင်းပြု၍ အချို့မှာ သားကြီ
အား လယ်ကေခွဲဝေပေးလေသည်။ အချို့မိသားစုများ
တော့ မည်သူ့ကိုမျှ ခွဲဝေပေးခြင်းမပြုဘဲ မိဘ၏ လ
အောက်၌သာ လက်ရည်တပြင်တည်း ဥမကွဲ သိုက်မပျ
လုပ်ကိုင်စားသောက်ကြသည်။

မြို့နေ လူတန်းစားများတွင်လည်း ထိုကဲ့သို့သော
မိသားစုများရှိသည်။ အစ်ကိုကြီး (သို့မဟုတ်) အစ်မ
များက မိဘနှင့်အတူ အိမ်စီးပွားရေးကို ဦးဆောင်
သည်။ အိမ်ထောင်ကျသော်လည်း အိုးမခွဲ အိမ်မခွဲ
စီးပွားတည်း နေကြသည်။ သို့သော် အိမ်ထောင်သ
တစ်ဦးမှ နှစ်ဦးဖြစ်လာလျှင် များသောအားဖြင့် စိတ်
ကွဲလာတတ်ကြသည်မှာ လူ့သဘာဝပင်ဖြစ်သည်။
အိမ်ခွဲ နေလိုကြတော့သည်။ ထိုပြဿနာများနှင့်ပတ်သ
၍ စာရေးသူထံ လာရောက်မေးမြန်းသော မိသားစုမျာ
မကြာခဏ တွေ့ရသည်။

မိသားစုပြဿနာနှင့် မေးမြန်းကြသူများတွင် မှ
နေသော မိသားစုအကြောင်းကို ပြောရမည်ဆိုလျှ
မိသားစု၌ သားနှစ်ဦးနှင့် သမီးနှစ်ဦး ရှိသည်။ သား



www.burmeseclassic.com

www.burmeseclassic.com

က အကြီးများဖြစ်၍ သမီးနှစ်ဦးကား အငယ်များဖြစ်သည်။ သားအကြီး အိမ်ထောင်ကျသောအခါ အိမ်မခွဲဘဲ မိသားစုနှင့် အတူနေလေသည်။ နောက်သုံးနှစ်ခန့် ကြာသောအခါ သားအငယ် အိမ်ထောင်ပြုလေသည်။ သားငယ်မှာ ဝင်ငွေကောင်းသူ ဖြစ်သည့်အပြင် ဇနီးဖြစ်သူမှာလည်း ဝန်ထမ်းတစ်ဦး ဖြစ်လေသည်။ မိဘများက သားငယ်ကိုလည်း မိဘများနှင့် အတူနေစေသည်။ အိပ်ခန်းတစ်ခန်းဖွဲ့၍ သားငယ်တို့ ဇနီးမောင်နှံအား အခန်းအပ်သည်။ မိသားစု တစ်စုတည်း၊ တစ်အိုးတည်း စားကြသောအခါ မကျေနပ်မှုလေးများ စတင်လာတော့သည်။

သားငယ်လင်မယားက တစ်နေ့ကုန် လုပ်ငန်းခွင်သို့ဝင်၍ ညနေချိန်မှ ပြန်ရောက်ကြသည်။ သို့သော် မိသားစုအား ဝင်ငွေအများဆုံး ထည့်ဝင်ပေးလေသည်။ သားကြီးမှာ အရောင်းအဝယ်လုပ်သော်လည်း ဝင်ငွေမကောင်း၊ မိသားစုအား ဝင်ငွေအနည်းငယ်သာ ထည့်နိုင်သည်။ ချွေးမကြီးမှာ တစ်နေ့ကုန် အိမ်မှုကိစ္စများဖြင့် လုံးလည်ချာလည် ဖြစ်နေသည်။ အချိန်ကြာလေလေ မကျေနပ်မှုများ များလာလေလေ ဖြစ်လာတော့သည်။

ဤအခြေအနေတွင် သားကြီးတို့မိသားစုမှာ အိမ်ခွဲနေချင်တော့သည်။ လင်မယားနှစ်ယောက် အိမ်ခွဲနေရန်ကြိုးစားကြသည်။ သို့ဖြင့် စာရေးသူထံ ရောက်လာတော့သည်။ ၎င်းတို့နှစ်ဦးအား စာရေးသူ တတ်သော ဗေဒင်ပညာဖြင့် တွက်ချက်ကြည့်သောအခါ သားကြီးသည် အင်္ဂါသား မရဏဖွားဖြစ်သည်။ သူ၏ဇနီးမှာလည်း အင်္ဂါသမီးဖြစ်သည်။ အိမ်၏ ဖခင်မှာလည်း အင်္ဂါသားဖြစ်သည်။

ဖခင်သည် ငယ်စဉ်ကပင် သားသမီးများကို မိမိကပင် ကျွေးမွေးယုယပြုစုပြီး မိသားစု ဥမကွဲ သိုက်မပျက်နေချင်သောသူမျိုးဖြစ်သည်။ အိမ်ထောင်ကျသွား၍ ချွေးမများ ရသော်လည်း မိသားစုအတူနေထိုင်ချင်စိတ် ရှိသူဖြစ်သည်။ မည်သူ့ကိုမျှ ခွဲမထွက်သွားစေလိုပေ။ ထိုသူတို့၏ အိမ်သဘောသဘာဝကိုသိ၍ နားလည်သော်လည်း ဗေဒင်ပညာဖြင့်ကြည့်လျှင် သုည(၀)ကြွင်းသမားများသည် အိမ်ထောင်ထူထောင်ပြီး မိဘများနှင့် အတူတွဲနေထိုင်၍ မရတတ်ပေ။ ခွဲခွာ၍ နေထိုင်ပြီး စီးပွားရှာပါက ပို၍ဖြစ်ထွန်းတတ်သည်ကို ဗေဒင်ပညာကို သင်ယူလေ့လာခဲ့စဉ်က ဆရာကြီးဦးမြင့်ဆွေ(မော်လမြိုင်)၏ စာအုပ်တွင် သုည

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၃ |
| (၇) | ၀ | ၁ |

သုည(၀)ကြွင်း (သို့မဟုတ်) ခုနစ်(၀)ကြွင်း
မရဏဖွား အင်္ဂါသား






www.burmeseclassic.com

www.burmeseclassic.com

(၀)ကြွင်း ပိုင်ရှင်များသည် အိမ်ထောင်ပြုပြီးနောက် မိမိဘာသာစီးပွားရှာခြင်းသည် မိဘနှင့် အတူတကွနေထိုင်၍ စီးပွားရှာခြင်းထက် ပို၍တိုးတက်ကြောင်း ဆရာကြီး၏ ဆုံးမစာများတွင် မှတ်သားထားမိပါသည်။

နေ့နှင့် တွက်ကြည့်လျှင်လည်း မိသားစုတွင် အင်္ဂါသုံးဦး တစ်အိမ်တည်းတွင်ရှိပါက အပူကြီးတတ်သည်။ ဆရာလုပ်ချင်သည့်စိတ် များသည့်အတွက် အိမ်မအေးချမ်းတတ်ပေ။ အိမ်တွင်းရေးတွင်း အေးချမ်းမှု နည်းပါးတတ်သည်။ ထိုသဘောအရသော်လည်းကောင်း သားကြီး၏ ဖွားဇာတာနှင့် ရောက်ရှိသည့် သက်ရောက်ဇာတာခွင်အရ သားကြီးအား မိသားစုအတွင်းမှ ထွက်ခွာ၍ မိမိကိုယ်ပိုင် စီးပွားရေး လုပ်သင့်ကြောင်း အကြံပြုလိုက်ပါသည်။

သားကြီးက ၄င်းတို့လုပ်မည့် စီးပွားရေးအကြောင်းနှင့် ၄င်းလုပ်ငန်းအတွက် အမည်တစ်ခု ရွေးပေးပါရန် တောင်းဆိုသဖြင့် သင့်တော်သော အမည်ကို ရွေးချယ်ပေးခဲ့ပါသည်။ သားကြီးသည် မြို့သစ်နေရာမျိုးတွင် နေထိုင်ဖို့ အိမ်နှင့် လုပ်ငန်းပါ တည်ထောင်နိုင်သည့် နေရာကို ပြောင်းရွှေ့၍ စတိုးဆိုင်ဖွင့်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ ဆိုင်၏ အမည်ကိုလည်း သောကြာထွန်းသောအမည်မျိုး မှည့်ခေါ်စေ၍ ရိုးရှင်းသောအမည်၊ ဆန်းသစ်သော အမည်များကို ကိုယ်တိုင် ရွေးမှည့်ပေး၍ ကြိုက်နှစ်သက်ရာ အမည်ကို မှည့်ခေါ်စေသည်။ ထိုအခါတွင် သားကြီးက သူတို့၏ လင်မယားသည်လည်း အင်္ဂါသားသမီးများဖြစ်၍ ကျွန်ုပ်ပေးသော ရိုးရှင်းသည့်အမည်ဖြစ်သည့် သီဟ အမည်ကို ယူ၍ မှည့်ခေါ်လေသည်။

သုည(၀)ကြွင်းသမား ဖြစ်၍သော်လည်းကောင်း သောကြာအထွန်းဖြစ်သည့်အတွက် သီဟဆိုသော အမည်ကို စာရေးသူသည်လည်း ကြိုက်နှစ်သက်သည်။ အင်္ဂါသားသမီး နှစ်ဦးသည် မြို့သစ်တွင် အိမ်ငှားဘဝဖြင့် စတင်ကာ အမျိုးသမီးက ဈေးရောင်း၊ အမျိုးသားက မြို့လယ်သို့သွား၍ ဆိုင်၌ လိုအပ်သည်တို့ကို အဝယ်ထွက်ပြီး ဘဝကို ရိုးရှင်းစွာ ဈေးရောင်းကြသည်။

စာရေးသူသည် ဆိုင်သို့ လူဝင်စေရန် အဆောင်ယတြာများ ပေး၍လည်းကောင်း၊ ဆိုင်ဖွင့်ပွဲတွင် ထိုးရမည့် ပန်းကိုလည်းကောင်း၊ ကျွေးမွေးသင့်သည့် မုန့်များကိုလည်းကောင်း၊ ဘုရားတွင် ခဏ,ခဏ လှူသင့်သော မုန့်များကိုလည်းကောင်း ပြောဟောပေးသည်။ ထို့အတူ အလုပ်လုပ်ရာတွင် မည်သည့်အလုပ်ဖြစ်စေ ဝီရိယကို အားကိုး၍ သင့်တင့်သော အမြတ်လောက်ကိုသာယူ၍ မပျင်းမရိ ကြိုးစားသင့်ကြောင်းကိုလည်း ပြောပြမိသည်။ အဆောင်ယတြာကောင်းများကို မည်မျှဆောင်ထားစေကာမူ ဝီရိယမရှိ ပျင်းရိပါက ကံမလိုက်တတ်ကြောင်း၊ ကံ၊ ဉာဏ်၊ ဝီရိယ အမြဲရှိရမည်ဟု မှတ်သင့်ကြောင်း ပြောမိသည်။

သားကြီးသည် သုည(၀)ကြွင်းသမားဖြစ်၍ လူမှုရေးတွင် သူများထက် ပိုမိုဦးဆောင် လုပ်ကိုင်တတ်သူဖြစ်၍ ထိုသို့လုပ်ပါက မိမိအတွက် အကျိုးပြုကြောင်း၊ လုပ်သင့်ကြောင်း ဆုံးမစကားဆိုခဲ့သေးသည်။ သားကြီးသည် စကားပြောကောင်း၍ ဈေးရောင်းအလွန်သင့်တော်သူဖြစ်၍ အောင်မြင်နိုင်ကြောင်း၊ ထို့အတူ သုည(၀)ကြွင်းသမားဖြစ်သည့်အတွက် ထိုင်ပြီး ငြိမ်သက်စွာ လုပ်ကိုင်ရသည့် အလုပ်မျိုးများကို မကြိုက်နှစ်သက်သကဲ့သို့ သွားသွားလာလာ လှုပ်လှုပ်ရှားရှား နေရသည်ကို ကြိုက်နှစ်သက်၍ ထိုသို့ နေရ,လုပ်ရပါကလည်း ကျန်းမာရေးကောင်း၍ စီးပွားတတ်ကြောင်း၊ ကိုယ်နှင့် မကိုက်ညီသော အလုပ်မျိုးကို မလုပ်ချင်ဘဲ လုပ်နေရခြင်းသည် စီးပွားမတက် တတ်ကြောင်းကိုလည်း တစ်ခုချင်း ပြောပြမိသည်။

ယခုအခါ သားကြီးသည် သူ၏ ကိုယ်ပိုင်စီးပွား အဆင်ပြေသဖြင့် မိဘတို့အား ပြန်လည်ထောက်ပံ့ပေး ပြီး ညီငယ်မိသားစုနှင့်လည်း ကောင်းစွာ အဆင် ကြောင်း ကြားသိရသည်။ စာရေးသူ စဉ်းစားမိသည် မခွဲမခွာအတူတကွ နေထိုင်ခြင်းသည် စည်းလုံးခြင်း ညီညွတ်ခြင်း သဘောကို ပြဆိုခြင်းဖြစ်သည်။ သို့ အတူတကွ နေထိုင်ခြင်း မရှိသော်လည်း ရင်တွင်းစိတ် က စည်းလုံးညီညွတ်ခြင်းသဘောကို ဆောင်နေလျှင် ဒေါင်းလန်းကြီးတစ်ခုတွင် မိသားစုများ ချစ်ခင်စွာ စားသောက်သကဲ့သို့ ပျော်ရွှင်ခြင်း၊ ညီညွတ်ခြင်း၊ စည်း ခြင်းတို့ကို ရရှိနိုင်သည်ဟု ထင်မြင်မိပါတော့သည်

(၇)နေ့သားသမီးများ ကျက်သရေတိုး၍ ကင်းရှင်းကြပါစေ။

မေ

စောယုနန္ဒ



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးအမှတ်စဉ်မှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈ တာဝန်ခံ (တိုင်း)-၁၂၁၂

အသိကျအကြောပြေ သီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တာဝန်ခံ(ဗဟိုဆေး)၁၃၀/၀၀၀၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း သီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် သီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ သီး၊ ဝမ်း၊ လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံ့ ဓာတ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် သီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းအာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ ရွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းတို့ အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ဝင်ရှင် - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

၅-၇၂/၁၈၁၊ ဗေဓာဝီလမ်းမကြီး၊ ငွေကြာယံဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၀၆၁၂

မုံရွာဆရာမိုး - ဖုန်း -၆၉၉၆၁၀ လိုင်း ၃ (၁၄၅)၊ ၆၉၀၄၅၆ လိုင်း ၃ (၁၄၅)


www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၆]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူးကြွရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ယခုဇယားကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |



www.burmeseclassic.com

www.burmeseclassic.com

| မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၅ - ၇း၂၅ | ပြိဿ |
| ၇း၂၅ - ၉း၂၅ | မေထုန် |
| ၉း၂၅ - ၁၁း၂၅ | ကရကဋ် |
| ၁၁း၂၅ - ၁၃း၂၅ | သိဟ် |
| ၁၃း၂၅ - ၁၅း၂၅ | ကန် |
| ၁၅း၂၅ - ၁၇း၂၅ | တူ |
| ၁၇း၂၅ - ၁၉း၂၅ | ဗြိစ္ဆာ |
| ၁၉း၂၅ - ၂၁း၂၅ | ဓနု |
| ၂၁း၂၅ - ၂၃း၂၅ | မကာရ |
| ၂၃း၂၅ - ၁း၂၅ | ကုမ် |
| ၁း၂၅ - ၃း၂၅ | မိန် |
| ၃း၂၅ - ၅း၂၅ | မိဿ |

| ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၀ - ၇း၂၀ | မေထုန် |
| ၇း၂၀ - ၉း၂၀ | ကရကဋ် |
| ၉း၂၀ - ၁၁း၂၀ | သိဟ် |
| ၁၁း၂၀ - ၁၃း၂၀ | ကန် |
| ၁၃း၂၀ - ၁၅း၂၀ | တူ |
| ၁၅း၂၀ - ၁၇း၂၀ | ဗြိစ္ဆာ |
| ၁၇း၂၀ - ၁၉း၂၀ | ဓနု |
| ၁၉း၂၀ - ၂၁း၂၀ | မကာရ |
| ၂၁း၂၀ - ၂၃း၂၀ | ကုမ် |
| ၂၃း၂၀ - ၁း၂၀ | မိန် |
| ၁း၂၀ - ၃း၂၀ | မိဿ |
| ၃း၂၀ - ၅း၂၀ | ပြိဿ |

| ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၃၀ - ၇း၃၀ | ကရကဋ် |
| ၇း၃၀ - ၉း၃၀ | သိဟ် |
| ၉း၃၀ - ၁၁း၃၀ | ကန် |
| ၁၁း၃၀ - ၁၃း၃၀ | တူ |
| ၁၃း၃၀ - ၁၅း၃၀ | ဗြိစ္ဆာ |
| ၁၅း၃၀ - ၁၇း၃၀ | ဓနု |
| ၁၇း၃၀ - ၁၉း၃၀ | မကာရ |
| ၁၉း၃၀ - ၂၁း၃၀ | ကုမ် |
| ၂၁း၃၀ - ၂၃း၃၀ | မိန် |
| ၂၃း၃၀ - ၁း၃၀ | မိဿ |
| ၁း၃၀ - ၃း၃၀ | ပြိဿ |
| ၃း၃၀ - ၅း၃၀ | မေထုန် |

| ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၀ - ၇း၄၀ | သိဟ် |
| ၇း၄၀ - ၉း၄၀ | ကန် |
| ၉း၄၀ - ၁၁း၄၀ | တူ |
| ၁၁း၄၀ - ၁၃း၄၀ | ဗြိစ္ဆာ |
| ၁၃း၄၀ - ၁၅း၄၀ | ဓနု |
| ၁၅း၄၀ - ၁၇း၄၀ | မကာရ |
| ၁၇း၄၀ - ၁၉း၄၀ | ကုမ် |
| ၁၉း၄၀ - ၂၁း၄၀ | မိန် |
| ၂၁း၄၀ - ၂၃း၄၀ | မိဿ |
| ၂၃း၄၀ - ၁း၄၀ | ပြိဿ |
| ၁း၄၀ - ၃း၄၀ | မေထုန် |
| ၃း၄၀ - ၅း၄၀ | ကရကဋ် |

| စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၀ - ၇း၅၀ | ကန် |
| ၇း၅၀ - ၉း၅၀ | တူ |
| ၉း၅၀ - ၁၁း၅၀ | ဗြိစ္ဆာ |
| ၁၁း၅၀ - ၁၃း၅၀ | ဓနု |
| ၁၃း၅၀ - ၁၅း၅၀ | မကာရ |
| ၁၅း၅၀ - ၁၇း၅၀ | ကုမ် |
| ၁၇း၅၀ - ၁၉း၅၀ | မိန် |
| ၁၉း၅၀ - ၂၁း၅၀ | မိဿ |
| ၂၁း၅၀ - ၂၃း၅၀ | ပြိဿ |
| ၂၃း၅၀ - ၁း၅၀ | မေထုန် |
| ၁း၅၀ - ၃း၅၀ | ကရကဋ် |
| ၃း၅၀ - ၅း၅၀ | သိဟ် |

| အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၅ - ၇း၅၅ | တူ |
| ၇း၅၅ - ၉း၅၅ | ဗြိစ္ဆာ |
| ၉း၅၅ - ၁၁း၅၅ | ဓနု |
| ၁၁း၅၅ - ၁၃း၅၅ | မကာရ |
| ၁၃း၅၅ - ၁၅း၅၅ | ကုမ် |
| ၁၅း၅၅ - ၁၇း၅၅ | မိန် |
| ၁၇း၅၅ - ၁၉း၅၅ | မိဿ |
| ၁၉း၅၅ - ၂၁း၅၅ | ပြိဿ |
| ၂၁း၅၅ - ၂၃း၅၅ | မေထုန် |
| ၂၃း၅၅ - ၁း၅၅ | ကရကဋ် |
| ၁း၅၅ - ၃း၅၅ | သိဟ် |
| ၃း၅၅ - ၅း၅၅ | ကန် |

| နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၅၅ - ၈း၅၅ | ဗြိစ္ဆာ |
| ၈း၅၅ - ၁၀း၅၅ | ဓနု |
| ၁၀း၅၅ - ၁၂း၅၅ | မကာရ |
| ၁၂း၅၅ - ၁၄း၅၅ | ကုမ် |
| ၁၄း၅၅ - ၁၆း၅၅ | မိန် |
| ၁၆း၅၅ - ၁၈း၅၅ | မိဿ |
| ၁၈း၅၅ - ၂၀း၅၅ | ပြိဿ |
| ၂၀း၅၅ - ၂၂း၅၅ | မေထုန် |
| ၂၂း၅၅ - ၂၄း၅၅ | ကရကဋ် |
| ၂၄း၅၅ - ၂း၅၅ | သိဟ် |
| ၂း၅၅ - ၄း၅၅ | ကန် |
| ၄း၅၅ - ၆း၅၅ | တူ |

| ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၅၅ - ၈း၅၅ | ဓနု |
| ၈း၅၅ - ၁၀း၅၅ | မကာရ |
| ၁၀း၅၅ - ၁၂း၅၅ | ကုမ် |
| ၁၂း၅၅ - ၁၄း၅၅ | မိန် |
| ၁၄း၅၅ - ၁၆း၅၅ | မိဿ |
| ၁၆း၅၅ - ၁၈း၅၅ | ပြိဿ |
| ၁၈း၅၅ - ၂၀း၅၅ | မေထုန် |
| ၂၀း၅၅ - ၂၂း၅၅ | ကရကဋ် |
| ၂၂း၅၅ - ၂၄း၅၅ | သိဟ် |
| ၂၄း၅၅ - ၂း၅၅ | ကန် |
| ၂း၅၅ - ၄း၅၅ | တူ |
| ၄း၅၅ - ၆း၅၅ | ဗြိစ္ဆာ |

## (၂၀၁၆)ခုနှစ်၊ ဩဂုတ်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ကျန်းမာရေး အထူးသတိထားရမည့်ကာလပါ။ အလုပ်အကိုင်နှင့် ဝင်ငွေလာဘ်လာဘလည်း ယခင်ကလို ပုံမှန်အနေအထား မရောက်နိုင်သေးပါ။ ဒူး... ခြေထောက်နာ ဖြစ်နေသူများ ဩဂုတ်လ(၁၃)ရက်... စပြီး ဖြည်းဖြည်းချင်း သက်သာသွားမည်။ အချစ်... ဘဝလို့ ထင်မှတ်နေသူများ ဒုတိယပတ်ထဲမှာပင် ဟင်ခနဲ ဖြစ်သွားလိမ့်မည်။ အတိုက်အခံ ဆန့်ကျင်ဘက်များရဲ့ သွေးထိုးသပ်လျှိုမှုကြောင့် အချစ်ရေး၊ ငွေကြေး၊ ပညာရေးများ ကမောက်ကမ ဖြစ်သွားရတတ်ပါသည်။ သို့သော် မိမိအိမ်တွင် တည်တည်ငြိမ်ငြိမ် နေနိုင်သူများကတော့ အတန်အသင့် အဆင်ပြေမည်။ လဆန်း(၄၊ ၅)ရက်အတွင်း သင့်စိတ်တွေ ရှုပ်ထွေးနေလိမ့်မည်။ မိန်းကလေးများ အထူးသတိထားရမှာက အချစ်ရေးမှာ မှား... ပြီးရင်း မှားချင်နေတတ်ပါသည်။ အိမ်ပျော်အောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com

စားပြီး အိမ်မှာနေ၊ အဖေ (သို့မဟုတ်) ကြီးကဲသူတို့စကား ကို နားထောင်ပါ။ မယုံရင် စမ်းကြည့်လိုက်။ ဖခင်စကား၊ ဒါမှမဟုတ် ကြီးကဲသူတို့ စကားကို နားထောင်ပြီး အိမ်မှာပဲ ကောင်းကောင်းမွန်မွန်နေရင် ဆရာ့ဟောစာတမ်း လွဲသွားလောက်အောင် ဆိုးကျိုးတွေ ကင်းဝေးသွားလိမ့်မည်။ ပထမပတ်နှင့် စတုတ္ထပတ်မှာ စိတ်ချမ်းသာစရာများ တွေ့ရလိမ့်မည်။ (၂၊ ၃၊ ၄)နှင့် (၁၄၊ ၁၅)ရက်များကို ဆောင်ပါ။

**ယတြာ** - နှင်းမကင်းမှုန့် နိုင်သလောက်ဝယ်ပြီး မွေးနေ့တွင် မိမိစိတ်ဆန္ဒအတိုင်း ကျွေးမွေးလှူဒါန်းပါ။ အညံ့အဆိုးများ ပျောက်ပြီး ကံကောင်းလာလိမ့်မည်။

## ပြိဿလဂ် (Taurus)



နေရာဒေသအသစ်တစ်ခုသို့ `ရောက်သွားရတတ်၏။' ရောက်သွားခဲ့လျှင် အချစ်သစ်ကလေး တွေ့ရတတ်ပါသည်။ စကားအတူပြောရင်း သံယောဇဉ်ဖြစ်သွားမှာ သေချာ၏။ သားရေး၊သမီးရေး စိတ်အေးရတဲ့အပြင် စိတ်တိုင်းကျ အဆင်တပြေဖြစ်လာမည်။ ဘာလုပ်ငန်းပဲလုပ်လုပ် အရင်းအနှီးလျှော့ထားပါ။ ဖက်စပ်လုပ်ငန်းဆိုရင်တော့ ပြဿနာဖြစ်လာတတ်၍ ကတိကဝတ်ကို အထူးသတိထားပါလေ။ ဆွေမျိုးထဲမှ မိမိထက် ကြီးသူများကို ကူညီရတတ်၏။ ကောင်းပါတယ်၊ ကူညီလိုက်ပါ။ မြေယာရောင်းဝယ်သူများ အကျိုးစီးပွားဖြစ်ထွန်းမည်။ ပညာသင်လူငယ်များ ပညာရေးအောင်မြင်မည်။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းဟူသမျှ စာအုပ်စာပေ၊ စာရေးကိရိယာ ရောင်းဝယ်ရေးအပါအဝင် အားလုံးအဆင်ပြေမည်။ ငွေကြေးအတွက် ပူနေရသူများ (၂၆)ရက်နောက်ပိုင်း အံ့သြဖွယ်ရာ အဆင်ပြေသွားပေမည်။ နေသာတဲ့နေ့ လသာတဲ့ည ပြောရမလား အပူ၊အအေး ရောထွေးနေတဲ့ အနေအထားမှာ သင့်ဖွဲ့၊ လုံ့လ၊ ဝီရိယတွေ တက်ကြွနေလိမ့်မည်။ နံဘေးက ထိုင်ကြည့်သူများက အားကျလောက်တဲ့အထိပါ။ သတိထားရမှာက သံယောဇဉ် မပိုသင့်သူကို သံယောဇဉ်ပိုမိတတ်၏။ ဆင်ခြင်ပါ။ (၇၊ ၈)နှင့် (၁၇၊ ၁၈)ရက်များကို ကံကောင်းရက်များအဖြစ် ဆောင်ပါ။

**ယတြာ** - စိန့်တံဆိပ်ပါတဲ့ ဆေးဝါး၊ စာရေးကိရိယာ လိုအပ်သူကို နိုင်သလောက် အဆင်ပြေသလို လှူပေးပါ။ အဆင်ပြေသွားပါလိမ့်မည်။

## မေထုန်လဂ် (Gemini)



အလုပ်လုပ်ရင်း ချစ်သူတွေ့တတ်၏ စကားပြော အလွန်ကောင်းတဲ့သူနှင့် တွေ့ရတတ်ပါသည်။ မနာလိုသူရဲ့ စက်ကွင်းမှာ ဝင်မိသွားတတ်၍ စနေ၊ အင်္ဂါ သားသမီးများကို အတတ်နိုင်ဆုံး ရှောင်ပေးပါ။ မည်သည့်နေ့ သားသမီးမဆို မည်သည့်အလုပ်ပဲလုပ်လုပ် အလွန်ကောင်းတဲ့ကာလမို့ အလုပ်ကိုသာ မနားမနေ ကြိုးစားသင့်တဲ့လပါ။ အလုပ်ကို စိတ်မဝင်စား၊ အင်္ဂါ၊ စနေကို မရှောင်ပါက အမှားတွေ ပြုလာတတ်ပြီး မလုပ်ချင် မကိုင်ချင် ဖြစ်လာမည်။ မမြင်သာတဲ့ သံယောဇဉ်ကြောင့် အဝေးခရီး ထွက်သွားရတတ်၏။ တနင်္ဂနွေနံသင့်ပစ္စည်း ရောင်းဝယ်သူများ ဆယ့်ခြောက်ရက်အတွင်း သိသိသာသာ အမြတ်အစွန်းရပြီး ယင်းနောက်ပိုင်းတွင် ပျော်ရွှင်ပေါ့ပါးစွာ တက်ကြွနေမည်။ ရွှေကုန်သည်များ၊ ရွှေဆိုင်များ၊ ရွှေပန်းထိမ်များ အထူးဝင်ငွေ ကောင်းမည်။ ရှေ့နေ ပွဲစားများ ဝမ်းသာအားရ ရှိတဲ့လ။ လက်နက်ကိုင်တပ်များ ဆက်လက်ပြီး ဒုက္ခတွေ့နေမည်။ မသတီစရာ သတင်းများ ကြားနေရတတ်၏။ (၉၊ ၁၀၊ ၁၁)ရက်များကို ကံကောင်းရက်များအဖြစ် ဆောင်ပြီး (၂၅၊ ၂၆)ရက်များကိုတော့ ရှောင်ဖြစ်အောင် ရှောင်လိုက်ပါ။ နိုင်ငံရပ်ခြား ရောက်နေသူများ အဆင်ပြေနေမည်။

**ယတြာ**

ကိလေသာအမှောင်မှ ထွက်မြောက်တော်မူတဲ့ မြတ်ဘုရားရဲ့ အရ-ဟံ ဂုဏ်တော်ကို အာရုံပြုပြီး သောက်တော်ရေ ဆက်ကပ်ပါ။ စိုပြည်လာမည်။

## ကရကဋ်လဂ် (Cancer)



မိမိသြဇာအာဏာ မြင့်တက်နေတတ်တဲ့ ကာလမို့ အရှိန်အဝါကို မှန်ကန်အသုံးချရင်း ဘဝအောင်မြင်ရေး ယူလိုက်ပါ။ စေတနာဆိုးတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com

တို အသေအချာ အဓိပ္ပာယ်ဖွင့် စဉ်းစားရင်း ဆန္ဒရှိရာ တစ်ခုကို မိမိမွေးနေ့တစ်ရက်မှာ လှူဖြစ်အောင်လှူပေး လိုက်ပါ။ မထင်ထားတဲ့ ကောင်းကျိုး သင့်ထံသို့ ရောက် လာပေလိမ့်မည်။ အကြီးအကဲ တစ်ဦးဦးက ကောင်းကျိုး ဆေးလာလိမ့်မည်။ အလုပ်အတွက် ငွေကြေးလိုအပ်သူများ ကူညီမ,စမည့်သူ ပေါ်လာတတ်၏။ အတတ်ပညာ သင် လိုသူများ အခက်အခဲမရှိ၊ လွယ်ကူချောမွေ့စွာ အဆင် ပြေသွားမည်။ သားသမီးအရေး ယခင်လောက် မပူရတော့ ။ စားသောက်ဆိုင်လုပ်ငန်းရှင်များ အလွန်ဝင်ငွေ ကောင်းတဲ့ လပါ။ လျှပ်စစ်ဝန်ထမ်းများ သင်တန်းတက် ရောက်ရခြင်း၊ ဝင်ငွေကောင်းခြင်း ကြုံတွေ့ရမည်။ အထည် အလိပ်နှင့် အလှကုန်ဆိုင်ရာ ရောင်းဝယ်ဖြန့်ချိသူများ ကံ ကောင်းနေမည်။ ဗေဒင်၊ လက္ခဏာ စတဲ့ ဂမ္ဘီရဆန်တဲ့ အတတ်ပညာများဖြင့် အသက်မွေးသူများ အဆင်တပြေ မည်။ ညားခါစ အိမ်ထောင်ရှင်များ ကလေးမယူသင့် သေးပါ။ အချစ်ခရီး စတင်လိုသူများ ဆန္ဒကို ထိန်းသိမ်း ထားမှ တော်ကာကျမည်။ ဘာပဲလုပ်လုပ် (၂၊ ၃)နှင့် (၁၃၊ ၁၄)ရက်များကို မမေ့ပါနှင့်။

ယတြာ

ပထမပတ် မိမိမွေးနေ့တွင် အုန်းသီးရည်ကို အိမ်ရှိ ဘုရားမှာ ကပ်လှူပြီး ဆုတောင်းလိုက်ပါ။ သင့်ဆန္ဒ ပြည့်ဝသွားလိမ့်မည်။

## သိဟ်လဂ် (Leo)



မနာမကျန်း ဖြစ်တတ်၏။ ဖခင် ကျန်း မာရေး သတိထားရမည်။ ဘွဲ့ဒီဂရီ ယူ မည့်သူများ ယူခါနီးမှ အကြောင်းမညီ ညွတ် ဖြစ်သွားတတ်၏။ လိမ်ညာ သူများ မုသားသုံးသူများ တွေ့မည်။ သတိမေ့ တာတို့ မျက်စိအမြင် ဝါးလာတာတို့ ဖြစ်လာတတ် ည်။ နေအိမ်နှင့်ပတ်သက်ပြီး ခိုက်ရန်စကားများရ ။ ငယ်ရွယ်သူများ မိခင်နှင့် ခွန်းကြီးခွန်းငယ် များတတ်ပါသည်။ ဆင်ခြင်နိုင်ပါစေ။ စစ်သည် များ အကြင်နာသံယောဇဉ်ကြောင့် ဒုက္ခရောက်ရ ပါသည်။ ယခုလတွင် အကြီးအကဲစကားကို သိပ်ပြီး ထားပါနှင့်။ အဖေရင်းပေမယ့် အားမကိုးထိုက်တဲ့ ကာလပါ။ ကာမဂုဏ်နှင့်ပတ်သက်တဲ့ လုပ်ငန်း၊ ဓိမ်ခံ လုပ်ငန်းများ လုပ်ကိုင်သူများ အဆင်တပြေ ဝင်ငွေကောင်း နေမည်။ အာဇာနည် မလုပ်ဘဲ သူတော်ကောင်း လုပ်လေ လေ စီးပွားရေးအောင်မြင်လေလေပါ။ တရားဟော မွေ့ ကထိကများ၊ ဘာသာရေး စာရေးဆရာများ ကောင်းစား နေမည်။ သို့သော် မည်သူမဆို ဩဂုတ်လ (၁၂)ရက် နောက်ပိုင်း အဆိုးဘက်သို့ ယိုင်သွားတတ်ပါ၍ စိတ်ကို ကိုယ်ကျင့်စရဏ တစ်ခုခုဖြင့် ချည်နှောင်ထားပါလေ။ ခေါင်းအုံ့ခေါင်းကိုက် ဝေဒနာခံစားရဖူးသူများ ရောဂါ ဟောင်း ပြန်ပေါ်လာတတ်ပါသည်။ (၁၄၊ ၁၅၊ ၁၆)ရက် များကိုဆောင်၊ (၂၊ ၃)နှင့် (၂၉၊ ၃၀)ရက်များကို ရှောင် ပါ။

ယတြာ

နီးစပ်ရာ ဘုန်းကြီးကျောင်းသို့ သောက်ရေသန့် (၅) ဘူး (သို့မဟုတ်) (၅)ကတ် တတ်နိုင်သလို ငါးဂဏန်း ဖြစ်အောင် လှူပါ။ ကံကောင်းပါလိမ့်မည်။

## ကန်လဂ် (Virgo)



အညံ့အဆိုးများ ကင်းစင်ပြီး ကံကောင်း ခြင်းတွေ လက်ဆောင်ရတဲ့ လပါပဲ။ မှန်တိုင်းပြီးရင် လေပြည်လေညင်းလာ တော့မည်။ ကျန်းမာရေး၊ အိမ်ထောင် ရေး၊ ဖက်စပ်စီးပွားရေး၊ ပညာရေး၊ အချစ်ရေး၊ သားရေး သမီးရေး အစစအရာရာ ကောင်းမွန်နေမည်။ နိုင်ငံရပ်ခြား သွားရောက်လိုပါသလား။ မပူနဲ့၊ အဆင်တပြေ သွားရ လိမ့်မည်။ ရာထူးဌာနန္တရနှင့်ပတ်သက်တဲ့ စာမေးပွဲ ဖြေ ဆိုရသူများ အောင်မြင်မည်။ အဓိကကျတဲ့ အကြီးအကဲရဲ့ ကူညီမှုကြောင့် ပုံမှန်ဝင်ငွေအပြင် တိုးလို့ဝင်နေလိမ့်မည်။ အထူးသတိထားရမှာက ဂုဏ်ရှိသူကို အန်မတုမိပါစေ နှင့်။ အကြွေးစကားပြောလျှင် ဆင်ဆင်ခြင်ခြင် မပြောက ပြဿနာတက်တတ်ပါသည်။ ဗေဒင်အရ အကြံပေးချင် တာက ရဖို့,မရဖို့ အဓိကမထားဘဲ ရည်ရွယ်ချက် အောင် မြင်ဖို့ အဓိကထားပြီး ကြိုးစားပါ။ ဆိုလိုတာက လောဘ ထက် ဆန္ဒဦးစားပေး လုပ်ဆောင်ပါ။ မျှော်လင့်ထားသည် ထက် အောင်မြင်လာလိမ့်မည်။ အမြင့်ဆုံးအနေအထား ရောက်နေတဲ့ မိမိကံကို သတိပြုပါ။ နိမ့်ကျတဲ့ အတွေး



www.burmeseclassic.com

www.burmeseclassic.com

အခေါ်များ၊ အပြုအမူ အပြောအဆိုများ ရှောင်ကြဉ်ပါ။ ဂုဏ်မက်လွန်းက ဂုဏ်နွမ်းတတ်ပါသည်။ အကြောအခြီး နှင့် ပတ်သက်တဲ့ ဝေဒနာရှင်များ (၁၃)ရက်ကျော်လျှင် ဆေးရုံ၊ ဆေးခန်း သွားရတတ်၏။ ပညာရေး၊ ဘဏ္ဍာရေး ဝန်ထမ်းများ သင်တန်းတစ်ခုခု တက်ရောက်ရမည်။

ယတြာ

ရွက်လှပန်းကို အောင်သပြေနှင့် ရောစည်းပြီး (ယ၊ ရ၊ လ၊ ဝ)အက္ခရာပါတဲ့ စေတီတစ်ဆူဆူတွင် လှူပါ။ လိုအင်ဆန္ဒ ပြည့်ဝပေလိမ့်မည်။

## တူလဂ် (Libra)



စကားများများ မပြောပါနှင့်။ စကားပြော များပါက မထင်မှတ်တဲ့ ပြဿနာကြောင့် ဆေးရုံ၊ ဆေးခန်း ရောက်သွားရတတ်ပါသည်။ ကွဲကွာနေတဲ့ အိမ်ထောင်ရှင်များ ပြန်ပေါင်းရမည်။ ဝေးကွာနေတဲ့ အိမ်ထောင်ရှင်များ ပြန်လည်ဆုံတွေ့ရမည်။ ကာမသုခကို အာရုံစိုက်လွန်း၍ အလုပ်အကိုင်ဘက် စိတ်မဝင်စား ဖြစ်နေတတ်ပါသည်။ ပုံမှန်အတန်တန်ပဲ ခံစားပြီး ဖွံ့ လုံ့လကို မြှင့်တင်လိုက်ပါက ဘဝရည်မှန်းချက် အောင်မြင်သွားနိုင်တဲ့ ကာလပါ။ (၁၇)ရက်နေ့ကစပြီး နှစ်ပတ်အတွင်း လက်ဆောင်ထူး (သို့မဟုတ်) လာဘ်လာဘ အထူးရလိမ့်မည်။ အိမ်ထောင်ရှင် ကုန်သည်များ ငွေကြေး စုဆောင်းမိမည်။ ရွှေ၊ ငွေ၊ ဓာတ်သတ္တု ရောင်းဝယ်သူများ အရင်းအနှီး လျှော့ထားမှ အရှုံးသက်သာမည်။ သစ်သီးပွဲရုံများ ဈေးမကစားနဲ့၊ ပုပ်သွားပြီး အရှုံးပေါ်တတ်လို့ပါ။ မြေယာနှင့်ပတ်သက်တဲ့ အမှုအခင်းဖြစ်နေလျှင် ယခုလတွင် မိမိဘက်က လျှော့နိုင်မှ အသာရရမည်။ မလျှော့နိုင်လျှင် မြွေပွေးကို ခေါင်းကိုင်မိသကဲ့သို့ ဖြစ်သွားတတ်၏။ လက်နက်ကိုင် ဝန်ထမ်းများဆိုပါက ညာဘက်မျက်စိ၊ လက်မောင်းနှင့် အင်္ဂါဇာတ်မှာ ထိခိုက်ဒဏ်ရာရတတ်၏။ မထင်မှတ်ဘဲ ခရီးဝေးသွားရတတ်ပါသည်။ မည်သည့်အရပ်ဒေသသို့ သွားသည်ဖြစ်ပါစေ အရှေ့တောင်ထောင့် အရပ်သို့ အနည်းဆုံး (၇)လှမ်းသွားပြီးမှ လိုရာခရီးသို့ ဆက်သွားပါ။ (၉၊ ၁၀၊ ၁၁)ရက်များကို ကံကောင်းရက်ဟု မှတ်ပါ။



ယတြာ - ပန်းသစ်တော်ဝယ်ပြီး အလုံးလိုက် အိမ် ဘုရားကို ကပ်လှူပူဇော်ပါ။ ထိုခဏ ပေါ်လာတဲ့ဆန္ဒ ဆုတောင်းလိုက်ပါ။ အဆင်ပြေသွားလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



အလုပ်အကိုင်၊ နေရာဒေသ အပြောင် အလဲ လုပ်ချင်စိတ် တားမနိုင်ဆီး ဖြစ်နေတတ်၏။ ဆိုင်ကယ်စီး၍ ခရီး သွားခြင်းကို အတတ်နိုင်ဆုံး ရှော ပါ။တစ်ခါ,တစ်ခါ ငြီးငွေ့လောက်အောင် အတိုက်အခံ အနှောင့်အယှက်များ တွေ့တတ်၏။ တစ်ခါတစ်ရံမှာတော့ မယုံကြည်နိုင်လောက်အောင် ဝင်ငွေကောင်းနေတတ်ပါ သည်။ လူကြီးသူမ ကူညီမ,စမှုကြောင့် အလုပ်အကိုင် အဆင်ပြေခြင်း၊ ရာထူးဌာနန္တရတိုးခြင်း ရှိလာမည်။ ပ လှည့်ဆရာများ၊ ကြိတောင်သူများ၊ ဝါတောင်သူများ အထူးဝင်ငွေကောင်းမည်။ ဒုတိယပတ်လွန်တာနှင့် ဗေဒင် ဆရာပြောတဲ့ အလုပ်အကိုင် အဆင်ပြေကောင်းမွန်မ ဆိုတာ မှန်တယ်ဟုလို့ ကြိတ်ပြီးချီးကျူးနေမိမည်။ လောက်ကို ကောင်းမှာ။ လသာတုန်း ဗိုင်းငင်ရန် မေ့ ပါနှင့်။ ရေအရင်းအမြစ်၊ လူအရင်းအမြစ်နှင့်ပတ်သက် လုပ်ငန်းရှင်၊ ဝန်ထမ်း၊ အရောင်းဆိုင်အားလုံး အ ကံကောင်းမည်။ ဟန်ဆောင်ကြင်နာတတ်တဲ့ လူ လူရွယ်များ မုဆိုးက သားကောင်ပြန်ဖြစ်ကိန်းမို့ ရိုး မှုကိုသာ လက်နက်သဖွယ် ကိုင်ဆောင်ပါလေ။ မိမိအ အယွင်းကြောင့် အလုပ်တွင် စိတ်မချမ်းမြေ့စရာ ကြုံ တတ်ပါသည်။ ဗုဒ္ဓဟူးနေ့ညနေပိုင်းရောက်တိုင်း သ ထားကာ အမှားမရှိအောင် ဆင်ခြင်ပါ။

ယတြာ - အင်္ဂါသား၊ စနေသား ရှင်ရဟန်း(၂)ပါး ဒံပေါက်ဆွမ်း ဆက်ကပ်ပြီး နာနတ်ဖျော်ရည် လှူ ပါ။ အရာရာ အိုကေသွားလိမ့်မည်။

## ဓနုလဂ် (Sagittarius)



ယခင်က စိတ်တိုင်းမကျ ဖြစ်နေ အလုပ်အကိုင်များ ယခုလတွင် အ တပြေ ဖြစ်နေတတ်ပါသည်။ ဖြစ်ဖြစ် အလုပ်ပဲ ကြိုးစားလုပ်ပေ

www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒအားလုံး မပြည့်ဝတောင် လိုအပ်ချက်လေးတွေ ပြည့်ဝသွားလိမ့်မည်။ စာအုပ်စာပေ အသိုင်းအဝိုင်းက စီးပွားရေးသမားများ အဝင်အထွက် မျှတရုံပဲရှိနေမည်။ တစ်အားကြီး ပိုလျှံနိုင်မည် မဟုတ်ပါ။ မုန့်လုပ်ငန်းရှင်များကတော့ အလုပ်အကိုင်ရော ဝင်ငွေပါ စိတ်တိုင်းကျ အဆင်ပြေနေမည်။ အိမ်ခန်းဝယ်မလို့ ကြံစည်သူများ ဤလအတွင်း ဝယ်ဖြစ်ပါ။ အနုပညာရပ်ဝန်းမှ အသီပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်များအားလုံး လကုန်ခါနီးမှ အနေ့အငှ အယှက်ကင်းသွားမည်။ သစ်တောရေးရာ ဝန်ထမ်းများ အတိုက်အခံကျော်လွှားပြီး ရာထူးရော လုပ်ပိုင်ခွင့်ပါ တိုးသွားမည်။ သားသမီးအတွက် ရတက်မအေး ဖြစ်နေရတတ်၏။ ပညာသင်လူငယ်များ တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားတတ်၍ ဘေးပယောဂ ကင်းရှင်းအောင် နေထိုင်ပါ။ ဘာပဲပြောပြော တတိယပတ်အတွင်း ဂုဏ်သိက္ခာ၊ ရာထူးဌာနန္တရ တိုးတက်မြင့်မားခြင်း ရှိလာမည်။ ယခင်ကကောင်းခဲ့တဲ့ လူကြီးသူမများ ကိုယ့်အပေါ် ကောင်းလာမည်။ အုတ်၊ ထုံး၊ သဲကျောက်နှင့် ဘိလပ်မြေ ရောင်းဝယ်သူများ အထူးကောင်းစားမည်။ (၁၄၊ ၁၅၊ ၁၆) (၃) ရက်ကို ကံကောင်းရက်ဟု မှတ်ပါ။

ယတြာ - အိမ်သာသုံးပစ္စည်း တစ်ခုခု ဆင်းရဲတဲ့ ကျောင်းကို လှူလိုက်ပါ။ အဆင်ပြေလာလိမ့်မည်။

## မကာရလဂ် (Capricon)



ယခုလတွင် ထိကံစမ်းပါ။ ဖေါက်နိုင်ခြေရှိပါသည်။ ရစရာရှိတဲ့ အကြွေး၊ အခွင့်အရေးများကို ယခုလတွင် သွားမတောင်းပါနှင့်။ အချစ်ရေး၊ ပညာရေးတောင်လိုသူများ (၁၇)ရက်ကျော်မှ စတင်ပါ။ လယ်ယာမြေသိမ်းရေး၊ မြေတိုင်းဦးစီးဌာန ဝန်ထမ်းများ ထူးချွန်ဆုရသူများ ရနိုင်ပါသည်။ အခြေခံအောက်လက်ငယ်သားနှင့် လက်လုပ်လက်စားများ အခက်အခဲများ ကျော်လွှားပြီး ပျော်ရွှင်နိုင်မည်။ အကြော်အလှော် ထုတ်လုပ်ရောင်းဝယ်သူများ အတန်အသင့် အဆင်ပြေမည်။ အုန်းသီးသည် မသောက်မိပါစေနှင့်၊ သောက်မိပါက အမည်မသိနိုင်တဲ့ဝေဒနာ ခံစားရတတ်၏။ သံရုံးဝန်ထမ်းများ၊ တင်ရေးစည်းရုံးရေးမှူးများ၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ထမ်းများ ကံကောင်းတဲ့လပါ။ ဦးခေါင်းနှင့်ပတ်သက်တဲ့ ဝေဒနာခံစားနေရသူများ ဆိတ်သားဟင်းစားခြင်းမှ ရှောင်ကြဉ်ပါ။ မိဘကြီးကဲသူများကြောင့် အိမ်ထောင်ရေး မသာမယာဖြစ်တတ်၍ မိသားစုကို အဓိကထားပြီး စဉ်းစားဆုံးဖြတ်ပါလေ။ သင့်အတွေးအခေါ်၊ အပြောအဆိုကြောင့် သင့်ပတ်ဝန်းကျင်တွင် ဂုဏ်သတင်း ထင်ပေါ်နေမည်။ ပညာသင် ကျောင်းသားလူငယ်များ လဆန်းပိုင်းတွင် အပေါင်းအသင်းကြောင့် ပျက်စီးသွားတတ်၏။ ပညာရေး ရပ်တန့်သည်ထိ ဖြစ်သွားတတ်ပါ၍ မိတ်ကောင်းဆွေကောင်းနှင့်သာ ပေါင်းသင်းနေထိုင်ပါ။ သင်တန်းတက်ရောက်လိုသူများ (၄၊ ၅၊ ၆)နှင့် (၁၄၊ ၁၅)ရက်များကို ရှောင်ပါ။

ယတြာ - မိမိကြည်ညိုရာ ဘုရားတစ်ဆူဆူရဲ့ မွေးနံထောင့်ဂြိုဟ်တိုင်ဘုရားတွင် မုန့်လုံးရေပေါ်ဆွမ်း ဆက်ကပ်လှူဒါန်းပါ။ ကံပေါ်ပြီး ကပ်ကျော်လိမ့်မည်။

## ကုမ်လဂ် (Aquarius)



မှားယွင်းတဲ့ လျှို့ဝှက်အိမ်ထောင်ရေးကြောင့် မသာမယာ ပြဿနာအမျိုးမျိုး ဖြစ်လာတတ်ပါသည်။ ကိုယ့်ဥစ္စာဟာ ကိုယ့်ဟာပဲလို့ အမြဲမပြတ် နှလုံးသွင်းပေးပါ။ အကယ်၍ ဗေဒင်ကို မယုံလို့ သူများဥစ္စာကို ကိုယ့်ဟာ ထင်မိသွားပါက (၁၂)ရက်နောက်ပိုင်းမှာ ပြဿနာမီး တောက်လာလိမ့်မည်။ အိုးအိမ်ကို စွန့်ခွာပြီး ပြေးရတတ်၏။ သားသမီးအရေး တွေးတောပူပန်နေရတတ်၏။ ငွေကြေး လက်ထဲပြတ်ကာ လုပ်ရင်း ထမင်းငတ်တော့မလို ဖြစ်လာတတ်၍ ယခုလတွင် သုံးငွေကို ဆင်ခြင်ပါ။ ချစ်သူစုံတွဲများ ဝါတွင်းခေါင်ခေါင် အိမ်ထောင်ပြုရကိန်း ဆိုက်သွားတတ်၍ သာယာမှုသို့ မလိုက်မိအောင် သတိလက်ကိုင်ထားပါလေ။ အရက်ဆိုင်၊ ကာရာအိုကေ စတဲ့ မသူတော်လုပ်ငန်း လုပ်ကိုင်သူများ အစပိုင်းတွင် အခက်ခဲများရှိတတ်ပြီး နောက်ပိုင်းတွင် အောင်မြင်သွားမည်။ မုန့်၊ မြေသြဇာ ရောင်းဝယ်ဖြန့်ချိသူများ ရင်းနှီးငွေ မရှိတော့လောက်အောင် အကြွေးကျသွားတတ်၍ သတ်မှတ်ချက်ကျော်လွန်ကာ အကြွေးမပေးသင့်။ အလှကုန်ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးများ အမြတ်ငွေနည်းနေ

မည်။ (၉၊ ၁၀)နှင့် (၂၈၊ ၂၉)ရက်များကို ဆောင်ပါ။ ယတြာ - အိမ်ရှိဘုရားကို ရေမွှေးဖြင့် ရေသပ္ပာယ်ပြီး နှစ်သက်ရာ ပန်း(၅)ပွင့် လှူဒါန်းပါ။ အညံ့အဆိုးများ ကင်းစင်ပြီး လိုအင်ဆန္ဒပြည့်ဝရလိမ့်မည်။

## မိန်လဂ် (Pisces)



အိမ်ထောင်ရေး သာယာနေမည်။ သို့သော် အိမ်ထောင်ဖက် ကျန်းမာရေး အနည်းငယ်ညံ့နေတတ်၏။ ဂရုစိုက်ပေးလိုက်ပါ။ ဘာသာရေးစာပေ ထုတ်ဝေဖြန့်ချိသူများ၊ ဘာသာရေးစည်းရုံးလှုပ်ရှားသူများ အောင်မြင်မည်။ မေတ္တာဝါဒီ လူမှုကူညီရေးအသင်းအဖွဲ့များ လုပ်ငန်းရော ရည်ရွယ်ချက်ပါ အောင်မြင်မည်။ အနာရောဂါဟောင်း ပြန်ပေါ်တတ်၍ မတည့်တဲ့ အစာများ ရှောင်ပါ။ နေအိမ်နှင့်ပတ်သက်ပြီး စိတ်တိုင်းမကျဖြစ်နေသော်လည်း စီးပွားရေး၊ လူမှုရေး အထူးအကျိုးပေးသည်ကို တွေ့ရလိမ့်မည်။ တစ်ဖက်တွင် ဂုဏ်သိက္ခာတက်ပြီး တစ်ဖက်တွင် ဂုဏ်သိက္ခာ ကျဆင်းရတတ်၏။ စစ်တပ်နှင့်ပတ်သက်သော အပြောအဆို၊ အရေးအသား များ လက်ရှောင်ထားပါ။ မရှောင်နိုင်က ဘေးသင့်တတ် ပါသည်။ မည်သည့်အလုပ်မဆို ယခုလတွင် စတင်မည် ဆိုပါက တစ်ဦးတည်းထက် ဖက်စပ်လုပ်ကိုင်ခြင်းက ပိုအကျိုးရှိတတ်၏။ ထီပေါက်တတ်ပါသည်။ အခွင့် အလမ်း လက်မလွတ်ရအောင် ကံစမ်းထားလိုက်ပါ။ သတိထားရမှာက မည်သည့်အကြောင်းကြောင့်ပဲဖြစ်ဖြစ် ရန်မဖြစ်ပါနှင့်။ လာဘ်လာဘနှင့် လွဲသွားတတ်ပါသည်။ အနုပညာသည်များ မှန်းသည်ထက် ပိုလွန်ကာ အောင်မြင် သွားလိမ့်မည်။ (၇၊ ၈)နှင့် (၂၁၊ ၂၂)ရက်များကိုဆောင်၊ (၁၉၊ ၂၀)ရက်များကို ရှောင်ပါ။
ယတြာ - စာသင်ရဟန်းတော် တစ်ပါးပါးအား စာအုပ် လှူပြီး လိုရာဆုကိုတောင်းပါ။ ပြည့်ဝပေလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေရှာ
ဆရာကံထူး(ဝေဒသုတေသီ)
၀၉ ၄၀ ၁၅၃ ၄၄ ၉၉




အဘဆရာကြီး မင်းသိင်္ခ ၏ တပည့်ရင်း

ဆရာ မိုးသစ်ခိုင်



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါ...

ဇာတာ ဗေဒ လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁၂၁၉

www.burmeseclassic.com

(၁၃၇၇)ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁)ရက် (၅-၃-၂၀၁၆) စနေနေ့တွင် ဖနီးတာဝန်ကျရာ ကျုံပျော်မြို့သို့ ပြောင်းရွှေ့လိုက်ပါသွားရပါသည်။ အတည်တကျ ပြောင်းရွှေ့နေထိုင်မည့်နေရာသို့ မပြောင်းခင် ဖနီးမိဘနေအိမ်သို့ အလျှင်သွားကြ၏။ တနင်္ဂနွေနေ့၊ တနင်္လာနေ့ နှစ်ရက်က ပြဿဒါးဖြစ်နေ၍ မပြောင်းရန် ဆုံးဖြတ်လိုက်ကြ၏။

အင်္ဂါ၊ ဗုဒ္ဓဟူးက ရက်ရာဇာပါ။ သို့သော် ဗုဒ္ဓဟူးနေ့သည် တပေါင်းလဆန်း (၁)ရက်နေ့ဖြစ်နေ၍ ဆန်း(၁)ရက် ဆုတ်(၁)ရက် ခရီးမသွားအပ်တဲ့နေ့ ဖြစ်နေသလို မပြောင်းမရွှေ့ကောင်းတဲ့ တပေါင်းလလည်း ဖြစ်နေပါသည်။ ထို့ကြောင့် တပို့တွဲလပြည့်ကျော် (၁၄)ရက်၊ အင်္ဂါနေ့ (ရက်ရာဇာ)ကိုပဲ ပြောင်းရွှေ့ရန် နေ့ကောင်းရက်သာအဖြစ် ရွေးလိုက်ကြပါသည်။

စနေ၊ တနင်္ဂနွေ၊ တနင်္လာ သုံးညကို ဖနီးရဲ့ဇာတိ မော်သေးရွာရှိ မိဘနေအိမ်မှာပဲ နေလိုက်ကြပါသည်။ ထိုစဉ် တနင်္ဂနွေနေ့ နေ့လယ်ပိုင်းမှာ မိန်းကလေးတစ်ယောက် ရောက်လာပါသည်။ ဗေဒင်မေးချင်လို့တဲ့။

'ကဲ..သမီးပြော၊ မွေးသက္ကရာဇ်၊ လ၊ ရက်၊ မွေးချိန်၊ ပြီးတော့ မွေးဒေသ' ဆိုပြီး လိုအပ်သည်များ တောင်းယူကာ ဇာတာဖွဲ့လိုက်ပါသည်။

ခနေလဂ်-သိဟ်နဝင်း၊ မိဿစန်း-ခနုနဝင်း၊ ရာဟုတူလ၊ ကြာသပတေး အဋ္ဌရဒသာ စားနေပါသည်။ ဇာတာအရ မွေးရပ်ကိုခွာပြီး ဝေးရာ၌ အခြေချနေထိုင်ကာ လုပ်ကိုင်စားသောက်လိုစိတ်ရှိကြောင်း ဟောပေးလိုက်ပါသည်။ 'မှန်ပါတယ် ဆရာ' ဟု ဝန်ခံ၍ ပီတိဖြစ်ရ၏။

ဆက်လက်၍ အိမ်ထောင်ဖက် ဖြစ်လာနိုင်မည့်

# ရှေးအတိတ်ကံနှင့် မွေးရာပါ စဋ္ဌေဒက် ဆရာကံထူး

(ဝေဒသုစေတသီ)



www.burmeseclassic.com

ချစ်သူ့အင်္ဂါရပ်ကို ဟောပေးလိုက်ပါသည်။

၁။ တစ်နယ်တစ်ကျေးသား ဖြစ်ရမည်။

၂။ သမီးထက် အသက် ဆယ်နှစ်ဝန်းကျင် ကြီးရမည်။

၃။ လျှပ်စစ်နှင့်ပတ်သက်တဲ့ အိုင်တီနည်းပညာ တစ်ခုခု ဖြင့် အသက်မွေးသူ ဖြစ်ရမည်။

'မှန်ပါတယ် ဆရာ၊ သူက သမီးထက် အသက် ဆယ်နှစ် ကြီးပါတယ်။ ရန်ကုန်ကပါ။ ဖုန်းပြင်တဲ့အလုပ် လုပ်ကိုင်ပါတယ်' တဲ့။

အောင်မယ် ကိုယ့်ကိုယ်ကိုယ်တောင် နည်းနည်း အထင်ကြီးချင်စိတ် ပေါက်သွားပါသည်။ ဝမ်းသာစွာပင် 'ဟုတ်လား' လို့ ပြန်မေးရင်း ရှေ့ဆက်ဟောပါသည်။

'ပြီးတော့ သမီး သိချင်တာ မေးဦး' လို့ ပြောလိုက်တော့ 'ရာထူးတိုးစာမေးပွဲ သမီး ဖြေထားပါတယ် ဆရာ၊ အောင်နိုင်ပါ့မလား' တဲ့။

မူလကြာသပတေးက သုဘာဘဝဖြစ်တဲ့ သိဟ်ရာသီမှာ ရပ်တည်ပြီး လဂ်ဆိုတဲ့ သူ့ဘဝကို (၅)တန့်အထူးမြင် ဖြင့် အမြဲမြင်ထားပြီး ဂောစာ ကြာသပတေးကလည်း မူလကြာသပတေးကို စီးနင်းကာ လဂ်ကို (၅)တန့်မြင် ထားပြန်ရာ အောင်,ရှုံးအဖြေကလည်း ကြာသပတေး မပြောင်းခင် ထွက်မှာဆိုတော့ 'အောင်မှာပါ သမီးရယ်' လို့ အဖြေထုတ်ပေးလိုက်ပါသည်။

ထုံးစံအတိုင်း အကျိုးပေးအလုပ်၊ အကျိုးမွေး အဆောင်ကျောက်၊ အကျိုးပေးအရောင်၊ ယတြာ ဥစ္စာညာ အစုံဟောပေးလိုက်ပါသည်။


ဗေဒင်ဟောပြီးသွားတော့ တော်တော်မောသွားဟန် ပြကာ ဖန်းဆီက ကော်ဖီတစ်ခွက် လှမ်းညာတောင်းလိုက် ပါသည်။ ကော်ဖီသောက်နေစဉ်မှာပင် သူ့အခိုင် ပြန် ရောက်လာ၏။ နောက်ကလည်း တစ်ယောက်ပါလာပါ သည်။

'သူလည်း ဗေဒင်တွက်ချင်လို့ပါ ဆရာ' တဲ့။

'ဪ..လာထိုင် သမီး၊ ကဲ..ပြော မွေးသက္ကရာဇ် ဘာညာ' ဆိုပြီး ဇာတာဖွဲ့လိုက်ပါသည်။

'နာမည်က နော်ထွေးဝင်းပါ။ (၁-၁-၁၉၈၃) (၀၀း၅)နာရီ၊ ကျုံ့ပျော်မွေးပါ ဆရာ' တဲ့။

အပြောအဆို အလွန်ပြေပြစ်ပါသည်။ ကျုံ့ပျော်မြို့ရဲ့ လတ္တီတွဒ်၊ လောင်ဂျီတွဒ်များကို ထည့်ကာ တြိစက္ကဇာတာ ဖွဲ့လိုက်သောအခါ အောက်ပါအတိုင်း ထွက်ပေါ်လာပါ သည်။



ရာသီစက်ဇာတာ အနေအထားကို ကြည့်ပြီး 'သမီး ဘဝမှာ အမေနဲ့ပတ်သက်ပြီး ကံကောင်းတယ်။ အချစ်ရေး ကံကောင်းတယ်။ ခန္ဓာကိုယ်မှာ သွေးအားကောင်းတယ်။ ငွေကြေးမခက်ခဲဘူး' လို့ ဟောတော့မလို့ပါပဲ ဟောလိုက် ရင်တော့ မနော်ထွေးဝင်း စိတ်ထဲ ကလီကလိဖြစ်သွားမှာ သေချာ၏။

တနင်္လာဂြိုဟ်က မိမိပိုင်အိမ် ကရကဋ်ရာသီတွင် ကသစ်စံလျက် ရှိနေသောကြောင့် ထိုသို့ဟောရန် တွေး လိုက်မိခြင်း ဖြစ်ပါသည်။

စန်းခေါ် တနင်္လာဂြိုဟ် ကသစ်ရလျှင် အချစ်ရေး ငွေကြေး၊ မိခင် ကံကောင်းတတ်၏။ အပြစ်အနာကင်း လျှင် တကယ်လည်း ကံကောင်းပါသည်။ သို့သော် မနော် ထွေးဝင်း ဘဝမှာတော့ စန်းကသစ်စံသော်လည်း အချစ် ရေး၊ မိခင်တို့နှင့် ပတ်သက်သည်များ တကယ် ကံ မကောင်းခဲ့ပါ။ ငွေကြေးကတော့ အတန်အသင့် ကံကောင်း သည်ဟု ဆိုနိုင်ပါသည်။

ကရကဋ်ရာသီတွင် ကသစ်စံနေတဲ့ စန်းခေါ် တနင်္လာ ဂြိုဟ်ကို တူရာသီ၌ ဥစ်မှုနေတဲ့ စနေဂြိုဟ်က (၁၀)တန့် အထူးမြင်ထားပါသည်။ ထို့အပြင် မကာရရာသီ၌ ဥစ်မှု နေတဲ့ အင်္ဂါဂြိုဟ်ကလည်း (၇)တန့်အမြင်ဖြင့် အား ကောင်းစွာ မြင်ထား၏။ ဥစ်ရတဲ့ ပါပဂြိုဟ်နှစ်လုံး လှမ်း မြင်ခံရတဲ့အတွက် တနင်္လာဂြိုဟ်သည် သူ့ဘဝကို ကောင်း ကျိုး မပေးနိုင်တော့ချေ။

(၇)တန့်သခင် ကြာသပတေးဂြိုဟ်ကလည်း (၈)တန့် လှမ်းမြင်ထား၏။ ကြာသပတေးသည် သောမဂြိုဟ် ဖြစ် လင့်ကစား သူ့အတွက်တော့ (၇)တန့်သခင် မာရကဂြိုဟ် ဖြစ်နေ၍ ကောင်းကျိုး မပေးနိုင်ချေ။ သူ့အမေကို ...

www.burmeseclassic.com

အောင် သတ်ဖို့သာ အားပေးကူညီသွား၏။ အင်္ဂါ၊ စနေ တို့ရဲ့ ဆိုးပြစ်ကို အားသစ်လောင်းပေးလိုက်၏။ ထို့ကြောင့် မနော်ထွေးဝင်းကို မွေးပြီး မီးတွင်းမှာပင် သူ့အမေ ဆုံးပါးသွားပါသည်။

သူ့ကို မီးဖွားတဲ့နေ့ဟာ ကျုံပျော်တံတားကြီး ဖွင့်တဲ့ နေ့ပါ။ မဆလပါတီလက်ထက် ကျုံပျော်တံတားကြီး ဖွင့်တော့ တစ်နယ်လုံးက ရှိရှိသမျှ အရေးပါတဲ့လူတွေ သွားရတဲ့အပြင် ပွဲလမ်းသဘင် ပျော်ရွှင်စရာတွေကလည်း အထူးအဆန်း ပါဝင်လေတော့ အရပ်သားဖွားဆရာမတွေ ဝင် အမေ့ကို ဂရုမစိုက်နိုင်အားဘူး။ အဲဒါကြောင့် အမေ ဆုံးသွားရတာ ဆရာလို့ မနော်ထွေးဝင်း ပြောပါသည်။

ဒါက မနော်ထွေးဝင်း ကြီးပြင်းလာတဲ့အခါ သူ့အဖေ နှင့် လူကြီးသူမများ ပြောပြသည်ကို မှတ်သားထားသည့် အတိုင်း စာရေးသူအား ပြန်ပြောပြခြင်း ဖြစ်ပါသည်။

ပစ္စုပ္ပန်အကြောင်းဟု ဆိုရပေမည်။ ဗေဒင်ပညာအရ ခုံနက စာရေးသူ တင်ပြခဲ့သကဲ့သို့ အင်္ဂါ၊ စနေ ပါပ ဂြိုဟ်များ အားကောင်းကောင်းနှင့် မြင်ခြင်းကို ခံရတဲ့ အပြင် မာရကဂြိုဟ်အမြင်လည်း ရှိနေသောကြောင့် စန်း ခါ တနင်္လာဂြိုဟ် အားနည်းရပါသည်။

ထို့ကြောင့် သူ့ဘဝမှာ အမေ့ကံ မကောင်းနိုင်ချေ။ ပြီး ချက်ချင်းပင် အမေနှင့် လမ်းခွဲရ၏။ တကယ်တော့ နော်ထွေးဝင်းက အမေ့ကို လမ်းခွဲသွားသည် မဟုတ်။ မေက မနော်ထွေးဝင်းအား လမ်းခွဲသွားခြင်းသာ ဖြစ် သည်။ သမီးက အမေကို လမ်းခွဲခြင်းမဟုတ်၊ အမေက သမီးကို လမ်းခွဲသွားခြင်းသာ ဖြစ်ပါသည်။

မနော်ထွေးဝင်း ပြောပြတဲ့ ပစ္စုပ္ပန်အကြောင်းကတော့ အမေ ဆုံးသွားရတာ ကျုံပျော်တံတားကြီး ဖွင့်ပွဲကို ကြလို့၊ ကူညီစောင့်ရှောက်မည့်သူ မရှိလို့ သူ့အမေ သွားရပေသည်။ စာရေးသူ ဗေဒင်ပညာအမြင်ဖြင့် ကြည့်တော့ သူ့အမေ ဆုံးသွားရတာ သူ့ဘဝ သူ့ဇာတာ စန်းခေါ် တနင်္လာဂြိုဟ်ကို အင်္ဂါ၊ စနေ ပါပဂြိုဟ်များ မြင်ပြီး မာရကဂြိုဟ်အမြင်လည်း ရှိနေသောကြောင့် ပါသည်။

သူ့ဘဝ သူ့ဇာတာကိုက အမိမဲ့သား ရေနည်းငါးသို့ ထယ်စွာဖြင့် ဘဝခရီးသွားရမည့်ကံ ပါလာပါသည်။ သို့ကြောင့်နည်းလို့ အတိတ်ကို လှမ်းမျှော်ကြည့်ရင် ဘာသာရေးအမြင်အရ ရှေးဘဝက လူ (သို့မဟုတ်) ကျေး ငှက်တိရစ္ဆာန် သတ္တဝါ တစ်ဦးဦးအား မိခင်နှင့်ခွဲပြီး မိခင် နှင့် မတွေ့ရအောင် မိမိက ယူဆောင်ခဲ့ဖူးလိမ့်မည် ထင် ပါသည်။ မိခင်အား သတ်ဖြတ်လိုက်ပြီး သားငယ်ကို ယူကာ မွေးစားထားခဲ့ဖူးသည်လည်း ဖြစ်နိုင်၏။

အမိက,ကတော့ မိခင်အား မမြင်လိုက်ရ၊ မသိသေး ခင်မှာပင် မိခင်နှင့်သားအား ခွဲထားလိုက်သည့် ကံတစ် မျိုးမျိုးကို ပြုခဲ့ဖူးပေမည်။ ထိုကံအကျိုးပေးရန် အခါသင့် အခွင့်သာသည့်ခဏ၌ လူ့ဘဝကို ရလာခဲ့ဟန်တူပါသည်။ ထို့ကြောင့် မွေးဖွားလာသောအခါ မိခင်နှင့်ဆိုင်တဲ့ တနင်္လာ ဂြိုဟ် အားနည်းစဉ် မွေးဖွားလာရပေသည်။

ထိုကံ လက်စွမ်းပြ၍ မွေးသည့်မိခင် ကျေးဇူးရှင်အား မမြင်တွေ့လိုက်ရဘဲ အသက်ရှင်သန် ကျန်ရစ်ကာ အမိမဲ့ ဘဝဖြင့် လောကကို ခါးစောင်းတင်ရ၏။ အဖေတစ်ခု သမီးတစ်ခု ဘဝဖြင့် လောကကို အန်တုလာခဲ့ရ၏။ ထို့ အပြင် အမေပေးတဲ့ ခန္ဓာတွင် သွေးအားနည်းပေမည်။ သွေးနှင့်ပတ်သက်တဲ့ ဝေဒနာများ မကြာခဏ ခံစားရ တတ်၏။ ခံစားရပေလိမ့်မည်။

ဤသို့ စာရေးသူ လျှောက်တွေးရင်းပင် မနော်ထွေး ဝင်း မျက်နှာကို လှမ်းကြည့်လိုက်ပါသည်။

မိခင်နှင့်ပတ်သက်တဲ့ ကံကို ပြသတဲ့ တနင်္လာဂြိုဟ် အားနည်းလို့ မိခင်ကို မြင်တောင် မမြင်လိုက်ရ၊ ဆိုက တည်းက သူ့ဘဝမှာ အချစ်ကံလည်း ကောင်းနိုင်မည် မထင်တော့ပါ။ ထိုသို့ တွေးမိ၍ အချစ်ရေးကို စတင် ဟောတော့မလို့ လှမ်းကြည့်လိုက်ခြင်း ဖြစ်ပါသည်။ သို့ သော် အရွယ်အရဆိုလျှင် အိမ်ထောင်ရှင်ဘဝ ဖြစ်နေပေ မည်။ အပျိုကြီးဇာတာမှ မဟုတ်တာကိုး။

တကယ်လို့ မှန်းတဲ့အတိုင်း အိမ်ထောင်ရှင်ဖြစ်ခဲ့ပါက လည်း ပထမဘဝသခင် ကြာသပတေးက (၂၀၁၅)ခုနှစ်၊ ဇူလိုင်လ (၁၅)ရက်နေ့ကပင် သိဟ်ရာသီသို့ ရောက်နေ လေတော့ သူ့လဂ်ကထောက်လျှင် ဗျယဘာဝဖြစ်တာ ကြောင့် အိမ်ထောင်ဖက်နှင့် ခွဲခွာဝေးကွာနေရပေမည်။

ထို့ကြောင့် ဗေဒင်ဉာဏ်ကူကာ 'သမီးဘဝမှာ အချစ် ကံခေတတ်ပါတယ်။ အိမ်ထောင်ကျလည်း သတ်မှတ် အင်္ဂါရပ် မညီညွတ်ရင် ခုနေခါ အိမ်ထောင်ရေးက ကွဲနေ မှာပါ' လို့ အချစ်ရေးနှင့် အိမ်ထောင်ရေးကို တစ်ပေါင်း

တည်း ဟောပြောလိုက်ပါသည်။

သွေးထွက်အောင် မှန်ပါသတဲ့။ အိမ်ထောင်ကွဲနေတာ ခုနစ်လလောက် ရှိနေပြီဟု ဆိုပါသည်။ ကာယကံရှင် ကိုယ်တိုင်က ပြန်ပေါင်းလိုစိတ် မရှိတော့သဖြင့် ပြန်ပေါင်းနိုင်၊ မပေါင်းနိုင်ကို မမေးခဲ့ပါ။ ထို့ကြောင့် ဟောမနေတော့ပါဘူးလို့ စဉ်းစားသေး၏။ သို့သော် ကံကြမ္မာကို ဗေဒင်ပညာဖြင့် အဖြေလာရှာသည်ပဲ။ ကာယကံရှင်က မပေါင်းချင်ဘဲ ပေါင်းနေရသည်လည်း ဤလောက၌ ထင်ရှားရှိပါ၏။ ဗေဒင်ဆရာသည် ဗေဒင်ပညာနောက်သို့သာ လိုက်သင့်၏။

ဤသို့တွေးကာ ကိုယ့်ကို သတိပေးလိုက်ပြီး 'သမီးရဲ့ စစ်မှန်တဲ့ အိမ်ထောင်ဖက်က ပထမအရွယ်မှာ အိမ်ထောင်ကျရင် သမီးနှင့် သက်တူရွယ်တူနီးပါး ဖြစ်ရမယ်။ အကယ်၍ ဒုတိယအရွယ်မှာ ကျခဲ့ရင်တော့ သမီးထက်ငယ်တဲ့ မောင်လေးအရွယ် ဖြစ်ရမယ်'လို့ ဟောလိုက်ပါသည်။

'ညားတာ မကြာသေးပါ ဆရာ'တဲ့။ 'ဒါဆို ဒုတိယအရွယ် ဝင်ခါစမှာ မောင်လေးနှင့် အိမ်ထောင်ကျခဲ့တာပေါ့'လို့ ပြောကြည့်ရာ ဟုတ်ပါသတဲ့။ ဒါဆိုရင် အင်္ဂါတစ်ရပ်တော့ ညီတာပေါ့။

ပြီးတော့ ဆွေမျိုးမကင်း ဆွေမျိုးနီးစပ်ထဲကလားလို့ မေးကြည့်တော့ မဟုတ်ပါဘူးတဲ့။ ဆွေမျိုးနီးစပ် မဟုတ်ပေ။ ဒါဆို ရေလုပ်သား၊ သင်္ဘောသား တစ်ခုခုလား။ ဖို့တတိယအင်္ဂါကို မေးကြည့်တော့လည်း မဟုတ်ပါ။ မြစ်၊ ချောင်း၊ ပင်လယ် စတဲ့ ရေနှင့်နီးတဲ့ အရပ်မှာ မွေးသူလားဆိုတော့လည်း မဟုတ်တဟုတ်ပါတဲ့။ မနီးတနီးဟု ဆိုလိုပါသည်။

အင်္ဂါတစ်ရပ် ညီညွတ်၏။ တစ်ရပ်က မညီတညီလေး။ နှစ်ရပ်က လုံးဝ မညီပေ။ ထို့ကြောင့် ပြန်ပေါင်းဖြစ်ဖို့ရာ သိပ်မလွယ်ပါ။ ငါးဆယ်ရာခိုင်နှုန်းတောင် မသေချာပေ။

ဤတွင် စာဖတ်သူများအနေဖြင့် 'ဆရာပြောတော့ အင်္ဂါမညီရင် မညားဘူးဆို၊ အခု မညီတညီလေးက ဘာလို့ ညားသွားတာလဲ'လို့ မေးချင်ကြပေမည်။ ဓညီတညီ ညားတယ်ဆိုရင် အဖြေကလည်း ရှင်းပါသည်။ မဟုတ်က ဟုတ်က ညားတာပေါ့။

မှန်၏။ ရာဟုဂြိုဟ်သည် (၁၅-၇-၂၀၁၄)က ဇာတာရှင်ရဲ့ ကန်လက်ပေါ်သို့ ရောက်ပါသည်။ (၃၁-၁-၂၀၁၆)အထိ၊ (၁၈)လတိုင်တိုင် နေသွားပါသည်။ ထို ကို ရာဟုစီးနင်းသော ထို(၁၈)လအတွင်း၌ ဇာတာရှ ပထနိဘာဝခေါ် အိမ်ထောင်ရေးဆိုင်ရာ ဘာဝကို ( တန့်အမြင် အားကောင်းကောင်းဖြင့် လှမ်းမြင်ပါသည် ကျားပဲဖြစ်ဖြစ်၊ မပဲဖြစ်ဖြစ် ထိုကာလမျိုး ရောက်လာပါ မှားမှားယွင်းယွင်း အိမ်ထောင်ကျလိုစိတ် ပြင်းပြလာတ ပါသည်။

ထိုသို့ လဂ်ကို ရာဟုစီးနင်း၍ အိမ်ထောင်ရေးဘာ ကို ရာဟုက (၇)တန့် လှမ်းမြင်လာသောအခါ ဇာတာ ရဲ့ ကမ္မဇပဋိသန္ဓေ ပင်ကိုဉာဏ်ကိုကလည်း ရာဟုစီး ဖျက်ဆီးခြင်း ခံထားရ၍ အမှန်တရားကို မဝေခွဲနိုင် အမှန်ကို အမှား၊ အမှားကို အမှန်ဟု ထင်မြင်လာတ ပါသည်။ အနည်းငယ် ခေတ်မီအောင် ပြောပါက ဦး နှောက်မှာ control အားနည်းနေပါသည်။

ထို့ကြောင့် ထိုကာလတွင် ဆင်ခြင်တုံတရား ကင်း စွာ 'ငါ့လေ့ ငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့ကျောင်း ငါထိုင် ဘယ် ဆိုင်လိမ့်' လုပ်တတ်ပါသည်။ ထို့ကြောင့် ယင်းသဘော ကို အရွယ်ရောက်သူ မိန်းကလေးတိုင်း သိထားသင့်သ သမီးကညာရှိတဲ့ မိဘတိုင်းလည်း သိထားသင့်ပါသည် သတိထားနိုင်ရန်အတွက် အလျှင်ဦးစွာ သိထားဖို့ လို သည်။ သိထားဖို့ရာကား နီးစပ်ရာ ကျွမ်းကျင်ပညာ များနှင့် တိုင်ပင်ညှိနှိုင်းရပေမည်။ မိမိဘာသာ သိနိုင် မလွယ်ကူလှချေ။

မနော်ထွေးဝင်းအားလည်း ဤအတိုင်းပင် စာရေး ပြောပြလိုက်ပါသည်။ တစ်ခါတစ်ရံမှာ တချို့ပြဿနာ ဟာ စောင့်ကြည့်ပြီးမှ အဖြေရှာယူရ၏။ ဖြေရှင်းရ တစ်ခါတစ်ရံမှာ တချို့ပြဿနာကား ကြိုတင်ဆင်ခြ ကာကွယ်စောင့်ရှောက်ကာ ဖြေရှင်းရပေသည်။ မိမိ ဘာသာ မိမိဉာဏ်ပညာဖြင့် မသိမြင်နိုင်။ သို့သော် အ တကယ် ဖြစ်တတ်လေ့ရှိ၏။ ထိုပြဿနာမျိုးကို ကြို ဆင်ခြင်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ကာ ဖြေရှင်း ပေသည်။

ဆက်လက်၍ စာရေးသူက 'သမီး ဘာသိ



www.burmeseclassic.com

www.burmeseclassic.com

သဲ ပြော'လို့ ဗေဒင်မေးသူ၏ ဆန္ဒကို ဦးစားပေးလိုက်ပါသည်။

ထိုအခါ နော်ထွေးဝင်းက 'သမီး ကျောင်းပြန်တက်ချင်တယ် ဆရာ၊ သမီး ဒုတိယနှစ်က ထွက်လိုက်တာပါ။ ပြန်တက်ရင် အဆင်ပြေပါ့မလား'လို့ မေးပါသည်။

ကျောင်းစည်းကမ်း၊ ပညာရေးမူဝါဒ မည်သို့ရှိသည်ကို စာရေးသူ မသိပါ။ ဗေဒင်ဆရာ ဗေဒင်ပညာအရပဲ အဖြေရှာကြည့်ပါသည်။

ပညာရေးဆိုင်ရာ အဓိကဘာဝဖြစ်တဲ့ ပုတ္တရဘာဝကို ဓါပကတ္တရိသင့်ခြင်း ၊ စနေမြင်ခြင်း မရှိ။ မရဏဘာဝသခင်လည်းဖြစ်ပြီး သဟဇဘာဝသခင်လည်းဖြစ်တဲ့ အင်္ဂါသည် ပုတ္တရဘာဝ၌ ရပ်တည်၏။ ထို့ကြောင့် ဇာတာရှင်သည် တစ်ခါတစ်ရံ ဖွဲ၊ လုံ့လ၊ ဝီရိယများ ရပ်တန့်သွားတတ်သလို တစ်ခါတစ်ရံ တက်ကြွလာတတ်၏။ မွေးပုံထောက်တော့ အခု တက်ကြွနေပုံပေါက်ပါသည်။

ကောဇာစနေက ပညာရေးအဓိက ပုတ္တရဘာဝကို (၃)တန့် အထူးမြင်ထားပါသည်။ သို့သော် (၂၃-၃-၂၀၁၈)ထိ လဂ်သခင် ဗုဒ္ဓဟူးထူလဒသာပါ။ အန္တရကနေအန္တရပါ။ စနေသည် သူ့ရဲ့ ပုတ္တရဘာဝသခင်လည်းဖြစ်ပြီး ပုတ္တရဘာဝ၌ပင် ထိုင်၏။ လာမည့် (၁၂-၈-၂၀၁၆)ဆိုလျှင် ကောဇာကြာသပတေးလည်း လဂ်ပေါ်ရောက်တော့မည်။ ထိုသို့ ရှိသမျှအကြောင်းများကို တစ်ခုချင်းစစ်ဆေးပြီး 'အဆင်ပြေသွားမှာပါ သမီး'လို့ အဖြေထုတ်ပေးလိုက်ပါသည်။

ဤကား စာရေးသူ ဟောပြောလိုက်ပုံကို စီကာပတ်ကုံး တင်ပြခြင်း ဖြစ်ပါသည်။ ဤ၌ ပြောလိုရင်းကား မွေးရာပါ စနေဒဏ်၊ စနေဆိုးကျိုးအကြောင်း ဖြစ်ပါသည်။ ထိုအကြောင်းကို ရှေ့စာမျက်နှာ၌ တင်ပြခဲ့ပါပြီ။ ယခုဘာဝ အတိတ်ကံကို ဆက်စပ်တင်ပြရမှာတော့ မိခင်နှင့် ခွဲခွာရတဲ့ အကြောင်းရင်းကိုပဲ ဆန်းစစ်တင်ပြခဲ့ပါသည်။

ချစ်သူနှင့် ဝေးရခြင်း၊ အချစ်ကံခေရခြင်းအကြောင်းကို စစ်ဆေးကြည့်ပါက ရှေ့ဘဝက ပိသုဏာဝါစာ=ချစ်သူနှစ်ဦးကြား အချစ်ဆိတ်သုဉ်းသွားအောင် ပြောကြားခြင်း ဝစီကံကို လွန်ကျူးခဲ့ဟန် တူပါသည်။

ထို့ကြောင့် အချစ်ကံခေရအောင် အင်္ဂါ၊ စနေ ပါပဂြိုဟ်များ စန်းကို မြင်ယှဉ်လျက် မွေးဖွားလာခဲ့ဟန် တူပါသည်။ မည်သို့ပင်ရှိစေ ထိုသို့ အင်္ဂါ၊ စနေ ပါပဂြိုဟ်တို့ စန်းကို မြင်ယှဉ်လျက် မွေးဖွားလာခဲ့သူများအတွက် လွတ်ကွက်လွတ်ရာ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းကို တင်ပြပါမှ ဤဆောင်းပါး ပြည့်စုံပြီး ဤစာဖတ်ရသူမှာလည်း အကျိုးရှိပေမည်။ ထို့ကြောင့် တာဝန်ကျေအောင် လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းကို တင်ပြပါအံ့။

ယခုဘဝတွင် မိဘနှင့် သားသမီး ဝေးကွာ ခွဲခွာရအောင် ကုံစည်ပြောဆိုပြုမူခြင်းကို ရှောင်ကြဉ်ရပေမည်။ ချစ်သူနှစ်ဦးကြား အချစ်ဆိတ်သုဉ်းသွားစေမည့် ပြုမူပြောဆိုခြင်းကို ရှောင်ကြဉ်ရပေမည်။ လက်ရှိပစ္စုပ္ပန်ဘဝတွင် ထိုသို့ ရှောင်ကြဉ်ပါက ရှေးအတိတ်ဘဝတို့က လိုက်လာတဲ့ ကံကြမ္မာတို့ အကျိုးပေးရန် အခါမသင့်၊ အခွင့်မသာချေ။ ထို့ကြောင့် သက်သာခွင့်ရ၏။ ကမ္မနိယာမသဘောကို နားလည်သူတိုင်း ဤသဘောကို လက်ခံနိုင်ပါသည်။

မိဘနှင့် သားသမီးတို့ ဝေးကွာနေသည်ကို တွေ့ရလျှင် တတ်နိုင်သရွေ့ ကူညီပါ။ ကွဲကွာနေသော ချစ်သူများ ပြန်လည်ပေါင်းဆုံနိုင်အောင် အခါသင့် အခွင့်သာတိုင်း ကူညီပါ။ ဤသို့ ကူညီဆောင်ရွက်ပါက ထိုကံရဲ့ ပဋ္ဌမစေတနာ စွမ်းအင်သတ္တိကြောင့် ယခုဘဝမှာ ချစ်သူခင်သူနှင့် မခွဲခွာရခြင်းအကျိုးကို ဒိဋ္ဌဓမ္မ ခံစားရပေလိမ့်မည်။ ပဋ္ဌမစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံဟူသော နာမည်ဖြင့် ယခုဘဝ၌ ချက်ချင်းလက်ငင်း အကျိုးပေးသည်ကို မမေ့အပ်ပေ။

အတိတ်ကံအရ မိမိဇာတာခွင်၌ အင်္ဂါ၊ စနေ ပါပဂြိုဟ်တို့၏ အမြင်အယှဉ် မကောင်းခြင်းကိုမူ ရတနာသုံးပါး ဦးထိပ်ထားလျက် အင်္ဂါထောင့် ဂြိုဟ်တိုင်ဘုရားတွင် ရေသက်စေ့သပ္ပာယ်ခြင်း၊ စနေထောင့်ဂြိုဟ်တိုင်ဘုရားတွင် ထီးအနီ(၁၀)လက် လှူဒါန်းခြင်းကို နှစ်ဦးမွေးနေ့တိုင်း လုပ်ပေးပါ။ လဦးမွေးနေ့တိုင်း လုပ်ပေးနိုင်ပါက ပိုကောင်း၏။ ထိုသို့ ကံကို ကံချင်း တုပဖြေရှင်းပေးလျှင် လွတ်ကင်းနိုင်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ
ဆရာကံထူး(ဝေဒသုတေသီ)
၀၉ ၄၀ ၁၅၃၃၄ ၉၉

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

## (၂၀၁၆)ခုနှစ်၊ ဩဂုတ်လအတွင်း

# နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျဉ်းဖြတ်ကျေား

(၂၀၁၆)ခုနှစ်၊ ဩဂုတ်လအတွင်း၌ နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားများကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။ ယင်းကာလများအတွင်း မဟာဝေဒဗ္ဗမန္တန်၊ ဂုဏ္ဍဝေဒဗ္ဗမန္တန်နှင့် အခြားလာဘ,နေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်းဖြင့် အကျိုးထူးများ ခံစားရပါလိမ့်မည်။

အထူးမှာ (၁၈-၈-၂၀၁၆) နံနက်(၁း၀၄း၅၅)နာရီမှ (၁၉-၈-၂၀၁၆) ညသန်းခေါင်ကျော်(၀း၁၀း၃၃) နာရီအတွင်း၌ စန်း (ခေါ်) တနင်္လာဂြိုဟ်သည် ကောဇာသွားခြင်းဖြင့် နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၁၉-၈-၂၀၁၆) ညနေ(၅း၅၀း၄၃)နာရီမှ (၆း၃၆း၄၄)နာရီ အတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၁၉-၈-၂၀၁၆) ည(၁၁း၃၀း၂၄)နာရီမှ (၂၀-၈-၂၀၁၆) နံနက်(၀း၂၅း၅၈) (၁၉-ရက် ညသန်းခေါင်ကျော်) နာရီအတွင်းတို့တွင် လာဘ,နေဆိုင်ရာ ဂါထာများ ရွတ်ပွားခြင်း၊ လာဘ,နေဆိုင်ရာ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းတို့ကို အထူး ပြုလုပ်နိုင်ကြပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၆)ခုနှစ်၊ ဩဂုတ်လအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၉:၀၁:၂၉ | ၁၉:၄၇:၃၀ |
| ၂ | ၁၈:၅၇:၃၃ | ၁၉:၄၃:၃၄ |
| ၃ | ၁၈:၅၃:၃၇ | ၁၉:၃၉:၃၈ |
| ၄ | ၁၈:၄၉:၄၁ | ၁၉:၃၅:၄၃ |
| ၅ | ၁၈:၄၅:၄၅ | ၁၉:၃၁:၄၇ |
| ၆ | ၁၈:၄၁:၅၀ | ၁၉:၂၇:၅၁ |
| ၇ | ၁၈:၃၇:၅၄ | ၁၉:၂၃:၅၅ |
| ၈ | ၁၈:၃၃:၅၈ | ၁၉:၁၉:၅၉ |
| ၉ | ၁၈:၃၀:၀၂ | ၁၉:၁၆:၀၃ |
| ၁၀ | ၁၈:၂၆:၀၆ | ၁၉:၁၂:၀၇ |
| ၁၁ | ၁၈:၂၂:၁၀ | ၁၉:၀၈:၁၁ |
| ၁၂ | ၁၈:၁၈:၁၄ | ၁၉:၀၄:၁၅ |
| ၁၃ | ၁၈:၁၄:၁၈ | ၁၉:၀၀:၁၉ |
| ၁၄ | ၁၈:၁၀:၂၂ | ၁၈:၅၆:၂၃ |
| ၁၅ | ၁၈:၀၆:၂၆ | ၁၈:၅၂:၂၈ |
| ၁၆ | ၁၈:၀၂:၃၁ | ၁၈:၄၈:၃၂ |
| ၁၇ | ၁၇:၅၈:၃၅ | ၁၈:၄၄:၃၆ |
| ၁၈ | ၁၇:၅၄:၃၉ | ၁၈:၄၀:၄၀ |
| ၁၉ | ၁၇:၅၀:၄၃ | ၁၈:၃၆:၅၆ |
| ၂၀ | ၁၇:၄၆:၄၇ | ၁၈:၃၂:၄၈ |
| ၂၁ | ၁၇:၄၂:၅၁ | ၁၈:၂၈:၅၂ |
| ၂၂ | ၁၇:၃၈:၅၅ | ၁၈:၂၄:၅၆ |
| ၂၃ | ၁၇:၃၄:၅၉ | ၁၈:၂၁:၀၀ |
| ၂၄ | ၁၇:၃၁:၀၃ | ၁၈:၁၇:၀၄ |
| ၂၅ | ၁၇:၂၇:၀၇ | ၁၈:၁၃:၀၉ |
| ၂၆ | ၁၇:၂၃:၁၁ | ၁၈:၀၉:၁၃ |
| ၂၇ | ၁၇:၁၉:၁၆ | ၁၈:၀၅:၁၇ |
| ၂၈ | ၁၇:၁၅:၂၀ | ၁၈:၀၁:၂၁ |
| ၂၉ | ၁၇:၁၁:၂၄ | ၁၇:၅၇:၂၅ |
| ၃၀ | ၁၇:၀၇:၂၈ | ၁၇:၅၃:၂၉ |
| ၃၁ | ၁၇:၀၃:၃၂ | ၁၇:၄၉:၃၃ |

## (၂၀၁၆)ခုနှစ်၊ ဩဂုတ်လအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၀၀:၄၅:၀၆ | ၀၁:၃၆:၄၄ |
| ၂ | ၀၀:၄၁:၁၀ | ၀၁:၃၂:၄၈ |
| ၃ | ၀၀:၃၇:၁၄ | ၀၁:၂၈:၅၂ |
| ၄ | ၀၀:၃၃:၁၈ | ၀၁:၂၄:၅၆ |
| ၅ | ၀၀:၂၉:၂၂ | ၀၁:၂၁:၀၁ |
| ၆ | ၀၀:၂၅:၂၆ | ၀၁:၁၇:၀၅ |
| ၇ | ၀၀:၂၁:၃၀ | ၀၁:၁၃:၀၉ |
| ၈ | ၀၀:၁၇:၃၄ | ၀၁:၀၉:၁၃ |
| ၉ | ၀၀:၁၃:၃၉ | ၀၁:၀၅:၁၇ |
| ၁၀ | ၀၀:၀၉:၄၃ | ၀၁:၀၁:၂၁ |
| ၁၁ | ၀၀:၀၅:၄၇ | ၀၀:၅၇:၂၅ |
| ၁၂ | ၂၃:၅၇:၅၅ | ၀၀:၅၃:၂၉ |
| ၁၃ | ၂၃:၅၃:၅၉ | ၀၀:၄၉:၃၃ |
| ၁၄ | ၂၃:၅၀:၀၃ | ၀၀:၄၅:၃၇ |
| ၁၅ | ၂၃:၄၆:၀၇ | ၀၀:၄၁:၄၂ |
| ၁၆ | ၂၃:၄၂:၁၁ | ၀၀:၃၇:၄၆ |
| ၁၇ | ၂၃:၃၈:၁၅ | ၀၀:၃၃:၅၀ |
| ၁၈ | ၂၃:၃၄:၂၀ | ၀၀:၂၉:၅၄ |
| ၁၉ | ၂၃:၃၀:၂၄ | ၀၀:၂၅:၅၈ |
| ၂၀ | ၂၃:၂၆:၂၈ | ၀၀:၂၂:၀၂ |
| ၂၁ | ၂၃:၂၂:၃၂ | ၀၀:၁၈:၀၆ |
| ၂၂ | ၂၃:၁၈:၃၆ | ၀၀:၁၄:၁၀ |
| ၂၃ | ၂၃:၁၄:၄၀ | ၀၀:၁၀:၁၄ |
| ၂၄ | ၂၃:၁၀:၄၄ | ၀၀:၀၆:၁၈ |
| ၂၅ | ၂၃:၀၆:၄၈ | ၂၃:၅၈:၂၇ |
| ၂၆ | ၂၃:၀၂:၅၂ | ၂၃:၅၄:၃၁ |
| ၂၇ | ၂၂:၅၈:၅၆ | ၂၃:၅၀:၃၅ |
| ၂၈ | ၂၂:၅၅:၀၁ | ၂၃:၄၆:၃၉ |
| ၂၉ | ၂၂:၅၁:၀၅ | ၂၃:၄၂:၄၃ |
| ၃၀ | ၂၂:၄၇:၀၉ | ၂၃:၂၈:၄၇ |
| ၃၁ | ၂၂:၄၃:၁၃ | ၂၃:၃၄:၅၁ |

www.burmeseclassic.com

www.burmeseclassic.com




ဆရာရန်အောင်ဟိန်း(B.Sc)

# လေဒီဂါဂါ နှင့် ကေ.ပီ နက္ခတ်ဗေဒင်အမြင်

လေဒီဂါဂါ (Lady Gaga) ဟု ဆိုလျှင် အနောက်တိုင်း တေးဂီတလောကမှ ကမ္ဘာကျော် အဆိုကျော်ဖြစ်ကြောင်း မသိသူ နည်းလှမည် ထင်သည်။ သူမ၏ ဇာတာတွင် ဘာ့ကြောင့် ကမ္ဘာကျော်အောင် အောင်မြင်ထင်ရှားရသည်ကို ကေ-ပီ စနစ် နက္ခတ်ဗေဒင် ပညာရပ်အရ တင်ပြပေးလိုပါသည်။

လေဒီဂါဂါကို (၂၈-၃-၁၉၈၆) သောကြာနေ့ ည(၁၀း၅၅)နာရီတွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်၊ ယော့ခ်ရှိုင်းယား (၄၀ မြောက် ၅၅'၊ ၇၃ံ အနောက် ၅၃')တွင် မွေးဖွားခဲ့သည်။

လေဒီဂါဂါ၏ ဇာတာမှာ တစ်ဖက်ဖော်ပြပါအတိုင်း ဖြစ်သည်။



ယခု သူမ အဆိုကျော်အဖြစ် နာမည်ကျော်ကြားရခြင်းကို ကေ-ပီ စနစ်အရ ရှင်းပြပါမည်။

## အနုပညာအလုပ်ဖြင့် အောင်မြင်ခြင်း

(၂)တန့်ဘာဝသည် တေးသီချင်း သီဆိုခြင်းနှင့် ပတ်သက် ဖော်ပြပေးသည်။ (၅)တန့်ဘာဝက အနုပညာဖြင့် အသုံးတော်ခံ တင်ဆက်ခြင်း ဖော်ပြပြီး (၁၀)တန့်ဘာဝက အသက်မွေးဝမ်းကျောင်း အလုပ်ကို ဖော်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

လေဒီဂါဂါ၏ မွေးဇာတာတွင် ဖြကြာဂြိုဟ်သည် (၅)တန့်ဘာဝတွင် ရပ်တည်ထားသည်။ ဖြကြာဂြိုဟ်ရော (၅)တန့်ဘာဝပါ စွဲမက်ဖွယ်ကောင်းခြင်း၊ သရုပ်ဆောင်ခြင်းနှင့် လူ့လုံးပြ စီးပွားရေးလုပ်ငန်း (show business) တို့ကို ဖော်ပြပါသည်။ ဇာတာတွင် (၂)တန့်ဘာဝ သခင်ဂြိုဟ် ၅တေးသည် (၅)တန့်ဘာဝကိုပါ ပိုင်ဆိုင်ထားသည်။ (၂)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ၄ဟူးဖြစ်ပြီး (၈)တန့်၊ (၁၁)တန့် သခင်ဂြိုဟ်ဖြစ်သည်။ ယင်း ၄ဟူးဂြိုဟ်သည် (၃)တန့်ရပ် (၂၊ ၅)သခင်ဂြိုဟ် ၅တေးပိုင် နက္ခတ်ကို စီးကာ ၅တေးနှင့်ပင် (၃)တန့်ဘာဝ၌ ပူးယှဉ်ရပ်တည်နေသည်။ သို့အတွက် (၂၊ ၅၊ ၈၊ ၁၁)တန့် ဘာဝများအတွက် အကျိုးဆောင်ပေသည်။ (၁၁)တန့်က အောင်မြင်ခြင်း၊ (၂)တန့်နှင့် (၅)တန့်တို့က သီချင်းသီဆိုခြင်း၊ (၈)တန့် သူတစ်ပါးထံမှ (၂)တန့် ငွေကို ရရှိခြင်းတို့ကို ဖော်ညွှန်းပြနေပါသည်။

ဇာတာတွင် (၅)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ၅တေးဖြစ်၍ (၂၊ ၅)တန့်ဘာဝများကို ပိုင်သည်။ ၅တေးသည် (၅)တန့်တွင် ရပ်တည်သော ရာဟုပိုင် နက္ခတ်ကို စီး၍ ရာဟုသည် (၅)တန့်တွင် ဖြကြာ (အနုပညာ၊ စွဲဆောင်နိုင်ခြင်း) ဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသည်။ ၅တေးဂြိုဟ် ကိုယ်တိုင်က (၃)တန့်တွင် (၈၊ ၁၁)တန့်သခင်ဂြိုဟ် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်ထားသည်။ ရာဟုသည် ဖြကြာ (ဖြ၊ ၁၂ သခင်)နှင့် ပူးကာ (၁၁)တန့်ဘာဝတွင် ရပ်သော ကိတ်နှင့် (၁၂)တန့်ရပ် (၉)တန့်သခင် ၂လာဂြိုဟ်အား အပြန်အလှန် အမြင်ကြည့်ထားသည်။

(၅)တန့်ဘာဝကို ဂြိုဟ်(၉)လုံးစလုံးက ဆက်သွယ်ထားသည်။ ၁နွေနှင့် အင်္ဂါဂြိုဟ်တို့သည် (၅)တန့်ရပ် ရာဟုပိုင် ဘုတ္တိနက္ခတ်ကို စီးထားကြသည်။ ၂လာနှင့် ၄ဟူးဂြိုဟ်တို့သည် (၅)တန့်သခင် ၅တေးပိုင် နက္ခတ်ကို စီးထားကြသည်။ ၅တေးသည် (၅)တန့်သခင်ဖြစ်ပြီး ကိတ်သည် (၅)တန့်ရပ် ရာဟုပိုင် နက္ခတ်ကို စီးကာ ရာဟု၏ အမြင်ခံထားရသည်။ ဖြကြာ၊ ရာဟုတို့သည် (၅)တန့်တွင် ရပ်တည်ထားသည်။ ၄ဟူးသည် (၅)တန့်သခင် ၅တေးနှင့် ပူးယှဉ်ရပ်တည်ကာ စနေသည် (၅)တန့်သခင် ၅တေးပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။ ဤအချက်ကား ထူးခြားချက်ဖြစ်၍ အနုပညာနှင့် ဆက်စပ်မှု အားကောင်းခြင်းကို ဖော်ပြချက် ဖြစ်သည်။

(၁၀)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၁နွေဖြစ်ပြီး စနေပိုင် နက္ခတ်နှင့် ရာဟုပိုင် ဘုတ္တိနက္ခတ်တို့ကို စီးထားသည်။ ယင်း၏ စီးဘုတ္တိနက္ခတ်သခင်ဂြိုဟ်



www.burmeseclassic.com

ရာဟုသည် (၅)တန့်တွင် ဖြိုဂြိုဟ်နှင့် ပူးယှဉ်ခြင်းက အနုပညာလုပ်ငန်းကို ဖော်ပြနေသည်။

သူမ၏ အသက်(၁၄)နှစ်အရွယ် စနေ ထူလ၊ ၄ဟူး ဗုဒ္ဓဒသာတွင် နယူးယောက်ရှိ ညဥ့်ကပွဲရုံ(night club)တွင် သူမ၏ ပထမဆုံး အနုပညာစွမ်းရည်ကို ပြသခဲ့သည်။ ထူလဒသာသခင် စနေသည် (၂၊ ၅)သခင်အဖြစ် (၃)တန့်၌ ရပ်တည်သော ၅တေးပိုင် ဗုဒ္ဓနက္ခတ်ကို စီးထားကာ (၁၀)တန့်ဘာဝ သန္ဓိအား (၁၀)တန့် အထူးမြင် ကြုံထားပါသည်။ (၁၀)တန့် (အလုပ်)၊ (၂)တန့် (သီချင်းဆို)၊ (၅)တန့် (အနုပညာစွမ်းရည်ပြ)ခြင်းကို ဖော်ပြနေပါသည်။

ယင်း ၅တေးဂြိုဟ်သည် (၁၁)တန့်သခင် ၄ဟူးနှင့် ပူးယှဉ်ခြင်းက အောင်မြင်မှုရခြင်းကို ဖော်ပြပါသည်။ ဗုဒ္ဓဒသာသခင်သည် ၄ဟူးဖြစ်ပြီး (၈၊ ၁၁)တန့်သခင်အဖြစ် (၃)တန့်တွင် (၂၊ ၅)သခင် ၅တေးဂြိုဟ်နှင့် ပူးယှဉ်ခြင်းကလည်း အလားတူ အကျိုးများကိုပင် ပေးဆောင်ပါသည်။



**အောင်မြင်ကျော်ကြား၊ ငွေကြေးများစွာ ရရှိခြင်း**

(၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလတွင် သူမ၏ အယ်လ်ဘမ်ရောင်းရငွေ ဒေါ်လာ သန်းတစ်ရာကျော် (၁၄၆ သန်း) ရရှိခဲ့ပေသည်။ သူမသည် ဂီတသမိုင်းတစ်လျှောက် အကောင်းဆုံး တေးအယ်လ်ဘမ် အရောင်းရဆုံး အဆိုကျော်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ သူမသည် ကမ္ဘာ့စံချိန် (၁၂)ခု တင်နိုင်ခဲ့ပြီး ဂရမ်မီဆု (၆)ဆုထိ ရရှိခဲ့သည်။ အောင်မြင်ကျော်ကြား တေးသီချင်းရေးသူများ၏ ခန်းမတွင် ထူးချွန်ဆု ရရှိသူအဖြစ် ပထမဆုံး မှတ်တမ်းတင်ခံခဲ့ရသည်။

စနေ ထူလ၊ ၄ဟူး ထူလ ဒသာများတွင် သူမသည် အောင်မြင်သည်ထက် အောင်မြင်ကာ ပိုမိုချမ်းသာကြွယ်ဝလာပေဦးမည်။ (၂၇-၃-၂၀၁၄)မှစကာ ၄ဟူး ထူလဒသာ စားဝင်ခဲ့သည်။

(၃)တန့်တွင် (၂၊ ၅)သခင် ၅တေးနှင့် ပူးယှဉ်ရပ်တည်သည့် (၈၊ ၁၁)တန့်သခင် ၄ဟူး၏ ဒသာဖြစ်သည်။ ၄ဟူးသည် ၅တေးပိုင် နက္ခတ်နှင့် မိမိပိုင် ၄ဟူး ဗုဒ္ဓကို ပြန်စီးထားသည်။ (၂)တန့် (ဝင်ငွေ)၊ (၅)တန့် (အနုပညာ)၊ (၈)တန့် (သူတစ်ပါး၏ငွေ)၊ (၁၁)တန့် (အောင်မြင်ခြင်း)၊ (၃)တန့် (ငွေကြေးစုဆောင်းမိခြင်း၊ ဘဏ်အပ်ငွေ တိုးပွားခြင်း)တို့ကို ဖော်ပြနေ၍ ဖြစ်ပါသည်။ ၄ဟူး ထူလဒသာသည် (၂၇-၃-၂၀၃၁)ထိ စားဝင်မည်ဖြစ်ပေရာ သူမ အသက်(၄၅)နှစ်ထိ ဆက်လက်အောင်မြင် ကျော်ကြားနေမည် ဖြစ်ပါသည်။

၄ဟူး ထူလပြီးလျှင် (၂၇-၃-၂၀၃၈) သူမ၏ အသက်(၅၂)နှစ်ထိ ကိတ်ထူလဒသာ စားဝင်ပေမည်။ ကိတ်သည် (၁၁)တန့် (အောင်မြင်ခြင်း)တွင် ရပ်တည်ကာ (၉)တန့်သခင် ၂လာဂြိုဟ်နှင့် ပူးထားသည်။ ဖြိုပိုင် တူရာသီတွင် ရပ်တည်၍ (၅၊ ၆၊ ၁၂)တန့် အကျိုးများ ပေးပေမည်။ ကိတ်သည် ရာဟုပိုင် နက္ခတ်ဗုဒ္ဓတို့ပေါ် စီးထား၍ (၅၊ ၁၁)တန့် အကျိုးများ ပေးပေမည်။ (၂၊ ၅)တန့်သခင် ၅တေးသည် ကိတ်ကို (၉)တန့်အထူးမြင် ကြုံနေပြန်သည်။ ကိတ်ဒသာ အကုန်အထိလည်း ဆက်လက်အောင်မြင်နေပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.S)**

**ကျမ်းကိုး**

* K.P. Ezine. (2016 April)



www.burmeseclassic.com

www.burmeseclassic.com

# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ (အကြားအမြင်) ပညာရှင်

အမှတ်–၄၃၇(၇–လွှာ) ကျိုက္ကဆံလမ်း၊ အစွန်လွှတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၀၊ 📱 ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)‥ စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်ဂ်ဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

---

နယ်လှည့်သာသနာပြု ဖိုးမွှေသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။


**လိုအပ်ပါက ယတြာကို အခမဲ့ချောင်ချက်ပေးပါသည်။**

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကန်း၊ ကလောမြို့။ 📱 ၀၉၄၂၈၃၁၈၂၉၉



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည်

## ဂမ္ဘီရမဂ္ဂဇင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ---------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ---------------
- မွေးဖွားရာ မြို့/ရွာ ---------------
- အချိန်နာရီ (နေ့/ည) ---------------

မေးခွန်းများ

(၁) ---------------

(၂) ---------------

(၃) ---------------




www.burmeseclassic.com

www.burmeseclassic.com




**ဆောင်မြတ်အောင်**

**(၃-၄-၁၉၈၃၊ ၁၅း၀၀ နာရီ၊ ကြာအင်းဆိပ်ကြီးမြို့)**




■ ပြည်သူ့ရဲတပ်ဖွဲ့တွင် အကျိုးပေးကံ ရှိ/မရှိ။ ရာထူးတက်ကိန်း။

(၁၀)တန့်သခင်ဂြိုဟ် ၅တေးသည် (၃)တန့်ရာသီ (...တန့်ဘာဝ)တွင် ရာဟုဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်၍ ...တန့်ရပ် (၂)တန့်သခင် ၂လာဂြိုဟ်နှင့် အပြန်အလှန် ...မြင်ကြုံနေသည်။ ပြည်သူ့ရဲတပ်ဖွဲ့တွင် အကျိုးပေးကံ ...ပါသည်။ ဘဝတွင် ဝန်ထမ်းဘဝ မမြဲပါ။

■ ထီပေါက်ကံ၊ ကာလ။

(၃)တန့်သခင်ဂြိုဟ် ၁နွေ (၁၁)တန့်ရာသီ (၁၀-...ဘာဝ)တွင် (၁၊ ၄)သခင် ၄ဟူး၊ (၅၊ ၁၂)သခင် ...ကြာတို့နှင့် ပူးယှဉ်ရပ်တည်သည်။ ၄ဟူးသည် (၁၁) တန့်တွင် ရပ်တည်သည့် ၁နွေ၊ ၄ဟူး၊ ၆ကြာတို့ကို (၂) တန့်ဘာဝ (၃-တန့်ရာသီ)ရပ် ၅တေးဂြိုဟ်က (၉)တန့် အထူးမြင်ထားသည်။ ထီပေါက်ကိန်းရှိသော်လည်း သူ တစ်ပါးနှင့် စပ်ထိုးမှ ပေါက်နိုင်သောကိန်းမျိုး ဖြစ်သည်။ (၂၀၁၇)ခုနှစ်ကုန်ထိကား ထီကံ အားနည်းနေသေးသည်။

၃။ ဘဝတွင် ချမ်းသာစွာ နေရမည်လား။

(၂)တန့်သခင် ၂လာဂြိုဟ် (၉)တန့်တွင်ရပ်ပြီး ၅တေး (ဓနကာရက)ဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေကြ၍ ဘဝတွင် ငွေကြေးပြည့်စုံပြီး ချမ်းသာသော အဆင့်မျိုးတွင် နေရဖို့ကံ ရှိသည်။ (၂၀၁၇)ခုနှစ် နောက်ပိုင်းတွင် ဖြစ်မည်။


**မနန်းသူဇာ**

**(၃-၆-၁၉၈၆၊ ၁၃း၅၀ နာရီ၊ ကျောက်မဲမြို့)**

၁။ အကျိုးပေးမည့် အလုပ်အကိုင်၊ ကာလ။

ကုန်ပစ္စည်းပို့ဆောင်ရေး၊ အလှကုန်၊ အထည်၊ စားသောက်ကုန်၊ စက်ပစ္စည်းလုပ်ငန်းများ အကျိုးပေးသည်။ (၁၀)တန့်တွင် ၄ဟူး၊ ၆ကြာ ရပ်တည်ပြီး အင်္ဂါဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေ၍ ဖြစ်သည်။ ၂လာဂြိုဟ်သည် (၇)တန့်ဘာဝ (၈-တန့်ရာသီ)တွင် ရပ်တည်၍ (၂)တန့်ရာသီ (၁-တန့်ဘာဝ)ရပ် ကိတ်နက္ခတ်နှင့် (၂၊ ၉)သခင် (၁၀)တန့်ရပ် ၆ကြာပိုင် ဘုတ္တိနက္ခတ်ကို စီးနေပေ...

www.burmeseclassic.com




(၂-၄-၂၀၁၈)မှ (၂-၄-၂၀၂၈)ထိ စားဝင်မည့် ၂လ်ာ ထုလဒသာတွင် စီးပွားဖြစ်ပါမည်။

၂။ မိဘများကို စောင့်ရှောက်နိုင်မည်လား။


(၄)တန့်သခင် ၅တေးဂြိုဟ် (၆)တန့်တွင် ရပ်၍ (၉)တန့်သခင် ၆ကြာဂြိုဟ် (၁၀)တန့်တွင် ရပ်တည်သော ကြောင့် မိဘများကို စောင့်ရှောက်ပြုစုနိုင်ပေမည်။

၃။ အိမ်ထောင်ရေးကံ၊ ကောင်း/မကောင်း။

(၇)တန့်သခင်ဂြိုဟ် ၅တေးဂြိုဟ် (၆)တန့်တွင် ရပ်၍ အိမ်ထောင်ကံ မကောင်းနိုင်ပါ။ အိမ်ထောင်မပြုသင့်သော ဇာတာမျိုး ဖြစ်သည်။

## မခိုင်သဇင်နွယ်

**(၁၀-၉-၁၉၈၆၊ နံနက် ၁၀း၅၅ နာရီ၊ တောင်ကြီးမြို့)**




၁။ အိမ်ထောင်ရေးကံ၊ ကောင်း/မကောင်း။

(၇)တန့်သခင်ဂြိုဟ် ၆ကြာ (၁၂)တန့်ဘာဝတွင် ရပ်တည်ပြီး (၅)တန့်ရပ် ရာဟုပိုင် နက္ခတ်ကို စီးသည်။ အိမ်ထောင်ကံ သင့်ရုံမျှသာ ရှိပါသည်။

၂။ အိုးပိုင်အိမ်ပိုင်ဖြင့် နေရကိန်း ရှိ/မရှိ၊ ကာလ။


(၄)တန့်တွင် ၅တေးဂြိုဟ် ရပ်တည်နေပြီး (၄)တန့်သခင်ဂြိုဟ် စနေ လဂ်နှင့်ပူးကာ (၃၊ ၁၀)တန့်ဘာဝများကို မြင်သည်။ အိမ်ထောင်ကျခဲ့ပါက ခင်ပွန်းပေါ် အ[illegible] ပြု၍ အိမ်ပိုင်ဖြင့် နေရပါလိမ့်မည်။

၃။ ကျန်းမာရေး သတိပြုရမည့်ကာလ။

(၁၈-၂-၂၀၁၅) နောက်ပိုင်းတွင် ကျန်းမာရေးအ[illegible] များ ပေါ်တတ်သည်။ (၁၅-၉-၂၀၁၆)မှ (၂၁-၁-၂၀၁၇[illegible] ကိတ် ထူလ၊ ၁နွေ ဘုတ္တိဒသာအတွင်း ကျန်းမာ[illegible] ဂရုပြုရမည်။

## မဆိမ့်ဆိမ့်

**(၂၀-၃-၁၉၈၄၊ နံနက် ၈း၄၅ နာရီ၊ ရန်ကုန်မြို့)**




၁။ ကုမ္ပဏီလုပ်ငန်း ဆက်လက်လုပ်ကိုင်၍ ကောင်း[illegible] မကောင်း။

(၁၀)တန့်သခင်ဂြိုဟ် စနေ (၇)တန့်ဘာဝတွင် [illegible] တန့်သခင် ၂လ်ာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်။ (၇)[illegible] သခင်ဂြိုဟ် ၆ကြာ (၁၁)တန့်ဘာဝတွင် ရပ်တည်[illegible] သည်။ ကုမ္ပဏီလုပ်ငန်း ဆက်လက်လုပ်ကိုင်၍ ကော[illegible] ကျိုးရှိပါမည်။ သို့သော် ထူလဒသာသခင် စနေဂြိုဟ်[illegible] ဗြိစ္ဆာရာသီ (၈)တန့်ဘာဝတွင် ကောဇာရောက်ရှိ၍ [illegible] ပြန်ဆုတ်နေပေရာ စနေပုံမှန်ပြန်ဖြစ်သွားမည့် စက်[illegible] ဘာလ နောက်ပိုင်းတွင်မှ လုပ်ငန်းခွင်တွင် အဆင်[illegible] ပေမည်။

၂။ နိုင်ငံခြားသွားရကိန်း၊ ကာလ။

(၁၂)တန့်သခင် ၅တေးသည် (၉)တန့်သခင်[illegible] ဖြစ်၍ (၉)တန့်တွင်ပင် ရပ်တည်နေပေရာ ဘဝတွင် [illegible] ခြားခရီးကိန်း ရှိပေသည်။ စနေပုံမှန်ပြန်သွားမည့် ([illegible] ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်း အထူးသဖြင့် ([illegible] ခုနှစ် နှစ်စပိုင်းလောက် ဖြစ်နိုင်ပေသည်။

၃။ ကျန်းမာရေး၊ ခွဲစိတ်ကုသခံရကိန်း ရှိ/မရှိ။




www.burmeseclassic.com

www.burmeseclassic.com

(၈)တန့်သခင် အင်္ဂါဂြိုဟ် (၈)တန့်တွင် ရပ်တည်ပြီး လဂ်သခင်လည်း ဖြစ်ပေရာ ဘဝတွင် ခွဲစိတ်ကုသခံရမည့်ကိန်း ရှိသည်။ (၂၀၁၇)ခုနှစ်အတွင်း သတိပြုပါလေ။

**ဓာင်းသင်းနွယ်**

**(၁၀-၃-၁၉၈၉၊ နံနက် ၅း၂၀ နာရီ၊ စဥ့်ကိုင်မြို့)**




၁။ ဥပဒေလုပ်ငန်းဖြင့် အကျိုးပေးမှာလား။

(၁၀)တန့်သခင်ဂြိုဟ် စနေ (၉)တန့်တွင် ရပ်တည်ပြီး ဖြကြာပိုင် နက္ခတ်ကို စီးသည်။ ဖြကြာသည် (၂)တန့်တွင် ၅တေး၊ ၄ဟူးတို့နှင့် ပူးယှဉ်၍ ဥပဒေလုပ်ငန်းဖြင့် အကျိုးပေးပါသည်။

၂။ အိမ်ထောင်ဖက် ကောင်း/မကောင်း။

(၇)တန့်သခင် ဖြ ကြာ (၂)တန့်တွင် (၂)တန့်သခင် အဖြစ် ရပ်တည်၍ ၅တေး၊ ၄ဟူးတို့နှင့် ပူးယှဉ်သောကြောင့် အိမ်ထောင်ဖက် သင့်ပါသည်။

၃။ ဘဝအဆင့် မြင့်မားစွာ နေရမည်လား။


လဂ်သခင် အင်္ဂါဂြိုဟ် (၃)တန့်တွင် ရပ်တည်ပြီး (၁၀)တန့်သခင် စနေ (၉)တန့်တွင် ရပ်တည်၍ လူနေမှုအဆင့် မြင့်မားပေမည်။

**သေန္တာ**

**(၂၁-၁၂-၁၉၇၉၊ နံနက် ၃း၀၃ နာရီ၊ သထုံမြို့)**

၁။ အစိုးရဝန်ထမ်း (စာသင်ခြင်း၊ ဆေးရုံ) ဘယ်လမ်းကြောင်း ရွေးသင့်ပါသလဲ။

(၁၀)တန့်သခင် ၂လ်ဂြိုဟ် (၃)တန့်တွင် (၁၁)တန့်သခင် ၁နွေနှင့် ပူးယှဉ်သည်ကို ၅တေးဂြိုဟ်က (၁၀)တန့်မှ (၅)တန့် အထူးမြင် ကြံနေသည်။ နှစ်လိုင်းလုံး အကျိုးပေးသည်။ ပညာရေး(စာသင်ခြင်း) ပို၍သင့်




လျော်သည်။

၂။ ဘဝတွင် အေးချမ်းစွာ နေရမည်လား။


လဂ်သခင် ဖြကြာ (၄)တန့်ရာသီ (၃-တန့်ဘာဝ) တွင် ရပ်တည်၍ ပါပဂြိုဟ် အမြင်အယှဉ် ကင်းသောကြောင့် ဘဝတွင် များသောအားဖြင့် အေးချမ်းစွာ နေရပေမည်။

၃။ မိမိရည်ရွယ်သော အသက်တွင် သာသနာပြုနိုင်မည်လား။

စနေ (၃၊ ၁၀)တန့်နှင့် မဆက်သွယ်၍ သာသနာပြုလိုင်းဘက်ႇ မမြင်ပါ။

**မောင်ရဲမြင့်အောင်**

**(၂၈-၁-၁၉၈၇၊ ၁၄း၁၀ နာရီ၊ တောင်ကြီးမြို့)**




၁။ အကျိုးပေးလုပ်ငန်း၊ ကာလ။

(၁၀)တန့်သခင် စနေ (၇)တန့်တွင် (၁၊ ၆)တန့်သခင် ဖြကြာနှင့် ပူးယှဉ်ရပ်တည်သည်။ (၁၀)တန့်တွင် ၅တေးဂြိုဟ် ရပ်တည်သည်။ သားရေပစ္စည်း၊ စိုက်ပျိုးရေး ထွက်ကုန်၊ အထည်၊ ရေ၊အရည်နှင့် ပတ်သက်သော လုပ်ငန်း (ရေသန့်၊ အအေး)များထဲမှ အကျိုးပေးသည်။

၂။ ဘဝတွင် ကံကြမ္မာ အဆိုး/အကောင်း။



www.burmeseclassic.com

www.burmeseclassic.com


ဘ၀ကံအရ လက်သခင် ၆ကြာသည် (၇)တန့်တွင် (၉၊ ၁၀)တန့်သခင် စနေနှင့်ပူးကာ လက်အား ပြန်မြင်နေ၍ ဘ၀အဆင့် မြင့်မားစွာ နေရဖို့ရှိသည်။ စနေပါဝင်၍ သက်လတ်ပိုင်းရောက်ပြီးမှ ဖြစ်မည်။

၃။ အိမ်ထောင်ကံ ကောင်း/မကောင်း၊ ကာလ။

(၇)တန့်သခင် အင်္ဂါဂြိုဟ် (၁၁)တန့်တွင် ရာဟုနှင့် ပူးယှဉ်ရပ်တည်သည်။ အင်္ဂါရော ရာဟုပါ (၂၊ ၅)သခင် (၉)တန့်ရပ် ၄ဟူးပိုင်နက္ခတ်အား စီးထားကြ၍ အိမ်ထောင်ကံ ကောင်းပါသည်။ စိတ်ပျက်စရာ ကိစ္စများတော့ အခါအားလျော်စွာ ကြုံတတ်သည်။ (၁၂-၃-၂၀၁၈) မကျော်မီ အိမ်ထောင်ကျဖို့ ရှိသည်။

## မလင်းလင်း

**(၈-၁၁-၁၉၈၉၊ ၂၀း၀၀ နာရီ၊ ကျိုးသဲမြို့)**




၁။ ၀န်ထမ်းအလုပ်၊ အကျိုးပေး/မပေး။

(၆)တန့်သခင်ဂြိုဟ် အင်္ဂါ (၅)တန့်ဘ၀တွင် (၃၊ ၄)သခင် ၄ဟူးဂြိုဟ် (၆၊ ၁၁)သခင် အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ ၀န်ထမ်းဘ၀ မတည်မြဲတတ်ပါ။ (၁၀)တန့်သခင် ၅တေး လက်ဘ၀တွင် ရပ်တည်ပြီး (၇)တန့်ရှိ စနေ၊ ၆ကြာတို့အား မြင်၍ စီးပွားရေးလုပ်ငန်းဘက် ပိုအကျိုးပေးသည်။

၂။ ဘ၀တွင် ကြီးပွားချမ်းသာစွာ နေနိုင်မှာလား။


လက်တွင် (၇၊ ၁၀)တန့်သခင် ၅တေးဂြိုဟ် ပူးယှဉ်ရပ်တည်၍ (၂)တန့်သခင် ၂လာဂြိုဟ် (၉)တန့်ဘ၀တွင် ရပ်တည်သောကြောင့် ဘ၀တွင် ကြီးပွားချမ်းသာစွာ နေနိုင်ပါမည်။

၃။ နိုင်ငံခြားခရီးကိန်း။

(၁၂)တန့်သခင် ၆ကြာဂြိုဟ် (၇)တန့်တွင် (၈၊ ၉)သခင် စနေနှင့် ပူးယှဉ်ရပ်တည်၍ ဘ၀တွင် နိုင်ငံခြား ခရီးကိန်း ရှိပါသည်။

## မောင်ဖြိုးအောင်

**(၂၆-၁၀-၁၉၈၂၊ နံနက် ၁း၂၅ နာရီ၊ ရေနံချောင်းမြို့)**




၁။ အိမ်ထောင်ရေးကံ၊ ကောင်း/မကောင်း။

(၇)တန့်သခင် စနေဂြိုဟ် (၃)တန့်ဘ၀တွင် ၁နွေ၊ ၆ကြာ၊ ၅တေး ဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ အိမ်ထောင်ကံ သင့်ရုံသာ ရှိပါသည်။

၂။ နိုင်ငံခြားခရီးကိန်း၊ ကာလ။

(၁၂)တန့်သခင်ဂြိုဟ် ၂လာ (၆)တန့်ဘ၀တွင် ရပ်တည်၍ (၁၂)တန့်ဘ၀ကို ပြန်မြင်ထား၍ ဘ၀တွင် နိုင်ငံခြား ခရီးကိန်း ရှိပါသည်။ (၂၀၁၇-၂၀၁၉)ခုနှစ်အတွင်း နိုင်ငံခြားခရီးကိန်း အားကောင်းပါသည်။

၃။ ဆရာဝန်အလုပ်ဖြင့် အကျိုးပေး/မပေး။

(၁၀)တန့်သခင်ဂြိုဟ် ၆ကြာ (၃)တန့်တွင် လက်သခင် ၁နွေ၊ (၅၊ ၈)သခင် ၅တေး၊ (၆၊ ၇)သခင် စနေဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်၍ ဆရာဝန်အလုပ် အကျိုးပေးပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**
(ခရစ်ရှနားမူတီးပဒ္ဓတိ ရွှေဆောင်နက္ခတ်ပညာရှင်)
အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆
၀၉ ၂၆၁ ၄၄ ၇၇၆
၀၉ ၇၉၁ ၄၄ ၃၉၆



www.burmeseclassic.com

www.burmeseclassic.com


နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ဒေါင်းဆေးကျွန်း၊ ပဲခူး ဒေးဒွန်ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၈း၀၀)နာရီမှ မွန်းလွဲ(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်ဒီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆





စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

# ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာ ဗေဒပညာ

(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

ဟောဝီဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368




www.burmeseclassic.com

www.burmeseclassic.com





## (၂၀၁၆)ခုနှစ်၊ ဩဂုတ်လအတွက်

## ဈေးကွက်ခန့်မှန်းချက်

တရကင့်ရာသီတွင် ၁နေဂြိုဟ် ရှိသဖြင့် မိုးကောင်း၍ ဆန်စပါး ရှားတတ်၏။ သိဟ်ရာသီတွင် ၄ဟူးဂြိုဟ်၊ ၅တေးဂြိုဟ်၊ ၆ကြာဂြိုဟ်၊ ရာဟုဂြိုဟ်တို့ ပူးတွဲတည်ရှိနေသောကြောင့် ထင်ရှူးဆီ ရှားတတ်သည်။ ကောက်ပဲစပါး ကြီးပွားစည်ကားတတ်သည်။ ကျွဲ၊ နွားနှင့် ချင်းစိမ်း ထွက်ကုန် ရှားတတ်သည်။ ဗြိစ္ဆာရာသီတွင် အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပူးတွဲရှိနေ၍ အထည်နှင့် သတ္တုဝါတို့ ရှားပါး၍ ပင်ပန်းဆင်းရဲရတတ်သည်။ ကရကင့်ရာသီရှိ ၁နေဂြိုဟ်ကြောင့် အားအပြည့်ရှိ၍ ဤလတွင် ညနေဆည်းဆာ မင်္ဂလာပွဲများ ကျင်းပနိုင်လေသည်။

### ၂-၈-၂၀၁၆ (အင်္ဂါနေ့)


### (၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၁၄)ရက်




ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ထီးတော်တင်ရန်၊ ရဟန်းခံ ,ရှင်ပြုရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အုတ်မြစ်ချရန်၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူ ,လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀) နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်စိုးလှမော်၊ မဆွေလွင်မော်.. ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ အပြာနုရောင်ဖြစ်သည်။

### ၅-၈-၂၀၁၆ (သောကြာနေ့)

### (၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆန်း (၂)ရက်




အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု,ရဟန်းခံရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်, အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန်ရေးသားပြုစုရန်၊ ဆံရိတ်,ဆံသ၍ အလှပြင်ရန်၊ အလှကုန်ပစ္စည်း ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စက်သုံးဆီ ရောင်းဝယ်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းရန်၊ ငွေကြေးချေးငှားအပ်နှံရန်၊ အလုပ်သစ်လျှောက်ရန်၊ မေတ္တာရေးရာစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွန့်၊ မဟန်သူမြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ လိမ္မော်ရောင်ဖြစ်သည်။

### ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့)

### (၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆန်း (၄)ရက်




ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ စပါးရိတ်သိမ်းရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ အဝတ်အစားသစ် ဝတ်ဆင်ရန်၊ လေကြောင်းခရီးသွားရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ပညာစသင်ရန်၊ ဆေးဆိုင်ဖွင့်၍ ဆေးဝါးသစ်ဖော်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်တို့အတွက် , ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်ရှားလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်လှိုင်မြင့်၊ မဉမ္မာမြင့်··ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၈-၈-၂၀၁၆ (တနင်္လာနေ့)**


**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆန်း (၅)ရက်**



နန္ဒာတိထီယတြာ ရှိသောကြောင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရှင်ပြု၊နားသရန်၊ လက်ထပ်ပွဲမင်္ဂလာကျင်းပရန်၊ ဆံရိတ်၊ ဆံသပြုလုပ်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ် ဝတ်ဆင်ရန်၊ အလှပြင်ဗျူတီပါလာလုပ်ငန်း လုပ်ဆောင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပွဲနှင့် ဧည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကား ပြောဆိုရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက် (၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဆွေမြင့်၊ မခိုင်ဆွေမိုး··ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၁၀-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆန်း (၇)ရက်**



တိထိရက်မြတ်ယုဂ် ရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရှင်ပြု၊နားသရန်၊ လက်ထပ်မင်္ဂလာနှင့် အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံဧည့်ခံပွဲကျင်းပရန်၊ လယ်ယာမြေထွန်ယက်စိုက်ပျိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မယမင်းမေ··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်အရပ်တွင် စန်းပွင့်၍ ယတြာအရောင်မှာ မိုးပြာရောင်ဖြစ်သည်။

**၁၁-၈-၂၀၁၆ (ကြာသပတေးနေ့)**


**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆန်း (၈)ရက်**



ဂုဏ်သရေတိုးပွားသောယုဂ် ရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတ၊အနုပညာ၊ ရုပ်ရှင်၊သဘင်လုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ဝယ်ယူရန်၊ ပညာစသင်ရန်၊ အောင်ဘာလေထီထိုးရန်၊ ဆေးခန်းဖွင့်ရန်၊ အားကစားလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမြတ်မြတ်မေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

**၁၄-၈-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆန်း (၁၁)ရက်**



အလုံးစုံအောင်မြင်သောယုဂ် ရှိသဖြင့် ယနေ့ အောင်ဘာလေထီထိုးရန်၊ စာပေလုပ်ငန်း စတင်ရန်၊ ပညာစသင်ရန်၊ ပျိုးနုတ်၊ကောက်စိုက်ရန်၊ လက်ထပ်မင်္ဂလာကျင်းပရန်၊ ဆေးဝါးသစ် ဖော်စပ်ရန်၊ အလှကုန်ပစ္စည်း ထုတ်လုပ်ရောင်းချရန်၊ အိမ်၊ခြံ၊မြေ၊ ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အနုပညာသရုပ်ဆောင်လုပ်ငန်း စတင်ရန်၊ မေတ္တာရေးရာစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ··ဟု

www.burmeseclassic.com

ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အစိမ်းရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

**၁၆-၈-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆန်း (၁၃)ရက်**



ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း စတင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ကုန်ပစ္စည်းဝယ်ယူသိုလှောင်ရန်၊ အိမ်ပြောင်း,အိမ်သစ်တက်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ လက်ထပ်,နားသ,ပဋ္ဌင်းခံရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

**၁၈-၈-၂၀၁၆ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လပြည့်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု,နားသရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့်ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ၊ အုတ်စီရန်၊ ကျောက်သွေးလောင်း၊ တိုင်ထူရန်၊ အိမ်တက်လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမြင့်မြတ်မေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

**၁၉-၈-၂၀၁၆ (သောကြာနေ့)**


**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၁)ရက်**



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အဆောက်အအုံ ဆောက်လုပ်ရန်၊ မီဒီယာများတွင် လုပ်ငန်းကြော်ငြာ ထည့်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်၊ လုပ်ငန်းသစ် စတင်ရန်၊ စာပေကျမ်း[illegible] ရေးသားပြုစုရန်၊ ပျိုးနုတ်,ကောက်စိုက်ရန်၊ အထက်သို့ အစီရင်ခံစာ တင်သွင်းရန်၊ အလုပ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သျှားထက်ဝင်း မသီမ့်သီမ့်မြတ်··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ရွှေအိုရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

**၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၃)ရက်**



အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ နားသမင်္ဂလာနှင့် နာမည်ပေး ကင်ပွန်းတပ်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကျောက်မျက် ရတနာ ရောင်းဝယ်ရန်၊ အဝတ်အစားသစ် ဝတ်ဆင်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ ဆောင်ရွက်၍ စပါးရိတ် ကျီသွင်းရန်၊ ကုန်အရောင်းအဝယ်လုပ်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

**၂၂-၈-၂၀၁၆ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၄)ရက်**

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့



www.burmeseclassic.com

www.burmeseclassic.com



အမည်ကင်ပွန်းတပ်ရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်၍ အလှပြင်ရန်၊ လက်ဝတ်ရတနာ ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ အချစ်ရေးရာစကား ပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစံမြင့်၊ မကေခိုင်မြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

**၂၃-၈-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၅)ရက်**



အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ မီဒီယာများတွင် လုပ်ငန်းကြော်ငြာ ထည့်သွင်းရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသ ပြုလုပ်ရန်၊ အလှပြင်ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ပွဲ ကျင်းပရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

**၂၆-၈-၂၀၁၆ (သောကြာနေ့)**


**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၈)ရက်**



ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ မျိုးစေ့ကြဲပက် စိုက်ပျိုးရန်၊ လယ်ယာဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ ကုမ္ပဏီစတင်တည်ထောင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ လေကြောင်းခရီး သွားရန်၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသော အနုပညာလုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သျှားထက်မင်း၊ မသီမ့်သီမ့်မြတ်..ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ ပန်းရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

**၂၇-၈-၂၀၁၆ (စနေနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၉)ရက်**



မိဂသီ(ဘေးနှစ်ဖက်မြင်နက္ခတ်) ရရှိသောကြောင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ အလှပြင်ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ အချစ်ရေးရာစကားပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထူးဇော်မောင်၊ မတင်ဆွေမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ စိမ်းပြာရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် စန်းပွင့်မည်။

**၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၁၀)ရက်**




အထက်မြောက်နက္ခတ် ရရှိသောကြောင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ဘုရားထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အဆောက်အအုံတိုင်ထူရန်၊ အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ အိုးတက်

www.burmeseclassic.com

လှေကားထောင်ရန်၊ မီဒီယာများတွင် လုပ်ငန်းကြော်ငြာ ထည့်သွင်းရန်၊ အသီးခွတ်ခူးရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်သွင်းရန်၊ လေကြောင်းခရီး သွားရန်၊ ရှင်ပြု,နားသရန်၊ အားကစားလုပ်ငန်း ဆောင်ရွက်ရန်၊ ဆေးဝါးကုသ ခွဲစိတ်မှုခံယူရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ဂီတ၊ သဘင်၊ ရုပ်ရှင် လုပ်ငန်းများ ဆောင်ရွက်ရန်တို့ ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

**<u>၃၀-၈-၂၀၁၆ (အင်္ဂါနေ့)</u>**

**<u>(၁၃၇၈)ခုနှစ်၊ ဝါခေါင်လဆုတ် (၁၂)ရက်</u>**




ဂုဏ်သရေတိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ဘုရားထီးတော်တင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အ… အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ တံ… ထူ လှေကားထောင်ရန်၊ သီးနှံမျိုးစေ့ချ စိုက်ပျိုး… လေကြောင်းခရီးသွားရန်၊ ဂါထာ,မန္တန် သိဒ္ဓိတင်… မြေသန့်မင်္ဂလာ စီရင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အလုပ်… လျှောက်ရန်၊ ဗေဒင်ယတြာအတွက် ဆရာနှင့် တွေ့… ဆွေးနွေးရန်၊ အစုရှယ်ယာဝင်ရန်၊ ငွေချေးငှား အပ်နှံ… တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော က… မှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ည… (၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် … ကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မော… ဇော်ဝင်းမောင်၊ မစန္ဒာမြင့်··ဟု ပေးနိုင်ပါသည်။ ယတြာ… အရောင်မှာ ပန်းရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်း… မည်။

ဝေဒ-တ…

မင်းမဟော်ညွှ…


ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃…

# သုခရတနာ

…ဖြန့်ချိရေး



- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့်
  အနတ္တလက္ခဏသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ်နှင့်
  ပရိမိတ္တဇာလသုတ် ပါဠိတော်




အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၅၃၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄

www.burmeseclassic.com

# ထာဝရဓမ္မပဒေသာပင်များလှူဒါန်းနိုင်ပါသည်




ဆဋ္ဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ( D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာလျှောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသားနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ သာသနာ့အာဇာနည် အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာနာတော်ထွန်းကားရေး အသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋက ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာလျှောက်မေးပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊
(၂) ထောင်စုနှစ် ပဒေသာပင် ( ၅၀၀၀ိ/- ကျပ်တန် တစ်ပင်နှင့်အထက် )၊
(၃) စာအောင်ဆုနှင်း အလှူတော်ငွေ
(၄) စာလျှောက်မေးပွဲ အလှူတော်ငွေ
(၅) ဆွမ်း / ကွမ်း /ဆေး အလှူတော်ငွေ

လူပင်သေသော်လည်း အလှူမသေသည့် ပညာဒါနထာဝရပဒေသာပင်များကို သားစဉ်မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**

ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကန်ဘဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(ရုံး) ၀၉-၇၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၂၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၃၇၄၃၇၊

www.burmeseclassic.com

www.burmeseclassic.com



ဟိန်း(ဘူမိ)

# အေအိုင်ဒီအက်စ် နှင့် ကင်ဆာရောဂါများအတွက် သဘာဝကုထုံးနည်း

**စားသောက်ပုံ ပြောင်းရမည်**

(၁၉၇၉)ခုနှစ်တွင် အမေရိကန် ခွဲစိတ်ကုသ ဆရာဝန်များအဖွဲ့ အကြီးအကဲမှ အထူးအစီရင်ခံစာတစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ သိပ္ပံနည်းကျ လေ့လာမှုပေါင်း နှစ်ထောင်ကျော်နှင့် ဆရာဝန်ပေါင်း နှစ်ထောင်ကျော်တို့၏ အကြံပေးမှုများကို စုပေါင်း၍ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ယင်းဆရာဝန်များထဲတွင် အာဟာရဗေဒပါရဂူများ၊ ဇီဝဓာတုပညာရှင်များလည်း ပါဝင်ခဲ့သည်။

ထုတ်ပြန်ချက်ထဲတွင် အမေရိကန်တို့၏ ပုံမှန်အစားအစာများမှာ အန္တရာယ်ကြီးမားလှသည်ဟု ပါရှိခဲ့သည်။ တစ်နှစ်လျှင် အမေရိကန်လူမျိုး (၂.၁)သန်းခန့် သေဆုံးနေကြရပြီး ယင်းတို့ထဲတွင် (၁.၅)သန်းသည် အစားအသောက်နှင့် ဆက်စပ်ကာ သေဆုံးခဲ့ကြရသည်ဟု ဖော်ပြခဲ့ပါသည်။ အစီရင်ခံစာက လူအများအား အဆီ(fat)၊ အထူးသဖြင့် ပြည့်ဝဆီများ(saturated fats) ကို လျှော့စားကြရန် တိုက်တွန်းထားသည်။ ဥများ၊ ထောပတ်၊ အသားနီ(red meats) များ အထူးသဖြင့် ပါဝင်ပါသည်။

ဘရစ်တစ်ရှ် ကိုလံဘီယာရှိ ဗိုက်တိုရီယတက္ကသိုလ်မှ သုတေသီများက ကင်ဆာရောဂါ အဆို အလျောက် သက်သာပျောက်ကင်းသွားသောသူ (၂၀၀)ဦးတို့အား လေ့လာခဲ့သည်။ ယင်းလူများ၏ (၈၇)ရာခိုင်နှုန်းသည် စားသောက်မှုပုံစံ ပြောင်းလဲပစ်ခဲ့ကြကာ အသီးအရွက်စားသော ပုံစံသို့ ပြောင်းလဲကျင့်သုံးခဲ့ကြကြောင်း တွေ့ရှိခဲ့ကြရသည်။ (မှတ်ချက်-ဟင်းသီးဟင်းရွက်စားသော ပုံစံက အေအိုင်ဒီအက်စ် ရောဂါကိုပါ သက်သာစေနိုင်သည်။)

မကြာသေးမီကပင် ကောနဲနယ်တက္ကသိုလ်မှ သုတေသနသိပ္ပံပညာရှင် ဒေါက်တာဝီလီယာဒ် ဂျေ.ဗီဆက်(Dr. Williard J.Visek) က အသားများ အလွန်အကျွံ စားသုံးခြင်းနှင့် ကင်ဆာရောဂါတို့ကြား ဆက်စပ်မှုကို ရှင်းပြခဲ့ပါသေးသည်။ ဒေါက်တာဗီဆက်၏ အဆိုအရ အသားအား အစာခြေချက်ရာတွင် ဘေးထွက်ပစ္စည်းဖြစ်သော ကင်ဆာဖြစ်စေသည့် အမိုးနီးယား(ammonia carcinogic) သည် ပြဿနာတစ်ရပ် ဖြစ်နေသည်ဟု သိရပါသည်။

အေအိုင်ဒီအက်စ်နှင့် ကင်ဆာတို့သည် သတိပေးမှု မြင့်မားလာနေသော်လည်း ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင်း ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်းဖြင့် ကာကွယ်ပေးနိုင်ပါသည်။ ခန္ဓာကိုယ်တွင်းရှိ အဆိပ်ဓာတ်အများစုတို့သည် မသင့်လျော်သော စားသောက်မှုကြောင့် ဖြစ်ပေါ်ရသည်။ ယင်းစားသောက်မှုများတွင် အသားများ၊ နို့ထွက်ပစ္စည်းများ၊ သကြားဖြူများ(white sugar)၊ ဂျုံမှုန့်ဖြူများ၊ ဆန်ဖြူများ၊ အရက်၊ ဆေးရွက်ကြီး၊ ကော်ဖီ၊ ဆိုဒါနှင့် အခြားသဘာဝမဟုတ်သော အစားအစာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သော စားစရာများ ပါဝင်ပေသည်။ သင့်မြတ်လျော်ကန်သော စားစရာများသည် သွေးကောင်း (good blood) ကို ဖြစ်တည်စေသည်။ မသင့်မြတ်၊ မလျော်ကန်သော စားစရာများသည် အရည်အသွေး ညံ့ဖျင်းသော သွေးများကို ဖြစ်ပေါ်စေပါသည်။ ကင်ဆာသည် သွေးကောင်း၊ သွေးစစ်(pure blood) စီးကြောင်းတွင်းနှင့် ကိုယ်တွင်းခုခံအားစနစ် ကောင်းမွန်သော ခန္ဓာကိုယ်တွင်း၌ မဖွံ့ဖြိုးနိုင်ပါချေ။

အမျိုးသား ကင်ဆာအင်စတီကျူ့မှ နှစ်ပေါင်းများစွာအတွင်း ကင်ဆာနှင့် စားသောက်ပုံ ဆက်စပ်မှုမရှိဟူသော ဥပဒေသကို ချမှတ်ခဲ့ပေသည်။ ယခုအခါ လွှမ်းမိုးစွာ တွေ့ရှိရသော အထောက်အထားများအရ ယင်းတို့၏ စိတ်ကို ပြောင်းရပေတော့မည်။ ယင်းတို့က ယခုအခါတွင် အချို့သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များသည် ကင်ဆာကို ကာကွယ်ပေးကြောင်း အသိအမှတ် ပြုလာကြချေပြီ။

လိမ္မော်သီး၊ ငှက်ပျောသီးကဲ့သို့သော သစ်သီးများ၊ အစိမ်းရောင် အရွက်များ၊ အဝါရောင် ဟင်းသီးဟင်းရွက်များ၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီအစိမ်းရောင်(broccoli) တို့တွင် ကင်ဆာကို ကာကွယ်ပေးသော ဗီတာမင်များ၊ အမျှင်ဓာတ်များ ပါဝင်ပါသည်။ ယင်းတို့ကို နေ့စဉ် စားသောက်မှုထဲတွင် ထည့်သွင်းစားသောက်သင့်ပါကြောင်း အမျိုးသားကင်ဆာအဖွဲ့အစည်း(the National Cancer Institude) မှ ဆိုခဲ့ပါသည်။

အေအိုင်ဒီအက်စ်နှင့် ကင်ဆာတို့ကို ကာကွယ်ရန် ကျွန်ုပ်တို့၏ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးထားရပေမည်။ ယင်းအတွက် လိုက်နာရမည့် ရိုးရှင်းလွယ်ကူသော ဥပဒေသ(၈)ချက် ရှိပါသည်။ လေကောင်းလေသန့်များစွာ ရရှိရမည်။ ရေကောင်းရေသန့်များစွာ အသုံးပြုနိုင်ရမည်။ ဆီလျော်သင့်မြတ်သော သဘာဝစားစရာကောင်းများ စားသုံးရမည်။ လုံလောက်စွာ အနားယူပေးရမည်။ နေ့စဉ် လေ့ကျင့်ခန်း အသင့်အတင့် ပြုလုပ်ပေးရမည်။ နေ့စဉ် နေရောင်ခြည် ခံပေးရမည်။ မပူလွန်း၊ မအေးလွန်းသော အခြေအနေမျိုးတွင် နေပေးရမည်။ ဘာသာတရား ကိုင်းရှိုင်းရမည်။

လူတိုင်း,လူတိုင်း၏ ကိုယ်တွင်း၌ ကင်ဆာဆဲလ်များ ရှိနေပေသည်။ ကင်ဆာသည် ကင်ဆာ၏ တိုက်ခိုက်ဖျက်ဆီးမှုခံရသော သွေးဖြူဥဆဲလ်များနှင့် ကိုယ်တွင်းခုခံအား စနစ်ကို အားကောင်းအောင် ပြန်လည်ထူထောင်ခြင်းဖြင့် ကုသပေးရသည်။ ကင်ဆာဆဲလ်များသည် ပုံမှန်ဆဲလ်များထက် အားနည်းပြီး ကျွန်ုပ်တို့၏ ကိုယ်တွင်းခုခံအားစနစ် မြင့်မားနေပါက ကောင်းစွာထိန်းချုပ်ထားနိုင်ပေသည်။

**<u>အေအိုင်ဒီအက်စ်နှင့် ကင်ဆာကို မည်ကဲ့သို့ တိုက်ခိုက်ချေမှုန်းရမည်နည်း။</u>**

မည်သည့် ဆေးဝါး၊ ဆေးပင် (ဝါ) ကုသမှုနည်းကမှ ကင်ဆာ (သို့မဟုတ်) အေအိုင်ဒီအက်စ်ကို သက်သာပျောက်ကင်းသွားစေနိုင်ခြင်းမျိုး မရှိပါချေ။ ယင်းရောဂါ နှစ်ခုအတွက် ကိုယ်တွင်းခုခံအားစနစ်ကို အားကောင်းအောင် ထူထောင်ပေးခြင်းဖြင့် ကုသပေးရပေသည်။ ကိုယ်တွင်း ခုခံအားစနစ် အားကောင်းအောင် ထူထောင်ပေးရန် သဘာဝနည်းလမ်းများကို အောက်တွင် ဖော်ပြပေးသွားပါမည်။



**<u>သကြားနှင့် အသင့်စားစာများကို ရှောင်ကြဉ်ခြင်း</u>**

သကြားဖြူ စားခြင်းက သင့်သွေးဖြူဥဆဲလ်များ ပြင်ပမှ ရောဂါပိုးဝင်ခြင်းကို တိုက်ဖျက်ပေးနိုင်စွမ်းအား၊ ဟန့်တားခြင်းနှင့် တုံ့ဆိုင်းရပ်တန့်သွားခြင်းကို

www.burmeseclassic.com

ဖြစ်ပေါ်စေပါသည်။ သကြား လက်ဖက်စားဇွန်းဖြင့် (၂၅)ဇွန်းစာပမာဏ စားသုံးပါက (၅)နာရီခန့် အတွင်း သင့်သွေးဖြူဥဆဲလ်များ၏ လုပ်ဆောင်နိုင်စွမ်းကို (၉၂)ရာခိုင်နှုန်းထိ တုံ့ဆိုင်း ရပ်တန့်သွားစေနိုင်ပါသည်။ အမေရိကန်တို့သည် ပျမ်းမျှအားဖြင့် နေ့စဉ် သကြားဖြူ(၄၂)ဇွန်းခန့်ထိ စားသုံးပေသည်။ ဥပမာပြရလျှင် ငှက်ပျောသီး တစ်ခြမ်းတွင် သကြား လက်ဖက်စားဇွန်း (၂၄) ဇွန်းစာခန့် ပါဝင်သည်။ ကိုကာကိုလာ (၁၂)အောင်စတွင် သကြား (၈)ဇွန်းမှ (၁၀)ဇွန်းထိ ပါဝင်သည်။ ပေါင်မုန့်ဖြူ တစ်ချပ်တွင် သကြား လက်ဖက်စားဇွန်း(၂)ဇွန်း ပါဝင်သည်။ ယင်း သကြား (သို့မဟုတ်) ကယ်လိုရီကင်းမဲ့သော အရာနှင့် အသင့်စားစာများ(junk foods) သည် ခန္ဓာကိုယ်တွင်း ခုခံအားစနစ်၏ လုပ်ဆောင်မှုကို အနှောင့်အယှက် ဖြစ်စေပါသည်။

**အဆီစာများကို ဖယ်ထုတ်ပစ်ပါ**

ပြုပြင်ထားသော အဆီမြင့်မားသည့် စားစရာများသည် ရေရှည်စားသုံးပါက ကင်ဆာဖြစ်နိုင်ချေကို မြင့်မားစေပါသည်။ အမျိုးသမီးများတွင် အဖြစ်များသော ရင်သားကင်ဆာသည် ပြည့်ဝဆီမြင့်မားသော စားစရာများ (နို့၊ တိရစ္ဆာန်အဆီ)နှင့် ပတ်သက်ဆက်စပ်နေပေသည်။ အဆီနည်းစာများသည် ရင်သားကင်ဆာကို ကာကွယ်ပေးသည်သာမက ရင်သားကင်ဆာ ခံစားနေရသော အမျိုးသမီးများ ရောဂါသက်သာ ပျောက်ကင်းမှုနှုန်းကို မြင့်မားစေနိုင်ပါသည်။

**အသား မကြာခဏ မစားပါနှင့်**

ဆွီဒင်တို့၏ လေ့လာချက်တစ်ရပ်တွင် အသင့်စားစာများကို ပုံမှန်စားသုံးမှုကြားတွင် မကြာခဏ စားသုံးခြင်းသည် အူမကြီးကင်ဆာ ဖြစ်နိုင်ချေကို မြင့်မားစေသည်ဟု သိရပါသည်။ အစောပိုင်း ယင်းအချက်ကို မသိခင်က လေ့လာချက်များတွင် နေ့စဉ် နံနက်၊ နေ့လယ်၊ ညနေစာများတွင် အသားစားသုံးခြင်းက အူမကြီးကင်ဆာ ဖြစ်နိုင်ချေရှိသည်ဟု ဆိုခဲ့ကြပါသည်။ ပုံမှန်စားသုံးမှုတွင် အသားစားသုံးခြင်းက အသင့်စားစာ (ဝါ) ပုံမှန်စားသုံးမှုများကြားတွင် စားသုံးခြင်းကဲ့သို့ အန္တရာယ် မကြီးလှပုံ မပေါ်ဟု သိရပါသည်။

**နေ့စဉ် မုန်လာဥနီဖျော်ရည် သုံးခွက်မျှ သောက်သုံးပေးပါ**

မုန်လာဥနီသည် ဗီတာမင်(အေ)ကြွယ်ဝလှပြီး ဟင်းသီးဟင်းရွက် စားစရာများ မစားမီ (၁၅)မိနစ်မှ မိနစ်(၂၀)အတွင်း မုန်လာဥနီဖျော်ရည်ကို သောက်သုံးပေးသင့်သည်။ အိုဟိုင်းယိုး ကလီဗယ်လန်းဆေးခန်း ဇီဝဓာတုဗေဒဌာန ပါမောက္ခ ဒေါက်တာရေမွန် ဂျေ·ရှမ်ဘာဂါ (Dr. Raymond J.Shamberger) ၏ လတ်တလောလေ့လာချက်များအရ ဗီတာမင်(အေ)သည် ကင်ဆာနှင့် အေအိုင်ဒီအက်စ်တို့ကို တိုက်ဖျက်ရန် ခန္ဓာကိုယ်ခုခံအားစနစ်အား အထောက်အကူပေးရာတွင် အရေးအပါဆုံး အရာတစ်ခုဖြစ်ကြောင်း ဖော်ပြနေခဲ့ပေသည်။ ကာဆီနိုဂျင်(carcinogens



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဗီတာမင်(အေ)သည် ဖွံ့ဖြိုးကြီးထွားသော အကျိတ်နှင့် မဖွံ့ဖြိုး၊ မကြီးထွားသောအကျိတ် နှစ်မျိုးစလုံးကို ဟန့်တားပေးရာတွင် မှတ်သားဖွယ်ကောင်းလောက်အောင် ထိရောက်ကြောင်း တွေ့ရှိရပေသည်။

**<u>ရေသန့် များများသောက်ပေးပါ</u>**

မည်မျှများများ သောက်သုံးပေးရမည်နည်း။

ယင်းအချက်က သင့်ခန္ဓာကိုယ်အလေးချိန် မည်မျှရှိသည်ဟူသော အချက်ပေါ်မူတည်ပါသည်။ သင့်ခန္ဓာကိုယ်အလေးချိန်ကို တစ်ဝက်,ဝက်၍ ယင်းအရေအတွက်နှင့် ညီမျှသော ရေအောင်စကို (၂၄)နာရီအတွင်း သောက်ပေးရပါမည်။ သင်ပူပြင်းသော နေရောင်ခြည်အောက်သို့ ထွက်၍ အလုပ်လုပ်ရပါက ထို့ထက်ပင်ပို၍သောက်ပေးရပေမည်။ ဥပမာ-သင့်ခန္ဓာကိုယ်သည် ပေါင်(၁၆၀)ရှိပါက ယင်း၏တစ်ဝက်ဖြစ်သော ရေ(၈၀)အောင်စကို တစ်နေ့တာအတွက် သောက်ပေးရမည်။ ရေနွေးခွက်ဖြင့် (၈)ခွက်မှ (၁၀)ခွက်ထိ ရှိပေမည်။ သောက်ရမည့်ရေမှာ သတ္တုဓာတ်များ ဖြည့်မထားသော ရေရိုးရိုးသန့်သန့် ဖြစ်ရပေမည်။ သတ္တုဓာတ်များသည် အင်န်-အော်ဂဲနစ်များ ဖြစ်ရကား ကျွန်ုပ်တို့၏ ကျန်းမာရေးအတွက် ဘေးဒုက္ခ ဖြစ်စေနိုင်ပါသည်။ စားစရာများတွင် ပါဝင်သော သတ္တုဓာတ်များသည် အော်ဂဲနစ်များဖြစ်ရကား ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ယင်းသို့သော အော်ဂဲနစ်သတ္တုဓာတ်မျိုးကို လိုအပ်ပါသည်။ သတ္တုဓာတ်များ ဖြည့်မထားသော ပေါင်းခံရည်နှင့် ရီဗာ့စ်အော့စ်မိုဆစ်ရေ(reverse osmosis water) နှစ်မျိုးတို့ထဲမှ သောက်သုံးပေးနိုင်ပေသည်။

**<u>နေ့စဉ် နေရောင်ခြည်ခံပေးပါ</u>**

ခန္ဓာကိုယ်၏ အစိတ်အပိုင်း အတော်များများကို နေရောင်ခြည်ခံယူပေးရပါမည်။ သင့်တွင် အရေပြားနုနယ်ပါက တစ်နေ့လျှင် (၁၀)မိနစ်မှ စတင်ကာ တဖြည်းဖြည်း (၁)နာရီအထိ တိုး၍ နေရောင်ခြည် ခံပေးသွားရပါမည်။ နေရောင်ခြည်ခံယူရာတွင် မည်သည့် လိုးရှင်း၊ နေရောင်ခံခရင်မ်မျှ မလိမ်းပေးသင့်ပါ။ (ယင်းတို့သည် ကင်ဆာဖြစ်စေတတ်သော အကြောင်းရင်းထဲတွင် ပါဝင်သည်) ဆီတစ်မျိုးမျိုးလည်း မလိမ်းထားသင့်ဖူးချေ။ နေရောင်ခြည် ခံယူရာတွင် မျက်လုံးများတွင်းသို့ ခရမ်းလွန်ရောင်ခြည် ရောက်ရှိစေရန် မည်သည့်မျက်မှန်မျိုးမှ ဝတ်ဆင်မထားသင့်ပါချေ။ အင်တာဖာရွန်(interferon) သည် ကြီးထွားသည့် ကင်ဆာကျိတ်(carcinoma)၊ အဆစ်အမြစ် အရိုးတို့တွင် ဖြစ်တတ်သော ကင်ဆာ(sarcoma) နှင့် သွေးကင်ဆာများ အပါအဝင် ကင်ဆာအတော်များများကို ကာကွယ်ပေးရာတွင် ထိရောက်လှသည်။ ယင်းအတွက် အမေရိကန်ကင်ဆာအဖွဲ့ကြီးက ဖင်လန်မှ အင်တာဖာရွန်ကို ဝယ်ယူ၍ စမ်းသပ်အသုံးပြုရန် တိုက်တွန်းနေရခြင်း ဖြစ်သည်။

ဖင်လန်မှ ဒေါက်တာဟန်းစ် စထရန်ဒါ(Dr. Hans Strander) က အင်တာဖာရွန်သည် အရိုးကင်ဆာ နောက်ဆုံးအဆင့်နှင့် များစွာသော နာတာရှည်ရောဂါများကို သက်သာပျောက်ကင်းကြောင်း တွေ့ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင်းရှိ သွေးဖြူဥဆဲလ်များသည် ကင်ဆာကိုတွန်းရန် အထောက်အကူပြုပေးသော အင်တာဖာရွန်ကို အံ့ဖွယ်ကောင်းအောင် ထုတ်လုပ်ပေးနေသည်။ နေရောင်ခြည်က သွေးဖြူဥဆဲလ်များ ထုတ်လုပ်ပေးမှုကို တိုးပွားစေ၍ အင်တာဖာရွန်ထုတ်လုပ်မှုကိုလည်း တိုးပွားစေပါသည်။

**ဟိန်း(ဘူမိ)**

www.burmeseclassic.com

www.burmeseclassic.com

'အဘိုးကြီး‥ဟိုတစ်ခါ ကျုပ်ပေးတဲ့ဂဏန်း ဘာလို့ မထိုးတာလဲ'

'အဲ‥‥ဟို'

ဦးငြိမ်းအောင် သူ့ခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး–

'အိပ်ရာကနိုးတော့ နံပါတ်ကို မမှတ်မိတော့ဘူးဗျ'

'ကောင်းပါ့ဗျာ။ ခင်ဗျားကလည်း ဒီဂဏန်းလေး သုံးလုံးကိုတောင် မမှတ်မိနိုင်ဘူးကိုး။ အင်း‥ဒါဆို ပထမ တစ်ခါတုန်းကရောဗျာ'

'အဲဒီတုန်းကတော့ ထိုးပါတယ်ဗျာ။ ဒါပေမဲ့ ဘယ်မှာ ပေါက်လို့တုံး။ ရှိစုမဲ့စုလေး ကုန်ပါ ရောလား'

'ကုန်တာတောင် နည်းသေးတယ်။ ကျုပ်က သေချာ အိပ်မက်ပေးခဲ့တာကို ခင်ဗျားက ရှာရိုးကိုးပေါက် လျှောက် သွားပြီးတွေ့ရာလူ လျှောက်ပြော၊ ဒီတော့အဲဒီဂဏန်းကို ကစားသမားကလည်းထိုး ကဖော်သမားကလည်း ထိုးဆိုတော့ ထွက်ပါတော့မလား။ ပြီးတော့ ငွေဆိုတာ သူ့ကံရှိမှ ရမှာဗျ။ ခင်ဗျားတို့ကို လည်း ကံမရှိသေးရင် အချိန်မကျ သေးရင် ဘယ်သူမှ လာကယ် လို့ ရမှာမဟုတ်ဘူး။ ကျုပ် လည်း တတ်နိုင်မှာ မဟုတ်ဘူး'

# အေးမောင်မောင်ဆန်း

## အကျိုးပေးသော အိပ်မက်ဂဏန်း





www.burmeseclassic.com

www.burmeseclassic.com

ဦးငြိမ်းအောင်အား အိပ်မက်ထဲတွင် သူ့ထက် (၁၀) နှစ်ကျော်လောက် အသက်ပိုကြီးမည့် လူကြီးတစ်ဦးက စိတ်မရှည်သည့် အမူအရာနှင့် အပြစ်တင်နေ၏။

ထို့နောက် ထိုလူကြီးက–

'ကဲ..ရှိစေတော့၊ ရှိစေတော့။ ဒီတစ်ခါတော့ ခင်ဗျားကို ကျုပ် ဂဏန်းလေးလုံး ပေးလိုက်မယ်။ ခင်ဗျားအိပ်ရာကနိုးရင် မမေ့အောင်လည်း စီမံခဲ့မယ်။ ပြီးတော့ ဒီဂဏန်းလေးလုံးကို စင်ကာပူမှာရှိနေတဲ့ ခင်ဗျားမြေးကို ပြောပြ။ ပြီးရင် သူ့ကိုပြောရမှာက ဒီဂဏန်းလေးလုံးကို လေးဆယ်ဖိုး ထီထိုးပါ။ ပြီးတော့ ထီက သူတို့ဆီမှာ အကြီးနဲ့ အသေး (၂)မျိုးရှိတယ်။ အသေးမှာ ထိုးလို့ပြော။ ထိုးရမယ့်ရက်က လာမယ့်တနင်္ဂနွေနေ့ ဖွင့်မယ့်ထီ။ ဒီတော့ ဂဏန်းလေးလုံးကို ခင်ဗျား မမေ့အောင် ခင်ဗျားအိပ်တဲ့ခေါင်းရင်း နံရံမှာ ကျုပ် ထုံးနဲ့ ရေးခဲ့မယ်။ ခင်ဗျားစာအုပ်ထဲ ကူးရေးထားပြီးရင် ဖျက်လိုက်။ ကဲ..ရှင်းတယ်နော်။ ကျုပ် သွားမယ်'

'နေ..နေပါဦး ဆရာကြီးရဲ့၊ ကျွန်တော့်မြေးကို ဘယ်လို ဆက်သွယ်ရမှာလဲ။ ကျွန်တော် မဆက်သွယ်တတ်ဘူး။ သူ ဖုန်းဆက်မှ ရတာဗျ'

'ကျုပ် သိပါတယ်။ ဒါ ကျုပ်အလုပ်ပါ။ ကျုပ်က သူ့ကို အိပ်မက်သွားပေးလိုက်ရင် သူ ခင်ဗျားကို ဆက်သွယ်မှာပါ။ ကဲ..သွားပြီ။ စီးပွားတက်လာရင်သာ မြေးအဘိုး နှစ်ယောက်စလုံး ဘာသာရေးကို ပိုလုပ်ကြပေတော့'

ဦးငြိမ်းအောင် တစ်စုံတစ်ခုကို စဉ်းစားနေစဉ်မှာပင် အိပ်မက်ထဲမှ အဘိုးအို ဖျတ်ခနဲ သူ့အနားမှ ပျောက်သွားလေ၏။ ထို့နောက် သူလည်း လန့်နိုးလာပြီး အိပ်ရာနံဘေးမှ လက်နှိပ်ဓာတ်မီးကို စမ်း၍ ခြင်ထောင်ထဲမှ ကပျာကယာထွက်လိုက်၏။ အိပ်မက်ထဲက အဘိုးက သူ့အိပ်ရာခေါင်းရင်းတွင် ထီဂဏန်းရေးထားမည်ဆို၍ အိပ်ရာခေါင်းရင်းသို့ လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ ကြည့်လိုက်သည်။

ဟင်.. ဘာဂဏန်းမှလည်း မရှိပါလားဟု တစ်ယောက်တည်း ခပ်တိုးတိုးရေရွတ်မိ၏။ တစ်ဆက်တည်းမှာပင် အိပ်မက်ကို ယုံမိသော သူ့ကိုယ်သူ အပြစ်တင်ကာ ပြုံးမိ၏။ ထို့နောက် ခြင်ထောင်ထဲမှ လက်ပတ်နာရီကို စမ်း၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ပြန်၏။

ဟင်..လေးနာရီဆယ့်ငါးမိနစ်တောင် ရှိပြီပဲ။ ခဏနေ အရုဏ်တက်တော့မှာပဲဟုတွေးကာ ဆက်မအိပ်တော့ဘဲ ကိုယ်လက်သန့်စင်ကာ ခြင်ထောင်ထဲတွင်ပင် တရားထိုင်နေလိုက်၏။

ဦးငြိမ်းအောင်မှာ နေ့စဉ် နံနက်လေးနာရီ လေးဆယ့်ငါးမိနစ်ဆိုလျှင် အိပ်ရာမှထကာ ကိုယ်လက်သန့်စင်ပြီး နံနက်ငါးနာရီမှ ခြောက်နာရီအထိ တရားထိုင်၏။ ခြောက်နာရီထိုးလျှင် ဘုရားဆွမ်းတင်ရန် ဆွမ်းချက်ပြီး မနက်ခုနစ်နာရီ မထိုးခင် ဘုရားဆွမ်းတင်၏။ ထို့နောက် ဆွမ်းတော် စွန့်သူပါ နံနက်စာစားကာ စာကြွင်းစားကျန်ကို တိရစ္ဆာန်များကို ကျွေး၏။

မနက်စာ စားပြီးသောအခါ နေ့လယ်စာအတွက် ဈေးဝယ်စရာရှိက ထွက်ဝယ်၏။ မရှိက ဘုရား နေ့ဆွမ်းကပ်ရန်နှင့် သူ့အတွက် ချက်ပြုတ်လျှင် နံနက်(၉)နာရီကျော်လောက်လျှင် ကျက်လေသည်။ ထို့နောက် ခဏအမောအပန်းပြေ ရေချိုးပြီးလျှင် ဘုရားဆွမ်း တင်၏။ ဘုရားဆွမ်းတင်လျှင် ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်လေ့ရှိ၏။ ပြီးလျှင် ဆွမ်းတော်စွန့်၍ နေ့လယ်စာ စား၏။ ထမင်းစားပြီးပါက နေ့လယ် တရားစာအုပ် တစ်အုပ်အုပ် ဖတ်လေ့ရှိသည်။

ဖတ်စရာ တရားစာအုပ် မရှိပါက အခွေဖွင့်၍ တရားနာ၏။ နေ့လယ် ဝိပဿနာတရားထိုင်ပြန်သည်။ ညောင်းလျှင် စင်္ကြံလျှောက်သည်။ ညနေကို ညစာ(၅)နာရီခန့်တွင် စားတတ်သည်။ ပြီးလျှင် အိုးခွက်ပန်းကန်များ ဆေးကြောပြီးသည်နှင့် ဘုရားဝတ်တက်၏။ ထို့နောက် တရားထိုင်ပြီးမှ ည(၉)နာရီခန့်တွင် အိပ်ရာဝင်လေ့ရှိသည်။ သူ့မြေးလေး အိမ်မှာမရှိတော့ ဘာသာရေးအလုပ်တွေ ပိုလုပ်ရင်း မြေးကို မလွမ်းရလေအောင် နေလေ၏။

အခုလို သူနေလိုက်တော့ ကုသိုလ်လည်းရ မြေးလည်း မလွမ်းရ၍ သူ့အတွက် ပိုကောင်းသည်ဟု ဦးငြိမ်းအောင် ခံယူထားသည်။

ခြောက်နာရီသံပတ်ပေးထားသောနာရီက အသံမြည်လာသောအခါ ဦးငြိမ်းအောင် တရားဖြုတ်ပြီး ခြင်ထောင်ထဲမှ ထလာကာ အိပ်ရာသိမ်း၊ ထို့နောက် ထုံးစံအတိုင်း ဘုရားဆွမ်းတင်ပြီး ဝတ်ပြုရာမှအထ အမှတ်မထင် မိမိအိပ်ရာခေါင်းရင်း နံရံကို လှမ်းကြည့်မိ၏။

www.burmeseclassic.com

"ဟင်··ဘာတွေရေးထားပါလိမ့်။ ဟာ··ဂဏန်းတွေပါလား။ သူ တကယ်ရေးသွားတာကိုး။ ဘယ်တုန်းက ရေးသွားပါလိမ့်။ ငါ နီးနီးချင်း ကြည့်တာပဲ။ ဘာဂဏန်းမှ မရှိပါဘူး။ အင်း··ထူးတာကတော့ အတော်လေး ထူးတာပဲ"

ထို့နောက် ဦးငြိမ်းအောင် နံရံမှ ဂဏန်းလေးကို သူ့စာအုပ်ထဲ ကူးရေးလိုက်၏။ စိတ်မှလည်း ရွတ်ဆို၍ မှတ်သားထားလိုက်၏။ ပြီးမှ သူတွေးလိုက်မိသည်မှာ သူပြောသလိုဆိုရင် ငါ့မြေး ငါ့ကို တကယ် ဖုန်းဆက်၊ မဆက်ဆိုတာပဲ စောင့်ကြည့်ရတော့မှာပဲ။ မှန်ခဲ့မယ်ဆိုရင် ဒီနေ့ သောကြာနေ့ဆိုတော့ တနင်္ဂနွေမတိုင်ခင် ဒီနေ့နဲ့ မနက်ဖြန် တစ်ရက်ရက် သူ့ဘက်က ဖုန်းဆက်လာမှာပဲ"

ဂဏန်းများကို ရေးမှတ်ထားပြီးသောအခါ နံရံမှ ဂဏန်းများကိုဖျက်ရန် ဦးငြိမ်းအောင် လက်ဖြင့် ကိုင်လိုက်သည်နှင့် ဂဏန်းများသည် ထုံးများ ခြောက်နေပြီဖြစ်၍ ကြွေကျသွားသည်။ နဂိုကတည်းက ခပ်မှိန်မှိန်ထင်သော ဂဏန်းများက အထူးဖျက်စရာမလို၊ အလွယ်တကူပင် ပျက်၍သွားလေသည်။

သည့်နောက်တွင်မှ ဦးငြိမ်းအောင် မြေးဆီမှ ဖုန်းကို မျှော်မိ၏။ သို့သော် မလာ။ နောက်တစ်နေ့ စနေနေ့ ဦးငြိမ်းအောင် နိုင်ငံခြားမှ မြေးဖုန်းကိုပင် ထပ်မျှော်ပြန်၏။ ဘုရားရှိခိုးပြီး အိပ်ရာဝင်သည်အထိ မလာ။ ထို့ကြောင့် ဦးငြိမ်းအောင် စဉ်းစားမိသည်မှာ ထီပေါက်ခြင်း၊ မပေါက်ခြင်း၊ တစ်နည်းအားဖြင့် ငွေအလုံးအရင်း ဝင်ခြင်း၊ မဝင်ခြင်းမှာ မိမိဘဝအတွက်မူ ပို၍ထူးခြားမည်မထင်။ မိမိမှာ နေစရာ ဒီအိမ်ကလေး ရှိ၏။ စားဖို့သောက်ဖို့အတွက် မိမိပိုင် လယ်အနည်းငယ်ကို သူရင်းငှားနှင့် လုပ်နိုင်းထားသဖြင့် စားရေးသောက်ရေးအတွက် အဆင်ပြေ၏။ ထို့အပြင် မိမိအသက်က ယခု (၇၀)ထဲ ဝင်နေပြီ။ အလွန်ဆုံး နေရလှ ဆယ်နှစ်၊ ဆယ့်ငါးနှစ်။ သို့သော် မြေးလေး လူတစ်လုံး သူတစ်လုံးဖြစ်ရန် သူ့ဘဝအတွက်တော့ ငွေလိုမည်။ တစ်ဦးတည်းသော မြေးကလေးအတွက်တော့ ပူပန်မိတာ အမှန်ပင် ဖြစ်၏။

မြေးဖြစ်သူ၏ ငယ်ဘဝမှာ မိစုံဖစုံနှင့် ကြာကြာ မနေရ။ သူ့ဖခင် ဦးငြိမ်းအောင်၏သားမှာ တပ်မတော်သား တပ်ကြပ်တစ်ဦးဖြစ်၍ ရှေ့တန်းထွက်ရင်းပင် နာမကျန်း ဖြစ်ကာ မြေးဖြစ်သူ အသက်(၃)နှစ်ခန့်မှာပင် ဆုံးသွ[...] လေ၏။ ယောကျ်ားဆုံးပါးသွားသောအခါ တပ်ထဲတွ[...] လိုက်နေသော သူ့ချွေးမက မြေးကလေး လက်ဆွဲ၍ [...] မိဘများရှိရာ တောင်ပေါ်ဒေသတွင် သွား၍နေ၏။ [...] သော် နောက်(၂)နှစ်ခန့် ကြာသောအခါ ချွေးမဖြစ်သူ[...] လည်း သွားလေသူ ခင်ပွန်းစိတ်ဖြင့်လည်းကောင်း၊ အလု[...] အကိုင်ပင်ပန်း၍ စီးပွားရေးမှာလည်း မကောင်းသဖြ[...] မူလက အခံရှိသော နှလုံးရောဂါမှာ တိုး၍ နောက်ဆုံ[...] သူ့ခင်ပွန်းနောက် လိုက်သွားရလေတော့သည်။

သူ့အမေ ဆုံးပါးသွားသောအခါ မြေးဖြစ်သူမှာ မိခ[...] ဘက်မှ အဘိုးနှင့် ကျန်ရစ်ခဲ့၏။ ထိုအဘိုးမှာလည်း ဦး[...] ငြိမ်းအောင်ထက် အသက်အရွယ် ပိုကြီးသလို ကျန်းမာရေ[...] ရော စီးပွားရေးရော သူ့လောက် မကောင်းသဖြင့် မြေ[...] ဖြစ်သူ ရှေ့ရေးအတွက် သူ တာဝန်ယူခဲ့ခြင်း ဖြစ်သည[...] ထို့အတူ သူယူထားသောတာဝန် ကျေခဲ့သည်။ မြေး[...] ဘွဲ့ရသည်အထိ ပညာသင်ပေးနိုင်ခဲ့သည်။ ဘွဲ့က သာ[...] ဝိဇ္ဇာဘွဲ့ဆိုတော့ အလုပ်ရဖို့က သိပ်မလွယ်သလို လ[...] ကောင်းကောင်းလည်း ရရန် မလွယ်သဖြင့် မြေးဖြစ်သူ[...] သူများတွေလို နိုင်ငံခြား အလုပ်သွားလုပ်လိုသည်ဟု [...] လာ၏။ ပထမ သူ့အနေနှင့် မလွှတ်လို။ မိမိမျက်ကွယ[...] တွင် စိတ်မချနိုင်။ မြေးနှင့် မခွဲချင်တာလည်း ပါ[...] သို့သော် မြေးဖြစ်သူကလည်း သူ့အဖေလိုပင် လယ်[...] လုပ်ငန်းကို စိတ်မဝင်စား။ ထို့ကြောင့် မကြာခဏ နိုင[...] ခြားသွား အလုပ်လုပ်လိုကြောင်း ပူဆာ၏။

ကြာလာတော့ ဦးငြိမ်းအောင် သေချာစဉ်းစားရ[...] ကိုယ်တော်လေးက စိတ်မဝင်စားဟုဆိုကာ မိမိ လ[...] ငုတ်လက်ရင်း လယ်ယာစိုက်ပျိုးရေးမှာလည်း ဝင်မလု[...] တခြား ဘာအလုပ်မှလည်း မလုပ်ချင်သဖြင့် မိမိက [...] လို့ ဖက်ထားလျှင် ဒီကလေး မိမိသေလျှင် အလုပ်အ[...] မရှိဘဲ ဒုက္ခရောက်ရပေတော့မည်ဟု တွေးဆကာ [...] ဖြစ်သူ ရှေ့ရေးအတွက် ရှိစုမဲ့စု အတွင်းပစ္စည်းလေး[...] နှင့် သူပိုင်လယ်ဧကအချို့ကိုရောင်း၍ စင်ကာပူနိုင်ငံ[...] အထွေထွေအလုပ်သမားလုပ်ရန် ပို့ပေးလိုက်ရခြင်း [...] သည်။

ထိုကလေးက ကိုယ့်မြေးမို့ ကိုယ်ပြောတာ[...] လိမ္မာရေးခြားရှိ၏။ ဘာသာတရားလည်း [...]



www.burmeseclassic.com

www.burmeseclassic.com

သူ့လစာငွေကို အဘိုးဖြစ်သူထံ လစဉ် ပို့ပေး၏။ ဦးငြိမ်းအောင်မှာ အသုံးမလိုသလို သုံးလည်း မသုံးရက်သဖြင့် ဘဏ်၌ စုထားပေး၏။ လစဉ် ငွေပို့ပြီးတိုင်း မြေးလုပ်သူက ဖုန်းဆက်၏။ ယခုအချိန်မှာ လကုန် လခထုတ်ရက် မဟုတ်သဖြင့် သူ ဖုန်းဆက်လေ့ဆက်ထရှိသည့် အချိန် မဟုတ်ပေ။

သို့သော် အိပ်မက်ထဲမှ ပုဂ္ဂိုလ်ကြီးက သူ့မြေး သူ့ထံ ဖုန်းဆက်အောင် လုပ်ပေးမည်ဟု ပြောထားသဖြင့် မှန်၊ မမှန် သူ သိချင်နေမိသည်။ အထူးသဖြင့် မိမိမှာ ဝိပဿနာတရားများကို အားထုတ်နေ၍ တရားတွင် အပြည့်အဝ စိတ်မဝင်စားနိုင်ရန် အနှောင့်အယှက်များ ဝင်လေသလားဟု သူထင်နေ၏။ အိပ်မက်ထဲကအတိုင်း အားလုံး မှန်မှပဲ ငါတို့ကို တကယ်စောင့်ရှောက်တာပါလားဟု သူ ယုံကြည်နိုင်တော့မည် ဖြစ်၏။ ထို့ကြောင့် စိတ်ကူးပေါင်းများစွာ၊ အတွေးပေါင်းများစွာနှင့် စနေနေ့ညတွင် ဦးငြိမ်းအောင်တစ်ယောက် နောက်ကျမှ အိပ်ပျော်သွားလေသည်။

တနင်္ဂနွေရောက်တော့ ဦးငြိမ်းအောင် ဖုန်းလည်း မျှော်တော့။ ဖုန်းဝင်လာဦးတော့ အလာကောင်းသော်လည်း အခါနှောင်းနေပြီ မဟုတ်ပါလော။ သူ့မြေးကလေးကို ချမ်းသာချင်စိတ်က တဏှာလောဘစိတ်တွေမို့ သူ တရားထူးရရေးအတွက် အနှောင့်အယှက်တွေပါလားဟု သူ စဉ်းစားသိမြင်လာ၏။

ထို့ကြောင့် ဘာကိုမျှ မမျှော်လင့်တော့ဘဲ စိတ်ကို ဒုန်းဒုန်းချ၍ နေ့လယ်စာ အေးအေးဆေးဆေး စားနေခိုက်တွင် –

'အဘငြိမ်း…အဘရေ၊ အဘမြေးဆီက ဖုန်းလာတယ်'

တစ်ရွာလုံးတွင် ဖုန်းနှစ်လုံးသာ ရှိသည့်အနက် ယခုအသံမှ အရှေ့ပိုင်းမှ ဖုန်းပိုင်ရှင် ရွှေစင်၏အသံ။

ထို့ကြောင့် –

'ဘာတုန်းဟဲ့ ရွှေစင်မ၊ ဘယ်သူ့ဆီက ဖုန်းလဲ'

ဦးငြိမ်းအောင် သေချာအောင် ထပ်မေးလိုက်သည်။

'ဘာတုန်း လုပ်မနေနဲ့ အဘရေ…အဘမြေးက အဘကို စိတ်ပူလို့တဲ့ ဖုန်းဆက်တယ်။ ကျွန်မကိုလည်း မေးလိုက်တာ အဘ နေကောင်းရဲ့လားတဲ့။ သူ အိပ်မက်တွေ မကောင်းလို့တဲ့။ ကျွန်မက ကောင်းပါတယ်လို့ ပြောတာတောင် သူက သိပ်မယုံချင်သေးဘူး။ အဘကို ခေါ်ပေးတဲ့လေ။ ပြီးတော့ အဘ အေးအေးဆေးဆေး လျှောက်လာလို့ ရအောင်တဲ့၊ နောက်ထပ်မိနစ်(၂၀)လောက်နေမှ ပြန်ခေါ်မယ်တဲ့'

'အေး…အေး…ငါ လာခဲ့မယ်'

ဦးငြိမ်းအောင် တယ်လီဖုန်းရှိသော အိမ်သို့ရောက်ပြီး သိပ်မကြာ သူ့မြေးဖုန်း ဝင်လာ၏။

'အဘ…နေကောင်းရဲ့လား။ သား အိပ်မက်တွေ မကောင်းလို့'

'ကောင်းပါတယ် ငါ့မြေးရဲ့။ မင်းက ဘာတွေမက်လို့တုံး'

'အိပ်မက်ထဲမှာ အဘက အဝတ်အစားကောင်းတွေနဲ့ဗျ။ ပြုံးလို့ ရယ်လို့ ဘာမှတော့ မပြောဘူး။ နောက် ကျွန်တော်တို့ အိမ်ကလည်း အခုလို သစ်သားအိမ်သေးသေးလေး မဟုတ်တော့ဘူး အဘရဲ့။ နှစ်ထပ်တိုက်ကြီး အကြီးကြီးပဲ'

'အဲဒါ ကောင်းတာပေါ့ ငါ့သားရဲ့။ ဒါ ရှေ့လျှောက် ကြီးပွားချမ်းသာမယ့် နိမိတ်ကို ပြတာပဲ'

'ဒီလိုဆိုရင်တော့ ကောင်းတာပေါ့ အဘရယ်'

'ဒါနဲ့ နေပါဦး။ ဒီနေ့ မင်းတို့ဆီမှာ ဂဏန်းလေးလုံး ထီ ထွက်တယ်ဆို'





www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်လေ။ အဘက ဘာလုပ်မလို့လဲ'

'ဘာဂဏန်း ထွက်သွားလဲကွယ့်'

ဦးငြိမ်းအောင် သူ့နံရံပေါ်က ဂဏန်း မှန်,မမှန် သိချင်နေ၏။

'ဒီအချိန် ဘယ်ထွက်ဦးမှာလဲ။ ညနေမှ ထွက်တာ။ အခု ဒီမှာ မနက်ကိုးနာရီကျော်ပဲ ရှိသေးတယ်'

'ဟေ..ဒီလိုဆို မင်းကို အဘ ဂဏန်းလေးလုံး ပြောပြမယ်။ အဲဒီဂဏန်း သွားထိုးလိုက်'

'ဟင်..အဘက ဘယ်က ဂဏန်းတွေ ရတာလဲ။ အဘ နှစ်လုံး၊ သုံးလုံးတွေ ထွက်နေတာလား။ အေးအေးနေပါ အဘရယ်။ အသက်လည်း ကြီးပါပြီ။ ငွေလိုရင် သား ပို့ပေးမှာပေါ့'

'ဟာ..ဒီကောင် ပြောရတာ ခက်သကိုး။ အဘ အိပ်မက်,မက်လို့ကွ။ သေသေချာချာ ထိုးဖြစ်အောင် ထိုးလိုက်နော်။ ဩော်..ထီက အကြီး,အသေး နှစ်မျိုးရှိတာ။ အသေးကိုထိုးတဲ့။ အဲဒီဂဏန်း တစ်လုံးတည်းကို ငွေလေး ဆယ်ဖိုး ထိုးတဲ့။ ကြားလား'

'ဟင်..အဘက အဲဒါတွေ သိနေတယ်။ အကြီးတွေ အသေးတွေ၊ ဂဏန်းလေးလုံးထီ တနင်္ဂနွေနေ့မှာ ထွက်တာတွေ သိနေတယ်'

'အေး..ဟုတ်တယ်။ ငါ အိပ်မက်,မက်တာပါဆို။ နောက်မှ မင်းကို အကြောင်းစုံပြောပြမယ်။ ထိုးဖြစ်အောင် သာထိုး'

'ဟုတ်ကဲ့..ဟုတ်ကဲ့ အဘ။ ဂဏန်းသာ ပြောပါ'

'ဂဏန်းက (×××)တဲ့။ ကြားလား'

'သား ပြန်ရွတ်ပြမယ်နော်။ ဂဏန်းက (×××) ဟုတ်လား'

'အေး..ဟုတ်တယ်'

ဤသို့ဖြင့် ဦးငြိမ်းအောင်၏ မြေးဖြစ်သူသည် ထိုနေ့ ညနေ စင်ကာပူနိုင်ငံတွင် ထွက်ရှိသော 4D Small ဒုတိယဆုပေါက်၍ သူဌေးမြေးအဘိုး နှစ်ယောက်အဖြစ် နေ့ချင်း ညချင်း ရောက်ရှိသွားလေတော့သတည်း။

**အေးမောင်မောင်ဆန်း**

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



**စန်းသော်တာ**

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



အကိုက်အခဲပျောက်လိမ်းဆေး။

ရင်လူးဆေး။

အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျုံ့ပေါင်း။ အကြောတက်ခေါင်းအုံ၊ ဂဏ်လေ။ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။

ကလေးချွဲကျပ်၊ ချောင်းဆိုး။ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။

အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း။ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၆၃၈၂

ပင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝမ်းချောင်းမြို့နယ်၊ ဖုန်း-၇၀၉၀၆



www.burmeseclassic.com

www.burmeseclassic.com

ဒီသြကာသလောကကြီးထဲမှာ Under World လို့ ခေါ်တဲ့ ဝိညာဉ်လောကရှိနေတာကို ကျွန်ုပ် ကောင်းစွာယုံကြည်သည်။ ဝိညာဉ်လောက၊ နာမ်လောကသားတွေဟာ အခုမှ ပေါ်လာတာ မဟုတ်ဘူး။ ဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရှိနေခြင်းဖြစ်သည်။ လူတစ်ယောက်နှင့် တစ်ယောက် ယုံကြည်ချက်ချင်း မတူကြသလို နားလည်သဘော ပေါက်တာချင်းတို့လည်း မတူညီနိုင်ကြပါဘူး။ တချို့က စာဖတ်အားနည်းပြီး ဗဟုသုတ အတွေး အခေါ်ပိုင်းတွေ အားနည်းတတ်ကြလေတော့ နာမ်လောက၊ ပရလောကသားတွေ ရှိခြင်း၊ မရှိခြင်းတို့နှင့်ပတ်သက်ပြီး မျက်လုံးစုံမှိတ်ကာ မရှိဘူး၊ မယုံဘူး၊ လက် မခံနိုင်ဘူး ဆိုပြီး ငြင်းခုံတတ်ကြ တာမျိုး ရှိနေတတ် ကြပါသည်။ ကျွန်ုပ် အနေဖြင့် ထိုပုဂ္ဂိုလ်များ ကို ရင်ဆိုင် အငြင်းမပွား လိုပါ။ သူ ယုံကြည် ချက်နှင့် သူပဲလေ။



www.burmeseclassic.com

ကျွန်ုပ်အနေနှင့်ကတော့ နာမ်လောကသားတွေ ရှိနေတာကို ခြွင်းချက်မရှိ ယုံကြည်ပါသည်၊ လက်ခံပါသည်။ ကိုယ်တွေ့ကြုံဖူးခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်ုပ် (၁၀) တန်းကျောင်းသားဘဝက ဗဟန်းရဲစခန်းဝင်းရှိ (၂)ထပ် (၆)ခန်းတန်းလျား အသစ်တွေမှာ တပ်ဖွဲ့ဝင်တွေ မနေသေးခင် ကျွန်ုပ်တစ်ဦးတည်း အောက်ထပ် အခန်းတစ်ခန်းမှာ ညစာစားပြီး စာသွားကျက်ခဲ့ဖူးပါသည်။

ည(၈)နာရီကနေ စောင့်ကြည့်ခဲ့ရာ ည(၁၂)နာရီထိုးတော့ စာကြည့်ရပ်ပြီး တစ်ယောက်အိပ် သံခုတင်ပေါ်တက်၊ ခေတ္တနားနေစဉ် ခပ်ဝေးဝေးကနေ ခွေးတစ်ကောင်ဟာ မကောင်းဆိုးဝါးကိုတွေ့ပြီး အဆက်မပြတ် အူနေသံကို ကြားနေရပါသည်။ အဲဒီ ကြားနေတဲ့ ခွေးအူသံဟာ တဖြည်းဖြည်းနဲ့ နီးနီးလာနေတာကို သတိထားမိပါသည်။ ကျွန်ုပ်စိတ်ထဲမှာ ဒီမကောင်းဆိုးဝါးကောင်ဟာ ငါတို့တန်းလျားအသစ်ဘက်ကို လာနေပါလားလို့လည်း သတိထားမိနေခဲ့ပါသည်။

ဒီလိုနဲ့ ခွေးအူသံဟာ ကျွန်ုပ်အခန်းရှေ့တည့်တည့်သို့ ရောက်လာသဖြင့် ဩော်··ဒီမကောင်းဆိုးဝါးကောင်ကြီး၊ ငါ့အခန်းရှေ့ ရောက်လာပါကောလားလို့ သတိထားမိနေခဲ့ပါသည်။ ဒီလိုနဲ့ ခွေးအူသံဟာ ဖြုန်းဆို ပျောက်သွားပြီး တံခါးအလုံပိတ်ထားတဲ့ ကျွန်ုပ်ရှိနေသော အခန်းထဲကို ရောက်လာကာ ကျွန်ုပ်ကိုယ်ပေါ်သို့ ကားရားခွလျက် ဖြစ်နေပါသည်။ မြန်လိုက်ပုံကတော့ ပြောတောင် မပြောချင်တော့ဘူး။ ခွေးအူသံအပျောက် မကောင်းဆိုးဝါးကောင်ကြီးကလည်း ကျွန်ုပ်ကိုယ်ပေါ် အရောက်နဲ့ တစ်ချိန်တည်းပါပဲ။

ကျွန်ုပ်ခန္ဓာကိုယ်ဘေးမှာ ချထားတဲ့ ကျွန်ုပ်ရဲ့ လက်နှစ်ဖက်ကို မကောင်းဆိုးဝါးကောင်ကြီးရဲ့ ဒူးနှစ်ဖက်နဲ့ ဖိထားကာ ကျွန်ုပ်၏လည်ပင်းကို ၎င်းလက်နှစ်ဖက်နှင့် အတင်းဖိညှစ်တာကို ခံလိုက်ရပါသည်။ ဘယ်လိုမှ ရုန်းလို့ကို မရတော့ပါဘူး။ အသက်ရှူလို့လည်းမရ ဖြစ်နေပါသည်။ ကြာရင် သေဖို့သာ ရှိပါတော့သည်။ ဒီမကောင်းဆိုးဝါးကောင်ကြီးဟာ လူတစ်ယောက်အရွယ်ရှိပြီး အလွန်တောင့်တင်းသန်မာလျက် ရှိပါသည်။ ဒီနေရာမှာ ကျွန်ုပ်အကြောင်း အနည်းငယ်ပြောရမယ်ဆိုရင် အဲဒီအချိန်က ကျွန်ုပ် ကိုယ်ကာယအလှမောင်အတွက် အလေးမ(Body Beauty) သမား ဖြစ်တယ်။ သိမ်ဖြူကွင်းမှာ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ ရိုးရာလက်ဝှေ့ကို အကြိမ်ကြိမ်ထိုးသတ်လျက်ရှိပြီး အလုံးတူ၊ အရွယ်တူ၊ ဒေါက်တူ စိန်ခေါ်ပွဲတွေကို မလွတ်တမ်း ထိုးသတ်လေ့ရှိသူ ဖြစ်ပါသည်။ မြင်းချိုတပ်ပေးထားသလို ရန်သူဆိုရင် ကြီးသော၊ ငယ်သော၊ အထီးသော၊ အမသော မရှောင်သော အချိန်ကာလ ဖြစ်ပါသည်။

မကောင်းဆိုးဝါးကောင်ကြီးဟာ ကျွန်ုပ်ခန္ဓာကိုယ်အထက်ပိုင်းကိုဖိကာ ကျွန်ုပ်လည်ပင်းကို အတင်းညှစ်ထားစဉ် ကျွန်ုပ်၏ခြေနှစ်ဖက် လွတ်နေတာကို သတိရပြီး ခြေထောက်နှစ်ချောင်းဖြင့် မကောင်းဆိုးဝါးကောင်ကြီး၏ လည်ပင်းကို ညှပ်လိုက်ကာ ခါထုတ်လိုက်ပါသည်။ မကောင်းဆိုးဝါးကောင်ကြီး ဟန်ချက်ပျက်သွားသဖြင့် ကျွန်ုပ်လက်နှစ်ဖက် လွတ်သွားပါသည်။ ကျွန်ုပ်လည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ မကောင်းဆိုးဝါးကောင်ကြီး၏ လည်ပင်းကို အတင်းပြန်ညှစ်လိုက်ပါသည်။ ခုတင်ပေါ်မှာ သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေးသတ်ပုတ်နေရင်း ခုတင်အောက်သို့ ပြုတ်ကျသွားခဲ့ပါသည်။

ခုတင်အောက် ရောက်တော့ သူက အောက်ထား ကျွန်ုပ်က အပေါ်က ဖြစ်သွားပြီး မကောင်းဆိုးဝါးကောင်ကြီးရဲ့ လည်ပင်းကို ကျွန်ုပ်လက်နှစ်ဖက်က ညှစ်အားကောင်းကောင်းရသွားခဲ့ပါသည်။ ကျွန်ုပ်ကလည်း တစ်အားကို ညှစ်ထားရာ မကောင်းဆိုးဝါးကောင်ကြီး ပါးစပ်ကနေ တဝေါဝေါနဲ့ အပုပ်ရည်တွေ အန်ထွက်လာကာ ကျွန်ုပ်လည်ပင်းကို ညှစ်ထားသော လက်များလည်း ရုပ်သေးကြိုးပြတ် ပြုတ်ကျသွားပါတော့သည်။ ကျွန်ုပ်လည်း ကမန်းကတန်း သူ့ကိုယ်ပေါ်က ထလိုက်ပြီး နံရံမှာ ချိတ်ထားတဲ့ သိုင်းကစားသည့် ၎က်ကြီးတောင်ဓားရှည်ကြီးကို ဓားအိမ်က ဆွဲထုတ်လိုက်ပြီး ခုတ်ရန် ကြည့်လိုက်သည့်အခါ မကောင်းဆိုးဝါးကောင်ကြီးကို မတွေ့ရတော့ဘဲ ပျောက်သွားပါသည်။ အန်ဖတ်များကိုလည်း မတွေ့ရတော့ပါ။

မီးကင်းသံချောင်းတစ်ချက် ခေါက်သံကြားလိုက်သဖြင့် မကောင်းဆိုးဝါးကောင်နှင့် ကျွန်ုပ်သတ်ပုတ်ခဲ့တာ တစ်နာရီခန့် ကြာသွားကြောင်း သိလိုက်ရပါသည်။

'ကဲ··အဲဒါ ဘာပြောမလဲ။ လန့်ကြပ်တော့ မယုံ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ တကယ့်ဖြစ်ရပ်အမှန်ပဲ။ ပြောမယုံ ကြုံမှ သိကြပေါ့ဗျာ။ နာမ်လောကသားတွေရှိနေတဲ့ သာဓကတစ်ခုပေါ့။

♦ ♦ ♦

နောက်တစ်ခုကတော့ ကျွန်ုပ် မအူပင်မြို့နယ်၊ ရွှေတောင်မော်ရဲစခန်းမှူးတာဝန် ဆောင်ရွက်ခဲ့စဉ်က ဝါဝင်၊ ဝါထွက်တိုင်း ကွင်းပိုင်ပသီမောင်နှမကို ကွင်းမြှောက်ရမယ်လို့ နယ်ထိန်းခေါင်းဆောင်က ကျွန်ုပ်ကို သတင်းပို့သဖြင့် ထုံးစံရှိတဲ့အတိုင်း လုပ်ကြဖို့ ပြောလိုက်သည်။

နယ်ထိန်းအဖွဲ့က ငှက်ပျောသီး၊ အုန်းသီး၊ အရက်ပုလင်းတွေ စခန်းရုံးပေါ် ယူလာခဲ့ကြပြီး အလှည့်ကျကင်းသမားကို အပ်ထားကာ ကွင်းမြှောက်ဖို့ ကြက်တစ်ကောင် သွားကြော်နေခဲ့ကြသည်။ ညနေ နေဝင်ရီတရောစခန်းခြံစည်းရိုးအပြင်ဘက် ကွင်းထဲမှာ ကွင်းသွားမြှောက်ကြတာကို တွေ့နေခဲ့သည်။ တစ်အောင့်လောက်ကြာတော့ နယ်ထိန်းခေါင်းဆောင် ရောက်လာပြီး သတင်းလာပို့သည်။

'ဗိုလ်ကြီး‥ကွင်းမြှောက်လို့မရဘူး။ ဖယောင်းတိုင်မီး ငြိမ်းငြိမ်းသွားတယ်။'

'လေတိုက်လို့ မီးငြိမ်းရင်လည်း ထီးကလေးဖွင့် လေကာပြီး မီးထွန်းပေါ့ကွာ'

'ကွင်းမြှောက်တဲ့နေရာမှာ လေလုံးဝမတိုက်ဘူး၊ လေငြိမ်နေတာပဲ။ တစ်ခုခုတော့ တစ်ခုခုပဲ ဗိုလ်ကြီး။ လိုက်ကြည့်ပါဦး'

ကျွန်ုပ်လည်း ကွင်းမြှောက်သည့်နေရာကို လိုက်သွားစဉ်မှာ ကျွန်ုပ်အနောက်က တပ်ဖွဲ့ဝင်တစ်ယောက် ပြေးလိုက်လာပါသည်။

'ဗိုလ်ကြီး‥ခဏနေပါဦး။ အလှည့်ကျ ကင်းသမားတက်နေလို့ လာကြည့်ပါဦး'

ကျွန်ုပ်လည်း ကွင်းမြှောက်သည့်နေရာကို လိုက်ကြည့်ဖြစ်တော့ဘဲ စခန်းရုံးပေါ်သို့ ပြန်လိုက်သွားခဲ့သည်။ ကင်းသမားဟာ ပက်လက်လန်နေလျက် မျက်ဖြူလန်နေပြီး ပါးစပ်က အမြှုပ်တွေ ထွက်နေတာကို တွေ့လိုက်ရသည်။ သွေးရိုးသားရိုးမဟုတ်မှန်း သိလိုက်ရပြီး ကြက်သီးထနေခဲ့ထသွားသည်။

ထွမ်းရွက်တစ်ရွက်မှာ အရပ်ဘ် ကြီးလေးကြီးနှင့် စခ ၁၀ တစ်ချက်ခွဲရေးပြီး ဘုရားစင်မှာ ငါးပါးသီလယူကာ တက်နေတဲ့ ရဲဘော်ဦးခေါင်းကို ကွမ်းရွက်နှင့်အုပ်လိုက်ကာ-

'ကဲ‥ဘယ်သူလဲကွ၊ ငါ့ရဲဘော်ကိုယ်မှာ ကပ်နေတာ။ ဘာလိုချင်လို့လဲ၊ ဘာဖြစ်ချင်လို့လဲ'

ကျွန်ုပ် အကြိမ်ကြိမ်မေးတော့ တောက်ခေါက်သံအကျယ်ကြီး ခေါက်လိုက်ပြီး တက်နေတဲ့ ရဲဘော်ပါးစပ်က ကွင်းပိုင်ကွလို့ အသံထွက်လာပါသည်။ ကျွန်ုပ်စိတ်ထဲမှာ အကောင်ကြီးကြီး အမြီးရှည်ရှည်နှင့် တွေ့နေရပါကောလားဟု တွေးလိုက်မိသည်။

'ကွင်းပိုင်ကြီးက ဘာဖြစ်လို့ ကျွန်ုပ်ရဲဘော်ကို ဒီလိုလုပ်ရတာလဲ'

ထပ်မေးလိုက်သည်။

'ကွင်းပိုင်က ခေါ်သွားမယ်၊ စားဦးစား ခေါ်သွားမယ်'

ဆိုပြီး ထပ်ကာ,ထပ်ကာ ပြောနေတော့ ကျွန်ုပ်စိတ်နည်းနည်းဆိုးလာပြီး-

'ကွင်းပိုင်ကြီး‥ကျုပ်ရဲဘော် ဘာအမှားအယွင်းရှိလို့လဲ။ ရှိရင်လည်း ကျုပ်တောင်းပန်ပါတယ်။ ခေါ်သွား :မယ်ဆိုတာကိုတော့ လုံးဝခွင့်မပြုနိုင်ဘူး။ ကျုပ်ရဲဘော်ကို အကောင်းပကတိ ထားခဲ့ပြီး ကိုယ့်နေရာကိုယ် ပြန်ပါ။ ကွင်းပိုင်နေတဲ့ကွင်းဟာ ကျုပ်ပိုင်တဲ့နယ်မြေ ဖြစ်တယ်။ ပြောမရရင် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ နတ်မင်းလေးပါးကိုတိုင်ပြီး ဒီကွင်းထဲက မောင်းထုတ်ပစ်မယ်'လို့ ဒေါသနဲ့ လေသံမာမာ ပြောလိုက်ရတယ်။

ကွင်းပိုင်ကြီးလည်း ဘုံပျောက်မှာ ကြောက်သွားတယ်ထင်တယ်။ တောက်တစ်ချက်ခေါက်သံနဲ့အတူ ကွင်းပိုင် ထွက်သွားတယ်။ ရဲဘော်လည်း အကောင်းပကတိ ကျန်ခဲ့တယ်။

အဲဒီရဲဘော်ရဲ့ ပြောပြချက်အရ ကွင်းမြှောက်မယ့်အရက်တွေ ယူသောက်ပြီး ရေရောထားခဲ့ကြောင်း သိရတယ်။ ကွင်းပိုင် စိတ်ဆိုးတာလည်း မပြောနဲ့လေ။ ဒါကြောင့် စားဦးစား ခေါ်သွားမယ် ပြောခဲ့တာကို။

ကဲ‥ဘာပြောမလဲ။ ကျွန်ုပ်ကိုယ်တွေ့ဖြစ်ရပ် အမှန်ပဲ။ မယုံမရှိနဲ့၊ နတ်နဲ့နဂါး လှည့်စားလို့မရဘူး။ အဲဒီအဖြစ်အပျက်တွေကိုကြည့်ရင် နာမ်လောကသားတွေ မရှိဘူးလို့



www.burmeseclassic.com

www.burmeseclassic.com

ပြောလို့ရမလား။

◆◆◆

လူသားတွေရဲ့ လောကမှာ သရဲခြောက်တယ်..သရဲခြောက်တယ်လို့ ပြောလေ့ရှိနေတာကို လူအတော်များများ ပြောသံတွေကို ကြားဖူးကြပါလိမ့်မယ်။ တခြားလူတွေရဲ့ ဆန္ဒသဘော ဘယ်လိုရှိတယ်ဆိုတာတွေ မယုံဘူး။ ယုံတယ်ဆိုတာတွေနဲ့ပတ်သက်လို့ ကျွန်ုပ် အငြင်းမပွားလိုဘူး။ ကျွန်ုပ်ကိုယ်ပိုင်အသိတရားနဲ့ကတော့ သရဲခြောက်တယ်ဆိုတာကို ယုံတယ်၊ လက်ခံတယ်။

သရဲခြောက်တယ်ဆိုတာ ကျွန်ုပ်သိထားတာကတော့ အကြမ်းဖျင်းနှစ်မျိုးရှိမယ်လို့ ယုံကြည်လက်ခံတယ်။ ဒါကလည်း ကျွန်ုပ်တစ်ဦးတည်းရဲ့သဘောကို ပြောတာနော်။ တကယ့်ဝါရင့်ဂမ္ဘီရဆရာကြီးတွေရဲ့ အတွေ့အကြုံ၊ အယူအဆ ဘယ်လိုရှိမယ်ဆိုတာ ကျွန်ုပ်မသိဘူး။

တစ်အချက်ကတော့ နာမ်လောကသားတွေဟာ အပျော်သဘောနဲ့ လူသားတွေကို ခြောက်လှန့်တာမျိုး ရှိကောင်းရှိမယ်။ ဒါကလည်း ရတနာသုံးပါးနဲ့ ကင်းကွာနေတဲ့ လူသားတွေကိုသာ အပျော်အပြက် ခြောက်တတ်တာမျိုး ဖြစ်ပါလိမ့်မယ်။ နှစ်အချက်ကတော့ ကျွတ်ချိန်တန်လို့ ပရလောကကနေ ကျွတ်ချင်၊လွတ်ချင်လာတဲ့ ဝိညာဉ်လောကသားတွေကတော့ ဘယ်သူဟာ သီလ၊ သမာဓိရှိမယ့်လူ၊ ဘယ်လိုလူကို ချဉ်းကပ်ရင် အမျှရနိုင်မယ်လို့ ထင်တဲ့လူ ဆိုတာကိုရွေးပြီး အနံ့အားဖြင့်လည်းကောင်း၊ အသံအားဖြင့်လည်းကောင်း၊ ဝတ္ထုပစ္စည်းများကို လှုပ်ခါပြခြင်းဖြင့်လည်းကောင်း အသိပေးတတ်ကြပါလိမ့်မယ်။ ဒီနေရာမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ငါးပါးသီလစောင့်ထိန်းကြတဲ့လူတွေအနေနဲ့ ကြားဖူးနားဝ ဗဟုသုတရှိကြသူများအနေနှင့်ကတော့ ခုနကပြောသလို အနံ့ပေးခြင်း၊ အသံပေးခြင်း၊ အနီးရှိ အရာဝတ္ထုပစ္စည်းများ (ဥပမာ-သစ်ပင်များ လေမတိုက်ဘဲ လှုပ်ခါပြခြင်း) များကို ကြုံတွေ့ရသည့်အခါ ကြောက်လန့်တုန်လှုပ်ခြင်း မဖြစ်ဘဲ အမျှ(၃)ကြိမ် ပေးဝေတဲ့အသံကို ကြားရပြီး သာဓုခေါ်ကာ ကျွတ်လွတ်ချမ်းလို့ ပြုလုပ်တတ်ကြတာမျိုးလည်း ရှိတတ်ကြပါလိမ့်မယ်။

◆◆◆

ကျွန်ုပ်၏ ယုံကြည်လက်ခံမှုဟာ ပြီးပြည့်စုံမှုရှိချင်မှ ရှိပါလိမ့်မယ်။

ကျွန်ုပ်ကိုယ်တွေ့တစ်ခုကတော့ ပြင်ဦးလွင်မြို့နယ် ... ဓါးပင်ကြီးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ကျ ... စဉ်က ဖြစ်ပါသည်။ ဓါးပင်ကြီးရွာထဲကနေ ဗဟိုဝန်ထမ်း ... တက္ကသိုလ်ဝန်ထမ်းအိမ်ရာသို့ ည(၉)နာရီအချိန်ခန့် ကျွန် ... တစ်ဦးတည်း ပြန်လာခဲ့ပါသည်။ ရွာနှင့် ဝန်ထမ်းအိမ် ... သွားသည့် လမ်းနှစ်ဖက်မှာ သစ်ပင်ကြီးများ၊ ချုံများ ... ရှိနေပြီး လမ်းမှာ မညီမညာ ကွေ့ကွေ့ကောက်ကောက် ... အနိမ့်အမြင့်များဖြင့် သွားရသောလမ်းဖြစ်ပါသည်။ (၁ ... မိနစ်ခန့် လျှောက်ရပါသည်။

မှောင်မည်းနေ၍ ဘာအလင်းရောင်မှ မရှိပါ ... ခလုတ်တိုက်ချော်လဲမည်စိုး၍ အသင့်ပါလာသော လ ... နှိပ်ဓာတ်မီး ထိုးသွားရပါသည်။ ဓါးပင်ကြီးဈေးကို ... သည့် တောလမ်းနှင့် ဝန်ထမ်းအိမ်ရာသွားသည့် ... လမ်းခွ အရောက်တွင် ကျွန်ုပ်အနောက်ကနေ လို ... ယောက် လိုက်လာပါသည့် ဖိနပ်သံတဖျတ်ဖျတ်ကို ကြ ... နေရပါသည်။ ကျွန်ုပ် လှည့်မကြည့်ပါ။ အနောက် ... ဖိနပ်သံက မြန်သလိုထင်၍ လူတစ်ကိုယ်စာ ကျော် ... နိုင်ရန်အတွက် ကျွန်ုပ်က လမ်းဘေးသို့ အနည်းငယ် ... ပေးလိုက်ပါသည်။ တဖြည်းဖြည်းနှင့် ဖိနပ်သံက ... လာပြီး ကျွန်ုပ်ဘေးကနေ ကျော်တက်သွားရာ ... ကိုယ်ကိုပင် လေဟာပ်သွားပါသေးသည်။ ဖိနပ်သံ ... ကြားရပြီး လူကို မမြင်တွေ့ရပါ။ ခေါင်းနားပန်းကြီး ... ပြီး ကြက်သီးများ တဖြန်းဖြန်းထသွားပါသည်။ ... ကောင်းစွာ နားလည်လိုက်ပါသည်။ ချက်ချင်းပဲ ... ပြုခဲ့သမျှ ကောင်းမှုကုသိုလ် အမျှ..အမျှ..အမျှယူ ... အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ ... ကောင်းသောသုဂတိဘုံသို့လည်း ရောက်ရှိကြပါ ... အမျှဝေလိုက်တာနဲ့ ဖိနပ်သံ ပျောက်သွားပြီး ... မွှေးကြိုင်သွားသည့် အနံ့တစ်မျိုးကို ရလိုက်ပါ ... ကျွန်ုပ် စိတ်ထဲတွင်လည်း မဖော်ပြနိုင်သော ... ပီတိကို ခံစားလိုက်ရပါသည်။

ကဲ..အဲဒီအချက်ကလည်း နာမ်လောကရှိ ... ထင်ရှားစေခဲ့တာ မဟုတ်ပါလားခင်ဗျာ။

◆◆◆

ရန်ကုန်မြို့၊ ကြည့်မြင်တိုင် စလင်းကျေး ...



www.burmeseclassic.com

www.burmeseclassic.com

ထားသည့် မိုးကုတ်ဝိပဿနာ အလုပ်ပေးဆယ်ရက်တရားစခန်း ဝင်ခဲ့စဉ်က ယောဂီဦးကျော်တင့်ဆိုသူက ၄င်းတွေ့ကြုံခဲ့ဖူးသော အဖြစ်အပျက်တစ်ခု ပြောပြပါသည်။

ဟံသာဝတီအဝိုင်းအနီး ဂျပန်စစ်သင်္ချိုင်းတစ်ခု ရှိပါသည်။ ထိုစစ်သင်္ချိုင်းနှင့်ကပ်လျက် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိနေပါသည်။ စစ်သင်္ချိုင်းနှင့် ဘုန်းကြီးကျောင်းမှာ ဝါးရုံတောကြီးတစ်ခု ခြံစည်းရိုးသဖွယ် ကာရံထားလျက် ရှိနေပါသည်။ ဘုန်းကြီးကျောင်းမှာ မြေတံရှည် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးကျောင်း ဖြစ်ပါသည်။

ဦးကျော်တင့်သည် ည(၉)နာရီခန့်မှာ ဘုရားကျောင်းဆောင်ကို မျက်နှာမူထိုင်နေပြီး ဘုရားစင်၌ ထွန်းထားသော ဝပ်(၁၀၀၀)ရှိ မီးသီးကို စိုက်ကြည့်နေပြီး မီးကသိုင်းရှုနေပါသည်။ မီးသီးအတွင်းရှိ မီးလင်းနေသည့် ဝိုင်ယာကြိုးမျှင်များဟာ တစ်ခုနှင့်တစ်ခု ပွတ်တိုက်လှုပ်ရှားနေကြောင်း ပြောပါသည်။ ထိုကဲ့သို့ မီးကသိုင်းရှုနေစဉ် အသက်ကြီးကြီး သီလရှင်တစ်ပါး ဦးဆောင်၍ အနောက်ကနေ သီလရှင်ကိုးပါးက တန်းစီပြီး ဦးကျော်တင့် ထိုင်နေသော ဘေးကနေ ဖြတ်သွားခဲ့ကြပါသည်။

ဦးကျော်တင့် သတိထားမိလိုက်တာကတော့ သီလရှင် ဆယ်ပါးဟာ အသက်အားဖြင့် (၃၊ ၄)ဆယ်ခန့် ရှိညီထင်ရပြီး မျက်နှာအသွင်အပြင်မှာ ခပ်ဆိုးဆိုး ရုပ်ကြမ်းများ ဖြစ်ပါသည်။ သီလရှင်ဆယ်ပါးဟာ ဦးကျော်တင့် ဘေးမှ ဖြတ်သွားရင်း ပျောက်သွားပါတော့သည်။ ထိုသို့ပျောက်သွားပြီးနောက် ချက်ချင်းဆိုသလို အသက်(၁၆)နှစ်ခန့်ရှိ ရုပ်ရည်သန့်ပြန့်သော သီလရှင်ငယ်တစ်ပါး ကျောင်းပေါ်သို့ တက်လာပြီး ဦးကျော်တင့်ဘေးနားတွင် ထိုင်ထိုင်ကာ ဦးကျော်တင့်ကို လက်အုပ်ချီပြီး ကြည့်နေသည်ကို ဦးကျော်တင့် သတိထားမိခဲ့ပါသည်။ ဘာစကားမှ ပြောဆိုခြင်း မရှိပါ။

ထိုအချိန် စစ်သင်္ချိုင်းနှင့် ဘုန်းကြီးကျောင်းကို ခြံစည်းရိုးသဖွယ် ဝါးပင်များကာရံထားသည့်ဘက်က မြေကြီးများ ဝါးရုံဖျားအထိ ပန်းထွက်လာသည်ကို ဦးကျော်တင့် သတိထားကြည့်လိုက်မိသည်။ မြေကြီးများ ပန်းထွက်လာနေစဉ် ဝါးရုံများကို ခွကျော်ကာ ဘုန်းကြီးကျောင်းဝင်းထဲသို့ ဘီလူးကြီးတစ်ကောင် ဝင်လာသည်ကို ဦးကျော်တင့် မြင်ခဲ့ရပါသည်။ ဘုန်းကြီးကျောင်းအနီးသို့ ရောက်သည့်အခါ ဦးကျော်တင့် ထိုင်နေသောဘေးရှိ ပြတင်းပေါက်ကနေ ဘီလူးကြီး၏ လက်တံရှည်တစ်ဖက် ဝင်လာပြီး ဦးကျော်တင့်အနီးမှာ လက်အုပ်ချီထိုင်နေသော သီလရှင်မလေး ဦးခေါင်းကို ဆန်ကောလောက်ရှိ လက်ဝါးကြီးဖြင့် ဆွဲမ,ဖို့ လုပ်လိုက်စဉ် ဒီလက်ကြီးက ရှုပ်လိုက်တာကွာဆိုပြီး ဦးကျော်တင့်က ၄င်းလက်ဖြင့် ရမ်းဖယ်လိုက်ရာ လက်ကြီးမှာ ဖြုန်းဆို ပျောက်သွားပါသည်။ သီလရှင်မလေးလည်း ပျောက်သွားပါသည်။ ထို့နောက် ဘာမှထပ်ပြီးဖြစ်ပျက်ခြင်း မရှိတော့ကြောင်း ပြောပါသည်။

ဦးကျော်တင့်မှ ယခုတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်နှင့် ပတ်သက်၍ မည်သူ့ကို ပြောပြခြင်း၊ စုံစမ်းခြင်း၊ မေးမြန်းခြင်း မပြုလုပ်ခဲ့ပါ။ (၃၊ ၄)လခန့်ကြာသည့်အခါ ဦးကျော်တင့်၏ အစ်ကိုကြီးဖြစ်သူပြောပြ၍ စစ်သင်္ချိုင်းနှင့် ဘုန်းကြီးကျောင်း ဝါးရုံတောတွင် ဘီလူးကြီးတစ်ကောင် ရှိနေကြောင်း သိရပါသည်။ ဦးကျော်တင့် ပြောပြတာတော့ ဒါပါပဲ။

ဘီလူးကြီးဟာ ဘယ်လိုပဋ္ဌာန်းဆက်နှင့် ရောက်လာကြောင်း၊ သီလရှင်ဆယ်ပါး ဘယ်က ရောက်လာပြီး ပျောက်သွားရကြောင်း၊ သီလရှင်ငယ်လေးတစ်ပါး ဘာကြောင့် ဦးကျော်တင့်ကို လက်အုပ်ချီပြီး ထိုင်နေတာကို ဘီလူးကြီးက ဘာကြောင့် လက်ဝါးကြီးနှင့် သီလရှင်ငယ် ဦးခေါင်းကို မ,ချီဖို့လုပ်ခဲ့ကြောင်း၊ ကာယကံရှင် ဦးကျော်တင့်လည်း ဘာမှမသိသလို ကျွန်ုပ်လည်း ဘယ်လိုပဋ္ဌာန်းဆက်တွေရှိခဲ့ကြောင်း မစဉ်းစားတတ်အောင် ဖြစ်ခဲ့ရပါသည်။ စဉ်းစားမိတာကတော့ နာမ်လောကသားတွေ ရှိနေကြောင်းပါပဲ။


အဓိကပြောချင်တာကတော့ ကျွန်ုပ်တို့၏ သြကာသလောကကြီးထဲမှာ Under World လို့ခေါ်တဲ့ နာမ်လောကဆိုတာ အမှန်တကယ် ရှိနေဆိုတာကို ပြောချင်တာပါပဲ။ ဒါဟာလည်း ကျွန်ုပ်တစ်ဦးတည်း၏ ယုံကြည်ချက်၊ လက်ခံချက်ပါ။ ကျွန်ုပ်ကိုယ်တွေ့ ကြုံခဲ့ဖူးသော အဖြစ်အပျက်တွေကြောင့် နာမ်လောကသားတွေ ရှိနေကြောင်း အခိုင်အမာ လက်ခံထားပါတယ်ခင်ဗျား။

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ

မြေပြန့် သက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ရသေ့ကြီးဦးခန္တီ တူးထားသော လိုဏ်ကြီးအတွင်းသို့ ဝင်သွားပြီးလျှင် မိန်းမပျိုလေး ခုနစ်ဖော်၏ အရိပ်အခြည်ကို ကြည့်ရှုအကဲခတ်နေ၏။ သို့သော် တစ်ယောက်မှ ပေါ်မလာသဖြင့် အပြင်သို့ ထွက်လာရ ပြန်သည်။ တန်ဆောင်းကြီး၏ ထောင့်နားကရပ်၍ အသာကြည့်လိုက်သော်လည်း သူမတို့ အရိပ်အခြည် ကိုပင် မတွေ့ရတော့သဖြင့် စောင်းတန်းမှ အောက်သို့ ပြန်ဆင်းသွားကြလေသလား။



www.burmeseclassic.com

www.burmeseclassic.com



သိုက်သမိုင်း အခန်းဆက်ဝတ္ထုရှည်

# အောင်ကျော်စွာ

ဆရာကြီးမြစကြာနှင့်
မန္တလေးတောင် မြေကြီးနှစ်ကောင်သိုက်



www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်းကြီးအတွင်းသို့ ဝင်လာပြီး ကြည့်သော်လည်း ဘယ်နေရာမှ မတွေ့၊ မမြင်ရတော့သဖြင့် အနီးနားရှိ ဘုရားပန်းရောင်းဈေးသည်မ တစ်ဦးကို မေးကြည့်ပြန်၏။ သူမတို့လည်း အမှတ်တမဲ့နေသောကြောင့် မသိရကြောင်း ပြော၏။ ထို့ကြောင့် ကျွန်ုပ်လည်း မိန်းမပျိုခုနစ်ဖော်တစ်သိုက်ကို နောက်ထပ် မကြည့်တော့ချေ။ ဆရာကြီး မြစကြာနှင့် ဆရာကောက်ဆိုင်တို့ရှိရာ မန္တလေးတောင်ထိပ် မြွေကြီးနှစ်ကောင်ရှိရာဆီသို့ တက်လိုက်လာရတော့၏။ ကျွန်ုပ် တွေ့မြင်ချင်နေသော ဆရာနှစ်ပါးမှာ ဆုတောင်းပြည့်စေတီတော်၏ တန်ဆောင်းတစ်ခုတွင် ထိုင်၍ စကားပြောနေကြလေသည်။

ကျွန်ုပ်လည်း ဆရာကြီးတို့ ရှိရာသို့ ဝင်သွားသောအခါ ဆရာကြီးမြစကြာသည် လူကို ကြည့်လိုက်ပြီး-

'ဘယ်လိုလဲ မောင်ခင်မောင်ဦး၊ တော်တော်နေရာကျရဲ့လား။ မင်းမို့ သူတို့ကို လိုက်စုံစမ်းနေသေးတယ်။ နောက်ဆုံးတော့ ဘဲဥအစရှာမရသလို ဖြစ်ခဲ့တယ် မဟုတ်လား'ဟု မေးလိုက်သဖြင့် ကျွန်ုပ်စိတ်ထဲတွင် ဆရာကောက်ဆိုင်သည် ကျွန်နေရစ်ခဲ့သည့် အကြောင်းကို ဆရာကြီး မြစကြာအား ဖွင့်ပြောလိုက်ခြင်းကြောင့် မေးခြင်းဖြစ်မည်။

အမှန်စင်စစ်မှာ ဗျာဒိတ်ပေးကိုယ်တော်ကြီး တန်ဆောင်းအတွင်းမှ ထွက်လာစဉ် ကျန်နေရစ်ခဲ့သည်ကို ဆရာကြီးမြစကြာအနေဖြင့် သိမည် မထင်ပါ။ အပေါ်ရောက်မှ မမြင်၍ ဆရာကောက်ဆိုင်ကို မေးမည်။ ဆရာကောက်ဆိုင်က အကျိုးအကြောင်းပြောလိုက်ဟန်တူသည်။

ဆရာကြီးမြစကြာ အမေးကြောင့် ကျွန်ုပ်လည်း ပြုံးရယ်လိုက်ပြီးလျှင်-

'သိသင့်သလောက်တော့ သိခဲ့တယ် ဆရာကြီး။ ပြီးတော့ သူတို့ကလည်း ကျွန်တော်တို့ အကြံအစည်ကို ရိပ်မိတယ်နဲ့တူတယ် ဆရာကြီး'

ဟု ပြောလိုက်သောအခါ ဆရာကြီးမြစကြာကပင် စကားကိုဖြတ်၍-

'ဘယ်လို သိသင့်သလောက် သိတာလဲကွယ့်။ အရိပ်အခြည် ထူးခြားလို့ တောင်ခြေရင်း ခြင်္သေ့ကြီးနှစ်ကောင်နားကတည်းက ဆရာကြီးက မောင်ရင်ကို ပြောခဲ့တယ် မဟုတ်လား။ ကျီစားနေပြီလို့လေ။ ဒါကိုများ စုံစမ်းနေရသေးသလား။ ထပ်စုံစမ်းတော့ အရှုံးလုပ်တာ ခံရ[...] မယ်။ သူတို့က မောင်ခင်မောင်ဦးကို ဆရာကြီးတို့နဲ့[...] သက်တဲ့လူလို့ ကောင်းကောင်းမှတ်ထားပြီးသားကွယ့်[...] ဒါကြောင့် ခေါင်းမူးသလို ဖြစ်သွားတာက တန်ခိုးကမ္ဘ[...] ဥစ္စာစောင့်မတွေပီပီ ပညာပြလိုက်တာကွယ့်'ဟု ဆရာကြီး မြစကြာက ပြောပြလေသည်။

ကျွန်ုပ်ကလည်း သူမတို့နှင့် စကားပြောခဲ့သမျှတို့[...] ပြန်ပြောလိုက်သည်။ ဆရာကြီးနှစ်ပါးမှာ ပြုံးရယ်လျ[...] ပင် နားထောင်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည်[...]

'မောင်ရင့်ဆီမှာရှိတဲ့ ဘိုးဘိုးအောင်ရဲ့ လက်ဖွဲ့စလွယ[...] ကြောင့် အခုလို ဥစ္စာစောင့်မ ခုနစ်ဖော်စက်ကွင်းက [...] ထွက်လာနိုင်တယ် ဆိုတာကို သိရဲ့လားကွယ့်'ဟု ပြော[...] သည်။

ထို့ကြောင့် ဆရာကြီးမြစကြာမှ ကျွန်ုပ်အား ချီးမြ[...] ပေးအပ်ထားသော ပထမအင်းဝိဇ္ဇာအဆောင်ကို ပညာ[...] လိုလားသောပုဂ္ဂိုလ် စာဖတ်ပရိသတ်များအတွက် ဖော်[...] ပေးလိုက်ရပါသည်။

| | | | |
|---|---|---|---|
| | ၁ ၜ | ၄ ဝ | |
| ၁၁ ဗ | ၆ ဓ | ၉ ၜ | ၂ ဓ |
| ၈ ဝ | ၃ ဗ | ၁၂ ဝ | ၅ ၜ |
| | ၁၀ ဓ | ၇ ဗ | |

အမှတ်စဉ်များအတိုင်း စမကို သွင်းရခြင်းပင်[...] သည်။ ဤအင်းစမများသည် ကြေးနီပုရပိုက်မှ ရ[...] သိမ်ဝင်သပိတ်ကွဲတွင် ကိုယ်တိုင် စမ်းသပ်လေ့ကျင့်ခဲ့သော[...] ဘုန်းကြီးကျောင်းသားလေး မောင်အောင်ဘဝမှ ပထ[...] အင်းဝိဇ္ဇာကြီး ဘိုးဘိုးအောင်၏ အင်းစမပင်ဖြစ်ကြောင်း[...] ကျွန်ုပ်လည်း ဂမ္ဘီရဝိဇ္ဇာခရေ ပညာရပ်များကို လေ့လာ[...] လိုက်စားသောအခါ သိလာရပါသည်။ (စမဝိဇ္ဇာထွက်[...] ပေါက်ကျင့်စဉ် အကြောင်းရပ် ဖြစ်ရပ်မှန်များကို [...]



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အဖြစ် စာရေးသူမှ ထုတ်ဝေရန် စီစဉ်ထားပါသည်)

ယခု ဥစ္စာစောင့်မများနှင့်ပတ်သက်၍ မှတ်ချက်ချစကားမှပင် ဤဇာတ်လမ်းကို ဆက်လက်ဖတ်ရှုကြပါလေ။

'အခုလို သူတို့နဲ့ အရောတဝင် ရင်းနှီးစွာနဲ့ ပြောဆိုပြီးမှတော့ မောင်ခင်မောင်ဦးကို သူတို့ တစ်ဖက်လှည့်နဲ့ ကြံစည်ကြလိမ့်မယ်ဆိုတာကို ကျပ်ကျပ်သတိထားကွယ့်။ ကိုယ်က သူတို့ကို လိုက်ကြည့်နေသလို သူတို့ကလည်း ကိုယ့်ကို ပြန်ကြည့်နေတယ်ဆိုတာကို သတိမမှရှိဘဲ မောင်ရင်က တယ်ပြီး သိချင်နေတာကိုး။ နောက်ဆုံး ပြောလိုက်မယ်။ ဆရာတို့ရဲ့ အကြံအစည်ကိုသာ သူတို့ မသိချင်နေမယ် ဒီကို သွားတယ်၊ ဘယ်မှာရှိတယ် ဆိုတာကို သူတို့က သိတယ်ကွယ့်'ဟု ဆရာကြီးမြစကြာက ဆက်ပြောလိုက်ပြန်၏။

'ဒါပေမဲ့ ဆရာကြီး၊ ကျွန်တော့်အဖော်တွေ ဘယ်ရောက်နေသလဲလို့ မေးကြည့်သေးတယ်။ သူတို့က မပြောနိုင်ဘူး ဆရာကြီး'

'မောင်ရင်က သူတို့ကို တစ်ပတ်ရိုက်ထားတယ် မဟုတ်လား။ သူတို့က ဘယ်မသိဘဲနေမလဲ။ အကုန်သိတာပေါ့ကွယ်။ မောင်ခင်မောင်ဦးကို သူတို့ဘက်ပါအောင် ဆွဲနေတာကွယ့်။ ကဲ..ကွယ်၊ ပြီးတာတွေတော့ ပြီးပါစေတော့။ နောက်တွေ့ရင် သတိထားနော်'ဟု ဆရာကြီးမြစကြာမှ အတပ်သိ၍ပြောနေသလားဟု အောက်မေ့မိပါ၏။

ထို့နောက် ဆရာကြီးမြစကြာသည် စကားကို နောက်ထပ် မဆက်တော့။ ဘုရားဘက်လှည့်၍ စိတ်ချလက်ချထိုင်ကာ အာရုံပြု ပုတီးစိပ်နေသဖြင့် ကျွန်ုပ်နှင့် အနီးရှိဆရာကောက်ဆိုင်တို့ နှစ်ဦးမှာ လှည့်ပတ်ကြည့်ရှုနေမိကြပြန်သည်။ တစ်နေရာအရောက်တွင် ကျွန်ုပ်က စောဒကတက်စကား ဆိုလိုက်ပြန်သည်။

'ဒီက အဆင်းကို သူတို့မိန်းမပျိုတစ်သိုက်က စောင့်နေမယ် ပြောလိုက်တယ် ဆရာကောက်ဆိုင်။ သူတို့ကို တွေ့ဘူးလိုလိုလုပ်ပြီး ခဏကြာရင် ပြန်ပြီးသွားကြည့်ချင်သေးတယ်။ မကောင်းဘူးလား။ ကျွန်တော်ကတော့ သူတို့ ဘယ်နေရာက လာတယ်ဆိုတာကို သိရအောင် ကြည့်ချင်တာပဲ ဆရာ။ နောက်ပြီး သူတို့ဟာ ဂန္ဓကုဋိတိုက်ထဲရောက်တော့ အတော်ပျော်နေကြတယ်။ ဒီနေရာမှာပဲ သူတို့အသိုက် ရှိနေသလားလို့ ထင်မိတယ်'ဟု ပြောလိုက်သောအခါ ဆရာကောက်ဆိုင်သည် ခေတ္တမျှ စဉ်းစားနေပြီးမှ ဆက်ပြော၏။

'အင်း..မောင်ခင်မောင်ဦးပြောသလို စဉ်းစားစရာပဲ။ ဒီနေရာမှာ အကြောင်းတစ်ခုခုတော့ ရှိရမယ်ကွယ့်။ အစောက ဆရာကြီးမြစကြာပြောတဲ့ စကားတွေကို သတိထားသင့်တယ်။ အခု မင်းမှာ အကာအကွယ်အနေနဲ့ စလွယ်မှတစ်ပါး ဘာမှမရှိတာ ခက်တယ်။ ဒီတော့ အရေးအကြောင်း ပေါ်ပေါက်လာမယ်ဆိုရင် အသုံးပြုရအောင် ဆရာက အဆောင်ဆေးတစ်တောင့် ပေးထားမယ်။ အဲဒါကို ဆောင်ယူသွားကွ'

ပြောပြောဆိုဆို ဆရာကောက်ဆိုင်သည် ကျွန်ုပ်အား ဆေးတစ်တောင့်ကို ပေးသဖြင့် အထူးပင် ဝမ်းမြောက်၍ အားတက်သွားပြန်တော့၏။ ထို့နောက် ဆရာကောက်ဆိုင်သည် ထိုင်နေရာမှ ထသွားသည်။ ကျွန်ုပ်မှာ ဥစ္စာစောင့်မတွေပြောသည့်အတိုင်း ဂန္ဓကုဋိတိုက်ဆီသို့သွား၍ တွေ့





www.burmeseclassic.com

www.burmeseclassic.com



ချင်နေပြန်သည်။

ဆရာကြီးမြစကြာလည်း ပုတီးစိပ်နေခိုက် သွားလိုက်ဦးမည်ဟု ကြံလိုက်သည်။ ဆရာကောက်ဆိုင်လည်း ဆရာကြီးနားသို့ သွားရောက်ကာ ထိုင်နေပြန်သည်။ ထိုသို့ အခွင့်သာနေသဖြင့် ကျွန်ုပ်လည်း စောင်းတန်းလှေကားထစ်တွေအတိုင်း အောက်သို့ ဆင်းလာပါတော့၏။

မကြာမီက ကျွန်ုပ် ရပ်၍ကြည့်သော တန်ဆောင်းအကွယ်သို့ ရောက်လာသည့်အခါ ဘယ်အချိန် ဘယ်အခါက ရောက်ရှိနေကြသလဲ မသိပါ။ မချောလေးတို့ ခုနစ်ဖော်မှာ ယခင်တွေ့ဆုံခဲ့သော နေရာမှာပင် ဝိုင်း၍ ထိုင်နေကြသည်။ သာမန်ကြည့်၍ မသိသူဆိုလျှင် တကယ့်လူသားမိန်းကလေးတွေ ထင်ကြပေလိမ့်မည်။

ကျွန်ုပ်က ရုတ်တရက် ဝင်မသွားသေးချေ။ အကွယ်မှ ကြည့်နေစဉ်တွင် မိန်းမပျိုနှစ်ယောက်သည် ထိုင်ရာမှ ရုတ်တရက်ထလာပြီး တောင်အောက်ဆင်းသွားမလိုနှင့် တစ်စုံတစ်ခုကြောင့် ပြန်လှည့်လာသည်။ ကျန်သော မိန်းမပျိုတွေဘက်သို့ ကတိုက်ကရိုက် ပြန်လာပြီးလျှင် တီးတိုးပြောလိုက်သောအခါ အားလုံး ကျွန်ုပ်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ကျွန်ုပ်လည်း အကွယ်တစ်ခုသို့ ရုတ်တရက် ဝင်၍ ကွယ်နေလိုက်ပြီး တစ်စုံတစ်ခုကို ကြည့်နေသကဲ့သို့ အမူအရာ လုပ်နေလိုက်၏။

သူတို့သည် ဆရာကြီးမြစကြာပြောပြသကဲ့သို့ ကျွန်ုပ်ရောက်ရှိနေခြင်းကို မသိမဟုတ်၊ အမှန်ပင် သိရှိကြပေလိမ့်မည်။ ထိုကဲ့သို့ ကျွန်ုပ်က ခိုးကြောင်ခိုးဝှက် လုပ်နေသည်ကို တွေ့မြင်သွားက မကောင်းဘဲနေမည်စိုးသဖြင့် ကျွန်ုပ်လည်း တောင်ကြည့်မြောက်ကြည့်လုပ်ကာ တန်ဆောင်းကြီးအတွင်းသို့ ဝင်သွားခဲ့ရသည်။

ကျွန်ုပ်အား သူမတို့ မြင်လိုက်သောအခါတွင် အားလုံးက ဝိုင်းနှုတ်ဆက် ပြုံးပြကြပြီးနောက်-

'ရှင့်အဖော်တွေ တွေ့ခဲ့ရလား။ အခုတော့ ရှင်တစ်ယောက်တည်း ပြန်လာရတာ ဘာဖြစ်လို့လဲ'ဟု မေးလိုက်သဖြင့် ကျွန်ုပ်အကြောင်းကို သိသွားလေပြီလောဟု ထိတ်ခနဲ ဖြစ်သွားမိပါ၏။

ကျွန်ုပ်လည်း တထိတ်ထိတ်နှင့်ပင် ရယ်မောလျက် သူတို့အနားသို့ ဝင်သွားပြီးလျှင်-

'အဖော်တွေနဲ့တော့ တွေ့ပါရဲ့ဗျာ၊ ဘုရားရှေ့မှာ ပုတီးစိပ်နေကြလို့ ကျွန်တော်လည်း ဒီဘက်ကို လျှောက်ကြည့်မယ်ဆိုပြီး ဆင်းလာတာပဲဗျ။ ခင်ဗျားတို့ရော ဘယ်မှ မသွားကြဘူးလား'ဟု ကျွန်ုပ်က သိလျက်နှင့် မေးလိုက်၏။

ထိုအခါ သူမတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီးလျှင် ပြုံးတူးပြုံတဲ ဖြစ်နေကြသဖြင့် ကျွန်ုပ်လည်း ရယ်နေပါတော့၏။ သူတို့အကြောင်း ရိပ်မိနေသလားဟု ထင်နေခဲ့ကြဟန်တူ၏။ ထို့ကြောင့် သူမတို့သည် ကျွန်ုပ်အနေဖြင့် ဤသို့မေးလိုက်သည်ကိုပင် မသင်္ကာသလို ပြန်ကြည့်နေပြန်၏။

ကျွန်ုပ်လည်း မသိသလို လုပ်ပြီးလျှင်-

'ကျွန်တော်က ခင်ဗျားတို့ တခြားကို သွားကြသေးသလားလို့ မေးမိတာပါ။ နို့··နေပါဦး၊ ခင်ဗျားတို့ ဘယ်အရပ်ဒေသကလာပြီး မန္တလေးတောင်ကို ဘုရားဖူး လာကြတာလဲဗျ'ဟု ကျွန်ုပ်က အမှတ်တမဲ့မေးလိုက်၏။

ခေါင်းဆောင်မိန်းမပျိုလုပ်သူသည် ကျွန်ုပ်အား ရင်း နှီးသလိုလုပ်ပြီး အောက်ပါအတိုင်း ဖြေရှင်းပြောပြခဲ့ပြန်၏။

'ကျွန်မတို့ အားလုံးက ညီအစ်မ တော်ကြတယ် ရတနာပုံရွှေမြို့တော်ကြီးကတော့ မဟုတ်ဘူးရှင့်။ မန္တလေးတောင်ရဲ့ အရှေ့တောင်ဘက်က ရန်ကင်းတောင် ခြေအနားမှာ ခြံကြီးအိမ်ကြီးနဲ့ နေထိုင်ကြပါတယ်။ တို့ အိမ်ဘက်ကို အလည်လိုက်ဦးမလား။ အနား မရှိပါဘူး။ ရန်ကင်းတောင်ဘက်ကိုရော ရောက်ဖူးရဲ့လား

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးပြန်သဖြင့် ကျွန်ုပ်လည်း ရယ်မောလိုက်ပြီးလျှင်-

'နန်းရှေ့ပန်းချီကျောင်း စရောက်ခါစကတော့ ခဏ၊ ခဏ ရောက်တာပဲဗျ။ အခုတော့ မရောက်တာ ကြာပါပြီဗျာ'ဟု ဖြေလိုက်ရ၏။

ထို့နောက် ကျွန်ုပ်သည် စကားမရှိ စကားရှာသဘောမျိုးဖြင့်-

'ဩော်..ခင်ဗျားတို့အိမ်က ရန်ကင်းတောင်နားမှာကိုး'ဟု ထပ်ပြောလိုက်ပြန်၏။ အိမ်ဟုဆိုသော်လည်း သူမတို့ သိုက်နန်းနေရာပင် ဖြစ်၏။

'ဟုတ်ပါတယ်၊ ရန်ကင်းတောင်နားမှာပဲ ကပ်လို့။ ရှင် အရင်တုန်းက ရောက်လာတာ ကျွန်မတို့နေရာကို မတွေ့လိုက်ဘူးလား။ ကျွန်မတို့ အိမ်ကြီးနားက ကပ်ပြီး သွားရတာပဲ။ မသိဘူးလား'ဟု အကြောင်းရိုက် မေးလိုက်လေသည်။

ကျွန်ုပ်လည်း သိလျက်သားနှင့်ပင် သူတို့ပြောသည်ကို နားထောင်နေလိုက်ရသည်။

'ကျွန်တော်တို့ အရင် ရန်ကင်းတောင်ပေါ် ဘုရားဖူးသွားတုန်းက အမှတ်တမဲ့သွားလာနေမိတယ်။ သတိမထားလိုက်ပါဘူး။ ခင်ဗျားတို့ အဲဒီမှာနေလာကြတာ တော်တော်ကြာပြီ ထင်ပါရဲ့'ဟု မေးကြည့်ပြန်သည်။

'ကျွန်မတို့က အစဉ်အဆက် အဲဒီနေရာမှာ နေလာတာပါပဲ။ ဘုရားဖူးရင်း လှူဒါန်းစရာ ရှိတာကိုလည်း အကျိုးရှိမယ်ဆိုရင် လှူဒါန်းနေကြတာလည်း ကျွန်မတို့ အသက်တမျှ ကြာခဲ့ပြီ ဆိုပါတော့ရှင်'ဟု ပြောလိုက်ပြန်သောအခါ ကျွန်ုပ်စိတ်ထဲတွင် သူမတို့အသက်က ဘယ်လောက်ရှိနေပြီလဲဟု အောက်မေ့တွက်ဆကြည့်မိပြန်သည်။

ယခု မျက်မြင်အားဖြင့် ခေါင်းဆောင်မိန်းမပျို၏ အသက်မှာ အသက်အစိတ်လောက်သာ ရှိလိမ့်မည်ဟု ထင်ရပါသည်။ ဥစ္စာစောင့်မတို့၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ဆင်းထားလိမ့်မည်ဖြစ်၍ ကျွန်ုပ်အနေဖြင့် မခန့်မှန်း တွက်ဆတတ်ချေ။ အကယ်၍ ကျွန်ုပ်က အသက်ကို လိုက်ပါက မိန်းမပျိုတစ်သိုက်က အရှုးလုပ်ကြဦးမည် ဟုတ်ပါလော။

ရှင်မြင်တဲ့အတိုင်းပါပဲဆိုလျှင် ကျွန်ုပ် အဘယ်ကဲ့သို့ ထင်ရမည်နည်း။ သိပ်ပြီး ထူးမခြားနားရှိသောကြောင့် မမေးဖြစ်တော့ပါ။

'ဒါဖြင့် ခင်ဗျားတို့ ရန်ကင်းတောင်ခြေမှာ နေကြတာ အတော်ကြာပြီပဲ။ ကျွန်တော်က မကြာသေးဘူးလို့ ထင်နေတာ'

ဟု ပြောလိုက်သောအခါ သူတို့သည် ကျွန်ုပ်စကားကို ဝိုင်းရယ်လိုက်ကြပြီး-

'အကဲခတ်လည်း ကောင်းသားပဲ။ ရှင်ဟာ ဆရာသမားတွေဆီမှာ နေဖူးတယ် ထင်ပါရဲ့။ တော်တော်ဉာဏ်အရှိသားပါလား'ဟု တစ်စထက်တစ်စ တိုး၍မေးလာကြ၏။ ကြာလျှင် ဘူးပေါ်သလို ပေါ်ကုန်တော့မည်စိုးသဖြင့် ကျွန်ုပ်ကပင် စကားကို ပိတ်လိုက်ရ၏။

'ဒါကတော့ဗျာ..လူမှန်ရင် ဘယ်သူမဆို ရတနာသုံးပါး၊ ဆရာသမား၊ မိဘဆိုတဲ့ အနာတွေနဲ့ ကင်းကွာလို့ ဘယ်ဖြစ်မလဲ။ ဒါတွေကို ကင်းဝေးနေတဲ့လူဟာ ဘယ်ကောင်းတော့မှာလဲဗျ။ လူတိုင်းမှာ ဆရာသမားဆိုတာ ရှိတာချည်းပေါ့။ ကျွန်တော်လည်း အခုဆိုရင် ခင်ဗျားတို့နေရာကို အလည်တစ်ခေါက်ရောက်အောင် လာခဲ့ချင်ပါသေးတယ်'

ဟု စကားလှီးပြောလိုက်သောအခါ သူမတို့ အားလုံးကပင် ဝိုင်း၍-


'လာခဲ့ပါရှင်။ ကျွန်မတို့နေရာကိုရောက်ရင် ပြန်တောင် ပြန်ချင်တော့မှာ မဟုတ်ဘူး။ အတော်ပျော်စရာကောင်းတယ်။ နောက်ပြီး ရန်ကင်းတောင်ပေါ်မှာလည်း ကြည့်ချင်စရာ၊ ရှုချင်စရာတွေ အတော်များတယ်။ လာခဲ့ပါလား။ ကျွန်မတို့နဲ့သိပြီး လူခံရှိနေပြီဆိုတော့ ဘာမှ ကြောက်စရာ မရှိပါဘူး။ အခုတောင် လိုက်နိုင်သားပဲ။ တစ်ခါတည်း လိုက်လာပါလား'ဟု ကျွန်ုပ်အား ဝိုင်း၍ ပြောလာကြပြန်၏။

ထိုအခါ ကျွန်ုပ်ကလည်း အကြံသမားပီပီ-

'အခုတော့ လိုက်လို့မဖြစ်သေးပါဘူးဗျာ။ နောက်တော့ ရောက်လာမှာပေါ့။ ခင်ဗျားတို့ကသာ ဘယ်နေရာမှာ နေတယ်ဆိုတာကို သေသေချာချာ ပြောခဲ့ပါ။ တစ်နေ့တော့ ရောက်လာမှာပဲ။ ရောက်တဲ့အခါ ဝင်လာခဲ့ပါ့မယ်'

ဟု ကျွန်ုပ်က သေချာသည်ထက်သေချာအောင် ပြောလိုက်၏။ ဥစ္စာစောင့်မတွေမှာ တကယ်အဟုတ်ထင်မှတ်

www.burmeseclassic.com



နေကြ၏။

'ရန်ကင်းတောင်ခြေရင်းကို ရောက်ပြီဆိုပါတော့။ မြောက်ဘက်နားကို နည်းနည်းလျှောက်လာခဲ့ပါ။ ကျွန်မတို့နေတဲ့ခြံကြီးနဲ့ အိမ်ကြီးကို တွေ့ရပါလိမ့်မယ်။ တစ်ခုတော့ရှိတယ်။ ရုတ်တရက်ကြည့်မယ်ဆိုရင်တော့ မမြင်ရဘူးရှင့်။ တောတန်းတောင်စွယ် ကွယ်နေတာကြောင့်ပေါ့။ ဒီတော့ ရှင်က ရောက်ပြီဆို အသံပြုလိုက်ပါ။ ကျွန်မတို့ သေချာပေါက် ထွက်လာပြီး ကြိုမှာပေါ့'ဟု ပြောသဖြင့် ကျွန်ုပ်စိတ်ထဲတွင် ဥစ္စာစောင့်သိုက်နေရာအမှန် သိရပြီဟု အောက်မေ့လိုက်ကာ အတော်သဘောကျနေမိပါတော့၏။

သို့နှင့်ပင် ကျွန်ုပ်သည် တခြားအကြောင်းတို့ကို ရောက်တတ်ရာရာ ပြောဆိုပြီးနောက် သူတို့ မိန်းမပျို အားလုံးကိုပင် မန္တလေးတောင်ထိပ် အရောက်တက်ရန် ပြောလိုက်မိပြန်၏။

'ကျွန်မတို့ အပေါ်ကို မတက်တော့ပါဘူး။ ရှင်ရော အပေါ်တက်တော့မှာလား။ ဒီမှာ နေပါဦးလား'ဟုပြောသည်။ အကျွမ်းတဝင် ရှိနေပြီဖြစ်သောကြောင့်-

'ကျွန်တော်က ကိစ္စမရှိပါဘူးဗျ။ ခင်ဗျားတို့ကိုလည်း တောင်ပေါ်မှာရှိတဲ့ ဆုတောင်းပြည့်စေတီတော်ကို ဖူးချင် ဖူးပါစေလို့ ပြောတာပါ။ နောက်ပြီး ခင်ဗျားတို့က ရန်ကင်း တောင်ကိုလည်း သွားရဦးမယ်ဆိုတော့ အချိန်မရှိဘဲနေမှာ စိုးလို့ ပြောတာပါ။ နို့··နေပါဦး။ ခင်ဗျားတို့ အပြန် ရန်ကင်းတောင်ထိ ဘာနဲ့ ပြန်ကြမှာလဲ'ဟု ကျွန်ုပ်က အမှတ်တမဲ့ ထပ်၍ မေးလိုက်သောအခါ အားလုံးပင် တဟားဟားနှင့် ရယ်မောလိုက်ကြပြန်၏။

'ကျွန်မတို့ ဘာနဲ့ သွားလာတယ်ဆိုတာ ရှင်လည်း သိမှာပါပဲ။ ဒါတွေကို ပြောမနေပါနဲ့တော့။ ဟိုကိုသာ ရောက်လာရင် ကျွန်မတို့ဆီကို ဝင်လာခဲ့ပါ။ ကျွန်မတို့ စောင့်နေပါ့မယ်ရှင်'ဟု အတန်တန်ပြောနေသဖြင့် ကျွန်ုပ် လည်း ရယ်မောလျက်ပင် သူတို့အား တော်သလို ပြန် ပြောနေလိုက်ရပါတော့သည်။

ထိုကဲ့သို့ ဝိုင်းပြောနေကြစဉ် ဂန္ဓကုဋိတန်ဆောင်း အတွင်း ဘုရားဖူးတွေ မပြတ်မစဲ ဝင်ရောက်လာ၏။

လူတွေ အတော်များလာသောအခါ ကျွန်ုပ်လည်း သူမတို့ ညီအစ်မ ခုနစ်ဖော်အနားက ထလိုက်ပြီး သူမ တို့လည်း သွားရန် ပြင်ဆင်နေကြသဖြင့်-

'ကဲ··မရွှေချောတို့၊ တောင်ပေါ်ကို လိုက်ကြဦး မလား။ ကျွန်တော်တော့ တောင်ပေါ်က အဖော်တွေဆီ ရောက်အောင် သွားမှပဲ။ ဘုရားဖူးတွေလည်း များလာပြီ'

ဟု ပြောလိုက်သောအခါ-

'ဘာဖြစ်လို့ ကျွန်မတို့ကို အပေါ်ခေါ်နေရတာလဲ ရှင့်အပေါ်ကို ကျွန်မတို့ မသွားတာ အကြောင်းရှိတယ် ရှင့်။ ကဲ··ရှင်တစ်ယောက်တည်းသာ သွားပါ။ ကျွန်မတို့ လည်း ပြန်တော့မယ်။ နောက်တော့ ကျွန်မတို့ဆီ မလာဘဲ မနေပါနဲ့။ ရှင့်အဖော်တွေကိုလည်း ခေါ်ခဲ့ ခေါ်ခဲ့ပါ။ ကိစ္စမရှိပါဘူး။ စိတ်ချပါ'ဟု ပြောလိုက်ပြီး သူတို့အားလုံးပင် ဘုရားရှေ့သို့ လူတွေကြားထဲက ဖြတ် ၍ ဝင်သွားကြသည်။ ပြီးတော့ ဘုရားကို ရှိခိုးဦးချကြ ကျွန်ုပ်ကို နှုတ်ဆက်ကာ တောင်အောက်သို့ ပြန်၍ဆင်း သွားကြပါတော့၏။

ကျွန်ုပ်သည် တန်ဆောင်းအဝသို့ရောက်အောင် တို့တစ်သိုက်နှင့်အတူလိုက်သွားပြီး အပေါ်ကရပ်၍ ကြည့် နေမိပါသေး၏။ သူမတို့ ညီမခုနစ်ဖော်မှာ ဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com

ကစ၍ နောက်သို့ပင် ပြန်၍လှည့်မကြည့်ကြတော့ပါ။ မျက်စိတစ်ဆုံး ကွယ်ပျောက်သွားသည့်တိုင်အောင် ကျွန်ုပ်လည်း ရပ်၍ကြည့်နေပြီးမှ သူမတို့ ပြောထားခဲ့သော စကားတို့ကို စဉ်းစားရင်း နေရာအမှန် ဟုတ်မှ ဟုတ်ပါ့မလားဟု အောက်မေ့ပြီးလျှင် ဆရာကြီးမြစကြာတို့ရှိရာသို့ ပြန်၍တက်ရန် လှည့်လာမိပါတော့၏။

ထို့နောက် ကျွန်ုပ်သည် တစ်ဖန်စဉ်းစားမိပြန်သည်မှာ သူမတို့ညီမတစ်သိုက်ကို တောင်ပေါ်လိုက်ရန် အတန်တန်ခေါ်ပါသော်လည်း လက်ဦးတွင် ငေ့လည်ကြောင်ပတ်သာ ပြောနေကြပြီး ယခုပြန်ခါနီးတွင် တစ်ဖန်ခေါ်သောအခါ ခေါင်းဆောင်လုပ်သော မိန်းမပျိုက ပြောလိုက်သောစကားမှာ အတော်ပင်စဉ်းစားစရာ ဖြစ်နေပါတော့၏။

'ကျွန်မတို့ တောင်ထိပ်အပေါ်ကို မတက်တာဟာ အကြောင်းရှိတယ်ရှင့်' ဆိုစကားမှာ အတော်ပင်ထူးခြားနေ၏။ မည်သည့်အကြောင်းကြောင့် မတက်သည်ကို သူမတို့ ညီမခုနစ်ဖော် ပြန်သွားကာမှ အထူးသိချင်နေမိပြန်၏။ အဘယ်အတွက်ကြောင့် မတက်ကြသနည်း။ အပေါ်တွင် ဘာရှိလို့ မတက်ကြသည်ကို တွေးတော၍မရအောင် ဖြစ်နေပါတော့သည်။

သို့ဖြင့် ကျွန်ုပ်သည် အုတ်လှေကားထစ်အတိုင်း တဖြည်းဖြည်းတက်လာသောအခါ ဆုတောင်းပြည့်ဘုရားအနားသို့ ရောက်လာသည်။ ဆရာကြီးမြစကြာတို့ ဆရာ့တပည့်နှစ်ယောက်ကို ကြည့်လိုက်သောအခါ မတွေ့မမြင်ရတော့ချေ။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားကာ ဆရာကြီးတို့နှစ်ယောက် တခြားကိုထသွားကြလေသလောဟု အောက်မေ့ပြီး ဘုရားပတ်ပတ်လည် လိုက်၍ကြည့်မိပါတော့၏။ ဟိုဟဲ့သို့လိုက်ကြည့်သော်လည်း ဘယ်နေရာမှ မတွေ့ရသဖြင့် စိတ်ပူလာတော့ကာ ယခင်ထိုင်နေကျ နေရာဆီသတိရလိုက်တော့မှ သွားရောက်ကြည့်ရပြန်၏။

ထိုသောအခါမှ ဆရာသမားနှစ်ယောက်မှာ တန်ဆောင်းထဲတွင် ထိုင်စကားပြောနေပုံ တွေ့ရမှ စိတ်အေးသွားတော့၏။

ဆရာနှစ်ပါးထံ ဝင်လာသော တပည့်ဖြစ်သူ ကျွန်ုပ်အား စိုက်၍ကြည့်လိုက်ပြီးလျှင်-

'မောင်ရင်ကတော့ ဥစ္စာစောင့်မတွေနဲ့ တွေ့လာပြန်ပြီထင်တယ်၊ ဟုတ်လား။ မောင်ကောက်ဆိုင်ရေ..သူ့ကိုကြည့်ရတာ တစ်စုံတစ်ခု စဉ်းစားနေသလို ဖြစ်လာတယ်ကွယ့်'ဟု ဆရာကြီးမြစကြာက ပြောလိုက်၏။

လက်ထောက်ဆရာဖြစ်သည့် ဆရာကောက်ဆိုင်ကလည်း ကျွန်ုပ်အား ကြည့်၍ ပြုံးရယ်လိုက်သဖြင့် ဆရာနှစ်ပါးအနား ဝင်ထိုင်လိုက်တော့၏။

'ဘယ်လိုလဲ မောင်ခင်မောင်ဦးရဲ့၊ တွေ့သေးရဲ့လား' ဟု အကြောင်းသိနေ၍ မေးလေပြီ။

ထိုအခါ ကျွန်ုပ်ကလည်း ခေါင်းညိတ်ပြလိုက်ပြီး 'ဘယ်မတွေ့ဘဲနေမလဲ ဆရာရယ်'ဟု ခပ်ကြွားကြွားပင် ပြောလိုက်၏။

'ဘယ်နေရာမှာ သွားတွေ့တာလဲကွ။ ဟုတ်မှလည်း လုပ်ပါကွာ'ဟု ဆရာကြီးမြစကြာက ထပ်၍မေးလိုက်ပြန်၍ သေချာရှင်းပြရပေတော့မည်။

'တခြားမှာတော့ မဟုတ်ဘူး ဆရာကြီး။ ဂန္ဓကုဋိတန်ဆောင်းကြီးထဲမှာပါ။ ကျွန်တော် ပြန်ဆင်းသွားချင်းတွေ့တာပဲ။ သူတို့ အရိပ်အခြည်ကို ချောင်းနေသေးတယ်။ ဒါပေမဲ့ အတော်အကင်းပါးတဲ့ ဥစ္စာစောင့်မတွေပဲ ဆရာကြီး။ ကျွန်တော်ချောင်းနေတဲ့ နေရာဘက်ကို သူ့ကို့က ခဏ,ခဏ ကြည့်နေကြတာနဲ့ ကျွန်တော်ကလည်း ဘောင်ကြည့်မြောက်ကြည့်လုပ်ပြီး သူတို့ဆီကို သွားလိုက်တယ်။ ဒါမှလည်း သူတို့ကို ကျွန်တော်က တစ်မျိုးလှည့်ပတ်နိုင်မှာကိုး'ဟု ပြောလိုက်၏။

ဆရာကြီးမြစကြာသည် သူ့လက်ထောက်ဆရာကောက်ဆိုင်ကို တစ်ချက်ကြည့်လိုက်ပြီး-

'ဒါကိုတော့ ဆရာလည်း ယုံကြည်တယ်။ တစ်ခုခုအကြောင်းပေါ်လာရင် မောင်ခင်မောင်ဦးဟာ သူတို့ကို ပြောမနေနဲ့။ မောင်ကောက်ဆိုင်ကိုတောင် လှည့်ပတ်သေးတာပဲ။ အခုလေးတင် မောင်ခင်မောင်ဦးအကြောင်း ပြောနေကြသေးတယ်ကွယ့်။ ကဲ..ကဲ..ပြောစမ်းပါဦး။ ဥစ္စာစောင့် မိန်းမပျိုတွေဆီက ဘာများထူးထူးခြားခြား သိရသေးသလဲ'ဟု မေးပြန်၏။

ကျွန်ုပ်လည်း တွေ့ခဲ့ရ၊ ပြောခဲ့ရသော အကြောင်းတို့ကို ပြန်ပြောပြလိုက်၏။

ဆရာကြီးမြစကြာသည် အတန်ကလေးကြာအောင် စဉ်းစားနေလိုက်ပြီးမှ-

'ဒီလိုဆို သူတို့ဟာ နန်းရှေ့ရပ်ရှေ့က ဖြတ်သွားရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ရန်ကင်းတောင်တစ်ဝိုက်က ဖြစ်နေတာပေါ့'ဟု ရုတ်တရက် မှတ်ချက်ချလိုက်၏။

'ကျွန်တော်လည်း ဒီလိုပဲစဉ်းစားနေတယ်။ ဟုတ်၊ မဟုတ်ဆိုတာ သွားကြည့်ရင်ကောင်းမယ်။ အသံပြုလိုက်ရင် သူမတို့က ထွက်ပြေးကြမယ်လို့ ပြောထားသေးတယ်'

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ဆရာကြီး မြစကြာသည် ခေါင်းကို မသိမသာ ခါလိုက်ပြီးလျှင်-

'ဒီလိုလည်း မဟုတ်သေးဘူးကွယ့်။ အကယ်၍ ဟိုမှာ ရှိနေရင် အဲဒါမှ မောင်ရင်ကို သူတို့က တစ်ခုခုလုပ်လိမ့်မယ်။ ဆရာကြီးတို့အနေနဲ့ လိုက်ကြည့်လို့ မကောင်းသေးပါဘူး။ အကယ်၍ ဆရာကြီး လိုက်လာရင် သူတို့နေရာကို လိုက်ပြီးစုံစမ်းတာနဲ့ အတူတူဖြစ်မှာပဲ။ ဒီတော့ စဉ်းစားသေးတာပေါ့ကွယ်။ သူမတို့က လိုက်လာအောင် နေရာအမှန်ကို ပြောထားပေမယ့် တစ်မျိုးလှည့်စားသလို ဖြစ်ချင် ဖြစ်နေမှာလေ။ အဲဒါ စဉ်းစားရမယ်။ အလိမ်မိနေမှာလည်း စိုးရိမ်ရသေးတယ်'ဟု ပြောပြန်၏။

ဆရာကြီးမြစကြာသည် နက်နက်နဲနဲ စဉ်းစားနေသဖြင့် ကျွန်ုပ်လည်း ဘာမှမပြောဘဲ နေလိုက်၏။

ခဏကြာမှ ဆရာကြီးမြစကြာက-

'ဘာပဲဖြစ်ဖြစ် ဆရာကြီးတို့ အကြောင်းကိုလည်း သူမတို့အနေနဲ့ သိမှာပါ။ ဘာကိစ္စဆိုတာကိုတော့ သူမတို့ မသိနိုင်ပါဘူး။ မောင်ရင်က သူတို့ကို ပြောလိုက်သေးသလား'ဟု မေး၏။



'သူတို့ကတော့ ကျွန်တော့်ကို မေးသေးတယ် ဆရာ… ကြီး။ ရှင့်မှာ ဆရာသမားတွေ ရှိလားတဲ့။ ဘာရမယ်… ဆရာကြီး··ကျွန်တော်က သူတို့ကို ပြန်နက်တာပေါ့… ရတနာသုံးပါး၊ ဆရာသမားဆိုတာ လူတိုင်းမှာ ရှိတာပေါ့… လို့ ပြောလိုက်မှ ငြိမ်သွားတော့တယ်'

'အဲဒါ ဆရာကြီးတို့အကြောင်း သိရအောင် စကား… တောင်းတာပဲ။ သူမတို့ကို အထူးသတိထားမှဖြစ်မယ်… အခုအချိန်ထိတော့ ဆရာတို့ကို သူမတို့အနေနဲ့ မနှောင့်… ယှက်သေးပါဘူး'

'တစ်ခုခုလုပ်ကြည့်ပါလား။ ကျွန်တော်က သူတို့ကို… နိုင်တဲ့ဆေးနဲ့ ပေါက်မှာ အမှန်ပဲ ဆရာကြီး'ဟု ပြော… လိုက်၏။

ပြီးလျှင် ဆရာကောက်ဆိုင်ပေးလိုက်သော အဆောင်… ဆေးတောင့်ကို ပြလိုက်ပြန်၏။ ပြီးလျှင် အဖြေရှာရမည့်… ပုစ္ဆာ အမေးတစ်ပုဒ်အား ဆရာကြီးမြစကြာတို့ သိမလား… ဟု မေးထားရပေဦးမည်။

'ကျွန်တော် စဉ်းစားလို့မရတာက သူတို့ကို တောင်… ပေါ်တက်ဖို့ခေါ်တိုင်း ငြင်းချက်ထုတ်ကြတယ်။ ဘုရား… လူတွေကြားထဲမှာ နေနိုင်၊ သွားလာနိုင်ပါလျက်နဲ့ ဘာ… ကြောင့် သူတို့ တောင်ပေါ်တက်ဖို့ ငြင်းရတာလဲခင်ဗျာ'

'အိမ်း·· မောင်ရင်က ဒါတွေကို မသိဘဲကိုး… မန္တလေးတောင်ပေါ်ကို သူတို့နာနာဘာဝတွေ မပြော… မကောင်းတဲ့လူကိုတောင် ပယ်ရှားနိုင်တဲ့ အကြောင်း… ရှိနေတယ်ကွယ့်'

'ဟုတ်လား ဆရာကြီး၊ ကျွန်တော်မသိလို့ ရှင်း… ပါဦး'

'ဒါတွေကိုသိလို့ ရသေ့ကြီးဦးခန္တီဟာ ဥစ္စာစောင့်… ကို ဘယ်အထိသာ သွားလာခွင့်ရှိတယ်ဆိုတာ စည်း… ထားတာရှိလိမ့်မယ်။ ထုတ်ဖော်မပြောချင်လို့ မောင်ရင်… လှည့်လိုက်တာကွယ့်'ဟု ဆရာကြီးမြစကြာကပြောသ… ကျွန်ုပ်လည်း အတော်ပင် သိချင်လာမိတော့၏။

'ဘယ်လိုကြောင့်လဲ ဆရာကြီး'

ဆရာကြီးမြစကြာသည် မပြောလျှင် မဖြစ်တော့ပြီ… သိသဖြင့် ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပြ…

'ဒီလိုကွယ့်··မန္တလေးတောင်ပေါ်က ဆုတောင်းပြည့်… ဘုရားဆိုတာ အခုမှပေါ်လာတဲ့ဘုရား မဟုတ်ဘူး။ ဆ…

www.burmeseclassic.com

www.burmeseclassic.com

တို့ အခုရှိနေတဲ့ တောင်ထိပ်ဟာ အမြင့်ဆုံးအထွတ်အထိပ်လို့ ဆိုရမှာပေါ့။ ကနဦးဘုရားဒါယကာ အနော်ရထာမင်းလို့ပြောတယ်။ ဖြစ်နိုင်တယ်လေ၊ ရွှေစာရံဘုရားဆိုတာ အနော်ရထာမိဖုရား တစ်ပါးဖြစ်တဲ့ စောမွန်လှမင်းသမီး တည်ခဲ့တယ် မဟုတ်လားကွယ့်'

'ဟုတ်ပါ့တယ် ဆရာကြီး'

'နောက်ကာလကြာတော့ ပျက်စီးယိုယွင်းနေတာကို အသစ်တည်ပြုပြင်ခဲ့တာကတော့ ထွက်ရပ်ပေါက်ဆရာတော်ကြီး တစ်ပါးကွယ့်။ ဒီဆရာတော်ကြီးက ဘုရားဖူးတွေ လှတိုင်း အလိုပြည့်အောင်ဆိုပြီး ကုဋ္ဌာသယဆေးတွေ၊ အင်းတွေနဲ့ စီမံပြီးထားတယ်။ ကုဋ္ဌာသယပတ္တမြားကြီး တစ်လုံးကိုလည်း အနော်ရထာမင်းကြီး တည်ထားစဉ်က ပြုလုပ်ထားတဲ့ ဌာပနာတိုက် အောက်ဘက်မှာ ကျောက်သေတ္တာတစ်ခုကို စီမံပြီး ရွှေကြုတ်၊ ငွေကြုတ်တွေ အထပ်ထပ်နဲ့ ဌာပနာထားတယ်။ ဘုရားဘွဲ့အမည် အပြည့်အစုံကိုလည်း ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီ အမည်သမုတ်ထားခဲ့တယ်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေဆိုတော့ အမျိုးမျိုးပြုလုပ်နိုင်ကြတာပေါ့လေ။ နောက်ပြီး ဘုရားကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်အောင်ဆိုပြီး အရင်က ဒီနေရာတွေမှာ အမြဲနေတဲ့ မကောင်းတာတွေကို တခြားမှာ သွားနေရအောင် လုပ်ထားပြီးမှ တောစောင့်နတ်ဘီလူးကြီးတွေကို ခေါ်ပြီး အမိန့်ပေး စောင့်ခိုင်းထားတယ်။ တောင်အောက်ဘက်မှာလည်း ဘီလူးမတစ်ယောက် နေသေးလို့ ဒီတောင်ကို ဘီလူးမတောင်လို့ ခေါ်ခဲ့တယ်။ ထွက်ရပ်ပေါက်ဆရာတော်ကြီး အမိန့်ကို အစောင့်ထားတဲ့ ဘီလူးကြီးတွေက တောင်ကြီးနတ်ဘီလူး၊ တောင်သမန်နတ်ဘီလူး၊ တောင်ပြူးနတ်ဘီလူးကြီး၊ တောင်မြင့်နတ်ဘီလူးကြီးတွေကွယ့်။ ထက်ဦး ဘီလူးမတောင်မှာနေတဲ့ ဘီလူးမကတော့ စန္ဒာမုနီလို့ခေါ်တယ်။ အဲဒီဘီလူးမဟာလည်း ပါရမီရှင်ဘီလူးမပေါ့ကွယ်။ ဒီတော့ အရှေ့အနောက်၊ တောင်မြောက်ဆိုတဲ့ အရပ်လေးမျက်နှာရှိ ဘီလူးကြီးတွေက တစ်နေ့မှာ ဘီလူးမကို သူ့နေရာထားမယ်၊ ငါ့နေရာထားမယ်နဲ့ လုနေကြသတဲ့။

ဒါနဲ့ စန္ဒာမုနီဘီလူးမလည်း သတိတရား ရလာပြီး ဒို့အတွက်နဲ့ ထွက်ရပ်ပေါက်ဆရာတော်ကြီး တည်ထားတဲ့ ဆုတောင်းပြည့်ဘုရားဟာ အနှောင့်အယှက်ဖြစ်တော့မှာပဲလို့ အောက်မေ့မိရှာတယ်။ ဒါကြောင့် ဘုရားရှေ့ ဆုတောင်းဖို့ လှူဖွယ်တန်းဖွယ်ကိုရှာတာ မမြင်ဘူးတဲ့။ မိမိဘဝကိုလည်း ဘီလူးမဖြစ်ရတာ မကောင်းပါလားလို့ အတော်စက်ဆုပ်လာသတဲ့။ ဒါကြောင့် ဘီလူးမက မိမိရဲ့ ရင်သားအစုံကို ရှတ်တရက်ဖြတ်ယူပြီး ဘုရားရှေ့မှာထိုင်ကာ ဆုတောင်းလိုက်တယ်တဲ့။

ဘယ်လိုဆုတောင်းလိုက်သလဲဆိုရင် အခုလို ဣတ္ထိလိင်ဆိုတဲ့ဘဝကို စက်ဆုပ်ပြီး တပည့်တော်မဟာ မိမိရင်သားအစုံကို လှူဒါန်းပါတယ်။ ဒီလှူဒါန်းရသော အကျိုးကြောင့် ဘဝဆက်တိုင်း,ဆက်တိုင်း မိန်းမဘဝ မဖြစ်ရတဲ့ ကိုယ် ဖြစ်ပါစေလို့ ဆုတောင်းပြီး သာသနာတော်ကိုလည်း ချီးမြှင့်ထောက်ပံ့နိုင်တဲ့ ယောကျ်ားစင်စစ်ဖြစ်ပြီး ဤနေရာအနီးမှာပင် ကုသိုလ်ကောင်းမှုများကို ပြုလုပ်နိုင်သူဖြစ်ရပါလို၏လို့ ဆုတောင်းသတဲ့။ အဲဒီလို ရင်သားအစုံကို လှူဒါန်းပြီး ဆုတောင်းတာကို နတ်ဘီလူးကြီးတွေ မြင်တွေ့လိုက်ရတော့ ထိတ်လန့်သွားပြီး ဘယ်သူမှ အပိုင်မသိမ်းဝံ့တော့ဘဲ အရင်ကအတိုင်း နေမြဲနေကြသတဲ့။ နောက်တော့ အဲဒီနတ်ဘီလူးကြီးတွေသာ ဒီတောင်မှာ ကျန်ရစ်ခဲ့ပြီး ဘီလူးမကတော့ သူ့ရဲ့ ဆုတောင်းအတိုင်း ပြည့်သွားတယ်လို့ ရှေးလူကြီးတွေပြောတာ ကြားဖူးတယ်။

အဲဒီတော့ ဒီဆုတောင်းပြည့်ဘုရားအနားမှာ မကောင်းတဲ့ နာနာဘာဝတွေ တွေ့ကရာလာလုပ်လို့ ဘယ်ဖြစ်မလဲ။ ဒါကြောင့် ရန်ကင်းတောင်ခြေက ဥစ္စာစောင့်မတွေက အကြောင်းရှိတယ်လို့ ပြောတာဟာ ဒီအကြောင်းတွေပေါ့ကွယ့်'ဟု ဆရာကြီးမြစကြာက သမိုင်းကြောင်းနှင့် ရှည်လျားစွာ ပြောလိုက်သဖြင့် ကျွန်ုပ်တို့နောင်လာနောက်သားမန္တလေးနယ်သူနယ်သားများလည်း ဆုတောင်းပြည့်စေတီတွင် အစိဋ္ဌာန်ဝင်၍ လောကီ လောကုတ်အကျိုးကို သယ်ပိုးကြပါက ကောင်းလေစွဟု ဗဟုသုတ အကြားအမြင်ကို ရရှိလိုက်ရပါတော့သတည်း။

(ဆက်လက်ဖော်ပြပါမည်)

**အောင်ကျော်စွာ**

*(မြေကြီးနှစ်ကောင် မျက်နှာမူနေရာမှာ သူတို့ ဥစ္စာစောင့်သိုက် ရှိရာသို့ဖြစ်ကြောင်း၊ ၎င်းသိုက်သို့ ရောက်သွားပုံများကို သည်းတထိတ်ထိတ် ဖတ်ရမည်။)*



www.burmeseclassic.com

www.burmeseclassic.com

သီလကို စောင့်ထိန်းအပ်သောတရားဟု ဆိုသော်လည်း စင်စစ်တွင် စောင့်ကျင့်အပ်သောတရားဟုလည်း ဆိုနိုင်လေသည်။ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး စသည်ဖြင့် မိမိတို့ စောင့်ထိန်းလိုသောသီလကို ရဟန်းသံဃာတော်များ၏ အထံတော်၌ဖြစ်စေ၊ မိမိတို့အိမ်၌ ကိုးကွယ်ထားသော ဘုရားရှင်၏ အထံ၌ဖြစ်စေ၊ မိမိတို့ဘာသာ မိဋ္ဌာန်ပြုပြီး ဆောက်တည်သော သီလဖြစ်စေ၊ မိမိတို့ ခံယူဆောက်တည်ထားသော သီလကို အထုတ်နိုင်ဆုံး မကျိုးပေါက်အောင် စောင့်ထိန်းကြရပေတော့မည်။

သီလကို သီးသန့်မထိန်း မကျင့်ဘဲနှင့်လည်း ရနိုင်ဖွယ် မရှိပေ။ သီးသန့်ထိန်းကျင့်ပါမှ ထိုသီလသည် မြဲမြံနိုင်ဖွယ် ရှိလေသည်။ ကျူးလွန်ခွင့်မရှိ မရ၍ သီလမြဲနေသည်ဟူ၍ကား မဆိုရပေ။ ကျူးလွန်ခွင့်မရှိ၊ မရ၍ အပြစ်ဒေါသ မဖြစ်လျှင်လည်း အကုသိုလ်မဖြစ်ရုံမျှသာ ရှိပြီး သီလစောင့်ထိန်းသော ကုသိုလ်ကို မရပေ။ ဆိုခဲ့သည့်အတိုင်း သီးသန့်စောင့်ထိန်းပါမှ သီလ၏ ကောင်းကျိုးချမ်းသာကို ရရှိ... ဖြစ်သည်။

ဝို့ကြောင့် သီလမှစ၍ သီလ၊ သမာဓိ၊ မေတ္တာ... ဝိပဿနာ စသောတရားတို့သည် ထိန်းခြင်း၊ စောင့်ခြင်း... ကျင့်ခြင်း၌သာ တည်သည်ဟု ဆိုရမည် ထင်သည်... အကျင့်တရားအားလုံးကိုပင် ထိန်းခြင်း၊ စောင့်ခြင်း၊ ကျင့်... ခြင်းဖြင့်သာ မြဲမြံတည်ခန့်သဖြင့် အကျိုးကို ဖြစ်စေ... သည်။

# မဟာထွန်း

## ပရမတ်သီလ





www.burmeseclassic.com

www.burmeseclassic.com

စရဏအားလုံးကိုပင် အတတ်နိုင်ဆုံး မကျိုးပေါက်အောင် ထိန်းကျင့်ခြင်းဖြင့် ပစ္စုပ္ပန်၊ အနာဂတ်၏ အကျိုးကို တိုးပွားစေခြင်း၊ ဗုဒ္ဓဘာသာတို့၏ အမြင့်မြတ်ဆုံးဖြစ်သော သန္တိသုခနိဗ္ဗာနဓာတ် ရလဒ်ကြီးကို ဆိုက်ရောက်ပိုင်ဆိုင်နိုင်ခြင်း စသည်များ အဆင့်ဆင့်တိုးတက်၍ လာလေသည်။

သီလသည်လည်း ပိဋကတ်သုံးပုံတွင် တစ်ပုံအပါအဝင်ဖြစ်သည်။ ဝိနည်းပိဋကတ်ဟု သိနိုင်သည်။ အခြေခံတစ်ပါးသီလမှ လူတို့ စောင့်ထိန်းကြသော ရှစ်ပါး၊ ကိုးပါးမှသည် ရှင်သာမဏေတို့ စောင့်ထိန်းကြသော ဆယ်ပါးသီလ၊ ရဟန်းတော်များ စောင့်ကြသော နှစ်ရာနှစ်ဆယ့်နှစ်သွယ် အကျယ်တွင် ကုဋေပေါင်း ထောင်ပေါင်းများအထိပင် ကျယ်ပြန့်များပြားလေသည်။

ထို့ကြောင့် သီလကို တစ်ပါးမှစ၍ စရဏထားကာ အကျယ်ပွားနိုင်လျှင်မူ ပွားများနိုင်သမျှ အကျိုးရလေသည်။ လက်ရှိပစ္စုပ္ပန်မှသည် သံသရာကိုပွားစေ၍ ဘဝမှီတည်ခြင်း၏ သက်သာလွယ်ကူခြင်း၊ လူကြည်ညိုရှိသေလေးစား နတ်၊ သိကြားတို့တိုင်အောင် လက်အုပ်ချီ၍ ရှိခိုးအသေပြုခြင်းကိုပင် ရရှိနိုင်သည့် အကြောင်းကိုလည်း စာပေသာရေးစာပေအထွေထွေတို့၌ ကြည့်ညိုနိုင်လေသည်။

ထို့ကြောင့် သီလကို အလေးအနက်ထားပြီး ကျင့်ပွားစောင့်ထိန်းအပ်ကြသည်။ စောင့်ထိန်းရာတွင်လည်း သစ္စာရှိမှန်ပြု၍ ရရှိပိုင်ဆိုင်နိုင်သည်အထိ မကျိုးမပေါက် ပြောက်မကျားရအောင် စောင့်ထိန်းနိုင်ပါမူ အမြတ်ဆုံးသာ ဖြစ်လေသည်။

ထိုကဲ့သို့ သီလစောင့်ထိန်းကြရာတွင် စရဏအားကောင်းသော သူတော်ကောင်းများသည်လည်း အများအပြားပင်ရှိကြသည်။ ရှေးအခါကပင် ရှိလာခဲ့သလို ယခုအခါတွင်လည်း ရှိကြပေသည်။ သို့သော်လည်း ရှာမှရှားအောင်ဟု ဆိုနိုင်ပေမည်။

သည်လအတွက် ပစ္စုပ္ပန်မျက်မှောက်ကာလ၏ မလိမ်မတော်သောလူများကို အများအပြား တွေ့ဖူးသည့်အထဲမှ ကောင်းတာတင်၏ အကြောင်းနှင့် နှိုင်းအုပ်ရန် စိတ်ကူးထားသည်။ မလိမ်တတ်ခြင်းမှာ မုသာဝါဒသီလကို လုံခြုံစွာစောင့်ထိန်းခြင်းပင် ဖြစ်သည်။

မုသာဝါဒကံမှုကို လုံခြုံသော လူများကိုလည်း မကြည်ညို၍ မရပေ။ ငါးပါးသီလတွင် မုသာဝါဒသီလသည် စောင့်ထိန်းရ အခက်ဆုံးဟူ၍ပင် ပညာရှိသူတော်ကောင်းတို့ ဆိုကြသည်။ လုံခြုံရန်မလွယ်ကူဟု မှတ်ချက်ပြုနိုင်သည်။

ဘုရားအလောင်းတော်ကြီးများသည်ပင် မုသာဝါဒသီလကို ပရိယာယ်ဖြင့် သုံးသင့်က သုံးခဲ့ဖူးသည်။ အကြောင်းအရာများကို ဇာတက စသည်တို့၌ အမြောက်အမြားပင် တွေ့ဖူးသည်။ သို့သော်လည်း ဘုရားအလောင်းတော်ကြီးများ ပရိယာယ်ဖြင့် သုံးခဲ့ဖူးကြသည်မှာ မိမိတို့၏ အတ္တ၊ မာနအတွက် မဟုတ်ဘဲ သူတစ်ပါးတို့၏ ပရအတွက် ငဲ့ကွက်၍ မလွဲမရှောင်သာ သုံးကြသည်ကိုသာ တွေ့ရသည်။

ဤ၌ အပ္ပသာဝဇ္ဇ၊ မဟာသာဝဇ္ဇဟု နှစ်မျိုးကွဲပြားသည်ကိုလည်း တွေ့ရသည်။

သူတစ်ပါးတို့၏အတွက် သူတစ်ပါးတို့၏အကျိုးကို ငဲ့၍ သုံးလိုက်ရသည်ကို အပ္ပသာဝဇ္ဇဟုဆိုရသည်။ အငယ်စား သီလကျိုးပေါက်ခြင်း(ပြောက်ကျားခြင်း)ဟူ၍ပင် ခေါ်ရမည် ထင်သည်။ သီလမပျက် မကျိုးဟု မဆိုနိုင်။ မဆိုကောင်း၍ အငယ်စားသီလ ကျိုးပေါက်ခြင်း(ပြောက်ကျားခြင်း)ဟု မှတ်ချက်ပြုမိသည်။

မဟာသာဝဇ္ဇမှာ မိမိအတွက် ရည်ရွယ်ချက်ကြီးကြီးဖြင့် ချိုးဖောက်ခြင်းမျိုးဖြစ်သည်။ တချို့မှာ သီလသည် စောင့်ထိန်းအပ်သောအရာဟု သိသော်လည်း ထိန်းခြင်း၊ စောင့်ခြင်း အလျှင်းမရှိဘဲ ကျားကုတ်ကျားခဲ ချိုးဖောက်ကြသည်ကိုပင် အရာဌာနတိုင်းမှာ တွေ့ဖူးကြပေမည်။

မုသာဝါဒသည် စေတီယဇာတ်တော်မှ စသည်ဟု ပညာရှင်တို့ ဆိုကြသည်။ ဒီဃနိကာယ်၊ ပါထိကဝဂ်၊ စက္ကဝတ္တိသုတ်တော်တွင် လူတို့၏အသက်တမ်း အနှစ်လေးသောင်းတန်းတွင် မုသာဝါဒပေါ်လာသည်ဟုဆိုသည်။

မုသာဝါဒ၌ အင်္ဂါလေးပါးရှိသည်ကို တွေ့ရသည်။

(၁) မဟုတ်မမှန်သော အကြောင်းဝတ္ထု၊
(၂) ချွတ်ယွင်းပျက်စီးလိုသောစိတ်၊
(၃) လုံ့လထုတ်၍ ပြောဖြစ်အောင် ပြောဆိုခြင်း၊
(၄) နားထောင်သူက ချွတ်ယွင်းလဲမှားစွာ နားလည်သွားခြင်း။

ထိုလေးမျိုး ပြည့်စုံသွားသည်အထိ ဘုရားအလောင်း



www.burmeseclassic.com

www.burmeseclassic.com

တော် အစရှိသော သူတော်ကောင်းတို့ ပြောဆိုလေ့မရှိကြပေ။ ထိုလေးမျိုးသာ ပြည့်စုံသွားလျှင်လည်း ပြည့်ပြည့်ဝဝကြီးပင် မုသာဝါဒကံကြီးထိုက်လေသည်။

ဤ၌ အပ္ပသာဝဇ္ဇနှင့်ပတ်သက်၍ ဇာတ်တော်အချို့ကို အနှစ်ထုတ်ပြီး အကျဉ်းမျှ ဆက်ဦးမည်။

ဘုရားအလောင်းတော် မျောက်မင်းဖြစ်စဉ် တစ်နေ့သောအခါ သဖန်းဆိပ်(မြစ်ဆိပ်)၌ မိကျောင်း၏ ဖမ်းချီခြင်းကို ခံရလေသည်။ မိကျောင်းတို့၊ မြွေတို့၏ ချုပ်ဖမ်းခြင်းကို ခံရလျှင် လွတ်လမ်းမရှိတော့ပေ။ စားမျိုရန်အတွက် ဖမ်းချုပ်ခြင်းသာဖြစ်လေသည်။ ထို့ကြောင့်လည်း ဘုရားအလောင်းတော် မျောက်မင်းမှာ သေရမည့်တစ်လမ်းတည်းသာ ရှိတော့သည်။

ဘုရားအလောင်းတော်တို့သည် ပါရမီကာလ၌ အကျိုးယုတ်ကျမည်ကိုစိုး၍ အချည်းအနှီး သေဆုံးရမည်ကို မလိုလားကြပေ။

တစ်နည်း ဘုရားအလောင်းတို့အား အသက်ကို သေစေသည်အထိ သတ်ဖြတ်သော ပုဂ္ဂိုလ်သတ္တဝါတို့သည်လည်း ကြီးလေးသော အပြစ်ဒဏ်ကို အပါယ်ငရဲသို့ ရောက်စေသည်အထိ ကျခံရနိုင်ဖွယ် ရှိလေသည်။ ထို့ကြောင့် အသေ အသတ်မှ လွတ်မြောက်စေရန်အတွက် ဤကဲ့သို့ ပရိယာယ်ကို သုံးလေသည်။

'အို··မိကျောင်း၊ သင်သည် ငါ့အား အဘယ်ကြောင်းကြောင့် ဖမ်းဘိသနည်း'

ထိုအခါ မိကျောင်းကလည်း-

'မျောက်မင်း··ငါသည် သင်၏ နှလုံးသားကို အလိုရှိ၍ ဖမ်းပေသည်'

'ငါ၏ နှလုံးသားကို ရလိုပါမူ ငါ့အား အဘယ်ကြောင့် ဖမ်းဘိသနည်း'

'မျောက်မင်း··သင့်၌ နှလုံးသား မရှိပေလား'

ထိုအခါ ဘုရားအလောင်းတော် မျောက်မင်းက ရဲရဲနီနီ ရှိနေသော ရေသဖန်းပင်ပေါ်က ရေသဖန်းသီးများကို နှလုံးသားနှင့်တင်စားပြီး လက်ညှိုးညွှန်ပြလိုက်လေသည်။

ထို့ကြောင့် မိကျောင်းလည်း မျောက်တို့၏ကိုယ်တွင် နှလုံးသားမရှိ၊ ရေသဖန်းသီးများသည်သာလျှင် မျောက်တို့၏ နှလုံးသားဖြစ်မည်ဟု လွဲမှားချို့ယွင်းစွာဖြင့် ယုံကြည်သွားပြီး ဘုရားအလောင်းတော် မျောက်မင်းအား လွှတ်ပေးလိုက်လေသည်။

ထို့နောက် ပဥ္စာဝုဓမင်းသားသည်လည်း ဘီလူးဖမ်း ခံရဖူးသည်။ ဤတွင်လည်း ဆိုခဲ့သည့်အတိုင်း မြွေနှင့် မိကျောင်းတို့ထံမှ အဖမ်းခံရသည်နှင့် မခြားပေ။ ဘီလူးထံ၌ အဖမ်းခံရခြင်းမှာ အစားခံရမည့် တစ်လမ်းတည်းသာ ရှိလေသည်။

ထိုအခါတွင်လည်း ပဥ္စာဝုဓမင်းက-

'အို··ဘီလူး၊ ငါ၏ ဝမ်းဗိုက်ထဲ၌ ဝရဇိန်ရှိသည်။ ထို့ကြောင့် သင်သည် ငါ့အား စားသောက်ပါက အူအပိုင်းပိုင်းပြတ်၍ သေလတ္တံ့'ဟု ပြောလိုက်၍ ဘီလူး လွှတ်လိုက်လေသည်။

မျောက်မင်း ဇာတ်တော်၌ ရေသဖန်းသီးကို နှလုံးသားနှင့် တင်စား၍ပြောသည်။

ဤပဥ္စာဝုဓ ဇာတ်တော်၌ မိမိ၏ ပါရမီနှင့် ပညာကို ဝရဇိန်လက်နက်ဖြင့် တင်စားပြီး ပြောဆိုသည်။

သို့ဖြစ်၍ သူတစ်ပါးတို့အား ငဲ့ကွက်၍ ပရိယာယ်ဖြင့် တင်စားပြီးပြောလျှင် မုသာဝါဒမဖြစ်သည့်အကြောင်းကို ဧကနိပါတ် အဋ္ဌကထာဆိုသည်။ အင်မတန်မှတ်သားဖွယ် ထိုက်လေသည်။

သည်အကြောင်းအရာနှစ်ခုမှာ မိမိအား သတ်ဖြတ်လျှင် သူတစ်ပါးတို့ အကျိုးပျက်မည်ကိုစိုး၍ စကားလမ်းလွှဲကာ ပရိယာယ်ဥပမာဖြင့် တင်စားပြီး ပြောဆိုခြင်းသာ ဖြစ်လေသည်။

ထို့နောက် ဘုရင်၏ ဥပဒေနှင့် အာဏာ အလျောက် သေမိန့်ကျလာသော ရာဇဝတ်သားတို့ တစ်သက်ပတ်လုံး သတ်ဖြတ်လာခဲ့သည့် တမ္ဗဒါဌိက သည်လည်း လူဆိုးသတ်အလုပ်မှ အနားယူပြီးနော အရှင်သာရိပုတ္တရာအား ဆွမ်းဖြင့် လုပ်ကျွေးသည်။

ထို့နောက် အရှင်သာရိပုတ္တရာအထံ၌ ဆွမ်းတ တော်ကို နာယူလေရာ မရနိုင်ဘဲ ရှိနေလေသည်။ သာမကဘဲ တရားတော်ကို စိတ်ဝင်စားနိုင်ခြင်းပင်မ သူ လူပေါင်း မြောက်မြားစွာတို့အား သတ်ဖြတ်ခဲ့ အဖြစ်အပျက် အကြောင်းအရာများကိုသာ တသီတ ကြီး မြင်ယောင်နေလေသည်။

ထို့ကြောင့် သူသည် လူသတ်သမားဖြစ်သည် ဆိုးလူယုတ်၊ လူကြမ်း ကျွတ်လမ်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com

လည်း မရနိုင်ဟု ယူဆနေလေသည်။

တမ္ဗဒါဌိကက စိတ်အစဉ်ကို အရှင်သာရိပုတ္တရာ မြင်တော်မူသည်။ ထို့ကြောင့်လည်း ဤကဲ့သို့ မေးမြန်းတော်မူလေသည်။

'တမ္ဗဒါဌိက..သင်သတ်ဖြတ်ခဲ့ဖူးသော လူအပေါင်းတို့ကို သင်၏အလိုဆန္ဒအလျောက် သတ်ဖြတ်ခဲ့သလော၊ ဘုရင်မင်းမြတ်က ခိုင်းစေ၍ သတ်ဖြတ်ခဲ့သလော'

'ဘုရင်မင်းမြတ်က ခိုင်းစေ၍သာ သတ်ဖြတ်ခဲ့ပါသည် အရှင်ဘုရား'

'ဘုရင်မင်းမြတ်က ခိုင်းစေ၍ သတ်ဖြတ်ခဲ့ပါမူ သင့်မှာ အပြစ်ရှိနိုင်ပါမည်လော'

ဤတွင်လည်း တမ္ဗဒါဌိကကြီးသည်လည်း ရှင်သာရိပုတ္တရာက ပရိယာယ်ဖြင့် ပြောဆိုလိုက်၍ သူ့မှာ အပြစ်မရှိဟု မှားယွင်းစွာဖြင့် ယုံကြည်သွားလေသည်။ ထို့နောက် စိတ်နှလုံးများ ကြည်လင်သွားသဖြင့် တရားတော်ကို ဆက်လက်၍ နာကြားလေရာ သောတာပတ္တိမဂ်ကို ရရှိသွားလေသည်။

ပရိယာယ် (အပ္ပသာဝဇ္ဇ)ဖြင့် ပြောသောကြောင့် ချောက်မင်းနှင့် ပဉ္စာဝုဓမင်းသားတို့ အသက်ချမ်းသာရသွားကြပြီး မိကျောင်းနှင့် ဘီလူးတို့သည် ကျရောက်ဆဲဆဲ အပြစ်မှ လွတ်မြောက်သွားကြသည်။

တမ္ဗဒါဌိကကြီးကလည်း ပါဏာတိပါတ အကုသိုလ်ကြီးမှ ကင်းလွတ်ပြီး သောတာပတ္တိမဂ်ကို ရရှိသွားသည်။

ဤအကြောင်းအရာများမှာ ဘုရားအလောင်းတော်သည် သူတော်ကောင်းကြီးများက သူတစ်ပါး၏ အကျိုးစီးပွားကို ငဲ့ကွက်၍ ပရိယာယ်ဖြင့် သုံးတော်မူသွားကြသည့် မုသာဝါဒအကြောင်းများ ဖြစ်သည်။ ဤကဲ့သို့ သုံးခြင်းဖြင့် သီလကို ချိုးဖောက်ရာ မရောက်သည့်အကြောင်းကို ဆိုခဲ့ပြီ။

တချို့မှာ ရည်ရွယ်ချက်ရှိရှိဖြင့် သူတစ်ပါးတို့၏ အကျိုးစီးပွားကို ပျက်စီးစေလိုသော စေတနာဆိုးဖြင့် ပြောဆိုတတ်ကြလေသည်။ သီလဖြူစင်ခြင်း၏ ကောင်းကျိုးအနှစ်ကို မသိကြ၍လည်း ဖြစ်မည်။ တချို့မှာ မောဟလွှမ်း၍ သိလျက်နှင့် မသိ၍ ချိုးဖောက်နေကြသည်လည်း ဖြစ်နိုင်သည်။

ရှေ့မှဆိုခဲ့သည့် ဦးကျော်တင်၏အကြောင်းကို ဆက်ဦးမည်။

ဦးကျော်တင်မှာ တောသားအရိုင်းကြီးတစ်ယောက်ဖြစ်သော်လည်း မူလဗီဇကပင် သီလကို ချစ်မြတ်နိုးသူဖြစ်သည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ သီလကို ချိုးဖောက်လေ့မရှိပေ။

တစ်နေ့သောအခါတွင် ဦးကျော်တင်၏ သီလတန်ခိုးကို ပြသရန် အကြောင်းတစ်ခု ပေါ်ပေါက်လာလေသည်။ ဦးကျော်တင်မှာ ဤစာရေးသူနှင့် ခင်မင်ရင်းနှီးသော လူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့်လည်း ဦးကျော်တင်၏ အကြောင်းကို အတွင်းကျကျ သိရှိနေခြင်း ဖြစ်သည်။

ဦးကျော်တင်က သီလချမ်းသာသော်လည်း စီးပွားဥစ္စာ မပြည့်ဖြိုး၍ လူဆင်းရဲသည်။ ဆင်၊ ကျား၊ သားရဲများနှင့် ရင်ဆိုင်ပြီး တောထဲတောင်ထဲတွင် ကျွဲ၊ နွားများကို မွေးမြူရင်း လယ်၊ ကိုင်း၊ တောင်ယာနှင့် ကြံခင်းများကို သုံးရာသီပတ်လုံး လုပ်ကိုင်နေရသည်။ ထိုပတ်ဝန်းကျင်တွင် ဦးကျော်တင်နည်းတူပင် ဆိုခဲ့သည့် တောလုပ်ငန်းများဖြင့် အသက်မွေးနေကြသောလူများလည်း တသီတတန်းကြီးပင် ရှိကြသေးသည်။

ထိုထိုတသီတတန်းကြီးနေကြသည့်အထဲတွင် ဦးကျော်တင်၏ယောက်ဖ ကိုအေးထွန်းတို့ မိသားစုလည်း ပါဝင်သည်။ ကိုအေးထွန်းမှာ ဦးကျော်တင်နှင့် သမီးယောက်ဖ တော်စပ်ကြသော်လည်း အစစအရာရာတွင် ကွာခြားလေသည်။

ဦးကျော်တင်က သီလ၊ သမာဓိ ဖြူစင်သည့်တိုင်အောင် ယောက်ဖဖြစ်သူ ကိုအေးထွန်းမှာ ဦးကျော်တင်နှင့် ဆန့်ကျင်ဘက်ဖြစ်ကာ အကျင့်သီလများ ကင်းကွာလျက် အမဲထောင်ခြင်း၊ ဝက်ထုခြင်း၊ ငါးဖမ်းခြင်း၊ သောက်စားမူးယစ်ခြင်းများဖြင့်သာ အချိန်ကုန်နေလေသည်။

အဆိုးဆုံးမှာ တိုက်ခိုက်လုယက်ခြင်းများကို ဝါသနာပါခြင်းပင် ဖြစ်လေသည်။ တိုက်ခိုက်လုယက်ခြင်းဟူသည်မှာ အကျင့်သီလကျိုးပေါက်ရုံဖြင့်မပြီးဘဲ ထိုထိုမကောင်းသော ဆိုးကျိုးများသည် မျက်မှောက်၊ သံသရာ နှစ်ဖြာလုံးတိုင်အောင် လိုက်၍ဒုက္ခပေးတတ်သည်ကို ကိုအေးထွန်း တစ်ယောက် မသိနိုင်ပေ။

တစ်နေ့သောအခါတွင် ဦးကျော်တင်၏ ကြံတဲနှင့်ခဲတစ်ပေါက်သာသာတွင်ရှိသော သပြေပင်ကြီးအောက်၌

www.burmeseclassic.com

နွားဝယ်ရန် ရောက်လာကြသည့် သစ်ခက်တဲလေးထိုးကာ အိပ်နေကြသော လူတစ်စုကို ဓားပြတိုက်မှု ဖြစ်ပွားလေသည်။

ထို့ကြောင့် ဦးကျော်တင်မှာ စိတ်မကောင်းဖြစ်ရသည်။ စိတ်မကောင်းဖြစ်သော်လည်း ဘာမျှမတတ်နိုင်ပေ။ သူ့ကိုလည်း ကိုယ်မပိုင်၊ ကိုယ့်ကိုလည်း သူ့မပိုင်။ သတ္တဝါအမျိုးမျိုး ကံအထွေထွေဟု တွေးကာ ဖြေရလေသည်။

မိုးလင်းသည်နှင့် ရဲများ ရောက်လာကြသည်။ စခန်းမှူးကြီးကိုယ်တိုင် ပါလာပြီး အခင်းဖြစ်ပွားသော သပြေပင်ကြီးအောက်ကို တန်းသွားကြသည်။ ဓားပြအတိုက်ခံလိုက်ရသော နွားဝယ်သမားများကို သွားစစ်ဟန်ရှိသည်။

ထို့နောက် တစ်အောင့်အကြာတွင် ရဲများ ဦးကျော်တင်၏ ကြံတဲကို တန်းပြီးလည်း ဝင်လာကြသည်။

ဦးကျော်တင် သီလအားကောင်းသည့် အကြောင်းသည် နာမည်ကြီးသည်။ ထို့ကြောင့် ရဲများအပါအဝင် ဦးကျော်တင်၏ အကြောင်းကို တစ်နယ်လုံးလည်း သိကြသည်။

ထိုအချိန်က ကိုအေးထွန်းလည်း ရှိသည်။ ကိုအေးထွန်းက သူ့တဲအိမ်ရှေ့ ဦးကျော်တင်၏တဲနှင့် မျက်စောင်းထိုး ဆီးပင်အောက်က လှုပကာပေါ်မှာထိုင်ပြီး နှီးဖြာနေသည်။

ဦးကျော်တင်က ရဲများအား ရေနွေးကြမ်း၊ ကြံသကာများဖြင့် ဧည့်ခံသည်။ ရဲများက ရေနွေးသောက်ရင်း ဦးကျော်တင်၏ အခြေအနေကို အကဲခတ်ကြည့်ကြသည်။ ဦးကျော်တင်ကား မည်သို့မျှအမူအရာမပြောင်းပေ။ ထို့နောက် စခန်းမှူးကြီးကိုယ်တိုင် ဦးကျော်တင်အား မေးမြန်းလေသည်။

'ဦးကျော်တင်··ကုန်ခဲ့တဲ့ညက ကိုးနာရီလောက်မှာ ဟိုသပြေပင်အောက်က နွားဝယ်သမားတွေကို ဓားပြတိုက်မှု ဖြစ်သွားတာ သိလိုက်ပါသလား'

ဦကျော်တင် အနည်းငယ်မျှ မျက်နှာပျက်သွားသည်။ ထို့နောက် ပြောလိုက်သည်။

'ဟုတ်ကဲ့၊ သိလိုက်ပါတယ်'

ရဲများက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ထို့နောက် စခန်းမှူးကြီးက ဆက်မေးသည်။

'ဓားပြအဖွဲ့မှာ ဘယ်သူဘယ်ဝါတွေ ပါဝင်ကြတယ် ဆိုတာရော သိပါသလား'

'အင်း··ဒါတော့ ဆရာတို့ ကျွန်တော့်ကို မမေးပါနဲ့ ဆရာတို့ ကိုယ့်ဘာသာပဲ စုံစမ်းကြပါ'

စခန်းမှူးကြီးက ဦးကျော်တင်၏ မျက်နှာကို စိုက်ကြည့်ရင်း ဆတ်ခနဲခေါင်းညိတ်သည်။ အခြားရဲသားများက ခီးခနဲရယ်ကြ၍ စခန်းမှူးကြီးက လက်ကာပြသည်။

ဦးကျော်တင်ကမူ မျက်လွှာချ၍သာ နေသည်။

'ဟုတ်ပါတယ် ဦးကျော်တင်၊ ပြစ်မှုတစ်ခုခု ဖြစ်လာ ရင် အမှုမှန် ပေါ်ပေါက်လာအောင် ကျွန်တော်တို့ရဲ ကပဲ စုံစမ်းစစ်ဆေးပြီး ဖော်ထုတ်ကြရပါတယ်။ စုံစမ်း ဆေးပြီး ဖော်ထုတ်ကြတဲ့အခါမှာလည်း အဓိကအား ပြစ်မှုဖြစ်တဲ့ နေရာနဲ့ နီးစပ်တဲ့ ပတ်ဝန်းကျင်က လူတွေ သာ မေးမြန်းစုံစမ်းကြရတာပါ။ ဒီတော့ ဦးကျော်တင် လည်း ဒီပတ်ဝန်းကျင်မှာ နေတာပဲ။ ဒါကြောင့် ဦးကျော် တင်ကိုလည်း မေးသင့်တယ်ထင်လို့။ ကုန်ခဲ့တဲ့ညက သပြေပင် အောက်မှာ ဓားပြတိုက်မှု ဖြစ်သွားတာနဲ့ သက်လို့ ဘယ်သူဘယ်ဝါ တိုက်တယ်ဆိုတာ ဦးကျော် တင်များ သိသလားလို့ မေးကြည့်တာပါ'

'ကိုယ့်ဘာသာပဲ စုံစမ်းပါဗျာ။ ကျွန်တော့်ကို မေး ပါနဲ့'

စခန်းမှူးကြီးက ရယ်သည်။ ထို့နောက်-

'ပြောခဲ့သလိုပါ ဦးကျော်တင်၊ မေးမြန်းစုံစမ်းတာ ဆိုတာ ပတ်ဝန်းကျင်က လူတွေကိုပါ။ ဒါကြောင့်လည်း ကျွန်တော်က ဦးကျော်တင်ကို မေးတာပါ။ ဦးကျော်တင် သိရင် သိတယ်၊ မသိရင်လည်း မသိဘူးပေါ့ဗျာ။ လေးပဲ ပြောပါ'

ဦးကျော်တင် အတော်လေးပင် စိတ်ပျက်သွား သည်။ စခန်းမှူးကြီးကလည်း ဦးကျော်တင် မလိမ် သည်ကိုသိ၍ ဖွင့်မေးနေခြင်းဖြစ်သည်။ ထို့နောက် မှူးကြီးက ပြောသည်။

'ဦးကျော်တင်က ဘယ်သူဘယ်ဝါတိုက်တယ်ဆို သိရင် သိတယ်၊ မသိရင်လည်း မသိဘူး ဒါလေးပဲ ပြပါ။ ကျွန်တော့်အနေနဲ့လည်း ဦးကျော်တင်ကို နေရတာ အားနာပါတယ်။ ဦးကျော်တင်က မသိ ကျွန်တော်လည်း နောက်မမေးတော့ပါဘူး။ ဒါ့နောက်



www.burmeseclassic.com

www.burmeseclassic.com

မေးတယ်လို့ပဲ သဘောထားလိုက်ပါ’

ဦးကျော်တင် သက်မတစ်ချက်ကို ချလိုက်သည်။ ထို့နောက် မျက်စောင်းထိုး ဆီးပင်အောက်မှာ နှီးဖြာနေသော ကိုအေးထွန်းကို တစ်ချက်ကြည့်လိုက်ပြီး ‘ဟုတ်ကဲ့၊ သိပါတယ်။ ဓားပြမှုမှာ ဟိုဆီးပင်အောက်က အကောင်ပါပါတယ်’ဟု ပြောလိုက်လေသည်။

စခန်းမှူးကြီးရော ရဲသားများပါ အသံတိတ် ရယ်ကြသည်။ ထို့နောက် စခန်းမှူးကြီးက သူ့တပည့်ရဲသားများကို ကိုအေးထွန်းအား ဖမ်းခိုင်းသည်။

ကိုအေးထွန်းလည်း ဦးကျော်တင်အား အတော်လေးဝင် ဒေါသထွက်သွားလေသည်။ ကိုယ့်ယောက်ဖအရင်းတစ်ယောက် ထောင်ကျမည့်အရေးကိုတွေးပြီး ဒါလေးတစ်ခုကိုပင် လိမ်ပြီး မပြောရကောင်းလားဟုလည်း ကြိတ်မနိုင် ခဲမရ ဖြစ်သွားသည်။

‘ကိုင်း..ကိုအေးထွန်း၊ ငါ မလိမ်တတ်ဘူးဆိုတာမင်း သိတယ်မဟုတ်လား။ ငါ့ကို ဘာမှမကျေနပ်ဖြစ်မနေနဲ့။ မင်းအပြစ်နဲ့မင်း ခံရတာ။ လိုက်သွား။ မင်းမယားနဲ့ မင်းသားသမီးတွေကို ငါလုပ်ကျွေးထားမယ်။ မင်းထောင်က ပြန်လွတ်လာရင်လည်း ငါ့အနားမှာ မထားတော့ဘူး’

စခန်းမှူးကြီးနှင့် ရဲသားများလည်း ဦးကျော်တင်ကို ဦးချကန်တော့ကာ ကိုအေးထွန်းအား ဖမ်းခေါ်သွားကြလေသည်။

ဦးကျော်တင်လည်း နောက်နှစ်များမကြာမီ ရဟန်းဝတ်သွားလေသည်။

ဤသို့ ဦးကျော်တင် စောင့်ထိန်းသော သီလသည် ယောက်ဖအရင်းတစ်ယောက် ထောင်ကျမည့်အရေးကိုပင် လိမ်ညာပြောဆိုခြင်းမရှိ၍ ဖြူစင်၏။ ပြုပြင်ခြင်း၊ လှည့်ပတ်ခြင်း ကင်းသောကြောင့် ဖြောင့်မတ်၏။ ထို့ကြောင့် သီလကို အရှိအတိုင်း အမှန်အတိုင်း စောင့်ထိန်းသဖြင့် ပရမတ်ဖြစ်၍ ပါရမီလည်း မြောက်သည်ဟု ဆိုရမည်။ နိဗ္ဗာန်နှင့်စပ်သော သီလစောင့်ထိန်းခြင်းဟုလည်း နားလည်နိုင်လေသည်။

မဟာထွန်း


ကြယ်ဖြူမင်း
အမှတ်တံဆိပ်
ဆီးချို၊ သွေးချိုဆေး


ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ရွှေးထွက်များ၍ကိုယ်ခန္ဓာအားအင်ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း ကြယ်ဖြူမင်း ဆေးတိုက်
အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် ဘောင်ကြွလမ်းထောင့် (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉-၇၃၁၀၄၀၇၄ ၀၉-၅၀၀၀၄၃၆၊ ၀၉-၅၁၃၉၀၇၂၊ ၀၉-၅၁၃၉၀၇၈၅

ဖြန့်ချိရေး
တိုဝင်းမြင့်+စေအေသီ (ဆေးချိုးစုံဆိုင်)၊ (၁၅)ထပ်၊ ထိမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
(ပြည်မြို့ - ဒေါနန်းကော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေစင်းဆေးဆိုင်)
(ပုသိမ်မြို့ - ငြိမ်းမှုန်ဆေးဆိုင်)၊ (ပဲခူးမြို့ - တသ်ာတုန်းဆေးဆိုင်၊ တသ်ာတုန်းသင်)

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃တောဆေး(၂၃၀၅)




www.burmeseclassic.com

www.burmeseclassic.com

လူဝင်စားဆိုသည်မှာ ယခင်လူ့ဘဝဟောင်းမှ ခန္ဓာ ပျက်ပြုန်း အသက်ဆုံးသေကျေပြီး နောက်ထပ် လူ့ဘဝ အသစ်မှာ ရုပ်ခန္ဓာအသစ်နှင့် ဝိညာဉ်ကူးပြောင်းလာသူ ဖြစ်ပေသည်။ ဤသည်ကား လူဝင်စားတို့၏ နိယာမအစဉ် အလာတည်း။

သို့သော် ယခု ကျွန်ုပ်တင်ပြမည့် လူဝင်စားမှာ ထို နိယာမ ဖြစ်ရိုးဖြစ်ထုံးကို ပုန်ကန်ဖောက်ထွက်၍ ခန္ဓာ မပျက် အသက်မသေဘဲ ဝိညာဉ်အပိုပွားလာကာ နောက် ဘဝသစ်တစ်ခုသို့ ကော်ပီပွားကူးပြောင်းသွားသော လူ ဝင်စားဖြစ်သဖြင့် အလွန်ပင် ထူးဆန်းအံ့သြဖွယ် ကောင်း နေပေ၏။ မယုံလျှင် ပုံပြင်မှတ်ဟု ပေါ့ပေါ့တန်တန် မပြော လိုပါ။ မယုံမရှိနှင့်။ ဟိုတစ်ချိန်က ဖြစ်ရပ်မှန်ဟု လေး လေးနက်နက် ပြောလိုပါသည်။

အချိန်ကာလတည်းဟူသော ရေစီးကြောင်း၏ ဝါးမျို တိုက်စားမှုကြောင့် လက်လှမ်းမီ ကိုယ်တွေ့မျက်မြင်ဖြစ်ရပ် မဟုတ်သော်ငြား သက်ကြီးစကား သက်ငယ်ကြားဟူ သော လက်ဆင့်ကမ်း ပြောကြား *မှတ်တမ်းတင်စနစ်ကို အထောက် အထားပြု၍လည်းကောင်း၊

တစ်သက်နှစ်ကိုယ် ဖြစ်ကြကုန်သော ပထမ မူရင်းလူ နှင့် ဒုတိယကိုယ်ပွား လူဝင်စားတို့၏ အမည်များဖြင့် ကောင်းမှုကုသိုလ် ကမ္ပည်းစာသားများ မှေးမှေးမှိန်မှိန် ရှိနေသေးသည့် ရှေးဟောင်းဇရပ်အိုကြီး တစ်ဆောင်ကို ပေသုံးရာခန့်မြင့်သော တောင်ပူစာကလေးတစ်ခုပေါ်တွင် ယနေ့တိုင် မြင်တွေ့နေရခြင်းအား အထောက်အထား အကိုးအကား ပြု၍လည်းကောင်း၊ ကြုံတောင့်ကြုံခဲ ဤ ထူးခြားဆန်းပြား လူဝင်စားအကြောင်းကို ကျွန်ုပ် ရေးသား တင်ပြပါအံ့။

တမ္ပဝတီ

# လူထူးထဲ အသက်မသေဘဲ လူဝင်စားဖြစ်သွားသူ



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလသည်ကား မြန်မာပြည်ကြီး ထီးကျိုး ည်ပေါက် ကျွန်သားပေါက်ဖြစ်ခဲ့ရသော ကိုလိုနီခေတ် အခါကာလ အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေချိန် ဖြစ်ပေ၏။ ရာဒေသမှာကား မြန်မာနိုင်ငံအထက်ပိုင်း မန်းတိုင်း ဒေသနှင့် ရှမ်းပြည်နယ်နယ်စပ်ရှိ မြန်မာပြည်ဘက်ခြမ်းမှ လွန်ကျော်နှင့် ရွာခိုင်ကြီး အမည်ရှိ တောင်ခြေရွာကြီး နစ်ရွာမှ ဤနှစ်ဘ၀ တစ်ပိညာဉ် ဇူးအင်ဝမ်းဇာတ်လမ်း အစပြုခဲ့ရလေသည်။


တိတ်ဆိတ်မည်းမှောင် ညဥ့်သန်းခေါင်ဝယ် လွန် ကျော်တစ်ရွာလုံးသည် နေ့မှာ ပင်ပန်းခဲ့သမျှ အတိုးချပြီး အိပ်မောအကျကြီးကျလျက် ရှိနေလေ၏။ အိပ်ရေး၀၀ အိပ်မက်လှလှဖြင့် အိပ်ပျော်နေကြလေပြီ။ အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို အိပ်ရေးကောင်းနေစဉ် ဒိန်းဒေါင်း သံများက ရွာအတွင်းမှာ ဆူညံပွက်လောရိုက်သွားခဲ့ရ လေပြီ။

'ဒိန်း..ဒိန်း..ဒေါင်..ဒေါင်'

'ဒိုင်း..ဒိုင်း..ဒိုင်း..ဒိုင်း'

ရွာလယ်ပိုင်းရှိ မြေပိုင်ရှင် ရွာသူဌေး ဦးဒေါနအိမ်မှ ဖြစ်သည်။

'လှုပ်လှုပ်ရှုရှု မလုပ်ကြနဲ့နော်။ ငြိမ်ငြိမ်နေကြစမ်း။ ဒီအချိန်ကြီး ဒီကို ရောက်လာတာ အလှူခံတွေ မဟုတ် ဘူး။ အမတော်ကြေး ထုတ်ပေးတဲ့လူတွေလည်း မဟုတ် ဘူး။ ထွန်းခဲ၊ ထွန်းမှန်တို့ အဖွဲ့ပဲ။ ဒါဆို သဘောပေါက်။ ဓားပြ လက်ထဲက သေနတ်ဟာ တွန့်တို သူတွေ တွန်းလှန်သူတွေကို အသေပစ်သတ် တဲ့ လက်နက်ဆိုတာ သိထားကြ။ ကဲ.. ဦးဒေါန၊ ရှိသမျှ ရွှေတွေ၊ငွေတွေ အကုန် ထုတ်။ မြန်မြန်ပေးစမ်း။ တွန့်တိုရင် ဘာ ဖြစ်မယ်ဆိုတာ ပြောပြီးသားနော်'



www.burmeseclassic.com

ဓားပြဗိုလ်ထွန်းဖံက ဦးဒေါနအား ပါးစပ်မှ စကား လုံးဖြင့် ခြိမ်းခြောက်သလို လက်ကလည်း သေနတ်ဖြင့် နားထင်ကို ချိန်ထောက်ကာ ပြောလိုက်လေသည်။

'ကြောက်··ကြောက်ပါတယ် ဗိုလ်ထွန်းဖံရယ်။ အသက်ကိုတော့ ချမ်းသာပေးပါ'

'ဒါဆိုရင် မြန်မြန်လုပ်၊ မြန်မြန်ထုတ်'

'ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ။ ပေးပါ့မယ်၊ ပေးပါ့မယ်'

အခြောက်ကောင်း အဟောက်ကောင်းသူနှင့် အကြောက်ကြီး အလန့်ကြီးသူတို့တွေ့ကြတော့ ဖြစ်စဉ်က ပွဲသိမ်းမြန်သည်။ ဗိုလ်ထွန်းဖံက သူ့လက်ထဲ ရတနာထုပ် ရောက်လာတော့ အလျှင်အမြန်ဖြေကြည့် ကမန်းကတန်း ပြန်ထုပ်ကာ သူ့လွယ်အိတ်ကြီးထဲသို့ ကတိုက်ကရိုက် ထည့်လိုက်လေ၏။ ထို့နောက် လွယ်အိတ်ကို ဇက်သပ် ထုံးစည်းပြီး သူ့လည်ပင်းမှာ ရင်ဘတ်တင်ချိတ်ဆွဲလျက် မြင်းညိုကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေသည်။ သတိအနေအထားနှင့် ဝန်းရံစောင့်ဆိုင်းနေကြသော ဗိုလ် ထွန်းမှန်နှင့် တပည့်နှစ်ယောက်တို့သည်လည်း သူတို့၏ မြင်းများပေါ်သို့ ကိုယ်စီ ခုန်တက်လိုက်ကြကာ တစ်ဟုန် ထိုး ကဆုန်စိုင်း ထွက်ခွာသွားကြလေတော့သည်။

မြေပိုင်ရှင် ဦးဒေါနနှင့် သူ့ဇနီး ဒေါ်အိမ်စိုးတို့မှာ ဓားပြများ ပြန်သွားသည်ရှိသော် ထိတ်လန့်တုန်လှုပ်မှုများ။ နှမြောတသ သောကစိတ်များ ဖိစီးလျက် ကျန်ခဲ့ကြရှာလေ ၏။

'ခံရခက်လိုက်တာ ရှင်မရယ်။ သဒ္ဓါစိတ်နဲ့မဟုတ်ဘဲ ဘယာစိတ်နဲ့ ပေးလိုက်ရတာ ကုသိုလ်မရဘဲ အကုသိုလ် တွေပဲ ရတော့တယ်'

ဦးဒေါနက မချိတင်ကဲသံဖြင့် ပြော၏။

'ဟုတ်ပါ့တော်၊ ကျုပ်တို့ရဲ့ ချွေးနဲ့စာတွေ မသူတော် တွေ လက်ထဲပါသွားတာ နှမြောလိုက်ပါဘိ'

ဒေါ်အိမ်စိုးကလည်း ခံစားချက်တူမျှသောလေသံဖြင့် ဆိုလေသည်။

'လူမသေ ငွေမရှားပါ ရှင်မရယ်။ လူသေအောင် သတ်မသွားတာဘဲ တော်သေးတယ်'

'ဒီနေရာမှာ ကျုပ်တို့သားကြီး တောက်ထွန်းသာရှိနေ ရင် ဒင်းတို့တော့ မလွယ်ဘူးမှတ်'

'ဟုတ်ပါ့ ရှင်မရယ်၊ သားကြီးက သတ္တိလည်းရှိ တယ်၊ ဉာဏ်လည်း ကောင်းတယ်။ အခု ရှမ်းပြည်နယ် ရှာင်ဘက်ကို သိုင်းပညာသင်နေတာ ခြောက်လရှိသွားပြီ သူပြန်လာလို့ကတော့ ဘာမှကြောက်စရာမလိုဘူး'

'ဒါပေမဲ့ ကိုဒေါနရယ်၊ ထွန်းဖံတို့က သက်နက်ရှေ ပါတယ်'

'လက်နက်ကိုင်တဲ့လူဟာ လက်နက်ကိုပဲ အားကိုး တာ။ လက်နက်မဲ့သွားရင် အားကိုးရာမဲ့ဖြစ်သွားပြီး သူ တို့သတ္တိဟာ ကျောက်ကန်ကန်တဲ့ အဆင့်လောက်ပဲ ရှိ တော့တာ။ ပညာတတ်တဲ့လူက လက်နက်ရှိသူကို လက် နက်မဲ့ဖြစ်သွားအောင် လုပ်နိုင်တယ်။ ဘာကြောက်စရာ ရှိလဲ။ တို့သားကြီးက သိုင်းပညာရှင်ပဲ။ လက်နက်သမား ကို ဘာမှုရမှာလဲ'

'အင်း··ကျုပ်တို့ကသာ သားကြီးကို အားကိုးနေကြ တာ။ ဟိုကဖြင့် အိမ်တောင်ကပ်တယ် မရှိဘူး။ ခြော လည်းရှည်၊ လမ်းကလည်း များပါဘိသနဲ့'

'ဒီတစ်ခါ ခြေငြိမ်သွားအောင် သူ့ကောင်မလေး အမြန်ဆုံး မင်္ဂလာဆောင်ပေးမှ ဖြစ်တော့မယ်'

'ဘယ်ကောင်မလေးတုန်းတော့'

'မနှစ်က ပလ္လင်ဂူဘုရားပွဲမှာ တို့လှည်းဝိုင်းကို လာ လည်တဲ့ ဟိုရွာနိုင်ကြီးရွာသူလေး စိန်ပွင့်လေ'

'သြော်··စပါးပွဲစား ကိုဒေဝသမီးလေး မဟုတ်လား'

'ဟုတ်တာပေါ့ဗျာ'

'ကောင်းပါလေ့တော်၊ ကောင်းပါလေ့'

◆ ◆ ◆

ဓားပြဗိုလ်ထွန်းဖံ၊ ထွန်းမှန်တို့ညီအစ်ကိုနှင့်ပတ်သက် ၍ နယ်သူနယ်သားများမှာ ကျီးလန့်စာ စားဖြစ်နေကြ သလို မြို့မရဲဌာနမှ အမှုထမ်း အရာထမ်းများမှာလည်း ထိုဓားပြများနှင့်ပတ်သက်၍ အတော်ပင် ဦးနှောက်ခြော အလုပ်များလျက် ရှိနေကြလေ၏။

'ဒီမှာ လူကလေး မောင်မောင်အေး၊ ကျွန်ုပ် ရာဇဝတ်ဝန် မစ္စတာရိန်းက ကြိမ်းလှမောင်းလှပြီ။ ရှ သူကြီးတွေကလည်း တိုင်လှတောလှပြီ။ ဒီ ထွန်းဖံ၊ ထွ မှန်ဆိုတဲ့ အရိုင်းအစိုင်းကောင်တွေကို ခုထိ ဖမ်းမမိသေး ဘူးလား'

အရေးပိုင်မင်း မစ္စတာဂျေစီရောဘတ်က ရာဇ အုပ်ကလေး မောင်မောင်အေးကို ဆင့်ပွားကြိမ်းမောင်း



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်သည်။

'ဟုတ်ကဲ့ပါ သခင်ကြီး၊ ဒီကောင်တွေကို မကြာခင်မှာ မိအောင်၊ ကျွန်တော် ဖမ်းပြပါ့မယ်။ ခွေးရူးကောင်းစား တစ်မွှန်းတည့်ပါ'

'ဟော့..ဒီမယ် မောင်မင်း၊ ခုဟာက တစ်မွှန်းတည့်မကတော့ဘူး။ မွှန်းလွဲချိန်တောင် ဆိုက်ရောက်နေပြီ'

- 'ဟုတ်ပါတယ် သခင်ကြီး၊ ဒီကောင်တွေဘဝ မကြာခင် နေဝင်တော့မှာပါ'

'ဟိတ်..တော် တော် မောင်မင်း၊ ကျုပ်နဲ့ စကားအနိုင်လုပြောဖို့ ဆက်ပြီးမကြိုးစားပါနဲ့။ ဓားပြမိအောင်ဖမ်းဖို့ပဲ ဆက်ပြီးကြိုးစားပါ။ လိုအပ်မယ့် လူအင်အား၊ လက်နက်အင်အားနဲ့ လုပ်ငန်းစဉ် အသေးစိတ်ကို အမြန်ဆုံး ရေးဆွဲတင်ပြ၊ အမြန်ဆုံး ဆောင်ရွက်။ ဒါပဲ'

'ဟုတ်ကဲ့ သခင်ကြီး'

ထို့နောက်တွင်တော့ ရာဇဝတ်အုပ်ကလေး မောင်မောင်အေးသည် ဓားပြဗိုလ်ထွန်းဖံနှင့် ထွန်းမှန်တို့ အဖွဲ့ကို အမြန်ဆုံး လက်ရဖမ်းဆီးနိုင်စေရန် အထူးစီစဉ်ဆောင်ရွက်လေတော့သည်။

◆◆◆

ပုလိပ်အဖွဲ့က ဓားပြဖမ်းရန် အားကြိုးခဲ့ကြိုးပမ်း၍ တစ်ရွာဝင်တစ်ရွာထွက် ကွင်းနင်းမြေလှန် ရှာဖွေနေချိန်တွင် ထွန်းဖံတို့အဖွဲ့မှာ ရှာငံနယ်စပ်ရှိ ပြဒါးလင်းဂူတစ်ဝိုက်တွင် ကူနွေ့ရရ စိမ်ကျကျ ပုန်းအောင်းနေထိုင်လျက်ရှိနေကြလေသည်။ ထိုရောခဏ ထိုကာလ၌ နယ်မြေဒေသမှာ ယာယီ အေးချမ်းသာယာလျက် ရှိနေလေတော့၏။ မုန်တိုင်းအလွန် လေပြေညင်းကာလသည် နောက်လာမည့် မုန်တိုင်းအကြို လေနုသွေးကာလလည်း ဖြစ်ချင်ဖြစ်နေတတ်ပေသည်။ ထိုကာလကလေး အတောအတွင်းမှာ ရှမ်းပြည်နယ်ဘက်မှ ပြန်လည်ရောက်ရှိလာသော လွန်ကျော်ရှာသား တောက်ထွန်းနှင့် ရွာခိုင်ကြီးရွာသူ စိန်ပွင့်တို့ မင်္ဂလာဆောင်ဖြစ်ခဲ့ကြလေ၏။

တောက်ထွန်း၏ မိဘများဖြစ်ကြသော မြေပိုင်ရှင်ဦးအေါန်နှင့် ဒေါ်အိမ်စိုးတို့ လင်မယားမှာ ချွေးမအလိမ္မာလေး ရသဖြင့် ပျော်တပြုံးပြုံး ရှိနေကြလေ၏။ ချွေးမမှာ အလိမ္မာဖြစ်သော်လည်း အိမ်ကိုတော့ မပါနိုင်ခဲ့ချေ။ အကြောင်းမူ စိန်ပွင့်မှာ မိဘမဲ့မိန်းကလေးဖြစ်၍ ဘွားအေဖြစ်သူ ဒေါ်ဆိုးမယ်နှင့် မြေးအတွား နှစ်ယောက်တည်း အတူနေရသူဖြစ်လေရာ တစ်ဦးတည်းသော ဘွားအေကို ပစ်ထားခဲ့၍ မဖြစ်သောကြောင့်ပင်တည်း။ သို့ဖြစ်၍ သျှောင်နောက် ဆံထုံးပါမြဲ ထုံးကို ပြောင်းပြန်လှန်ပြီး တောက်ထွန်းလည်း အလိုအလျောက် ရွာခိုင်ကြီးရွာသားဖြစ်သွားရလေတော့သည်။

စိန်ပွင့်အဖေ ကိုဒေဝမှာ စပါးပွဲစားတစ်ယောက်ဖြစ်၍ အိမ်ကြီးအိမ်ကောင်းနှင့် နေထိုင်နိုင်ကာ ရွှေငွေပစ္စည်းဥစ္စာတို့လည်း အတန်အသင့် စုဆောင်းထားရှိနိုင်ခဲ့သူဖြစ်သည်။ သို့သော်လည်း လူ့ဘဝစခန်းမှာ သက်တမ်းမရှည်ရှာခဲ့။ သမီးစိန်ပွင့် အိမ်ထောင်မကျမီ နှစ်နှစ်ကျော်ကျော်ခန့်က ကျောက်ကြီးရောဂါဖိစီး၍ ကိုဒေဝရော သူ့ဇနီး မသင်းထုံပါ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြရလေသည်။ စိန်ပွင့်လေးမှာသာ မိခင်ဘက်မှ ဘိုးဘွားများရှိရာ နယ်စပ်တောင်ပေါ်ဒေသ ခင်လည်ရွာသို့ သွားနေခဲ့သဖြင့် ကျောက်ရောဂါကူးစက်ခြင်း မခံရဘဲ အသက်ရှင်ကျန်ရစ်ခဲ့ရခြင်း ဖြစ်လေ၏။ ယခင်ကတည်းက အတူနေသူ ဖခင်ဘက်မှ အဘွားဒေါ်ဆိုးမယ်မှာ ရွာသူရွာသားအချို့နည်းတူ ကပ်ရောဂါဒဏ်ကို အလူးအလဲ အပြင်းအထန်ခံရင်း ကျော်လွှားနိုင်ခဲ့လေသည်။

တိတ်ဆိတ်သာယာသော ညချမ်းအချိန်ကလေးတစ်ခုတွင် စိန်ပွင့်တို့၏ အိမ်ဝင်းခြံကျယ်ကြီးထဲရှိ မယ်ဇယ်ပင်ကြီးအောက်မှ ကွပ်ပျစ်ပေါ်မှာထိုင်ရင်း သူတို့နှစ်ယောက် ဘဝရှေ့ရေးကို တိုင်ပင်ဆွေးနွေးကာ စကားလက်ဆုံ ပြောမကုန် ရှိနေကြလေသည်။

'စိန်ပွင့်ရယ်..ဘာမှ အားမငယ်ပါနဲ့။ မင်းတို့ မြေးအဘွားရှေ့မှာ မားမားမတ်မတ်ရပ်မယ့် ကိုထွန်း တစ်ယောက်လုံး ရောက်လာပြီပဲ'

'အားကိုးပါတယ် ကိုထွန်းရယ်'

'အားကိုးတာ တစ်ခုတည်းနဲ့ ကိုထွန်းကို ယူခဲ့တာလား'

'အဲလိုလည်း ဘယ်ဟုတ်ပါ့မလဲ။ တစ်ရွာသားကြီးအပေါ် မေတ္တာလည်း ထားခဲ့မိလို့ပေါ့'

'ဒီကထားတဲ့မေတ္တာက ပိုပါတယ်နော်။ အားကိုးလည်း ခံချင်ပါတယ်'

တောက်ထွန်းက စိန်ပွင့်၏ ဖြောင့်စင်းသွယ်ပျသော

www.burmeseclassic.com

လက်မောင်းကလေးနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ပြောလိုက်လေ၏။

'ဩော်..ဒါနဲ့ ကိုထွန်း'

'ပြောလေ'

'ဟို..ဗိုလ်ထွန်းဖုံတို့အဖွဲ့လည်း ခုတလော ငြိမ်နေတယ်ထင်တယ်။ ဘာသတင်းမှ မကြားရဘူး။ စိန်ပွင့်ဖြင့်ကြားရမှာကို ကြောက်ကြောက်နေတယ်'

'မကြောက်ပါနဲ့ကွာ၊ ကိုထွန်းတစ်ယောက်လုံး ရှိနေပြီလို့ ပြောထားသားပဲ။ ဟိုတလောက အဖေတို့ ခံလိုက်ရတာ ကိုထွန်း မရှိလို့ပါ။ ရှိလို့ကတော့ ဒီကောင်တွေ မလွယ်ဘူးမှတ်'

'ယုံပါတယ် ကိုထွန်းရယ်'

ထိုသို့ သူတို့ပြောနေကြချိန်မှာပင် သူတို့ရွာ၏မြောက်ဘက်အရပ်ဆီမှ သေနတ်သံများ သဲသဲကွဲကွဲ ကြားလိုက်ကြရလေ၏။ သို့ဖြစ်၍ နောက်တစ်နေ့နံနက်တွင် စုံစမ်းကြည့်ရာ လွန်ကျော်နှင့် ရွာနိုင်ကြီးရွာ နှစ်ရွာကြားရှိ စမျှောင်ရွာမှ ဦးဘဂျမ်း၊ ဒေါ်မြမေတို့အိမ်ကို ဓားပြဗိုလ်ထွန်းဖုံနှင့် ထွန်းမှန်တို့အဖွဲ့ ဝင်စီးသွားကြောင်း သတင်းကြားကြရလေသည်။

ထို့နောက် တစ်နေ့နံနက်မှာပင် ရာဇဝတ်အုပ်ကလေး မောင်မောင်အေးနှင့် ပုလိပ်အဖွဲ့သည် သတင်းခြေရာခံရရှိခဲ့သောကြောင့် ချောဆွဲလာသော နွားလှည်းတစ်စီးဖြင့် စမျှောင်ရွာသူကြီး ဦးဘထွန်းထံသို့ ရောက်ရှိလာခဲ့ကြလေ၏။ မောင်မောင်အေးက လှည်းပေါ်မှ ဆင်းလျှင်ဆင်းချင်း ဦးဘထွန်းကို မေးသည်။

'အခြေအနေ ဘယ်လိုလဲ သူကြီး'

'ကိုဘဂျမ်း တစ်အိမ်တည်းပါ။ ဒါပေမဲ့ သူ့အိမ်က ရွှေ၊ ငွေတွေအပြင် သူထိန်းထားတဲ့ ကျေးရွာရန်ပုံငွေတွေ ပါ ပါသွားတယ်'

'ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်တွေက ဘယ်သွားနေကြလို့လဲဗျ'

'ဓားပြတွေက သေနတ်ကိုယ်စီ၊ မြင်းကိုယ်စီနဲ့ လက်နက်အင်အားချင်း မမျှတော့ ကျုပ်တို့လည်း မတတ်နိုင်ကြတော့ပါဘူး ရာဇဝတ်အုပ်ကလေးရယ်'

'အင်းပေါ့လေ၊ ဒီလို မီးကျိုးမောင်းပျက် ဓားပြအစုတ်တွေ ဝါးရင်းတုတ်သမားကိုသာ နိုင်ပေမပေါ့။ ကျုပ်တို့လို ပုလိပ်တပ်ဖွဲ့နဲ့ တွေ့လို့ကတော့ ဘာခံနိုင်မှာတုန်း။ မပူပါနဲ့ သူကြီးရယ်။ ဒီကောင်တွေ ကြာကြာသောင်းကျန်းနိုင်မှာ မဟုတ်ပါဘူး။ မိဖို့ လက်တစ်ကမ်းအကွာမှာ ရောက်နေပါပြီ'

'ကောင်းလှပါပြီဗျာ။ ကြိုးစားပြီး ဖမ်းပေးကြပါဦး ကျုပ်တို့ နယ်တစ်ဝိုက်မှာ ကျီးလန့်စာစား ဖြစ်နေရတာကြာပါပြီဗျာ'

'စိတ်ချပါ သူကြီးရယ်၊ ကျုပ်တို့ အခု ခဏနားပြီး ဆက်လိုက်ကြမှာပါ။ ညက ဒီကောင်တွေ ဘယ်ဘက်ကို ထွက်သွားကြတာလဲ'

'အရှေ့ဘက် ငလိုင်းဇင်မြောင်းဘက်ဆီကို ထွက်သွားကြတာပဲ။ ရှမ်းပြည်ဘက်ကို သွားကြမယ့်ပုံပဲ။ မြင်းတွေ ပါပေမယ့် တောင်တက်ခရီးဆိုတော့ သိပ်ပြီးခရီးတွင်မှာ မဟုတ်ဘူး'

ထို့နောက် ပုလိပ်အဖွဲ့လည်း ရွာထဲမှ ရှိစုမဲ့စု မြင်းလေးကောင်ကို ချောဆွဲကာ ရှာင်နယ်စခန်းကြီးဖြတ်လမ်းအတိုင်းတက်ကာ ကျောက်ကူပြင်၊ ရေဦးဘက်သို့ ထွက်ခွာသွားကြလေသည်။ တကယ်တော့ ထွန်းဖုံတို့အဖွဲ့သည် အရှေ့ဘက်သို့ အရောင်ပြကာ ငလိုင်းဇင်မြောင်းကို မဖြတ်ဘဲ အောက်သို့စုန်လိုက်ကာ မြောက်အရပ် သံရွာဘက်ဆီသို့သွား၍ ဇော်ဂျီမြစ်ကိုဖြတ်ကူးပြီး ကျောက်ဂူတောင်အနီးတစ်ဝိုက်တွင် ကိုယ်ရောင်ဖျောက်နေခဲ့ကြလေသည်။

ယခု လူသိများ ထင်ရှားနေသော သံရွာကျောက်တောင်တရားစခန်းမှာ ထိုစဉ်အခါက မပေါ်ပေါက်ခဲ့သေးပါ။ ထိုဒေသတွင် တောကြီးချုံကြီးများသာ ဖုံးလွှမ်းဆီးလျက် ရှိခဲ့ပါ၏။ (စကားချပ်)

ထို့နောက်တွင်တော့ သည်နယ်ဘက်သို့ ခြေဦးမလှည့်ဘဲ အချိန်ကာလ တစ်နှစ်ခန့်ကြာအောင် ပျောက် ငှက်ပျောက် ပျောက်နေခဲ့ကြလေတော့၏။ တစ်နှစ်ခန့် ကုန်ဆုံးချိန်တွင် စိန်ပွင့်မှာလည်း ကိုယ်အရင့်အမာကြီးနှင့် အိမ်မှုကိစ္စများကို မနားတမ်းလုပ်ဆောင်ရွက်လျက် ရှိနေလေသည်။

'စိန်ပွင့်ရယ်..ဒီနွားချေးတွေကို ဘာလိုကျုံးနေ လဲ။ ငြိမ်ငြိမ်လေး နေစမ်းပါ၊ ကိုထွန်း လုပ်မှာပေါ့'

'ရပါတယ် ကိုထွန်းရယ်၊ ဘာမှမဖြစ်ပါဘူး ထွန်းက လယ်ထဲလည်း ဆင်းရ၊ အဖေ့လက်ဘ

www.burmeseclassic.com

ခွဲစားလည်း လုပ်ရနဲ့ ပင်ပန်းလှပါတယ်'

'သြော်..မိန်းမရယ်၊ ကိုယ်က ဘာမှအရေးမကြီး ဘူး။ ကိုယ့်အတွက် မစဉ်းစားနဲ့။ မင်းကိုယ်တိုင်နဲ့ မင်းဗိုက်ထဲက ကလေးအတွက်ပဲ စဉ်းစား။ ဖယ်..ဖယ်..ကိုယ် လုပ်မယ်။ မင်းက အဘွား မြစ်နားကျောင်းကို ဥပုသ် စောင့်သွားဖို့ အသင့်ပြင်ပေးချေတော့'

'အင်း..ဟုတ်သားပဲ၊ ဒီနေ့ လကွယ်ဥပုသ်နေ့ပဲ'

စိန်ပွင့်က ပြောပြောဆိုဆို နွားချေးကျုံးနေရာမှ လက်များဆေးပြီး အဘွားဒေါ်ဆိုးမယ် မြစ်နားကျောင်းသို့ ဥပုသ် စောင့်သွားရန်အတွက် ဆွမ်းချိုင့်များ၊ လှူဖွယ်ပစ္စည်းများ တို ပြင်ဆင်ပေးနေလေသည်။

◆◆◆

မြေပြင်မှ ကြည့်မြင်ရသော နေမင်းကြီး၏တစ်နေ့တာ ခရီးစဉ် ပြီးဆုံးသွားလေ၍ လကွယ်နေ့သည် လကွယ်ည အဖြစ် ပြောင်းလဲသွားခဲ့ချေပြီ။ ရွာထဲမှ လူကြီးသူမများနှင့် ရွာသူရွာသားများသည် ဤကဲ့သို့သော ဥပုသ်ရက်မြတ် တွင် နေ့ရောညပါ သူတော်ကောင်းတရားများ ပွားများ အားထုတ်နေကြချိန်ဝယ် မသူတော်လူစုသည် လုယက် တိုက်ခိုက် ဒုစရိုက်အမှုများ ကျူးလွန်ရန် ညဉ့်သန်းခေါင် ယံအချိန်မှာ ရွာထဲသို့ ရုတ်တရက်ရောက်ရှိလာခဲ့ကြလေ သည်။ ထိုသူတို့ကား အခြားသူများ မဟုတ်ကြ။ ဤနယ် ဒေသ၏ မိတ်ဟောင်းဆွေဟောင်း ထွန်းဖေ၊ ထွန်းမှန်တို့ ဓားပြအဖွဲ့ပေတည်း။ သူတို့အဖွဲ့သည် ရွာအနောက်စည်း ရိုးကိုကျော်နင်းကာ ရွာအနောက်ပိုင်းရှိ ဒေါ်ဆိုးမယ်တို့အိမ် သို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားကြလေသည်။

ဒေါ်ဆိုးမယ်၏ တစ်ထပ်တိုက် အုတ်တိုက်ကြီးသည် ယဉ်ဖယ်ပင်ကြီးများ၊ သရက်ပင်ကြီးများ၏ အကြားတွင် မှောင်မည်းတိတ်ဆိတ်လျက် ရှိနေလေ၏။ အိမ်အတွင်း ဘက်မှာတော့ ရေနံဆီမီးအိမ်ကလေး ခပ်မှိန်မှိန်ထွန်းထား လေသည်။ ဒေါ်ဆိုးမယ်က အိမ်ဦးခန်း ဘုရားစင်ဘက် ဆောင်မှာအိပ်၍ တောက်ထွန်းတို့ လင်မယားက အနောက် ခန်းမှာ အိပ်ကြသည်။ ဓားပြများ ဝင်မလာမီအချိန်ကလေး က စိန်ပွင့်မှာ သန္ဓေသားကြောင့်မဟုတ်ဘဲ အစာအိမ်၏ လုပ်ဆောင်မှုကြောင့် ဗိုက်နာလာသဖြင့် တောက်ထွန်းက အိမ်သာလိုက်ပို့ရင်း အိမ်သာအနီးရှိ သရက်ပင်ခြေရင်း တွင် မတ်တတ်ရပ်မှီလျက် စောင့်နေရလေ၏။ သူတို့အိမ် အပြင် ခဏထွက်စဉ် အိမ်ဝင်ပေါက်တံခါးကိုလည်း ဖွင့်ဟ ထားခဲ့သဖြင့် ဓားပြများသည် အိမ်ထဲသို့ အခန့်သင့် ဝင် ရောက်သွားကြလေသည်။ ဓားပြများဝင်လာကြသည်ကို သိလျှင်သိချင်း တောက်ထွန်းသည် စိန်ပွင့်အား အိမ်သာ ထဲမှ ထွက်မလာရန် လေသံတိုးတိုးဖြင့် သတိပေးရင်း သူကိုယ်တိုင်ကလည်း အမှောင်ထဲမှာပင် အခြေအနေကို အကဲခတ် စောင့်ကြည့်နေလိုက်သည်။

ဗိုလ်ထွန်းမှန်သည် ခုတင်ပေါ်တွင်ထိုင်၍ ပုတီးစိပ် နေသော ဒေါ်ဆိုးမယ်အား သေနတ်နှင့် ထိုးချိန်လိုက်ကာ-

'အဘွားကြီး..မလှုပ်နဲ့၊ မအော်နဲ့၊ ငြိမ်ငြိမ်နေ'

ဟု အသံခပ်အုပ်အုပ်ဖြင့် ပြောနေစဉ် ဗိုလ်ထွန်းဖေက အိမ်ပေါက်ဝ အတွင်းဘက်မှ အပြင်သို့လှည့်ကာ-

'မဆိုင်သူ မကပ်ကြနဲ့။ မင်းတို့မိန်းမတွေ ခုချက် ချင်း မုဆိုးမ လတ်လတ်ဆတ်ဆတ် ဖြစ်သွားကြမယ်။ ခေါင်းတစ်လုံး အပိုပါရင် လာခဲ့။ အသက်နဲ့ ကျည်ဆန် လဲချင်တဲ့လူဆိုရင် လာခဲ့'ဟု အမိန့်ပေးသံ၊ စိန်ခေါ်သံ တို့ကို အသံဆိုး အသံနက်ကြီးဖြင့် အော်ပြောလိုက်လေ သည်။

ထို့နောက် ဒေါ်ဆိုးမယ်အနားသို့ ခြေလှမ်းကျဲကြီး များဖြင့် သွားကာ-

'ဒီမှာ အဘွားကြီး၊ ခင်ဗျားအိမ်မှာရှိသမျှ ရွှေ၊ ငွေ တွေ အားလုံး အမြန်ဆုံးထုတ်ပေးစမ်း။ တစ်ခုမှ မကျန် စေနဲ့'

'ကျုပ်မှာ ဘာမှမရှိပါဘူးတော်'

'ဇေလည်ကြောင်ပတ် လုပ်မနေနဲ့'

'တကယ်မရှိလို့ပါ'

'ဒီမယ် အဘွားကြီး၊ ပစ္စည်းက အဖိုးတန်သလား၊ ခင်ဗျားအသက်က အဖိုးတန်သလား'

'ပစ္စည်းက အဖိုးတန်ပါတယ်'

'ဘာ'

'အဲ..အဲ..ကျုပ်အသက်က အဖိုးတန်ပါတယ်။ ကျုပ် ကို မသတ်ပါနဲ့'

'ဒါဆို ပစ္စည်းတွေကို မြန်မြန်ထုတ်၊ မြန်မြန်ပေး စမ်း။ ဒါနဲ့ အိမ်သားတွေလည်း တစ်ယောက်မှ မရှိပါ လား။ ဘယ်သွားနေကြလဲ'

'မြောက်ဘက်ရွာ သွားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဆိုးမယ်က အယောင်ယောင်အမှားမှား ပြောလိုက်ရာ ဗိုလ်ထွန်းဇံက–

'အေး…ကောင်းတယ်။ မြန်မြန်လုပ်။ ကျုပ်တို့က ခင်ဗျားနဲ့ စကားပြောဖို့လာတာ မဟုတ်ဘူး'ဟု လေသံဆော် စကားပြောလိုက်လေသည်။

ထိုသို့ သူတို့ ပြောဆိုနေကြစဉ် တောက်ထွန်းသည် အမှောင်ထဲမှာ ကိုယ်ကိုဖော့၍ မီးဖိုတဲဆီသို့သွားကာ နံရံတွင် ကြက်ခြေခတ်ချိတ်ထားသော ငှက်ကြီးတောင်ဓား နှစ်လက်ကို ဓားအိမ်များမှ နှုတ်ယူလိုက်သည်။ ထို့နောက် ဝင်းတံခါးဝတွင်ရပ်၍ ကင်းစောင့်နေသော ဓားပြတစ်ယောက်ကို ဓားတစ်လက်ဖြင့် အားကောင်းကောင်း အရှိန်ပါပါ လှမ်းပစ်လိုက်လေရာ ထိုသူ၏ရင်ဝသို့ ဓားသွား အလျားတစ်ဝက်လောက် ဖောက်ဝင်သွားလေ၏။ ထိုလူလည်း အသံမထွက်နိုင်တော့ဘဲ ရှေ့သို့ ခွေလဲသွားလေသည်။ လကွယ်ညဖြစ်သော်လည်း ကြယ်ရောင်များဖြင့် လူလုံးမကွဲသော်ငြား မှုန်ဝါးဝါးတော့ မြင်နေရလေ၏။ ဝင်းတံခါးဝမှလူ လဲကျသွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသော အိမ်ပေါက်ဝမှ ဓားပြတစ်ယောက်သည် အိမ်ပြင်ဘက်သို့ ခြေလှမ်းသုံးလေးလှမ်းခန့် ထွက်လာပြီး ဘေးဘီသို့ လှည့်လည်စူးစမ်းနေစဉ် တောက်ထွန်းသည် ထိုလူ၏ ဦးခေါင်းအုပ်ဆက်ကို ဓားရိုးဖြင့် ဆောင့်ချလိုက်ရာ ထိုလူမှာ မြေပြင်ပေါ်ဝယ် မှောက်လျက်ကြီး သတိမေ့မြောလျက် ရှိနေလေတော့သည်။

ထိုအချိန်မှာ ဒေါ်ဆိုးမယ်သည် ချေးခံအင်္ကျီအိတ်ကပ်ထဲမှ အပ်ချိတ်နှင့် တွယ်ထားသော သော့တံကို ဖြုတ်ယူ၍ ဘုရားခန်းမီရှိ အံဝှက်ထဲတွင်ထားသော ရတနာထုပ်ကို ယူပေးရန် သော့ကို စမ်းတဝါးဝါးဖြင့် ဖွင့်ပေးလျက် ရှိနေလေ၏။

'ကြာလိုက်တာ အဘွားကြီးရာ၊ မြန်မြန်လုပ်စမ်း'

ဗိုလ်ထွန်းဇံက စိတ်မရှည်သံဖြင့် အော်နေပြန်သည်။ အပြင်ဘက်မှ အဖြစ်အပျက်များနှင့် အိမ်ထဲမှအဖြစ်အပျက်များသည် တစ်ချိန်တည်းမှာပင် တစ်ပြိုင်နက်ဖြစ်နေပြီး အိမ်ထဲမှာ သူတို့အသံနှင့်သူတို့ ဆူညံနေပြီး ဝင်းတံခါးမှ ဓားပြလဲကျသံကို ထွန်းဇံ၊ ထွန်းမှန်တို့ မကြားလိုက်ကြချေ။ အိမ်ပေါက်ဝမှလူ ခေါင်းထုခံရသံနှင့် လဲကျသံကိုတော့ ထွန်းမှန်က ကြားလိုက်ရလေသည်။

သို့ဖြစ်၍ 'အစ်ကိုကြီး၊ အပြင်ဘက်က အသံတွေကြားတယ်'ဟု ပြောပြောဆိုဆို ရိုင်ဖယ်သေနတ်ကို မောင်းဆွဲတင်ထိုးချိန်ကာ အိမ်ပေါက်ဝဆီသို့ လာခဲ့လေ၏။

သေနတ်ပြောင်းတံ တစ်ထွာခန့် အိမ်တံခါးအပြင်သို့ ရောက်လာချိန်တွင် အိမ်ပြင်တံခါးအကွယ်မှ ရပ်စောင့်နေသော တောက်ထွန်းက သေနတ်ပြောင်းဝကို ဘယ်လက်ဖြင့် ဖမ်းဆုပ်ပြီး အောက်သို့ နှိမ်ကာ သေနတ်ခါးလယ်ကို ညာလက်ဖြင့်ဆွဲယူပြီး လှန်ချလိုက်လေရာ ထွန်းမှန်လည်း တလင်းအခံမှာ ကျွမ်းပြန်သွားရလေတော့သည်။ သေနတ်ထဲမှ ကျည်ထွက်သွားပြီး ဒိုင်းခနဲ မြည်သံကြီးနှင့်အတူ သေနတ်မှာလည်း တစ်လံအကွာလောက်သို့ လွင့်ကျသွားလေသည်။

အခြေအနေကို စောင့်၍ ချောင်းကြည့်နေကြသော ရွာသားအချို့သည် အခွင့်သာပြီဖြစ်၍ မီးတုတ်များ ထွန်းညှိလိုက်ကြကာ တုတ်၊ ဓား လက်နက်တို့ဖြင့် အပြေးဝင်ရောက်လာကြပြီး ဗိုလ်ထွန်းမှန်ကို အရှင်မိအောင် ဝိုင်းဖမ်းလိုက်ကြလေသည်။ အိမ်ပေါက်ဝမှာ သတိမေ့နေသော ဓားပြကိုလည်း လက်ပြန်ကြိုးများ တုပ်ထားလိုက်ကြလေ၏။ မကြာမီမှာ ထိုသူလည်း သတိပြန်လည်ရလာခဲ့သည်။

အခြေအနေမလှတော့သည်ကိုသိသော ဗိုလ်ထွန်းဇံသည် ရတနာထုပ်ကို စောင့်မယူနိုင်တော့ဘဲ အိမ်ထဲမှ တစ်ဟုန်ထိုး ပြေးထွက်လိုက်လေ၏။ ထိုစဉ် တောက်ထွန်းက ငှက်ကြီးတောင်ဓားဖြင့် လှမ်းခုတ်လိုက်ရာ ဗိုလ်ထွန်းဇံ၏ ဘယ်ဘက်နားထင်ကို တစ်ချက်ထိသွားလေသည်။

ဗိုလ်ထွန်းဇံလည်း ထိုဒဏ်ရာကြီးဖြင့်ပင် သူ့မြင်းကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေ၏။ မြင်းပေါ်သို့ရောက်လျှင် ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ ရွာသားများဘက်သို့ လှမ်းချိန်လိုက်စဉ်မှာပင် ကျေးရွာကာကွယ်ရေးခေါင်းဆောင် ကိုလှအောင်က ဝါးချွန်တုတ်ဖြင့် လှမ်းပစ်လိုက်လေရာ သေနတ်မှာ ဝါးချွန်တုတ်နှင့်အတူ လေထဲသို့ လွင့်စဉ်သွားလေသည်။

တစ်ချိန်တည်းမှာပင် တောက်ထွန်းက ငှက်ကြီးတောင်ဓားဖြင့် လှမ်းပစ်လိုက်လေရာ ဗိုလ်ထွန်းဇံ၏ ညာဘက်ပေါင်ကို ဝင်စိုက်လေ၏။ မြင်းပေါ်မှ ဓားတန်းလန်းဖြင့် လိမ့်ကျလာသော ဗိုလ်ထွန်းဇံကို တောက်ထွန်းနှင့် ရွာသားများက ဝိုင်းဖမ်းလိုက်ကြလေသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com

ဆရာသူကြီးဦးအုန်းဖေ ရောက်လာပြီး ဓားပြများကို လက်မြန်ကြိုးများ အခိုင်အမာတုပ်နှောင်ကာ ချက်ချင်းပင် မြို့မရဲဌာနသို့ နွားလှည်းဖြင့် ပို့လိုက်ကြလေသည်။

မြို့မရဲဌာနသို့ရောက်သော် အရှင်ဖမ်းမိသော ထွန်းဖံ၊ ထွန်းမှန်နှင့် အိမ်ပေါက်စောင့် ဆင်ပေါက်ဆိုသူတို့ကို စစ်ချက်များယူပြီး ဒဏ်ရာပြင်းပြင်းထန်ထန်မရှိသော ထွန်းမှန်နှင့် ဆင်ပေါက်တို့ကို ဌာနအုပ်က အချုပ်ခန်းထဲသို့ ထည့်ထားလိုက်လေ၏။ ထွန်းဖံမှာ နားထင်နှင့် ပေါင်မှ ဓားဒဏ်ရာတို့က သွေးထွက်လွန်နေသဖြင့် လက်ထိတ်များ၊ သံခြေချင်းများခတ်ကာ ဆေးကုရန် မြို့မဆေးရုံသို့ ပို့လိုက်လေ၏။ ဝင်းတံခါးဝမှာ ရင်ဝတွင် ဓားစိုက်လျက် သေဆုံးသွားခဲ့သော ကျားပေါက်ဆိုသူ၏ အလောင်းကိုလည်း မြို့မဆေးရုံ ရင်ခွဲခန်းသို့ ပို့လိုက်လေသည်။ ထွန်းဖံမှာ ဆေးရုံ၌ ဒဏ်ရာအကွဲအပြဲများအား ဆွဲချုပ်ပြီး ခဏအကြာမှာ သွေးထွက်လွန်သော ဝေဒနာဖြင့် သတိလစ်မေ့မြောသွားလေတော့သည်။

အနှစ်နှစ်အလလက ဗိုက်ကျစိုးမိုးကာ သောင်းကျန်းလာခဲ့သော ထွန်းဖံ၊ ထွန်းမှန် ဓားပြအဖွဲ့ ပုလိပ်တို့ ဘယ်လိုမှ ဖမ်းမမိနိုင်ခဲ့သော ထွန်းဖံ၊ ထွန်းမှန်ဓားပြအဖွဲ့အား အဆုံးသတ် အရှင်းအပြတ်အနိုင်ယူလိုက်သော သိုင်းသမား တောက်ထွန်း၏ ဂုဏ်သတင်းမှာ ချက်ချင်းပင် ပျံ့နှံ့သွားခဲ့လေသည်။ နောက်တစ်နေ့ နံနက်ပိုင်းတွင် မြို့မရဲဌာနမှ ဌာနအုပ်ဦးဘသစ်က တောက်ထွန်းနှင့် ကျေးရွာကာကွယ်ရေးအဖွဲ့အား ဖိတ်ခေါ်၍ ဂုဏ်ပြုလက်မှတ်နှင့် ဆုလက်ဆောင်များ ပေးအပ်လေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့ နေ့လယ်အချိန်၌ တောက်ထွန်း၏ဇနီး စိန်ပွင့်မှာ ဗိုက်နာလာပြီး မီးမဖွားနိုင်သဖြင့် မြို့မဆေးရုံသို့ နွားလှည်းဖြင့် ရောက်ရှိလာသည်။ ဆေးရုံရောက်သော် ဆရာဝန်က မွေးလမ်းကြောင်းအနေအထားကို စမ်းသပ်စစ်ဆေးပြီး ညနေ လေးနာရီခန့်အချိန်ကျမှ မွေးမည်ဖြစ်ကြောင်း ပြောဆိုပြီး အားဆေးထိုးပေးကာ အနားယူမှေးစက်ထားခိုင်းလိုက်လေသည်။ စိန်ပွင့်မှာ ဝေဒနာလည်း ခံစားရ၊ ခရီးကလည်း ပင်ပန်းလာရသဖြင့် နွမ်းနယ်ပြီး အိပ်ပျော်သွားလေတော့သည်။

ဓားပြဗိုလ်ထွန်းဖံမှာလည်း ထိုအချိန်ထိ သတိပြန်မလည်သေးဘဲ မေ့မြောဆဲပင် ရှိနေလေ၏။ သွေးထွက်လွန်သော ဝေဒနာအပြင် တောထဲတောင်ထဲမှ ရရှိလာခဲ့သော ငှက်ဖျားရောဂါကြောင့်လည်း ခံနိုင်ရည်အား နည်းပါးရခြင်းဖြစ်လေသည်။ ထွန်းဖံမှာ ခန္ဓာကိုယ်ကသာ လူနာခုတင်ပေါ်မှာ ပက်လက်အနေအထားဖြင့် အိပ်ပျော်နေသလိုမျိုး ရှိနေသော်လည်း သူ၏ဝိညာဉ်လိပ်ပြာကမူ ဆေးရုံထဲတွင် လှည့်လည်၍ လျှောက်သွားလျက် ရှိနေလေသည်။ ထိုသို့သွားနေရင်းမှ မွေးလူနာခန်းရှိ စိန်ပွင့်ခုတင်နားအရောက်တွင် ရပ်တန့်ပြီး အိပ်ပျော်နေသော စိန်ပွင့်အား ထွန်းဖံ၏ လိပ်ပြာက အိပ်မက်ပေးလေသည်။ စိန်ပွင့်၏ အိပ်မက်ထဲတွင် စိန်ပွင့်နှင့်သူ စကားများ ပြောဆိုနေကြသည်။

'နင် ဒီနေ့ ကလေးမွေးမှာလား'

'ဟုတ်တယ်။ ဘာဖြစ်လို့လဲ'

'ငါ နင်တို့နဲ့အတူ လိုက်နေမလို့'

'ဘယ်ဖြစ်ပါ့မလဲ။ ကျုပ်တို့က ကျုပ်တို့ကလေးနဲ့ပဲ အတူနေမှာပေါ့'

'အဲဒီကလေးအဖြစ်နဲ့ လူဝင်စားလုပ်ပြီး လိုက်နေမှာပါ'

'အိုတော်··ရှုပ်ရှုပ်ယှက်ယှက်'

'ဘာမှရှုပ်မနေနဲ့။ ငါကတော့ လာနေမှာပဲ'

ထို့နောက် စိန်ပွင့်လည်း တစ်ဖက်ခုတင်ပေါ်မှ ကလေးအော်ငိုသံကြောင့် အိပ်မက်မှ လန့်နိုးသွားလေသည်။

ထွန်းဖံ၏ ဝိညာဉ်လိပ်ပြာသည်လည်း ကမ္ဘာ့ဇိဒ္ဓိတန်ခိုးသတ္တိဖြင့် နှစ်ခုကွဲသွားကာ တစ်ခုက စိန်ပွင့်၏ သန္ဓေသားသို့ သွားရောက်စွဲကပ်လေ၏။ ကျန်တစ်ခုက သူ၏ မူလခန္ဓာကိုယ်ထဲသို့ ပြန်လည်ဝင်ရောက်သွားလေတော့သည်။

(မှတ်ချက်-ထိုသို့ လိပ်ပြာနှစ်ခု ကွဲသွားပုံကို နောင်တွင် ဦးထွန်းဖံကိုယ်တိုင်က သူသတိလစ်နေစဉ် အိပ်မက်ပမာ ဖြစ်ခဲ့ရပုံများအား ပြောပြခဲ့ခြင်းဖြစ်ပေသည်။)

ဆရာဝန်ခန့်မှန်းထားသည့်အတိုင်းပင် စိန်ပွင့် မခွဲမစိတ်ရဘဲ ညနေလေးနာရီတွင် သားဦးယောကျ်ားလေးကို အောင်မြင်ချောမောစွာ မွေးဖွားနိုင်ခဲ့လေသည်။ ထူးဆန်းသည်မှာ ထိုကလေး၏ ဘယ်ဘက်နားထင်တွင် ဒဏ်ရာများကိုချုပ်ထားသော ချုပ်ရိုးအရာများနှင့် ညာဘက်ပေါင်

တွင် စာနီကွက်ကြီး ပါရှိခြင်းပင်တည်း။ ထိုနေ့ည သန်းခေါင်ယံအချိန်တွင် စိန်ပွင့်သည် ကလေးနို့တိုက်ပြီး အိပ်ပျော်သွားစဉ် ထွန်းဖဲ၏ဝိညာဉ်လိပ်ပြာသည် အိပ်မက်တစ်ဖန် ပေးလာပြန်လေသည်။

'ဟဲ့..ကလေးမ၊ နင်တို့နဲ့အတူ နေခွင့်ရလို့ ငါ ကျေနပ်တယ်။ ခုအချိန်ကစလို့ ငါဟာ လူဆိုးဘဝကို စွန့်လွှတ်ပြီး လူကောင်းလုပ်တော့မယ်။ နောက်ငါးနှစ်ကြာရင် ငါဟာ ရသေ့ကြီးအဖြစ်နဲ့ ငါ့ကိုယ်ပွားလေးရယ်၊ နင်တို့ရယ် ပူးပေါင်းပြီး သာသနာပြု ဘုရားတည်မယ်။ စောင့်နေပါ'ဟု ပြောပြီး ပျောက်ကွယ်သွားလေသည်။

နံနက်လင်းသော် စိန်ပွင့်က သူ၏ အိပ်မက်နှစ်ခုစလုံးအကြောင်းကို တောက်ထွန်းအား ပြောပြလေသည်။

ထို့နောက် စိန်ပွင့်က-

'အိပ်မက်ထဲကလူကြီးကို ကျုပ်မြင်ဖူးသလိုလိုတော့ ရှိတယ်။ ဒါပေမဲ့ ဘယ်သူလဲဆိုတာ စဉ်းစားမရဘူး ဖြစ်နေတယ်'ဟုပြောတော့ တောက်ထွန်းက ဆက်ပြောပြန်၏။

'ဒါဆို ငါ စဉ်းစားကြည့်ပါဦးမယ်။ အင်း..အင်း..တို့ကလေးမှာ နားထင်နဲ့ ပေါင်မှာ အမှတ်တွေလည်း ပါတယ်။ နောက်ပြီးတော့ ခုအချိန်ကစပြီး လူဆိုးဘဝကို စွန့်လွှတ်တော့မယ်လို့ ပြောသွားတယ်ဆိုတော့ ဗိုလ်ထွန်းဖဲများဖြစ်နေမလားပဲ။ ဒါပေမဲ့ သူဝင်စားတယ် ပြောရအောင်လည်း သူက အခု အသက်မသေသေးဘူး။ စောစောက ဆေးရုံအလုပ်သမား ကိုသန်းမောင်က ပြောသွားတယ်။ ဗိုလ်ထွန်းဖဲ အခုမနက်အစောက သတိပြန်ရလာတယ်။ ထူထူထောင်ထောင် ဖြစ်နေတယ်ဆိုပဲ'

'ဩော်..မှတ်မိပြီ။ တမြန်မနေ့ညက သူ့ကိုဖမ်းပြီး မြို့ပေါ်ဂါတ်ကို ပို့ခါနီးမှာ ကျုပ်မြင်ဖူးလိုက်တာ။ အဲဒီပုံအတိုင်းပဲ။ ဒါပေမဲ့ သူက အခု မသေသေးဘူးဆို'

'အေးဟ၊ နင်ပြောတော့ နောက်ငါးနှစ်ကြာရင် ရသေ့ကြီးအဖြစ်နဲ့ ပြန်လာဦးမယ်ဆို။ တို့ကလေးအဖြစ် လူဝင်စားလည်း လုပ်ဦးမယ်ဆို'

'ဘာတွေမှန်းလည်း မသိပါဘူးတော်။ ရှုပ်နေတာပဲ'

'အေးပါဟာ၊ စောင့်ကြည့်ရတော့မှာပေါ့။ အခု ဘာတွေမှ ခေါင်းထဲ ထားမနေနဲ့။ သွေးနုသားနုနဲ့ ကျန်းမာရေးထိခိုက်နေပါဦးမယ်'

သူတို့လည်း ပဟေဠိကို အဖြေညှိမနေကြတော့ဘဲ တောမိလို နှုတ်ဆိတ်သွားကြပြန်လေသည်။

ထိုသို့နှင့် နောက်ရက်ပေါင်း တစ်ထောင့်တစ်ညခန့် ကြာသောအခါ သူတို့၏ သားကလေးသည်လည်း သုံးနှစ်သားအရွယ်သို့ ရောက်ရှိလာခဲ့လေတော့သည်။ မပီကလာ ပီကလာဖြင့် စကားများလည်း ပြောတတ်နေလေပြီ ဖြစ်လေ၏။ တစ်နေ့တွင် တောက်ထွန်းက နေထွန်းဟု အမည်ပေးထားသော သူ့သားကလေးကို မေးနေလေသည်။

'သားနာမည် ဘယ်သူလဲ'

'ထွန်းဖဲပေါ့'

'ဘယ်ကထွန်းဖဲ ဟုတ်ရမှာလဲ။ နေထွန်းလေ သားရဲ့'

'နေထွန်းလည်း ဟုတ်တယ်၊ ထွန်းဖဲလည်း ဟုတ်တယ်'

'ဓားပြထွန်းဖဲလား'

'သားက ဓားပြထွန်းဖဲ မဟုတ်ပါဘူး။ ဘုရားဒကာထွန်းဖဲပါ'

'ဘယ်မလဲဘုရား'

'တည်မှာလေ'

တောက်ထွန်းတို့၏ ပဟေဠိမှာ အဖြေသိရန် နီးစပ်လာသလိုတော့ ရှိလေ၏။

ထိုကာလများအတွင်း၌ ဗိုလ်ထွန်းဖဲလည်း မြင်းခြံထောင်ကြီးထဲတွင် ထွန်းမှန်၊ ဆင်ပေါက်တို့နှင့်အတူ ငါးနှစ်ကြာ အပြစ်ဆေးကြောခြင်းကို ခံယူလျက် ရှိနေကြရလေသည်။

ငါးနှစ်ပြည့်ပြီး မကြာမီကာလတွင် တောက်ထွန်းတို့နေသောရွာ၏ မြောက်ဘက်အရပ်ရှိ ပလ္လင်ဂူတောင်ပေါ်သို့ ရသေ့ကြီးတစ်ပါး ရောက်ရှိလာလေသည်။ ပလ္လင်ဂူတောင်ထိပ်တွင် ပုဂံခေတ်က အနော်ရထာမင်းတည်ထားခဲ့သော ဆည်တော်နံ့စေတီတစ်ဆူရှိလေ၏။ ရသေ့ကြီးသည် ဆည်တော်နံ့စေတီရင်ပြင်ရှိ ဇရပ်တစ်ဆောင်တွင် တည်းခိုနေထိုင် တရားအားထုတ်ရင်း အဖိတ်နေ့တိုင်း ရွာနီးချုပ်စပ်ရှိ နတ်မှော်၊ သင်ထုံး၊ သပြေသာ၊ လွန်ကျော်၊ ရွာခိုင်ကြီးစသောရွာများသို့ဆင်းကာ ဣန္ဒြေသမွတ္တိနှင့် ပြည့်စုံစွာ အလှူခံထွက်လေ့ရှိလေသည်။ တစ်ပတ်မှာ တစ်ရက်သာ အလှူခံ၍ ရသမျှနှင့် တင်းတိမ်စွာကျင့်ကြံနေထိုင်လျက် ရှိသည်။ ရသေ့ကြီးသည် နဖူးထိပ်နှင့် နားထင်မှစ၍ဖက်ကို

www.burmeseclassic.com

ယောဂီတဘက်ကလေးဖြင့် ခေါင်းပေါင်းထားပြီးမှ ဒေါက်ချာကိုဆောင်းထားလေ့ရှိသည်။

အဖိတ်နေ့မဟုတ်သော ကြားရက်တစ်ခုတွင် ရသေ့ကြီးသည် ရွာခိုင်ကြီးရွာသို့ ဆင်းလာပြီး တောက်ထွန်းတို့အိမ်သို့ လာရောက်ခဲ့လေ၏။ တောက်ထွန်းက ခရီးဦးကြိုပြုရင်း စကားဆိုသည်။

'ရသေ့ကြီး··ဒီနေ့ အဖိတ်နေ့ မဟုတ်ပါဘဲ ဘာအလိုရှိလို့ တောင်ပေါ်က ဆင်းလာတာလဲဘုရား'

'မောင်ရင်တို့ မိသားစုနဲ့ စကားပြောစရာရှိလို့ လာခဲ့တာပါ'

'ဒါဖြင့် အိမ်ထဲကိုကြွပါ ရသေ့ကြီး'

ရသေ့ကြီးလည်း တစ်ထပ်တိုက်ကလေးအတွင်းသို့ ဣန္ဒြေရစွာ ဝင်သွားပြီး ဘုရားခန်းရှိ ဆင်းတုတော်အား ရှိခိုးကန်တော့ပြီးလျှင် အိမ်ဦးခန်း၌ခင်းထားသော သင်ဖြူးဖျာပေါ်တွင် တည်ငြိမ်သော သမာဓိဖြင့် ဝင်ထိုင်လိုက်လေသည်။ အိမ်သူအိမ်သားများလည်း ရသေ့ကြီးအား ဦးချကန်တော့ကြပြီး ရေနွေးကြမ်း၊ ထန်းလျက်ခဲတို့ဖြင့် ဧည့်ခံကြလေ၏။ ငါးနှစ်သားလေး မောင်နေထွန်းသည် ရသေ့ကြီးအား ကန်တော့ပြီးလျှင် တွေတွေကြီးစိုက်ကြည့်နေလေသည်။ ရသေ့ကြီးလည်း တည်ငြိမ်အေးဆေးသော မျက်လုံးအစုံဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်လည်ကြည့်ရှုနေလေသည်။

'ကလေးနာမည် ဘယ်လိုခေါ်လဲ'

'နေထွန်းပါဘုရား'

ဒေါ်ဆိုးမယ်က ဝင်ဖြေသည်။

'နေထွန်းလည်း ဟုတ်တယ်၊ ထွန်းဖလည်း ဟုတ်တယ်'

ကလေးက ဖြည့်စွက်ဖြေကြားလိုက်သည်။

'အို··ဒီကလေးကလည်း'

'အိမ်း··ဟုတ်ပေတယ် ဒကာမကြီး။ သူဟာ ဓားပြဗိုလ် ဗိုလ်ထွန်းဖဝင်စားတဲ့ ကလေးပဲ။ လူကလေး··ဒီကို ခဏလာပါဦးကွယ်'

နေထွန်း ရသေ့ကြီးရှေ့သို့ရောက်လျှင် ရသေ့ကြီးက နေထွန်းကလေး၏ ဘောင်းဘီတိုအောက်တွင် အထင်းသား ပေါ်နေသော စာနီအမှတ်နှင့် နားထင်မှ ချုပ်ရိုးရာ အမှတ်များကို ကိုင်ပြရင်း-

'ဒါတွေဟာ ဗိုလ်ထွန်းဖဘဝက ဒဏ်ရာရခဲ့တဲ့ အမှတ်အသားတွေပဲ။ ဗိုလ်ထွန်းဖဟာ အဲဒီနေရာတွေမှာ ဒဏ်ရာရသွားခဲ့တယ်ဆိုတာ ဒကာမကြီးတို့အားလုံးလည်း သိပြီးသားပါ'

'ဒါနဲ့ ဗိုလ်ထွန်းဖဟာ မသေဘူးဆို။ မြင်းခြံထောင်မှာ ထောင်ကျသွားခဲ့တယ်လို့ ကြားခဲ့ရဖူးပါတယ်ဘုရား'

'ဒါလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ လူဝင်စားတော့ အမှန်ပါပဲ'

'ဒါဆိုရင် ထောင်ထဲရောက်မှ သေသွားခဲ့လို့လား ဘုရား'

'မသေပါဘူး။ ကျန်းကျန်းမာမာပါပဲ။ အခု ထောင်က လွတ်လို့ လူဆိုးလူမိုက်ဘဝကို စွန့်လွှတ်ပြီး ရသေ့ဘဝနဲ့ တရားအားထုတ်နေပါတယ်'

ထိုစဉ် တောက်ထွန်းက ဝင်ပြောသည်။

'တပည့်တော်ဖြင့် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြမိပါတယ်ဘုရား'

'မယုံမရှိနဲ့ ဒကာလေး၊ အဲဒီရသေ့ဟာ တခြားလူ ဟုတ်ပါရိုးလား။ ကျုပ်ကိုယ်တိုင်ပါပဲ'ဟုပြောကာ ခေါင်းမှ ဒေါက်ချာကိုချွတ်ပြီး ယောဂီတဘက်ကို ဖြေပြလိုက်ရာ ဘယ်ဘက်နားထင်တွင် ထင်ရှားသော အမာရွတ်ကြီး တစ်ခုကို မြင်တွေ့လိုက်ကြရလေသည်။ ပေါင်မှ အမာရွတ်ကိုတော့ ရှိကြောင်းကိုသာပြောပြီး ကာယိန္ဒြေကို ငဲ့သဖြင့် ထုတ်ဖော်မပြခဲ့ပါချေ။

ထို့နောက် ရသေ့ကြီးသည် အတိတ်က အရိပ်မည်းများကို ပြည်ဖုံးကားချကြရမည်ဖြစ်ကြောင်း၊ ဖြစ်ပြီးခဲ့သမျှ အနိဋ္ဌာရုံတို့သည် အတိတ်ဘဝက ကံကြွေးများကို ပေးဆပ်ကြရခြင်းသာဖြစ်ကြောင်း၊ အားနာခြင်း၊ မျက်နှာပူခြင်း၊ မုန်းတီးခြင်း၊ လက်စားချေခြင်း စသည်တို့ လုံးဝမရှိဘဲ ပကတိဖြူစင်သော မေတ္တာနှလုံးဖြင့် သူတော်ကောင်းစိတ်ဓာတ်များ ဆက်လက်မွေးဖွားရှင်သန်ကြရန် လိုကြောင်းများကို တရားဟောလေတော့သည်။

တောက်ထွန်းတို့ မိသားစုလည်း လွန်ခဲ့သောငါးနှစ်က မြို့မဆေးရုံပေါ်တွင် စိန်ပွင့်မက်ခဲ့သော အိပ်မက်နှစ်ခုကို ပြန်လည်စဉ်းစားသုံးသပ်ရင်း ရသေ့ကြီး၏ စကားများကို လှိုက်လှိုက်လဲလဲ လက်ခံလိုက်ကြလေ၏။

'အသက်မသေဘဲနဲ့ လူဝင်စားဆက်ဖြစ်သွားနိုင်တယ်

www.burmeseclassic.com

ဆိုတာဟာ အင်မတန် ထူးဆန်းနေပါတယ်ဘုရား'

'ဒါကတော့ အင်မတန်ဖြစ်နိုင်ခဲတဲ့ကိစ္စကြီးပါ ဒကာလေး'

'ဖြစ်ရပုံကို သိချင်ပါတယ် ရသေ့ကြီး'

'ဖြစ်ရပုံကတော့ ဒီလိုပါ.. လူနာတစ်ယောက် အသက်မသေဘဲ သတိလစ်မြောနေချိန်မှာ သူရဲ့ဝိညာဉ်လိပ်ပြာဟာ သူ့ခန္ဓာကိုယ်ကနေ ထွက်ခွာပြီး ဟိုဟိုဒီဒီ လျှောက်သွားနေစဉ်မှာ လူသားတို့ မသိနိုင်တဲ့ ထူးထွေဆန်းပြားတဲ့ ကမ္ဘာ့ဗိဒ္ဓိတန်ခိုးသတ္တိတစ်ခုရဲ့အစွမ်းနဲ့ သူ့ဝိညာဉ်လိပ်ပြာဟာ နှစ်ခုကွဲသွားပြီး တစ်ခုက နဂိုလူအဖြစ်နဲ့ ဖြစ်တည်မြဲဖြစ်တည်နေတာပဲ။ ကျန်တဲ့လိပ်ပြာတစ်ခုက မူလလူရဲ့ စိတ်အာရုံအစွဲအလမ်းရှိတဲ့အတိုင်း ထပ်ပွားဖြစ်တည်သွားတော့တာပေါ့။ မယုံမရှိပါနဲ့။ ကိုယ်တွေ့ပါ။ ကျုပ်တို့တစ်တွေဟာ အရိပ်ထဲက အတိတ်မည်းကို စိတ်စွဲမနေဘဲ အခုကစလို့ ကုသလပုညတို့ကို အတူပြုကြရင်း သာသနာပြုလုပ်ငန်းများကို ကြိုးစားလုပ်ဆောင်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်ချင်ပါတယ်'

'မှန်လှပါ အရှင်ရသေ့ကြီးဘုရား'

'သာဓုပါ ဒကာလေး၊ အခု ကျုပ် ဒီကိုလာရတဲ့ အကြောင်းရင်းခံကတော့ ကျုပ်က ပလ္လင်ဂူတောင်ရဲ့ တောင်ခုလတ်မှာ ဘုရားတစ်ဆူတည် တန်ဆောင်းဆောက်ပြီး သာသနာပြုဖို့ စိတ်အကြံရှိလို့ပါ။ ကျုပ်အရင်ဘဝက စုဆောင်းထားရှိခဲ့တဲ့ ရတနာတချို့ကို ထုခွဲရောင်းချပြီး ဆောင်ရွက်မှာပါ။ ကျုပ်နဲ့ မောင်နေထွန်းနဲ့အတူ ဒကာမကြီးရော ဒကာမလေးတို့ပါ ပူးပေါင်းပါဝင်ပြီး သာသနာပြုကြပါလို့ မေတ္တာရပ်ခံပါရစေ။ ကျုပ် အတိတ်က မိုက်ပစ်တွေကိုလည်း မြင်းခြံတောင်ကြီးမှာ ပေးဆပ်ခဲ့ပြီး ဘဝသစ်ပြောင်းခဲ့ပြီမို့ သည်းခံခွင့်လွှတ်ကြစေချင်ပါတယ်'

'တင်ပါ့ဘုရား၊ ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး။ တပည့်တော်တို့ အပေါ်ကိုလည်း သည်းခံခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဘုရား'

'သည်းခံခွင့်လွှတ်ပါတယ် ဒကာ။ ကျေးဇူးလည်း တင်ပါတယ်'

'တပည့်တော်တို့လည်း ရသေ့ကြီးနဲ့အတူ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ကြပါမယ်ဘုရား'

တောက်ထွန်းနှင့် စိန်ပွင့်တို့က ပြိုင်တူလျှောက်ထားလိုက်ကြလေသည်။ ရသေ့ကြီးက-

'မောင်နေထွန်းကရော ဘယ်လိုလဲကွယ်'

ဟု မေးလိုက်ရာ မောင်နေထွန်းလေးက-

'ဒပည့်တော်က ရသေ့ကြီးနဲ့ အတူတူပဲလေ။ ရသေ့ကြီးနဲ့အတူ သာသနာပြုပြီး ရသေ့ကြီး အိုပြီးသေသွားရင်လည်း တပည့်တော်က ဆက်လက်ပြီး သာသနာပြုရမှာလေ'

ဟု အကွက်ကျကျ ပြောလိုက်လေရာ ရသေ့ကြီးက သဘောကျပြီး-

'မှန်တာပေါ့ကွယ်။ အမှန်ပဲပေါ့'ဟု ထောက်ခံပြောဆိုကာ ရသေ့ကြီးသည် အပေါ်ဝတ်ရုံအောက်တွင် လွယ်လာသော လွယ်အိတ်ကြီးကို ဖြုတ်ယူလိုက်လေ၏။

ထို့နောက် လွယ်အိတ်ထဲမှ ရတနာသေတ္တာကလေးကို ထုတ်ယူကာ တောက်ထွန်းလက်သို့ လှမ်းပေးလိုက်လေသည်။

'ကဲ..ဒကာလေး၊ ဒါဟာ ကျုပ် စုဆောင်းသိမ်းဆည်းထားတဲ့ ရတနာသေတ္တာပဲ။ ဒါတွေကို ထုခွဲရောင်းချပြီး ဘုရားတည်၊ တန်ဆောင်းဆောက်ဖို့ ယုံကြည်အားကိုးစွာနဲ့ ပေးအပ်ခဲ့ပါတယ်။ မနက်ဖြန်ကစပြီး အကောင်အထည်ဖော်ကြပါစို့ကွယ်'

'စိတ်ချပါ ရသေ့ကြီး၊ တာဝန်ယူဆောင်ရွက်ပေးပါ့မယ်'

ထို့နောက် ရသေ့ကြီးလည်း တောင်ပေါ်သို့ ပြန်ကြွသွားလေတော့သည်။ နောက်ရက်များတွင် ရသေ့ကြီး၏ ဆန္ဒအတိုင်း ပလ္လင်ဂူတောင်၏ တောင်ခုလတ်တစ်နေရာတွင် စေတီ၊ ဘုရားတစ်ဆူနှင့် ဇရပ်တစ်ဆောင်တို့ကို အောင်မြင်အောင် တည်ဆောက်သာသနာပြုနိုင်ခဲ့ကြလေသည်။ ဗိုလ်ထွန်းဇံဘုရား၊ ဗိုလ်ထွန်းဇံဇရပ်ဟု နောင်တွင် အမည်တွင်လျက်ရှိ၏။


ဘုရားအနေကဇတင် ဇရပ်တန်ဆောင်း ရေစက်ချမှုများအပြီးတွင် ရသေ့ကြီးလည်း လူသူကင်းဝေးရာ တောမြိုင်စခန်းများဆီသို့ ဂန္ဓာရီခရီးများ လှည့်လည်သွားလေမည်ဟုဆိုကာ ပလ္လင်ဂူတောင်၊ ဗိုလ်ထွန်းဇံဘုရား၊ ဗိုလ်ထွန်းဇံဇရပ်နှင့် တောက်ထွန်း၊ နေထွန်းတို့မိသားစုများကို သံယောဇဉ်ဖြတ်၍ စွန့်ခွာသွားခဲ့လေတော့သည်။

**တမ္ပဝတီ လှထူး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

'ဒိုင်း'

မိုးက သဲသဲမဲမဲရွာနေသည်။ မိုးထစ်ချုန်းသံနှင့်အတူ တစ်ချက်,တစ်ချက် လင်းလက်လိုက်သည့် လျှပ်စီးရောင်တို့က ညအမှောင်ထုကို ဖောက်ထွင်းနေ၏။ မိုးသက်လေနှင့်အတူ လျှပ်ရောင်အောက်တွင် မကောင်းဆိုးဝါးကောင်ကြီးများလို သစ်ပင်ကြီးငယ်တို့ ယိမ်းထိုးလှုပ်ရှားနေကြသည်။ ဧသနတ်သံက မိုးသံကို ကျော်ဖြတ်ရသဖြင့် ကျယ်ကျယ်လောင်လောင်တော့မဟုတ်။ သို့သော် ရဲဌာနဝင်းတစ်ခုလုံး ပွက်လောရိုက်သွားသည်။ ဌာနပိုင်ကြီးနှင့်အတူ ညပိုင်းတာဝန်မှူးများ၊ ပုလိပ်တန်းလျားရှိ ပုလိပ်များ တင်းတဲဂိတ်ရှိရာ အပြေးရောက်လာကြ၏။

'ဟေ့..ဘာဖြစ်တာလဲ'

ဌာနပိုင်ကြီး အမေးကို ကင်းဂိတ်စောင့် ပုလိပ်လေး မူဂျာရစ် ချက်ချင်းမဖြေနိုင်။ ရဲဌာနရှေ့ရှိ တောအုပ်ဘက်သို့ လက်ညှိုးထိုးလိုက်ပြီး ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေသည်။

'တောအုပ်ထဲက သရဲလိုလို အကောင်တစ်ကောင်ထွက်လာပြီး ရဲဝင်းစည်းရိုးကို ကျော်တက်လို့ လှမ်းပစ်လိုက်တာ ဆရာ။ ဟို..ဟို..ညောင်ပင်အောက်မှာ'

ရဲဌာနဝင်းရှေ့ရှိ ညောင်ပင်ကြီးအကိုင်းများက ခြံဝင်းကိုကျော်ပြီး အုပ်မိုးနေသည်။ ညောင်ကိုင်းကို တွဲလောင်းခို၍ ကျော်ဝင်နိုင်သည့် အနေအထားဖြစ်၏။ လက်နက်တိုင်အဖွဲ့အစည်းတို့အတွက် စခန်းလုံခြုံရေးသည် အရေးကြီးဆုံး မဟုတ်ပါလား။ ဌာနပိုင်ကြီးဦးဘငြိမ်း ဦးဆောင်၍ ချက်ချင်းရှာဖွေရတော့၏။ ရဲဌာနဝင်းတစ်ခုလုံး မီးရောင်ဖျော့ဖျော့သာ လင်းနေသည်။ ဒုတိယကမ္ဘာစစ်တိုင်မီကာလမို့ မီးလုံးဘတ်သီးများသာ သုံးနိုင်သေးသဖြင့် ညပိုင်းဆိုလျှင် အမှောင်ထုက ဝန်းရံစမြဲ။ လက်နက်အသင့်ပြင်ပြီး ညောင်ပင်ပတ်လည် ခြံဝင်းအတွင်း နေရာအနှံ့လိုက်ရှာကြသည်။ ဘာတစ်ခုမှ ထူးထူးခြားခြား တွေ့။ မိုးရေနှင့် ပျော့အိနေသည့် မြေကြီးပေါ်တွင် ခြေရာတောင် မကျန်ရစ်ခဲ့သည်က အတွေးရခက်နေ၏။

'မူဂျာရစ်..မင်း မှုးမှုးရှုးရှုးနဲ့ မြင်ချင်ရာမြင်ပြီး ပစ်လိုက်တာလား။ ဘာသဲလွန်စမှ မတွေ့ဘူး။ တာဝန်ချိန်မှာ အရက်မသောက်ပါနဲ့လို့ ပြောထားတာကို မနာခံဘူး။ မင်းတော့ သေတော့မှာပဲ'

'ကျွန်တော် မမူးပါဘူးဆရာ။ မိုးအေးလို့ နည်းနည်းလေး သောက်မိတာပါ။ ကျွန်တော်ကိုယ်တိုင် အဲဒီကောင်ကို မြင်လိုက်တာပါ'

'တော်စမ်း မူဂျာရစ်၊ ခွင့်ပြုမိန့်မရဘဲ သေနတ်ပစ်တဲ့အတွက် ထိုက်သင့်တဲ့ အပြစ်တော့ ခံပေါ့ကွာ'

ပြောပြောဆိုဆို ဌာနပိုင်ကြီး ထွက်သွားသည်။ ထိုညက အားလုံးသတိအနေအထားဖြင့် တာဝန်ထမ်းဆောင်ရင်း မိုးလင်းခဲ့ရသည်။ ဌာနအချုပ်ခန်းအတွင်း ရမန်ကြီးယူထား ရသည့် အချုပ်သားငါးဦး ရှိနေသည်။ အချုပ်သားတစ်ဦးက အခြေအနေကို စပ်စုသည်။

'ဘာဖြစ်တာလဲ ဆရာ၊ ကျွန်တော်တို့တောင် လန့်သွားတယ်'

'သရဲခြောက်လို့ဟေ့။ သရဲဝင်လာတာကွ'

ဘာရယ်မဟုတ်၊ ပြီးပြီးရောသဘောနှင့် အချုပ်ခန်းစောင့်က တုံ့ပြန်သည်။ သည်ဌာနကို ကြခတ်ရုံရဲဌာနဟုခေါ်သည်။ ကြခတ်ရုံရွာနှင့် တစ်မိုင်ခန့်သာ ဝေးသည့်နေရာတွင် အထိုင်ချထား၏။ မြို့ရဲဌာနခွဲအဖြစ် တာဝန်ယူရသည်။ ရွာချင်းဆက်မြေသားတာလမ်းလေးက ရဲဌာနရှေ့မျက်နှာစာမှ ဖြတ်သန်းသွား၏။ ဤလမ်းလေးမှလွဲ၍ ဘေးပတ်လည်တွင် ညို့မှိုင်းအုံ့ဆိုင်းနေသည့် တောအုပ်တောတန်းနှင့် ကုန်းမြင့်တောင်ကုန်းလေးများ ဝန်းရံနေသည်။ အမှန်ဆိုလျှင် တကယ့်ကို ချောင်ကျလှသည့် တောတွင်းစခန်းလေး တစ်ခုအဖြစ်သာ။

ဤဖြစ်ရပ်ပြီးနောက် သုံးရက်မြောက်ည။ မိုးက မသဲသော်လည်း တဖွဲဖွဲရွာနေသည်။ လရောင်မရှိ။ မှောင်မိုက်နေသော သန်းခေါင်ကျော် ညဥ့်နက်ပိုင်းအချိန်။

'ကယ်ကြပါဦးဗျို့။ ကျွန်တော့်ကို မည်းမည်းကောင်ကြီး လာဆွဲနေတယ်'

အချုပ်ခန်းဆီမှ ငယ်သံပါအောင် အော်ဟစ်သံကြောင့် ဌာနတစ်ခုလုံး ထိတ်လန့်ကုန်သည်။ အချုပ်ခန်းက ဌာနပိုင်ကြီးရုံး ပင်မအဆောက်အအုံနှင့် မလှမ်းမကမ်းတွင်ရှိသည်။ အချုပ်ခန်းစောင့် ပုလိပ်သာဒင်နှင့် မောင်စိန်တို့ပင် ကြောင်တောင်တောင်ဖြစ်သွား၏။ အော်သံက တုန်လှုပ်ချောက်ချားနေသည့်အသံ။ ဌာနပိုင်ကြီး ရောက်လာသည်။ အော်လိုက်သူမှာ အချုပ်သား ဖိုးချစ်။

'ဖိုးချစ်..မင်း ဘာကို မြင်လိုက်တာလဲ'

www.burmeseclassic.com

'မည်းမည်းကောင်ကြီးဆရာ၊ ကျွန်တော့်ခြေထောက်ကို လာဆွဲတာ။ တကယ့်ကြောက်စရာကြီး။ တစ်ကိုယ်လုံး အမွေးတွေနဲ့ လျှာကြီးတွဲလောင်း'

'ဟေ့ကောင်၊ တော်စမ်း။ အိပ်ချင်မူးတူးနဲ့ ပေါက်ကရတွေ ပြောမနေနဲ့။ မင်းတို့ထဲက ဘယ်သူမြင်လိုက်သေးလဲ'

'ကျွန်တော်တို့ အိပ်ပျော်နေကြတာပါ ဆရာ။ ဖိုးချစ်အော်သံကြောင့် လန့်နိုးလာတာ'

အချုပ်သားထဲမှ တစ်ယောက်က ပြန်ဖြေသည်။ အချုပ်ခန်းစောင့်တို့ကလည်း သူတို့လည်း မမြင်မတွေ့ရကြောင်း သတင်းပို့သည်။ ဦးဘငြိမ်း မကျေနပ်ချင်တော့။ လွန်ခဲ့သည့် ရက်ပိုင်းကလည်း မူဂျာရစ် မူးကြောင် ရူးကြောင်ဖြင့် သေနတ်ပစ်ခဲ့ရသည်အထိဖြစ်ခဲ့ပြီး ခုတစ်ခါ အချုပ်သား လန့်အော်လောက်အောင် ဖြစ်လာသည်။ သရဲတစ္ဆေကို မယုံကြည်တတ်သူမို့ အတွေးရကျပ်လှ၏။ ဦးနှောက်ထဲ ရှုပ်ထွေးလာသဖြင့် ခေါင်းကို ခါယမ်းလိုက်မိသည်။

ယခင်က သရဲလိုလို တစ္ဆေလိုလိုအဖြစ်တွေကို သူမကြုံဖူးပါ။ ခုတလောမှသာ ထူးထူးဆန်းဆန်းတွေဖြစ်နေခြင်းပင်။ အချုပ်ထဲမှာ ရှိနေသည့် အချုပ်သားများမှာလည်း သည်ရက်ပိုင်းအတွင်း လူသတ်မှုမသင်္ကာဖြင့် စစ်ဆေးခံနေရသူများ ဖြစ်၏။ စစ်ဆေးနေစဉ် မည်သူကမျှ ဝန်မခံ၊ ဖြောင့်ချက်မပေးဆိုတော့ ဌာနပိုင်ကြီး စိတ်ညစ်နေရသည့်အဖြစ်။ သူတို့ဖြစ်ပုံက သည်လို။

◆◆◆

'ဟေ့ကောင်တွေ၊ မြန်မြန်ထူးကြကွ။ အသုဘချချိန်နီးနေပြီ'

ညိုမောင်က သူ့လူတွေကို လောဆော်လိုက်သည်။ ညိုမောင်တို့လူသိုက်က သူအပါအဝင် ငါးယောက်။ ဖိုးချစ်၊ တာတီး၊ သံခဲတို့သုံးဦးက တစ်လှည့်စီ မြေကျင်းတူးကြ၏။ ညိုမောင်နှင့် မျိုးကြီးတို့က တူးပြီးသားမြေစိုင်ခဲများကို အပေါ်သို့ သယ်ယူပေးကြသည်။ သူတို့အားလုံး သပြေတန်းရွာသားများ ဖြစ်ကြ၏။ သည်နေ့ ရွာထဲမှ နာရေးတစ်ခုအတွက် မြေမြှုပ်သင်္ဂြိုဟ်ရန် ရွာသင်္ချိုင်းမြေတွင် လုပ်အားပေးနေကြခြင်း ဖြစ်သည်။

ရွာဓလေ့အရ လူငယ်ကာလသားများက လိုလိုချင်ချင် တာဝန်ယူကြ၏။ အဖိုးအခမရှိ။ စေတနာ့ဝန်ထမ်း ကူညီကြသည်။ သို့သော် နာရေးရှင်က တောအရက်နှင့် အမြည်းလေးတော့ ဧည့်ဝတ်ပြုရသည်။ ညိုမောင်တို့အားလုံး မူးမူးရူးရူးနှင့် မြေကျင်းတူးနေကြသည်။

'ဒူ..ဝေ..ဝေ..ဝေ'

ကြေးစည်သံက တဖြည်းဖြည်းကြားလာရပြီ။ ရွာနှင့် သင်္ချိုင်းမြေက မဝေးလှ။ မိနစ်နှစ်ဆယ်ခန့်သာသွားရ၏။ ရှေ့ဆုံးမှ ကြေးစည်ထမ်းသူနှစ်ဦး၊ ဘုန်းတော်ကြီးသုံးပါးနှင့် ကန်တော့ပွဲရွက်သူ အမျိုးသမီးတစ်ဦး။ နောက်ဘက်ဆီတွင် သေသူ၏ရုပ်ကလာပ်အခေါင်းတင်ထားသည့် အသုဘစင်ကို ထမ်းလာကြ၏။ နံဘေးပတ်လည်နှင့် နောက်ဘက်တစ်ကြောလုံး အသုဘပို့ဆောင်ကြသည့် ပရိသတ်များ။ အားလုံး ညှိုးငယ်ဝမ်းနည်း ကြေကွဲနေသောမျက်နှာသွင်ပြင်တို့ဖြင့် လိုက်ပါလာကြသည်။ ခွဲခွာသွားသောသူအတွက် ကျန်ရစ်သူတို့၏ ဟစ်အော်ငိုကြွေးသံတို့နှင့်အတူ သုသာန်ကုန်းနား ရောက်လာကြ၏။ ညိုမောင်တို့ လူသိုက်ဆီမှ မြေစာခဲများ ပလူပျံလွင့်လာသည်။

'မလာနဲ့..မလာနဲ့'

မြေကျင်းတူးသူတို့က ဒေသထုံးစံအတိုင်း အသုဘစင်ရှိရာသို့ မြေကြီးခဲများ ပစ်ပေါက်ရင်း အော်ဟစ်ကြ၏။ မြေစိုင်ခဲများက အကြီးရော အသေးပါ လေထဲတွင် ဝဲပျံနေသည်။ မြေကျင်းအနီး ရောက်သည်အထိ ခဲပေါက်၍မဆုံးသေး။ အသုဘပို့သူတချို့ တရားနာရန် သုသာန်ဇရပ်သို့ သွားနေကြပြီ။ သေသူ၏ ဆွေမျိုးသားချင်းအချို့နှင့် ရင်းနှီးကျွမ်းဝင်သူတို့ တစ်အုံတစ်ခဲကြီး အလောင်းစင်နားတွင် တွန့်ရစ်ကြ၏။ မြေစာခဲများ ပစ်ပေါက်နေချိန် အလောင်းစင်ကို သုံးပတ်လှည့်ပြီး မြေချရန် ပြင်ဆင်နေချိန် အားလုံးက အလောင်းမြေကျရန် အာရုံစိုက်နေချိန် တစ်ပြိုင်တည်းမှာပင် ရုတ်တရက်အော်သံကြောင့် အသုဘပို့ဆောင်သူ အားလုံး ကြောင်သွားကြသည်။

'အမယ်လေး..သေပါပြီဗျာ'

အသုဘစင်ဘေးမှ လူငယ်တစ်ယောက် ဒူးခေါင်းကိုလက်နှင့်အုပ်ရင်း လဲကျသွားသည်။ သုသာန်ကုန်းတွင် မထင်မှတ်ဘဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ အလောင်းထမ်းသူတို့က ချက်ချင်း အလောင်းစင်ကိုချ၍ လဲကျသွားသူကို ဝိုင်းထူကြသည်။ သရဏဂုံတင်ရန် မြေမြှုပ်သင်္ဂြိုဟ်

www.burmeseclassic.com

ရန် မလုပ်နိုင်ကြသေး။ ဘုန်းတော်ကြီးများပါ ဝိုင်းလာကြသည်။

'ဟယ်..မောင်ချမ်းအေးခေါင်းကို အုတ်ခဲမှန်ပြီး လဲကျသွားတယ်'

'ညီမောင်တို့ လုပ်လိုက်ရင် သောက်ရမ်းချည်းပဲ။ ဒီလောက်ကြီးတဲ့ အုတ်ခဲပိုင်းနဲ့ ပစ်ရသလား'

ညီမောင်တို့·လူသိုက်လည်း မောင်ချမ်းအေးဆီ ပြေးလာကြ၏။ သူတို့တစ်တွေ မူးမူးရူးရူးနှင့် မြေစာခဲပစ်ကြတာပါ။ မြေစာမှန်းမသိ၊ အုတ်ခဲမှန်းမသိ ရောရောနှောနှော ပစ်ပေါက်ရင်း မောင်ချမ်းအေးခေါင်းကို ထိမှန်လိုက်ခြင်းပင်။ သူကြီးဦးရွှေဖံအောင် အစီအမံဖြင့် မောင်ချမ်းအေးကို မြို့ပေါ် ဆေးရုံပို့ရန် ပြင်ကြသည်။ နာရေးကိစ္စပြီးအောင် တစ်ဖက်က လုပ်ကြရပြန်သည်။ ထိုနေ့က သပြေတန်းရွာအတွက် အ,မင်္ဂလာနေ့အဖြစ် ပြောစမှတ်ဖြစ်ခဲ့ရပေသည်။

'သူကြီး..ခင်ဗျား ဘယ်သူလို့ထင်လဲ'

'ကျွန်တော်တော့ မပြောတတ်ပါဘူး ဌာနပိုင်ကြီးရေ၊ အားလုံး မူးရူးနေတော့ သူတို့ကိုယ်တိုင် ဘာလုပ်မိမှန်းတောင် မသိကြဘူး ထင်ပါရဲ့'

ဌာနအုပ်ရုံးခန်းအတွင်း သူကြီးဦးရွှေဖံအောင်နှင့် ဦးဘငြိမ်းတို့ နှစ်ဦးသား မောင်ချမ်းအေး ခဲပေါက်ခံရသည့်ကိစ္စကို ဆွေးနွေးနေကြသည်။ သူတို့ ဒေသထုံးစံက သေသူ နောက်တစ်ကြိမ် သုသာန်မလာအောင် ခဲနှင့်ပေါက်ရ၏။ မျက်စိလည်အောင် သေသူ့ခေါင်းကြီးကို သုံးပတ်လှည့်ပေးရသည်။ ခေါင်းတလားကို ဓားမနှင့် သုံးချက်တိုက်ရ၏။ အစဉ်အလာအရ လုပ်ကြသည်ဟုဆိုသည်။ အနှစ်သာရရှိ,မရှိ မစူးစမ်းကြချေ။ ခုတော့ သည်ဓလေ့ထုံးစံကြီးကြောင့် လူတစ်ယောက် အသက်ဆုံးရှုံးခဲ့ရပါပြီ။ မြို့ဆေးရုံတွင် မောင်ချမ်းအေး သုံးရက်သာ ကုသခံ၏။ ဦးနှောက်ထိသွားသဖြင့် ကုသမရတော့ပါ။ တစ်ရွာလုံး ယူကျုံးမရ ဖြစ်နေကြသည်။ မောင်ချမ်းအေး မိဘများက မြေကျင်းတူး ညီမောင်တို့အဖွဲ့ကို အမှုဖွင့်သည်။ မတော်တဆဖြစ်စဉ်မှ လူသေမှု ဖြစ်ခဲ့ရ၏။

အမှုဖြစ်စဉ်မှာ ဤမျှသာဖြစ်သည်။ ကျင်းတူးအဖွဲ့ထဲမှ တစ်ယောက်ယောက်လက်ချက်ဖြစ်သော်လည်း မည်သူမှု ဝန်မခံ။ အချုပ်သားများကို ရမန်ယူ၍ စစ်ဆေးနေဆဲကာလ။

'ဒါထက် ကျင်းတူးအဖွဲ့ထဲက တစ်ဦးဦးနဲ့ သေသူမောင်ချမ်းအေး ရန်ငြိုးများရှိနေသလားလို့ ထင်နေမိတယ်ဗျာ'

ဌာနပိုင်ကြီး သံသယကို သူကြီး ချက်ချင်းမဖြေနိုင်ပါ။

ပြီးမှ ရုတ်တရက်စဉ်းစားမိဟန်ဖြင့် –

'နေစမ်းပါဦး။ ရွာထဲမှာ ပန်းမွှေ့ဆိုတဲ့ ကလေးမကို မောင်ချမ်းအေးနဲ့ မျိုးကြီးတို့ အပြိုင်ပိုးနေကြတယ်လို့တော့ ကြားမိတယ်'

သူကြီး ပြန်ထွက်သွားတော့ ဌာနပိုင်ကြီး ဦးဘငြိမ်း တစ်ယောက်တည်း ဦးနှောက်စား ကျန်ရစ်ခဲ့သည်။ လွန်ခဲ့သော တစ်ပတ်အတွင်းက သူ့ရဲလိုလို တစ္ဆေလိုလို အကောင် လာနှောင့်ယှက်ခံရသည်။ သေသူ မောင်ချမ်းအေးကိုယ်တိုင် ပြိတ္တာဘဝနှင့် လာခြောက်နေတာလား။ အခြားသူတွေ မမြင်ရဘဲ မုဂ္ဂျာရစ်နှင့် ဖိုးချစ်သာ မြင်ရသည် ဆိုခြင်းက ထူးဆန်းနေပြန်၏။ သေချာသည်က သူတို့အထဲက တစ်ဦးဦးလက်ချက်။ မျက်မြင်သက်သေမရှိ။ အခြေအနေရှုပ်ထွေးနေတုန်း ဖြစ်လိုက်သည့် အမှုဆိုတော့ တရားခံရှာရခက်နေသည်။ သပြေတန်းရွာသားချင်း ဖြစ်သည့်ကိစ္စ။ ဖြစ်စဉ်ပါ ပုဂ္ဂိုလ်များ၏ နောက်ခံအချက်အလက်များကို သေချာအောင် စုံစမ်းရတော့မည်။ ကြခတ်ရုံရဲဌာနသို့ ဦးဘငြိမ်းတို့တစ်ဖွဲ့လုံး ပြောင်းရွှေ့လာသည်မှ မကြာသေးပါ။ တစ်လကျော်မျှသာ ရှိသေး၏။

'အရင်ပန်ချာပီဌာနပိုင်ကြီးတို့ ရှိတုန်းကလည်း ဒီလိုဖြစ်ဖူးတယ်ဗျ။ ဒီနေရာမှာ ဌာနမဖွင့်ခင် ငါးနှစ်လောက်က ညီအစ်ကိုနှစ်ယောက် ဓားပြတွေသတ်လို့ ဌာနရှေ့ကတောအုပ်ထဲမှာ သေဆုံးခဲ့တယ်။ ဒီအရပ်က လူတွေဟာ ညဘက်ဆို ဒီတောအုပ်နားကို မဖြတ်ရဲကြဘူး'

သူကြီးပြောခဲ့သည့် ဇာတ်လမ်း။ သရဲညီနောင်ကလည်း ခုချိန်ထိ ပြိတ္တာဘဝက ကျွတ်ပုံမရ။ စဉ်းစားရင်း ဘယ်လိုအတွေးပေါက်သည်မသိ အချုပ်သား ဖိုးချစ်ကို ခေါ်ခိုင်းလိုက်သည်။

'ဖိုးချစ်..ငါ မေးမယ်၊ ငါ့ကို မှန်မှန်ဖြေ။ လိမ်ရင်တော့ မကြံနဲ့။ မောင်ချမ်းအေးကို အုတ်နီခဲပိုင်းနဲ့ ပေါက်


www.burmeseclassic.com

လိုက်တာ မင်း မဟုတ်လား'

'ကျွန်တော်ပေါက်တာ မဟုတ်ဘူးဆရာ။ ကျမ်းကျိန်ပြောရဲပါတယ်'

'ဟုတ်ပြီ။ ဒါဖြင့် ဘယ်သူပေါက်လိုက်တာလဲ'

'ကျွန်တော် အရက်မူးနေလို့ ဘာမှမသိလိုက်ဘူး ဆရာ'

ဦးဘငြိမ်းက ဖိုးချစ်ကို စူးစူးကြည့်လိုက်ပြီး မျက်လုံးချင်း ရင်မဆိုင်ရဲသည့် ဖိုးချစ်ကို ခပ်တင်းတင်းလေသံနှင့် အမိန့်ပေးလိုက်၏။

'ဖိုးချစ်··ငါ့မျက်လုံးကို တည့်တည့်ကြည့်လိုက်စမ်း'

ဖိုးချစ် ကြောက်ကြောက်လန့်လန့်ဖြင့် ဦးဘငြိမ်းကို မျက်လုံးချင်း မရဲတရဲကြည့်နေရ၏။ ဦးဘငြိမ်းနှုတ်ဆီမှ စကားတစ်ခွန်း လေးလေးပင်ပင် ကြားလိုက်ရသည်။

'မင်းဆီကို မောင်ချမ်းအေး လာလိမ့်မယ်'

'ဗျာ'

ဖိုးချစ် အချုပ်ခန်းထဲသို့ တုန်တုန်ယင်ယင် ပါသွားသည်ကိုကြည့်ရင်း မျက်မှောင်ကြုတ်လိုက် စားပွဲကို လက်နှင့် ခေါက်လိုက်လုပ်နေမိသည်။ ခဏအကြာ နှုတ်ခမ်း



တစ်ဖက် တွန့်သယောင် ပြုံးလာသည်။

'ဟေ့··ရဲဘော်၊ ဆာဂျင်ကြီး ရဲအွေးကို ခေါ်ပေးစမ်းကွာ'

◆ ◆ ◆

ညအမှောင်က မဟူရာရောင် လွှမ်းနေပေပြီ။ တစ်မြို့လုံး မည်းနက်လျက် ကြယ်ပွင့်လေးများ ပုန်းခိုနေကြ၏။ ပုစဉ်းရင်ကွဲ အော်သံလေးများမှတစ်ပါး ကြခတ်ရုံဌာနဝင်းတစ်ခုလုံး ငြိမ်သက်နေသည်။ လေနှင့်အတူ မိုးစက်လေးတို့က ဝေ့ကာဝဲကာ ပါလာတတ်သည်။ အချုပ်ခန်းအတွင်း ဖိုးချစ် တစ်ယောက်တည်း။ မလှမ်းမကမ်းရှိ ပိတောက်ပင်အောက်မှာတော့ အချုပ်ခန်းစောင့် ပုလိပ်တစ်ဦး ထိုင်နေသည်။

'ဟီး··ဟီး··ဟီး··ဟီး'

အချုပ်ခန်းနံရံပတ်လည်ဆီမှ ညည်းတွားသံကြီးတစ်ခု ဖိုးချစ် ကြားလိုက်ရသည်။ မြေစိုက်အချုပ်ခန်း နံရံသုံးဘက်ကို အုတ်နံရံလွှာချင်း ကာရံထား၏။ အပေါ်ဘက် တစ်ပေခန့်၌ လေးလက်မပတ်လည် အပေါက်လေးများရှိသည်။ အသံက ယင်းအပေါက်များဆီမှ ဝင်လာခြင်းဖြစ်သည်။ ရှေ့မျက်နှာစာတွင် သုံးနှစ်သစ်သားချောင်းလေးများ လေးကွက်ကျားစိတ်စိတ်စိတ်ဖြင့် ပိတ်ဆို့ထား၏။ ခဏအကြာ တက်ခေါက်သံ ထွက်ပေါ်လာသည်။

ဖိုးချစ် အသံကြားရာဘက်ကို မျက်ပြူးဆန်ပျာလိုက်ကြည့်သည်။ ဆယ်ပေပတ်လည် အခန်းကျဉ်းလေးထဲ ပိတ်လှောင်ခံထားရသဖြင့် ပြေးပေါက်မရှိ။ ညည်းတွားသံကြီးနှင့် တက်ခေါက်သံတို့က သူ့အနား နီးလာသလို ထင်ရ၏။ ဖိုးချစ်တစ်ကိုယ်လုံး ချွေးစေးများ ထွက်လာသည်။

'မင်းဆီကို မောင်ချမ်းအေး လာလိမ့်မယ်'

ဌာနပိုင်ကြီး စကားကို ကြားယောင်လာသည်။ သူ့အပေါင်းအသင်းများကို စစ်ဆေးစရာရှိသည်ဆိုပြီး ခေါ်ထုတ်သွားပြီး နဂိုကပင် သရဲကြောက်တတ်သူ။ ခါတိုင်းလို အစောင့်ပုလိပ်က အနားမှာမရှိ။ ထိုအခိုက် အချုပ်ခန်းမီး ပိတ်သွား၏။

'ဖိုးချစ်··ငါလာပြီကွ'

မီးမှောင်ထဲ ဘယ်ကပေါ်လာမှန်းမသိသည့် ကြောက်စရာ့အသံကြီး။ တစ်ချိန်တည်းမှာပင် လူသေခေါင်းပုပ်နံ့ကြီး

www.burmeseclassic.com

က စူးစူးဝါးဝါးဝင်လာသည်။ ဖိုးချစ် ဆောက်တည်ရာမရတော့။ ကြောက်လန့်တကြား အော်လိုက်မိသည်။

'ငါ့ဆီ မလာနဲ့..မလာနဲ့'

'ဟေ့ကောင် အိပ်စမ်း၊ ဘာတွေကြောင်နေတာလဲ'

အချုပ်ခန်းစောင့် ကြိမ်းမောင်းသံကြောင့် ဖိုးချစ် အသံတိတ်သွားရ၏။ သူနှင့် အနီးကပ်ဆုံးအဖော် အချုပ်ခန်းစောင့်ကို အားကိုးတကြီး လှမ်းကြည့်ရသည်။ မီးကဗျတ်ခနဲ ပြန်လင်းလာ၏။ ဖိုးချစ် ဝမ်းသာသွားသည်။ အလင်းရောင်ရှိလျှင် သရဲမလာနိုင်တော့။

ကြောက်စိတ်ကို တင်းလိုက်ပြီး အချုပ်ခန်းသစ်သားတန်းအထိ တိုးကပ်ကာ အပြင်ဘက်ကို အကဲခတ်သည်။ အစောင့်ပုလိပ်ကို မတွေ့ရ။

'ဟာ..ဒီလူ ဘယ်ရောက်သွားပါလိမ့်'

အချုပ်ခန်းမီးရောင်ကို ကျောခိုင်းနေသဖြင့် သူ့ရှေ့တည့်တည့်နေရာ မှောင်ရိပ်ကျသွားသည်။ သစ်သားတန်းကို ကိုင်ထားပြီး အစောင့်ပုလိပ်ကို ရှာကြည့်သည်။ ယင်းအခိုက်မှာပင် သူ့လက်နှစ်ဖက်ကို အေးစက်စက်လက်ကြီးများက ချုပ်ကိုင်ထားခြင်း ခံလိုက်ရ၏။ သူ့မျက်စိတည့်တည့်ရှိ မည်းမည်းအကောင်ကြီး။ မျောက်ဝံလိုလို တစ်ကိုယ်လုံး အမွေးအမှင်ဖုံးပြီး မျက်နှာပေါ် အမွေးရှည်ကြီးများဖုံးကွယ်လျက် အချုပ်ခန်းမီးရောင် ဝိုးတဝါးအောက်တွင် မြင်လိုက်ရသည်။

'အမယ်လေးဗျ..သရဲ..သရဲ'

အသံကထွက်မလာ။ လည်ချောင်းဝတွင် နစ်ဝင်သွား၏။ မျက်လုံး မမှိတ်မိ။ ကြောင်ပြီး အငေးသားကြည့်နေမိသည်။ မျောက်ဝံလို အကောင်ကြီးက ခေါင်းကို ခါယမ်းလိုက်ရာ မျက်နှာပေါ်ရှိ အမွေးရှည်ကြီးက လှစ်ခနဲပါသွားသည်။ သူမြင်လိုက်ရသည်က ရှုံ့တွသွေးဆုတ်နေသည့် လူသေမျက်နှာကြီး။

'ဟာ..ချမ်းအေး၊ ကြောက်ပါပြီကွာ။ မင်းကိုသတ်တာ ငါ မဟုတ်ဘူး။ မင်းကို ခဲနဲ့ပေါက်သတ်တဲ့ကောင်က'

◆◆◆

'ကဲ..ညိုမောင်၊ မင်း ဘာပြောချင်သေးလဲ။ ဝန်ခံပြီမဟုတ်လား'

ဌာနပိုင်ကြီးအမေးကို ညိုမောင် ခေါင်းညိတ်ဖြေလိုက်ရသည်။ ငြင်းဆန်နေလည်း ဘာမျှထူးလာမှာမဟုတ်။ ဖိုးချစ်ကိုယ်တိုင်က သူ ခဲနှင့်ပေါက်ခဲ့ကြောင်း သက်သေခံခဲ့ပြီးပြီလေ။ အမှန်တော့ မောင်ချမ်းအေး ကြောက်ရုံလောက်သာ ခြောက်လှန့်ခဲ့ခြင်းသာပါ။ ကံဆိုးချင်တော့ လူသေမှုတရားခံ ဖြစ်ခဲ့ရ၏။ ထုံးစံအတိုင်း တရားရုံးသို့ အမှုတွဲ တင်ပို့ရန်သာ ရှိတော့သည်။

'ကျွန်တော်က မျိုးကြီးလုပ်တယ် ထင်နေတာ။ ဘယ့်နှယ် ညိုမောင် ဖြစ်သွားရတာလဲ'

'ဒါကတော့ ကျွန်တော်နဲ့ ဆာကျင်ကြီး ရဲခွေးတို့ ထောက်လှမ်းစုံစမ်းချက်ပေါ့ဗျာ။ ဒီလို သူကြီးရဲ့..'

ဌာနပိုင်ကြီးကို ဖြစ်စဉ်ကိုရှင်းပြသည်။ ပန်းမှုံမေတ္တာကို ကံကောင်းသူ မောင်ချမ်းအေး ပိုင်ဆိုင်ခွင့်ရခဲ့သည်။ ဒါကို မျိုးကြီးက မကျေနပ်တာ အမှန်။ မောင်ချမ်းအေးက ဖြူဖြူချောချော၊ အရုပ်ရှည်ရှည် မိန်းမကြိုက်ရုပ်မျိုး။ တစ်ရွာ တစ်ယောက် ရည်းစားတွေ မှိုလိုပေါက်အောင် မြှာပွေသူ။ ဘာမျှမသိရှာသည့် ပန်းမှုံကို သနားစိတ်နှင့် ယူကျုံးမရခြင်းလည်း ပါသည်။ ညိုမောင်က ကာလသားခေါင်း။ မျိုးကြီးနှင့် ပုလင်းတူဘူးဆို့။

'ချမ်းအေးကို ငါ ဆုံးမပြမယ်။ မင်း စောင့်ကြည့်နေ'

မြေကျင်းတူးသည့်နေ့က မျိုးကြီးနှင့် ညိုမောင်တို့ ပြောသံကို ဖိုးချစ် ကြားလိုက်သည်။ သိချင်စိတ်နှင့် အရက်မူးဟန်ဆောင်ပြီး စောင့်ကြည့်သည်။ ညိုမောင့်လက်သံနှင့် မောင်ချမ်းအေးဦးခေါင်း အုတ်ခဲမှန်တော့၏။ ကျန်နှစ်ယောက် အမူးလွန်နေသဖြင့် ဘာမျှမသိလိုက်ကြ။ ဖိုးချစ်က ငယ်စဉ်ကတည်းက သရဲကြောက်တတ်သူ။ သူတို့အထဲမှာ အသက်အငယ်ဆုံး။ အေးအေးချမ်းချမ်း နေတတ်သူ။ အမှန်ကို မပြောရဲ။ ညိုမောင်တို့ ရန်ပြုမှာကို ကြောက်နေသူဖြစ်၏။

'ဒီတော့ ဖိုးချစ် အားနည်းချက်ကို အခွင့်ကောင်းယူပြီး ချမ်းအေးနေရာမှာ အမြွှာညီအစ်ကို ပန်းမွေးကို ဇာတ်လိုက်လုပ်ခိုင်းရတာ သူကြီးရေ'

'ပန်းမွေးက ရွာမှာ မရှိတာ ကြာပြီလေ။ မန္တလေးမှာ ဆိုလား'

'ဟုတ်တယ်လေ။ သူ့ကိုပြန်ခေါ်ပြီး သူကြီးပြောခဲ့တဲ့ သရဲညီနောင်နေရာမှာ ရောင်တော်ပြန်လွှတ်လိုက်ရတာပေါ့ဗျာ။ ဟဲ..ဟဲ..ဟဲ'

ရဲနွယ်မောင်(သုံးဆယ်)

‘ဦး ဘယ်သွားမလို့လဲဟင်’

‘ထုံးစံအတိုင်း ရွှေဘုန်းပွင့်ဘုရား သွားမလို့ ငါ့တူရေ’

‘ဒါဆို လက်ဖက်ရည် အရင်သောက်ပါဦး။ ပြီးရင် ကျွန်တော်လည်း ဦးနဲ့အတူ ဘုရားလိုက်ခဲ့မယ်’

ကျွန်တော်က စနေသားဖြစ်၍ စနေနေ့ နံနက်တိုင်း ရွှေဘုန်းပွင့်ဘုရားသို့သွားကာ

# ဝင်းဆောင် (ရမည်းသင်း)

# ဝိညာဉ်ကလဲ့စား



ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ အလင်းတိုင် ကပ်လှူပူဇော်ပြီး ဘုရားရှိခိုးလေ့ရှိရာ တစ်နေ့သော နံနက်ခင်း စနေနေ့တွင် ဘုရားသို့ ဦးတည်ကာ အိမ်မှ ထွက်လာခဲ့သည်။

လမ်းထိပ်အရောက် အိမ်နီးချင်းဖြစ်သူ စောသီဟထွန်းသည် ထွန်းသစ္စာကဖီးမှ ထွက်လာပြီး ကျွန်တော့်ကို နှုတ်ဆက်၍ သူနှင့်အတူ လက်ဖက်ရည်သောက်ပါရန် ဖိတ်ခေါ်ပါသည်။

သူ့ဖိတ်ကြားချက်မှာ ဝတ်ကျေတန်းကျေဖိတ်သည့် သဘောမျိုးမဟုတ်။ တရင်းတနှီး လိုလိုချင်ချင် ဖိတ်ကြားခြင်းမျိုးဖြစ်သဖြင့် ကျွန်တော်လည်း သူနဲ့အတူ ထွန်းသစ္စာ ကဖေးအတွင်း ဝင်ထိုင်ဖြစ်ပါသည်။

ထွန်းသစ္စာ ကဖီးဆိုင်ဟာ ဒီနားတစ်ဝိုက်မှာတော့ လက်ဖက်ရည်က ကောင်းသလို အခြားစားသောက်ဖွယ်များကလည်း ကောင်းသတင်း ကျော်စောတဲ့ ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ လက်ဖက်ရည်၊ ကော်ဖီ၊ နွားနို့စစ်စစ် အအေးနဲ့ အဖျော်စုံသောက်စရာများအပြင် မြန်မာ့အစားအစာ မုန့်လေးမုန့်တီ၊ မုန့်လေးပဲကြော်၊ မြောင်းမြမုန့်ဟင်းခါးမှအစ တော်ဝင်ဘိန်းမုန့်အဆုံး လိုတာအကုန်ရသည်။ ဘိန်းမုန့်ဆိုသဖြင့် သာမန်လို့ လျှော့မတွက်စေချင်ပါ။ စား လိုက်ရင် ကောင်းလှပါတယ်ဆိုသော ကိတ်မုန့်များသာ သာ၍၊သာ၍ ကောင်းမွန်သောမုန့်ဟု ပြောလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ညီလေးရေ..လက်ဖက်ရည်ချိုဆိမ့်(၁)ခွက်၊ မုန့်လေးမုန့်တီ(၁)ပွဲ၊ မန္တလေးပဲကြော်(၁)ပွဲ ချပေးပါကွာ'

စောသီဟထွန်းသည် သူ သောက်လက်စလက်ဖက်ရည်စားပွဲသို့ ကျွန်တော့်ကို ဦးဆောင်ခေါ်သွားပြီး ချက်ချင်းပင် ကျွန်တော့်အတွက် စားသောက်ဖွယ်ရာများကို အပွဲထိုးလှူငယ်ကို မှာလိုက်သည်။

'ဟိုတစ်ခါ ကျွန်တော်တို့တွေ့ပြီးကတည်းက မတွေ့ဖြစ်တာကြာပြီနော်ဦး။ ကျွန်တော် ကျောက်စာသွားကူးတဲ့အလုပ်တွေလုပ်နေလို့ မတွေ့ဖြစ်တာ ကြာသွားတာပါ'

'ဪ..အေး၊ မောင့်အစ်မနဲ့ ဦးတွေ့တော့ မောင့်အမေက မောင် ပုဂံနဲ့ မန္တလေးဘက် ခရီးသွားနေကြောင်း ပြောပြလို့ သိပါတယ်ကွယ်'

'ဒါနဲ့ ငါ့တူ တော်တော်ပေါက်ပေါက်မြောက်မြောက်နေပြီလားကွယ့်'

'ကြိုးစားနေဆဲပါပဲခင်ဗျာ'

'ကဲ..ကဲ..ဦး လက်ဖက်ရည်လည်းသောက်၊ မုန့်တီလည်း စားလိုက်ပါဦး။ ဒီဆိုင်က တခြားဆိုင်နဲ့ မတူတာရှိတယ်။ မန္တလေးမုန့်တီဆို မန္တလေးမုန့်တီနဲ့မခြားသလောက တစ်ထပ်တည်းပဲ။ မြောင်းမြမုန့်ဟင်းခါးဆိုလည်း ဒီလိုပဲ မူရင်းအရသာတွေနဲ့ မလွဲစေရဘူး။ အရမ်းကောင်းတာ'

'ကျေးဇူးတင်ပါတယ် မောင်စောသီဟထွန်း၊ ငါ့တူက ဦးအကြိုက်ကို သိနေတာကိုး'

'ဒါကတော့ ဒီလိုပါ ဦးရယ်။ ကျွန်တော်နဲ့ ဦး ဆုံဖြစ်တဲ့အခါ ကျွန်တော်က ဦးကို ဘာသုံးဆောင်မလဲလို့ မေးတဲ့အခါတိုင်း လက်ဖက်ရည်ချိုဆိမ့်၊ မန္တလေးမုန့်တီလို့ ဖြေတတ်တာကို ကျွန်တော် သတိထားမိလို့ပါ'.

'ဪ..ဒီလိုကိုး'

ကျွန်တော်နဲ့ စောသီဟထွန်းတို့သည် ထွန်းသစ္စာကဖီးက ထွက်ခဲ့ပြီး ရွှေဘုန်းပွင့်ဘုရားသို့ စကားတပြောပြောနှင့် လျှောက်ခဲ့ရာ (၁၀)မိနစ်ခန့်အကြာ ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်ကြပြီး ကိုယ်စီ,ကိုယ်စီ နေ့နံသင့်ရာ နေရာများက ဘုရားကြီးကို ပန်း၊ အလင်းတိုင် (ဖယောင်းတိုင်)၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကပ်လှူကာ ဦးတိုက် ရှိခိုးကန်တော့လိုက်ကြသည်။ ပြီးတော့ ရင်ပြင်တော်ပေါ်ရှိ အရိပ်အာဝါသကောင်းသည့် တစ်နေရာတွင် စကားပြောဖြစ်ကြသည်။

www.burmeseclassic.com

ကျွန်တော်နဲ့ စောသီဟထွန်းဆိုသည့် သူငယ်၏ ရင်းနှီးခင်မင်မှု အတိုင်းအတာကို ရှင်းပြမှသင့်မည် ထင်ပါတယ်။ သူနဲ့ ကျွန်တော်ဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကြီးတစ်ခုအတွင်းမှ အိမ်နီးချင်းများဖြစ်ပါတယ်။ ရန်ကုန်မြို့မှာတော့ တစ်ရပ်ကွက်တည်းမပြောနဲ့ ဟိုဘက်သည်ဘက် ကပ်လျက်ရှိတဲ့ တိုက်ခန်းများတွင် နေကြလင့်ကစား တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးမှု မရှိကြပါ။ သို့သော် ကျွန်တော်တို့ကတော့ အများနဲ့မတူ ထူးခြားပါတယ်။ ဘာလို့လဲဆိုတော့ သူနဲ့ ကျွန်တော်သာမက မိသားစုချင်းပါ ရင်းနှီး ခင်မင်ကြသောကြောင့် ဖြစ်ပါသည်။

ကျွန်တော် စောသီဟထွန်းကို သဘောကျတာ တစ်ခုရှိသည်။ ဘာလဲဆိုတော့ သူဟာ ဆယ်တန်းကို အမှတ်ကောင်းကောင်း ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည်။ အများသူငါလို ဆေး၊ အင်ဂျင်နီယာ၊ ကွန်ပျူတာ စသည့် ဖျူတိုင်းကြိုက်မယ့် လိုင်းများကို မလိုက်ဘဲ ဝိဇ္ဇာ သမိုင်းအဓိကနှင့် ဘွဲ့ရအောင်ယူ၍ ဂုဏ်ထူးတန်းတက်ဖို့ ကြိုးစားနေသူဖြစ်ကြောင်း သိရ၍ဖြစ်သည်။

သူ (၁၀)တန်းအောင်ပြီးနောက် အများက သူ့ကို ဆေးတက္ကသိုလ် တက်လိမ့်မည်ဟု ထင်ကြသည်။ မိဘနဲ့ အစ်မများကလည်း သူတို့သား၊ သူတို့မောင်သည် တစ်နေ့နေ့တွင် အောင်မြင်ထင်ရှားသော ဆရာဝန်ကြီးတစ်ယောက် ဖြစ်လာလိမ့်မည်ဟု မျှော်မှန်းကာ အားတက်နေကြသည်။ သို့သော် သူတို့ ငိုပွဲကြီးဆင်သွားကြသည်။ ဘာကြောင့်လဲဆိုတော့ သူတို့သား၊ သူတို့မောင် (၆)ဘာသာဂုဏ်ထူးရှင် စောသီဟထွန်းက ဝိဇ္ဇာဘာသာတွဲကို ရွေးချယ်လိုက်၍ ဖြစ်သည်။

သူ့မိဘ၊ အစ်မများကိုလည်း အပြစ်မဆိုသာပါ။ အကယ်၍ ဆရာဝန်တစ်ယောက်ဖြစ်ခဲ့လျှင် မျက်စိတစ်ချက်ဖွင့် ပါးစပ်တစ်ခါဟ၊ နားကျပ်နဲ့ ရင်ဘတ်တစ်ချက်ထောက်ရုံမျှဖြင့် ငွေတွေ၊ ငွေတွေ ဟောခနဲဟောခနဲဝင်လာမှာ မြင်ယောင်မိကြတယ်လေ။

'ဒါနဲ့ တူမောင်ကို မေးရဦးမယ်။ ကျောင်းကိစ္စတွေပြီးရင် ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ'

'ဦးလိုပဲ စာလေးပေလေးရေးမယ် စိတ်ကူးထားပါတယ်'

'ဗုဒ္ဓေါ..ဒီသူငယ်တော့ ထမင်းငတ်ချင်ပြီနဲ့တူတယ်'

ဤစကားစုများသည် ကျွန်တော့်နှုတ်ဖျားမှ အသံထွက်လာခြင်းမဟုတ်ဘဲ စိတ်ထဲမှ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

'စာရေးတာတစ်ခုတည်းတော့ မဟုတ်ပါဘူး ဦးရယ်။ ဝန်ကြီးဌာနကြီးတစ်ခုခုက အစိုးရရုံးတစ်ရုံးမှာ ဦးလိုပဲ ဝင်ရောက်တာဝန်ထမ်းဆောင်ရင်း တစ်ဖက်ကလည်း သမိုင်းဘာသာရပ်ဆိုင်ရာ လေ့လာတွေ့ရှိချက်တွေ သုတေသနပြုချက်တွေ ပြည်သူပြည်သား နောင်လာနောက်သားတွေ မှတ်သားစရာ မှတ်တမ်းမှတ်ရာအဖြစ် ထားနိုင်မယ့် စာတမ်းတွေ ရေးသားပြုစုမယ်လို့ ဆုံးဖြတ်ထားပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော့်မိသားစုတွေ အပါအဝင် လူတချို့က ကျွန်တော်ဟာ ဆယ်တန်းအောင်မြင်စဉ်က ဒီ(၆)ခုနဲ့ အောင်တဲ့သူ ဆရာဝန်လုပ်မလား၊ အင်ဂျင်နီယာလုပ်မလား ကြိုက်တာရွေးချယ်ခွင့်ရှိပါလျက်နဲ့ ဝိဇ္ဇာလိုင်းကို သမိုင်းအဓိကနဲ့ယူဖို့ ရွေးတယ်ဆိုတော့ ဘာကြောင်တာလဲ၊ ပေါက်သွားပြီထင်တယ်လို့ ကြားအောင်ပြောဆိုဝေဖန်သူတွေလည်း ရှိသလို မကြားတကြား ရွတ်ပြောကြသူတွေလည်း ရှိတယ်။ ဒီလိုပြောကြတဲ့သူတွေဟာ အများအားဖြင့် ကျွန်တော့်ကို ကရုဏာဒေါသနဲ့ ပြောကြဆိုကြတာဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ဦးရယ်..ကျွန်တော့်မျှော်မှန်းချက်က သမိုင်းပညာရှင်တစ်ယောက် ဖြစ်ချင်တာလေ။ ကျွန်တော်မသိတာ မတတ်တာ သိတဲ့ ပညာရှင်ဆရာသမားတွေဆီက သင်မယ်။ ကျွန်တော် သိသမျှ တတ်သမျှကိုလည်း မသိသေး၊ မတတ်သေးသူတွေထံ မျှဝေပေးမယ်ဆိုတဲ့ ဆန္ဒရှိပါတယ်'

'ငါ့တူ ရည်ရွယ်ချက် အလွန်ကောင်းပါတယ်။ သမိုင်းကိုလေ့လာခြင်း၊ သမိုင်းဂ"ပြန်လည်တူးဆွခြင်း ကိုယ့် ဘိုးဘေးတွေအကြောင်းကို သိအောင် ဆောင်ရွက်ခြင်း မည်တယ်လို့ သမိုင်းဆရာ သမိုင်းသုတေသီဆရာကြီး တစ်ဦးရဲ့ အဆိုအမိန့်ကို ဦးဖတ်ဖူး မှတ်ဖူးတယ် ကွယ့်'

'ဒါနဲ့ ကျွန်တော် ဦးကို ပြောပြစရာလေးတစ်ခုရှိတယ်'

'ပြောလေ၊ ပြောပေါ့'

'ဒီလိုပါ၊ ကျွန်တော် ဦးနဲ့တွေ့ စကားပြောခွင့်တိုင်း ဦးဆီက မှတ်သားစရာ တစ်ခုခုတော့ ရလိုက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ရဲ့လား ငါ့တူရယ်'

'တကယ်ပါ ဦးရယ်။ အခုအချိန်မှာ ကျွန်တော်က မဟာတန်းမှာ စာတမ်းပြုစုဖို့ကတစ်ဖက် ဘာသာစကားဆိုလို့ မိခင်မြန်မာစာ စကားရယ် အင်္ဂလိပ်စာပေနဲ့ စကားလောက်ပဲ ထဲထဲဝင်ဝင် လေ့လာသင်ယူဖြစ်သေးတော့ နောက်ဆို ကမ္ဘာကြီးက ရွာကြီးတစ်ရွာလို ဖြစ်လာတော့မှာမို့ နောက်ထပ် စာပေနဲ့ ဘာသာစကားတွေ သင်ကြားတတ်မြောက်ဖို့ အများကြီးလိုသေးတယ်။ ဒါကြောင့် ကျွန်တော် ဂျပန်၊ တရုတ်၊ ပြင်သစ်ဘာသာစကားနဲ့ စာပေတွေတတ်မြောက်ဖို့ လိုသေးတယ်။ အဲဒီဘာသာရပ်တွေသာ ကျွမ်းကျင်တတ်မြောက်ရင်တော့ ကမ္ဘာနဲ့ ဝင်ဆံ့နိုင်တဲ့အခြေအနေ ရောက်ပါပြီ။ ဒါကြောင့် ဆက်လက်ကြိုးစားသင်ယူနေပါတယ်'

'အေး‥ကောင်းလိုက်တဲ့စိတ်ကူး။ ဦးက ငါ့တူစိတ်ဓာတ်ကို အများတကာတွေထက် သိထားတော့ မင်းအောင်မြင်မယ်ဆိုတာ ဦး ယုံကြည်ပါတယ်။ ဆက်လက်ကြိုးစားပါ။ အဲ‥အဲ‥ကျန်းမာရေးလည်း ဂရုစိုက်ဗျွယ့်။ ဒီတစ်ခါတွေ့တာ မင်း တော်တော်ပိန်သွားတယ်'

'ကျွန်တော်လေ‥ကျွန်တော်'

စောသီဟထွန်းသည် စကားပြောတော့မလို့နဲ့ ခဏခေါင်းစားသလို နှုတ်ဆိတ်သွားသည်ကို ကျွန်တော် ခဏစောင့်ပြီး ဘာဆက်ပြောမည်ကို နားစွင့်နေလိုက်သည်။ ခဏအကြာ သူလက်တွင်းက ရေနွေးကြမ်းခွက်ကို တစ်ချက်မော့သောက်ပြီး ပြောလက်စကို ဆက်ပြောပါသည်။

'ကျွန်တော်လေ ကျွန်တော် ဦးနဲ့တွေ့တိုင်း ပျော်ရွှင်သလို ခံစားမိတယ်။ ဦးပြောခဲ့တဲ့ စကားတွေကလည်း ကျွန်တော့်အတွက် တွန်းအားတစ်ခု ဖြစ်ပါတယ်'

'ဟုတ်လား ငါ့တူ၊ ဦးကတော့ သာမန်ပြောရိုးပြောစဉ်ပဲ ပြောတာမို့ ငါ့တူအတွက် တွန်းအားဖြစ်စေတယ်လို့ ခံယူရင် ဦးက အတိုင်းထက်အလွန် ဝမ်းသာပါတယ်ကွာ။ ဦးဟာ ဘယ်လိုစကားများ ပြောခဲ့လဲဆိုတာ ဦးကို ပြောပြပါဦး'

'အရင်တစ်ခေါက် ကျွန်တော်နဲ့ ဦးတွေ့စဉ်က ဒီဘုရားရင်ပြင်ပေါ်မှာပဲ အခြားသူတွေ ဘုရားရှိခိုးဆုတောင်းနေတာတွေ့လို့ ကျွန်တော်က ဆုတောင်းရင်ပြည့်သလားလို့မေးတယ်။ အဲဒီလိုမေးတော့ ဦးက ဆုတောင်းတိုင်းပြည့်စတမ်းဆိုရင် အသိပညာ၊ အတတ်ပညာတွေ ပင်ပန်းဆင်းရဲခံ သင်နေဖို့ လိုသေးသလားတဲ့'

'အဲဒီပြန်လှန်မေးခွန်းဟာ ကိုယ်လုပ်မှကိုယ်ရတယ်လို့ ပြောလိုက်တာပဲလို့ ဆိုလိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ ဒါကြောင့် ဘာဆုမှ မတောင်းဘဲ ကျွန်တော် ကြိုးစားနေပါတယ် ဦး။ ဒီနေ့လည်း ကျွန်တော်သိချင်တာလေးတစ်ခု မေးပါရစေခင်ဗျာ'

'မင်းနဲ့ဦးဟာ စကားပလ္လင်ခံပြီး ပြောစရာလူတွေ မဟုတ်ပါဘူး ငါ့တူရယ်။ မေးစရာရှိ မေးပေါ့ကွာ'

'ဟုတ်ပါတယ် ဦး။ ဒါပေမဲ့ ကျွန်တော်မေးမယ့်မေးခွန်းက မဟာတန်းတက်နေတဲ့သူ့တစ်ယောက်က သူငယ်တန်းဖတ်စာထဲကစာကို မေးသလို ဖြစ်နေတာမို့ ကျွန်တော့်ကို အထင်မလွဲပါနဲ့ ဦးရယ်။ ဦးက အသက်အရွယ်အရရော မြန်မာပြည်အနှံ့ တစ်နေရာကတစ်နေရာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အငြိမ်းစားအရာရှိကြီးတစ်ဦးဖြစ်တဲ့အပြင် ကျွန်တော်အားကျတဲ့ စာရေးဆရာမို့ ကျွန်တော် သိချင်တာ မေးခွင့်ပြုပါဦး'

'မေးပါ‥မေးပါ ငါ့တူ'

'ဒီလိုပါဦး။ ဥစ္စာစောင့် တစ္ဆေသရဲ၊ ဝိဇ္ဇာဥ်ဆိုတာတွေ တကယ်ရှိသလား၊ မရှိလား သိချင်ပါတယ်။ ကျွန်တော် ဒီလိုမေးတယ်ဆိုတဲ့အကြောင်း ဦးမှအပ အခြားဘယ်သူ့မှမသိစေချင်ဘူး။ အထူးသဖြင့် ကျွန်တော့်အိမ်ကလူတွေ မသိစေချင်ပါဘူးခင်ဗျာ'

'ငါ့တူစကားက အဆန်းပဲ။ ဘာကြောင့် မင်းအိမ်သားတွေ မသိစေချင်ရတာလဲဟင်'

'ဟုတ်ကဲ့၊ ကျွန်တော် ဒီတစ်ခေါက် မန္တလေး၊ ပုဂံ၊ ညောင်ဦးနဲ့ မြေလတ်ဒေသက ခရိုင်မြို့ကြီးတစ်မြို့မှာ မထင်ရှားတဲ့ ဘုရားကျောက်စာတွေ သွားရောက်ကူးယူဖတ်ခဲ့ပါတယ်။ မထင်ရှားတဲ့ ကျောက်စာတွေ ရှာဖွေပြီး ရွေးဖတ်ရတာတော့ မြန်မာပြည်တစ်နံတစ်လျားမှာရှိတဲ့ ထင်ရှားတဲ့ ကျောက်စာတွေ အတော်အတန် ဖတ်ခဲ့ပြီးပြီမို့ ထောင့်စုံအောင် လေ့လာချင်တာမို့ ရှာဖွေရွေးချယ် ဖတ်ကြည့်တဲ့ သဘောပါ။ ကျွန်တော့်ရည်မှန်းချက်က သမိုင်းပညာရှင်တစ်ယောက် ဖြစ်ချင်တာလေ။ သမိုင်းနဲ့ စပ်ဆိုင်သမျှ နိုက်နိုက်ချွတ်ချွတ် သိချင် တတ်ချင်တဲ့ သဘောပါ'

'ကျွန်တော်ပြောခဲ့သလိုပဲ ခရိုင်မြို့ကြီးတစ်မြို့က ရှေး

www.burmeseclassic.com

ပဲဟောင်းဘုရားကြီးတစ်ဆူမှာ ပျူဘာသာ မွန်ဘာသာ(၂)မျိုးနဲ့ ရေးထိုးထားတဲ့ အနည်းငယ် ယိုယွင်းနေသော ကျောက်စာတစ်ချပ်ကို လေ့လာဖတ်ဖြစ်ခဲ့တယ်။ အဲဒီကျောက်စာမှာ တချို့စာသားတွေဟာ ယခင်ယခင်က ကျွန်တော်ဖတ်ဖူးခဲ့တဲ့ ကျောက်စာတွေမှာ ရေးထိုးထားတဲ့ စာသားတွေနဲ့ မတူတဲ့အပြင် ဘာအဓိပ္ပာယ်ဆိုတာ စဉ်းစားမရအောင် ဖြစ်ခဲ့တဲ့ရေးနည်းရေးဟန်တွေ တွေ့ရပါတယ်'

'ဒါကြောင့် ကျွန်တော် စိတ်ပင်ပန်း လူပန်းဖြစ်ပြီး မွန်းကျပ်လွန်းတာကြောင့် အဲဒီကျောက်စာချပ်ကြီးဘေးမှာ ပါလာတဲ့ အင်းလေးလွယ်အိတ်ကြီးကို ခေါင်းအုံးပြီး ခဏလှဲလိုက်တာ အိပ်ပျော်သွားတယ်။ အဲဒီလို အိပ်ပျော်သွားခိုက်မှာပဲ 'အထက်အောက် အဝါရောင်တလက်လက်တောက်ပနေတဲ့ အဝတ်အစားတွေ ဝတ်ဆင်ထားတဲ့ အလွန်လှတဲ့ အမျိုးသမီးတစ်ယောက် ရောက်လာပြီး ကျွန်တော့်ကို စိတ်ဓာတ်မကျဖို့ အားမလျှော့ဖို့ ဆက်လုပ်ဖို့ သူကူညီမယ်ဆိုပြီး လာပြောတယ်။ တကယ်က လာပြောတာမဟုတ်ဘူး။ ကျွန်တော် အိပ်မက်,မက်နေတာပါ'

'ကျွန်တော် အိပ်ရာကနိုးတော့ တစ်မေ့တစ်ရေး အိပ်လိုက်ရလို့လား မသိဘူး။ လူတစ်ကိုယ်လုံး ပေါ့ပါးသွားတယ်။ ကျောက်စာချပ်ကြီးကို ဆက်လက်ဖတ်ရှုလေ့လာရာမှာလည်း အခက်အခဲမရှိဘဲ အဓိပ္ပာယ်ဖော်ဆောင်နိုင်ခဲ့တယ်။ အဲဒီမှာ ထူးခြားတာကတော့ ကျွန်တော်ကျောက်စာကို လေ့လာရင်း ဖတ်ရင်း အဓိပ္ပာယ်ဖော်မရအခက်တွေ့နေပြီဆိုရင် စောစောက ကျွန်တော် အိပ်မက်ထဲမှာတွေ့တဲ့ အမျိုးသမီးက ကျွန်တော့်ကို လေသံနဲ့ပြောပြနေသလိုယောင် ကြားနေရတော့ အားလုံးအဆင်ပြေသွားတာပေါ့ ဦးရယ်'

'အဲဒီ ကိုယ်တွေ့အကြောင်းလေးကို ကျွန်တော်က ထူးခြားဖြစ်စဉ်အနေနဲ့ ပြောပြတာကို အစ်မတွေက ဒီကိစ္စပေါ့သေးသေးမဟုတ်ဘူး။ တစ်နေ့မှာ ဥစ္စာစောင့်က လိပ်ပြာနှုတ်တာ ခံရပြီး သေလိမ့်မယ်။ ဒီအလုပ်တွေ ဆက်မလုပ်နဲ့လို့ ပြောကြဆိုကြတယ်။ သူတို့က စေတနာနဲ့ပြောကြဆိုကြတာဆိုတော့ ကျွန်တော်ပြန်ပြီး စောဒကတက်မနေတော့ဘဲ ဒီအတိုင်း အေးအေးပဲနေလိုက်တယ်။ အဲသလိုနေပြန်တော့ ဥစ္စာစောင့် မိန်းကလေးက ပြုစားထားလို့ ငေးငိုင်နေတာလို့ ပြောကြပြန်တယ်။ ဒီကိစ္စတွေ

နောက်မှ ဦးကို ပြောပြမယ်။ အခုတော့ ကျွန်တော်မေ ထားတဲ့ ဝိညာဉ်၊ တစ္ဆေ၊ သရဲ တကယ်ရှိ,မရှိ ပြော ပါဦး'

'ကောင်းပြီ ငါ့တူ။ ဟိုးလွန်ခဲ့တဲ့(၆၇)နှစ်လော က တစ်နည်းပြောရရင် ဦး(၁၀)နှစ်သားအရွယ်က ဦးတို့ မြို့မှာ ရန်ငြိုးရန်စကြောင့် လူသတ်ပွဲကြီးတစ်ပွဲဖြစ်ခဲ့တာ ဦးမျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူးတယ်။ နှစ်ပေါင်း(၆၀)ကျော် က အဖြစ်အပျက်မို့ ကြာတော့ အတော်ကြာခဲ့ပြီ။ မျက် မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရတဲ့ အကြောင်းကလည်း အချင်းဖြစ် တဲ့နေရာက ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ် ဦးနဲ့ အတွားဝိုင်းထဲမှာ ဖြစ်ခဲ့တာ အဘွားဆိုပေမယ့် အညာ လတ်ဓလေ့အတိုင်း ဦးတို့တူသားမြေးတွေက အမေ ခေါ်ကြတယ်'

'ဦးတို့တစ်တွေက မနက်ဝေလီဝေလင်း လေးငါး နာရီလောက်ဆို အားလုံးအိပ်ရာကထ အမေ့ဝိုင်းထဲမှာ ရေနွေးကြမ်းသောက်ရင်း မီးလှုံလေ့ရှိကြတယ်။ ဦးတို့ မြို့ရဲ့ ဆောင်းရာသီအေးချက်က စောင်ဖြူစောင်ကြား ဘာ စောင်ခြုံခြုံ မလုံဘူး။ မီးပုံဘေးကပ်ပြီး မီးလှုံလိုက် အနွေးဓာတ်ရပြီး နေသာထိုင်သာသလိုရှိတာ။ အဲဒီနေ့ ဦးတို့ မီးလှုံနေခိုက် ဒုတိယကမ္ဘာစစ်လက်ကျန် ဂျစ်ကား အမိုးဖွင့်တစ်စီး လက်နက်ကိုယ်စီကိုင် လူငါးယော အမျိုးအမည်မသိ -စစ်ကျန်ဆိုင်ကယ်တစ်စီးနဲ့ ခါးမှာ ခြောက်လုံးပြူး ချိတ်ထားတဲ့ လူတစ်ယောက် ဦးတို့ မီး လှုံနေတဲ့နေရာ- ရောက်လာကြတယ်။ သူတို့က ကာ ရောင် တူညီဝတ်စုံ ဝတ်ထားကြတယ်။ တူညီဝတ်စုံဆို မယ့် သားသားနားနားတော့ မဟုတ်ပါဘူး။ ကပေါက်ချ ကပေါက်ချာ ဝတ်ဆင်ထားတာမျိုး ငါ့တူရဲ့။ နောက် အဘိုးအဘွားတို့ ပြောတာကတော့ ရဲဘော်ဖြူဆိုလာ ရဲဘော်ဝါဆိုလား အလံနီတွေဆိုလား ပြောကြတယ် အဲဒီအချိန်က ဦးအသက် (၁၀)နှစ်အရွယ်မို့ ဘာအ ညာအဖွဲ့ဆိုတာတွေ သိပ်မသိပါဘူး'

'မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ ဧည့်သည်တွေအ က ခြောက်လုံးပြူး ခါးချိတ်ထားသူဟာ မည်သူမည် ဖြစ်တယ်ဆိုတာ ဦးတို့နဲ့အတူ မီးလှုံနေတဲ့ ကိုကြည် သိတယ်။ ဒါကြောင့် ဘာမပြော ညာမပြော အ အိမ်ခေါင်းရင်းပြတင်းပေါက်ကို ခိုဆွဲကာ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

စ်တက်သွားတယ်။ ကိုကြည်မောင်က ဦးတို့အဘွားအိမ်မှာနေတယ်။ သူက ဦးရဲ့ဦးလေး ရဲအရာရှိနဲ့ အတူနေတာပည့်တွေထဲက ရဲသားတစ်ယောက်ပါ'

'ဟော့..ခွေးကောင် ကြည်မောင်၊ မပြေးနဲ့'

'ဒက်..ဒက်..ဒက်'

'မင်း အိမ်ပေါ် ပြေးတက်တာ ငါမြင်တယ်'

'ဒက်..ဒက်..ဒက်'

'ခွေးမသား၊ ငါမသား၊ မအေ...ကြည်မောင်၊ မင်းပြေးမလွတ်ဘူးဟော့။ ဒီနေ့ မင်းကို အသေသတ်ဖို့ ငါလာတာကွ'

'ဟဲ့..နင်..နင့် တင်အောင် မဟုတ်လား'

'ဟုတ်တယ် အမေ၊ ကျုပ် တင်အောင်ပဲ။ အမေဆယ်နေ၊ လွတ်ရာမှာနေ။ တစ်ချိန်က ကျုပ် ဘယ်လိုခံစားခဲ့ရတယ်ဆိုတာ အမေအသိဆုံး။ အခုတော့ ကျွန်တော့်အလှည့်ရောက်ပြီဗျ အမေရ။ ဟား..ဟား..ဟား'

'ငါ့သား တင်အောင်၊ အမေပြောတာ ခဏနားထောင်ပါ။ မင်းလည်း ငါ့သား၊ ကြည်မောင်လည်း ငါ့သား။ မင်းတို့ဟာ တစ်ဆရာတည်းရဲ့တပည့်။ ညီအစ်ကိုတွေအချင်းချင်း ပစ်ကြခတ်ကြတာ အမေမကြည့်ရက်ဘူး။ အမေ တောင်းပန်ပါတယ်။ တစ်ချိန်က အငြိုးအတေးတွေရှိခဲ့တာ အမေသိပါတယ်။ ဒါပေမဲ့ အမေ့မျက်နှာထောက်ပြီး သတ်တဲ့ဖြတ်တဲ့အထိ မလုပ်ကြပါနဲ့ကွယ်'

'ကျွန်တဲ့သူတွေကို မှဲ့တစ်ပေါက်မှ မစွန်းစေရပါဘူး အမေ။ ဒီခွေးမသားကိုတော့ မသေမချင်းသတ်ပြီး ရာဇဝင်ကြွေးဆပ်မယ်လို့ ဟိုကတည်းက ဆုံးဖြတ်ပြီးသား။ ကဲ..ကဲ..အားလုံး အနားမကပ်နဲ့။ လွတ်လွတ် ဖယ်နေကြ'

'ဒက်..ဒက်..ဒက်..ဒက်..ဝုန်း'

'စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ဦးတို့အဘွားရဲ့ ဝိုင်းအတွင်း ယမ်းခိုးယမ်းငွေ့တွေ ဝေသွားသလို သွေးစိမ်းသွေးညှီနံ့တွေလည်း နေအိမ်အနှံ့ နံစော်ကုန်တယ် ငါ့တူရေ'

'ဒီလောက်နဲ့ ကိုတင်အောင်ရဲ့ အငြိုးအတေး ခေါသွေပြေမယ် ထင်သလား။ မပြေဘူး ငါ့တူရေ၊ မပြေဘူး။ တစ်ကိုယ်လုံး ကျည်ဆန်ရာ ဆန်ခါပေါက်ဖြစ် သွေးတွေရွှဲနေပြီး အလှန်သန်မာတောင့်တင်းတဲ့ ကိုကြည်မောင်ရဲ့အသေမရှင် ကိုယ်ခန္ဓာကြီးကို အိမ်ပေါ်ကနေ လှေကားအတိုင်းကန်ချ၊ လမ်းမပေါ် တရွတ်တိုက်ဆွဲတင် ကျစ်ကားနဲ့ ကူသည် ခေါက်သည် ဖြတ်မောင်းကြိတ်ပြီးတော့ ကားပေါ်ကလူတွေက အောင်သေအောင်သား စားတဲ့ပုံနဲ့ အော်ဟစ် အောင်ပွဲခံကြတဲ့ မြင်ကွင်းဟာ မကြည့်ရက် မမြင်ရက်စရာပဲ ငါ့တူရေ'

'လူလူချင်း ရက်စက်လိုက်ကြတာ ဦးရယ်။ မင်းမဲ့တိုင်းပြည်ကျနေတာပဲနော်'

'မင်းမဲ့တိုင်းပြည်တော့ မဟုတ်ဘူး။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစအချိန် အာဏာနဲ့ လုပ်ပိုင်ခွင့် နေရာရဖို့အတွက် တစ်ဗိုလ်တစ်မင်း သူ့အဖွဲ့ ငါ့အဖွဲ့ အဖွဲ့တွေကွဲပြီး စိတ်ဝမ်းကွဲကုန်ကြတဲ့သဘောပဲ။ လွတ်လပ်ရေးရဖို့ကြိုးပမ်းကြစဉ်က တစ်စိတ်တစ်ဝမ်းတည်း လည်ပင်းဖက်ပေါင်းသင်းတိုက်ပွဲဝင်ခဲ့ကြသော်လည်း နေရာအာဏာရဖို့အတွက် အချင်းချင်း စိတ်ဝမ်းကွဲကြတော့ တိုင်းပြည်ဖရိုဖရဲဖြစ်တဲ့ သဘောပေါ့။

အဲဒီအချိန်က အစိုးရကိုတောင် ရန်ကုန်အစိုးရရယ်လို့ပြက်ရယ်ပြု ပြောကြဆိုခဲ့ကြတာ ဦး(၁၀)နှစ်သား အရွယ်ပေမယ့် မှတ်မိပါသေးတယ်။ အမှန်တော့ ဘယ်သူကဆရာ၊ ဘယ်သူကတပည့်ဆိုတာ မသဲမကွဲဖြစ်နေချိန်လို့ပြောရင် ပိုမှန်မယ်ထင်တယ်ကွယ့်။ အစိုးရအုပ်ချုပ်မှုယန္တရား ကောင်းကောင်းမလည်ပတ်နိုင်သေးတော့ တစ်ဗိုလ်တစ်မင်းသမားတွေအတွက် ရောက်တဲ့ မြို့ရွာဒေသတွေမှာ ဥပဒေနဲ့ ညီညွတ်ခြင်း၊ မညီညွတ်ခြင်းဆိုတာ အမိကမကျတော့ဘဲ သူတို့လုပ်ချင်တာ လုပ်ကြတော့တာပဲ။ ကိုတင်အောင်နဲ့ ကိုကြည်မောင်တို့ အချင်းဖြစ်ချိန်က (၁၉၄၉)ခုနှစ်ဆိုတော့ အဲဒီကာလမှာ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ အလံနီ စတဲ့အဖွဲ့တွေဟာ အစိုးရအာဏာစက် မဖြန့်ကြက်နိုင်သေးတာကို အခွင့်ကောင်းယူပြီး တစ်ဗိုလ် တစ်မင်းလုပ်ချင်တာ လုပ်နေကြတာ။ ဖြစ်ချင်တော့ ကိုတင်အောင်ဟာ ဦးတို့မြို့အပါအဝင် ပျော်ဘွယ်မြို့နယ်ကိုပါနယ်မြေတာဝန်ခံ ရဲဘော်ဖြူ ဗိုလ်ဖြစ်လာခဲ့တယ်။ အဖြစ်အပျက်တွေ ပြန်တွေးကြည့်လိုက်ရင် မြင်း ချီတပ်ပေးလိုက်သလိုပါပဲ ငါ့တူရယ်။

တကယ်တော့ ကိုတင်အောင်နဲ့ ကိုကြည်မောင်ဆိုတာ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးမရခင် သူ့ကျွန်ဘဝကတည်းက နယ်ချဲ့လက်ပါးစေ ပုလိပ်အဖွဲ့မှာ တာဝန်



www.burmeseclassic.com

www.burmeseclassic.com

ထမ်းဆောင်ကြတဲ့ ပုလိပ်သားတွေပါ။ သူတို့ဆရာ ဦးတို့ အဘွားရဲ့ သားသမက်ဟာလည်း နယ်ချဲ့လက်ပါးစေ ပုလိပ်အဖွဲ့မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပုလိပ်အရာရှိပါပဲ။ လွတ်လပ်ရေးရပြီးတက်လာတဲ့ မြန်မာအစိုးရကစိစစ်ပြီး မြန်မာနိုင်ငံသားတွေလည်း ဖြစ်တယ်။ ဆက်လက်တာဝန် ထမ်းဆောင်ဖို့ အရွယ်ကောင်းသေးတာမို့ မြန်မာနိုင်ငံ ပုလိပ်အဖွဲ့မှာ ပြန်လည်ခန့်အပ် တာဝန်ထမ်းဆောင်စေခဲ့ တယ်။ သူတို့ကို သွေးသစ်လောင်းတဲ့အနေနဲ့ ရမည်းသင်း မြို့အနောက်ဘက် စစ်တပ်ဝင်းလို့ခေါ်တဲ့နေရာမှာ HEAD QUARTER ထား၊ ရဲသင်တန်းကျောင်းဖွင့်၊ သင်တန်း ပေးပါတယ်။ ကျောင်းရဲ့ တာဝန်ခံကတော့ ဦးတို့ အဘွား ရဲ့ သားသမက်ပါပဲ။ (လက်ရှိ ရဲအတတ်သင်ကျောင်းနှင့် မသက်ဆိုင်ပါ။)

အဘွားရဲ့ သားသမက်က သူနဲ့အတူပါလာတဲ့ ရဲ သား နှစ်ဦးဖြစ်တဲ့ ကိုကြည်မောင်နဲ့ ကိုတင်အောင်တို့ကို သူ့မိသားစုနေထိုင်ရာ အဘွားအိမ်မှာခေါ်ထားပြီး ဗာဟိရ အိမ်ကိစ္စတွေ ခိုင်းမပါတယ်။ တာဝန်ချိန် တာဝန်ရှိတာ လုပ်၊ တာဝန်မရှိတဲ့အခါ အိမ်မှာ ဝိုင်းလုပ်ဝိုင်းစား၊ ကလေး ထိန်း၊ ရေထမ်း၊ အိမ်ခြံသန့်ရှင်းရေးလုပ်ရတဲ့ အလုပ်မျိုး တွေ ခိုင်းပါတယ်။ သူတို့လို ရေးကပုလိပ်သား (ရဲသား) မျိုးတွေက လစာနည်းတယ်။ ဒါကြောင့် အဘွားသား သမက်က သူတို့ စားဝတ်နေရေးကို တာဝန်ယူတယ်။ သူတို့ရတဲ့ လစာလေး သူတို့ကိုယ်တိုင်ပဲ သုံးစေတယ်။ (ရှေးကအရာရှိ အများစုသည် တပည့်ရင်းများကို အိမ်၌ အနီးကပ်ခေါ်ထားလေ့ရှိကြသည်။)

ငါ့တူရေ..တစ်နေ့မှာ ဘာဖြစ်တယ် မသိဘူး။ ကို တင်အောင်နဲ့ ကိုကြည်မောင်တို့ ရန်ဖြစ်ကြတယ်ကွယ့်။ အဲဒီအခင်းဖြစ်ချိန်က ကိုတင်အောင်က ထင်းခွဲနေချိန်မို့ လက်ထဲကဓားနဲ့ ကိုကြည်မောင်ကို ယှဉ်တယ်။ ကိုတင် အောင်က ဓားနဲ့ တိုက်ခိုက်လာတာကို ကိုကြည်မောင်က ရှောင်ရင်းတိမ်းရင်း ကိုတင်အောင်မျက်နှာကို လက်သီးနဲ့ ထိထိမိမိ ထိုးပစ်လိုက်တယ်။ ကိုတင်အောင် တစ်မျက်နှာ လုံး သွေးခြင်းခြင်းနီသွားတယ်။ သာမန်သွေးထွက်သံယို ဖြစ်တာလောက်ဆို တော်သေးတယ်။ အခုတော့ အပေါ် သွား(၅)ချောင်း၊ အောက်သွား(၂)ချောင်း ကျိုးသွားတယ်။ အဲဒီအချိန်က အဘွားသားသမက် ခရီးသွားနေလို့ အိမ်မှာ

မရှိဘူး။ အဘွားကပဲ ကိုကြည်မောင်ကို ဆူပူကြိမ်းမောင်း ဆုံးမပြီး ဈေးအနောက်ဘက်က ပန်ချာပီဆရာဝန်ထိုင်တဲ့ ဆေးခန်းမှာ ဆေးထိုး ဆေးထည့် လုပ်ပေးရတယ်။ ဒတ် ရာအနာကျက်တော့ ဈေးမြောက်ဘက် စန်းငွေယုံအပေါင် ဆိုင်ဘေးက ဦးအေးမောင်ဆိုတဲ့ သွားကျွမ်းကျင်ဆရာကြီးရဲ့ သွားစိုက်ဆိုင်မှာ ရွှေသွား(၇)ချောင်း စိုက်ပေးခဲ့ရတယ်။ အဲဒီတုန်းက ရွှေသွား(၇)ချောင်း စိုက်ပေးရတာ။ [ငွေ (၂၉၀) ကျပ်ကုန်ကြောင်း အဘွားပြောပြချက်အရ သိရှိရပါ သည်။]

အဲဒီကတည်းကစပြီး ကိုစာင်အောင်ဟာ လက်ဖက် ရည်မတိုက်၊ ကိတ်မုန့်မကျွေးရဘဲ အများက ရွှေသွားတင် အောင်ရယ်လို့ အမည်ပြောင်းခေါ်လိုက်ကြတာ ဦးတို့အား လုံး သတိပြုမိကြပါတယ်။ ဦးတို့ အသိုင်းအဝိုင်းကတော့ အဲဒီလို မခေါ်ကြပါဘူး။ အားနာလို့ပါ။

ကိုတင်အောင်ဟာ လက်ရှိပတ်ဝန်းကျင်မှာ နေထိုင်ရ တာ ရှက်တယ် ထင်ပါရဲ့၊ သူ့ဇာတိ ခဏပြန်မယ်ဆိုပြီး ခွင့်တောင်းပြန်သွားလိုက်တာ ပြန်မလာတော့ဘူး။ ဟော ပြန်မယ့် ပြန်လာတော့ ရဲဘော်ဖြူနယ်မြေတာဝန်ခံ ဗိုလ် ဘဝနဲ့ ပြန်လာတာပဲ ငါ့တူရေ။

ကိုကြည်မောင်က နှစ်ကာလကြာညောင်းလို့ မေ့ ကောင်းမေ့နိုင်ပေမယ့် ရန်ငြိုးသိုထားတဲ့ ကိုတင်အောင်က မမေ့နိုင်ဘူး။ အလှည့်ကြုံလာတော့ ရက်ရက်စက်စက် ကလဲ့စားချေတော့တာပေါ့ကွယ်။ ကိုတင်အောင်ဟာ ကို ကြည်မောင်ကို သတ်လိုက်ပြီးပြီမို့ ရန်ငြွေးကျေသွားပြီ ထင်သလား။ ငါ့တူ မကျေဘူးကွယ့်၊ မကျေဘူး။

တစ်ခါတစ်ရံ တကယ့်အဖြစ်အပျက်တွေဟာ ဝတ္ထု ရုပ်ရှင် ဇာတ်လမ်းတွေထက် ဆန်းကြယ်တယ်လို့ ပြော ကြသလို ကိုတင်အောင်နဲ့ ကိုကြည်မောင်တို့ ဇာတ်လမ်း ကလည်း ပြောရင် ယုံမှာမဟုတ်ဘူး။ ဦးက ကိုယ်တွေ့ ကြုံခဲ့တဲ့ တကယ့်အဖြစ်မို့ ငါ့တူကို ပြောပြဦးမယ်'

◆◆◆

'အမေ'

'ဟော..ဘယ်သူလဲ'

'ကျွန်တော် ငြိမ်းမောင်ပါအမေ'

'ဟဲ့..ဘယ်ငြိမ်းမောင်လဲ'

'အမေကြီးတပည့် ကားပြင်တဲ့ငြိမ်းမောင်ပါအမေ



www.burmeseclassic.com

www.burmeseclassic.com

'ဩော်..ကျေးဇူးရှင်ပဲ။ နင်တို့ တင်အောင်တို့ မသေကြသေးဘူးလား။ သတ်ဖို့ဖြတ်ဖို့ လာတာဆိုရင်တော့ ငါနဲ့ အဘိုးကြီးကိုပဲ သတ်သွားကြတော့။ နင်တို့အဖေကြီးနဲ့ မိသားစုတော့ နင်တို့ရန်ကြောက်လို့ တခြားကို ထွက်ပြေးသွားကြပြီ'

'ကျွန်တော်လာတာ ဘယ်သူ့မှ ဒုက္ခပေးဖို့ လာတာမဟုတ်ပါဘူး။ အဖြစ်မှန်တွေ ပြောပြဖို့လာတာပါ အမေ'

'ဝုတ်..ဝုတ်..ဝုတ်'

'ဟဲ့..အောင်နက်၊ သွားစမ်း၊ သွားစမ်း၊ မဟောင်နဲ့။ ဒီကောင်တွေက နင်တို့ထက် မိုက်တဲ့ကောင်တွေ သံယောဇဉ်မရှိ၊ ကျေးဇူးမသိတတ်သူတွေ နင်ပါအသတ်ခံရဦးမယ်။ သွား..သွား။ ဝေးဝေးသွားနေစမ်း'

'အမေက ကိုငြိမ်းမောင်ကို ခြံတံခါး ဖွင့်ပေးရင်း မကျေမချမ်း ပြောဆိုနေတာက ကိုတင်အောင်နှင့် ကိုကြည်မောင်တို့ အခင်းဖြစ်စဉ်က ငြိမ်းမောင်သည် ဂျစ်ကားနဲ့ ပါလာတဲ့အထဲက တစ်ယောက်ဆိုတာ သိသောကြောင့် ဒေါသမထိန်းနိုင်ဘဲ ပြောဆိုနေခြင်းသာ ဖြစ်တယ်ကွယ့်။ ဒါနဲ့ ဦးတို့မှာ အဘွား(၄)ယောက် ရှိတယ်။ အဲဒီ အဘွား(၄)ယောက်အနက် အမေက အငယ်ဆုံး၊ အချောဆုံး၊ အလှဆုံး၊ အနူးညံ့ဆုံး။ သို့သော် ‌လူရမ်းကား လူမိုက်တွေကိုတော့ မကြောက်တတ်ဘူးကွယ့်'

'အမေ..ကျွန်တော်ပြောတာ နားထောင်ပါဦး အမေ။ အချင်းဖြစ်တဲ့နေ့က ရွှေသွားတင်အောင် ကျွန်တော်တို့အရှေ့ပိုင်းရွာကို ရောက်လာပါတယ်။ သူ ဘာပြောလဲဆိုတော့ ဟေ့ကောင် ငြိမ်းမောင်၊ ငါ ဘယ်သူလဲဆိုတာ မှတ်မိလားလို့ ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်က မှတ်မိပါတယ် ပြောတော့ ငါရဲဘော်ဖြူအဖွဲ့မှာ နယ်မြေတာဝန်ခံ ဖြစ်နေပြီတဲ့။ ငါ့နယ်မြေမှာ မင်းကို မော်တော်ယာဉ်မှူးတာဝန်ခန့်မယ်၊ လိုက်ခဲ့တဲ့။ ကျွန်တော်က ဒီကိစ္စတော့ ခွင့်လွှတ်ပါကွာ။ ငါ့မှာ သားသမီးတွေကလည်းများ၊ မိန်းမကလည်း မမာဘူးလို့ တောင်းပန်တော့ ဒါဆိုလည်း ငါ စွတ်မတိုက်တွန်းတော့ဘူး။ ဒါပေမဲ့ ဒီနေ့တစ်ရက်တော့ ငါ့ကို ကူညီကွာတဲ့။ အဲသလိုနဲ့ ကျွန်တော် ဘုမသိဘမသိ ရွှေသွားတင်အောင်တို့အဖွဲ့က ကားနဲ့ ပါလာခဲ့တာပါ။ သူ ကြည်မောင်ကို ဒီလိုပက်ပက်စက်စက် သတ်မယ်ဆိုတာ ကျွန်တော် လုံးဝမသိပါဘူး အမေ။ သူတို့လည်း သူတို့အကုသိုလ်နဲ့သူတို့ အားလုံး သေကုန်ပါပြီ'

'ဟဲ့..ဟဲ့..ငြိမ်းမောင်၊ သူတို့အားလုံး သေကုန်ပြီဟုတ်လား။ ဘယ်လိုဖြစ်ကြတာတုံး။ ငါ့ကို ရှင်းအောင်ပြောစမ်းဟဲ့'

'ဒီလို အမေရေ၊ အဖြစ်က ကြောက်စရာလည်းကောင်း၊ အံ့ဩဖို့လည်း အလွန်ကောင်းတယ်ဗျ'

'အေးပါဟယ်၊ ပြောမှာသာ မြန်မြန်ပြောစမ်းပါဟယ်'

ဦးတို့အဘွားက စကားဝေ့ဝိုက်ပြောတာ မကြိုက်ဘူးကွယ့်။ ငြိမ်းမောင်က ဝေ့ဝိုက်နေတော့ စိတ်မရှည်ဘဲ မြန်မြန်ပြောဖို့ အော်ငေါက်ပြောလိုက်တာ အဘွားအိမ်မှာ ညစ်ထေးပေကျံနေတဲ့ သွေးတွေကို ဆေးကြောသန့်ရှင်းနေတဲ့ ဦးတို့ မိသားစုဝင်တွေတောင် လန့်သွားတယ်။

'အင်ကြင်းကန်ရွာမြောက်ဘက် ရထားလမ်းနဲ့ ကားလမ်းဆုံတဲ့နေရာကို အမေသိတယ် မဟုတ်လား'

'အေး..သိတယ်'

'တင်အောင်တို့ဂျစ်ကား အဲဒီနေရာလည်းရောက်ရော ထိုးရပ်သွားတယ်။ ကား ဘာဖြစ်လဲကြည့်ဖို့ ကျွန်တော် အောက်ဆင်းတော့ ဂျစ်ကားခေါင်းပေါ်မှာ ကြည်မောင် မားမားကြီးရပ်ပြီး ကားပေါ်ကလူတွေကို ခပ်စိမ်းစိမ်းကြည့်နေတာ ကျွန်တော်တွေ့တယ်။ ကြည်မောင့်တစ်ကိုယ်လုံး ကျည်ဆန်ရာတွေ ဗွစာကျဲနေပြီး သွေးတွေက တစ်ကိုယ်လုံးမှာ ရဲရဲနီနေတယ်။ ဒါကြောင့် ကျွန်တော် ကြောက်စိတ်မထိန်းနိုင်တော့ဘဲ ဟိုမှာ ကြည်မောင်..ကြည်မောင်လို့ အော်ပြီး လာလမ်းအတိုင်း ပြန်ပြေးခဲ့ပါတယ်။ ကျွန်တော် ပြေးပြေးချင်း နောက်က သေနတ်သံတွေကြားတော့ တင်အောင်တို့အဖွဲ့က သေနတ်နဲ့ လိုက်ပစ်တယ်ထင်ပြီး အသားကုန် စွတ်တင်ပြေးခဲ့တာ လမ်းမှာ ကျောင်းဖြူကုန်းရွာက ဦးသိန်းမြင့်တို့အဖွဲ့နဲ့ တွေ့မှ အကြောက်ပြေသွားတယ်။ ဦးသိန်းမြင့်တို့အဖွဲ့က သွားကြည့်ချင်တယ်ဆိုတာနဲ့ ကျွန်တော်ပါ လိုက်သွားပြီး ကြည့်ကြပါတယ်'

'ကျွန်တော်တို့ တွေ့ရတာက သိပ်အံ့ဩဖို့ကောင်းတယ် အမေ'

'လာပြန်ပြီ။ ဒီအံ့ဩဖို့ ပြောမှာသာ ဆက်ပြောစမ်းပါဟယ်။ နင်ကလည်း'

'တင်အောင်ရဲ့ အဖွဲ့သား(၄)ယောက်က ကားပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

သေနတ်ဒဏ်ရာတွေနဲ့ သေနေပြီး ရွှေသွားတင်အောင်ကတော့ တစ်ကိုယ်လုံး ကျည်ဆန်ရာ မွစာကျဲနေပြီး သူ့မျက်နှာပေါ်မှာတော့ ဂျစ်ကားရှေ့ ညာဘက်ဆီက တက်ကြိတ်ထားသလို တွေ့ခဲ့ကြပါတယ်'

'အေး..ငါသဘောပေါက်ပြီ ငြိမ်းမောင်။ ရန်ငြိုးရန်စတွေ ရှိနေကြတော့ သံသရာမှာ သူတစ်ပြန် ကိုယ်တစ်လှည့် ဆိုသလို ခံကြရဦးမှာပေါ့ကွယ်'

'ဦးတို့အဘွားကို ကိုငြိမ်းမောင် ပြန်ပြောတဲ့ စကားအရ ရွှေသွားတင်အောင်သတ်လို့ စိစိညက်ညက်သေပြီးသား ကိုကြည်မောင်ဟာ ကားထိုးရပ်သွားလို့ ဘာဖြစ်တာလဲဆိုတာသိဖို့ စက်ပြင်ဆရာ ကိုငြိမ်းမောင် ကားအောက်ဆင်း ဂျစ်ကားဘောနက်ကို ဖွင့်မယ်အလုပ် ဂျစ်ကားဘောနက်အပေါ်မှာ မားမားကြီးရပ်ပြီး ကားပေါ်ကလူတွေကို ကြည့်နေတဲ့ ကိုကြည်မောင်ကို တွေ့တယ်ဆိုတော့ ကိုကြည်မောင်ရဲ့ဝိညာဉ်က ချက်ချင်း တန်ပြန်ကလဲ့စားချေတာလား မသိဘူးနော်'

'ဟော..ငါ့တူ မေးပြီ။ စောစောကတည်းက ငါ့တူဟာ ပညာတတ်တစ်ယောက်မို့ ဦး ပြောပြချက်အပေါ် ဝိညာဉ်၊ တစ္ဆေ၊ သရဲဆိုတာတွေ တကယ်ရှိ၊မရှိ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နားလည်ဖို့ ပြောထားတယ်လေ'

'ဟုတ်..ဟုတ်ကဲ့၊ ဟုတ်ကဲ့'

'ငါ့တူရေ..ကိုတင်အောင်နဲ့ ကိုကြည်မောင်တို့ကိစ္စ ပြီးတော့ သံယောဇဉ်ဆိုတဲ့ကြိုးနဲ့ ချည်နှောင်ထားတဲ့ အလွမ်းဇာတ်ကလေး အဘွားမိသားစုမှာ ကျန်ခဲ့သေးတယ်ကွယ့်'

'ဩော်..ဟုတ်ကဲ့၊ ကျွန်တော် နားထောင်ချင်ပါတယ်။ ပြောပြပါဦး'

'ကိုကြည်မောင့်ကို ကိုတင်အောင်တို့အဖွဲ့က ပစ်ခတ်သတ်ဖြတ်တဲ့နေ့က အဘွားအိမ်မှာ (၃)နှစ်သမီးအရွယ် အဘွားမြေးမလေးလည်း ရှိတယ်။ အဲဒီတော့ သွေးတွေ ရွှဲနေတဲ့ ကိုကြည်မောင်တို့ သေနတ်နဲ့ ဆင့်ကာ၊ဆင့်ကာ ပစ်ကြတာတွေ၊ ကားနဲ့ သွားချည်ပြန်လှည့် တက်ကြိတ်တာတွေကို မျက်ဝါးထင်ထင် ကလေးမလေး မြင်တွေ့ခဲ့တယ်။ ဒီအဖြစ်တွေက အမှုမဲ့အမှတ်မဲ့ အလွန်မြန်ဆန်တဲ့ အဖြစ်တွေဆိုတော့ မြေးမလေးမမြင်အောင် ဘယ်သူမှ မတတ်နိုင်ခဲ့ကြဘူး။ ကိုကြည်မောင်ရဲ့ဖြစ်အင်ကို အစအဆုံး မြင်တွေ့လိုက်ရတဲ့ (၃)နှစ်ရွယ် အဘွားမြေးမလေးဟာ တကယ်တော့ တီတီတာတာ စကားပြောတတ်နေတဲ့ ကလေးပါ။ ဒါပေမဲ့ အဲဒီနေ့ကစပြီး မောင်ကြီးရေ..မောင်ကြီးရေဆိုတဲ့ စကားကလွဲလို့ ဘာစကားမှ မပြောတော့ပါဘူး'

'အဆန်းပဲနော် ဦး။ ဘယ်လိုဖြစ်သွားတာပါလိမ့်'

'ကိုကြည်မောင် မသေခင်က အဲဒီကလေးမလေးကို ထိန်းခဲ့ရပြီး ကိုကြည်မောင်က သိပ်ချစ်သလို အဲဒီမြေးမလေးကလည်း ကိုကြည်မောင်ကို သိပ်ချစ်ပါတယ်။ အဲဒီကလေးမလေးဟာ ညနေ(၅)နာရီ (၆)နာရီလောက်ဆို မောင်ကြီးရေ..မောင်ကြီးရေလို့ နှုတ်က အဆက်မပြတ်ခေါ်ပြီး မြို့တွင်း ကျောင်းဝင်ပေါက်ဘက် သွားလေ့ရှိပါတယ်။ မိဘတွေနဲ့ အဘိုး၊အဘွားတွေပါ တားလည်းမရပါဘူး'

'ဒါနဲ့ အဲဒီကလေးမလေးက မြို့တွင်း ကျောင်းဝင်ပေါက်ကို ဘာလို့သွားတာလဲ ဦး'

'ဒီလိုပါ၊ ကိုတင်အောင်တို့က သတ်ပြီး ပစ်စလက်ခတ်ထားခဲ့တဲ့ ကိုကြည်မောင့်အလောင်းကို ဦးတို့ဆွေမျိုးတွေကပဲ မြို့တွင်း ကျောင်းမှာထားတဲ့ အလောင်းတင်လှည်းနဲ့သယ်ပြီး သုသာန်မှာ မီးသင်္ဂြိုဟ်ပေးခဲ့တယ်။ သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်းတွေလည်း သွတ်ပေးခဲ့တယ်။ ဒါပေမဲ့ ကျွတ်လွတ်သွားဟန်မတူဘူး။ အဘွားမြေးမလေးဟာ အသက်(၆)နှစ် ကျော်တဲ့အထိ အဲဒီအလောင်းသယ်လှည်းဆီ မောင်ကြီးရေ..မောင်ကြီးရေနဲ့ခေါ်ပြီး သွားလေ့ရှိတယ်။ အတိအကျပြောရရင် အသက်ခြောက်နှစ်ခွဲလောက်မှာ ဝါတိုးကျောင်း ဆရာတော်ဘုရားကြီးရဲ့ မေတ္တာရေမန်းနဲ့ ကုပေးလို့ စိတ်ကစဉ့်ကလျားဖြစ်တာတွေလည်း ပျောက်သလို စကားတွေလည်း ပြန်ပြောခဲ့တယ် ငါ့တူ'

'ဒီမှာလည်း ကြည့်ရင် ကလေးအပေါ် အလွန်ချစ်ခင် သံယောဇဉ်ကြီးခဲ့တဲ့ ကိုကြည်မောင်ဟာ ဝိညာဉ်ဘဝရောက်နေတာတောင် သူထိန်းခဲ့တဲ့ အဘွားမြေးမလေးကို အနီးကပ် ထိန်းကျောင်းပေးနေတဲ့ သဘောပေါ့နော် ဦး'

'လုပ်ပြန်ပြီ။ ငါ့တူကလည်း ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ပါဆို'

**ဝင်းခသာင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက်၊ စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ပြန်ချိုရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340




အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ်၊ အကြောထုံးခြင်း၊ ဖက်ကြေ၊ တက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ပြန်ချိုရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရေးပြီးသွားသောစာကို တစ်ခေါက် ပြန်ဖတ်လိုက်သည်။ ဖတ်ပြီး စိတ်ထဲတွင် ပို၍ကြည်နူးသလို ဖြစ်လာသည်။ ထို့နောက် နေ့စဉ်မှတ်တမ်းစာအုပ်ကို အသာပိတ်လိုက်သည်။ မျက်လုံးများကိုပါ မှိတ်ထားလိုက်မိသည်။ သည်အခါကျမှ ခန္ဓာကိုယ် အနှံ့အပြားတွင် တဖျိုးဖျိုး တဖျင်းဖျင်း ထွက်ပေါ်နေသော ပီတိ၏အရသာက ပို၍ ထင်ရှားသလို ဖြစ်လာသည်။ ပြင်းထန်သလို ဖြစ်လာသည်။

ပျော်သည်၊ သိပ်ကိုပျော်သည်။ ဘဝတစ်လျှောက်လုံး တစ်ခါမှ မကြုံစဖူးသော ပျော်ခြင်းမျိုးဖြင့် ပျော်သည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမဆုံးအောင် ဖြစ်နေရသည်။ ရနိုင်ခဲသောဆုကို ရအောင် ယူနိုင်ခဲ့သူ၊ ဆွတ်ချူဖို့ မလွယ်သော အောင်ပန်းကို ပိုင်ပိုင်ကြီး လှမ်းကိုင်နိုင်ခဲ့သူအဖြစ် မိမိကိုယ်ကို အကျေနပ်ကြီး ကျေနပ်နေမိသည်။ ဤနေ့၊ ဤရက်၊ ဤအချိန်ကို သူ့အနေနှင့် ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်။ သို့ကြောင့်ပင် ထိုအတွေ့ထူးအကြုံထူးကို သူ့အသိစိတ်၊ သူ့အသည်းနှလုံးထဲတွင် ထာဝရကမ္ပည်းတင်ထားလိုက်ရုံမက ပို၍ သေချာစေရန် သူ့နေ့စဉ်မှတ်တမ်း၌ပါ မော်ကွန်းစာ ရေးထိုးထားလိုက်မိခြင်း ဖြစ်သည်။

သူ သေချာပေါက် တရားထူးရခဲ့ပြီ။ ပထမမဂ်ဉာဏ်ကို ရခဲ့ပြီ။ သည်အဖြစ်ကို ကိုယ်တိုင်သိပြီး ကိုယ်တိုင်မြင်ခဲ့ရခြင်းဖြစ်သည်။ ပြောရလျှင် သည်နေ့ကိုက အရင်အရင်နေ့တွေထက် ပိုပြီးထူးခြားနေခဲ့သည်။ မနက်ပိုင်း တရားစခန်းဝင်ချိန်ကတည်းက သူ့သမာဓိတွေ သိပ်ကောင်းနေခဲ့သည်။ အာရုံနှင့် မှတ်သိစိတ်က စည်းကိုက်ဝါးကိုက်ဆိုသလိုဖြစ်နေပြီး ရှုမှတ်ရ အလွန်ကောင်းနေသည်။

သည်လိုနှင့် မနက်ပိုင်း တရားဖြုတ်ချိန်ရောက်တော့ သူတို့ ယောဂီတစ်သိုက် ဆွမ်းစားကျောင်းမှာ နေ့ဆွမ်းစားကြရသည်။ မှတ်မှတ်ရရ ဆွမ်းဝိုင်းထဲမှ ပဲကြီးနှင့် ဆူးပုပ်ရွက်ဟင်းချို ပါနေသဖြင့် သူ့အကြိုက်ဟင်းမို့ အတော်များများလေးပင် စားသုံးလိုက်မိသည်။ ယနေ့အတွက် ကောင်းခြင်းအဖြာဖြာတွေထဲမှာ ဆွမ်းသပ္ပာယ ဖြစ်ခြင်းသည်လည်း တစ်ခုအပါအဝင်ဟု သူဆိုချင်သည်။

မွန်းလွဲတစ်နာရီထိုးသည်နှင့် ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ သူတို့ တရားပြန်ဝင်ကြရသည်။ ဤမှာပင် ထူးခြားမှုက စတင်လာခြင်းဖြစ်သည်။ တရားပြန်ဝင်ဝင်ချင်းပင် သမာဓိကတော့ အထူးကောင်းမြဲ ကောင်းနေသည်။ သို့သော် ထိုသို့ သတိမလွတ်အောင် ရှုမှတ်နေဆဲမှာပင် သူ့မှတ်သိစိတ်တွေက ပို၍ငြိမ်သက်နေသလိုလို လေးလံနေသလိုလို ဖြစ်လာသည်။ သည်အတိုင်းပင် သူ ခံစားရသည်။

ထိုသို့ ဆက်ပြီးအားထုတ်နေရင်း တစ်ကြိမ်တွင်မူ သူ့တစ်ကိုယ်လုံး လုံးလုံးဖြစ်သွားသည်။ ပျောက်သွားသလိုလို ချုပ်သွားသလိုလို ဖြစ်သွားသည်။ အဲဒါပြီးတော့မှ အသိသစ်၊ အမြင်သစ်ကို တစ်ဖန်ပြန်လည် ရရှိလိုက်သလိုလည်း ဖြစ်သွားသည်။ သူ အံ့ဩသလို၊ ထိတ်လန့်သလို ဖြစ်သွားသည်။ ဒါ ဘာပါလိမ့်ဟူ၍လည်း တွေးလိုက်မိသည်။ သို့သော် သူ့မှာရှိပြီးသား ဗဟုသုတတွေကပင် ထိုအတွေ့အကြုံအတွက် အမြန်ဆုံး ဆုံးဖြတ်ပေးလိုက်သည်။ ရုပ်နာမ်တွေ ချုပ်ပျောက်သွားခြင်းဆိုသည်မှာ ဒါပဲဖြစ်သည်။ တရားထူးဆိုသည်မှာ ဒါပဲဖြစ်သည်။

သူ စာတွေ အများကြီးဖတ်ထားသည်။ အများကြီးလည်း လေ့လာထားသည်။ တရားထူးရသူမှန်သမျှ ပစ္စဝေက္ခဏာဉာဏ်ကိုပါ ရရှိမြဲဖြစ်သည်။ တစ်နည်းအားဖြင့် မိမိရရှိပြီးသောမဂ်ကို ပြန်လည်ဆင်ခြင်မြဲဖြစ်သည်။ စောစောက ဒါ ဘာပါလိမ့်ဆိုပြီး ဖြစ်သွားရခြင်းကိုက ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာသည့် သင်္ကေတဖြစ်သည်။ သေချာပြီ။ အကြောင်းအချက်ပေါင်းစုံနှင့် ညီညွတ်နေမှတော့ သူ တရားထူးရသည်မှာ မြေကြီးလက်ခတ် မလွဲနိုင်တော့ပြီ။ သို့နှင့်ပင် ငါ အပါယ်ကလွတ်ပြီ။ ငါ တမလွန်ခရီးအတွက် လက်မှတ်ရပြီ စသည်ဖြင့် ကြိတ်၍ ဥဒါန်းကျူးရင့်မိခြင်းနှင့်အတူ ပီတိအရသာများကို သူ မငြိမ်းနိုင်အောင် ခံစားနေမိရခြင်း ဖြစ်တော့သည်။

◆◆◆

နောက်တစ်ပတ်ခန့်အကြာ ရိပ်သာက ထွက်လာပြီး အိမ်ပြန်ရောက်တော့ သူ တရားထူးရတာ ခိုင်မာပုံကို ပထမဆုံး သက်သေခံလိုက်သူက သူ့မိန်းမ မခင်ဝေပင် ဖြစ်သည်။ ယခင်ကဆိုလျှင် သူ့အပေါ် ရှိုင်းစိုင်းသည်ဟု မဆိုနိုင်သော်ငြား ရိုသေလေးစားမှုကတော့ သည်မိန်းမတွင် ဘယ်တုန်းကမှ မရှိခဲ့ပေ။ ကလေးတွေကများအား ဝတ်နေရေးက မပြေလည်၊ ယောကျ်ားလုပ်သူ၏ ငွေကြေး

www.burmeseclassic.com

နည်း၊ အိမ်ထောင့်တာဝန်တွေအပြင် မိန်းမတန်မဲ့ ငွေရှာသော အလုပ်ကိုပါ တွဲပြီးလုပ်နေရ။ ဤအချက်တွေကပင် သည်မိန်းမကို မာန်တက်သွားစေခဲ့ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သူ့ကိုပါ အိမ်ဦးနတ်အဖြစ်မှ အရာကျစေခဲ့ခြင်း ဖြစ်သည်။

ထိုနေ့ကတော့ အိမ်ထဲ ဝင်လိုက်သည်နှင့် ပက်ပင်းကြုံရမြဲဖြစ်သော မိန်းမမျက်စောင်းကို သူ မရရှိခဲ့။ တင်းမာနေသော၊ မှုန်မှိုင်းနေသော အကြည့်မျိုးဖြင့်လည်း ကြိုဆိုခြင်း မခံခဲ့ရ။ ထို့ပြင် ပြုံးယောင်ယောင်ဟန်မျိုး၊ လေးစားအံ့သြသလိုဟန်မျိုးဖြင့် တုံ့ပြန်နေသည်ကိုပါ သူ မြင်တွေ့ခဲ့ရသည်။ ဒါပဲလေ၊ သမာဓိဆိုတာ ဒါပဲ။ တရားအရှိန်နှင့် သည်လောက်တောင် ရင့်ကျက်နေ၊ တည်ငြိမ်နေမှတော့ သည်မိန်းမ သည်လိုပဲ သိမ်မွေ့ရတော့ပေမပေါ့။ ဒါ လက်တွေ့ပဲ။ ရှေ့လျှောက် တရားထူးရထားသည့် ပုဂ္ဂိုလ် တစ်ယောက်ကို လင်တော်ရသည့်အတွက် ဂုဏ်ယူစရာကောင်းသည့် အဖြစ်အပျက်တွေ အများကြီး ကြုံရဦးမှာ။ ထိုအပေါ်စီးစိတ်ထားများနှင့်အတူ သူက မိန်းမအား စပြီး လွှမ်းမိုးနိုင်ခဲ့ခြင်းအတွက် ကျေနပ်နေမိသည်။

နောက်တစ်ခါ ညနေပိုင်းလောက်ရောက်တော့ သူ့အပေါ် ယခင်ကနှင့်မတူ ကွဲပြားစွာ ဆက်ဆံလာသူ တစ်ယောက်ကို ထပ်မံပြီး ဆုံကြုံလိုက်ရပြန်သည်။ သူကတော့ ခိုင်မောင်ဦးပင်ဖြစ်သည်။ ခိုင်မောင်ဦးအကြောင်း အတိုချုပ်ပြောရလျှင် သူနှင့် ခိုင်မောင်ဦးနှင့်က ငယ်သူငယ်ချင်းဖြစ်သည်။ တစ်ရပ်တည်းသားချင်း ဖြစ်သည်။ အလုပ်တူအကိုင်တူ ပြောမနာဆိုမနာများလည်း ဖြစ်ကြသည်။ သို့ကြောင့် ကျန်သည့် ဆက်ဆံရေးအပိုင်းကို အသာထား၊ လူချင်းတွေ့မိရုံနှင့်ပင် သူ့အပေါ် ခိုင်မောင်ဦး စတင်ခေါ်ဝေါ်နှုတ်ဆက်လေ့ရှိပုံ၊ ပညတ်လေ့ရှိပုံက 'ဟေ့ ‥ဖိုးသွင်ကြီး၊ ဟ‥ခွေးကောင်ကြီး' စသည်‥စသည်။

ခုတော့ဖြင့် ခိုင်မောင်ဦးက အရင်လို မဟုတ်တော့ပြီ။ ဆိုခဲ့သည့်အတိုင်း ညနေပိုင်းတွင် နှစ်ယောက်သား ဆုံမိကြတော့ သူ့ကိုကြည့်ပြီး သည်ကောင်က အံ့သြသွားသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပြီးတော့မှ မျက်နှာက ခပ်ပြုံးပြုံးဖြစ်လာပြီး သူ့လက်ကို အားပါးတရ ဆုပ်ကိုင်လာသည်။ လူကိုပါ ခြေဆုံးခေါင်းဆုံး လေ့လာကြည့်ရှုနေသည်။

သည့်နောက် ခိုင်မောင်ဦး ပါးစပ်မှ စက်သေနတ်ပစ်သလို စကားလုံးတွေ တရစပ် ထွက်ကျလာပုံက–

'မင်း တော်တော်ထူးပါလားဟ အောင်သွင်ရ။ ငါ့သူငယ်ချင်း အများကြီး ပြောင်းလဲသွားပါလား။ သဘောကျတယ်ကွာ၊ လေးစားတယ်ဟေ့'

ဒါပဲလေ၊ သည်လိုပဲ ဖြစ်ရမည်ပေါ့။ တရား၏ အရှိန်အစော်၊ တရား၏ အာနုဘော်က နယ်နယ်ရရ သာမျှင်ညောင်ညမှ မဟုတ်ပေကဘဲ။ ခိုင်မောင်ဦးလို လူစားမျိုးက အညွှံ့စားမျှသာ ရှိသေးသည်။ သည့်ထက်ပိုသော အထက်တန်းစားတွေ ထိပ်တန်းသမားဆိုတာတွေကိုတောင် ဆက်ပြီး လွှမ်းမိုးသွားနိုင်သေးသည်။ သိမ်းရုံးသွားနိုင်သေးသည်။ တရားထူး၏ အာနိသင်က ရှေ့ကိုပို၍၊ပို၍သာ ပြသလာစရာ ရှိသည်။ နိမ့်ကျသွားဖို့၊ လျော့ကျသွားဖို့ ဆိုသည်က လုံးဝမရှိနိုင်။ ဖြစ်လည်း မဖြစ်နိုင်။ ထိုကောက်ချက်နှင့်အတူ သူ့အတွက်က ပိုပြီးဘဝင်ကျစရာတွေချည်း ဖြစ်နေရပြန်သည်။

◆◆◆

သို့သော် နောက်ထပ် ငါးရက်လောက်ကြာတော့ သူ့ကို အားစမ်းမည့်သူတစ်ဦးက ဆိုက်ဆိုက်မြိုက်မြိုက်ပင် ထွက်ပေါ်လာသည်။ အခြားသူကားမဟုတ်၊ သူ့မျက်စိထဲမှာ အမြဲတမ်း စပါးမွေးစူးသလို ဖြစ်နေရသူ တင့်မောင်ပင် ဖြစ်သည်။ တင့်မောင်က တစ်ဖက်ခြံမှ အိမ်ပိုင်ရှင်ဖြစ်သည်။ ဒိုင်နာကားတစ်စီးကို ထောင်ထားပြီး ထိုကားက ယာဉ်လိုင်းတစ်လိုင်းတွင် ပါဝင်ပြေးဆွဲနေသည်။ သို့သော် ထိုကားကို တင့်မောင်သားတွေကသာ ဦးစီးနေခြင်းဖြစ်ပြီး တင့်မောင်ကိုယ်တိုင်ကမူ အိမ်မှာပဲ နေသည်။ အိမ်မှာ အလကားနေခြင်းတော့မဟုတ်၊ မွေးမြူရေးလုပ်ငန်းများကို ထူထောင်ထားသည်။ ဝက်တွေ မွေးသည်၊ ကြက်တွေ မွေးသည်။ တင့်မောင်နှင့် ရန်စပျိုးရသည်မှာ ထိုမွေးမြူရေးတွေကြောင့်ပင် ဖြစ်သည်။

သူ အောင်သွင်က ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လာခဲ့ပြီးနောက် မိမိခြံထဲမှာပင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်သည်။ ခြံက ကျယ်သဖြင့် အတော်အသင့် စိုက်ပျိုးနိုင်သည်။ သူ့ခြံထဲမှာ သံပရာ၊ မာလကာကဲ့သို့ နှစ်ရှည်ပင်တွေ စိုက်ပျိုးထားသလို ငရုတ်၊ ခရမ်း၊ ပဲတောင့်ရှည်ကဲ့သို့ ရာသီပေါ် သီးနှံများကိုပါ အလှည့်ကျ စိုက်



www.burmeseclassic.com

www.burmeseclassic.com

ဖျိုးသည်။ ဝင်ငွေက အကောင်းကြီးမဟုတ်လှ၊ မိသားစု စရိတ်ကို အတန်အသင့် ဖာနိုင်ရုံမျှသာ။ မိန်းမဖြစ်သူ မခင်ဝေကသာ ဟိုပွဲစားလိုလို၊ ဟိုကိုယ်စားလှယ်လိုလို ကြုံရာအလုပ်ကို လျှောက်လုပ်ရင်း အဓိကဝင်ငွေကို ရှာဖွေပေးနေခြင်း ဖြစ်သည်။

ဒါထား၊ အဓိကပြောချင်သည်က တင့်မောင် အကြောင်းကို ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း တင့်မောင်က မွေးမြူရေးလုပ်သည်။ သို့သော် စနစ်တကျမွေးမြူရေး ကား မဟုတ်။ ဝက်ခြံ၊ ကြက်ခြံဟူ၍ သီးခြားစီရှိသော် လည်း လုံလုံခြုံခြုံမရှိ။ ကြက်တွေ၊ ဝက်တွေက မကြာ၊ မကြာ သည်ဘက်ခြံထဲ တိုးဝင်လာပြီး စိုက်ထားပျိုးထား သည့် အပင်များကို ထိုးကြ ဆွကြ ဆိတ်ကြ ဖဲ့ကြလေ့ ရှိသည်။ သူနှင့် တင့်မောင်က မကြာခဏ ရန်ဖြစ်နေရ သည်မှာ ထိုကိစ္စပင်ဖြစ်သည်။ သည်ကောင်ကပြောလျှင် ပြောတုန်း ခဏသာ သူ့တိရစ္ဆာန်တွေကို ထိန်းသိမ်းသည်။ နောက်တော့လည်း သူ့အကောင်ဘလောင်တွေက သည် ဘက်ကို ဝင်လာမြဲ၊ တိုးလာမြဲပင်။ သို့သော် သည်ကောင် က အောက်ကလည်းနေသေး ဟိုဟာလည်းမလျှော့ ဆို သည့် လူစားမျိုးထဲကဖြစ်သည်။

မိမိတိရစ္ဆာန်တွေအတွက် ဝန်ခံလိုက်မည်၊ တောင်းပန် လိုက်မည်ဟူ၍ ဘယ်တုန်းကမျှ မရှိခဲ့။ ဥပမာ–သည် ကောင့်ကို ‘ဟေ့ကောင်··မင်းတိရစ္ဆာန်တွေကို ကြည့်ထိန်း ထားနော်။ ပြီးရင် ငါ့ကို အဆိုးမဆိုနဲ့’လို့များ ပြော ကြည့်လိုက်ပါ။ သည်ကောင်က ခုလိုပင် ရှူးသိုးသိုးနှင့် တုံ့ပြန်လိုက်ပါလိမ့်မည်။

‘တိရစ္ဆာန်ပဲဗျ အသိရှိတာမှ မဟုတ်တာဘဲ။ မဝင်စေချင် ရင် ခင်ဗျားခြံကို လုံအောင် ကာထားပေါ့’

ဆိုတော့ကာ သည်ကောင့်ကို သူ အလွန်မုန်းသည်။ တူးတူးခါးခါးကို မုန်းသည်။ ထိုနေ့ကတော့ သာမန်မျှ မဟုတ်တော့ဘဲ ပေါက်ကွဲသည့်အဆင့်သို့ပင် ရောက်သွား ခဲ့ရသည်။ ဖြစ်ပုံမှာ ဝက်တစ်ကောင်က သူ့ခြံထဲ ဝင်လာ သည်။ ပြီး ပျိုးထောင်ထားသည့် ငရုတ်ပေါင်များကို ထိုးမွှေပစ်လိုက်သည်။ နင်းချေပစ်လိုက်သည်။ ထိုအဖြစ် ကို မြင်မြင်ချင်း သူ့မျက်စိထဲ မီးပွင့်ထွက်သွားသည်။ ဒေါသအဆိပ်က ငယ်ထိပ်အထိ ဆောင့်တက်သွားသည်။ သည်ငရုတ်မျိုးတွေက အလွန်ရှားပါးလှသည်။ ခဲရာခဲဆစ် ရှာဖွေပြီး ပျိုးထောင်ထားခြင်းဖြစ်သည်။

သူ့မျက်စိထဲ ဘာမှမမြင်မိတော့။ ပါးစပ်က ကြမ်း ကြမ်းတမ်းတမ်းတွေ အော်ဟစ်တိုင်းထွာရင်း အနီးရှိဓားမ တစ်ချောင်းကို လှမ်းဆွဲကာ စွတ်ရွတ်ပြီး ပစ်ထည့်လိုက် မိသည်။ ဓားက ဝက်ပေါင်ကို ကန့်လန့်ဖြတ် ထိမှန်သွား သည်။ ဓားနှင့် ခုတ်လိုက်သလို ဖြစ်သွားသည်။ ကျီခနဲ အော်လိုက်သံနှင့်အတူ ဝက်ပေါင်က ပြဲပြဲကြီး ဖြစ်သွား သည်။ ထို့နောက် သွေးသံတွေ တရဲရဲနှင့် ဟိုဘက်ခြံထဲ ပြန်ကူးသွားသည်။ မကြာပါ၊ ဟိုဘက်ကနေပြီး ငါ ကိုင် တုတ်လိုက်သော တင့်မောင်၏အသံက ချက်ချင်းထွက် ပေါ်လာသည်။ ပေါက်သည့်နှုတ် မထူးတော့မည့်အတူတူ သူက တင့်မောင်ကို ပြန်တွယ် ပြန်ဆဲပစ်လိုက်သည်။

တိုတိုပြောရလျှင် တင့်မောင်က ရပ်ကွက်လူကြီးထံ သွားတိုင်သည်။ လူကြီးက နှစ်ယောက်စလုံးကို ခေါ်ယူ ၍ သေသေချာချာစစ်ဆေးကာ ခပ်မြန်မြန်ပင် စီရင်ချက် ချလိုက်သည်။ ကိုယ့်ဝက် သူများခြံကို သွားတိုးသည့် အတွက် တင့်မောင်ဘက်က လွန်သည်။ တိုးလာသည့် ဝက်ကို ဒဏ်ရာအနာတရ ဖြစ်စေသည့်အတွက် သူ့ဘက် က လွန်သည်။ တင့်မောင်က မိမိခြံစည်းရိုးများကို လုံ အောင် ခတ်စေ၊ သူက ဝက်ဒဏ်ရာအတွက် ဆေးဖိုး ပေးစေ၊ ရုံးစရိတ်ကို နှစ်ဦး မျှခံစေ။ ထိုမျှနှင့် အမှုက ပြီးသွားသည်။

အဲ··အမှုပြီးပြီဆိုတော့မှပဲ သူက တစ်စုံတစ်ခုကို ပြေးပြီး အမှတ်ရလိုက်မိသည်။ ထိုအခါ သူ့စိတ်ထဲမှ ခံပြင်းစိတ်တွေ၊ ဒေါသစိတ်တွေက ပျောက်ခြင်းမလှ ပျောက်သွားသလို ဟိုကောင် တင့်မောင်ကိုပါ မေ့သလို ဖြစ်သွားသည်။ အခြားမဟုတ်၊ သူ့ကိုယ်သူ ပြန်သတိရ လိုက်မိခြင်း ဖြစ်သည်။ သူက တရားရှင်ပဲ၊ တရားထူး ရထားသူပဲ။ ဤလိုလူမျိုးက ဤမျှလောက် ဒေါသတွေ မိုးမွှန်ပြီး လက်ရောက်ကျူးလွန်နေမိသည်မှာ ဖြစ်သင့် ဖြစ်ထိုက်ပါသလော။ လုပ်သင့် လုပ်ထိုက်ပါသလော။ ထိုအသိနှင့်အတူ သူ ချောက်လည်းချောက်ချား၊ ထိတ် လည်း ထိတ်လန့် ဖြစ်သွားမိခြင်း ဖြစ်သည်။

သို့သော် သူက ရှိပြီးသား ဗဟုသုတနှင့်အတူ ယော နိသောမနသိကာရကို ချက်ချင်းဆိုသလို နှလုံးသွင်းမိပြီး သား ဖြစ်သွားသည်။ ဒါက ဖြစ်နိုင်သေးသော၊ ဖြစ်တတ်



www.burmeseclassic.com

www.burmeseclassic.com

သေးသော အနေအထားပင် ဖြစ်သည်။ ဘာကြောင့်ဆို မိမိက အောက်မင် အောက်ဖိုလ်မျှသာ ရသေးသည်။ အငယ်တန်း သူတော်ကောင်းမျှသာ ဖြစ်သေးသည်။ ဤအဆင့်ဖြင့် ဤအမှုမျိုးကို ကျူးလွန်မိသည်မှာ ဓမ္မတာပင် ဖြစ်သည်၊ ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည် စသည်ဖြင့် သူက ကိုယ့်ကိုယ်ကိုယ် ကာတွေး,တွေးရင်း ဖြေသိမ့်မှုကိုတော့ ရအောင်ယူလိုက်နိုင်လေသည်။

◆ ◆ ◆

မကြာမီ ရက်ကွက်အတွင်းရှိ သာရေးနာရေး ဓမ္မာရုံတွင် အကျိုးတော်ဆောင်တစ်ဦးအဖြစ် သူ အရွေးချယ်ခံရသည်။ ဒါသည်လည်း မဟာပြောင်းလဲမှုကြီး၏ အကျိုးရလဒ်ပင်ဖြစ်သည်ဟု သူက ရှုမြင်သည်။ ယခင်ကဆိုလျှင် ဤရပ်ကွက်လူကြီးပိုင်းကို ဝင်ရောက်နိုင်ဖို့ မဆိုထားနှင့်၊ အနားသို့ပင် သီနိုင်ဖို့မလွယ်။ ခုလို အချိန်တိုအတွင်း လူရိုသေ ရှင်ရိုသေ ဖြစ်လာရသည်မှာ သူ့တရားထူး၏ စွမ်းအားပင်ဖြစ်သည်ဟု တစ်ထစ်ချ မှတ်ယူသည်။

သို့နှင့် ဓမ္မာရုံ၏ ဆွမ်းချက်ဆောင် တိုးချဲ့ဆောက်လုပ်ရေး စီမံချက်ကို ရေးဆွဲကြသောအခါ ငွေရေးကြေးရေးကဲ့သို့ အရေးကြီးသည့် အပိုင်းကိုပါ သူ အပ်နှင်းခံရပြန်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ခိုင်မာနေပြီဖြစ်သည့်အတွက် သူကလည်း ဤတာဝန်ကို ရဲဝံ့စွာ ယူခဲ့သည်။ ယူခဲ့သည့်အတိုင်းလည်း ပိုင်ပိုင်နိုင်နိုင် ထမ်းဆောင်နိုင်ခဲ့သည်။

သို့သော် ဆွမ်းချက်ဆောင်ပြီးစီး၍ စာရင်းဇယားတွေကို စိစစ်တွက်ချက်ကြည့်လိုက်သောအခါ အံ့ဩစရာတစ်ခုနှင့် သူ ကြုံတွေ့လိုက်ရသည်။ အခြားမဟုတ်၊ သူ့လက်ထဲ၌ ငွေပိုတွေ အများကြီးကျန်နေခဲ့ခြင်း ဖြစ်သည်။ သိန်းနှင့် ချီပြီး ငွေတွေ ပိုနေခဲ့ခြင်းဖြစ်သည်။ အံ့ဩခြင်းနှင့်အတူ ဘာကြောင့် ဒီလိုဖြစ်ရပါလိမ့်ဟု သူတွေးသည်။ နောက်တော့မှ အဖြေက တဖြည်းဖြည်းပေါ်လာသည်။ လက်သမားလုပ်ငန်း၊ ပန်းရန်လုပ်ငန်းတို့မှ အတိုင်းအတွာနှင့် အချိုးအစားဆိုင်ရာ ကွဲလွဲချက်များမှတစ်ဆင့် ဤငွေများ ပိုလာရခြင်းဖြစ်သည်။ ဥပမာ–အမိုးအတွက် သွပ်တစ်ချပ်နှင့်တစ်ချပ် သုံးမြောင်းစီထပ်၍ စီမိုးသွားရန်ဖြစ်သော်လည်း လက်သမားဆရာက တစ်မြောင်းစီသာယူပြီး သံရိုက်သွားမည်။ ဤမှာပင် သွပ်နှစ်မြောင်းစာအတွက်အလိုလိုပိုပြီးသား ဖြစ်သွားသည်။ အလားတူပင် သစ်၊ သံ၊ ထုံး၊ ဘိလပ်မြေတို့ကအစ ထိုကဲ့သို့ ကွဲလွဲကာ အပိုအလျှံတွေ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

မည်သို့ဆိုစေ ဓမ္မာရုံကတော့ ပြီးစီးသွားလေပြီ။ အပ်နှံထားသည့် အချိုးအစားအတိုင်းလည်း ပြည့်မီအောင် ဆောင်ရွက်ပြီးသွားလေပြီ။ စာရင်းကိုလည်း ကြိုက်သလို စစ် အစစ်ခံနိုင်လေပြီ။ သို့သော် အဲသည်ပိုငွေတွေကိစ္စနှင့် ပတ်သက်ပြီး သူ့မှာက အံ့ဩစရာကောင်းလောက်အောင် ပြတ်သားမှုမရှိဘဲ တွေတွေဝေဝေ ဖြစ်နေမိသည်။ ချီတုံချတုံ ဖြစ်နေမိသည်။

သို့နှင့် သည်အကြောင်း မိန်းမဖြစ်သူကို အလုံးစုံဖွင့်ပြောပြီး တိုင်ပင်ကြည့်တော့ မိန်းမဖြစ်သူက ဒက်ခနဲဆိုသလိုပင် ဆုံးဖြတ်ပေးလာသည်။

'တော် ဘာကြောင်နေတာလဲ။ ဒီမိုက်ဆံက ဘာပြန်အပ်နေစရာ လိုသလဲ။ ကိုယ့်တာဝန်လည်း ကျေပြီပဲဟာ။ သူတို့သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း အရှည်အသွေးလည်း ပြည့်မီနေတာပဲလေ။ ပိုတာ ကိုယ်သုံးပစ်လိုက်ဖို့ပဲရှိတာပေါ့။ တော့်ကို ဘယ်သူကမှ လာပြီး အရေးယူစရာမရှိဘူး'

ဒါလည်း ဟုတ်သည်။ အားလုံးက သပိတ်ဝင် အိတ်ဝင် ကိစ္စငြိမ်းပြီးသားတွေ။ အမှုသိမ်းပြီးသားတွေချည်းဖြစ်သည်။ ဘာမျှမှုနေစရာမလို။ တစ်ခုသာရှိသည်၊ ကိုယ်လိုတရားထူးရပြီးသား လူတစ်ယောက်က ဤကဲ့သို့ ပြုလုပ်လိုက်ပါက အပ်မှ အပ်စပ်ပါ့မလား၊ သင့်မှ သင့်တော်ပါ့မလားဟု ထုံးစံအတိုင်း နှိုးဆော်ချက်က သူ့ခေါင်းထဲမှာပေါ်လာခဲ့ခြင်းဖြစ်သည်။ သို့သော် ဤသံသယကိုလည်း သူက ယောနိသောမနသီကာရဖြင့်ပင် ချေဖျက်ပစ်လိုက်သည်။ ဒါ ကိုယ်ခိုးတာမှ မဟုတ်ဘဲ။ ကိုယ်အကြံအဖန်လုပ်တာမှ မဟုတ်ဘဲ။ ကံအားလျော်စွာ သူ့အလိုလို ဖြစ်ပေါ်လာသည့်ကိစ္စပဲ။ ဒါကို မိမိက ဘာမျှငြိုငြင်နေစရာမလို၊ စိုးရိမ်နေစရာမလို။ ထိုဆုံးဖြတ်ချက်နှင့်ပင် သူက ထိုငွေများကို မိန်းမလက်ထဲ ထိုးထည့်ပေးလိုက်တော့သည်။

ဆွမ်းချက်ဆောင်အတွက် ရေစက်ချပွဲ ပြုလုပ်ပြီးသောအခါ သူက ငွေစာရင်းရှင်းတမ်းကို ထုတ်ပြနေ လိုက်သည်။ အတည်ကြည်ဆုံး မျက်နှာနှင့်အတူ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကို တဝင့်ဝင့်လုပ်ကာ သူက ရှင်းလင်းပြနေသည်။ အရေး ထဲ သူ့ဗိုက်ထဲမှ တရားထူးက တစ်ချက်၊တစ်ချက် ခေါင်း ထောင်ထလာကာ 'ဟော့ကောင်··မင်းလွဲနေပြီနော်။ မင်း မဟုတ်သေးဘူးနော်' ဟု ဝင်ဝင်ပြီး သတိပေးနေသေး သည်။ သူက ထိုစိတ်ကို ကြိုးစားပယ်ဖျောက်ကာ ငွေ စာရင်းအား အပိုအလိုမရှိ ကွက်တိပင် ထုတ်ပြန်ပေးလိုက် သည်။

◆◆◆

မှတ်မှတ်ရရ သူ ရိပ်သာမှထွက်လာပြီး တစ်လ တိတိ ပြည့်မြောက်သောနေ့တွင် ဖြစ်သည်။ ထိုနေ့က စက်ဘီးတစ်စီးဖြင့် အိမ်မှ ထွက်လာခဲ့သည်။ ထွက်လာ ရသည့် အကြောင်းက မျိုးဥယျာဉ်သို့ သွားရန်ဖြစ်သည်။ မျိုးဥယျာဉ်တွင် နှင်းဆီပျိုးပင်သစ်များ ရောက်နေသည်ဟု သိရသည်။ ခြံထဲတွင် စိုက်ရန်အတွက် လိုအပ်သလောက် ဝယ်ယူမည်။ မျိုးဥယျာဉ်အနီး ခရေပင်တန်းကို ရောက် တော့ သူ မြင့်မြင့်သော်နှင့် ရင်ဆိုင်တိုးမိသည်။ မြင့်မြင့် သော်ကလည်း စက်ဘီးတစ်စီးနှင့်ဖြစ်သည်။ တွေ့တွေ့ချင်း တိုင်ပင်ထားသလို စက်ဘီးများပေါ်မှ ဆင်းလိုက်ကြ သည်။ တစ်ဦးနှင့်တစ်ဦးလည်း အပြန်အလှန် စိမ်းစိမ်း စားစား ကြည့်နေမိကြသည်။ ပြီးတော့မှ မြင့်မြင့်သော် က မျက်နှာကို မဲ့ရွဲ့ကာ ခနဲ့သံဖြင့် စကားဆိုလာသည်။

'ဘယ်လိုလဲ ကိုယ်တော်ချော၊ ပျောက်ချက်သား ကောင်းလှချည်လား။ ခုတော့ ငယ်ပေါင်းကြီးဘေးက် ခွာနိုင်တော့ဘူးပေါ့လေ'

'ဒီ··ဒီလို မဟုတ်ပါဘူးဟာ နင်ကလည်း။ ငါ အခု တလော အလုပ်တွေ များနေလို့ပါ'

သူ့အသံတွေက ငြိမ်သက်ဖြောင့်တန်းခြင်းမရှိ။ ပြော ရလျှင် သူ့နှလုံးသားကပါ ငြိမ်သက်ခြင်းမရှိ။ တဒိန်းဒိန်း ခုန်နေသည်၊ တဆတ်ဆတ်တုန်နေသည်။

'မသိပါဘူး။ ကျွန်မတို့ဘက်ကို အရိပ်အယောင်လေး တောင် လာပြဖော်မရတော့ လူကို လုံးလုံးမေ့သွားပြီလား လို့ပါ'

'မမေ့ပါဘူးဟာ၊ မမေ့ပါဘူး။ ငါ နင့်ကို သတိရပါ တယ်'

ဟုတ်သည်။ မြင့်မြင့်သော်လို မိန်းမမျိုးကို သည် စကားမျိုးဖြင့်သာ တုံ့ပြန်ရမည်။ သည့်အတွက် တကယ် လည်း ထိုက်တန်မှုရှိသည်။ ခုကြည့်၊ သည်မိန်းမက သူ့ အတွက် အင်အားပြင်းသော နှိုးစက်တစ်လုံး ဖြစ်နေလေ ပြီ။ မချင့်မရဲနှင့် မျက်လုံးတွေ၊ စွတ်စိုသည့်နှုတ်ခမ်းတွေ၊ တအိအိ လှိုင်းထနေသော၊ ရုန်းကြွနေသော ကိုယ်လက် ဖွဲ့စည်းပုံတွေ ဒါတွေအားလုံးက နှိုးစက်၏ အစိတ်အပိုင်း တွေပဲ ဖြစ်သည်။

'ဒါဖြင့် ခုရော အားသလား။ အိမ်မှာ ဘယ်သူမှမရှိ ဘူး'

ထိုစကားက သူ့ရင်ကို ပို၍ဖြောင်းဆန်သွားစေသည်။ တကယ်တော့လည်း ထိုအဖြစ်က အခုမှမဟုတ်ပါ။ မြင့် မြင့်သော်နှင့်တွေ့တိုင်း သူ့မှာ ဖြောင်းဆန်ခဲ့ရမြဲ၊ မွန်းထူခဲ့ ရမြဲပင်။ ပို၍ရှင်းအောင်ဆိုရလျှင် အိမ်ကမိန်းမ ဗိုက်ပူမှ ကြီးကြောင့် အမြဲတစေ အေးစက်နေရ၊ ခြောက်သွေ့နေရ သော သူ၏ (၃၂)ကောင္ဒာသတွေက မြင့်မြင့်သော်နှင့် တွေ့တော့မှသာ သွက်လက်လာရ၊ ထက်မြက်လာရသည် ပင်။ သည်အဖြစ်က ကာလအားဖြင့်လည်း နည်းနည်း တော့ ကြာခဲ့ချေပြီ။ နှစ်နှစ်နီးပါးလောက်ပင် ရှိပြီထင် သည်။

မြင့်မြင့်သော်က လှသည်၊ တောင့်သည်၊ ဖြောင့် သည်။ ပြီးတော့ တစ်ခုလပ်လည်းဖြစ်သည်။ ထို့မျှနှင့်ပင် ထိုမိန်းမမျိုး ရမ္မက်ကြီးတတ်ပုံက သရုပ်ပေါ်ပြီးဖြစ်သည်။ သူ အောင်သွင်ကလည်း ခေသူ မဟုတ်။ ခေသူ မဟုတ် လို့လည်း ချိတ်ချိတ်ချင်း ချိတ်ခဲ့မိကြခြင်းဖြစ်သည်။ သူ တို့ကို ဆက်ရက်တောင်ပံကျိုးနှင့် ကြောင်ခံတွင်းပျက်ဟူ သော စကားလုံးနှင့်ပင် ခိုင်းနှိုင်းရလေမည်လား မသိပေ။ ယခုပင်ကြည့်၊ မတွေ့တာ ကြာသည်နှင့်အမျှ နှစ်ဦးသား မှာ ဝေဒနာတွေက ပို၍ထကြွလာနေမိကြသည်။ ကိုယ် တွင်းပိုးတွေက နှစ်ဆတိုးပြီး အစာတောင်းလာနေကြ သည်။ မြင့်မြင့်သော်ကပင် ဓာတ်လမ်းပြန်စဖို့ ကန့်လန့် ကာကို ဖွင့်ပေးလာခဲ့ပြီ။ အခု အားတယ် မဟုတ်လားတဲ့။ အိမ်မှာ လူရှင်းတယ်တဲ့။ သူလာရင်းကိစ္စကို မေ့သွား သည်။ ဆာလောင်ခြင်း များစွာနှင့်အတူ တောင်မြောက် လေးပါးကို တစ်ချက်အကဲခတ်ကာ မြင့်မြင့်သော်ကို စကားပြန်ဖို့ ပါးစပ်ဟလိုက်မိသည်။

သို့သော် ထိုအချိန်မှာပင် 'ဟေ့··နေဦး' ဟူသော အသံနှင့်အတူ တရားထူးက သူ့ရှေ့တည့်တည့်မှာ ထွားခနဲ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာသည်။ သူ့ကိုလည်း လက်ညှိုးထိုး၍ ပြောလိုက်သည်။

'ဘယ်လိုလဲ၊ မင်း ကျူးလွန်တော့မလို့လား။ ဒီအမှုမျိုးဟာ မင်းလို တရားထူးရတဲ့သူ မဆိုထားနဲ့၊ သာမန်ပုထုဇဉ်တွေတောင် ရှောင်ကြဉ်သင့်ကြောင်း ပညတ်ထားတယ် မဟုတ်လား'

သူ တစ်ချက် ထိတ်ခနဲဖြစ်သွားသည်။ ခပ်တွန့်တွန့်လည်း ဖြစ်သွားသည်။ သို့သော် သူ့ဝမ်းထဲမှ ဆင်ခြေဆိုသည့် အကောင်ကလည်း ထက်ကြပ်ပင် လိုက်ပါလာကာ ချက်ချင်းပင် ပြန်ထောက်ပြလိုက်သည်။ ဒါကို ကိုယ်က စပြီး ကျူးလွန်တာမှ မဟုတ်တာ။ မြင့်မြင့်သော်က ခေါ်လို့သာ ကိုယ်က နောက်ကလိုက်ရတဲ့ အဖြစ်ပဲ။ ပြီးတော့ မြင့်မြင့်သော်က ကာမပိုင်မှ မရှိတာ။ ကာမေသုမိစ္ဆာစာရကံထိုက်စရာအကြောင်း ဘာမှမရှိဘူး။ တရားထူးက အလျှော့မပေးပါ။ သူ့ကို ပြန်ပြောသည်။

'ဟော့ကောင်၊ သူ့မှာ ကာမပိုင် မရှိပေမယ့် အုပ်ထိန်းသူတော့ ရှိတယ်မဟုတ်လား။ အုပ်ထိန်းသူနဲ့ မကင်းတဲ့ မိန်းမ အမျိုးပေါင်း(၂၀)တောင် ရှိတယ်။ အဲဒီအထဲက ဘယ်သူ့ကိုမဆို သွားပြစ်မှားမိရင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်ကွ'

ထိုအချက်ကိုလည်း ချေဖျက်စရာစကားက သူ့မှာ ရှိပြီးသားပင်။ မဆိုင်းမတွ ပြန်ပြောလိုက်သည်။

'ကံထိုက်တယ်ဆိုပေမယ့် အပါယ်ကျအောင်တော့ ဘယ်တွန်းချနိုင်မလဲဗျ။ သောတာပန်ဆိုတာ ဒေါသတွေ အချောင်းချောင်း ရှိသေးတယ်။ လောဘတွေ အချောင်းချောင်း ရှိသေးတယ်။ အပြစ်တွေ အများကြီးရှိသေးတယ်။ ပုထုဇဉ်နဲ့ သိပ်မကွာသေးဘူး။ အရှုံး လေးပုံ,ပုံရင် တစ်ပုံလောက်ပဲ သက်သာသေးတယ်လို့ ဆိုထားတယ်မဟုတ်လား။ ခုကိစ္စက ဘယ်လိုမှ ရှောင်လွှဲလို့မရတဲ့ကိစ္စ၊ ကြိုတင်ကြံစည်ထားခြင်းမရှိဘဲ ဗြုန်းခနဲဖြစ်ပေါ်လာတဲ့ကိစ္စပဲ။ ကျုပ်ကို ဘာမှ အဆိုးဆိုစရာ. မရှိဘူး'

တရားထူးက လှောင်ပြုံး,ပြုံးသည်။ သရော်တော်တော် အကြည့်မျိုးဖြင့်လည်း ကြည့်သည်။ ပြီးတော့ ထပ်ပြောပြန်သည်။

'ဒီလိုပါပဲ၊ လူတွေဟာ ကိုယ်လုပ်သမျှကို ကိုယ့်ဘာသာ. ကာကွယ်ပြီး အမှန်လုပ်နေကြတာပါပဲ။ ဒါပေမဲ့ သေမင်းတံခါးဝရောက်ရင်တော့ အဖြေအားလုံး ပေါ်လာတာပါပဲ။ အပြစ်ဟာ အပြစ်အတိုင်း သွားတာပါပဲ'

ထိုအခိုက် မြင့်မြင့်သော်က နှုတ်ခမ်းကိုစူကာ ခြေတစ်ဖက်ကို ဆောင့်လိုက်သည်။ စိတ်မရှည်ဟန်ဖြင့်လည်း သူ့ကို ပြောလိုက်သည်။

'ကဲ..ဘာလုပ်နေတာလဲ။ လိုက်မှာလား၊ မလိုက်ဘူးလား ပြော။ မလိုက်ရင် သွားတော့မယ်'

ပြောပြီး တကယ်သွားတော့မည့်ဟန်ပြုသည်။ သူ စိုးရိမ်သွားသည်။ ပျာယာခတ်သွားသည်။ မြင့်မြင့်သော် စက်ဘီးကို လှမ်းဆွဲထားလိုက်ရသည်။ ပြီး ယခုအခါတွင် သူ တကယ်လုပ်မည့်အလုပ်ကို ပိုင်ပိုင်ဆုံးဖြတ်ပြီးသား ဖြစ်နေပြီမို့ ထိုစကားကိုပင် မြင့်မြင့်သော်နား ကပ်ပြီး ခပ်တိုးတိုး ပြောလိုက်တော့သည်။

'ဘယ်လိုဖြစ်နေတာလဲ။ ငါလိုက်မှာပေါ့ဟ။ သူများတွေ မြင်ကုန်လိမ့်မယ်။ နင် ရှေ့ကသွားနှင့်၊ ငါ နောက်က ခပ်ခွာခွာလိုက်ခဲ့မယ်'

မြင့်မြင့်သော်က ခေါင်းတစ်ချက်ညိတ်သည်။ စက်ဘီးပေါ်သို့လည်း တက်လိုက်သည်။ ထို့နောက် တအိအိ ထွက်ခွာသွားသည်။ သူဘေးဘီကို တစ်ခါထပ်ပြီးကြည့်သည်။ မြင့်မြင့်သော် အတော်ဝေးဝေး ရောက်သွားပြီ ဆိုတော့မှ သူက အသာလိုက်သွားရန် ပြင်လိုက်သည်။

အဲ..တစ်ခုတော့ ကျန်သေးသည်။ သူ့အတွေး၊ သူ့အလုပ်၊ သူ့ခံယူချက် မှန်ကန်ကြောင်းကို ထပ်ဆင့်ဖွင့်ပြဖို့ လိုသေးသည်။ သူ့ရပ်တည်ချက်၊ သူ့အယူအဆတွေ ခိုင်မာကြောင်း၊ ယုတ္တိရှိကြောင်းကို သက်သေသက္ခာရနှင့် ထောက်ပြဖို့ လိုသေးသည်။ သို့နှင့် သူက တရားထူး၏ မျက်နှာကို စေ့စေ့ကြည့်ကာ သူ၏ နောက်ဆုံးတိုက်ကွက်ကို မြင့်မြင့်သော်နောက် မလိုက်ခင် အောက်ပါအတိုင်း ဖွင့်ထုတ်လိုက်တော့သည်။

'ဒီမယ်..ကျုပ် ရထားတဲ့ တရားအဆင့်က ဘယ်တော့မှ မလျှော့နိုင်ဘူး။ လျှော့စရာ အကြောင်းလည်း မရှိဘူး။ ဘုရားက ဟောထားပြီးသားပဲ။ သောတာပန်ဆိုတာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုပဲ ပယ်တယ်။ ကျန်တာ ဘာမှ မပယ်သေးဘူး။ ဒီတော့ မပယ်နိုင်သေးတာကို မဖယ်နိုင်သေးတာဟာ သဘာဝပဲ။ ဒါပဲ'

ရဲမြတ်တင်



www.burmeseclassic.com

www.burmeseclassic.com

# ချစ်မင်းသူ
## ကံကြမ္မာဝင့်ကြွေးဆပ်ပွဲ



ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာ ဇာတ်ပွဲမှာ ငပုတောဌ် ကပြနေစဉ်မှာပင် နောက်ထပ် ဇာတ်ပွဲကရန် ကန်ထရိုက်များ လိုက်လာပြီး ငှားရမ်းသောကြောင့် ဇာတ်ပွဲ သုံးချိုကရန် ရလိုက်၏။ ကပြရမည့်နေရာမှာ ငပုတောအောက်ဘက်ရှိ သင်္ကန်းကုန်း ရွာဌ်ဖြစ်၏။ ဘုရားပွဲတော် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အဖြစ် ဇာတ်ပွဲထည့်ခြင်းဖြစ်ကြောင်း သိရ၏။ ဇာတ်ပွဲမှာ ရုံပွဲဖြစ်သော်လည်း ထိုဇာတ်ရုံထဲ၌ပင် လေးကောင်ဂျင်၊ ခြောက်ကောင်ဂျင်ဝိုင်းများ ထ... သွင်းမည်ကိုလည်း ပွဲငှားများမှ ဇာတ်ဆရာ ကျွန်ုပ်... စာချုပ်,ချုပ်စဉ်တွင် ထည့်၍ ချုပ်ကြလေ၏။

ကျွန်ုပ်၏ ဇာတ်အဖွဲ့မှာ ဧရာဝတီတိုင်းဒေသ... အတွင်း၌ လှည့်လည်ကပြလာခဲ့ရာ ထိုကဲ့သို့ ကစား... များမှ လာငှားသောပွဲ သုံး,လေးပွဲကခဲ့ဖူးလေရာ သ... ပေါက်ပြီးသားဖြစ်၏။ ကန်ထရိုက်ပွဲ ဖြစ်သော... ကျွန်ုပ်အနေဖြင့် ဇာတ်ရုံးမှာ မကြောက်ရပေ။ ဇာတ်...



www.burmeseclassic.com

www.burmeseclassic.com

အပြင် သင့်တင့်လျောက်ပတ်သော အမြတ်အစွန်းကိုပါ ရရှိထား၍လည်း ထိုပွဲခင်းအတွက် ဇာတ်သမားများ၏ ညကြေးကိုပါ မပူမပင်ရတော့ချေ။ ကန်ထရိုက်ပွဲများလေ ဇာတ်ဆရာအတွက် အပူအပင်ကင်းလေ ဖြစ်၏။

သို့ရာတွင် ကစားဝိုင်းများမှ ငှားသော ပွဲခွင်ကား အေးအေးလူလူဖြင့် ဇာတ်ကြေးရရှိထားသော်လည်း ကစားဝိုင်းများကို ရုံထဲသွင်းထားသောကြောင့် ဇာတ်ရုံထဲသို့ ဝင်လာကြသည့် အများစုမှာ ဇာတ်ပွဲကြည့်ဖို့ထက် လေးကောင်ဂျင်၊ ခြောက်ကောင်ဂျင် ထိုးမည့်သူက ပို၍များနေတတ်၏။ ထိုအခါ ဇာတ်အဖွဲ့မှ မည်မျှပင် အားကြိုးမာန်တက် တင်ဆက်ကပြစေကာမူ ပွဲကို စိတ်ဝင်တစား ကြည့်သူ နည်းပါးသောကြောင့် ဇာတ်ပွဲကောင်း,မကောင်း မရိသတ်အသိ နည်းပါးတတ်၏။ ထိုအကြောင်းကိုသိသော ဇာတ်သမားများကလည်း ပေါ့ပေါ့ပါးပါး ကတတ်ကြရာ ကျွန်ုပ်အနေဖြင့် မိမိတို့ဇာတ်အဖွဲ့ အောင်မြင်ကျော်ကြားလာစေရန်အတွက် အစွမ်းကုန်ကြိုးစားကပြရန် ဇာတ်သမားများကို ပြောဆိုရလေ၏။

သကိန်းကုန်းရွာ ဘုရားပွဲတော်၌ ကျွန်ုပ်တို့ ပန်းတမ္မာ ဇာတ်ပွဲကပြရန်အတွက် စပါးသယ် မော်တော်လေးဖြင့် လာခဲ့ကြ၏။ သကိန်းကုန်းရွာကမ်းစပ်သို့ ကျွန်ုပ်တို့၏ ဇာတ်အဖွဲ့ ရောက်ရှိသည်နှင့် ပွဲငှားများနှင့်အတူ ရွာသူရွာသားများလည်း လာရောက်ကြည့်ရှု ကြိုဆိုနေကြောင်း တွေ့ရ၏။ ကလေးငယ်တို့မှာ တပျော်ပျော် အော်ကာ ကမ်းစပ်၌ ခုန်ပေါက်ပြေးလွှားနေကြသည်ကို မြင်တွေ့ရ၏။ အပျိုပေါက်၊ လူပျိုပေါက် ကာလသား၊ ကာလသမီးတို့ အုပ်စုကား ဇာတ်မင်းသား၊ မင်းသမီးနှင့် ဗြဲဇာတ်မင်းသား၊ မင်းသမီးတို့ ကမ်းပေါ်တက်သည်နှင့် အစုအဖွဲ့ဖြင့် လှယက်ကာ မိတ်ဖွဲ့နေကြလေ၏။

ကျွန်ုပ်ကမူ လာရောက်ကြိုဆိုနေကြသော ကန်ထရိုက်များနှင့် ဇာတ်ရုံသို့ ဇာတ်ပစ္စည်းများ သယ်ဆောင်ရန် စီစဉ်ပေးခဲ့ပြီး ကန်ထရိုက်များ ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့၏။ ခေါင်းဆောင်မင်းသမီး နှင်းဝတ်ရည်လည်း ကျွန်ုပ်တို့ ဇာတ်ဆရာလင်မယားနှင့်အတူ လိုက်လာ၏။ ကျွန်ုပ်တို့လူစု အတော်အသင့် လမ်းလျှောက်လာမိသော အခါတွင် နောက်နားဆီမှ ဆူဆူညံညံအသံများ ကြားသောကြောင့် ရပ်၍လှည့်ကြည့်မိ၏။ မြင်တွေ့ရသည်မှာ မိန်းမပျိုလေးတစ်ဦးအား ရွယ်တူမိန်းကလေးတချို့၊ ယောကျ်ားလေးတချို့က ဘယ်ညာချုပ်ကိုင်၍ ဆွဲခေါ်လာနေ၏။ အချုပ်ခံရသည့် မိန်းကလေးက အတင်းအော်ဟစ်ကာ ရုန်းထွက်ရန် ကြိုးစားနေ၏။ မကြာမီ ထိုအုပ်စုမှာ ကျွန်ုပ်တို့အနီးသို့ ရောက်ရှိကာ ကျွန်ုပ်တို့အား ဖြတ်ကျော်သွားကြ၏။

'ဟင်း‥ဟင်း‥သူတို့တွေက ငါ့ကို မနာလိုဖြစ်နေကြတာ ငါသိတယ်နော်။ နင်တို့အားလုံး ငါ့အကြောင်းသိစေရမယ်ဟေ့။ မှတ်ထား‥မှတ်ထား'

ချုပ်ကိုင်ဆွဲခေါ်သွားခြင်းခံရသည့် မိန်းကလေးက သွားရင်းမှ အော်ပြောသွားသံကို အတိုင်းသားကြားရ၏။

ထိုစဉ် ကျွန်ုပ်ဘေး၌ ရပ်နေသော ပွဲငှားကန်ထရိုက် တစ်ဦးက-

'ဒီမိန်းကလေးက စိတ်မနှံ့ဘူးလေ။ တစ်ခါတလေ စိတ်ဖောက်လာရင် အကျႌ၊ လုံချည်တောင် မကပ်ဘူး။ တစ်ရွာလုံးကို ဝတ်လစ်စလစ်နဲ့ လျှောက်ပြေးနေတတ်တယ်။ သနားစရာပါဗျာ'ဟုပြောကာ လိုရာခရီးသို့ ဆက်လျှောက်သွားသဖြင့် ကျွန်ုပ်တို့လည်း စိတ်မကောင်းဖြစ်စွာနှင့်ပင် ထိုလူ့နောက်မှ လိုက်သွားကြရ၏။

မကြာမီ ကျွန်ုပ်တို့ တည်းခိုရမည့်အိမ်သို့ ရောက်ရှိနေရာချပေးပြီးနောက် ကန်ထရိုက်များ ထွက်သွားကြရာ ထိုအခါကျမှ ကျွန်ုပ်မှာ အေးဆေးစွာ အနားယူရတော့၏။

◆ ◆ ◆

ကျွန်ုပ်တို့၏ ပန်းကမ္ဘာဇာတ်အဖွဲ့မှာ ကန်ထရိုက်ပွဲဖြစ်၍ ရုံးအတွင်း၌ ကစားဝိုင်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကျွန်ုပ်တို့၏ ဇာတ်ပွဲအစီအစဉ်အတိုင်း မိုးလင်းကပြခဲ့ကြသည်သာဖြစ်၏။ ပထမဆုံးညဖြစ်၍ ကစားဝိုင်း စိတ်ဝင်စားသူရော ပွဲကို စိတ်ဝင်စားသူများပါ လာရောက်ကြသဖြင့် ဇာတ်ရုံအတွင်း၌ ပရိသတ်များ ပြည့်နှက်နေခဲ့၏။ ပထမပိုင်း၌ ပွဲကြည့်သူနည်းပါးပြီး ကစားဝိုင်းများ၌သာ ကြိတ်ကြိတ်တိုး စည်ကားနေသော်လည်း တဖြည်းဖြည်း ညဉ့်နက်လာသောအခါတွင် ကစားဝိုင်းများ၌ လူရှဲသွားပြီး ပွဲကြည့်သည့်ပရိသတ် ပို၍များပြားလာသည်ကို တွေ့ရ၏။

စင်စစ်အားဖြင့် ဇာတ်ပွဲစတင်ကပြချိန်က ဇာတ်ရုံထဲသို့ ဝင်လာသည့် ပရိသတ်အများအပြားမှာ တကယ်တမ်း

www.burmeseclassic.com

အားဖြင့် ဇာတ်ပွဲကြည့်ဖို့ထက် ဂျင်ဝိုင်းများ၌ ကစားမည့်သူက ပို၍များ၏။ ပရိသတ်အနည်းအကျဉ်းမျှလောက်သာ ဇာတ်ပွဲကို စိတ်ဝင်စားသူရှိ၏။ ဂျင်ဝိုင်းများ၌ ကစားရင်း ရှုံးနိမ့်သွားကြသူတို့ကား အချိန်မတော် အိမ်ပြန်ရန်လည်း မဖြစ်သဖြင့် ဇာတ်ရုံထဲ၌သာ အချိန်ဖြုန်းရင်း ဇာတ်ပွဲကို မကြည့်ချင်ကြည့်ချင်ဖြင့် ကြည့်ကြသူတွေလည်း ရှိလေ၏။ တချို့သူတို့ကား လောင်းကစားဝိုင်းများ၌ ဦးစွာကစားကြပြီး အနိုင်နှင့်ပိုင်းကာ ဇာတ်ပွဲဘက်လှည့်ကြည့်သွားကြသူတွေလည်း ရှိကြ၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့၏ ပန်းကမ္ဘာဇာတ်ပွဲ ပထမည ကသည့်ပွဲတွင် ကစားဝိုင်းဒိုင်များ အနိုင်များပြီး ထိုးသားများ အရှုံးများသောကြောင့် ညတစ်ဝက်မှာပင် ဇာတ်ပွဲကြည့်ပရိသတ် အများအပြားရှိခဲ့၏။ သို့ဖြစ်ရာ နံနက်မိုးလင်းသောအခါ သင်္ကန်းကုန်းရွာထဲတွင် ဇာတ်ပွဲကောင်းသတင်းက မွှေးပျံ့ကြိုင်လှိုင်နေသည်ကို ကြားသိရသဖြင့် ကျွန်ုပ်မှာ ဝမ်းသာမိလေ၏။ ကစားဝိုင်း ကန်ထရိုက်များမှာလည်း ကစားဝိုင်းမှ အနိုင်ရရှိသောကြောင့် ကျွန်တော်တို့ ဇာတ်ဆရာနှင့် ခေါင်းဆောင်မင်းသမီးကို နေ့လယ်စာ ဖိတ်ကျွေးကြလေ၏။ ထိုသို့ နေ့လယ်စာစားသောက်ပြီးသည်နှင့် ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ ဇာတ်ရုံသို့သွားကာ ဇာတ်သမားများ၏ နေထိုင်စားသောက်မှုကို အကဲခတ်ရလေ၏။

ကျွန်ုပ်တို့ ဇနီးမောင်နှံ ဇာတ်ရုံထဲသို့ ရောက်ရှိပြီး မကြာခင်မှာပင် ဇာတ်ရုံအနောက်ဘက်ရှိ ဇာတ်သမားများ နေထိုင်ရာ ဇာတ်ရုံထဲသို့ မိန်းကလေးတစ်ဦး အပြေးအလွှား ရောက်ရှိလာ၏။ အိပ်ပျော်နေသော ဇာတ်သမားများမှလွဲ၍ ကျန်ဇာတ်သမားအားလုံးမှာ ထိုမိန်းကလေးကို ကြည့်ကာ အံ့အားသင့်လျက် ရှိကြ၏။

'ဟာ'

'ဟင်'

'ဟယ်'

'ဒါ ဘယ်လိုဖြစ်တာပါလိမ့်'

ကျွန်ုပ်တို့ ဇနီးမောင်နှံလည်း ဇာတ်ရုံထဲသို့ ပြေးဝင်လာသည့် မိန်းကလေးကိုကြည့်ကာ အံ့ဩမှင်တက်နေမိ၏။ အကြောင်းမှာ ဇာတ်ရုံထဲ ဝင်လာသည့် မိန်းကလေးတွင် အဝတ်အစားဗလာကျင်းနေသောကြောင့် ဖြစ်လေ၏။

ထိုစဉ် ဇာတ်ရုံထဲသို့ ရွာသူရွာသား လေးငါးဦးခန့် ဝင်ရောက်လာခဲ့ကြ၏။ ပထမဝင်ရောက်လာသည့် မိန်းကလေးမှာ ဇာတ်ရုံနောက်ဘက်ရှိ လိုက်ကာဖြင့်ကာရံထားသောအခန်းများကို လိုက်ကာဖွင့်၍ လိုက်လံကြည့်ရှုနေ၏။

တစ်နေရာအရောက်တွင် -

'အမယ်လေးလေး··လာကြပါဦးဗျို့။ ကယ်ကြပါဦး'

အော်သံနှင့်အတူ အခန်းထဲမှ ပြေးထွက်လာသော လက်ထောက်ပြဇာတ်မင်းသားလေး မြတ်နိုးကို တွေ့လိုက်ရ၏။ မြတ်နိုးမှာ ကျွန်ုပ်တို့ ရပ်ကြည့်နေရာသို့ ပြေးလာပြီး နောက်ကိုလည်း လက်ညှိုးထိုးပြနေ၏။ ထိုအဖြစ်ကြောင့် ရွာသူရွာသား လေးငါးဦးက မိန်းကလေးရှိရာသို့ အပြေးသွားကာ ဖမ်းချုပ်၍ အသင့်ပါလာသော အဝတ်အစားတို့ကို ဝတ်ပေးနေ၏။ မကြာခင် ကျွန်ုပ်၏ဇာတ်အဖွဲ့မှ ဇာတ်သူဇာတ်သားများလည်း သူတို့၏ အခန်းအသီးသီးမှ ထွက်လာကြကာ မိန်းကလေးနှင့် ရွာသူရွာသားများကို ဝိုင်း၍ကြည့်ရှုနေကြ၏။

'ဇာတ်ဆရာနဲ့ ဒီက ဇာတ်အဖွဲ့ကို တောင်းပန်ပါတယ်။ သူက ကျွန်မတို့ ဒီရွာက ရွာသူပါ။ သူ့မှာ အမိအဖတွေ မရှိတော့ပါဘူး။ အဒေါ်ဖြစ်သူနဲ့ နေပါတယ်။ အဒေါ်ကလည်း ဆင်းရဲပါတယ်။ ဒီလို စိတ်မနှံ့ဘဲ ဖြစ်သွားတာ တစ်နှစ်လောက်ပဲ ရှိပါသေးတယ်။ အဲဒီ မဖြစ်ခင်ကတော့ ဒီကလေးမက လိမ္မာရေးခြားရှိပါတယ်။ နောက်တော့ ဘယ်လိုဖြစ်ပြီး စိတ်မနှံ့သွားလဲ မသိတော့ပါဘူး။ အများအားဖြင့်တော့ သူက ယဉ်ယဉ်လေး ··· တာပါ။ တစ်ခါ,တစ်ခါတော့ ခုလို အင်္ကျီ၊ လုံချည် မကပ်ဘဲ လျှောက်သွားတတ်တာ ရှိပါတယ်။ သူ့နာမည် က မြချစ်ပါ။ စောစောက ရွာထဲကလူတွေက မြချစ် အင်္ကျီအဝတ်အစား မပါဘဲနဲ့ ဇာတ်ပွဲဘက်သွားတယ်ဆို ကျွန်မတို့ သူ့အဝတ်အစားတွေယူပြီး အပြေးလိုက်လာခဲ့ တာပါ။ အားလုံး ခွင့်လွှတ်ကြပါနော်။ ပြီးတော့ အား ကိုလည်း ကျေးဇူးတင်ပါတယ်။ ကဲ··မြချစ်၊ တို့တစ်ခေ ပြန်ကြရအောင်'

ရွာသူတစ်ဦးက ချေချေငံငံရှင်းပြပြောဆိုပြီး မြချစ် ခေါ်၍ ဇာတ်ရုံထဲမှပြန်ရန် ခြေလှမ်းပြင်ကာ ထွက်သွား ၏။

'ဒီမှာ··ဒီမှာ၊ ခဏနေကြပါဦး။ ခဏလေး နေကြ



www.burmeseclassic.com

www.burmeseclassic.com

ဦး။ ကျုပ် တစ်ခုလောက် ပြောချင်လို့ပါ'

အသံလာရာဆီသို့ ကျွန်ုပ်တို့အားလုံး ကြည့်လိုက်တော့ ကျွန်ုပ်ဓာတ်အဖွဲ့ထဲမှ လူကြီးသရုပ်ဆောင် ဦးသိန်းနိုင်ကြီး ဖြစ်မှန်း သိရသည်။ ဦးသိန်းနိုင်ကြီးက သူနေထိုင်ရာ အခန်းတွင်းမှ ရုတ်တရက် ထွက်လာပြီး မြချစ်နှင့် ရွာသူရွာသားများကို ဟန့်တားလိုက်သဖြင့် မြချစ်နှင့် ရွာသူရွာသားအဖွဲ့မှာ အံ့သြစွာဖြင့် ရပ်လျက် လှည့်ကြည့်နေကြ၏။

ဦးသိန်းနိုင်ကြီးက မြချစ်တို့ရှိရာအနီးသို့ လျှောက်သွားပြီးနောက်-

'ကျုပ် ဒီကလေးမလေးကိုကြည့်ပြီး သားသမီးချင်း ကိုယ်ချင်းစာမိတယ်။ အဲဒါကြောင့် ကျုပ် သူ့ရဲ့ရောဂါကို ကုပေးချင်တယ်။ ဒါပေမဲ့ သူနဲ့ဆိုင်တဲ့သူတွေက ကျုပ်ကို အပ်မှ ဖြစ်မှာနော်။ ကျုပ်ကို မအပ်ရင်တော့ ကျုပ် ဘယ်လောက်ပဲ ကုပေးချင်,ကုပေးချင် ကုလို့ရမှာ မဟုတ်ဘူး။ အဲဒါ ခင်ဗျားတို့ စဉ်းစားကြ။ ကုမယ်ဆို ကျုပ်ဆီလာပြီး အပ်ကြ။ ဒါပဲ။ ခင်ဗျားတို့ သွားနိုင်ပါပြီ'

ဦးသိန်းနိုင်ကြီးက ပြောဆိုပြီးနောက် သူနေထိုင်ရာ အခန်းထဲသို့ ပြန်ဝင်သွားလေ၏။ ကျွန်ုပ်မှာ စိတ်ထဲ၌ ဘဝင်မကျ ဖြစ်နေသောကြောင့် ဦးသိန်းနိုင်ကြီး ရှိရာသို့ သွားလိုက်၏။ ပြီးနောက် ဦးသိန်းနိုင်ကို အကျိုးအကြောင်း မေးကြည့်မိ၏။

'ဦးသိန်းနိုင်၊ ခင်ဗျားက ဟိုကလေးမလေးကို ဆေးကုပေးမယ်ဆိုတော့..'

'ဘာလဲ ဓာတ်ဆရာ၊ ဓာတ်ဆရာက ကျုပ်ကို အထင်သေးတာလား။ ကျုပ်က ဓာတ်ကစားနေပေမယ့် တကယ်က ဆေးကုပေးတဲ့ ရွှေရင်ကျော်ဆရာပါဗျ။ မယုံမရှိပါနဲ့။ ပြီးတော့ ကျုပ်က ဆိုင်းဘုတ်တင်ပြီး ဆေးကုစားတာ မဟုတ်ပေမယ့် အကြောင်းတိုက်ဆိုင်လာရင်တော့ အလကားလည်း ဆေးကုပေးတတ်ပါတယ်ဗျ။ စွမ်း,မစွမ်းဆိုတာကိုတော့ စောင့်ကြည့်ပေါ့ဗျာ'

ဦးသိန်းနိုင်ကြီးပြောမှ သူ့အကြောင်းကို ပြန်စဉ်းစားကြည့်မိသည်။ ဦးသိန်းနိုင်အသက်က ခြောက်ဆယ်ဝန်းကျင်။ ကျွန်ုပ်၏ ဓာတ်အဖွဲ့၌ ပါဝင်ကပြခဲ့သည်မှာ သုံးနှစ်ခန့် ရှိလေပြီ။ ဟိုးယခင်ကလည်း အခြားဓာတ်အဖွဲ့တွင် ကခဲ့မှန်း သိရသည်။ ဦးသိန်းနိုင်က အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ သူက လက်ဖက်ရည်ကြိုက်သူ ဖြစ်၏။ အမဲသား၊ ဝက်သားနှင့် သားကြီးငါးကြီးများလည်းမစား။ ဓာတ်ထဲ၌ အပျော်အပါး အလောင်းအစား ဝါသနာကင်းသူဖြစ်သောကြောင့် ဓာတ်အဖွဲ့သားအားလုံးက လေးစားချစ်ခင်ရသူ ဖြစ်၏။

တစ်ခုရှိသည်မှာ ဓာတ်ပွဲသွားလေရာ၌ သူကိုယ်တိုင် ဖော်စပ်ထားသော လျက်စားဆေးကို ရောင်းချခြင်းပင်ဖြစ်၏။ တစ်ခါတစ်ရံ ဓာတ်ခွင်(ဓာတ်ပွဲကနေစဉ်)အတွင်း၌ပင် ပရိသတ်ထံ ဆင်းရောင်းတတ်၍ ကျွန်ုပ်က ပိတ်ပင်တားမြစ်ထားရလေ၏။ သို့ဖြစ်ရာ ဦးသိန်းနိုင်မှာ ဆေးကုနိုင်သည့် ရွှေရင်ကျော်ဆရာဖြစ်သည်ကို ကျွန်ုပ်မှာ ယုံရပေတော့၏။

ထိုသို့ ကျွန်ုပ်ဦးသိန်းနိုင်ကြီးအကြောင်း တွေးနေစဉ်မှာပင် စောစောက မြချစ်နှင့် ရွာသူရွာသားများအဖွဲ့ ဓာတ်ရုံထဲ ပြန်ရောက်လာကြ၏။

'ဓာတ်ဆရာ၊ ဟောဒါ မြချစ်ရဲ့ အဒေါ်ပါ။ သူ့ခမျာလည်း ဆင်းရဲတော့ မြချစ်ရဲ့ရောဂါကို သေချာဆေးမကုနိုင်ခဲ့ပါဘူး။ အခုလို စေတနာနဲ့ ဆေးကုပေးမှာကိုတော့ သူက ဆရာ့ထံမှာ အပ်ချင်လို့ တမင်ခေါ်ပြီး လာခဲ့တာပါ။ သြော်..စောစောကပြောလိုက်တာ ဒီက ဆရာကြီးနဲ့ ထင်တယ်'

ကျွန်ုပ်၏ဘေး၌ရပ်နေသော ဦးသိန်းနိုင်ကြီးကိုကြည့်ကာ ရွာသူတစ်ဦးက ပြောလိုက်၏။

'ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မရဲ့တူမလေး ရောဂါကို ပျောက်ကင်းသွားအောင် ကုသပေးဖို့ လေးလေးစားစား အပ်ပါတယ်ရှင်'

'ဟုတ်ပြီ။ အဲဒါဆို လာ..ဒီမှာ သူ့ကို လာထိုင်ခိုင်းလိုက်'

ဦးသိန်းနိုင်ကြီး၏စကားကြောင့် ရောက်လာသည့်သူများက မြချစ်ကို တွဲခေါ်လာကာ ဦးသိန်းနိုင် ပြသောနေရာ၌ ထိုင်စေလိုက်၏။

ဦးသိန်းနိုင်က မြချစ်၏ရှေ့၌ မတ်တတ်ရပ်လျက်မှ-

'ကဲ..ကလေးမ၊ ဘုရား၊ တရား၊ သံဃာကို အာရုံပြုထား။ ကြားလား'ဟု ပြောဆိုပြီးနောက် လက်အုပ်ချီ မျက်စိမှိတ်ကာ မတ်တတ်ရပ်လျက်မှ ရွတ်ဖတ်ပူဇော်လို့တော့နေ၏။

www.burmeseclassic.com

ဦးစွာ နမောတဿကို သုံးကြိမ် ရွတ်ဆိုပူဇော် ကန်တော့ပြီးနောက် သရဏဂုံသုံးပါးကို ဆောက်တည်လိုက်၏။ ပြီးနောက်မှ-

'ကျွန်ုပ်သည် သရဏဂုံသုံးပါးကို ဆောက်တည်ပြီး ရဟန္တာမြတ်အပေါင်းတို့အားလည်းကောင်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ သူတော်စင်သူမြတ်လောင်းအပေါင်းတို့အားလည်းကောင်း ဦးထိပ်ထား ကန်တော့ပါ၏။ သာသနာစောင့်နတ်မင်းကြီးနှင့် စကြဝဠာစောင့်နတ်မင်းကြီး အပါအဝင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့အားလည်း တိုင်တည်ပါ၏။ ကျန်းမာချမ်းသာစေကြောင်းလည်း မေတ္တာပေးပို့ပါ၏။ ကျွန်ုပ်သည် သရဏဂုံသုံးပါးနှင့် ကံငါးပါးကို လုံခြုံစွာ ဆောက်တည်သူဖြစ်ပါ၏။ ထို့ပြင် သားကြီးငါးကြီး သတ္တဝါကြီးတို့၏ အသားကိုလည်း သတ်၍သော်လည်းကောင်း၊ မသတ်ဘဲနှင့်သော်လည်းကောင်း စားခြင်းမှ ရှောင်ကြဉ်ပါ၏။ နေ့စဉ်လည်း ကျွန်ုပ်ပြုပြုခဲ့သမျှကောင်းမှုအဖို့ဘာဂကို ဝေနေယျများစွာ သတ္တဝါအပေါင်းတို့နှင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်အပေါင်းတို့အား မေတ္တာပို့ အမျှပေးဝေခဲ့ပါ၏။ ဤစကားသည် မှန်သောသစ္စာစကား ဖြစ်ပါ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဤတနင်္လာသမီး၌ ဖြစ်ပေါ်နေသော ရောဂါဝေဒနာအပေါင်းတို့အား ပျောက်ကင်းချမ်းသာအောင် ကုသပေးနိုင်သူဖြစ်ရပါစေသား။ ဆေးစွမ်းကောင်းများ ပို့ဆိုင်ရရှိပါစေသတည်း'

ဦးသိန်းနိုင်မှာ ရှည်လျားစွာ ရွတ်ဖတ်ပူဇော်ပြီး ဦးသုံးကြိမ်ချလေ၏။ ပြီးနောက် အနီးရှိ ဓာတ်အဖွဲ့ထဲမှ ကားဆွဲအောင်မိုးကို သောက်ရေတစ်ခွက် ယူခိုင်းလိုက်၏။ ထိုစဉ်တွင် ဦးသိန်းနိုင်က မိန်းကလေးမြချစ်၏ ဦးခေါင်းကို သူ၏ညာလက်ဝါးဖြင့် အသာပုတ်ကာ နှုတ်မှလည်း တိုးညင်းစွာ ရွတ်ဆိုနေလေ၏။ ခဏကြာသော် မြချစ်မှာ ထိုင်နေရာမှထကာ ဝတ်ဆင်ထားသော အင်္ကျီ၊ လုံချည်များကို အတင်းဆွဲချွတ်နေ၏။ ထို့ကြောင့် ဘေးနားမှ ရွာသူတချို့က အဝတ်များ မချွတ်နိုင်ရန် ထိန်းချုပ်ပေးထားရ၏။

'ငါ့ကို ဘာမို့လို့ လာစမ်းတာလဲဟေ့။ ဒီရွာမှာ သေသွားချင်သလားဟေ့။ ဟင်··မလောက်လေးမလောက်စား ဆရာကများ။ ဟင်း··ဟင်း'

မြချစ်က မျက်ထောင့်နီကြီးဖြင့် ဦးသိန်းနိုင်ကိုကြည့်၍ ပြောဆိုပြီးနောက် ဖနောင့်တစ်ချက်ပါ ပေါက်လိုက်သောကြောင့် အနီးရှိလူများ လန့်ဖျပ်သွားကြ၏။ ဦးသိန်းနိုင်က မြချစ်၏ လုပ်ပုံကိုင်ပုံကိုကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ထိုစဉ် ကားဆွဲအောင်မိုး ရေတစ်ခွက် ကိုင်ပြီး ပြန်ရောက်လာကာ ဦးသိန်းနိုင်ထံ လှမ်းပေးလိုက်၏။

ဦးသိန်းနိုင်က ရေဖန်ခွက်ကို ကိုင်မြှောက်ပြီး-

'ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် ကျေးဇူးကြောင့်လည်းကောင်း၊ ရဟန္တာမြတ်အပေါင်းတို့၏ ဂုဏ်ကျေးဇူးကြောင့်လည်းကောင်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကျေးဇူးကြောင့်လည်းကောင်း၊ အထက်ဆရာကြီး၏ ဂုဏ်ကျေးဇူးများနှင့် ကျွန်ုပ်၏ မှန်ကန်သောသစ္စာစကားကြောင့်လည်းကောင်း ဤသစ္စာရေသည် လိုရာအသုံးပြုနိုင်သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါစေသတည်း။ အစွမ်းထက်သောဆေးအဖြစ် ပေးတော်မူကြပါကုန်လော့'ဟု ပြောဆိုပြီးနောက် ထိုရေဖန်ခွက်ထဲမှ ရေအချို့ကို သူ၏ ညာလက်တွင်ဆွတ်၍ မြချစ်၏ ကိုယ်ခန္ဓာပေါ်သို့ ရေစက်များ တောက်လွှတ်လိုက်၏။

ထိုအခါ မြချစ်တစ်ယောက် ရုတ်တရက် လူးလှိမ့်သွားကာ နှုတ်မှလည်း-

'အမယ်လေး··ပူတယ်··ပူတယ်။ ကြောက်ပါပြီရှင့်ကြောက်ပါပြီ။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မကို ခွင့်လွှတ်ပေးပါ'ဟူ၍ အော်ဟစ်နေလေ၏။

ဦးသိန်းနိုင်က ဖန်ခွက်ထဲမှ ရေများကို လက်ဖြင့်ဆွတ်၍ တောက်လွှတ်ရင်းမှ ခပ်မာမာ မေးလိုက်၏။

'နင် ဘယ်သူလဲ၊ ဘယ်ကလဲ'

'အား··ပူတယ်၊ ပူလှပါပြီရှင့်။ ကျွန်မ နောက်မလုပ်တော့ပါဘူး။ ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မတောင်းပန်ပါတယ်'

မြချစ်မှာ ရေတောက်ခံရတိုင်း မခံမရပ်နိုင် လူးလှိမ့်ရင်း အော်ဟစ်နေရှာ၏။ ဘေးမှ ဝိုင်းကြည့်နေသူများမှာ မြချစ်ကိုကြည့်၍ သနားလာနေကြ၏။ ကျွန်ုပ်ကိုယ်တိုင်လည်း မြချစ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်ရ၏။

'အေး··နင် ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး။ အရေးကြီးတာက ဟောဒီ မိန်းကလေးအပေါ်မှာ နင်လု



www.burmeseclassic.com

www.burmeseclassic.com

ထားသမျှတွေကို အကုန်ပြန်ယူသွားပေး၊ ကြားလား။ အဲဒီလို မလုပ်ပေးရင်တော့ ငါ နင့်ကို ခွင့်မလွှတ်ဘူးနော်'

ဦးသိန်းနိုင်က မြချစ်၏ ခေါင်းပေါ်သို့ ရေတစ်စက်၊ နှစ်စက် ချလိုက်၏။ ပြီးနောက် မြချစ်ကို ထိုင်စေကာ ဖန်ခွက်ကို ပါးစပ်ပေါက်၌တေ့၍ ရေအနည်းငယ် မော့တိုက်လိုက်၏။ မကြာမီ မြချစ်တစ်ယောက် ရေများကို ပြန်၍ အန်ချလိုက်၏။ ထိုအခါ ရေများနှင့်အတူ ဆံပင်ချည်များ ကွမ်းသီးလုံးခန့် လုံးထွေးပါလာ၏။ ဘေး၌ ဝိုင်းကြည့်နေသော ရွာသူရွာသားများနှင့် ဇာတ်အဖွဲ့သားတို့မှာ အံ့ဩသွားကြ၏။

မြချစ်ကမူ ပေါ့ပါးသွားဟန်ရှိသော်လည်း ငေးကြောင်စွာဖြင့် သူ၏ဘေးမှ လူများကို လိုက်လံကြည့်ရှုနေ၏။ စကားဘာမှမပြောဘဲ တုံဏှိဘာဝေ လုပ်နေ၏။ ဦးသိန်းနိုင်က မြချစ်ကို သေချာစွာ အကဲခတ်ကြည့်ရှုပြီးနောက် မြချစ်၏ ခေါင်းပေါ်သို့ လက်တစ်ဖက်ကိုတင်၍ မျက်စိမှိတ်ပြီး အာရုံပြုနေ၏။

ခဏကြာမှ-

'အင်း··ဒီကလေးမက အတော်ကံဆိုးတာပဲ။ တစ်ခုက လူပြုစားတာ ခံရပြီး နောက်တစ်ခုက ကွင်းပိုင်ကပါ မကျေနပ်လို့ နှောင့်ယှက်ထားတာ ရှိတယ်။ အဲဒီတော့ ညနေ နေဝင်ရီတရောမှာ စားပွဲသောက်ပွဲနဲ့ ကွင်းပိုင်ကို သွားတောင်းပန်ရလိမ့်မယ်။ အဲဒါမှ ဒီကလေးမ ပကတိအတိုင်း ပြန်ကောင်းလာမှာ'

'ဟုတ်··ဟုတ်ကဲ့၊ ဒီလောက်တော့ ကျွန်မ အကုန်ခံနိုင်ပါတယ် ဆရာကြီးရယ်။ ဒါပေမဲ့ ဆရာကြီးကိုယ်တိုင် လိုက်ပြီးကူညီ စောင့်ရှောက်လုပ်ကိုင်ပေးပါနော်။ ကျွန်မ တောင်းပန်ပါတယ်'

မြချစ်၏ အဒေါ်ဖြစ်သူက ပျာပျာသလဲ ပြော၏။ ဦးသိန်းနိုင်က ရေဖန်ခွက်ထဲရှိ ကျန်ရေများကို သူ၏လက်၌ဆွတ်ကာ မြချစ်ကိုယ်ခန္ဓာပေါ်သို့ ပွတ်သပ်ပေးလိုက်၏။

'ကဲ··ဒီလောက်ဆို စောစောကထက် အများကြီး သက်သာသွားပါပြီ။ သူ့ခမျာလည်း နည်းနည်းပင်ပန်းသွားတာမို့ အိမ်ပြန်ခေါ်သွားပြီး အနားယူခိုင်းလိုက်ပါ။ ညနေစောင်းကျမှ ကွင်းထဲသွားဖို့ တစ်ခေါက်လာခဲ့ကြပေါ့။ ကဲ··သွားကြ၊ သွားကြ'

ဦးသိန်းနိုင် စကားအဆုံးတွင် ရွာသူရွာသားများက မြချစ်နှင့် သူ၏အဒေါ်ဖြစ်သူတို့ကို ခေါ်ဆောင်ကာ ဇာတ်ရုံမှ ပြန်သွားကြ၏။ ဇာတ်အဖွဲ့သားများမှာလည်း ဦးသိန်းနိုင်ဆေးကုသပုံကို လက်တွေ့မြင်လိုက်ရ၍ ဦးသိန်းနိုင်အပေါ်၌ အထင်တကြီးရှိသွားပုံရလေ၏။ ကျွန်ုပ်ကိုယ်တိုင်လည်း ဦးသိန်းနိုင်ကို ပို၍လေးစားသွားမိရာမှ ဗဟုသုတရရန်အတွက် ဦးသိန်းနိုင်နှင့် နှစ်ယောက်တည်း စကားပြောရန် ဇာတ်ရုံ၌ပင် အချိန်ကုန်ခံခဲ့မိ၏။

ကျွန်ုပ်နှင့် ဦးသိန်းနိုင်တို့နှစ်ဦး မည်မျှစကားကောင်းသွားကြသည်မသိ၊ ညနေစောင်း မြချစ်နှင့် ရွာသူရွာသားများ ပြန်ရောက်လာမှပင် စကားကြောပြတ်ကြ၏။ ထို့နောက် မြချစ်တို့အုပ်စုနှင့်အတူ ကွင်းစပ်သို့သွားကာ စားပွဲသောက်ပွဲများ ပြင်ဆင်စေပြီး ဦးသိန်းနိုင်ကပင် ဦးဆောင်၍ ကွင်းပိုင်ကို တောင်းပန်ပေးရ၏။

'တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကွင်းစောင့်နတ် အပေါင်းတို့အား ကျွန်ုပ်က တနလာသမီးလေးကိုယ်စား မေတ္တာရှေ့ထား တောင်းပန်ပါတယ်။ ဒီသမီးလေးဟာ တစ်ပါးသူရဲ့ ပြုစားခံရပြီး စိတ်ဖောက်ပြန်ပြီး သွားချင်ရာသွား စားချင်ရာစားပြီး လုပ်ချင်ရာ လုပ်ခဲ့မိတာပါ။ ဒီအမှားအတွက် ပိုင်ရာဆိုင်ရာသူများက ခွင့်လွှတ်ပေးကြပါ။ ကျွန်ုပ် ပြုပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအဖို့ဘာဂကိုလည်း သင်တို့ကို အမျှ··အမျှ··အမျှ ပေးဝေပါတယ်။ ဒါ့အပြင် အသင်တို့ကို ရိုသေသမှုနဲ့ ဒီကလေးမ မိသားစုများက စားပွဲသောက်ပွဲများနှင့်ပါ ဒါနပြုပါတယ်။ အဲဒါကြောင့် ဒီနေ့ ဒီအချိန်ကစပြီး တနလာသမီးလေးအပေါ်မှာ ရှိနေတဲ့ အနှောင့်အယှက် မှန်သမျှကို ဖယ်ရှားပေးတော်မူကြပါလို့ ကျွန်ုပ်က သစ္စာစကားနဲ့ မေတ္တာပွားတောင်းပန်ပါတယ်။ အသင်တို့လည်း ဒီနေ့ ဒီအချိန်ကစပြီး ကောင်းမွန်တဲ့ ဘုံဗိမာန်ကို ရောက်ရှိနိုင်ကြပါစေ'

နာရီဝက်ခန့် ကြာသည်အထိ ကွင်းစပ်၌ လုပ်ကိုင်ဆောင်ရွက်ပေးပြီး ကျွန်ုပ်၊ ဦးသိန်းနိုင်နှင့် မြချစ်မိသားစုများအားလုံး ဇာတ်ရုံသို့ ပြန်လာခဲ့ကြ၏။ ဇာတ်ရုံရောက်လျှင် ဦးသိန်းနိုင်က ရေမန်းတစ်ခွက် မန်းပေးကာ မြချစ်အဒေါ်အား ညပိုင်းရေဆာတိုင်း မြချစ်ကို တိုက်ပေးရန်နှင့် အကြောင်းရှိက ဇာတ်ရုံသို့ ချက်ချင်းလာပြောရန် မှာကြားကာ အိမ်သို့ ပြန်လွှတ်လိုက်၏။

ထိုအချိန်တွင် ပွဲကရန် ဇာတ်သမားများက တာဆူ

www.burmeseclassic.com

နေကြပြီဖြစ်ရာ ကျွန်ုပ်ရော ဦးသိန်းနိုင်ပါ ဇာတ်ပွဲကရန် ပြင်ဆင်ရတော့၏။ ထိုဒုတိယညတွင်လည်း ဇာတ်ရုံထဲသို့ လူဝင်များပြီး ကစားဝိုင်း၌ လူစည်ကားသကဲ့သို့ ဇာတ်ပွဲကြည့်သူပရိသတ်လည်း များပြားလှသည်ကို တွေ့ရ၏။ ကျွန်ုပ်ဇာတ်အဖွဲ့ကား ထုံးစံအတိုင်းပင် ဇာတ်ပွဲကို မိုးလင်းတပေးခဲ့ကြ၏။

ဇာတ်ပွဲပြီး၍ ပြည်ဖုံးကားချသည်နှင့် ဇာတ်ရုံနောက်ဘက်တွင် ကျွန်ုပ်နှင့် ဦးသိန်းနိုင်တို့ကို တွေ့ချင်သည့်သူများ ရောက်နေကြောင်း လူရှင်တော်ပေစိက လာပြော၏။ ထို့ကြောင့် ဇာတ်ပွဲမှ ဆင်းလာခဲ့သည်တွင် အောက်၌ မြချစ်နှင့် အဒေါ်ဖြစ်သူ အပါအဝင် ရွာသူရွာသား လေးငါးယောက်ကို အသင့်တွေ့ရ၏။ ကျွန်ုပ်နှင့် ဦးသိန်းနိုင်ကို မြင်သောအခါတွင် မြချစ်အဒေါ်ဖြစ်သူမှ စတင်ကာ ပြောပြ၏။

'ဒီက တူမလေး မြချစ်က အားလုံးကို မှတ်မိသွားပါပြီ။ သူ့ခေါင်းထဲမှာလည်း ရှင်းလင်းသွားပြီး နေကောင်းသွားတာမို့ ဆရာကြီးကို ကန်တော့ချင်လို့ ကျွန်မတို့လာခဲ့ကြတာပါ။ ဖြစ်စဉ်အားလုံးကို ကျွန်မပြောပြထားလို့ မြချစ်က အားလုံးသိနေပါပြီ။ ဆရာကြီး··ဟောဒီလက်ဆောင်လေးနဲ့ ကန်တော့ပါရစေနော်'

'ကန်တော့တာက ရပါတယ်။ လက်ဆောင်ကတော့ မယူပါရစေနဲ့။ ကျုပ်က စေတနာနဲ့ ကုပေးတာပါ'

'ဟုတ်ပါတယ်ရှင်။ ဒီငါးခြောက်လေးတွေက ကျွန်မတို့ လက်ဖြစ်ပါ။ ဒီလက်ဆောင်ကို လက်ခံပါ ဆရာကြီးရယ်'

ဦးသိန်းနိုင်က ငြင်းပယ်နေသော်လည်း ကျွန်ုပ်က ဦးသိန်းနိုင်ကို လက်ကုတ်၍ လက်ခံလိုက်ရန်ပြောမှ ဦးသိန်းနိုင်က ငြိမ်၍လက်ခံလိုက်၏။ ပြီးနောက် မြချစ်က ဦးသိန်းနိုင်ရော ကျွန်ုပ်ကိုပါ ထိုင်၍ ရိုသေစွာကန်တော့ပြီး နှုတ်ဆက်ကာ ပြန်သွားကြလေ၏။ ကျွန်ုပ်စိတ်ထဲ၌ကား မြချစ်၏ ကံကြမ္မာဆန်းကြယ်ပုံများနှင့် ဝဋ်ကြွေးရှိက ပေးဆပ်ရပုံများကို စဉ်းစားရင်း ကြက်သီးတဖြန်းဖြန်း ထမိခဲ့ရလေ၏။

ချစ်မင်းသူ


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကျ၊ ဆွမကျ၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခူ၊ ဝဲနှင်းခူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

**မကုသခင် လာရောက်ဆွေးနွေးပါ။**


အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉




www.burmeseclassic.com

www.burmeseclassic.com

# ရွှေမြင်း®

(အမှတ်တံဆိပ်)

ကျိုးပေါင်းလိမ်းဆေး



သုံးစွဲနိုင်သောရောဂါများ

လည်ပင်းကျိုးပေါင်း၊ ပန်းဆစ်ကျိုးပေါင်း၊ ခြေဆစ်လက်ဆစ်၊ ဒူးဆစ်ကျိုးပေါင်းတက်ခြင်းနှင့် အဆစ်လွဲ၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ အရိုးလွဲခြင်းဝေဒနာများ၊ အရိုးအက်နာ ရောင်ရမ်းခြင်း၊ ဒူးနာ၊ ခါးနာ၊ ဇက်ကြောထိုးခြင်းနှင့် ထုံကျဉ်ကိုက်ခဲခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

(မှတ်ချက်) ။ ။ အညောင်းထိုင်သူများ၊ တရားထိုင်သူများနှင့် အားကစားသမားများအတွက် "အကြောပြေ ဓာတ်ကြေလိမ်းဆေး" အဖြစ်လည်း အသုံးပြုနိုင်ပါသည်။

သုံးစွဲကြည့်ပါ၊ ထူးခြားကြောင်း လက်တွေ့ခံစားရမည်။

"အမှန်ကန်ဆုံးရွေးချယ်မှု"

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 010304 (0216)

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၂/၂၀၁၁၊ ထဆထလ/တိုး (၀၁၈၅)

[illegible] - [illegible]

တိရစ္ဆာန်အဆီ၊ အရက်နှင့် ၄င်းတို့နှင့်ဆက်စပ်သောပစ္စည်းများ (လုံးဝ) မပါဝင်ကြောင်းအာမခံပါသည်။

ဆေးလက်ကားရရှိနိုင်သည့်ဆေးဆိုင်ကြီးများ

ကိုလှစိုး (သိမ်ကြီးဈေး)၊ အာရောဂျံ (၂၄ လမ်းထိပ်၊ သိမ်ကြီးဈေး)၊ ဆန်းဦးအောင်ဆေးဆိုင် (သိမ်ကြီးဈေး)၊ မင်္ဂလာဈေးရှိ သုဓချမ်းသာဆေးဆိုင်၊ မင်းသားဆေးဆိုင်၊ အာရောဂျံဆေးဆိုင်၊ ကျေးဇူးရှင်ဆေးဆိုင်၊ ကိုသက်နိုင်ဆေးဆိုင် နှင့် ပြည်တော်သာဆေးဆိုင် (ဗိုလ်ချုပ်ဈေးသစ်) တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် - 09 49 255192



# ယတြာဆရာမ ဒေါက်တာခင်မျိုးစန္ဒာ

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်၊

အခန်း(၄)၊ အနောက်ဘက်မုစ်၊ မြသဒ္ဒါနှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၅၈၂၇





# ဒေါက်တာယတြာဆေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်…

ကြိုတင် ရက်ချိန်းယူပါ

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၄၅၀၀၇၃၅




www.burmeseclassic.com

www.burmeseclassic.com

"ကိုသာခင်"

'အေ··ဟေ'

'ညနေကို ထမင်းအိုးတစ်လုံးတော့ တည်ထားပေးနော်။ ကျွန်မ နည်းနည်းနောက်ကျမလားလို့။ ဟုတ်လား၊ ကြား လား'

'ဟ··ကြားတယ်။ ငါ နားမလေးဘူး။ စိတ်ချလက်ချသွား၊ မပူနဲ့'

'ငါးရံ့ခြောက် လှန်းထားတာတွေလည်း ရုပ်ဖို့ မမေ့နေမယ်နော်။ ရှင်က မေ့တတ်လွန်းလို့ မှာနေရတာ။ တစ်ခါလည်း ငါးခြောက်တွေ နှင်းစိုပြီးပြီ'

'ငါ့ကလေးများ မှတ်နေလားဟာ။ စိတ်ချစမ်းပါ။ နေ့တိုင်း လုပ်နေကျ အလုပ်တွေဟာကို မေ့စရာလားဟာ'

'ဟုတ်ပါပြီ။ ကဲ··ဒါဆို ဈေးတောင်း ပင့်ပေးတော့'

'အဲ··အဲ··အေး··ဟုတ်ပြီ'

အထက်ပါ အချီအချ အမေး၊အဖြေ ပြောနေကြသော လင်မယားနှစ်ဦးကား ဦးသာခင်နှင့် ဒေါ်ကျင်အေး လင်မယားနှစ်ဦးပင် ဖြစ်လေသည်။

# ဆန်းဝင်း (အောင်မြေ)

# လူပျိုကြီးနတ်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကျင်အေး ဈေးရောင်းထွက်ခါနီး မှာကြားပြောဆိုနေကြခြင်း ဖြစ်လေသည်။ ဦးသာဒင်က အသက်(၄၀)ခန့်ရှိပြီး ဒေါ်ကျင်အေးလည်း (၃၉)နှစ်ခန့်ရှိ၏။ သားသမီးမထွန်းကားကြဘဲ ငယ်လင်ငယ်မယားများဖြစ်ကြပြီး ကျွဲသောင်ရွာ ကွက်သစ်တန်းတွင် နေထိုင်ကြ၏။ ဈေးတောင်းအတွင်းတွင် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ နနွင်း၊ မဆလာ၊ ငံပြာရည်၊ ငါးပိများအား ဘူးကြီး,ဘူးငယ်နှင့် ပုလင်းများနှင့် ထည့်၍ ခေါင်းတွင်ရွက်ပြီး တူးရိုးရွာ၊ ကတက်ကုန်းရွာ၊ စီးဖြူကုန်းရွာ၊ ရွှေကညင်ပင်ရွာ၊ ဝါးရုံစုရွာ စသော ရွာစဉ်တစ်ဝိုက် လှည့်လည်၍ရောင်းသော ခေါင်းရွက်ဈေးသည် ဒေါ်ကျင်အေး ဖြစ်လေသည်။ ငွေလက်ငင်းလည်း ရချင်ရ၏။ ပဲ၊ နှမ်း လဲချင်လည်း လဲကြ၏။ ဆန်နှင့် တန်ဖိုးသင့်၍ လဲချင်လည်း လဲကြ၏။ နံနက်ပိုင်း ကြုံရာ(ထမင်းစားချိန်)ကျလျှင် အိမ်တစ်အိမ်ကတော့ ကျွေးစမြဲ။ ထိုသို့လျှင် လှည့်လည်ရောင်းချ၍ ညနေ(၃)နာရီဝန်းကျင်မှသာ အိမ်သို့ ဒေါ်ကျင်လှအေး ပြန်ရောက်လာနိုင်လေသည်။ ဈေးတောင်းကတော့ ပေါ့သွားသည်ဟူ၍မရှိ။ လေး၍သာ လာလေသည် ထုံးစံပင်။

ဒေါ်ကျင်အေး ပြန်ရောက်လာသောအခါ ဦးသာဒင်က ဆန်များအား ဆန်ပုံးတွင်လည်းကောင်း၊ ပဲများအား ပဲတောင်းတွင်လည်းကောင်း ပေါင်းရ၊ ထည့်ရလေသည်။ ပြီးလျှင် ဆီပုလင်းများ၊ ငံပြာရည်ပုလင်းများ၊ ဟင်းခတ်အမွှေးအကြိုင်များအား ထပ်မံဖြည့်ထားရလေသည်။ ချင်းခွက်များအားလည်း စစ်ဆေးရေတွက် ထည့်ထားရလေသည်။ အိမ်တွင် ဆီပုံးလိုက်၊ ငံပြာရည်ပုံးလိုက်၊ အခြားငါးပိ၊ မန်ကျည်းမှည့် စသည်လည်း တစ်လစာခန့် ရောင်းချနိုင်ရေး တစ်လ တစ်ကြိမ်ခန့် ခုနစ်မိုင်ခန့်ဝေးသော လေးမျက်နှာမြို့သို့ လှည်းနှင့်သွား၍ ဦးသာဒင်က ဝယ်ရလေသည်။

အိမ်တွင်လည်း နေ့နေ့,ညည ဈေးဆိုင်ဖွင့်ထားသဖြင့် ကွက်သစ်(ရွာသစ်ပိုင်း)တစ်ပိုင်းလုံး လာရောက်ဝယ်ကြလေသည်။ မနက်ဈေးလည်း မရှိ၊ ညနေဈေးလည်း မရှိ။ ရံခါငါးသည်များ၊ ဝက်သားသည်များ လာရောင်းမှသာ ဟင်းစား ဝယ်ရလေသည်။ ဝက်သားသည်ကား တစ်လကို နှစ်ကြိမ်ခန့် လာရောင်းတတ်လေသည်။ သို့မဟုတ်ပါက ပဲနှင့်သာ နှစ်ပါးသွားရလေသည်။ ဈေးနှင့်ဝေးသော မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်လေသည်။ ဦးသာဒင်တွင် နွားနှစ်ကောင်တစ်ရှဉ်းနှင့် လှည်း၊ လှေ အစုံရှိသည်။ သို့သော် ကိုင်းသာမရှိ၊ လယ်မရှိ။ လင်မယားနှစ်ယောက် စီးပွားရေးကို စနစ်တကျ အတိုင်အဖောက်ညီညီ လုပ်ကိုင်ကြသဖြင့် လျှုနိုင်တန်းနိုင် ပေးကမ်းစွန့်ကြဲနိုင်သော လက်မတွန့်သည့် လင်မယားနှစ်ဦး ဖြစ်လေသည်။

ဦးသာဒင်နှင့် ဒေါ်ကျင်အေးတို့ အိမ်ထောင်ကျပုံကား ခပ်ဆန်းဆန်းဟုပင် ဆိုရပေမည်။ အများသူငါလို ကျရိုးကျစဉ်တော့မဟုတ်။ အများနှင့်မတူ တစ်မူဆန်းပြားနေသည်က စိတ်ဝင်စားစရာ။ ဦးသာဒင်ကား နှာတံပေါ်၊ နဖူးကျယ်၊ မျက်လုံးမျက်ခုံးကောင်း၊ ဥပဓိရုပ်က ခံ့ခံ့သန့်သန့်၊ အသားလတ်၊ ခြေသလုံးမွေး၊ လက်မွေး၊ ရင်ဘတ်မွေး၊ ပါးမြိုင်းမွေး ထူသည့် အမေရိကန်ရုပ်ရှင်မင်းသား ချက်(စ်)နောရစ်နှင့် ရုပ်ဆင်ဆင်မျိုး။ ဘုန်းတော်ကြီးကျောင်းတွင် သဒ္ဒါကြီးနှင့် သင်္ဂြိုဟ်ကိုးပိုင်း သရုပ်ခွဲပြီး အဘိဓမ္မာတတ် တစ်ယောက်ဟု ဆိုနိုင်ပေသည်ကတော့ အမှန်ပင်။ အတွေးအခေါ်ကောင်းသူလည်း ဖြစ်၏။

သို့သော် ဖွတ်တရွတ်လုပ်တတ်သောအကျင့်နှင့် အိမ်ထောင်ကျပြီး (၁၅)နှစ်အတွင်း အရက်အနည်းငယ် သောက်တတ်သည်မှအပ အခြားပြဿနာ မရှိဖူးပါပေ။ လူချစ်လူခင်ပေါ်များသော ရပ်ရေးရွာရေး မနေးတမ်း ကူညီဆောင်ရွက်ပေးတတ်သော ဦးသာဒင် ဖြစ်လေသည်။

ဒေါ်ကျင်အေးကား မွေးချင်း(၃)ယောက်ရှိ၍ သမီးအကြီးဆုံး ဖြစ်လေသည်။ အသားလတ်၊ ဆံပင်ကောင်း၊ မျက်ခုံးကောင်း၊ နှာတံပေါ်၊ သွားညီညာ မိန်းမချောစာရင်းဝင် ကျေးရွာကွမ်းတောင်ကိုင်ပင် ဖြစ်လေလည်း။ ငယ်စဉ်ကပင် ဘုန်းတော်ကြီးကျောင်းတွင် လေးတန်းအထိ အစိုးရမူလတန်းပညာ သင်ကြားခဲ့ရပြီး ဉာဏ်အလွန်ကောင်းလှလေသည်။ လေးတန်းအောင်ပင်ဖြစ်သော်လည်း လက်ရေးများမှာ ဝိုင်း၍ ရှင်းလျက် လွန်စွာလှသဖြင့် သူ့လက်ရေးအားမြင်သူတိုင်း ချီးမွမ်းကြလေသည်။

မကျင်အေးတို့အိမ်နှင့် ကိုသာဒင်တို့အိမ်ကား မျက်နှာချင်းဆိုင်တန်း မျက်စောင်းထိုးနေကြလေသည်။ မကျင်အေးမိဘများသည် မြေပဲကိုင်းဧက တော်တော်များများရှိသည်။ မြေပဲ,ပြောင်းစိုက်ခြင်း၊ မြေပဲနုတ်ခြင်း စသော ကိုင်းအလုပ်များ လုပ်ရသကဲ့သို့ ကိုသာဒင်၏ မိဘများကား မြေနုကျွန်းများပေါ်သော ဝန်မြစ်ကမ်း၌ ဆေးရွက်ကြီးစိုက်ခြင်းလုပ်ငန်းများ လုပ်ကြသည်။

www.burmeseclassic.com

ကိုသာဒင်ကား မိသားစုငါးယောက်၊ သူက သားအလတ်။ ယခင် ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်သော်လည်း စိတ်မဝင်စား၊ ဘာသိဘာသာ နေကြ၏။

တစ်နေ့ မကျင်အေးတို့ မြေပဲခင်းနုတ်သည့်နေ့တွင် ကိုသာဒင်၏အိမ်သို့ ညနေမိုးချုပ်ချိန် ရောက်လာသည်။

'သာဒင်ရေ..ဟေး..သာဒင်'

'ဟေ..ဟ..ကျင်အေး၊ ဘာတုံးဟ။ မိုးချုပ်ခါနီးနေပြီ'

'မနက်ဖြန် နုတ်ပြီးသား မြေပဲပင်တွေ တလင်းထဲသွင်းဖို့ အဖေကလည်း ခရီးသွားနေတော့'

'ငါ့ကို လှည်းနဲ့ မြေပဲပင်တွေ တလင်းထဲ လာတိုက်ပေးစမ်းပါဟယ်။ ဒီလိုလား၊ ဟား..ဟား'

မကျင်အေး ရယ်လည်းရယ်၊ ခေါင်းလည်း ခပ်သွက်သွက်ညိတ်လျက် ခပ်ပြုံးပြုံး အနေအထားဖြင့်–

'အေး..အေး..ဟေး..အေးဟယ်၊ ကူပါဦးဟယ်..နော် သာဒင်'

'ခက်တာပဲ။ ငါလည်းပဲ ခုအချိန်မှာတော့၊ ဟင်း..'

'ဟယ်..မအားဘူးလား သာဒင်၊ ဒုက္ခပါပဲဟယ်။ နင် မအားရင် ပဲနုတ်သားတွေ ငှားပြီးသားဖြစ်နေပြီ။ ညအိပ်ရင် မနက်ကျ ရှိမှာမဟုတ်တော့ဘူး၊ ပျောက်ကုန်မှာ။ မြေပဲဈေး ကောင်းနေတာ ခိုးမယ့်လူတွေက ချောင်းနေတာ။ ဒုက္ခတော့ တွေ့ပြီထင်တယ်ဟယ် သာဒင်ရဲ့ စိတ်ညစ်လိုက်တာ'

'အိုး..ဟား..ဟား..ဟား..မပူနဲ့တော့။ ငါလာခဲ့ပါ့မယ်ဟယ်'

'အောင်မယ်လေး..ကျေးဇူးတင်ပါတယ် သာဒင်ရယ်။ မနက်နော်'

'ဟုတ်ပါပြီဟယ်။ အေးဆေးသာ ပြန်တော့'

◆◆◆

နံနက်ဝေလီဝေလင်းတွင်တော့ ကိုသာဒင်က လှည်းပေါ်မှနေ၍ အောက်က နုတ်ပြီးသား မြေပဲပုံအား မကျင်အေးက အပွေ့လိုက် ပစ်တင်ပေးသော မြေပဲပင်များ (ဥများစွာနှင့်) ဖမ်းယူ၍ လှည်းကဲ့အိမ်တွင် သေချာစွာ စီရလေသည်။ ခရဇွေပုံ လှည့်ပတ်စီရင်း လူတစ်ရပ်ခန့်ရသောအခါ တလင်းရှိရာသို့မောင်း၊ နွားများ လှည်းမှဖြုတ်၊ လှည်းကို နောက်မြီးလှန်၍ ဟိုက်ဒရောလစ်ကားများ ကျောက်,သဲ သွန်သလိုချပြီး နွားပြန်တပ်၊ မြေပဲပုံများနှင့် မကျင်အေးရှိရာ ပြန်မောင်းလာ၊ ထပ်တင်နှင့် အကြိမ်အခေါက်များစွာ မိုးလင်းခါနီး လင်းခါစအချိန်တွင် အောက်က မကျင်အေးက မြေပဲပင်များအား ကောက်ပွေ့ပြီး လှည်းပေါ်သို့ အားနှင့် ပစ်ရန် ကုန်း၍ အားယူအထလိုက်တွင် ဖျတ်ခနဲ လုံချည် (ထဘီ)လည်း ရုတ်တရက်ကျွတ်၍ ကျသွားလေတော့သည်။

'အယ်..ဟယ်..ဟယ်..ကဲ၊ မှတ်ကရောဟ၊ အား'

'အ..ဟာ..ဟာ..ဟ'

မြေပဲပင်များ ပွေ့ထားသည်အား လှည်းပေါ်သို့ ပစ်မည်ဟန်အပြင် ကိုသာဒင်ကလည်း ထုံးစံအတိုင်း ဆီးဖမ်းရန် လက်နှစ်ဖက်ဆန့်လျက် အဆင်သင့်၊ ထဘီကျွတ်ကျသွားသော မကျင်အေးအား ပြန်နုံးခနဲ ထင်ထင်လင်းလင်း မြင်လိုက်ရ၍ မျက်နှာတစ်ခုလုံး ရှိန်းခနဲ ဖြစ်သွားလေသည်။ မကျင်အေးလည်း ထဘီကို ကပျာကသီ ဆတ်ခနဲ ကောက်ကိုင်၍ ခပ်တိုတို အမြန်ဝတ်လိုက်လေသည်။

'သာဒင်'

'ဘာလဲ'

'နင် ကြည့်နေတာလား။ မြင်..မြင်များသွားသေးလား'

'မြင်တော့ရော ဘာဖြစ်လဲ။ ကဲ..'

'အမယ်လေးနော်၊ ရှက်လိုက်တာဟယ်။ သေသာ သေလိုက်ချင်တော့တယ်ဟယ်။ ဟင်း'

'အာ..ဘာရှက်စရာရှိလို့လဲဟ။ နင့်အမေ ဗိုက်ထဲက ထွက်လာတုန်းကလည်း ဒီအတိုင်းပဲဟာ။ ဘာပါတာမှတ် လို့။ ရှက်စရာ မလိုပါဘူးဟ'

'နင်..ဟို သူများတွေ လျှောက်မပြောနဲ့ဟယ်နော်'

'ကဲ..မယ်မင်းကြီးမ၊ မြန်မြန်လုပ်။ ပုံကြီးချဲ့မနေနဲ့ မြင်တာက မြင်တာပဲ။ ဘာမှမဆန်းဘူး။ နေမြင့်သွားမယ် မြန်မြန်လုပ်ပစ်တော့'

ထို့နောက်တွင်တော့ မကျင်အေး ရှက်ရှက်နှင့်ပင် မြေပဲပင်များပွေ့၍ ပစ်ရပြန်လေသည်။ ကံဆိုးချင်တော့ လည်း ခိုင်မာစွာဝတ်ထားသော ထဘီက ဒုတိယမွှ ကွင်း လုံးကျွတ် ကျွတ်ကျပြန်လေတော့သည်။

နှစ်ခါရှိပြီဖြစ်သော မြင်ကွင်းကိစ္စကြောင့် လက်ဆ မြေပဲဖမ်းမည့် သာဒင် ဆတ်ခနဲ ခါးကို မတ်လိုက်၏။

'တောက်..ခက်တော့နေမှပဲ ကျင်အေး'

'ဘာလဲ'

'တစ်ခါတလေဆိုတာ မတော်တဆမို့ ထားတော့ ဟာက နှစ်ခါတောင်ဆိုတော့ နင် ငါ့ကို ဘာမျှမကျေ

www.burmeseclassic.com

စရာရှိနေလဲ ကျင်အေး။ နင့်ဟာကလည်း သက်သက်လုပ် နေသလိုပဲနော်။ ဟဲ··'

'သာဒင်၊ ငါ ငိုလိုက်မယ်။ အဟီး··အီး··အီး'

'စတာပါဟာ။ ကဲ··လုပ်··လုပ်၊ နေမြင့်နေဦးမယ်။ ပြီးခါနီးပြီ'

အပျို၊ လူပျိုများလည်းဖြစ်ပြန်၊ တစ်ခါမဟုတ် နှစ်ခါ မျက်နှာချင်းဆိုင်ဖြစ်၍ မကျင်အေး အရှက်ကြီးရှက်၍ ခေါင်း မဖော်ရဲတော့ပေ။

အလိုက်သိသော ကိုသာဒင်က စကားရော အရွှန်း ပြော၍ များစွာလည်း ကျန်သေးသော မြေပဲပင်ပုံများအား ကြည့်ကာ-

'ကဲ··ကျင်အေး၊ ခဏနားပြီး ငါ ထမင်းကြမ်းပြန်စား လိုက်ဦးမယ်။ နင်လည်း သွားစား။ တော်ကြာနေ ပြန်လာ ခဲ့၊ ကြားလား'

ပြောပြီးသည်နှင့် ကိုသာဒင်ကား လှည်းမောင်း၍ ပြန် သွားလေတော့သည်။

အလုပ်ပြန်လုပ်၍ ထိုနေ့ နေကုန်သွားသော်လည်း ကိုသာဒင်နှင့် မကျင်အေးတို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြတော့ဘဲ အလုပ်သိမ်းကြလေတော့ သည်။ အလုပ်သိမ်းပြီး ကိုသာဒင်က နွားများ ရေချိုး၊ အစာကျွေးပြီး နွားတင်းကုပ်အောက်တွင် မီးဖိုပေးရလေ သည်။ ပြီးလျှင် နွားစာထည့်၏။

ထိုစဉ် ကိုသာဒင် ရှေ့သို့ အာရုံစိုက်နေခိုက် နောက်မှ ကိုသာဒင့်ပခုံးအား လာပုတ်သလို ခံစားလိုက်ရသောကြောင့် မိုးကလည်း ချုပ်သွားပြီဖြစ်သဖြင့် အနည်းငယ်လန့်သွားပြီး ဖျတ်ခနဲ နောက်လှည့်အကြည့်တွင်-

'ဟ··အာ·· ဟာ··ဟာ··ဟင်·· ကျင်အေး၊ အချိန် မတော်ကြီး အသံမပေးဘဲနဲ့ ဘာ··ဘာကိစ္စ ဖြစ်ပြန်ပြီလဲ။ ပြောစမ်း တိုးတိုး'

'သာဒင်··သာဒင်··ဟို··ဟို··အိမ်မှာလေ။ ငါ··ငါ'

'ဘာဖြစ်လဲ၊ ပြော မြန်မြန်'

'ငါ··ငါအိမ်မှာ ဘယ်လိုမှ နေလို့မရတော့ဘူး။ အဲဒါ နဲ့ အဲဒါ··'

'အင်း··အဲဒီတော့ ငါ ဘာလုပ်ပေးရမလဲ။ ပြော'

'ဘာမှ ဟင့်··ဟင့်··ဟင့်'

အသားများ တဆတ်ဆတ်တုန်လျက် ငိုရှိုက်နေသော မကျင် အေးကား မြေပဲပင်များ ဖမ်းသလို လက်နှစ်ဖက်ကားထား သော ကိုသာဒင်၏ ရင်ခွင်ထဲသို့ ရုတ်တရက်ပြေးဝင်လိုက် လေသည်။

ထိုနေ့ ညတွင်ကား ကိုသာဒင်နှင့် မကျင်အေးတို့ ခိုးရာလိုက်ပြေးကြလေတော့သည်။ သူတို့နှစ်ဦး ညားပုံကား ဤသို့ပင်ဖြစ်သည်။ ခပ်ဆန်းဆန်းပြောရမည်လား တစ်မျိုး ကြီး ဖြစ်နေသည်ကတော့ အမှန်။

◆ ◆ ◆

အိမ်ထောင်ကျပြီး နှစ်များစွာကြာသော်လည်း ကိုသာ ဒင်နှင့် မကျင်အေးတို့ သားသမီးမရ၊ မထွန်းကားကြ။ ငယ်ရွယ်သူများကိုငှဲ၍ လယ်များ၊ ကိုင်းများ၊ နွားများ နှစ်ဖက်မိဘတို့မှ လက်ဖွဲ့သော်လည်း သူတို့နှစ်ဦးက လက် မခံ ငြင်းပယ်၍ ကိုယ့်အားကိုယ်ကိုး ခေါင်းရွက်ဗျပ်ထိုး အိမ်ဆိုင်ပျိုးစနစ်ဖြင့် စီးပွားရှာရာ သုံးနှစ်အတွင်း အိမ်နှင့်၊ ခြံနှင့်၊ နွားနှင့်၊ လှည်းနှင့်၊ လှေနှင့် ဈေးဆိုင် အေးအေး ဆေးဆေးပင်။

မကျင်အေးဘက်မှ ရိုးရာအိမ်တွင်း နတ်များထားရှိ သည့်ပြင် အိမ်မကြီးယောက်တန်း ခေါင်းရင်းဘက်ခန်းတွင် ကြိမ်ဆိုင်းနှင့် ကြွက်မြီးပါသော အုန်းသီးတစ်လုံး ထူးခြားစွာ ဆွဲထားလေသည်။ လူပျိုကြီးနတ်ဟု အများသိကြ၏။ အိမ် ကို ဧည့်သည်များ ညအိပ်ညနေလာလျှင် ထိုအိမ်ဦးခန်းနေရာ တွင် မအိပ်ရ၊ မသိပ်ရ။ အိပ်ပါက အကယ်၍ တစ်ရေးနိုး လျှင် ခြေရင်းခန်းတစ်နေရာသို့ရောက်နေပြီးသား ဖြစ်နေလေ တော့သည်။ နှစ်ခါပြန်အိပ် နှစ်ခါဖြစ်မည်၊ သုံးခါပြန်အိပ် သုံးခါဖြစ်မည်။

သက်သက်အိပ်၍ စမ်းသပ်ကြည့်လိုသူ ကာလသား များ စမ်းအိပ်၏။ အိပ်မပျော်ဘဲ စောင့်ကြည့်သည်။ သန်း ခေါင်ကျော်သောအခါ တစ်စုံတစ်ယောက်က ခြေနှစ်ချောင်း ကို မ၊ ဆွဲသည့်နှယ် ခံစားရပြီး တရွတ်တိုက်ဆွဲသွားလျက် ခြေရင်းခန်းတစ်နေရာသို့ရောက်ပြီး ဖြစ်လေတော့၏။ ဓာတ် မီးနှင့် ထိုးကြည့်သော်လည်း မြင်လိမ့်မည်မဟုတ်။ ထို့ နောက်တွင်ကား မည်သူမျှ မစမ်းရဲကြတော့ပေ။ ဤသည် လည်း ကိုသာဒင်မိသားစု၏ ထူးခြားဆန်းကြယ်မှု တစ်ခုပင် ဖြစ်လေသည်။ ကိုသာဒင့်ဘက်မှ ရိုးရာနတ်ဟု သိရ၏။ လွန်စွာအံ့သြစရာ လူပျိုကြီးနတ်ပင်တည်း။

ယနေ့ ဒေါ်ကျင်အေး ဈေးရောင်းသွားပြီးနောက် အိမ်မှ ကိစ္စများအားဆောင်ရွက်၊ နံနက်စာစားပြီး အိမ်ရှေ့ခန်း တင်း လျှားပေါ်တွင် ထမင်းလုံးစီရင်းပင် ဦးသာဒင် အိပ်ပျော်သွား

www.burmeseclassic.com

လေသည်။

အိပ်ရာမှ နိုးလာသောအခါ အရက်တန်ခိုးကြောင့် ရေအလွန်ဆာလေတော့၏။ မျက်နှာနှင့်တည့်တည့် ယောက်တန်းတွင် ချိတ်ဆွဲထားသော လူပျိုကြီးနတ် အုန်းသီးအား ကြည့်မိရာမှ အုန်းရေသောက်ချင်စိတ်များ တားမရအောင် ဖြစ်လေတော့သည်။ ထို့နောက် ထိုင်လိုက်ပြီး ပုဆိုးပြင်ဝတ်သည်။

လုပ်ရင်ကောင်းမလား၊ မကောင်းဘူးလား စဉ်းစားသော်လည်း အုန်းရေသောက်ချင်သောစိတ်က များလျက် တားမရသောကြောင့် သောက်ချင်စိတ်က အနိုင်ရသွားပြီး ထရံတွင် ထိုးထားသော ငှက်ကြီးတောင် ရေစကြိုဓားရှည်အား ဆွဲနုတ်လိုက်ပြီးလျှင် အနီယောက်တန်းတွင် ကြိမ်ဆိုင်းဖြင့် ဆွဲထားသော လူပျိုကြီးနတ် အုန်းသီးအား ငှက်ကြီးတောင်ဓားနှင့် တော့၍-

"ငါ အုန်းရည်သောက်ချင်တယ်။ ငါ လုပ်တယ်လို့ ပြောလို့ကတော့ လူပျိုကြီး သေမယ့်သာပြင်ထား။ ကြားလား"ဟု ပြောလည်းပြော၊ ဓားနှင့်မွှန်းပြီး ဖိုင်းခနဲမြည်အောင် ဖြတ်ချလိုက်လေတော့၏။

ထို့နောက် ခုတ်ထစ်လျက် အုန်းရည်သောက်ပြီး အသားကို အနည်းငယ်စားလျက် ကြွင်းကျန်သော အုန်းသီးနှင့် အခွံများကို နောက်ဖေးဘက် ပိန်းတောထဲသို့ ပစ်လိုက်ပြီး တန်းလျားပေါ် ပြန်အိပ်နေလိုက်လေတော့သည်။

ညနေသုံးနာရီခန့် ရောက်သောအခါ ဒေါ်ကျင်အေး ဈေးရောင်းရာမှ ပြန်လာလေတော့သည်။ အိမ်နီးချင်းများပါ စုဝေးလိုက်ပါ ရောက်ရှိလာကြ၏။

"ဈေးသည် ပြန်လာပြီဟေ့။ လာကြတော့။ ဝယ်စရာရှိတဲ့ လူတွေ"



ဒေါ်ကျင်အေး အိမ်ခြံဝ ဝင်လာကတည်းက မျက်နှာကြီးနီလျက် အိမ်ဝဖိနပ်ချွတ်အနီး ကွပ်ပျစ်တွင် ဈေးတောင်းအား ဝိုင်းချပေးပြီးတွင်ကား အားလုံး အံ့သြ၍ မျက်လုံးပြူးကြလေတော့သည်။

ဒေါ်ကျင်အေးသည်ကား တစ်စုံတစ်ရာ ဝင်ရောက်ပူးကပ်နေသည့်နှယ် မျက်စိလည်းမဖွင့်၊ ဆံပင်များလည်းဖြေလျက် ရှေ့တိုးနောက်ငင် ယိမ်းထိုးတုန်ယင်လျက် တဆတ်ဆတ်တုန်၍နေလေသည်။

"အို··ဘယ်လိုဖြစ်တာပါလိမ့်။ ကဲ··ကဲ··အခု မကျင်အေးကို ပူးနေတာ ဘယ်သူလဲ၊ ဘာကိစ္စပူးရတာလဲ၊ ပြောပါ,ပြောပါ။ ပြောမှ သိရမှာပါ"

ခြေရင်းအိမ်မှ အကင်းပါးသော ဒေါ်မြကြ ရိပ်မိသလောက် မှန်း၍မေးခြင်းဖြစ်လေသည်။ သို့သော် ဒေါ်ကျင်အေးကား ပူးမြဲပူးလျက် တုန်မြဲတုန်လျက် အသံကတော့ ထွက်မလာပါပေ။

"ကဲ··ကဲ··ပြော··ပြော··ပြောမှ အကျိုးအကြောင်းသိမှာလေ။ ဒီလိုချည်းပူးပြီး ပါးစပ်ပိတ်နေတော့ အနားကကျုပ်တို့က ဘာလုပ်ပေးရမှာတုန်း။ ကဲ··ပြောစရာရှိရင်ပြော။ ဘယ်သူလဲ၊ ဘာကိစ္စလဲ၊ ဘာလိုတာလဲ ပြောမှ လုပ်လို့ရမှာလေ"

ဒေါ်ကျင်အေးကား တုံးတိုဘာဝေ စကားမပြော၊ မျက်စိကလည်း မဖွင့်၊ ယိမ်းထိုး၍ ပူးမြဲပူးလျက်။ အိမ်နီးချင်းတစ်ယောက်၊ နှစ်ယောက်မှသည် အမျိုးသမီးများ တဖြည်းဖြည်း များလာလေသည်။

တစ်ယောက်တစ်မျိုး မေးသည်မှာလည်း စုံလို့။ သို့သော် မည်သို့မှ မေး၍ မရ၊ ပြန်၍ မပြော၊ ပူးနေသည်ကတော့ မရပ်။

စိတ်မရှည်တော့သော ဒေါ်မြက-

"ကဲ··ဒါလောက်လေးလေးစားစား မေးနေတာတောင် မေးတဲ့လူက မောနေပြီ၊ ဘာဖြစ်လို့ မပြောတာလဲ။ အဲဒီလို မပြောတော့ ဒီကလူတွေက ဘာသိမှာလဲ။ မပြောချင်လည်းနေပေတော့။ ကဲ··ဟေ့ကောင်မတွေ၊ ပြန်ကြမယ်ဟေ့။ ကြာတယ်။ ဘာလဲ၊ ပြောစရာရှိ ပြောရမှာပေါ့။ ဘာမှန်းမသိ ညာမှန်းမသိနဲ့ သာဒင်ကလည်း အိပ်နေတုန်းလား။ ဒီမှာ နင့်မိန်းမ ဘာဖြစ်နေလဲ လာကြည့်ဦးဟဲ့။ အမယ်လေးနော်၊ ဟင်း··"

ဒေါ်မြ၏ အော်ကြီးဟစ်ကျယ်အသံကြောင့်ဦးသာဒင်



www.burmeseclassic.com

www.burmeseclassic.com

နီးသွားလေတော့၏။ တန်းလျားပေါ်မှထပြီး လူတွေ ဝိုင်းနေသော ဇနီးမကျင်အေးအား လှမ်းကြည့်လိုက်ရာ ဦးသာဒင် ချက်ချင်းသဘောပေါက်သွားသည်။ ပြဿနာတော့စပြီဟု စဉ်းစားမိလေသည်။

'ဘာလဲ ဒေါ်မြ၊ မကျင်အေးက ဘာဖြစ်တာလဲဗျ။ အိုး..တစ်ခုခု ပူးနေတာလား။ ကဲ..ဘာဖြစ်ချင်တာလဲ။ ဘာလုပ်ပေးရမလဲ။ ပြော..ပြော'

ဒေါ်မြတို့ ပြောသံဆိုသံ နားစွန်နားဖျား ကြားလိုက်သည်ကို သံယောင်လိုက်၍ ပုဆိုးပြင်ဝတ်ရင်း တန်းလျားမှ ထလာကာ အထက်ပါအတိုင်း ပြောလိုက်ရာ ထိုအခါတွင်တော့ တစ်ချိန်လုံး ပါးစပ်ပိတ်နေသော ဒေါ်ကျင်အေးကား မပွင့်တပွင့် အသံဖြင့်-

'ဟို..ဟို..တခြားမဟုတ်ပါဘူး။ အုန်းသီးလေး ဆွဲပေးပါလို့ ပြောချင်လို့ပါ။ အ..အ..ဟ..ဝါး..ဟား'

ပြောလည်းပြီး ပူးနေသော ဒေါ်ကျင်အေးလည်း ပူးနေသည့်အရာပါ ထွက်သွားလေသောကြောင့် ဒေါ်မြက-

'သြော်..ဟုတ်သလား။ အဲ..အေးဟဲ့၊ နင်တို့ အုန်းသီးဆွဲပေးပါတဲ့။ ဟို သာဒင် နှင့်လူပျိုကြီးနတ် ထင်တယ်။ မရှိမှ မရှိတာဘဲ။ ကဲ..ကဲ..အဲဒါ လုပ်ပေးလိုက်ဦး သာဒင်၊ ဟုတ်လား။ ဒါလေးများဟယ်၊ စောစောကပြောလိုက် ပြီးတဲ့ဟာကို'

◆ ◆ ◆

ထို့နောက်ပိုင်းတွင်တော့ တဖြည်းဖြည်း ဒီလိုအကြောင်းအရာမျိုးကား ပေါ်လာစမြဲဖြစ်သောကြောင့် ဦးသာဒင်အား ပြုံးကြလေ၏။ ဦးသာဒင်သည်လည်း တွေးမိတိုင်း ပြုံးမိလေသည်။

ငါစားတယ်လို့ မပြောရဲဘူး။ တော်သေးတာပေါ့ဟုလည်း တွေးတော၍ ရယ်မိလေသည်။ အမှန်က သူက လူပျိုကြီးနတ်အား စော်ကားသလိုဖြစ်သော်လည်း လူပျိုကြီးနတ်က ကိုသာဒင်အား ညှာတာသောသဘောရှိသည် ထင်ရ၏။

'ကဲ..ကိုယ်တော်ချောရေ..ဘာတွေစဉ်းစားပြီး ပြုံးလိုက်၊ ပါးစပ်ဖြဲရယ်လိုက်နဲ့ ဘာများသဘောကျစရာရှိနေလဲ။ လာ..ဈေးတောင်း ပင့်ပေးဦး'

ဒေါ်ကျင်အေး ဈေးတောင်းအား ခေါင်းပေါ်အရောက် ပင့်ပေးအပြီးတွင်တော့ ဖြန်းခနဲ ဒေါ်ကျင်အေးက ထဘီချွတ်ကျသွားလေသည်။

ဈေးတောင်းက ဦးခေါင်းပေါ် ရောက်နေသောကြောင့် ဒေါ်ကျင်အေး လှုပ်ရှားလို့မရ၊ ကိုသာဒင်ကိုသာ အားကိုးတကြီး လှမ်းကြည့်ရင်း-

'အမယ်လေး..ကိုသာဒင်၊ မြန်မြန်လုပ်ပါဦးတော့'

'ဟော..ကဲ..အပေါ်က ဈေးတောင်းသာ မြဲမြဲကိုင်ထား။ ငါ ဝတ်ပေးမယ်။ သူများရွာတွေမှာသာ နင် ဒီလို ဈေးတောင်းပင့်တိုင်း ထဘီကျွတ်နေမယ်ဆိုရင်တော့ နင့်ဟာက ဈေးရောင်းရုံတင် မဟုတ်တော့ဘူး၊ ကြော်ငြာပါ ထည့်နေတာလား မှတ်ရတယ်။ တော်တော်တော့ခက်နေပြီ။ ရွာစဉ် လှည့်ပြနေသလိုဖော့ ဖြစ်နေပြီ။ ဟင်း..'

'တော်စမ်းပါ။ ဘာတွေ လျှောက်ပြောနေတာလဲ။ တစ်ခါမှ မကျွတ်ဘူး။ ခုတစ်ခါပဲ ကျွတ်တာ။ ဘာတွေပြောမှန်းလည်း မသိဘူး'

'နေဦး၊ မသွားနဲ့ဦး။ ခဏနေဦး'

'ဘာလုပ်မလို့လဲ။ ဒီမှာ အလေးကြီးနဲ့လေ'

ဦးသာဒင်ကား အမြဲဝတ်နေကျ ထရံတွင် ချိတ်ထားသော စစ်သုံးခါးပတ်ကြိုးအား အမြန်ယူ၍ ဒေါ်ကျင်အေးအား သေချာစွာ ပတ်ပေးလိုက်လေတော့သည်။

'မဖြုတ်နဲ့နော်။ ဖြုတ်တာနဲ့ နင် ထဘီကျွတ်ပြီးသားပဲမှတ်။ ငါမြင်တာ ဘာမှမဖြစ်ဘူးနော်။ ဟိုဘက်ရွာသားတွေ မြင်လို့ကတော့ အဲဒါ..'

'တော်စမ်းပါ။ စကားကိုရှည်တယ်။ သွားပြီ။ ထုံးစံအတိုင်း အိမ်က ကိစ္စတွေ မလစ်ဟင်းစေနဲ့'

'အဟား..ငါ ဘာမှမလစ်ဟင်းဖူးဘူး။ နင့်ဟာနင်သာ မလစ်ဟင်းအောင် ကြိုးစား။ ကျင်အေးရေ..ဟေး..ဟေး..ဟေး'

ဒေါ်ကျင်အေးကား ကိုသာဒင် ပတ်ပေးလိုက်သော ခါးပတ်နှင့်ပင် ဈေးတောင်းရွက်လျက် လမ်းကြီးပေါ်သို့ တက်သွားလေတော့သည်။

ဦးသာဒင်ကား ထွက်သွားသော ဇနီး ဒေါ်ကျင်အေးအား မျက်စိတစ်ဆုံးကြည့်လျက် တစ်ခါက ခြေမဲပင်များ လှည်းပေါ်တင်ပေးနေသော မကျင်အေးအား မြင်ယောင်လျက် တစ်ချက်ပြုံးလိုက်ပြီးလျှင်တော့ ပါးလုံးတွဲ ရယ်ချလိုက်လေတော့သည်။

'ဟင်း..အင်း..ဟား..ဟား..ဟား..ဟား'

သန်းဝင်း([illegible])

www.burmeseclassic.com

ဒါရိုက်တာ

# မျိုးကောင်းအောင်

# မာယာ



ညသည် တစ္ဆေတစ်ကောင်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှ၏။ လေပြင်းတို့သည်လည်း တစ္ဆေများ ကခုန်မြူးထူးနေသကဲ့သို့ ပြင်းထန်စွာ တိုက်ခိုက်လျက်ရှိ၏။

မိုးသည်လည်း ချောက်ချားဖွယ်ကောင်းလှစွာ တစ္ဆေများလေးညို့မှ ပစ်လွှတ်သည့် မြားများကဲ့သို့ တစ်ဟုန်ထိုးသည်းထန်စွာ ရွာသွန်းနေကြလေ၏။

လူတစ်ယောက် မိုးခိုရန် သစ်တစ်ပင်အောက်သို့ ရောက်လာသည်။ လျှပ်စစ်များ၊ မိုးကြိုးများ တစ်ချက်တစ်ချက် လင်းလက်ပစ်ခတ်နေကြ၏။ ညလောက ကမ္ဘာကြီးသည် အသည်းငယ်သူတို့အတွက် အလွန်တစ်ရာမှ ထိတ်လန့်ကြောက်ရွံ့စေမည့် ညအချိန်ကာလမျိုး ဖြစ်လေသည်။

လျှပ်စစ်ရောင်အောက်တွင် အိမ်မည်းမည်းကြီးတစ်လုံးကို တွေ့လိုက်ရ၏။ မိုးခိုနေသည့် ထိုလူနှင့် သိပ်မကွာလှပေ။

စောစောပိုင်းက ထိုအိမ်မည်းကြီးကို ထိုလူ မမြင်တွေ့ခဲ့ပေ။ ညအမှောင်အောက်နှင့် မိုးသည်းထန်မှုကြောင့် သတိ



www.burmeseclassic.com

www.burmeseclassic.com

မထားမိတာမျိုးလည်း ဖြစ်နိုင်၏။

ယခုတော့ ထိုလူ မြင်သွားပေပြီ။ အိမ်ကြီးမှာ ကြီးကျယ်ခံ့ညားသော ရှေးဟောင်းအိမ်ကြီးတစ်လုံး ဖြစ်လေ၏။

'ဟာ…ရှေ့မှာ အိမ်ကြီးတစ်လုံးပါလား။ အတော်ပဲ။ ငါ ခွင့်တောင်းပြီး တစ်ညတာခိုနားဖို့ ကြိုးစားကြည့်မယ်'

ထိုလူသည် ဤသို့တွေး၍ အိမ်ကြီးဆီသို့ ဦးတည်လိုက်၏။ မိုးသည် လူသားများကို ခြိမ်းခြောက်နေသကဲ့သို့ အားကောင်းမောင်းသန်စွာ ရွာသွန်းဆဲပင် ဖြစ်လေသည်။

'ဒေါက်…ဒေါက်'

ထိုလူ အိမ်ကြီးဆီသို့ရောက်လျှင် တံခါးကို ခေါက်လိုက်သည်။ ညသည် သန်းခေါင်မကျော်သေးပေ။ မိုးလေကြားမှ ညသည် အေးချမ်းလွန်းကဲစွာ မှောင်နက်နေသောကြောင့် ညဥ့်နက်သန်းခေါင်ချိန်ဟု ထင်ရသော်လည်း အမှန်မှာ ည(၁၀)နာရီခန့်သာ ရှိသေးလေ၏။ တံခါးခေါက်သံကြောင့် တံခါးပွင့်လာ၏။ အိမ်ကြီးအတွင်းမှ တစ်စုံတစ်ယောက် ဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။

မိန်းကလေးတစ်ယောက်ဖြစ်သည်။ အိမ်ကြီးအတွင်းမှ ပျို့အန်ထွက်လာသော မီးအလင်းရောင်ကြောင့် သူမကို ကောင်းစွာမြင်တွေ့လိုက်ရခြင်း ဖြစ်သည်။

'ဘယ်သူနဲ့ တွေ့ချင်လို့လဲ'

ထိုမိန်းကလေးက မေးလိုက်သည်။

'ဘယ်သူနဲ့မှ တွေ့စရာ မရှိပါဘူးဗျာ။ ချမ်းအေးလွန်းလို့ တစ်ညတာ မိုးခိုချင်လို့ပါ'

ထိုလူက ရိုးသားစွာ ပြန်ဖြေသည်။

ဟုတ်သည် ထိုလူမှာ ချမ်းအေးလွန်း၍ တခိုက်ခိုက်တုန်နေသည်။ သူ၏ စကားပြောသံတို့ပင် သွားချင်းရိုက်၍ မပီမသ ထွက်ပေါ်နေလေ၏။

သည်အတိုင်းဆို ထိုလူ သွေးဆုတ်ပြီး လဲကျသေဆုံးသွားနိုင်လောက်၏။

'ဝင်ပါ…ဝင်ပါ၊ အထဲကို မြန်မြန်ဝင်လိုက်ပါ။ ရှင့်တစ်ကိုယ်လုံး မိုးရေတွေနဲ့ ရွဲရွဲစိုနေပြီ။ လာ…လာ…မြန်မြန် ဝင်လိုက်'

ထိုလူ ဝင်လိုက်၏။

တံခါးမကြီးမှာလည်း ဒိုင်းခနဲ ပိတ်သွား၏။

သူမ တံခါးမကြီးကို လျှင်မြန်စွာ ပြန်ပိတ်လိုက်သော တံခါးပိတ်သံပင် ဖြစ်လေ၏။

◆ ◆ ◆

[illegible] အဖြင့်အဆင် [illegible] ဟောင်းအိမ်ကြီးဆိုသော်လည်း [illegible] အဆင်အတိုင်း ဖြစ်လေသည်။

'ဒီမယ် အဝတ်အစားတွေ၊ ရှင့်ကိုယ်ပေါ်က [illegible] အဝတ်နဲ့ လဲဝတ်လိုက်ပါ'

အိမ်ရှင်မိန်းကလေး ရောက်လာပြီး အဝတ်အစားအခြောက်တစ်စုံ လှမ်းပေးသည်။

ထိုလူက လှမ်းယူ၍ အဝတ်အစား လဲဝတ်ဖို့ပြင်စဉ် မိန်းကလေးက မျက်နှာလွှဲ၍ ရှောင်ထွက်သွားလေ၏။

ထိုလူသည် အဝတ်အစားကို လဲဝတ်လိုက်ပြီး ဧည့်ခန်းမှာ ထိုင်လိုက်သည်။ မိန်းကလေး ထပ်ရောက်လာပြီး လက်ဖက်ရည်နှင့်မုန့် လာချပေးသည်။

'ရှင်…အအေးပေျာ့သွားအောင် လက်ဖက်ရည်နဲ့မုန့်ကို သုံးဆောင်လိုက်ပါ။ နာမည် ဘယ်လိုခေါ်လဲ။ ကျွန်မက ဒီအိမ်က အိမ်ဖော်မတစ်ယောက်ပါ။ နာမည်က မသင်းထုံလို့ ခေါ်ပါတယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မသင်းထုံ။ ကျွန်တော့်နာမည်က ကျော်ခေါင်လို့ ခေါ်ပါတယ်။ အခုလို ကူညီပေးတဲ့အတွက် အဲဒီကျေးဇူးကို ကျွန်တော့်တစ်သက် မမေ့တော့ပါဘူးဗျာ။ မသင်းထုံသာ မကူညီခဲ့ရင် ကျွန်တော် အအေးပတ်ပြီး သေသွားနိုင်တယ်'

'ကျွန်မ သတိထားပြီး ရှင့်ကို ကြည့်နေတာ။ လူကောင်းလား၊ လူဆိုးလား မသိနိုင်ဘူးလေ။ ဒါကြောင့် ပြတင်းပေါက်ကနေပြီး အကဲခတ်လေ့လာနေတာ။ လူကောင်းမှန်း သိလို့၊ ရိပ်မိလို့ တံခါးဖွင့်ပေးလိုက်တာ။ အိမ်မှာလည်း အိမ်ရှင်တွေ တစ်ယောက်မှ မရှိကြဘူး'

မသင်းထုံဆိုသည့် မိန်းကလေးက ကျော်ခေါင်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

ကျော်ခေါင်က မသင်းထုံ လှမ်းကြည့်လိုက်သော ပြတင်းတံခါးပေါက်ကို တစ်ချက်လှမ်းကြည့်လိုက်ရင်း–

'ကျွန်တော့်ကို လူကောင်းတစ်ယောက်လို့ မသင်းထုံက ယုံကြည်တယ်ပေါ့ ဟုတ်လား'

'ဟုတ်ကဲ့၊ ယုံကြည်ပါတယ်'

'တကယ်လို့ ကျွန်တော်ဟာ လူကောင်းတစ်ယောက် မဟုတ်ဘူး ဆိုရင်ရော မသင်းထုံ ဘာလုပ်မလဲ'

'ကျွန်မ မသိချင်ဟန်ဆောင်နေလိုက်မှာပေါ့။ တံခါး

www.burmeseclassic.com

လည်း ဘယ်ဖွင့်ပေးတော့မလဲရှင်'

'အင်း··ဟုတ်တာပေါ့လေ။ ကျွန်တော် တစ်ခုစဉ်းစားမိတာက ဒီအိမ်ကြီးမှာ အိမ်ရှင်တွေလည်း မရှိကြဘူး။ မသင်းထုံ တစ်ယောက်တည်းဆိုတော့ မကြောက်ဘူးလား။ ညအချိန်မတော် လေပြင်းကလည်းတိုက် မိုးမှောင်ကျပြီး သည်းသည်းထန်ထန် ရွာနေတဲ့ ညမျိုးဟာ ဒုစရိုက်သမားတွေ အရမ်းကို လှုပ်ရှားလို့ကောင်းတဲ့ အချိန်ပဲလေ။ ကျွန်တော် မသင်းထုံကို ခုလိုညမျိုးမှာ ဥပမာပြောတာနော်၊ တကယ်ပြောတာ မဟုတ်ဘူး။ သတ်သွားခဲ့မယ်ဆိုရင် မသင်းထုံ ဘယ့်နှယ်လုပ်မလဲ'

ကျော်ခေါင်က မသင်းထုံကို အကဲခတ်၍ သွေးတိုးစမ်းလိုက်သည်။

'ဒီမယ် ကိုကျော်ခေါင်··ကျွန်မ လူတစ်ယောက်ကို ကောင်းကောင်းခုခံကာကွယ်နိုင်တဲ့ စွမ်းရည် စွမ်းအင်တွေ အပြည့်အဝကို ရှိထားခဲ့လို့ မကြောက်တာပါ။ ဒါတွေက ကျွန်မအတွက် ခွန်အားစွမ်းရည်တွေပဲလေ'

ပြောပြောဆိုဆို မသင်းထုံက စားပွဲပေါ်သို့ လက်နက် (၂)မျိုးကိုတင်၍ ပြသလိုက်လေ၏။

ကျော်ခေါင်တစ်ယောက် မျက်လုံးမျက်ဆန်ပြူး၍သွားလေတော့၏။ ၎င်းပစ္စည်း(၂)မျိုးမှာ ဂျာမနီလုပ် ပစ္စတိုသေနတ်တစ်လက်နှင့် အသွားနှစ်ဖက်ပါသော သန်လျက်ကဲ့သို့ ဓားမြှောင်တစ်ချောင်းကို တွေ့လိုက်ရသောကြောင့် ဖြစ်လေ၏။

'အဲဒါတွေက ကျွန်မရဲ့ သက်စောင့် လက်နက်ကောင်းတွေပဲလေ။ မိုးသည်းထန်ပြီး လေပြင်းတိုက်နေတဲ့ အချိန်မျိုးမှာ ကျွန်မက သေနတ်ကို သုံးတယ်။ သေနတ်ဆိုတဲ့အရာက ပစ်ရင် အသံမြည်တယ်။ ဒါကြောင့် မိုးနဲ့ လေပြင်းကို အကာအကွယ်ယူပြီး ပေါက်ကွဲသံမထွက်အောင် လှုပ်ရှားရတာမျိုး။ ဓားမြှောင်ကတော့ အဲလိုမလိုဘူး။ လေလည်း မလိုဘူး၊ မိုးလည်း မလိုဘူး။ ထိုးသတ်လိုက်ရင် တစ်ချက်ပဲ အော်သံထွက်မှာ၊ နောက်တော့ ငြိမ်ကျသွားတာပဲလေ။ ဒါကြောင့် ဒီလက်နက်တွေကို အသုံးပြုနေရတာပေါ့ရှင်။ ကျွန်မပြောတာ ရှင်းပါတယ်နော် ကိုကျော်ခေါင်'

မသင်းထုံကို ကြည့်ရတာ လုံးဝကြောက်စိတ်ကင်းနေသကဲ့သို့ ဘာကြောင့်ကြစိတ်မှ မတွေ့ရပေ။

'ဒါထက် မသင်းထုံက ဒီအိမ်ကြီးက အိမ်ဖော်ဆို၊ ဒီလက်နက်တွေက မသင်းထုံဆီ ဘယ်လိုလုပ် ရောက်နေတာလဲ'

ကျော်ခေါင့်စကား အဆုံး၌ မသင်းထုံက ဟက်ခနဲ တစ်ချက်ရယ်မောလိုက်လေ၏။

'ဒီလက်နက်တွေက ဖန်တီးတီထွင်တတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အသုံးအဆောင်ပစ္စည်းတွေပဲ။ ဘယ်ကရရ ဘယ်လိုရရ ကိုယ့်လက်ထဲ ရောက်နေဖို့က အဓိကပဲ။ ဒါပေမဲ့ ကိုကျော်ခေါင်··ကျွန်မက ဒီလက်နက်တွေကို မသုံးပါဘူး။ ဒီ့ထက်ကောင်းတဲ့လက်နက်တွေ၊ ဒီထက်ပိုပြီး စိတ်ချရတဲ့ လက်နက်တွေ ကျွန်မမှာ အဆင်သင့်ရှိနေပြီးသားပဲ။ ဟင်း··ဟင်း··ဟင်း··ကျွန်မက အိမ်ရှင်တွေ မရှိဘဲနဲ့ တစ်ယောက်တည်း တစ်ကိုယ်တည်း နေရဲတာက ကျွန်မကိုယ်ကျွန်မ စိတ်ချနေလို့ပဲ ကိုကျော်ခေါင်။ ကျွန်မ အခုလိုပြောလိုက်တာ ကိုကျော်ခေါင် သိပ်ကိုအံ့ဩသွားမယ်လို့ထင်တယ်'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ။ ကျွန်တော် အရမ်းကို အံ့ဩသွားတယ်ဆိုတာ မငြင်းပါဘူး။ မှန်ပါတယ်'

'ဒီမယ် ကိုကျော်ခေါင်··ရှင် ဒီအိမ်ကြီးလာတဲ့ကိစ္စကို ကျွန်မ သိနေသလိုပဲ'

ကျော်ခေါင် တော်တော်ဖြုံသွားသည်။

'ကျွန်တော် ဘာကြောင့်လာတယ်ဆိုတာ မသင်းထုံ သိနေတယ်၊ ဟုတ်လား'

သူမက ခေါင်းကို ဆတ်ခနဲညိတ်ပြ၍ ပြုံးသည်။

'ဟုတ်တယ်၊ ကျွန်မ သိနေတယ်'

'ဒါဆို ကျွန်တော်လာတဲ့ကိစ္စကို မသင်းထုံ ပြောကြည့်စမ်းပါ'

'ရှင် အမှန်အတိုင်း ဖြေမယ်။ မလိမ်ဘူး၊ မညာဘူး မငြင်းဘူးဆိုရင်တော့ ကျွန်မ ပြောမယ်လေ'

'ဟုတ်ကဲ့၊ ကျွန်တော် အမှန်အတိုင်းပြောမယ်။ လုံးဝ မလိမ်ဘူး၊ မညာဘူး။ စိတ်ချ'

မသင်းထုံ ပြုံးလိုက်ပြန်၏။

သူမ၏ အပြုံးသည် အသက်မပါသကဲ့သို့ အေးစက်စက် နိုင်လွန်းလှသည်ဟု ကျော်ခေါင် ထင်သည်။

'ရှင် အမှန်အတိုင်းဖြေ၊ ကျွန်မကို မညာနဲ့။ ကျွန်မကလည်း ရှင် အမှန်အတိုင်းဖြေပြီးတာနဲ့ ကျွန်မလည်း အမှန်အတိုင်း ကျွန်မအကြောင်း ကိုကျော်ခေါင့်ကို ပြောပြမယ်။ ကဲ··ရှင် အရင်ပြော။ ဒီအိမ်ကြီးမှာ တစ်ညတာ မိုးခိုရစေဆိုပြီး ရှင်ရောက်လာပြီး ခွင့်တောင်းတာ ဘာအကြောင်းလဲ။ ပြော'

www.burmeseclassic.com

'ဟုတ်ကဲ့၊ ကျွန်တော်တို့ သူငယ်ချင်းတွေ အလောင်းအစားတစ်ခု လုပ်ထားကြပါတယ်။ အဲဒီအလောင်းအစားကြောင့် ဒီအိမ်ကြီးကို ကျွန်တော် ရောက်လာတာပါ'

'သိတယ်၊ ရိပ်မိတယ်။ အဲဒီအလောင်းအစားက ဘာအလောင်းအစားလဲ'

မသင်းထုံက မေးလိုက်သည်။

'ဒီရှေးဟောင်းအိမ်ကြီးအထဲမှာ တစ်ညအိပ်ပြီး မနက်လင်းတာနဲ့ ဒီအိမ်ကြီးထဲကနေပြီး ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာနဲ့ ပြန်ထွက်လာနိုင်ရင် ငွေတစ်သိန်းပေးမယ်ဆိုလို့ အဲဒီအလောင်းအစားကို ကျွန်တော် လက်ခံစိန်ခေါ်ပြီး အခုလို ရောက်လာတာပဲ မသင်းထုံ။ သူတို့အပြောကတော့ ဒီအိမ်ကြီးမှာ လူမနေရဲကြဘူးတဲ့။ နှစ်တစ်ရာကျော်က ရှေးအိမ်ကြီးလို့လည်းပြောတယ်။ နောက်တစ်ခုက ပိုထူးဆန်းတယ်'

ကျော်ခေါင်က စကားကို ရပ်ထားလိုက်ပြီး မသင်းထုံကို အကဲခတ်ကြည့်လိုက်သည်။

'ပိုထူးဆန်းတယ်ဆိုတာက ဘာလဲ။ ဘာကိုထူးဆန်းတယ်လို့ပြောတာလဲ ကိုကျော်ခေါင်'

မသင်းထုံက မေးလိုက်သည်။

'အဲ··အဲ··ဒီအိမ်ကြီးက ကနောင်မင်းသားကြီးရဲ့ ကြင်ရာတော် လှိုင်ထိပ်ခေါင်တင်မင်းသမီး ခေတ္တယာယီ နေသွားဖူးတဲ့ အိမ်ကြီးလို့ ပြောတယ်ခင်ဗျ'

မသင်းထုံ ကျော်ခေါင့်ကိုကြည့်ပြီး ပြုံးလိုက်ပြီး-

'ဖြစ်နိုင်ပါ့မလား ကိုကျော်ခေါင်၊ ကျွန်မဖြင့် ဒီအိမ်ကြီးမှာ နေလာခဲ့တာ ကြာပဲကြာလှပြီရှင်။ ကနောင်မင်းသားကြီးရဲ့ကြင်ရာတော် လှိုင်ထိပ်ခေါင်တင်မင်းသမီး နေတယ်လို့ မကြားမိပါဘူး။ ထားပါ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ အခု ကိုကျော်ခေါင်တို့ အလောင်းအစားကိစ္စကို ဆက်ပြောကြတာပေါ့။ ဒီအလောင်းအစားပွဲမှာ ကိုကျော်ခေါင် နိုင်မယ်လို့ ယုံကြည်လား'

မသင်းထုံက မေးလိုက်သည်။

'ကျွန်တော် နိုင်မယ်လို့ မထင်ဘူး'

'ဘာဖြစ်လို့လဲ ကိုကျော်ခေါင်'

'ခု အဲဒီအိမ်ကြီး၊ သြော်··အခု ကျွန်တော်ရောက်နေတဲ့အိမ်ကြီးမှာ မသင်းထုံ ရှိနေလို့ပါ။ ကျွန်တော်ကိုယ်တိုင်သိရှိထားခဲ့တာလည်း ဒီအိမ်ကြီးမှာ ဘယ်သူမှ မနေဘူး၊ လူမရှိဘူးလို့။ တစ္ဆေသရဲတွေနဲ့ ပရလောကသားတွေ ရှိနေတယ်လို့ သိထားခဲ့လို့ပါ မသင်းထုံ'

'ဟုတ်တယ်၊ အဲဒါ အမှန်ပဲ ကိုကျော်ခေါင်၊ ဒါပေမယ့် တော့ ကိုကျော်ခေါင် မလောင်းသင့်ဘူး။ အဲဒီအလောင်းအစားမှာ ကိုကျော်ခေါင် ရှုံးသွားခဲ့ပြီ။ ငွေတစ်သိန်းဆိုတာ ဒီခေတ်ကြီးမှာ ဘာမှသုံးစားလို့ မလုံလောက်ပါဘူးရှင်။ ဒါထက် ကိုကျော်ခေါင် ကျွန်မကို ဘယ်လိုမြင်လဲ'

'မသင်းထုံပဲ ပြောတယ်လေ။ မသင်းထုံက ဒီအိမ်ကြီးက အိမ်ဖော်ဆို။ ကျွန်တော် မြင်တယ်။ ဒါပဲ သိတယ်'

မသင်းထုံက ဟက်ခနဲ ရယ်မောလိုက်ပြီး ဆက်၍-

'ဒါက ကျွန်မပြောခဲ့တဲ့ စကားပဲ။ အတည်ပြောတယ်လို့ ရှင်က ယုံနေသလား။ ပြောစမ်းပါဦး'

'ဒါဆို မဟုတ်ဘူးပေါ့'

'မဟုတ်ပါဘူး'

'ဒါဖြင့် မသင်းထုံက ဘာလဲ'

'အိမ်ကြီးရှင်ပါ။ ဟောဒီ မဟာစံအိမ်တော်ကြီးကို ပိုင်ဆိုင်တဲ့ လှိုင်ထိပ်ခေါင်တင်ဆိုတာ ကျွန်မပါပဲ ကိုကျော်ခေါင်'

'ဟာဗျာ'

ကျော်ခေါင် ထိတ်လန့်စွာ အော်လိုက်၏။

'ဒါပေမဲ့ ကျွန်မက ကိုကျော်ခေါင်ပြောတဲ့ ကနောင်မင်းသားကြီးရဲ့ ကြင်ရာတော် လှိုင်ထိပ်ခေါင်တင် မင်းသမီးတော့ မဟုတ်ပါဘူး။ နာမည်လေး လှလို့ ကြိုက်လို့ ကိုယ့်ဘာသာကိုယ် နှစ်သက်လို့ မှည့်ထားတာပါ။ ဟင်း··ဟင်း··ဟင်း'

ကျော်ခေါင် ထိတ်လန့်စွာ မသင်းထုံ (ခေါ်) လှိုင်ထိပ်ခေါင်တင်မင်းသမီးလေး အမည်မှည့်သူကို သေသေချာချာ ကြည့်လိုက်၏။ ပြီးနောက် စားပွဲပေါ်တွင်ရှိနေသော ပန္နတ်ကို သေနတ်နှင့် ဓားမြှောင်တို့ကို ကြည့်လိုက်သည်။

'ကိုကျော်ခေါင် အဲဒီပစ္စတိုသေနတ်နဲ့ ဓားမြှောင်တို့ဟာ ဖယောင်းနဲ့ မိုလုပ်ထားတဲ့ သေနတ်နဲ့ ဓားပါ။ ဖယောင်းနဲ့ လုပ်ထားပေမယ့် အစစ်နဲ့မခြားဘူး။ ဒါပေမဲ့ အသုံးမဝင်ပါဘူး။ ကြိုးစားလည်း အချည်းနှီးပဲဖြစ်မယ်။ မယုံရင် ယူကြည့်လိုက်လေ'

ကျော်ခေါင် ယူကြည့်လိုက်သည်။ ပြီးနောက် ချိုး ကြည့်လိုက်သည်။ ဖျောက်ခနဲ ကျိုးပျက်သွားလေ၏။

'ကိုကျော်ခေါင် သိပ်ညဥ့်နက်သွားပြီ။ ကိုကျော်ခေါင် အိပ်ဖို့ ကျွန်မ အခန်းတစ်ခု ပြင်ဆင်ထားတယ် ဟောဟို

www.burmeseclassic.com

တွေ့ရတဲ့အခန်းပဲ ကိုကျော်ခေါင်။ အဲဒီအခန်းထဲ ဝင်အိပ်လိုက်ပါ။ ကျွန်မလည်း ကျွန်မအခန်းထဲ ဝင်အိပ်တော့မယ်။ ဪ··ဒါထက် ကိုကျော်ခေါင်ကို ကျွန်မ တစ်ခုပြောထားရဦးမယ်။ မနက်ကျရင် ကျွန်မအခန်းကို လာခဲ့ပါ။ ရှင့်ကို လက်ဆောင်ပစ္စည်းတစ်ခု ပေးလိုက်ချင်လို့'

သည်တွင် ကိုကျော်ခေါင်က ဆန္ဒစောပြီး-

'စပ်စုတယ်လို့တော့ မထင်ပါနဲ့ မသင်းထုံ။ ဘာလက်ဆောင်ပစ္စည်းများလဲဗျာ။ ကျွန်တော် ကြိုပြီးသိထားလို့ ရမလားခင်ဗျ'

'ရပါတယ်ရှင်၊ ရပါတယ်။ အဲဒီလက်ဆောင်ပစ္စည်းက လူသေကောင်တစ်ယောက်ရဲ့ လက်ဖျံရိုးတစ်ချောင်းပါ ကိုကျော်ခေါင်'

'ဗျာ'

'ဟုတ်တယ်။ သေသွားတဲ့ လူသေကောင်ရဲ့ လက်ဖျံရိုး တစ်ချောင်းပါ'

'ဒါ··ဒါဆို မသင်းထုံ··ခင်ဗျား ခင်ဗျားကရော'

'ကျတ်မတစ်ယောက်ပါ'

'ဗျာ··ကျတ်မ'

'ဟုတ်တယ်၊ ကျတ်မဆိုတာ သေပြီးတဲ့နောက် အခြားဘဝတစ်ခုမှာ ပရလောကသားအဖြစ်နဲ့ ဘဝတစ်ခု တည်ဆောက်နေရတဲ့ ဝိညာဉ်ကောင်တစ်မျိုးပေါ့ရှင်။ လူသားတွေကို အန္တရာယ်မပေးတတ်ပါဘူး။ ဒါပေမဲ့ ပျော်ချင်လို့ ခြောက်လှန့်တာမျိုး။ လူတွေ ထင်ယောင်ဝိုးဝါးဖြစ်အောင် လှည့်စားတတ်တဲ့ မာယာမျိုး။ အဲဒီလောက်တော့ ကျွင့်သုံးပြုမူတတ်တဲ့ညာဉ်တော့ ရှိတယ်ရှင့်။ ရှင် အခု လောင်းကြေးကစားနည်းမှာ ရှုံးသွားပြီဖြစ်တဲ့အတွက် ရှင် မနစ်နာအောင် ကျွန်မ ကူညီပါ့မယ်။ အဲဒီရှင့်အနိုင်က ရှင့်အစွမ်းအစနဲ့နိုင်တဲ့ အနိုင်မျိုး မဟုတ်ဘူးနော်။ ကျွန်မ ကူညီလို့ နိုင်တဲ့ အနိုင်လို့ ရှင် နားလည်ရမယ်။ လူဆိုတာ နိုးနေရင် ကြောက်စိတ်ဝင်တတ်တယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီဆိုရင်တော့ ဘာကြောက်စိတ်မှလည်း မရှိတော့ဘူး။ ဘာအန္တရာယ်ကိုမှလည်း မကြောက်တော့ဘူး။ အဲဒီတော့ ရှင့်ကို မနက်မိုးလင်းတဲ့အထိ အိပ်ပျော်သွားအောင် လုပ်ပေးလိုက်မယ်။ မနက်ကျတော့ ကျွန်မပြောခဲ့သလို ကျွန်မအခန်းထဲကို ဝင်လာခဲ့ပါ။ ပြီးရင် ခေါင်းတလားပေါ်က လူသေကောင်ရဲ့ လက်ဖျံရိုးကို ယူသွားပါ။ အလောင်းအစား လုပ်ထားကြတဲ့ ရှင်နဲ့ လောင်းဖော်လောင်းဖက် သူငယ်ချင်းတွေ



ယုံကြည်သွားအောင် အဲဒီလူသေကောင်ရဲ့ လက်ဖျံရိုးကို ပြလိုက်ပါ။ အဲဒါ ရှင့်ရဲ့သက်သေခံ၊ ကျွန်မရဲ့ လက်ဆောင် ပစ္စည်းပဲ။ ကဲ··အခန်းထဲ ဝင်အိပ်တော့'ဟု ဆိုကာ ကျော် ခေါင်ရဲ့မျက်နှာကို လက်ဝါးနှင့်အုပ်၍ မသင်းထုံက ပြော လိုက်ရာ တစ်ခဏချင်း စိတ်တွေ ပြောင်းလဲ၍သွားပြီးလျှင် တဝါးဝါးသမ်းလျက် မျက်တောင်များ စင်းကျလာလေ တော့၏။

အခန်းထဲ ဘယ်လိုရောက်သွားမှန်းပင် မသိ။

ခုတင်ပေါ် ဘယ်လိုရောက်သွားမှန်းပင် မသိ။

ဘယ်အထိကြာအောင် အိပ်ပျော်သွားမှန်းလည်း မသိ။

မနက်လင်းတော့ ကျော်ခေါင်တစ်ယောက် သချိုင်း ကုန်းတစ်ခု၏ အုတ်ဂူတစ်ခုပေါ်တွင် အိပ်လျက်သား ဖြစ် နေသည်ကို သတိထားလိုက်မိလေ၏။ ကျော်ခေါင်၏ လက် တွင်း၌လည်း ဆုပ်ကိုင်လျက်သား လူသေကောင်တစ် ယောက်၏ လက်ဖျံရိုးတစ်ချောင်းကို တွေ့ရလေ၏။

အိပ်မက်လား၊ တကယ်လားပင် ကျော်ခေါင် မတွေး တတ်တော့ပေ။ လောင်းကြေးထပ်ထားကြသော သူငယ် ချင်းများကို ဤကိုင်ထားသော လူသေကောင်၏ လက်ဖျံ ရိုးကိုပြပြီး ငါနိုင်ပြီဟု ပြောရုံမှတစ်ပါး အခြားမျှတော့

ဒါရိုက်တာမျိုးဇော်အောင်

www.burmeseclassic.com

www.burmeseclassic.com




(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

# ရှမ်းဆရာ ဦးစိုင်းငွေးလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

**ဆရာနှင့်တွေ့ချိန် - နေ့စဉ် (တနင်္လာနေ့မှအပ)**

**နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ**

အမှတ်-၄၀၇၊ လော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၇၃၀ ၇၂၉၇၀





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

**ဝှက်ယူစရာ ချစ်စရာရိုးရာများ**

မွန်လူမျိုးအများစု နေထိုင်ကြတဲ့ ကျေးရွာတွေမှာ ချစ်စရာ၊ အတုယူစရာကောင်းတဲ့ ရိုးရာဓလေ့တွေ အများအပြားရှိကြပါတယ်။ သည်နေ့အထိ မွန်လူမျိုးတွေမှာ ရှိနေသေးတာ ဘိုးဘွားမိဘတွေက သွန်သင်ခဲ့တာမို့ ဒီနေ့တိုင် တည်မြဲနေတာပါ။

မြန်မာနိုင်ငံဆိုတာ ဗုဒ္ဓဘာသာဝင် မြန်မာ၊ မွန်၊ ကရင်၊ ရှမ်း၊ ရခိုင်၊ ကယားတို့က အများစုဗုဒ္ဓဘာသာဝင်တွေပါ။ ကချင်၊ ချင်း စတဲ့ တိုင်းရင်းသားတွေမှာလည်း ဗုဒ္ဓဘာသာဝင်တွေရှိပေမယ့် နည်းပါတယ်။ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ကြတာမို့ ဗုဒ္ဓဘာသာနိုင်ငံလို့လည်း ပြောကြပါတယ်။

သည်မှာ ဗုဒ္ဓဘာသာကို လေးလေးစားစား ကိုးကွယ်ကြတာ မွန်တွေဆိုတာ မမှားပါဘူး။ မွန်ပြည်နယ်မှာ နေထိုင်သူမို့ မွန်လူမျိုးတွေ၊ ဗုဒ္ဓဘာသာအလေးထားမှုကို နေ့စဉ်တွေ့မြင်နေရတာမို့လည်း ကျွန်ုပ်ပြောတာပါ။

ရှမ်း၊ ရခိုင် စတဲ့နယ်တွေကို မရောက်ဖူးသေးလို့ သူတို့ရဲ့ ရိုသေလေးစားမှုတွေကို မသိရပေမယ့် မွန်ပြည်နယ်က မွန်တွေကတော့ ရိုသေမှုများတာကို တွေ့နေရတာပါ။ မွန်နဲ့စာရင် မွန်ပြည်နယ်နဲ့ နီးစပ်နေတဲ့ ကရင်ပြည်နယ်မှာတောင် ဗုဒ္ဓဘာသာကို မွန်တွေလောက် လေးနက်မှုမရှိတာကို တွေ့ရတာပါ။ မွန်တွေရဲ့ ရိုသေလေးစားမှုကို လေ့လာကြည့်ရအောင်။



ကျွန်ုပ်နေထိုင်တဲ့ကျွန်းမှာ ကရင်ရွာ နှစ်ရွာ၊ သုံးရွာလောက် ရှိပါတယ်။ သူတို့ကတော့ မွန်တွေနဲ့ နီးနီးကပ်ကပ် နေလို့လားတော့ မသိပါဘူး၊ မွန်တွေ လေးစားသလို သူတို့လည်း လေးစားကြရတယ်။ ဒါက အတုမြင် အတတ်သင်တာလို့ပဲ ဆိုရမှာပါ။ သူတို့ဘာသာ တသီးတခြားနေကြမယ်ဆို ဒီလိုရိုသေနိုင်ချင်မှ ရိုသေကြမှာပါ။

မွန်လူမျိုးတွေက ဗုဒ္ဓဘာသာတရားကို သက်ဝင်ယုံကြည်ကြသလို ရဟန်းသံဃာတော်တွေကိုလည်း ရိုသေလေးစားကြပါတယ်။ ရိုသေလေးစားတယ် ဆိုတာနဲ့စာရင် တော်တော်လေးကို ရိုသေကြတာ တွေ့ရတာပါ။

ရဟန်းသံဃာတော်တွေ သာရေးနာရေးကိစ္စရှိလို့ ရွာထဲဆင်းပြီဆို မွန်မိန်းမကြီး၊ မိန်းကလေးရွယ် အငယ်တွေက ခပ်လှမ်းလှမ်းက တွေ့တယ်ဆိုတာနဲ့ စီးထားတဲ့ဖိနပ်ကိုချွတ်ပြီး ရောက်နေတဲ့နေရာမှာပဲ ဆောင့်ကြောင့်ထိုင်ချပြီး လက်အုပ်လေး ချီထားကြတာပါ။ ရဟန်းသံဃာတော်တွေ လွန်သွားမှ လိုရာခရီးကို သွားကြတာပါ။ တချို့ မိန်းမကြီး၊ မိန်းကလေးငယ်ဆို ခေါင်းပေါ်မှာ တောင်းပလုံးအလေးကြီး ရွက်ထားကြလည်း ထိုင်ပြီး ရိုသေသမှုပြုကြတာပါပဲ။

ယောကျ်ားလေးတွေဆို ရောက်တဲ့အရပ်မှာ ဖိနပ်ချွတ်၊

www.burmeseclassic.com

မတ်တတ်ပဲ လက်အုပ်ချီပြီး ရပ်နေလိုက်ကြတယ်။ ဆိုင်ကယ်၊ စက်ဘီးစီး လာသူဆိုလည်း စက်ဘီး၊ ဆိုင်ကယ်ပေါ်က ဆင်းပြီး ဆောင့်ကြောင့်ထိုင် အရိုအသေပေးကြတာပါ။

နောက် ဝါတွင်းလေးလ လပြည့်၊ ရှစ်ရက်၊ လကွယ်တွေရောက်တိုင်း မိမိတို့ကိုးကွယ်တဲ့ ဘုန်းတော်ကြီးကျောင်းကို နေကောင်းသူတွေ ယောက်ျားကြီး၊ ငယ်၊ လတ်၊ မိန်းမကြီး၊ လတ်၊ ငယ်အကုန် ကျောင်းလာပြီး သီလယူ၊ တရားနာကြ။ ဆရာတော် ဆုံးမတာကို နာယူကြတာပါ။

အိမ်မှာကျန်ခဲ့တဲ့ သက်ကြီးရွယ်အို ရောဂါသည်တွေကိုလည်း သီလဆင်းပေးပါရန် ကျောင်းမှ ဆရာတော်ကို လာလျှောက်ထားကြပါတယ်။ ဆရာတော်က သင့်တဲ့ ဦးပဉ္စင်းကို လွှတ်လေ့ရှိပါတယ်။ ဒါ မွန်ဗုဒ္ဓဘာသာဝင်လူမျိုးတွေရဲ့ ချစ်စရာ၊ ဂုဏ်ယူစရာ ရိုးရာစရိုက်တွေပါ။ နှစ်ပေါင်းရာထောင်ချီ ရှိနေပါပြီ။ နောင် မြေး၊ မြစ်၊ တီ၊ ကျွတ်တွေထိ လက်ဆင့်ကမ်းနေဦးမှာပါ။

သည်လို ဝါတွင်းလပြည့်၊လကွယ် ရှစ်ရက် သီလယူတဲ့နေ့တွေမှာ ကျောင်း၊ ဇရပ်တွေမှာ ညအိပ်ကြတဲ့ အဘိုးအဘွားတွေ ရှိကြပါတယ်။ သည်အဘိုး၊အဘွားတွေကို အိမ်ကသားသမီး မြေးတွေက နောက်နေ့ ဥပုသ်ထွက်ချိန် အရုဏ်ဆွမ်းပို့ပြီး လှူဒါန်းကြတာ ကြည်နူးမုဒိတာပွားစရာတွေပါ။ သည်အဘိုး၊အဘွားတွေအပြင် ကျောင်းရှိ သံဃာတော်အားလုံးပါ လှူဒါန်းကျွေးမွေးကြတော့ သူတို့မှာ ပိုလို့ကုသိုလ်ရကြတာပါ။

ဒါကို တစ်ဝါတွင်းလုံး တစ်ဦးတစ်ယောက်ကဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ တစ်ပတ် တစ်ဦးကဖြစ်စေ လှူဒါန်းကြတာပါ။ သည်လှူဒါန်းမှုကို ဝါထွက်တဲ့သီတင်းကျွတ်လပြည့်နေ့အထိ ကုသိုလ်ပွားကြပါတယ်။

ကျွန်ုပ်တို့နေထိုင်တဲ့ ကျွန်းပေါ်မှာ ဘယ်မွန်ရွာတွေနဲ့မှ မတူတဲ့ စုပေါင်းဘုရားပွဲ ကျင်းပပါတယ်။ ဒါက တန်ခူးလ တစ်လလုံး ကျင်းပပြီး တစ်နေ့ကို တစ်ရွာ၊နှစ်ရွာ ဘုရားပွဲကျင်းပကြတယ်။

ကိုယ့်ရွာ ဘုရားပွဲနေ့ဆို အကြိုနေ့ကတည်းက အိမ်တိုင်း ချက်ကြပြုတ်ကြနဲ့ အလုပ်များကြပါပြီ။ ဘုရားပွဲနေ့ကျရင်တော့ ဘုရားပွဲလာကြတဲ့ ဧည့်ပရိသတ်တွေကို သိသိမသိသိ ခေါ်ယူကျွေးမွေးကြတာပါ။

ညနေပိုင်း ဧည့်သည်စဲသွားတဲ့အခါ ငါ့အိမ်က ဆန်ငါးပြည်ကုန်တယ်၊ သူ့အိမ်ကတော့ ဆန်(၇)ပြည်ကုန်တယ် ပြောပြီး ကျွေးမွေးလှူဒါန်းပြီး ပျော်နေကြတာပါ။ သည်လိုမျိုး ဘယ်ဒေသတွေမှာမှ ရှိမယ်မထင်ပါဘူးနော်။ ဒါ ကျွန်ုပ်တို့ကျွန်းရဲ့ ရှေးရှေးကတည်းက ထူးခြားတဲ့ အလှူဒါနတစ်ခုပါ။

## နွားအုပ်စုကွဲတော့ ကျားလာဆွဲတာပေါ့

ဂုန်းဘောင်မင်းကို ထူထောင်ခဲ့တဲ့ အလောင်းဘုရားဦးအောင်ဇေယျဟာ တတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့ပြီး စည်းစည်းလုံးလုံး ရှိခဲ့ပေမယ့် နောင်တော်ကြီးမင်းနောက်ပိုင်းမင်းတွေရဲ့ ညံ့ဖျင်းမှု၊ ငါ့မိသားစု ကောင်းစားမှုတွေကိုသာ လုပ်ဆောင်လာကြလို့ အင်္ဂလိပ်နယ်ချဲ့တို့က နည်းမျိုးစုံနဲ့ တိုက်ခိုက်သိမ်းယူခဲ့လို့ အောက်မြန်မာနိုင်ငံ တနင်္သာရီနဲ့ ရခိုင်တို့ကို မြန်မာတွေ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။

ဒါကို မကျေနပ်သေးတဲ့ အင်္ဂလိပ်နယ်ချဲ့တွေက သယံဇာတပေါကြွယ်ဝတဲ့ မြန်မာနိုင်ငံအားလုံးကို သိမ်းယူနိုင်ဖို့ အကောက်ကြံနေသလို မြန်မာအချင်းချင်း သွေးခွဲနေကြတယ်။ တစ်ဦးတစ်ယောက် ကောင်းစားရေးအတွက် အရည်အချင်းရှိတဲ့ မင်းသား(၄၀)ကျော်သတ်ပြီး နန်းတက်လာတဲ့ သီပေါဘုရင်လက်ထက်မှာ တိုင်းပြည်ပိုလို့လှုပ်လာတော့တယ်။

ဝါးအစည်းပြေသလိုဖြစ်နေတဲ့ မြန်မာနိုင်ငံမှာ ဝန်ကြီးတွေကလည်း အုပ်စုဖွဲ့ပြီး တစ်ယောက်ကိုတစ်ယောက် ချောက်ချဖို့ ကြံစည်နေကြပေမယ့် တိုင်းရင်းသားညီနောင်ဖွားတွေနဲ့ သူ့ကျွန်မခံလိုကြတဲ့ ပြည်သူတွေကလည်း နယ်ချဲ့ကို တော်လှန်ဖို့ စုရုံးနေကြတယ်။ သည်ကြားထဲ အမျိုးချစ်စိတ် မရှိသူတွေကလည်း ဖျာခင်းချင်ကြ။

အုပ်ချုပ်မှု၊ ဦးဆောင်မှု ညံ့ဖျင်းတဲ့ သီပေါမင်းနဲ့ မင်းတိုနိုင်တဲ့ စုဖုရားလတ်တို့ကြောင့်လည်း မြန်မာနိုင်ငံ တိုင်းတစ်ပါးလက်အောက် လွယ်လွယ်နဲ့ ရောက်သွားရတာပါ။ အင်္ဂလိပ်လက်အောက် ရောက်သွားတဲ့ မြန်မာနိုင်ငံကို ကယ်တင်နိုင်ဖို့ တော်လှန်ခဲ့ကြပေမယ့် လက်နက်ချင်း မယှဉ်သာလို့ အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့ရတော့တယ်။

အင်္ဂလိပ်တွေလက်အောက် ရောက်သွားတဲ့ မြို့ရွာတွေမှာ အင်္ဂလိပ်တို့ ခေါ်ဆောင်လာတဲ့ အိန္ဒိယတိုင်းသားများအပြင် တရုတ်ပြည်မှာ ငတ်မွတ်နေလို့ ခိုးဝင်လာတဲ့ တရုတ်လူမျိုး၊ ယိုးဒယားရှမ်းလူမျိုးတို့ပါ ဝင်ရောက်လာကြတယ်။

သည်လိုလူမျိုးစုံ ကျွန်ုပ်တို့မြန်မာမြေကို လာရောက်အခြေချတဲ့ လူမျိုးတွေထဲမှာ အိန္ဒိယလူမျိုးစုံ အများဆုံးပါ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့အခေါ် ငွေတိုးချေးစားတဲ့ ချစ်တီးကုလားတွေ၊ အလုပ်မျိုးစုံ လုပ်ကိုင်ကြတဲ့ ဆင်းရဲသား လယ်ကုလားတွေ၊ ကုန်သည်လုပ်ကိုင်ကြတဲ့ ဟိန္ဒူကုလားတွေ၊ ဝေဒပညာနဲ့ လုပ်ကိုင်စားကြတဲ့ ပုဏ္ဏားလူမျိုးတွေအစုံ ကျွန်ုပ်တို့ ကျွန်းပေါ်ကိုပါ ရောက်လာကြပြီး လုပ်ကိုင်စားကြတယ်လို့ ကျွန်ုပ်အဖေက ကျွန်ုပ်ကို ငယ်ငယ်ကတည်းက ပြောပြခဲ့လို့ သိလာရတာပါ။

ပုဏ္ဏားလူမျိုးတွေက မြန်မာမင်းတွေ လက်ထက်ကတည်းက နန်းတော်ထဲ ရောက်နေကြပါပြီ။

**နန္ဒာသီရိတို့မိသားစု**

အိန္ဒိယလူမျိုးများကို ရှေးတုန်းက ဇာတ်အမျိုးလေးပါးနဲ့ ခွဲခြားထားတာကို ကျွန်ုပ် ကျမ်းစာတွေမှာ ဖတ်ခဲ့ရဖူးပါတယ်။ ဒါတွေကတော့ ဗြာဟ္မဏ၊ ခတ္တိယ၊ ဝဿ၊ သုဒ္ဒိယတို့ပါပဲ။ ဗြာဟ္မဏမှာ ပုဏ္ဏားလူမျိုးတွေဖြစ်ပြီး ခတ္တိယက မင်းမျိုးတွေဖြစ်ကာ ဝဿကတော့ ကုန်သည်လူမျိုးတွေပါ။ သုဒ္ဒိယလူမျိုးကတော့ အနိမ့်ဆုံးကုလားလူမျိုးတွေ ဖြစ်ကြပါတယ်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံထဲကို ရောက်လာကြတဲ့ ကုလားတွေက များလွန်းလို့ လူမျိုးအရ ဇာတ်မခွဲခြားနိုင်ကြဘဲ အလွယ်ပဲ ခေါ်ကြပါတယ်။ ဗေဒင်တွက်စားသူကို ပုဏ္ဏားလူမျိုး၊ ကုန်သည်သူဌေးတွေလုပ်ကြတဲ့ ဟိန္ဒူကုလားလူမျိုး၊ လယ်ကူလီ၊ ကုန်ထမ်း၊ အလုပ်ကြမ်းမှန်သမျှ မနားမနေလုပ်ကြတဲ့ ကလယ်ကုလားလူမျိုး မြန်မာလယ်သမားတွေကို ငွေတိုးချေးစားပြီး အတိုးပေါ် အတိုးဆင့်လို့ လယ်သိမ်း၊ အိမ်သိမ်း၊ နွားသိမ်း၊ နောက်ဆုံး သမီးပျိုတွေပါ သိမ်းတဲ့ ချစ်တီးကုလားလူမျိုးတို့ပါပဲ။

အထက်မြန်မာနိုင်ငံ မန္တလေးနေပြည်တော်မှာ မင်းတုန်းမင်းကြီး နတ်ရွာစံခါနီး မင်းတုန်းမင်းကြီးရဲ့ သားတော်ကြီးငယ် လေးဆယ်ကျော်ကို ရှင်ဖြူရှင်မိဖုရားနဲ့ လူမိုက်အမတ်အချို့ပေါင်းပြီး လူသတ်ပွဲကြီး လုပ်ခဲ့ကြလို့ အသတ်ခံကြရတဲ့ မင်းသား၊ မင်းသမီးတွေရဲ့ အိမ်တော်ပါ လက်စွဲကျွန်ယုံတွေပါ ရရာအထုပ်ဆွဲပြီး ဘေးလွတ်ရာ အောက်ပြည်အောက်ရွာကို ပြေးလာကြတဲ့အထဲမှာ နန္ဒာသီရိနဲ့ သူ့သမီးလေးတစ်ယောက် ပါလာတယ်လို့ အဖေပြောခဲ့သေးတယ်။

အောက်ပါအဖြစ်အပျက်တွေက ကိုပြူးအဘိုး ဦးသာဒွန်း သူ့မြေးကိုပြူးကို ကြုံရင်ကြုံသလို ပြောပြခဲ့တဲ့ အဖြစ်အပျက်တွေပါပဲ။ ကိုပြူးပြောပြတဲ့အတိုင်း ပြန်လည်ရေးသားလိုက်ရပါတယ်။

နန္ဒာသီရိပုဏ္ဏားက မထင်ရှားတဲ့ မင်းသားငယ်တစ်ပါးထံမှာ ခစားအကြံပေးနေတဲ့ ပုဏ္ဏားလူရွယ်တစ်ဦးပါ။ နက္ခတ်၊ ဗေဒင်ပညာကိုလည်း တတ်ကျွမ်းသူဖြစ်လို့ မင်းသားငယ်က အရေးပေးတာကိုလည်း ခံရသူတစ်ဦးပါ။

အသတ်ခံလိုက်ရတဲ့အထဲမှာ မင်းသားငယ်လည်း ပါသွားတော့ နန္ဒာသီရိမိသားစုလည်း အသက်ဘေးက လွတ်ဖို့ ရုပ်ဖျက်ပြီး ရန်ကုန်ကို ပထမရောက်သွားတယ်။ ရန်ကုန်မှာ နန္ဒာသီရိဇနီး ပုဏ္ဏေးမကွယ်လွန်သွားလို့ နန္ဒာသီရိနဲ့ သမီးလေးတစ်ဦးသာ ရှိကြတော့တယ်။

ရန်ကုန်မှာလည်း မန္တလေးနေပြည်တော်က သူလျှို၊ ဒလံတွေ ခြေချင်းလိမ်နေလို့ နန္ဒာသီရိ ကြောက်ရွံ့ပြီး မနေရဲတော့ဘဲ သမီးလေးလက်ဆွဲကာ မော်လမြိုင်ဘက်ကို ဆင်းလာပြီး ထိုမှတစ်ဆင့် နေပြည်တော်မှ အရောက်အပေါက်နည်းတဲ့ ဘီလူးကျွန်းမှာလာပြီး အခြေချလာတာလို့ နန္ဒာသီရိပြောပြလို့ ကိုသာဒွန်းသိရတယ်။ သည်ကျွန်းမှာ အခြေလာချတော့ နေပြည်တော်က တော်ရုံမသိတော့ဘူးပေါ့။

အစ်ကိုနန္ဒာသီရိက အသက်(၄၀)လောက်သာ ရှိသေးပြီး လူမှန်တစ်ယောက်ဖြစ်တယ်။ ဆယ့်နှစ်နှစ်ကျော် သမီးလေးတစ်ယောက်နဲ့ ဘီလူးကျွန်းရွာတွေကိုသွားပြီး ဗေဒင်၊ လက္ခဏာဟောပြောရင်း အိမ်ခြေရာခြေမရှိတော့ မိုးချုပ်သွားရင် ရောက်တဲ့ရွာမှာရှိတဲ့ ဆွမ်းလောင်းဇရပ်(သာလာယံဇရပ်)မှာပဲ ရပ်ရွာလူကြီးတွေကို အသနားမေတ္တာရပ်ခံပြီး ပါလာတဲ့ အိုးခွက်နဲ့ ချက်ပြုတ်စားပြီး မနက်လင်းတော့ သန့်ရှင်းရေးလုပ်ပေးကာ တခြားရွာကို ထွက်ခွာပြီး ဗေဒင်ဟောပြောပေးရင်းနဲ့ နိုင်သာဒွန်းတို့ နေထိုင်တဲ့ရွာကို ရောက်ရှိလာတယ်။

ဗေဒင်ဟောပြောပေးရင်း နိုင်သာဒွန်းနဲ့ နိုင်သာဒွန်းတို့ အဖေ နိုင်သာဒင်တို့နဲ့ ရင်းနှီးသွားပြီး နိုင်သာဒွန်းနဲ့က ညီအစ်ကိုလို ခင်မင်သွားကာ နိုင်သာဒွန်းရဲ့ အကူအညီပေးမှုကြောင့် နိုင်သာဒွန်းတို့ လယ်စပ်မှာ တဲကလေးတစ်လုံး ထိုးပေးပြီး နေစေလို့ နန္ဒာသီရိတို့ သည်ရွာမှာ အခြေချဖြစ်သွားတော့တယ်။ နိုင်သာဒွန်းက သည်အချိန်မှာ အသက်နှစ်ဆယ်ကျော် သမီးလေးတစ်ယောက်အဖေ၊ သူ့ချစ်သူ မိဖွားချမ်းနဲ့ ရခါစလေးမို့ တစ်ယောက်ကိုတစ်ယောက် ချစ်မဝသေးတဲ့ အချိန်ပါ။

www.burmeseclassic.com

www.burmeseclassic.com

နန္ဒာသီရိပုဏ္ဏားကို နိုင်သာဒွန်းတို့ပိုင်တဲ့ ခြံကျယ်ကြီးထောင့်မှာ နေခိုင်းပေမယ့် သူတို့အကျင့်နဲ့ ခက်တယ်ဆိုပြီး လယ်စပ်မှာပဲ တဲထိုးပြီး နေထိုင်ကြတယ်။ မင်းသာဒွန်းအဖေနဲ့ နန္ဒာသီရိတို့က အသက်မတိမ်းမယိမ်းမို့ ဦးသာဒင်ကို အစ်ကိုလို့ပဲ ခေါ်ပါတယ်။ မင်းသာဒွန်းကိုတော့ ညီတစ်ယောက်လိုချစ်ခင်ပြီး မပီကလာပီကလာနဲ့ ညီရေ‥ညီရေနဲ့ ပါးစပ်ကကို မချလို့ မောင်သာဒွန်းက ရယ်နေရသေးတယ်။

အစ်ကိုနန္ဒာသီရိက ပုဏ္ဏားလူမျိုးဖြစ်တာကြောင့် သူတို့ရဲ့ မိရိုးဖလာပညာဖြစ်တဲ့ နက္ခတ်၊ ဗေဒင်ပညာကို တတ်ကျွမ်းပါတယ်။ ဒါကြောင့်လည်း သူတို့နှစ်ယောက်ရဲ့ စားဝတ်နေရေးကို ဗေဒင်ပညာဟောပြောတာနဲ့ ပြေလည်ကြတယ်။ ကျွန်းအနှံ့ ထီးတစ်ချောင်းအားကိုးပြီး လိုက်ဟောတာရယ်။ ဟောပြောတာကလည်း မှန်ကန်တာမို့ ကျွန်းပေါ်ကလူတွေက ချစ်ခင်ကြသလို အစ်ကိုနန္ဒာသီရိကလည်း ငွေရေးကြေးရေးရော ပညာနဲ့ရော အကူအညီပေးပါတယ်။ နန္ဒာသီရိကလည်း သူတို့နှစ်ဦးရဲ့ ထမင်းရှင်တွေကို ပြန်ပြီး ကျေးဇူးတင်နေတာပါပဲ။

ကျွန်ုပ်တို့ မြန်မာလူမျိုးမှာ စကားပုံတစ်ခု ရှိတယ်လေ။ အားလုံးလည်း သိကြပါတယ်။ တရုတ်လိုရှာ ကုလားလိုစု ဗမာလို မဖြုန်းနဲ့ဆိုတာ ကုလားလိုစုဆိုတဲ့ စကားအတိုင်း အစ်ကိုနန္ဒာသီရိ ဆယ်နှစ်လောက် ကြိုးစားရှာဖွေတယ်။ ထမင်းစားတော့လည်း ကုလားဆင်းရဲသားတွေ စားကြသလို ထမင်းကို ရေဆမ်းပြီး ဆားနဲ့ ငရုတ်သီးစိမ်းလေးကို ကိုက်စားပြီး စုဆောင်းခဲ့လို့ လယ်ဧက(၁၅)ဧက ဝယ်ယူနိုင်ခဲ့တယ်။ နန္ဒာသီရိ ညီလိုချစ်တဲ့ ကိုသာဒွန်းကလည်း အစစအရာရာ ကူညီပေးတာလည်း ပါပါတယ်။

ပုဏ္ဏားလူမျိုးတွေရဲ့ စည်းကမ်းအတိုင်း သူတို့နေတဲ့ အိမ်ကို တော်ရုံဧည့်သည် လာလည်လို့မရသလို ထမင်းချက်တဲ့ နေရာမှာလည်း စည်းတားထားတာဆိုတော့ သည်စည်းဝိုင်းထဲကိုလည်း ဘယ်သူမှ ဝင်လို့မရပါဘူး။ မသိလို့ သူတို့မတွေ့လို့ ဝင်လာမိရင်လည်း ချက်လက်စထမင်းကို မစားတော့ဘဲ သွန်ပစ်တာ ရပ်ကွက်ကလူတွေသိထားလို့ ဘယ်သူမှ မလာကြပါဘူး။ အရေးအကြောင်းရှိလို့ စကားပြောချင်ရင်လည်း လယ်စပ်က လှမ်းခေါ်ပြီး ပြောကြတာပါ။ ကိုသာဒွန်းတို့ မိသားစုကိုတော့ ခြွင်းချက်ခွင့်လွှတ်ထားပါတယ်။

နန္ဒာသီရိ လယ်ပိုင်ရှင်ဖြစ်သွားပေမယ့် သူတတ်ထားတဲ့ ပညာကိုတော့ လက်မလွှတ်ပါဘူး။ ဒိုတီကို ခါးတောင်းကျိုက်၊ ပိတ်ဖြူစကို လက်ကန်တော့ထိုးပြီး သစ်သားဖဲထီးခေါက်ကိုဆောင်းကာ မိုးရွာရွာ နေပူပူ နှင်းကျကျ ကျွန်းတစ်ကျွန်းလုံးပတ်ပြီး ကျွန်းသူကျွန်းသားတွေရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ကို သူတတ်တဲ့ပညာနဲ့ ဖြေရှင်းပေးနေတာပါ။ နှာစေးချောင်းဆိုးလောက်ရုံနဲ့ အိမ်မှာနားနေလေ့မရှိတာ နန္ဒာသီရိရဲ့ စေတနာလို့ ဆိုရမှာပါ။

နန္ဒာသီရိက လူကြီးသူမတွေ ကိုယ်ခွဲမရှိသူတွေ၊ ဆင်းရဲနွမ်းပါးတဲ့ အဘိုး,အဘွားတွေ ဟောခိုင်းရင် ပညာကြေးမယူတဲ့အပြင် တကယ့်တကယ် ဆင်းရဲသူ လူကြီးသူမတွေကို ငွေရေးကြေးရေးတောင် ကူညီခဲ့ပါသေးတယ်။

အခုဆို အစ်ကိုနန္ဒာသီရိရဲ့သမီးလေး ဥမ္မာဒေဝီလေးလည်း (၂၂)နှစ်ထဲ ရောက်လာပြီမို့ မြန်မာရည်အတော်လေးလည်နေပါပြီ။ ရွာထဲက မိန်းမပျိုလေးတွေနဲ့လည်း အဖွဲ့ကျနေပါပြီ။ သည်အချိန်မှာ မန္တလေးက သူတို့နဲ့ အမျိုးတော်ပြီး အသက်(၂၅)နှစ်အရွယ်လောက်ရှိတဲ့ ပုဏ္ဏားလုလင်ပျိုတစ်ဦး ရောက်လာပြီး ဥမ္မာဒေဝီနဲ့ လက်ထပ်ကာ အကူဝ ပ်ကိုင်စားသောက်နေတယ်။

သူတို့ဇနီးမောင်နှံရဲ့အချစ်က ရွာမှာရှိတဲ့ ကာလသားပျိုသမီးပျိုများတောင် မျက်စိနောက်လောက်ပါတယ်။ ဥမ္မာဒေဝီရဲ့ နှုတ်ဖျားက မပီကလာ အားကို‥အားကိုဆိုတာ ပါးစပ်က မချသလို အလုပ်ကိုလည်း မပြတ်အောင် ခိုင်းတာပါ။ ဥမ္မာဒေဝီရဲ့ ချစ်လင်က သူမနဲ့ အစ်ကိုနှစ်ဝမ်းကွဲတော်တယ်လို့ သိရပြီး အမည်က ရန်ကန္တားကုမ္မာဆိုပေမယ့် ရွာကာလသား ကာလသမီးတွေက နာမည်ရင်းကို မခေါ်ကြဘဲ မရမ်းပြားနံ့ချာလို့သာ ခေါ်ကြတာပါ။

ခေါ်လည်း ခေါ်ထိုက်ပါတယ်။ မန္တလေးသား ပုဏ္ဏားမျိုးလို့သာဆိုတယ်။ နံ့ချာတဲ့နေရာမှာ နှစ်ယောက်မရှိပါဘူး။ ဥမ္မာဒေဝီ ရှေ့မဆောင်ရင် ဘာမှမလုပ်တတ်သူပါ။ နက္ခတ်ဗေဒင်ပညာဆို လုံးဝတောင်မတတ်တဲ့ ပုဏ္ဏားမျိုးပါ။ အောင်၊ စံ၊ ဖြိုး ရေချိုးဆိုတာမသိ။ (က၊ ခ၊ ဂ၊ ဃ၊ င)နေ့နံလည်း မသိတဲ့ ပုဏ္ဏားလူနံ့တစ်ဦးပါ။ ဥမ္မာဒေဝီ ခိုင်းရင်တော့ သေချင်သေပါစေ၊ ခိုင်းတော့သက်ဝေ ဆိုတဲ့ လူစားပါ။ သည်လိုနဲ့ သူတို့အိမ်ထောင်ရေးမှာ နှစ်နှစ်ခြားသား ယောက်ျားလေးနှစ်ယောက် ရလာတယ်။

အကြီးကို ဒေဝကုမ္မာ၊ အငယ်ကို ပညာကု... နာမည်ပေးထားတယ်။ သူတို့အဘိုးက သူ့မြေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ကို ဗေဒင်တွက်ကြည့်တော့ အကြီးက ဒေါသကြီးပြီး မဟုတ်မခံစိတ်ရှိတယ်။ အငယ်ကတော့ အေးအေးဆေးဆေး နေတတ်ပြီး ပညာလိုလားသူ ဖြစ်နေတယ်။ နှစ်ဦးစလုံး အသက်လမ်းကြောင်းက အသက်အန္တရာယ် စိုးရိမ်ရကြောင်းကို ပြနေတယ်။

အငယ်က ပညာလိုလားသူဆိုတော့ အဘိုးနန္ဒာသီရိ တတ်တဲ့ ဗေဒင်နက္ခတ်ပညာကို အချိန်ရရင်ရသလို သင်ပေးနေပါတယ်။

<u>**အလှူအတန်းကျလည်း ရှေ့ကပါပဲ**</u>

အစ်ကိုနန္ဒာသီရိ မိသားစုက ဗြဟ္မဏကို ကိုးကွယ်သူတွေဖြစ်ပေမယ့် ဗုဒ္ဓက အိန္ဒိယမှာ ပွင့်ထွန်းလာတာဆိုတော့ ဗုဒ္ဓဘာသာဝင်တွေနဲ့ မစိမ်းဘူးလို့ ဆိုရမှာပါ။ နောက်တစ်ခုက ဗုဒ္ဓဘာသာဝင်တွေကြားထဲမှာ နေလာတာဆိုတော့လည်း သီးခြားနေလို့မရတာကို နန္ဒာသီရိ သိပါတယ်။ ရပ်ကွက်သာရေး,နာရေးကိစ္စတို့၊ ကျောင်း၊ ကန်၊ ဘုရားပြုပြင်တာတို့၊ ဘာသာရေးအဆောက်အအုံအသစ် တည်ဆောက်ရာမှာလည်း ဘယ်သူမှ မဆော်ဩရပေမယ့် သိတတ်စွာနဲ့ အလှူငွေထည့်ဝင်ပါတယ်။ ရွာကျောင်းကထိန်၊ လမ်းပြင်တာတွေမှာလည်း လူအား၊ ငွေအား ကူညီပေးကြလို့ ရွာက ရွာသားတွေကလည်း ဘာသာခြား၊ လူမျိုးခြားလို့ သဘောမထားဘဲ ရွာမိသားစုဝင်လိုလို အစစအရာရာ ကူညီပေးကြတယ်။

သူများအိမ်ကရေကိုတောင် မသောက်ကြတဲ့ နန္ဒာသီရိတို့ မိသားစုဟာ ဘုန်းတော်ကြီးကျောင်းမှာ ဝိုင်းကူရင်ဖြစ်ဖြစ်၊ ရွာလမ်း,ဇရပ်ပြင်တာပဲဖြစ်ဖြစ် ရေငတ်ရင်တော့ ရပ်ကွက်က ချထားပေးတဲ့ရေကိုတော့ မသောက်ဘဲ မနေကြပါဘူး။ သူတို့မိသားစု ရေသောက်တာက ထူးခြားနေပါတယ်။

ကျွန်ုပ်တို့ ရေသောက်သလို ခွက်နဲ့ခပ်ပြီး နှုတ်ခမ်းနဲ့ တေ့သောက်တာ မဟုတ်ပါဘူး။ မျက်နှာကိုမော့ပြီး နှုတ်ခမ်းနဲ့ ရေခွက်ကို မထိဘဲ နှစ်လက်မလောက်ခွာပြီး သောက်ကြတာကို တွေ့ရတယ်။ ဒါကို ကျွန်ုပ်က မနေနိုင်လို့ အလုပ်လုပ်နေရင်းက လှမ်းမေးလိုက်ပါတယ်။

'အစ်ကိုနန္ဒာ..ရေသောက်တာကလည်း ကျွန်တော်တို့လို မဟုတ်ပါလားဗျ။ အဲဒီလို မျက်နှာမော့ပြီးသောက်တာ ဆင်ပန်းဘူးလား အစ်ကိုရ'

'အကျင့်ဖြစ်နေပြီ ညီလေးရ။ တို့ပုဏ္ဏားတစ်မျိုးလုံး ဒီလိုပဲ သောက်ကြတယ်။ ဘာလို့လဲဆိုတော့ တို့ဝမ်းထဲမှာ ဘာရောဂါရှိမှန်း မသိကြဘူးလေ။ နောက် ပါးစပ်က တစ်နေ့လုံး အစားစုံစားထားကြတော့ နံစော်နေမှာပေါ့ကွ။ ကိုယ့်ဆီက ရောဂါ၊ အနံ့အသက်ကို တခြားသူဆီ မရောက်အောင် ဒီလိုသောက်ရမယ်လို့ တို့မာမား(အမေက) သွန်သင်ထားတယ် ညီလေးရ'

'ဪ..တော်တော်ကောင်းတဲ့ နည်းစနစ်ပါပဲ အစ်ကိုရာ'

အစ်ကိုနန္ဒာက သည်လိုလုပ်အားပေးရာမှာမကဘဲ ငွေလှူဒါန်းတဲ့ နေရာမှာလည်း မွန်၊ မြန်မာ ဗုဒ္ဓဘာသာဝင်တွေထက်တောင် စေတနာထားတာ တွေ့ရတယ်။ ရွာကျောင်းအဟောင်းကို မွမ်းမံပြင်ဆင်တုန်းကလည်း လယ်ဧက တစ်ရာ၊ နှစ်ရာပိုင်တဲ့ ရွာခံသူဌေးတွေနဲ့အပြိုင် လှူဒါန်းတာကို တွေ့ရလို့ မုဒိတာပွားရပြန်တယ်။

တစ်နေ့ ကိုသာဒွန်း၊ နန္ဒာသီရိတို့ အိမ်ကို အလည်ရောက်လာတော့ အစ်ကိုနန္ဒာသီရိတို့မိသားစု ထမင်းစားနေတာနဲ့ သွားတိုးနေတယ်။

'အစ်ကိုနန္ဒာတို့ ထမင်းစားနေကြတာကိုး။ ကျွန်တော် ဝင်လာလို့ရမလားဗျ'

'လာ..လာ..ညီရေး ကိုတာချွန်း(သာဒွန်း)'

'အစ်ကိုတို့ ထမင်းစားချိန် ဝင်လို့ရမလား,မရလား မသိလို့ အစ်ကိုရယ်။ ဒါကြောင့်မို့ မေးပြီးမှ ဝင်ရတာပါ'

'ဒီ့ပြင် လူစိမ်းကိုတော့ အာကို ဝင်ခွင့်မပေးပါဘူးကွာ။ ညီရေးတို့က အာကိုတို့နဲ့ မိသားစုတွေလိုဖြစ်နေလို့ ပေးဝင်တာကွ'

'ဪ..ဒီလိုကိုး'

အစ်ကိုနန္ဒာတို့ ထမင်းဝိုင်းကို ကျွန်ုပ် ဝေ့ကြည့်လိုက်တော့ ထမင်းကို ရေဆမ်းပြီး ဆားတစ်ပုံနဲ့ မိုးမျှော်ငရုတ်သီးစိမ်း ကိုက်ပြီး စားနေတာ တွေ့ရတယ်။ ရေသောက်တဲ့ ကြေးခွက်တစ်ခွက်စီမှာတော့ နွားနို့တစ်ခွက်စီ ထည့်ထားတာကို တွေ့ရတယ်။

'အစ်ကိုနန္ဒာတို့က အသားမစားကြဘူးနော်'

'အေး..ဟုတ်တယ် ညီရေးရ၊ အာကိုတို့က သက်သတ်လွတ်စားကြတယ်။ ပိုက်ဆံရှိကြတဲ့ သူဌေးတွေကတော့ ချာပါတီတို့၊ အာလူးပူရီတို့ နေ့စဉ် စားနိုင်တာပေါ့။ အားကိုတို့ကတော့ ဆင်းရဲတော့ တစ်ပတ်ကို နှစ်ကြိမ်လောက်ပဲ စားနိုင်တယ်ကွ။ နေ့တိုင်း ချာပါတီ၊ ပူရီ၊ အာလူးဟင်း၊ ပဲဟင်းတို့ နေ့စဉ် ဘယ်စားနိုင်မလဲကွာ'

'အစ်ကိုနန္ဒာက ချူထားပြန်ပြီဗျာ။ ငွေစုပြီး လည်းပဲ

www.burmeseclassic.com

ဝယ်နေလို့ အခု လယ်ဧကသုံးဆယ်တောင် ရှိနေပြီမဟုတ်လားဗျ။ ဒါတောင် အာကိုက ဆင်းရဲတယ်လို့ ဆိုသေးတယ်။ ကျွန်တော် ငွေလာမချေးပါဘူး အစ်ကိုရာ'

'ဒီလယ်တွေက အားကို့အတွက် မဟုတ်ပါဘူးကွာ။ မင်းညီရေးနှစ်ယောက် အရွယ်ရောက်လာရင် ဝေပေးဖို့ပါ ညီရေးရာ'

အစ်ကိုနန္ဒာသီရိ ပုဏ္ဏားမိသားစုတို့သည် ထမင်းကို ဖြစ်သလိုစားကြပြီး ငွေစု၊ လယ်တွေဝယ်နေတာ ကိုသာဒွန်းသိလိုက်ရတယ်။ မြန်မာ၊ မွန် လူမျိုးတွေနဲ့တော့ အကွာကြီးကွာတာပေါ့။ မြန်မာ၊ မွန်တွေက အစားကို ကောင်းကောင်းစားကြတယ်။ ဟင်းဆိုလည်း ဆီလက်နှစ်သစ်ဝေ့နေမှ စားလို့မြိန်ကြတယ်။ ဒါကြောင့်မို့လည်း မြန်မာဆိုရိုးစကားရှိခဲ့တာပါ။

'တရုတ်လိုရှာ ကုလားလိုစု၊ ဗမာလို မဖြုန်းကြနဲ့ ဆိုတာ'

မြန်မာ၊ မွန် လူမျိုးတွေကလည်း သည်စကားနဲ့ ကိုက်ညီနေကြတာကိုး။ မြန်မာ၊ မွန် လူမျိုးတွေက သည်နေ့အလုပ်လုပ်လို့ သုံးရက်စာလောက် ဝင်ငွေရှိသွားရင် နောက်နေ့ကျ ဖင်နာရ၊ ခေါင်းနာရနဲ့ အလုပ်မလုပ်ချင်တော့ဘဲ ထိုင်စားတဲ့အကျင့် ရှိကြတယ်လေ။ သည်အကျင့်တွေ ဖျောက်ပါမှ မြန်မာ၊ မွန်တွေ တိုးတက်ကြီးပွားကြမှာပါ။

သိတော့သိကြပေမယ့် လိုက်နာလားဆိုတော့ မလိုက်နာကြဘူး။ ဒုံရင်း,ဒုံရင်းပါပဲ။



ဗေဒင်ဆရာ ယတြာမှားရှာသလား

ဂျပန်အပြေး အင်္ဂလိပ်ပြန်ဝင်စအချိန်မှာ အသားမကျသေးပါဘူး။ အထူးသဖြင့် တောရွာတွေမှာ သူတစ်လူ ငါတမင်း ဖြစ်နေချိန်မှာ တောကြောင်တွေလက်ထဲမှာ စစ်လက်ကျန် သေနတ်တွေ ရှိနေလေတော့ သူတို့အကြိုက် ဖြစ်နေကြတာပေါ့။ တချို့တောသူဌေးတွေကတော့ မြို့ကို ပြောင်းရွှေ့နေထိုင်ခဲ့ကြတယ်။ ဆင်းရဲသားတွေကတော့ ဘယ်ပြောင်းနိုင်ကြမလဲ၊ လည်စင်းခံနေကြပေါ့။

သည်အချိန်က ကျွန်ုပ်နေထိုင်တဲ့ကျွန်းမှာ နာမည်ကြီးဓားပြဂိုဏ်းနှစ်ဂိုဏ်း သောင်းကျန်းနေတာပါ။ လူမိုက် နိုင်ကွဲတီး ဆိုတာက နိုင်ငံရေးစိတ်ဓာတ်ရှိပြီး မရှိဆင်းရဲသားတွေကို မတို့က်ခိုက် မလုယက်ဘဲ ငွေရှိသူတွေ ဆင်းရဲသားတွေဆီက မတရားအမြတ်ထုတ်သူတွေ၊ လယ်သိမ်းယာသိမ်း၊ အိမ်သိမ်း၊ သမီးပျိုသိမ်းတဲ့ ချစ်တီးကုလားတွေကိုသာ ဓားပြတိုက်တတ်လို့ ဗိုလ်နိုင်တီးကို မျိုးချစ်ဓားပြလို့ ကျွန်းသူကျွန်းသားတွေက လေးစားကြတယ်။

နောက်တစ်ဦးက နိုင်ကွဲတီး ဆိုသူက ဘာခံယူချက်မှ မရှိတဲ့ ဓားပြလူမိုက်သက်သက်။ ပစ္စည်းနဲ့ ငွေမရရင် ရှိတဲ့ အိုးခွက်ပန်းကန်၊ အဝတ်အစား ယူတယ်။ ယုတ်စွအဆုံး ထဘီစုတ်တောင်ယူတဲ့ ဓားပြအစုတ်အပဲ့။ မိန်းမမြင်ရင်လည်း ငမ်းငမ်းတက် အပျို၊ အအို မရှောင်ဘူး။ ပစ္စည်း မရရင် လူပါသတ်တဲ့ လူမိုက်သက်သက်။

ဓားပြတိုက်တာတွေက စိပ်လာတာတွေ့ရတယ်။ လယ် တဲကို ဓားပြတိုက်ပြီး လူသတ်သွားတာ၊ ဒီလယ်တဲလိုက် သမီးပျိုကိုပါ ခေါ်သွားပြီး စော်ကားလိုက်တာတို့ ကြား ရတာ။ နိုင်ကွဲတီးလက်ချက်ဆိုတာ အားလုံးသိကြတယ်

ကံသျှော်ရွာကြီးက လယ်ပိုင်ရှင်သူဌေး ဦးပန်းအော အိမ်ကို ဓားပြတိုက်သွားပြန်ပြီဆိုတာ ကြားရတော့ ဆင်း သား လယ်သမားတွေက ဝမ်းသာကြတယ်။ သည် ဦး အောင်ဆိုတာက ချစ်တီးကုလားသေလို့ ဝင်စားတာလား ဘူး။ ချစ်တီးကုလားစိတ်ထားအတိုင်းပဲ။ အကြွေးမကျေ သူများသမီးပျိုကို သိမ်းထားပြီး မယားလုပ်ထားတာ သုံးယောက်တောင်ရှိတယ်။ သူဌေးဦးပန်းအောင်ကို တိုက်တာ ဗိုလ်နိုင်တီးဆိုတာ အားလုံးသိကြတယ်။

မကြာပါဘူး တိုက်လို့ရတဲ့ငွေ၊ ပစ္စည်းတစ်ဝက် ပန်းအောင် မတရားလုပ်ထားတဲ့ လယ်သမားတွေ လိုက်တယ်လို့လည်း ရွာသားတွေကြားရလို့ မှဒိ

www.burmeseclassic.com

ရသေးတယ်။ ဒီလိုဝေငှပေးတာကို သိလိုက်ရတဲ့ နိုင်ပန်းအောင် ဖင်ဆောင့်နေမှာ မြင်ယောင်သေးတယ်။

ရွာထဲက ဟိုသူဌေး၊ သည်သူဌေးတို့ကို ဓားပြတိုက်သံတွေ တစ်လမှာ သုံးခါလောက် ကြားနေရတော့ တို့အလှည့် ဘယ်တော့များ ရောက်လာမလဲလို့ စိတ်တထင့်ထင့်နဲ့ စောင့်နေရသလိုပါပဲ။ ထိတ်ထိတ်ကြဲသူဌေးတွေ မရှိတော့ပေမယ့် လယ်ဧကတစ်ရာအောက် သူဌေးလတ်တွေကတော့ စိတ်မောနေကြမှာပေါ့လေ။

လူကြီးတွေကတော့ ရပ်ကွက်မှာရှိကြတဲ့ လူငယ်တွေကိုစုပြီး ရပ်ကွက်လုံခြုံရေးအတွက် ညဘက် စုဆောင်းကြ၊ ကင်းပုန်းချကြပေမယ့် ရပ်ကွက်လူငယ်တွေမှာ ရှိတာက ငှက်ကြီးတောင်ဓားရှည်၊ ဝါးချွန်နဲ့ ဒူးလေးလောက်သာ ရှိကြတာကိုး။

ဓားပြတွေမှာက သေမင်းတမန်သေနတ်မျိုးစုံနဲ့ဆိုတော့ မတော်လို့များ ဓားပြတွေ ရွာထဲဝင်လာရင် ကျားကို အဝေးကတွေ့ရတဲ့ခွေးလို အမြီးကုပ်ပြီး အသံတောင် ထွက်နိုင်ကြမှာ မဟုတ်ကြပါဘူး။ ဘိန်းစားသူခိုးလေးယောက်သာ တားနိုင်ကြမှာပဲ။

သည်လိုအဖြစ်တွေကြောင့် ကျွန်ုပ်က အစ်ကိုနန္ဒာသီရိတို့ မိသားစုအတွက် စိုးရိမ်မိလို့ အဖေနဲ့ ရပ်ကွက်လူကြီးတွေကို ညှိရပါတယ်။ မပြောလို့လည်း မရဘူးလေ။ ရပ်ရွာထဲမှာ ကျွန်ုပ်တို့ စုစုလုံးလုံးနဲ့ နေကြတာတောင် ဓားပြရန်ကို ကြောက်နေရတာမဟုတ်လား။ အစ်ကိုနန္ဒာတို့အတွက် ပူမိပြီး လူကြီးတွေနဲ့ညှိတော့ ခွင့်ပြုချက်ရလို့ ကျွန်ုပ် အစ်ကိုနန္ဒာရှိရာ လယ်ထဲကို အားချင်းထွက်သွားပါတော့တယ်။

ကိုသာဒင် အစ်ကိုနန္ဒာသီရိတို့ လယ်ထဲကိုရောက်တော့ နန္ဒာသီရိနဲ့ သူ့သမက်တို့ လယ်ကွင်းထဲမှာ ရေထွက်ပေါက် တမံ ပိတ်နေတာ တွေ့ရတယ်။ ဥမ္မာဒေဝီလေးကတော့ စည်းဝိုင်းထဲမှာ ထမင်းချက်နေလို့ အဝေးပြုံးပြပြီး သားနှစ်ယောက်ကို မေးလိုက်တယ်။

'ဟေ့ ဥမ္မာ··နင့်သားနှစ်ယောက် ဒေဝကုမ္မာနဲ့ ပညာကုမ္မာတို့ မတွေ့ပါလား'

'မျောက်နှစ်ကောင် အနောက်ကောက်ရိုးပုံပေါ်မှာ ဆော့နေတယ် အားကို၊ အားကို··ချွန်မတို့ဆီ လာလည်တာလားချင့်'

'အေ··အလည်ဆိုလည်းဟုတ်၊ အစ်ကိုနန္ဒာကိုလည်း ပြောစရာရှိလို့ဟ။ အစ်ကို သွားတွေ့လိုက်ဦးမယ်နော်'

'ဟုတ်ကဲ့ချင့်'

ကျွန်ုပ်လည်း ပုဏ္ဏေးမလေးရဲ့ မပီကလာ ပီကလာ ဟုတ်ကဲ့ချင့် အားကိုဆိုတာကို ပြုံးရင်း အစ်ကိုနန္ဒာရှိရာကို လယ်ကန်သင်းပေါ်မှ လျှောက်သွားတော့တယ်။

'ဗျို့ အစ်ကိုနန္ဒာ··အလုပ်နဲ့လက် မပြတ်ပါလားဗျ။ တွေ့လိုက်တိုင်း တစ်ခုမဟုတ်တစ်ခု လုပ်နေတာပါပဲလား။ နားနားနေနေလည်းလုပ်ပါ အစ်ကိုရာ။ အသက်လည်းရမှပဲ'

'ဟာ··ညီရေ၊ ဒီကိုလာကွာ။ အလည်လာတာလား။ နားလို့မရဘူး ညီရေးရေ။ သမက် ရန်ကန္တားကုမ္မာကလည်း လွတ်ထားလို့ မရဘူးကွ။ ဒေဝကုမ္မာနဲ့ ပညာကုမ္မာတွေကလည်း ကူဖော်မရတော့ အစ်ကို ပါပါနေရတာပေါ့ကွာ။ အလည်ပဲလား ညီလေးရ'

အစ်ကိုနန္ဒာက တမံကျိုးပေါက်တာကို ဖာနေသလို သမက်မရမ်းပြားနံ့ချာက နွားချေးချနေတာကို ဟိုဘက်ပုံ ဒီဘက်ပုံလို့ ပြောနေရသေးတယ်။

'အလည်မဟုတ်ဘူး အစ်ကို၊ အဘနဲ့ ရွာလူကြီးတွေ လွှတ်လို့လာတာဗျ။ ခေတ်အခြေအနေက မကောင်းလို့ အဘနဲ့ ရွာကလူကြီးတွေက အစ်ကိုတို့မိသားစုကို ကျွန်တော်တို့ အိမ်ဝိုင်းထဲမှာ လာပြောင်းနေကြဖို့ ပြောခိုင်းလိုက်တာ အစ်ကို'

'ရပ်ရွာလူကြီးတွေနဲ့ ညီလေးရဲ့အဘတို့က စိုးရိမ်နေကြလို့ ကျေးဇူးတင်ပါတယ် ညီလေးရာ။ အစ်ကိုတို့မိသားစုမှာ ဓားပြတွေကို ပေးစရာမရှိပါဘူး။ အခုလို စိုးရိမ်ပေးကြတာကိုလည်း ကျေးဇူးတင်ပါတယ် ညီလေးရယ်။ ရွာထဲကိုတော့ ပြောင်းမနေတော့ပါဘူး ညီလေးရာ။ လူကြီးတွေကို ပြောပြလိုက်ပါ။ လယ်ထဲမှာပဲနေတာ အဆင်ပြေပါတယ်။ စိုးရိမ်စရာ မရှိပါဘူးလို့ ပြောလိုက်ပါနော်'

'အစ်ကိုနန္ဒာက အားကြီးခေါင်းမာတာကိုးဗျ'

'ခေါင်းမာတာမဟုတ်ဘူး ညီလေးရာ။ အစ်ကိုတို့မှာ ဘာမှမရှိလို့ မစိုးရိမ်တာပါ။ သူတို့ လာတိုက်ရင်လည်း အစ်ကိုတို့ ချက်ပြုတ်စားတဲ့ ကြေးအိုး၊ ကြေးခွက်တွေပဲ ယူသွားပေါ့ကွာ။ ဒါမှမဟုတ်ရင် အစ်ကိုတို့အသက်ပါ ယူချင်ယူပါစေပေါ့ကွာ။ ဝဋ်ရှိရင် ဘယ်မှာနေနေ ပြေးလို့ မလွတ်ပါဘူး ညီလေးရာ'

အစ်ကိုနန္ဒာသီရိစကားကြောင့် ကျွန်ုပ် စိတ်လည်းဆိုး စိတ်မကောင်းစွာနဲ့ဘဲ ပြန်လာရပါတယ်။ အဘနဲ့ ရွာလူကြီးတွေကို ပြန်ပြောပြတော့ ပုဏ္ဏားမျိုးတွေက ရွာထဲမှာနေတာ



www.burmeseclassic.com

www.burmeseclassic.com

အဆင်မပြေလို့ ဖြစ်ပါလိမ့်မယ်ကွယ်လို့ပြောပြီး နေလိုက်ကြပါတယ်။

အစ်ကိုနန္ဒာက ဗေဒင်ဆရာဖြစ်ပြီး သူတစ်ထူးရဲ့အဖြစ်တွေကိုသာ ပြောဟောနိုင်ပြီး ကိုယ့်အဖြစ်ကတော့ ကိုယ်လျစ်လျူရှုထားတယ် ထင်ပါရဲ့။ ဒါမှမဟုတ် တံငါသည်ရေနစ်တာလားတော့ မသိပါဘူး။

**<u>တံငါသည် ရေနစ်ပါပြီ</u>**

ကျွန်ုပ် အစ်ကိုနန္ဒာကို ရွာမှာ ခဏလာပြောင်းနေဖို့ သွားခေါ်ပြီး နှစ်လလောက် အကြာမှာတော့ လကွယ်ညကလည်းဖြစ်ပြန်၊ မိုးတွင်းကလည်း မိုးတွင်း၊ မိုးတွေကလည်း တစ်အားရွာနေတဲ့တစ်ည အစ်ကိုနန္ဒာတို့နေကြတဲ့ လယ်တဲကို ဓားပြတွေ ဝင်တိုက်ကြတော့တယ်။

ညဘက် မှောင်မည်းနေတာရယ်၊ မိုးရော လေရော သည်းသည်းမည်းမည်း ရွာနေတာမို့ တစ်ရွာလုံး တိတ်ဆိတ်လို့နေတယ်။ ခွေးဟောင်သံပင် မကြားရပါဘူး။ တစ်ရွာလုံး အိပ်မောကျနေပေမယ့် ကျွန်ုပ်ကတော့ အိပ်လို့မရပါဘူး။

တစ်ခုခုဖြစ်မှာကိုလည်း တွေးပူနေမိတယ်။ မိုးကလည်း အေးတော့ အပေါ့သွားချင်တာနဲ့ မီးအုပ်ဆောင်းထဲကိုရေနံဆီမီးခွက်ထည့်ပြီး ဝါးတစ်ပြန်ကျော်လောက်ဝေးတဲ့ အိမ်သာကို ထွက်ခဲ့ပါတယ်။ အိမ်သာပေါ်ရောက်ပြီး အပေါ့သွားနေတုန်း မိုးချုန်းသံနဲ့အတူ ကြောက်စရာအသံကြီးကို ကြားလိုက်ရတယ်။

'ဟော့..မိန်းမတွေ၊ မုဆိုးမ မဖြစ်ချင်ရင် ဝင်မရှုပ်နဲ့ကွ။ ဓားပြနိုင်ကွဲတီးကွ။ ဝင်ရှုပ်ရင် အားလုံးမသာပေါ်သွားမယ်။ ငါ..မသားတွေ၊ မအေ၊ နှမ..'

'ဒိုင်း..ဒိုင်း..ဒိုင်း'

လယ်ကွင်းဘက်မှ ဓားပြနိုင်ကွဲတီးရဲ့ ဆဲဆိုသံနဲ့ သေနတ်သံ သုံးချက်ကို ကြားလိုက်ရတော့ ကျွန်ုပ် ခေါင်းကြီးသွားပြီး အိမ်သာပေါ်က အမြန်ဆင်း လယ်ကွင်းဘက်ကို ကြည့်ပေမယ့် မှောင်မည်းနေတာကလွဲပြီး ဘာမှမမြင်ရပါဘူး။

နောက်မကြာခင်အချိန်မှာပဲ ဒီလောက်ခေါင်းမာနေတာ သေပေတော့လို့ အသံကို မသိမကွဲ ကြားလိုက်ရပြီး-

'ဒိုင်း..ဒိုင်း..ဒိုင်း..ဒိုင်း..ဒိုင်း'

သေနတ်သံတွေ ဆက်တိုက်ကြားလိုက်ရလို့ ကျွန်ုပ် အိမ်ပေါ်ကို အပြေးတက်လာတော့ အဘဦးသာဒွန်း နိုးနေပြီး ကျွန်ုပ်ကို ကြည့်နေတယ်။

'သား..မင်းအစ်ကို နန္ဒာသီရိလယ်ဘက်က အသံတွေပဲ သားရေ။ နန္ဒာသီရိတို့တော့ ဒုက္ခရောက်ပြီ ထင်ပါရဲ့ကွယ်။ အင်း..ဒုက္ခ..ဒုက္ခ..ဒုက္ခ..သတ္တဝါတစ်ခု ကံတစ်ခုပါပဲလေ။ ဘုရား..ဘုရား..အန္တရာယ်ကင်းကြပါစေကွယ်'

အဘဆုတောင်းသလို ကျွန်ုပ်လည်း ဆုတောင်းမေတ္တာပို့ပေးနိုင်ရုံကလွဲပြီး ဘာမှမကူညီနိုင်တော့ မိုးမြန်မြန်လင်းပါစေလို့သာ တောင့်တနေတော့တယ်။

ကျွန်ုပ်ဆုတောင်း မပြည့်ခဲ့ပါဘူး။ ကျွန်ုပ်လည်း မိုးလင်းလင်းချင်း ဘယ်သူ့ကိုမှ မပြောမဆိုဘဲ အစ်ကိုနန္ဒာသီရိတို့ လယ်ဘက်ကို ဒုန်းပြေးသွားပါတော့တယ်။ ကျွန်ုပ်ဆုတောင်း မပြည့်ခဲ့ပါဘူး။

အစ်ကိုနန္ဒာတို့ လယ်တဲရောက်တော့ မမြင်ရက်စရာမြင်ကွင်းက ကျွန်ုပ်ကို ဆီးကြိုလို့နေတယ်။ လယ်တဲပတ်ဝန်းကျင်ကို တူးဆွထားတာကလည်း မွစာကျဲနေတယ်။ လယ်တဲက ခေါင်းရင်းဘက် ယိုင်လဲနေပြီး အစ်ကိုနန္ဒာနဲ့ သူ့မြေးနှစ်ယောက်က တစ်ဦးကိုတစ်ဦးဖက်ပြီး အသက်ပျောက်နေသလို အိပ်ခန်းဝမှာတော့ ဥမ္မာဒေဝီတို့လင်မယားတစ်ယောက်ကိုတစ်ယောက် လက်ဆုပ်ကိုင်ပြီး သေနေကြပါပြီ။

သေသူအားလုံးရဲ့ ကိုယ်ပေါ်မှာ သေနတ်ဒဏ်ရာရော ဓားဒဏ်ရာရော မွစာကျဲနေပြီး သွေးတွေကလည်း ချောင်းစီးပြီး ခြောက်စပြုနေပြီဖြစ်လို့ ကျွန်ုပ် မျက်ရည်ပင်ကျမိပြီး ညည်းလိုက်မိပါတယ်။

'အစ်ကိုနန္ဒာရယ်..အများအကျိုးတွေကိုတော့ အစ်ကိုတတ်တဲ့ ဗေဒင်ပညာနဲ့ ကယ်တင်နိုင်ခဲ့ပေမယ့် ကိုယ့်မိသားစုအတွက်တော့ အစ်ကို့ဗေဒင်ပညာက ဘာလို့အသုံးမဝင်ရတာလဲ အစ်ကိုရယ်'

ကျွန်ုပ် မျက်ရည်ကျလို့ မပြီးသေးလို့ ရွာကို အမြန်ပြန်ပြီး အဘနဲ့ လူကြီးတွေကို အကြောင်းကြားရမှာမို့ အမြန်ပြန်ခဲ့ရတယ်။

'ကိုယ်ကျိုးတော့နည်းကုန်ပါပြီ အဘရေ'

ကျွန်ုပ်က ဝမ်းနည်းငိုရှိုက်သံနဲ့ ကသောကမြော ပြောလိုက်ပါတယ်။

'ဘာဖြစ်လာတာလဲ လူလေးရယ်၊ မျက်ရည်တွေလည်း ကျလို့ပါလား'

'အစ်ကိုနန္ဒာတို့မိသားစုအားလုံးနဲ့ ဘေးတဲ့တွေက နှ



www.burmeseclassic.com

www.burmeseclassic.com

ယောက်လောက်ပါ သေကုန်ကြပြီ အဘရေ။ ဟီး··ဟီး·· ဟီး··ညက နိုင်ကွဲတီးတို့ လက်ချက်ပါပဲ အဘရေ။ ဘယ်လိုလုပ်ကြမလဲ အဘရေ'

'အို··လူလေး၊ ငိုနေလို့ မပြီးသေးဘူးကွယ့်။ လူကြီးတွေကို အသိပေးပြီး လူလေးနဲ့ အဘတို့ ဘုန်းကြီးကျောင်းသွားပြီး ဆရာတော်ကို သွားလျှောက်ထားရမယ်ကွယ့်'

ရပ်ရွာလူကြီးတွေကို အသိပေးပြီး ကျွန်ုပ်တို့သားအဖနှစ်ယောက် ရွာဦးကျောင်းသွားပြီး ဆရာတော်ကို အစ်ကိုနန္ဒာသီရိတို့မိသားစုနဲ့ ဘေးတဲက နှစ်ယောက်ပါ အသတ်ခံရတာကို အကျိုးအကြောင်း လျှောက်ထားလိုက်ပါတယ်။

'သူတို့က ပုဏ္ဏားလူမျိုးတွေဖြစ်နေတော့ ဘုန်းကြီးဘယ်လိုလုပ်ပေးရမလဲ ဒကာကြီး'

'သူတို့အယူဝါဒကို မသိပေမယ့် တခြားလယ်သမားနှစ်ယောက်ပါ ပါနေတော့ ဗုဒ္ဓဘာသာထုံးစံအတိုင်းပဲ လုပ်ပေးရန်သင့်မယ် ထင်ပါတယ်ဘုရား'

'အေးလေ··ဒါဆိုလည်း သရဏဂုံတင်ပေးပြီး မြေချပေးလိုက်တာပေါ့ကွယ်။ သြော်··ပုဏ္ဏားတို့မိသားစုလည်း ရှေးဘဝဝဋ်ကြွေးတွေ ပေးဆပ်လိုက်ရတာပေါ့ကွယ်။ သည်ဘဝနဲ့ ကြေပါစေလို့ ဘုန်းကြီး ဆုတောင်းပေးလိုက်ပါတယ်။ ကဲ··ဒကာကြီးတို့လည်း လုပ်စရာရှိတာ သွားလုပ်ပြီးရင် ဘုန်းကြီးကို လာပင့်ပေါ့ကွယ်'

**<u>အိပ်မက်ထဲက အမွေ</u>**

ကျွန်ုပ်တို့သားအဖ ဆရာတော်ကျောင်းက ပြန်လာပြီး လူလတ်ပိုင်းတွေစု၍ လူကြီးများရဲ့ ညွှန်ကြားမှုနဲ့ သင်္ချိုင်းများ အပူတပြင်းရှာရပါတယ်။ တက်ညီလက်ညီ လုပ်ကိုင်လိုက်လို့ နေ့ခင်းပိုင်းတွင် အခေါင်းခုနစ်လုံး စပ်လို့ပြီးသွားတယ်။

သည်အခေါင်းတွေကို အလောင်းတွေရှိရာ လယ်တဲကိုယူသွားပြီး အစ်ကိုနန္ဒာတို့မိသားစုနဲ့ အခြားလယ်သမားနှစ်ဦး အလောင်းတို့ကို အခေါင်းတွေထဲထည့်ပြီး သင်္ချိုင်းဇရပ်တွင် နေရာချကာ ဆရာတော်ကို သွားရောက်ပင့်ကြတယ်။ ဆရာတော်နဲ့ သံဃာတော်များ ကြွလာပြီး အသုဘရှုရှာသူရှာသားတို့နဲ့အတူ သရဏဂုံတင် သီလပေးပြီး ရေစက်ချအမျှဝေပေးကာ အလောင်းတွေကို မြေချလိုက်ပါတော့တယ်။

တစ်ပတ်ပြည့်လို့ သေသူအားလုံးအတွက် ရက်လည်ဆွမ်းကျွေးပြီး ရေစက်ချအမျှဝေပေးလိုက်ပါတယ်။

အမျှပေးဝေပြီးတဲ့ညမှာပဲ ကျွန်ုပ်ကို အစ်ကိုနန္ဒာ အိပ်မက်လာပေးပါတယ်။ အစ်ကိုနန္ဒာက အိပ်မက်ထဲမှာ ပြောတာက သူတို့မိသားစုပိုင်ခဲ့တဲ့ လယ်ကေသုံးဆယ်ထဲက နှစ်ဆယ်ကို ကျွန်ုပ်လုပ်ကိုင်ဖို့ပေးခဲ့ပြီး ဆယ်ကေကိုတော့ ဆရာတော်ကျောင်းအတွက် လှူခဲ့တယ်လို့ ပြောလာတယ်။

ဒါကို ဆရာတော်ကိုရော သူကြီးကိုပါ အိပ်မက်ပေးပြီး ပြောထားတယ်လို့ ပြောပါတယ်။ အစ်ကိုနန္ဒာနဲ့ သူ့မြေးနှစ်ဦးကတော့ လယ်ပွဲထိပ်က ညောင်မုတ်ဆိတ်ပင်ကြီးမှာပဲ နေကြတယ်။ သမီးနဲ့ သမက်ကတော့ ဘယ်ရောက်နေမှန်း မသိဘူးလို့ ပြောသွားပါသေးတယ်။ သူတို့မြေးအဘိုးကို ခြောက်လတစ်ခါ သူတို့စားတဲ့ သက်သတ်လွတ်ကို ကျွေးမွေးပေးပါ။ သူတို့ကလည်း ကျွန်ုပ်လုပ်ကိုင်တဲ့လယ်တွေကို ကြည့်ရှုပေးပြီး အထွက်တိုးအောင်လည်း လုပ်ပေးမယ်လို့ ပြောဆိုသွားပါတယ်။ ကျွန်ုပ်ကတော့ အစ်ကိုနန္ဒာကို သတိရလို့ မက်တာပဲလို့ ထင်ပါတယ်။

နောက်နေ့ ညနေပိုင်းမှာ ဆရာတော်ခေါ်ခိုင်းတယ်ဆိုပြီး ကပ္ပိယကြီးလာပြောလို့ အဘနဲ့ ကျွန်တော် ကျောင်းကို ရောက်သွားတော့ သူကြီးနဲ့ အရပ်လူကြီး သုံးဦးပါ ရောက်နေတာ တွေ့ရတယ်။

'လာကြကွယ့် မောင်သာဒွန်းတို့သားအဖ၊ ထူးခြားတာတစ်ခု ဘုန်းကြီးပြောမလို့။ သူကြီးရော လူကြီးတွေပါ ခေါ်ထားတယ်ကွယ့်။ ညက ဘုန်းကြီး အိပ်မက်,မက်တယ်။ အိပ်မက်ထူးခြားသလို ဒကာကြီး ဦးသာဒင်သားနဲ့လည်း ပတ်သက်နေတယ်ကွယ့်။ ကွယ်လွန်သွားတဲ့ ပုဏ္ဏားကြီးနန္ဒာသီရိက အိပ်မက်ပေးလာတာကို ပြောမလို့ပါပဲ'

'ဗျာ··ကန်တော့ပါဘုရား။ အံ့သြလွန်းလို့ပါဘုရား'

ကျွန်ုပ်ပါးစပ်က ဗျာထွက်သွားမိလို့ ဆရာတော်ကြီးကို ကန်တော့တောင်းပန်လိုက်ရပါတယ်။

'ဒကာလေးသာဒွန်း ပြောစရာရှိတယ်ထင်တယ်။ ရဲရဲပြော ဒကာလေး၊ ဘုန်းကြီးတို့ နားထောင်ပေးနေမယ်'

'ဦးတင်ပါတယ်ဘုရား။ ဆရာတော်ကြီးကို အစ်ကိုနန္ဒာက အိပ်မက်လာပေးသလို တပည့်တော်ကိုလည်း အိပ်မက်လာပေးလို့ပါဘုရား'

'ဒကာလေးသာဒွန်းရဲ့ အိပ်မက်ကို ပြောပြပါဦးကွယ့်'

'တင်ပါ့ဘုရား၊ အမှန်မက်ခဲ့တဲ့အိပ်မက် ဆရာတော်ကို လျှောက်ထားပါ့မယ်ဘုရား'

ကျွန်ုပ်လည်း ညကမက်ခဲ့တဲ့ အိပ်မက်အကြောင်းကို ဆရာတော်ကြီးနဲ့ အရပ်လူကြီးတွေကို လျှောက်ထားပြောပြ

www.burmeseclassic.com



လိုက်ပါတယ်။

'ဟာ··တိုက်ဆိုင်လိုက်တာ မောင်သာဒွန်းရယ်။ ဘုန်းကြီးကိုလည်း ပုဏ္ဏားကြီးက သည်အတိုင်းပဲ ပြောလာပြီး အိပ်မက်လာပေးတယ်ကွယ့်။ တစ်ခုမှ မလွဲပါလားကွယ်'

'ဆရာတော်ဘုရားနဲ့ မောင်သာဒွန်းတို့မက်တဲ့ အိပ်မက်အတိုင်း တစ်ချက်မလွဲဘဲ တပည့်တော်ကိုလည်း ဒီအတိုင်း အိပ်မက်ပေးပြီး သက်သေလိုက် စာချုပ်လက်မှတ်ထိုးပေးဖို့ ပုဏ္ဏားကြီးက အကူအညီတောင်းထားတယ်ဘုရား'

သူကြီးကလည်း သူမက်ခဲ့တဲ့အိပ်မက်ကို ပြောပြပြီး သက်သေခံလာပါတယ်။

'ကဲ··ဒါဆို သူကြီးနဲ့ အရပ်လူကြီးတွေ ဘယ်လို သဘောရလဲ ပြောကြပါဦး'

'ပုဏ္ဏားကြီး အိပ်မက်ပေးတဲ့အတိုင်း ဆောင်ရွက်ပေးရမှာပဲဘုရား။ဒါမှလည်း ကွယ်လွန်သွားတဲ့ပုဏ္ဏားကြီး စိတ်ချမ်းသာမှာပေါ့ဘုရား'

'အေး··ဒါဆိုလည်း ဒကာသူကြီး ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပေတော့'

အစ်ကိုနန္ဒသီရိ ပိုင်ဆိုင်ခဲ့တဲ့ လယ်ကေသုံးဆယ်ထဲက ကျောင်းပိုင်သာသနာ့မြေအဖြစ် ဆယ်ကေစာချုပ်တစ်စောင် လုပ်ပေးပြီး ကျန်ကေနှစ်ဆယ်ကိုတော့ ကျွန်ုပ်နာမည်နဲ့ တစ်စောင်လုပ်ပြီး ဆရာတော်တစ်စောင်၊ ကျွန်ုပ်တစ်စောင်ကို သူကြီးက ပေးပါတယ်။ ဆရာတော်က သာသနာ့မြေဆယ်ကေကို ကျွန်ုပ်အား စာချုပ်ပေးကာ လုပ်စေပါတယ်။

အစ်ကိုနန္ဒာရဲ့ စေတနာကြောင့် လယ်ကေနှစ်ဆယ်ပိုင်တဲ့ လယ်ပိုင်ရှင်ဖြစ်ခဲ့ပေမယ့် ကျွန်ုပ် အမှန်တကယ်မပျော်ပိုက်ရိုး အမှန်ပါ။ အစ်ကိုနန္ဒာ ငရုတ်သီးမိုးမျှော်နဲ့ ထမင်းစားပြီး စုထားတဲ့လယ်ကို အစ်ကိုနန္ဒာ ခံစားမသွားရတာ စဉ်းစားရင်း စိတ်မကောင်းဖြစ်မိပါတယ်။ စေတနာကောင်းရင် ကံကောင်းမယ်လို့ ရှေးပညာရှိတွေ ဆိုမိန့်ခဲ့တဲ့စကားက အကျွန်ုပ်အဖြစ်က သက်သေခံနေပါတယ်။

**အစ်ကိုနန္ဒာသီရိရဲ့ ကလဲ့စားလား**

အစ်ကိုနန္ဒာရဲ့လယ်ကို လုပ်ပိုင်ခွင့်ရရှိပြီး နှစ်နှစ်လောက်အကြာမှာ အစ်ကိုနန္ဒာလယ်နား ညောင်မုတ်ဆိတ်ပင်အောက်တွင် ထူးဆန်းသော လူသေမှု အဖြစ်တစ်ခုနဲ့ ကျွန်ုပ် နဖူးတွေ့ဒူးတွေ့ ကြုံခဲ့ရတယ်။

တစ်နေ့မနက်စောစော ရွာထဲကနေ ကျွန်ုပ် အစ်ကိုနန္ဒာလယ်ထဲကို ထွက်ခဲ့တယ်။ အစ်ကိုနန္ဒာလယ်ပွဲနားအရောက် အလင်းရောင် မရှိတရှိအချိန်မှာ ညောင်မုတ်ဆိတ်ပင်ကြီးအောက်နားတွင် လူနှစ်ယောက် မှောက်လျက်ကြီးလဲနေဘာတွေ့ရတော့ ကျွန်ုပ် ရှေ့ဆက်မသွားရဲတော့ဘဲ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ရွာထဲကို ပြန်ပြေးလာတယ်။

'သူကြီး··သူကြီး··အစ်ကိုနန္ဒာလယ်ပွဲနားမှာ လူနှစ်ယောက် မှောက်လျက်ကြီး လဲနေတယ်ဗျ။ သူကြီး လိုက်ကြည့်ပါဦး'

ရွာလယ်ထဲက သူကြီးအိမ်ကို တန်းပြေးပြီး အမောတကော ပြောလိုက်တယ်။

'မောင်သာဒွန်း··ဘယ်သူတွေ လဲနေတာလဲကွ။ အိမ်ပေါ် တက်ဦး'

သူကြီးကခေါ်လို့ ကျွန်ုပ် အိမ်ပေါ်ကိုတက်ပြီး အကျိုးအကြောင်း ထပ်ပြောရတယ်။

'မောင်သာဒွန်း ကိုင်ကြည့်ခဲ့သေးလား။ ဘယ်သူတွေလဲကွ။ ဖြည်းဖြည်းပြောပါ။ ရော့··ရေနွေးသောက်ဦး'

သူကြီးက မောပြီး လန့်နေတဲ့ ကျွန်ုပ်ကို ရေနွေးတစ်ခွက် လှမ်းပေးပြီး အမောဖြေခိုင်းလိုက်လို့ ကျွန်ုပ်လည်း ရေနွေးတစ်ခွက် သောက်လိုက်မှ ရင်တုန်တာ အနည်းငယ်ငြိမ်သွားပြီး အေးအေးဆေးဆေး ပြောလို့ရပါတော့တယ်။

'ဒီလိုပါ သူကြီး··ကျွန်တော် မနက်စောစော လယ်ထဲဆင်းသွားတော့ အစ်ကိုနန္ဒာလယ်ပွဲထိပ်က ညောင်မုတ်ဆိတ်ပင်ကြီးနားမှာ လူနှစ်ယောက် မှောက်လျက်ကြီး လဲနေတာ ခပ်လှမ်းလှမ်းက တွေ့တာနဲ့ ရွာထဲ ပြန်ပြေးလာပြီး သူကြီး

www.burmeseclassic.com

ကို လာအကြောင်းကြားတာပါ။ ဘာမှမထိရသေးပါဘူး သူကြီး။ တွေ့တွေ့ချင်း ပြေးလာတာပါ'

'အေး··ဒါဆို ငါ ရွာသားသုံးဦး မင်းနဲ့ ထည့်လိုက်မယ်။ မင်းတို့လေးယောက် သွားစောင့်နေကြ။ ဘယ်သူမှ အနားမကပ်စေနဲ့၊ မကိုင်မထိစေနဲ့။ ပုလိပ်တွေလာမှ သူတို့ ကြည့်ရှင်းကြလိမ့်မယ်'

သူကြီး ခေါ်ခိုင်းလိုက်တဲ့ ဆယ်အိမ်ခေါင်းနဲ့ လူနှစ်ယောက်ရောက်လာလို့ ကျွန်ုပ်တို့လေးဦး လယ်ထဲကို ထွက်လာခဲ့တယ်။

ဆယ့်တစ်နာရီခွဲလောက်မှ ချောင်းဆုံဂါတ်တဲက ဌာနာအုပ်၊ ဆားပုလင်းတပ်ကြပ်ကြီး တစ်ယောက်နဲ့ ပုလိပ်သား သုံးယောက် စက်ဘီးကိုယ်စီနဲ့ ရောက်လာကြတယ်။ သူကြီးလည်း အနောက်ကနေ သူ့ကိုယ်လုံးကြီးကို မနိုင်မနင်းသယ်ပြီး လိုက်လာပါတယ်။

'ဦးဆုံးတွေ့တာ ဘယ်သူလဲဗျ'

ဌာနာအုပ်က ရပ်ကြည့်သူတွေကို မျက်လုံးဝေ့ကြည့်ပြီး မေးလိုက်တယ်။

'ကျွန်တော်ပါခင်ဗျာ။ ဒီလယ်တွေကို ကျွန်တော် လုပ်ကိုင်နေတာပါ။ မနက်စောစော လယ်လုပ်ဖို့ ဆင်းလာလို့ ဒီနားရောက်တော့ ဒီလူနှစ်ယောက် မှောက်လျက်ကြီးလဲနေတာတွေ့ရလို့ လန့်ပြီး ရွာထဲပြန်ပြေးပြီး သူကြီးကို သွားအကြောင်းကြားတာပါခင်ဗျာ'

'ခင်ဗျား ထိမိ၊ ကိုင်မိသေးလား။ ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ'

'ကျွန်တော့်နာမည်က သာဒွန်းပါ။ လုံးဝမကိုင်ပါဘူး ခင်ဗျာ။ ခပ်လှမ်းလှမ်းက တွေ့တာပါ'

တဖြည်းဖြည်း လူတွေ များလာပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတယ်။ ဆားပုလင်းကြီးက လဲနေတဲ့ လူနှစ်ယောက်ကို သေသေချာချာ စစ်ဆေးနေပါတယ်။ ပုလိပ်သားတစ်ယောက်ကို ဆားပုလင်း လှမ်းပြောလိုက်လို့ ပုလိပ်သားက ပက်လက်လှန်လိုက်ပြီး ရုပ်အင်္ကျီကို ချွတ်လိုက်ပါတယ်။ မျက်နှာကို မြင်လိုက်ရလို့ ထင်ပါရဲ့၊ ဆားပုလင်းကြီး မျက်လုံးပြူးသွားပါတယ်။ နောက်ကျောပြင်တစ်နေရာကို သူ့လက်ဝါးနဲ့ တိုင်းကြည့်နေတာကိုလည်း ကျွန်ုပ်တို့ ရွာသားတွေ အတိုင်းသားမြင်နေရတယ်။ ဆားပုလင်းကျေနပ်လောက်မှ ဌာနာအုပ်မင်းထံ လျှောက်လာတော့တယ်။

'ထူးခြားတယ် ဗိုလ်ကြီး။ ဓား၊ အချွန်တစ်ခုခုနဲ့ ထိုးသွင်းရာလည်း မရှိပါဘူး။ အင်္ကျီလှန်ကြည့်လိုက်မှ လူ့လက်ဝါးထက်ကြီးတဲ့ လက်ငါးချောင်းအရာကြီး ကျောကုန်းမှာ ထင်ထင်ရှားရှား တွေ့ရပါတယ်ခင်ဗျ။ တစ်ဦးတစ်ယောက် သတ်တာတော့ မဟုတ်ပါဘူး။ တခြားပယောဂကြောင့် ကြောက်လန့်ပြီး သေသွားတာလို့ ထင်ပါတယ်ခင်ဗျ။ ဘာကြောင့် ဒီလိုကောက်ချက်ချရလဲဆိုတော့ လက်ငါးချောင်းရာကြီးက လူကြီးလက်ဝါးရာထက် ကြီးနေလို့ရယ်၊ မျက်လုံးကြီးပြူးနေပြီး လန့်နေတဲ့ မျက်နှာရယ်ကြောင့်ပါ ဗိုလ်ကြီး။ နောက်အထူးခြားဆုံးက လွန်ခဲ့တဲ့နှစ်က ချောင်းဆုံကဒေါ်ခင်စောအိမ်ကို ဓားပြတိုက်ပြီး သမီးပျိုလေးကို မုဒိမ်းကျင့်သွားတဲ့ ဓားပြနိုင်ကွဲ့တီးနဲ့ သူ့တူပါပဲ ဗိုလ်ကြီး'

'ဟာ··ဒါဆို ရပြီ၊ သူကြီးရေ··လှည်းနဲ့ အလောင်းတွေ ဆေးရုံပို့ပေးပါဦး။ ကျွန်တော် ပုလိပ်တစ်ယောက် ထည့်ပေးလိုက်ပါ့မယ်'

'ကောင်းပါပြီ ဌာနာအုပ်မင်းခင်ဗျာ'

နိုင်ကွဲ့တီးဆိုတာ လူသတ်၊ မုဒိမ်းကျင့်၊ ရရာကို ဓားပြတိုက်တတ်တဲ့ အယုတ်တမာကောင် မဟုတ်လား။

လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဒီဓားပြယုတ်တွေပဲ အစ်ကိုနန္ဒာသီရိတို့နေတဲ့ လယ်ထဲကိုလာပြီး ဓားပြတိုက်၊ ပစ္စည်းတောင်းမရတော့ ကြေးအိုး၊ ကြေးခွက်တွေ အကုန်ယူပြီး တစ်မိသားစုလုံးအပြင် အနီးအနားက လယ်တဲစောင့်နှစ်ဦးကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တာမဟုတ်လား။

ဒါကို အစ်ကိုနန္ဒာ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူးလို့ ကျွန်ုပ် ထင်ပါတယ်။ ဒါကြောင့် ပရလောကသားဘဝရောက်နေတာတောင် အခဲမကျေနိုင်တာ မဆန်းလှပါဘူး။ ဒါကြောင့်လည်း နိုင်ကွဲ့တီး သူ့နယ်မြေကို ရောက်လာတုန်း သည်လူယုတ်မာ မုဒိမ်းကောင်ကို ကလဲ့စားချေလိုက်တာလို့ပဲ ထင်ပါတယ်။

အစ်ကိုနန္ဒာသီရိရေ··တကယ်လို့ ကျွန်ုပ်ထင်တာ မှန်ခဲ့ရင်ပေါ့၊ တစ်ဦးကိုတစ်ဦး ကလဲ့စားချေတာက သံသရာရှည်စေပါတယ်။ ကလဲ့စားချေခြင်းကို ရပ်တန့်ပြီး တစ်ဦးပေါ်တစ်ဦး မေတ္တာထားနိုင်ဖို့၊ မေတ္တာစိတ်မွေးနိုင်ရင် ပိုကောင်းမွန်တဲ့ဘဝရောက်မှာ မလွဲဘူးလို့ ကျွန်ုပ်ထင်မိပါတယ်။

ကောင်းကျိုးလိုရာပြည့်ပါစေ
မောင်လှယဉ်(မော်ငှဲမြိုင်)

www.burmeseclassic.com

သည့်လမ်းကိုလည်း လျှောက်ဖူးသည်။ သည့်တောင်ကိုလည်း ကျော်ခဲ့ဖူးသည်။ သည့်သစ်ပင်ကြီးကိုလည်း မြင်ခဲ့ဖူးသည်။ ရောက်ခဲ့ဖူးသောနေရာကို ပြန်ရောက်နေသဖြင့် ရင်ပူနေမိသည်။ အောင်ကျော်သည် သည့်နေရာတစ်ဝိုက်

# ကောင်းဒေါ်
## တောဓါးမှိုယာ




ကို ထပ်တလဲလဲ ရောက်နေသဖြင့် တောမှောက်နေခြင်းဖြစ်ရမည်ဟု စိုးရိမ်နေခြင်းဖြစ်သည်။ တစ်ခါမှ မရောက်ဖူးသောဒေသတွင် တောမှောက်ပါက ဒုက္ခရောက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

တောသည် မာယာများတတ်ကြောင်း အဘိုးက ပြောလေ့ရှိသည်။ နေမဝင်မီ သည်တောက ထွက်နိုင်မှ ဖြစ်မည်။ နေသာဝင်သွားပါက တောရဲတိရစ္ဆာန်များ၏ အန္တရာယ် အပြင် မမြင်နိုင်သော နာနာဘာဝများ၏ အန္တရာယ်နှင့် အခြားအန္တရာယ် အသွယ်သွယ်နှင့် ရင်ဆိုင်ရပေတော့မည်။ အဘိုး၏ စကားကို နာမထောင်မိ၍ မှားပေပြီ။

'တောဆိုတာ မာယာများတယ်။ တောထဲသွားရင် တောရဲ့ စည်းကမ်းကို လိုက်နာရတယ်။ တောထဲမှာ တစ်ယောက်ကိုတစ်ယောက် နာမည်မခေါ်ရဘူး။ အော်ကြီးဟစ်ကြယ် မပြောရဘူး။ အညစ်အကြေးစွန့်ရင် သတိကြီးစွာထားရတယ်။ တောပိုင်တောင်ပိုင်တွေကို တောင်းပန်ရတယ်။ သူတို့ ခွင့်မပြုရင် တောထဲမှာ ဘာမှလုပ်ပိုင်ခွင့် မရှိဘူး။ တောထဲမှာ ဘယ်အထိ သွားပါ့မယ်။ သားကောင် ဘယ်နှစ်ကောင် ပစ်ပါ့မယ်ဆိုတာ ခွင့်တောင်းရတယ်။ ခွင့်တောင်းတာထက် ပိုပြီးမလုပ်မိဖို့ သတိထားရတယ်။ ပိုလုပ်မိရင် စည်းဖောက်ရာကျတယ်။ စည်းဖောက်မိရင် သူတို့ပေးတဲ့ အပြစ်ဒဏ်ခံရတတ်တယ်။ အဘိုးဟာ ငယ်စဉ်ကတည်းက မုဆိုးလုပ်ခဲ့ပေမယ့် တောမှောက်ခြင်းကို နှစ်ကြိမ်လောက် ကြုံခဲ့တာ။ ကံကောင်းလို့ အသက်ရှင်တာပေါ့။ အဘိုးစကားကို နားထောင်နိုင်မှ လိုက်ခဲ့တာ ကောင်းတယ်'

တောသို့ လိုက်ချင်လွန်း၍ အဘိုးစကား နားထောင်ပါမည်ဟု ကတိအကြိမ်ကြိမ်ပေးမှ အဘိုးက လိုက်ခွင့်ပြုသည်။ အောင်ကျော်သည် မိဘနှစ်ပါးနှင့်အတူ မြို့တွင်နေသူဖြစ်သည်။ ကျောင်းပိတ်ရက်မှ အဘိုးရှိရာရွာသို့ အလည်လာခွင့်ရခြင်းဖြစ်သည်။ အဘိုးမှာ အသက်(၆၀)ကျော်သည့်တိုင် မုဆိုးအလုပ်ကို မစွန့်လွှတ်နိုင်သူဖြစ်သည်။ အောင်ကျော်သည် အဘိုးကို အားကျသည်။ အဘိုးနှင့် တောသို့လိုက်၍ တောပစ်ချင်သည်။ အဘိုးက ချက်ချင်းမခေါ်သေးဘဲ သေနတ်ပစ်ကျွမ်းကျင်အောင် သင်ပေးပြီး သူကျေနပ်မှ ခေါ်ခဲ့ခြင်းဖြစ်သည်။ အဘိုးက အောင်ကျော်ကို ခေါ်ခဲ့သော်လည်း သားကောင်တွေ့တိုင်း ပစ်ခွင့်မပေးဘဲ အဘိုး ခွင့်ပြုချက်ရမှ ပစ်ခွင့်ရမည်ဖြစ်သည်။ အဘိုး၏ စည်းကမ်းများကို လိုက်နာပါမည်ဟု ကတိအကြိမ်ကြိမ်ပေးမှ လိုက်ခွင့်ရခြင်းဖြစ်သည်။

နံနက်စောစော ရွာက ထွက်ခဲ့ကြသည်။ အဘိုး၏ အပည့်ကျော် မောင်ပိန်အပါအဝင် သုံးယောက်ဖြစ်သည်။ တောသို့ ဝင်လိုက်သည်နှင့် အဘိုးက ရှေ့ကဦးဆောင်ပြီး သူ့ရှေ့သို့ မည်သူမှမတက်စေရပါ။ တောင်ကုန်းအထပ်ထပ်ကျော်ကာ နှစ်နာရီခန့်လျှောက်ခဲ့မှ တောနက်သို့ဝင်သည့် လမ်းသို့ရောက်သည်။ တောနက်တစ်နေရာ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းနံဘေး အရိပ်ကောင်းသော ကညင်ပင်ကြီးအောက်တွင် စခန်းချရပ်နားလိုက်သည်။ ထိုနေရာသည် အရိပ်ကောင်းပြီး အေးရိပ်သာသည့်အတွက် လွှသမားများ စခန်းချရာ ကညင်မြောင်စခန်း ဖြစ်သည်။

ထိုနေရာတွင် နေ့လယ်စာစားမည်ဖြစ်၍ ကိုပိန်က စားသောက်ရန် ပြင်ဆင်သည်။ အဘိုးက တောစောင့်နတ်၊ တောင်စောင့်နတ်များကို စားဦးစားဖျားများနှင့် ပူဇော်ပ,သနေပါသည်။ ဆိုင်ရာပိုင်ရာများကို ပူဇော်ပ,သပြီး သားကောင်ပစ်ခွင့်များ တောင်းနေပါသည်။ အဘိုး၏ကိစ္စများပြီးမှ အားလုံးစားသောက်ကြရပါသည်။ စားသောက်ပြီးသည်နှင့် အဘိုးက ပြောပါသည်။

'အချိန်နည်းနည်း စောနေသေးတယ်။ နောက်တစ်နာရီလောက်ကြာရင် ချေတွေ စမ်းချောင်းကို ရေသောက်ဆင်းကြတော့မယ်။ ရေသောက်ဆင်းတဲ့ ချေတွေလာရင် ငါ့မြေးကို ပစ်ခွင့်ပေးမယ်။ အဘိုးအမိန့်မရရင် ဘာကိုမှ မပစ်ရဘူးနော်'

အဘိုးက ပြောပြီး ကညင်ပင်ကိုမှီရင်း မှိန်းနေပါသည်။ အောင်ကျော်သည် အဘိုး၏ အခြေအနေကိုကြည့်ပြီး ဖင်တကြွကြွ ရှိနေပါသည်။ ထိုစဉ် ငှက်အုပ်ကြီးက ချောင်းထဲသို့ ဝဲပျံကျလာသည်ကို တွေ့လိုက်ရ၍ လက်ယားနေပါသည်။ မည်သည့်ငှက်မျိုးမှန်း မသိရသော်လည်း ဘဲထက် နှစ်ဆခန့် ကြီးနိုင်ပါသည်။ အဘိုးက ချေများကို သူ မသိဘဲ ခွင့်မပြုဘဲ မပစ်ရန်သာ မှာကြားခဲ့သည်။ ငှက်ကို မပစ်ရဟု မပြောသဖြင့် ငှက်ကိုပစ်ပါက အပြစ်မရှိနိုင်ဟု တွေးနေခဲ့သည်။ ငှက်အုပ်မှာ ဆယ်ကောင်ကျော်သဖြင့် အုပ်ထဲသို့ ပစ်လိုက်ပါက တစ်ကောင်၊ နှစ်ကောင်တော့ ရမည်ထင်သည်။ အဘိုးကို ကြည့်လိုက်သော်လည်း မျက်စိမှိတ်ထားသဖြင့် ငှက်အုပ်ကိုပစ်ရန် ဆုံးဖြတ်လိုက်သည်။

ငှက်မှာ အရေအတွက်များသဖြင့် နှစ်ကောင်လောက် ရသင့်ပါသည်။ သေချာပေါက်ရရန် ငှက်အုပ်နှင့် အနီးဆုံးနေရာသို့ တိုးကပ်ခဲ့သည်။ ငှက်အုပ်နှင့် ပေနှစ်ဆယ်ခန့်သာ ကွာတော့သဖြင့် ပစ်ရန် အကောင်းဆုံးအနေအထားသို့ ရောက်ခဲ့သည်။ ပစ်ရန်အသင့်ဖြစ်ချိန် မမျှော်လင့်ဘဲ ငှက်အုပ်က ထပျံသဖြင့် မပစ်လိုက်ရဘဲ စိတ်ပျက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ငှက်အုပ်မှာ ဝေးဝေးသို့မပျံဘဲ ကိုက်တစ်ရာလောက်အကွာတွင် စမ်းချောင်းသို့ အုပ်လိုက်ဆင်းသက်သည်ကို တွေ့လိုက်ရသည်။

ငှက်အုပ်ကိုမြင်ပါလျက် မပစ်လိုက်ရ၍ မကျေနပ်နိုင်ပါ။ ငှက်တစ်ကောင်တော့ ရစေရမည်ဟု စိတ်ကူးပြီး ငှက်များရှိရာသို့ ချုံကွယ်လျက် တိုးခဲ့ပါသည်။ ငှက်အုပ်အနီးသို့ ရောက်သည့်အခါ ပစ်ကွင်းကောင်းမည့် နေရာကိုရှာ၍ ငှက်အုပ်၏ အလယ်သို့ပစ်ပါက အနည်းဆုံး တစ်ကောင်ရနိုင်မည်ဟု ချိန်ရွယ်လိုက်သည်။ ကံဆိုးသည့်ငှက်တော့ မှန်လိမ့်မည်ဟု တွက်ဆပြီး ပစ်မည့်ဆဲဆဲတွင် ငှက်အုပ်က ထပျံသွားပြန်သည်။ လုံးဝမပစ်လိုက်ရ၍ ဒေါသထွက်လာသည်။ ငှက်အုပ်မှာ စမ်းချောင်းဆီသို့ မပျံတော့ဘဲ တောင်ကုန်းပေါ်သို့ ပျံတက်သွားသဖြင့် ထိုငှက်အုပ်ကို ရအောင်ပစ်ရန်၊ ရေဆုံးရေဖျားလိုက်ရန် တောင်ကုန်းပေါ်တက်၍ လိုက်ခဲ့သည်။

ငှက်အုပ်သည် လွင်ပြင်တွင် အုပ်လိုက်နားလိုက်ကြသဖြင့် ချုံများကွယ်ကာ ငှက်များနှင့် အနီးဆုံးနေရာသို့ အရောက်လှမ်းခဲ့သည်။ ငှက်အုပ်အနီးသို့ ရောက်သည့်အခါ လူမှာ မောနေသဖြင့် ဒေါသထွက်၍ သည်တစ်ကြိမ်ရအောင်ပစ်ရန် အားခဲလိုက်သည်။ ဝါးပင်ကြိုအကြားတွင် ဝပ်တွားလျက် ငှက်အုပ်ကို သေနတ်ဖြင့်ချိန်လိုက်သည်။ ငှက်အုပ်ထမပျံမီ လက်ဦးမှုရယူကာ အမြန်ပစ်လိုက်သည်။ သူ၏ သေနတ်သံမှာ ငြိမ်နေသော တစ်တောလုံး ဟိန်းသွားစေပါသည်။ သေနတ်သံကြောင့် ငှက်အုပ်ထပျံသွားရာ ငှက်တစ်ကောင်မှ ထိမှန်ခြင်းမရှိကြောင်း သိရသည်။ ငှက်အုပ်မှာ လန့်ပြီး အမြင့်ပျံနှုန်းနှင့် ပျံသွားကြသဖြင့် ကြည့်နေရင်း အဝေးသို့ရောက်ကာ တောနက်ထဲသို့ ဝင်သွားကြပါသည်။

ငှက်အုပ်မှာ တောင်ပေါ်ဘက်ဆီသို့ ပျံသွားသဖြင့် မျက်ခြည်မပြတ် လိုက်ခဲ့သည်။ ငှက်အုပ်ကို မြင်နေရသော်လည်း ငှက်အုပ်မှာ သစ်ပင်များတွင် ခိုနားခြင်းမရှိဘဲ အုပ်လိုက်ပျံသန်းနေဆဲဖြစ်သည်။ ဟိုတောအုပ်တွင် နားလိမ့်နိုး သည်တောအုပ်တွင် နားလိမ့်နိုးဖြင့် လိုက်ခဲ့ရာ လူပင်ပန်းပြီး ချွေးများရွှဲကာ မောဟိုက်ခြင်းသာရှိပြီး ငှက်အုပ်ကား မြင်ကွင်းမှ ပျောက်သွားပါတော့သည်။ မျောက်ချောပင် တစ်ပင်ကိုမှီရင်း အမောဖြေနေခဲ့သည်။ ငှက်အုပ်နောက်သို့ လိုက်ခဲ့သည်မှာ အချိန်ကြာခဲ့သည်။ အဘိုး စိတ်ဆိုးနေတော့မည်ဟု သတိရကာ အဘိုးကို တောင်းပန်ရတော့မည်။ အဘိုးထံ ပြန်မည်ဆိုမှ ပြန်လမ်းကို စဉ်းစားမရအောင် ရှိပါသည်။ ငှက်အုပ်နောက်သို့ ဖွဲမာန်ဖြင့်လိုက်ခဲ့မိ၍ လာလမ်းကို သတိမထားသဖြင့် ပြန်လမ်းကို မမှတ်မိတော့ပါ။

တစ်ခုစဉ်းစားမိသည်မှာ စမ်းချောင်းတွင် ငှက်အုပ်ကို တွေ့သည်မှစ၍ စဉ်းစားရသည်။ စမ်းချောင်းကို တွေ့ပါက စမ်းချောင်းအတိုင်း လိုက်ပါက အဘိုးရှိရာစခန်းသို့ ပြန်လည်ရောက်နိုင်သည်။ စမ်းချောင်းကိုတွေ့ရန် တောင်ကုန်းအမြင့်ပေါ် တက်၍ကြည့်ရသည်။ သစ်ပင်များ ကွယ်နေသဖြင့် စမ်းချောင်းကို မမြင်ရသော်လည်း တောင်မြင့်ပေါ်က ကြည့်မှ စမ်းချောင်းသည် အနီးတွင် ရှိနေခဲ့သည်။ စမ်းချောင်းကိုတွေ့မှ တောင်ကုန်းပေါ်က ဆင်းခဲ့ပြီး စမ်းချောင်းရှိရာသို့ လျှောက်ခဲ့သည်။ စမ်းချောင်းကိုကြည့်၍ ရေစီးသည်ကိုမြင်မှ ရေဆန်သို့ လိုက်ရမည်ကို သဘောပေါက်သဖြင့် စမ်းချောင်းနံဘေးမှ လိုက်၍ ပြန်ခဲ့သည်။

စမ်းချောင်းမှာ မြေပြန့်မှ စမ်းချောင်းနှင့် မတူဘဲ တောင်ကုန်းများ၊ သစ်ပင်ကြီးများကို ကွေ့ကာပတ်ကာ စီးရသဖြင့် လမ်းကြောင်းမမှန်ဘဲ ရေစီးကို တွေ့လိုက် ရေဆန်ကို တွေ့လိုက်ဖြစ်နေ၍ မှန်းဆရန် ခက်နေပါသည်။ အရှေ့ဘက်သို့ မျက်နှာမူ၍ လျှောက်ခဲ့သော်လည်း တောင်ဘက်သို့ ရောက်ချင်ရောက်နေတတ်သည်။ တောင်မှတစ်ဖန် အနောက်သို့ ရောက်ချင်ရောက်သည်။ တစ်နာရီကျော် လျှောက်ခဲ့သည့်တိုင် မူလစတင်ခဲ့သည့်နေရာသို့ မရောက်နိုင်ပါ။ အဘိုး စိတ်ပူပြီး ဒေါသဖြစ်လောက်ပြီထင်သည်။ အချိန်ကြာသည်နှင့်အမျှ စိုးရိမ်စိတ်၊ ထိတ်လန့်စိတ်က လွှမ်းမိုးလာတော့သည်။ စမ်းချောင်းအတိုင်း ဆက်၍လိုက်ပါက နေဝင်သည်အထိ အဘိုးဆီ ပြန်မရောက်ပါက ဒုက္ခရောက်တော့မည်။

နေလုံးမှာလည်း ရိုးမပေါ်ကို မေးတင်လျက်ရှိ၍ စိတ်ပျက်နေမိသည်။ ထိုအချိန် သစ်ပင်ထက်တွင် ငှက်အုပ်ကို တွေ့သော်လည်း ပစ်ချင်စိတ် မပေါ်တော့ပါ။ ကိုယ်ဒုက္ခရောက်မှ သူတစ်ပါးအသက်ကို သတ်ချင်စိတ် မရှိတော့ပါ။ သေနတ်ကိုပင် မသယ်ချင်လောက်အောင် မောပန်းနေသည်။ စမ်းချောင်းသို့ မလိုက်တော့ဘဲ အနောက်ဘက်သို့ လျှောက်ပါက တောနက်သို့ ရောက်မည်ဖြစ်၍ ကျောခိုင်း၍ လျှောက်ခဲ့သည်။ ခြေလှမ်းသွက်သွက် လျှောက်ခဲ့ရာမှ ခြေလေးပြီး မှန်မှန်သာ လျှောက်နိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အဘိုးဆီ ရောက်လိုဇောဖြင့် လျှောက်နေစဉ် သစ်ပင်များပေါ်က ကွိကွိကွကွ အသံများကြား၍ ကြည့်လိုက်ရာ မျောက်အုပ်ကို တွေ့လိုက်ရသည်။ သေနတ်ကို သယ်ယူလာရသော်လည်း ထိထိမိမိမပစ်ရသေးသဖြင့် မျောက်ကိုပစ်ရန် စိတ်ကူးလိုက်သည်။ မျောက်အုပ်ကိုတွေ့၍ သေနတ်ဖြင့် ချိန်လိုက်သည်နှင့် မျောက်များက သစ်ကိုင်းကူးပြေးသဖြင့် ချိန်မရအောင် ရှိပါသည်။ မျောက်အုပ်နောက်သို့လိုက်ရင်း တောနက်ထဲသို့ ရောက်လာသဖြင့် သတိပြန်ထားလိုက်ရသည်။ မကြာမီ နေဝင်တော့မည်ဖြစ်၍ နေမဝင်မီ အဘိုးနှင့် တွေ့ရန် အရေးအကြီးဆုံး ဖြစ်ပါသည်။ နောက်သို့လှည့်၍ အရှေ့သို့ ပြန်လျှောက်ရတော့မည်။ နေဝင်စပြုပြီးဖြစ်၍ ရင်ထိတ်နေပါသည်။

ထိုအချိန် သစ်ငုတ်တိုကြီး တစ်ခုပေါ်တွင် လူအရွယ်အစားခန့်ရှိ မျောက်ကြီးတစ်ကောင် သူ့ကို ကျောပေး၍ ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ထိုမျောက်ကြီးကို အနီးတပ် ပစ်ရပါက သေချာပေါက် မှန်ရမည်ဟု ယုံကြည်မိသည်။ ထိုမျောက်ကြီးကို မှန်အောင် ပစ်နိုင်ပါက သူ့အပေါ် တစ်နေ့လုံး ဖိစီးနေသော သောကဟူသမျှ ပျောက်သွားနိုင်သည်ဟု တွေးမိသည်။ စိတ်ကို ထွက်ပေါက်ပေးသည့်အနေဖြင့် ထိုမျောက်ကြီးကိုပစ်ရန် ဆုံးဖြတ်လိုက်သည်။ မျောက်မှာ လူတစ်ယောက်အရွယ်အစားရှိသဖြင့် အနီးကပ် ပစ်ရခြင်းဖြစ်၍ လွဲနိုင်စရာမရှိပါ။ ထိုမျောက်ကို စားချင်၍လည်း မဟုတ်။ ထိုမျောက်ကြီးကို ရသည့်တိုင် သယ်ယူနိုင်မည် မဟုတ်။ ပစ်ရုံသာပစ်၍ ကြည့်ချင်ခြင်းသာဖြစ်သည်။ လက်တည့်စမ်းသည့်အနေနှင့် မျောက်၏ ဦးခေါင်းကိုချိန်၍ သေသေချာချာ ပစ်ထည့်လိုက်သည်။

'ဒိုင်း'

သေနတ်သံက တောလုံးဟိန်းသွားပါသည်။ မျောက်ကို သေချာပေါက်မှန်ရမည်ဟု ယုံကြည်ချက်အပြည့်နှင့် ပစ်လိုက်ခြင်းဖြစ်သော်လည်း သေနတ်က ကျည်ဆန်ထွက်သည်နှင့် မျောက်ကြီးက ခေါင်းလှည့်လိုက်သည်ကို မြင်လိုက်ရသည်။ သေနတ်ကျည်ဆန်ထွက်ချိန် ခေါင်းငဲ့လိုက်သဖြင့် ဦးခေါင်းနှင့်လွဲပြီး နားရွက်ကို ထိမှန်သွားခြင်း ဖြစ်သည်။ မျောက်ကြီးသည် သစ်ငုတ်တိုက ခုန်ဆင်းကာ ချုံနွယ်များအတွင်း တိုးဝင်သွားပါတော့သည်။ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သဖြင့် မျောက်ကိုရှာရန် မလွယ်ကူတော့ပါ။ ချုံနွယ်များတွင် ခြောက်လှန့်ကြည့်သော်လည်း အရိပ်အယောင်မျှ မတွေ့ရပါ။ မကြာမီ နေလုံးကွယ်ပါက အလင်းပျောက်၍ အမှောင်သို့ ရောက်တော့မည်။ အမှောင်ညတွင် တောမကျွမ်းသူအတွက် ဒုက္ခမျိုးစုံ၊ အန္တရာယ်အသွယ်သွယ်နှင့် ရင်ဆိုင်ရချေတော့မည်။ နေမဝင်ခင် စခန်းသို့ပြန်ရောက်ပြီး အဘိုးနှင့်တွေ့မှ လုံခြုံမှုရနိုင်တော့မည်။

ထိတ်လန့်ခြင်း ဖိစီးမှုကြောင့် ခြေလှမ်းပင် မမှန်အောင် ရှိနေပါသည်။ အဘိုးနေသည့်စခန်းကို မတွေ့သည့်တိုင် ရွာသို့ ပြန်နိုင်ပါက အဆင်ပြေနိုင်သော်လည်း ရွာသို့ပြန်သည့် လမ်းစမှာလည်း ရှာမရအောင် ရှိပါသည်။ အဘိုးကလည်း လိုက်မရှာဘဲ နေမည်မဟုတ်ပါ။ အဘိုး နေရာအနီးရှာမှာ သေချာသည်။ သစ်ပင်အမြင့်ပေါ် တက်ကြည့်ရာ အဘိုးကို မတွေ့ရသကဲ့သို့ စခန်းကိုလည်း မမြင်ရသဖြင့် စိတ်ပျက်ရပါသည်။ ရွာဘက်သို့ မှန်းဆ၍ ထွက်ခဲ့သော်လည်း သစ်ငုတ်တိုနေရာကို ပြန်ရောက်နေပါသည်။ သူ မျောက်ကို ပစ်သည့်နေရာကို ပြန်ရောက်နေသည်။ အဘိုး ပြောပြထားသည်မှာ ညဘက်တွင် အန္တရာယ်များကြောင်း တွေးလိုက်ပါက ကြက်သီးထလောက်ပါသည်။ တောရိုင်းသတ္တဝါများက မြင်သာ၍ ရှောင်နိုင်သော်လည်း မြေဖုတ်ဘီလူး၊ ဥစ္စာစောင့် စသည့် နာနာဘာဝများက မမြင်နိုင်သဖြင့် ဒုက္ခရောက်နိုင်သည်။ တောထဲက မထွက်နိုင်ပါက သစ်ပင်မြင့်မြင့် တက်နေရရန် အရေးကြီးပါသည်။ တက်ရန် အဆင်ပြေမည့်သစ်ပင်ကို ရှာဖွေရသေးသည်။ သစ်ပင်ကို ရှာရင်း ချုံတောတစ်နေရာမှ မီးရောင်လက်လက်ကို မြင်လိုက်ရသည်။

မှောင်စပြုနေပြီဖြစ်၍ မီးရောင်လက်လက်ကို ထင်ထင်ရှားရှား မြင်ရသည်။ မီးရောင်ရှိရာသို့ ချုံများကိုတိုးကာ သွားခဲ့သည်။ မီးရောင်ရှိရာသို့သွားရာတွင် မီးရောင်မှာ မြင်လိုက် ပျောက်လိုက် ဖြစ်နေသည်။ အနီးသို့ရောက်မှ ဂူကြီးတစ်လုံးကို တွေ့ရသည်။ မီးရောင်မှာ ဂူထဲက ထွက်လာခြင်းဖြစ်၍ ဂူဝတွင်ရပ်၍ အတွင်းသို့ လှမ်းကြည့်လိုက်သည်။ မီးပုံတစ်ပုံဖိုလျက် မီးပုံဘေးတွင် အသက်ခြောက်ဆယ်ကျော် အဘိုးအိုတစ်ဦး ထိုင်နေသည်ကို မြင်ရသည်။ အဘိုးအိုမှာ သူ့ကို မြင်ပုံမရဘဲ မီးပုံတွင် အမှိုက်များ ထည့်နေပါသည်။ အဘိုးအိုထံမှ အကူအညီရလိုရငြား မေးရန် ဂူအတွင်းသို့ ဝင်ခဲ့သည်။ အနီးသို့ရောက်မှ အဘိုးအိုသည် သူ၏ဦးခေါင်းမှ ဒဏ်ရာအတွက် ဆေးရွက်များ ထည့်ထားသည်ကို ဂရုပြုမိသည်။ ညဘက် လမ်းပျောက်နေသူ

www.burmeseclassic.com

အတွက် လူသားတစ်ဦးကို တွေ့လိုက်ရ၍ ဝမ်းသာမိပါသည်။ အဘိုး၏ အနီးသို့ကပ်၍ မေးလိုက်ရသည်။

'အဘ··ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ'

အဘိုးကြီးက သူ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ ခွင့်ပြုကြောင်း ပြောပါသည်။

'ထိုင်နိုင်ပါတယ်ကွယ်။ ထိုင်ပါ'

'ကျွန်တော် တောထဲမှာ မျက်စိလည်ပြီး ရွာကို မပြန်တတ်လို့ ဒုက္ခရောက်လာတာပါ။ ဒီတစ်ည ဒီမှာ တည်းခိုခွင့်ပြုပါခင်ဗျာ'

'မောင်ရင်က ကျုပ်ကို သိသလား'

'မသိပါဘူး အဘ၊ ဒီတောကို အရင်က မရောက်ဖူးပါဘူး'

'မောင်ရင်က ကျုပ်ကို မသိပေမယ့် ကျုပ်က မောင်ရင့်ကို သိနေတယ်'

'ဗျာ··ကျွန်တော့်ကို ဘယ်မှာသိတာလဲ အဘ'

'မောင်ရင်ရဲ့လက်ချက်နဲ့ ကျုပ်နားရွက်တစ်ဖက် ပြတ်ခဲ့တယ်လေ။ ဒီတော့ ကျုပ်က မောင့်ရင်ကိုသိတာ ဘာဆန်းလို့လဲ'

အောင်ကျော်မှာ ကြားလိုက်ရသော စကားကြောင့် ထိတ်လန့်တုန်လှုပ်နေပါသည်။ အဘိုးကြီးကို သေသေချာချာ ကြည့်မှ ညာဘက်နားရွက်တစ်ဖက်ပြတ်ပြီး ဦးခေါင်းမှ သွေးများ စီးကျနေသည်ကို မြင်လိုက်ရသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ အဘရယ်။ ကျွန်တော့်



မျက်စိထဲမှာ မျောက်ကိုမြင်နေလို့ မျောက်အမှတ်နဲ့ ပစ်ခဲ့မိတာပါ။ အဘ မကျေနပ်ရင် ကြိုက်တဲ့အပြစ်ဒဏ်ပေးပါ။ ကျွန်တော်ခံပါ့မယ်'

'ကျုပ်က ခွင့်လွှတ်ပြီးသားပါ။ လေ့ာဘ၊ ဒါသ၊ မောဟကင်းအောင် ကျင့်ကြံနေသူအတွက် သတ္တဝါအားလုံးကို ခွင့်လွှတ်နိုင်ပါတယ်။ မောင်ရင်က မုဆိုးအစစ်မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်။ ကျုပ်က ဒီတောထဲမှာ အနေကြာတော့ တောသတ္တဝါတွေနဲ့ ရင်းနှီးနေပါပြီ။ မျောက်တွေနဲ့ တွေ့တဲ့အခါ မျောက်သဏ္ဍာန် နေခဲ့တာပဲ။ မောင်ရင်က ကျုပ်ကို မျောက်ထင်ပြီးပစ်လိုက်တာ ကျုပ်သိလိုက်ပေမယ့် နည်းနည်းနောက်ကျသွားလို့ နားရွက်တစ်ဖက် ဆုံးရှုံးရတာပါ။ စိတ်မကောင်းမဖြစ်ပါနဲ့'

'ကျွန်တော် ဘယ်လိုနေရပါ့မလဲ အဘရယ်။ သူတော်စင် သူတော်ကောင်းကိုမှ ပြစ်မှားမိတာ သိပ်အပြစ်ကြီးသွားပြီ။ အဘက ခွင့်လွှတ်သည့်တိုင် ဒီအပြစ်က ဆေးကြောလို့ရနိုင်တော့မယ် မထင်ဘူး'

'မောင်ရင်ရဲ့အပြစ် ကျေချင်တယ်ဆိုရင် ကျုပ်စကားတစ်ခွန်း ပြောမယ်။ နားထောင်ပါ'

'အဘပြောသမျှ နားထောင်ပါ့မယ် အဘ'

'ဒါဆို နောက်နောင် သူတစ်ပါးအသက်ကို မသတ်တော့ပါဘူးလို့ ကျုပ်ကို ကတိပေးနိုင်မလား'

'ပေးနိုင်ပါတယ် အဘ၊ နောက်နောင် သူတစ်ပါး အသက်ကို မသတ်တော့ပါဘူးလို့ ကတိပေးပါတယ် အဘ'

'သာဓုကွယ်··သာဓု။ မောင်ရင်က ဘယ်ကိုသွားချင်တာလဲ။ ကျုပ်က ဘယ်လိုကူညီရမလဲ'

'ကညင်မြောင်စခန်းမှာ ကျွန်တော့်အဘိုး စောင့်နေ လိမ့်မယ်။ အဲဒီနေရာကို မပြန်တတ်လို့ တောထဲမှ တလည်လည် ဖြစ်နေခဲ့တာပါ။ အဲဒီနေရာကို ပြန်ရောက်ရင် ကျေနပ်ပါပြီ'

'မောင့်ရင့်ဒုက္ခက မသေးပါလား။ ကညင်မြောင်စခန်းကို ရှာမတွေ့ဘူးဆိုတာ သိပ်အံ့ဩဖို့ကောင်းတယ်'

'ဘယ်လိုမှ လမ်းရှာမတွေ့ပါဘူး အဘ'

'ဒါလည်း တောရဲ့မာယာတစ်မျိုး ဖြစ်မယ်ထင့်တယ်။ ကညင်မြောင်စခန်းဆိုတာ ဒီနေရာနဲ့ ကိုက်တစ်ရာတောင် မဝေးဘူး။ ရှာမတွေ့ဘူးဆိုတော့ မောင်ရင် အမှားတစ်ခု ရှိလို့ ဖြစ်ရမယ်'

'ဟုတ်ပါတယ် အဘ၊ အဘကို စော်ကားမိလို့

www.burmeseclassic.com

www.burmeseclassic.com

ရှိပါတယ်'

'အဲဒီအမှားဆိုရင် ကျုပ်က ခွင့်လွှတ်ပြီးပြီလေ။ ကဲ.. မောင်ရင့်ကို လမ်းညွှန်လိုက်ပါ့မယ်။ ကျုပ်နေတဲ့ဂူရဲ့ နောက်တည့်တည့်မှာ ရေမြောင်းရှိတယ်။ အခုအချိန် မြောင်းထဲမှာ ရေမရှိလို့ ဆင်းပြီးလျှောက်လို့ရတယ်။ ရေမြောင်းကို ကျော်လိုက်တာနဲ့ ကညင်ပင်အနီးကိုရောက်ပြီ။ ဘာမှမဝေးဘူး'

'ဒါဆို သွားခွင့်ပြုပါ အဘ။ ကျွန်တော့်အဘိုးက ကညင်မြောင်မှာ ကျွန်တော်ပြန်မရောက်လို့ စိတ်ပူနေမှာ။ ကျွန်တော် အမြန်သွားမှဖြစ်မယ်။ အဘကို ကန်တော့ခဲ့ပါတယ်အဘ။ ကျွန်တော်ပေးခဲ့တဲ့ ကတိကိုလည်း တစ်သက်လုံး တည်ပါ့မယ်'

အောင်ကျော်သည် အဘိုးကြီးကိုပြောပြီး ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါသည်။

'သာဓု..သာဓု..သာဓု'

အဘိုး၏ သာဓုသံအဆုံးတွင် ဂူထဲမှထွက်ခဲ့ပါသည်။ ဂူ၏အနောက်သို့ လျှောက်ခဲ့သည်။ ချုံနွယ်များကို ဖယ်ရှားလိုက်သောအခါ ခြောက်ပေခန့်ကျယ်သည့် ရေမြောင်းကို တွေ့လိုက်ရသည်။ မိုးတွင်းအခါတွင် ရေရှိနိုင်သော်လည်း ရေခန်းနေသဖြင့် မြောင်းထဲဆင်း၍ ကုန်းပေါ် ပြန်တက်လိုက်သည်။ မြောင်းကို ကျော်လိုက်သည်နှင့် မီးပုံကြီးကို မြင်ရသည်။ မီးပုံမှာ ကညင်ပင်အောက်တွင်ဖြစ်၍ မီးပုံဘေးတွင် အမှိုက်များ ပစ်ထည့်နေသူမှာ သူ့အဘိုးဖြစ်ကြောင်း တွေ့လိုက်ရသည်။

'အဘိုး..အဘိုး..ကျွန်တော်ပြန်လာပြီ'

'မင်းပြန်လာနိုင်တာ ကံကောင်းတယ်'

'မသေလို့ ပြန်ရောက်တာပါ အဘိုးရယ်။ အဘိုးစကား နားမထောင်မိလို့ ဒုက္ခရောက်ရတာပါ။ ကျွန်တော် နောင်တ,ရပါပြီ အဘိုး'

'ကဲ..ဒါဆို တို့ ရွာကိုပြန်ကြမယ်။ မင်းပြန်မလာရင် ဒီည ဒီမှာစခန်းချဖို့ စိတ်ကူးခဲ့တာ အခု အချိန်ရှိသေးတယ်။ ပြန်ကြတာပေါ့'

အောင်ကျော်သည် အဘိုးက စိတ်မဆိုးဘဲ ရွာပြန်ရန် စီစဉ်နေသဖြင့် ဝမ်းသာလျက်ရှိပါသည်။ ရွာအပြန်လမ်းတွင် သူတွေ့ကြုံခဲ့ရသည့် ထူးဆန်းသောအဖြစ်အပျက်ဇာတ်လမ်းကို အဘိုးအား ပြောပြရန် စိတ်ကူးလျက်ရှိပါတော့သည်။

ကောင်းသော်


# ပုရောဟိတ် ဆရာဦးမြတ်စံ ၏
# အသုံးချ ဂမ္ဘီရဝေဒ စာအုပ် ထွက်ပါပြီ

လစဉ်ထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော လက်ရွေးစင်ဆောင်းပါးများ
စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။
ဂမ္ဘီရပညာရပ် လိုက်စားသူများ၊ ဘဝတွင် တွေ့ကြုံနေရသော
အခက်အခဲများကို ဤစာအုပ်မှ ကူညီဖြေရှင်းပေးနိုင်ပါသည်။

စာအုပ်မှာယူလိုပါက ပင်ရင်းဖြန့်ချိရေး
ဆရာဦးအောင်သန်း၊ ပြည့်ဝပျော်ရွှင် စာပေတိုက်၊ သုမင်္ဂလာပုံနှိပ်တိုက်၊
☎ ၀၉ ၄၅၀၀၆၂၄၂၅

www.burmeseclassic.com



# လူဝင်စား ငါးကြောက် ဝေသံသင်းခါး

မိုးတွင်းကာလဖြစ်သည်။

သရက်ပင်စုရွာဝန်းကျင်တွင် မိုးတွင်းကာလဖြစ်သော်လည်း ထိုနေ့က မိုးမရွာ။ သို့သော် ဧရာဝတီမြစ်မှ တက်လာသောရေများသည် မြို့ခင်းသာအုပ်စုရှိ ရွာများ၏ ရွာခြေထိ ရောက်လာ၏။ ဤသည်မှာလည်း နှစ်စဉ်နှစ်တိုင်းလိုလိုပင်။ ထို့ကြောင့် အဆန်းတကြယ်တော့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

မြို့ခင်းသာအုပ်စုရှိ လက်ပန်ပင်ကုန်း၊ မှိုက်ပင်ကုန်း၊ ထန်းပင်ကန်တိုက်ရွာ၊ သရက်ပင်စုရွာတို့မှာ အားလုံး ကုန်းတန်းတွင် ရွာတည်ထားကြသည်မှာလည်း မိုးတွင်းကာလတွင် သူတို့ရွာဝန်းကျင်၌ မိုးမရွာသော်လည်း မြစ်ရေကြီးတတ်သဖြင့်ဖြစ်၏။ သူတို့အရပ်ကား မိုးတွင်းပင်လယ်၊ နွေမှာ ကုန်းခေါင်ဆိုသော အရပ်ဒေသမျိုးပင်။

မိုးမရွာသော်လည်း မြစ်ရေက သူတို့ရွာခြေထိ ရောက်လာသောအခါ မောင်လှမျိုးနှင့်အတူ မောင်စန်းလွင်သည် လူငယ်တို့ဘဝ ရေကစားရရန် လှေငယ်တစ်စင်းနှင့် ရိုးချောင်းပေါက်ဘက် ထွက်လာကြ၏။

ထိန်ပင်ကွင်းကြီးထဲ ရောက်ကြသောအခါ ထိန်ပင်တွင် လှေကြိုးချည်ပြီး လှေပေါ်က ဆင်းကာ ရေကစားကြသည်။

တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ရင်း ရေကူးပြိုင်ရင်း ရေစီးသန်သော ချောင်းခရိုးပေါက် မောင်စန်းလွင်က မျောပါသွားသည်။

'ဟေ့ကောင်၊ မြန်မြန်ပြန်ကူးလာခဲ့။ အဲဒီဘက် ရေစီးသန်တယ်။ မြန်မြန်ပြန်ကူးလာခဲ့၊ မြန်မြန်ပြန်ကူးလာခဲ့' ဟု မောင်လှမျိုးက အော်ဟစ်သတိပေးသည်။

သို့သော်လည်း မောင်စန်းလွင်မှာ မောင်လှမျိုးရှိရာဘက်သို့ ပြန်ကူးရင်း၊ကူးရင်းပင် မောင်လှမျိုးနှင့် ပို၍၊ ပို၍သာ ဝေးကွာသွားသည်။ အားကုန် ပြန်ကူးသော်လည်း ရေစီးက ပိုသန်လာကာ ဘယ်လိုမှ မိမိတို့လှေရှိရာ မောင်လှမျိုးရှိနေရာသို့ ပြန်ကူးမရ ဖြစ်နေသည်။

ထိုအချိန်မှာပင် သူ့ပေါင်ကြားမအားကို ငါးကြီးတစ်ကောင်က လာတွတ်လိုက်ရာ လန့်ဖျပ်ပြီး အမေ့ဟု အော်လိုက်ရာ ပါးစပ်ထဲ ရေဝင်သွားပြီး ရေထဲနစ်သွားလေသည်။ မောင်စန်းလွင် ရေနစ်သွားသဖြင့် မျက်ဝါးထင်ထင် မြင်လိုက်ရသော မောင်လှမျိုးက-

'လာကြပါဦးဗျို့၊ မြန်မြန်လာကြပါဦး။ ကယ်ကြပါဦး။ မောင်စန်းလွင် ရေနစ်မျောပါသွားပြီ'ဟု အော်ဟစ်အကူအညီတောင်းကာ မိမိတို့လှေရှိရာသို့ ကူးပြေးလာပြီး လှေပေါ် ဆွဲတက်လိုက်၏။

မောင်လှမျိုး၏ အကြိမ်ကြိမ် အော်ဟစ်အကူအညီတောင်းနေသံကို ကြားကြရသော ရပ်သူရွာသားများနှင့် မောင်စန်းလွင်၏မိဘ ဦးဖေဒါ၊ ဒေါ်လှရွှေတို့မှာလည်း ဆွေမျိုးများကိုပါ ချက်ချင်းအော်ဟစ်အကူအညီတောင်းကာ ရရာလှေများနှင့် မောင်လှမျိုးရှိရာသို့ အပြေးအလွှား လှော်ခတ်ရောက်လာကြသည်။

မောင်စန်းလွင် ရေနစ်မျောပါသွားရာ နေရာတစ်ဝိုက်ကိုလည်း လှေနှင့်လိုက်သူလိုက်၊ လက်တန်းကိုင် ကူးရှာသူရှာ၊ အော်ဟစ်ခေါ်သူကခေါ်နှင့် သရက်ပင်စုရွာမှာ ချက်ချင်း အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြသည်။

ရေနစ်မျောပါသွားသော မောင်စန်းလွင်မှာ ဦးဖေဒါနှင့် ဒေါ်လှရွှေတို့၏ သားသမီးခြောက်ယောက်ထဲတွင် တတိယမြောက်သားဖြစ်သည်။ မောင်စန်းလွင်ကို တစ်ရွာလုံးလိုလို ထွက်ရှာကြသော်လည်း အလောင်းပင် ရှာမတွေ့ ဖြစ်နေကြ၏။

အမှန်က မောင်စန်းလွင်၏ အလောင်းမှာ သူတို့ရွာနှင့် နှစ်မိုင်ခန့်ဝေးသော ရှားပင်ကိုင်းရွာနားကို ရောက်သွားပြီ ဖြစ်သည်။

ရှားပင်ကိုင်းရွာသား မောင်စိုးဝင်းတို့ ညီအစ်ကိုမှာလည်း မောင်စန်းလွင်နှင့် မောင်လှမျိုးတို့လို ရွာအောက်ခရိုးတွင် ရေကစားနေကြသူများဖြစ်၏။ မောင်စန်းလွင်နှင့် မောင်စိုးဝင်းတို့ ညီအစ်ကိုမှာလည်း ရပ်ဆွေရပ်မျိုး အသိအကျွမ်းတွေ ဖြစ်ကြ၏။ အစကမူ ဒိုက်သရေများနှင့် လုံးထွေးမျောပါလာသော မောင်စန်းလွင် အလောင်းကို စိုးဝင်းတို့ ညီအစ်ကိုက မသိကြသေး။

ထို့ကြောင့်လည်း သူတို့ ရေကစားနေရာ လာရှုပ်သော ဒိုက်သရေပုံကြီးကို ဝါးလုံးနှင့် ထိုးကော် ဖယ်ထုတ်လိုက်ကြ၏။ သို့သော် ဒိုက်ပုံကြီးနှင့်အတူ မျောပါလာသော မောင်စန်းလွင်၏ အလောင်းမှာ စိုးဝင်းတို့ ညီအစ်ကို ဘယ်လောက်ဖယ်ထုတ်၊ဖယ်ထုတ်၊ ထိုးကော်၊ ထိုးကော် မောင်စိုးဝင်းတို့ ညီအစ်ကိုနားချည်း တဝဲလည်လည် ရေကတော့ထိုး၍ ပြန်ပြန်ရောက်လာ၏။

ထိုအချိန်မှာပင် သရက်ပင်စုရွာမှ မောင်စန်းလွင် ရေနစ်မျောပါသွားသောသတင်းကို ကြားရ၍ သူ့သား မောင်စိုးဝင်းတို့ ညီအစ်ကိုအား စိတ်ချသော အမေဖြစ်သူက လိုက်လာပြီး ရေထဲက ချက်ချင်းတက်လာကြရန်နှင့် မောင်စန်းလွင် ရေနစ်မျောပါသွားကြောင်း သူ့သားများကိုလည်း ပြောတော့မှ ယခု သူတို့အနားတွင် တဝဲလည်လည်လုပ်နေသော ဒိုက်သရေပုံနားက မောင်စန်း

www.burmeseclassic.com

လွှင်အလောင်း ပေါ်လာတော့၏။

ထိုအခါမှ သရက်ပင်စုရွာမှ ဦးဗေဒါ၊ ဒေါ်လှရွှေတို့ကို ပြေး၍ အကြောင်းကြားကြရသည်။ ဦးဗေဒါ၊ ဒေါ်လှရွှေနှင့်တကွ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းများမှာလည်း ငိုယိုကာလိုက်လာကြပြီး မောင်စန်းလွှင်၏ အလောင်းကို သရက်ပင်စုရွာသို့ သယ်ယူကြကာ အနောက်ဘက်ရွာ သချိုင်း၌ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြရသည်။

မောင်စန်းလွှင်သည် ဘဝဟောင်းက သူ့အမေရင်း၊ အဖေရင်းဖြစ်သော ဦးဗေဒါ၊ ဒေါ်လှရွှေတို့အိမ်နှင့် တစ်အိမ်သာခြားသော ဦးတင်အုန်း၊ ဒေါ်ကြည်ကြည်ညွန့်တို့၏ နို့ညှာသားအဖြစ် လာဝင်စားသည်။

သိတတ်စ စကားပြောတတ်စအရွယ်ကပင် အားလုံးသူ့ဘဝဇာတ်ကြောင်းကို ပြန်ပြောပြနိုင်သည်။ သူ ရေနစ်သေသည့် အကြောင်းကိုလည်း အတိအကျ စီကာပတ်ကုံး ပြောပြနိုင်၏။

မောင်စန်းလွှင်သည် ဘဝဟောင်းက ညီအစ်ကိုမောင်နှမ မိဘများကို ပိုချစ်ခင်သည်။ ထို့ကြောင့်လည်း ဘဝဟောင်းက မိဘများအိမ်၌သာ ဘဝဟောင်းက မိသားစုများနှင့်အတူ ယခုထိ သွားနေနေသည်။ ယခုဘဝ၏ မောင်စန်းလွှင်အမည်မှာ မောင်ကျော်ဌေးလှိုင် ဖြစ်သည်။

ဦးဗေဒါ၊ ဒေါ်လှရွှေနှင့် ဦးတင်အုန်း၊ ဒေါ်ကြည်ကြည်ညွန့်တို့မှာ တစ်ရွာတည်း၊ တစ်ရပ်တည်းဖြစ်သလို အိမ်နီးနားချင်း ချစ်ခင်ကြသူတွေလည်းဖြစ်ရာ မောင်စန်းလွှင် လူဝင်စား မောင်ကျော်ဌေးလှိုင် ဘယ်အိမ်နေနေ ပြဿနာမရှိပေ။

ယခုဆိုလျှင်··ယခုဆိုလျှင်ဟုဆိုသည်မှာ စာရေးသူအား သူတို့အရပ်က ဆရာတော်ဦးပညာသာမိ ပြောပြသော ယခင် (၂၀၀၄)ခုနှစ်ကကို ဆိုလိုပါသည်။ (၃) တန်းအောင်၍ (၄)တန်းကျောင်းသားပင် ဖြစ်နေလေပြီ။

မောင်ကျော်ဌေးလှိုင်၏ အထူးခြားဆုံးအချက်မှာ ငါးဆိုလျှင် လုံးဝမစား။ ငါးနှင့် ထည့်ချက်ထားသော ဟင်းဟူသမျှကိုလည်း လုံးဝမစားဘဲ မုန့်ဟင်းခါးဆိုသည်မှာကား ဝေလာဝေးပင်တည်း။

**ဝေယံလင်းခေါင်**


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လေယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** **ဟိမဝန္တာ သွေးသန့်ဆေး**

**ခရုသင်း** **သမင်ဖြူ**

ခရုသင်း၊ သမင်ဖြူ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္စိုက်၊ ရေယုန်၊ မှက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လေယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဝိဇ္ဇာရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်သကြားဝပညာရှင်**

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်တိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ဝီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

**ဘဝအောင်မြင်မှုကို ရယူပါ။**

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမတရက်မင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

---

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထွာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သိတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

✹ မြို့နယ်ရုံးချိန်းဆွဲ ✹




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ဇရာဝတီတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေချိန်က ဖြစ်လေသည်။ ဟသ်ာတခရိုင်ရှိ ဇလွန်၊ ဟသ်ာတ၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်းမြို့နယ်များတွင် ဖွင့်လှစ်ထားသော စပါးအဝယ်ဒိုင်များအား စစ်ဆေးရန် ခရိုင်မန်နေဂျာ၏ တာဝန်ပေးချက်အရ ကျွန်ုပ်သည် အဖွဲ့ဝင် ဦးတင်ရွှေနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရလေသည်။

## မင်းသန့်ကျော်(ဖားကုန်း)

# အသွားအပြန်ရှိသော မေတ္တာစွမ်းအား



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဦးတင်ရွှေတို့သည် မြို့နယ်များရှိ စပါးအဝယ်ဒိုင်များသို့ သွားရောက်စစ်ဆေးလာခဲ့ရာ (…)မြို့နယ်သို့ ရောက်ရှိလေသည်။ အဝယ်ဒိုင်များအား စစ်ဆေးစဉ် တစ်ခုသော အဝယ်ဒိုင်တွင် ဒိုင်ခွဲဖွင့်လှစ်ထားကြောင်း သိရှိရသဖြင့် အဆိုပါ ဒိုင်ခွဲသို့လည်း သွားရောက်စစ်ဆေးရန် လိုအပ်သည့်အလျောက် ဒိုင်ခွဲဖွင့်လှစ်ထားရှိရာ (…)ကျေးရွာကလေးသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် နံနက်စောစောတွင် ဆိုက်ကားတစ်စီးကိုစီး၍ ထွက်ခွာလာခဲ့ကြပါသည်။ ကျွန်ုပ် တစ်ခါဖူးမျှ မရောက်ဖူးသော နေရာဒေသဖြစ်ခြင်း၊ ဝေးလံခေါင်းပါးသော ဒေသဖြစ်ခြင်းကြောင့် ဒိုင်ရှိ ဝန်ထမ်းများ၊ အလုပ်သမားများနှင့် စပါးရောင်းတောင်သူများအား မေတ္တာဓာတ်ပို့လွှတ်၍ တစ်လမ်းလုံး မေတ္တာသုတ်ကို ရွတ်လာခဲ့ပါသည်။

ကျွန်ုပ် မေတ္တာထားသကဲ့သို့ ကျန်သောပုဂ္ဂိုလ်များမှလည်း ကျွန်ုပ်တို့အပေါ်တွင် မေတ္တာပြန်၍ထားရှိစေရေးအတွက် ဆုတောင်းလာပါသည်။ အဘယ်ကြောင့်ဆိုသော် မေတ္တာစွမ်းအားတွင် အသွားအပြန်ရှိသည်ဆိုသော အချက်ကို ကျွန်ုပ် လက်ခံထားသောကြောင့် ဖြစ်ပါသည်။

နံနက်(၈)နာရီခန့်တွင် စပါးဒိုင်ခွဲ ဖွင့်လှစ်ထားသော ရွာကလေးသို့ ရောက်ကြပါသည်။ ရွာအနီးလယ်ကွက်ထဲတွင် ဒိုင်ကို ဖွင့်လှစ်ထားရာ ဝယ်ယူပြီး စပါးပုံကြီးများကို နေရောင်တွင် ရွှေရောင်ဝင်းလျက် တွေ့ရသလို ဝယ်ယူပြီး စပါးများကို မော်တော်ယာဉ်များဖြင့် မြို့သို့ သယ်ယူနေကြောင်းလည်း တွေ့ရှိရပါသည်။

ဒိုင်မှူးသည် ကျွန်ုပ်တို့အား ကြိုဆိုပြီး ဒိုင်တွင် လိုက်လံပြသပါသည်။

ဦးတင်ရွှေက ဒိုင်မှူးအား-

'ငါတို့ ဒီမှာ နှစ်ညလောက် အိပ်ရလိမ့်မယ်။ အဲဒါခင်း ဒိုင်မှာပဲ အိပ်မယ်ကွာ'

ထိုအခါ အဝယ်ဒိုင်မှူးက-

'ဟာ..ဆရာတို့၊ ဒီမှာ အိပ်မယ်ဆိုရင် နေရာက ကျဉ်းကျပ်ပါတယ်။ ရွာထဲမှာ တည်းပါ။ ကျွန်တော် စီစဉ်ပေးပါ့မယ်'

ထိုစဉ် ကျွန်ုပ်တို့အနီးသို့ အလုပ်သမားလူကြီး ရောက်လာကာ-

'ဟောဟိုမှာ အဆင်သင့်လိုက်တာ။ အဲဒါ ဦးသိန်းအောင်ပါပဲ ဆရာ။ ဒီမှာ အလုပ်သမားလူကြီးပါ။ ဦးသိန်းအောင်ရေ..ဒီက ဆရာတွေကို ခင်ဗျားတို့အိမ်မှာ တည်းဖို့ စီစဉ်ပေးပါ။ ဟုတ်လား'

'ကောင်းပါပြီ ဆရာလေး။ ကဲ..ဆရာတို့ လာ၊ ကျွန်တော့်အိမ်ကို သွားကြရအောင်'

ကျွန်ုပ်တို့သည် ဦးသိန်းအောင်နောက်သို့ လိုက်လာခဲ့ကြလေ၏။

ဦးသိန်းအောင်အိမ်သို့ ရောက်သောအခါ အိမ်ဝတွင် ဆီးကြိုနေသော ဦးသိန်းအောင်ဇနီးကို တွေ့ရပါသည်။

'ဒါကတော့ ကျွန်တော့်ဇနီးပါ။ ဆရာလေးတို့က ဒီမှာ တည်းကြမယ်။ စပါးဒိုင်က ဧည့်သည်တွေလေ'

ကျွန်ုပ်တို့အား ဇနီးနှင့် မိတ်ဆက်ရင်း တည်းခိုမည့်အကြောင်း ပြောလိုက်ပါသည်။ ဇနီးသည် အသက်(၆၀)ခန့်ရှိမည် ထင်ရ၏။ ပိန်ပိန်ပါးပါး၊ အရပ်ရှည်ရှည်၊ အသားမည်းမည်းနှင့်ဖြစ်ပြီး ကျွန်ုပ်တို့နှင့် တွေ့ရချိန်တွင် သူမသည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာနေလေသည်။

'လာပြန်ပြီ ဧည့်သည်တွေ။ ကျွန်မမှာ ဒီနေ့သုံးဖို့ကို ထင်းလှည်း(၅)စီး ဝယ်ထားတာ ခု ဧည့်သည်တွေကြောင့်ပဲ (၂)စီးလောက် ကုန်သွားပြီ။ ဒါနဲ့ ဘယ်နှစ်ရက်နေမှာလဲ'

'နှစ်ညအိပ်လောက်ပါ မပြဆိုင်ရယ်။ နင်ကလည်း ဧည့်သည်တွေ မတည်းရဲအောင် မပြောပါနဲ့'

'အလိုတော်..ပြောရမှာပဲ။ ဒါမှ သိသွားအောင်။ ဒါနဲ့ ဒီမှာတည်းမယ်ဆိုရင် ထမင်းတော့ ကိုယ့်ဟာကိုယ် ချက်စားနော်။ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်လည်း ဒီမှာ ရှားက ရှားသနဲ့။ ကျုပ်တို့တောင် မငတ်ရုံ စားနေရတာ'

ထိုအခါ နောက်မှ လိုက်လာသော ဒိုင်မှူးလေးက-

'စားရေးသောက်ရေးတော့ အဒေါ် မကုန်ရပါဘူးဗျာ။ ကျွန်တော့်အလုပ်သမားတစ်ယောက်ကို ဒီမှာလာပြီး ထမင်းချက်ခိုင်းပါ့မယ်'

'ဆန်တို့ ဆီတို့ကရော'

'ကျွန်တော် မြို့ကို မှာလိုက်ပါပြီ။ တော်ကြာ ရောက်လာပါလိမ့်မယ်'

ကျွန်ုပ်တို့ ဧည့်သည်နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကြည့်ကာ ဒီမှာတည်းလို့ ဖြစ်ပါ့မလားဟူသော မေးခွန်းကို မျက်လုံးချင်း ပြောနေကြ၏။

ဦးသိန်းအောင်က-

'ဒီမှာပဲတည်းပါ ဆရာလေးတို့ရယ်၊ ရွာထဲမှာ ဒီအိမ်က အကောင်းဆုံးပါပဲ။ ဒီထက်ကောင်းတဲ့အိမ် မရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် အဝတ်အစားထည့်သော အိတ်ကလေးများကို ထားခဲ့ကာ အလုပ်လုပ်ရန် ဒိုင်သို့ ပြန်သွားကြ၏။

ရွာကလေးသည် ဆင်းရဲလှ၏။ မည်သည့်စားသောက်ဆိုင်မှမရှိ၊ မည်သည့်ဈေးဆိုင်မှ မရှိချေ။ မြို့မှ လာရောင်းသော ဟောဈေးသည်ကလေးများသည် တစ်ပတ်ကို တစ်ခေါက်လောက် ရောက်လာတတ်ကြ၏။ သူတို့ထံမှ ဝယ်စရာ ရှိသည်တို့ကို ဝယ်ထားရလေသည်။

အကြော်ဆိုင် မရှိ၊ မုန့်ဟင်းခါးဆိုင် မရှိ၊ လက်ဖက်ရည်ဆိုင် သည်မှာရှိဖို့ ဝေလာဝေး။ ရွာထိပ်တွင် ဘုန်းကြီးတစ်ပါး သီတင်းသုံးနေထိုင်သော ဘုန်းတော်ကြီးကျောင်းလေး တစ်ကျောင်းရှိလေသည်။

ဤလို တောခေါင်ပြီး ချောင်ကျသည့် နေရာမျိုးတွင် စပါးဒိုင် လာရောက်ဖွင့်ပေးရသည်မှာ တောင်သူလယ်သမားများ အကျိုးအတွက် ဖြစ်လေသည်။ စပါးရောင်းမည့် တောင်သူသည် မြို့သို့လာရန် မလိုတော့ဘဲ ကိုယ့်ရွာတွင် ကိုယ်ရောင်းချနိုင်သည့် အကျိုးကျေးဇူးကို ရရှိလေသည်။

ဤသို့ဖြင့် ထမင်းစားချိန် ရောက်လာသောအခါ ဦးသိန်းအောင်တို့အိမ်သို့ သွားရောက်ကြ၏။ ထမင်းစားနေစဉ် ဒေါ်မြဆိုင်သည် အိမ်၏ခေါင်းရင်းခန်းတွင်ထိုင်ကာ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုဖွာရင်း ပါးစပ်ကလည်း ပြောလိုက်သေးသည်။

'စားကြနော်။ ကျွန်မကုန်တာ မဟုတ်ဘူး။ ဒိုင်မှူးလေးက သူ့လစာထဲက ချက်ကျွေးတာ။ ကျွန်မကတော့ ထင်းတွေ ကုန်တယ်၊ ရေတွေ ကုန်တယ်ပေါ့ရှင်'

ဒေါ်မြဆိုင်သည် စိတ်ရင်းကောင်းပုံတော့ရလေသည်။ ပြောပုံဆိုပုံ ပွင့်ပွင့်လင်းလင်းရှိသည်။ သူမရင်ထဲမှာရှိတာတွေကို ထုတ်ပြောရဲလေသည်။ ညှော်သည်ကို ဤကဲ့သို့ ဆက်ဆံသော အိမ်ရှင်မျိုးကို ကျွန်ုပ် မတွေ့ဖူးချေ။

ကျွန်ုပ်တို့သည် ထမင်းကို မျိုကျအောင် မနည်းကြိုးစား၍ စားကြရ၏။ ညအိပ်သောအခါတွင်ကား 'ကျွန်ုပ်တို့ကို ဘုရားစင်ရှေ့၌ အိပ်စေ၏။ သို့သော် တော်တော်နှင့် မအိပ်ရချေ။ ဒေါ်မြဆိုင် ဘုရားရှိခိုးသည်ကို ပြီးအောင် စောင့်နေရ၏။

သူမသည် ရှေးဦးစွာ ငါးပါးသီလခံယူ၏။ ထို့နောက် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို ရွတ်ဆို၏။ ထို့နောက် ပဋ္ဌာန်း(၂၄)ပစ္စည်းကို ရွတ်ဆို၏။ ထို့နောက် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆို၏။ အားလုံးပြီးသောအခါ မေတ္တာပို့၏။ အမျှအတန်းဝေ၏။

သူမသည် ဘုရားစာများကို ဖြည်းဖြည်းနှင့် မှန်မှန် တစ်လုံးချင်း ရွတ်ဆို၏။ ထို့ကြောင့် အချိန်ကြာလေသည်။ သူမ ဘုရားရှိခိုးပြီးမှ ထိုနေရာကို ကျွန်ုပ်ဝဉ့်အား အိပ်ရန် ပေး၏။

ကျွန်ုပ်သည် မအိပ်မီ ဘုရားရှိခိုးလေ၏။ မေတ္တာသုတ်ကို ရွတ်ဆို၏။ စိတ်တွင်းမှ ဒေါ်မြဆိုင်ကို ရည်မှန်းကာ မေတ္တာပို့ပေး၏။ ဒေါ်မြဆိုင် ကျန်းမာချမ်းသာစေကြောင်း စေတနာသန့်သန့်ဖြင့် မေတ္တာပို့ပေး၏။ မေတ္တာ၏ တန်ခိုးအာနိသင်ကို ကျွန်ုပ်ယုံကြည်လေသည်။

နောက်တစ်နေ့တွင် ဦးသိန်းအောင်သည် ချောင်းထဲ၌ ငါးမျှားရာ ရှားရှားပါးပါး ငါးရံ့တစ်ကောင် ရရှိလာ၏။ ထိုငါးရံ့ကို ဒေါ်မြဆိုင်သည် ငါးရံ့ခြောက်ခွဲကာ နေလှန်းထားလေသည်။

ထမင်းစားကြသောအခါ ဦးတင်ရွှေသည် နေလှန်းထားသော ငါးရံ့ခြောက်ကိုမြင်၍ ဦးသိန်းအောင်အား-

'ကိုသိန်းအောင်ရယ်··ထမင်းစားရတာ ဟင်းကလည်း မရှိ၊ ခရမ်းချဉ်သီးငါးပိချက်ပဲ စားနေရတယ်။ ဟိုမှာ ခင်ဗျား ရခဲ့တဲ့ ငါးရံ့ကို အခြောက်လှန်းထားတာ အဲဒါလေး မီးဖုတ်ပြီး နည်းနည်းကျွေးပါလားဗျာ'

ထိုအခါ ဒေါ်မြဆိုင်က-

'အလိုတော်··အလိုတော်··ကျုပ် ငါးရံ့ခြောက်တို့ တော့ ထိဝံ့ရင် ထိကြည့်စမ်း၊ မြဆိုင်အကြောင်း သိသွားမယ်။ တစ်နှစ်လုံးနေမှ တစ်ကောင်ပဲရတဲ့ ငါးပါနော်။ ရှင်တို့ကို ခရမ်းချဉ်သီးပဲရှိလို့ ခရမ်းချဉ်သီးချက်ကျွေးတာပေါ့'

ဤမျှပြောဆိုသော အိမ်ရှင်၏အိမ်တွင် ကျွန်ုပ် မတည်းလိုတော့ချေ။ သို့သော် ကျွန်ုပ်တို့ လုပ်ငန်းများကလည်း မပြီးပြတ်သေး။ ပြောင်း၍ တည်းစရာ အိမ်ကလည်း မရှိ၍ သည်းခံပြီး နေရလေသည်။

ညတွင် ကျွန်ုပ်တို့သည် စုပေါင်းအရုဏ်လောင်းလှူပွဲရှိသော ဘုန်းကြီးကျောင်းသို့ သွားကာ မိတ်ဆွေဖွဲ့ရင်း ဝေယျာဝစ္စများ ကူညီလုပ်ကိုင်ပေးလေသည်။ ဒိုင်မှူးလေးသည် မြို့သို့ သွားနေသဖြင့် ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းသို့ သွားသည်ကို မသိချေ။ အရုဏ်တက်တွင် ဘုန်းတော်ကြီးများ ဆွမ်းလောင်းလှူပြီးသောအခါ ကျန်သောထမင်းဟင်းတို့ကို ဝေယျာဝစ္စလုပ်ကိုင်သူများ ဝေမျှစားကြသည်။

www.burmeseclassic.com

ထုံးစံအတိုင်း ကျွန်ုပ်တို့ကိုလည်း ကျွေးပါပေသည်။ ကျွန်ုပ်တို့ အနေ၊အစား ဆင်းရဲသော ဧည့်သည်များဖြစ်ကြောင်း သိကြသည်နှင့် ကောင်းမွေဆိုသော ဆွမ်းကျန်၊ကွမ်းကျန်များကို စားရပါပေသည်။

ကျွန်ုပ်နှင့် ဦးတင်ရွှေသည် အိမ်ရှင် ဒေါ်မြဆိုင်နှင့် စကားပြော အပေးအယူ အဆင်ပြေအောင် မည်သို့လုပ်ဆောင်ရမည်ကို တစ်နေကုန် စဉ်းစားနေကြလေသည်။

ကျွန်ုပ်သည် ညဘက်တွင် ဘုရားရှိခိုးရာ၌ သူမအား မေတ္တာပို့လွှတ်ခြင်းကိုမူ မပြတ်ဆောင်ရွက်လေသည်။

နေ့ခင်းပိုင်းတွင် ဒိုင်၌ ရေနွေးကြမ်းသောက်ကြရင်း ဦးတင်ရွှေက ဦးသိန်းအောင်အား-

'ဒါနဲ့ ကိုသိန်းအောင်၊ ခင်ဗျားရဲ့ဒေါ်မြဆိုင်က အပြောအဆို ဒီအတိုင်းပဲလား'

'ကျွန်တော်နဲ့ ယူကတည်းက ဒီအတိုင်းပါပဲဗျာ။ ပြင်လည်း မပြင်ဘူး။ လူဆိုတာ မကောင်းတာကို မကောင်းမှန်း သိရင် သိကတည်းက ပြင်ရမယ်မဟုတ်လား။ သူကတော့ ပြင်ရမှန်းကို မသိပါဘူးဗျာ'

'သူက ဘာတွေဝါသနာပါသလဲဗျ'

'ဗေဒင်တို့၊ ယတြာတို့ အဲဒါမျိုးတွေ ဝါသနာပါတယ်ဗျာ။ ယုံလည်း ယုံကြည်တယ်။ ဒါပေမဲ့ လက်ဖွဲ့ရောင်းတဲ့ ဗေဒင်ဟောစာတမ်း ရောင်းသူတွေကလည်း ဒီရွာကို မလာတာ တော်တော်ကြာပြီဗျ။ လာရင်တော့ အဲဒီဗေဒင်ဟောစာတမ်းတွေကို ဝယ်ပြီး ဖတ်နေရော'

'ဒါနဲ့ ခင်ဗျားတို့က အသက်ဘယ်လောက်ရှိကြပြီလဲ'

'ကျွန်တော်ရော သူပါ (၁၃၀၀)ပြည့်ဖွားတွေလေ။ အသက်(၆၀)ရောက်ပြီပေါ့'

'သြော်..သြော်..သားထောက်သမီးခံလည်း မရှိဘူးပေါ့နော်'

'မရှိပါဘူးဗျာ'

ဦးတင်ရွှေသည် ကျွန်ုပ်အား လှမ်းကြည့်လိုက်၏။ သူကြည့်ပုံမှာ သူသည် ဒေါ်မြဆိုင်နှင့် အဆင်ပြေအောင် စကားပြောနိုင်တော့မည်ဆိုသောအချက် သူ့မျက်လုံးထဲတွင် ပေါ်နေလေသည်။

ထိုနေ့ ညနေပိုင်းတွင် ကျွန်ုပ်တို့သည် စပါးဒိုင်တွင် စစ်ဆေးရမည့်အချက်များကို စစ်ဆေးပြီးဖြစ်သည့်အတွက် ဦးတင်ရွှေက ဦးသိန်းအောင်အား-

'ကဲ..ကျွန်တော်တို့လည်း မနက်ဖြန်ပြန်မယ်ဗျာ။ ဒီည ခင်ဗျားအိမ်မှာ နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ အိပ်တာပါပဲ။ မပြန်ခင်မှာ ဒေါ်မြဆိုင် စိတ်ပြောင်းသွားအောင် ဘယ်လိုလုပ်ရပါ့မလဲ။ စကားကောင်းကောင်းချွန်ချွန် ပြောလို့ရရင် တော်ပါပြီ'

ထိုည ညစာစားပြီးသည့်အခါတွင် ကျွန်ုပ်တို့သည် ရေနွေးကြမ်းဝိုင်းတွင် ထိုင်ကြ၏။ ရွာ၏ ထုံးစံအတိုင်း ရွာထဲမှ လူငယ်လေး နှစ်ဦး၊ သုံးဦးခန့်သည် အိမ်လည်လာကြ၏။

ကျွန်ုပ်က ဒေါ်မြဆိုင်အား-

'အစ်မကြီး..ကျွန်တော်တို့ မနက်ဖြန် ပြန်တော့မယ်'

'ပြန်ပေါ့ရှင်'

'အဲဒါ အစ်မကြီးကို နှုတ်ဆက်တာပါ'

'ဟုတ်ကဲ့'

'ဒါနဲ့ အစ်မကြီးက အသက်ဘယ်လောက်ရှိပြီလဲ'

'ဘာလုပ်မလို့လဲ။ (၆၀)ရှိပြီရှင့်'

'အသက်(၆၀)လို့ မထင်ရဘူးနော်။ ကျွန်တော်က (၅၀)ကျော်လောက် မှန်းထားတာ'

ဒေါ်မြဆိုင်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ-

'ဒါကတော့ စိတ်ထင်လို့ပါ။ ကျွန်မက ဘာအလုပ်မှ ပင်ပင်ပန်းပန်း မလုပ်ရဘူးလေ'

ထိုနေရာတွင် ဦးတင်ရွှေက ကြားဝင်၍-

'အစ်မကြီးက ကြာသပတေးသမီးနော်'

'ဟုတ်တယ်။ ဘာလဲ ဗေဒင်တွက်မလို့လား'

'ဗေဒင်မတွက်တတ်ပါဘူးဗျာ။ ဒါပေမဲ့ ကြားဖူးနားဝလေးတွေတော့ ရှိပါတယ်'

'ဒါဖြင့်လည်း အဲဒီကြားဖူးနားဝကလေးကို နည်းနည်းပါးပါး ဟောခဲ့ပါဦးရှင်။ ဗေဒင်ဟောစာတမ်းရောင်းတဲ့လူတွေကလည်း မလာတာကြာလို့ ဗေဒင်မကြည့်ရဘူးဖြစ်နေတယ်'

'ဂြိုဟ်ခွင်တွေကိုတော့ ကျွန်တော်သိတယ်ဗျ။ ဘုရားတွေမှာ ရှိတယ်လေ။ တစ်ထောင့်ကို ဂြိုဟ်တစ်ခုစီထားပြီး ထောင့်ရှစ်ထောင့် ရှိတယ်လေ။ အဲဒီမှာ တနင်္ဂနွေဂြိုဟ်က (၆)နှစ်သက်တမ်းရှိတယ်။ တနင်္လာဂြိုဟ်က(၁၅)နှစ်၊ အင်္ဂါဂြိုဟ်က(၈)နှစ်၊ ဗုဒ္ဓဟူးဂြိုဟ်က သက်တမ်း(၁၇)နှစ်၊ ပြီးတော့ စနေဂြိုဟ်ကို ရောက်သွားရော။ စနေက(၁၀)နှစ်၊ ပြီးတော့ ကြာသပတေးဂြိုဟ်(၁၉)နှစ်၊ ရာဟု(၁၂)နှစ်၊ သောကြာ(၂၁)နှစ်လို့ အဲဒီမှာ စာတွေ ရေးထားတယ်'



www.burmeseclassic.com

www.burmeseclassic.com

'အဲဒီတော့··'

'အဲဒီတော့ ဒေါ်မြဆိုင်က ကြာသပတေးသမီး မဟုတ်လား။ ပြောရမယ်ဆိုရင် အသက်(၁၉)နှစ်ကျော်တော့ ရာဟုဂြိုဟ်ကို ပြောင်းသွားရော။ ရာဟုဂြိုဟ်မှာ ကျန်းမာရေးချူချာရမယ်။ မကြာခဏ ဖျားမယ်၊ နာမယ်။ ဆေးရုံတွေဘာတွေတောင် တက်ခဲ့ရတဲ့ကိန်း တွေ့တယ်'

'ဟုတ်လိုက်တာရှင်။ ကျွန်မ အဲဒီအသက်လောက်က ဖျားလို့ ဆေးရုံတက်ခဲ့ရတယ်'

'ဖျားတာမှ တော်တော်ကြီးကို ဖျားတာ။ အဖျားက တာရှည်တယ်ဆိုတော့ အူရောင်ငန်းဖျား ဖြစ်ဖို့များတယ်။ ဆဲပင်တွေဘာတွေတောင် ကျွတ်ထွက်ကုန်တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ မှန်လိုက်တာရှင်'

'ပြီးတော့ အသက်(၃၁)နှစ်အတွင်းမှာ အိမ်ထောင်ကျကိန်း ရှိတယ်'

'ဟုတ်ပါတယ်ရှင်။ ကျွန်မ (၂၅)နှစ်သမီးမှာ အိမ်ထောင်ကျခဲ့တာပါ'

ဒေါ်မြဆိုင်သည် ရှေ့သို့ တိုးလာ၏။

'ကိုသိန်းအောင်ရေ··ကျွန်မလှန်းထားတဲ့ ငါးရံ့ခြောက်တွေ ခုလောက်ဆို စားလို့ရရောပေါ့။ အဲဒါ မီးဖုတ် ဆီဆမ်းပြီး ယူခဲ့ပါရှင်။ ဒီက ဧည့်သည်တွေကို ကျွေးရအောင်'



ဦးတင်ရွှေသည် ဒေါ်မြဆိုင်က ကျွန်ုပ်တို့ စားချင်နေသည့် ငါးရံ့ခြောက်ကို ကျွေးမည်ဆိုသဖြင့် ပြုံးပြုံးကြီးလုပ်ကာ ကျွန်ုပ်အား လှမ်းကြည့်နေ၏။

'ဆက်ပြောပါဦး ဆရာရယ်။ ရှေ့ဖြစ်ကလေးဘာလေး'

'ရှေ့ဖြစ်တော့ များများပြောစရာ မရှိပါဘူး။ အခု အသက်(၆၀)ဆိုတော့ တနင်္လာဂြိုဟ်မှာ ရောက်နေတယ်။ (၇၃)နှစ်ရောက်မှ ကောင်းမယ်။ အခုနေ ပြောရရင်တော့ စီးပွားရေးရော၊ လူမှုရေးရော ပုံမှန်ပဲ ဖြစ်လိမ့်မယ်'

'ဆောင်ရန်၊ ရှောင်ရန်ကလေးတွေ ပြောခဲ့ပါဦးရှင်'

'ရှောင်ရန်ကတော့ ငွေတိုးမချေးပါနဲ့၊ ဆုံးတတ်တယ်။ သူတစ်ပါးရဲ့ဒုက္ခကို ဖြေရှင်းပေးရင်း ကိုယ့်အပေါ် အမှုလာပြီးပတ်တတ်တယ်။ လူပေါင်းသူပေါင်းလည်း သတိပြုပါ'

'ကျေးဇူးတင်လိုက်တာရှင်။ ရွာတောင်ပိုင်းက မိအေးကို ပိုက်ဆံချေးထားတာ တောင်းလို့မရဘူး။ ဆုံးတော့မလိုဖြစ်နေတယ်'

ထိုအချိန်တွင် ဦးသိန်းအောင်သည် ငါးရံ့ခြောက်ကို မီးဖုတ်ပြီး ဆီဆမ်းကာ ကျွန်ုပ်တို့ထံ ယူလာလေ၏။

'ကဲ··ကဲ··စားကြပါဦး။ ကျွန်မ ဒါနပေါ့ရှင်'

ဦးတင်ရွှေသည် ဆက်ပြောလေသည်။

'ဆောင်ရန်ကတော့ ဘာသာရေးအလုပ်တွေကို ပိုလုပ်ပါ။ ညတိုင်း ဘုရားရှိခိုးသလို မနက်အိပ်ရာထမှာလည်း ဘုရားရှိခိုးပါ။ မေတ္တာပို့ အမျှအတန်းဝေပါ။ တတ်အားသမျှ လှူဒါန်းပါ။ ပြောတာဆိုတာ သတိထားပါ။ မုန်းလည်း ဒီပါးစပ်၊ ချစ်လည်း ဒီပါးစပ် ဆိုတဲ့စကား ရှိသားပဲဗျာ။ အပြောခံရသူ နားဝင်ချိုအောင် ပြေပြေပြစ်ပြစ်နဲ့ ပြောပါ'

'ဟုတ်ကဲ့ရှင်၊ ဟုတ်ကဲ့။ မှာတဲ့အတိုင်း လုပ်ပါ့မယ်'

'နောက်တစ်ခု ပြောချင်တာက ဒေါ်မြဆိုင်ရယ်··ခင်ဗျားတို့၊ ကျွန်တော်တို့ဆိုတာ တွေ့ရဆုံရတာ တကယ်တော့ ခဏကလေးပါ။ တွေ့တုန်းကြုံတုန်းမှာ တစ်ဦးအပေါ်တစ်ဦး မေတ္တာစေတနာထားပြီး ဆက်ဆံကြမယ်ဆိုရင် ကောင်းတာပေါ့။ ဒီလိုဆိုရင် မတည့်စရာအကြောင်း မရှိပါဘူးဗျာ'

'ဟုတ်ပါတယ်ရှင်။ အခုတော့ ကျွန်မအပြစ်တွေကို သိပါပြီ။ ဧည့်သည်လာရင် ဒိုင်မှူးလေးက ကျွန်မအိမ်ကို ခေါ်လာတယ်။ ကျွန်မက အကောင်းမထင်ဘူး။ အိမ်သာလို့ ဧည့်လာတယ်ဆိုတာ သဘောမထားနိုင်ဘူး။ အခုတော့

www.burmeseclassic.com

www.burmeseclassic.com

မြင်နေတယ်။ ထင်းကုန်တယ်၊ ရေကုန်တယ်နဲ့ ပြောပြော လွှတ်တယ်။ ဒိုင်မှူးလေးကတော့ အပြုံးမပျက်ပါဘူး။ ဝင်မြဲတိုင်းဝင် ထွက်မြဲတိုင်း ထွက်ပါပဲ။ ကျွန်မ အပြောအဆိုတွေကို ပြင်ရမယ်'

'အဲဒီလိုဆိုရင် ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်သိပါတယ်၊ ဒေါ်မြဆိုင်ဟာ စိတ်ရင်းကောင်းပါတယ်လို့'

ညဥ့်နက်ပြီဖြစ်၍ ကျွန်ုပ်တို့သည် ဒေါ်မြဆိုင် ဘုရားရှိခိုးသည်ကို ပြီးအောင်စောင့်၍ အိပ်ရာဝင်ခဲ့ကြပါသည်။

နံနက်လင်းသော် အံ့ဩစရာ မြင်ကွင်းတစ်ခုကို မြင်ရလေသည်။

ဒေါ်မြဆိုင်သည် နံနက်စောစောထကာ ထမင်းချက်ထားပြီးသော် ငါးရံ့ခြောက်ကို မီးဖုတ်ကာ ဆီဆမ်းထား၏။ ဘုရားဆွမ်းတော်ကပ်၏။

ကျွန်ုပ်တို့ အိပ်ရာမှ ထလာသောအခါ ဘုရားရှိခိုး၏။ အမျှအတန်းဝေ၏။ ကျွန်ုပ်တို့ စားရန် ထမင်းများ အသင့်ခူးခပ်ထား၏။

ကျွန်ုပ်က-

'သာဓုဗျာ··သာဓု၊ သာဓု။ ကျွန်တော်တို့ ပြန်မယ့်နေ့ကျမှပဲ ဒေါ်မြဆိုင်က ထမင်းတွေ ဟင်းတွေ ကျကျနနချက်ကျွေးတယ်ဗျာ။ ဤကောင်းမှုကုသိုလ်ကံကြောင့် ယခုဘဝမှစ၍ ဘဝဆက်တိုင်း,ဆက်တိုင်း ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒတွေလည်း ပြည့်ဝပါစေဗျာ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်။ ကျွန်မလည်း ကျွန်မပြောခဲ့ဆိုခဲ့တာတွေကို နောင်တ,ရပါပြီ။ နောင်ကို ဆွေလိုမျိုးလို သဘောထားပြီး ဝင်ပါ,ထွက်ပါရှင်'

အပြန်ခရီးတွင် ဆိုက်ကားစီး၍ ပြန်ကြ၏။ ဦးတင်ရွှေက ရှေ့ကထိုင်၊ ကျွန်ုပ်က နောက်က ထိုင်ကြ၏။

ဒေါ်မြဆိုင်သည် ကျွန်ုပ်တို့အား မျက်စိတစ်ဆုံးကြည့်ကာ လက်ပြလေသည်။ ကျွန်ုပ်ကလည်း ပြန်လှည့်၍ လက်ပြလိုက်ပါသည်။

'နေပါဦး ဦးတင်ရွှေရဲ့၊ ခင်ဗျား ဒေါ်မြဆိုင်ကို ဗေဒင်ဟောလိုက်တာ အချက်တွေအားလုံး သူက မှန်တယ်ဆိုပါလား။ ခင်ဗျား ဗေဒင်မတွက်တတ်ဘူးဆို'

'ဗေဒင်ကို နားမလည်ပါဘူးဗျာ။ လုံးဝကို မတွက်တတ်ပါဘူး။ ကျွန်တော်သာ ဗေဒင်နားမလည်တာ၊ ကျွန်တော့်အမေကတော့ မြန်မာ့ရိုးရာဗေဒင်ပညာကို တတ်တယ်ဗျ။ သူက ကျွန်တော်တို့ ငယ်ငယ်တုန်းက ရွာမှာ မုန့်ဟင်းခါး ရောင်းရတယ်လေ။ မုန့်ရောင်းရင်းနဲ့ ဗေဒင်ကြည့်ချင်တဲ့လူရှိရင် ဟောပေးနေတာပဲ။ ကျွန်တော်ကတော့ မတတ်ဘူး'

'ဒါနဲ့ အချက်တွေမှန်အောင် ဘယ်လိုဟောလိုက်တာလဲ'

'ဂြိုဟ်(၈)ခွင်ရဲ့ အမည်တွေနဲ့ သက်တမ်းတွေကို ပြောတာကတော့ ဘုရားမှာ တကယ်ရှိတာတွေကို ပြောတာပါ။ ကျန်တာကတော့ တိုက်ဆိုင်မှုပါပဲ'

'ခင်ဗျားတိုက်ဆိုင်မှုကလည်းဗျာ'

'ဒီလိုဗျာ··သူက ကြာသပတေးသမီးဖြစ်တယ်၊ မွေးသက္ကရာဇ်က (၁၃၀၀)ပြည့်၊ အဲဒါက ကျွန်တော့်အစ်မနဲ့ သွားတူနေတယ်။ ကြာသပတေးဆိုတာလည်း တူတယ်။ ကျွန်တော့်အစ်မကို ဗေဒင်ဆရာတစ်ယောက်က ဒီမလာခင်ကလေးတင် ကျွန်တော့်ရှေ့မှာ ဗေဒင်ဟောလိုက်တာ။ အဲဒါ ကျွန်တော် မှတ်မိနေတာ။ အဲဒါသတိရပြီး ဒေါ်မြဆိုင်ကို ဟောလိုက်တာ ကွက်တိပဲမဟုတ်လား။ ဗေဒင်ဝါသနာပါတဲ့သူကို ဗေဒင်နဲ့ ဆွဲဆောင်လိုက်တာပေါ့ဗျာ'

'အင်းလေ··ဒေါ်မြဆိုင်လည်း ပြောင်းလဲချိန်တန်လို့ ကျွန်တော်တို့နဲ့ တွေ့ရတာပဲ။ နောင်ကိုလည်း ဧည့်သည်အပေါ်မှာ အပြောအဆို မဆိုးလောက်တော့ပါဘူး'

'ဟုတ်ပါရဲ့ဗျာ။ ကျွန်တော်လည်း ဒေါ်မြဆိုင်ကို ပြောင်းလဲချင်နေတာနဲ့ စဉ်းစားလိုက်တော့ သူက ဗေဒင်ကို ဝါသနာပါတယ်ဆိုတာ သိလိုက်ရတယ်။ ဒါနဲ့ ကျွန်တော် သတိရတဲ့ အချက်ကလေးတွေကို ပြောလိုက်ရတာ'

ထိုအခါ ကျွန်ုပ်က-

'အင်း··ကောင်းပါလေရဲ့ဗျာ။ ခင်ဗျားက ဗေဒင်ဝါသနာပါသူကို ဗေဒင်နဲ့ ဆွဲဆောင်လိုက်တယ်။ ကျွန်တော်ကတော့ ဒီကိုလာတဲ့ လမ်းမှာကတည်းကရော၊ ဒီကိုရောက်လာတော့ရော ဘုရားရှိခိုးတိုင်း သူ့ကို ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ စိတ်စေတနာပါပါနဲ့ မေတ္တာအမြဲပို့လွှတ်ပေးတယ်။ ကျွန်တော့်မေတ္တာဓာတ်ကလည်း ရှုရှပါတယ်ဗျ။ ဒေါ်မြဆိုင်ကြီး ပြောင်းလဲသွားတာကို ကြည့်လေ၊ မေတ္တာဆိုတာ အလျား,အနံ မရှိပေမယ့် အသွားအပြန်ရှိတယ် ဆိုတဲ့စကားကို ကျွန်တော်ယုံတယ်'ဟု ပြောလိုက်လေတော့သတည်း။

မင်းသန့်ကျော်(ဇီးကုန်း)

www.burmeseclassic.com

ဂမ္ဘီရ

# လူမော် တွေ့သေးတာပေါ့ (MEET AGAIN)



အလံနီသူပုန်များ ကစဥ့်ကလျား ဖြစ်နေချိန်ဆိုသော်လည်း ဗကပကွန်မြူနစ်များ ရှင်သန်လျက်ရှိသော ကာလဖြစ်၏။

စစ်တောင်းမြစ်အရှေ့ခြမ်း ရွှေကျင်၊ ကျောက်ကြီးဘက်က ကရင်များနှင့် ပူးပေါင်း၍ မြစ်အနောက်ခြမ်းဘက် တောကျွဲအင်း၊ ပဲခူးယ်ကုန်း၊ ပြွန်တံဆာ၊ ဒိုက်ဦးသို့တိုင် ချဲ့ထွင်

www.burmeseclassic.com

www.burmeseclassic.com

သောင်းကျန်းလာကြသောကြောင့် တပ်မတော်နှင့် မကြာခဏဆိုသလို တိုက်ပွဲများ ဖြစ်လေ့ရှိ၏။

ခြေလျင်တပ်ရင်း(၇၇) ခွဲ(၂)သည် ထိုနယ်မြေများ၏ လုံခြုံရေးကို တာဝန်ယူထားရသော အချိန်ဖြစ်၍ ဗကပ သူပုန်များနှင့် အကြိမ်ကြိမ် ထိပ်တိုက်ဆုံခဲ့ကြလေ၏။

ရဲဘော်များ တပ်ရင်းသို့ ပြန်အနားယူသောအခါ နို့တစ်လုံးစိန်အဖွဲ့အကြောင်း ပြောဆိုရာ၌ နာမည်ကြီးနေသည့် ရဲနီမေ(မကြွယ်)အကြောင်းလည်း ပါလာတတ်သေးသည်။

'နေပါဦး အေးမောင်ရဲ၊ မင်းက အဲဒီရဲနီမေ(မကြွယ်) အကြောင်း အမြဲပြောတယ်။ ဘာလဲကွ၊ သူက သိပ်လှနေလို့လား' ဟု ရဲဘော်ကံမြင့်က မေးလိုက်သဖြင့် အနီးတွင်ရှိနေသော ရဲဘော်သံဒိုင်က 'ဒီလိုပါကွာ၊ သူ့ရုပ်ရည်နဲ့ သူ့လုပ်ရပ်က တခြားစီပဲ' ဟု ဝင်ဖြည့်စွက်ပေးလိုက်ရ၏။

'ဒါဆို လှတယ်ပေါ့'

'တောကျွဲအင်းဘက်မှာ ဆုံလိုက်တာကွ။ လှစ်ခနဲဆို သူက ပျောက်ပျောက်သွားတာ'

'ဒါများကွာ၊ လှစ်ခနဲ ပစ်လိုက်ရောပေါ့။ ဟား... ဟား...ဟား'

'လျှော့မတွက်နဲ့ ကံမြင့်၊ အဲဒီ ရဲနီမေ(မကြွယ်)က နို့တစ်လုံးစိန်အဖွဲ့မှာ အားကိုးရတဲ့ဟာမကွ။ ဒါကြောင့် သူ နာမည်တစ်လုံး ရနေတာပေါ့' ဟု ရဲဘော်သံဒိုင်က ထပ်ရှင်းပြလိုက်၏။

'ဒီကောင် ညံ့တာပါကွာ။ ငါနဲ့ တွေ့ချင်တယ်'

'သူတို့က မနိုင်ပုံပေါ်ရင် ကြက်ပျောက်ငှက်ပျောက် ပျောက်ပျောက်သွားကြတာ မင်းလည်းသိသားနဲ့။ အဆုတ်မြန်သွားတော့ ဘယ်တတ်နိုင်မှာလဲကွ ကံမြင့်ရ'

'မင်းတို့ ဆက်မလိုက်ကြဘူးလား'

'ကမူးရှူးထိုးနဲ့ ဝင်တိုက်ပြီး ခွေးပြေး ဝက်ပြေး ထွက်သွားကြတာလေကွာ။ ဟား...ဟား...ဟား'

'အေးပါ...အေးပါ၊ တွေ့ရသေးတာပေါ့'

'မင်း စိတ်ဝင်စားသွားပြီပေါ့။ သူက ညိုချောလေးကွ။ ဟား...ဟား...ဟား'

'ညိုညို မည်းမည်း ဒါမျိုးနဲ့မှ တွေ့ချင်နေတာ'

'စိတ်ချ မင်း ကြုံဦးမှာပါကွာ။ အဲဒီကျ မလွှတ်စေနဲ့နော် ကံမြင့်။ အဲဒါ မင်းတာဝန်ပဲ'

'ရတယ်...ရတယ်'

◆◆◆

ဒက်...ဒက်...ဝုန်း..၊ ဒိုင်း...ဒိုင်း...ဒိုင်း...ဒက်...ဒက်... ဝုန်း...ဝုန်းဆိုသော သေနတ်သံများကြောင့် တစ်နေရာတွင် တိုက်ပွဲဖြစ်နေသည်ဆိုသည်ကို သိနိုင်၏။

ပဲနွယ်ကုန်းမြောက်ဘက်တွင် ဗိုလ်စောအဖွဲ့နှင့် ခြေလျင်တပ်ရင်း(၇၇) ခွဲ(၂)တို့ဖြစ်၏။

ရဲဘော်ကံမြင့်သည် ကျည်ကွယ်၊ မျက်ကွယ် နေရာယူထားနိုင်သဖြင့် သူပုန်များကို အထက်စည်းပစ်ခတ်ရာမှ ရဲနီမေများကို သတိ အသိ အနေအထားနှင့် လိုက်ရှာဖွေကြည့်သော်လည်း မတွေ့ရဘဲရှိနေ၏။

တစ်ဖက်နှင့်တစ်ဖက် သူတင်ကိုယ်တင် အနိုင်ကျဲနေသောအဖြစ်ကြောင့် သူပုန်များ ရှေ့မတိုးနိုင်ဘဲဖြစ်နေ၏။ ရဲဘော်ကံမြင့်သည် ရဲနီမေများကို ရှာဖွေကြည့်သော်လည်း မတွေ့ရသောကြောင့် တောက်တစ်ချက် ခေါက်လိုက်ပြီး နေရာအနှံ့သို့ လိုက်ရှာကြည့်နေပြန်၏။

တပ်ကြပ်ကြီးဇော်ဝင်းက ရဲဘော်များကို ရှေ့သို့တက်ရန် အချက်ပေးလိုက်သဖြင့် ရဲဘော်များက ဂယ်တွေ့ဝိုင်းရံပစ်ခတ်တိုက်ခိုက်ကြသောကြောင့် ဗိုလ်စောတို့အဖွဲ့ အထိနာနေကြ၏။

သူပုန်များသည် မည်သို့မှ ရှေ့သို့တိုးရန် အခွင့်အလမ်းမရတော့သည့်အဖြစ်ကြောင့် ထုံးစံအတိုင်း ကသောကမျောဖြင့် ဆုတ်ခွာပြေးသွားကြ၏။

ရဲဘော်များကလည်း ထုံးစံအတိုင်း ဆက်လိုက်နေကြ၏။

နယ်မြေကျွမ်းသော ထိုအဖွဲ့သည် အချိန်တိုအတွင်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသဖြင့် ရဲဘော်များက မှန်းဆ၍ လိုက်ကြရာမှ ခန့်မှန်းရအခက် ဖြစ်နေကြ၏။

ဝါရင့်တပ်ကြပ်ကြီး ဇော်ဝင်းက ထိုအဖွဲ့သည် နို့တစ်လုံးစိန်တို့ ခြေကုပ်ယူခဲ့သော မကျည်းခြောက်ရွာဖျက်ဆီသို့ သွားကြလိမ့်မည်ဟု ခန့်မှန်းနိုင်လိုက်သောကြောင့် ဆက်လိုက်ကြရန်သာ ရှိတော့၏။

မိုးလေးက တဖွဲဖွဲကျနေလေ၏။

တပ်ကြပ်ကြီးဇော်ဝင်းကို ပွိုင့်ရှေ့ကင်းအဖြစ် ထားသ ထား၍ ရဲဘော်များ ဆက်လိုက်ကြရာ မကျည်းခြောက်ရွာ



www.burmeseclassic.com

www.burmeseclassic.com

ပျက်သို့ မိုးချုပ်စအချိန် ချဉ်းကပ်နိုင်ခဲ့ကြ၏။

အပြင်စည်းဖြင့် ဝိုင်းရံလိုက်သော်လည်း ထိုအဖွဲ့ကို မတွေ့ရတော့ဘဲ ရှိနေလေ၏။

တပ်ကြပ်ကြီးဇော်ဝင်းသည် မကျည်းခြောက်ရွာပျက်တွင် နို့တစ်လုံးစိန်အဖွဲ့ ခြေကုပ်ယူထားခဲ့သော ထိုစခန်းကို နှစ်ကြိမ်တိုင်တိုင် ဝင်ရောက်ရှင်းလင်းရာတွင် ပါဝင်ခဲ့သူဖြစ်၏။

ပထမအကြိမ် ရှင်းလင်းခဲ့သော်လည်း နောက်တစ်ဖန် ခြေကုပ်ပြန်ယူခဲ့သဖြင့် ဒုတိယတစ်ကျော့ ပြန်ရှင်းလင်းခဲ့ရလေ၏။

တပ်ကြပ်ကြီးဇော်ဝင်းသည် ဗိုလ်စောတို့အဖွဲ့ကို မတွေ့ရသည်ဆိုသော်လည်း မိုးကြီးချုပ်မှ ရောက်လာနိုင်စရာ အကြောင်းရှိနေသဖြင့် ထိုနေရာမှ စောင့်ဆိုင်းရန် ပြင်ဆင်လိုက်တော့သည်။

ဆိုင်းငံ့သည်ဆိုရာတွင် အသံတိတ်စနစ် ကျင့်သုံးရမည်ဖြစ်ရာ ရဲဘော်များသည် ရွှံ့များ၊ ဗွက်များကို ညင်သာစွာ ကျော်နင်းဖြတ်သန်း၍ ကုန်းအမြင့်ပိုင်းလေးများ ရှိသည့် နေရာများကို ရှာဖွေနေကြရ၏။

မိုးတိတ်သွားခဲ့သော်လည်း ချုံများ၊ သစ်ရွက်များပေါ်တွင် ရေများ ရွဲစိုနေ၏။

ရဲဘော်ကံမြင့်သည် ကုန်းကမူ သုံး,လေးခုကို လှမ်းမြင်လိုက်ရသဖြင့် အမြင့်ဆုံးကမူလေးကိုရွေး၍ နေရာယူလိုက်၏။

ခြင်ကိုက်သလို ဖြုတ်ကလည်း တွယ်သေး၏။

ရဲဘော်ကံမြင့်သည် ခြင်များကို မောင်းထုတ်ရာမှ လှစ်ခနဲ,လှစ်ခနဲဆို ပျောက်ပျောက်သွားသည့် ရဲနီမေ (မကြွယ်)ဆီသို့ စိတ်ရောက်နေ၏။

တပ်ကြပ်ကြီးဇော်ဝင်း၏ လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်သော အသံတိတ်စနစ်၏ တစ်ဆင့်မှ တစ်ဆင့်သို့ လက်ဆင့်ကမ်းလိုက်သည့်အဖြစ်ကြောင့် ရဲဘော်ကံမြင့်သည် အနားယူ၍ ရပြီဖြစ်ကြောင်း သိလိုက်၏။

ရဲဘော်ကံမြင့်သည် အမြင့်ဆုံးကမူလေးကို အသာအယာ ရှင်းလိုက်ပြီး သေနတ်ကိုပိုက်၍ ပက်လက်လှန် အသင့်အနေအထားဖြင့် မှေးလိုက်တော့၏။

ခဏအကြာတွင် တစ်စုံတစ်ယောက်သောသူသည် လှစ်ခနဲ သူ့အပေါ် ခုန်အုပ်လိုက်ပြီး သူ့ရင်ဘတ်ကို ခွစီးလိုက်သည့်အဖြစ်ကို ခံလိုက်ရ၏။

ကံမြင့် ရုန်းနေသော်လည်း ရုန်းမရဘဲ ဖြစ်နေစဉ်တွင် ထိုသူသည် ကံမြင့်၏သေနတ်ကို ဆွဲယူလုလိုက်သောကြောင့် ထိုသူနှင့် ကံမြင့်တို့ သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေး သတ်ပုတ်နေကြ၏။

ကံမြင့်သည် သေနတ်ကို ပြန်ရနိုင်ရန် ခွန်အားရှိသမျှ ပြန်လည်လုယူသော်လည်း လုမရဘဲ ရှိနေပြန်၏။

ထိုသူသည် သေနတ်ကို လု၍မရမှန်း သိလိုက်သဖြင့် ကံမြင့်၏လည်ပင်းကို ပြောင်းညှစ်လိုက်ရာ ကံမြင့်သည် ထိုသူကို လှည့်ကြည့်လိုက်၏။

ထိုသူမှာ မိန်းမတစ်ယောက် ဖြစ်နေ၏။

ကံမြင့်သည် အားသန်စွာဖြင့် သူ့လည်ပင်းကိုညှစ်ထားသော ထိုမိန်းမ၏ လက်နှစ်ဖက်ကိုဖြဲ၍ အား··အား··အားဟု အော်လိုက်ရသည့် အဖြစ်ဆီသို့ ရောက်သွားတော့၏။

ကံမြင့်၏ ထိုအသံကို ကြားလိုက်သော အနီးရှိ ရဲဘော်သည် လူပ်၍နိူးလိုက်သောကြောင့် သူ လန့်နိုးလာခဲ့ရ၏။

ထိုအဖြစ်သည် ရဲဘော်များအတွက် အန္တရာယ်ရှိပြီးသော်လည်း အိပ်မက်ဆိုးမက်သည်ကို သိလိုက်ကြရသောကြောင့် အပြစ်မပေးသာဘဲရှိနေ၏။

တပ်ကြပ်ကြီးဇော်ဝင်း ရောက်လာပြီး ကံမြင့်ကို ထိုနေရာမှ အခြားနေရာသို့ ပြောင်းခိုင်းလိုက်၏။

ကံမြင့်သည် အိပ်မရတော့ဘဲ ရောင်ခြည်လေး သန်းလာသည့်တိုင် သတိအနေအထားဖြင့် စောင့်ဆိုင်းနေလေ၏။

ရဲဘော်များ အသင့်အနေအထားဖြင့် ထွက်ခွာရန် ဟန်ပြင်နေကြစဉ် နောက်တန်းမှ စက်ဆက်သွယ်မှုဖြင့် အကူ တပ်ခွဲတစ်ခွဲလာမည်ဖြစ်၍ ဤနေရာမှ စောင့်ဆိုင်းရန် အမိန့်ကျလာသောကြောင့် ကံမြင့်တို့ မကျည်းခြောက်ရွာပျက်တွင် ခေတ္တနားခွင့်ရလိုက်သလို ရှိသွားကြ၏။

မိုးလင်းသည်နှင့် စောလားဘွဲ့ဆိုသူ ရောက်လာ၏။

ထိုသူသည် မကျည်းခြောက်ရွာတွင် ဓပ်ရင်း(၇၇)၏ (၂)နှင့် သောင်းကျန်းသူများ (၂)ကြိမ်တိုင်တိုင်တိုက်ရာတွင် တပ်ကြပ်ကြီးဇော်ဝင်းနှင့် သိကျွမ်းခဲ့သော မကျည်းခြောက်ရွာသားဖြစ်၏။

www.burmeseclassic.com

'ဆရာကြီးတို့ ညကတည်းက ဒီရောက်လာကြတာကို ကျွန်တော်သိတယ်'

'ဘယ့်နှယ်လဲကွ၊ ဘာအခြေအနေထူးသေးလဲ စောလားဘွဲ့'

'သူတို့ ဒီမှာမရှိကြတော့တာကြာပြီ ဆရာကြီး'

'ဟုတ်လား'

'နောက်လည်း လာကြတော့မှာ မဟုတ်တော့ပါဘူးဗျာ'

'ဘာဖြစ်လို့လဲကွ'

'ဗကပ(ဗဟို)ကော်မတီ သခင်ချစ် တာဝန်ပေးချက်အရ ဒီနယ်မြေဥက္ကဋ္ဌ သခင်ဝင်းနဲ့ အတွင်းရေးမှူး သခင်သန်းတို့ ဒီစခန်းကို လက်လျှော့လိုက်ကြပြီး ရွှေကျင်ကျောက်ကြီးဘက်မှာရှိတဲ့ သောင်းကျန်းသူတွေနဲ့ သွားပေါင်းလိုက်ကြပြီလေ'

'ဩော်..ဩော်'

'ဆရာကြီးတို့..နောက်တစ်ကြိမ် ထပ်တိုက်တုန်းက သူတို့ အများကြီးခံလိုက်ရတယ်မဟုတ်လား။ ထပ်တိုက်ဖို့ အင်အားတောင် မရှိသလောက်တဲ ဖြစ်သွားတယ်။ ရဲနီမေတွေလည်း ပါသွားတယ်'ဟု ပြောလိုက်သော စောလားဘွဲ့ စကားကြောင့် ကံမြင့်သည် နားစွင့်လိုက်မိ၏။

'အဲဒီတုန်းက နို့တစ်လုံးစိန်အဖွဲ့မှာ ပါလာတဲ့ ရဲနီမေ(မကြွယ်)လည်း ကျသွားတယ်။ သူတို့က အဲဒီကျဆုံးသွားတဲ့သူတွေကို ဟိုနေရာမှာ မြှုပ်ထားခဲ့ပြီး ထွက်သွားကြတာပဲ'ဟု ရှင်းပြရာမှ စောလားဘွဲ့သည် ကမူလေးများရှိသော နေရာဆီသို့ လက်ညှိုးထိုးပြနေ၏။

ကံမြင့်သည် ထိုကမူလေးများဆီသို့ လှမ်းကြည့်လိုက်ရာ ညတုန်းက သူအိပ်နားခဲ့သော မို့မို့မောက်မောက်ကမူလေးများ ဖြစ်နေသည်ကို ထင်ထင်ရှားရှား တွေ့လိုက်ရ၏။

သူ့ရင်ဘတ်ပေါ်ခွစီးပြီး သူ့လည်ပင်းကို ညှစ်သူမှာ မကြွယ်ဟုတ်,မဟုတ် တွေးကြည့်လိုက်ပြီး သူတွေ့ချင်နေသည့် မကြွယ်နှင့် တွေ့ဆုံနိုင်တော့မည်မဟုတ်သောကြောင့် ကံမြင့်သည် ဩော်..မကြွယ်..မကြွယ်ဟု ညည်းညူလိုက်မိလေတော့၏။

ဂမ္ဘီရ–လူမော်

ပဥ္စဂုဏ် အပ် ဝန္ဒာမိ

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

အောင်စေကောင်းမြဲ(သာကေတ)

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

ဟောခန်းလိပ်စာ မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်-မြောက်လမ်းဆုံအနီး
ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်၊ တောင်ဘက်မုခ်။ (တိုးကြောင်ကလေး ဘုတာအနီး)
[၆၁၊ ၆၇၊ ၁၇၄၊ ၁၈၇၊ ၂၁၃၊ ရွှေရန်ကုန်၊ အမြဲစိမ်း၊ အဓိပတိ(အစိမ်း) ကားများစီး၍
တောင်-မြောက် လမ်းဆုံမှတ်တိုင်တွင် ဆင်းပါ။)

ဟောပြောအချိန် နံနက်(၁၀း၀၀)နာရီမှ ညနေ(၄း၀၀)နာရီ။

ရပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉ ၄၂၀ ၀၄၇ ၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်တွေ့ဆုံ ယတြာချေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၉၆၅)ခုနှစ်။

နေသာလိုက် မိုးတစ်ပြိုက်၊နှစ်ပြိုက်ရွာလိုက်နှင့် မေလ ကုန်ရက်တစ်ရက်မှာ ကျွန်တော်မောင်ဘိုကြီးနဲ့ သူငယ်ချင်း ထင်ကျော် နှစ်ယောက်သား အမေရိကန်ပြောင်းရှည်(၃၀၃) ရိုင်ဖယ် တစ်ယောက်တစ်လက်စီနဲ့ ခေတ္တအခြေ ပြုရာ ကျောက်တံခါးမြို့နယ်၊ ပဲခူးရိုးမတောစပ် ငွေးကုန်းရွာကြီးကနေ စစ်ကြောင်းရိုက္ခာစို အတွက် ရဲနွယ်ချောင်းရိုးအတိုင်း ဆန်တက်ပြီး တောပစ် ထွက်ခဲ့ပါတယ်။

မိုးရေသောက်သုံးခွင့်ရလို့ ပဲခူးရိုးမတစ်ကြောလုံးရှိ သစ်ပင်ကြီးငယ်အသွယ်သွယ်ဟာ ရွက်နုတွေဝေပြီး စိမ်းစို နေသလို နေပူဒဏ်ကြောင့် မြေပြင်မှာ ပြားပြားဝပ်နေတဲ့ မြက်ရိုင်းပင်တွေလည်း ရှင်သန်နိုးထပြီး မြေပြင်ကို မြကမ္ဗ လာခင်းထားသလို မြရောင်ဖြာနေပါတယ်။

# ရှစ်ခွင်ကျော် (မောင်တော်သီ)
# တောမှောက်တဲ့ည





www.burmeseclassic.com

www.burmeseclassic.com

အနောက်တောင်မုတ်သုံလေပြည်လေညင်းနဲ့အတူ ပျံ့လွင့်လာတဲ့ မြေသင်းနံ့လေး ရှူရှိုက်ရတာကြောင့် စိတ်ကြည်လင်လန်းဆန်းလှပါတယ်။

မနက်(၁၁)နာရီထိုးကစပြီး ရဲနွယ်ချောင်းရိုးအတိုင်း တောကျောင်ရှာရင်း ခရီးနှင်လာတာ ညနေငါးနာရီခွဲအထိ တောကောင်မပြောနဲ့၊ တောကောင်ရဲ့ခြေရာတောင် ရှာမတွေ့ပါဘူး။

ကျွန်တော်တို့နှစ်ယောက်သား စိတ်မောလူမောနဲ့ ကနစိုပင်ကြီးအောက်ထိုင်ပြီး ဝင်းဝါနေတဲ့ ကနစိုသီးအတွဲလိုက်ဆွတ်ချူစားသောက်ရင်း အမောဖြေနေစဉ်မှာ-

'ရှူး··ဟောကောင် ဘိုကြီး၊ ဟိုမှာကြည့်စမ်း' လို့ ထင်ကျော် ပျာယီးပျာယာနဲ့ သူညွှန်ပြတဲ့ဘက် ကြည့်လိုက်တဲ့အခါ ကျောက်တောင်ချွန်းပေါ်မှာ ရပ်နေတဲ့ တောင်ဆိတ်သိုးကြီးတစ်ကောင်ကို မြင်တွေ့ရပါတယ်။

မြင်ရတဲ့ မြင်ကွင်းကတော့ ဘယ်ပန်းချီရေးမမီဆိုတဲ့ ဖန်တီးယူလို့မရသော အလှပါ။ တောင်ဆိတ်သိုးကြီးဟာ အကြမ်းပန်းကန်လုံးလောက်တောင် မရှိတတ်တဲ့ ကျောက်တောင်ချွန်းထိပ်မှ ခြေလေးချောင်းစုရပ်ပြီး ညင်းပြေပြေမုတ်သုံလေကို ခေါင်းမော့ပြီး ရှူနေပါတယ်။

အနောက်ဂေါယာကျွန်းကို ယွန်းတော့မယ့် ပုစွန်ဆီသွေးရောင် နေဝန်းဝိုင်းဝိုင်းစက်စက်ကြီးရဲ့ အလယ်ဗဟိုကျကျ ဆိတ်သိုးကြီးရပ်တည်နေပုံဟာ မျက်စိထဲက မထွက်အောင် ဆွဲဆောင်မှုရှိနေပါတယ်။

'ဟေ့ကောင်··ဘာငိုင်နေတာလဲ'

ထင်ကျော် အသံပေးလို့ သတိကိုပြန်စုစည်းပြီး ကျွန်တော်က ကနစိုပင်ကိုင်းမှာ သေနတ်ပြောင်းဖျားတင် ထင်ကျော်က မြရာပင်ကိုင်းမှာ ပြောင်းဖျားတင်လိုက်ပါတယ်။

'ဟေ့ကောင် ဘိုကြီး၊ ပိုင်မှပစ်နော်'

ထင်ကျော် သတိပေးစကားကို ခေါင်းညိတ်ဖြေပြီး ဆိတ်သိုးကြီးကို ချိန်ပါတယ်။ အသက်ကို တစ်ဝကြီးရှူသွင်းပြီး နောက်ချိန်ပေါက် ရှေ့ချိန်သီး ဆိတ်သိုးကြီးရဲ့ လက်ပတ်တစ်ဖြောင့်တည်း ဝင်ပြီဖြစ်လို့ ဒုတိယမောင်းကို ညှစ်လိုက်ပါတယ်။

'ဒိုင်း'

'ဒိုင်း'

ကျွန်တော်တို့နှစ်ယောက် ပစ်ခတ်မှုဟာ တစ်စက္ကန့်တောင်မခြားဘဲ ပေါက်ကွဲသွားသလို တောင်ဆိတ်သိုးကြီးဟာ နှစ်ပေလောက် မြောက်တက်သွားပြီး တောင်ခြေကို တလိမ့်လိမ့်ကောက်ကွေး ပြုတ်ကျသွားတော့တာပါပဲ။

◆◆◆

ကျွန်တော်တို့တပ်ခွဲမှာ စံနိုင်ဒီး အမည်ရှိတဲ့ တပ်ကြပ်တစ်ယောက် ရှိပါတယ်။ မုဆိုးအလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်နိုင်နိုင်စွာ ဆောင်ရွက်နိုင်သူပါ။ သူရှိစဉ်က ကျွန်တော်တို့ရဲ့ဘော်တွေ ချေ၊ ဒရယ်၊ သမင်၊ ဆတ် တောကောင်မျိုးစုံ ရှာဖြေပစ်ခတ်ကျွေးခဲ့တဲ့ ကျေးဇူးရှင်ဆရာပါ။ ဒီတစ်ပတ်စစ်ဆင်ရေးမှာ အကြပ်ကြီးသင်တန်းသွားတက်နေလို့ ကျွန်တော်တို့နှစ်ယောက် အမဲပစ်တာဝန်ယူရခြင်းပဲ ဖြစ်ပါတယ်။

တကယ်တော့ ရွှေကျင်သား ထင်ကျော်ဟာ မြို့ပတ်ဝန်းကျင်က ရှောက်တော၊ ရော်ဘာတော၊ တည်းတောတောင် နှံ့စပ်အောင် ရောက်ဖူးတဲ့ကောင် မဟုတ်ပါဘူး။ ကျွန်တော်ဆို လယ်ကွင်းတွေ ပတ်လည်ဝိုင်းနေတဲ့ ဖောင်တော်သီသားဖြစ်လို့ တောတောင်ဆိုတာ တပ်ထဲရောက်မှ ထိတွေ့ဖူးသူပဲ ဖြစ်ပါတယ်။ နှစ်ယောက်လုံးက မုဆိုးအလုပ်လုပ်ဖူးကြတာ မဟုတ်ပါဘူး။

'ဝက်လည်း ဝယ်မရ၊ နွားလည်း ဝယ်မရ၊ စံနိုင်ဒီးကလည်းမရှိ။ ငါ့ရဲဘော်တွေ ရိက္ခာစိုအတွက် ကြိုးစားကြစမ်းပါဦးကွာ' လို့ ဂာပ်ရင်းမှူးကြီး တိုက်တွန်းချက်အရ ထင်ကျော်က ကျွန်တော် အမဲပစ်ကျွေးပါ့မယ်ဆိုပြီး အာမခံလို့ ထင်ကျော်ကို တာဝန်ပေးခြင်းပါ။

'ဘိုကြီး··ထင်ကျော်နဲ့ အဖော်လိုက်သွား'

တပ်ရင်းမှူးကြီးဟာ ကျွန်တော့်ကိုပါ တွဲဖက်တာဝန်ပေးလို့ မုဆိုးအလုပ် လုပ်ရခြင်းပါ။

ကျွန်တော်တို့ နှစ်ယောက်လုံးဟာ တောအကြောင်းတောင်အကြောင်း၊ တောတောင်တွေရဲ့ ခြေလှမ်းရိုက် ဘာတစ်ခုမှ သိနားလည်ခြင်းမရှိတဲ့ ရဲဘော်တွေပါ။

ကျွန်တော်တို့ ကိုယ်တိုင်ကလည်း အသားဟင်းကြိုက်စစ်ကြောင်းရဲဘော်တွေအတွက် ရိက္ခာစိုဟင်းလျာ စားစေချင်တဲ့ ရဲဘော်စိတ်နဲ့ ပေးအပ်တဲ့တာဝန်ကို ကြည်ဖြူကျေနပ်စွာ ထမ်းဆောင်ရလို့ လွတ်လပ်ပေါ့ပါးနေပါတယ်။

◆◆◆

ပေတစ်ရာပတ်လည်တောင် မရှိတတ်တဲ့ တောင်ဆိတ်သိုးကြီး ပြုတ်ကျရာ ကျောက်တောင်ချွန်းအခြေကို ကျွန်တော်တို့နှစ်ယောက် ခြေရာချင်းထပ်အောင် ကွက်ပြည့်အောင် ရှာပေမယ့် သွေးစက်တစ်စက်တောင် မတွေ့ရတာတော့

www.burmeseclassic.com

စဉ်းစားရကျပ်ပါတယ်။

ဤပုံနှင့် မိုးကြိုးချုပ် ခြေကျင်လို့ ဆိုရတော့မှာပါ။ နေဝန်းနီကြီး ရိုးမတောင်ကို မေးတင်နေပါပြီ။

ကျွန်တော့်ကိုယ်ကျွန်တော် သတိထားမိတာ တစ်ခုရှိပါတယ်။

ကျွန်တော် တပ်သားသစ် သင်တန်းတက်စဉ်က စက်ပစ်ကွင်းမှာ ပစ်ခတ်စဉ်ဝင်တဲ့အခါ ပစ်မှတ်ရဲ့အလယ်ဗဟိုကို ထိမှန်တယ်ဆိုရင် ကျွန်တော့်လက် စီးခနဲဖြစ်သွားခြင်းပါ။ အဲဒီအကျင့်ဟာ စစ်မြေပြင်မှာ တပ်စိတ်၊ တပ်စု၊ တပ်ခွဲ လက်နက်မျိုးစုံတွေအကြား ရန်သူနဲ့ တိုက်ပွဲဖြစ်တဲ့အခါ ကျွန်တော့်လက်က စီးခနဲ ခံစားလိုက်ရတယ်ဆိုရင် ရန်သူကို ချက်ကောင်းသတ်ကွင်းထိပြီဆိုတာ သေချာပါပဲ။ ကျွန်တော် တောင်ဆိတ်သိုးကြီးကိုပစ်စဉ်က စီးခနဲ ခံစားလိုက်ရပါတယ်။ တကယ်လည်း ကျွန်တော်ချိန်ရွယ်ပစ်ခတ်တဲ့ လက်ပတ်ကို ထိမှန်တာပါ။ ဒလိမ့်ကောက်ကွေး ပြုတ်ကျတာလည်း မျက်ဝါးထင်ထင် မြင်လိုက်ရတာပါ။ ဘာလို့ ရှာမတွေ့တာပါလိမ့်။

'ထင်ကျော်..မင်းမှာ စားစရာဘာပါလဲ'

ကျွန်တော် ဘာရည်ရွယ်ချက်နဲ့ မေးတယ်ဆိုတာ ထင်ကျော် သဘောပေါက်ပါတယ်။ သို့ကြောင့် အင်္ကျီ၊ ဘောင်းဘီအိတ်တွေ နှိုက်စမ်းရင်း ရှာတွေ့တဲ့ ရှားမီးသကြားလုံးငါးလုံး ထုတ်ပေးပါတယ်။

တောထဲတောင်ထဲ ရှာမီးသကြားလုံး ဘယ်ကရလဲ့ ဆိုတာလေး ဖြေကြားပါရစေ။

ပဲခူးရိုးမတစ်ကြော တက်စဉ်က တောတွင်းရိက္ခာနဲ့ တက်ရပါတယ်။ လေးထောင့်ပုံ ဂုန်နီအိတ်ထုပ်တစ်ထုပ်ဟာ ရဲဘော်ရှစ်ယောက် တစ်ရက်စာရှိပါတယ်။ အထဲမှာ အသားဘူး(၂)ဘူး၊ သရက်သီးသနပ်(၁)ဘူး၊ နို့ဆီ(၁)ဘူး၊ ငါးဆယ်လီပ်ဝင် ခပေါင်းစီးကရက်(၁)ဘူး၊ သကြား(၁)ထုပ်၊ အချိုခြောက်(၁)ထုပ်၊ ရှားမီးသကြားလုံး(၂)ထုပ်၊ စီဗီအားဆေးပြား(၁)ထုပ်နဲ့ ဆန်ချော(၁၃)ပေါင် ပါဝင်ပါတယ်။ ထင်ကျော်ပေးတဲ့ သကြားလုံးဟာ လွန်ခဲ့တဲ့နှစ်ပတ်က စားသုံးခဲ့တဲ့ တောတွင်းရိက္ခာထုပ်ထဲက အကြွင်းအကျန် သကြားလုံးပါ။

'တောထဲ အမဲပစ်တဲ့အခါ တောပိုင်တောင်ပိုင်တွေကို ကိုယ့်ပါတဲ့ စားသောက်ဖွယ်ရာနဲ့ တင်မြှောက်ပြီး တောင်းရတယ်'

ဆရာစံနိုင်ဒီးစကား ပြန်လည်ကြားယောင်လို့ ထင်ကျော်ပေးတဲ့ ရှားမီးသကြားလုံးငါးလုံး အခွံတွေခွာ တင်မြှောက်ပူဇော်ပ,သပြီး သေနတ်ထိမှန်ထားတဲ့ တောင်ဆိတ်သိုးကြီးကို ထပ်ရှာပါတယ်။ လူခွဲပြီး ရှာတာပါ။

တွေ့ပါပြီ။

ပြုတ်ကျတဲ့နေရာကပဲ ပြန်တွေ့တာပါ။ တောင်ဆိတ်ကြီး မသေသေးပါဘူး။ လက်ပြင်က ဒဏ်ရာနှစ်ချက်ကို ရှည်လျားတဲ့ သူ့ရဲ့လျှာကြီးနဲ့ မမီမကမ်း လျက်နေပါတယ်။

'ထင်ကျော်ရေ'

'ဗူး'

'တွေ့ပြီ၊ တွေ့ပြီ။ လာ..လာ'

'ဝုန်း..ဖျော'

ကျွန်တော် ဝမ်းသာအားရနဲ့ ထင်ကျော်ကို လှမ်းအော်ခေါ်သံကြောင့် သေနတ်ဒဏ်ရာနှစ်ချက်တောင် ထိမှန်ခံထားရတဲ့ တောင်ဆိတ်သိုးကြီးဟာ အကောင်းပကတိလို ကုန်းထပြီး နဘူးချုံတွေထဲ တိုးဝင်ပျောက်ကွယ်သွားပါတယ်။

'တောက်..ကွာ၊ သေချာမှာထားလျက်သားနဲ့ ဘိုကြီးရာ'

ဟုတ်ပါတယ်၊ ကျွန်တော့်အမှားပါ။ တောကောင်အရှင်ပဲတွေ့တွေ့၊ သေနတ်မှန်ပြီး သေနေတဲ့ တောကောင်ကိုပဲ တွေ့တွေ့ အော်ဟစ်ပြောဆိုခြင်း မပြုရဘူး ဆိုစကားကို ကျွန်တော်မေ့လျော့ပြီး ဝမ်းသာအားရနဲ့ အော်ပြောမိလိုက်လို့ပါပဲ။ ဒီလိုဖြစ်တာ ဒေသအခေါ်ကတော့ အပမိုတယ်လို့ ဆိုပါတယ်။ အနီးဝန်းကျင် မမြင်မတွေ့ရတဲ့ ဝိညာဉ်လောကသား ပရလောကသားတွေ ပူးကပ်သွားတယ်ဆိုတဲ့ သဘောပါ။

'တောင်ဆိတ်နဲ့ ပတ်သက်တဲ့အကြောင်း ဆရာစံနိုင်ဒီး ပြောဖူးတယ်'

ထင်ကျော် စကားစလိုက်တာနဲ့ ကျွန်တော် သဘောပေါက်နေပါပြီ။ ဆရာစံနိုင်ဒီး ပြောပြစဉ်က ကျွန်တော်ကိုယ်တိုင် ရှိနေလို့ပါ။ တောင်ဆိတ်လျှာ၊ ဦးချိုဟာ အစွမ်းထက်မြက်တဲ့အကြောင်းပါ။ ကျွန်တော်တို့ လူသားတွေရဲ့ အရိုး၊ ခြေရိုး၊ လက်ရိုး၊ ဘာအရိုးပဲဖြစ်ဖြစ် ထက်ပိုင်းကျိုးတယ်ဆိုရင်တောင် တောင်ဆိတ်လျှာ၊ ဦးချို စတာနဲ့ သွေးလိမ်းပုံကျိုးတဲ့အရိုး ပြန်ဆက်တယ်ဆိုတဲ့ စကားပါ။ ထင်ကျော် မမြင်လိုက်လို့ ယုံ,မယုံမသိရပေမယ့် ကျွန်တော်ကတော့

www.burmeseclassic.com

လက်တွေ့ဖြစ်လို့ လက်ခံယုံကြည်လိုက်ပါတယ်။

ကျွန်တော်တို့နှစ်ယောက် တောင်ဆိတ်သိုးကြီးရဲ့ သွေးစက်ရာအတိုင်း လိုက်ရင်း,လိုက်ရင်း အမှောင်ထုကြား ပျောက်ကွယ်သွားလို့ နှမြောတ,သစွာနဲ့ ပြန်လှည့်ခဲ့ပါတယ်။

အမှောင်လမ်းကို စမ်းတဝါးဝါးနဲ့ သွားနေခြင်းပါ။ ညဘက် အရပ်မျက်နှာထိန်းသိမ်းနည်း သင်ခန်းစာအရ မှိတ်တုတ်,မှိတ်တုတ် ကြယ်လေးတွေကို အမှတ်အသားပြုရင်း လျှောက်လာခဲ့တာ မြန်မာ့အသံ စံတော်ချိန်တီးလုံး ခပ်သဲ့သဲ့ကြားရလို့ ပွေးကုန်းရွာခြေကို ရောက်ပြီဆိုတာ ခန့်မှန်းလို့ ရပါတယ်။

ညရှစ်နာရီသတင်း ပီပီသသကြားလို့ ခြေလှမ်းသွက်သွက်နဲ့ လျှောက်ပေမယ့် ရွာထဲ ပြန်မရောက်နိုင်တဲ့အဖြင် ရေဒီယိုသတင်းကြေညာသံတောင် ပေါ်လိုက် ပျောက်လိုက်ဖြစ်နေတာဟာ ညကိုးနာရီအစီအစဉ် ပြီးဆုံးချိန်ထိပါပဲ။

'လျှောက်ရတာလည်း ခြေတိုတော့မယ် ဘိုကြီးရာ။ ဒီနေရာမှာပဲ မိုးလင်းအောင် စောင့်လိုက်ကြပါစို့'

'ငါ စိတ်မဖြောင့်ဘူး ထင်ကျော်။ တို့နှစ်ယောက် ပြန်မရောက်မချင်း စိတ်ပူနေကြမှာ။ လူသံတွေတောင် ကြားနေရတာကွာ ရောက်တော့မှာပါ'

ကျွန်တော်တို့ ဆက်လျှောက်ပါတယ်။ မိနစ်မှနာရီ၊ နာရီမှ ညဉ့်သန်းခေါင်အထိအောင် လျှောက်ပါတယ်။ ပွေးကုန်းရွာကြီး တစ်ရွာလုံး ပျောက်နေပါတယ်။

'ဘိုကြီး··တို့နှစ်ယောက် တောမှောက်နေတာကွ'

ဟုတ်ပါတယ်။ ကြားဖူးနားဝရှိတဲ့ တောမှောက်တဲ့ဒုက္ခကို ကျွန်တော်တို့နှစ်ယောက် လက်တွေ့ခံစားနေရတာပါ။

အချိန်မရှိ ဘယ်ရောက်နေမှန်းလည်း မသိဘဲ ရောက်တဲ့နေရာမှာ အိပ်စက်ဖို့ အနားယူနေပေမယ့် လုံးဝအိပ်လို့ မပျော်ပါဘူး။ ကိုက်လိုက်တဲ့ခြင် ဖွဲနဲ့ဆုပ်ပက်ခံရသလိုပါ။

'ချပ်··ချပ်'

'ဝေါ··ရှဲ'

တစ်ချက်,တစ်ချက် လေတိုးလိုက်ရင် ပွတ်တိုက်သံတချပ်ချပ် သစ်ရွက်တွေ တရှဲရှဲမြည်သံတွေကြောင့် ကြက်သီးဖြန်းခနဲထပြီး နှလုံးသွေးရပ်ချင်သလိုပါပဲ။

'အု··အူ'

'ဘိုကြီး··ဒီနေရာ မြေမသန့်ဘူး ထင်တယ်ကွ'

ဟုတ်ချင်လည်း ဟုတ်မှာပါ။ ခွေးအ်တွေ အော်မြည်သံ၊ အူသံပြုတတ်တဲ့ နေရာဟာ သုသာန်တစ်စပြင်လို နေရာမျိုးတွေပါ။

'ငါ့နှာခေါင်းထဲ ညှီစို့စို့နဲ့ကွာ။ အပုပ်နံ့တွေ ထေါ်လား'

ထင်ကျော်ကတော့ တစ်မျိုးပြီးတစ်မျိုးတွေးပြီး ထိတ်လန့်တုန်လှုပ်နေပုံပါပဲ။ ကျွန်တော်ကတော့ ဒုက္ခကြုံရင် ဗုဒ္ဓဂုဏ်တော်ကို မမေ့နဲ့။ မိဘဆရာသမားတွေရဲ့ ဆိုဆုံးမအတိုင်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုပဲ မပြတ်တမ်း ရွတ်ဆိုနေပါတယ်။

သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုရင်းနဲ့ပဲ ရွာဦးကျောင်းက အုံးမောင်းသံကြားပြီး ကျွန်တော်ရော ထင်ကျော်ပါ သတိလစ်သွားပါတယ်။ ငိုက်ခနဲ အိပ်ပျော်သွားတဲ့သဘောပါ။

'ဘိုကြီး'

'ထင်ကျော်'

'ဟေ့··သေချင်းဆိုးနှစ်ကောင်၊ ထစမ်း။ ရွာနဲ့တစ်ခေါ်တောင် မရှိဘူး၊ ရွာအရောက်ပြန်လာတော့ မြေကိုက်မှာစိုးလို့လား။ တစ်ညလုံး သေနတ်ပစ်ဖောက်ပြီးရှာတာ မင်းတို့နားတွေ ပင်းနေလား။ ပြန်ပစ်ပြီး အချက်ပေးပါလား။ တို့ဖြင့် တစ်ညလုံး ရှာလိုက်ရတာ ဖတ်ဖတ်ကိုမောလို့'

ရှေ့တန်းရုံးက အိုင်ဆာဂျင်(ထောက်လှမ်းရေးတပ်ကြပ်ကြီး) ဆူပူဇါက်ငမ်း ပြောဆိုသမျှ ငုံ့ခံနေရပါတယ်။


ကျွန်တော်တို့ နှစ်ယောက်လုံး သေနတ်သံ တစ်ချက်မှ မကြားရပါ။ တောမှောက်တယ်ဆိုတာ အားလုံးအမှားတွေချည်းပါပဲ။

'ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ပြန်ကြည့်ကြဦး။ တို့ ဘယ်နေရာ ရောက်နေလဲဆိုတာ'

'ဟာ··ဟာင်'

ကျွန်တော်တို့နှစ်ယောက်ရဲ့ အာမေဋိတ်သံတွေပါ။

ကျွန်တော်တို့နှစ်ယောက် တောမှောက်လို့ တစ်ညတာ ကုန်ဆုံးခဲ့တဲ့နေရာဟာ မှတ်တိုင်လေးတွေ ထိုးထိုးထောင်ထောင်၊ အုတ်ဂူတွေ ခပ်ကြဲကြဲ၊ ပေါင်းနွမ်းနေတဲ့ ဇရပ်ပျက် တည်ရှိတဲ့ ပွေးကုန်းရွာသုသာန် ဖြစ်နေလို့ပါခင်ဗျာ။



ရှစ်ခွင်ကျော်
(ဖော်ဝင်တော်သီ)

www.burmeseclassic.com

ညသည် ပကတိမှောင်မည်းနေသည်တော့ မဟုတ်ပေ။ လဆန်း (၁၀)ရက်စွန်းစ လ၏ အလင်းရောင်ကြောင့် မြစ်ပြင်ကျယ်မှ လှိုင်းကြက်ခွပ်ကလေးများကို ကျွန်မ လှမ်းမြင်နေရသည်။ မော်တော်မှာ စက်သံတဘုတ်ဘုတ်မြည်ကာ လှုပ်ရှားပြေးလွှားနေသည်။ ထိုအရှိန်ကြောင့် လေနုအေးအေးတို့က ကျွန်မ၏ ကိုယ်အား လာရောက် ထိခတ်လျက်ရှိရာ တဖြည်းဖြည်း ချမ်းစိမ့်စိမ့် ဖြစ်လာမိသည်။



# မရည်မွန် (ကျုံပျော်)

# မြစ်ပြင်ကျယ်က ဝိညာဉ်များ

ထို့ကြောင့် ကျွန်မသည် စောင်တဘက်ကလေးအား ကိုယ်ပေါ်တွင် လွှမ်းခြုံလိုက်ရင်းမှ ပုတီးစိပ်၊ ပရိတ်တရားရွတ်၊ အမျှဝေ မေတ္တာပို့ရန် ကျွန်မ ရရှိထားသည့် နေရာကျဉ်းကလေးအား ပြုပြင်လိုက်သည်။

ကျွန်မ၏ ယုံကြည်အားကိုးအားထားရာမှာ ဘုရား၊ တရား၊



www.burmeseclassic.com

www.burmeseclassic.com

သံဃာနှင့် မိဘ၊ဆရာသမားများပင် ဖြစ်သည်။ တကယ်တမ်းမှာ ကျွန်မသည် ရေကူးတတ်သူ မဟုတ်သကဲ့သို့ တုန်တင်ကားကြီးများဖြင့်လည်း လိုက်ပါ၍ ခရီးရှည်သွားခဲ့ဖူးခြင်း မရှိပေ။

သို့သော် ကျွန်မသည် ပန်းကမ္ဘာဇာတ်ပွဲကို စတင်တည်ထောင်ပြီးသည်မှစ၍ ဇာတ်ပွဲငှားရာနောက်သို့ ကုန်းလမ်း၊ ရေလမ်း မရှောင်သာဘဲ လိုက်ခဲ့ရသည်ချည်း ဖြစ်သည်။ ထိုအခါ ကျွန်မမှာ သွားလေရာ ခရီးလမ်းတို့၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပရိတ်တရားတော်တို့ကို ယုံကြည်အားကိုးစွာ ရွတ်ဖတ်ပူဇော်မြဲဖြစ်သည်။ ထိုသို့ ပုတီးစိပ် ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ပြီးတိုင်းလည်း ဝေနေများစွာ သတ္တဝါအားလုံးတို့ကို အမျှပေးဝေမြဲ၊ မေတ္တာပို့မြဲ ဖြစ်သည်။

ကျွန်မ တည်ထောင်သော ပန်းကမ္ဘာဇာတ်ပွဲကြီးသည် ပုသိမ်မြို့၊ တာဝတိံသာဘုရားတွင် သုံးည ဖျော်ဖြေကပြတင်ဆက်ပြီးနောက် ငပုတောမြို့၌ ဖျော်ဖြေကပြရန် ခရီးဆက်ခဲ့ကြသည်။ ထိုပွဲခင်းမှာ ကန်ထရိုက်ပွဲ(ငှားပွဲ) ဖြစ်သောကြောင့် ပွဲကြိုလာခေါ်သည့် မော်တော်ဖြင့် ကျွန်မတို့ ဇာတ်တစ်ဖွဲ့သားလုံး လိုက်ပါခဲ့ကြသည်။

ကျွန်မတို့ဇာတ်အဖွဲ့ စီးနင်းလိုက်ပါမည့် မော်တော်သည် ပုသိမ်မြို့ဆိပ်ကမ်း၌ ဇာတ်ပစ္စည်းများ အတင်အချပြုလုပ်သည်မှာ အချိန်အနည်းငယ် နောက်ကျသွားသဖြင့် မိုးစုံးစုံးချုပ်မှ ပုသိမ်မြို့ဆိပ်ကမ်းက မော်တော်ထွက်ခဲ့ရသည်။ သို့ဖြစ်ရာ မော်တော်ထွက်မှသာလျှင် ဇာတ်သူဇာတ်သားအချို့မှာ ညနေစာ ထမင်းစားသူကစား၊ အိပ်စက်အနားယူသူကလည်း အိပ်စက်အနားယူ၍ လိုက်ပါလာကြသည်။

'မင်းနေရာမှာ ငါလည်း နေမယ်။ မင်းနေရာက အကျယ်ကြီးပဲ'

'ငါ့လို နေချင်ရင် မင်းလည်း စောစောစီးစီး နေရာယူထားပါလား'

'ငါ မော်တော်ပေါ်တက်တာ နောက်ကျသွားလို့ပါကွာ'

'အို··ဘာပဲဖြစ်ဖြစ် ငါ့လို နေချင်ရင် အစောကြီးကတည်းက နေရာယူထားပေါ့။ မင်းကို ပေးမနေနိုင်ဘူး'

'တခြားမှာလည်း နေရာတွေက ကျပ်ကုန်ပြီ။ မင်းဘာပြောပြော ငါကတော့ ဒီနေရာမှာ နေမှာပဲ'

'မင်းက ဘာကောင်မို့ လူပါးဝနေတာလဲ'

'ငါက ဘာကောင်လဲဆိုတာ မင်းမသိဘူးလား။ မင်းသိအောင် ထပ်ပြောရဦးမလား။ ငါက လူရှင်တော်ကွ၊ လူရှင်တော်။ မင်းကရော ဘာကောင်လဲ၊ လူပါးဝတာက မင်းကွ'

'ငါ ဘာကောင်ဖြစ်ဖြစ် လူပါးဝတော့ ဘာဖြစ်လဲကွာ'

'ဒီလောက်တောင် လူပါးဝတဲ့ကောင်။ ကဲကွာ'

'ဘုန်း··ဝုန်း'

ကျွန်မမှာ ပရိတ်တရားကို ရွတ်ခါစ ရှိသေးသည်။ ကျွန်မ နေရာနှင့် မလှမ်းမကမ်းနေရာမှ စကားများသံနှင့်အတူ လုံးထွေးသတ်ပုတ်သံများကို ကြားလိုက်ရသည်။

ကျွန်မမှာ ပရိတ်တရားတော်ကို ဆက်မရွတ်နိုင်တော့ဘဲ စကားများ သတ်ပုတ်နေသည့်နေရာသို့ အမြန်ထသွားလိုက်ကာ–

'ဟေ့··ရွှေလုံးနဲ့ အောင်စိုး တော်ကြစမ်း'

ကျွန်မက ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦးအား ကျွန်မ လက်တစ်ဖက်စီနှင့် ဆွဲဖယ်၍ ခွဲထုတ်လိုက်သည်။ ထိုသောအခါမှ ရွှေလုံးရော အောင်စိုးပါ ကျွန်မ၏ရှေ့တွင် တရိုတသေဖြင့် ခေါင်းငုံ့ကာ ရပ်နေကြသည်။

'ကဲ··ရွှေလုံးရော အောင်စိုးပါ ပြောကြပါဦး။ မင်းတို့ နှစ်ယောက် ဘာကြောင့်ရန်ဖြစ်ကြတယ်ဆိုတာကို'

'ဒီလိုပါ အန်တီ၊ ကျွန်တော် မော်တော်ထဲက ဆင်းတာ နောက်ကျသွားလို့ နေရာမရဘူး။ ကျွန်တော်လည်း အိပ်ချင်လွန်းလို့ သူ့နေရာက ကျယ်တာနဲ့ သူ့နေရာမှာ အိပ်မယ်ဆိုပြီး သွားတာပါ'

ရွှေလုံးပြောသော စကားကို အောင်စိုးက ငြိမ်၍ နားထောင်နေသည်။ ထို့ကြောင့် ကျွန်မမှ–

'ကဲ··ကဲ··အောင်စိုး၊ ကိုယ့်နေရာမှာ ကိုယ်နေ။ ရွှေလုံးက ငါ့အနားမှာ လာနေ'

'အန်တီ၊ ကျွန်တော် မော်တော်ခေါင်းမိုးပေါ်မှာ ကိုသက်တင်တို့နဲ့ အတူတူ သွားနေမယ်'

ကျွန်မပြောစကားကြောင့် အောင်စိုးက သူ့နေရာ၌ သူ ပြန်နေသကဲ့သို့ ရွှေလုံးက ပြောပြောဆိုဆို ကျွန်မအနီးမှ ထွက်သွားသည်။ ထိုအခါမှ ကျွန်မ သတိရကာ–



www.burmeseclassic.com

www.burmeseclassic.com

'ဟော့..ရွဲလုံး။ နင်တို့ ခေါင်မိုးပေါ် တက်စီးကြရင်လည်း ငြိမ်ငြိမ်သက်သက်နဲ့ သတိထားပြီး စီးကြနော်။ သက်တင်တို့ကိုလည်း ပြောလိုက်ဦး။ မော်တော်ခေါင်မိုးပေါ် စီးပြီး အရက်တွေ မသောက်ကြနဲ့လို့'

ကျွန်မက ရွဲလုံးကို လှမ်းအော်ပြီး ပြောလိုက်သည့်ခဏအတွင်းမှာပင် ရွဲလုံးတစ်ယောက် မော်တော်ခေါင်မိုးပေါ် တက်သွားသည်။ သက်တင်တို့ အုပ်စုနှင့် ရွဲလုံးစကားပြောနေသံကိုလည်း ခပ်သဲ့သဲ့ကြားနေရသည်။

တကယ်တော့ ကျွန်မမှာ ဇာတ်ဦးစီးတစ်ယောက်ဖြစ်သည်နှင့်အညီ ဇာတ်ရာသီတစ်လျှောက်လုံး ဇာတ်သမားတို့၏ နေရေး၊ ထိုင်ရေး၊ စားသောက်ရေး၊ လူမှုရေးအားလုံးတို့မှာ ကျွန်မတွင်သာ တာဝန်အရှိဆုံးဖြစ်သည်။ သူတို့တစ်တွေ၏ မည်သည့်အကြောင်းကြီးငယ်မျှ အဖြစ်မခံနိုင်။ ကျွန်မသည် ဇာတ်သမားများအား အလုပ်ရှင်နှင့်အလုပ်သမားလို သဘောမထားဘဲ အားလုံးကို တစ်စိတ်တည်း၊ တစ်သားတည်း ဆက်ဆံခဲ့သည်ချည်းဖြစ်သည်။ စားရေးသောက်ရေးနှင့် ပတ်သက်၍လည်း ဇာတ်ထမင်း၊ ဇာတ်ဟင်းဟု တွင်ကျန်လောက်အောင် ညံ့ပေ့ဆိုသည့် အစားအစာများကို မကျွေးမွေးခဲ့။ အလုပ်နှင့်ပတ်သက်လာလျှင်တော့ ကျွန်မသည် အနည်းငယ်မျှ အလျှော့မပေးခဲ့။ ထို့ကြောင့် ဇာတ်သမားများအားလုံးက ကျွန်မအား ချစ်ကြောက်ရိုသေကြသည်။

ကျွန်မ၏ ဇာတ်အဖွဲ့တွင် ရွဲလုံးက ဟာသလူရွှင်တော်ဖြစ်ကာ စိုးအောင်က လူကြမ်းသရုပ်ဆောင်ဖြစ်သည်။ ထိုကလေးနှစ်ယောက်မှာ တစ်ခါဖူးမျှ ထိုကဲ့သို့ ရန်မဖြစ်ဖူး၊ စကားမများဖူးခဲ့ပေ။ မည်သည့်အတွက်ကြောင့် စကားများ ရန်ဖြစ်ကြသည်ကို ကျွန်မအား ပြောပြချင်ပုံ မရကြသည်ကတော့ သူတို့မျက်နှာများ၌ အထင်းသား ပေါ်လွင်နေသည်။ ကျွန်မ စဉ်းစားနေမိသည်။ နေရာအတွက်နှင့်တော့ ထိုမျှ စကားများ ရန်မဖြစ်နိုင်။ အကြောင်းတစ်ခုခုတော့ ရှိမည်မှာ သေချာသည်။

တဖြည်းဖြည်း ညဉ့်နက်လာပြီဖြစ်၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော မြစ်ပြင်ကျယ်၌ မော်တော်ခုတ်မောင်းနေသည့် စက်သံသာလျှင် ကျယ်လောင်စွာ ထွက်ပေါ်နေသည်။ မော်တော်ပေါ်တွင် ထွန်းညှိထားသော မီးလုံးကြောင့် လင်းထိန်လျက်ရှိသည်။ ထိုအလင်းရောင်ကြောင့်ပင် မော်တော်၏ ဘေးတစ်ဖက်တစ်ချက်ရှိ မြစ်ရေပြင်မှ လှိုင်းကြက်ခွပ်ကလေးများကို လှမ်းမြင်နေရသည်။ မော်တော်ပေါ်တွင် နေရာယူလိုက်ပါခဲ့ကြသော ဇာတ်သူဇာတ်သားများမှာလည်း အိပ်စက်အနားယူနေကြပြီဖြစ်သည်။

ထိုသောအခါမှ ကျွန်မလည်း အနန္တောအနန္တငါးပါးကို ရှိခိုးကန်တော့ကာ ငါးပါးသီလကို ဆောက်တည်လိုက်သည်။ ထို့နောက် ဘုရားဂုဏ်တော်ကိုးပါးအား တစ်ရှုရှစ်လုံး ပုတီးကုံးဖြင့် ဂုဏ်တော်တစ်ပါးကို ပုတီးတစ်ပတ်၊ ဂုဏ်တော်ကိုးပါး ကိုးပတ်ပုတီး စိပ်လိုက်သည်။ ကျွန်မသည် မျက်စိကိုမှိတ်လျက် မြတ်စွာဘုရားရှင်ကို အာရုံပြုကာ ပုတီးစိပ်နေစဉ် ကျွန်မ၏ကိုယ်သို့ လေပြည်လေညင်းတို့က ထိတွေ့နေခြင်း၊ မော်တော်စက်သံမှလွဲ၍ ပကတိတိတ်ဆိတ်နေခြင်းတို့ကြောင့် ကျွန်မ၏ စိတ်အစဉ်တို့မှာ ငြိမ်းချမ်းလျက် ရှိသည်။ ကျွန်မ ပုတီးစိပ်နေသည်မှာ ဘဂဝါဂုဏ်တော်ပင် ရောက်ရှိနေပြီဖြစ်သည်။

'ဝေါ..ဝေါ..ဝေါ'

'ဟင်း..ဟင်း..ဟင်း..ဟင်း'

ရေပေါ်ကို တစ်ခုခု တရှုတ်တိုက်ဆွဲနေသံ၊ တစ်ဦးဦးညည်းနေသော အသံကဲ့သို့ ကြားလိုက်ရသည်။ ကျွန်မနားကြားလွဲသည် ထင်သောကြောင့် ဂုဏ်တော်ပုတီးကို ဆက်စိပ်၍ ပုတီးကိုးပတ်ပင် စိပ်၍ပြီးသွားပြီဖြစ်သည်။ ကျွန်မ ဆက်၍ မြတ်စွာဘုရားရှင်ကို အာရုံပြုကာ ဓာရဏပရိတ်တော်ကို ရွတ်ပွားနေစဉ် ကျွန်မ၏အာရုံတွင်း၌ လူ့ခန္ဓာကိုယ်ထက် ကြီးမားပြီး မီးခိုးလုံးကြီးအဆင်းသဏ္ဍာန်နှင့် သတ္တဝါကြီးများကို တွေ့လိုက်ရသည်။

ထိုသတ္တဝါကြီးများသည် မျက်လုံးကြီးများ ပြူးကျယ်ကာ ရေပေါ်၌ လမ်းလျှောက်ရင်းမှ မော်တော်နှင့်အပြိုင် လိုက်လာကြသည်။ ထို့ကြောင့် ကျွန်မမှာ ကြောက်ရွံ့တုန်လှုပ်ကာ ကြက်သီးတဖြန်းဖြန်းထသွားလေသည်။

ရွတ်ဆိုနေသော ပရိတ်တရားတော်မှာလည်း ပြီးဆုံးသွားပြီဖြစ်သည်။ ထိုစဉ်-

'အောင်မယ်လေး..ကယ်ကြပါဦးဗျို့'

'ဝုန်း'

ကြောက်လန့်တကြား အော်သံနှင့်အတူ ရေထဲသို့ ပြုတ်ကျသွားသံကိုပါ ကြားလိုက်ရသည်။ သို့သော် မော်တော်စက်မောင်းနေသံကြောင့် သဲသဲကွဲကွဲ မကြားရချေ။



www.burmeseclassic.com

www.burmeseclassic.com

'ကယ်ကြပါဦး'

'လုပ်ကြပါဦး၊ ရွှေလုံး ရေထဲ ကျသွားလို့'

တစ်ဆက်တည်းမှာပင် သက်တင်တို့ အော်ပြောသံကို ကြားလိုက်ရသည်။ မော်တော်ခေါင်မိုးပေါ်မှ သက်တင်တို့အုပ်စု အော်ဟစ်ပြောသံများကြောင့် ကျွန်မမှာ စိုးရိမ်တကြီးဖြင့် မော်တော်မောင်းနေသူထံ အပြေးသွားကာ-

'မော်တော်ဆရာ..မော်တော်စက် ခဏရပ်ပြီး မော်တော်ကိုကို နောက်ပြန်လှည့်ပေးပါ'

မော်တော်မှာ သွားရမည့်ခရီးစဉ်သို့ ဦးတည်မောင်းနေသည်ဖြစ်ရာ ကျွန်မစကားကြောင့် မော်တော်မောင်းဆရာက ကျွန်မအား အံ့သြစွာပြန်ကြည့်ရင်းမှ မေးနေပြန်သည်။

'ဘာဖြစ်လို့လဲ ဓာတ်ဆရာ'

'ကဲ..မြန်မြန်လုပ်ပါ။ ကျွန်မအဖွဲ့သားတစ်ယောက် ရေထဲကို ပြုတ်ကျကျန်ရစ်ခဲ့လို့'

ကျွန်မက ထပ်မံပြောမှ မော်တော်မောင်းဆရာသည် မော်တော်စက်ကိုသတ်ကာ မော်တော်ကို နောက်ဘက်သို့ ပြန်လှည့်လိုက်သည်။ ထို့နောက် မော်တော်မီးဆလိုက်ကို မြစ်ရေပြင်ကျယ်ပေါ်သို့ထိုးကာ လိုက်၍ရှာပေးလေသည်။ မော်တော်မီးဆလိုက်ရောင်ကြောင့် မလှမ်းမကမ်း မြစ်လယ်တွင် ပြုတ်ကျကျန်ခဲ့ပြီး မြုပ်ချည် ပေါ်ချည် ဖြစ်နေသော လူတစ်ယောက်ကို ဝိုးတဝါးလှမ်းမြင်နေရသည်။

ကျွန်မ၏ အမြင်အာရုံထဲ၌ ရေထဲ မြုပ်ချည် ပေါ်ချည် ဖြစ်နေသော လူတစ်ယောက်၏ဘေးတွင် စောစောက မီးခိုးလုံးသဏ္ဌာန်ရှိ သတ္တဝါကြီးနှစ်ကောင်မှ ရေနစ်နေသူကို ရေထဲသို့ဆွဲ၍ နစ်မြုပ်နေသည့်အလား ထင်မိမြင်မိနေသည်။

'ဟော..ဟိုမှာ တွေ့ပြီ၊ တွေ့ပြီ'

'ဟုတ်တယ်..ဟုတ်တယ်။ ဟိုမှာ..ဟိုမှာ'

မော်တော်မောင်းဆရာမှ တဖြည်းဖြည်း မော်တော်ကို မောင်းနှင်ကာ ရေနစ်နေသူအနီးသို့ ကပ်သွားကာ-

'မော်တော်ခေါင်မိုးပေါ်က ထိုးဝါးကို ကမ်းပေးလိုက်ဟေ့'

'မြန်မြန်လုပ်ကြပါ'

'ဓာတ်မီးတွေ ဗိုင်းထိုးထားကြပါ'

'ရွှေလုံး..သတိထား။ ထိုးဝါးကို လှမ်းဆွဲလိုက်'

တစ်ယောက်တစ်ပေါက် အော်သံ၊ ပြောနေသံများကြောင့် မော်တော်ပေါ်ရှိ အိပ်ပျော်နေကြသော တချို့ဓာတ်အဖွဲ့သားများ အိပ်ရာမှ နိုးလာကြသည်။ ပြီးနောက် မော်တော်ဘေးတစ်ဖက်မှနေ၍ ရွှေလုံးရေနစ်နေရာသို့ စုပြုံ၍ လှမ်းကြည့်နေကြသည်။ ထို့ကြောင့် မော်တော်မှာ တစ်ခြမ်း စောင်းသွားသည်။

'ဓာတ်ဆရာတို့၊ ဟိုမှာ ရေနစ်နေတာ တစ်ယောက်တည်း။ အခု ခင်ဗျားတို့လုပ်လို့ မော်တော်မှောက်သွားမှ အကုန်လုံး ဟုတ်ပေ့ဖြစ်နေမယ်'

မော်တော်မောင်းဆရာ၏ အော်ပြောလိုက်သည့် စကားကြောင့် ဓာတ်အဖွဲ့သားအချို့မှာ ကိုယ့်နေရာကိုယ် ပြန်နေ၍ စိုးရိမ်တကြီးဖြင့် လှမ်းကြည့်နေကြသည်။ ကျွန်မမှာလည်း ရွှေလုံးအား စိုးရိမ်စွာ လှမ်းကြည့်နေရင်းမှ သုံးဆယ့်တစ်ဘုံသား အားလုံးတို့ကို ကျွန်မပြုပြုခဲ့သမျှသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့၏ အဖို့ဘာဂအား အမျှပေးဝေကာ မေတ္တာပို့နေမိပါသည်။ ထို့အပြင် ကုန်းနေသတ္တဝါ၊ ရေနေသတ္တဝါများစွာတို့ကိုလည်း ရည်စူး၍ မေတ္တာပို့ အမျှဝေလိုက်သည်။

'ဟော..ရွှေလုံး၊ ထိုးဝါးကို ဖမ်းမိသွားပြီ။ ရွှေလုံး..ထိုးဝါးကို သေသေချာချာ ကိုင်ထားနော်'

'ဟုတ်ပြီ၊ အားတင်းပြီး ထိုးဝါးကို ဖက်ထား။ ငါတို့ ထိုးဝါးကို ဆွဲထားမယ်'

မီးအလင်းရောင်အောက်တွင် ရွှေလုံးမှာ ထိုးဝါးကို တွယ်ဖက်၍ လိုက်ပါလာနေသည်ကို ကျွန်မ အထင်းသား တွေ့မြင်လိုက်ရသည်။ ထိုသောအခါမှ ကျွန်မ၏ရင်ထဲတွင် ဆို့တက်နေသော အလုံးကြီး ကျသွားပါတော့သည်။

ခဏကြာလျှင် မော်တော်အနီးသို့ ရွှေလုံးရောက်လာသည်။ အရေးကြီးသွေးနီး ဆိုစကားကဲ့သို့ ရွှေလုံးနှင့် စကားများခဲ့သော အောင်စိုးက ရွှေလုံးကို မော်တော်ပေါ်သို့ ဆွဲတင်လိုက်သည်။ ဓာတ်သူဓာတ်သားတို့မှာ တစ်လှေတည်းစီး တစ်ခရီးတည်း သွားခြင်းများဖြစ်၍ သံယောဇဉ်ထားကြသည်။

သို့ဖြစ်ရာ မော်တော်ပေါ်သို့ ရောက်လာသည့် ရွှေလုံးအား ရေစိုအဝတ်များကို လဲလှယ်ပေးကြသည်။ ပူပူနွေး နွေး ရေနွေးကြမ်းကို တိုက်ကြသည်။ အနွေးထည်စောင်



www.burmeseclassic.com

www.burmeseclassic.com

များကို ဝတ်ဆင်ခြုံပေးကြကာ ဝိုင်းဝန်းပြုစုပေးနေကြလေသည်။ ခဏကြာသောအခါ ရွှေလုံးတစ်ယောက် ထူထူထောင်ထောင်ဖြစ်လာပြီး စကားကောင်းကောင်း ပြောနိုင်လာလေရာ ကျွန်မကစ၍ ဖြစ်ပျက်သမျှအား အကျိုးအကြောင်းကို မေးလိုက်သည်။

'နေစမ်းပါဦး ရွှေလုံးရဲ့၊ ရေထဲ ကျသွားရလောက်အောင် နင် ဘာများလုပ်လို့လဲ'

'ကျွန်တော် အန်တီ့ကို တောင်းပန်ပါတယ်။ ကျွန်တော့်အမှားပါ။ ကျွန်တော် အောင်စိုးနဲ့ စကားများပြီး မော်တော်ခေါင်မိုးပေါ် တက်သွားတော့ ကိုသက်တင်တို့က ဝိုင်းဖွဲ့ပြီး စားသောက်နေကြတယ်။ ကျွန်တော့်ကိုလည်း တစ်ခွက်တစ်ဖလားပေးလို့ ကျွန်တော်သောက်မိပါတယ်။ နောက် ကျွန်တော် ထမင်းစားဖို့ကို ထမင်းချိုင့်ဖွက်ထားတဲ့နေရာက ထမင်းချိုင့်ယူပြီး မော်တော်ခေါင်မိုးပေါ် ပြန်အတက်မှာ ကျွန်တော့်ကို ရေထဲကနေ တစ်ယောက်ယောက်က ဆွဲချလိုက်တယ်လို့ ထင်မိတယ်။ ပြီးတော့ ရေထဲကိုလည်း ဆွဲဆွဲပြီး နှစ်သေးတယ်။ နောက်တော့ ကျွန်တော့်ကို လွှတ်လိုက်လို့ ကျွန်တော် မသေတာ'



'ဟ‥ဒါဆိုရင် မင်းကိုကြိုက်ပြီး ရေသူမလေးက ဆွဲချတာ ထင်တယ်'

'ဟား‥ဟား‥ဟား'

ရွှေလုံး၏ ပြောစကားကြောင့် ဇာတ်သမားများက အရွှန်းဖောက်၍ ဟာသလုပ်နေကြသဖြင့် ကျွန်မက ဟန့်တားရင်း မရှင်းသော စကားများကို ရွှေလုံးအား ထပ်မံ၍ မေးလိုက်သည်။

'ဘယ်လိုဖြစ်နေကြတာလဲ၊ နေကြစမ်းပါဦး။ ကဲ‥ ရွှေလုံး ပြောပါဦး။ ထမင်းချိုင့်ကို ဘာကြောင့်ဖွက်ထားရတာလဲ'

'အန်တီက ကျွန်တော်တို့ ဇာတ်သမားအားလုံးကို ပြောထားတယ်လေ။ ဇာတ်ကူးဇာတ်ပြောင်းတွေမှာ ကားနဲ့ပဲဖြစ်ဖြစ် မော်တော်နဲ့ပဲဖြစ်ဖြစ် ပွဲခွင်ကူးရင် ဝက်သားဟင်းတို့၊ အမဲသားဟင်းတို့ တင်မလာရဘူး၊ ယူမလာရဘူးလို့ ပြောခဲ့တယ်မဟုတ်လား'

'ဟုတ်တယ်လေ။ ငါတို့တွေက ဘယ်နေရာကိုပဲ သွားသွား ခေတ္တခဏ ခရီးသွားတွေလေ။ ကိုယ်မရောက်ဖူးတဲ့ နေရာဒေသတွေဆိုတော့ သူတို့အရပ်၊ သူတို့ရဲ့ဓလေ့စရိုက်တွေကို မသိကြဘူးလေ။ ဒါကြောင့်မို့ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်ဆင်ခြင်ဖို့ ပြောရတာပေါ့။ ကဲ‥မင်းစကားကို ဆက်စမ်းပါဦး'

ကျွန်မ၏ အမေးစကားကို ရွှေလုံးမှာ ပြန်လည်ဖြေကြားရန် နှုတ်ဆွံ့နေသကဲ့သို့ ဖြစ်နေသည်။ ကျွန်မနှင့် ဇာတ်သူဇာတ်သားများမှာ ရွှေလုံးဖြေကြားမည့် စကားများကို စိတ်ဝင်စားစွာ နားစွင့်နေကြစဉ် ရွှေလုံးမှာ မျက်နှာညှိုးငယ်စွာနှင့် အနီးတွင်ရှိနေသော အောင်စိုးကို ကြည့်လိုက်သည်။ ထို့ကြောင့် အောင်စိုးက ရွှေလုံးကိုယ်စား ဝင်ပြောလာသည်။

'ဒီလိုပါ အန်တီ‥သူနဲ့ကျွန်တော် စကားများကြတာ အဲဒီအကြောင်းလည်း ပါတယ်။ ကျွန်တော်တို့ ဇာတ်မော်တော် ထွက်ခါနီးမှာ ကျွန်တော် ဆေးလိပ်သောက်စရာ မရှိတာနဲ့ မော်တော်ဆိပ်ကမ်းမှာရှိတဲ့ ဈေးဆိုင်လေးမှာ ဆေးလိပ်သွားဝယ်တော့ ရွှေလုံးက ထမင်းဆိုင်မှာ ချိုင့်နဲ့ ဟင်းဝယ်နေတာ တွေ့ရတယ်။ ကျွန်တော်လည်း ရွှေလုံး ဘာဟင်းတွေများ ဝယ်နေသလဲလို့ သိချင်တာနဲ့ အနားသွားကြည့်တော့ အမဲသားဟင်းတွေ ဖြစ်နေတယ်။ နောက်

www.burmeseclassic.com

တော့ သူ ကျွန်တော့်ဆီ ရောက်လာတယ်။ ကျွန်တော်နဲ့ အတူနေမလို့တဲ့။ ဇာတ်အကူးအပြောင်းတွေမှာ အနိ်တိတားမြစ်ထားတာကို သိလျက်သားနဲ့ အမဲသားဟင်း ဝယ်လာရမလားဆိုပြီး ကျွန်တော့်နေရာမှာ သူ့ကို မထားတာပါ'

အောင်စိုးက ထိုသောအခါမှ ဖြစ်ကြောင်းကုန်စင် ရှင်းပြနေသည်။ ရွဲလုံးမှာလည်း အပြစ်လုပ်ထားသဖြင့် ခေါင်းကို ငုံ့လျက်ငြိမ်နေသည်။

'အင်း..အောင်စိုးပြောတော့မှပဲ အဖြစ်မှန်ကို သိရတော့တယ်။ ရွဲလုံးက အနိ်တိတားမြစ်ထားတာကို မထီမဲ့မြင်လုပ်တယ်။ တိုက်ဆိုင်မှုတစ်ခုပဲလို့ ထားလိုက်ပါတော့လေ။ ဒါပေမဲ့ ပြောရဦးမယ်။ ကိုယ်တစ်ယောက်တည်းနဲ့ အများစု ဒုက္ခမရောက်ပါစေနဲ့။ လောကမှာ မမြင်ရတဲ့ သတ္တဝါတွေ၊ မြင်ရတဲ့ သတ္တဝါတွေ ဆိုတာရှိတယ်။ မြင်ရတဲ့ သတ္တဝါကို အချိန်မရွေး ရင်ဆိုင်လို့ရပေမယ့် မမြင်ရတဲ့ သတ္တဝါကိုကျတော့ ကိုယ်ကလည်း မမြင်ရဘူး။ သူတို့က မကြိုက်ရင်ပဲဘဲဖြစ်ဖြစ်၊ ကြိုက်ရင်ပဲဖြစ်ဖြစ် အချိန်မရွေး ဒုက္ခပေးနိုင်တယ်။ မယုံမရှိကြနဲ့။ အားလုံးကို ပြောထားမယ်။ ဘယ်အရာကိုမှ မထီမဲ့မြင် မလုပ်ကြနဲ့'

ကျွန်မက ဇာတ်ဆရာလေသံဖြင့် ခပ်မာမာ ပြောလိုက်မှ အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်ကာ ကိုယ့်နေရာသို့ ပြန်သွားကြသည်။ ဇာတ်မော်တော်မှာလည်း သွားရမည့် ခရီးဆီသို့ ဦးတည်ခုတ်မောင်းလျက် ရှိနေပြီဖြစ်သည်။ ကျွန်မမှာသာလျှင် ကျွန်မ မြင်တွေ့လိုက်ရသော ရွဲလုံးအား ရေထဲသို့ဆွဲ၍ နှစ်နေသည့် မီးခုံးလုံးကြီးအဆင်း သဏ္ဍာန် နှင့် သတ္တဝါကြီးများကို ကျွန်မ၏ မျက်ဝန်းများ၌ ဖျောက်ဖျက်၍မရအောင် မြင်ယောင်နေမိပါတော့သည်။

ဝေနေယျများစွာ သတ္တဝါ

ချမ်းသာကိုယ်စိတ် မြဲကြပါစေ

မရည်မွန်(ကျုံပျော်)

<u>မှတ်ချက်</u> * *လွန်ခဲ့သော (၁၉၉၆)ခုနှစ်က ကျွန်မကိုယ်တိုင် ကြုံဆုံခဲ့ရသော ဖြစ်ရပ်မှန်အား ပြန်လည်ရေးဖွဲ့ တင်ပြအပ်ပါသည်။*


# ဆရာရန်အောင်ဟိန်း(B.Sc)

## (ခရစ်ရှုနားမှုတီး ရွှေဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဖြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄


www.burmeseclassic.com

ကျွန်ုပ်သည် ယခုရက်ပိုင်းအတွင်း စိတ်ဓာတ်တွေ ကျဆင်းနေသည်မှာ သိသာထင်ရှားလှကြောင်း ကျွန်ုပ်ကိုယ်တိုင် ကောင်းစွာသိပေ၏။

ဘုရားရှိခိုးခြင်း၊ ပုတီးသက်စေ့စိပ်ခြင်း စသည့်အမှုကိစ္စကိုပင် စိတ်မပါချင်သလို တက်တက်ကြွကြွ တယ်မရှိချင်။ ကျန်းမာရေးသည် ကျွန်ုပ်အား စိတ်အနှောင့်အယှက်ပေးနေသောကြောင့် ဖြစ်လေ၏။

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်ဆိုသည်မှာ လွန်စွာမှန်ကန်သော စကားတစ်ရပ်ပင် ဖြစ်ပါတော့၏။

ထိုအချိန်မျိုး၌ ကျွန်ုပ်သည် ဆာဒူးကြီး ဂူ(လ်)ဒတ်ဆင်းကို များစွာသတိရလျက်နေလေ၏။

'ငါ့အသက်(၁၀၄)နှစ်ရှိပြီ၊ ခုထိသွားသွားလာလာပဲ။ မင်း အသက်ရှည်ရှည်နေချင်ရင် ရေများများသောက်၊ လမ်းများများလျှောက်ကွ။ အဲဒါ ငါတို့ရဲ့ ယောဂီကျင့်စဉ်ထဲမှာ တစ်ခုအပါအဝင်ပဲ လူလေး'ဟူ၍ တစ်ချိန်သော

# ရှင်မွေးအောင်

## ကျွန်ုပ်နှင့် အာရောဂျဆာဒူးကြီး ဂူ(လ်)ဒတ်ဆင်း



www.burmeseclassic.com

ကာလက ဆာဒူးကြီး ဂူ(လ်)ဒတ်ဆင်းသည် ကျွန်ုပ်အား ဤသို့ ပြောဆိုဆုံးမခဲ့သည်ကို ပြန်အမှတ်ရနေမိလေ၏။

စင်စစ် ကျွန်ုပ်သည် လမ်းလျှောက်နည်း၍ ရေသောက်နည်းသူ ဖြစ်လေ၏။ ကျွန်ုပ်အလုပ်မှာ စာရေးသူ စာရေးဆရာတစ်ယောက် ဖြစ်သောကြောင့် အထိုင်သာ များပြီး လမ်းလျှောက်နည်းနေခြင်း ဖြစ်လေ၏။ ထို့အတူ ရေသောက်လည်း နည်းပေ၏။

ထိုနေ့၌ စိတ်ကူးရသဖြင့် ကျွန်ုပ် လမ်းထွက်လျှောက်လေ၏။ တောင်ဥက္ကလာပ (၇)ဆူဘုရားသို့လည်း ရောက်လေ၏။ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းအမှုကိုလည်း ပြုပေ၏။

ကျွန်ုပ် ပုတီးစိပ်၍အပြီး၌ 'အဲဒီလိုလုပ်စမ်းပါ။ လမ်းလျှောက်တော့ ကိုယ်လက်ကျန်းမာတယ်။ ဘုရားရှိခိုးတော့ အသက်ရှည်တယ်။ ပုတီးစိပ် တရားထိုင်တော့ ဒေါသငြိမ်းတယ်။ ဘယ်လောက်ကောင်းတဲ့ အလုပ်လဲကွာ' ဟူသော စကားသံနှင့်အတူ ဆာဒူးကြီးသည် ကျွန်ုပ်၏ ဘေးနားသို့ ရောက်ရှိ၍နေလေ၏။

'ဆာဒူးကြီး··ရောက်နေတာ ကြာပြီလား' ဟု ကျွန်ုပ်က မေးလိုက်လေ၏။

ဆာဒူးကြီးက 'ခုလေးတင် ရောက်တာပါကွာ' ဟု ဖြေကြားရင်း 'ယောဂီကျင့်စဉ်နဲ့ပတ်သက်ပြီး မင်းကို ပြောပြစရာရှိလို့' ဟု ဆိုလေ၏။

ထိုအခါ ကျွန်ုပ်က-

'ဆာဒူးကြီးပြောပြရင် နားထောင်မှာပေါ့။ ဆာဒူးကြီးဆီက ကျွန်တော် ပညာတွေ အများကြီးရတာပေါ့' ဟု ပြန်၍ပြောလိုက်ရာ ဆာဒူးကြီး ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးလေ၏။

ထို့နောက် ဆာဒူးကြီးက 'ပညာရရုံနဲ့ မပြီးဘူးကွ။ လက်တွေ့လည်းလုပ်မှ အကျိုးရတာ' ဟု ဆိုလေ၏။

ကျွန်ုပ်လည်း ခေါင်းကိုညိတ်လိုက်ပြီးလျှင် 'ဟုတ်ပါတယ်၊ ကျွန်တော် လက်တွေ့လုပ်မှာပါ။ အခုတလော ကျွန်တော် သိပ်ကျန်းမာရေးမကောင်းဘူး ဆာဒူးကြီး' ဟု ပြောလိုက်လေ၏။

'ကျန်းမာရေးမကောင်းတာ ယောဂီကျင့်စဉ် အားနည်းလို့ကွ။ လေ့ကျင့်ခန်းဆိုတာ လုပ်ပေးရတယ်။ ငါ့ အသက်(၁၀၄)နှစ်ရှိပြီ၊ ခုထိ လေ့ကျင့်ခန်းလုပ်တုန်းပဲ။ ယောဂီလမ်းစဉ်နဲ့ ကျင့်စဉ်တွေဟာ ကျန်းမာခြင်းနဲ့ အသက်ရှည်ခြင်းကို အထောက်အကူပေးတယ်ကွ။ မင်းကို ကြည့်ရတာ အာရုံကြောထိခိုက်နေပုံရတယ်။ မင်း တက်တက်ကြွကြွမရှိဘူး မဟုတ်လား' ဟု ကျွန်ုပ်အား အကဲခတ်ကြည့်၍ ဆာဒူးကြီးက မေးလိုက်လေ၏။

'ဟုတ်ကဲ့၊ ဆာဒူးကြီးပြောတာ အတိအကျပဲ။ အခုတလော ကျွန်တော် တက်တက်ကြွကြွမရှိဘူး။ လုပ်ချင်ကိုင်ချင်စိတ်လည်း မရှိဘူး။ ဆာဒူးကြီး··ကျွန်တော့်ကို လန်းဆွင်တက်ကြွလာအောင် လုပ်ပေးပါဦး' ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆာဒူးကြီးဂူ(လ်)ဒတ်ဆင်းက တဟားဟားဖြင့် ရယ်မောလေ၏။

ဤသို့ ရယ်မောရင်းကပင်-

'ငါက မင်း လန်းဆွင်တက်ကြွလာအောင်တော့ ဦးနှောက်ကို မန်းပြီး မလုပ်ပေးနိုင်ဘူးကွ။ မင်းဘာသာ လုပ်မှရမှာ။ ငါနည်းလမ်းကျင့်စဉ်တစ်ခု ပေးခဲ့မယ်။ မင်းဘာသာလုပ်။ အဲဒီနည်း လမ်းက DHA NU RASANA ဓနုရာဆနကျင့်စဉ်လို့ ခေါ်တယ်' ဟု ပြောလေ၏။

'ဆာဒူးကြီး နည်းလမ်းပေးမယ်ဆိုရင် ဆာဒူးကြီး နည်းလမ်းအတိုင်း ကျွန်တော်လုပ်မှာပေါ့ ဆာဒူးကြီးရယ်' ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ဆာဒူးကြီး ဂူ(လ်)ဒတ်ဆင်းက 'ကဲ··မင်း သေသေချာချာ မှတ်ထား။ ငါပြောပြမယ်' ဟု ဆိုကာ DHA NU RASANA ကျင့်စဉ်အား အောက်ပါအတိုင်း ပြောပြလိုက်လေတော့သတည်း။

ဓနုရာဆနကျင့်စဉ်ကို ပြုလုပ်ရာ၌ အခင်းပေါ်တွင် ဝမ်းလျားမှောက်နေရမည်။ လက်နှစ်ဖက်ကို ခန္ဓာကိုယ် ဘေးတွင် အလျားလိုက် ဆန့်ချထားရမည်။ အသက်ကို ပြင်းပြင်းရှူပြီးနောက် ခြေနှစ်ချောင်းကို ကြမ်းပြင်မှ မ,တောင်၍ ဒူးကို ကွေးနိုင်သမျှ ကွေးလိုက်ပြီး ဆန့်ထားသော လက်နှစ်ချောင်းကိုမြှောက်၍ ကွေးထားသော ခြေထောက်၏ ခြေချင်းဝတ်နှစ်ဖက်ကို ဆုပ်ကိုင်ဆွဲထားရမည်။ ခြေထောက်ကို လက်နှစ်ဖက်ဖြင့် အားပြု၍ဆွဲကာ ဒူးနှင့်ပေါင်ကို ကြမ်းပြင်မှ အထက်သို့ ကြွတက်လာသည်အထိ ဆွဲပေးရမည်။ လက်များဖြင့် ခြေချင်းဝတ်ကို ဆုပ်ကိုင်ဆွဲနေစဉ် ခေါင်းကိုမော့ပြီး မော့တင်ထားရမည်။

ထိုသို့ ခန္ဓာကိုယ်ကို ကြမ်းပြင်မှ ကော့တင်စဉ် မှုလ

www.burmeseclassic.com

အစက ရှုသွင်းထားသော ဝင်သက်ကို ရှုထုတ်ရမည်။ လေးကိုင်းသဏ္ဌာန် ခန္ဓာကိုယ်ကို ကော့နေသော အနေအထားတွင် ငါးစက္ကန့်ခန့် နေပါ။ ခြေထောက်ကို ဆွဲဆုပ်ထားသော လက်များကို လွှတ်လိုက်ပြီး နဂိုမူလ မှောက်လျက်အနေအထားအတိုင်း အခင်းပေါ်တွင် အနားယူပါ။

လေ့ကျင့်ခန်းကျင့်စဉ်ကို ပထမပြုလုပ်စတွင် ဒူးနှစ်ဖက်သည် ကွာဟနေမည်ဖြစ်သော်လည်း ကျွမ်းကျင်စွာ ပြုလုပ်နိုင်သောအခါ၌ ဒူးနှစ်ဖက်ကို တဖြည်းဖြည်း စုပေးရမည်။ ဒူးနှစ်ဖက်ကို ရနိုင်သမျှစုထားသော ပုံစံသည်သာ အကောင်းဆုံးဖြစ်သည်။

အထက်ပါအတိုင်း ကျွန်ုပ်အား ဆာဒူးကြီးက ပြောပြပြီးနောက် ၄င်းကျင့်စဉ်၏ ရရှိနိုင်သော အကျိုးတရားများကိုလည်း အောက်ပါအတိုင်း ဆက်လက်ပြောပြပြန်လေ၏။

(၁) နေရာဆနကျင့်စဉ်သည် ကျောရိုးနှင့် အာရုံကြောများကို အားကောင်းစေသည်။

(၂) ဝမ်းဗိုက်သားများနှင့် အစာအိမ်ကို သန်စွမ်းစေပြီး ဝမ်းမီးချက်အား ပိုမိုကောင်းမွန်စေသည်။

(၃) လည်ပင်း၊ ရင်ဘတ်၊ ပေါင်၊ ခြေသလုံး၊ လက်မောင်းနှင့် နောက်ကျောကြွက်သားများကိုဆန့်ကာ သန်စွမ်းစေသည်။

(၄) အသည်း၊ ကျောက်ကပ်နှင့် ဂလင်းများကို ကျန်းမာသန်စွမ်း တိုးတက်ကောင်းမွန်စေသည်။


(၅) ခါးကုန်းနေသူ၊ လက်ပြင်ကုန်းနေသူများကို ပုံစံကျနပြေပြစ်အောင် ပြုပြင်ပေးနိုင်သည်။

(၆) စိတ်လှုပ်ရှားခြင်းနှင့် အာရုံကြောများကို ထိန်းချုပ်ပေးနိုင်သဖြင့် သတိနှင့် လှုံ့ဆော်မှုမဲ့ အာရုံကြောအဖွဲ့ကို အကျိုးပြုစေသည်..ဟူ၍ ဆာဒူးကြီးက ပြောပြီးနောက်-

'ကိုင်း..မောင်အာကာ၊ ငါပြန်လိုက်ဦးမယ်။ ငါက အသက်(၁၂၀)တောင် နေရဦးမှာဆိုတော့ မင်းနဲ့ငါ တွေ့ဆုံချိန်တွေ (၁၆)နှစ်နီးပါးကြီးများဘောင် ကျန်ပါသေးတယ်ကွာ'ဟု ဆို၍ ကျွန်ုပ်အား နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သတည်း။

**ရှင်ထွေးအောင်**


တောင်တန်းသာသနာပြုဆရာတော်ကြီး၏ အလွယ်ဆုံးစမ္ဗာပွားနည်း




စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာ ဗုဒ္ဓာရုံဆရာတော်ကြီး ချီးမြှင့်ခဲ့သည့်
ဗုဒ္ဓကွန်ချာ ၊ ဓမ္မကွန်ချာ ၊ သံဃာ့ကွန်ချာ ဂါထာတော်ကြီး
ရသေ့ကြီးဦးခန္တီကိုယ်တော်တိုင် အမိဋ္ဌာန်ဝင်ခဲ့သည့် နတ်ချစ်ဂါထာ (သို့မဟုတ်)
လာဘ်လာဘပွင့် စီးပွားတက်သော ရက္ခစိုးဂါထာတော်နှင့်
မဟာဝေဒဗုမန္တန်တော်နှင့် ဖြစ်ရပ်ဆန်းများ
စသည်တို့ပါရှိသည့်

**အရှင်ကုမာရ (စစ်ကိုင်းတောင်တန်း)**

ရေးသားတော်မူသော

**အစွမ်းထက်ဂါထာတော်များနှင့်**
**အံ့ဖွယ်ဖြစ်ရပ်ဆန်းများ**

(ထွက်နေပါပြီ)



မြန်မာတစ်ပြည်လုံးဖြန့်ချိရေး
ထွန်းဦးစာပေ(မန္တလေး) ၊ မချိုချို(နေလစာပေ) မိုးဇာရပ်၊ စစ်ကိုင်း။ Ph : 09 2110526 , 072 22600




www.burmeseclassic.com